
# ဖေမောင်တင်
(သို့မဟုတ်)
# ဘသက်ရှည်

မလေးလုံ



# ပေ့ပေမောင်တင်

(သို့မဟုတ်)

# ဘာသက်ရှည်

■ မလေးလုံ ■

ပြုစုသည်

Myanmar Knowledge Society

အမှတ် (3-A)၊ သရဖီကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၀၆၆၉၃၈၊ ၀၁ - ၃၈၇၈၁၉

# ပုံနှိပ်မှတ်တမ်း

စာအုပ်အမည်
ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်
စာရေးသူအမည်
မလေးလုံ
မူပိုင် © မလေးလုံ
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
တန်ဖိုး
၃၅၀၀ ကျပ်
ထုတ်ဝေသည့် ခုနှစ်
၂၀၁၄ ဖွန်
အဖုံးဒီဇိုင်း
KZO
ပန်းချီ
ကျော်သောင်း
ပုံနှိပ်သူ
နိုင်ထက်အောင် ပုံနှိပ်တိုက်
၁၉-ဒီ၊ ၅၆လမ်း၊ ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ
Myanmar Knowledge Society
အခန်း (3-A)၊ သရဖီကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph - ၀၁ ၃၈၇၈၁၉
Mobile - ၀၉ ၇၃၀ ၆၆၉၁၈
Email - info.mksociety@gmail.com

MKS Library Cataloguing in Publication Data

မလေးလုံ ၉၁၉ · ၁၀၉၂

ဖေမောင်တင် သို့မဟုတ် ဘသက်ရှည် / မလေးလုံ။ - ဒုကြိမ်။ ရန်ကုန်၊ MKS Publishing ၊ ၂၀၁၄။
၅၈၂ စာ၊ ရုပ်ပုံ၊ ၂၇ စင်တီ။
ISBN 978-99971-0-099-3
၁၉၇၅ တွင် ဆွေတင်နှ စာပေမှ ပထမအကြိမ်ထုတ်ဝေခဲ့။
၁၊ ဖေမောင်တင် —— အတ္ထုပ္ပတ္တိ
(၁) စာအုပ်အမည်
(၂) သမိုင်းနှင့် ယဉ်ကျေးမှုစာစဉ် အမှတ် (၃)



# မလေးလုံ (၁၉၃၅–၁၉၉၁)

၁၉၃၅ ဇူလိုင် ၁၉ ဖွား။ မြစ်ဝကျွန်းပေါ် ပုသိမ်ဇာတိ၊ အဖ မြန်မာ–ခရစ်ယာန် အထက်တန်းကျောင်းအုပ် ဦးချစ်ထွန်း၊ အမိ ဒေါ်စောတင်၊ မွေးချင်း ၆ ယောက်တွင် တတိယမြောက်၊ အမည်ရင်း မခင်သိန်းဆွေ။

ပုသိမ်ခရစ်ယာန်သာသနာပြု အေဘီအမ်အထက်တန်းကျောင်း၊ စကောကရင် အထက်တန်းကျောင်း၊ ရန်ကုန် ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်းတို့တွင် ပညာသင်။ စာပေ အားကစား ဘက်စုံ ထူးချွန်။ ၁၅ နှစ်အရွယ် ၁၀ တန်း ပညာသင်နေစဉ် နှလုံးရောဂါကြောင့် ကိုယ်တစ်ခြမ်း လေဖြတ်၊ ပညာရေးရပ်နားခဲ့ရ။

ဆေးကုသမှုခံယူစဉ် အင်္ဂလိပ် မြန်မာနှစ်ဘာသာ စာပေဖတ်ရှုခွင့်ပိုမိုရ၊ ဆေးရုံထက်မှစာစတင်ရေး၊ 'တိုင်းရင်းမေဂျာနယ်'၌ မလေးလုံ ကလောင်အမည်ဖြင့် ဝတ္ထုတို စတင်ပုံနှိပ်ဖော်ပြခံရ။ ကျန်းမာရေးချို့တဲ့သော်လည်း *တိုင်းရင်းမေ၊ ယုဝတီ၊ ချွဲတေးသံ၊ ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ မဟေသီ၊ ပေဖူးလွှာ၊ သပြေ၊ ကလျာ၊ စပယ်ဖြူ၊ မြန်မာ့တမန်၊ လုံမလေး* မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ရှည်များရေးခဲ့။ လုံးချင်း ဝတ္ထုရှည်၊ ဝတ္ထုတို ၃၅ အုပ်၊ *ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်* (၁၉၅၇) အတ္ထုပ္ပတ္တိ ထုတ်ဝေခဲ့။ 'ပွင့်' ဝတ္ထုဖြင့် ၁၉၆၃ အနုပညာစာပေဆိုင်ရာဆု၊ ဝတ္ထုရှည် စတုတ္ထဆု (အမျိုးသား စာပေဆု) ချီးမြှင့်ခံရ။ ဝတ္ထုရှည်အချို့ကို ရုပ်ရှင်ရိုက်ကူး။ ကျန်းမာရေးချို့တဲ့သော်လည်း ၁၉၈၅ တွင် '*လုံမလေး အမျိုးသမီးမဂ္ဂဇင်း* ' ကို တည်ထောင်၍ အယ်ဒီတာချုပ်အဖြစ် ကွယ်လွန်သည့်တိုင် ထုတ်ဝေခဲ့။

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အမှုဆောင်အဖွဲ့ဝင်၊ မြို့နယ်ရည်ညွှန်းစာကြည့်တိုက်ဖြစ်မြောက်ရေး ကူညီဆောင်ရွက်လှူဒါန်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ တက္ကသိုလ်ခရစ်ယာန် စာပေအသင်း စာပေလုပ်ငန်းများ ပါဝင်ဆောင်ရွက်။

၁၉၉၁ ဖေဖော်ဝါရီ ၂၈ တွင် မရမ်းကုန်းမြို့နယ် နံ့သာမြိုင်ခြံနေအိမ်၌ ကွယ်လွန်။

၉-၉-၆၅ နေ့တွင် ကွယ်လွန်ခဲ့သူ

ချစ်သောဖေဖေ **ဦးဒုစ်ဆွန်း**

[ မြန်မာခရစ်ယာန် အထက်တန်းကျောင်းအုပ် ] အား

ချစ်ခင်ရိုကျိုးရှိခိုးလျက်...

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဆရာဇော်ဂျီ၏အမှာစာ | |
| အခန်း ၁။ | သူ့ဘဝအစ | ၁၃ |
| ၂။ | မောင်ဘတင်မှ မောင်တင် | ၁၇ |
| ၃။ | သူ့စိတ် သူ့ဆန္ဒ | ၂၁ |
| ၄။ | သူ့ဇွဲ သူ့မာန် | ၂၅ |
| ၅။ | ရန်ကုန်ဟိုက်စကူးကျောင်းတွင် | ၂၉ |
| ၆။ | သူ့ဆရာနှင့် တပည့်ကျောင်းသားများ | ၃၇ |
| | – သူ့ဝါသနာနှင့် လေ့လာတတ်မှု | ၄၀ |
| | – သူ့အပေါင်းအသင်း ရောင်းရင်းများအတွက် | ၄၄ |
| ၇။ | သူ့အဖေနှင့် သူ့ဆွေမျိုးများ | ၄၇ |
| ၈။ | မြန်မာကျောင်းသားများ၏ အဦးအစ ပထမသပိတ် | ၅၇ |
| ၉။ | ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူသူ | ၆၅ |
| ၁၀။ | အဆိုးအားဖြင့် အရှုံးမခံသူ | ၇၉ |
| ၁၁။ | အောင်လံလွှင့်လွှင့် လွှင့်ကာထူ | ၈၉ |
| ၁၂။ | သူ့နှလုံးသား၏ လှုပ်ရှားမှုအစ | ၉၅ |
| ၁၃။ | သူ့ဘဝရှေ့ရေးနှင့် သူ့နှလုံးသားအရေး | ၁၂၃ |
| ၁၄။ | သူ့ခံယူချက်နှင့် သူ့လက်တွေ့ဆောင်ရွက်ချက် | ၁၅၁ |
| ၁၅။ | သူ့ရည်မှန်းချက်၏ လုပ်ငန်းအစ | ၁၆၁ |
| ၁၆။ | သူ့လုပ်ငန်းနှင့် စည်းကမ်းတိကျမှု | ၁၇၃ |
| ၁၇။ | သူ့အဖေ၊ သူ့နှမနှင့် သူ့ယောက်ဖ | ၁၈၁ |
| ၁၈။ | သူ့ဘဝ၊ သူ့ဆန္ဒနှင့် ဗိလပ်သွားနိုင်ရေးလမ်းစ | ၁၉၁ |
| ၁၉။ | သူ့ဆန္ဒပြည့်ဝခြင်း၏ ဗိလပ်သို့ ခရီးအစ | ၂၀၃ |
| ၂၀။ | သူ့အဖို့ ဗိလပ်နှင့် အောဇဖို့ဒ်ဆိုတာ | ၂၀၉ |

| | | |
|---|---|---|
| ၂၁။ | ပါမောက္ခမှ တစ်ကျော့ပြန် ကောလိပ်ကျောင်းသား သူ့ဘဝ | ၂၁၃ |
| ၂၂။ | ကမ္ဘာမှာ တို့ဗမာဟေ့ဟု သူ့အဖို့ဆိုနိုင်ခဲ့သည် | ၂၂၃ |
| ၂၃။ | မောင်တင်မှ ဖေမောင်တင်သို့ | ၂၂၉ |
| ၂၄။ | သူ့စိတ်ဓာတ်နှင့် သူ့အဆုံးအဖြတ် | ၂၄၁ |
| ၂၅။ | အမ်–အေ၊ ဘီ–လစ် ဖေမောင်တင် | ၂၄၇ |
| ၂၆။ | မဟုတ်မခံသော သူ့သတ္တိ | ၂၅၃ |
| ၂၇။ | သူ့အဖို့ အချိန်တန် မြန်မာပြည်သို့ပြန် | ၂၆၁ |
| ၂၈။ | ဗိလပ်ပြန် ဖေမောင်တင် | ၂၆၅ |
| ၂၉။ | တစ်ဆင့်တက်သော် တစ်တောင်ကျော် | ၂၇၉ |
| ၃၀။ | သူ့ဘဝ၊ မိန်းမနှင့် ပတ်သက်၍– | ၃၀၇ |
| ၃၁။ | သူ့အတွက် ဖူးစာဖက်တွေ့လေပြီ | ၃၄၅ |
| ၃၂။ | အိမ်ထောင်ရှင် ဦးဖေမောင်တင် | ၃၅၇ |
| ၃၃။ | ကျောသားရင်သား မခွဲခြားသော သူ့စိတ်ထား | ၃၇၁ |
| ၃၄။ | ပါမောက္ခမှ ကျောင်းအုပ်ကြီး သူ့ဘဝ | ၄၁၁ |
| ၃၅။ | ၁၃၀၀–ပြည့် အရေးတော်ပုံနှင့် သူ့အခန်း သူ့ကဏ္ဍ။ | ၄၂၉ |
| ၃၆။ | ရန်ကုန်တက္ကသိုလ်နှင့် ရဟန်းပျိုတစ်ပါး | ၄၅၃ |
| ၃၇။ | ရာဇဝင်ကြွေး သူပေးဆပ်သည် | ၄၅၇ |
| ၃၈။ | ကြုံရ ဆုံရ သူ့ဘဝ | ၄၆၅ |
| ၃၉။ | ဒုတိယကမ္ဘာစစ်၊ ဂျပန်ခေတ်နှင့် တက္ကသိုလ်ကျောင်းကြီး၏အဖြစ် | ၄၇၃ |
| ၄၀။ | အလုပ်မှနား အငြိမ်းစား | ၄၉၃ |
| ၄၁။ | သူ့ပြည်လွတ်လပ်ပြီ | ၄၉၇ |
| ၄၂။ | အငြိမ်းစားမှ ဂုဏ်ထူးဆောင်ပါမောက္ခ | ၅၀၁ |
| ၄၃။ | အမေရိကန်ပြည်သို့ ခရီးတစ်ထောက် | ၅၀၅ |
| ၄၄။ | အာရှတစ်ခွင် ခရီးစဉ် | ၅၁၁ |
| ၄၅။ | သမိုင်းကော်မရှင်ဥက္ကဋ္ဌ | ၅၁၃ |
| ၄၆။ | အသက် ၈၀ ပြည့် သူမွေးနေ့ | ၅၁၉ |
| ၄၇။ | တက္ကသိုလ်ရွှေရတုပွဲ သူဆင်နွှဲ | ၅၂၇ |
| ၄၈။ | သူ့ဘဝ၏အတ္ထုပ္ပတ္တိ | ၅၃၁ |
| ၄၉။ | သူ့ယုံကြည်မှုနှင့် ဘာသာရေးကိုးကွယ်မှု | ၅၄၁ |
| ၅၀။ | ဘသက်ရှည်ဘဝ နိဂုံးကမ္ပတ် အဆုံးသတ် | ၅၅၃ |
| ၅၁။ | ဖေမောင်တင်နာမည် ကမ္ဘာတည် | ၅၆၁ |

# ဇော်ဂျီ၏
# ■ အမှာစာ ■

ဤပထမတွဲတွင် ဖွားမြင်ချိန်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် အရှေ့တိုင်းပညာရပ်များ (အထူးသဖြင့် ပါဠိစာပေ၊ မြန်မာစာပေ) ဌာနၶ ပါမောက္ခအဖြစ် ထမ်းဆောင်စပြုသည်အထိ လှုပ်ရှားလာခဲ့သော မြန်မာပညာရှိတစ်ဦးဖြစ်သူ ဆရာကြီး ဦးဖေမောင်တင်၏ ဘဝဖြစ်စဉ်များကို ဖတ်ရှုခွင့်ရနိုင်ပါသည်။ အခန်း ၂၉ ခန်းပါသည်။

အခန်း ၁ မှ ၁၀ အထိ ပါဝင်သော အခန်းများတွင် ထူးခြားချက်များမှာ အင်းစိန်မြန်မာကျောင်းတစ်ကျောင်း၌ မြန်မာစာသင်ခဲ့ရပုံ၊ မြင်း ချစ်တတ်ပုံ၊ ရန်ကုန်ဟိုက်စကူးကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားစဉ် ကျောင်းသားဘဝတွေ့ကြုံခဲ့ရပုံ၊ ရန်ကုန်ကောလိပ်၌ ပညာဆက်သင်ပုံတို့ဖြစ်သည်။ ထိုဘဝဖြစ်စဉ်များနှင့်တကွ ဆရာကြီး၏ ငယ်စဉ်က စိတ်ဓာတ်ကိုလည်းကောင်း၊ ဆွေမျိုးများ၏ စိတ်နေသဘောထားတို့ကိုလည်းကောင်း၊ ၂၀ ရာစုဝင်ခါစခေတ်က အခြေအနေ တစ်စိတ်တစ်ဒေသကိုလည်းကောင်း တစေ့တစောင်း သိနိုင်ပါသည်။

ထို့နောက် အခန်း ၁၁ မှ ၁၈ အထိ ပါဝင်သော အခန်းများတွင် ထူးခြားချက်များမှာ ထားဝယ်သို့ အလည်အပတ်ရောက်စဉ် ရွှယ်တူတန်းတူ သမီးပျို ညီအစ်မနှင့် တွေ့ဆုံခဲ့ရပုံ၊ ဆရာကြီး ရင်ခုန်ခဲ့ရပုံ၊ ပညာလောက၊ စာပေလောက၌ အာရုံစူးစိုက်ခြင်းရှိခဲ့ပုံ၊ ပါဠိစာပေ၌ ထူးချွန်ခဲ့ပုံ၊ မဟာဝိဇ္ဇာဘွဲ့ရပြီးသောအခါ ကျောင်းဆရာအလုပ်၌ ပျော်မွေ့ခဲ့ပုံ၊ မြန်မာနိုင်ငံ သုတေသနအသင်း၏ ဂျာနယ်၌ သုတေသနဆောင်းပါးများ၊ စာပေဝေဖန်စာများရေးခဲ့ပုံ၊ အဋ္ဌသာလိနီနှင့် ဝိသုဒ္ဓိမဂ်တို့ကိုလည်းကောင်း၊ မှန်နန်းရာဇဝင်ကိုလည်းကောင်း အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားစပြုခဲ့ပုံတို့ဖြစ်သည်။ ထိုဘဝဖြစ်စဉ်များနှင့်တကွ ထိုခေတ်က အင်္ဂလိပ်မြန်မာ ပညာတတ်အသိုင်းအဝန်းအကြောင်းကိုလည်း တစေ့တစောင်း သိနိုင်ပါသည်။

ထို့နောက် အခန်း ၁၉ မှ ၂၇ အထိ ပါဝင်သော အခန်းများတွင် ထူးခြားချက်များမှာ အစိုးရပညာတော်သင်အဖြစ်ဖြင့် ဘိလပ်နိုင်ငံ၌ ပညာဆက်လက်သင်ကြားခဲ့ပုံ၊ အော့စဖို့ဒ်တက္ကသိုလ်၌ ပညာသင်စဉ် လန်ဒန်ပါဠိဒေဝီနှင့်တွေ့ခဲ့ပုံ၊ မြန်မာပြည်မှ ဝံသာနုစိတ်ဓာတ်ဂယက်ရိုက်လာခဲ့ပုံ၊ ဟာဗီ၏ မြန်မာနိုင်ငံသမိုင်း (အင်္ဂလိပ်ဘာသာရေး) စာမူနှင့် စပ်လျဉ်း၍ မိမိ၏ထင်မြင်ချက်ကို ရဲဝံ့စွာပေးခဲ့ပုံ၊ ဘီလစ်ဘွဲ့ကို ရခဲ့ပုံ၊ လန်ဒန်တက္ကသိုလ်၌ ဒေါက်တာဘလက်ဂဒင်၏ မွန်ဘာသာသင်တန်းကိုတက်ခဲ့ပုံ၊ ပြင်သစ်နိုင်ငံ၊ ချက်ကိုဆလိုဗေးကီးယားနိုင်ငံတို့သို့ ရောက်ခဲ့ပုံ၊ အဋ္ဌသာလိနီနှင့် ဝိသုဒ္ဓိမဂ် (သီလပိုင်း) အင်္ဂလိပ်ဘာသာပြန်တို့ကို လန်ဒန်ပါဠိအသင်းက ပုံနှိပ်ပေးခဲ့ပုံ၊ ထို့နောက် အမိမြန်မာပြည်သို့ ပြန်လာခဲ့ပုံတို့ဖြစ်သည်။

ထိုဘဝဖြစ်စဉ်များနှင့်တကွ လန်ဒန်၌ မိမိကဲ့သို့ ပညာသင်နေကြသော မြန်မာကျောင်းသားများ၏ ဘဝကိုလည်းကောင်း၊ လန်ဒန်–မြန်မာအသင်း အကြောင်းကိုလည်းကောင်း၊ မြန်မာအပေါ် ထားတတ်ကြသော ဥရောပသားတို့၏ အမြင်တို့ကိုလည်းကောင်း တစေ့တစောင်း သိနိုင်ပါသည်။

ထို့နောက် အခန်း ၂၈ နှင့် ၂၉ တို့တွင် ထူးခြားချက်မှာ ရန်ကုန်ကောလိပ်ဘဝမှ ရန်ကုန်တက္ကသိုလ်ဘဝသို့ ရောက်လာပြီဖြစ်သောအချိန်တွင် မြန်မာစာပေကို တက္ကသိုလ်၌ မြှင့်တင်ခဲ့ပုံဖြစ်သည်။ ထိုဘဝဖြစ်စဉ်နှင့်တကွ မြန်မာပညာရှိများနှင့် ဆက်ဆံဆောင်ရွက်ခဲ့ပုံကိုလည်း သိနိုင်ပါသည်။ ထို့ပြင် ထိုအချိန်၌ပင် အိမ်ထောင်ရေးကိစ္စ အစပျိုးခဲ့ပုံကိုလည်း သိနိုင်ပါသည်။

(၂)

ဆရာကြီးဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိငယ်စာတစ်အုပ်ကို လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်လေးဆယ်ခန့်က ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါသည်။ ထိုအတ္ထုပ္ပတ္တိငယ်တွင် ဆရာကြီး၏ ဘဝဖြစ်စဉ်အကြောင်းအချက်တို့သည် အနည်းငယ်မျှသာပါ၍ ရိုးရိုးမျှသာဖြစ်သည်။ စီရင်ထားပုံသည်လည်း စင်းစင်းမျှသာဖြစ်သည်။ ဤအတ္ထုပ္ပတ္တိတွင်မူ အကြောင်းအချက်တို့သည် များလည်းများလာသည်။ အတ္ထုပ္ပတ္တိရေးသူမလေးလုံသည် ဆရာကြီးနှင့် မကြာခဏ ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆရာကြီးပြောပြသည်တို့ကို ရေးမှတ်ပြီးနောက် ဆရာကြီးက စစ်ဆေးကြည့်ရှုသည်။ ထိုသို့သော အကြောင်းအချက်တို့၌ အခြေခံထားခြင်းလည်းရှိသည်။ ထို့ကြောင့် ဆရာကြီး၏ ဘဝဖြစ်စဉ်အကြောင်းအချက်တို့သည် အတော်အတန်ပြည့်စုံလာပြီဟု ဆိုချင်ပါသည်။ တစ်ဖန် အတ္ထုပ္ပတ္တိ စီရင်ထားပုံကလည်း ယခုခေတ်အခေါ်အားဖြင့် ဝတ္ထုဟန်စီရင်ထားပုံဖြစ်ရာ ဤအတ္ထုပ္ပတ္တိကို ဝတ္ထုဟန်အတ္ထုပ္ပတ္တိမျိုးဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုတို့တွင် ပါမြဲဖြစ်သော ဇာတ်လမ်းတည်ဆောက်သောသဘော၊ ကာလဒေသ ပတ်ဝန်းကျင်အဖွဲ့သဘော၊ လူ့သဘာဝအဖွဲ့သဘောတို့ကို ဤအတ္ထုပ္ပတ္တိတွင် မသိမသာပါလာအောင် စီရင်ထားသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ သာဓကများသည် အောက်ပါအတိုင်းဖြစ်သည်။

ဤအတွဲ၌ပါသော အခန်း ၂၉ ခန်းကို ခြုံငုံလေ့လာကြည့်လျှင် ဤသို့ တွေ့နိုင်သည်။ ဝတ္ထုဟန်စီရင်ထားပုံသည် ဆရာကြီး၏ ပညာလိုလားပုံ၊ ပညာဖြန့်ဝေချင်ပုံ အားထုတ်မှုတို့၏ ဖြစ်စဉ်များကိုကြီးစဉ်ငယ်လိုက် ဖော်ပြထားသကဲ့သို့ဖြစ်သည်။ အခန်းတိုင်းတွင်လည်း သူ့အာဘော်နှင့်သူရှိ၍ ထိုအာဘော်သို့ရောက်အောင် အိုင်ကျင်းဖွဲ့လျက် ပို့ပေးထားသကဲ့သို့ဖြစ်သည်။ ထိုသို့ စီရင်ထားခြင်းသည် ဝတ္ထုဇာတ်လမ်း၌ အတက်ပိုင်းသဘော၊ အထွတ်ငယ်သဘောတို့ ထည့်ထားပုံနှင့် ဆင်ဆင်တူသည်ဟု ယူဆပါသည်။

တစ်ဖန် ဆရာကြီးကို ဖွားမြင်ချိန်တွင် အကာယ်ပင်မိုးရွာခြင်း၊ လေတိုက်ခြင်း၊ ထို့နောက် နေဝန်းပေါ်လာခြင်းတို့ရှိခဲ့ကြသည်ကို ပြထားပုံသည် ဝေဝေဆာဆာဖွဲ့ထားသကဲ့သို့ဖြစ်သည်။ ထိုသို့ဖွဲ့ထားခြင်းသည် ဝတ္ထု၌ ကာလဒေသပတ်ဝန်းကျင်ဖွဲ့ထားပုံနှင့် ဆင်ဆင်တူသည်ဟု ယူဆပါသည်။

တစ်ဖန် ဆရာကြီး၏ဖခင် သည်းခံတတ်ခြင်း၊ ဆရာကြီး၏ဦးလေးဖြစ်သူ ဦးထွန်းငြိမ်း စိတ်ထက်ခြင်းတို့ကို ပြထားပုံသည် သတိပြုမိစရာဖြစ်အောင် ဖွဲ့ထားသကဲ့သို့ဖြစ်သည်။ ထိုသို့ဖွဲ့ထားခြင်းသည် ဝတ္ထုတွင် လူ့သဘာဝဖွဲ့ထားပုံနှင့် ဆင်ဆင်တူသည်ဟု ယူဆပါသည်။

ထို့ကြောင့် ဤအတ္ထုပ္ပတ္တိကို ဝတ္ထုဟန်အတ္ထုပ္ပတ္တိမျိုးဟု ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဤ အတ္ထုပ္ပတ္တိသည် ဆရာကြီး၏ ခေတ်အခြေအနေ၊ ဆရာကြီး၏ အကြောင်းခြင်းရာတို့နှင့် စပ်လျဉ်း၍ သိစရာ မှတ်စရာတို့ကိုသာမက နှစ်သက်ခြင်းနှင့်တကွ ခံစားမှုအသိကိုလည်းပေးနိုင်သည်ဟု ဆိုချင်ပါသတည်း။

ဤဒုတိယ စာစောင်တွင်၊ အခန်း ၃၀ မှ အခန်း ၅၁ အထိ ဆရာကြီး ဦးဖေမောင်တင်၏ အလွမ်းကိစ္စ၊ အိမ်ထောင်ရေး ကိစ္စမှအစပြု၍ အနိစ္စရောက်သည့်တိုင်အောင် ဆရာကြီးလှုပ်ရှားခဲ့သော ဘဝဖြစ်စဉ်များကို ဖတ်ရှုခွင့်ရနိုင်ပါသည်။

ထူးခြားချက်များသည် အခန်း ၃၀ နှင့် ၃၁ တို့တွင် ဥရောပ၌ ခရီးလှည့်ယင်း တွေ့ခဲ့ကြုံခဲ့ရပုံများ၊ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ပထမအချစ်ရေးပျက်ပြယ်ခဲ့ပုံ၊ ထိုနောက် ဖူးစာဖက်ကို တွေ့ရ၍ အိမ်ထောင်ပြုခဲ့ပုံ၊ တို့ဖြစ်သည်။

အခန်း ၃၂ နှင့် ၃၃ တို့တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပေသင်ကြားရေးအတွက် ၁၉၂၉-၃၀ တွင် ဆိုင်မွန်ကော်မရှင်၌ တိုက်တွန်း အကြံပေးခဲ့ပုံ၊ မြန်မာစာဌာန ကြီးပွားလာအောင် ဆောင်ရွက်ခဲ့ပုံများ ဖြစ်သည်။

အခန်း ၃၄ မှ ၃၈ အထိ အခန်းများတွင်၊ ၁၉၃၆-၃၇ ခု၌ တက္ကသိုလ် ကျောင်းအုပ်ကြီးဖြစ်လာပုံ၊ ပထမပြန်စာမေးပွဲအတွက် အဖြေပေးခဲ့ပုံ၊ မြန်မာစာပေသမိုင်းရေးခဲ့ပုံ၊ ရေနံမြေအရေးတော်ပုံ၌ ပါဝင်ခဲ့သော ကျောင်းသားလှုပ်ရှားမှုကို ပြေပြစ်ချောမောအောင် ဆောင်ရွက်ခဲ့ပုံ၊ ဓာတုဗေဒ ပါမောက္ခ၏ဒေါသကို အောင်နိုင်ခဲ့ပုံ၊ အစွပ်အစွဲအခဲမကျေကြသည်များကို ဖြေရှင်းနိုင်ခဲ့ပုံတို့ဖြစ်သည်။

အခန်း ၃၉ တွင် ဒုတိယကမ္ဘာစစ်၊ ဂျပန်ခေတ်၌ တက္ကသိုလ်ကျောင်းကို ပြန်လည်ထူထောင်နိုင်ခဲ့ပုံ ဖြစ်သည်။

အခန်း ၄၀ မှ ၄၂ အထိ အခန်းများတွင်၊ ဆရာကြီးအငြိမ်းစားယူပုံ၊ ရန်ကုန်တက္ကသိုလ်၌ ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်လာပုံ၊ မြန်မာဝိကျဖွဲ့ထုံးကျမ်း၊ မြန်မာသဒ္ဒါကျမ်း ရေးသားခဲ့ပုံ၊ စာပေဗိမာန်၏ ဝေါဟာရဘာဏ်ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပုံတို့ဖြစ်သည်။

အခန်း ၄၃ နှင့် ၄၄ တို့တွင် အမေရိကန်နိုင်ငံ၊ ရှီကာဂိုတက္ကသိုလ်၌ ဗုဒ္ဓစာပေ ပို့ချခဲ့ပုံ၊ မလေးရှားနှင့် တရုတ်ပြည်သို့ ရောက်ခဲ့ပုံတို့ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ငွေရတုသဘင်၌၎င်း ပါဝင်ဆောင်ရွက်ခဲ့ပုံတို့ဖြစ်သည်။

ဤဒုတိယစာစောင်၌လည်း ပထမစာစောင်မှာကဲ့သို့၊ မေလေးလုံသည် ဤအတ္ထုပ္ပတ္တိရေးရာတွင် ဝတ္ထုဟန်ပုံစံကိုပင် ဆက်၍အသုံးပြုသည်ကို တွေ့ရသဖြင့်၊ ပထမစာစောင်ကဲ့သို့ပင် နှစ်သက်ဖွယ်လည်း ဖြစ်၍၊ ဆရာကြီး၏ ဘဝဖြစ်စဉ်များကို ထိရောက်အောင်လည်း တင်ပြနိုင်သည်ဟု ယူဆပါသတည်း။

၁၉၇၅၊ အောက်တိုဘာလ။

## ၁

# သူ့ဘဝ ၃၇ဝ

မိုးမင်းသည် တစ်နေကုန် မလင်းအောင် သဲသဲမဲမဲ ရွာနေခဲ့သည်။

ကဆုန်မိုးပြေး မြက်သားမွေးဆိုသော အစဉ်အလာစကားကလေးပင် ပျောက်ပျက်သွားမလောက် ပုဆိန်ပေါက်ရွာချနေလေသည်။

သူ့ကို မိုးသက်လေပြင်းကလေးကလည်း ကူညီထောက်ခံ၍ ငွေယမ်းတိုက်ခတ်ပေးလိုက်ပြန်သေးသည်။

ထိုကဲ့သို့ မိုးနှင့်လေတို့ အတိုင်အဖောက်ညီကာ အပေးအယူမျှလျက် အင်အားပြနေချက်ကြောင့် ရန်ကုန်မြို့ကြီး၏ ဆင်ခြေဖုံးဖြစ်သော အင်းစိန်တောမြို့ကလေးရှိ မြန်မာလူမျိုးများနေထိုင်ရာ ပေါက်တောရပ်ကွက်ကလေးမှာ လူသွားလူလာများမရှိသလောက် ရှင်းခြောက်နေတော့သည်။

ရပ်ကွက်အတွင်းရှိ ရပ်ကွက်သူရပ်ကွက်သားများသည် မိုးအေးအေးတွင် ကိုယ့်ဝင်းကိုယ့်ခြံ ကိုယ့်အိမ်ကိုယ့်ရာအသီးသီးမှာ လုံခြုံနွေးထွေးစွာ ကွေးလျက် မှေးစက်နေကြလေသလားမသိ။

အားလုံးလိုလိုပင် အိမ်တံခါးများ ပိတ်လျက် ငြိမ်သက်တိတ်ဆိတ်နေကြလေသည်။

သို့ရာတွင် ပေါက်တောလမ်းမကြီးဘေးရှိ သုံးကေမျှ ကျယ်ဝန်းသော ခြံဝင်းကြီး၏ပိုင်ရှင် အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုဌာနမှ ရုံးအုပ်စာရေးကြီး ဦးဖေ၏ အိမ်သူအိမ်သားများမှာကား နွေးနွေးထွေးထွေး မကွေးအား၊ မမှေးအားအောင် လှုပ်လှုပ်ရှားရှား အလုပ်များနေကြရှာသည်။

သူတို့ကား ဦးဖေ၏ယောက္ခမ၊ ခယ်မနှင့် အခြားမိန်းမဖော်တစ်ယောက်နှစ်ယောက်တို့ ဖြစ်ကြလေသည်။

သူတို့သည် အိမ်အတွင်းဘက်ရှိ အိပ်ခန်းတစ်ခန်းနှင့် အိမ်အနောက်ဘက်ရှိ မီးဖိုဆောင်ဆီသို့ ကူးချည်သန်းချည်ပြုနေကြသည်။

ထိုအချိန်တွင် အိမ်ကြီးရှင် ဦးဖေကမူ အိမ်ရှေ့ညှော်ခန်းမှာ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိနေသည်။

သူသည် ဖွင့်ဟထားသော ပြတင်းပေါက်နားသို့ရောက်လျှင် တစ်နေကုန် သဲသဲပြိုခဲ့ပြီးနောက် ယခုညနေစောင်းလာသည်တွင်မှ မောသွားသလို အရှိန်ပျော့ အားလျော့လာခဲ့သော အိမ်အပြင်ဘက်ရှိ မိုးစက်မိုးပေါက်ကလေးများကို လှမ်းကြည့်သည်။

မိုးလုံးပြည့်မျှ ပိတ်ဆီးသိပ်သည်းနေအောင် တိမ်ညိုရောင်ကမ္ဘလာကြီးကို ဖြန့်ကြက်လွှမ်းခြုံထားသော ကောင်းကင်တစ်ခွင်နှင့် ညို့ဆိုင်းနေသည့် မိုးကုပ်စက်ဝိုင်းကြီးဆီသို့လည်း မျှော်ကြည့်မိသေးသည်။

ထို့နောက် အတွင်းဘက်သို့ ပြန်လှည့်လျှောက်လာသောအခါ၌မူ ဦးဖေသည် အခန်းအလယ်ရှိ တိုင်ကပ်နာရီကြီးကို မော့၍ မော့၍ ကြည့်တတ်လေသည်။

ဦးဖေ၏ မျက်နှာအမူအရာနှင့် လှုပ်ရှားဟန်တို့သည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားရင်း ထိုတစ်စုံတစ်ခုကို စောင့်စားမျှော်လင့်နေကြောင်း သိသာစေလေသည်။

ဦးဖေသည် နာရီကြီးကို မော့ကြည့်လိုက်မိပြန်သည်။ ချိန်သီးကြီး တလှုပ်လှုပ်နှင့် နာရီလက်တံကြီးနှစ်ခုက ညနေ ၅ နာရီနှင့် ၁၅ မိနစ်ရှိပြီဖြစ်ကြောင်း ပြနေသည်။

နေ့တာရှည်စ ပြုလာပြီဖြစ်သော ကဆုန်လ၏ ညနေ ၅ နာရီကျော်ဆိုသည်မှာ အမှန်ဆိုလျှင် အစောကြီးရှိသေးသည်။ အလင်းကြီးလည်း ရှိနေရဦးမည်သာဖြစ်သည်။

သို့ရာတွင် ယခုမူ ထူးထူးခြားခြား မိုးမှောင်ကြီးကျနေမှုကြောင့် တစ်လောကလုံးသည် စောစောစီးစီး မိုးကြီးချုပ်သွားတော့မည့်အလား မှောင်ရီရီ မှိုင်းနေလေတော့၏။

တစ်ရပ်ကွက်လုံးသည် ညဥ့်ယံတစ်ယံကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပြန်သည်။

ဦးဖေ၏အိမ်ကြီး၌ အိမ်သားများ သွားလာလှုပ်ရှားနေကြသော်လည်း ဆူဆူညံညံ အသံဗလံဟူ၍ကား ဘာတစ်ခုမျှ မကြားမိရအောင် အထူးငြိမ်သက် တိတ်ဆိတ်လျက်ရှိနေသည်။

သို့ရာတွင် သတိထား၍ နားစိုက်ထောင်ကြည့်မည်ဆိုလျှင်မူ ခပ်သဲ့သဲ့ ညည်းသံကလေးတစ်ခုသည် အထူးဆိတ်ငြိမ်နေသော အိမ်ကြီးအတွင်းမှ တစ်ချက်တစ်ချက် ခပ်ယဲ့ယဲ့ ဖြိုခွင်း ထွက်ပေါ်လာနေခဲ့ကြောင်းကိုကား ကောင်းကောင်း ကြားသိရမည်ဖြစ်လေသည်။

ဦးဖေသည် ခပ်သဲ့သဲ့ ထွက်ပေါ်လာခဲ့ပြန်သော ညည်းသံကလေးတစ်ချက်ကို နားစိုက်ထောင်ရင်း ပြတင်းပေါက်ရှိရာဘက်သို့ လှည့်လျှောက်သွားလိုက်ပြန်သည်။

ထို့နောက် သည်တစ်ခေါက် ပြတင်းပေါက်ဆီသို့ ရောက်သွားခဲ့ပြန်သော ဦးဖေသည် နာရီကြီးရှိရာ အတွင်းဘက်သို့ ချက်ချင်းပြန်လှည့် မလျှောက်နိုင်ဖြစ်သွားလေသည်။

သူသည် အတိုင်းသား လှမ်းမြင်နေရသော မိုးကုပ်စက်ဝိုင်းကြီးဆီသို့ တအံ့တသြ ငေးမောကြည့်ရှုနေလိုက်မိတော့၏။

စောစောကလေးကပင် အုံ့ဆိုင်း မှိုင်းညို့နေခဲ့သေးသော မိုးကုပ်စက်ဝိုင်းကြီးသည် တစ်စုံတစ်ယောက်က ရုတ်တရက် ဆွဲမဖွင့်ဟပေးလိုက်သလို မိုးတိမ်မည်းများ ကွဲအက်လင်းလက်လျက်ရှိနေလေသည်။

ထိုသို့ ထူးထူးဆန်းဆန်း ကွဲအက်လင်းလက်နေသော မိုးတိမ်မည်းများကြားမှ နေဝန်းနီနီကြီးကလည်း တစ်နေကုန် ပုန်းခိုအောင်းလျှိုနေခဲ့ရာမှ အားယူပြူထွက်လျက်ရှိနေလေတော့၏။

အားယူပြူထွက်နေသော နေဝန်းကြီးတစ်စွန်းတစ်စထံမှ ရွှေဝါအသွေး ရောင်ခြည်နွေးနွေးတို့ကလည်း ဝေးကွာလှသည့် တစ်ဖက်ပိုင်းမိုးကုပ်စက်ဝိုင်းဆီမှ အုံ့ဆိုင်းမှိုင်းမှောင်နေဆဲ တစ်ဖက်ခြမ်းရှိ ဦးဖေထံသို့ အပြေးလှမ်းလာကာ ဖျန်းပက်နှုတ်ဆက်လိုက်လေသည်။

ဦးဖေသည် အေးတိအေးစက် လေးတိလေးကန်ဖြစ်နေခဲ့ရာမှ နေခြည်နွေး၏ ထွေးပိုက်နမ်းရှိုက်လာမှုတွင် ရုတ်တရက် သွက်လက်လန်းဆန်းသွားမိသည်။

တည်ကြည်လေးနက်သော သူ့မျက်နှာအသွင်အပြင်သည်လည်း စိတ်အစဉ်၏ ရုတ်တရက် ကြည်နူးချမ်းမြေ့ခြင်း ခံစားချက်ဖြင့် အပြုံးတစ်ချက်လက်သွားပြန်သည်။

ဦးဖေသည် ထူးထူးခြားခြား မြင်တွေ့ရချက်၌ ရှာန်ဝင်စားကာ စူးစိုက်ငေးမော သဘောကျနေမိသည်တွင် တခြားအကြောင်းအရာကိစ္စများကိုပင် ခဏ္တာခဏ မေ့သွားမိလေသည်။

သို့ရာတွင် သိပ်တော့မကြာပါချေ။ အိမ်အတွင်းခန်းဆီမှ ရုတ်တရက် ထွက်ပေါ်လာခဲ့သော အမိဝမ်းက ကျွတ်စကလေးငယ်တစ်ဦး၏ တဝါးဝါးငိုကြွေးလိုက်သံကလေးတစ်သံက ငြိမ်သက်ငေးမောနေခဲ့သော ဦးဖေအား လှုပ်ရှားသတိရလိုက်စေသည်။

ဦးဖေသည် ချာခနဲလှည့်၍ တိုင်ကပ်နာရီကြီးကို မော့ကြည့်လိုက်သည်။

ပြတင်းပေါက်မှ ထိုးရောက်လာသော နေရောင်တွင် ကြည်လင်နေသော မှန်ပြင်အောက်မှ နာရီလက်တံကြီး နှစ်ခုက ငါးနာရီခွဲတိတိဖြစ်ကြောင်း ဦးဖေအား အထင်းသားမြင်လိုက်စေလေသည်။

''ယောက်ျားကလေးတော်ရေ့၊ ယောက်ျားကလေးမှ ဖြူဖြူထွားထွား ယောက်ျားဘသားကြီးတော်ရေ့''

ညည်းသံပျောက်သွားခဲ့သော အတွင်းခန်းဆီမှ ကလေးငိုသံနှင့် ရောထွေးလျက် ဝမ်းဆွဲသည်အဒေါ်ကြီး၏ ကျယ်ကျယ်လောင်လောင် အော်ပြောလိုက်သော စကားများက စွင့်ထားသော ဦးဖေ၏နားထဲသို့ အပြေးအလွှား တိုးဝင်လာကြသည်။

ဦးဖေ၏မျက်နှာကြီးသည် အနောက်ဘက်စွန်းမှ နေဝန်းကြီးနှင့်အပြိုင် ဝင်းထိန်လင်းတောက်သွားလေသည်။

သူသည် တိုင်ကပ်နာရီကြီးအောက်နားရှိ သူ့စာရေးစားပွဲဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

ပြီးလျှင် ဦးဖေသည် သူနေ့စဉ်မပြတ် ဖတ်ရှုဆင်ခြင်ကာ တရိုတသေထားရှိသော ခရစ်ယာန် သမ္မာကျမ်း စာအုပ်ကြီးကိုယူလျက် အနက်ရောင်သားရေအဖုံးကို ဖွင့်လှန်လိုက်သည်။

ထိုအခါ သမ္မာကျမ်းစာအုပ်ကြီး၏ အဖုံးနှင့် အတွင်းစာသားများကို ခြားပေးထားသော စာရွက်အလွတ် အပိုတစ်မျက်နှာ ပေါ်ထွက်လာခဲ့သည်။

ထိုစာရွက်လွတ်တွင် ပုံနှိပ်စာလုံးများမရှိသော်လည်း ဦးဖေ၏ လက်ရေးညီညီဖြင့် ပီပီသသ ရေးမှတ်ထား သော ဖွားစာရင်းတစ်ခုကား ရှိလေသည်။

ဦးဖေသည် အဆိုပါမွေးစာရင်း၏ မောင်ဘရင်၊ မကြည်၊ မောင်ဘသင်၊ မမို အမည်ရှိသော သားသမီး အကြီးလေးဦးတို့အောက်တွင် အမှတ်စဉ်အသစ်တစ်ခုကို ထပ်တိုးရေးဖြည့်လိုက်သည်။

ပြီးလျှင် ဦးဖေသည် သူ့ဖနီးဒေါ်မြိုင်မှ ယခုပင် မွေးဖွားသန့်စင်လိုက်ပြန်သော သူ့ရင်သွေးသားငယ်ကလေး သည် ဝမ်းမှကျွတ်ခိုက် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်ခဲ့ရသော နိမိတ်လက္ခဏာအရ လူမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ အစရှိရာ အကြောင်းတစ်စုံတစ်ခုမှာ ထက်မြက်ထူးချွန်စွာဖြင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်သူ သား ကောင်းရတနာကလေးတစ်ဦးများ ဖြစ်လာလေမည်လားဟု စဉ်းစားတွေးခေါ်ရင်း ဖွားစာရင်းတွင် ဆက်လက်ရေး ဖြည့်လိုက်တော့သည်။

ပဥ္စမသား မောင်ဘတင်။

ခရစ်နှစ် ၁၈၈၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်။

မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့။

ညနေ ၅ နာရီခွဲတိတိအချိန်တွင် အင်းစိန်မြို့ ပေါက်တောရပ်၌ မွေးဖွားသန့်စင်သည်။

# ၂

# မောင်ဘတင် မှ မောင်တင်

မောင်ဘတင်ကလေး သုံးနှစ်သားအရွယ်သို့အရောက်တွင် သူ့မေမေ ဒေါ်မြိုင်က သူ့အတွက် ညီကလေးတစ်ယောက်ကို မွေးဖွားပေးပြန်လေသည်။

ထိုအခါ အစ်ကိုများ၊ အစ်မများ၏ အချီအချော့များကိုသာ ခံယူရရှိနေခဲ့သော မောင်ဘတင်ကလေးသည် သူကတစ်ပြန် ချီချော့ရမည့် ညီကလေးတစ်ယောက်ရလာခဲ့သဖြင့် အထူးပင်ပျော်ရွှင်သွားလေသည်။

ထိုသို့ ပျော်ရွှင်နေမိသော မောင်ဘတင်ကလေးသည် သူ့အတွက် ညီငယ်ကလေးတစ်ယောက် ရရှိလိုက်ချိန်မှာ သူ့ကို အစဉ်ချီချော့ယုယတတ်သော အစ်ကိုကြီး မောင်ဘရင်တစ်ယောက် အိမ်သားထဲမှ ရုတ်တရက် ပျောက်ဆုံးယုတ်လျော့သွားသည်ကိုကား ပီပီပြင်ပြင် ထင်ထင်ရှားရှား မသိလိုက်ချေ။

သူ့အစ်ကိုကြီး ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ မောင်ဘတင်ကလေးစိတ်မှာ ဝိုးတိုးဝါးတားသိထားမိခဲ့သလောက်မှာကား

သူတို့မိသားစုထံသို့ ရန်ကုန်မြို့ကြီးဆီမှ ဆွေမျိုးဉာတကာများ မကြာခဏ လာရောက်လည်ပတ်ကြသည့်အတိုင်း ထိုနေ့ကလည်း ဦးဖေ၏ညီမောင်ဘတင်ကလေးတို့၏ဦးလေး ဦးထွန်းငြိမ်း ရောက်လာခဲ့သည်။

ဦးလေးဦးထွန်းငြိမ်းသည် သူ့ဖေဖေ ဦးဖေနှင့် စကားတွေပြောသည်။ သူ့ညီကလေး ပေါက်စကိုကြည့်သည်။ သူ့ကိုလည်း ချိုပိုးလုပ်သေးသည်။ ပြီးမှ သူ့အစ်ကိုကြီးမောင်ဘရင်ကို ဦးလေးဦးထွန်းငြိမ်းက အိမ်အောက်ခြံဝင်းထဲသို့ လက်ဆွဲခေါ်သွားသည်။

ထိုအချိန်မှစ၍ နောက်ပိုင်း၌ သူ့အစ်ကိုကြီး မောင်ဘရင်ကို မောင်ဘတင်ကလေး လုံးဝမတွေ့၊ မမြင်ရတော့။

ထိုသို့ သူ့အစ်ကိုကြီးကို နောက်ဆုံးမြင်တွေ့လိုက်ရသည့်နေ့က သူ့စိတ်မှာ ထူးထူးခြားခြား မှတ်မှတ်သားသား ခံစားမှုအသိကလေးတစ်ခုတော့ မောင်ဘတင် ရရှိခဲ့လေသည်။

ထိုနေ့က ဦးလေးဦးထွန်းငြိမ်းနှင့် သူ့အစ်ကိုကြီး မောင်ဘရင်တို့ ခြံထဲဆင်းသွားခဲ့ကြပြီးနောက် တစ်အောင့်လောက်အကြာတွင် ဘာဖြစ်သည်မသိ။ အိမ်ရှိလူအားလုံး အပြေးအလွှား ပျာယာခတ်လှုပ်ရှားသွားကြသည်။

ထို့နောက် သူ့မေမေနှင့် သူ့မမများ၊ အဘွားနှင့် အဒေါ်များ အားလုံးတို့ ငိုကြွေးရှိုက်ငင်နေကြသည်ကို သူ့ညီကလေး ပေါက်စအနားမှ မခွာနိုင်ဘဲရှိနေသော မောင်ဘတင်ကလေးက အံ့ဩထူးဆန်းစွာ တွေ့လိုက်မိသည်။

ပြီးလျှင် သူတို့အိမ်ကြီးမှာ လူအဝင်အထွက် ရှုပ်ရှက်ခတ်သွားသည်။ ဧည့်သည်တွေ ဆွေမျိုးတွေလည်း အများကြီးလာကြသည်။

ထိုဧည့်သည်များ ဆွေမျိုးများနှင့် သူတို့အိမ်သားများ စုပေါင်း၍လည်း သူတို့အိမ်မှာ ဘုရားရှိခိုးကြသေးသည်။

သို့ရာတွင် သူတို့အိမ်သားများထဲမှာ သူ့အစ်ကိုကြီး မောင်ဘရင်ကိုမူ မောင်ဘတင်ကလေး လုံးဝရှာမတွေ့ ဖြစ်နေသည်။

ယခုလို လူကြီးသူကြီးများ အလုပ်မအားဖြစ်နေကြစဉ် မောင်ဘတင်ကလေးစိတ်မှာ သူ့အစ်ကိုကြီးအနား ကပ်ချင်နေမိသည်။ သူ့အစ်ကိုကြီး၏ အချီအချော့ကို ခံယူချင်မိသည်။

သို့ပေမည့် သူ့အစ်ကိုကြီးကို တစ်အိမ်လုံး တစ်ခြံလုံး ဘယ်မှာမှ ရှာမတွေ့နိုင်သည်က မောင်ဘတင်ကလေး အတွက် အခက်ဖြစ်နေသည်။

သူ့အစ်ကိုကြီး ဘယ်ရောက်သွားပါလိမ့်။ မောင်ဘတင်ကလေး သိချင်လှတော့သည်။

''မေမေ တိုတိုကြီးရောဟင် တိုတိုကြီး''

နောက်ဆုံး၌ မောင်ဘတင်ကလေးသည် သူ၏သိချင်မှုကို အဖြေပေးနိုင်လိမ့်မည်ထင်သော သူ့မေမေထံ ပြေးကပ်၍ မေးလိုက်တော့သည်။

''အို သားလေးရယ်''

မောင်ဘတင်ကလေး၏ မေမေသည် အရင်အရင်တုန်းကဆိုလျှင် သူသိလို၍ မေးမြန်းသမျှတစ်ခုမကျန် အောင် ပြုံးရွှင်ချိုအေးစွာ အဖြေများပေးခဲ့လေ့ရှိသည်။ ယခုမူ သူ့ကို ဆီးဖက်၍ ရှိုက်ငင်ငိုကြွေးလိုက်လေသည်။

သူ့မေမေနှင့်အတူ သူ့မမများ သူ့အဘွားနှင့် သူ့အဒေါ်များလည်း လိုက်ရောရှိုက်ငိုလိုက်ကြသည်။

ထိုအခါ ဘဝင်ဖိုလှိုက်အောင် ငိုရှိုက်နေသော သူ့မေမေ၏ရင်ခွင်တွင် ပွေ့ပိုက်ထားခြင်းကို ခံနေရသော မောင်ဘတင်ကလေးမှာလည်း အလိုလို ငိုချင်သွားမိသည်။

ထို့ကြောင့် သူသည် သူ့မေမေ၏ ရင်ခွင်မှအသာခွာခဲ့ပြီးနောက် သူ့ဖေဖေထံ ပြေးကပ်၍ ငိုမဲ့မဲ့ကလေး မေးလိုက်ပြန်တော့သည်။

''ဖေဖေ တိုတိုကြီးရော ဘယ်မှာလဲဟင်''

သူ့ဖေဖေကလည်း မောင်ဘတင်ကလေးကို ဆီးပွေ့ထားပြန်သည်။ သို့ရာတွင် သူ့မေမေတို့လိုတော့ သူ့ဖေဖေက မငိုမရှိုက်။ သူ့ကိုချက်ချင်း ဘာမှမဖြေဘဲ အကြာကြီးသာငြိမ်နေသည်။

''ဟင် ဖေဖေ တိုတိုကြီးရောလို့ချို''

လည်ကလေးမော့၍ စောင့်နေရသည်ကို စိတ်မရှည်ချင်ဖြစ်သွားသော မောင်ဘတင်ကလေးသည် ခါတိုင်းနှင့် မတူအောင် ထူးခြားနေပြန်သော သူ့ဖေဖေကို လက်ကလေးနှစ်ဖက်ဖြင့် ကိုင်လှုပ်ရင်း အားမလိုအားမရကလေး ထပ်မေးလိုက်ပြန်တော့သည်။

သည်အခါကျမှပင် ငြိမ်ငြိမ်ကြီးရှိနေသော သူ့ဖေဖေက လှုပ်ရှားလာခဲ့သည်။

''သားလေး တိုတိုကြီးလား''

သူ့ကိုပြန်ပြောလိုက်သော သူ့ဖေဖေအသံသည် ခါတိုင်းလိုမဟုတ်ဟု မောင်ဘတင်ကလေး ထင်မိသည်။

''သားလေးတို့ တိုတိုကြီးကိုလေ၊ ဘုရားသခင် ခေါ်ယူသွားပြီကွယ့်''

''တိုတိုကြီးကို ဘုရားသခင်က ဘယ်ကိုခေါ်သွားတာလဲဟင် ဖေဖေ''

မောင်ဘတင်ကလေးသည် သူ့အကျင့်ကလေးအတိုင်း သူ့စိတ်ထဲမှ သိလိုမှုကို စပ်စပ်စုစု တွေးတွေးခေါ်ခေါ် ကလေး ထပ်မေးလိုက်ပြန်သည်။

ထိုအခါ သူ့ဖေဖေကလည်း ထုံးစံအတိုင်း ပြန်လည်ဖြေကြားလိုက်ပြန်သည်။

''ဘုရားသခင်ကလေ၊ သားသားလေးတို့ တိုတိုကြီးကို ဟိုးကောင်းကင်ဘုံက အိမ်တော်ကို ခေါ်သွားတာ ပေါ့ကွယ်''

''ဟုတ်လား ဒီလိုချို့ တိုတိုကြီးနောက်ကို အနော်တို့လည်း လိုက်သွားကြမယ်နော်၊ ဖေဖေနော်''

''အေး အေး လိုက်သွားကြရမှာပေါ့ကွယ်၊ လိုက်သွားကြရမှာပဲပေါ့''

''ဟေး တိုတိုကြီးနောက်ကို လိုက်သွားရတော့မယ်ဟေ့''

သူ့အပြောလေးကို သူ့ဖေဖေက သဘောတူ ထောက်ခံပေးလိုက်လျှင် မောင်ဘတင်ကလေးသည် အားရကျေနပ်ခြင်းဖြင့် လက်ခုပ်လက်ဝါးကလေးပင်တီးကာ ရယ်မောပြောဆိုလိုက်တော့သည်။

ထိုအခိုက်မှာပင် သူ့ကို ရင်ခွင်မှာ ပိုက်ထားသော သူ့ဖေဖေက မလှမ်းမကမ်း၌ မျက်ရည်မစဲရှိနေကြသေးသော သူ့မေမေတို့ကို လှမ်းပြောလိုက်လေသည်။

''ကဲ ကဲ တို့သားကြီး မောင်ဘရင်မရှိတော့တဲ့နောက် ကျန်တဲ့သားငယ်တွေရဲ့ နာမည်တွေက ဘဆိုတဲ့စာလုံးကို အကုန်ဖြုတ်ပစ်ကြရအောင်၊ ဒီကနေ့ ဒီအချိန်ကစပြီး မောင်ဘသင်၊ မောင်ဘတင်၊ မောင်ဘခင်အစား မောင်သင်၊ မောင်တင်၊ မောင်ခင်လို့သာ ခေါ်ကြပေတော့''

သူ့ဖေဖေသည် သူ့မေမေတို့ကို လှမ်းပြောပြီးနောက် မောင်ဘတင်ကလေးသို့ ငုံ့ပြောလိုက်ပြန်သည်။

''ဖေဖေပြောတာကြားလား သားလေး၊ ဒီကနေ့ကစပြီး သားလေးနာမည်ဟာ မောင်ဘတင်မဟုတ်တော့ဘူးနော်၊ မောင်တင်ဖြစ်သွားပြီ ဟုတ်လား''

''ဟုတ်ကဲ့ ဖေဖေ''

သူ့ဖေဖေ၏အပြောကို မောင်ဘတင်ကလေးကလည်း လွယ်ကူစွာပင် လက်ခံကျေနပ်လိုက်သည်။

ထိုအခါ သူ့ဖေဖေက သဘောကျသွားသလို သူ့ကိုဖက်၍ ပါးကလေးကို တစ်ချက်နမ်းသည်။ ပြီးမှ သူ့ကို မေးခွန်းထုတ်လိုက်လေသည်။

''ကဲ ဖေဖေ့ကိုပြောစမ်း သားလေးနာမည် ဘယ်သူတဲ့လဲကွယ်''

သူ့ဖေဖေ၏ မေးခွန်းကို မောင်ဘတင်ကလေးကလည်း မဆိုင်းမတွ ချက်ချင်းပင် ပြန်ဖြေလိုက်လေသည်။

''မောင်တင်''

# ၂

# သူ့စိတ် သူ့ဆန္ဒ

''ဒီကနေ့ ကျောင်းစတက်ရတော့မယ်''

အသက်ငါးနှစ်ပြည့်သွားပြီဖြစ်သော မောင်တင်ကလေးသည် ယနေ့ကျောင်းစတက်၍ ကျောင်းသားကြီး ဖြစ်ရတော့မည်ဆိုသော အသိစိတ်ကလေးဖြင့် အိပ်ရာမှထလာခဲ့သည်။

ပြီးလျှင် သူသည် ကျောင်းသားကြီးအဖြစ် ကျောင်းသွားရန်အတွက် သူ့မမများက ရေချိုးပေး၊ အဝတ်လဲပေး၊ ထမင်းကျွေး စသည်ဖြင့် ပြုလုပ်ပြင်ဆင်ပေးသမျှ မြူးရွှင်ကျေနပ်စွာပင် ခံယူလိုက်လေသည်။

ထိုနောက် မကြာမီမှာပင် မောင်တင်ကလေး ကျောင်းသို့သွားရန် အသင့်ဖြစ်သွားတော့သည်။

သို့ရာတွင် ကျောင်းသို့သွားရန် အချိန်စောနေသေးရာ မောင်တင်သည် သူ့ညီကလေး မောင်ခင်နှင့် ဆော့ကစားနေလိုက်သည်။

ထိုစဉ်မှာပင် မြင်းဇောင်းဆီမှ မြင်းထိန်းဆာမိ၏ ဝမ်းသာအားရလှမ်းခေါ်သံကို မောင်တင်ကြားလိုက်ရလေသည်။

''မောင်တင်ရေ ဒီမှာလာကြည့်စမ်းဟေ့၊ မြင်းကလေးမွေးနေပြီကွ''

ဆာမိ၏ အော်ခေါ်သံမဆုံးတတ်သေးမီမှာပင် မောင်တင်သည် ညီကလေးမောင်ခင်နှင့် ကစားနေခြင်းကို ရပ်ပစ်လိုက်သည်။ ပြီးလျှင် သူသည် မြင်းဇောင်းဆီသို့ ခုန်ပေါက်ပြေးသွားလိုက်လေတော့၏။

မြင်းဇောင်းသို့ ခုန်ပေါက်ရောက်ရှိသွားသော မောင်တင်ကို အမိဝမ်းမှကျွတ်စ မြင်းပေါက်ကလေးက ခုန်ဆွခုန်ဆွနှင့် ဆီးကြိုလိုက်လေသည်။

''ဟာ မြင်းကလေးပါလားကွာ''

သူ့အဖို့ မမြင်စဖူး အထူးအဆန်းတွေ့လိုက်ရသော မြင်းပေါက်စကလေးကိုကြည့်၍ မောင်တင် အံ့ဩဝမ်းသာ ရေရွတ်လိုက်မိသည်။

''မြင်းကလေးက သိပ်လှတာပဲကွာ၊ ချစ်စရာလဲ ကောင်းတယ်ကွာ၊ အဟား ဟား''

ဒူးနှစ်ဖက်တွင်သာ အမည်းတစ်ကွက်စီပါ၍ ကျန်တစ်ကိုယ်လုံး နီညိုရောင်သမ်းနေသော မြင်းပေါက်ကလေးသည် မောင်တင်၏ မျက်စိထဲတွင် အလွန်ပင် လှပချစ်စရာကောင်းနေလေသည်။

သူသည် မြင်းထိန်းဆာမိ၏အကူအညီဖြင့် မြင်းပေါက်ကလေးကို ကိုင်တွယ်ထိတွေ့ခွင့်ရသဖြင့်လည်း အထူးကျေနပ်သွားမိသည်။

ပိုးသားလို ချောနေသောမြင်းပေါက်ကလေး၏ ကိုယ်မှ အမွေးနု နီညိုညက်ကလေးများကို သူ့လက်ကလေးနှင့် ပွတ်သပ်ကြည့်ရသည်မှာ မောင်တင်အဖို့ အရသာရှိလှတော့သည်။

သူသည် ခုန်ဆွခုန်ဆွပြုနေသော မြင်းပေါက်ကလေးနှင့်အတူ လိုက်လျောလျက် ထိုင်လိုက်ထလိုက် လှည့်ပတ်ကြည့်လိုက်နှင့် ပျော်ရွှင်မြူးထူးနေမိလေသည်။

ထိုအခါ သူသည် စောစောတုန်းက သူစိတ်စော၍ ဇောကြီးနေမိသော ကျောင်းတက်ရေးကိုပင် မေ့သွားမိလေတော့သည်။

''မောင်လေးရေ လာဟေ့ ကျောင်းသွားကြစို့''

မောင်တင်က မေ့သော်လည်း မမေ့သော သူ့မမကြီးက ကျောင်းသွားရန် ခေါ်လေတော့သည်။

ထိုသို့ သူ့မမကြီး၏ ခေါ်ဆိုနှိုးဆော်သံကြောင့် ပြန်လည်သတိရလိုက်သော်လည်း မောင်တင်သည် ကျောင်းသို့ သွားလိုစိတ်မရှိတော့။ သူသည် ချစ်စရာမြင်းပေါက်စလှလှကလေးအနားမှာသာ တစ်နေကုန် ခုန်ပေါက် ဆော့ကစားနေချင်လေသည်။

ထိုသို့ သူ့ရင်ထဲမှ ဖြစ်ပေါ်နေသောဆန္ဒကို မောင်တင်က ရိုးသားပွင့်လင်းစွာပင် တင်ပြလိုက်လေသည်။

''ကျွန်တော် ကျောင်းမသွားချင်တော့ဘူး မမကြီး''

''အို ဟဲ့ ဘာဖြစ်လို့ မသွားချင်တော့ရတာလဲ မောင်လေးရယ်၊ လာလာ တော်ကြာ နောက်ကျနေလိမ့်မယ်နော်''

''ဟင့်အင်းဗျာ ဒီမှာမြင်းကလေးနဲ့ပဲ ကစားနေချင်တယ်၊ ကျောင်းမသွားချင်တော့ဘူး''

မောင်တင်သည် သူ့ကိုကျောင်းပို့ပေးရန် လက်ကမ်းခေါ်ငင်နေသော သူ့မမကြီးနားသို့ မကပ်ဘဲ ငြင်းဆန်ပစ်လိုက်လေသည်။

ထိုအခါ မောင်တင်၏ မမကြီးသည် သူတို့မေမေ့မောင် ဦးလေးဆန်နီ၏မိန်းမ ဒေါ်လေးတုတ်ကို လှမ်းတိုင်၍ အကူအညီ တောင်းလိုက်တော့သည်။

''ဟောဒီမှာ ဒေါ်လေးတုတ်ရေ့ မောင်လေးက ကျောင်းမသွားချင်တော့ဘူး လုပ်နေတယ်''

''ဟဲ့ ဘာဖြစ်လို့ ကျောင်းမသွားချင်ရတာလဲ ဟေ မောင်တင်''

ဒေါ်လေးတုတ်သည် ရုတ်ခြည်းပင် မောင်တင်၏ မမကြီးအတွက် စစ်ကူအဖြစ်ရောက်လာခဲ့သည်။

''ကျောင်းမသွားရင် စာမတတ်ဘဲ မင်း လူမိုက်ကလေးဖြစ်သွားမှာပေါ့ကွယ်၊ လူမိုက်ကလေးဖြစ်သွားမှာ မကြောက်ဘူးလား ဟင် ပြောစမ်း''

ဒေါ်လေးတုတ်က သူ့ကို လူမိုက်ကလေးဖြစ်သွားလိမ့်မည်ဟု ခြောက်လိုက်လျှင် မောင်တင် လန့်သွားမိသည်။

အကြောင်းမှာ လူကြီးမိဘများ၏ သွန်သင်ဆုံးမချက်များအရ လူမိုက်ကလေးဖြစ်ရမှာ မောင်တင် အလွန်ကြောက်သည်။

သူစကားတတ်စ၊ မှတ်မိတတ်စ အချိန်မှစ၍ လူမိုက်ဆိုသည်မှာ မကောင်းကြောင်း မောင်တင်၏ ခေါင်းကလေးထဲတွင် စွဲမြဲမှတ်သားလာခဲ့သည်။

မောင်တင်သည် ကလေးအသိကလေးနှင့်ပင် သူ့ကိုယ်သူ လူလိမ္မာကလေးတစ်ယောက်သာ အမှန်တကယ်ဖြစ်ချင်နေလေသည်။

ထိုကြောင့် သူ့အကြောင်းကို နားလည်ထားပုံရှိသော ဒေါ်လေးတုတ်၏ 'မင်းလူမိုက်ကလေးဖြစ်သွားမှာ မကြောက်ဘူးလား'ဆိုသော ခြောက်လှန့်ချက်ကလေးက မောင်တင်အား လန့်ဖျပ်တွေဝေသွားစေခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင် သူ၏ ကြောက်လန့်သွားစိတ်ကို ချစ်စရာ မြင်းပေါက်လှလှကလေးက ချက်ချင်းပင် လွှမ်းမိုးအနိုင်ယူလိုက်သည်။

သူ့အဖို့ လူလိမ္မာကလေးဖြစ်ရန် ရက်တွေအများကြီးရှိနေသေးရာ မောင်တင်က သူချစ်သော မြင်းပေါက်လှလှကလေးအတွက် သည်တစ်ရက် လူမိုက်ကလေးအဖြစ် ခံယူလိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

''ဟင့်အင်း လူမိုက်ကလေးဖြစ်သွားမှာ မကြောက်တော့ဘူး၊ မြင်းကလေးနဲ့ ကစားနေချင်တယ်''

မောင်တင်သည် သူ့ရင်ထဲမှ ဆုံးဖြတ်ချက်နှင့် လိုအင်ဆန္ဒကလေးတို့ကို ပွင့်လင်းပြတ်သားစွာပင် ထုတ်ဖော်ပြောပြလိုက်ပြန်သည်။

ထိုအခါ မောင်တင်၏ မမကြီးနှင့် ဒေါ်လေးတုတ်တို့ မျက်လုံးပြူးသွားကြတော့သည်။ ပြီးလျှင် သူတို့နှစ်ယောက်သည် ဘာမျှ ချော့မော့ပြောဆိုခြင်းကို မပြုကြတော့ဘဲ မောင်တင်၏ လက်ကလေးတစ်ဖက်စီကိုသာ အမိအရ ဖမ်းချုပ်ဆုပ်ကိုင်ထားလိုက်ကြတော့သည်။

ဤတွင် မောင်တင်လည်း သူ့အပေါ် အကြမ်းဖက်လာကြသော သူ့မမကြီးနှင့်ဒေါ်လေးတုတ်တို့၏ ဖမ်းချုပ်ထားနေမှုမှ လွတ်ကင်းအောင် ခြေဆောင့်ရုန်းကန်လိုက်လေသည်။

''ဟင့်အင်း၊ ဟင့်အင်း၊ ကျောင်းမသွားချင်ဘူးဆို''

သူသည် ပါးစပ်မှလည်း ရွတ်ဆိုငြင်းဆန်လိုက်သည်။

''ကျောင်းမသွားချင်ဘူး၊ မြင်းကလေးနဲ့ ကစားချင်တယ်''

ကျောင်းမသွားချင်သည့် အကြောင်းရင်းကိုလည်း သူက ရှင်းရှင်းပင်ဆိုသည်။

''သြော်ကွယ် မောင်လေးကလဲ လာပါ၊ တော်ကြာ ကျောင်းနောက်ကျနေလို့ ဆရာက ဆူနေလိမ့်ဦးမယ်၊ လာနော် မောင်လေးက အလိမ္မာသားနဲ့၊ ညနေကျောင်းဆင်းလာတော့ မြင်းကလေးနဲ့ပြန်ကစားပေါ့၊ ဟုတ်လား''

မောင်တင်ကို လက်ကလေးနှစ်ဖက်မှ ဖမ်းချုပ်ဆုပ်ကိုင်ထားရင်း သူ့မမကြီးနှင့် ဒေါ်လေးတုတ်တို့က ချော့မော့နှစ်သိမ့်၍ ခေါ်ကြသည်။

''ဟုတ်သားပဲ မောင်တင်ရယ်၊ ဟော အခု ကျောင်းသွားတက်ပြီး ညနေကျပြန်လာမယ့် ဒေါ်လေးတူ လူလိမ္မာကျောင်းသားကြီးကို ချစ်စရာကောင်းတဲ့ မြင်းကလေးက စောင့်ကြိုနေမှာပေါ့ကွယ်''

''ဟင့်အင်း ဟင့်အင်း၊ ကျောင်းမသွားချင်ဘူး''

မောင်တင်ကမူ ချော့မော့နှစ်သိမ့်ချက်များကို လုံးဝလက်မခံဘဲ အတင်းသာ ငြင်းဆန် ရုန်းကန်လျက်ရှိနေသည်။

''ဟင့်အင်း ဟင့်အင်း''

မောင်တင်သည် ငြင်းဆန်ရုန်းကန်ရင်းမှပင် သူ့မမကြီးနှင့် သူ့ဒေါ်လေးတုတ်တို့ ဖွတ်အတင်းဆွဲခေါ်သွားရာ ကျောင်းဆီသို့ ယက်ကန်ယက်ကန်နှင့် ပါသွားရလေတော့သည်။

# ၄

# သူ့ဖွဲ့ သူ့မာန်

''မောင်တင် မတ်တတ်ရပ်စမ်း''

ကျောင်းတက်ရက်မှန်မှန်ဖြင့် ကျောင်းသားကြီးဖြစ်သွားသော မောင်တင်သည် အတန်းထဲတွင် ငြိမ်သက်စွာထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည်။

ပြီးလျှင် သူက သူ့ကိုမတ်တတ်အရပ်ခိုင်းသော ဆရာကိုရင်ကြီးကို ငြိမ်သက်စွာပင် လှမ်းကြည့်နေလိုက်သည်။

သူတို့နှင့် ခြံချင်းကပ်နေသော ဆရာကိုရင်ကြီးကို သူ့ကျောင်းသားမဖြစ်ရမီကတည်းက မောင်တင် တွေ့မြင်သိကျွမ်းနေခဲ့လေသည်။

သျှောင်ထုံးကလေးနှင့် ဆရာကိုရင်ကြီးသည် မကြာခဏ သူတို့ခြံဘက်သို့ ကူးလာကာ မောင်တင်၏မိဘများနှင့် စကားစမြည် ပြောဆိုတတ်လေ့ရှိသည်။

အနီ ဆရာကိုရင်ကြီးသည် ယခု သူ့ကျောင်းသားဖြစ်လာခဲ့သူ မောင်တင်ကို မတ်တတ်အရပ်ခိုင်းပြီးနောက် ကျောင်းခန်း၏ တစ်ဖက်ခြမ်း၌ တခြားကျောင်းသားကလေးများကို အရေးအဖတ်နှင့် အတွက်အချက်များ သင်ကြားပေးနေကြသော သူ့သမီးပျိုနှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

ပြီးမှ မောင်တင်ထံသို့ ပြန်လှည့်ကာ လှမ်းမေးလိုက်တော့သည်။

''ကဲ ပြောစမ်း၊ အခုဆို မင်းကျောင်းတက်တာ ရက်အတော်ကလေးရနေပြီ၊ အဲဒါနဲ့ ဘာဖြစ်လို့ တခြားကျောင်းသားတွေနဲ့လိုက်ပြီး အခုအထိ စာမအံသေးတာလဲကွ၊ ဟေ ဘယ်လိုလဲ မင်းကို မင်းအိမ်က သင်ထားပေးခဲ့လို့ တတ်ပြီးသားမို့လား ဟုတ်လား''

သူ့ကို ခပ်ပြုံးပြုံး ကြည့်ဆိုနေသော ဆရာကိုရင်ကြီးအား မောင်တင်က ငြိမ်သက်တိတ်ဆိတ်စွာသာ ပြန်ကြည့်နေလိုက်သည်။

''ကဲကွာ ဒီလိုဖြစ်လဲ မင်းတတ်ထားသမျှ တို့တစ်တန်းသားလုံး ကြားရအောင် အံပြစမ်းကွာ''

ဆရာကိုရင်ကြီးက မျှော်လင့်သောအပြုံး အသုံးတို့ဖြင့် ချော့မော့တောင်းဆိုလိုက်ပြန်သည်။

သို့ရာတွင် မောင်တင်ကမူ မပြုံးမရယ် မလှုပ်မရှား တည်တည်ငြိမ်ငြိမ်ကလေးသာ ရှိမြဲရှိနေသည်။

''ကဲ ကကြီး ခခွေး ဆိုပြလကွာ''

ဆရာကိုရင်ကြီးက စိတ်ရှည်ရှည်ဖြင့် ချော့မော့ဆွဲဆောင်လျက်ရှိသည်။

သို့ပေမည့် တေမိထုံးနှလုံးမူထားသော မောင်တင်ကမူ လှုလည်းမလှုပ်၊ အသံလည်း မထုတ်ဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်သာနေလေသည်။

''ဟေ့ မောင်တင် ဆရာခိုင်းတာ ဆိုလကွာ''

ဆရာကိုရင်ကြီးသည် ချော့နေရာမှ ခပ်ဆတ်ဆတ်ပြောလာသည်။

သို့ရာတွင် မောင်တင်ကား သူ့ကို ပြောနေခြင်း မဟုတ်ဘိသကဲ့သို့ အလေးမမူ ငြိမ်နေဆဲဖြစ်သည်။

''မောင်တင် မင်း ဒီလိုလုပ်နေရင်တော့ မင်းကို ဒဏ်ပေးရလိမ့်မယ်''

ဆရာကိုရင်ကြီးသည် အသံရော မျက်နှာထားရော ခပ်တင်းတင်းပြု၍ ဆိုလိုက်တော့၏။

သူ့တပည့် သူမနိုင်ဖြစ်နေသော ဆရာကိုရင်ကြီးနှင့် မောင်တင်တို့ကို ကျန်တစ်တန်းသားလုံးက ပွဲကြည့်သလို ငြိမ်ကြည့်နေကြသည်။

''ကျောင်းကိုလာပြီး တခြားကျောင်းသားတွေလိုလဲ စာလိုက်မအံ၊ ဆရာကခိုင်းတာလဲ ဆိုမပြတဲ့ ကျောင်းသားမျိုးကို ကျောင်းဆင်းတဲ့အထိ တစ်ချိန်လုံး မတ်တတ်ရပ်ပြီး ဒဏ်ခံခိုင်းရလိမ့်မယ်''

ဆရာကိုရင်ကြီးက မောင်တင်ကို အကဲခတ်သလို ကြည့်လိုက်သည်။ ပြီးမှ ဆက်ပြောပြန်သည်။

''ကဲ အဲဒီတော့ မင်း စာကို လိုက်အံမလား၊ ဒဏ်ခံပြီး မတ်တတ်ရပ်နေချင်သလား ပြော''

ဆရာကိုရင်ကြီးက မောင်တင်အပေါ် ညှာညှာတာတာ သဘောဖြင့် ကြိုက်ရာတစ်ခုကို အရွေးခိုင်းလိုက်သည်။

သို့ရာတွင် မောင်တင်ကမူ ဘာကိုမျှ နားမလည်၊ ပြန်၍လည်း မပြောတတ်သော နားမကြား ဆွံ့အသူနှယ်သာ ရှိနေလေသည်။

ထိုအခါ ဆရာကိုရင်ကြီးလည်း ဆက်လက်၍ စိတ်မရှည်နိုင်၊ အချိန်ကုန်မခံနိုင်တော့သလို ပြောလိုက်လေတော့သည်။

''ကဲ ကဲ ဒါလောက် ခေါင်းမာလှတဲ့ မောင်တင် အခုလိုပဲ မတ်တတ်ရပ်ဒဏ်ခံနေစမ်း''

နောက်ဆုံးတွင် ဆရာကိုရင်ကြီးက မောင်တင်ကို ဒဏ်ပေးလိုက်တော့သည်။

သို့ရာတွင် ခြွင်းချက်တော့ ပေးထားသေးသည်။

''မင်းစိတ်ပြောင်းပြီး စာလိုက်အံမယ်ဆိုရင်တော့ ထိုင်ခွင့်ပေးမယ်''

မောင်တင်သည် ကျောင်းဆင်းသည်အထိ ဖွဲခတ်၍ မတ်တတ်ကလေးသာ ရပ်နေလိုက်သည်။

ထိုနောက် ကျောင်းဆင်း၍ ဆရာကိုရင်ကြီးက ခွင့်ပြုလိုက်သောအခါ မောင်တင်သည် သူ့လွယ်အိတ်ကလေးကို ကောက်ယူကာ အိမ်သို့ပြန်ပြေးခဲ့သည်။ ပြီးလျှင် သူသည် မြင်းဇောင်းသို့ပြေးကာ သူချစ်သော မြင်းပေါက်ကလေးနှင့် ပျော်ရွှင်စွာ အော်ဟစ်ကစားပစ်လိုက်လေတော့သည်။

ထိုကဲ့သို့ အိမ်ပြန်ရောက်လျှင် ပေါက်ပေါက်ဖောက်သလို စကားကလေးများပြောဆို၍ မျောက်ရှုံးအောင် ပြေးလွှားဆော့ကစားနေခဲ့သော မောင်တင်သည် ဆရာကိုရင်ကြီးကျောင်းသို့ ရောက်သွားသောအခါ၌ကား သက်မဲ့ ကျောက်ရုပ်ကလေးအလား ဖြစ်သွားတတ်ပြန်လေသည်။

သူသည် ပထမဦးဆုံးနေ့ကသာ မြင်းကလေးအနားမှ မခွာချင်၍ ကျောင်းသွားရန် ရုန်းကန်ငြင်းဆန်ခဲ့သော်လည်း နောက်ရက်များတွင်မူ ကြည်ကြည်သာသာပင် သွားခဲ့လေသည်။

ကျောင်းသို့ရောက်လျှင် မောင်တင်သည် အတန်းထဲသို့ ငြိမ်ငြိမ်ကလေး ဝင်ထိုင်သည်။ ပြီးလျှင် သူသည် ဆရာက ဘယ်လောက်ပဲစာချချ၊ အခြားကျောင်းသားများက ဘယ်လောက်စာအံအံ သူကမူ ပါးစပ်ပိတ် အသံတိတ်နေသည်။

နောက်ဆုံး၌ ဆရာကိုရင်ကြီးက သူ့ကို မတ်တတ်ရပ် ဒဏ်ပေးရသည်အထိ ရှိလာတော့သည်။

သို့ပေမည့် နောက်ရက်များတွင်လည်း မောင်တင်သည် သူ့ပါးစပ်ကို ဖွင့်ကာ အသံထုတ်ရမည့်အစား မတ်တတ်ရပ်၍ ဒဏ်ခတ်မှုကိုသာ မှန်မှန်ခံယူနေလိုက်သည်။

သည်အတိုင်း ရက်များကြာလာသောအခါ ဆရာကိုရင်ကြီးပင် လက်လျှော့လာတော့သည်။

သူသည် စာသင်၍မရ၊ စာအဆိုနိုင်း၍လည်းမရသော မောင်တင်ကို တာဝန်ကျေရုံ ဒဏ်ပေးကာ ခဏကြာလျှင် ပြန်အထိုင်ခိုင်းထားတတ်လေသည်။

သို့ရာတွင် ဆရာကိုရင်ကြီးက မောင်တင်ကို သည်အတိုင်းပစ်မထားဘဲ မိဘများထံ တိုင်ကြားလိုက်တော့သည်။

ထိုအခါ သူ့မမကြီးနှင့် ဒေါ်လေးတို့သည် ကျောင်းသို့လိုက်လာခဲ့ကြသည်။ ပြီးလျှင် အတန်းထဲတွင် တေမိလုပ်နေသော မောင်တင်ကို အခြားကျောင်းသားများနည်းတူ သင်အံရွတ်ဖတ်ခြင်းပြုရန် အမျိုးမျိုးကြိုးစားကြလေသည်။

သို့ရာတွင် မောင်တင်ကမူ ထူးမခြားနား နေမြဲအတိုင်းသာရှိနေသည်။

''နေပါဦး အိမ်ကျတော့လဲ ပြောလိုက်တဲ့စကား။ ဆော့လိုက်တာလဲ မျောက်ရှုံး။ ကျောင်းရောက်တာနဲ့ တစ်ခါတည်း ဘာဖြစ်လို့ ပြောင်းလဲပြီး ကျောက်ရုပ်လို မလှုပ်တမ်း ငုတ်တုတ်ဖြစ်သွားရတာလဲ''

မောင်တင်၏အပြုအမူကို ဘယ်သူမျှ နားမလည်နိုင်အောင် ဖြစ်နေကြလေတော့သည်။

နောက်ဆုံး၌ သူ့မမကြီးနှင့် ဒေါ်လေးတုတ်တို့လည်း မောင်တင်အပေါ် လက်လျှော့လိုက်ကြရပြန်သည်။

နောက်တစ်နေ့ မောင်တင် ကျောင်းတက်သွားသောအခါ ဒေါ်လေးတုတ်၏ ယောကျ်ား ဦးလေးဆန်နီက တစ်လှည့် လိုက်ပါလာခဲ့သည်။

ဒုတိယနေ့တွင် ဦးလေးဆန်နီသည် မောင်တင်နှင့်အတူ အတန်းထဲသို့ပါ လိုက်ထိုင်သည်။ ပြီးလျှင် ဆရာသင်ကြားပေးသည်များကို တခြားကျောင်းသားများနည်းတူ လိုက်လံရွတ်ဖတ်ခြင်း အလျှင်းမပြုဘဲ တည်တည်ငြိမ်ငြိမ်ကလေးသာ ထိုင်နေသော မောင်တင်၏ ပါးစပ်ထဲသို့ သကြားလုံးတစ်လုံးကို ဦးလေးဆန်နီက လာထည့်ပေးသည်။

သည်အခါ အချိုကြိုက်သော မောင်တင်လည်း ကျေနပ်စွာဖြင့် သကြားလုံးကို ငုံထားလိုက်သည်။

သို့ရာတွင် သကြားလုံးသည် မောင်တင်၏ပါးစပ်ထဲ၌ ကြာကြာမနေချေ။ ခဏကလေးနှင့် ကုန်သွားလေသည်။

ထိုအခါ ဦးလေးဆန်နီက အလိုက်သိစွာဖြင့် သကြားလုံးတစ်လုံး ထပ်ခွံ့ပေးလေသည်။

သည်လိုနှင့် မောင်တင်၏ပါးစပ်ထဲတွင် သကြားလုံး သုံးလုံးအထိ ကုန်သွားခဲ့လေသည်။ သို့ပေမည့် သူသည် မဝသေးဘဲ ဦးလေးဆန်နီ၏ လက်ထဲတွင် အထုပ်လိုက်ရှိနေသေးသော သကြားလုံးများကို မျက်စောင်းထိုးကာ ထပ်၍စားချင်နေမိသည်။

သူ့ဆန္ဒကို ရိပ်မိသိရှိသွားပုံရသော ဦးလေးဆန်နီက မေးလာခဲ့သည်။

''သကြားလုံး စားချင်သေးသလား မောင်တင်''

''ဟုတ်ကဲ့''

သကြားလုံးမှလွဲ၍ တခြားဘာကိုမျှ သတိမရ ဖြစ်သွားသော မောင်တင်သည် ဦးလေးဆန်နီ၏အမေးကို ချက်ချင်းအဖြေပေးလိုက်သည်။

''ဘယ်နှလုံးစားချင်သလဲ တစ်လုံးလား နှစ်လုံးလား အကုန်လုံးလားဟင်''

''အကုန်လုံးစားရင်ကော ဦးလေးကျွေးမလား''

သကြားလုံးတစ်ထုပ်လုံးကို မျက်စောင်းထိုးနေသော မောင်တင်သည် သေချာအောင် ပြန်မေးလိုက်သည်။

ထိုအခါ ဦးလေးဆန်နီကလည်း လိုက်လျောသဘောတူစွာ ပြန်ပြောလေသည်။

''ဟ ငါ့တူစားချင်တယ်ဆို ကျွေးမှာပေါ့ကွ''

မောင်တင်စိတ်မှာ ပျော်သွားလေသည်။ သူသည် ပျော်ရွှင်ကျေနပ်ခြင်းဖြင့် သူ့လက်ထဲသို့ ရောက်လာတော့မည့် သကြားလုံးထုပ်ကို အာသာငမ်းငမ်း လှမ်းကြည့်နေမိသည်။ သို့ရာတွင် ဦးလေးဆန်နီက ချက်ချင်းမပေးသေးဘဲ စကားကိုသာ ဆက်ပြောနေသည်။

''ဒါပေမဲ့ ဦးလေးပြောတာကိုတော့ ငါ့တူ နားထောင်ရမယ်နော်''

''ဟုတ်ကဲ့ ဦးလေး''

''ကဲ ဒီလိုဆိုရင် ဟိုမှာ ဆရာစာသင်ပေးနေတာကို တခြားကျောင်းသားတွေလိုပဲ မင်းလဲ အားရပါးရ လိုက်ဆိုလိုက်စမ်း။ ဆိုပြီးရင် ဦးလေးဆီက သကြားလုံးအထုပ်လိုက်ကို မင်းအတွက် တစ်ခါတည်းပေးပစ်ခဲ့မယ်ဟုတ်လား''

''ဟုတ်ကဲ့''

သူ့ဦးလေးဆန်နီ၏ အလဲအလှယ် တောင်းဆိုချက်ကို မောင်တင်က မဆိုင်းမတွပင် လက်ခံလိုက်သည်။

ပြီးလျှင် မောင်တင်သည် တစ်ချိန်လုံးသံမှိစွဲကာ ပိတ်ထားခဲ့သော သူ့ပါးစပ်ကလေးကို ဖွင့်လျက် ဆရာသင်ကြားပေးသမျှ တစ်လုံးတစ်ပါဒမျှ မကျန်အောင် အခြားကျောင်းသားများနှင့်အတူ အားရပါးရ ရွတ်ဆိုလိုက်လေတော့သည်။

သူသည် ရွတ်ရုံဖတ်ရုံမကဘဲ ဆရာကိုရင်ကြီး၏ စေခိုင်းချက်အရ အတန်းရှေ့သို့ ထွက်ကာ ကျောက်သင်ပုန်းတွင် သူ့နာမည် မောင်တင်ဆိုသည်ကိုပင် မှန်ကန်ပီသစွာ ရေးပြလိုက်လေသေးတော့၏။

''ကဲ ရော့ သကြားလုံးထုပ်''

ဦးလေးဆန်နီက သူ့ကတိအတိုင်း မောင်တင်၏လက်ထဲသို့ သကြားလုံးတစ်ထုပ်လုံး ထည့်ပေးလိုက်လေသည်။

''မောင်တင်က တကယ်တော်တာပါပဲလားကွာ၊ ကြည့်စမ်း စာတွေကို ဖတ်လို့လဲတတ်တယ်၊ ရေးလို့လဲတတ်တယ်၊ ဒါနဲ့များ ဘာဖြစ်လို့ မင်းက တစ်ချိန်လုံး တေမိဇာတ်ခင်းပြီး အသံတိတ်နေခဲ့ရတာလဲကွ ဟေ''

ဦးလေးဆန်နီ၏ သူ့အပေါ် တအံ့တသြ နားမလည်ဖြစ်သွားမှုကို သကြားလုံးထုပ်ကြီး ပိုက်ကာ အကျေနပ်ကြီးကျေနပ်နေမိသော မောင်တင်က အပြုံးကလေးဖြင့် ငြိမ်သက်စွာသာ ခံယူလိုက်လေသည်။

အမှန်မှာ မောင်တင်သည် ကျောင်းသို့လာ၍ ဒဏ်ခံကာ တေမိဇာတ်ခင်းနေခြင်းမှာ စာမသင်လို၍ မဟုတ်ချေ။

သူချစ်သော မြင်းပေါက်ကလေးနှင့် ကစားနေချင်သည်ကို ခွင့်မပြုဘဲ အတင်းအကျပ်ဆွဲခေါ်ကာ ကျောင်းသို့ အပို့ခံခဲ့ရခြင်းကြောင့် မကျေမနပ် ဆန္ဒပြနေခဲ့ခြင်းသာဖြစ်သည်။

စိတ်ကြီး၍ဖွဲ့ကောင်းသော မောင်တင်သည် ခေါင်းကလေးမာမာဖြင့် အသံတိတ် ပါးစပ် ပိတ်ထားခဲ့သော်လည်း အမှတ်သညာကောင်းသော သူ့စိတ်ထဲမှမူ ထိုင်နေနေ၊ ဒဏ်ခံလျက် မတ်တတ်ရပ်နေရနေရ ဆရာသင်ကြားသမျှ တစ်လုံးတစ်ပါဒမျှ မကျန်ရအောင် ဖတ်မှတ်နေခဲ့သည်။

ထိုကြောင့် ယခုစိတ်ပြေချင်ချင်ဖြစ်ခိုက်တွင် ဦးလေးဆန်နီက သူ့အကြိုက် သကြားလုံးထုပ်ကြီးနှင့် ချော့လာသောအခါ မောင်တင်အဖို့ အချိုရှာသကာတွေ့ကာ ချော်လဲရောထိုင်လျက် ချက်ချင်းသပိတ်လှန်၍ သူ့အစွမ်းအစကို သွန်ချဖွင့်ပြလိုက်လေတော့သည်။

ထိုအခါကျမှ ဆရာကိုရင်ကြီးမှာလည်း ရယ်မောနိုင်ကာ အများနှင့်မတူ တစ်မူထူးနေသည့် မောင်တင်ကို တအံ့တသြ ပြောဆိုမှတ်ချက်ချလိုက်နိုင်လေတော့၏။

''အင်း အင်း ဖွဲ့ကောင်းလွန်းပါ့မောင်တင်ရာ၊ ကျောင်းလာပြီး တေမိဇာတ်ခင်းနေခဲ့တာ အခု ၃ လခွဲကြီးကို ကြာတော့မှပဲ ဇာတ်သိမ်းပြီး အသံထွက်လာခဲ့တော့သကွယ် အဟင်း''

# ၅

# ရန်ကုန် ဟိုက်စကူး ကျောင်းတွင်

ယနေ့မှ ဘာဖြစ်သည်မသိ ဂယ်ရီ* က တော်တော်နှင့်ပေါ်မလာ။ သူတို့ခြံရှေ့မှရပ်ကာ မျှော်ရသူ မောင်တင်ခမျာ စိတ်မရှည်ချင်ဖြစ်လာမိသည်။

သို့ရာတွင် သူနှင့်အတူ ရပ်စောင့်နေသော သူ့အစ်ကိုကြီး ကိုသင်ကမူ စိတ်ရှည်လက်ရှည်ပင် ရှိနေသည်။

ထိုအခါ စိတ်မရှည်ချင်တော့သော မောင်တင်က စိတ်ရှည်စွာ စောင့်နေသော သူ့အစ်ကိုကြီး ကိုသင်ကို ရုတ်တရက် ခေါ်ငင်လိုက်သည်။

''ဟေ့ ကိုကြီးရေ''

''ဘာတုံးကွ''

ကိုသင်က လှည့်ထူးလိုက်သည်။ ထိုအခါ မောင်တင်က သူ့စိတ်ကူးကလေးကို ပြောလိုက်တော့သည်။

''ကျွန်တော်တို့ အချိန်ကုန်ခံပြီး ဂယ်ရီကို စောင့်စီးနေမယ့်အစား ဘူတာရုံကို လမ်းလျှောက်သွားကြရအောင်လား၊ ဟင် မကောင်းဘူးလား''

မောင်တင်၏အပြောကို ကိုသင်က ချက်ချင်း ဘာမျှမတုံ့ပြန်။ သူ့ပုံစံအတိုင်း စဉ်းစားသလိုငြိမ်နေသည်။

ထိုအခါ မောင်တင်လည်း သူ့အပြောကို ကိုသင် သဘောကျပြီး လိုက်လျောလက်ခံစေရန် ထပ်မံတင်ပြဆွဲဆောင်နိုင်ရေးအတွက် အချက်အလက်ကလေးများ စဉ်းစားနေလိုက်သည်။

မောင်တင်သည် သုံးလခွဲမျှကြာအောင် ကိုရင်ကြီးကျောင်းတွင် စကားမပြောဘဲ စိတ်ကောက်ခဲ့ပြီးနောက် ထိုကျောင်း၌ပင် သုံးနှစ်လုံးလုံး ဆက်နေခဲ့ရသည်။

''ကိုရင်ကြီးကျောင်းမှာ အခြေခံရသွားရင် သားလေးကိုလဲ ရန်ကုန်က ဟိုက်စကူးကျောင်းကို ပြောင်းထား

---

ဂယ်ရီ* – မြင်းတစ်ကောင်ဆွဲသည့် အငှားရထားလုံးကို ကုလားစကားအားဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ပေးမယ်”

သူ့ဖေဖေ မေမေတို့က အထက်ပါအတိုင်း ပြောဆိုကြလျှင် မောင်တင် အထူးပင်ဝမ်းသာကျေနပ်သွားခဲ့သည်။

အကြောင်းမှာ မောင်တင်၏စိတ်ထဲတွင် ခြံချင်းကပ်ကာ တစ်လှမ်းနှစ်လှမ်းသွားလိုက်ရုံဖြင့် ရောက်သွားရသော ကိုရင်ကြီး အလွတ်ကျောင်းကလေးထက် ဂယ်ရီနှင့်လော်ကယ်* တို့ကို အဆင့်ဆင့်စီးပြီးမှ ရောက်နိုင်သည့် ရန်ကုန်မြို့ကြီးက ဟိုက်စကူးကျောင်းကြီးသို့သာ အစ်ကိုကြီးဖြစ်သူ ကိုသင်နှင့်အတူ သွားချင်လာချင်နေခဲ့ပေသည်။

ထို့ကြောင့် သူသည် ဆရာကိုရင်ကြီး ကျောင်းကလေးမှာ အခြေခံရအောင် အထူးကြိုးစားအားထုတ်လိုက်လေသည်။

သုံးနှစ်သုံးမိုး သင်ယူလိုက်လျှင်ပင် မောင်တင်သည် မြန်မာစာအခြေခံနှင့် အတွက်အချက်တို့ကို ကောင်းကောင်းကြီး တတ်မြောက်သွားခဲ့လေတော့၏။

ထိုအခါ သူ့ဖေဖေ မေမေတို့က သူတို့စကားအတိုင်း မောင်တင်ကို ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းသို့ ပြောင်းရွှေ့ထားပေးကြလေသည်။

သူသည် အစ်ကိုကြီးဖြစ်သူ ကိုသင်နှင့်အတူ ဂယ်ရီနှင့်လော်ကယ်တို့ကို အဆင့်ဆင့်စီး၍ ရန်ကုန်မြို့ကြီးတွင် တစ်ကျောင်းတည်းသော အစိုးရဟိုက်စကူးကျောင်းကြီးသို့ သွားတက်ရခြင်းကို အထူးပင် ပျော်ပိုက်နှစ်ခြိုက်နေလေသည်။

မောင်တင်၏စိတ်တွင် ခြံချင်းကပ် ဆရာကိုရင်ကြီး၏ အလွတ်ပညာသင် အိမ်ကျောင်း ကလေးထက် အုတ်ခံကျွန်းပျဉ်ထောင် နှစ်ထပ်တွင် စာသင်ခန်း အများအပြားထားကာ တိုင်းပြည်အစိုးရက ဖွင့်လှစ်ပေးထားသော အဆိုပါ ဟိုက်စကူးကျောင်း အဆောက်အအုံကြီးသည်သာ တကယ့်စာသင်ကျောင်းကြီးနှင့် တူသည်ဟု ယူဆထားမိသည်။

သည်အခါ ထိုသို့သော တကယ့်ကျောင်းကြီးသို့ သွားရောက်ပညာသင်ကြားနေရသူများသည်သာ တကယ့်စစ်မှန်ပီသသော ကျောင်းသားများဖြစ်ကြသည်ဟုလည်း မောင်တင် လက်ခံထားခဲ့မိပြန်သည်။

သည်အတွက် သူသည် ဆရာကိုရင်ကြီး အလွတ်ကျောင်းကလေးမှ သုံးတန်းအောင်ခဲ့ပြီးဖြစ်ပါလျက် ရန်ကုန်ဟိုက်စကူးကျောင်းကြီးတွင် ပထမတန်းမှပြန်စ၍ နေခိုင်းသည်ကို မငြူမစူ၊ ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့လေသည်။

ထို့ကြောင့် မောင်တင် အသက် ၁၂ နှစ်အရွယ်တွင် ခုနစ်တန်းကျောင်းသားကြီး ဖြစ်ရမည့်အစား ဟိုက်စကူးကျောင်း၌ စတုတ္ထတန်းသားကလေးမျှသာ ဖြစ်နေရလေသည်။

သို့ရာတွင် သူ့အဖို့ ထိုသို့ အတန်းအရေအတွက် အနည်းငယ်ကွာဟနေရချက်ကို မောင်တင် သိပ်မမှု။

မောင်တင်သည် ဆရာကိုရင်ကြီးကျောင်းတွင် မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး။ ရှင်သီလဝံသဆုံးမစာ၊ ရှင်ရဋ္ဌသာရဆုံးမစာ၊ ကဗျာသာရတ္ထသတ်ပုံ၊ လောကနီတိ၊ မဟာ နိပါတ်ဇာတ်တော်ကြီး အစရှိသော မြန်မာစာပေအခြေခံများကို ကျေညက်အောင် သင်ကြားတတ်မြောက်လာခဲ့ပြီးသူဖြစ်ရာ ယခု ဟိုက်စကူးကျောင်းရောက်မှ စတင်သင်ယူရသော အင်္ဂလိပ်စာပေဘာသာရပ်ကို သူ့အဖို့ ပိုမိုကြိုးစားအားထုတ်နိုင်လေသည်။ သည်အတွက် သူ့စိတ်မှာ သဘောကျကျေနပ်ခြင်းဖြစ်နေမိသေးသည်။

ဤတွင် ပင်ကိုဉာဏ်ကောင်းသော မောင်တင်သည် လုံ့လနှင့် ဝီရိယကို ပေါင်းစပ်၍ အားထုတ်လိုက်သော အခါ အင်္ဂလိပ်မြန်မာ နှစ်ဘာသာစလုံးတွင် အခြားအတန်းသားများထက် ပိုမိုတတ်မြောက်ထူးချွန်၍ အမြဲတမ်း ရှေ့ဆုံးမှ ပထမရလျက်ရှိနေခဲ့လေတော့၏။

တကယ်စင်စစ် သူ့အဖို့ နှစ်ဘာသာစလုံးတွင် ထူးချွန်နိုင်ခြင်းမှာ မြန်မာစာကို ဆရာကိုရင်ကြီးကျောင်းက သင်ကြားပေးလိုက်သည့် ကျေးဇူးကြောင့်သာဖြစ်လေသည်။

ယခု ဟိုက်စကူးကျောင်းတွင်ကား မြန်မာမှအင်္ဂလိပ်၊ အင်္ဂလိပ်မှမြန်မာသို့ ဘာသာပြန်ဆိုစေသည်မှအပ

---

လော်ကယ်* – မြို့တွင်းမြို့ပြင်တစ်ဝိုက်မှာ အချိန်မှန် ခုတ်မောင်းပေးနေသော လူစီး မီးရထား။

မြန်မာစာပေကို ဟုတ်တိပတ်တိ သင်ကြားပေးခြင်းမရှိပေ။

ထိုသို့ အတန်းထဲတွင် ရှေ့ဆုံးမှ ပထမရကာ ထူးချွန်အောင်မြင်နေသော မောင်တင်သည် အိမ်မှာငြိမ်ကုပ်၍ တစ်ချိန်လုံး စာအုပ်နှင့်မျက်နှာ မခွာတမ်းပြုနေသည်ဟုထင်လျှင် ထင်သူမှားပေလိမ့်မည်။

သူသည် ခုန်ပျံပြေးလွှား ကစားနေတတ်သည်။

သူသည် စာကျက်ချိန်မှာ စာကျက်သည်။ ခုန်ပျံပြေးလွှားကစားချိန်မှာ ကစားသည်။ ပတ်ဝန်းကျင်တစ်ဝိုက်သို့ အေးအေးဆေးဆေး လှည့်လည်၍ စေ့စေ့စပ်စပ် လေ့လာသည့်အခါ လေ့လာသည်။

ဟိုခြံသည်ခြံကူးကာ လောက်လေးတစ်ချောင်းနှင့် ပစ်ခတ်သည့်အခါလည်း ပစ်ခတ်နေတတ်ပြန်သေးသည်။

ဟိုခြံသည်ခြံကူး၍ ပစ်ခတ်တတ်နေသည်ဆိုရာမှာ ငှက်ကလေး။ ဆက်ရက်ကလေးများထက် သရက်သီး၊ မရန်းသီး စသည်များကိုသာ မောင်တင် ပစ်ခတ်စားသောက်ခြင်းက များလေသည်။

ထိုသို့ ပစ်ခတ်စားသောက်ရာတွင် အပင်ပေါ်မှ ကြွေကျလျှင်ပြီးတမ်းမျိုးကို သူမကျေနပ်။ လက်ဖြောင့်သမား မောင်တင်သည် သရက်သီး။ မရန်းသီးများ၏ အညှာကိုသာ ထိအောင်ပစ်သည်။ ထို့နောက် ကြွေကျလာသော အသီးအနိုင်အား မြေကြီးသို့မရောက်စေဘဲ အောက်မှစောင့်၍ အမိဖမ်းယူလေ့ရှိသည်။

သည်ကဲ့သို့သော လက်ဖြောင့်သမား မောင်တင်ခမျာ သူ့မေမေ၏ အမေဖြစ်သူ သူ့အဘွားဒေါ်မယ်၏ ကြိမ်းမောင်းဆူပူခြင်းကိုမူ မကြာခဏ ခံယူခဲ့ရရှာလေသည်။

အဘွားဒေါ်မယ်သည် သူတို့ခြံအတွင်း အိမ်ကြီး၏ အနောက်ဘက်ကျကျတွင် သူ့အိမ်ကလေးတစ်လုံးနှင့်သူ သီးသန့်နေသူဖြစ်လေသည်။

မွန်သွေးစပ်သော အဘွားဒေါ်မယ်သည် အသက်ကြီး၍ ဆံပင်များ ဖြူဖွေးနေပြီဖြစ်သော်လည်း လူမှာမူ ဝဝဖြိုးဖြိုး။ စိုစိုပြည်ပြည်၊ သန့်သန့်မာမာနှင့် လှလှချောချောကြီးပင် ရှိနေသေးသည်။

အဘွားသည် မောင်တင်တို့အဘိုး သေဆုံးသွားသောအခါ မျက်နှာဖြူ ဘိုတစ်ယောက်နှင့် နောက်ထပ်အိမ်ထောင်ပြုခဲ့သေးသည်။

နောက်အိမ်ထောင် မျက်နှာဖြူ ဘိုသည်လည်း သေဆုံးသွားခဲ့ပြန်သည်။

ထို့နောက် အဘွား၏နောက်အိမ်ထောင်နှင့်ရသော ကပြားသားသမီးများလည်း အသီးသီး အိမ်ထောင်ပြုသွားကြတော့သည်။

ဤတွင် အသက်လည်းကြီးပြီဖြစ်သော အဘွားသည် သူ့သမီးအကြီးဆုံးဖြစ်သူ မောင်တင်တို့မေမေ ဒေါ်မြိုင်နှင့်အတူ လာနေခြင်းဖြစ်သည်။

သို့ရာတွင် အဘွားက မောင်တင်တို့အိမ်ကြီးတွင် အတူရောရှမနေ။ အနောက်ဘက်နားတွင် သီးခြားအိမ်ကလေးတစ်လုံးဆောက်၍ တစ်ယောက်တည်း သတ်သတ်နေသည်။

ထိုကဲ့သို့ သူ့အဘွားက မောင်တင်အား ဆူပူကြိမ်းမောင်းခဲ့ရခြင်းသည် ခြံတွင်းရှိ သရက်သီး၊ မရန်းသီးများ ကုန်သွားမည်ကို စိုးသောကြောင့်ကားမဟုတ်။

လက်ဖြောင့်သမား မောင်တင်၏ လောက်စာလုံးများက သရက်သီး၊ မရန်းသီးတို့အညှာများတွင်သာ စခန်းသိမ်းမသွားဘဲ အဘွား၏ အိမ်ကလေးပေါ်သို့ အမိုးပေါက်မတတ် တဒေါက်ဒေါက် ကျတတ်ခဲ့ခြင်းများကြောင့်သာ ဖြစ်လေသည်။

သူ့အဘွား၏ ဆူပူကြိမ်းမောင်းခြင်းကိုခံရလျှင် မောင်တင်က အသာကလေး ငြိမ်ကုပ်နေလိုက်သည်။ သို့ရာတွင် သီးပင်စားပင်များ ပေါများလှသော ခြံကြီးအတွင်း၌ သူကြာရှည်ငြိမ်မနေနိုင်။ ပစ်ချချင်စရာ တွဲရရွဲပြွတ်ခဲနေသော သရက်သီး၊ မရန်းသီးများကလည်း မောင်တင် ဘယ်လိုမှ ငြိမ်မနေနိုင်ဘဲ လက်ယားလာအောင် ဆွဲဆောင်ခေါ်ငင်လျက်ရှိကြပြန်သည်။

သည်အခါ မောင်တင် လက်တည့်စမ်းမိပြန်တော့သည်။ ထိုအခါ တဒေါက်ဒေါက် ကျရောက်သွားသော လောက်စာလုံးသံနှင့်အတူ သူ့အိမ်ကလေးရှေ့မှ အဘွားထွက်လာကာ ဆူပူကြိမ်းမောင်းခြင်းကိုလည်း မောင်တင် ခံယူရပြန်လေတော့သည်။

ထိုသို့ သူ့ခြံမှာ အဘွား၏ဆူသံပူသံကြောင့် လက်ဖြောင့်လေ့ကျင့်ခန်း မဆင်းရလျှင် မောင်တင်သည် တခြားခြံများသို့ ခြေဆန့်လှည့်လည်လေတော့၏။

သူတို့ ပေါက်တောတစ်ရပ်ကွက်လုံးတွင် မောင်တင်ကိုမသိသူနှင့် မောင်တင်က မသိသူ အလွန့်အလွန် ရှားလေသည်။

သူသည် သူရောက်ရှိတွေ့မြင်သမျှ သစ်ပင်အမျိုးအစား အိမ်ခြေအနေအထားမှစ၍ အားလုံးကို လေ့လာမှတ်သားတတ်သလို စပ်စပ်စုစု သုတေသနပြုကာ အမေးအစမ်းကလည်း ထူပြောလှသေးသည်။ ဤတွင် စကားပြောဖော်ရှာနေတတ်ကြသော သက်ကြီးရွယ်အို အဘိုးအို အဘွားအိုများက မောင်တင်ကို အထူးခင်မင်ကြလေသည်။

သူတို့ဇာတ်ကြောင်းပြန်ပြသမျှ၊ သူတို့ရင်ထဲမှ ဖော်ညွှန်းပြောဆိုလိုသမျှကိုလည်း မောင်တင်က စိတ်ပါဝင်စားစွာ နားထောင်ခြင်း၊ မေးခွန်းထုတ်ခြင်းများပြုတတ်ရာ အဘိုးအို အဘွားအိုများက သူ့အလာကိုပင် စောင့်မျှော်နေတတ်ကြလေသည်။

မောင်တင်သည် သူ့ခြံတွင်း၌ လက်ဖြောင့်လောက်လေး မပစ်ရသောအခါနှင့် ပတ်ဝန်းကျင် လေ့လာရေးသို့ ခြေမဆန့်ဖြစ်သောအခါများ၌ သူသည် သူ့စုဘူးအတွက် လုပ်ငန်းကလေးတစ်ခုကို ညီအစ်ကိုတစ်တွေစု၍ ကြံဖန်လုပ်ကိုင်လေ့ရှိကြသည်။

ထိုလုပ်ငန်းကလေးကား တောအုပ်၊ ချုံပုတ်များကြားမှ မြွေများကို ရှာဖွေရိုက်နှက်ကြခြင်းပင် ဖြစ်လေသည်။

သူတို့ဖေဖေ ရုံးအုပ်စာရေးကြီးအဖြစ် လုပ်ကိုင်နေသော အင်းစိန်တိရစ္ဆာန်ဆေးကုဌာန၏ ဌာနမှူးသည် အင်္ဂလိပ်လူမျိုး ကာနယ်လ်အဲဗင့်စ်ဆိုသူ ဖြစ်သည်။

ကာနယ်လ်အဲဗင့်စ်သည် တိရစ္ဆာန်ဆေးကုဌာနမှူးပီပီ တိရစ္ဆာန်များကို အထူးစိတ်ဝင်စားလျက် သူ့အိမ်တွင် ဝက်ဝံ၊ မျောက်၊ ယုန်၊ ဥဒေါင်း အစရှိသော အကောင်များကို မွေးထားသည်။

သူတို့ဖေဖေနှင့် ပတ်သက်၍ မောင်တင်တို့ကို သိနေသော ကာနယ်လ်အဲဗင့်စ်က ပြောခဲ့ဖူးသည်။

''ဟေ့ ကလေးတွေ မင်းတို့မြွေတွေ့ရင် ရိုက်ပြီးယူခဲ့ကြ၊ တစ်ကောင်ကို ငါးမူးပေးမယ် ကြားကြလား''

ထိုအချိန်မှစ၍ မောင်တင်တို့ ခြံနှင့် အနီးပတ်ဝန်းကျင်ရှိ တောအုပ်ချုံပုတ်များအကြား ခိုအောင်းနေကြသော မြွေသတ္တဝါများခမျာ မချမ်းသာကြတော့ချေ။

ထိုသို့ မြွေတစ်ကောင် ငါးမူးကျနှင့် ရောင်း၍ သူ့အတွက် အချိုးကျရသမျှ ငွေအကြွေစကလေးများကို အစုအဆောင်းလည်း ဝါသနာကြီးသော မောင်တင်က သီးသန့်သူ့စုဘူးကလေးတွင် ထည့်သွင်းထားလိုက်လေသည်။

ယခုလည်း မောင်တင်သည် ကျောင်းသွားရန် ဂယ်ရီစောင့်ရင်း သူ့ဝါသနာအတိုင်း ခွေ့တာစုဆောင်းရေးကိုတွေးမိ၍ အစ်ကိုကြီးဖြစ်သူ ကိုသင်ကို အဖော်ညှိလိုက်ပြန်သည်။

သို့ရာတွင် ကိုသင်က သူ့သဘောကို ချက်ချင်းမလိုက်လျော၊ စဉ်းစားသလိုပြုနေလျှင် မောင်တင်လည်း ကျိုးကြောင်းပြ၍ ကြိုးစားဆွဲဆောင်လိုက်ရပြန်လေသည်။

''အဲဒီလို ဘူတာရုံကိုလျှောက်သွားလိုက်တော့ ကျန်းမာရေးအတွက် အညောင်းပြေပြီး ဂယ်ရီခ တစ်ပဲကိုလဲ စုထားနိုင်တာပေါ့ ကိုကြီးရ''

''လျှောက်ချင် လျှောက်လေ''

မောင်တင် အပြောကောင်း၊ အဆွယ်ကောင်း၍လား၊ သူ့ကိုယ်နှိုက်ကပင် စိတ်ကူးရ သဘောပေါက်သွား၍ လားမသိ။ ကိုသင်ကလည်း ရုတ်တရက် သဘောတူလိုက်တော့သည်။

''ဒါဖြင့်လာ သွားကြစို့''

ထိုအချိန်မှာပင် သူတို့အနီးသို့ ဂယ်ရီတစ်စီးရောက်လာခဲ့သည်။

သို့ရာတွင် မောင်တင်က ဂယ်ရီမောင်းသမားကုလားကို လက်ခါပြလိုက်ကာ ကိုသင်နှင့် နှစ်ယောက်သား လမ်းလျှောက်သွားလိုက်ကြတော့သည်။

''ဟေ့ မောင်သင်နဲ့မောင်တင်တို့ ဘယ်လိုဖြစ်ကြတာလဲကွဟေ''

တစ်မိုင်လောက်ခရီးကို ဆယ်မိနစ်ခန့်လျှောက်လိုက်လျှင်ပင် နှစ်ယောက်သား ဘူတာရုံ သို့ရောက်သွားကြသည်။

ဂယ်ရီမစီးဘဲ လမ်းလျှောက်ပြီးရောက်လာကြသော သူတို့နှစ်ယောက်ကို စောစောကြိုရောက်နှင့်နေကြသည့် ကျောင်းသွားဖော် သူငယ်ချင်းများက တအံ့တဩ ဆီးမေးကြလေသည်။

''မင်တို့ ဂယ်ရီစီးလာစရာ ပိုက်ဆံမရှိကြဘူး ထင်တယ်ဟေ့၊ ဟုတ်သလား''

''သနားပါတယ်ကွာ၊ သူတို့ခမျာ ပိုက်ဆံမရှိလို့ ဂယ်ရီမစီးနိုင်ဘဲ လမ်းလျှောက်လာ ကြရတယ် ကျွတ်ကျွတ်''

သူငယ်ချင်းများက မောင်တင်တို့နှစ်ယောက်ကို တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း နောက်ပြောင်လိုက်ကြသည်။

ရထားထွက်ချိန်စောသေးရာ ဘူတာရုံမှာ ကျောင်းသားများဖြင့်သာ လှုပ်လှုပ်ရှားရှား စီစီညံညံ ရှိနေသည်။

အင်းစိန် လော်ကယ်ရထားကလေးသည် ကျောင်းတက် ကျောင်းဆင်းချိန်များ၌ ကျောင်းသားများဖြင့်သာ ပြည့်ကျပ်ဆူညံနေလေ့ရှိသည်။

ထိုသို့ ကျောင်းသားများဖြင့် ဆူညံပြည့်ကျပ်သွားတတ်လေ့ရှိသော အင်းစိန်လော်ကယ် ရထားတွဲကလေးများသည် သိပ်မကြီးလှသလို စက်ခေါင်းကလေးမှာလည်း ခပ်သေးသေးကလေးပင်ဖြစ်သည်။

သေးငယ်၍ ပေါင်မုန့်တစ်လုံးအား ထက်ပိုင်းဖြတ်ထားသည်နှင့်တူသော စက်ခေါင်းကလေးသည် အင်းစိန်ဘူတာထဲသို့ ခေါင်းထိုးဝင်လာခဲ့ပြီးနောက် ရန်ကုန်မြို့ဆီသို့ ပြန်ထွက်ရန် သူ့ခမျာ တွန်းထုတ်အားမရှိရှာပေ။

ထိုအခါ စက်ခေါင်းကလေးသည် သူ့တွဲများကို ဖြုတ်ထားခဲ့ပြီးနောက် ဂျွတ်ဂျက်၊ ဂျွတ်ဂျက်ဖြင့် ရှေ့သို့ ပေတစ်ရာလောက် ထိုးထွက်ဆက်မောင်းသွားလိုက်သည်။

ပေတစ်ရာခန့်အရောက်တွင် စက်ခေါင်းကလေးသည် သံပြားဝိုင်းကြီးတစ်ခုပေါ်သို့ တက်ရပ်လိုက်သည်။ စက်ခေါင်းကလေးတက်ရပ်လိုက်သော သံပြားဝိုင်းကြီးကို အောက်ဘက်မြေကျင်းထဲမှနေ၍တူးကာ ဆုံလည်တစ်ခု တပ်ပေးထားလေသည်။

ထိုသို့ ဆုံလည်တပ်ပေးထားသော သံပြားဝိုင်းကြီးပေါ်သို့ စက်ခေါင်းကလေး တက်ရပ်လိုက်လျှင်ပင် မီးရထား ဂျမဒါ* နှစ်ယောက်က ဆုံလည်ကို လှည့်ပေးကြရသည်။

ဤသို့ ဂျမဒါနှစ်ယောက်နှင့်အတူ မောင်တင်တို့ ကျောင်းသားအချို့ကလည်း ဆုံလည်ကို တပျော်တပါး ဝင်လှည့်ပေးလိုက်ကြလေသည်။

ထိုအခါ ရန်ကုန်ဘက်မှ ထိုးဝင်လာခဲ့သော စက်ခေါင်းကလေးသည် ရန်ကုန်ဘက်သို့ တစ်ဖန်ဦးပြန်လည်သွားလေတော့၏။

ရန်ကုန်ဘက်သို့ ဦးပြန်လည်သွားသော စက်ခေါင်းကလေးသည် သံပြားဝိုင်းကြီးပေါ်မှ မီးရထားသံလမ်းပေါ်သို့ ပြန်ဆင်းလိုက်သည်။

ပြီးလျှင် စက်ခေါင်းကလေးသည် သူဖြုတ်ထားခဲ့သော လော်ကယ်တွဲကလေးများကို ရန်ကုန်မြို့ကြီးဆီသို့ တစ်ဖန်ပြန်လည်ဆွဲခေါ်ရန်သွား၍ ချိတ်တွဲလိုက်ရပြန်လေတော့သည်။

ထိုကဲ့သို့ စက်ခေါင်းကလေးအတွက် ဆုံလည်ကို လှည့်ပေးရခြင်းသည် တခြားကျောင်းသားများအနေဖြင့် ဘယ်သို့ရှိမည် မသိသော်လည်း မောင်တင်အနေနှင့်ကား အလွန်ပင်ပျော်ရွှင်မိလေသည်။

ထိုကြောင့် တခြားကျောင်းသားများ ဘယ်သို့ရှိရှိ မောင်တင်ကမူ ဆုံလည်ကို ကျောင်းသွားကျောင်းပြန် မှန်မှန်ဝင်လှည့်ပေးတတ်လေ့ရှိသည်။

ထိုသို့ ပြုပြီးမှသာ သူ့စိတ်မှာ ကျေနပ်သွားကာ ကျောင်းသွားနိုင် အိမ်ပြန်နိုင်လေတော့၏။

သည်ကနေ့မူ ဂယ်ရီကိုလည်း စောင့်ရ၊ တစ်ခါ လမ်းလျှောက်၍လည်း လာခဲ့ရမှုကြောင့် ဘူတာသို့ အရောက်နောက်ကျသွားခဲ့သော မောင်တင်ခမျာ ဆုံလည်ဝင်လှည့်ပေးရန် အချိန်မမီ ဖြစ်သွားရသည်။

သည်ကြားထဲ သူငယ်ချင်း အပေါင်းအသင်းများက ဝိုင်းဝန်းနောက်ပြောင်ခြင်းကိုလည်း ခံရပြန်သေးသည်။

''မီးရထားစီးဖို့ရော ပိုက်ဆံပါကြရဲ့လားကွ''

''မပါလဲ ပူစရာမရှိပါဘူးကွာ၊ တို့နဲ့သာ အတူလိုက်စီး။ မီးရထားခ မပါလဲရတယ်၊ ကြားလားဟေ့ မောင်တင်''

သူငယ်ချင်းများ၏ နောက်ပြောင်မှုကိုခံနေရသော မောင်တင်တို့ကို ကျောင်းသားခပ်ကြီးကြီးတစ်ယောက်က အတည်ပေါက်ဟန်နှင့် ရုတ်တရက် ဝင်ပြောလိုက်လေသည်။

မောင်တင်က လှမ်းကြည့်လိုက်သောအခါ ထိုကျောင်းသားက သူ့စကားကိုသူ အားပေးအတည်ပြုသည့်နှယ်

---

ဂျမဒါ* – မီးရထား အလုပ်သမားကလေးကို ကုလားစကားဖြင့် ခေါ်ခြင်းဖြစ်သည်။

မျက်စိတစ်ဖက်မှိတ်ပြကာ အချက်ပေးလိုက်သည်။

ထိုအခါ ထိုကျောင်းသား ဘာကိုဆိုလိုကြောင်း မောင်တင် ကောင်းကောင်းသိလိုက်လေသည်။

ထိုကျောင်းသားအပါအဝင် ကျောင်းသားတစ်သိုက်သည် ပိုက်ဆံရှိလျက်သားနှင့် အပျော်အပြက် မီးရထား နိုးစီးနေကြသူများဖြစ်လေသည်။

သူတို့သည် တစ်ဘူတာဆိုက်လျှင်တစ်ခါ တူတူပုန်းတမ်း စိန်ပြေးတမ်းကစားသလို တွဲတစ်တွဲမှတစ်တွဲသို့ လျင်မြန်စွာ ကူးပြောင်းစီးခြင်းဖြင့် လက်မှတ်စစ်ကို ကျင်လည်စွာ ရှောင်ပုန်းပြေးလွှားသွားနိုင်ခဲ့ကြလေသည်။

ထိုသို့ တရုန်းရုန်း ရှောင်ပုန်းပြေးလွှားကာ တဟားဟား ရယ်မောနေကြသော သူတို့ကို ကြည့်ရသည်မှာ ပျော်စရာကြီးလိုပင် ရှိနေသည်။

သူတို့သည် မီးရထားခ လွတ်သွားသော ပိုက်ဆံများကို ပျော်ပျော်ပါးပါး မုန့်စား၊ ဆေးလိပ်သောက် စသည် ဖြင့် သုံးဖြုန်းပစ်လိုက်ကြလေသည်။

သူသာဆိုလျှင် ဤကဲ့သို့ သုံးဖြုန်းပစ်မည့်အစား စာဘူးထဲသာ ထည့်စုထားလိုက်မည်ဟု မောင်တင် တွေး လိုက်မိသည်။

ထိုအခိုက်မှာပင် လော်ကယ်ရထားကလေးက အချိန်မှန်ထွက်ခွာရန် ဥသြသံကလေးကို တတူတူပေးလိုက် တော့သည်။

ထိုအခါ ဘူတာအတွင်း၌ မျောက်ရှုံးအောင်ဆော့နေကြသော မောင်တင်တို့ ကျောင်းသားများလည်း တွဲအသီး သီးပေါ်သို့ အပြေးအလွှား တက်လိုက်ကြသည်။

သူတို့တတွေ တွဲပေါ်သို့ရောက်ပြီးနောက် မကြာမီမှာပင် လော်ကယ်ရထားကလေးသည် အင်းစိန်ဘူတာ အတွင်းမှ တဂျုတ်ဂျုတ် မောင်းထွက်ခဲ့လေတော့သည်။

သည်ကနေ့ မောင်တင်သည် ခါတိုင်းလို ကိုသင်နှင့်အတူ မဟုတ်ဘဲ တစ်တွဲစီဖြစ်သွားသည်။

ကိုသင်နှင့် တစ်တွဲစီဖြစ်သွားသော မောင်တင်သည် လက်မှတ်နိုးစီးသော ကျောင်းသားတစ်သိုက်နှင့်မှ တစ်တွဲတည်း ပေါင်းမိလျက်သားဖြစ်သွားသည်။

ထိုသို့ဖြစ်ရအောင် သူ တမင်ဖန်တီးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

သို့ရာတွင် ယခုလိုမထင်မမှတ်ဘဲနှင့် ကြုံကြိုက်သွားသောအခါ မောင်တင်က ထိုကျောင်းသားတစ်သိုက် နှင့်ရောကာ စွန့်စားကြည့်လိုက်ချင်သည်။

စွန့်စားကြည့်ခြင်းအားဖြင့် သူ့အဖို့ အကျိုးပင်သက်ရောက်နိုင်သေးသည်ဟု မောင်တင်တွက်လိုက်သည်။

သူ့အဖို့ ရထားခ မကုန်ရလျှင် စာဘူးတွင် ဖြည့်သွင်းနိုင်မည် မဟုတ်ပါလား။

သို့ပေမည့် စွန့်စားဖို့အရေးကို တွေးကြည့်ရုံဖြင့်ပင် မောင်တင်ရင်ခုန်လှလေပြီ။ သူ့ ရင်ခုန်သံ တဒုတ်ဒုတ် သည် လော်ကယ်ရထားကလေး ခုတ်မောင်းနေသံ တဂျုတ်ဂျုတ်ကိုပင် လွှမ်းသွားမတတ် မြည်ဟည်းနေသလို မောင်တင်ထင်မိလေသည်။

''ဟော ဟိုမှာလာပြီဟေ့''

သမိုင်းဘူတာသို့ လော်ကယ်ရထားကလေး ထိုးဆိုက်လိုက်လျှင်ပင် သူတို့တွဲဆီသို့ လက်မှတ်စစ်က လျှောက် လာလိုက်လေသည်။

ထိုအခါ လက်မှတ်စစ်အလာကို ကျီးကန်းတောင်းမှောက်စောင့်ကြည့်နေကြသော လက်မှတ်မဲ့ ကျောင်းသား တစ်သိုက်သည် အချင်းချင်းသတင်းပို့ အချက်ပေးလိုက်ကြသည်။

ပြီးလျှင် သူတို့သည် လက်မှတ်စစ်မရှိသည့် တစ်ဖက်ခြမ်းသို့ တရုန်းရုန်း ဆင်းပြေးသွားကြတော့၏။

ဤတွင် မောင်တင်လည်း ရင်ကလေး တဒိန်းဒိန်းခုန်ရင်း အဆိုပါကျောင်းသားတစ်သိုက်နောက်သို့ ရော ယောင်ပြေးလိုက်သွားမိသည်။

''လာဟေ့ မြန်မြန်တက်ကွ''

လက်မှတ်စစ်မရှိသော တခြားတစ်တွဲသို့ ပြေးအတက်တွင် သူတို့လို မကျင်လည် မလျင်မြန်သေးသော မောင်တင်ကို ကျင့်သားရပြီးသား ကျောင်းသားကြီးများက ဆွဲလွှဲတင်ပေးကြလေသည်။

''လာဟေ့ နောက်တစ်တွဲကို ပြောင်းစီးကြဦးစို့''

နောက်တစ်ဘုတာသို့ အရောက်တွင်လည်း လက်မှတ်စစ်ကို ခြေရာအဖျောက်ကောင်းကြသော ထိုကျောင်းသားကြီးများ၏ ဦးဆောင်မှုဖြင့် မောင်တင်လည်း နောက်တစ်တွဲသို့ အပြေးအလွှား ကူးပြောင်းလိုက်ရပြန်လေတော့သည်။

လက်မှတ်မဲ့ ကျောင်းသားတစ်သိုက်သည် လက်မှတ်စစ်ကို အောင်မြင်စွာ ရှောင်ပြေးလွတ်မြောက်လာခဲ့ခြင်းအတွက် ဂုဏ်ယူလျက် အထူးပင် ပျော်ရွှင်ကျေနပ်နေကြလေသည်။

မောင်တင်ခမျာမှာကား ပျော်သည် မပျော်သည်ကို မတွေးအား။ ချွေးပြန်မောဟိုက်လာအောင် ထူးထူးခြားခြား လှုပ်ရှားတုန်ခါနေသော သူ့ရင်နှလုံးကိုသာ ငြိမ်သက်စေရန် အတော်ကလေးကြိုးစားနေရသည်။

''ဟေ့ကောင် မြန်မြန်ခုန်ချကွ''

အလောတကြီး အော်ပြောလိုက်သံကြောင့် အမောသက်သာစေရန် သူ့ရင်ဘတ်ကို လက်ကလေးဖြင့်ဖိကာ ငြိမ်နေမိသော မောင်တင်မှာ အထိတ်တလန့်ဖြစ်သွားရပြန်သည်။

သူ့ဆရာသမား ကျောင်းသားကြီးများသည် အရှိန်မရပ်တတ်သေးသော ရထားတွဲထဲမှ တစ်ယောက်ပြီး တစ်ယောက် ခုန်ချသွားခဲ့ကြလေပြီ။

ထိုအခါ မောင်တင်လည်း လန့်ဖျပ်ကာ သူ့ကိုသတိပေးခေါ်ငင်သွားခဲ့သော နောက်ဆုံးကျောင်းသား နောက်မှလိုက်၍ လွှားခနဲခုန်ချလိုက်လေတော့သည်။

''အား''

ကျင့်သားမရှိသော မောင်တင်သည် မီးရထားသံလမ်းဘေးသို့ ကားခနဲကျသွားကာ သူ့ပါးစပ်မှလည်း ''အား''ခနဲ မြည်သွားလေသည်။

မောင်တင်သည် သူ့ကိုယ်တစ်နေရာမှ အတော်ကလေး နာကျင်စွာ ခံစားသွားမှုကို ရှာဖွေမနေအားသေးဘဲ လက်မှတ်စစ်အန္တရာယ်မှ လွတ်ကင်းစေရန် ကမူးရှူးထိုး ထပြေးခဲ့ရသည်။

ထိုနောက် သူ့ဆရာသမားများ ရှေ့ကတက်သွားရာတွဲပေါ်သို့ သူပါရောက်ရှိသွားသောအခါကျမှ သူ့ကိုယ်ပေါ်တွင် နာကျင်ခံစားနေရသော ဒဏ်ရာဒဏ်ချက်ကို မောင်တင် လှန်ပြန်ရှာဖွေအားတော့သည်။

ထိုအခါ သူ့ဒူးနှစ်ဖက်တွင် အသားနီရဲရဲ ကွဲပြဲစပ်ဖျဉ်းနေသော ဒဏ်ရာဒဏ်ချက်များကို မောင်တင် မသက်မသာတွေ့လိုက်ရလေသည်။

ဤတွင် မောင်တင်သည် နာကျဉ်စပ်ဖျဉ်းနေသော သူ့ဒဏ်ရာအကွဲအပြဲကလေးများကို တံတွေးဆွတ်လျက် သူ့လက်ဝါးကလေးများနှင့်အုပ်ကာ သက်သာစေလိုက်ရတော့သည်။

''ဟင်း''

နောက်ဆုံး အပြီးဆင်းရမည့် ဘုရားလမ်းဘူတာသို့ ရောက်သောအခါကျမှပင် ဒူးနှစ်ဖက်ကွဲပြဲရသည့်အထိ တစ်လမ်းလုံး တထိတ်ထိတ် တလန့်လန့် ပြေးလွှားဆင်းတက်လာခဲ့ရသော မောင်တင်ခမျာ ဟင်းချလိုက်နိုင်ရှာလေတော့သည်။

သူသည် ဒူးကနာနာ၊ ရင်ကဟာဟာဖြင့် မောပန်းကာ ရေဆာသွားလေသည်။

သူသည် ရေဆာဆာဖြင့် ဘူတာရုံမှကျောင်းသို့အရောက် လမ်းတစ်ကွေ့ကို ကြိုးစားလျှောက်သွားလိုက်ရသည်။

ကျောင်းသို့ရောက်လျှင် မောင်တင်သည် စာသင်ခန်းဆီသို့ တန်းမသွားနိုင်သေးဘဲ ရှာလပတ်ရည်ဆိုင်သို့သာ အလျင်လှည့်ဝင်လိုက်မိသည်။

''ရှာလပတ်ရည်တစ်ခွက်''

ဒန်အိုးရှည်ကြီး ရှေ့ချလျက် ထိုင်ရောင်းနေသော ရှာလပတ်ရည်ကုလားကို လှမ်းပြောရင်း မောင်တင်က သူ့အင်္ကျီအိတ်ထောင်ထဲမှ ပိုက်ဆံကို တစ်ဆက်တည်း နှိုက်ယူလိုက်တော့သည်။

''ဟာ''

မောင်တင်သည် ရင်ထဲမှ ထိတ်ခနဲဖြစ်ကာ ပါးစပ်မှလည်း အလန့်တကြား ''ဟာ'' ခနဲမြည်သွားသည်။

ပြီးလျှင် သူသည် အိတ်ထောင်အနှံ့ စေ့စေ့စပ်စပ် ရှာဖွေလိုက်သည်။

သို့ရာတွင် သူ့အိတ်ထောင်ထဲသို့ သူ့မေမေ အသေအချာထည့်ပေးလိုက်သော ငွေစငါးမူးစေ့ကလေးကိုကား

အစအနမျှ ရှာမတွေ့တော့ချေ။

ဤတွင် မောင်တင် ချက်ချင်းသိလိုက်တော့သည်။ ရထားပေါ်မှ သူခုန်အချ ချော်လဲ ဒူးကွဲခဲ့စဉ်က သူ့အိတ်ထောင်ထဲမှ ငွေစင်ါးမူးစေ့ကလေးသည်လည်း သူနှင့်အပြိုင် မြေပြင်သို့ ခုန်ဆင်းလွင့်စဉ်သွားခဲ့လေပြီတည်း။

ထိုအခါ မောင်တင်သည် နှမြောခြင်း၊ ဝမ်းနည်းခြင်း၊ နောင်တရခြင်းများဖြင့် သူ့ရင်မှာ စောစောကထက် နှစ်ဆပိုကာ မောပန်းပူလောင်သွားလေတော့သည်။

''နေ နေပစေတော့၊ မသောက်တော့ဘူး''

သူ့အတွက် ရှာလပတ်ရည်ကို ဒန်ခွက်ကြီးဖြင့် ဒန်အိုးရှည်ကြီးထဲမှ ခပ်ယူပြီးနောက် ဖန်ခွက်ထဲသို့ လောင်းထည့်ပေးရန်ပြုနေသော ကုလားကြီးကို မောင်တင်က အချိန်မီ လှမ်းပြောလိုက်ရသည်။

ပြီးလျှင် သူသည် ရှာလပတ်ရည်အပြည့် ဒန်ခွက်ကြီးနှင့် ဖန်ခွက်တို့ကို လက်တစ်ဖက်စီတွင် ကိုင်လျက် ရုတ်တရက် နားမလည်ဖြစ်သွားသော ကုလားကြီးရှေ့မှ မျက်နှာပူပူ၊ ရင်ပူပူဖြင့် ခပ်သုတ်သုတ်ထွက်ခဲ့ရလေသည်။

ထိုနောက် သူသည် ကျောင်းမှထားပေးသော ကျောင်းရေအိုးစင်သို့သွားကာ ရေအေးအေးကိုသာ တဝကြီးခပ်သောက်လိုက်ရတော့သည်။

သည်တော့မှ မောင်တင်ခမျာ ရင်အေးကာ အမောပြေသွားရှာသည်။

ထိုအခါမှစ၍ သူသည် ဘုရားလည်းမကြိုက်၊ လူလည်းမကြိုက်သော မရိုးမသား မမှန်မကန်သော အပြုအမူ၊ အပြောအဆို၊ အကြံအစည်မှန်သမျှကို သူ့တစ်သက်လုံး စိတ်ပင်မကူးတမ်း ရှောင်ကြဉ်ထိန်းသိမ်းသွားတော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ထို ဆုံးဖြတ်ချက်သည် သူ့တစ်သက်တွင် မမေ့နိုင်စရာ ဖြစ်လေသည်။ မတရားသဖြင့် ငွေကလေး နှစ်ပြားတစ်ပဲ သက်သာလိုမှုကြောင့် ရိုးရိုးသားသား ပိုင်ဆိုင်ထားသော ငွေစင်ါးမူးလုံးလုံးကြီး ဆုံးပါးလိုက်ရခြင်းသည် ဒူးနှစ်ဖက်တွင် သွေးစက်စက်ထွက်အောင် ကွဲရပြဲရခြင်းတို့က မောင်တင်အား လက်တွေ့သင်ခန်းစာပေး၍ ဆုံးမလိုက်လေပြီ မဟုတ်ပါလော။

## ၄

# သူ့ဆရာ နှင့် တပည့်ကျောင်းသားများ

''သမ္ဗာရပရိစ္ဆေဒပြုလုပ်နည်းဆိုတာ ဝါကျမှာပါတဲ့ပုဒ်တို့ကို ၎င်းတို့အင်္ဂါအစိတ်အပိုင်းအတိုင်း ပိုင်းခြားပြဆိုရခြင်းဖြစ်တယ်''

မြန်မာဘာသာ ဆရာဦးသာထို၏ မြန်မာသဒ္ဒါ သင်ကြားပေးနေသံသည် မောင်တင်တို့ ခုနစ်တန်းတစ်တန်းလုံးကို လွှမ်းမိုးလျက်ရှိလေသည်။

''သမ္ဗာရပရိစ္ဆေဒနည်းအတိုင်း ဝါကျတစ်ခုကို ကတ္တား ဝါစက ကံ ယုတ္တိ ဆိုပြီး လေးမျိုးလေးစား ပိုင်းခြားထားတယ်၊ အဲဒီခွဲခြမ်းပိုင်းခြားထားတဲ့ လေးမျိုးလေးစားထဲက ကတ္တားနဲ့ ဝါစကဟာ ဝါကျတစ်ခုအတွက် ပင်မအရင်းခံပဲ၊ ကတ္တားနဲ့ဝါစကနှစ်ခုမပါရင် ဝါကျဆိုတာ ဖြစ်ကိုဖြစ်မလာနိုင်တော့ဘူး''

ဆရာသင်ကြားပေးသမျှ မောင်တင်တို့ တစ်တန်းသားလုံးက ငြိမ်သက်စွာ စူးစိုက် နာယူမှတ်သားနေကြသည်။

''အဲဒီလေးရပ်ထဲက ကံဆိုတာက ကတ္တားနဲ့ ဝါစကနှစ်ရပ်ကို မှီပြီးမှ ဖြစ်ပေါ်လာရတဲ့ ပုဒ်တစ်ခုပဲ၊ တစ်ခါ အဲဒီ ကတ္တား ဝါစက ကံ သုံးခုထဲက တစ်ခုခုကို မှီပြီးဖြစ်လာတဲ့ပုဒ်ကို ကျတော့ ယုတ္တိလို့ သတ်မှတ်တယ်၊ အဲဒီလို ကတ္တားနဲ့ ဝါစကတို့ကိုမှီပြီးမှ ဖြစ်ပေါ်လာရတဲ့အတွက် ကံနဲ့ ယုတ္တိပုဒ် ၂ ခု မပါပေမယ့်လဲ ကတ္တားနဲ့ဝါစကပါရင် ဝါကျဖြစ်နိုင်တယ် ရှင်းကြရဲ့လား''

''ရှင်းပါတယ်ဆရာ''

ဆရာ့အမေးကို မောင်တင်တို့တစ်တန်းသားလုံးက သံပြိုင်ဖြေလိုက်ကြသည်။

ပြီးလျှင် သူတို့အားလုံးသည် ဆရာ့ထံမှ ဆက်လက်သင်ကြားလာဦးမည့် စကားသံကို နာခံစူးစိုက်နေလိုက်ကြပြန်သည်။

''ဟော့ အောင်ထူး''

ဆရာ့ထံမှ သင်ခန်းစာအစား ရုတ်တရက် ထွက်ပေါ်လာခဲ့သံက ငြိမ်သက်တိတ်ဆိတ်နေသော မောင်တင်တို့

စာသင်ခန်းကလေးထဲတွင် ကျယ်လောင်စွာ မြည်ဟိန်းသွားလေသည်။

ထိုအခါ မောင်တင်တို့တစ်တန်းသားလုံးသည် သင်ခန်းစာတွင် စူးစိုက်နေမိရာမှ အာရုံပျက်ကာ ခေါင်းထောင်သွားမိကြလေသည်။

''ဆရာက ကြိုးစားပမ်းစား သင်ပေးနေတာကို တစ်တန်းလုံးမှာ မင်းက ထူးထူးခြားခြား ထိုင်ပြီး ကြိုးကြိုးစားစား ငိုက်နေတယ်ပေါ့ဟုတ်လား''

တစ်ခန်းလုံး ဟိန်းသွားအောင် ဆရာ၏ ကြိမ်းမောင်းခြင်းကို ခံယူလိုက်ရသော အောင်ထူးအား ကျန်အတန်းသားများက လှည့်စောင်းကြည့်လိုက်မိကြသည်။

''ဟိုတစ်နေ့က ဘောလုံးပွဲမှာ အာလူးဆယ်မြူယယ်* က ခေါင်းနဲ့တိုက်ပေးလိုက်တာကို နယ်လဆင်က ဂိုးထဲကန်သွင်းလိုက်တဲ့ဘောလုံးလို ပြေးကန်လိုက်ရရင်တော့လား အိပ်ငိုက်နေတဲ့ အောင်ထူးတစ်ယောက် အခန်းအပြင်ဘက်ကို တစ်ချက်တည်းနဲ့ လွင့်ထွက်သွားလိမ့်မယ်ထင်တယ်ဟေ့''

''အဟား ဟား''

ဟန်ပါပါ ဆရာ့အပြောကို မောင်တင်တို့အတန်းသားများက ဟားခနဲ ပွဲကျသွားကြသည်။

ထိုအခါမှ စောစောကဖိမ်နှင့် အိပ်ငိုက်နေခဲ့သော အောင်ထူးလည်း ရောနှောရယ်မောကာ မျက်လုံးကျယ်သွားပုံရှိလေသည်။

ဤတွင် အောင်ထူးအိပ်ငိုက်သည်ကို အကြောင်းပြု၍ ကျောင်းသားအချို့က အကွက်ချောင်းကာ ဆရာ့ကို ပွဲတောင်းလိုက်ကြလေတော့၏။

''လုပ်ပါဆရာ၊ ဟိုနေ့က ဘောလုံးပွဲအကြောင်း ပြောပြပါဦး။ အောင်ထူးလဲ အိပ်မငိုက်အောင်ပေါ့''

''အေး အေး မင်းတို့ကတော့ ဒါပဲ စောင့်နေကြတာ မဟုတ်လား။ ဟား ဟား''

ဆရာဦးသာထိုက အပြုန်အလှန်အကြောင်းသိထားနေသော သူ့အတန်းသား တပည့်များကိုကြည့်ကာ ပြောဆိုရယ်မောလိုက်လေသည်။

ထိုအခါ ဘောလုံးဝါသနာအိုးများဖြစ်ကြသော မောင်တင်တို့တစ်တန်းသားလုံးက သူတို့ ဆရာ့သဘောကို နောကျေစွာဖြင့် မျှော်လင့်နားစွင့်ထားလိုက်ကြလေတော့သည်။

မောင်တင်တို့ ရန်ကုန်ဟိုက်စကူးကျောင်းကြီး တစ်ကျောင်းလုံးတွင် မြန်မာအမျိုးသား ကျောင်းဆရာဆို၍ ဦးသာထို အပါအဝင် သုံးယောက်ခန့်မျှသာ ရှိလေသည်။

ကျန်သောဆရာအားလုံးတို့မှာ ယူရေးရှင်း[၁]၊ အင်ဂလိုအင်ဒီးယန်း[၂]နှင့် မျက်နှာဖြူများသာဖြစ်ကြလေသည်။

ထိုသို့ လေးမျိုးလေးထွေရှိသော ဆရာအားလုံးတို့သည် အသင်အပြတော်ကြသူချည်းသာဖြစ်သည်။

သူတို့သည် သူတို့၏ ကျောင်းသားတပည့်များ အမှန်တကယ် တတ်မြောက်အောင်မြင်စေရန် အထူးကြိုးမတ် ဂရုစိုက်၍ သင်ကြားပေးကြလေသည်။

ကျောင်းအုပ်ကြီး မစ္စတာဝေးလ်စ်၏အမိန့်အရ ကျောင်းသားများကို ရိုက်နှက်ဆုံးမခွင့်မရှိသော ဆရာများသည် တပည့်ကျောင်းသားများအနေဖြင့် ဆရာများကိုလည်း ကြောက်အောင်၊ သင်ခန်းစာများ၌လည်း စိတ်ပါဝင်စား သင်ယူချင်အောင် သူတို့နည်း သူတို့ဟန် အသီးသီးထွင်ကာ သွန်သင်ဆုံးမသင်ကြားပြသပေးနေကြရလေသည်။

ထိုသို့ ကိုယ့်နည်း ကိုယ့်ဟန် အသီးသီးထားရှိကြသည့်အထဲမှ တပည့်ဆိုးကလေးများအတွက် အလယ်အတန်းအင်္ဂလိပ်စာပြဆရာ အင်္ဂလိုအင်ဒီးယန်း မစ္စတာဂရေး*၏ ဆုံးမနည်းသည် အထူးခြားဆုံးဟု မောင်တင်ထင်လေသည်။

---

* နာမည်ရင်း ဟင်နရီဆယ်မြူယယ် (Henry Samuel) သူ့လက်မောင်းကြွက်သားများ အာလူးနှင့်တူ၍ အာလူးဆယ်မြူယယ်ဟု ခေါ်ကြခြင်းဖြစ်သည်။ နောင်တွင် ဆရာမှတ်ကြီးကျောင်း၌ ဆရာလုပ်သည်။ သူ့ကျောင်းသားများက ဆရာအာလူးဟု ချစ်စနိုးခေါ်ကြသည်။ သူ့သားများလည်း ဘောလုံးကန်ကောင်းကြသည်။ သားတချို့ ယခုတိုင် ရှိသေးသည်။

၁။ Eurasian – ဥရောပသွေးနှင့် အာရှသွေးနှောသော ကပြား။

၂။ Englo-Indian – အင်္ဂလိပ်သွေးရောသော ကုလားကပြား။

ကျောင်းအုပ်ကြီးမှအပ မည်သူမျှ ကြိမ်လုံးဆောင်ခွင့်မရှိသဖြင့် မစ္စတာဂရေးသည် စာမရသောတပည့်ကလေးများကို သူ့ရှေ့သို့ ခေါ်ယူလိုက်သည်။

ပြီးလျှင် တပည့်ကျောင်းသားကလေး၏ လက်နှစ်ဖက်ကို ဆန့်ထုတ်ခိုင်းသည်။

ထို့နောက် ဆန့်ထုတ်ထားသော ညာဘက်မှ လက်ချောင်းကလေးများကို စုစည်း အထောင်ခိုင်းသည်။ ပြီးလျှင် သူ့ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ထားစေပြန်သည်။

ထိုအခါ ကျောင်းသားကလေး၏ ဘယ်ဘက်လက်ဆုပ်ထဲမှ ညာဘက်လက်ချောင်းကလေးများသည် တစ်စုတစ်စည်းတည်း ထိုးထွက်နေကြတော့သည်။

သည်တွင်မှ မစ္စတာဂရေးက သူ့မှာ အသင့်ဆောင်ထားသော သစ်သားဘုတ်ကလေးကို ထုတ်ယူလိုက်သည်။

သူ့သစ်သားဘုတ်ကလေးသည် ပတ္တလားတီးသည့် လက်ခတ်ကလေးနှင့် အလွန်တူလေသည်။

မစ္စတာဂရေးသည် ထိုသစ်သားဘုတ်ကလေးဖြင့် ကျောင်းသား၏ စုထောင်ဆုပ်ကိုင်ထားသော လက်ထိပ်ကလေးများကို ပတ္တလားခေါက်သလို ခပ်နာနာကလေး အစေ့အငှ လိုက်ခေါက်လေတော့သည်။

ထိုအခါ ကျောင်းသားများခမျာ အခံရခက်အောင် လက်ထိပ်ကလေးများ အောင့်သွား၊ နာသွားကြသည်။ သို့ပါသော်လည်း မစ္စတာဂရေး၏ ရယ်ချင်စရာကောင်းလှသော အပြုအမူအတွက် ငိုရယ်၊ ငိုရယ်ကလေးများသာ ဖြစ်သွားခဲ့ကြရရှာလေသည်။

ထိုသို့ အင်္ဂလိပ်စာဆရာ မစ္စတာဂရေးက ဖမ္မူတစ်လှူ၊ တစ်မူထူးခဲ့သလို မြန်မာစာဆရာ ဦးသာထိုကလည်း တသီးတခြား တစ်မျိုးတစ်စား ဆုံးမတတ်ပြန်လေသည်။

ဆရာဦးသာထို၏ ဆုံးမနည်းမှာကား မစ္စတာဂရေးကဲ့သို့ သစ်သားဘုကလေးကိုပင် ရှာကြံဆောင်ယူထားစရာမလိုဘဲ တပည့်ဆိုး ကျောင်းသားအား တော်တော်နှင့် မေ့ပျောက်မသွားနိုင်အောင် နားရွက်နှင့်ဗိုက်ခေါက်ကို ဆွဲလိမ်တတ်ခြင်းပင်ဖြစ်သည်။

သူသည် တပည့်ကျောင်းသားထံတွင် ခပ်ကြာကြာကလေး ကျိန်းစပ်နာကျင်ကျန်ခဲ့ရအောင်လည်း နားသယ်စပ်နှင့် ဦးစွန်းဆံစပ်တို့ကို သူ့လက်ညှိုးလက်မနှစ်ချောင်းတည်းကိုသုံးလျက် စုကိုင်ဆွဲခါတတ်ပြန်လေသေးသည်။

ထို့ကြောင့် ဆရာဦးသာထိုကိုလည်း သူ့တပည့်တွေက ကြိမ်မဆော်ရဘဲနှင့် ကြောက်ကြလေသည်။

သို့ရာတွင် ဆရာဦးသာထိုကို သူ့တပည့်များက လုံးဝမုန်းမာန်မပွားမိကြ။

သူတို့က ဆရာ့ကို ချစ်ပင်ချစ်လိုက်ကြသေးသည်။

ဆရာက သူ့တပည့်အတန်းသားများသည် သူသင်ကြားပေးနေသော သင်ခန်းစာ၌ စိတ်မဝင်စားချင်အောင် ပျင်းလာကြပြီ၊ ငိုက်ချင်လာကြပြီဆိုလျှင် တပည့်များအပေါ် နားလည်စွာဖြင့် အပျင်းပြေ၊ အငိုက်ပြေဆေးကို ဖော်ပေးလိုက်လေသည်။

ထိုဆေးကား ဘောလုံးပွဲအကြောင်းကို စပြောပေးလိုက်ခြင်းပင်ဖြစ်သည်။

ထိုအခါ ဘောလုံး ဝါသနာအိုးများဖြစ်ကြသော မောင်တင်တို့ တစ်တန်းသားလုံးသည် ပျင်းရိငိုက်မျဉ်းခြင်းများ ကင်းပျောက်ကာ ရုတ်ခြည်းပင် လှုပ်လှုပ်ရှားရှား စိတ်ပါဝင်စားသွားကြလေတော့သည်။

ဆရာဦးသာထိုသည် စာအသင်အပြကောင်းသလောက် စကားပြောလည်း အလွန်ကောင်းသူဖြစ်သည်။ သူသည် ကျောင်းဘောလုံးပွဲများ၌ နာမည်ကြီးလှသော ဆရာမတ်* ကျောင်းသား အာလူးဆယ်မြူယယ်လ်က ဘောလုံးကို ဘယ်လိုသယ်သွားပုံ၊ ဘောလုံးသမားများ၏ ခြေကြား၌ ဘောလုံးလိမ်သွားပုံ၊ ထို့နောက် နာမည်ကျော် ဂိုးသွင်းသမား နယ်လ်ဆင်က ဘယ်ပုံကန်သွင်းလိုက်ရာတွင် အရှိန်ပြင်းပြင်းနှင့် ဘယ်သို့ဂိုးဝင်သွားခဲ့ပုံစသည်များကို အသံနေ အသံထား ဟန်အမူအရာအပြည့်နှင့် ပြောပြတတ်သည်။ ထိုသို့သော ဆရာ့အပြောသည် သူ့တပည့် ကျောင်းသားများအဖို့ နားထောင်ရင်း မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်း မြင်သွားစေလေသည်။

---

* Mr. Grey
* Dr. Marks - ၁၈၆၄-ခုနှစ် မတ်လ ၁၄-ရက်နေ့တွင် ယခင်စိန့်ဂျွန်းကောလိပ်၊ ယခုလမ်းမတော် အ-ထ-က ၁ ကို စတင် တည်ဆောက်ပေးခဲ့သော အင်္ဂလိပ်ဘုန်းတော်ကြီး။

ဆရာဦးသာထို၏သား ဖိုးစံမြင့်မှာလည်း ဘောလုံးအကန်ကောင်းတစ်ယောက်ပင်ဖြစ်သည်။

ဆရာမတ်ကြီး ကျောင်းအသင်းနှင့် ချိန်းကန်တိုင်း ဟိုက်စကူးကျောင်းအသင်းမှ ဖိုးစံမြင့်သည် အမြဲတမ်း ပါဝင်ကစားခဲ့ရလေသည်။

ဆရာမတ်ကြီး၏ ကျောင်းသားများသည် ကြမ်းကြမ်းရမ်းရမ်း ကစားခြင်း၌ နာမည်ကျော်သူများဖြစ်ကြသည်။

သူတို့သည် ဘောလုံးကိုကန်ရင်း တစ်ဖက်အသင်းမှ ယှဉ်ပြိုင်ကစားသူများကိုလည်း ရောနှောကန်ခြင်း၊ ဒူးနှင့်တိုက်ခြင်းများကို ပြုလုပ်တတ်ကြလေသည်။

ထိုသို့ ကြမ်းသော၊ ရမ်းသော ဆရာမတ်ကြီး ကျောင်းသားများ၏ အပြုအမူများနှင့် ပတ်သက်၍ မောင်တင်တို့အတန်းသားများသည် ဆရာဦးသာထိုနှင့် ရင်းနှီးပျော်ရွှင်စွာ ဝေဖန်ဆွေးနွေးနိုင်ကြလေသည်။

ထိုကဲ့သို့ ဆရာနှင့် တပည့်တို့ တပြုံးပြုံး၊ တရွန်းရွန်း ဘောလုံးပွဲအကြောင်း ဆွေးနွေးလို့ကောင်းနေကြစဉ်များမှာ တစ်ခါတစ်ခါ ကျောင်းအုပ်ဆရာကြီးက လာချောင်းကြည့်တတ်သည်။

အချောင်းကောင်းသော ဆရာကြီးကို ရိပ်ခနဲမြင်လိုက်လျှင်ပင် အာလူးဆယ်မြှုယယ်လ် ကန်သွင်းလိုက်သည့် ဘောလုံးပမာလျင်သော ဆရာဦးသာထိုက ဘောလုံးပွဲအကြောင်းမှ ရုတ်ခြည်းပြောင်းကာ သင်ခန်းစာများကို ချက်ချင်းပြန်ကောက်သင်လိုက်တော့သည်။

ထိုအခါ အရိပ်သုံးပါး နားလည်ထားကြသော မောင်တင်တို့ အတန်းသား တပည့်များကလည်း ချက်ချင်းပင် ငြိမ်ငြိမ်သက်သက်ဖြင့် မှတ်သားနာယူလိုက်ကြလေသည်။

ထိုကြောင့်ပင် မောင်တင်တို့ တပည့်ကျောင်းသားများအဖို့ ဘယ်လိုပင် အညိုအမည်းစွဲအောင် မိုက်ခေါက်အလိမ်ခံရ၊ နားသယ်ဆွဲ၍ အဆွဲခံရသော်လည်း သူတို့အပေါ် နားလည်လိုက်လျောတတ်သော ဆရာဦးသာထိုအား မမုန်းရက်နိုင်ဘဲ ချစ်ကြောက်ရိုသေနေမိကြလေတော့သည်။

ယခုလည်း စာသင်ရင်းမှ အောင်ထူး အိပ်ငိုက်သည်ကို အကြောင်းပြု၍ ဘောလုံးစကားကြားဝင်သွားလျှင် မောင်တင်တို့ အတန်းသားများသည် ဣန္ဒြေရရရှိနေရာမှ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ သူတို့ဆရာကို ပွဲတောင်းလိုက်ကြလေသည်။

သို့ရာတွင် ရုတ်တရက် ထွက်ပေါ်လာခဲ့သော နေ့လယ်မုန့်စားဆင်းခေါင်းလောင်းသံ ဒေါင်ဒင်ဒင်က ဆရာနှင့် တပည့်တို့၏ ဘောလုံးပွဲဆွေးနွေးခန်းကို မဖြစ်မြောက်နိုင်အောင် ချက်ကောင်းမှာ ဝင်ရောက်ဖျက်ဆီးပစ်လိုက်လေတော့၏။

## သူ့ဝါသနာ နှင့် လေ့လာတတ်မှု

မုန့်စားပြီးသွားသော မောင်တင်သည် ကော်မရှင်နာ[၁] လမ်းမကြီး ခြားနေသော ကျောင်းနှင့်မျက်နှာချင်းဆိုင်ရှိ ဖဲယားမြူဇီယမ်[၂] ရှေးဟောင်းပြတိုက်သို့ ကူးသွားလိုက်သည်။

ပြတိုက်နှင့်တွဲလျက် တိရစ္ဆာန်ရုံကလေးတစ်ခုလည်းရှိလေသည်။

မောင်တင်သည် မုန့်စားကျောင်းလွှတ်၍ အချိန်ရတိုင်း ထိုရှေးဟောင်းပြတိုက်နှင့် တိရစ္ဆာန်ရုံကလေးသို့ အမြဲတမ်း ကူးသွားလေ့ရှိသည်။

သူသည် တိရစ္ဆာန်ရုံကလေးသို့ အဦးဝင်လိုက်သည်။ ပြီးလျှင် သူဝယ်သွားသော ပတားနီပဲလုံးကလေးများကို မျောက်များအား ကျွေးသည်။

ထိုနောက်မှ ပြတိုက်သို့ဝင်ကာ သူ့အဖို့ ထပ်တလဲလဲ ကြည့်ဖူးပြီးသား ရှေးဟောင်းပစ္စည်းများကိုပင် မရိုးနိုင်အောင် မောင်တင်က ထပ်မံကြည့်ရှုလိုက်ပြန်လေတော့သည်။

ထိုသို့ သူအဖို့မရိုးနိုင်အောင် ထပ်တလဲလဲ ကြည့်ရှုနေမိသော ရှေးဟောင်းပစ္စည်းများထဲမှ ကျောက်ပြားကြီးတစ်ချပ်ကို မောင်တင်အထူးစိတ်ဝင်စားနေမိသည်။

---

၁။ ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး။

၂။ Phyre Museum ယခု ရန်ကုန်ဆေးရုံကြီး အဆောက်အအုံနေရာ။

ထိုကျောက်ပြားကြီးမှာ နည်းနည်းနောနောမဟုတ်။ လူကြီးတစ်ရပ်ကျော်မျှရှိသည်။ သူ့မျက်နှာပြင်မှာလည်း အက္ခရာများ ထွင်းထုထားပြန်သည်။

သို့ရာတွင် ဘာအက္ခရာတွေမှန်းမသိ။ မြန်မာစာနှင့် အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် ဖတ်တတ်နေပြီ ဖြစ်သော မောင်တင်သည် ဘာမှန်းမသိသော ထိုကျောက်ပြားကြီးမှ အက္ခရာများကိုမူ ဘယ်လိုမှ မဖတ်တတ် အောင်ရှိနေသည်။

သည်အတွက်ပင် ထိုကျောက်ပြားကြီးကို မောင်တင်ပို၍ စိတ်ဝင်စားနေမိလေသလားမသိ။

သူသည် ပြတိုက်သို့ရောက်တိုင်း ထိုကျောက်ပြားကြီးမှ ထွင်းထုထားသော အက္ခရာများကို သူ့လက်နှင့် တို့ထိစမ်းသပ်ကြည့်ရမှ ကျေနပ်သွားလေ့ရှိသည်။

ထိုကြောင့် သည်ကနေ့လည်း မောင်တင်သည် မျောက်များကို ပတားနီကျွေး၊ ပြီးလျှင် ပြတိုက်ထဲလှည့်၊ နောက်ဆုံး အဆိုပါကျောက်ပြားကြီးမှ ထူးခြားဆန်းပြားလှသော အက္ခရာများကို လက်နှင့်တို့ထိကြည့်ပြီးမှ ကျောင်းသို့ ပြန်ကူးခဲ့လေတော့၏။

ကျောင်းသို့ ပြန်ကူးလာခဲ့သော မောင်တင်သည် ကျောင်းဝင်းတံခါးပေါက်ကြီးအနီးတွင် ဝိုင်းကောင်းနေ သော ဂေါ်လီပစ်အဖွဲ့နှင့် သွားတိုးသည်။

ဂေါ်လီဝိုင်းတွင် သူနှင့်တစ်တန်းတည်းသား ဘသောင်းတစ်ယောက် ဝင်ကစားနေသည်ကို မောင်တင်တွေ့ ရသည်။

ထိုသို့ ဂေါ်လီပစ်ကစားနည်းကို မောင်တင်လည်း ဝါသနာပါသည်။ ကစားလည်း ကစားတတ်သည်။ သူ သည် ကျောင်းတွင် သူငယ်ချင်းများနှင့် ကစားပြီးနောက် အိမ်တွင်လည်း ညီအစ်ကိုတစ်တွေ စုကစားလေ့ရှိသည်။

ညီအစ်ကိုတစ်တွေစုပြီး ဂေါ်လီပစ်တမ်း အကစားကောင်းခဲ့သော မောင်တင်သည် တစ်ခါကဆိုလျှင် သူ့ဖေဖေ၏ အရိုက်အနှက်ကိုပင် ဦးဦးဖျားဖျား ထူးထူးခြားခြား ခံယူခဲ့ရဖူးလေသည်။

ထိုနေ့က တခြားကစားဖော်မရှိသော မောင်တင်သည် ညီငယ်မောင်ခင်နှင့် နှစ်ယောက်တည်းသာ ဂေါ်လီပစ် တမ်းကစားလိုက်သည်။

နှစ်ယောက်သားမကစားမီ လက်ဖြောင့်သော မောင်တင်က ရှုံးလျှင် နိုင်သူထံ ပြန်မတောင်းတမ်းဟု ညီဖြစ် သူ မောင်ခင်ကို ကြိုကြိုတင်တင် စကားခံနိုင်းထားခဲ့သည်။

သို့မဟုတ်က မောင်ခင်သည် ကစား၍ သူရှုံးတိုင်း မောင်တင်နိုင်ထားသော ဂေါ်လီလုံးများကို အတင်းပြန် တောင်းလေ့ရှိလေသည်။

ထိုကြောင့် သည်တစ်ခါ ပြန်မတောင်းတမ်းဟု မောင်တင်ကကြိုပြီး စကားခံထားနိုင်းရခြင်းဖြစ်သည်။

ထိုအခါ မောင်ခင်ကလည်း သဘောတူလက်ခံလိုက်သည်။

သို့ရာတွင် ထုံးစံအတိုင်းကစား၍ မောင်တင်ကနိုင်သောအခါ မောင်ခင်ကလည်း ထုံးစံအတိုင်း သူရှုံးကုန်သည့် ဂေါ်လီလုံးများကို ပြန်တောင်းလေတော့သည်။

''မင်းကို အစကတည်းက ပြန်မတောင်းတမ်းလို့ ပြောကစားခဲ့တယ် မဟုတ်လား''

မောင်တင်က သတိပေးသော်လည်း မောင်ခင်ကား သူ့ကတိစကားကို မေ့ပစ်လိုက်ကာ သူ့ဂေါ်လီများကိုသာ အတင်းပြန်တောင်းလေသည်။

''မင်းကျေနပ်လို့ ကစားပြီး ရှုံးတာပဲဟာ ဘာလို့ပြန်ပေးရမှာလဲ၊ မပေးဘူးကွာ''

မောင်တင်ကလည်း တရားသဖြင့် သူနိုင်ထားသော ဂေါ်လီများကို ပြန်မပေးနိုင်ကြောင်း ခပ်တင်းတင်းပင် ငြင်းဆန်ပစ်လိုက်သည်။

ထိုအခါ မောင်ခင်က ခြေဆောင့်ပြီး အော်ငိုလေတော့သည်။

ဤတွင် စကားမတည်သော မောင်ခင့်ကိုကြည့်ကာ မောင်တင်စိတ်တိုသွားလေသည်။

''ရှုံးရင်ပြန်မတောင်းတမ်းလို့ ပြောကစားခဲ့ပြီး အခု ဘာဖြစ်လို့ ငိုတောင်းရတာလဲ၊ ကဲ ငိုဦးကွာ၊ တောင်း ဦးကွာ''

စိတ်မတိုစဖူး စိတ်တိုသွားသော မောင်တင်သည် မောင်ခင်၏ ခေါင်းကလေးကို လက်သီးနှင့် နှစ်ချက် ပိတ်ထိုးပစ်လိုက်တော့သည်။

ထိုစဉ်မှာပင် သူတို့ဖေဖေက အနားသို့ရောက်လာခဲ့သည်။

''ကြည့်စမ်း မောင်တင် ညီလေးကို ဘာဖြစ်လို့ လက်သီးနဲ့ ထိုးတာလဲဟင်''

မောင်တင်က သူ့ဖေဖေကို ဖြစ်ကြောင်းကုန်စင် ရှင်းလင်းတင်ပြလိုက်ရသည်။

''အကြောင်းကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် သားကိုဖေဖေ ဘယ်လိုမှာထားသလဲ''

သူ့ဖေဖေ၏အမေးကို မောင်တင်အဖြေမပေးဘဲ ငြိမ်နေလိုက်သည်။

ထိုအခါ သူ့ဖေဖေက ဆက်ပြောလေသည်။

''ဘယ်တော့မဆို ကိုယ့်ထက်ငယ်သူကို ကိုယ့်ထက်အားနည်းသူကို ညှာရမယ်၊ အလျှော့ပေးရမယ်လို့ ဖေဖေမှာထားတယ် မဟုတ်လား''

''ဟုတ်ပါတယ်''

''ဟုတ်ရင် အခုဘာဖြစ်လို့ ညီလေးကို လက်သီးနဲ့ထိုးရတာလဲ၊ ဟိုမှာ ညီလေးခမျာနာသွားရှာပြီ''

မောင်တင်သည် စောစောတုန်းကတော့ ဒေါသအလျောက် စိတ်လိုက်မာန်ပါပြုခဲ့မိသော်လည်း ယခု သူ့ဖေဖေက အကျိုးအကြောင်းနှင့် ဆိုဆုံးမလိုက်သောအခါ သူ့အလွန်ကို နားလည်သွားသည်။

သူ့ညီလေး မောင်ခင်ကိုလည်း သနားသွားမိသည်။

ထိုနောက် သူ့ဖေဖေက ကိုယ့်ထက်ငယ်သူအား အနိုင်ယူထိုးကြိတ်ခြင်းအတွက် မောင်တင့်ကို အိမ်တိုင်တွင်ဖက်စေပြီး တင်ပါးကို ပေတံနှင့် သုံးချက်ရိုက်ကာ အပြစ်ပေး ဆုံးမလိုက်လေသည်။

သူ့အဖို့ ပေတံနှင့် သုံးချက်အရိုက်ခံရခြင်းမှာ အသားနာလှသည်ဟု မောင်တင်မထင်မိ။

သို့ရာတွင် ညီအစ်ကိုမောင်နှမ အားလုံးထဲတွင် သူတစ်ယောက်သာ ထူးထူးခြားခြား မိဘ၏ ရိုက်နှက်ဆုံးမခြင်းကို ခံယူခဲ့ရဖူးသည့် အချက်က သူ့အသားနာသည်ထက် မောင်တင်၏စိတ်မှာ ထိခိုက်စွဲလမ်းသွားစေလေတော့သည်။

နောက်ပိုင်း၌ ဂေါ်လီကစားခြင်းနှင့် ပတ်သက်လာခဲ့တိုင်း မောင်တင်သည် သူ့ကို သူ့ဖေဖေရိုက်နှက်ခဲ့ဖူးသည့် အကြောင်းအချက်ကလေးအား ပြန်ပြောင်း၍ သတိရသွားတတ်လေသည်။

ယခုလည်း ဘသောင်းတို့ ဂေါ်လီကစားဝိုင်းကိုကြည့်ကာ ထိုနောက်ကြောင်းကလေးအား ပြန်ပြောင်းအမှတ်ရ နိုက်မှာပင် စကြာမင်းက ရှိတ်ခနဲရောက်လာခဲ့သည်။

''ဟော တိုက်ပြီ''

မောင်တင်သည် စိတ်ထဲက ရေရွတ်လိုက်မိစဉ်မှာပင် ဂေါ်လီလုံးကို မဲကစားနေသော ဘသောင်းအား စကြာမင်းက အရှိန်နှင့် သွားတိုက်လိုက်တော့သည်။

ပြီးလျှင် စကြာမင်းနှင့်ဘသောင်းတို့ လုံးထွေးလဲပြိုသွားကြလေသည်။

ထိုသို့နှစ်ဦးသား လုံးထွေးလဲပြိုသွားရာမှ ဘသောင်းက ချက်ချင်းကုန်းရုန်းထရပ်လိုက်သည်။ ပြီးလျှင် သူ့အရှိန်နှင့်သူ မထိန်းနိုင်၊ မဟန်နိုင်ရှိနေသေးသော စကြာမင်းကို ဘသောင်းက လက်သီးနှင့် ဆွဲထိုးပစ်လိုက်တော့သည်။

ထိုအခါ စကြာမင်း၏ ခေါင်းပေါ်မှ ခေါင်းပေါင်းနီနီကြီးသည် ဘသောင်းလက်ချက်ဖြင့် ဖုတ်ခနဲ ပြုတ်ကျသွားလေသည်။

ဤသည်နှင့် တစ်ချိန်တည်းမှာပင် ကုလားဘာသာစကားဖြင့် ဒေါသတကြီး ဆဲဆိုကြိမ်းမောင်းသံများ ဆူညံထွက်ပေါ်လာခဲ့သည်။

ထိုအခိုက်မှာပင် ကျောင်းတက်ခေါင်းလောင်းသံ တညံညံကလည်း ကျောင်းဝင်းကြီးတစ်ခုလုံးကို ရုတ်ခြည်းလွှမ်းမိုးပစ်လိုက်လေသည်။

ထိုအခါ လွတ်လွတ်လပ်လပ် ကစားခုန်စားနေခဲ့ကြရာမှ စကြာမင်းနှင့် ဘသောင်းတို့ကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားသော ကျောင်းသားအားလုံးသည် ကိုယ်နှင့်သက်ဆိုင်ရာ စာသင်ခန်းအသီးသီးသို့ အပြေးသွားလိုက်လေတော့သည်။

မောင်တင်သည်လည်း ကျောင်းဆီသို့ အပြေးသွားရင်းမှ နောက်သို့တစ်ချက် လည်ပြန်လှည့်ကြည့်လိုက်မိသည်။

ထိုအခါ မြေကြီးပေါ်သို့ ပြုတ်ကျသွားခဲ့သော သူ့ခေါင်းပေါင်းနီနီကြီးကို ပြန်ပေါင်းရင်း ဒေါသဖြင့် ခုန်ဆွခုန်ဆွ ဖြစ်ကျန်ခဲ့သော စကြာမင်းကို တွေ့ရလေသည်။

စကြာမင်းသည် မကျေနိုင် မချမ်းနိုင်ဖြင့် ဆူဆူညံညံရေရွတ်နေရင်းမှ လက်သီးလက်မောင်းလည်း တန်းပြ နေသေးသည်။

ထို့နောက် သူသည် သူ့အနီး၌ တုံးလုံးလဲနေသော စကြာယာဉ်ကို ကောက်ယူထူမကာ တက်စီးလျက် ကျောင်းဝင်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုကဲ့သို့ ဒေါသတကြီးဖြင့် ကျောင်းဝင်းထဲမှ ပြန်ထွက်သွားခဲ့သော စကြာမင်းကား အခြားမဟုတ်။

စကြာယာဉ်စက်ဘီးတစ်စီးဖြင့် စာသင်ကျောင်းများသို့ လှည့်လည်ဆက်သွယ်ကာ အမိန့်စာများ၊ ညွှန်ကြား လွှာများ ပို့ပေးနေရသော ပညာမင်းကြီးရုံးမှ ပြာတာ*ကုလား ဖြစ်လေသည်။

သူသည် ပြာတာကုလားမျှသာဖြစ်သော်လည်း ဘယ်အခါမျှ သူ့ကို စုတ်စုတ်နုပ်နုပ် မတွေ့ရ။

သူသည် သူ့ခေါင်းပေါ်မှ ခေါင်းပေါင်းနီနီကြီးကို မဟာရာဂျာကုလားစော်ဘွားများ၏ ခေါင်းပေါင်းလို အကျ အနပေါင်းထားသည်။

ထို့အပြင် သူသည် ရွှေနားကွင်း၊ ကတ္တီပါတု စလွယ်ကြီးတစ်ခုကိုလည်း အခံ့သား သိုင်းလွယ်ထားလိုက်သေး သည်။

ထို့နောက် ရွှေရောင်လို ပြောင်လက်တောက်ပနေအောင် တိုက်ချွတ်ထားသော နှလုံးသားပုံစံ ကြေးပြားကြီး တစ်ခုကို သူ့ဘယ်ဘက်ရင်ဘတ်တွင် စလွယ်ပေါ်မှထပ်လျက် တပ်ဆင်ထားပြန်သည်။

ပြီးလျှင် သူသည် ဖိနပ်စီးရာမှာပင် ဘွတ်ဖိနပ်၊ ရှူးဖိနပ်များကိုမစီးဘဲ ကုလားမင်းသားများ စီးလေ့စီးထ ရှိကြသော ကတ္တီပါဦးကော့ပုံ အလှကလေးမျိုးမှ ရွေးစီးထားလေသည်။

သူသည် သူ့ကိုယ်သူ ပြင်သရုံသာမကသေးဘဲ သူစီးသည့်စက်ဘီးကိုပင် အများနှင့်မတူ တစ်မူထူးထားပြန် သည်။

သူသည် သူလှည့်လည်သယ်ဆောင်သွားနေရသော ရုံးမှစာဖိုင်တွဲများကို သူတကာလို လွယ်အိတ်တွင် ထည့်ပြီး စက်ဘီးဂိုက်တန်းမှာ မချိတ်မဆွဲ။

နောက်ဘက် ကယ်ရီယာမှာလည်း မထား။

အင်္ဂလိပ်စာလုံး [V] ပုံသဏ္ဌာန် တည်ဆောက်ထားသော စက်ဘီးဘားတန်းအောက်တည့်တည့်ရှိ ဟိုဘက်၊ သည်ဘက် တိုးလျှိုပေါက်ကို သူက ဘောင်အတိုင်းပုံမပျက် သွပ်ပြားနှစ်ဖက်ညှပ်ပိတ်လျက် အံဖုံးလုပ်လိုက်သည်။

ထိုအံဖုံးသွပ်ပြား တစ်ဖက်တစ်ချက်စီတွင် အင်္ဂလိပ်စာလုံးများဖြင့် ပညာမင်းကြီးရုံးဟု အကျအနရေး ထိုးထားသည်။

ထိုသို့ အကျအနပြုလုပ်ကာ စာလုံးရေးထိုးထားသော အံဖုံးတွင်မှ သူက သူ့ဖိုင်တွဲများကို ဟန်ကျပန်ကျ ထည့်သို သယ်ဆောင်သွားလေသည်။

ဤကဲ့သို့ သူ့ကိုယ်သူ ကျက်သရေဆောင် ရွှေစလွယ်ရမင်း* အလား ထူးထူးခြားခြား ဝတ်ဆင်ပြီး သူစီး သည့်စက်ဘီးကိုပင် ဆန်းဆန်းပြားပြား တီထွင်ပြင်သလျက် တစ်မြို့လုံးရှိ ကျောင်းများသို့ ရှိတ်ခနဲရောက်လာ လိုက် ရှိတ်ခနဲပြန်ပျောက်သွားလိုက်ဖြင့် ကူးလူးနေသော အနှိပ်ပြာတာကုလားကို မောင်တင်တို့ ကျောင်းသားများက စကြာမင်းဟု နောက်ပြောင်ကာ နာမည်ပေးထားခဲ့ကြလေသည်။

ယခုတွင်မူ ဟန်ထွားလှသော ပြာတာကုလားခမျာ မဟုတ်မခံတတ်သည့်အပြင် စိတ်တိုကာ ဒေါသလည်း ကြီးသော ဘသောင်း၏လက်သီးချက်မှာ ခေါင်းပေါင်းကြီး ဖုတ်ခနဲပြုတ်ကျသည်အထိ ဟန်ပျက်လျက် တစ်ချက် တည်း လှည့်ပြေးခဲ့ရရှာလေသည်။

''ဟေ့ မောင်တင်''

ပြာတာကုလားအကြောင်းကို စဉ်းစားရင်း စာသင်ခန်းဆီသို့ အပြေးကလေး သွားလိုက်သော မောင်တင်

---

* Cycle-Peon – ယခုအခေါ် (မင်းစေ)ရုံးလုလင်။

* K.S.M – ကျက်သရေဆောင် ရွှေစလွယ်ရမင်းသည် (A.T.M. အမှုထမ်းကောင်းတံဆိပ်ရမင်း။ T.D.M. သူရဲကောင်းတံဆိပ်ရမင်း) အစရှိသော ဘွဲ့များတွင် အမြင့်ဆုံးဘွဲ့ထူးဖြစ်သည်။

သည် ရုတ်တရက် လှမ်းခေါ်သံကြောင့် ခြေတန့်ပြီး လှည့်ကြည့်လိုက်မိသည်။

ထိုအခါ စောစောတုန်းက ပြာတာကုလားကို လက်သီးစွမ်းပြလွှတ်လိုက်သော ဘသောင်းကို တွေ့ရသည်။

ဘသောင်းသည် မောင်တင့်အနီးသို့ကပ်လာပြီး ခပ်အုပ်အုပ်ပြောလေသည်။

"အခုနက ငါ ဟိုကုလားကို ထိုးလွှတ်လိုက်တာ တကယ်လို့ ဆရာကြီးက မေးလာမယ်ဆိုရင် ငါထိုးတာ မမြင်ဘူးလို့ မင်းပြောရမယ်နော်ကြားလား"

ဘသောင်းက မောင်တင့်နှင့်ယှဉ်ကပ်၍ ရပ်လိုက်သည်။

တခြားကျောင်းသားများ အတန်းထဲ အကုန်ရောက်သွားကြ၍လားမသိ။ စကြံထောင့်ချိုးကလေးတွင် မောင်တင့်နှင့် ဘသောင်းတို့ နှစ်ယောက်တည်းသာရှိနေကြသည်။

"မဟုတ်တဲ့ မင်းကမြင်တယ်လို့ ဖော်လိုက်ရင်တော့လား။ ဟောဒီမှာကြည့် မင်းကို ဓားနဲ့အသေထိုးအသတ်ပဲ၊ တွေ့လား ဒါပဲ"

ဘသောင်းသည် ဘယ်တုန်းက ဘယ်လိုဝှက်ယူလာခဲ့မှန်းမသိသော သူ့ခါးကြားမှ ဓားမြှောင် ချွန်ချွန်ထက်ထက်ကြီး တစ်ချောင်းကိုပြပြီး မောင်တင့်ကို ခြိမ်းခြောက်လိုက်သည်။

ပြီးလျှင် ဘသောင်းသည် မောင်တင့်ကို ချန်ထားခဲ့ကာ အတန်းထဲသို့ ရှေ့မှဝင်ရောက်သွားလိုက်လေသည်။

## သူ့အပေါင်းအသင်း ရောင်းရင်းများအတွက်

မောင်တင့်တစ်ယောက် တတွေးတွေးနှင့် စိတ်မအေးဖြစ်နေခဲ့ရသော ပြဿနာသည် နောက်တစ်နေ့မှာပင် သူတို့အတန်းထဲသို့ ရောက်လာတော့သည်။

မောင်တင့်တို့ အတန်းသားအားလုံးသည် ကျောင်းအုပ်ကြီး မစ္စတာဝေးလ်[၁]၏ ရုံးခန်းသို့ တစ်ယောက်ချင်း သွားကာ ဒုတိယပညာမင်းကြီး ဝက်ဒါစပွန်းစ်[၂]ကို ဝင်တွေ့ကြရလေသည်။

ဒုတိယပညာမင်းကြီး ဝက်ဒါစပွန်းမှာ ခေါင်းအနည်းငယ်စောင်းရာ ကျောင်းသားများက သူ့ကို နာမည်မခေါ်ဘဲ ခေါင်းစောင်းကြီးဟုသာ ခေါ်ကြလေသည်။

ခေါင်းစောင်းကြီး ဝက်ဒါစပွန်းသည် သူ့တပည့်ကျော် ဆိုင်ကယ်ပွဲန်း စကြာမင်းကုလားကို ဘယ်ကျောင်းသား ထိုးလွှတ်သလဲဟု ကိုယ်တိုင်လာရောက်စစ်ဆေးခြင်းပင်ဖြစ်သည်။

သို့ရာတွင် ကျောင်းသားတိုင်းက မသိပါဟုသာ ဘူးကွယ်ပြီး ပြန်ထွက်လာခဲ့ကြသည်။

ထိုနောက် သူ့အလှည့်သို့ရောက်လျှင် မောင်တင့်လည်း သူ့ရင်ထဲမှ မပြတ်သားလှသော အတွေးကလေးဖြင့် ကျောင်းအုပ်ကြီးနှင့် ဒုတိယပညာမင်းကြီးတို့ရှေ့သို့ ခြေစုံကလေး သွားရပ်လိုက်ရသည်။

ထိုအခါ တရားခံမပေါ်သဖြင့် စိတ်ညစ်နေပုံရသော ကျောင်းအုပ်ကြီးက စိတ်တိုနေပုံရှိသော ဒုတိယပညာမင်းကြီးကို နှစ်သိမ့်သလိုပြောလိုက်လေသည်။

"မင်းကြီးခင်ဗျာ အခုမင်းကြီးရှေ့မှောက်မှာ ရောက်နေတဲ့ ကျောင်းသားမောင်တင့်ဆိုတဲ့ သူငယ်လေးဟာ အင်မတန် စာကြိုးစားပြီး ရိုးသားတည်ကြည်သူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူဟာ မင်းကြီးမေးသမျှ အမှန်ကိုသာ ဖြေဆိုပါလိမ့်မယ် ခင်ဗျား"

ကျောင်းအုပ်ကြီးသည် သူ့တပည့် မောင်တင့်အပေါ် အားကိုးယုံကြည်စွာဖြင့် ပညာမင်းကြီးကို အာမခံချက်ပေးလိုက်လေသည်။

ကျောင်းအုပ်ကြီး၏ အာမခံချက်အတွက် ပညာမင်းကြီးလည်း အတော်ကလေး အားတက်ကျေနပ်သွားပုံရှိသည်။

ပညာမင်းကြီး၏ စိတ်တိုနေသော မျက်နှာကြီးသည် အနည်းငယ်ပြေလျော့သွားသလို ရှိသည်။ သူသည် မောင်တင့်ကို အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ပြီးမှ မျှော်လင့်အားထားစွာဖြင့် စတင်မေးမြန်းလိုက်လေတော့၏။

---

၁။ Mr. Wales

၂။ W.G.F.Wedderspoon

''ကဲ ဟေ့ မောင်တင်၊ မင်းဆရာကြီးက မင်းအတွက် အာမခံချက်ပေးထားသလို မင်းမှန်မှန်ဖြေမှာလား ကွ ဟေ''

''ဟုတ်ကဲ့ ဖြေပါ့မယ် ခင်ဗျာ''

မောင်တင်က ရိုသေစွာ ပြန်ဖြေလိုက်ရသည်။ ထိုအခါ ခေါင်းစောင်းကြီးလည်း သူလိုချင်သောမေးခွန်းကို အချိန်မဆွဲဘဲ မေးလိုက်တော့သည်။

''ကောင်းပြီ ဒါဖြင့် ပြောစမ်း။ ကျူပ်ရုံးက ဆိုင်ကယ်လ်ပြွန်းကို ဘယ်ကျောင်းသား လက်သီးနဲ့ထိုးလွှတ်လိုက် သလဲ''

''အဲဒါ ကျွန်တော်မသိပါဘူး ခင်ဗျာ''

မောင်တင်သည် ရုတ်ခြည်းပြတ်သားသွားသော ဆုံးဖြတ်ချက်ဖြင့် တည်ငြိမ်ကျနွေရစွာ ဖြေကြားလိုက်လေ တော့သည်။

ထိုအခါ မျှော်လင့်ထားသလို အဖြေကိုမရသော ခေါင်းစောင်းကြီး ဝက်ဒါစပွန်းသည် အတော်ကလေး မကျေမနပ်ဖြစ်သွားပုံရသည်။ သူ၏ စောင်းနေသော ခေါင်းကြီးသည် မောင်တင်၏ မျက်စိထဲတွင် ပို၍ စောင်းသွား သည်ဟု ထင်လိုက်မိသည်။

''မှန်မှန်ပြောစမ်း မောင်တင်၊ ကျောင်းသားတစ်ယောက်က ဆိုင်ကယ်လ်ပြွန်းကို လက်သီးနဲ့ထိုးတာတော့ မင်းမြင်မိတယ် မဟုတ်လားဟင်''

''ကျွန်တော် မမြင်ပါဘူး ခင်ဗျာ''

''အသေအချာ ဘယ်သူ ဘယ်ဝါဆိုတာကို မမြင်ဘူးဆိုပေမယ့် ကျောင်းသားတစ်ယောက်နဲ့ ပြာတာကုလား တို့ လုံးထွေးထိုးကြိတ်နေကြတာကိုတော့ မင်းသတိထားလိုက်မိတယ်မဟုတ်လား မောင်တင်''

''ကျွန်တော် သတိမထားမိပါဘူး ခင်ဗျား''

မင်းကြီး ဝက်ဒါစပွန်းက ဘယ်သို့ပင် လှည့်ပတ်မေးသော်လည်း သူ့ရင်ထဲ၌ ပြတ်ပြတ်သားသား ဆုံးဖြတ် ထားနေပြီဖြစ်သော မောင်တင်ကမူ ခိုင်ခိုင်မာမာဖြင့် ဘူးသာအတွင်ခံလိုက်လေသည်။

ထိုအခါ သူ့အပေါ် အတော်ကြီး ယုံကြည်စိတ်ချထားနေပုံရှိသော ကျောင်းအုပ်ဆရာကြီးကပါ မောင်တင် ၏ဘက်မှ ဝင်ရပ်လာလေတော့သည်။

''မင်းကြီးခင်ဗျာ ဒီသူငယ်အနေနဲ့ သူမသိဘူး၊ မမြင်ဘူး၊ သတိမထားမိဘူးဆိုတာတွေဟာ အမှန်ကို ဖြေနေ တာတွေသာ ဖြစ်ပါလိမ့်မယ် ခင်ဗျာ''

''ကဲ ကဲ ဒီလိုဆိုလဲ မင်းသွားနိုင်ပြီ''

ကျောင်းအုပ်ကြီး၏ ဝင်ရောက်ထောက်ခံချက်ကြောင့် မင်းကြီးဝက်ဒါစပွန်းလည်း မောင်တင်ကို ဆက်မမေး တော့ဘဲ ပြန်ခွင့်ပေးလိုက်လေသည်။

ထိုအခါ မောင်တင်သည် ဟန်မပျက်ပင် ရုံးခန်းထဲမှ တည်ငြိမ်စွာ ထွက်ခွာလာခဲ့တော့သည်။

ထို့နောက် ရုံးခန်းအပြင်ရောက်မှ တစ်ချိန်လုံး ဟန်ဆောင်တင်းထားခဲ့ရသမျှ လျှော့ချလိုက်ကာ မောင်တင် ခမျာ လူရောစိတ်ပါ သက်သာအေးချမ်းသွားရလေတော့သည်။

သူ့သူငယ်ချင်း ဘသောင်းအတွက် သူ့ဘက်မှ တာဝန်ကျေလိုက်နိုင်သဖြင့်လည်း မောင်တင်၏စိတ်မှာ ဝမ်းသာကြည်နူးသွားရပြန်သေးသည်။

တကယ်တော့ ဘာသာတရားနှင့် သူ့မိသားစု၏ သွန်သင်ဆုံးမချက်များအရ ဘယ်တုန်းကမျှ မောင်တင် လိမ်ညာ၍ မပြောခဲ့ဖူးပေ။

ထိုကြောင့် ဘသောင်း၏ အရေး၌ လိမ်ညာပြောရန် မောင်တင်ဝန်လေးနေခဲ့သည်။ မလိမ်လို့၍ အမှန်ကို ပြောလိုက်လျှင် ဘသောင်းကျောင်းထုတ်ခံရမှာ သေချာနေပြန်သည်ကိုလည်း မောင်တင်ထည့်တွေးရပြန်သည်။

ထိုအခါ မိုက်တိမိုက်ကန်းဘသောင်းက ကြိမ်းမောင်းထားခဲ့သည့်အတိုင်း မောင်တင်ကို ဓားနှင့်တကယ် မထိုးဘူးဟု မပြောနိုင်။

ဓားနှင့်တကယ်ထိုး၍ သူသေသွားလျှင် တရားဥပဒေကလည်း ဘသောင်းကို သက်ညှာလိမ့်မည်မဟုတ်။ အပြစ်ပေးဒဏ်ခတ်၍ ကြိုးပေးသတ်ပစ်လိမ့်ဦးမည်ဖြစ်သည်။

သည်အခါ ဟိတ်ဟန်များသည့် နိုင်ငံခြားသား ပြာတာကုလားတစ်ယောက်ကို လက်သီးနှင့်ထိုးရုံကိစ္စကလေးတစ်ခုအတွက်နှင့် ကိုယ့်မြန်မာအမျိုးကောင်း ကျောင်းသားနှစ်ယောက်တို့မှာ အလဟဿ ဆုံးရှုံးနစ်နာတော့မည်အရေးကို မောင်တင်အပြေးတွေးလိုက်မိလေသည်။

တကယ်တော့ ဘသောင်းအနေနှင့် ပြာတာကုလားကို မတရားစော်ကားပြီး သွားထိုးခဲ့ခြင်းလည်းမဟုတ်။ ပြာတာကုလားကသာ ကျောင်းသားများအား မထီလေးစားဖြင့် သူ့စက်ဘီးကို ခေါင်းလောင်းမတီးဘဲ ဘသောင်းကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ပြာတာကုလားက စက်ဘီးနှင့် ဝင်တိုက်သဖြင့်သာ ထိခိုက်နာကျင်သွားသော ဘသောင်းက ပြန်ထိုးလိုက်ခြင်းဖြစ်သည်။

သည်အတွက် အပြစ်ရှိချင်းရှိလျှင် ပြာတာကုလားမှာသာ အပြစ်ရှိလေသည်။

အပြစ်ရှိသော ပြာတာကုလားသည် ဘသောင်း၏ လက်သီးချက်ကြောင့် သွေးထွက်သံယိုလည်း ဖြစ်သွားခဲ့သည်မဟုတ်။

ဤတွင် ဘသောင်းကို မဖော်မထုတ်ခြင်းဖြင့် ပြာတာကုလား ဘယ်လိုမျှ ပိုပြီး ထိခိုက်နစ်နာသွားမည်မဟုတ်။ လက်ရှိ သူ့အလုပ်က ပြုတ်မသွား။ ဘယ်သူကမျှလည်း ထုတ်မပစ်။

အကယ်၍သာ ဘသောင်းကို ဖော်ထုတ်လိုက်ခြင်းဖြင့်လည်း ပြာတာကုလားမှာ ရာထူးတိုးကာ အကျိုးရှိသွားမည်မဟုတ်ပေ။

ဘသောင်းမှာသာ အကျိုးရှိခြင်းနှင့် အကျိုးယုတ်ခြင်းကို ထူးထူးခြားခြား ခံစားရမည်ဖြစ်လေသည်။

ထိုသို့သော အကျိုးအကြောင်းများကို သူ့ခေါင်းထဲ၌ အပြန်ပြန် အလှန်လှန် စဉ်းစားနေခဲ့သော မောင်တင်သည် အစစ်အမေးခံရန် ဒုတိယပညာမင်းကြီး အရှေ့သို့အရောက်မှာပင် ဘသောင်းအတွက် ကောင်းသောလိမ်ညာခြင်း အင်္ဂလိပ်စကားအားဖြင့် ဝိုက်လိုင်း* ဖြူစင်သော လိမ်ညာခြင်းအမှုကို ပြုပေးရန် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့လေသည်။

သူသည် ဆုံးဖြတ်လိုက်သည့် အတိုင်းလည်း ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်ခဲ့သည်။

ထိုကြောင့် နောက်ဆုံး၌ မောင်တင်၏ မင်သေတည်ငြိမ်လှသော 'ဘူး'စကားများကို ကျောင်းအုပ်ကြီးနှင့်အတူ မင်းကြီးဝက်ဒါစပွန်းတို့ ယုံစားသွားခဲ့ကြတော့သည်။

ပြီးလျှင် ပြာတာကုလားအား ကျောင်းသားတစ်ဦးက လက်သီးနှင့်ထိုးမှုကိုလည်း ပိတ်ပစ်လိုက်လေသည်။

သည်အတွက် အစစ်အမေး မခံရသေးသော မောင်တင်၏ အပေါင်းအသင်း ရောင်းရင်းသူငယ်ချင်းများမှာ သက်သာအေးချမ်းသွားရလျက် ဘသောင်းတွင်လည်း စိတ်ချလက်ချ နေထိုင်နိုင်လေတော့သည်။

---

* White Lie

# ၇

# သူ့အဖေ နှင့် သူ့ဆွေမျိုးများ

''ကိုယ်စီးထားတဲ့မြင်းက ရှေ့ကတန်းကို ခုန်ကျော်လိုက်တဲ့အခါ မြင်းဇက်ကြိုးကို မြဲမြဲဆွဲပြီး လူကို ကုန်းထားရတယ်၊ တစ်ချိန်တည်းမှာပဲ ခြေနင်းကိုလဲ နောက်ပြန်နာနာကန်ထား ရတယ်၊ ဒါမှ လူကမြင်းနဲ့ကပ်နေပြီး လန်ကျမသွားမယ်''

သူ့အသက် ငါးနှစ်သားအရွယ်တုန်းက မြင်းပေါက်ကလေးနှင့် ဆော့မကစားရ၍ သုံးလခွဲလုံးကြာအောင် ဆရာကိုရင်ကြီးကျောင်းတွင် တေမိထုံးနှလုံးမူကာ ဆန္ဒပြခဲ့ဖူးသော မောင်တင်သည် ယခု သူ့အသက်တစ်ဆယ့် ငါးနှစ်အရွယ်သို့ ရောက်သောအခါ၌ကား သူ့ဖေဖေ ဦးဖေထံမှ မြင်းစီးခြင်း အတတ်ပညာကို သင်ယူလိုက်လေတော့သည်။

''နောက် ကိုယ်စီးထားတဲ့မြင်းက တန်းကိုလွှားခနဲကျော်ပြီး ရှေ့ကို စိုက်ဆင်းသွားပြန်တဲ့အခါ လူပါစိုက်ပြီး လိမ့်ကျမသွားအောင် နောက်ဘက်ပြန်ကန်ထားနေတဲ့ခြေနင်းကို ရှေ့ဘက်ပြန်ပြောင်းပြီး တွန်းကန်ထားရတယ်။ တစ်ချိန်တည်းမှာပဲ ကုန်းထားတဲ့ ကိုယ်နေဟန်ထားကိုလဲ ပြန်မတ်ပြီး ထိန်းထားရသေးတယ်လေ''

သားသမီးများထဲတွင် သူနှင့်စိတ်ဓာတ်ရော ဝါသနာရော အတူဆုံးသားဖြစ်သူ မောင်တင်ကို ဦးဖေက သူ့ထံမှ မြင်းနှင့်ပတ်သက်သော အတတ်ပညာမှန်သမျှ တစ်ခုမကျန်ရအောင် စိတ်ရှည်လက်ရှည် သင်ကြားလေ့ကျင့်ပေးနေလေသည်။

ဦးဖေသည် သူ့အိမ်သုံးအတွက် လှည်းတစ်စီး၊ နွားတစ်ရှဉ်းနှင့် မြင်းသုံးကောင် မွေးထားသည်။ နွားနှင့်လှည်းသည် ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်ဖြစ်လျက် မြင်းနှစ်ကောင်ကိုမူ အိမ်သူအိမ်သားများ ရန်ကုန်သို့ သွားရေးလာရေးအတွက် အိမ်သုံးရထားလုံးတွင် အသုံးပြုသည်။ ကျန်သောမြင်းတစ်ကောင်ကိုကား ဦးဖေသည် ကျယ်ဝန်းသော သူ့ခြံကြီးအတွင်းတွင် သားအဖနှစ်ယောက် မြင်းစီး လေ့ကျင့်ကြလေသည်။

မောင်တင် မြင်းဝါသနာပါသည်ဆိုရာမှာ အပျော်စီးရုံသက်သက်မျှသာမဟုတ်။ သူ့ဖေဖေထံမှ မွေးမြူပြုစုနည်းများကိုပါ ကျွမ်းကျင်တတ်မြောက်ထားသူဖြစ်သည်။

ခုနစ်တန်းစာမေးပွဲကြီးပြီး၍ သူတို့ကျောင်းကြီး ပိတ်ပေးလိုက်လျှင် မောင်တင်သည် တစ်နှစ်ပတ်လုံး သူ ကျက်မှတ် ဖတ်လာခဲ့ရသော ကျောင်းစာများကို နွေရက်အားမှာ ခေတ္တ ခေါက်သိမ်းထားလိုက်သည်။

ပြီးလျှင် သူသည် အိမ်မှုကိစ္စဟူရမျှားဖြစ်သော ရေခပ် ထင်းပေါက် မြက်ရှင်း စသည်များကို တတ်အား သလို ကူညီလုပ်ကိုင်ပေးပြီးနောက် ကျန်သမျှအချိန်ပိုများကိုကား သူ့ဝါသနာကြီးရာ မြင်းကိစ္စများတွင်သာ နစ်မြုပ် အလုပ်ရှုပ်နေတတ်လေ့ရှိလေသည်။

သူသည် မနက်တိုင်း စောစောထပြီးနောက် မြင်းများအညောင်းပြေစေရန် တာပတ်ရိုက်ပေးရသည်။

လူက ကွင်းအလယ်မှရပ်ပြီး မြင်းကို ကြိုးရှည်ရှည်နဲ့ဆွဲကာ ကွင်းကိုပတ်ပြေးအောင် ကြာပွတ်နှင့်ရိုက်ပေး ရသော တာပတ်ရိုက်နည်းကို မောင်တင် ကျွမ်းကျင်နေခဲ့သည်မှာ ကြာလေပြီ။

ထိုနောက် မြင်းများကို အစာကျွေးသည်။ ပြီးလျှင် မာလေ့စ်လုပ်နည်းခေါ်သည့် မြင်း၏ကိုယ်ခန္ဓာတစ်ခုလုံး အနှံ့ လက်နှင့်တဘုတ်ဘုတ် ပုတ်ခတ်၍ နှိပ်နယ်ပေးရပြန်သည်။

တစ်ခါ ကျန်းမာရေးအတွက် မြင်း၏လည်ပင်းကို လက်နှင့်သိုင်းဖက်ကာ မော့စေပြီးနောက် လူများဘီယာ စုပ်သကဲ့သို့ မြင်းပါးစပ်မှာ ဆေးပုလင်းတပ်ကာ ဆေးဝါးများတိုက်ကျွေးရလေသည်။

ထို့အပြင် မြင်းများ၏ သန့်ရှင်းရေးအတွက် အချိန်မှန်မှန်ရေချိုးပေးရသလို သပ်ရပ်လှပရေးအတွက်လည်း မြင်းမွေးနှင့် လည်ဆံမွေးများကို သူ့အချိန်နှင့်သူ ညှပ်ပေးရပြန်သေးသည်။

ထိုသို့ မြင်းများကို ကြည့်ရှုပြုစုပေးမှုများတွင် မြင်းခွာထိုးနည်းမှာ အခက်ခဲဆုံးဖြစ်ကြောင်း မောင်တင်ကိုယ် တွေ့ လေ့လာသိရှိခဲ့ရလေသည်။

မြင်းခွာထိုးနည်းသည် ခက်ခဲပင်ပန်းရုံသာမက အန္တရာယ်နှင့်လည်း နီးကပ်လှပေသည်။

မြင်းခွာထဲမှ အမှိုက်သရိုက် ချေးညှော်များကင်းစင်သွားအောင် ထိုးထုတ်ပေးနိုင်ရန်မှာ မြင်း၏အရိပ်အခြည် ကို လူက ပထမလေ့လာရသေးသည်။

အခြေအနေကောင်းသည်ကို တွေ့ရမှ မြင်းအနားကို လူကပ်သွားဝံ့သည်။ ပြီးလျှင် မြင်း၏ပေါင်နှင့် လက်များ ကို လူက ပွတ်သပ်ပုတ်ခါ၍ ချော့မော့နှစ်သိမ့်ပေးလိုက်ရသည်။

ထိုသို့ချော့မော့လိုက်၍ မြင်း၏စိတ်မှာ ပျော့ပျောင်းသွားသလောက်အရှိတွင် လူက အမှတ်တမဲ့ အနေအထား မျိုးဖြင့် မြင်း၏ခြေထောက်ကို ခွာနားမှ မြဲမြဲဆုပ်ကိုင်ကာ ဇတ်ခနဲ ဆွဲမယူလိုက်ရသည်။

ထိုနောက် အချိန်မဆွဲဘဲ လက်ထဲမှ မြင်းခြေထောက်ကို လူက သူ့ပေါင်နှစ်လုံးကြားသို့ နောက်ပြန် အမြန် ထိုးသွင်း ခွညှပ်ထားလိုက်ရပြန်သည်။

ဤကဲ့သို့ မြင်းခြေထောက်ကို လူ၏ပေါင်နှစ်လုံးကြား၌ အသေအချာခွညှပ်ထားပြီးမှသာ စိတ်ချလက်ချ ခွာထိုးပေးနိုင်လေတော့သည်။

မြင်းခွာထိုးရာ၌ ရှေ့လက်နှစ်ချောင်းမှာ မခဲယဉ်းလှသော်လည်း နောက်ခြေနှစ်ချောင်းကို အကိုင်အတွယ် မတတ်ပါက မြင်းအကန်ခံရတတ်လေသည်။

အကယ်၍ မြင်းအကန်ခံရလျှင် သက်သာလှမည်မဟုတ်ပေ။

ထို့ကြောင့် မောင်တင်သည် မြင်းများအား ပြုစုပေးရာများတွင် ခွာထိုးခြင်းအမှုကို အထူးသတိကြီးစွာ ထားရှိခဲ့ရလေသည်။

ယခုအချိန်တွင်ကား သူသည် မြင်းများကို ပြုစုသုတ်သင်ပေးတတ်ရုံသာမက သူ့ဖေဖေ၏ စနစ်တကျ သင်ကြားပေးမှုများအရ မြင်းစီးခြင်းအတတ်ပညာကိုပါ ကောင်းစွာတတ်မြောက်သွားခဲ့လေပြီဖြစ်သည်။

သူသည် ဗမာကုန်းနှီးဖြင့် တထောက်ထောက်သွားရသော အသားကျသွားနည်းကိုလည်းကောင်း၊ အင်္ဂလိပ် ကုန်းနှီးဖြင့် ကိုယ်ယိမ်းသွားနည်းကိုလည်းကောင်း လှလှပပကြီး စီးပြတတ်နေလေပြီ။

ယခုတစ်ခါ သူ့ဖေဖေ၏ တစ်ဆင့်တက်၍ သင်ကြားလေ့ကျင့်ပေးချက်အရ ခြံစည်းရိုးနားတွင် တန်းကြီး ခြောက်တန်းထိုးလျက် မြင်းဖက်ကြိုးကို နိုင်နိုင်ကိုင်ရင်း ခုန်ပျံကျော်လွှားရသော အရှည်ခုန်နည်းနှင့် ထိုအရှည်ခုန် နည်းထက် ပို၍ခက်ခဲသော အမြင့်ခုန်နည်းတို့ကိုပါ မောင်တင် ကောင်းစွာတတ်မြောက်ကျွမ်းကျင်သွားခဲ့ပြန်လေ တော့သည်။

ထိုကဲ့သို့ မြင်းနှင့်ပတ်သက်၍ အတော်ကလေး ဗဟုသုတပြည့်ဝပြီး အတော်ကလေးလည်း နိုင်နိုင်နင်းနင်း

စီးတတ်သွားပြီဖြစ်သော မောင်တင်သည် သူ၏ အငြိမ်မနေတတ်သော စူးစမ်းလေ့လာချက်များအရ မြင်းဆိုး မြင်းကြမ်းများအား ကိုင်တွယ်ဆုံးမပြုပြင်နည်းများကိုပါ နားလည်တွေ့ရှိသွားခဲ့ပြန်လေသည်။

မောင်တင်တို့မွေးထားသော မြင်းသုံးကောင်တွင် ဖောင်းဝပ်ရောင်မြင်းတစ်ကောင်မှာ သန္ဓေအလွန်ဆိုးသည်။

ထိုမြင်းသည် သူ့ကျောပေါ်သို့ လူတက်စီးစအချိန်များတွင် သဘောအလွန်ကောင်းသည့်ဟန်ဖြင့် ငြိမ်နေတတ်သည်။ သူငြိမ်နေ၍ သူ့ကျောပေါ်ရှိလူက စိတ်ချလက်ချဖြစ်သွားချိန်လောက်ကျမှ သူက ဆတ်ခနဲ ခါချတတ်လေသည်။

အကယ်၍ စီးသူက သတိရှိပြီး ထိန်းကိုင်ထားနိုင်သဖြင့် လိမ့်ကျမသွားလျှင် မြင်းဆိုးသည် နီးရာသစ်ပင်တစ်ပင်ဆီသို့ အတင်းပြေးသွားတတ်သည်။ ပြီးလျှင် သူ့ကျောပေါ်မှ လူကို သစ်ပင်နှင့် အတင်းပွတ်တိုက်ပစ်လိုက်လေတော့သည်။

ထိုအခါ ထိုမြင်း၏ကျောပေါ်မှ စီးလိုက်လာသူခမျာ သစ်ပင်နှင့်မပွတ်မတိုက်မိစေရန် အမြန်ဆုံး ခုန်ဆင်းလိုက်ရရှာလေတော့သည်။

မောင်တင်သည် ထိုမြင်းကြမ်း၏ ဆိုးသွမ်းညစ်ပတ်မှုကို ခံယူခဲ့ရဖူးလေသည်။

သို့ရာတွင် မောင်တင်ကမူ တခြားသူများလို လွယ်လွယ်နှင့် အလျှော့မပေး။ လန့်ဖျပ် ကြောက်ရွံ့ပြီးနောက် မြင်းဆိုးကို အရှုံးမပေး။ မစီးဘဲမနေ။ တက်စီးလိုက် ခုန်ဆင်းလိုက်ဖြင့်သာ ထပ်ကာထပ်ကာပြုလေသည်။

ထိုသို့ပြုရင်းမှ အနီမြင်းဆိုးကို နှိမ်နင်းဆုံးမခြင်းဖြင့် အနိုင်ယူရန် မောင်တင်စိတ်ကူးထုတ်နေမိသည်။

ဤတွင် မကြာမတင်မှာပင် လိုလျှင်ကြံဆ မောင်တင်နည်းလမ်းရလာတော့သည်။

မောင်တင်သည် မြင်းဆိုး၏ကျောပေါ်မှ လိမ့်ကျမသွားအောင် ဇက်ကြိုးကို ခိုင်ခိုင်ကိုင်၍ ထိန်းထားလိုက်သည်။

ထိုအခါ မြင်းဆိုးသည် သူ့ကျောပေါ်မှ ဘယ်လိုမှ လိမ့်မကျနိုင်သော မောင်တင်ကို ခါချပစ်ရန် ဆက်လက်မကြိုးစားတော့။

သူသည် သူ၏ဒုတိယနည်းဖြစ်သော သစ်ပင်နှင့်ပွတ်တိုက်ချရန် နီးရာသစ်ပင်ဆီသို့ စွတ်ပြေးသွားလိုက်သည်။ သစ်ပင်နှင့်ပွတ်တိုက်လိုက်ပြီဆိုလျှင်တော့ မောင်တင်တစ်ယောက် အမြန်ခုန်ဆင်းခဲ့ရမြဲ မဟုတ်ပါလား။ သည်အကြောင်းကို မြင်းဆိုးက ကောင်းကောင်းသိထားခဲ့သည်။

ထို့ကြောင့် သစ်ပင်ရှိရာသို့ အတင်းစွတ်ပြေးသွားနေခြင်းဖြစ်သည်။

ထိုသို့ သူ့အကြံနှင့်သူ ပြေးသွားနေသော မြင်းဆိုး၏ ကျောပေါ်မှ မောင်တင်ကလည်း လူ့အကြံဖြင့်ပင် ဇက်ကြိုးကို အလိုက်သင့်လျှော့ပေးရင်း စီးလိုက်သွားလေသည်။

သည်အခါ မြင်းဆိုးအဖို့ သစ်ပင်ဆီသို့ ပို၍ မြန်ဆန်စွာ ရောက်သွားပြီးနောက် လူကိုပွတ်တိုက်ချပစ်လိုက်ပြန်တော့သည်။

သို့ရာတွင် သည်တစ်ခါ၌ မောင်တင်သည် ခါတိုင်းလိုမြင်းပေါ်မှ ခုန်မဆင်းရတော့ပေ။

သူသည် မြင်းဆိုးက သူ့ဘယ်ဘက်ရှိ သစ်ပင်ဆီသို့ အရှိန်နှင့်ဝင်ကာ ပွတ်တိုက်လိုက်သည်နှင့်တစ်ပြိုင်နက် အကြံဖြင့်လိုက်ပါသွားခဲ့သော မောင်တင်က လျှော့ပေးထားနေခဲ့သော ဘယ်ဘက်ဇက်ကြိုးကို တုံ့ခနဲဆွဲတင်းပေးလိုက်သည်။

ထိုအခါ သူ့အကြံအဖန် ဟုတ်လှပြီဟု အရှိန်နှင့်ပြေးသွားခဲ့သော မြင်းဆိုးခမျာ ကျောပေါ်မှလူကို ပွတ်တိုက်မချပစ်နိုင်ဘဲ သူ့ဦးခေါင်းနှင့်သစ်ပင်သာ တအားဝင်ဆောင့်လိုက်မိလေတော့၏။

ထိုသို့ မောင်တင်က ထပ်ခါတလဲလဲ ဆုံးမပေးလိုက်သောအခါ မြင်းဆိုးခမျာ ဦးခေါင်းတော်တော်နာသွားပုံရသည်။

သူသည် လူ့ကြံကို နတ်ကြံမနိုင်ဆိုသလို၊ သူ့ဆိုးသလောက်လိုက်ပြီး အပင်ပန်းခံကာ စိတ်ကူးထုတ်ဆုံးမပေးနေသော မောင်တင်ကို နောက်ဆုံး၌ လက်မြှောက်အရှုံးပေးလိုက်လေတော့သည်။

ထိုနေ့ ထိုရက်မှစ၍ ထိုမြင်းဆိုးသည် သူ့သန္ဓေဆိုးကို ဖျောက်ပစ်လိုက်ကာ လိမ္မာကောင်းမွန်သော မြင်းတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားလေတော့၏။

အနီ မြင်းဆိုးကို နိုင်နိုင်နင်းနင်း ဆုံးမပြုပြင်ပေးလိုက်သော မောင်တင်၏သတင်းသည် သူတို့ပတ်ဝန်းကျင်

အသိုင်းအဝိုင်းထဲတွင် တစ်မှုဟုတ်ချင်းပင် ကျော်စောပျံ့နှံ့သွားလေသည်။

ထိုအခါ သူတို့အဖို့ လက်လျှော့ထားနေခဲ့ကြရသော မြင်းဆိုးပိုင်ရှင်များက မောင်တင်ထံ အပြေးအလွှားလာ၍ အကူအညီတောင်းကြသည်။

မောင်တင်ကလည်း မငြင်းမဆန် အကူအညီ ပေးလိုက်လေသည်။

ထိုသို့ မငြင်းမဆန်ဖြင့် မအားနိုင်အောင် စေတနာကောင်းကောင်းဖြင့် အကူအညီပေးနေရသော မောင်တင်ခမျာ သက်သာလှသည်တော့မဟုတ်။

မြင်းဆိုးများကို တစ်ကောင်ပြီးနောက်တစ်ကောင် ဆုံးမပြုပြင်ပေးနေရသူ မောင်တင်သည် အခကြေးငွေသာ တစ်ပြားတစ်ချပ်မှ မရသော်လည်း အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော မြင်းပေါ်မှ လိမ့်ကျခြင်း၊ မြင်းအကန်ခံရခြင်းတို့ကိုမူ အဆင်မသင့်လျှင် မသင့်သလို ခံယူရရှိတတ်ခဲ့လေသည်။

သို့ရာတွင် ထာဝစဉ်ကိုယ်လက်လှုပ်ရှားခြင်း၏ အကျိုးကျေးဇူးကြောင့် မျက်စိရှင် သတိရှိကာ၊ သွက်လက်ဖျတ်လတ်စွာဖြင့် ခုန်ပျံရှောင်တိမ်းတတ်သော မောင်တင်အဖို့ အကြီးအကျယ် ထိခိုက်နာကျင်ခြင်းမျိုး ဘေးဆိုးများမှမူ လွတ်ကင်းချမ်းသာခဲ့ရလေသည်။

အင်းစိန်တောမြို့ကလေး၌ မွေးဖွားကြီးပြင်းလာခဲ့ကြရသော မောင်တင်တို့ ညီအစ်ကိုတစ်စုခမျာ ရန်ကုန်မြို့ကြီးတွင် ခေတ်စားနေသည့် အနောက်တိုင်း အားကစားနည်းများဖြစ်သော ရေကူးခြင်း၊ တင်းနစ်ဘောလုံးရိုက်ခြင်း၊ ဘောလုံးကန်ခြင်းများကိုကား မြို့ကြီးသားများလို ပြုခွင့်မရရှိကြ။

သို့ရာတွင် သူတို့ဖေဖေ၏ မြော်မြင်စီစဉ်ချက်များအရ မောင်တင်တို့ ညီအစ်ကိုတစ်တွေမှာ ကသိုလ်လည်းရ ဝမ်းလည်းဝရုံမက ကိုယ်ကာယလည်းလှပ စကားအသွားအား တိုးပွားဆိုယူရလောက်သော တခြားကိုယ်လက်လှုပ်ရှားနည်းများကိုမူ ပြုလုပ်လေ့ကျင့်ခွင့်များ ရရှိနေခဲ့ကြလေသည်။

''တစ်နေ့တစ်နေ့ ကျောင်းစာတွေကိုချည်း ကုန်းကျက်နေကြတဲ့ မင်းတို့တစ်တွေကို ကြည့်ရတာ ညှောင်းလှသကွယ်၊ အညှောင်းပြေအောင်လာကြ၊ နေ့တိုင်းအချိန်ပေးပြီး ခြံရှင်းကြ၊ မြေပေါက်ကြ၊ သစ်ပင်စိုက်ကြ''

သူကိုယ်တိုင် တလှုပ်လှုပ်ဖြင့် အငြိမ်မနေတတ်သော ဦးဖေသည် သူ့သားများကိုလည်း ပေါ်ကြော့မထား။ သူတစ်လက် ကိုယ်တစ်လက်ဆိုသလို ထင်းခွဲထင်းပေါက် ရေခပ် စသည့် အိမ်မှုကိစ္စများကို အလှည့်ကျတာဝန်ယူကာ လုပ်ကိုင်ပေးကြရသည်။

မောင်တင်ဆိုလျှင် သူ့အသက် တစ်ဆယ့်နှစ်နှစ်အရွယ်ကတည်းက ရေတွင်းမှ ရေကိုင်ငင်ပြီးနောက် ရေနံဆီပုံးနှစ်လုံးတွင် အပြည့်ဖြည့်လျက် တစ်ဖက်တစ်ချက် ပြိုင်တူဆွဲကာ အိမ်မြင့်ကြီးပေါ်သို့ အခေါက်ခေါက် သယ်တင်ပေးလာခဲ့သူဖြစ်သည်။

ထို့နောက် အချိန်ရလျှင်ရသလို သူတို့၏ သုံးကေမျှရှိသော ခြံကျယ်ကြီးကို သူတို့ ဖေဖေ ဦးဖေ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မောင်တင်တို့ ညီအစ်ကိုတစ်တွေမှာ တောသားများပမာ ခုတ်ထွင်ရှင်းလင်းခြင်း၊ တူးဆွစိုက်ပျိုးခြင်းများကို ခွန်တိုက်အားတိုက် လှုပ်ရှားလုပ်ကိုင်လိုက်ကြရပြန်လေတော့သည်။

တကယ်လည်း သူတို့နေထိုင်ရာ အင်းစိန်မြို့ကလေးကို တောရပ်တောရွာကလေးအဖြစ် ရန်ကုန်မြို့မှ မြို့ကြီးသားဆွေမျိုးများက သဘောထားနေကြသည်။

တစ်ခါကဆိုလျှင် မောင်တင်တို့ထံသို့ ဦးလေး ဦးထွန်းငြိမ်းနှင့်အတူ ဝမ်းကွဲဦးလေး ဦးဖိုးဆင်တို့ စက်ဘီးအသစ်ကလေးကို နှစ်ယောက်အတူစီးလျက် အလည်ရောက်လာခဲ့ကြသည်။

ခဏအကြာတွင် ဦးလေးဦးဖိုးဆင်က

''ဟေ့ မင်းတို့အမေဆီက ခြင်ထောင်တစ်လုံး သွားယူစမ်းကွာ''ဟု ခိုင်းသဖြင့် မောင်တင်တို့လည်း သွားတောင်းပေးလိုက်ကြသည်။

''မင်းတို့တောက ကြက်ယက်ဘာယက်နဲ့ ငါ့စက်ဘီးဖုန်တွေမတက်အောင် ခြင်ထောင်ထောင်ထားရမယ်''

ဟု ဦးလေး ဦးဖိုးဆင်က ပြောပြီးနောက် စက်ဘီးကို ခြင်ထောင်ထောင်ထားပေးသဖြင့် မောင်တင်တို့တစ်တွေမှာ အားရပါးရ ရယ်မောခဲ့ကြရသေးသည်။

ထိုသို့ အကြမ်းပတမ်း လုပ်ကိုင်နေထိုင်ကာ သန်သန်မာမာ ကျားကျားလျားလျား ရှိနေကြသော မောင်တင်တို့ညီအစ်ကိုတစ်စုကို ရန်ကုန်မြို့ကြီးမှ မြို့ကြီးသား ဝမ်းကွဲညီအစ်ကိုများက မခံချင်အောင် စတတ် နောက်တတ်ကြ

လေသည်။

''မင်းတို့ဟာ ဂျမ်းကလီးတွေပါကွာ''

သူတို့ညီအစ်ကိုတစ်တွေကို ဂျမ်းကလီးတောသားတွေဟု အစအနောက်ခံရ၍ မောင်တင်တို့က စိတ်မဆိုးကြပေ။ စိတ်မဆိုးသည့်အပြင် တောသားများပမာ ခွန်အားစိုက်ထုတ်ပြီးနောက် ချွေးနှင့် ရင်းနှီးလုပ်ကိုင် စိုက်ပျိုးခြင်းဖြင့် ရရှိလာခဲ့သော ခြံထွက်သီးနှံများကိုပင် စေတနာအပြည့်ထားလျက် ခူးဆွတ်ကျွေးမွေးညှော်ခံလိုက်ကြသေးသည်။ အိမ်အပြန် လက်ဆောင်အဖြစ်လည်း ထည့်ပေးလိုက်ကြပြန်သေးသည်။

သို့ရာတွင် မြို့ကြီးသား ဝမ်းကွဲညီအစ်ကိုများကို မောင်တင်တို့အင်းစိန်ပေါက်တောသားတွေက ပညာစွမ်းတော့ပြလိုက်ကြလေသည်။

''မင်းတို့ ရန်ကုန်မြို့သားကြီးတွေ တို့တောကို အလည်ရောက်တုန်း မြင်းစီးသွားကြပါဦးလားကွ''

မြို့ကြီးသားများကို မောင်တင်တို့က မြင်းပေါ်တင်ပြီးနောက် ကြာပွတ်နှင့် ရိုက်ပေးလိုက်ကြသည်။

ထိုအခါ မြင်းက ဒုန်းစိုင်းပြေးလေတော့သည်။

''ဟေ့ ဟေ့ လုပ်ပါဦးကွ၊ လိမ့်ကျတော့မယ်ကွ''

ဒုန်းစိုင်းပြေးနေသော မြင်းကျောကုန်းပေါ်မှ ကြောက်လန့်တကြား ခြေလက်ကားယားဖြစ်နေကြသော မြို့ကြီးသားများကို ကြည့်လျက် မောင်တင်တို့ ညီအစ်ကိုတစ်တွေမှာ ဗိုက်နှိပ်ကာ အူတက်မတတ်ရယ်ကြရလေသည်။

''မင်းတို့ မြို့ကြီးသားတွေရဲ့လက်က တင်းနစ်ရိုက်တံကိုသာ ကိုင်နိုင်တာပါကွာ၊ တို့လို မြင်းဇက်ကြိုးကို နိုင်အောင်ဆွဲကိုင်ထားဖို့ကျတော့ ကျားကျားလျားလျား ဖွဲ့အားသတ္တိမှ မရှိကြပဲလားကွ ဟား ဟား''

အစအနောက်ကောင်းခဲ့ကြသော မြို့ကြီးသားများခမျာ မောင်တင်တို့ ညီအစ်ကိုတစ်စု၏ ပြန်လည်လှောင်ပြောင်မှုကို မချေပနိုင်အောင် ငြိမ်ခံလိုက်ကြရရှာလေတော့သည်။

''လာလေ တို့တစ်တွေ လက်လှဲတမ်းကစားကြမယ်''

လက်လှဲပြိုင်တမ်းကစားလျှင်လည်း မောင်တင်တို့ကသာနိုင်ကြစမြဲဖြစ်သည်။

''လာဟေ့ မင်းတို့မြို့ကြီးသားတွေ ဘယ်ကလောက် အင်အားရှိကြသလဲဆိုတာ သိရအောင် လေးထောင့်ရေနံဆီပုံးနှစ်လုံးကို ရေအပြည့်ထည့်ပြီး အိမ်ပေါ်အရောက် မနားတမ်း တစ်ဖက်တစ်ပုံးစီ ဆွဲတက်တမ်း ပြိုင်ကြရအောင်လေ၊ ဘယ့်နှယ်လဲ''

မောင်တင်တို့၏ စိန်ခေါ်ချက်ကို မြို့ကြီးသားများခမျာ လက်မခံရဲကြ။

''ကဲပါကွာ၊ လှိုင်မြစ်ကမ်းကို အသွားအပြန် မနားတမ်း လမ်းလျှောက်တာလောက်တော့ မင်းတို့ပြိုင်နိုင်ကြမှာပါ ဟုတ်လား''

လမ်းလျှောက်ပြိုင်ပွဲကိုတော့ မြို့ကြီးသား ညီအစ်ကိုများက အားခဲကြခဲ့ကြသေးသည်။

သို့ရာတွင် ပေါက်တောမှနေ၍ တစ်မိုင်ခန့်မျှသာ အကွာအဝေးရှိသော လှိုင်မြစ်ကမ်းကို အသွားတစ်ခေါက်နှင့်ပင် မြို့ကြီးသားများခမျာ လက်မြှောက်အရှုံးပေးသွားခဲ့ကြလေတော့၏။

''ဟာကွာ မင်းတို့တောလမ်းကို လျှောက်ရတာ ပေါင်ပွန်းလှသကွ''

ဦးဖေ၏ညီအငယ် မောင်တင်တို့၏ဦးလေး ဦးနေဒွန်း၏ သားအကြီး ဖိုးရာဇာမှာ ခပ်ဝဝဖြစ်ရာ ပေါင်တွေပွန်းကုန်တော့သည်။

မောင်တင်တို့သည် မခံချင်စိတ်ဖြင့် အစွမ်းထုတ်ပညာပြမိကြသော်လည်း သူတို့ထံသို့ မြို့ကြီးသား ညီအစ်ကိုများ ယခုလို တစ်ပတ်တစ်ပတ် အလည်ရောက်လာကြသည်ကိုမူ သူတို့ပျော်ကြလေသည်။

''ဟေ့ မင်းတို့တစ်တွေ သောကြာနေ့ကျ ဆက်ဆက်လာခဲ့ကြနော်၊ မေ့မနေကြနဲ့ဦးကွ''

ပျော်ပျော်ပါးပါး စားကြ၊ သောက်ကြ၊ ကစားကြပြီးနောက် ပြန်ခါနီး၌ မြို့ကြီးသားညီအစ်ကို မောင်နှမသားချင်းများက မောင်တင်တို့ ညီအစ်ကို မောင်နှမများကို သတိပေးမှာကြားခဲ့ကြလေ့ရှိလေသည်။

အကယ်၍ သူတို့သတိမပေး၊ မမှာမကြားခဲ့လည်း မောင်တင်တို့ မောင်နှမတစ်စုက ထိုသောကြာနေ့ကိုတော့ မေ့ကြလိမ့်မည်မဟုတ်ပေ။

သူတို့သည် အထူးသတိထားလျက် ဆက်ဆက်ရောက်အောင် သွားကြမည်သာဖြစ်လေသည်။

တစ်နေ့တစ်နေ့ အင်းစိန်၊ ပေါက်တောခြံကြီးနှင့် အိမ်ကြီးထဲမှာသာ တာဝန်ကိုယ်စီဖြင့် အချိန်များ ကုန်ဆုံး

သွားနေခဲ့ကြရသော မောင်တင်တို့ ညီအစ်ကိုမောင်နှမတစ်စုအဖို့ ထိုသောကြာနေ့တွင်မှ ရန်ကုန်မြို့ကြီးသို့ သွားဖြစ်လျက် မြို့ကြီးသား ဆွေမျိုးများနှင့် ပျော်ပျော်ပါးပါး ပြန်လည်ဆုံတွေ့ကြရပြန်သည် မဟုတ်ပါလား။

ထိုသောကြာနေ့တွင် သူတို့ဆွေမျိုးတစ်စု ပျော်ပျော်ပါးပါး ဆုံတွေ့လေ့ရှိကြသော နေရာသည်ကား ရန်ကုန်မြို့အလုံရပ်ရှိ ဦးဖေ၏ ညီအငယ် မောင်တင်တို့၏ဦးလေး စာတော်ပြန်ဝန်ထောက် ဦးထွန်းငြိမ်း၏ "ဒစ်ဂင်း" အမည်ရှိ အိမ်ကြီးတွင် ဖြစ်လေသည်။

အင်္ဂလိပ်အသံထွက် "ဒစ်ဂင်း" (Digging) ဟူသည်မှာ အင်္ဂလန်ပြည် လန်ဒန်မြို့ရှိ အော့စဖို့ဒ်နှင့် ကင်းဘရစ်ချ်တက္ကသိုလ်ကျောင်းသားများနေသော နေရာတစ်ခုကို အစွဲပြုမှည့်ခေါ်ထားခဲ့ခြင်းဖြစ်ကြောင်း မောင်တင်တို့ကြားသိရလေသည်။

အမှန်မှာ ထိုသို့ ပျော်ပျော်ပါးပါး ဆုံမိကြရအောင် ဆွေစုမျိုးစု၊ တူသားနောင်မယ်များကို ဦးထွန်းငြိမ်းက စုစည်းဖိတ်ခေါ်ထားခဲ့ခြင်းပင်ဖြစ်လေသည်။

မောင်တင်တို့၏ ဦးလေး စာတော်ပြန်ဝန်ထောက်ကြီး ဦးထွန်းငြိမ်း (အီး-အေ-စီ)* သည် စာပေနှင့် ဂီတ အနုပညာရပ်များတွင် အထူးဝါသနာကြီးသူ၊ လေ့လာလိုက်စားသူတစ်ဦးဖြစ်လေသည်။

သူသည် အင်္ဂလိပ်-မြန်မာ အဘိဓာန်ကြီးကို တစ်ဖက်မှ စုဆောင်းရေးသားပြုစုရင်း တစ်ဖက်မှလည်း သီဆိုတီးမှုတ်ခြင်း ဂီတပညာအား ဆည်းပူးလေ့ကျင့်နေလေသည်။

ဦးထွန်းငြိမ်းသည် သူ၏ တူသားနောင်မယ်များကို သောကြာနေ့တိုင်း သူ့အိမ်ကြီးတွင် စုစည်းခေါ်ယူပြီးနောက် သူကိုယ်တိုင် ရေးစပ်သီကုံးထားသော ဓမ္မတေးများကို သင်ကြားပေးနေခြင်းဖြစ်သည်။

ထိုသို့ ဦးထွန်းငြိမ်းအိမ်ကြီး၌ စုစည်းမိကြသော မောင်တင်တို့ ဆွေအုပ်မျိုးအုပ် သီချင်းဆိုအဖွဲ့မှာ အမြဲတမ်း လူ ၇၀ ကျော် ၈၀ ခန့်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား ရှိလေသည်။

ဦးထွန်းငြိမ်းက ဂီတအနုပညာမှာ ဝါသနာကြီးကာ လိုက်စားသလို သူ့ဇနီးဒေါ်ငြိမ်းအေးနှင့်အတူ သားသမီးအားလုံးတို့သည်လည်း အဆိုကောင်း၊ အတီးအမှုတ်ကောင်းများပင် ဖြစ်ကြလေသည်။

ဦးထွန်းငြိမ်းသည် သူ့ဇနီးနှင့် သမီးများအတွက် ဂျာမနီလုပ် အကောင်းစား ပီယာနိုကြီးတစ်လုံးကို ကျပ်တစ်ထောင်ကျော်ပေး၍ ဝယ်ထားပေးသည်။

ပြီးလျှင် မစ္စယူဘီဂွိုက်ဆိုသော အမေရိကန်လူမျိုး ဆရာမတစ်ဦးကို လူတစ်ယောက် တစ်လတစ်ဆယ်ကျပ်နှုန်းဖြင့် အတီးသင်ပေးစေပြန်လေသည်။

ဦးထွန်းငြိမ်း မိသားစု၏ ပီယာနိုကြီးဖြင့်ပင် အခြားဆွေမျိုးများနှင့်အတူ မောင်တင်၏ မမများလည်း အတီးလာသင်ကြလေသည်။

ထိုအခါ မောင်တင်တို့ ဆွေစုမျိုးစုကို သင်ပေးရုံနှင့်ပင် ပီယာနိုတီးဆရာမ မစ္စယူဘီဂွိုက်မှာ တစ်လငွေ ၄၀၀ ကျပ်ခန့် ဝင်ငွေရရှိနေလေသည်။

ဦးထွန်းငြိမ်းသည် ဇနီး သမီးနှင့် တူမများကို ဆရာမဖြင့် ပီယာနိုအတီးသင်စေသလို သူ့သားများနှင့် သူ့တူများကိုလည်း သူကိုယ်တိုင် တယောအထိုးသင်ပေးလေသည်။

မောင်တင်တို့အားလုံး တယောထိုးသင်ပြီးနောက် အမြဲတမ်း လေ့ကျင့်နိုင်စေရန်အတွက် ဦးလေးဦးထွန်းငြိမ်းက တယောတစ်လက်စီ အစေ့အငှ ဝယ်ပေးထားသည်။

ထို့အပြင် ဂီတနှင့် ပတ်သက်သော စာအုပ်များကိုလည်း နိုင်ငံခြားမှ မှာယူပေးပြန်သေးသည်။

သူတို့သည် သောကြာနေ့တိုင်း ဦးထွန်းငြိမ်း၏ အိမ်၌ စုဝေးလျက် သီချင်းအဆိုကျင့်ကြသလို စနေနေ့တိုင်းတွင်လည်း စုပေါင်း၍ တယောထိုးခြင်း၊ စန္ဒရားတီးခြင်း အမှုကို ပြုကြလေသည်။

ထို့နောက် တနင်္ဂနွေနေ့များတွင်ကား မောင်တင်တို့ ဆွေစုမျိုးစု ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အားလုံးသည် ဦးထွန်းငြိမ်း၏ "ဒစ်ဂင်း"အိမ်ကြီးမှာပင် စုပေါင်းလျက် ငြိမ်ငြိမ်သက်သက် ဝတ်တက်ကာ ဘုရားရှိခိုးစည်းဝေးပြုလုပ်လိုက်ကြလေတော့သည်။

---

* E.A.C.- Extra Assistant Commissioner.
(အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးအမှုထမ်းများအတွက် အမြင့်ဆုံး ပေးအပ်ခဲ့သော ဘွဲ့ထူးရာထူးကြီး)

ထိုသို့ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများ စုပေါင်း၍ သီချင်းဆို၊ တယောထိုး၊ စန္ဒရားတီးကြရခြင်းကို မောင်တင် အထူးနှစ်ခြိုက်ပျော်ပိုက်မိလေသည်။

ထို့ကြောင့် သူတို့ ညီအစ်ကိုမောင်နှမတစ်စုသည် မြို့ကြီးသား ဝမ်းကွဲများက သတိမပေးလည်း ရောက်လာမည့် သောကြာနှင့် စနေနေ့များကို မမေ့တမ်း သတိရစိတ်စောနေမိကြလျက်သာရှိလေတော့သည်။

သူတို့သည် မပျက်မကွက် ဆက်ဆက်ရောက်အောင်လည်း သွားခဲ့ကြသည်ချည်းသာ ဖြစ်လေသည်။

ယခုအပတ် သောကြာနှင့် စနေတွင်လည်း မောင်တင်သည် သူ့မမများကိုယ်တိုင် ရက်ကန်းစင်တွင် ထိုင်ရက်ပေးသော ပုဆိုးအစိမ်းကွက်အသစ်ကျပ်ချွတ်ကလေးကို အကျအန ဝတ်ဆင်ပြီးနောက် ဆွေမျိုးစု သီချင်းဆိုပွဲနှင့် တယောထိုးပွဲသို့ ပျော်ပျော်ကြီး တက်ရောက်ဝင်နွှဲလိုက်ပြန်တော့သည်။

မောင်တင်၏ စိတ်ကိုက ကြည်လင်ရွှင်လန်းနေ၍လားမသိ။ ယခုအပတ် သီချင်းဆိုရခြင်းနှင့် တယောထိုးရခြင်းတို့ကို ခါတိုင်းအပတ်တွေထက် ပို၍တက်ကြွပျော်ရွှင်စရာကောင်းသည်ဟု သူထင်မိသည်။

နွေကျောင်းပိတ်ရက် ဖြစ်သောကြောင့် လူစုံတက်စုံပါဝင်နိုင်သော သူတို့ဆွေမျိုးစု၏ ယခုအပတ် အဆိုအတီးများသည် ခါတိုင်းထက်ထူးကာ အမြိုင်ဆိုင်ဆုံးဖြစ်နေလေသည်။

သည်အတွက် မောင်တင်၏ စိတ်မှာလည်း ခါတိုင်းနှင့်မတူအောင် ထူးထူးခြားခြား မှတ်မှတ်သားသားပို၍ ခံစားပျော်ရွှင်သွားမိလေသည်။

သို့ရာတွင် ထိုသို့ဆွေစုမျိုးစု အဝန်းအဝိုင်းအလယ်မှ ထူးထူးခြားခြား ကြည်နူးပျော်ရွှင်ခဲ့ရခြင်းသည် သူ့အတွက် နောက်ဆုံးနေ့ရက် အချိန်နာရီများသာဖြစ်ခဲ့ကြောင်းကိုမူ မောင်တင်ခမျာ မသိခဲ့ရှာ။

ထိုကဲ့သို့ အထူးတလည် ပျော်မြူးကြည်နူးခဲ့ရသော အဆိုပါသောကြာနှင့် စနေကို လွန်မြောက်ပြီးနောက် ရောက်လာပြန်သည့် ထိုတနင်္ဂနွေနေ့ကလည်း ပြုနေကျအတိုင်းပင် မောင်တင်တို့ ဆွေသိုက်မျိုးသိုက်သည် ဦးထွန်းငြိမ်း၏ အိမ်ကြီးမှာပင် လူစုံတက်စုံဖြင့် ဘုရားရှိခိုး စည်းဝေးပြုလုပ်လိုက်ကြပြန်သည်။

ထိုဘုရားရှိခိုး စည်းဝေးအပြီးမှာပင် အိမ်ကြီးရှင် ဦးလေးဦးထွန်းငြိမ်း၏ ပြင်းထန်စွာ ထုတ်ပြန်လိုက်သော ရာဇသံအမိန့်ကို မောင်တင်တို့ ညီအစ်ကို မောင်နှမတစ်စုခမျာ တအံ့တအား နာခံကြားသိလိုက်ကြရလေသည်။

''ဆွေစုမျိုးစုအဖွဲ့ဝင်အားလုံးတို့အနေနဲ့ ဦးဖေတို့မိသားစုကို လမ်းမှာတွေ့ရင်တောင် မခေါ်ရ၊ မပြောရ၊ နှုတ်မဆက်ရ''

ထိုနေ့က စုပေါင်းဘုရားရှိခိုးစည်းဝေးပြီးစီးသွားသောအခါ သမ္မာကျမ်းစာကို အခြေခံလျက် တရားဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်လိုက်ကြပြန်သည်။

ထိုတရား ဆွေးနွေးပွဲကိုမူ မောင်တင်တို့ လူငယ်လူရွယ်များ ပါဝင်လေ့မရှိကြ။

သူတို့ဖေဖေ ဦးဖေ အမှူးပြုသော ဦးလေး ဦးထွန်းငြိမ်းတို့လို ကျမ်းတတ်ပုဂ္ဂိုလ်များချည်း စုဝေးဆွေးနွေးလေ့ရှိသော လူကြီးပိုင်းသန့်သန့်ဝိုင်းဖြစ်လေသည်။

ထိုတနင်္ဂနွေနေ့က ထိုကဲ့သို့ ပြုနေကျ လူကြီးပိုင်းသန့်သန့် တရားဆွေးနွေးပွဲအပြီးမှာ ဦးလေးဦးထွန်းငြိမ်းက အစ်ကိုကြီးအရင်းဖြစ်သူ မောင်တင်တို့ဖေဖေ ဦးဖေကို သူ့အိမ်ကြီးထဲမှ အပြီးနှင်ထုတ်လိုက်ကာ အထက်ပါ တစ်ချက်လွှတ်အမိန့်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်လေသည်။

သူတို့ လုံးဝမျှော်လင့်မထားမိသော ဦးလေးဦးထွန်းငြိမ်းထံမှ အဆိုပါ ညွှန်ကြားချက်အမိန့်သံကို နာခံလိုက်ရလျှင် မောင်တင်တို့ ညီအစ်ကိုမောင်နှမတစ်စုမှာ အထူးပင် အံ့အားသင့်သွားခဲ့ကြလေသည်။

သူတို့သည် မယုံနိုင်လောက်အောင်လည်း ဦးလေး ဦးထွန်းငြိမ်းအပေါ် အံ့သြနားမလည် ဖြစ်သွားမိကြပြန်သည်။

တစ်ဦးအပေါ်တစ်ဦး ထာဝစဉ်ကြင်နာချစ်ခင်လာခဲ့ကြသော ညီအစ်ကိုချင်း၊ ဆွေမျိုးအရင်းကြီးများတွင် ဘယ်အတွက် ထိုသို့ဖြစ်ပျက်ပြောင်းလဲသွားခဲ့သည်ကို မောင်တင်တို့ စဉ်းစားမရဖြစ်နေကြသည်။

ထို့ကြောင့် မယုံနိုင်စွာ အံ့သြနားမလည်စွာဖြင့် စူးစမ်းမေးမြန်းလိုက်သောအခါကျမှ ဖြစ်ခဲ့ရသည့် အကြောင်းရင်း ဇာစ်မြစ်ကို မောင်တင်တို့တစ်တွေ သိရှိကြရလေတော့၏။

ထိုနေ့က တရားဆွေးနွေးပွဲတွင် ဦးဖေနှင့် ဦးထွန်းငြိမ်းတို့ ညီအစ်ကိုနှစ်ယောက် သမ္မာကျမ်းစာထဲမှ အချက်အလက်တချို့နှင့် ပတ်သက်၍ ခံယူချက်ချင်း သဘောကွဲကာ အငြင်းပွားခဲ့ကြသည် ဆိုသည်။

ဤတွင် တစ်ဖက်နှင့်တစ်ဖက် မလျှော့တမ်း တင်းတင်းမာမာ ပြင်းပြင်းထန်ထန် အကျောက်အကန် ဆက်လက် အငြင်းပွားရာမှ ဦးထွန်းငြိမ်းက အစ်ကိုကြီးအရင်းဖြစ်သူ ဦးဖေကို သူတို့ဆွေမျိုးစုအသင်းအဖွဲ့ထဲမှ ထုတ်ပယ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ဦးထွန်းငြိမ်းသည် ဘုရားတရားနှင့် ပတ်သက်လာလျှင် သားအဖချင်းပင် မငဲ့နိုင်ဟူသော ခံယူချက်ကို စွဲမြဲလက်ကိုင်ထားနေသူ ဖြစ်သည်။

ထိုကြောင့်ပင် သူသည် သူနှင့်ခံယူချက်ချင်း မတူကွဲပြားသွားခဲ့သော အစ်ကိုရင်း ဦးဖေအား မိသားစုနှင့်တကွ အသင်းမှ ထုတ်ပစ်လိုက်တော့သည်။

အသင်းမှ ထုတ်ပစ်ရုံနှင့် ကျေနပ်ဟန်မတူသော ဦးလေး ဦးထွန်းငြိမ်းသည် ဦးဖေတို့ မိသားတစ်စုလုံးကို သူ့အိမ်သို့ လာခွင့်ဝေး၍ လမ်းမှာတွေ့လျှင်ပင် ခေါ်ပြောနှုတ်ဆက်ခြင်း မပြုရဟု ကျန်အသင်းသား ဆွေမျိုးများအား ညွှန်ကြားချက်အမိန့် ထုတ်ပြန်လိုက်သေးသည်။ ထိုအမိန့်ကို မောင်တင်တို့ ညီအစ်ကို မောင်နှမများခမျာ ဘာမျှမတတ်နိုင်ဘဲ ဝမ်းနည်းပက်လက်သာ ခံယူထားလိုက်ကြရရှာလေတော့သည်။

ယခုလို ဖြစ်ပျက်သွားခဲ့ရခြင်းအတွက် သူတို့မိသားစုထဲတွင် မောင်တင်တစ်ယောက်မှာ စိတ်နှလုံးအထိခိုက်ရဆုံးဖြစ်လေသည်။

သို့ရာတွင် မောင်တင် စိတ်ထိခိုက်ရခြင်းမှာ ဦးလေး ဦးထွန်းငြိမ်းက သူတို့မိသားစုကို အသင်းမှ ထုတ်ပစ်ခြင်းကြောင့်ကားမဟုတ်။

ဆွေမျိုးအရင်းချင်း လမ်းမှာတွေ့လျှင်ပင် ခေါ်ပြောနှုတ်ဆက်ခြင်းမပြုရဆိုသော တစ်ချက်လွှတ်အမိန့်ကြောင့်လည်း မဟုတ်။

သူ့အဖို့ သောကြာနှင့် စနေနေ့တိုင်း ညီအစ်ကိုမောင်နှမတွေ စုပေါင်းပြီးနောက် ပျော်ပျော်ပါးပါး သီချင်းဆိုခွင့်၊ တယောထိုးခွင့်များအား လက်လွှတ်ဆုံးရှုံးလိုက်ရသောကြောင့်သာဖြစ်လေသည်။

ထိုကဲ့သို့ မောင်တင်တစ်ယောက်မှာသာ မိသားစုများထဲမှ ထူးထူးခြားခြား မကျေမချမ်းနိုင်အောင် ဝမ်းနည်းထိခိုက်နေမိသော်လည်း သူတို့ဖေဖေ ဦးဖေသည်ကား အုံ့ဩစရာကောင်းလောက်အောင်ပင် အေးဆေးငြိမ်းချမ်းစွာ နေနိုင်လွန်းတော့သည်။

မောင်တင်တို့ဖေဖေ ဦးဖေသည် ဦးလေးဦးထွန်းငြိမ်းက အသင်းမှ ထုတ်ပစ်လိုက်သည့်နေ့ကလည်း ဘယ်သို့မျှလှုပ်ရှားခြင်း၊ စိတ်ဆိုးဒေါသဖြစ်ခြင်းများမရှိခဲ့သလို နောက်ပိုင်းတွင်လည်း ဘာမျှထူးခြားပြောင်းလဲမလာဘဲ ယခင်အတိုင်းသာ ငြိမ်းငြိမ်းချမ်းချမ်းပင်ရှိနေလေသည်။

တနင်္ဂနွေနေ့များတွင် ညီဖြစ်သူ ဦးထွန်းငြိမ်း၏ ''ဒစ်ဂင်း''အိမ်ကြီးသို့သွား၍ ဆွေမျိုးစုအသင်းသားများနှင့် စုပေါင်းဘုရားရှိခိုးခွင့်မရှိတော့သော ဦးဖေသည် သူ့ဇနီး သားသမီးများချည်း၊ စုဝေးလျက် သူ့ပေါက်တော်ခြံကြီးအတွင်းရှိ သူတို့အိမ်ကြီးမှာပင် ဝတ်မပျက် ဆက်လက်ဘုရားရှိခိုးလိုက်လေသည်။

ထိုအခါ ဦးလေး ဦးထွန်းငြိမ်းတို့၏ အိမ်ကြီးဆီသို့မသွားဘဲ ဆွေမျိုးအသင်းသားများနှင့် မစုမပေါင်းလည်း သူတို့မိသားစုချည်းပင် ငြိမ်သက်အေးချမ်းစွာ ဘုရားရှိခိုး၍ဖြစ်ကြောင်း မောင်တင်တွေ့ရှိနားလည်သွားလေတော့သည်။

သည်ပေးလ်ဂရင်းမ်ပရိုဂရက်စ်* ဆိုသောစာအုပ်ကို ဘာသာပြန်ရေးသား ထုတ်ဝေခဲ့သော မောင်တင်တို့ဖေဖေ ဦးဖေသည် ဂျေ၊ အင်န်၊ ဒါဘီ၁၏ ခရစ်ယာန်ဘာသာရေး အတွေးအခေါ်နှင့် သဘောတရားရေးရာ စာအုပ်များကို စွဲစွဲမြဲမြဲဖတ်ရှုလေ့လာနေသူဖြစ်လေသည်။

သူသည် သားသမီးများကိုလည်း သူ့စာအုပ်များအား ဖတ်ရှုလေ့လာစေသည်။

တနင်္ဂနွေနေ့များမှာ သူတို့မိသားစုချည်း ဘုရားရှိခိုးပြီးကြတိုင်း သူတို့ဖေဖေ ဦးဖေကပင် ဦးဆောင်လျက် တရားဆွေးနွေးပွဲကလေးတစ်ခုကိုလည်း မပျက်မကွက်ပြုလုပ်ပေးပြန်သည်။

သူတို့ညီအစ်ကိုမောင်နှမတစ်စုထဲတွင် စာဖတ်ဝါသနာအပါဆုံးဖြစ်၍ အဖေ့ခြေရာနင်းကာ ဂျေ၊ အင်န်၊ ဒါဘီ၏ စာအုပ်များကိုလည်း အများဆုံး ကြိုးစားဖတ်ထားသော မောင်တင်က ဖခင်ဖြစ်သူ ဦးဖေနှင့် အကျေ

---

* The Pilgrims Progress

၁။ J.N.Derby

အလည် တရားအဆွေးနွေးနိုင်ဆုံးဖြစ်လေသည်။

မောင်တင်သည် သူ့ဖေဖေနှင့် အတုံ့အပြန် တရားဆွေးနွေးနိုင်ရုံသာမကဘဲ မကြာခဏဆိုသလိုလည်း မိသားစုဘုရားရှိခိုးစည်းဝေးများတွင် တရားဟောပြောခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်း စသည်များကို ရဲရဲဝံ့ဝံ့ထူးထူး ချွန်ချွန် ပြုလုပ်ဆောင်ရွက်တတ်ပြန်သေးသည်။

ထိုသို့ ဟောပြောဆွေးနွေး ဆုတောင်းရခြင်းများကိုလည်း မောင်တင်၏စိတ်မှာ နှစ်သက်ကျေနပ်နေမိလေသည်။

ထို့ကြောင့် မောင်တင်သည် တနင်္ဂနွေနေ့တိုင်း သူတို့အိမ်မှာ သူတို့မိသားစုများချည်း စုပေါင်းကာ ဆုတောင်းမေတ္တာပို့ကြရသော ဘုရားရှိခိုးစည်းဝေးများကို အမြဲတမ်း တက်တက်ကြွကြွ ပြုမူဆောင်ရွက်လိုက်လေသည်။

သို့ရာတွင် သောကြာနေ့နှင့် စနေနေ့များတွင်မူ မောင်တင်သည် သူတို့ညီအစ်ကိုမောင်နှမတစ်စုတို့ ပါဝင်နိုင်ခွင့်မရှိတော့သော ဦးလေးဦးထွန်းငြိမ်းတို့ ''ဒစ်ဂင်း''အိမ်ကြီးဆီမှ ဆက်လက်မြိုင်ဆိုင်လျက်သာရှိနေဦးမည့် သီချင်းဆိုဝိုင်းနှင့် တယောထိုးအဖွဲ့တို့ကို စိတ်မှန်းဖြင့် မျှော်တွေးသတိရကာ သူ့ရင်မှာ ဆွေးသွားတတ်လေသည်။

ထိုသို့ တတွေးတွေးဖြင့် ဆွေးမပြေနိုင်အောင်ရှိနေရှာသော မောင်တင်အတွက် တစ်ဖက်မှသက်သာအေးချမ်းသွားစရာ အချက်တစ်ချက်က ရုတ်တရက် ထွက်ပေါ်လာခဲ့လေသည်။

ထိုအချက်ကား မောင်တင်သည် သူဖြေဆိုထားခဲ့သော ခုနစ်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်နိုင်ခဲ့ခြင်းအတွက် ''စကောလားရှစ်''စာသင်သားဆုကို ဝမ်းပန်းတသာ ရရှိလိုက်ခြင်းပင်ဖြစ်လေသည်။

# ၈

# မြန်မာကျောင်းသားများ၏ အဦးအစ ပထမ သဗိတ်

''ဂွဒ် မောနင်း ဆား''

သူတို့ရှိတန်းအခန်းထဲသို့ အတန်းပိုင်ဆရာ မစ္စတာမာ့ရှ်[၁] ဝင်ရောက်လာခဲ့လျှင် မောင်တင်တို့အတန်းသားအားလုံးက ရိုသေမှုဂါရဝပြုလျက် ပြိုင်တူမတ်တတ်ထရပ်လိုက်ကြရသည်။

ပြီးလျှင် ''ကောင်းသောနံနက်ပါဆရာ'' ဟု အင်္ဂလိပ်စကားများဖြင့်လည်း ဆီးကြိုနှုတ်ဆက်လိုက်ကြရလေသည်။

ဆရာမာ့ရှ်ကလည်း တုံ့ပြန်နှုတ်ဆက်သည်။ ပြီးမှ သူတို့အတန်းသားများကို လက်ဟန်ဖြင့် ပြန်ထိုင်ခိုင်းလိုက်သည်။

ဆရာ့ထံမှ ခွင့်ပြုချက်ရလျှင် မောင်တင်တို့ အတန်းသားများသည် တစ်ညီတည်း ပြန်ထိုင်ချလိုက်ကြသည်။

ထို့နောက် ဆရာသင်ကြားပြသမည့် ဘာသာရပ်နှင့် သက်ဆိုင်ရာစာအုပ်များကို အသင့်ဖွင့်လှစ်ပြင်ဆင်ထားလိုက်ကြလေသည်။

''တပည့်တို့ကို ဆရာတစ်ခုပြောစရာရှိတယ်ကွယ်''

ဆရာ မာ့ရှ်ထံမှ သင်ကြားပေးရမည့် သင်ခန်းစာအစား ထူးခြားသော စကားပလ္လင်ခံသံက ရုတ်တရက်ထွက်ပေါ်လာခဲ့လျှင် စာအုပ်တွင် ငုံ့နေကြသည့် အတန်းသားများ ခေါင်းထောင်သွားမိကြသည်။

ဆရာမာ့ရှ်သည် ခေါင်းကလေးများ ထောင်လာခဲ့ကြသော အတန်းသားသူ တပည့်များအား အကဲခတ်သလိုခဏမျှ ငြိမ်ကြည့်နေသေးသည်။

ပြီးမှ ခပ်ဖြည်းဖြည်း ဆက်ပြောလိုက်လေသည်။

---

၁။ Mr. Marsh

''တပည့်တို့လိုက်နာဆောင်ရွက်ရမယ့် ကိစ္စတစ်ခုအတွက် ပညာမင်းကြီးဆီက အမိန့်တစ်ခု ရောက်လာခဲ့တယ်ကွယ့်''

ပညာမင်းကြီးထံမှ အမိန့်စာဆို၍ မောင်တင်တို့အတန်းသားများသည် နားရွက်ကလေးများပါ ဆတ်ခနဲ ထောင်သွားမိကြလေသည်။

''ကမ္ဘာပေါ်မှာရှိတဲ့လူမျိုးတိုင်းမှာ လူမျိုးအလိုက် သီးခြားဓလေ့ထုံးစံဆိုတာရှိတယ် မဟုတ်လားကွယ့် တပည့်တို့ရယ်''

ဆရာ မှာ့ရှ်၏ ခါတိုင်းနှင့်မတူ တစ်မူထူးခြားကာ ထူးထူးဆန်းဆန်းနိဒါန်းတွေချီနေမှုကို မောင်တင်တို့ အတန်းသား တပည့်များမှာ နားမလည်ဖြစ်သွားမိကြသည်။

''တပည့်တို့သိတဲ့အတိုင်း၊ မြင်တဲ့အတိုင်း အနောက်တိုင်းနဲ့ ဥရောပတိုက်သားတွေဟာဆိုရင် သူတို့ဓလေ့ထုံးစံအတိုင်း တစ်ဦးနဲ့တစ်ဦးတွေ့တဲ့အခါ လက်ဆွဲပြီးနှုတ်ဆက်ကြတယ်မဟုတ်လား၊ ဒါပေမဲ့ အရှေ့တိုင်းက ဂျပန်လူမျိုးတွေကျတော့ တစ်ဦးကိုတစ်ဦး ရိုသေသမှုနဲ့ ဦးညွှတ်ပြီး နှုတ်ဆက်ကြတယ်၊ ဟော အိန္ဒိယလူမျိုးတွေကျတော့လဲ ဆလံပေးကြပြန်တယ်၊ တစ်ခါ ယိုးဒယားနဲ့ မင်းတို့ဗမာလူမျိုးတွေကျပြန်တော့ တစ်ဦးကိုတစ်ဦး လက်အုပ်ချီပြီး ရှိခိုးကြရတယ်မဟုတ်လားကွယ့် ဟင် ပြောကြစမ်း''

ဆရာမှာ့ရှ်က သူ့စကားများကို မေးခွန်းကလေးဖြင့် ခေတ္တရပ်နားလိုက်သည်။ ပြီးလျှင် တပည့်အတန်းသားများထံမှ ထောက်ခံချက်ကလေးရလိုရငြား စောင့်စားသလို ငြိမ်ကြည့်နေလိုက်သည်။

သို့ရာတွင် မောင်တင်တို့ အတန်းသားများကား တုတ်တုတ်မျှမလှုပ်။ သိသိမျှလည်းမဟ။ သူတို့ဆရာ ဘာကိုဆိုလိုချင်ပါလိမ့်ဟုသာ စူးစိုက်နားထောင်နေလိုက်ကြသည်။

သည်အတွက် ဆရာမှာ့ရှ်သည် ထောက်ခံချက်မရရှိသော သူ့စကားများကို သူဆက်ပြောလိုက်ပြန်လေတော့သည်။

''အဲဒီလို သီးသီးခြားခြားရှိကြတဲ့ ဓလေ့ထုံးစံတွေအရ ပညာမင်းကြီးက အမိန့်တစ်ခုထုတ်ပေးလိုက်တယ်၊ တပည့်တို့တစ်တွေဟာ ဗမာလူမျိုးများဖြစ်ကြတဲ့အတွက် ဗမာလူမျိုးတို့ရဲ့ ဓလေ့ထုံးစံအတိုင်း ကျောင်းမှာရှိတဲ့ ဆရာသမားတွေကို ဗမာပီပီ လက်အုပ်ချီပြီး ရှိခိုးနှုတ်ဆက်ကြရမယ်တဲ့''

''ဟင်''

ဆရာမှာ့ရှ်၏ စကားဆုံးသွားလျှင် မောင်တင်တို့ တစ်တန်းသားလုံးမှာ တအံ့တအား ''ဟင်'ခနဲ မြည်သွားကြလေသည်။

ပြီးလျှင် တစ်ဦးနှင့်တစ်ဦး တီးတိုးဆွေးနွေးလိုက်သံကလေးများက တွတ်တွတ်ထိုးသွားကြသည်။

ထို့နောက် မကျေမနပ်ဖြင့် လှုပ်လှုပ်ရွရွ စူစူပွပွကလေးလည်း ဖြစ်သွားကြလေသည်။

ငြိမ်သက်နေခဲ့ရာမှ ယခုကဲ့သို့ လှုပ်လှုပ်ရွရွဖြစ်သွားကြသော မောင်တင်တို့ အတန်းသားများကို ဆရာမှာ့ရှ်က ချောင်းတစ်ချက်ဟန့်ကာ ပြန်ထိန်းလိုက်သည်။

ပြီးမှ သူက ပြောလိုက်ပြန်လေတော့သည်။

''ကဲ အဲဒီတော့ ပညာမင်းကြီးရဲ့အမိန့်အတိုင်း ဒီကနေ့ အခုမနက်ကစပြီး တပည့်တို့အားလုံးဟာ ဗမာပီပီ ဗမာ့ဓလေ့ထုံးစံအတိုင်း ပုဆစ်တုပ်လက်အုပ်ချီပြီး ဆရာ့ကို ရှိခိုးနှုတ်ဆက်ကြပေတော့ ဟုတ်လား''

ဆရာမှာ့ရှ်က ပြောပြီးနောက် သူ့အတန်းသား တပည့်များ၏ ရိုကျိုးစွာ ရှိခိုးနှုတ်ဆက်ခြင်းကို ခံယူရန် အသင့်ပြင်ကာ ထိုင်စောင့်နေလိုက်တော့သည်။

သို့ရာတွင် အတန်းသားအားလုံးသည် သူတို့ကို မပြောသည့်အလား ကျောက်ရုပ်လို မလှုပ်တမ်း ငြိမ်နေလိုက်ကြလေသည်။

ထိုအခါ သူ့တပည့်များ၏ အရိပ်အကဲကို ဖမ်းမိသိရှိသွားဟန်တူသော ဆရာမှာ့ရှ်က လေအေးကလေးဖြင့် ပြောလိုက်ပြန်တော့သည်။

''အခုကိစ္စဟာ ဆရာက ခိုင်းတာမဟုတ်ဘူးနော၊ ပညာမင်းကြီးရဲ့ အမိန့်ကွယ့်သိလား၊ ဒါကိုမှ မင်းတို့က လက်မခံကြ နားမထောင်ကြဘူးဆိုလဲ သဘောပဲပေါ့လေ''

ဆရာမှာ့ရှ်သည် ထိုမျှသာပြောကာ သူ့အတွက် ဘာမျှထူးခြားပြောင်းလဲမသွားသလို ခါတိုင်းကဲ့သို့ပင်

သင်ခန်းစာများကို ကောင်းမွန်အေးချမ်းစွာ သင်ကြားပို့ချပေးလေသည်။

ထိုသို့ ဆရာမှာ့ရှိက အေးအေးချမ်းချမ်းရှိနိုင်သော်လည်း ပညာမင်းကြီးအနေဖြင့်မူ အေးချမ်းနိုင်လိမ့်မည် မဟုတ်ကြောင်းကို မောင်တင်တို့ ကျောင်းသားများက ကြိုတင်မျှော်လင့်ထားလိုက်ကြလေသည်။

မောင်တင်တို့ မျှော်လင့်ထားခဲ့သည့်အတိုင်းပင်ဖြစ်သည်။

နောက်တစ်နေ့တွင် မောင်တင်တို့ ရှစ်တန်းအခန်းထဲသို့ မျက်နှာဖြူပညာအုပ် အက်စ် - ဒဗလယူ - ကော့(က်စ်)[၁] ဆိုသူ ရောက်လာခဲ့သည်။

မစ္စတာကော့(က်စ်) သည် ရောက်သည်ဆိုလျှင်ပင် အချိန်မဆိုင်းဘဲ လာရင်းကိစ္စကို ဒိုင်းခနဲကောက်ကိုင်လိုက်တော့သည်။

''ထစမ်း မင်းနာမည် ဘယ်သူလဲ''

မစ္စတာကော့(က်စ်)သည် ကျောင်းခန်း၏ ရှေ့ဆုံးခုံတန်းမှ မောင်တင်ကို လက်ညှိုးကောက်ထိုးကာ အထခိုင်းသည်။ နာမည်ကိုလည်း မေးလိုက်သည်။

မောင်တင်သည် ထိုင်နေရာမှ ဝေါက်ခနဲထရပ်လိုက်ရသည်။ ရိုသေစွာလည်း အဖြေပေးလိုက်ရသည်။

''ကျွန်တော့်နာမည် မောင်တင်လို့ ခေါ်ပါတယ်ခင်ဗျာ''

အဖြေပေးပြီးလျှင် မောင်တင်သည် ဆက်လက်ထွက်ပေါ်လာဦးမည့် မေးခွန်းများအတွက် ငြိမ်သက်စွာ ရပ်စောင့်နေလိုက်သည်။

ထိုသို့ ရပ်စောင့်နေသော အသားဖြူဖြူအရပ်မြင့်မြင့်နှင့် ရုပ်ရည်ချောမောသန့်ပြန့်စွာရှိသည့် မောင်တင်ကို နှုတ်ခမ်းမွေးစစ ရုပ်ခပ်ချောချော မစ္စတာကော့(က်စ်)က အကဲခတ်သလို စူးစိုက်ကြည့်လိုက်သည်။

ပြီးမှ မောင်တင်၏ နာမည်ကို ခေါ်လိုက်သည်။

''မောင်တင်''

''ဟုတ်ကဲ့ ခင်ဗျာ''

''မင်းဟာ ဗမာလူမျိုးဟုတ်သလား ပြောစမ်း''

''ဟုတ်ပါတယ်ခင်ဗျာ''

''ဟုတ်တယ်ဆိုရင် မင်းအနေနဲ့ ဗမာလူမျိုးရဲ့ ဓလေ့ထုံးစံတွေကိုရော နားလည်သလား''

''ဟုတ်ကဲ့ နားလည်ပါတယ် ခင်ဗျာ''

''နားလည်တယ်ဆိုရင် မင်းတို့ဗမာလူမျိုးတွေရဲ့ ဓလေ့ထုံးစံမှာ သားသမီးက မိဘကို၊ တပည့်ငယ်သားများက ဆရာသမားများကို ရှိခိုးကန်တော့ပြီး အရိုအသေပေးရတယ်ဆိုတာကို သိတယ်ပေါ့ ဟုတ်လား''

မောင်တင်နှင့် မစ္စတာကော့(က်စ်)တို့ အမေးအဖြေလုပ်နေကြသည်ကို အတန်းသားအားလုံးက ငြိမ်သက်တိတ်ဆိတ်စွာ နားစိုက်နေကြသည်။

''ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ''

''ကောင်းပြီ သိတယ်ဆိုရင် အခု မင်းကစပြီး မင်းတို့ရဲ့ အတန်းဆရာ မစ္စတာ မှာ့ရှိကို ဗမာဓလေ့ထုံးစံအတိုင်း ရှိခိုးနှုတ်ဆက်ပါ''

မောင်တင်သည် ရုတ်တရက် ကိုယ်လုံးကလေး တောင့်မာသွားမိသည်။ သွေးရင်တွင်းမှ နှလုံးသွေးအခုန်နှုန်းမှာလည်း အမြန်ဆုံးသို့ တဒုန်းဒုန်း ဆောင့်မြည်သွားလေသည်။

တောင့်တောင့်ကလေးငြိမ်ရပ်ကာ နှလုံးသွေးတဒုန်းဒုန်း အခုန်မြန်သွားသော မောင်တင်ကို ပညာအုပ်မစ္စတာကော့(က်စ်)နှင့်အတူ သူတို့အတန်းပိုင်ဆရာ မစ္စတာမှာ့ရှိကလည်း စူးစိုက်စောင့်ကြည့်နေလိုက်သည်။

ထိုအခါ ရုတ်တရက် ပြောဆိုလှုပ်ရှားမှုကင်းသွားသော စာသင်ခန်းကလေးသည် အထူးပင်တိတ်ဆိတ်ငြိမ်ကျသွားလေသည်။

ထိုသို့ တိတ်ဆိတ်ငြိမ်ကျသွားခဲ့မှုကို မောင်တင်၏ တည်ငြိမ်သော အဖြေစကားကလေးများက ရုတ်တရက် ပြန်လည် လှုပ်ရှားပေးလိုက်လေတော့၏။

---

၁။ Mr. S.W.Cocks

''ကျွန်တော် ရှိခိုးနှုတ်မဆက်နိုင်ပါဘူး ခင်ဗျာ''

မောင်တင်က သတိထားကာ သံမှန်ဖြင့်သာ ကြိုးစားဖြေကြားလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် သူ၏လှုပ်ရှားလာမည့်ဟန်နှင့် ဖြေကြားလိုက်မည့် အသံတို့ကို အသက်အောင့်ကာ စောင့်ကြည့်နေကြပုံရှိသည့် တိတ်ဆိတ်ငြိမ်သက်လွန်းနေသော စာသင်ခန်းကလေးထဲတွင် မောင်တင်၏ ပြတ်ပြတ်သားသား အသံကလေးမှာ ကျယ်လောင်စွာ မြည်ဟည်းသွားလေသည်။

''ဟင် ဘာပြောတယ်''

မောင်တင်၏ ကျယ်လောင်မြည်ဟည်းသွားသံလေးကို မစ္စတာကော့(က်စ်)၏ ဒေါသတကြီးထပြီး ဟိန်းဟောက်လိုက်သံကြီးက ရုတ်တရက် လွှမ်းမိုးအနိုင်ယူလိုက်သည်။

ထိုအခါ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော စာသင်ခန်းကလေးနှင့်အတူ အတန်းသားများသည် ရုတ်ခြည်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တီးတိုးစကားသံကလေးများလည်း ထွက်ပေါ်လာသည်။

သူတို့ကို ကျော်လွှမ်းလျက် မစ္စတာကော့(က်စ်)၏ အသံမာမာထန်ထန်က ဆက်လက်ထွက်ပေါ်လာခဲ့ပြန်သည်။

''မင်း ဘာပြောသလဲ မောင်တင်''

''ကျွန်တော် လူကြီးမင်းခိုင်းသလို ဆရာ့ကို ရှိခိုးနှုတ်မဆက်နိုင်ဘူးလို့ ပြောတာပါခင်ဗျား''

''ဘာဖြစ်လို့ ငါခိုင်းတာကို မင်းမလုပ်နိုင်ရတာလဲကွ ပြောစမ်း၊ မင်းဟာ ဗမာလူမျိုးဆို၊ ဗမာလူမျိုးတွေရဲ့ မိဘဆရာသမားတွေကို ရှိခိုးကန်တော့ရတဲ့ ဓလေ့ထုံးစံတွေကိုလဲ သိတယ်ဆိုကွ ဟေ''

''ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ဗမာလူမျိုးတွေမှာ ဘုရား တရား သံဃာ မိဘ ဆရာသမားအပြင် ကိုယ့်ထက်အသက်အရွယ် တစ်ဗိုနေ့ဘ်ကြီးသူဖြစ်ပါစေ၊ ရိုသေသမှုနဲ့ ဦးနှိမ်ချပြီး ရှိခိုးကော်ရော်ပူဇော်ကန်တော့ရိုးထုံးစံမျိုးရှိတာမှန်ပါတယ် ဒါပေမဲ့''

မစ္စတာကော့(က်စ်)တစ်ယောက် သူ့နှုတ်ခမ်းမွေးစစကလေးများ ထထောင်သွားအောင် မျက်နှာကြီးရဲရဲနီကာ ရှုံ့မဲ့ရှုံ့မဲ့ရှားရှားဖြစ်သွားခဲ့သလောက် မောင်တင်ကမူ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။

''ဒါပေမဲ့ ဘယ်သူကမှတော့ သူ့ကိုရှိခိုးရမယ် ရှိခိုးစမ်းလို့ အမိန့်နဲ့ စေခိုင်းရိုးထုံးစံမျိုးဆိုတာ တစ်ခါမှမရှိခဲ့ပါဘူး၊ အဲဒီလိုမခိုင်းပေမယ့် ရှိခိုးထိုက်ပူဇော်ကန်တော့ထိုက်သူကိုဆိုရင် အလိုလိုရိုသေသမှုနဲ့ ရှိခိုးကန်တော့လေ့ရှိကြပါတယ်၊ အဲ မထိုက်မတန်သူဆိုရင်တော့ အမိန့်နဲ့ခိုင်းလဲ မရနိုင်ပါဘူး ခင်ဗျာ''

မောင်တင်သည် စကားလုံးများကို စဉ်းစားရွေးချယ်ပြီး အချက်ကျကျ ပြန်ပြောလိုက်လေတော့သည်။

ထိုအခါ ဒေါ်ထနေသော နှုတ်ခမ်းမွေးစစနှင့် မစ္စတာကော့(က်စ်)ခမျာ ရုတ်တရက် ငိုင်ကျသွားရှာသည်။

မောင်တင်သည် ငိုင်ကျသွားသော မစ္စတာကော့(က်စ်)ကိုကြည့်လျက် သူ့ကိုယ်သူ ပြန်၍အံ့ဩသွားမိသည်။

မောင်တင်သည် သူကဲ့သို့သော မြန်မာလူမျိုး ရှစ်တန်းကျောင်းသားကလေးတစ်ယောက်တွင် မျက်နှာဖြူပညာအုပ်တစ်ယောက်ကို အချက်ကျကျ ပြန်လှန်ပြောဆိုဝံ့သည့်သတ္တိများ ဘယ်ပုံဘယ်နည်းရရှိလာခဲ့ပါလိမ့်ဟု တွေးမရအောင်ဖြစ်သွားသည်။

မည်သို့ရှိစေ အတန်းသားအားလုံးကမူ သူ့ကို ကျောင်းသားသူရဲကောင်းကြီးတစ်ဦးအဖြစ် တိုးတိုးကြိတ်ကြိတ် လက်သိပ်ထိုးဩဘာပေးနေကြပေပြီ။

သူ့ကို ဩဘာပေးနေကြသော ကျောင်းသားများသည် သူတို့ရှေ့မှ ဒေါ်ထရင်း ငိုင်ကျသွားခဲ့သူ မျက်နှာဖြူပညာအုပ်ကိုကား သရော်လှောင်ပြောင်လိုသည့် မျက်လုံးများဖြင့် ကြည့်နေကြမည်သာဖြစ်သည်။

ထိုသို့သော ကျောင်းသားတို့၏ သဘောထား အမူအရာများကို မစ္စတာကော့(က်စ်)လည်း ရိပ်မိသိရှိသွားပုံရသည်။

သူ့မျက်နှာနီနီကြီးသည် ဒေါသကြားမှ ရှက်အားပိုကာ ဆထက်တိုးလျက် တင်းမာခက်ထန်သွားလေသည်။

မစ္စတာကော့(က်စ်)သည် တန်နိုးထွားထွားနှင့် အသားစားကျားကြီးတစ်ကောင်က သူ့ကို အန်တုဖက်ပြိုင်ခြင်းငှာ မစွမ်းရှာသည့် ယုန်သူငယ်ကလေးများအား အညှာတာမဲ့စွာ ဟိန်းဟောက်လိုက်သလို ငြိမ်ငြိမ်ကလေး ရှိနေကြသော မောင်တင်တို့ကျောင်းသားများအပေါ် အာဏာပါဝါပြလိုက်ပြန်လေတော့သည်။

''ကဲ ဟေ့ စကားတွေမရှည်ကြစမ်းနဲ့၊ မင်းတို့ အပိုတွေလေကြောရှည်တာကို ငါ့မှာ နားထောင်နေဖို့

အချိန်မရှိဘူး နားလည်လား၊ ဒီတော့ ငါမေးတာကို မင်းတို့တစ်ခွန်းတည်းဖြေကြ ဒါပဲ''

မစ္စတာကော့(က်စ်)ထံမှ မိုးကြိုးပစ်လိုက်သလို ဆိုလိုက်သော တစ်ချက်လွှတ်အမိန့်၏ နောက်ပါးမှ ဆက်လက်ထွက်ပေါ်လာဦးမည့် အမေးစကားများအတွက် မောင်တင်တို့က သတိအနေအထားဖြင့် အသင့်ပြင်ထားလိုက်ကြလေသည်။

''ကဲ မောင်တင်၊ မင်းက စဖြေစမ်း''

မစ္စတာကော့(က်စ်)သည် သူ့အပေါ် ပြန်လှန်ကာ စကားတံ့ရှည်ထားမိခဲ့သော မောင်တင်ကိုပင် အမျက်သို့စွာ ကြည့်၍ ဖွေဆော်ဦးခေါ်လိုက်သည်။

''ပညာမင်းကြီး အမိန့်အတိုင်း မင်းအတန်းဆရာကို ရိုက်မလား ရိုမရိုးဘူးလား ပြော''

''ရိုမရိုးနိုင်ဘူး ခင်ဗျာ့''

မောင်တင်က အပြတ်ပြန်ဖြေလိုက်လျှင် မစ္စတာကော့(က်စ်)မျက်နှာ ပျက်သွားသည်။

သူသည် မျက်နှာပျက်ပျက်နှင့်ပင် ခက်ထန်မာကျောစွာ ပြောလိုက်ပြန်လေတော့သည်။

''ကောင်းပြီ ရိုမရိုးနိုင်ဘူးဆိုရင် မင်းစာအုပ်တွေသိမ်းပြီး ကျောင်းခန်းထဲက အခုချက်ချင်း ထွက်သွား''

မစ္စတာကော့(က်စ်)ထံမှ မျှော်လင့်မထားသော စကားများအတွက် ပထမတွင် မောင်တင် အံ့အားသင့်သွားသည်။

သို့ရာတွင် သူသည် ချက်ချင်းပင် သဘောပေါက်နားလည်သွားလေသည်။ ကျောင်းခန်းထဲမှ ထွက်မသွားလိုလျှင် ပညာမင်းကြီးအမိန့်အတိုင်း နိုင်ငံခြားသားမျက်နှာဖြူနှင့်တကွ ကပြားဆရာ ကုလားဆရာများအား ရိုရိုးရမည် မဟုတ်ပါလား။

မောင်တင်သည် ချက်ချင်းပင် သူ့ကျောင်းစာအုပ်များကို ကောက်သိမ်းပြီးနောက် အခန်းထဲမှ ငြိမ်သက်အေးချမ်းစွာ လှမ်းထွက်သွားလိုက်တော့သည်။

မောင်တင်တစ်ယောက် ကျောင်းခန်းအပြင်သို့အရောက်တွင် သူ့နောက်မှ ကျောင်းသားတစ်ယောက် ထပ်ထွက်လာခဲ့သည်။

ထို့နောက် တစ်ယောက်ပြီး နောက်တစ်ယောက် လိုက်ထွက်လာခဲ့ကြသည်မှာ တန်းလုံးကျွတ် တစ်ယောက်မျှ မကျန်တော့အောင်ပင်ဖြစ်လေသည်။

ဤတွင် မစ္စတာကော့(က်စ်)သည် ဒေါကြီးမောကြီးဖြင့် ပညာမင်းကြီးရုံးသို့ အပြေးပြန်သွားလေတော့၏။

ထိုအခါ ဘာကိုမျှ ညှိနှိုင်းတိုင်ပင်ထားခြင်းမရှိဘဲ အလိုအလျောက်သဘောချင်းတိုက်ဆိုင်ထောက်ခံကာ ကျောင်းခန်းထဲမှ ထွက်လာခဲ့ကြသော မောင်တင်တို့ ရှစ်တန်းကျောင်းသားတစ်သိုက်မှာ ဘာလုပ်၍ ဘယ်သွားရမှန်းမသိအောင် ယောင်ချာချာဖြစ်ကျန်ခဲ့ကြလေသည်။

သူတို့သည် ရင်ထဲ၌ ထူးထူးခြားခြား လှုပ်ရှားတက်ကြွနေသော ခံစားချက်များအသီးသီးဖြင့် ကျောင်းဝင်းထဲရှိ သစ်ပင်ရိပ်အောက်တွင် စုရုံးဝိုင်းဖွဲ့နေလိုက်ကြသည်။

သူတို့သည် ပညာမင်းကြီး၏ ရိုရိုးအမိန့်ကို မကျေမနပ် ဝေဖန်ဆွေးနွေးကြသည်။

မစ္စတာကော့(က်စ်)ဒေါထကာ သူ့နှုတ်ခမ်းမွေးစစကလေးများ လှုပ်ရှားသွားခဲ့ပုံကို ပြန်ပြောကာလည်း တသောသော ရယ်မောလိုက်ကြသည်။

မောင်တင်၏ ချက်ပိုင်ပိုင်နှက်ခဲ့ပုံကိုလည်း ချီးမွမ်းသြဘာပေးကြပြန်သေးသည်။

ထိုအခိုက်မှာပင် ကျောင်းဝင်းထဲသို့ ဂယ်ရီတစ်စီး ဝင်ရောက်လာခဲ့သည်။

''ခေါင်းစောင်းကြီး လာပြီနဲ့တူတယ်ဟေ့''

မြင်းခွာသံ တခွပ်ခွပ်ပေးရင်း လာနေသော ဂယ်ရီကို မျှော်ကြည့်လျက် ကျောင်းသားများက တစ်ယောက်တစ်ပေါက် ထင်ကြေးဝိုင်းပေးကြသည်။

''ခေါင်းစောင်းကြီး မဟုတ်နိုင်ဘူးကွ''

''ဒါဖြင့် ဘယ်သူဖြစ်မလဲ''

''ဦးဝေလင်းကြီးကွ ဦးဝေလင်းကြီး''

''ဟာ ဟေ့ ဟေ့''

ကျောင်းသားများ တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် ဦးဝေလင်း၏ ဂယ်ရီက သူတို့ရှေ့သို့ ရောက်လာခဲ့လေသည်။

ထိုအခိုက် ဘယ်သူကဘယ်သို့ ပြုလိုက်သည်မသိ။ ကျောင်းသားအုပ်ထဲမှ အုတ်နီခဲတစ်လုံးလွင့်ထွက်သွားသည်ကို မောင်တင်သတိထားလိုက်မိသည်။

မောင်တင်၏စိတ်မှာ အုတ်နီခဲကြီးသည် ဂယ်ရီအတွင်းမှ ထိုင်လိုက်လာသော ဦးဝေလင်းကို သွားထိပြီဟု ထင်လိုက်သည်။

ထိုအခါ ဆိုင်ကယ်လ်ပြွန်းစကြာမင်းကုလားကို ဘသောင်းထိုးခဲ့သည်ထက် အများကြီး ဆိုးဝါးကြီးမားသော ပြဿနာကြီးတစ်ခုကို သူတို့ရှစ်တန်းကျောင်းသားတစ်စု ရင်ဆိုင်ရဦးမည့်အရေးကို သူအပြေးတွေးလိုက်မိသည်။

သို့ရာတွင် အုတ်နီခဲကြီးသည် ဦးဝေလင်းကိုမထိဘဲ ဂယ်ရီ၏ ပြတင်းပေါက်မှသာ အရှိန်ပြင်းပြင်းဖြင့် တိုးလျှိုပေါက်ဖြတ်ထွက်သွားလေသည်။

''ဟင်း တော်ပါသေးရဲ့''

သည်တော့မှ မောင်တင်ခမျာ စိတ်အနည်းငယ် အေးသွားသည်။ အကယ်၍ အုတ်နီခဲကြီးသည်သာ သွားမှန်လိုက်ပါက ဦးဝေလင်းကြီးခမျာ မသက်မသာခံရရှာမည် မဟုတ်ပါလား။

သူ့အတွက် မောင်တင်က တွေးပူလိုက်သလို ဦးဝေလင်းကြီးလည်း လန့်ဖျပ်သွားပုံရသည်။

သူသည် အပြင်ဘက်သို့ ခေါင်းမပြူဝံ့ရှာပဲ အတွင်းဘက်ကို နာနာကပ်လျက် သူ့ဂယ်ရီမောင်းသမားကုလားကို လှမ်းအော်အမိန့်ပေးလိုက်သည်။

ထိုအခါ ဦးဝေလင်း၏ ဂယ်ရီမောင်းသမားကုလားသည် သူ့ဂယ်ရီကို နောက်ပြန်လှည့်လျက် ကျောင်းဝင်းထဲမှ အပြေးမောင်းထွက်သွားလိုက်လေတော့၏။

''ဦးဝေလင်းကြီး တို့ကိုကြောက်လို့ ပြန်ပြေးသွားပြီဟေ့''

ကျောင်းသားများသည် အပြေးမောင်းထွက်သွားသော ဦးဝေလင်း၏ဂယ်ရီကို နောက်ဆီမှလှမ်းကြည့်ကာ ကျေနပ်စွာ ရယ်မောပြောဆိုလိုက်ကြလေသည်။

ပြီးမှ အချင်းချင်းလှည့်ပြောလိုက်ကြသည်။

''ကဲ တို့ကိုလည်း မစ္စတာကော့(က်စ်)က ကျောင်းထဲက မောင်းထုတ်ခဲ့တာမို့ တို့အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကြစို့ဟေ့''

ထိုအပြောကို အားလုံးက သဘောတူလက်ခံကာ လူစုခွဲလိုက်ကြတော့သည်။

ဤတွင် မောင်တင်လည်း သူ့အိမ်သို့ တစ်ယောက်တည်း ခြောက်ကပ်ကပ်နှင့် ပြန်သွားလိုက်ရလေသည်။

ထိုနေ့သည်ကား ၁၉၀၃ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့ဖြစ်သည်။

မောင်တင်သည် သူတို့မြန်မာကျောင်းသားများအပေါ် တင်စီးချိုးနှိမ်စွာ ထုတ်ပြန်လာသော ပညာမင်းကြီး၏ ရှိခိုးအမိန့်ကို သူတို့ရှစ်တန်းကျောင်းသားများ စုပေါင်းတော်လှန်ငြင်းဆန်ပြီးနောက် ကျောင်းခန်းထဲမှ ရင်ကော့ခေါင်းမော့ထွက်လာနိုင်ခဲ့သဖြင့် သူ့စိတ်မှာ မကြုံစဖူးသော ထူးခြားလှပ်ရှားမှုတစ်ခုကို ခံစားကြည်နူးနေမိလေသည်။

သူသည် ခံစားချက်အတွက် ပီတိဖြစ်ရင်းမှ ယခုကဲ့သို့သော သူတို့၏ တော်လှန်ပုန်ကန်မှုနှင့် ပတ်သက်၍ လူကြီးမိဘများက ဆူပွက်နေကြဦးမလားဟု စိုးရိမ်ပူပန်သွားလေသည်။

မောင်တင် စိုးရိမ်ပူပန်မိသည်မှာ အကြောင်းမဲ့ မဟုတ်ပေ။

မြန်မာလူမျိုးများအဖို့ အင်္ဂလိပ်များလက်အောက်သို့ ပြားပြားမှောက်ရောက်ရှိလာခဲ့ရပြီးနောက် မျက်နှာဖြူမှန်လျှင် ကြောက်ရွံ့ရှိသေနေကြရချိန်၊ မျက်နှာအဖြူအရာရှိများကိုမြင်လျှင် သခင်ဟုခေါ်ကာ ဆံဖြူသွားကျိုး အဘိုးအိုများကပင် ရှိခိုးဦးတင်နေကြရချိန်တွင် လက်တောက်လောက်ရှိသေးသည့် သူတို့ရှစ်တန်းကျောင်းသားကလေးတစ်စုက မျက်နှာဖြူများအကြိုက်တွေ့နေသော ရှိခိုးခြင်းအမှုကို တော်လှန်ပုန်ကန်ပစ်လိုက်ကြရာ လူကြီးမိဘများအနေဖြင့် လက်ခံနိုင်ကြပါ့မလား။

လူကြီးမိဘများအနေဖြင့် အင်္ဂလိပ်အရှင်သခင်များ၏ အငြိုအငြင်နှင့် အမျက်သို့မှုကို ခံယူရမှာကြောက်လန့်ကာ သူတို့ကို ကျောင်းသားဆိုးကလေးများအဖြစ် အပြစ်တင်မာန်မဲကြလေမလား။

ထိုသို့ စိုးရိမ်စိတ်ကလေးဖြင့် တွေးမိလျှင် မောင်တင်သည် သူ့ကိုယ်သူ သူတစ်ပါးလက်အောက်ခံ မြန်မာလူမျိုးဖြစ်နေရခြင်းကို ပထမအကြိမ်သတိပြုမိကာ ဝမ်းနည်းမိလေသည်။

''ဗမာပြည်မှာ ဗမာလူမျိုးဖြစ်ရမယ့်အစား နိုင်ငံခြားကမျက်နှာဖြူလို သခင်လူမျိုးဖြစ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ''

မောင်တင်သည် နိုင်ငံခြားသားများ၏ ဖိနှိပ်မှုအောက်တွင် အောက်ကျနောက်ကျနိုင်လှသော မြန်မာတစ်ယောက်ဖြစ်နေရခြင်းထက် နေရာတကာမှာ တွင်ကျယ်ဝင့်ထည်နိုင်သည့် မျက်နှာဖြူလို သခင်လူမျိုးတစ်ယောက်ဖြစ်ချင်သွားသည်။ မျက်နှာဖြူလိုသခင်လူမျိုးတစ်ယောက်သာဖြစ်ရလျှင် ကောင်းလေစွဟုလည်း တောင့်တမိလေသည်။

မောင်တင် မြင်တွေ့နေရသမျှများတွင် မြန်မာလူမျိုးဆိုလျှင် တံခါးပေါက်စောင့်ကုလားကပင် ဆောင့်ကြီးအောင့်ကြီး အာဏာပြတတ်သည်။

မီးရထားဘူတာရုံကြီးမှ ဂိတ်ပေါက်စောင့်ကုလားသည် နိုင်ငံခြားသားများနှင့် မျက်နှာဖြူကပြားများသာဖြစ်ပါက ဘောင်းဘီစုတ်ကလေးကိုပင် ဝတ်လာသည့် ဘိုကြက်ချေးပင်ဖြစ်ပါစေ၊ ဆလံပေး၍ တံခါးပေါက်ကို ရိုရိုသေသေ ဖွင့်ပေးလေ့ရှိသည်။

သူတို့နောက်မှ မြန်မာတစ်ယောက်လောက် လိုက်ဝင်သွားလျှင်ကား ဂိတ်ပေါက်စောင့်ကုလားသည် မျက်နှာထားဆိုးဆိုးနှင့်။

''ဘာကရိုး''ဟုဆိုကာ ရင်ဘတ်ကို ဆီးတွန်းထားလေတော့သည်။

ဤကဲ့သို့သော အပြုအမူ အဆက်အဆံများကို ခံယူရ၊ တွေ့မြင်ရတိုင်း မောင်တင်၏စိတ်မှာ နာကြည်းခံပြင်းသွားမိတတ်လေသည်။

ပြီးလျှင် သူသည် သူ့ဖေဖေပြောဖူးခဲ့သော စကားစုကလေးတစ်ခုကို ပြေး၍အမှတ်ရမိတတ်ပြန်သည်။

''အုပ်ချုပ်ရေးပိုင်းမှာ အဆင့်ဆင့် ဘုရားထူးရှိခိုးရတာတွေကို မလုပ်ချင်လို့ အေးအေးဆေးဆေးနဲ့ ဘယ်သူ့မှ ဘုရားထူးစရာမလို၊ ရှိခိုးစရာလဲမလိုတဲ့ တိရစ္ဆာန်ဆေးကုဌာနဘက်မှာ အလုပ်ဝင်ခဲ့တာ''

သူ့ဖေဖေက မျက်နှာဖြူအရာရှိများကို ဘုရားမထူး။ သခင်ဟုမခေါ်၊ ရှိခိုးခြင်းလည်းမပြု။ သည်အဖေ့သား မောင်တင်သည်လည်း အဖေ့ခြေရာနင်းလျက် မတရားတင်စီးလာချက်ကို တော်လှန်တိုက်ဖျက်လာခဲ့ပြီ မဟုတ်ပါလား။

မောင်တင် သတိထားမိသလောက် ပညာရေးဌာနနှင့် စာသင်ကျောင်းများတွင် ဘုရားထူးရခြင်း၊ ရှိခိုးရခြင်း ထုံစံမျိုး လုံးဝမကြုံဖူး၊ မရှိခဲ့ဖူးချေ။

ယခု မျက်နှာဖြူနှင့် ကပြားသာ အများစုဖြစ်သော ဆရာများအား မြန်မာကျောင်းသားများက ရှိခိုးနှုတ်ဆက်ရမည်ဟု အမိန့်ထုတ်လာခြင်း၊ ရှိခိုးရေးစနစ်ကို ဖွဲ့ဆော်ဦး ထိုးသွင်းတည်ဆောက်လာခဲ့ခြင်းပင်ဖြစ်သည်။

ထိုသို့ ဖွဲ့ဆော်ဦး ရောက်လာခဲ့သောစနစ်ကို မောင်တင်တို့ ရှစ်တန်းကျောင်းသားကလေးတစ်စုက ဖွဲ့ဆော်ဦးပင် တော်လှန်တိုက်ဖျက်ပစ်လိုက်ကြလေသည်။

သည်အတွက် အစပထမကတည်းက ရှိခိုးစနစ်ကို လက်မခံခဲ့သော သူ့ဖေဖေ ဦးဖေအနေဖြင့် ထိုစနစ်ကို တော်လှန်တိုက်ဖျက်လာခဲ့သော မောင်တင်တို့ကို ကြိုဆိုထောက်ခံမည်သာဖြစ်လေသည်။

သည်ကဲ့သို့ စဉ်းစားတွေးခေါ်မိလျှင် မောင်တင်သည် ကျောင်းတွင် သူတို့ပြုမူဆောင်ရွက်လာခဲ့ချက်များအတွက် ဆုပ္ပမာန်မဲ့ခြင်းခံယူရမည်ကို မကြောက်တော့။ သူ့စိတ်မှာ အေးဆေးငြိမ်းချမ်းသွားလေသည်။

သူ့ဖေဖေအနေနှင့် သူတို့အပေါ် အပြစ်တင်မည်မဟုတ်ကြောင်း မောင်တင်သေချာသွားလေတော့၏။

ထို့နောက် အိမ်ရောက်၍ အကျိုးအကြောင်း ရှင်းလင်းပြောပြလိုက်သောအခါ တခြားကျောင်းသားများတော့မသိ၊ မောင်တင်တစ်ယောက်မှာမူ သူတွက်ထားခဲ့သည့်အတိုင်း လူကြီးမိဘ၏ အဆူအပူကို မခံယူရချေ။

သို့ရာတွင် ရှစ်တန်းကျောင်းသားများနှင့် သက်ဆိုင်ရာမိဘများခမျာ သည်အတိုင်းကား ကြည့်မနေနိုင်ရှာကြ။

သူတို့သည် သူတို့သားများ ဆက်လက်ပညာသင်ကြားရေးအတွက် ဆူးလေဘုရားလမ်းရှိ ဝိတိုရိယခန်းမတွင် စည်းဝေးခေါ်ကာ နည်းလမ်းရှာရေး တိုင်ပင်ဆွေးနွေးကြကြောင်း မောင်တင်ကြားသိရလေသည်။

ကျောက်စာဝန် မစ္စတာတော်စိန်ခိုအား သဘာပတိတင်မြှောက်ကာ ဆွေးနွေးတိုင်ပင်သော စည်းဝေးပွဲသို့

ကျောင်းသားမိဘ လေးရာခန့်တက်ရောက်ကြသည် ဆိုသည်။

မိဘများအနေဖြင့် ကျောင်းအုပ်ကြီးမှစကာ အတန်းပိုင်ဆရာများသာမက ပညာအုပ်များကိုပါ ကျောင်းအတန်းထဲသို့ ဝင်ရောက်လာသောအခါ ကျောင်းသားများက မတ်တတ်ရပ်၍ အရိုအသေပေးကြရသည်ကို သဘောတူ ကြည်ဖြူပြီးသားဖြစ်ကြောင်း။

ကျောင်းခန်းအပြင်မှာပင်ဖြစ်စေ၊ ဆရာသမားများအား ရိုသေလေးစားသမှုဖြင့် ခေါင်းညွှတ်အရိုအသေပေးရမည်ဆိုလျှင်လည်း ကန့်ကွက်စရာမရှိကြောင်း။

သို့ရာတွင် ပညာမင်းကြီး အမိန့်ထုတ်လာသည့် ရှိခိုးရမည်ဆိုခြင်းကိုမူ ဘယ်မိဘကမျှ သဘောမတူကြောင်း တညီတညွတ်တည်း ပေါင်းစည်းကန့်ကွက်ကြသည်ဆို၏။

အကယ်၍ ထိုရှိခိုးအမိန့်ကို ထုတ်မည်ဆိုလျှင်လည်း ကျောင်းဖွင့်စအချိန်ကတည်းက ထုတ်ဆင့်သင့်ကြောင်း။

ထိုအခါ ထိုရှိခိုးစနစ်ကို လက်မခံသော မိဘများအနေဖြင့် သူတို့သားများကို ရှိမခိုးရသော ကျောင်းများသို့ ရွှေ့ပြောင်းထားနိုင်ကြမည်ဖြစ်ကြောင်းလည်း ပြောဆိုကြသေးသည်။

ပြီးလျှင် မစ္စတာတော်စိန်နီ ခေါင်းဆောင်သော ကိုယ်စားလှယ်တစ်ဖွဲ့ကို မိဘများထဲမှ ရွေးကောက်တင်မြှောက်ပြီးနောက် ကျောင်းအုပ်ဆရာကြီး မစ္စတာဝေးလ်(စ်)နှင့် သွားရောက်တွေ့ဆုံစေလေသည်။

ကျောင်းအုပ်ကြီးမှတစ်ဆင့် ပညာမင်းကြီးထံသို့ အစီရင်ခံပေးရန်ဖြစ်သော မိဘများ၏ တောင်းဆိုချက်များကို ကိုယ်စားလှယ်အဖွဲ့က တင်ပြကြကြောင်း မောင်တင်တို့ ကြားသိကြရပြန်သည်။

ကိုယ်စားလှယ်အဖွဲ့က တင်ပြသော အချက်များထဲ၌ ရှစ်တန်းကျောင်းသားများ ကျောင်းမတက်ဘဲ သပိတ်မှောက်နေကြခြင်းတွင် အတန်းကြီးသမားများ၏ သွေးထိုးမြှောက်ပင့်ပေးမှုများ အလျှင်းမပါကြောင်း။

မိဘများက စိုးရိမ်စိတ်ပူကာ မလွှတ်၍သာ ကျောင်းမတက်ကြခြင်းဖြစ်ကြောင်း။

အကယ်၍ ၁၉၀၃ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့က ပညာအုပ်၏ နှင်ထုတ်ခဲ့ခြင်းအချက်ကိုသာ သက်ဆိုင်ရာမှ ပယ်ဖျက်ပြီးနောက် ပြန်လည်လက်ခံမည်ဆိုပါက ရှစ်တန်းကျောင်းသားများအားလုံး ဝမ်းမြောက်ဝမ်းသာ ကျောင်းပြန်တက်ကြမည်ဖြစ်ကြောင်း စသည်ဖြင့် အနူးအညွတ် ဆွေးနွေးတင်ပြကြလေသည်။

ကျောင်းအုပ်ကြီးက ကိုယ်စားလှယ်အဖွဲ့မှ တင်ပြတောင်းဆိုသမျှ လက်ခံနားထောင်ပြီးနောက် အထက်သို့ အစီရင်ခံပေးမည်ဖြစ်ကြောင်း။ မကြာခင် အထက်မှပြန်ကြားစာကိုလည်း အတိအကျ ရရှိလိမ့်မည် သူထင်ကြောင်း၊ သိရလျှင် သိရချင်း ကိုယ်စားလှယ်အဖွဲ့ကို အသိပေးမည်ဖြစ်ကြောင်း ပြေပြေလည်လည် ပြန်လည်ဆွေးနွေးလိုက်သည် ဆိုသည်။

ထို့နောက် ကျောင်းအုပ်ကြီး၏ ခွင့်ပြုချက်ဖြင့် မောင်တင်တို့ ရှစ်တန်းကျောင်းသားများ ကျောင်းပြန်တက်လိုက်ကြလေသည်။

မောင်တင်တို့ ကျောင်းပြန်တက်ခဲ့ကြသည်မှာ ရက်ပိုင်းမှ လပိုင်းသို့ပင် ကူးလာသည်။

မြန်မာကျောင်းသားများအနေဖြင့် ဆရာသမားများအား ရှိခိုးနှုတ်ဆက်ရမည်ဟု ဆိုခဲ့သော ပညာမင်းကြီးထံမှ အမိန့်ကား နောက်ထပ်၍ ရောက်မလာတော့ချေ။

ထိုအမိန့်သည် သူတို့ထံသို့ ဘယ်သောအခါမျှ ရောက်လာတော့မည်မဟုတ်ကြောင်းကိုလည်း မောင်တင်တို့ ကောင်းကောင်းကြီး နားလည်ထားလိုက်ကြလေသည်။

အကယ်၍ ရှိခိုးအမိန့်ကို ဆက်ထုတ်လိုက်လျှင် သည်တစ်ခါ ရှစ်တန်းတစ်တန်းတည်း သာမက တစ်ကျောင်းလုံးသို့ပါ ကူးစက်ပျံ့နှံ့ကာ ပညာရေးအထက်အရာရှိများ အခက်တွေ့သွားနိုင်ကြသည် မဟုတ်ပါလား။

ကျောင်းပြန်တက်လိုက်ရသော မောင်တင်သည် ပီတိစိတ်ဖြင့် အထူးပင်ကျေနပ်နှစ်သိမ့်နေမိလေသည်။

မီးရထား ဘူတာရုံမှ အပေါက်စောင့်ကုလားကပင် ''ဘာကရိုး''ဟု မျက်နှာထားဆိုးဆိုးဖြင့် အအော်အငေါက်ခံနေကြရသော မြန်မာလူမျိုးများထဲမှ သူတို့ရှစ်တန်းကျောင်းသားကလေးတစ်စုက အင်္ဂလိပ်အရှင်သခင်များ၏ တင်စီးဖိနှိပ်ရန် ပြုမူလာချက်ကို လက်မခံတမ်း တွန်းလှန်တိုက်ဖျက်လိုက်နိုင်ကြပြီမဟုတ်ပါလား။

သည်အရေး၊ သည်ကိစ္စကို တစိမ့်စိမ့်တွေးမိတိုင်း မောင်တင်၏ရင်မှာ တသိမ့်သိမ့် နွေးထွေးသွားအောင် ဝမ်းသာပီတိဖြင့် ပြည့်လျှမ်းခံစားသွားတတ်လေတော့သည်။

# ၄

# ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူသူ

''လောကဝမ်းမြောက် ဘုရားကြွလာ လူများဘုရင်ခံယူ''

မောင်တင်တို့ ညီအစ်ကို မောင်နှမတစ်စုသည် ရောက်လာတော့မည့် ခရစ်စမတ်ပွဲတော်တွင် သီဆိုကျူးအေးရန် ဓမ္မတေးများကို အင်းစိန်၊ ပေါက်တောခြံကြီးအတွင်းရှိ သူတို့အိမ်ကြီးမှာပင် လေ့ကျင့်သီဆိုနေလိုက်ကြလေသည်။

မောင်တင်သည် ပထမအစတွင် ဆွေမျိုးများ စုပေါင်းသီဆိုတီးမှုတ်ရာ အဖွဲ့ကြီးသို့ သွားရောက်မပါဝင်နိုင်တော့၍ သူ့စိတ်မှာ တတွေးတွေးဖြင့် ဆွေးမိသေးသော်လည်း နောက်ပိုင်းတွင်မူ သူတို့မိသားစုချည်း သီးသီးသန့်သန့် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဘုရားရှိခိုးကိုးကွယ်နိုင်ခဲ့ကြသလို အုပ်စုမသေး၊ အင်အားမနည်းလှသော သူတို့မောင်နှမများချည်း စုစည်းသီဆိုတီးမှုတ်၍လည်း ဖြစ်လာခဲ့လေတော့သည်။

မောင်တင်သည် ထိုသို့ မေ့မေ့ပျောက်ပျောက်ရှိလာခဲ့သော်လည်း သူတို့မိသားစုဘုရားရှိခိုးကြတိုင်း ဦးလေးဦးထွန်းငြိမ်းတို့မိသားစုနှင့်တကွ ဆွေမျိုးအားလုံးအတွက် သူ့ဖေဖေ၏ ဆုတောင်းမေတ္တာပို့ပေးနေသံများက သူ့စိတ်နှလုံးကို ယူကျုံးမရ ဝမ်းနည်းတသသွားစေလိုက်ပြန်လေသည်။

သည်အခါ မောင်တင်၏ စိတ်ဘဝင်မှာ သူ့ဖေဖေ ဦးဖေနှင့် ဦးလေးဦးထွန်းငြိမ်းတို့အပေါ် နားမလည်နိုင်ခြင်းဖြင့် အတွေးမျှင်ခုနစ်စဉ်တန်းလိုက်မိလေတော့သည်။

သူ့ဖေဖေအနေဖြင့် ညီဖြစ်သူ ဦးလေးဦးထွန်းငြိမ်းကို အဘယ်မျှချစ်ကြောင်းကို မောင်တင်ကောင်းကောင်းသိထားခဲ့သည်။

မောင်တင်ပြန်တွေးမိတိုင်း တရေးရေး ပြန်လည်အမှတ်ရမိတတ်သည်။

သူကလေးဘဝ မှတ်မိသမျှ သူ့မှာ ချစ်ခင်အားကိုးရသော အစ်ကိုကြီးတစ်ယောက်ရှိခဲ့ဖူးကြောင်း သတိရတတ်သည်။

ထို့နောက် မကြာမီတွင် သူ့အစ်ကိုကြီးသည် သူ့ထံမှ ရုတ်တရက်ပျောက်ဆုံးသွားခဲ့သည်။

သူ့အစ်ကိုကြီးကို မောင်တင်လိုက်ရှာခဲ့သည်။ အိမ်ကြီးအနှံ့ ခြံကြီးအနှံ့ပင်။ သို့ရာတွင် ဘယ်မှာမှမတွေ့။

သည်တော့ ပျောက်ဆုံးသွားသော သူ့အစ်ကိုကြီးနှင့်ပတ်သက်၍ အိမ်သားများကို မောင်တင်လိုက်မေးခဲ့မိသည်။

သည်အခါ သူ့မေမေနှင့် မမတို့ အဒေါ်တို့ အဘွားတို့က အဖြေမပေးဘဲ အားလုံးငိုနေခဲ့ကြသည်။

နောက်ဆုံး ဖေဖေ့ကိုမေးတော့မှ မောင်တင်အဖြေရခဲ့လေသည်။

''တိုတိုကြီးကို ဘုရားသခင်ခေါ်သွားပြီ''တဲ့။

ယခု အတော်ကလေး ကြီးလာတော့မှ သူ့အစ်ကိုကြီး ကိုဘရင်မှာ သစ်ပင်ပေါ်မှ လိမ့်ကျ၍ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မောင်တင်သိလာရသည်။

ထိုနေ့က ဦးလေးဦးထွန်းငြိမ်း သူတို့အိမ်သို့လာလည်ရင်း တူဖြစ်သူ မောင်ဘရင်ကို သရက်သီး တက်အခူးခိုင်းရာမှ မတော်တဆ ခြေချော်ကျသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုအခါ သူတို့ဖေဖေ ဦးဖေအနေဖြင့် သူချစ်လှသော သားကြီးမောင်ဘရင် သေဆုံးသွားခဲ့ရခြင်းမှာ သူ့ညီ ဦးလေးဦးထွန်းငြိမ်းကြောင့်ဟု တရားခံအဖြစ် စွပ်စွဲလိုက စွပ်စွဲနိုင်သည်။

အပြစ်ဆိုလိုကလည်း မဆုံးတမ်း အပြစ်ဆိုနိုင်၊ အမျက်သိုနိုင်လေသည်။

သို့ရာတွင် သည်ကိစ္စနှင့်ပတ်သက်၍ ဦးလေးဦးထွန်းငြိမ်းအား သူ့ဖေဖေ အပြစ်ဆိုချင်ဟန် လေသံကိုမျှ မောင်တင်မကြားစဖူးခဲ့ချေ။

ဦးလေးဦးထွန်းငြိမ်းကြောင့် ဖြစ်ပျက်ခဲ့သည့်အကြောင်းရင်း အခြင်းအရာကိုပင် တခြားဆွေမျိုးသားချင်းများ ပြောပြ၍သာ မောင်တင်သိကြားနားလည်ခဲ့ရခြင်းဖြစ်လေသည်။

ထိုကဲ့သို့ သားတစ်ယောက်လုံး ဆုံးရှုံးခဲ့ရသည်ကိုပင် အပြစ်မတင်ရက်ခဲ့သော သူတို့ဖေဖေ ဦးဖေသည် ယခု သူတို့မိသားတစ်စုလုံးကို အသင်းမှ မောင်းထုတ်လိုက်ပြန်သော ညီဖြစ်သူ ဦးလေးဦးထွန်းငြိမ်းကို စိတ်မဆိုးသည့်အပြင် ဆုတောင်းမေတ္တာများပင် ပို့သပေးဝေလျက် ရှိနေသေးတော့သည်။

တခြားသူများ လိုက်မမီနိုင်အောင် ကြီးမားလွန်းလှသော သူ့ဖေဖေ၏ မေတ္တာနှင့် ခန္တီပါရမီကို မောင်တင် အံ့သြချီးမွမ်းမိလေသည်။

သူ့ဖေဖေ ဦးဖေသည် မောင်တင်တစ်ယောက် သူ့ညီကလေးမောင်ခင်ကို ဂေါ်လီကစားရာမှ ပတ်သက်ပြီး လက်သီးနှင့်ထိုးကြိတ်ခဲ့စဉ်က သားသမီးများထဲမှ ထူးထူးခြားခြား တုတ်ကလေးဖြင့် ရိုက်နှက်ဆုံးမခဲ့ဖူးသလို ဘာအကြောင်းကြောင့်ပဲဖြစ်စေ ကိုယ့်ထက်ငယ်သူကို အမြဲတမ်း အလျှော့ပေးရမည်ဟု ဆိုထားခဲ့သည့်အတိုင်း ညီငယ်ဖြစ်သူ ဦးလေးဦးထွန်းငြိမ်းအပေါ် သည်းခံခွင့်လွှတ်စိတ်ဖြင့် အလျှော့ပေးနေခြင်းများလားဟု တစ်ခါတစ်ခါ စဉ်းစားမိတတ်ပြန်သည်။

သည်လိုဆိုလျှင်လည်း ဘာ့ကြောင့် ညီအစ်ကိုချင်း သဘောကွဲပြီး အသင်းမှ နှင်ထုတ်ပစ်ခြင်းခံရသည်အထိ ပြင်းထန်တင်းမာနေခဲ့ရသနည်း။

သူ့ဖေဖေအနေဖြင့် ညီငယ်ဖြစ်သူ ဦးလေးဦးထွန်းငြိမ်း၏ သဘောကို လိုက်လျောလက်ခံခဲ့လျှင် မပြီးပါလား။

သည်အခါ ညီအစ်ကိုချင်း ယခုကဲ့သို့ ဘာပြဿနာမျှ တက်နေစရာမလိုတော့။

မောင်တင်အဖို့လည်း ဆွေမျိုးစုသီချင်းဆိုဝိုင်းနှင့် တယောထိုးဝိုင်းတို့တွင် မပါဝင်နိုင်တော့သဖြင့် ယခုလို အဝေးမှ အတွေးကလေးနှင့် ဆွေးနေရမည်မဟုတ်။

မောင်တင်သည် သူ့ဦးလေးဦးထွန်းငြိမ်းနှင့် ပတ်သက်၍လည်း စဉ်းစားကြည့်မိပြန်သည်။

မောင်တင်တို့ တွေ့မြင်သိရှိရသမျှ ဦးလေးဦးထွန်းငြိမ်းသည် ဥပဓိရုပ်ကောင်းသလို ဉာဏ်ပညာလည်း ကြီးမားသော ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးဖြစ်သည်။

ယခု မောင်တင်တို့ ဟိုက်စကူးကျောင်းနှင့်တွဲလျက်ရှိနေသော ရန်ကုန်ကောလိပ်သည် ၁၈၇၉ ခုနှစ်တွင်မှ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

* F.A.=First Arts

ရန်ကုန်ကောလိပ်ဖွင့်ပြီးနောက် ၁၈၈၀ ပြည့်နှစ်တွင် အက်ဖ်-အေ*စာမေးပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပစစ်ဆေးပေးခဲ့သည်။

ထိုသို့ ကျင်းပစစ်ဆေးပေးသော အက်ဖ်–အေ စာမေးပွဲကို ပထမဦးဆုံးအဖြစ် ကျောင်းသားတစ်ယောက်တည်းသာ ဝင်ရောက်ဖြေဆိုခဲ့သည်ဆိုသည်။

ထိုသို့ ဝင်ရောက်ဖြေဆိုခဲ့သူကား သူတို့ဦးလေးဦးထွန်းငြိမ်းဖြစ်ကြောင်း မောင်တင်သိရလေသည်။

မောင်တင်တို့ သိမီမှတ်မိချိန်တွင်ကား ဦးလေးဦးထွန်းငြိမ်းမှာ စာတော်ပြန်ဝန်ထောက်ကြီးဟူ၍ ရာထူးဌာနန္တရကြီးနှင့် ထည်ဝါထင်ရှားလျက်ရှိနေလေပြီ။

တစ်ခါ သူ၏ကြိုးစားပြုစုမှုအရ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလုနီးပြီဖြစ်သော ဦးထွန်းငြိမ်း၏ အဘိဓာန်ကြီးကြောင့်လည်း နာမည်ကျော်ကြား လူသိများလျက် ရှိနေပြန်သေးသည်။

ထိုသို့သော ဦးထွန်းငြိမ်းသည် အစ်ကိုကြီးဖြစ်သူ ဦးဖေကို အတော်ချစ်ပုံရသည်။

ရန်ကုန် အလုံရပ်တွင်နေသော ဦးလေး ဦးထွန်းငြိမ်းသည် အင်းစိန်ပေါက်တော်၌ရှိသော မောင်တင်တို့ဖေဖေဦးဖေထံသို့ မကြာခဏ ရောက်လာတတ်ခဲ့လေ့ရှိသည်။

ဦးလေးဦးထွန်းငြိမ်းသည် မောင်တင်တို့ တူသားနောင်မယ်များအပေါ်တွင်လည်း အတော်ကလေး ချစ်ခင်တွယ်တာလေသည်။

သူသည် သူ့ဝါသနာကြီးရာ ဂီတအနုပညာကို တူသားဆွေမျိုးများကိုပါ ဝေဖြန့်လျက် ရက်ရက်ရောရော စေတနာတွေ ထားရှိခဲ့သည်မဟုတ်ပါလား။

ယခုလက်ရှိ မောင်တင်အသုံးပြုနေသော တယောပြားကလေးသည်ပင် ဦလေး ဦးထွန်းငြိမ်း၏ စေတနာအမှတ်အသားကလေးတစ်ခုဖြစ်လေသည်။

ဂီတအနုပညာကို လေ့လာလိုက်စားသော ဦးလေးဦးထွန်းငြိမ်းသည် စိတ်သဘောထား နူးညံ့ပျော့ပျောင်းသူတစ်ဦးဖြစ်လေသည်။

အထူးသဖြင့် ဦးလေးဦးထွန်းငြိမ်းသည် ဘုရားတရားကို အလွန်ကြည်ညိုကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်ပြန်သည်။

သည်သို့သော အချက်အလက် အခြေခံကလေးများကို သိရှိထိတွေ့ထားနေခဲ့၍ပင် သူ့ဦးလေး ဦးထွန်းငြိမ်းကို မောင်တင်နားမလည်ဖြစ်ရသည်။

ထိုကဲ့သို့ ပညာကြီးရင့်၍ ရက်ရောသော သဘောကောင်းသော စိတ်ထားပျော့ပျောင်းသော ဘုရားတရားကို ကြည်ညိုကိုင်းရှိုင်းသော ဦးလေးဦးထွန်းငြိမ်းသည် အစ်ကိုဖြစ်သူ ဦးဖေ၏အပေါ်ကိုကျတော့ အဘယ်ကြောင့် သဘောမကောင်း မပျော့ပျောင်း မလိုက်လျောနိုင်ခဲ့ပါလိမ့်။

ဘယ်အတွက် အပြင်းအထန် သဘောကွဲလွဲရပြီးနောက် တင်းတင်းမာမာ ခက်ခက်ထန်ထန်ဖြင့် သူတို့မိသားစုကို အသင်းမှနှင်ထုတ်ခဲ့သည်အထိ အခေါ်အပြော အဆက်အဆံမပြုလုပ်နိုင်သည်အထိ ဦးလေးဦးထွန်းငြိမ်း ပြောင်းလဲသွားခဲ့ရပါသနည်း။

''သခင်ခရစ်တော်က လူတွေကို အချင်းချင်း ချစ်ကြရမယ်၊ သည်းခံခွင့်လွှတ်ကြရမယ်၊ ရန်သူကိုတောင် မေတ္တာထားကြရမယ်၊ ပါးတစ်ဖက်ကို အရိုက်ခံရရင် ကျန်ပါးတစ်ဖက်ကို လှည့်ပေးနိုင်တဲ့အထိ နှိမ့်ချနိုင်ရမယ်လို့ မိန့်မြွက်ဟောကြား ဩဝါဒ ပေးသွားခဲ့တဲ့ သမ္မာတရားတွေကို လက်ခံနာယူနေကြတဲ့ ဖေဖေတို့ ဦးလေးတို့ဟာ ခရစ်တော်ဘုရားရဲ့ ဟောကြားချက် ဒေသနာတွေနဲ့ ဆန့်ကျင်ပြီး...

– ဘာဖြစ်လို့ အပြင်းအထန် အငြင်းပွားကြရတာလဲ။

– သည်းခံခွင့်လွှတ်စိတ်နဲ့ အေးအေးဆေးဆေး မဆွေးနွေးနိုင်ကြဘူးလား။

– ရန်သူမဟုတ်တဲ့ ညီအစ်ကိုအရင်း သွေးချင်းသားချင်းပဲဟာ၊ ဘာဖြစ်လို့ စိမ်းစိမ်းကားကား နှင်ထုတ်ရက်တာလဲ၊ အဆက်ဖြတ်ပစ်ရက်နိုင်တာလဲ''

သူ့ဖေဖေနှင့် သူ့ဦးလေးတို့ သဘောကွဲလွဲ ဖြစ်ပျက်ခဲ့ရသည့် အကြောင်းကိစ္စကလေးကို တွေးမိဆွေးမိတိုင်း မောင်တင်၏ ရင်နှလုံး၌ အဖြေမထွက်သော အထက်ပါမေးခွန်းကလေးများက လှုပ်ရှားပလုံစီသွားတတ်လေသည်။

ထိုသို့ သူ့ရင်ထဲမှ ပလုံစီအောင် လှုပ်ရှားသွားတတ်သော မေးခွန်းများအတွက် အဖြေစကား တိတိကျကျ မရှိငြားလည်း သူ့ဖေဖေနှင့် ဦးလေးတို့နှစ်ယောက်သည် ဘုရားတရား၌ ယုံကြည်ကိုင်းရှိုင်းမှု လွန်ကဲကာ အစွဲအလမ်းကြီးမားပြီးနောက် ခေါင်းမာတတ်သည့် မျိုးရိုးစဉ်ဆက်အတိုင်း ဘာသာရေး အယူသည်းမှုကြောင့်သာ ဖြစ်လေမလားဟု မောင်တင်က တစ်ယောက်တည်း ငြိမ်တွေးလျက် ထင်ကြေးကလေးတော့ ပေးမိတတ်လေသည်။

မျိုးရိုးနှင့်ချီ၍ ထင်ကြေးပေးမိတတ်သည်မှာ အကြောင်းမဲ့တော့ မဟုတ်ပေ။ စပ်စပ်စုစု သုတေသနပြုတတ်ခဲ့သော မောင်တင်ထံတွင် သူတို့မျိုးရိုးစဉ်ဆက်နှင့်ပတ်သက်သည့် ထူးခြားဆန်းပြားလှသော အချက်အလက် အထောက်အထားများက အနိုင်အလုံ အပြည့်အစုံ ရှိနေခဲ့သည်မဟုတ်ပါလား။

မောင်တင်တို့၏ အဘိုးနှင့်အဘွား ဦးဖေနှင့် ဦးထွန်းငြိမ်းတို့၏အဖေ ဦးသာဒွန်းအောင်နှင့် အမေဒေါ်ဘုသည် ရတနာပူရ၊ အင်းဝနေပြည်တော်မှ ဆင်းသက်ဆက်နွယ်လာခဲ့သော မြန်မာလူမျိုးစစ်စစ်များဖြစ်ကြသည်ဟု ဆိုသည်။

ဦးသာဒွန်းအောင်တို့ မိဘဘိုးဘွားများသည် ဘိုးတော်ဘုရားမင်းလက်ထက်တွင် တိုင်းပြည်အလုံး အုန်းအုန်းကျွက်ကျွက် မငြိမ်မသက် စစ်မက်အန္တရာယ်ဆိုး၊ သူခိုးဓားပြများ ထကြွသောင်းကျန်းနေကြသည့်အပြင် အစာရေစာ ရှားပါးငတ်မွတ်ခြင်းဘေးတစ်မျိုးကလည်း တိုးလာခဲ့ပြန်သောကြောင့် ဇာတိရပ်ရွာ အင်းဝနေပြည်တော်မှ သာယာဝတီသို့ ပြောင်းရွှေ့လာခဲ့ကြလေသည်။

သာယာဝတီမြို့မှာကလည်း အရေးအခင်းများသိပ်ပြီး မရှင်းလင်း၊ မငြိမ်သက်လှ။ ထိုအခါ ဦးသာဒွန်းအောင်တို့၏ မိဘဘိုးဘွားများသည် အေးချမ်းသာယာမည် အထင်ရှိသော မိုးညှိုထန်းတောအရပ်သို့ ယာယီရွှေ့သွားလိုက်ကြပြန်သည်။

သူတို့သည် ထိုအရပ်တွင် အတန်ကြာစတည်းချ နားခိုနေထိုင် စနည်းနာပြီးနောက်မှ ရေကြည်ရာ၊ မြက်နုရာ ဖြစ်သော အောက်ပြည်အောက်ရွာသို့ မြစ်ကြောင်းမှ စုန်ဆင်းခဲ့ကြပြန်လေသည်။

ထို့နောက် ရေခံမြေခံကောင်း၍ ရောင်းဝယ်ဖောက်ကားမှု၌လည်း စည်ပင်ပွားများ အားပါးတရ ရှိလှသော ရောဝတီမြစ်ကမ်းစပ်မှ ဟင်္သာတမြို့ကို ဦးသာဒွန်းအောင်တို့၏ မိဘဘိုးဘွားများ အကြိုက်တွေ့နှစ်သက်သွားကြကာ အခြေချနေထိုင်လိုက်ကြလေတော့သည်။

ဟင်္သာတမြို့သည် ဦးသာဒွန်းအောင်တို့ ညီအစ်ကိုချည်း ခုနစ်ယောက်စလုံး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည်ဟု ဆိုသည်။

သူတို့ ညီအစ်ကိုချည်းခုနစ်ယောက်တွင် တတိယမြောက်ဖြစ်သော ဦးသာဒွန်းအောင်သည် အဘိုးဆိုင်းသမား၏ ခြေရာကိုနင်းကာ အတီးအမှုတ်တွင် အထူးဝါသနာကြီးသူဖြစ်လေသည်။

ထိုအခါ ချမ်းသာကြွယ်ဝသော ကုန်သည်ပွဲစားမိဘနှစ်ပါးက သားများဖြစ်ကြသော ဦးသာဒွန်းအောင်တို့ ညီအစ်ကိုခုနစ်ယောက်ကို ဆိုင်းဝိုင်းကြီးတစ်ဝိုင်း တည်ထောင်ပေးထားလိုက်လေသည်။

သူတို့ညီအစ်ကိုခုနစ်ဖော် ဆိုင်းအဖွဲ့တွင် ဦးသာဒွန်းအောင်က ဆိုင်းခေါင်းဆောင်ဝိုင်းတီးဆရာဟု သိရသည်။

ဦးသာဒွန်းအောင်တို့ မိသားတစ်စု ဟင်္သာတမြို့တွင် အခြေတကျ ကြီးပွားချမ်းသာနေကြချိန်သည်ကား အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲကြီးဖြစ်ပြီးနောက် အောက်မြန်မာပြည်ကို ကုလားဖြူ အင်္ဂလိပ်တို့က စိုးမိုးအုပ်ချုပ်ထားနေခဲ့လေပြီ။

ထိုအချိန်တွင် ၁၈၁၃ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့၌ ရန်ကုန်သို့ ရောက်ရှိလာခဲ့သော အမေရိကန်လူမျိုး ဒေါက်တာဂျဒ်ဆန်*၏ သာသနာပြုချက်အရ အောက်မြန်မာပြည်တစ်ခွင်မှာ ခရစ်ယာန်ဘာသာတရားသည် အတော်ကလေး တွင်ကျယ်ပျံ့နှံ့နိုင်ခဲ့နေပြီဖြစ်သည်။

ထိုအသင်းတော်ကို မစ္စတာခရောလေး**ဆိုသူ မျက်နှာဖြူသာသနာပြုဆရာတစ်ဦးက တာဝန်ယူ၍ သာသနာပြုနေခဲ့လေသည်။

---

* Dr. Judson အင်္ဂလိပ်-မြန်မာ ယုဒသန် အဘိဓာန်ကိုပြုစုခဲ့သူ ဆရာယုဒသန်

** Mr. Crawley



MKS PUBLISHING

သူတို့နေထိုင်ရာ ဟင်္သာတမြို့တွင် ခရစ်ယာန်ဘာသာရေးအသင်းတော်တစ်ခုနှင့် သာသနာပြုဆရာ မစ္စတာ ခရောလေးဆိုသူတစ်ဦး ရှိနေခဲ့သော်လည်း ဦးသာဒွန်းအောင်တို့မိသားစုကမူ သတိထားမိကြသည်မဟုတ်ပေ။

ဘိုးစဉ်ဘောင်ဆက်မှစပြီး မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များဖြစ်ခဲ့ကြသော ဦးသာဒွန်းအောင်တို့ မိသားစု အနေဖြင့်လည်း လူမျိုးခြားခရစ်ယာန်သာသနာပြုဆရာတစ်ဦးအား စိတ်ပါဝင်စား သတိထားမိစရာ ဘာအကြောင်း မှုမရှိခဲ့ချေ။

ထိုခရစ်ယာန်ဘာသာရေးအသင်းတော်နှင့်အတူ နိုင်ငံခြားသား မျက်နှာဖြူသာသနာပြုဆရာ ခရောလေး ဆိုသူကိုလည်း သူတို့မိသားစုက လုံးဝအဆက်အသွယ်မပြုခဲ့ကြ။ တွေ့ဖူးမြင်ဖူးခြင်းပင်မရှိ။

မင်းမျိုးမင်းနွယ်မှ ဆင်းသက်ပေါက်ဖွားလာခဲ့ပြီး နောင်တွင် မဟာသံဃာ့ရာဇာ တောင်ခွင်သာသနာပိုင် ဆရာတော်အဖြစ် ထင်ရှားကျော်ကြားလာမည့် အလောင်းလျာဖြစ်သူ သူ့မိဘများက နောင်ကြီးလာသောအခါ နန်းတော်ရှိ လွှတ်တော်ရုံးတော်များတွင် ကြီးပွားချမ်းသာစေလိုသော စေတနာနိမိတ်ဖြင့် ကင်ပွန်းတပ်မှည့်ခေါ် ထားခဲ့သည့် ငယ်မည် မောင်လွှတ်နှင့် ဆွေမျိုးသားချင်း ဝမ်းကွဲညီအစ်ကိုများတော်စပ်နေကြသူ ဦးသာဒွန်း အောင်တို့မိသားတစ်စုသည် ချမ်းသာကြွယ်ဝသော ပစ္စည်းလေးပါး ဒါယကာများပီပီ နေ့စဉ်နေ့တိုင်း သံဃာများ အား ဆွမ်းကွမ်းပြည့်ပြည့်စုံစုံကပ်လှူရေး၊ ဘုရားကျောင်းကန် ဆောက်လုပ်လှူဒါန်းရေး၊ ဆွမ်းကျွေးတရားနာရေး၊ ဥပုသ်စောင့် သီလဆောက်တည်ရေးများ၌သာ လက်မလည်အောင် ဆောင်ရွက်ချမ်းမြေ့နေခဲ့ကြလေသည်။

တခြားအချိန်များကျပြန်တော့လည်း သူတို့သည် သူတို့စီးပွားရေးလုပ်ငန်းဖြစ်သော ရောင်းဝယ်ဖောက် ကားမှု၊ ရပ်ရေးရွာရေးသာမှုနာမှု၊ အစုစုဖြင့် မအားနိုင်အောင်ရှိနေခဲ့ကြပြန်သည်။

သူတို့အဖို့ အားချိန်နားချိန်ကလေးများ ရလာပြီဆိုပြန်တော့လည်း ဦးသာဒွန်းအောင်တို့သည် ပွဲလမ်း သဘင် ခုံမင်နှစ်သက်ကြသလို ဝါသနာပါရာ ဆိုင်းဝိုင်းကြီးကို တခြိမ့်ခြိမ့်တီးနေခြင်းဖြင့် သူတို့ဘဝမှာ တခြားဘာမျှ သတိမရ စိတ်မဝင်စားအားအောင် ပျော်ရွှင်ကြည်မွေ့နေမိကြသည်သာဖြစ်သည်ဆို၏။

အချိန်ကာလကား မြန်မာသက္ကရာဇ် ၁၂၂၅ ခု၊ ခရစ်နှစ် ၁၈၆၆ ခုနှစ်ခန့်တွင် ဖြစ်လေသည်။

တချို့ အိမ်ထောင်ကျကုန်ကြပြီဖြစ်သော သူတို့ညီအစ်ကို ခုနစ်ယောက်ထဲမှ ဦးသာဒွန်းအောင်ပင်လျှင် သားသုံးယောက်အဖေ ဖြစ်နေလေပြီ။

ထိုသို့ သားမြေးချွေးမများ သိုက်သိုက်ဝန်းဝန်းဖြင့် ပျော်ရွှင်မဆုံး တရုန်းရုန်းရှိနေကြချိန်မှာပင် ဦးသာဒွန်း အောင်တို့ မိသားစုကမ္ဘာကလေးအပေါ်သို့ မထင်မမှတ်သော မုန်တိုင်းကြီးတစ်ခုက ဖြုန်းဆိုကျရောက်မွှေနှောက် လာခဲ့လေသည်။

သူတို့အဖို့ လုံးဝသတိမရ အနည်းငယ်မျှလည်း မျှော်လင့်မထားခဲ့မိသော မုန်တိုင်းကြီး၏ ရုတ်တရက် ဝင် ရောက်မွှေနှောက်တိုက်ခိုက်မှုတွင် ဦးသာဒွန်းအောင်တို့ မိသားတစ်စုလုံးခမျာ ပြင်းထန်စွာ လှုပ်ရှားတုန်ခါသွားခဲ့ကြ ရှာသည်။

သူတို့၏ ပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့ကြသော စိတ်အစဉ်များသည်လည်း နွေခေါင်ခေါင်တွင် မိုးကြိုးစက် ကွင်း အခွင်းခံလိုက်ရသည့်အလား တအံ့တအား ညှိုးနွမ်းလောင်ကျွမ်းသွားကြလေတော့သည်။

ထိုကဲ့သို့ သူတို့မိသားစုကမ္ဘာကလေးအဖို့ သွက်သွက်ခါမျှ လှုပ်ရှားလောင်ကျွမ်းကာ ပူဗျာပါများသွားခဲ့ရသည့် အကြောင်းရင်းသည်ကား အဓိကရ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော ဦးသာဒွန်းအောင်တို့၏ မိခင်ကြီးသည် ရုတ် တရက် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားခဲ့သောကြောင့်ဖြစ်လေသည်။

ဦးသာဒွန်းအောင်တို့ကဲ့သို့ အလှူရေစက်လက်နှင့်မကွာတမ်း သာသနာ့ဝန်ထမ်းလျက် လှူဒါန်းကိုးကွယ် နေကြသော အဓိကရ ဗုဒ္ဓဘာသာဝင်များအနေဖြင့် သတိမထား စိတ်မဝင်စား အရေးအရာအမှတ်အသားလည်း လုံးဝမပြုအားကြသော မျက်နှာဖြူခရစ်ယာန်သာသနာပြုဆရာ ခရောလေးသည် ထိုနေ့က ဟင်္သာတမြို့မှ ခုနစ်မိုင် မျှ အကွာအဝေးရှိသော ချောင်းကလေးတစ်ချောင်းတွင် လူခြောက်ယောက်ကို ရေ၌နှစ်ခြင်းမင်္ဂလာပေးကာ ခရစ် ယာန်ဘာသာသို့ သွတ်သွင်းကူးပြောင်းခွင့်ပြုလိုက်လေသည်။

ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားခဲ့သူ လူခြောက်ယောက်တွင် အမျိုးသမီးဆို၍ တစ်ဦးတည်းသာ ပါဝင်လေသည်။

ထိုတစ်ဦးတည်းသော အမျိုးသမီးကြီးကား ဦးသာဒွန်းအောင်တို့ ညီအစ်ကိုခုနစ်ဖော်၏ ချစ်လှစွာသော

မိခင်ကြီးပင်ဖြစ်လေတော့သည်။

သူတို့မိခင်ကြီး ယခုလိုဘာသာကူးပြောင်းသွားမှုတွင် ဖခင်ကြီးနှင့်အတူ သားခုနစ်ယောက်အနက် အထက်မြက်ဆုံး၊ မိခင်ကိုလည်း အချစ်ဆုံးဖြစ်သူ ဦးသာဒွန်းအောင်မှာ မကျေမနပ် သဘောမတူနိုင်ဆုံးဖြစ်လေသည်။

လွန်ခဲ့သော လေးငါးခြောက်လခန့်ကမူ သူတို့၏မိခင်ကြီးသည် သူတို့အားလုံး အံ့အားသင့်သွားမိကြအောင် ယခုကဲ့သို့ ဘာသာကူးပြောင်းလိုကြောင်းကို သူ့ခင်ပွန်းဖြစ်သူ ဦးသာဒွန်းအောင်တို့၏ ဖခင်ကြီးထံ ခွင့်ပန်ခဲ့ဖူးသည်။

မိခင်ကြီး၏ခွင့်ပန်ချက်ကို ဖခင်ကြီးနှင့်အတူ သားခုနစ်ယောက်စလုံးက လုံးဝသဘောမတူ၊ မလိုက်လျောကြ။ အားလုံးကပင် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။

အားလုံးထဲတွင် သူ့ဖခင်ကြီးနှင့်အတူ ဦးသာဒွန်းအောင်မှာ အကဲဆုံး အသဲဆုံးဖြစ်လေသည်။

သူတို့သားအဖနှစ်ယောက်သည် ပြင်းပြင်းထန်ထန် သဲသဲမဲမဲ ကန့်ကွက်တားမြစ်ရုံမကဘဲ မိခင်ကြီးအဖို့ ဘာသာကူးပြောင်းရေးကို ရှေ့ဆက်ပြီး ကြိုးစားအားထုတ်ခြင်းမပြုစေရန်အတွက် ဇာတပြက် တုတ်တပြက် အမျိုးမျိုး ကြိမ်းမောင်းခြိမ်းခြောက်ထားခဲ့ကြလေသည်။

ထိုအခါ သူတို့၏မိခင်ကြီးသည် ဘာမျှဆက်မပြောတော့။ သူ့ပင်ကိုအတိုင်းပင် ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်းဖြင့် ခင်ပွန်းနှင့် သားမြေးချွေးမများအပေါ် ဝတ္တရားမပျက် စိမ်ထိန်းသိမ်းပေးလျက်ပင် ရှိနေသည်။

ဤတွင် ဦးသာဒွန်းအောင်တို့သားအဖတစ်တွေလည်း သူတို့မိခင်ကြီးအား စိတ်ချသွားကာ ယခင်ပုံစံအတိုင်း သိုင်းသိုင်းဝိုင်းဝိုင်း ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်သွားခဲ့ကြလေတော့၏။

ထိုသို့ မေ့မေ့ပျောက်ပျောက် ရှိသွားခဲ့ချိန်တွင်မှ ဦးသာဒွန်းအောင်တို့၏ မိခင်ကြီးသည် စိတ်ဓာတ်ခိုင်ခိုင် ယုံကြည်ခြင်းမြဲမြဲဖြင့် ခင်ပွန်းနှင့်သားများ၏ ကြိမ်းမောင်းခြိမ်းခြောက်ထားခဲ့မှုများအား မကြောက်မရွံ့ နောက်မတွန့် တမ်းပင် ကောက်ကာငင်ကာ ရေမှာနှစ်ခြင်းမင်္ဂလာခံယူပြီးနောက် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဖြစ်အောင် ကူးပြောင်းကိုးကွယ်လိုက်ခြင်းဖြစ်လေသည်။

မိခင်ကြီး၏ ဖွဲကောင်းကောင်းနှင့် ဘာသာကူးပြောင်းသွားချက်ကို သိလိုက်ရလျှင် အချစ်ဆုံးသားဖြစ်သူ ဦးသာဒွန်းအောင်မှာ ထိန်းချုပ်မရနိုင်အောင်ပင် ဒေါသယမ်းအိုး ပေါက်ကွဲပွင့်ကန်သွားမိခဲ့လေတော့၏။

''ခင်ဗျားဟာ ကျုပ်တို့အမေ မဟုတ်တော့ဘူး၊ ကျုပ်တို့အမေ မဟုတ်တော့တဲ့ ခင်ဗျား မျက်နှာကို ဒီအိမ်ပေါ်မှာ မြင်လဲမမြင်ချင်ဘူး၊ တွေ့လဲမတွေ့ချင်ဘူး ဒါပဲ''

အချစ်ကြီးခဲ့သလောက် အမျက်လည်းကြီးသွားမိသော ဦးသာဒွန်းအောင်သည် သူချစ်လွန်းသောမိခင်ကြီးကို ရင့်ရင့်သီးသီး စိမ်းစိမ်းကားကားပင် အိမ်ပေါ်မှ နှင်ချလိုက်တော့သည်။

ထိုအခါ မိခင်ကြီးသည် ခင်ပွန်းနှင့်သားကို ဘာတစ်ခွန်းမျှ ပြန်ကြားပြောဆိုခြင်းမပြုဘဲ အိမ်ကြီးပေါ်မှ အေးအေးဆေးဆေးပင် ဆင်းသွားခဲ့သည်ဆို၏။

အိမ်ပေါ်မှဆင်းသွားခဲ့သော သူတို့မိခင်ကြီးသည် သူ့ကိုနှစ်ခြင်းမင်္ဂလာပေးခဲ့သော ဆရာခရောလေးတို့ ခရစ်ယာန်သာသနာဝင်းအတွင်း၌ သွားနေကြောင်း ဦးသာဒွန်းအောင်တို့ သားအဖတစ်စု ကြားသိရလေသည်။

သို့ရာတွင် သူတို့သားအဖတစ်စုသည် သူတို့မိခင်ကြီးကို လိုက်မခေါ်ဘဲ ပစ်ထားလိုက်ကြသည်။

သူတို့ကသာ ဒေါ်ကြီးမောကြီးဖြင့် ပစ်ပယ်ထားခဲ့ကြသော်လည်း သူတို့မိခင်ကြီးကမူ ဦးသာဒွန်းအောင်တို့ သားအဖတစ်တွေကို စိတ်လည်းမဆိုး ပစ်ပယ်၍လည်းမထားပေ။

သူသည် ခင်ပွန်းနှင့်သားဖြစ်သူများထံသို့ သမ္မာကျမ်းနှင့်စပ်ဆိုင်သော ကျမ်းစာကျမ်းကောက်နုတ်ချက် ဓမ္မစာတမ်းစာရွက်ကလေးများကို မပြတ်မလပ် ပေးပို့နေခဲ့လေသည်။

သို့ပေမည့် သူတို့မိခင်ကြီးပို့ပေးသမျှ ဦးသာဒွန်းအောင်တို့ သားအဖကမူ တစ်လုံးတစ်ပါဒမျှ မဖတ်ကြ။ စာတစ်ရွက်တလေကိုမျှလည်း ဖြန့်မကြည့်ကြ။ အားလုံးဆုတ်ဖြဲချေမွပစ်လိုက်ကြသည်ချည်းဖြစ်သည်။

သူတို့က ရောက်လာသမျှ စာရွက်စာတမ်းများကို ဆုတ်ဖြဲပစ်ခဲ့ကြသော်လည်း မိခင်ဖြစ်သူကမူ စိတ်ပျက်လက်လျှော့မသွား။ ဖွဲကောင်းကောင်းဖြင့် ပို့မြဲသာ ဆက်ပို့နေခဲ့သည်။

ကျမ်းစာကျမ်းကောက်နုတ်ချက် တရားဓမ္မစာရွက်စာတမ်းကလေးများအပြင် သူတို့မိခင်ကြီးသည် သူကိုယ်တိုင် လက်ရေးများဖြင့် ဦးသာဒွန်းအောင်တို့သားအဖတစ်စုထံသို့ သီးသန့်စာကလေးများကိုလည်း ရေးသားပေးပို့လာ

ပေးသေးသည်။

ဘယ်သို့ပင်ဖိုဖို့ ဒေါသမပြေနိုင်သေးသော ဦးသာဒွန်းအောင်တို့သားအဖတစ်စုကမူ ဘာကလေးတစ်ခုကိုမျှ မဖတ်မရှုကြ။

သည်လိုနှင့်ပင် ဦးသာဒွန်းအောင်တို့ အိမ်ကြီးပေါ်မှ သူတို့မိခင်ကြီး ဆင်းသွားခဲ့ရသည်မှာ ရက် လ ရှည်ကြာလာရာမှ နှစ်တစ်ပတ်အထိ လည်သွားတော့သည်။

နှစ်တစ်ပတ်ဆိုသော အချိန်ကာလ အကွာအခြားသည် ဦးသာဒွန်းအောင်တို့သားအဖတစ်စု၏ သူတို့မိခင်ကြီးအပေါ် တောက်လောင်မြိုက်ကျွမ်းနေခဲ့သော ဒေါသမီးအရှိန်ကို သက်သာလျော့ကျသွားလိုက်စေလေသည်။

ထိုကဲ့သို့ ဒေါသအရှိန်လျော့လာခဲ့သည်ဆိုလျှင်ပင် သူ့ဖခင်နှင့် တခြားညီအစ်ကိုများအနေနှင့်ကား ဘယ်သို့ရှိမည်မသိ။ ဦးသာဒွန်းအောင်ရင်ထဲ၌မူ သူတို့ညီအစ်ကိုခုနစ်ယောက်စလုံးကို ဝမ်းမှလွယ်ကာ မွေးဖွားလာခဲ့ရှာသော မိခင်ကြီးအား သွား၍သွား၍ အမှတ်ရမိတတ်သည်။

အမှတ်ရမိသည်ဆိုလျှင်ပင် သူတို့ညီအစ်ကိုခုနစ်ယောက်စလုံးကို ဘုစုခရု ပုလုကွေးလွေး အရွယ်ကလေးများမှစ၍ ယခုလူလားမြောက်ရုံမက အိမ်ထောင်ရက်သားကျကာ သားတွဲလွဲ သမီးတွဲလွဲအထိ မည်းမည်းကြည်ဖြူကြင်နိုးစွာဖြင့် ပြုစုယုယကျွေးမွေးသုတ်သင်လာခဲ့သော မိခင်ကြီးအား ဦးသာဒွန်းအောင် တမ်းတလွမ်းဆွတ်သွားတတ်ပြန်လေသည်။

သူတို့အပေါ်၌ ထာဝစဉ်စိမ့်အုပ်ချုပ်နေခဲ့သူ မိခင်ကြီးမရှိတော့သော ယခုသူတို့အိမ်ကြီးသည် သား၊ မြေး၊ ချွေးမများဖြင့် ယခင်အတိုင်းပင် အိမ်အပြည့် လူတွေစည်စည်ကားကား ရှိနေကြသော်လည်း ဦးသာဒွန်းအောင်၏ စိတ်ထဲတွင်ကား ခြောက်ကပ်ကပ်ကြီး ဖြစ်နေမိလေသည်။

သူ့မိခင်ကြီး၏ စီမံညွှန်ကြားမှုကင်းနေခဲ့သော သူတို့မိသားစုကြီးတွင် ထမင်းဟင်းများ စားသောက်ရသည်မှာပင် ဦးသာဒွန်းအောင်၏ ပါးစပ်၌ ပေါ့ရွတ်ရွတ်နှင့်အရသာမရှိ။ သူ့ရင်ထဲမှာလည်း ဟာတာတာဖြစ်နေမိသည်။

ဦးသာဒွန်းအောင်သည် သူ့ရင်သွေးများဖြစ်ကြသော သမီးကြီး၏ တွတ်တီးတွတ်တာ၊ မပီကလာ ပီကလာ စကားကလေးများအား နားထောင်ကာ ကြည်နူးမိရာတွင်လည်းကောင်း၊ သားလတ်နို့ညှာမောင်ဖေ၏ ဝူးဝူးဝါးဝါး ဟန်ကလေးကို ကြည့်မြင်ရွှင်မြူးမိရာတွင်လည်းကောင်း၊ အငယ်ဆုံးသားလေး နို့စို့အရွယ်မောင်နေဒွန်းကလေး၏ ရယ်တတ်ပြုံးတတ်ဟန်ကလေးကို တွေ့ရသဖြင့် စိတ်ဘဝင်မှာ ချမ်းမြသွားမိရာတွင်လည်းကောင်း သူတို့ညီအစ်ကို ခုနစ်ယောက်ကို ကျွေးမွေးသုတ်သင်လာခဲ့သော သူတို့မိခင်ကြီးကို မမေ့နိုင်အောင်ပြေး၍ အမှတ်ရမိနေတတ်ခဲ့လေတော့သည်။

ထိုကဲ့သို့ ဖခင်တစ်ဦးအနေဖြင့် ပုလုကွေးလွေး ကိုယ့်ရင်သွေးကလေးများကိုပင် ထိုမျှချစ်တတ်နေသေးလျှင် သူတို့ကို ဝမ်းမှလွယ်မွေးခဲ့ပြီးနောက် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှစလျက် ယခုလို ကိုယ်ရင့်နဒူးကြီးများ ဖြစ်လာခဲ့သည်အထိ၊ မခွဲမခွာတမ်း လက်တွဲကာ ပြုစုကြည့်ရှုလာရှာသော သူတို့မိခင်ကြီးသည်လည်း မိခင်တစ်ဦးအနေနှင့် သူတို့ကို အဘယ်မျှ ချစ်ခင်တွယ်တာရှာမည်ဖြစ်ကြောင်း ဦးသာဒွန်းအောင် ပြန်ပြောင်းအောက်မေ့လိုက်မိပြန်လေသည်။

သူတို့မိခင်ကြီးသည် သူတို့အပေါ်၌ အဘယ်မျှချစ်ခင်တွယ်တာကြောင်း၊ စိတ်ရှည်သည်းခံကြောင်း၊ မေတ္တာဓာတ်ကြီးမားခဲ့ကြောင်းကို ကိုယ်တိုင်ထိတွေ့ခံယူလာခဲ့ရသော အမေ့အချစ်ဆုံး ဦးသာဒွန်းအောင်က အသိဆုံးဖြစ်သည်။

ထိုကဲ့သို့ သူတို့မိခင်ကြီး၏မေတ္တာကို ပြန်ပြောင်းသတိရမိလျှင် ဦးသာဒွန်းအောင်သည် မိခင်ကြီးအပေါ် ထားခဲ့မိသော အမျက်ဒေါသများပြေပျောက်ကာ လွမ်းဆွတ်ကြေကွဲသွားမိလေတော့သည်။

သူသည် လွမ်းဆွတ်ကြေကွဲမိရာမှ သူ့မိခင်ကြီးအား နားမလည်ခြင်းလည်း ဖြစ်သွားမိပြန်သည်။

သူတို့မိခင်ကြီးသည် သူတို့မိသားစုအပေါ်၌ ထိုမျှ ကြီးမားစွာ မေတ္တာထားကာ ချစ်ခင်တွယ်တာခဲ့ပါလျက် ဘယ်အတွက် ယခုလို စိမ်းစိမ်းကားကားဖြင့် တိုင်းတစ်ပါးလူမျိုးခြားတို့၏ အယူဝါဒဖြစ်သော ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသက်ဝင်သွားနိုင်ခဲ့ပါသနည်း။

ထိုကဲ့သို့ တိုင်းတစ်ပါးလူမျိုးခြားတို့ လာရောက်သာသနာပြုခဲ့သော ထိုခရစ်ယာန်ဘာသာသည် ကျောင်းအမ၊ ဘုရားအမ၊ ရဟန်းအမဖြစ်သော အဓိကရ ဗုဒ္ဓဘာသာဝင် သူတော်စင် သူတို့မိခင်ကြီးအား ဘယ်ပုံဘယ်

နည်း ဘယ်အချက်အလက်တွေများဖြင့် ဆွဲဆောင်လွှမ်းမိုးသွားနိုင်စွမ်းခဲ့ပါသနည်း။

မိခင်ကြီးအနေဖြင့် သူ့အင်မတန်မှ ချစ်ခင်ခိုကိုးလာခဲ့သော ခင်ပွန်းနှင့် တွယ်တာမြတ်နိုးလာခဲ့သော သားမြေးများကိုပင် စွန့်ပစ်ထားရစ်နိုင်ခဲ့ပြီးနောက် သူတို့၏ ခြိမ်းခြောက်မှုများကြားထဲမှပင် မကြောက်မလန့် မရမနေ ဖွဲ့ခတ်ကူးပြောင်းသွားနိုင်ခဲ့သော ထိုခရစ်ယာန်ဘာသာသည် ဘယ်လိုဘယ့်လောက်များ ထူးမြတ်ကောင်းမွန်နေပါသနည်း။

ဦးသာဒွန်းအောင်သည် ထိုစဉ်တုန်းက လုံးဝသတိမရ အရေးအရာလုပ်ကာလည်း မစဉ်းစားခဲ့ပေမည့် ယခု သူ့တို့မိခင်ကြီးနှင့် ပတ်သက်ဆက်နွယ်လာခဲ့သောအခါ ထိုခရစ်ယာန်ဘာသာအကြောင်းကို စေ့စေ့ငငှ သိချင်လာမိလေသည်။

ဤတွင် ဦးသာဒွန်းအောင်သည် သူ့မိခင်ကြီးက စိတ်ရှည်ရှည်ဖြင့် ဆက်လက်ပို့ပေးနေသော ခရစ်ယာန် သမ္မာကျမ်းနှင့် သက်ဆိုင်ရာစာရွက်စာတမ်းကလေးများကို ဟိုစဉ်ကလို ဆုတ်ဖြဲမပစ်တော့ဘဲ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာလိုက်လေသည်။

ထိုအခါ သူတစ်ခါမျှ မကြားဖူးမနာဖူးခဲ့သော ထာဝရဘုရားသခင်နှင့် ကယ်တင်ရှင်သားတော် သခင်ယေရှုခရစ်သည် မကြာမတင်မှာပင် ဦးသာဒွန်းအောင်နှင့် သိကျွမ်းသွားလေတော့သည်။

သူ့မိခင်ကြီးကလည်း စာတိုစာရှည်ကလေးများ မပြတ်ရေး၍ လမ်းပြပေးကူလျက်ရှိနေရာ ဦးသာဒွန်းအောင်သည် သူ့အဖို့ တအံ့တအား သိကျွမ်းသွားခဲ့ရသော ထာဝရဘုရားနှင့် သားတော်သခင်ကယ်တင်ရှင်ခရစ်တော်ကို ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် ထိတွေ့နိုင်ရန် တစ်ဆင့်တိုးကာကြိုးစားကြည့်လိုက်မိပြန်သည်။

''ဒုတိယမွေးဖွားခြင်း ထာဝရအသက်စမ်းရေ အပြစ်တရားမှ ကယ်လွှတ်ခြင်း''

ဦးသာဒွန်းအောင်သည် သူ့အဖို့ တအံ့တအား တွေ့ထိကျွမ်းဝင်လာခဲ့ရသော ခရစ်ယာန်ဘာသာတရား၏ ထူးခြားဆန်းပြားချက်ကလေးများကို တစ်ယောက်တည်း အပြန်ပြန်အလှန်လှန် ဝေဖန်စဉ်းစားကြည့်နေမိသည်။

ထိုနောက် သူသည် သူတစ်ယောက်တည်း စဉ်းစားဝေဖန်ရသည်ကို အားမရဖြစ်လာကာ ခရစ်ယာန်သာသနာဝင်းထဲတွင်ရှိနေသော သူ့မိခင်ကြီးထံ အပြေးသွားတွေ့လိုက်မိလေတော့၏။

ဤတွင် သူ့အတွက် တွေ့ရှိသွားခဲ့သော သမ္မာတရား ခရစ်တော်ဘုရားနှင့် မွေ့လျော်ငြိမ်းချမ်းနေသူ မိခင်ကြီးက သားကြီးသာဒွန်းအောင်ကို ဝမ်းသာအားရ ဆီးကြိုလက်ခံလိုက်လေသည်။

ပြီးလျှင် သားအမိနှစ်ယောက် ကျေကျေလည်လည် အေးအေးချမ်းချမ်း ဆွေးနွေးလိုက်ကြသည်။

ထို့နောက် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းများကိုလည်း အတူတကွ ပြုလိုက်ကြပြန်သည်။

သူ့အိမ်သို့ ပြန်ရောက်သောအခါ ဦးသာဒွန်းအောင်သည် ခရစ်ယာန်ဘာသာတရားနှင့်ပတ်သက်၍ သူ၏ တွေ့ရှိခံယူချက်များ မိခင်ကြီး၏ သွန်သင်ညွှန်ပြချက်များကို အိမ်သူသက်ထားဇနီးဒေါ်ဘုအား တိုးတိုးတိတ်တိတ်ကြိတ်ကာ ပြန်လည်ပြောပြတတ်လေသည်။

ဦးသာဒွန်းအောင် ပြောသမျှ သူ့ဇနီးဒေါ်ဘုကလည်း စိတ်ပါဝင်စားစွာ နားထောင်လက်ခံခဲ့လေသည်။

ထိုနောက် တစ်နှစ်နှစ်နှစ်ခန့်အကြာတွင်ကား ဦးသာဒွန်းအောင်သည် သူ့မိခင်ကြီး ကူးပြောင်းလက်ခံသွားခဲ့သော ခရစ်ယာန်ဘာသာကို သူပါသက်ဝင်ယုံကြည်သွားမိလေတော့သည်။

သို့ရာတွင် သူ့မှာမူ သူ့မိခင်ကြီးလောက် သတ္တိမရှိ မပြတ်သားနိုင်ဖြစ်နေရှာသည်။

သူ့မိခင်ကြီးကဲ့သို့ သူ့သားမယားကို စွန့်ခွာသွားနိုင်လောက်အောင် ဦးသာဒွန်းအောင်မှာ စိတ်ဓာတ်မကြံ့ခိုင်နိုင်ရှာပေ။

ထို့ကြောင့် သူသည် စိတ်ရှည်ရှည်ဖြင့် သူ့အိမ်သူဇနီး ဒေါ်ဘုကို သိမ်းသွင်းရင်း သူ့စိတ်သူလည်း ပြတ်သားနိုင်မာအောင်ကြိုးစားနေလိုက်ရသည်။

နောက်ထပ်၍ တစ်နှစ် နှစ်နှစ်ခန့် ကြာသွားခဲ့ပြန်သောအခါ ဒေါ်ဘုသည်လည်း ခင်ပွန်းဖြစ်သူ ဦးသာဒွန်းအောင်နှင့် စိတ်တူသဘောတူဖြင့် ခရစ်ယာန်ဘာသာသို့ သက်ဝင်ယုံကြည်သွားလေသည်။

ထိုအချိန်တွင် ဦးသာဒွန်းအောင်သည်လည်း သူ့စိတ်ကိုသူ ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့ပြီဖြစ်လေသည်။

ထိုအခါ နောက်ထပ်၍ သားငယ်မောင်ထွန်းငြိမ်းနှင့် သမီးငယ် မရွှေစင်ကလေးတို့ တိုးပွားကာ သားသမီး

ငါးယောက်တို့၏ မိဘများဘဝတွင် ဦးသာဒွန်းအောင်နှင့် ဒေါ်ဘုတို့ ဇနီးမောင်နှံသည် မျက်နှာဖြူခရစ်ယာန်သာသနာပြုဆရာ ခရောလေးထံ၌ နှစ်ခြင်းမင်္ဂလာကို တောင်းခံလိုက်ကြလေတော့သည်။

အချိန်ကာလကား သူတို့၏မိခင်ကြီး ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ပြီးနောက် ခုနစ်နှစ်ခန့်အကြာ ၁၈၆၃ ခုနှစ်တွင် ဖြစ်လေသည်။

ဆရာခရောလေးသည် ဦးသာဒွန်းအောင်နှင့် ဒေါ်ဘုတို့ ဇနီးမောင်နှံအား ရေဝတီမြစ်ဆိပ်တွင် နှစ်ခြင်းမင်္ဂလာကို အထင်အရှားပေးရာ ဟင်္သာတမြို့သူမြို့သားများသည် အထူးအဆန်းဖြစ်ကာ ကမ်းလုံးညွတ်မျှ ဝိုင်းဝန်းကြည့်ရှုခဲ့ကြလေသည်။

ထိုကဲ့သို့ ဟင်္သာတတစ်မြို့လုံး အုတ်အော်သောင်းတင်းဖြစ်သွားခဲ့အောင် သူ့မိဘနှစ်ပါး၏ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခြင်း အထိမ်းအမှတ်အဖြစ် ရေဝတီမြစ်ရေတွင် နှစ်ခြင်းမင်္ဂလာခံယူခဲ့သော အခမ်းအနားကို ထိုအချိန်က အသက်ရှစ်နှစ်ကိုးနှစ်အရွယ်ခန့်ရှိ ဦးသာဒွန်းအောင်နှင့် ဒေါ်ဘုတို့၏သားကြီး မောင်ဖေက ကောင်းကောင်းကြီး မှတ်မိခဲ့သည်ဟု ဆိုလေသည်။

ထို့နောက် ဦးသာဒွန်းအောင်တို့ ဇနီးမောင်နှံသည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလိုက်ခြင်းအတွက် သူတို့ကို ဖခင်ကြီးနှင့် ကျန်ညီအစ်ကိုများက မောင်းမထုတ်နှင်မချရသေးခင်မှာပင် သူတို့က သားသမီးကလေးများကို ခေါ်ယူပြီးနောက် အိမ်ပေါ်မှ ဦးအောင်ဆင်းလာခဲ့ကြသည်။

ပြီးလျှင် သူတို့သားအမိ သားအဖတစ်စုသည် ခရစ်ယာန်သာသနာဝင်းထဲသို့သွားရောက်၍ မိခင်ကြီးနှင့် အတူတကွ နေထိုင်လိုက်ကြလေတော့၏။

ထိုအချိန်မှစ၍ ဦးသာဒွန်းအောင်တို့ ညီအစ်ကိုခုနစ်ဖော်၏ နာမည်ကျော်ဆိုင်းဝိုင်းကြီးလည်း ပျက်သွားခဲ့ရလေတော့သည်။

ဦးသာဒွန်းအောင်၏ဇနီး ဒေါ်ဘုသည် သာသနာဝင်းထဲသို့ ရောက်ပြီးနောက်မှ အငယ်ဆုံးသမီးကလေး မငယ်ကို မွေးဖွားသန့်စင်ခဲ့လေသည်။

သူတို့မိသားစု သာသနာဝင်းထဲသို့ ရောက်ရှိခဲ့ပြီးနောက် နှစ်များမကြာမီတွင် အပြောကောင်းအဟောကောင်း ဦးသာဒွန်းအောင်အား ဆရာခရောလေးက ဟင်္သာတမြို့ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ ပထမဦးဆုံးသော မြန်မာလူမျိုးသင်းအုပ်ဆရာအဖြစ် ခန့်အပ်တာဝန်ပေးလိုက်လေသည်။

သင်းအုပ်ဆရာဖြစ်သွားသော ဦးသာဒွန်းအောင်သည် သမီးကြီး မရှသနှင့် သားများဖြစ်ကြသော မောင်ဖေ၊ မောင်နေဒွန်းနှင့် မောင်ထွန်းငြိမ်းတို့ လေးယောက်ကို သူကိုယ်တိုင်ပင် နှစ်ခြင်းမင်္ဂလာပေးခဲ့ပြီးနောက် သူ့မိခင်ကြီးနှင့်အတူ သူသက်ဝင်ယုံကြည်ကိုးကွယ်ရာ ခရစ်ယာန်သာသနာအမှုတော်မြတ်များကို အသက်ထက်ဆုံး ထမ်းရွက်ကြိုးပမ်းလျက် တာဝန်ကျေသွားခဲ့သည်ဟု ဆိုလေသည်။

မောင်တင်တို့မျိုးရိုးစဉ်ဆက်သည် ပြောစမှတ်တွင်စေခဲ့အောင် ထူးထူးခြားခြားရှိလှသော မိသားစုထဲမှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသူများပင်ဖြစ်သည်။

ဤကဲ့သို့ ဆင်းသက်ပေါက်ဖွားလာခဲ့သော သူတို့မျိုးရိုးစဉ်ဆက်ကို ပြန်လည်စဉ်းစား သုံးသပ်ကြည့်လိုက်မိသောအခါ ယခု သူ့အဖေဦးဖေနှင့် ဦးလေးဦးထွန်းငြိမ်းတို့ တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြသလောက် ဘာသာရေး ယုံကြည်ချက်နှင့်ပတ်သက်လျှင်မူ အလျှော့မပေးတမ်း စိတ်ကြီးဖွဲ့ခတ်ကာ ခေါင်းမာစွာ တင်းခံထားနေကြသည်မှာ မောင်တင်အတွက် မဆန်းသလိုပင်ဖြစ်သွားမိတော့၏။

သူတို့သည် ဘိုးဘေးဘီဘင်ကတည်းက စိတ်ဓာတ်ပြင်းကာ ကြံ့ခိုင်တင်းမာလာခဲ့ရာ ထိုသွေးမှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြပြန်သော သားစဉ်မြေးဆက်တို့မှာလည်း ဘိုးဘေးတို့၏ စိတ်ဓာတ်အမွေကို ဆက်ခံပြင်းထန်ကြရမည်ပင် မဟုတ်ပါလား။

ထို့နောက် ဦးသာဒွန်းအောင် ကွယ်လွန်သည့်တွင် သူတို့အသင်းတော်အတွက် သင်းအုပ်ဆရာတစ်ပါးကို အသစ်ထပ်မံ ခန့်အပ်လိုက်လေသည်။

ဤမှာတွင် ဘာသာတူအသင်းသားချင်း သဘောကွဲလွဲမှု အစပြုခဲ့လေတော့သည်။

ဟင်္သာတမြို့ရှိ ခရစ်ယာန်သာသနာပြုကျောင်းတွင် ပညာသင်ကြားကြပြီးနောက် အင်္ဂလိပ်ဘာသာစကားကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သွားခဲ့ကြသော ဦးဖေတို့ ညီအစ်ကိုမောင်နှမတစ်စုသည် ဂျေ-အင်န်-ဒါဘီ

ရေးသားထားသော ခရစ်ယာန်ဘာသာရေး သဘောတရားစာအုပ်များကို စွဲစွဲမြဲမြဲ ဖတ်ရှုလေ့လာကြသည်။

ပြီးလျှင် သူတို့မောင်နှမတစ်စုလုံးသည် ဂျေ–အင်န်–ဒါဘီ၏ သဘောတရားရေးရာများကို နှစ်သက်လက်ခံခဲ့ကြလေသည်။

ထို့နောက် အသင်းတော်အတွင်း အချင်းချင်း ဘာသာရေး ဆွေးနွေးမှုများပြုလုပ်ကြတိုင်း ဦးဖေတို့ ညီအစ်ကိုမောင်နှမတစ်စုက သူတို့နှစ်သက်လက်ခံထားသော ဂျေ–အင်န်–ဒါဘီ၏ သဘောတရားများကိုသာ အခြေခံလက်ကိုင်ပြုကာ ဆွေးနွေးခဲ့ကြသည်။

ထိုအခါ ဂျေ–အင်န်–ဒါဘီ၏ သဘောတရားများကို လက်မခံသောအသင်းသားများနှင့် ဦးဖေတို့ ညီအစ်ကိုမောင်နှမတစ်စုမှာ သဘောချင်း မတိုက်မဆိုင်ဖြစ်လာခဲ့ကြသည်။

ဦးဖေတို့မောင်နှမတစ်စုကလည်း အလျှော့မပေးတမ်းပင်၊ ဂျေ–အင်န်–ဒါဘီမှ ဂျေ–အင်န်–ဒါဘီဖြစ်နေကြရာ နောက်ဆုံး အသင်းတော်နှင့် လုံးလုံးသဘောကွဲကာ သီးခြားခွဲထွက်လိုက်ကြလေတော့သည်။

ဟဟ်ာတအသင်းတော်မှ ခွဲထွက်ခဲ့ကြသော ဦးဖေတို့ ညီအစ်ကိုမောင်နှမတစ်စုသည် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်လိုက်ကြလေသည်။

ထို့နောက် သူတို့မောင်နှမတစ်စုသည် ရန်ကုန်မြို့တွင်ရှိသော ခရစ်ယာန်အသင်းတော်တစ်ခုသို့ သွား၍ဆက်သွယ်ကာ အသင်းဝင်လိုက်ကြသည်။

သို့သော်လည်း သိပ်မကြာလှပေ။

ဦးဖေတို့မောင်နှမတစ်စုသည် ဂျေ–အင်န်–ဒါဘီ၏ ဘာသာရေး သဘောတရားခံယူချက်များနှင့်ပတ်သက်၍ ပင်မအသင်းတော်နှင့် သဘောကွဲကာ ခွဲထွက်လိုက်ကြရပြန်သည်။

ထိုအချိန်တွင် နိုင်ငံခြားမှ အာမေးနီးယန်းလူမျိုး မစ္စတာဂေါ့စတင်[၁]ဆိုသူတစ်ဦးနှင့် အသင်းတော်လက်ကိုင်မရှိဖြစ်နေခဲ့ကြသော ဦးဖေတို့မောင်နှမတစ်စု သွားရောက်ဆုံစည်းမိကြလေသည်။

မစ္စတာဂေါ့စတင်သည် မြန်မာပြည်သို့ သာသနာပြန့်ပွားရေးအတွက် နိုင်ငံခြားမှရောက်ရှိလာခဲ့သော ပလင်းမတ်သ်သရာသရင်း* အမည်ရှိ ခရစ်ယာန်ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သည်။

မစ္စတာဂေါ့စတင်၏ ဘာသာရေးခံယူချက်နှင့် သဘောတရားရေးရာများသည် ဦးဖေတို့နှင့်လာပြီး တူနေလေသည်။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့သွားခဲ့ကြဟန်ရှိသော ဦးဖေတို့ မောင်နှမတစ်စုသည် စိတ်တူသဘောတူ ယုံကြည်ချက်ချင်းတူသူ မစ္စတာဂေါ့စတင်နှင့် ပူးပေါင်းပြီးနောက် အသင်းတော်တစ်ခုကို တည်ထောင်လိုက်ကြလေတော့သည်။

အသင်းသူ အသင်းသား အားလုံးက မစ္စတာဂေါ့စတင်ကို ''ဘိုကြီး''ဟု ခေါ်ကြသည်။

ထို့နောက် များမကြာမီတွင် သူတို့အားလုံးက ဘိုကြီးဟုခေါ်ကြသော မစ္စတာဂေါ့စတင်သည် ဦးဖေ၏ နှမများထဲမှ အချောဆုံးဖြစ်သူ ဒေါ်ရွှေစင်နှင့် လက်ထပ်လိုက်လေသည်။

ဦးလေးဘိုကြီး ဂေါ့စတင်နှင့် ဒေါ်လေး ဒေါ်ရွှေစင်တို့ကို မောင်တင်ပင် မီလိုက်သေးသည်။

မာလကာပင်များ ပတ်လည်ဝိုင်းခဲ့သော ဒေါ်လေး ဒေါ်ရွှေစင်တို့၏ အိမ်ကလေးကို မောင်တင့်စိတ်မှာ ပိုပြီးမှတ်မိနေသည်။

ရန်ကုန်မြို့ရှိ ၃၅ လမ်းမှ ဒေါ်လေးဒေါ်ရွှေစင်တို့၏ အိမ်ကလေးသို့ရောက်သွားတိုင်း မာလကာပင်တွေပေါ်တက်၍ လတ်လတ်ဆတ်ဆတ် အသီးပွပွကြီးများအား ခူးစားရသည်ကို သူအလွန်ပျော်ခဲ့လေသည်။

သူတို့ဆွေမျိုးစုအသင်းသားများသည် ဒေါ်လေးဒေါ်ရွှေစင်တို့အိမ်ကလေးသို့ ဗုဒ္ဓဟူးနှင့် စနေနေ့တိုင်း စုရုံးရောက်ရှိသွားခဲ့လေ့ရှိကြသည်။

စုရုံးရောက်ရှိသွားကြသော သူတို့ဆွေမျိုးစု အသင်းသားများကို အသင်းခေါင်းဆောင် ဦးလေး ''ဘိုကြီး'' ဂေါ့စတင်က သမ္မာကျမ်းစာများ သင်ကြားပို့ချပေးလေသည်။

ထို့နောက် တနင်္ဂနွေနေ့များတွင်မူ သူတို့အားလုံးသည် ဒေါ်လေးဒေါ်ရွှေစင်တို့အိမ်မှာပင် စုပေါင်းကာ

---

၁။ Mr. Galstin

* Plymouth- Brethren

ဘုရားရှိခိုး ဆုတောင်းလိုက်ကြပြန်လေတော့သည်။

သူတို့ဆွေမျိုးစုအသင်းများသည် တစ်ခါတစ်ရံ ဒေါ်လေးဒေါ်ရွှေစင်တို့၏အိမ်သို့ ညအိပ်ညဥ့်နေ သွားတတ်သည့်အခါ သွားတတ်ခဲ့ကြသည်။

ထိုသို့ ညအိပ်ညဥ့်နေသွားကြသည့်အထဲတွင် မောင်တင်တို့မိသားစုလည်း ပါဝင်ခဲ့လေသည်။

တစ်ခါကဆိုလျှင် ဘမျိုးဘိုးတူကာ စိတ်ကြီးဖွဲကြီးမိသော မောင်တင်နှင့်ပတ်သက်၍ သူ့မိဘများခမျာ အခက်အခဲတွေ့ရဖူးလေသည်။

ထိုနေ့ညက မောင်တင်တို့မိသားစုသည် ဒေါ်လေးဒေါ်ရွှေစင်တို့အိမ်တွင် ညအိပ်မည်ဆိုသော အစီအစဉ်တစ်ရပ်ဖြင့် ရောက်သွားခဲ့ကြသည်။

ဒေါ်လေးဒေါ်ရွှေစင်တို့အိမ်သို့ရောက်စကမူ မောင်တင်သည် အစ်ကိုဖြစ်သူ မောင်သင်နှင့်အတူ ခါတိုင်းလို မာလကာပင်တွေပေါ်တက်ကာ အသီးပွတွေ ခူးစားလိုက် တခြားဆွေမျိုးညီအစ်ကိုဝမ်းကွဲကလေးများနှင့် ဆော့လိုက်ကစားလိုက်ဖြင့် ပျော်ရွှင်နေခဲ့သည်။

ထို့နောက် မိုးချုပ်၍ အားလုံးစုပေါင်းလျက် အိမ်ထောင်ဝတ်ပြုဘုရားရှိခိုးအပြီး အိပ်ရာဝင်ချိန်ကျတော့မှ မောင်တင်က ပေါက်တောအိမ်ကြီးသို့ ပြန်မည်ဆိုကာ ငိုလေတော့သည်။

သည်အခါ သူ့မိဘများမှာ အခက်တွေ့ကာ မနက်ကျမှပြန်ရမည်ဖြစ်ကြောင်း ပြောဆိုချော့မော့ကြလေသည်။ တခြားဆွေမျိုးသားချင်းများကလည်း ဝိုင်းဝန်းကူညီချော့ကြလေသည်။

သို့ရာတွင် မောင်တင်ကား ဘယ်လိုမျှ ချော့၍မရ။ ''အိမ်ပြန်မယ်''ဟုသာ အတွင်ဆိုကာ မတိတ်တမ်းဆက်ငိုနေခဲ့သည်ဆို၏။

ချော့မရသော သူ့ကို အားလုံးက ဝိုင်းခြောက်ကြပြန်သည်။

သို့ရာတွင် မောင်တင်ကား ဘယ်သူ့အားမျှမကြောက်၊ ဘာကိုမျှလည်းမလန့်၊ ဖွဲခတ်ပြီး ငိုမြဲတိုင်းသာ ငိုလေသည်။

ထိုအခါ သူ့ငိုသံ တည့်ည့်ကြောင့် တစ်အိမ်သားလုံး ဘယ်သူမျှမအိပ်ရကြတော့။

သည်အတွက် သူ့ကိုလည်းချော့မရ ခြောက်မရ အိမ်ရှင်နှင့်တကွ တခြားသားချင်းဧည့်သည်များကိုလည်း အားနာဖြင့် မောင်တင်၏ ဖေဖေ မေမေတို့မှာ ထိုညက အတော်ပင် ဒုက္ခဖြစ်သွားခဲ့ကြရလေသည်။

သူ့ဖေဖေ မေမေတို့သည် အားလုံးကို အားနာမိသော်လည်း အိမ်ပြန်ဖို့ကျတော့ မလွယ်ဖြစ်နေကြပြန်သည်။

ညကြီးသန်းခေါင်တွင် တောတောင်လျှိုမြောင်များခြားနေသော အင်းစိန်မြို့ကလေးဆီသို့ ရန်ကုန်မြို့ကြီးမှ ဘယ်သို့ပြန်သွားဝံ့ကြရှာမည်နည်း။

လမ်းတွင်ဖြတ်သွားရမည့် ရွှေတိဂုံကုန်းတော်မှာ တစ်ခါတစ်ခါ ကျားရဲများပင် ရောက်လာတတ်ခဲ့ကြသည် မဟုတ်ပါလား။

ပြီးလျှင် ထူပိတ်နေသော နာနတ်တော ကံ့ကော်တောကြီးများက ရှိကြသေးသည်။

ညကြီးသန်းခေါင် မှောင်နှင့်မည်းမည်းမှာ တစ်စီးတည်းသော သူတို့ဂယ်ရီကို ထိုတောအုပ်များထဲမှ ဓားပြလူဆိုးများ ထွက်လာပြီးနောက် လုယူတိုက်ခိုက်ခြင်းမပြုဟု မည်သူမျှတာဝန်မယူနိုင်။

ထိုကြောင့် မောင်တင်၏ ဖေဖေ မေမေတို့သည် သူတို့သား ဘယ်လိုပင်ငိုသော်လည်း အင်းစိန်သို့မပြန်ဝံ့ဘဲ ငွတ်ပေနေခဲ့ကြရသည်။

သည်အခါ နောက်များမကြာမီမှာ ကိုရင်ကြီးကျောင်းသို့သွား၍ ၃ လခွဲလုံးလုံးကြီးကြာအောင် တေမိဇာတ်ခင်းကာ ဖွဲကောင်းကောင်းဖြင့် အသံတိတ်ဆန္ဒပြဦးမည့် အာဂမောင်တင်ကလေးသည် တစ်ညလုံးဘယ်လိုမှ သိပ်မရဘဲ မအိပ်တမ်းငိုခဲ့လေတော့၏။

''နောက်ဆိုရင် ဒီလောက်ငိုတတ်တဲ့ကောင်ကလေးကို ညအိပ်ခေါ်မလာခဲ့ကြနဲ့''

မိုးလင်းအထိ ညလုံးပေါက်အောင် ငိုပဲငိုနိုင်ခဲ့လွန်းသော မောင်တင်အတွက် အိပ်ရေးပျက်ကြရရှာသော ဆွေမျိုးသားချင်းများက ဩချစွာ ဝိုင်းပြောခဲ့ကြလေသည်။

သည်အကြောင်းကို လူကြီးများက စကားစပ်မိတိုင်း ပြန်ပြောင်းပြောပြတတ်ကြသည်။

မောင်တင်၏စိတ်မှာလည်း ခပ်ရေးရေး မှတ်မိနေခဲ့သည်သာဖြစ်သည်။

ယခုပြန်တွေးကြည့်သောအခါ သူတို့အဘိုးဖြစ်သူ ဦးသာဒွန်းအောင်၏အမေ သူတို့အဘိုးကြီး၏ ဖွဲ့ကြီးခဲ့မှု ခေါင်းမာခဲ့မှုသွေးသည် သူတို့မြေးမြစ်များအထိ ဆင်းသက်လာကာ သူသည်လည်း အမွေဆက်ခံနေရပြီလားဟု မောင်တင်တွေးကာ လန့်ချင်သွားလေသည်။

ထို့နောက် ဘိုကြီးဂေါ်စတင်ခမျာ ကွယ်လွန်သွားခဲ့ရှာသည်။

ထိုအခါ ဘိုကြီးဂေါ်စတင်၏ နေရာကို သမီးယောက်ဖဖြစ်သူ မောင်တင်တို့၏ ဦးလေး စာတော်ပြန်ဝန်ထောက်ကြီး ဦးထွန်းငြိမ်းက အရိုက်အရာဆက်ခံပြီးနောက် အသင်း၏ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်လေတော့သည်။

ဘာသာရေးနှင့် ပတ်သက်လာလျှင် ခံယူချက် အထူးပြင်းထန်ကာ ရှေ့အဆက်ဆက်မှစ၍ ကွဲထွက်လာခဲ့သော မောင်တင်တို့ ဆွေစုမျိုးစုအသင်းကြီးသည် ယခုတွင် ညီအစ်ကိုအရင်းချင်းပင် ကင်းပြတ်ခဲ့ခွာလိုက်ကြရပြန်လေပြီ။

မျိုးရိုးနှင့်ချီ၍ ဖွဲ့ကြီးစိတ်ပြင်းကာ ခေါင်းမာသည့်သွေး ပါလာခဲ့သော မောင်တင်၏ ဖေဖေ ဦးဖေနှင့် ဦးလေး ဦးထွန်းငြိမ်းတို့သည် ဘုရားတရားနှင့် ပတ်သက်လာလျှင် အစ်ကိုအရင်း၊ ညီအရင်းချင်းပင် မငဲ့ညှာနိုင်၊ အလျှော့မပေးနိုင်ဆိုကာ တစ်သက်တာ ခွဲခွာလိုက်ကြပြီဖြစ်သည်။

ထိုသို့ ညီအစ်ကို အရင်းချင်း တင်းမာခွဲခွာလိုက်ကြသော သူ့ဖေဖေ ဦးဖေနှင့် သူ့ဦးလေး ဦးထွန်းငြိမ်းတို့၏ စိတ်တွင် ဘယ်သို့ ခံစားကြရမည် မသိသော်လည်း သည်အရေးကိစ္စအတွက် မောင်တင်ခမျာမှာတော့ ရင်မအေးနိုင်အောင် ဝန်လေးပင်ပန်းကာ မချမ်းမမြေ့ဖြစ်နေခဲ့ရလေသည်။

"အခုလို ညီအစ်ကို အရင်းအချာချင်းတောင် ညှိနှိုင်းဆွေးနွေးမရအောင် သဘောကွဲပြီး လမ်းခွဲအဆက်ဖြတ်နိုင်ရက်ကြတာဟာ အခြေခံဆွေးနွေးတဲ့ကျမ်းစာက ဆိုးတာလား၊ ကိုယ်လိုရာဆွဲတွေး ဆွဲဆွေးနွေးတတ်ကြတဲ့လူတွေက ဆိုးတာလား"

မောင်တင်သည် နားမလည်နိုင်ခြင်းနှင့်အတူ သူ့ရင်ထဲမှ မကျေမချမ်း နာကြည်းခံစားချက်ကလေးများဖြင့် အထက်ပါ သံသယမေးခွန်းကလေးကို တစ်ယောက်တည်း ဝေခွဲမရစွာ ထုတ်နုတ်နေမိတတ်လေသည်။

ထိုအခါ ကျမ်းစာကဆိုးခြင်းမဟုတ်။ မိမိတို့လိုရာ မိမိတို့ဆွဲတွေး၍ ဆွဲယူတတ်ကြသော လူတွေကသာ ဆိုးခြင်းဖြစ်ကြောင်း မောင်တင်သဘောပေါက်လေတော့သည်။

သည်အတွက် မောင်တင်က ဘာသာရေးနှင့်ပတ်သက်၍ အယူဝါဒတူသူ အချင်းချင်းနှင့်ဖြစ်စေ၊ အယူဝါဒမတူသူများနှင့်ဖြစ်စေ သူ့တစ်သက် ဘယ်တော့မျှ အပြင်းအထန် အငြင်းပွားကာ ဆွေးနွေးခြင်းမပြုရန် ဆုံးဖြတ်ချက်ကလေးတစ်ခုကို အခိုင်အမာ ချမှတ်ထားလိုက်တော့သည်။

သူသည် ထိုသို့သော ဆုံးဖြတ်ချက်ကလေးနှင့်အတူ သူ့သွေးထဲ၌လည်း သက်ဆင်းပါဝင်နေသော သူတို့မျိုးရိုးစဉ်ဆက်၏ ထက်မြက်ပြင်းထန်သော စိတ်ဓာတ်အခြေခံအား ရင်နာကြေကွဲစရာ ပဋိပက္ခဖြစ်စေမည့်အစား၊ မိမိအတွက်အပြင် သူတစ်ပါးအတွက်ပါ ကောင်းကျိုးသက်ရောက်စေနိုင်သည့် ဉာဏ်ပညာ ထူးချွန်ကြီးပွားရေးများတွင်သာ မလျှော့တမ်းဖွဲ့ခတ်ကြိုးပမ်းလိုက်တော့မည်ဟုလည်း အဓိဋ္ဌာန်ကလေးတစ်ခုကို ပြုလိုက်လေသည်။

ထို့နောက် မောင်တင်သည် ဦးလေးဦးထွန်းငြိမ်း၏ တစ်ချက်လွှတ်အမိန့်အရ ဒစ်ကင်းအိမ်ကြီးသို့ ကူးလူးသွားလာမှုမပြုတော့သော်လည်း ဦးလေးဦးထွန်းငြိမ်း၏ သားသမီးများကို လမ်းမှာ တွေ့လျှင်မှုမနေနိုင်ဘဲ ခေါ်ပြောနှုတ်ဆက်လိုက်သည်သာဖြစ်သည်။

ထိုသို့ မောင်တင်တို့ ညီအစ်ကိုမောင်နှမတစ်စုကစပြီး နှုတ်ဆက်စကားဆိုလိုက်ကြသောအခါ ထုတ်ထားသော အမိန့်ကြောင့် မခေါ်ရဲ မပြောရဲဖြစ်နေခဲ့သော ဝမ်းကွဲညီအစ်ကိုမောင်နှမများခမျာ မနေသာတော့ဘဲ ရှက်ကိုးရှက်ကန်းဟန်ကလေးများဖြင့် ပြန်လှန်နှုတ်ဆက်ကြရရှာလေတော့သည်။

ထို့နောက် များမကြာမီတွင် ဒေါ်လေးဒေါ်ရွှေစင်တစ်ယောက် ရုတ်တရက် သေဆုံးသွားခဲ့ပြန်သည်။

ထိုအခါ ဦးလေးဦးထွန်းငြိမ်းတို့က မခေါ်မဖိတ်သော်လည်း မောင်တင်တို့ ညီအစ်ကိုမောင်နှမများသည် သူတို့ဖေဖေ မေမေတို့နှင့်အတူ သင်္ချိုင်းမှသွားစောင့်ကာ ဒေါ်လေးဒေါ်ရွှေစင်၏ အသုဘကို ပို့ဆောင်ခဲ့ကြသည်။

မောင်တင်သည် သူ့မိသားစုနှင့်အတူ သင်္ချိုင်းမှ စောင့်နေစဉ် အကယ်၍ ဦးလေးဦးထွန်းငြိမ်းတို့က သူတို့အား နှင်ထုတ်မည်ဆိုလျှင် ထွက်မသွားဘဲ ဒေါ်လေးဒေါ်ရွှေစင်ကို မြေမြှုပ်ပြီးသည်အထိ ဖွတ်နေမည်ဟု သူ့စိတ်သူ ဆုံးဖြတ်ထားလိုက်သည်။

သို့ရာတွင် ဦးလေးဦးထွန်းငြိမ်းတို့ကလည်း တွေးထင်ထားသလိုကား သူတို့မိသားစုအား နှင်မထုတ်ခဲ့ကြပါပေ။

သည်အတွက် မောင်တင့်စိတ်မှာ အတော်ကလေး ကျေနပ်နှစ်သိမ့်သွားခဲ့ရလေသည်။

သည်လိုနှင့် ယခုနှစ် ခရစ္စမတ်* ပွဲတော်သို့ ရောက်လာခဲ့သည်။ မောင်တင်တို့ ညီအစ်ကို မောင်နှမတစ်စုသည် လူသားများအတွက် ခရစ်တော်ဘုရားမွေးဖွားကြွရောက်လာခဲ့ခြင်းနှင့်သက်ဆိုင်သော မင်္ဂလာဓမ္မတေးများကို ဆွေမျိုးဉာတကာများထံ လှည့်လည်ကျူးအေးကြရင်း သူတို့မိသားစုကို နှင်ထုတ်နုတ်ပယ်ထားခဲ့သော ဦးလေးဦးထွန်းငြိမ်း၏ ဒစ်ဂင်းအိမ်ကြီးသို့ အရောက်သွားလိုက်ကြသည်။

''လောကဝမ်းမြောက် ဘုရားကြွလာ လူများ ဘုရင်ခံယူ''

မောင်တင်တို့ ညီအစ်ကို မောင်နှမတစ်စု သီဆိုကျူးအေးလိုက်သော ဝမ်းမြောက်ဖွယ် မင်္ဂလာဓမ္မတေးများကို ဦးလေးဦးထွန်းငြိမ်းတို့ အိမ်သားများသည် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် အိမ်ထဲမှ နားထောင်နေကြသည်။

''တိတ်ဆိတ်ည သန့်ရှင်းည အားလုံးငြိမ်သက်လျက်ရှိ သူငယ်တော်၏ ပတ်ဝန်းကျင်တွင်''

မောင်တင်သည် သူ့ရင်ထဲမှ ဝမ်းနည်းဝမ်းသာ ကြေကွဲကြည်နူးခြင်းတို့ကို ရောထွေးခံစားရင်း ဦးလေးဦးထွန်းငြိမ်း ဝယ်ပေးထားခဲ့သော တယောပြားကလေးအား တနွဲ့နွဲ့ထိုးရင်း သီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် အားရပါးရ သီဆိုလိုက်လေသည်။

''မဲရီးခရစ္စမတ်စ်တူးယူအောလ် ပျော်ရွှင်သော ခရစ္စမတ်စ်ပွဲတော်ဖြစ်ပါစေသော်ဝ်''

နောက်ဆုံး သီချင်းများဆိုပြီး၍ မင်္ဂလာနှုတ်ခွန်းဆက်လိုက်သောအခါ၌ကား ငြိမ်သက်တိတ်ဆိတ်နေခဲ့သည့် အိမ်ကြီးအပေါ်ထပ် ပြတင်းတံခါးပေါက်မှ ဦးလေးဦးထွန်းငြိမ်း၏ လက်တစ်ဖက်ရုတ်တရက် လှုပ်ရှားထွက်ပေါ်လာသည်။

ထို့နောက် ဦးလေးဦးထွန်းငြိမ်း၏ လက်ထဲမှ အလှူငွေအဖြစ် ဆယ်တန်တစ်ရွက်သည် မောင်တင်တို့ သီချင်းဆိုအဖွဲ့ဆီသို့ ကျရောက်လာခဲ့လေသည်။

သူတို့မိသားစုကို လမ်းမှာတွေ့လျှင်ပင် မခေါ်ရဟု အမိန့်ထုတ်ထားခဲ့သော ဦးလေးဦးထွန်းငြိမ်းသည် ယခုမောင်တင်တို့ ညီအစ်ကိုမောင်နှမတစ်စု၏ မေတ္တာလွှမ်းသည့် ငြိမ်းချမ်းရေး ဓမ္မတေးသံများကိုကား ငြင်းပယ်နိုင်စွမ်းမရှိဘဲ အံ့သြဝမ်းမြောက်ဖွယ်ရာ လက်ခံနာယူလိုက်လေပြီ။

ထို့အပြင် သူတို့ကို တုံ့ပြန်အသိအမှတ်ပြုကာ အသပြာငွေတစ်ဆယ်ကျပ်ကိုပင် သဒ္ဓါရက်ရောစွာ ပေးလှူလိုက်ပေသေးသည်။

မောင်တင်သည် သူ့ရင်ထဲမှ ဝမ်းသာဝမ်းနည်း၊ ကြေကွဲကြည်နူးသွားခြင်းများဖြင့် မျက်ရည်ကလေးပင် လည်သွားမိလေသည်။

သူသည် မျက်ရည်ကလေးလည်လည်ဖြင့်ပင် သူချစ်ခင်လေးစား အားထားကြည်ညိုခဲ့ရသူ ဦးလေးဦးထွန်းငြိမ်းအား လိုက်လှဲသော ကျေးဇူးစကားကလေးများဖြင့် ရေရွတ်နှုတ်ဆက်ခဲ့လေတော့သည်။

''ကျေးဇူးအထူးတင်ပါတယ် ဦးလေးခင်ဗျား''

---

* Christmas - ခရစ်ယာန် ဘာသာဝင်များအနေဖြင့် ဒီဇင်ဘာလ ၂၄ ရက်နေ့ ညပိုင်းအကြိုနှင့် ၂၅ ရက်နေ့များ၌ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်သော ကယ်တင်ရှင်သခင်ယေရှုခရစ် မွေးဖွားခြင်း အထိမ်းအမှတ် ပွဲတော်

# ၁၀

# အဆိုးအားဖြင့် အရှုံးမခံသူ

၁၉၀၅ ခု၊ မောင်တင် အသက် ၁၇ နှစ်တွင် ၉ တန်းကို ပထမစွဲ၍ အောင်မြင်သွားခဲ့ပြန်သည်။ သည်အတွက် ရနောင်းဆု* ကို ရရှိပြန်လေသည်။

ထို့နောက် ကျောင်းဝင်ခွင့်စာမေးပွဲကို အောင်မြင်ပြန်သည်တွင် မောင်တင်တစ်ယောက် ကောလိပ်ကျောင်းသားကြီး ဖြစ်သွားလေတော့သည်။

ထိုနှစ်မှာပင် မောင်တင်တို့မိသားစုလည်း အင်းစိန်၊ ပေါက်တောရပ်မှ ခွာခဲ့ကြလေသည်။

သူတို့ဖေဖေ ဦးဖေသည် မောင်တင်တို့ မောင်နှမတစ်စု၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ပေါက်တောရှိ ခြံကြီးနှင့်အိမ်ကြီးကို ရောင်းပစ်လိုက်သည်။

ပြီးလျှင် သူသည် သူအမှုထမ်းနေသော တိရစ္ဆာန်ဆေးကုဌာနနှင့် မျက်စောင်းထိုး လှမ်းမြင်နေရသည့် နေဒင်းကော့တိတ်ချ်** အမည်ရှိ ခြံနှင့်အိမ်ကို ဝယ်ယူလိုက်လေသည်။

ထိုအခါ မောင်တင်တို့ခမျာ သူတို့အဖို့ လက်ပွန်းတတီး ရင်းရင်းနှီးနှီး နေထိုင်ကြီးပြင်းလာခဲ့ကြရသော ပေါက်တောခြံကြီးနှင့် အိမ်ကြီးကို ဝမ်းနည်းစွာ ခွဲခွာလာခဲ့ကြရရှာလေသည်။

ထို့နောက် သူတို့သည် သူတို့နှင့်အဘက်ဘက်က စိမ်းလျက်သာရှိနေသေးသော နေဒင်းကော့တိတ်ချ်မှာ အခြေချကာ နေထိုင်လိုက်ကြရလေတော့သည်။

ပထမအိမ်ပိုင်ရှင် ကပြားမိသားစုက သူတို့၏ သမီးကလေးနာမည်ကို အမြတ်တနိုး အမှတ်တရ မှည့်ခေါ်သွားခဲ့သော နေဒင်းကော့တိတ်ချ် အိမ်နှင့်ခြံသည် အင်းစိန်မီးရထား ဘူတာရုံလမ်းနှင့် စော်ဘွားကြီးကုန်းလမ်းထောင့် တောင်ကုန်းကလေးတစ်ကုန်းအပေါ်၌ရှိလေသည်။

ပေါက်တောရပ်မှ အဆောင်ဆောင် အခန်းခန်းရှိသည့် အိမ်ကြီးနှင့်ခြံကြီးအား ဝမ်းနည်းစွာ ခွဲခွာလာခဲ့ကြ

---

* ရနောင်းဆု– ကာနယ်လ်ရနောင်း (Col.Renown) ကို အစွဲပြုမှည့်ခေါ်ထားခဲ့သော ကော့သောင်အနီးရှိ ရနောင်းမြို့ဝန်ဆု။ ငွေ ၄၀ ကျပ်နှင့် စာအုပ်များ ရရှိသည်။

** Nadaing Cottage

သော မောင်တင်တို့ကို နေဒင်းကော့တိတ်ချ်ကလေးက စိတ်ပြောင်း စိတ်လွှဲကလေးများဖြင့် ဆီးကြိုနှစ်သိမ့်ပေး လိုက်လေသည်။

နာမည်မှည့်ပုံချင်းကအစ မတူညီသော ပေါက်တောအိမ်ခြံနှင့် နေဒင်းကော့တိတ်ချ်သည် ရေမြေအနေ အထားချွလည်း ကွာခြားလျက်ရှိလေသည်။

ပေါက်တောရပ်သည် မြေပြန့်သည်။ မြန်မာဆန်သည်။ အရပ်သူ အရပ်သားများသည်လည်း မြန်မာပီပီ နေထိုင်စားသောက် ကူးလူးဆက်သွယ်ကြသည်။

ယခု မောင်တင်တို့ အခြေချရောက်ရှိလာခဲ့သော နေဒင်းကော့တိတ်ချ်၏ အဝန်းအဝိုင်း အနေအထားမှာ ကား နာမည်ကအစ အနောက်တိုင်းဆန်နေသည်။

ထိုကဲ့သို့ အနောက်တိုင်းဆန်စွာ မညီမညာအနိမ့်အမြင့် တောင်ကုန်းများတွင် တစ်ခြံနှင့်တစ်ခြံခပ်ကျဲကျဲ ဆောက်လုပ်ထားကြသော အိမ်ခြေတိုက်တာများတွင် နေထိုင်ကြသူများမှာလည်း မျက်နှာဖြူနှင့် ကပြားများသာ ဖြစ်လေသည်။

သူတို့ကြားထဲသို့ မြန်မာဆန်သော မောင်တင်တို့ မြန်မာမိသားစုတစ်စုက တိုးဝင်ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

မောင်တင်တို့ နေဒင်းကော့တိတ်ချ်နှင့် ဘေးတိုက်ခြံကြီးမှာ နာမည်ကျော် ဝပ်ဆင်ကုမ္ပဏီ* ပိုင်ရှင်သူဌေး၏ ခြံကြီးနှင့် အိမ်ကြီးဖြစ်သည်။

တစ်ဖက်တွင်လည်း ရန်ကုန်ဂေဇက် သတင်းစာမှ မျက်နှာဖြူတစ်ဦး၏ အိမ်နှင့်ခြံ ရှိလေသည်။

သူတို့အိမ်ခြံများ၏ အနောက်ဘက် မလှမ်းမကမ်းတွင်မူ ရွာစုကလေးတစ်စုရှိသည်။

ထိုရွာစုကလေးတွင် ကရင်အမျိုးသားများ နေထိုင်ကြသည်။ တောင်သူကုန်းဟု ခေါ်သည်။

မောင်တင်တို့ အိမ်မြေခြံမြေများ ရှိရာဘက်မှာ မညီမညာတောင်ကမူနှင့် လျှိုမြောင်ချိုင့်ဝှမ်းကလေးများ ပေါသလောက် လှမ်းမြင်နေရသော တောင်သူကုန်းရွာစုကလေး ဘေးပတ်ဝန်းကျင်တစ်ပိုက်၌မူ မြေပြန့်လယ်ကွင်း ကလေးများဖြင့် စိမ်းစိုပြန့်ပြူးလျက်ရှိလေသည်။

နေဒင်းကော့တိတ်ချ်၌ နေသားကျသွားပြီဖြစ်သော ကောလိပ်ကျောင်းသားကြီး မောင်တင်သည် ညနေပိုင်း ကျောင်းမှ ပြန်လာတိုင်း တောင်ကမူကုန်းကလေးပေါ်မှ အိမ်ဆီသို့ လျှောက်တက်ရသည်ကို သဘောကျမိလေ သည်။

ထို့နောက် သူသည် အိမ်ထဲသို့ ချက်ချင်းမဝင်သေးဘဲ တောင်ကမူကုန်းထိပ်ကလေးမှ ရပ်ကာ မြေပြန့်မြေနိမ့် ပိုင်းရှိ လယ်ကွင်းလယ်ကွက်များတွင် တောင်သူလယ်သမားများ ဝမ်းစာစပါးအတွက် ထွန်ယက်စိုက်ပျိုးနေကြသည် ကို မျှော်ငေးရသည်မှာလည်း တစ်မျိုးကြည်နူးစရာကောင်းလေသည်။

နေထွက်၊ နေဝင်ချိန်များနှင့် မြူခိုးကလေးတွေ ဝေ့ဆိုင်းနေသည့်အခါများတွင် တောတောင်လျှိုမြောင်နှင့် ချိုင့်ဝှမ်းကလေးများ ပေါများသော နေဒင်းကော့တိတ်ချ်၏ ပတ်ဝန်းကျင်ရှုခင်းအလှသည် မျက်စိပသာဒမှာ ကြည့်မဝနိုင်သလို မောင်တင်၏ ဘဝင်နှလုံးကိုလည်း ရွှင်ပြုံးချမ်းမြေ့သွားစေအောင် ဖန်တီးစွမ်းဆောင်နိုင်လေ သည်။

မောင်တင်တို့မိသားစုသည် အနောက်တိုင်းဆန်သော သူဌေးရပ်ကွက်သို့ ရောက်ရှိလာခဲ့သော်လည်း သူတို့၏ နေထိုင်စားသောက်သွားလာလှုပ်ရှားမှုများသည် ပေါက်တောမှာတုန်းက ပုံစံအတိုင်း မပြောင်းမလဲသာ ရှိနေကြ လေသည်။

ပေါက်တောမှာတုန်းက ကျောင်းသွား၊ ကျောင်းပြန် အိမ်နှင့်ဘူတာရုံကို လမ်းလျှောက်ခဲ့သော မောင်တင် သည် ယခုလည်း လျှောက်ဆဲလျှောက်လျက်သာဖြစ်သည်။

အစုအဆောင်း ဝါသနာပါသော မောင်တင်အတွက် ခုနစ်တန်း စကောလားရှစ်ဆု တစ်လ ၈ ကျပ် ရကတည်းက သူ့ဖေဖေက စာတိုက်မှာ စာရင်းကလေးတစ်ခု ဖွင့်ပေးထားခဲ့သည်။

ယခု ရနောင်းဆုရပြန်သောအခါ မောင်တင်၏ ငွေစာရင်းမှာ လစဉ်တိုးသွားလေတော့သည်။

---

* Watson and Company

သူသည် ယခု ကောလိပ်ကျောင်းသားကြီးဖြစ်သွားခဲ့သော်လည်း ဟိုက်စကူးကျောင်းသားကလေးဘဝက ချမှတ်ထားခဲ့သော မူကိုကား မစွန့်ချေ။

ယခု နေဒင်းကော့တိတ်ချ်နှင့် ဘူတာသည် ပေါက်တောအိမ်နှင့် ဘူတာဝေးသလောက်ပင် ဝေးလေသည်။

ပေါက်တောကတည်းက အလေ့အကျင့်ရလာခဲ့သော ကောလိပ်ကျောင်းသားကြီး မောင်တင်သည် ယခုထက်ထိ ဂယ်ရီမစီး။ နေပူပူ၊ မိုးရွာရွာ၊ ဆောင်းအေးအေး လမ်းကိုသာ မှန်မှန်လျှောက်လျက် ကျန်းမာရေးလည်းညီစေ၊ စုဆောင်းရေးလည်း ဆက်လက်တည်စေ၊ ပီစေလိုက်လေသည်။

သည်ကဲ့သို့ စုဆောင်းတတ်သူများအဖို့ စုဆောင်းစရာအကြောင်းကိစ္စများကလည်း ပေါ်ပေါက်ရောက်ရှိလာကြလေသလားမသိ။

တစ်နေ့တွင် ခရစ်ယာန် သင်းအုပ်ဆရာတစ်ပါးဖြစ်သော ရယ်ဗရင်ဒပ်ဖ်[၁]ဆိုသူက မောင်တင်ကို လာပြောသည်။

''ဟေ့ မောင်တင်၊ အက်စ်-ပီ-စီ-အေ[၂]က ပြိုင်ပွဲခေါ်နေတာ ဝင်ပြိုင်စမ်းပါလားကွ''

''ဟာ မပြိုင်ချင်ပါဘူး ဆရာရယ်''

''ဟ ဘာဖြစ်လို့ မပြိုင်ချင်ရတာလဲ မောင်တင်ရ၊ ဒီပြိုင်ပွဲဟာ ကောလိပ်ကျောင်းသားတွေသာ ဝင်ပြိုင်ခွင့်ရှိတာ မဟုတ်လားကွ၊ အခု မင်းလဲ ကောလိပ်ကျောင်းသား ဖြစ်နေပြီပဲဟာ၊ ဝင်ပြိုင်လိုက်စမ်းပါ''

ထိုပြိုင်ပွဲမှာ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်စောင့်ရှောက်ရေးအသင်းက ပြုလုပ်သော စာစီစာကုံးပြိုင်ပွဲဖြစ်သည်။ တိရစ္ဆာန်ဆေးကုဌာနမှ ကောလိပ်ကျောင်းသားများအတွက် သီးသန့်ပြုလုပ်ပေးခြင်းလည်းဖြစ်သည်။ တိရစ္ဆာန်များကို သနားကြင်နာခြင်းဟု ခေါင်းစဉ်ပေးထားသည်ကို အင်္ဂလိပ်ဘာသာရပ်ဖြင့် စီကုံး ရေးသားရမည်ဖြစ်သည်။

ယခု မောင်တင်သည်လည်း ကောလိပ်ကျောင်းသားဖြစ်သွားပြီဖြစ်ရာ ထိုပြိုင်ပွဲသို့ ဝင်နိုင်ခွင့်ရှိသည်မှာ မှန်လေသည်။

သို့ရာတွင် မောင်တင် ကောလိပ်ကျောင်းသားဖြစ်သည်မှာ ပူပူနွေးနွေး ခြောက်လပိုင်းမျှသာရှိသေးသည်။

မြန်မာနိုင်ငံ ပညာရေး ဆင်ဒီကိတ် အဖွဲ့ကြီး၏ ကြီးကြပ်အုပ်ချုပ်မှုအောက်မှ ၁၉၀၄ ခုနှစ်၌ အစိုးရက လွှဲပြောင်းတာဝန်ယူခဲ့ကာ တဖြည်းဖြည်း တိုးတက်လာနေသော ရန်ကုန်ကောလိပ်ကျောင်းကြီးတွင် သူ့ထက်ဝါရင့်သည့် အိုင်အေ၊ ဘီအေသမားတွေက ရှိနေကြသည် မဟုတ်ပါလား။

ရန်ကုန် ကောလိပ်အပြင် ဘက်ပတစ္စ*ကောလိပ်ကလည်း ရှိနေပြန်သေးသည်။

မြန်မာတစ်ပြည်လုံးတွင် ကောလိပ်ကျောင်းဆို၍ ထိုနှစ်ကျောင်းတည်းသာရှိကာ ကျောင်းသားမှာလည်း များပြားလှသည်ဟု မဆိုနိုင်ပေမည့် ထိုမျှများလှသော ဝါရင့်သမား၊ ကျောင်းသားကြီးများကြားသို့ တိုးဝင်ရမှာကိုပင် ကောလိပ်ကျောင်းသားပေါက်စ မောင်တင်ခမျာ မရဲချင်သလိုဖြစ်နေမိခဲ့သည်။

ထိုကြောင့် ပြိုင်ပွဲခေါ်နေသည်ကို ကြားသိနေသော်လည်း သူစိတ်မဝင်စားခဲ့ခြင်းဖြစ်သည်။

''ပြိုင်ပွဲဆိုတာမှာ နိုင်တာ မနိုင်တာထက် ယှဉ်ပြိုင်နိုင်တဲ့ အခွင့်အရေးမှာ ကိုယ့်အရည်အသွေးကိုထုတ်ပြီး ကြိုးစား အားစမ်းနိုင်တာဟာ တန်ဖိုးပဲကွ၊ လူတစ်ယောက်ရဲ့ အစွမ်းအစ အရည်အသွေးဆိုတာဟာလဲ အတန်းကြီးတာ ငယ်တာနဲ့မဆိုင်ပါဘူးကွ၊ ပင်ကိုအရည်အချင်းနဲ့ ဉာဏ်စွမ်းဉာဏ်စ ကြိုးစားအားထုတ်မှုအပေါ်မှာသာ တည်တာပါ မောင်တင်ရ''

ဆရာဒပ်ဖ်က အားပေးတိုက်တွန်းလိုက်လျှင် မောင်တင်လည်း အားမာန်တက်ကာ စိတ်ပါသွားလေတော့၏။

ထိုကြောင့် မောင်တင်သည် အချက်အလက်များကို စုဆောင်းရှာဖွေပြီးနောက် စာစီစာကုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုက်တော့သည်။

သူသည် မျှော်လင့်ချက်ကို သိပ်ကြီးမထားမိသော်လည်း အကောင်းဆုံးဖြစ်ရအောင်ကား အစွမ်းကုန်ကြိုးစား

---

၁။ Rev Duff

၂။ S.P.C.A.- Society for the Prevention of Cruelty to Animals

* Baptist College ယခု မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ခြင်း သာသနာအဖွဲ့ချုပ်

အားထုတ်လိုက်လေသည်။

မောင်တင်၏ ကြိုးစားအားထုတ်ခဲ့မှုသည် သူ့အတွက် အလဟဿ မဖြစ်ပေ။

စာစီစာကုံးပြိုင်ပွဲဆုစာရင်းများ ထွက်လာသောအခါ ယှဉ်ပြိုင်သူဝါရင့်နှစ်ကြီးကျောင်းသားများကြားထဲမှ ကောလိပ်ကျောင်းသားပေါက်စ မောင်တင်က ပထမ ရလေသည်။

ထိုအခါ ပထမဆုအတွက် ရရှိသောငွေ ၇၅ ကျပ်သည် မောင်တင်၏ စုငွေစာရင်းတွင် တိုးသွားပြန်လေတော့သည်။

သူ့အဖို့ ငွေစာရင်း တိုးရုံသာမကဘဲ အောင်မြင်ကျော်ကြားမှုကိုလည်း ရရှိလိုက်ပြန်သေးသည်။

ကောလိပ်ကျောင်းသို့ ရနေနောင်းဆုကို ပိုက်ပြီးရောက်လာခဲ့သော မောင်တင်သည် လပိုင်းအတွင်းမှာပင် အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ပထမဗိုလ်စွဲလိုက်ပြန်ခြင်းဖြင့် အများကြား၌ ကျော်ကြားထင်ရှားသွားလေတော့သည်။

ထိုသို့ ပညာထူးချွန်ကာ ကျောင်းသားလောကတွင် သူဌေးကလေးတစ်ဦးပမာ ငွေစုစာရင်းဖွင့်ထားနိုင်အောင် ထူးခြားနေသော မောင်တင်သည် ရုပ်ရည်ချောမောခြင်း၌လည်း နာမည်ကြီးနေသေးကြောင်း သူ့ကိုယ်သူ သိလာခဲ့ရပြန်သည်။

''ဟေ့ မောင်တင်၊ မင့်ရုပ်ရည်ကတော့ မိန်းကလေးတွေ တကယ်ကျလောက်တဲ့ ရုပ်ပဲကွ သိလား''

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်၊ နားရွက်ကားကားနှင့် လူပုံချော မောင်တင်ကို ယောကျာ်းကလေးအချင်းချင်း၊ အပေါင်းအသင်း သူငယ်ချင်းများက ပြောတတ်လေ့ရှိကြသည်။

ထိုအခါများ၌ မောင်တင်ကလည်း သူ့သူငယ်ချင်းများကို ရယ်မောကာ ပြန်ပြောတတ်လေသည်။

''အေး မင်းတို့ကသာ မိန်းကလေးတွေ တကယ်ကျလောက်နေ တကယ်လက်တွေ့မှာတော့ ဘယ်မိန်းကလေးတစ်ယောက်ကမှလဲ ငါ့ကိုမကျသေးပါလားကွ''

''ဒါကတော့ မင်းက ဝါတော်ရှစ်ဆယ်ရ ဆရာတော်ကြီးဂိုက် ဖမ်းနေတာကိုးကွ''

သူ့သူငယ်ချင်းများ ပြောသည်မှာ မှန်လေသည်။

သူ၏ ရှုတည်တည် ပုံစံဟန်ပန်တို့ကြောင့် သူ့တွင် မိန်းကလေးအပေါင်းအသင်းများ မရှိသလောက်ရှားသည်။

သူ့အဖို့ ဆွေမျိုးသားချင်းများကလွဲလျှင် သူ့မမများ၊ ညီမများနှင့် ပတ်သက်ဆက်သွယ်ရာ မိန်းကလေးတချို့တလေအား မေးထူးခေါ်ပြောရုံလောက်သာရှိလေသည်။

ထို့ထက်ပို၍လည်း ထွေထွေထူးထူး ဆန်းဆန်းပြားပြား ပြုမူဆက်ဆံရန်ကိုလည်း မောင်တင်သတိမရမိ။

ထို့ကြောင့် ကောလိပ်ကျောင်းသားကြီးသာဖြစ်လာခဲ့သည်။ သူ့ဘဝမှာ မိန်းကလေးများနှင့် ပတ်သက်၍ဘာအတွေ့အကြုံမှ မရှိခဲ့ဖူးသလို ဘာပြဿနာမျှလည်း မဖြစ်ခဲ့ဖူးချေ။

ပြဿနာမရှိ၊ ကင်းရှင်းအောင်လည်း သူကနေသည်။

ထိုသို့ နေသည်မှာ သူ့ကိုယ်သူ အခြောက်တိုက် သွေးမြောက်ပြီးနောက် ဘဝင်မြင့်နေ၍ကားမဟုတ်ပေ။

သူ့ကိုယ်နှိုက်က ဝါသနာမပါ စိတ်မဝင်စား၍ဖြစ်လေသည်။

သူသည် ရှုတည်တည်နှင့် ခပ်တင်းတင်းနေတတ်လေ့ရှိသော်လည်း အရေးအကြောင်းကိစ္စများ ပေါ်ပေါက်လာလျှင်ကား ယောကျာ်း၊ မိန်းမ မရွေး၊ လူကြီးလူငယ်မဟူ၊ အသားဖြူ အသားမည်း မခွဲခြား အားလုံးကို ကြုံသလိုကူညီမစတတ်လေသည်။

ထို့ကြောင့် နာမည်ကျော်ကြား လူသိများသော မောင်တင်မှာ ချစ်သူခင်သူလည်း ပေါလှတော့သည်။

သည်လိုအထဲမှ သူ့အပေါ် မလိုမုန်းထား၊ မျက်မာန်ပွားနေသူတစ်ဦးတလေ ရှိနေဦးမည်ဖြစ်ကြောင်းကိုမူ မောင်တင် လုံးလုံးမသိခဲ့ပါပေ။

ထိုနေ့က မောင်တင်သည် နေ့စဉ်ပြုနေကျအတိုင်း ညနေကျောင်းဆင်းလျှင် အင်းစိန်လော်ကယ်မီးရထားကလေးကိုစီးကာ အိမ်ပြန်ခဲ့သည်။

သူသည် အစ်ကိုဖြစ်သူနှင့်အတူ ပြန်လေ့ရှိသော်လည်း သူ့ထက် တစ်တန်းပိုကြီးသော ကိုသင်က အတန်း

စောစောဆင်းကာ စောစောပြန်သွားတတ်သည့် ယခုလိုရက်များတွင်မူ မောင်တင်တစ်ယောက်တည်း ပြန်ရလေသည်။

သူသည် တစ်ယောက်တည်းဆိုသော်လည်း ဒုတိယတန်းတွဲတွင် အတူစီးလာကြသော အခြားကျောင်းသားများကား ပါလာကြသည်ပင်ဖြစ်သည်။

သူနှင့် တစ်တွဲတည်း အတူစီးလာခဲ့ကြသော တခြားကျောင်းသားတစ်သိုက်သည် စကားဝိုင်းဖောင်ဖွဲ့လျက်ရှိကြသည်။

ထိုအခါ အသားဖြူ၊ အသားမည်းရောနေသော သူတို့ကပြားအုပ်စု စကားဝိုင်းမှ ရွှတ်ရွှတ်ရက်ရက် စကားသံများက တစ်တွဲလုံးညံအောင် လျှံထွက်နေကြတော့သည်။

သူတို့သည် သူ့ထက်ငါဦး အလုအယက် ပြောလျက်ရှိကြသည်။

သူတို့အထဲသို့ ရောကာ စကားတစ်လုံးမျှ မပြောဘဲနေသူမှာ မောင်တင်တစ်ယောက်သာ ရှိလေသည်။

မောင်တင် တစ်လုံးမျှ ဝင်မပြောခြင်းမှာ မပြောလည်းမပြောချင်၊ ပြောစရာလည်း မရှိ၍ဖြစ်သည်။

အဘယ်ကြောင့်မူ ကပြားကျောင်းသားတစ်စု မြိန်ရေရှက်ရေ ပြောနေကြသော အကြောင်းများမှာ မောင်တင်နှင့် ဘယ်လိုမှမအပ်စပ်၊ မပတ်သက်သည့် မိန်းကလေးများအကြောင်း ဖြစ်နေ၍ဖြစ်သည်။

သူတို့သည် သူတို့၏ မိန်းကလေးမိတ်ဆွေများထဲမှ ဘယ်သူဘယ်လိုချောကြောင်း၊ လှကြောင်း ဘယ်မိန်းကလေးကို ဘယ်သူက သဘောကျနေကြောင်း စသည်ဖြင့် ပြောသူကပြော၍

တချို့ကလည်း သူတို့ရည်းစားမကလေးများနှင့် ဘယ်သွား၍ ဘယ်မှာချိန်းတွေ့ကာ ဘယ်လိုဘယ်ညာ စသည်များကို အပေါင်းအသင်းများအား အရင်းတိုင်း ဖောက်သည်ချနေကြလေသည်။

ထိုသို့ သူတို့စကားများကို အတိုင်းသားကြားနေရသော မောင်တင်က ယိုသူမရှက် မြင်သူရှက်လာမိတော့သည်။

သည်အတွက် သူသည် နားရှက်ရှက် စိတ်ပျက်ပျက်ဖြင့် တွဲထဲမှ ထထွက်ခဲ့လေသည်။

တွဲအပြင် စင်္ကြံအကူးကလေးသို့ သွားရပ်နေလိုက်မှ မောင်တင် နားချမ်းသာသွားတော့သည်။

တဂျိန်းဂျိန်း၊ ဆောင့်ခုန်ခုတ်မောင်းနေသော မီးရထားစက်သံက တွဲအတွင်းမှ နားရှက်စရာ ရွှတ်ရက်သံများကို မောင်တင်၏ထံပါးသို့ လိုက်မလာနိုင်အောင် တားဆီးမောင်းနှင်ပစ်နေလေသည်။

သည်အခါ မောင်တင်လည်း နားရှင်း၍ မျက်စိလည်းရှင်းသော တွဲအပြင်ဘက် စင်္ကြံအကူးကလေးမှာပင် တစ်ယောက်တည်း ဆက်ရပ်နေလိုက်သည်။

မီးရထားကလေး ခုတ်မောင်းသွားနေသော လမ်းဘေးတစ်ဖက်တစ်ချက်ရှိ မြင်ကွင်းများက မောင်တင်၏ မျက်စိပသာဒမှာ လှပနေကြကာ စိတ်ဝမ်းကိုလည်း ငြိမ်းချမ်းသာယာသွားစေလေသည်။

လမ်းတစ်ဖက်ရှိ တောအုပ် ထူထူပိန်းပိန်းများက စိမ်းစိမ်းစိုနေကြသည်။

တစ်ဖက်ရှိ လယ်ကွင်းလယ်ကွက်များထဲမှ ရွှေဝါရောင်လွှမ်းခြုံစပြုလာပြီဖြစ်သော စပါးနှံများကလည်း လေတွင် ယိမ်းနွဲ့လှုပ်ရှားနေကြလေသည်။

ကောင်းကင်ပြာပြာ၊ နေဝန်းနီနီ၊ မိုးတိမ်ဖွေးဖွေး၊ လေပြည်အေးအေး၊ တောအုပ်စိမ်းစိမ်း၊ လယ်ကွင်းဝါဝါဝင်း စသည်များဖြင့် ဖန်တီးပြီးစီးနေသည့် သတ္တလောကကြီး၏ သဘာဝအလှအပများကို ငေးမောသဘောကျနေမိသော မောင်တင်သည် တွဲအတွင်းမှ ဆူညံနေကြသူ ကပြားကျောင်းသားအုပ်စုအား ရုတ်တရက်မေ့သွားမိသည်။

ထိုသို့ရှိခိုက်မှာပင် တစ်စုံတစ်ယောက်က မောင်တင်အား အသံပေး ခေါ်ငင်လိုက်လေသည်။

''ဟိတ်''

မောင်တင်က ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

''ဟင်''

ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသော မောင်တင်၏ ပါးတစ်ဖက်ကို ထိုတစ်စုံတစ်ယောက်က ဖတ်ခနဲ တစ်ချက်လှမ်းပုတ်လိုက်လေသည်။ မထင်မှတ်မို့ သူလည်း အံ့အားသင့်ကာ ''ဟင်''ခနဲ ဖြစ်သွားမိသည်။

ထိုစဉ် မောင်တင်၏ ပါးကို ဖတ်ခနဲ ရန်စပုတ်ခတ်လိုက်သူ ဝိတ်က်ဗီးလ်သည် တွဲအတွင်းသို့ သုတ်ခနဲ

ဝင်ပြေးသွားလေသည်။

စောစောက အံ့အားသင့်သွားခဲ့သော မောင်တင်သည် ရုတ်ခြည်းသတိပြန်ဝင်ကာ သူ့တစ်သက်တွင် မဖြစ်စဖူး ထောင်းခနဲ ဒေါသဖြစ်သွားသည်။

မောင်တင်သည် ဒေါသဖြင့် တွဲပေါက်ဝသို့ သွားရပ်ပြီးနောက် မီးတောက်မတတ်သော မျက်လုံးများဖြင့် ရန်စသူကို ရှာကြည့်လိုက်သည်။

ထိုအခါ သူရဲဘောကြောင်စွာဖြင့် သူ့အဖော်များကြားသို့ တိုးဝင်ပုထိုင်နေသော ဝိတ်က်ဖီးလ်ကို တွေ့ရလေသည်။

ဟန်ဆောင်ကောင်းသော ဝိတ်က်ဖီးလ်သည် မောင်တင်နှင့် ဘာမျှမပတ်မသက်၊ ဘယ်လိုမျှ မဖြစ်ပျက်ခဲ့သည့်ပမာ သူ့အဖော်များကြားမှ ပြုံးကြောင်ကြောင် ပြန်ကြည့်နေသည်။

ထိုအခါ ဒေါသဖြင့် မျက်နှာကြီးနီကာ မားမားကြီးရပ်လျက် စူးစူးကြီးစိုက်ကြည့်နေသော မောင်တင်ကို သူ့အဖော် ကပြားများကလည်း နားမလည်စွာ ဝိုင်းကြည့်နေကြသည်။

တွဲအပြင်ဘက်တွင် မောင်တင်အတွက် လျှပ်တစ်ပြက်ဖြစ်ခဲ့ရသော ဝိတ်က်ဖီးလ်နှင့် ပတ်သက်ချက်ကို တွဲအတွင်းမှ သူတို့က ဘာမျှသိမိပုံမရှိကြ။

မောင်တင်သည် သူ့ကိုစော်ကားထိပါးသွားသူ ဝိတ်က်ဖီးလ်ကို အဖော်များကြားမှ ဆွဲထုတ်ကာ လက်တုံ့ပြန်ထိုးကြိတ်လိုက်ရန် ပြင်လိုက်သည်။

''သင်၏ ပါးတစ်ဖက်ကိုပုတ်လျှင် ကျန်ပါးတစ်ဖက်ကို လှည့်ပေးဦးလော့''

မီးရထားက တဂျုန်းဂျုန်းဆောင့်ခုန်မောင်းသွားနေသလို သူ့ရင်ထဲမှ တဒုန်းဒုန်း ဆောင့်ကန်ကာ ပွင့်ထွက်လုနီးရှိသွားသော ဒေါသယမ်းအိုးကြီးကို သူအမြဲတမ်းဖတ်မှတ်နာယူနေခဲ့သော သမ္မာကျမ်းစာထဲမှ ကျမ်းကောက်နုတ်ချက်ကလေးတစ်ချက်က မောင်တင်၏ ခေါင်းထဲသို့ ဖြတ်ခနဲ ရောက်ရှိလာခဲ့သည်။

အရှိန်နှင့် ခုတ်မောင်းနေသော မီးရထားကို စက်ခေါင်းမောင်းသမားက ရုတ်တရက် ဘရိတ်ဆွဲအုပ်ပေးလိုက်သလို ကမူးရှူးထိုးဖြစ်သွားခဲ့သော မောင်တင်၏ ဒေါသမီးအရှိန်ကိုလည်း သမ္မာကျမ်းကောက်နုတ်ချက်ကလေးက ရုတ်တရက် နှိမ့်ချသည်းခံခြင်းတရားရေအေးဖြင့် ဖျန်းပက်ငြိမ်းသတ်ပေးလိုက်လေသည်။

သို့ရာတွင် အရှိန်နှင့် ခုတ်မောင်းနေသော ရထားသည် ဘရိတ်ဆွဲအုပ်လိုက်သော်လည်း ချက်ချင်းရပ်မသွားနိုင်ပဲ ဆက်လိမ့်သွားနေသေးသလို မောင်တင်၏ရင်ထဲမှ ခံပြင်းဒေါသမှာလည်း ရုတ်တရက်မပြေနိုင်သေးအောင် ရှိနေသည်။

သို့ပေမည့် မီးရထား၏ အရှိန်ကို လျော့သွားသလို မောင်တင်၏ ရင်ထဲမှ ထောင်းခနဲထသွားမိသော ဒေါသမီးအားလည်း အညွန့်ကျိုးသွားအောင်တော့ ခေါင်းထဲမှ ဆင်ခြင်တုံအသိတရားလေးက စိုးမိုးချုံးနှိမ်ပေးလိုက်နိုင်လေသည်။

မောင်တင်၏ပါးကို ဝိတ်က်ဖီးလ် ပုတ်ခတ်သွားသည်မှာ နာလှသည်တော့မဟုတ်ပါ။ ကြောက်ကြောက်လန့်လန့်ဖြင့် အပြေးအလွှား ပြုမူသွားခဲ့ရခြင်းကြောင့်ပင်လားတော့မသိ။ ဖတ်ခနဲထိရုံ သိရုံသာဖြစ်သည်။

သို့ရာတွင် မောင်တင်က သူ့အသား နာသည် မနာသည်ထက် အကြောင်းမရှိဘဲ ရန်စစော်ကားပြီးနောက် သတ္တိနည်းစွာ အဖော်များကြားမှာ သွားခိုနေခြင်းအတွက်သာ ဝိတ်က်ဖီးလ်ကို ပို၍ဒေါသဖြစ်သွားမိသည်။

ဒေါသကို သူ့ဦးနှောက်အသိစိတ်ကသာ အချိန်မီ ထိန်းချုပ်ပေးနိုင်စွမ်းမရှိပါလျှင် သူ့အဖော်များမက လက်ထောက်ဘုရင်ခံဖြစ်သော ဆာဟားဘတ်သာကယ်လ်ဝိုက်*၏ ခြေထောက်ကိုပင် သွားဖက်ထားစေဦး၊ မောင်တင်သည် ဝိတ်က်ဖီးလ်ကို အမိအရထုတ်ကာ မှတ်လောက်သားလောက် ထိုးကြိတ်ဆုံးမလိုက်မိမည်သာ ဖြစ်သည်။

ယခုမူ သူသည် အခြေအနေကို ချင့်တွက်ချိန်ဆနိုင်သွားသည်။

---

* Sir Herbert Thirkell White ဒုတိယမြောက်လက်ထောက် ဘုရင်ခံ (Sir H.S.Barnes) ဆာအိဗ်ချ်၊ အက်စ်၊ ဘားနပ်ထံမှ ၁၉၀၅ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ရာထူးလက်ခံခဲ့သူ တတိယမြောက်လက်ထောက်ဘုရင်ခံ။

အကယ်၍ သူ့အနေဖြင့် ကမ္ဘာ့ရှူးထိုးလိုက်သွားကာ ဆဲ့လဲ့ထိုးကြိတ်လိုက်မည်ဆိုပါက သတ္တိချင်းမယှဉ်ဝံ့ဘဲ ထွက်ပြေးသွားခဲ့သော ဝိတ်က်ဖီးလ်အဖို့ မရှုမလှ ခံရမည်မှာ သေချာလေသည်။

သို့ပေမည့် ချက်ချင်းလိုပင် အန္တရာယ်က မောင်တင်ဘက်သို့ ဦးလှည့်လာမည်ဖြစ်သည်။

ဝိတ်က်ဖီးလ် ဘာလုပ်ခဲ့သည်ကို မသိသော သူ့အဖော်တစ်စုသည် မောင်တင်က သူတို့သူငယ်ချင်းအား သူတို့မျက်စိရှေ့မှာ ဆဲ့လဲ့ထိုးကြိတ်သည်ကိုသာ တွေ့မြင်ကြရမည်ဖြစ်သည်။

ထိုအခါ ဝိတ်က်ဖီးလ်၏အဖော်များသည် တစ်ယောက်ချင်းအနေဖြင့်သာ ယှဉ်ပြိုင်ဝံ့သောသတ္တိမျိုးရှိကောင်းမှ ရှိကြမည်ဖြစ်သော်လည်း ယခုလို အုပ်စုဖွဲ့မိနေချိန်တွင်ကား ကျီးကန်းများကဲ့သို့ သူတို့ကပြားအချင်းချင်းဆိုလျှင် ရိုင်းပင်းတတ်ကြသည့်အတိုင်း တစ်ယောက်တည်းသမား မောင်တင်အား ဝိုင်းဝန်းတိုက်ခိုက်ကြပေလိမ့်မည်။

သူတို့အမြင်မှာ သူတို့သူငယ်ချင်းကပြား ဝိတ်က်ဖီးလ်ကို ဗမာတစ်ယောက်ဖြစ်သော မောင်တင်က သူတို့ရှေ့မှာ အကြောင်းမရှိ ရန်စစော်ကားသည်ဟု ထင်ထားကောင်းထင်ထားကြမည် မဟုတ်ပါလား။

အကယ်၍ ဝိတ်က်ဖီးလ်က ပထမရန်စစော်ကားလာခဲ့ကြောင်း သိထားဦးတောင်မှလည်း သူတို့က မသိယောင်ဆောင်နေမှာ သေချာလေသည်။

သည်အခါ အများနှင့်တစ်ယောက်ဖြစ်နေသော မောင်တင်အဖို့ ဘယ်လိုမျှ အားချင်းပြိုင်၍ရမည်မဟုတ်။

သူတို့သည် သူတို့ကပြားများထက် အဘက်ဘက်မှ ထင်ပေါ်ကျော်ကြားကာ လူစွာဖြစ်နေသော ဗမာလူမျိုး မောင်တင်ကို မျက်မုန်းကျိုးကောင်းလည်း ကျိုးနေကြပေလိမ့်မည်။

သည်အတွက် ယခုကဲ့သို့ အကြောင်းဆိုက်လာခိုက် သူတို့သည် အုပ်စုအားကိုးဖြင့် တစ်ယောက်တည်းသမားမောင်တင်ကို ဝိုင်းဝန်းရန်ပြုကြမည်သာဖြစ်သည်။

ပြီးလျှင် သူတို့သည် အနိုင်ကျင့်ပြီး မောင်တင်ကို မီးရထားပေါ်မှ ပစ်ချထားခဲ့ကြပေလိမ့်မည်။

ထို့နောက် မတော်တဆဖြင့် မောင်တင်ခြေချော်ကျသွားသည်ဟု သူတို့တစ်ညီတည်း ထွက်ဆိုကြမည်သာဖြစ်သည်။

မောင်တင်၏ဘက်မှမူ သက်သေလိုက်ထွက်ပေးမည့်သူ တစ်ဦးတစ်ယောက်မျှရှိမည်မဟုတ်။

သည်အခါ ဗမာလူမျိုးများကို သူတို့လက်အောက်ခံ ကျွန်သဘောက်များအဖြစ်လောက်သာ သတ်မှတ်ယူဆထားနေကြသော သက်ဆိုင်ရာ အင်္ဂလိပ်အစိုးရအရာရှိများသည်လည်း သူတို့ကပြားများ၏ ထွက်ချက်အရ မတော်တဆ သူ့ဟာသူခြေချော်ကျသွားခဲ့သည့် ဗမာကျောင်းသားတစ်ယောက်အတွက် ရေးကြီးခွင့်ကျယ် စစ်ဆေးမေးမြန်းနေကြလိမ့်မည် မဟုတ်ပေ။

'အို တစ်ကမ္ဘာလုံးနဲ့ တစ်ယောက်တည်းပဲဖြစ်ပစေပေါ့၊ မတရားစော်ကားတာကို အရှုံးပေးပြီး ခေါင်းငုံ့ခံလိုက်ရမှာထက် လက်တုံ့ပြန်သတ္တိပြရင်း သေသွားတာကမှ မြတ်သေးတယ်'

ဆင်ခြင်တုံတရားကြောင့် တုံ့ဆိုင်းတွေဝေသွားခဲ့သော မောင်တင်ကို သူ့ရင်ထဲမှ မာနနှင့် ခံပြင်းဒေါသများက အားပေးသွေးထိုးလိုက်ကြပြန်သည်။

သို့ရာတွင် သူ့ခေါင်းထဲမှ ဆင်ခြင်တုံတရားက သူ့ကို ချက်ချင်းပြန်မေးလိုက်လေသည်။

'သေသွားတာကမှ မြတ်သေးတယ်ဆိုတာ ဘယ်လိုဘယ်မှာမြတ်မှာလဲ ပြောစမ်းပါဦး၊ မင်းအတွက်လား၊ မင်းမိဘသားချင်းတွေအတွက်လား၊ မင်းတိုင်းပြည်နဲ့ မင်းလူမျိုးအတွက်လား ဟင်'

သူ့ခေါင်းထဲမှ မေးခွန်းများကို သူ့ရင်ထဲမှ မာနများက မဖြေတတ်ဖြစ်သွားသည်။

'ဗမာတွေ အောက်ကျနောက်ကျ ဖြစ်နေတာကို ထွန်းထွန်းပေါက်ပေါက်ဖြစ်လာအောင် ကြိုးစားအားထုတ်ချင်တယ်ဆို၊ ဗမာတွေ ဘယ်လောက်တော်တယ် ထူးချွန်တယ်ဆိုတာကို အစွမ်းအစပြလိုက်ချင်သေးတယ်ဆို'

မောင်တင်၏ ရင်ထဲမှ ဒေါသနှင့်မာနများသည် ရုတ်ခြည်းပင် အမြင်မှန်ရသွားကြသည်။

'အင်း ဟုတ်တယ်၊ ငါ့မှာ ကြိုးစားအားထုတ်စရာတွေ အစွမ်းအစပြစရာတွေ ရှိနေပါသေးကလား၊ ဒီလိုသတ္တိမရှိ သူရဲဘောနည်းတဲ့ ကပြားတစ်ကောင်အတွက်နဲ့ ငါလိုလူတော်လူကောင်းတစ်ယောက်က ဘာလို့အသေခံမှာလဲ၊ ငါ့မိဘ ငါ့ညီအစ်ကိုမောင်နှမ ငါ့တိုင်းပြည် ငါ့လူမျိုးနဲ့ ငါ့ရည်ရွယ်ချက်တွေအတွက် တန်ဖိုးရှိရှိ ငါဆက်ပြီး အသက်ရှင်ရဦးမယ်၊ ဒီလို ဘာမဟုတ်တဲ့ အကောင်တစ်ကောင်ရဲ့ အကြောင်းမဲ့ရန်ထောင်လာတာကို

ငါက အလဟဿအနစ်နာ အဆုံးရှုံးမခံနိုင်ဘူး'

နောက်ဆုံးတွင် မောင်တင်၏ တွေးခေါ်မြော်မြင်မှုများက သူ့ရင်ထဲမှ ထောင်းခနဲဖြစ်သွားခဲ့သော ဒေါသမာန များကို လွှမ်းမိုးအနိုင်ယူလိုက်တော့သည်။

မောင်တင်သည် ကမူးရှူးထိုးမိုက်ရူးရဲ အပြုအမူမျိုးကိုသာ စွန့်လွှတ်လိုက်သော်လည်း သူ့ကို အခြောက်တိုက် စော်ကားသွားခဲ့သူ ဝိတ်က်ဖီးလ်ကိုကား စိတ်မကျေနိုင်သေးပေ။

သူ့ခေါင်းကို အေးအေးထား၍ စဉ်းစားလိုက်မည်ဆိုလျှင် ရိုင်းစိုင်းသော စိတ်ဓာတ်ဖြင့် မဖြစ်ညစ်ကျယ် ရန်စတတ်သော်လည်း တကယ့်တကယ်၌ သတ္တိမရှိ၊ သူရဲဘောနည်းလွန်းလှသော ဝိတ်က်ဖီးလ်လို လူစားမျိုးကို လက်စားချေစရာ ဆုံးမဒဏ်ခတ်နိုင်စရာ တခြားနည်းလမ်းတွေ ရှိနေသေးသည် မဟုတ်ပါလား။

သူသည် တွဲပေါက်ဝမှ ပြန်လှည့်ထွက်ခဲ့သည်။

'သခင်ခရစ်တော်ကတော့ ပါးတစ်ဖက်ကိုလာရိုက်ရင် ပါးတစ်ဖက်ကို လှည့်ပေးဦးလို့ အဆုံးစွန်နှိမ့်ချခိုင်းထား တာပဲ၊ ဒါပေမဲ့'

မောင်တင်သည် အပြင်စကြံ အကူးကလေးတွင် ပြန်ရပ်ရင်း တစ်ယောက်တည်း ငေးနေမိသည်။

သို့ရာတွင် သူ့အငေးမှာ စောစောတုန်းကလို ရေမြေသဘာဝ၏ အလှအပများကို ကြည့်မြင်တွေ့ရှိနေသည် မဟုတ်။ သူ့အသိစိတ်မှာ မကျေအေးနိုင်သေးသော အတွေးများဖြင့်သာ လှုပ်ရှားလုံးထွေးနေခြင်းဖြစ်သည်။

သူသည် သူယုံကြည်ကိုးကွယ်ရာ ခရစ်တော်ဘုရား၏ ညွှန်ကြားထားသော ဩဝါဒစကားများကိုပင် နားမဝင် လက်မခံနိုင်အောင် ရှိနေမိလေတော့သည်။

သူစီးသွားနေသော လော်ကယ်ရထားကလေးသည် မကြာမီသော မိနစ်ပိုင်းအတွင်းမှာပင် အင်းစိန်ဘူတာသို့ ဆိုက်ရောက်တော့မည်ဖြစ်သည်။

သည်အတွက် မောင်တင်ကြိတ်တွေးကြည့်လိုက်သည်။ အင်းစိန်ဆိုသည်မှာ သူချက်မြှုပ်ရာ ဇာတိမြို့ရွာမဟုတ် ပါလား။

သည်တော့ ဘူတာတစ်ဝိုက်နှင့် ပေါက်တောတစ်ရပ်လုံးတွင် သူ့တစ်သက် ရင်းနှီးကျွမ်းဝင်လာခဲ့သော သိဟောင်းငယ်ပေါင်း သူငယ်ချင်းကောင်းမိတ်ဆွေများရှိကြသည်။

ထိုကြောင့် သူကသာ အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းလိုက်လျှင် ဘယ်သူမျှ ငြင်းပယ်လိမ့် မည်မထင်။ အားလုံးကပင် ဝမ်းသာအားရဖြင့် သည်ကပြားအုပ်စုကို နောင်ကြဉ်သွားအောင် ဝိုင်းဝန်းဆုံးမပေး လိုက်ကြမည်သာဖြစ်သည်။

မောင်တင်သည် သူ့စိတ်ကူးအတွေးကို သူ့အတော်ကလေး သဘောကျသွားမိသည်။

သို့ရာတွင် သူ့အတွေးက သည်မှာတွင်မရပ်သေးဘဲ အလိုလိုရှေ့သို့ ဆက်ပြေးသွားလေသည်။

သည်ကပြားအုပ်စုကို သည်လိုနည်းနှင့် ဆုံးမလိုက်ရုံဖြင့် သည်ကိစ္စကပြီးသွားမှာလား။ သူတို့က ငြိမ်ခံနေ ကြမှာလား။ သူတို့ကကော တန်ပြန်လက်စားမချေကြတော့ဘူးလား။

သူတို့ကြောင့် ဗမာကလေးတစ်ယောက်သေသွားရင်သာ မသိကျိုးကျွန်ပြုနေကြမှာ ဖြစ်ပေမည့် ဗမာတွေ ကြောင့်တော့ မျက်နှာဖြူမပြောနှင့်၊ ဘိုကြက်ချေး ကပြားကလေးတစ်ယောက်တလေလောက်များ ထိခိုက်သွား ကြည့်စမ်းပါလား။

တကတည်း အကြီးအကျယ် ဇာချဲ့လာလိုက်ကြမည့်ဖြစ်ခြင်း။ သူတို့တွင်မက ထိပ်ပိုင်းမှ သူတို့အဘိုးတွေ အဘတွေကပင် ပါလာကြချေဦးမည်။ သည်ကဲ့သို့ အမှိုက်ကစ ပြာသာဒ်မီးလောင်သွားသည့်အခါ သူတို့က အာဏာလက်ရှိ။ ဗမာတွေမှာက အာဏာလက်မဲ့။ သူတို့၏ အအုပ်အချုပ်ခံ မြေနိမ့်ရာလှံစိုက်လာကာ ဗမာတွေ အဖို့သာ နစ်နာထိခိုက်ရပေတော့မည်။

သည်လိုဆိုပြန်တော့လည်း သူ့တစ်ယောက်အတွက်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်း အပေါင်းအသင်း များအား မောင်တင်က မထိပါး မနစ်နာစေလိုပေ။

သည်အတွက် တခြားနည်းလမ်းတစ်ခုကို မောင်တင်စိတ်ကူးရှာကြံလိုက်ပြန်သည်။

ဝိတ်က်ဖီးလ်သည် အခြားသူမဟုတ်။ ယခုမောင်တင်တို့ ဝယ်ယူနေထိုင်လျက်ရှိကြသော နေဒင်းကော့ တိတ်ချ်၏ ပထမပိုင်ရှင်၏ သားတစ်ယောက်ပင်ဖြစ်သည်။

သူတို့မိသားစုသည် နေဒင်းကော့တိတ်ချ်ကို ရောင်းပစ်ခဲ့ပြီးနောက် တခြားရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

သို့ရာတွင် ဝိတ်က်ဖီးလ်သည် မောင်တင်တို့ လက်ရှိနေထိုင်လျက်ရှိသော သူ့နေရပ်ဟောင်းသို့ မကြာခဏ ရောက်ရောက်လာတတ်သည်။ ရောက်လာတိုင်း သူ့အိမ်ဟောင်း နေဒင်းကော့တိတ်ချ်သို့လည်း ခဏတစ်ဖြုတ် ဝင်ရောက်လည်ပတ်ကာ မောင်တင်တို့မိသားစုကို နှုတ်ဆက်သွားတတ်လေ့ရှိခဲ့သည်မဟုတ်ပါလား။

ဟုတ်ပြီ။ ယခုနောက်ပိုင်းတွင်လည်း ဝိတ်က်ဖီးလ်သည် မောင်တင်တို့အိမ်သို့ မဝင်ချင်သာရှိမည်။ နှုတ်မဆက်ပဲသာနေချင်နေမည်။

သူနေထိုင်ကြီးပြင်းသွားခဲ့သော သည်အရပ်၊ သည်နေရာဟောင်းသို့ကား ဝိတ်က်ဖီးလ် လုံးလုံးမလာဘဲ နေနိုင်လိမ့်မည်မထင်။ တစ်နေ့မဟုတ်တစ်နေ့တော့ သူရောက်လာဦးမည်သာဖြစ်သည်။

ထိုတစ်နေ့သည်ကား တစ်ဖက်သားကို ရန်သာစတတ်ကာ တကယ့်တကယ်ကျ သတ္တိမရှိ သူရဲဘောကြောင်သော ဝိတ်က်ဖီးလ်ကို သူ့အကျင့်ဆိုးအား တစ်ခါတည်း ပျောက်ပျက်သွားရအောင် မောင်တင် ဆုံးမပေးနိုင်သည့်နေ့ပင် ဖြစ်ပေလိမ့်မည်။

အကယ်၍ သတ္တိနည်းသလောက် ဉာဏ်များသော ဝိတ်က်ဖီးလ်က သူ့ဘေးအန္တရာယ်ကို သူကြိုမြင်ပြီးနောက် တစ်ယောက်တည်း မလာဝံ့ဘဲ သူ့အားထားရာ အပေါင်းအသင်းများအား အကာအကွယ်ခေါ်ခဲ့လျှင်လည်း အရေးမကြီး။ မောင်တင့်ဘက်မှလည်း အကူအညီပေးနိုင်သည့် အစ်ကိုကြီးနှင့် ညီကလေးများက အသင့်ရှိနေကြမည်ဖြစ်လေသည်။

မောင်တင်သည် သူ့စိတ်ကူးစီစဉ်ချက်ကလေးများနှင့်သူ တစ်ယောက်တည်း ကျေနပ်သွားမိလေတော့သည်။

ထိုအခိုက်မှာပင် သူတို့စီးလာခဲ့ကြသော လော်ကယ်ရထားကလေးသည် အရှိန်သတ်ကာ အင်းစိန်ဘူတာသို့ ထိုးရပ်လိုက်သည်။

ထိုအခါ ဝိတ်က်ဖီးလ်သည် မောင်တင်၏ စိတ်ကူးအတွေးကလေးများကို ရိပ်မိ၍လား။ သို့မဟုတ် အပြစ်ရှိသူသည် လိုက်သူမရှိဘဲ ပြေးတတ်၏ဆိုသကဲ့သို့ပင်လားမသိ။

သူသည် သူ့အဖော်များကြားမှ ခွာမထွက်ဝံ့ဘဲ မောင်တင်ကို ရှောင်ကွင်းလျက် တွဲအတွင်းမှ အပြေးဆင်းသွားလိုက်လေသည်။

မောင်တင်ကမူ နေ့စဉ်ပြုနေကျအတိုင်း မှန်မှန်ပင် ဆင်းသွားလိုက်သည်။

သူသည် ကောလိပ်မရောက်မီ ရုစ်တန်းကိုးတန်းလောက်ကတည်းကပင် ငယ်ငယ်က ပျော်ပျော်ပါးပါးရှိလှသော မီးရထားခေါင်းတွဲကလေးအား ဂျမဒါများနှင့် ကူညီလိုက်လှည့်ပေးရခြင်း အပြုအမူကို စွန့်လွှတ်ထားခဲ့ပြီဖြစ်သည်။

အတန်းကြီးကာ အသက်လည်းကြီးလာသော မောင်တင်သည် တိုးတက်ပြောင်းလဲလာခဲ့သည်။

သူသည် မီးရထားခေါင်းတွဲကလေးအား လှည့်ပေးရခြင်းအလုပ်သည် တာဝန်ကျအမှုထမ်းမှတစ်ပါး အပြင်မှ မဆိုင်သူများ ပါဝင်လုပ်ကိုင်ခွင့်မရှိကြောင်းကိုလည်း နားလည်သိရှိလာခဲ့ရလေသည်။

မောင်တင်တစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် ဘူတာရုံအပြင်သို့ ရောက်သွားချိန်တွင် ဝိတ်က်ဖီးလ်တို့အဖော်တစ်စုကား ဂယ်ရီကို အလုအယက်ငှားစီးပြီးနေကြပြီ ဖြစ်လေသည်။

ဂယ်ရီမစီးသော မောင်တင်ကမူ သူတို့ကို အရေးမစိုက်ဘဲ သူ့လမ်းသူလျှောက်ကာသာ ထွက်ခွာလာခဲ့သည်။

ထိုအခိုက်မှာပင် ဝိတ်က်ဖီးလ်စီးထားနေသော ဂယ်ရီမှ မြင်းသည် ဘာကိုဘယ်လို လန့်သွားသည်မသိ။ တစ်ခါတည်း ကဆုန်ပေါက်ပြီးပြေးလေတော့၏။

ဂယ်ရီမောင်းသမား ကုလားခများလည်း သူ့မြင်းဇက်ကြိုးကိုမနိုင်ဘဲ အော်ရင်းဟစ်ရင်းမြင်းဆွဲပြေးရာနောက်သို့ ပါသွားခဲ့လေသည်။

ထိုအခါ လမ်းသွားလမ်းလာများလည်း လန့်ဖျပ်ကာ ရုတ်ရုတ်သဲသဲ အပြေးအလွှား ရှောင်ကြရှားကြရလေသည်။

မောင်တင်သည် ဇက်ကြိုးမနိုင်ဖြစ်သွားခဲ့သော ဝိတ်က်ဖီးလ်တို့ ဂယ်ရီကို လမ်းလျှောက်ရင်းမှ လှမ်းမြင်လိုက်သည်။

ထိုသို့ လှမ်းမြင်လိုက်သော မောင်တင်၏ ခေါင်းထဲသို့ အကြောင်းအရာတစ်ခုက တိုက်တိုက်ဆိုင်ဆိုင် အပြေးရောက်လာခဲ့လေသည်။

ထိုအကြောင်းကား မောင်တင် သင်ကြားလေ့ကျက်ထားခဲ့ရဖူးသော ပါဠိကျမ်းဂန်ထဲမှ ရှင်ဗုဒ္ဓဂေါတမဘုရား၏ တရားတော်ပညတ်ချက်တစ်ချက်ပင်ဖြစ်လေသည်။

ရှင်ဗုဒ္ဓ၏ တရားတော်ပညတ်ချက်မှာ ပညာရှိတို့မည်သည် ဒေါသကို ထိန်းချုပ်နိုင်ရမည်ဟု ပြထားသည်။

ဥပမာတင်စားချက်မှာ မြင်းကိုမောင်းသွားသောအခါ မြင်းဇက်ကြိုးကိုနိုင်အောင် ဆွဲကိုင်ကာ ထိန်းထားရသလို ဒေါသနှင့်မာနကိုလည်း နိုင်အောင်ထိန်းကိုင်ထားရမည်ဟု ဆိုထားသည်။

အကယ်၍ ဒေါသနှင့် မာနကို မထိန်းကိုင်နိုင်ဘဲ ဒေါသနောက်ကို ကောက်ကောက်ပါအောင် လျှောက်လိုက်သွားမည်ဆိုလျှင် ဇက်ကြိုးကို မနိုင်ဘဲ မြင်းဆွဲသွားရာနောက်သို့သာ ပါသွားရသော ဆိုက်ကုလားလို ဘာမျှအသုံးမကျသူ၊ မိုက်မဲသူ၊ ပညာမဲ့သူအဖြစ်သို့ ရောက်ရှိသွားလိမ့်မည်ဟု သတိပေး ဆုံးမထားလေသည်။

မောင်တင်သည် ရုတ်တရက် သူ့ကိုယ်သူ မေးခွန်းပြန်ထုတ်လိုက်မိသည်။

'ငါဟာ ပညာရှိလုပ်မလား။ ဒါမှမဟုတ် အသုံးမကျတဲ့ဆိုက်ကုလားလို ပညာမဲ့တဲ့ လူမိုက်အဖြစ်ခံမလား'

သူ့မေးခွန်းကိုသူပြန်မဖြေနိုင်သေးမီမှာပင် မောင်တင်၏ခေါင်းထဲသို့ သူရွတ်ဖတ်မှတ်သားထားလေ့ရှိသော သမ္မာကျမ်းထဲမှ ကျမ်းကောက်နုတ်ချက်ကလေးတစ်ချက်က ဒက်ခနဲရောက်ရှိလာခဲ့ပြန်သည်။

'အဆိုးအားဖြင့် အရှုံးမခံဘဲ၊ အကောင်းအားဖြင့်သာ အဆိုးကိုအနိုင်ယူလော့'

ခပ်စောစောတုန်းက ဝိတ်က်ဖီးလ်ကို တစ်နည်းနည်းဖြင့် လက်စားချေဆုံးမပေးရန် ရှာကြံတွေ့ရှိပြီးနောက် ကျေနပ်တက်ကြွနေခဲ့သော မောင်တင်သည် ရုတ်တရက် ငေးငိုင်တွေဝေ သွားလေသည်။

မောင်တင်သည် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ကြည့်မိသည်။

ထိုအခါ သူသည် စောစောတုန်းက ဝိတ်က်ဖီးလ်တို့ စီးနင်းလိုက်ပါသွားခဲ့သော ဂယ်ရီမောင်းသမားကုလားလို မြင်းဇက်ကြိုးကို မနိုင်ဘဲ မြင်းဆွဲရာနောက်သို့ ကောက်ကောက်ပါသွားလုနီးနီး ရှိနေသည်ကို သတိပြုလိုက်မိသည်။

ပြီးလျှင် သူသည် တန်ဖိုးမဖြတ်နိုင်သော သူ့ဘဝတစ်ခုလုံးကို အဆိုးအားဖြင့် ဒူးထောက်အရှုံးခံရတော့မတတ်ရှိနေခဲ့သည်ကိုလည်း သတိထားလိုက်မိပြန်လေသည်။

မောင်တင်သည် အရှိန်နှင့်ပြေးသွားခဲ့ရာမှ ချောက်ကမ်းပါးအောက်သို့ အားလွန်ကျရောက်မသွားရအောင် အချိန်မီ ရပ်တန့်လိုက်နိုင်သူပမာ ရုတ်တရက် လန့်ဖျပ်တုန်လှုပ်သွားမိလေသည်။

သူသည် ကျန်သောပါးတစ်ဖက်ကို လှည့်ပေးနိုင်လောက်အောင်မူ မနှိမ့်ချနိုင်သေးသော်လည်း…

'သင်၏ ရန်သူကိုပင်ချစ်လော့'ဟူသော သခင်ခရစ်တော်၏ ပညတ်တော်အတိုင်း ဝိတ်က်ဖီးလ်ကို ဆက်လက်ချစ်ခင်နိုင်ရေးသည် မလွယ်လှပေမည့် မောင်တင်က သူ့ကိုယ်သူ အဆိုးအားဖြင့်တော့ ဘဝကို အရှုံးမခံ၊ ဒူးမထောက်။

ပြီးလျှင် စိတ်မိုက်မြင်း၏ ဆွဲခေါ်ရာနောက်သို့လည်း လိုက်ပါမသွားစေရန်အတွက် ဇက်ကြိုးကိုနိုင်အောင်သာ သူထိန်းကိုင်ထားတော့မည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

ထိုသို့ ဆုံးဖြတ်လိုက်မိလျှင်ပင် တစ်ချိန်လုံး မကျေမနပ် ခံပြင်းဒေါသမာန်မာနများဖြင့် ဝိတ်က်ဖီးလ်ကို တစ်နည်းနည်းဖြင့် လက်စားချေတုံ့ပြန်ရန် အမျိုးမျိုးတွေးတော ရှာကြံခြင်းဖြင့် ပင်ပန်းလေးလံနေခဲ့သော မောင်တင်၏ရင်မှာ ရုတ်ခြည်းပေါ့ပါးသွားလေသည်။

ထို့နောက် သူ့အိမ်သို့ ပြန်ရောက်သွားချိန်တွင် မောင်တင်သည် ဝိတ်က်ဖီးလ်အနေဖြင့် ဘယ်လိုဘယ်အကြောင်းကြောင့် သူ့အပေါ် ရန်စပြုမူသွားခဲ့သည်ကို နားမလည်၊ စဉ်းစားမရနိုင်သေးသော်လည်း ဝိတ်က်ဖီးလ်အပေါ် ထားရှိခဲ့မိသော သူ့ရင်ထဲမှ အကျိတ်အခဲ အာဃာတစိတ်များသည်ကား လုံးဝပြေပျောက်သွားကြလေပြီ ဖြစ်သည်။

# ၁၁

# အောင်လံလွင့်လွင့် လွင့်ကာထူ

ဥသြငှက်ကလေး သံသာတွန်ကျူးသည့် နွေဦးကာလအခါသမယတွင် မောင်တင်တို့၏ ရန်ကုန်ကောလိပ်ကျောင်းကြီးသည်လည်း စာမေးပွဲများအားလုံး စစ်ဆေးပြီးစီးသွားလေတော့သည်။

စာမေးပွဲများ စစ်ပြီးသွားသောအခါ ကျောင်းကြီးလည်း ပိတ်လေသည်။

ထိုအခါ ဝီရိယကောင်းသော ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်လေ့ရှိကာ အိုင်အေ စီနီယာ*ကို အကောင်းဆုံး ဖြေဆိုပြီးစီးသွားခဲ့ပြန်သော မောင်တင်အဖို့ နွေလအားရက်အတွက် အနားရသွားခဲ့ပြန်လေတော့သည်။

မောင်တင်သည် စာပေသင်ကြားလေ့ကျက်ရာ၌ စနစ်တစ်ခုကို ချမှတ်ကျင့်သုံးလာခဲ့သည်။

သူသည် ကျောင်းခန်းထဲတွင် ဆရာများသင်ကြားပြသပေးသမျှ တစ်လုံးမကျန် ဂရုစိုက်ကာ နားထောင်မှတ်သားတတ်လေ့ရှိသည်။

သူ့စိတ်ထဲမှာ မရှင်းလျှင်၊ နားမလည်လျှင်၊ မသိလျှင် ဆရာ့ကို ချက်ချင်းထမေးသည်။ ချက်ချင်းမေးချိန်မရလျှင် ကျောင်းအဆင်း၌ ဆရာ့အနားချဉ်းကပ်ကာ ရအောင်မေးသည်။

သူ့စိတ်မှာရှင်းသွားမှ နားလည်မှ မောင်တင်ကျေနပ်သွားတတ်သည်။

ထိုကြောင့်ပင် ဆရာများသင်ကြားပေးပြီးသွားသော သင်ခန်းစာအားလုံးသည် တစ်လုံးမကျန်အောင် မောင်တင်၏ ခေါင်းထဲတွင် စွဲထင်ကျန်ရစ်ခဲ့ကြလေတော့သည်။

သည်အခါ သူ့မှာ ကျောင်းစာများအတွက် ပူပန်စိုးနောင့်စရာဘာမျှမရှိတော့ချေ။

အတန်းထဲ၌ပင် စာကျက်လာခဲ့သော သူသည် ကျောင်းဆင်းသောအခါ စိတ်လွတ်လူလွတ်ဖြင့် ဝါသနာပါရာများကို လုပ်ကိုင်နိုင်သည်။ မိသားစုအတွက် လိုသည့်အကူအညီကို ပေးနိုင်သည်။

---

* Senior Intermediate of Arts- ဥပစာတန်း ဒုတိယနှစ်

အချိန်ပိုသေးလျှင် ခြံထဲတွင် ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခြင်းများဖြင့် ကိုယ်လက်လှုပ်ရှားမှုများပြုနိုင်သည်။

အကယ်၍ ဝါသနာပါမည်ဆိုလျှင် အိမ်အောက်ဘက် တောင်ကုန်းအဆင်းခြေရင်းနားတွင်ရှိသော ရေကန်တွင် အေးအေးဆေးဆေး အတွေးကလေးများဖြင့် ငါးထိုင်မျှားနိုင်သေးသည်။

သူတို့မိသားစု နေဒင်းကော့တိတ်ချ်သို့ ရောက်ပြီးနောက် မကြာမီမှာပင် သင်းအုပ်ဆရာ ဦးငွေလက မောင်တင်ကို ထိုရေကန်ကလေး၌ နှစ်ခြင်းပေးခဲ့လေသည်။

နေဒင်းကော့တိတ်ချ်သို့ ရောက်လာခဲ့သော မောင်တင်တို့မိသားစုက ပေါက်တောမှာတုန်းကလို နွားလှည်းနှင့် မြင်းများ မထားကြတော့။

မိသားစုများ အသုံးပြုရေးအတွက် ဂယ်ရီဆွဲရန် မြင်းတစ်ကောင်သာ ရှိလေတော့သည်။

သည်အတွက် မောင်တင်သည် မြင်းမစီးဖြစ်တော့သလို မြင်းအတွက် တာဝန်ဝတ္တရားများ လုပ်စရာလည်း မရှိသလောက်ဖြစ်သွားသည်။

သည်အခါ မောင်တင်သည် အတန်းကြီးလာသည်နှင့်အမျှ သင်ကြားရသော သင်ခန်းစာများက ပိုမိုများလာ သလို ပိုမို၍လည်း ခက်ခဲလေးနက်လာခဲ့ရာ စာကျက်ချိန်ကို ပိုထားလိုက်လေတော့သည်။

သူသည် ညစာစားပြီးနောက် ၇ နာရီထိုးသည်နှင့် စာကြည့်စားပွဲသို့ ထိုင်လိုက်သည်။ ပြီးလျှင် သူသည် သူကျက်မှတ်လေ့လာရမည်ဖြစ်သော စာပေပညာ ဘာသာရပ်များမှလွဲ၍ တခြားဘာကိုမျှမစဉ်းစား၊ အနှောင့်အယှက် မခံဘဲ ည ၉ နာရီထိုးသည်အထိ တောက်လျှောက်ပင် စာကျက်လိုက်သည်။

ည ၉ နာရီထိုးသောအခါ မောင်တင် စာကျက်ပြီးလေသည်။

သူသည် စာကျက်ပြီးသည်နှင့် တစ်ခါတည်း ဝင်အိပ်လေသည်။ သူ့အခန်းထဲတွင် ဘယ်သူတွေမအိပ်သေးဘဲ စကားပြောနေနေ မောင်တင်ကတော့ ပျော်အောင်အိပ်လိုက်သည်။ အိပ်၍လည်း တကယ်ပျော်လေသည်။

ထိုနောက် နံနက် ၄ နာရီထိုးလျှင်တော့ မောင်တင်သည် နှိုးစက်မလိုဘဲ အိပ်ရာမှမှန်မှန်နိုးလေသည်။

အိပ်ရေးဝလာ၍ နိုးလာသော မောင်တင်သည် ဦးနှောက်ရှင်းရှင်း စိတ်နှလုံးကြည်ကြည်လင်လင်ဖြင့် ညတုန်း ကလည်း ကျေကျေညက်ညက် ကျက်မှတ်ထားခဲ့သော စာပေပညာ ဘာသာရပ်အားလုံးတို့ကို တစ်ခေါက်ထပ်ဖတ် လိုက်ပြန်သည်။

ပြီးလျှင်တော့ မောင်တင် လမ်းလျှောက်ထွက်လိုက်လေသည်။

တခြားသူများ အိပ်ရာမှ နိုးထလာချိန်တွင် မောင်တင်တစ်ယောက်က နံနက်ခင်း၏ လေအေးလေသန့်ကို တဝကြီးရှူပြီးနောက် လမ်းတစ်ပတ်လျှောက်ပြန်ခဲ့ပြီဖြစ်သည်။

နံနက်အရုဏ်ဦးနှင့်အတူ လန်းဆန်းနုပျိုနေသော မောင်တင်သည် သမ္မာကျမ်းစာထဲမှ၊

'နံနက်ကို အောင်စေရာသည်'ဟု ဆိုထားသည့်အတိုင်း နံနက်ကို အောင်နိုင်ခဲ့ခြင်း အပြုံးချိုချိုသည် သူ့ကို တစ်နေ့တာ လုပ်ကိုင်ဆောင်ရွက်စရာများတွင် တက်တက်ကြွကြွ လှုပ်ရှားလန်းဆန်းနေစေလေတော့သည်။

ထိုသို့ စနစ်တကျလည်ပတ်လှုပ်ရှားနေခဲ့သော မောင်တင်သည် တစ်ခါမျှ စာမရမှာမပူခဲ့ရ၊ စာမေးပွဲမဖြေနိုင်မှာ ကိုလည်း သူတစ်ခါမျှ တွေးငေးမကြောက်မိခဲ့သေးချေ။

သူသည် နေ့စဉ်သင်ခန်းစာများကို ကျေညက်ခဲ့သလို စာမေးပွဲမေးခွန်းတိုင်းကိုလည်း သူအကောင်းဆုံး ဖြေနိုင်ခဲ့သည်ချည်းသာဖြစ်သည်။

စာမေးပွဲခန်းထဲမှ အမြဲတမ်း စိတ်အေးလက်အေး အပြုံးကလေးဖြင့်သာ ထွက်လာနိုင်ခဲ့လေ့ရှိသော မောင်တင် သည် စာမေးပွဲမအောင်မှာကိုလည်း တစ်ခါမျှ မစိုးရိမ်ဖူးခဲ့ချေ။

ဖြေပြီးကတည်းက သူအောင်ရမည်ကို သေချာပေါက်သိရှိထားပြီးဖြစ်သော မောင်တင်အဖို့ ပထမစွဲကာ ထူးချွန်ဆုများသာ တွဲပါလာခဲ့လေတော့သည်။

ထိုကြောင့် ယခုစာမေးပွဲကြီးပြီး၍ နွေရက်ရှည်ကျောင်းပိတ်ပေးလိုက်လျှင် မောင်တင်လည်း ထုံးစံအတိုင်း အကြောင့်အကြကင်းစွာဖြင့် နေ့စဉ်ကျက်မှတ်ဖတ်လာခဲ့ရသော သင်ခန်းစာများမှ အနားယူလိုက်တော့သည်။

ထိုနေ့က မောင်တင်သည် သူ့အစ်ကိုမောင်နှမများနှင့်အတူ ခြံထဲဆင်းလျက် တစုတဝေး စိုက်ပျိုးရေး လုပ်လိုက်ကြလေသည်။

မောင်တင်တို့၏မေမေ ဒေါ်မြိုင်သည် အချက်အပြုတ် အချုပ်အလုပ်များသာမက သီချင်းအဆိုနှင့် စန္ဒရား

အတီးကိုပါ တတ်ကျွမ်းသော ကြည့်မြင်တိုင် အေ–ဘီ–အမ် မိန်းကလေးကျောင်းထွက်တစ်ဦးပင်ဖြစ်သည်။

သူသည် သူကိုယ်တိုင်နေခဲ့သောကျောင်းတွင် သူ့သမီးများကို ကျောင်းအိပ်ကျောင်းစားထားကာ ခေတ်ပညာများကို သင်ယူတတ်မြောက်စေခဲ့သော်လည်း ကျောင်းပိတ်၍ အိမ်ပြန်ရောက်လျှင် ဘယ်တော့မျှ ပေါ်ကြော့မနေစေရ။

ဒေါ်မြိုင်သည် သမီးများကို အိမ်မှုကိစ္စမှန်သမျှ တာဝန်ခွဲဝေခိုင်းစေလုပ်ကိုင်စေရုံမက ရက်ကန်းစင်တစ်ခု ဆင်ပေးကာ ပိုင်းငင်ချည်ချရက်ခတ်စေခဲ့သည်အထိ အအုပ်အချုပ် အစီအမံ အခန့်အခွဲကောင်းသူဖြစ်လေသည်။

မောင်တင်တို့ ညီအစ်ကိုတစ်စုသည် သူတို့မမများကိုယ်တိုင် ရက်ခတ်ချုပ်လုပ်ပေးထားသော ပုဆိုးအင်္ကျီများကို ယခုကောလိပ်ကျောင်းသားကြီးများဖြစ်နေကြသည့်တိုင် ဝတ်၍မကုန်နိုင်ရှိနေကြလေသေးသည်။

ထို့ကြောင့် သူတို့ညီအစ်ကိုမောင်နှမများသည် ထာဝစဉ် တက်ညီလက်ညီ ရှိကြလေသည်။

ထိုနေ့ကမူ တစုတဝေးကြီး မြေကြီးကို ပေါက်သူကပေါက် ဆွသူကဆွ စိုက်သူကလည်းစိုက် ရေကန်ထဲမှ ရေခပ်လောင်းသူကလည်းလောင်းဖြင့် လှုပ်လှုပ်ရှားရှား ပျော်ပျော်ပါးပါး အလုပ်များနေကြသော မောင်တင်တို့ ညီအစ်ကိုမောင်နှမတစ်စုကြား၌ လူစိမ်းတစ်ဦး ပါဝင်လျက်ရှိနေသည်။

သူကား ဂရေစီအမည်ရှိ ဂါဝန်ဝတ် အင်္ဂလိပ်ကပြားမကလေးတစ်ဦးဖြစ်လေသည်။

ကပြားမကလေး ဂရေစီသည် မောင်တင်တို့ မမများ၏ မိတ်ဆွေမကလေးဖြစ်သည်။

မောင်တင်တို့မမများနှင့် အထူးချစ်ခင်ရင်းနှီးသော ရုပ်ကလေး ခပ်ချောချော ဂရေစီသည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မကြာခဏဆိုသလို အိမ်သို့ လာရောက်လည်ပတ်လေ့ရှိခဲ့သည်။

သည်အတွက် ဂရေစီသည် မောင်တင်တို့ တစ်အိမ်သားလုံးနှင့် သိကျွမ်းခင်မင် သွားခဲ့လေတော့၏။

ယခုလည်း ဂရေစီသည် နွေကျောင်းရက်ရှည်အပိတ်တွင် သူ့အိမ်ရှိသော ပြင်ဦးလွင်သို့ မပြန်မီ မောင်တင်တို့ မမများထံ လာရောက်လည်ပတ် တည်းခိုနေခြင်းဖြစ်သည်။

ညှော်သည်ကြီးလိုလုပ်မနေတတ်သော ဂရေစီသည် အိမ်သားတစ်ဦးပမာ မောင်တင်တို့ မောင်နှမများကြားတွင် အအားမနေဘဲ ပါဝင်လှုပ်ရှားနေတတ်လေသည်။

ယခုလည်း သူတို့မောင်နှမများနှင့်အတူ ဂရေစီသည် ပေပေရေရေ မြေကြီးများကို ကိုင်တွယ်နယ်ဖတ်ကာ ကူညီစိုက်ပျိုးပေးနေသည်။

ထိုသို့ တလှုပ်လှုပ် အလုပ်များနေကြသော သူတို့အနီးသို့ မောင်တင်တို့မေမေ ဒေါ်မြိုင်ပါ ရုတ်တရက် ရောက်လာခဲ့လေသည်။

''ဟော ဒီမှာ ထားဝယ်က သားတို့သမီးတို့ဒေါ်ဒေါ်ဆီက စာရောက်လာတယ်ကွယ့်''

''ဟုတ်လား၊ ဒေါ်ဒေါ်က ဘာတွေရေးလိုက်တုံး မေမေ''

မောင်တင်တို့ မောင်နှမအားလုံးပင် မေမေ့စကားကို စိတ်ဝင်စားကာ ပြန်မေးလိုက်မိကြသည်။

ထားဝယ်တွင် မောင်တင်တို့မေမေ ဒေါ်မြိုင်၏ ညီမဝမ်းကွဲတော်သူတစ်ယောက်ရှိသည်။ နာမည်မှာ ဒေါ်မမ ဖြစ်သည်။ ကျောင်းဆရာမ အပျိုကြီးဖြစ်လေသည်။

နွေကျောင်းပိတ်ရက်များတွင် ဒေါ်မမသည် ရန်ကုန်သို့ရောက်လာတတ်သည်။ မောင်တင်တို့အိမ်မှာပင် တည်းခိုနေထိုင်တတ်လေသည်။

ဒေါ်မမသည် မောင်တင်တို့မောင်နှမများကို အထူးချစ်ခင်၍ သူတို့မောင်နှမများကလည်း ဒေါ်မမကို ချစ်ခင် တွယ်တာကြလေသည်။

ထို့ကြောင့် ယခု ဒေါ်မမထံမှ စာရောက်လာသည်ဆိုလျှင် သူတို့အားလုံး ဝမ်းသာအားရဖြစ်သွားမိကြလေသည်။

ပြီးလျှင် သူတို့သည် စာကို ဝိုင်းအုံစုပြုံ၍ ဖတ်လိုက်ကြတော့သည်။

အစ်ကိုနှင့် မမမြိုင်ရှင့်

ယခုနှစ် သည်တစ်နွေကျောင်းအပိတ်မှာ ရန်ကုန်ကို ကျွန်မဆင်းမလာဖြစ်တော့ပါ။

သည်အတွက် အစ်ကိုနှင့် မမမြိုင်တို့မိသားစုများ ကျွန်မရှိရာ ထားဝယ်သို့ အလည်လာခဲ့ကြဖို့ ဖိတ်ခေါ်ပါရစေ။

အကယ်၍ မိမိတို့မိသားစုအားလုံး မလာအားကြသေးဘူးဆိုပါကလည်း မမတို့ရဲ့အကျော်အမော်သား ကြီး ဩရသများဖြစ်ကြသော မောင်သင်နှင့် မောင်တင်တို့ ညီအစ်ကို နှစ်ယောက်ကိုတော့ မောင်းမကန် ပင်လယ်လေကိုရှူရင်း ဒူးရင်းသီး အဝစားဖို့အတွက် လွှတ်ဖြစ်အောင်လွှတ်လိုက်စေချင်ပါသည်ရှင့်။

ကျွန်မ မျှော်နေပါမည်။

ဘုရားသခင်နှင့်အတူရှိကြပါစေ

မမ

ထားဝယ်မြို့

''ဟာ ဟန်ကျတာပဲဟေ့''

''ဟယ် ကြည့်ပါဦးကွယ် ဒေါ်ဒေါ်က''

''အေး ကြည့်စမ်း တို့များတော့ မခေါ်ဘူး''

''ဟုတ်ပါရဲ့ ကိုကြီးနဲ့ကိုလေးနှစ်ယောက်တည်းကို ကွက်ခေါ်တယ်''

''ဒေါ်ဒေါ်က သူ့တူတော်မောင် ကောလိပ်ကျောင်းသားကြီးတွေဆိုတော့ မျက်နှာလိုက်ပေမပေါ့''

ဒေါ်မမ၏စာကို ဝိုင်းပြုအုံဖတ်ပြီးသွားကြသော မောင်တင်တို့ညီအစ်ကိုမောင်နှမတစ်စုသည် တစ်ယောက် တစ်ပေါက် ပြောဆိုလိုက်ကြတော့သည်။

''အကျော်အမော်သားကြီးဩရသ ညီအစ်ကိုနှစ်ယောက်ဆိုတော့ ကျန်တဲ့သူတွေက မကျော်မမော်ကြဘူးပေါ့''

''ဒါပဲဟေ့ ဒီတစ်ခါ ဒေါ်ဒေါ် ရန်ကုန်လာရင် တို့တစ်တွေ ဝိုင်းပြီးရန်ထောင်ကြမယ်''

''အေး ဟုတ်တယ်၊ မောင်းတင်ထားကြ''

''ညီစေနော်''

''ညီတယ်ဟေ့''

''ဟား ဟား ဟား''

သူတို့သည် သူတို့အပြော သူတို့သဘောကျကာ ပျော်ပျော်ပါးပါး တဟားဟား ရယ်မောလိုက်ကြသည်။

သူတို့နှင့်အတူ ဂရေစီသည်လည်း ရောနှောရယ်မောရွှင်ပျော်နေလေသည်။

''ဟေ့ မင်းတို့ ဘာတွေသဘောကျပြီး ရယ်မောနေကြတာလဲကွ''

ပျော်ရွှင်ရယ်မောနေကြသော မောင်တင်တို့ မောင်နှမတစ်စုသည် သူတို့ခြံထဲသို့ ဧည့်သည်တစ်ယောက် ဝင်ရောက်လာသည်ကိုမျှ သတိမထားမိလိုက်ကြ။

ဧည့်သည်က သူတို့အနားသို့ ရောက်လာပြီးနောက် အသံပြုမေးမြန်းလိုက်တော့မှ လှည့်ကြည့်သိရှိလိုက်ကြ တော့သည်။

''ဟေး ဝိတ်က်ဖီးလ်''

ထူးထူးခြားခြား ရောက်ရှိလာခဲ့သော ဧည့်သည်ဝိတ်က်ဖီးလ်ကို လုံးဝမမျှော်လင့်ဘဲ ဖြုန်းဆိုတွေ့လိုက်ရသော မောင်တင်သည် ရုတ်တရက်အံ့အားသင့်ကာ လွှတ်ခနဲ ရွှတ်ဆိုလိုက်မိသည်။

မီးရထားပေါ်တွင် ပြဿနာပေါ်ခဲ့ပြီးကတည်းက သူနှင့်ဝိတ်က်ဖီးလ်တို့ မျက်နှာချင်းမဆိုင်ဖြစ်ကြသည်မှာ ကြာပြီမဟုတ်ပါလား။

ယခု သူတို့နှစ်ယောက်စလုံး ပထမဦးဆုံးအကြိမ် ပြန်ဆုံမိကြခြင်းပင်။

မောင်တင်သည် ဝိတ်က်ဖီးလ်အနီးသို့ လှမ်းသွားလိုက်သည်။

ထိုအခါ မရွှံ့မရဲ ဟန်ကလေးဖြင့်ရှိနေသော ဝိတ်က်ဖီးလ်သည် မျက်နှာပျက်သွားကာ ရပ်နေရာမှ ခြေတစ် လှမ်း နောက်ဆုတ်သွားသည်။

ထိုသို့ ခြေတစ်လှမ်းနောက်ဆုတ်သွားသော ဝိတ်က်ဖီးလ်ကို မောင်တင်က သူ့ညာလက်ဖြင့်လှမ်း၍ အမိအရ ဖမ်းဆွဲလိုက်တော့သည်။

ထိုနောက် ပါးစပ်မှလည်း မေးလိုက်လေသည်။

''ဟေ့ မင်းဘယ်ကလှည့်လာတာလဲကွ ဟေ ဝိတ်က်ဖီးလ်''


MKS PUBLISHING

သည့်အခါကျမှ ဝိတ်က်ဖီးလ်ခမျာ စိတ်အေးသွားကာ အသက်ကို ရှိုက်ရှူလိုက်နိုင်ရှာသည်။ ယခုမှ စိတ်ချလက်ချဖြင့်လည်း မောင်တင်၏လက်ကို ရဲရဲဝံ့ဝံ့ ပြန်ဆုပ်ကိုင်၍ နှုတ်ဆက်နိုင်တော့သည်။

''ငါ လမ်းပေါ်က ဖြတ်လျှောက်သွားတုန်း ခြံထဲမှာ မင်းတို့တစ်တွေ စုရုံးစုရုံးနဲ့ ရယ်မောနေကြတာတွေ့တာနဲ့ ငါလဲ လှည့်ဝင်ခဲ့တာပဲကွ''

ဝိတ်က်ဖီးလ်သည် မောင်တင်ကိုပြောရင်းမှ သူတို့နှင့် မလှမ်းမကမ်းတွင်ရှိနေသည့် ဂရေစီကို အငမ်းမရ လှမ်းကြည့်လိုက်လေသည်။

သူ့အပေါ်သို့ မောင်တင်ရန်မူမှာကို မစိုးရိမ်ရတော့ဘဲ စိတ်ချသွားသော ဝိတ်က်ဖီးလ်၏မျက်လုံးများသည် ဂရေစီအား တပ်မက်ခြင်းဖြင့် အရောင်လက်နေကြလေသည်။

ဝိတ်က်ဖီးလ်၏ အမူအရာကို သတိထားမိသွားလျှင် မောင်တင်သည် သူတစ်ချိန်လုံး နားမလည်နိုင်အောင် ရှိနေခဲ့ရသည့်အချက်အတွက် ရုတ်တရက် အဖြေထွက်သွားလိုက်လေတော့၏။

ဝိတ်က်ဖီးလ်သည် ဂရေစီအပေါ်၌ တစ်ဖက်သတ်စိတ်ဝင်စားနေခဲ့သည်။ သို့ရာတွင် သူနှင့်ဂရေစီမှာ အဆက်အသွယ်မရှိ။ မောင်တင်နှင့်မူ ရင်းရင်းနှီးနှီးရှိလှသည်။ တစ်အိမ်ထဲတွင် အတူနေအတူစား၍စကားကိုလည်း တသောသော ပြောဆိုရယ်မောနေနိုင်ကြသည်။

သူ့မှာမူ သည်လိုအခွင့်အရေးမျိုးမရရှိနိုင်သော ဝိတ်က်ဖီးလ်က မောင်တင်ကို အမျက်သိုကာ မလိုမုန်းထားဖြစ်တော့သည်။

ဝိတ်က်ဖီးလ်သည် တကယ့်တကယ်၌ ယှဉ်ပြိုင်ဝံ့သည့် သတ္တိမျိုးမရှိပေမည့် သူ့ရင်ထဲမှ မနာလို မရှုစိမ့်နိုင်မှုများက မောင်တင်အား အလကားသက်သက် ရန်စနှောင့်ယှက်စေခဲ့သည်။

ပြီးလျှင် ဝိတ်က်ဖီးလ်သည် သူ့အပြစ်နှင့်သူ မောင်တင်ကိုလန့်ကာ လူချင်းမဆုံမိအောင် ရှောင်ရှားနေခဲ့သည်။

သို့ရာတွင် ယခုသူတစ်ဖက်သတ်စွဲလမ်းနေခဲ့သော ဂရေစီကို မောင်တင်တို့နှင့် ရောနှောရယ်မောနေသည်ကို တွေ့ရလျှင် ဝိတ်က်ဖီးလ်သည် အန္တရာယ်ကိုပင် မကြောက်နိုင်တော့ဘဲ အရဲစွန့်ကာဝင်လာခဲ့ခြင်းပင်ဖြစ်လေသည်။

အစကတည်းက ဝိတ်က်ဖီးလ်အပေါ် ခွင့်လွှတ်ထားခဲ့ပြီးသော မောင်တင်သည် ယခုလိုအကြောင်းရင်းဇာစ်မြစ်ကို ကောင်းကောင်းနားလည်လိုက်ရပြန်တော့လည်း သူစိတ်မဆိုးနိုင်တော့ချေ။

သူသည် စိတ်မဆိုးသည့်အပြင် မိန်းကလေးတစ်ယောက်အတွက် ယောက်ယက်ခတ်ဖြစ်နေသော ဝိတ်က်ဖီးလ်ကို သနားသွားကာ ပါရမီပင် ဖြည့်ပေးလိုက်သေးသည်။

''လာ လာ မင်းကို မိတ်ဆက်ပေးရဦးမယ်''

မောင်တင်သည် ဝိတ်က်ဖီးလ်ကို လက်ဆွဲလျက် ဂရေစီရှေ့သို့ ခေါ်သွားလိုက်သည်။

''ဂရေစီရေ ဒါ ကျွန်တော့်သူငယ်ချင်း ဝိတ်က်ဖီးလ်ပါ''

ဝိတ်က်ဖီးလ်ကို ဂရေစီနှင့် မိတ်ဆက်ပေးလိုက်သည်။

''ဂရေစီကတော့ တို့တစ်အိမ်သားလုံးနဲ့အတူ ခင်မင်ရင်းနှီးနေတဲ့ တို့တစ်အိမ်သားလုံးရဲ့ မိတ်ဆွေမလေးပဲကွယ့် ဝိတ်က်ဖီးလ်ရဲ့''

ဝိတ်က်ဖီးလ်သည် ဣန္ဒြေကလေးမျှမဆောင်အားနိုင်အောင် တပ်မက်သော မျက်လုံးများဖြင့် ဂရေစီကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

သူ့ကို ဂရေစီကလည်း အပြုံးချိုချိုကလေးဖြင့် တုံ့ပြန်ကြည့်ရင်း ညာလက်ကလေးကို အလိုက်သင့် ကမ်းပေးလိုက်လေသည်။

''တွေ့ရတာ ဝမ်းသာပါတယ်ရှင်''

''အိုး ကျွန်တော်က ပိုပြီး ဝမ်းသာမိပါတယ် ခင်ဗျာ''

ဝိတ်က်ဖီးလ်သည် ဝမ်းသာလုံးဆို့သွားဟန်ဖြင့် ဂရေစီ၏လက်ကလေးကို အားရပါးရ လှမ်းဆွဲဆုပ်ကိုင်ရင်း အမောတကော ပြောလိုက်လေတော့၏။

ပြီးလျှင် ဝိတ်က်ဖီးလ်နှင့် ဂရေစီသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အပြုံးချင်း ဖလှယ်လိုက်ကြလေသည်။

သူတို့နှစ်ယောက်ကိုကြည့်လျက် မောင်တင်၏စိတ်မှာလည်း အလိုလို ဝမ်းသာကြည်နူးသွားလေသည်။

သူသည် သူ၏ကျန်သော ပါးတစ်ဖက်ကို လှည့်ပေးခံယူနိုင်လောက်သည်အထိ နှိမ့်ချသည်းခံခြင်းကို မပြုနိုင်ခဲ့သော်လည်း ဒေါသကိုကား ထိန်းချုပ်နိုင်ခဲ့သည်။

ထို့ကြောင့် သူသည် ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူနိုင်ခဲ့သလို ယခုလည်း အကောင်းအားဖြင့် အဆိုးကို အနိုင်ရ လိုက်ပြန်ပြီ မဟုတ်ပါလား။

ဝိတ်က်ဖီးလ်သည် ဂရေစီနှင့် အပြုံးချင်းဖလှယ်နေရာမှ မောင်တင်၏မျက်နှာကို ဖျတ်ခနဲ တစ်ချက်လှည့်ကြည့် လိုက်သည်။

ထိုသို့ လှည့်ကြည့်ကာ ဝိတ်က်ဖီးလ်၏ မျက်လုံးများက သူ့အမှားကို တိတ်ဆိတ်စွာ ဝန်ခံလျက် မောင်တင် အား တောင်းပန်နေကြသည်။

ဤတွင် မောင်တင်ကလည်း ဝိတ်က်ဖီးလ်အပေါ်၌ ရှေးမဆွကပင် ခွင့်လွှတ်ကျေအေးထားခဲ့သော အပြုံး တစ်ခုကို တုံ့ပြန်ပေးလိုက်တော့သည်။

''အိုး''

ဂရေစီ၏ အလန့်တကြား အော်သံကလေးကြောင့် ဝိတ်က်ဖီးလ်နှင့် မောင်တင်တို့က လှည့်ကြည့်လိုက်ကြ သည်။

ဂရေစီသည် ရွှံ့စေးများ ပေရေနေသော သူ့လက်ကလေးကို ဖြန့်ကာ မျက်လုံးကလေး ပြူးကြည့်နေသည်။ ပြီးလျှင် အားနာသွားဟန်ကလေးဖြင့် ဝိတ်က်ဖီးလ်၏ လက်ကို လှမ်းကြည့်လိုက်ပြန်သည်။ ဂရေစီ၏အကြည့် ကြောင့် ဝိတ်က်ဖီးလ်ကလည်း သူ့ညာလက်ကို ဖြန့်ကြည့်လိုက်သည်။ ထိုအခါ သူတို့နှစ်ယောက် လက်ဆွဲနှုတ် ဆက်စဉ်က ဂရေစီ၏ လက်ဆီမှ ကူးစက်ပေကျံခဲ့သော ရွှံ့စွန်းနများက ဝိတ်က်ဖီးလ်၏ လက်တွင် အကွက်ထင် နေကြလေသည်။

''ဝမ်းနည်းပါတယ်ရှင်''

ဂရေစီက အားနာစွာ တောင်းပန်လိုက်သည်။

သည်အတွက် ဝိတ်က်ဖီးလ်က ခပ်ဟက်ဟက် ရယ်လိုက်သည်။ ပြီးမှ ကြည်နူးရွှင်မြူးသံကြီးဖြင့် ပြန်ပြော လိုက်လေသည်။

''ကိစ္စမရှိပါဘူး ဂရေစီ၊ ကိုယ်တို့နှစ်ယောက်အတွက် ဘယ်တော့မှ မမေ့နိုင်စေဖို့အတွက် မှတ်မှတ်သား သား မိတ်ဆွေဖြစ်ရခြင်းပေါ့၊ ဟုတ်လား ဟား ဟား''

ဝိတ်က်ဖီးလ်စကားအတွက် မောင်တင်တို့အားလုံးကပါ သဘောကျသွားကာ ရယ်မောလိုက်မိကြသည်။

သူတို့နှင့်အတူ ဂရေစီမျာလည်း မျက်နှာကလေးပန်းသွေးထအောင် ရှက်ဟန်ကလေးကြွကြွဖြင့် လိုက်ရော ရယ်မောရရှာသည်။

သူသည် ရယ်မောရင်းမှ ဝိတ်က်ဖီးလ်ကို ပြန်ပြောလိုက်လေသည်။

''မှတ်မှတ်သားသား မိတ်ဆွေဖြစ်ရခြင်းအတွက် ကိုယ်ပေါ်က အဝတ်အစားတွေကိုပါ ကူးစက်စွန်းထင်းမသွား စေရအောင် လက်ဆေးပေးမယ်နော်''

ဂရေစီသည် သူ့ကြောင့် ပေသွားသော ဝိတ်က်ဖီးလ်၏လက်ကို သွားကိုင်လိုက်သည်။

''ကဲ လာ လက်သွားဆေးရအောင်''

ဂရေစီက ဆွဲခေါ်လိုက်သည်။

သည်အခါ မဆွဲခင်က တွဲချင်နေခဲ့သော ဝိတ်က်ဖီးလ်လည်း နွဲ့ပါသွားသည်။

ပြီးလျှင်တော့ ဂရေစီနှင့် ဝိတ်က်ဖီးလ်တို့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက်ဆွဲလျက် ရေကန် ရှိရာ တောင်ကုန်းဆင်ခြေလျှောကလေးအောက်ဆီသို့ မောင်တင်တို့ရှေ့ဆီမှ ပြေးဆင်းပျောက်ကွယ်သွားခဲ့ကြ လေသည်။

# ၁၂

# သူ့နှလုံးသား၏ လှုပ်ရှားမှုအဝ

''ကဲပေ့၊ ဒေါ်ဒေါ့်တူများ ဒေါ်ဒေါ့်အိမ်ကို ရောက်တုန်းရောက်ခိုက် ကြိုက်သလိုသာ လွတ်လွတ်လပ်လပ် နေကြ စားကြကွယ့် ကြားလား''

သူ့ဖိတ်ခေါ်ချက်အရ ထားဝယ်သို့ရောက်လာခဲ့သော မောင်သင်နှင့်မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်ကို ဒေါ်မမက ဝမ်းသာအားရ ဆီးကြိုသည်။

မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်သည် ပင်လယ်ခရီးကို ပင်လယ်ကူးသင်္ဘောကြီးအား သုံးရက်စီးပြီးမှ ထားဝယ်သို့ ရောက်ခဲ့ကြတော့သည်။

ထားဝယ်သို့ရောက်သည်ဆိုရာ၌ စီးလာခဲ့သောသင်္ဘောကြီးဖြင့် မြို့ဆိပ်ကမ်းကို ဆိုက်ကပ်နိုင်သည်မဟုတ်။

ပင်လယ်ဝမှ ကူးတို့သင်္ဘောကလေးနှင့် တစ်ဆင့်စီးခဲ့ရသေးသည်။

သည်အခါမှ ထားဝယ်မြို့သို့ ရောက်လေတော့သည်။

ထားဝယ်မြို့ ဆိပ်ကမ်းမှ ဒေါ်မမက စောင့်ကြိုနေသည်။ ပြီးလျှင် သူတို့နှစ်ယောက်ကို ဒေါ်မမက အေဘီအမ် ကျောင်းဝင်းအတွင်းရှိ သူ့အိမ်ကလေးသို့ခေါ်လာခဲ့သည်။

ထို့နောက် အိမ်တစ်လုံးတွင် သူတစ်ယောက်တည်းနေသော ဒေါ်မမက မောင်တင်တို့ တူတော်မောင်နှစ်ယောက်ကို ကြိုက်သလို လွတ်လွတ်လပ်လပ် နေထိုင်စားသောက်ကြရန် ခွင့်ပေးပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်ကလည်း တခြားလူစိမ်းသူစိမ်းမရှိသော ဒေါ်မမအိမ်တွင် လွတ်လပ် အေးချမ်းစွာပင် နေလိုက်ကြသည်။

ပြီးလျှင် ဒေါ်မမ ချက်ကျွေးသော နံနက်စာကို အားမနာတမ်း စားလိုက်ကြသည်။

သူရေးထားသော စာထဲကအတိုင်း ဒေါ်မမ ထုတ်ကျွေးလာသည့် ဒူးရင်းသီး ဖွေဖွေးနုနု ဆိမ့်ဆိမ့်အိမ့်အိမ့် ကြီးများကိုလည်း တအားကုန်စားလိုက်ကြပြန်သည်။

''အဲ ညနေကျရင်တော့ ဒေါ်ဒေါ့်တူချော နှစ်ယောက်ကို ဒေါ်ဒေါ့်မိတ်ဆွေ ဝန်ထောက်ကြီး ဦးဖိုးထွန်းတို့အိမ် ခေါ်သွားပြီး မိတ်ဆွေ ဖွဲ့ပေးရမယ်''

သူတို့နှစ်ယောက်ကို ကျွေးရင်းမွေးရင်းမှ ဒေါ်မမက စကားတွေ ပြောနေသည်။

''ဝန်ထောက်ကြီးကလေ စကားပြောကောင်း တရားဟောကောင်း၊ ဘုရားရှိခိုးကျောင်းမှာ သူတရားဟောရင် သိပ်နားထောင်လို့ကောင်းတယ်၊ ဘယ်သူမှအိပ်မငိုက်ဘူး၊ သဘောလဲ အင်မတန်ကောင်းတယ်ကွယ့်''

ဒေါ်မမက သူ့မိတ်ဆွေဝန်ထောက်ကြီး၏ ကောင်းကြောင်းတွေ မောင်းခတ်လိုက်သည်။

သို့ရာတွင် မောင်တင်တို့အဖို့ လောလောဆယ် သိပ်ကောင်းနေသည်ကတော့ စားလက်စ ဒူးရင်းသီး အိမ့်ဆိမ့်ဆိမ့်ကြီးများသာဖြစ်လေသည်။

''ဝန်ထောက်ကြီးက စကားပြောကောင်းသလောက် ဝန်ထောက်ကတော်ကြီးကတော့ အင်မတန် စကားနည်း ပြီး အင်မတန်လဲ အေးဆေးတယ်''

ဒေါ်မမ၏ ဝန်ထောက်ကတော်ကြီး အေးဆေးသည့်အကြောင်း နားထောင်ရင်း မောင်တင်တို့ညီအစ်ကို နှစ်ယောက်မှာလည်း ဗိုက်လေးလာကြတော့သည်။

သူတို့သည် ပင်လယ်လှိုင်းမူးလာခဲ့ကြရာမှ ဒူးရင်းသီးအဆိမ့်အအိမ့်များကို ဆိမ့်ဖိမ့်သွားအောင် အပြည့်အသိပ် စားပစ်လိုက်ကြပြန်သောအခါ မဟန်နိုင်အောင်ပင် တငြိမ့်ငြိမ့် အိပ်ချင်သွားကြလေသည်။

''အဲဒီ ဝန်ထောက်ကြီး လင်မယားကလေ သားတွေဆို ငယ်ငယ်ကလေးတွေတည်းက အကုန်လုံး ဗိလပ်ပို့ပြီး ကျောင်းထားတယ်၊ သားတွေကြားမှာ သမီးကလေးဆိုလို့ နှစ်ယောက်တည်းပါတယ်၊ အဲဒီသမီးကလေးနှစ်ယောက် ကလဲ ချောချောလှလှကလေးတွေရယ်လေ''

မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်သည် မျက်စိများကို အတင်းကြိုးစားဖွင့်၍ ကြိုးစားနားထောင်နေကြ သော်လည်း အိပ်ချင်စိတ်ဖြင့် မှုးရိပ်ရိပ်၊ ရီဝေဝေဖြစ်နေကြရာ သူတို့စိတ်အသိမှာ မကြားတစ်ချက် ကြားတစ်ချက် သာရှိနေကြလေတော့သည်။

ထိုသို့သော သူတို့အခြေအနေကို ယခုမှပင် ဒေါ်မမမှာလည်း သတိထားသွားမိရှာပုံရှိသည်။

သည်တော့မှ သူ့တူတော်မောင်များ စိတ်မဝင်စားအားနိုင်သေးသော ဝန်ထောက်ကြီးမိသားစု ချီးမွမ်းခန်းကို ရုတ်တရက် ရပ်ဆိုင်းပစ်လိုက်သည်။

ပြီးမှ ဒေါ်မမက သူ့တူတော်မောင်များ သက်သာမှုကို ရှေးရှုပြောဆိုလိုက်တော့သည်။

''ကဲ ကဲ ဒေါ်ဒေါ့်တူတွေ ခရီးပန်းလာကြတာ နားကြဦး နားကြဦး၊ ညနေကျမှ သွားလည်ကြတာပေါ့''

ဒေါ်မမက နားနေခွင့်ပေးလိုက်လျှင်ပင် မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်သည် နောက်ဆက်တွဲ စကားများ ကို ဆုံးအောင်မျှ နားမထောင်အားကြဘဲ သူတို့အတွက် ပေးထားသော အခန်းထဲသို့ တန်းပြေးသွားကာ တစ်ခါ တည်း ထိုးအိပ်ပစ်လိုက်မိကြလေတော့၏။

## (က)

ဒေါ်မမ၏မိတ်ဆွေ ဝန်ထောက်ကြီး ဦးဖိုးထွန်း၏ အိမ်ထဲသို့ ဝင်လိုက်မိလျှင်ပင် အိမ်ရှင်ဝန်ထောက်ကြီး မိသားစု၏ နေမှုထိုင်မှုအဆင့်အတန်းနှင့် အခြေအနေ အရှိန်အဝါတို့ကို မောင်တင်ခန့်မှန်းနိုင်သွားလေသည်။

''ဒါ ကျွန်မပြောပြောနေတဲ့ ရန်ကုန်ကောလိပ်က ကျွန်မတူကလေးနှစ်ယောက်ပါ။ သူက အစ်ကိုကြီး၊ နာမည်က မောင်သင်တဲ့။ ဘီအေအောက်တန်းဖြေထားပါတယ်။ သူက ညီအငယ်၊ နာမည်ကတော့ မောင်တင်ပါ။ အိုင်အေ အထက်တန်း ဖြေထားတာပေါ့''

သူတို့ရောက်လာမည်ကို ကြိုတင်သိရှိထားနေခဲ့သလို ဝန်ထောက်ကြီးဇနီးမောင်နှံနှစ်ယောက်က ခမ်းနား ထည်ဝါသော ဧည့်ခန်းကျယ်ကြီးထဲမှ အသင့်ထိုင်စောင့်နေကြသည့်ပမာ ရှိသည်။

ထိုကြောင့် ဧည့်ခန်းကြီးထဲသို့ မောင်တင်တို့ ဝင်သွားလိုက်လျှင်ပင် တန်းတွေ့လိုက်ရသော ဝန်ထောက်ကြီး ဇနီးမောင်နှံကို ဒေါ်မမက တန်းပြီးမိတ်ဆက်ပေးလိုက်လေသည်။

ထိုကဲ့သို့ သူတို့ညီအစ်ကို နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သော ဒေါ်မမ၏အသံသည် သူ့တူတော်မောင်များ

အတွက် ဂုဏ်ယူအမွှမ်းတင်ခြင်း အပြည့်ရှိနေကြောင်း မောင်တင်ကောင်းကောင်းကြီး သတိထားလိုက်မိလေသည်။

သည်အခါ အရပ်ထောင်ထောင်မောင်းမောင်း၊ ဥပဓိရုပ်ကောင်းကောင်းနှင့် ဝန်ထောက်ကြီးက ရေမိုးချိုးလာကာ လန်းဆန်းသန့်ပြန့်နေကြသော သူတို့ညီအစ်ကိုနှစ်ယောက်ကို စူးစိုက်အကဲခတ်လိုက်ကြောင်းလည်း မောင်တင်သတိထားလိုက်မိပြန်လေသည်။

ဝန်ထောက်ကြီးသည် စူးစိုက်အကဲခတ်သလို ကြည့်လိုက်ပြီးမှ သူ့နှုတ်ခမ်းမွေးကျင်စွယ်ကြီး ညင်ညင်သာသာလှုပ်ရှားသွားအောင် အနည်းငယ်ပြုံးရင်း မောင်တင်တို့ တူဝရီးတစ်စုကို ကြိုဆိုညှေ့ဝတ်ပြုလိုက်လေသည်။

''ဩ ဩ ထိုင်ကြပါ ထိုင်ကြပါ''

ဝန်ထောက်ကတော်ကြီးကမူ အပူအပင်ကင်းသည့်မျက်နှာ ပြည့်ပြည့်ချောချောကြီးဖြင့် အေးအေးဆေးဆေး ကလေးသာ ပြုံးကြည့်နေသည်။

''တူမောင်တို့ မနက်တုန်းက သင်္ဘောပတ်နဲ့ ရောက်လာကြတယ်မှတ်တယ်''

သူတို့အားလုံး ထိုင်မိကြလျှင် ဝန်ထောက်ကြီးက စတင်၍ ညှေ့ဝတ်စကားဆိုလိုက်သည်။

ဤတွင် မောင်တင်ကလည်း တုံ့ပြန်စကား ဆိုလိုက်ရလေသည်။

''ဟုတ်ပါတယ် ခင်ဗျာ''

''ဘယ့်နှယ်လဲ ခရီးလမ်းမှာ အဆင်ပြေပြေရှိခဲ့ကြရဲ့လားကွယ့်၊ လှိုင်းကော တော်တော်မူးခဲ့ကြသေးသလား''

''အဆင်ပြေပါတယ် ခင်ဗျာ''

ပင်လယ်လှိုင်းမူး မမူးဆိုသော ဝန်ထောက်ကြီး၏ စူးစမ်းချက်ကို မောင်တင်က ခွဲခြားမပြောပဲ ရောဖြေလိုက်လေသည်။

အကြောင်းမှာ ပင်လယ်ထဲတွင် မောင်တင်တို့သင်္ဘော လှိုင်းမိခဲ့သေးသည်။ ကမ်းမမြင် လမ်းမမြင်ဖြင့် လှိုင်းလုံးများကြားတွင်သာ အထီးတည်း လူးလိမ့်ခုတ်မောင်းလာခဲ့ရာ မောင်တင်၏စိတ်မှာ လူသူမနီးသည့် တစ်ကျွန်းသို့များ ရောက်သွားလေသလားဟုပင် ထင်လိုက်မိသည်။

ခရီးသည် အတော်များများပင် လှိုင်းမူးခဲ့ကြသည်။

အလေ့အကျင့် မရှိခဲ့ဖူးသော မောင်တင်တို့ညီအစ်ကိုလည်း မူးတော့မူးခဲ့ကြသည်။

သို့ရာတွင် တခြားသူများလောက် မဟန်နိုင်အောင်ကား မမူး။

သည်တော့ သူတို့ညီအစ်ကိုအဖို့ မူးသည်လည်းမဟုတ်၊ မမူးဘူးဟူလည်း မဆိုသာရာ မောင်တင်က အတိအကျမဖြေဘဲ ထားလိုက်တော့သည်။

ဤအချက်ကို ရိပ်မိသွား၍ပဲလားမသိ၊ ဝန်ထောက်ကြီးကလည်း လှိုင်းအကြောင်းကို ဆက်မမေးတော့ဘဲ တခြားအကြောင်းသို့ ပြောင်းလိုက်သည်။

''ထားဝယ်ဘက်ကို ဒီလိုပဲ မကြာခဏ ရောက်လေ့ရှိသလားကွယ့်''

''ဒီတစ်ခါ ပထမဦးဆုံး ရောက်လာခဲ့တာပါ ခင်ဗျာ''

သည်တစ်ခါတော့ မောင်တင်သည် မတတ်သာဘဲ အတိအကျ အဖြေပေးလိုက်ရလေသည်။

ဝန်ထောက်ကြီး မေးသမျှ မောင်တင်ကသာ ဒိုင်ခံဖြေနေရသည်။ မဖြေ၍လည်းမဖြစ်။ သူတို့ကိုခေါ်လာခဲ့သူ ဒေါ်မမက ဝန်ထောက်ကတော်ကြီးနှင့်

''သမီးတွေ မမြင်ပါလား၊ ဘယ်သွားကြလဲ၊ ဩော် ဩော် ရေချိုးနေကြသလား''

စသည်ဖြင့် စကားသီးသန့် တစ်ဝိုင်းဖွဲ့နေလျက် သူ့အစ်ကိုကြီး ကိုသင်ကလည်း ထုံးစံအတိုင်း ငုတ်တုတ်သာ ငြိမ်နေတတ်ရာ မောင်တင်မှ ပြန်မဖြေလျှင် ဖြေမည့်သူမရှိတော့ပေ။

''အလည်အပတ် သက်သက်ပဲပေါ့''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဒါဖြင့် ဒီမှာ ဘယ်လောက်ကြာကြာနေထိုင်ဖို့များ စိတ်ကူးလာကြသလဲကွယ့်''

''ကျွန်တော်တို့နှစ်ပတ်လောက်နေပြီး ကျောင်းဖွင့်အမီပြန်ဖို့ စိတ်ကူးထားပါတယ်''

''ကောင်းတယ်၊ ကောင်းတယ် ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နားနားနေနေနဲ့ နှံ့အောင်လည်

ပတ်ပြီးမှ ပြန်ကြပေါ့''

ဝန်ထောက်ကြီးသည် မောင်တင်၏အဖြေကို သဘောကျသွားသလို ထောက်ခံပြောဆို လိုက်သည်။ ပြီးမှ ဆက်လက် စူးစမ်းလိုက်ပြန်သည်။

''စာမေးပွဲတွေကိုတော့ ကောင်းကောင်းဖြေနိုင်ခဲ့ကြတယ် မဟုတ်လားကွယ့်''

''ဟုတ်ကဲ့ ဖြေနိုင်ပါတယ် ခင်ဗျာ''

''အင်း ဖြေနိုင်မှာပဲပေါ့၊ မောင်ရင်စာတော်တဲ့သတင်းကတော့ ကျော်နေခဲ့တာပါပဲ''

ဝန်ထောက်ကြီးက သူ့ကို စေ့စေ့ကြည့်၍ ချီးမွမ်းလိုက်သောအခါ မောင်တင်အတော်ကလေး အနေရအထိုင်ရခက်သွားလေသည်။

သို့ပေမည့် သူက ဣန္ဒြေမပျက်နေလိုက်သည်။

ထိုအခါ ဝန်ထောက်ကြီးသည် တခြားစကားများသို့ လှည့်သွားလိုက်ပြန်လေသည်။

''ဒါနဲ့ မောင်ရင်တို့မိဘတွေက''

''ဦးဖေနဲ့ ဒေါ်မြိုင်ပါ ခင်ဗျာ''

''ဦးဖေဆိုတာ ဂျွန်ဗုညန်း[၁]ရဲ့ သည်ပေးလ်ဂရင်းပရိုဂရက်စ်[၂]ပုံဝတ္ထုကို ဘာသာပြန်ရေးသားထုတ်ဝေခဲ့တဲ့ ဦးဖေ မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဦးအနေနဲ့ အဲဒီပုံဝတ္ထုကို မူရင်းကိုရော ဘာသာပြန်ကိုရော ဖတ်ထားပြီး နှစ်ခုစလုံးကို သဘောကျနေခဲ့တာကလား''

သူ့ပြောစကားများအရ ဝန်ထောက်ကြီးသည် စာပေပညာ၌ ဝါသနာပါနှံ့စပ်ကြောင်း သိသာစေလေသည်။

''မောင်ရင်တို့အဖေက အဲဒီစာအုပ်ဘာသာပြန်တဲ့အပြင် တခြားဘာစာအုပ်တွေများ ရေးသားခဲ့သေးသလဲကွယ့်''

''တခြားတော့ ဖေဖေက သူ့အလုပ်နဲ့ပတ်သက်တဲ့ တိရစ္ဆာန်တွေရဲ့ ရောဂါဝေဒနာတွေအကြောင်းနဲ့ ဆေးဝါးကုသရေး ပြုစုကျွေးမွေးရေးအကြောင်းတွေပဲ ရေးပါတယ် ခင်ဗျာ''

''ဟုတ်လား၊ ဒါနဲ့ စာတော်ပြန်ဝန်ထောက်ကြီး ဦးထွန်းငြိမ်းနဲ့ကော ဘာတော်သလဲကွယ့် အမျိုးလား''

သူတို့မိသားစုနှင့်ပတ်သက်၍ အတော်အတန် လေ့လာသိရှိထားဟန်ဖြင့် စိတ်ပါဝင်စားစွာ စူးစမ်းမေးမြန်းနေသော ဝန်ထောက်ကြီးကို မောင်တင်ထူးဆန်းအံ့ဩသွားသည်။

သို့ရာတွင် သူကသူ့စိတ်မှာ ဖြစ်ပေါ်သွားချက်ကို မပေါ်စေဘဲ အလိုက်သင့်ပင် ပြန်လည်ဖြေကြားလိုက်လေသည်။

''ဦးလေးဦးထွန်းငြိမ်းဟာ ဖေဖေ့ညီအရင်းပါ''

''ဟုတ်လား၊ ဒါဖြင့် မောင်ရင်တို့က မျိုးနဲ့ရိုးနဲ့ထူးချွန်လာခဲ့ကြတာပဲ၊ ဦးထွန်းငြိမ်း စုဆောင်းပြုစုနေခဲ့တဲ့ အင်္ဂလိပ် မြန်မာ အဘိဓာန်စာအုပ်ကြီးတောင် မကြာမီဖြန့်ချိနိုင်ဖို့အတွက် စက်တင်ပုံနှိပ်နေပြီလို့ ကြားသကွယ့် ဟုတ်သလား မောင်ရင်''

ဝန်ထောက်ကြီးသည် အံ့ဩသံ အားကျသံကြီးဖြင့် မေးလိုက်ပြန်တော့သည်။

သည်အတွက် မောင်တင်အတော်ကလေး အခက်တွေ့သွားရသည်။ သူ့အနေဖြင့် ဦးထွန်းငြိမ်းကို ဦးလေးသာ တော်နေသေးပေမည့် ဘယ်လိုမျှပတ်သက်ဆက်သွယ်မှုကမရှိတော့ခဲ့ရာ အဘိဓာန်စာအုပ်ကြီးအကြောင်းကို ဝန်ထောက်ကြီးက ကြားသိထားနေခဲ့သည်ထက် မောင်တင်ဘယ်တစ်ချက်မျှပိုမသိပေ။

ယခုလို တအံ့တဩ မေးပြောနေသော ဝန်ထောက်ကြီးသည် အကယ်၍များ သူတို့ဖေဖေနှင့် ဦးလေး ဦးထွန်းငြိမ်းတို့ညီအစ်ကိုတစ်စု၏ ဆွေစဉ်မျိုးဆက် ထက်မြက်ခဲ့သလောက် စိတ်ဓာတ်ပြင်းထန်သော အဖန်ဖန်အတန်တန် တွဲခဲ့ ခွဲခဲ့ပုံကိုပါ သိနိုင်ဦးမည်ဆိုပါက ဘယ်မျှအထိ အံ့ဩထူးဆန်းသွားပါလိမ့်မှာ မောင်တင် တွေးကြည့်လိုက်မိသည်။

၁။ John Bunyan

၂။ The Pilgrims Progress

ထိုသို့ သူ့အတွေးနှင့်သူ အဖြေခက်သွားခဲ့သော မောင်တင်၏အခြေအနေကို ဒေါ်မမက ရုတ်တရက် ဝင်ကယ်လိုက်လေသည်။

''ဟော ဟော သမီးတို့လာကြပြီ၊ သမီးတို့ကတော့ ဘယ်အခါကြည့်ကြည့် လှလို့ချောလို့ချည်းပါပဲလား ကွယ်''

ဒေါ်မမ၏ ရုတ်တရက် ဝမ်းသာအားရ ထပြောလိုက်သံ ညံ့စာစာက ဝန်ထောက်ကြီးနှင့်အတူ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်၏ စိတ်အာရုံများကိုပါ ဆွဲယူခေါ်ဆောင်လိုက်လေသည်။

''ဆရာမတို့ရောက်နေတာကြာပြီလား၊ အေးတို့ကို စောင့်နေရတာ အားနာလိုက်တာ''

ဒေါ်မမကို တုံ့ပြန်ပြောဆိုသံကလေးနှင့်အတူ မိန်းမပျိုကလေးသုံးဦးသည် မောင်တင်တို့ရှေ့မှောက်ညှော်ခန်းထဲသို့ ရောက်လာခဲ့ကြသည်။

မိန်းမပျိုကလေးသုံးယောက်သည် အပြိုင်းအရိုင်း အဆင့်အရင့် အရွယ်ကလေးများဖြစ်ကြသည်။

သူတို့သုံးယောက်စလုံးသည် သနပ်ခါးအဖွေးသား အမွှေးနံ့သာနံ့ကလေးများ တလှိုင်လှိုင်ဖြင့် အင်္ကျီဆင်တူ လုံချည်ဆင်တူ ဝတ်ထားကြသည်။

သူတို့သုံးယောက်ထဲမှ အကြီးဆုံးဖြစ်ဟန်တူသော မိန်းမပျိုကလေးမှာ ရှိလှလျှင် တစ်ဆယ့်ခုနစ်နှစ် တစ်ဆယ့်ရှစ်နှစ်လောက်သာဟု မောင်တင်ခန့်မှန်းကြည့်မိသည်။

ကျန်နှစ်ယောက်မှာ ဆယ့်ငါးဆယ့်ခြောက်နှင့် ဆယ့်သုံးလေးနှစ်စီလောက်သာ ရှိပေဦးမည်ဖြစ်သည်။

သူတို့သုံးယောက်စလုံးပင် တစ်မျိုးစီ ကြည့်ကောင်းနေကြသော်လည်း အကြီးဆုံးမိန်းကလေးမှာ အချောဆုံးဟု မောင်တင် ထင်မိသည်။

အကြီးဆုံးမိန်းကလေးသည် အချောဆုံးနှင့် အားလုံးထဲတွင် အသွက်ဆုံးလည်းဖြစ်ဟန်တူသည်။

အငယ်နှစ်ယောက်က သံပရာဖျော်ရည်ဖန်ခွက်များနှင့် လက်သုတ်ပဝါများကို ညှော်သည်ရော အိမ်သည်များ အတွက်ပါ လိုက်လံချပေးနေစဉ် သူက ဒေါ်မမအနားတွင်ထိုင်လျက် စကားကလေးများဖြင့် တုံ့ပြန်ညှော်ခံလိုက်လေသည်။

''အဲဒါ ဆရာမတို့ သိပ်စောင့်နေရမှာစိုးလို့ အေးတို့ဖြစ်သလို အမြန်ဆုံး ဖြီးလိမ်းဝတ်စားပြီး ထွက်လာခဲ့ကြရတာလေ''

သူသည် သွက်လက်စွာပြောရင်းမှ မျက်နှာစိမ်းညှော်သည်များဖြစ်သော မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်ကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

ထိုအခါ ရုတ်တရက် အကြည့်ချင်းဆုံကာ မောင်တင်၏စိတ်မှာ ခပ်အမ်းအမ်း ဖြစ်သွားမိသည်။

မောင်တင်အမ်းသွားမိခြင်းမှာ တခြားအကြောင်းကြောင့် မဟုတ်။ အကြီးမိန်းကလေးက သူတို့မှာ ဖြစ်သလို အမြန်ဝတ်စားလာခဲ့ရပါသည်ဟု ဆိုသော်လည်း သူတို့ပုံစံများမှာ ဖြစ်ကတတ်ဆန်းပြုလုပ်လာခဲ့ဟန်များ လုံးဝမရှိ။ အကျအန ပြင်သဝတ်ဆင်ထားနေကြသည်ကိုသာ တွေ့ရသည်။

'ဒါလား ခင်ဗျားတို့ဖြစ်သလို ဖြီးလိမ်းဝတ်စားလာခဲ့ကြတာ၊ အသေအချာများဆိုရင် ရှင်ဘုရင်တစ်ခါထွက် ပွဲကြီးတစ်လှေ့ကျက်ပြီး ပွဲထဲက မင်းသမီးတွေတောင် အရှုံးပေးရလိမ့်မယ်ထင်ပါရဲ့'ဟု

မောင်တင်က ရင်ထဲမှ အတွေးကလေးဖြင့် ခပ်မဲ့မဲ့ ကြည့်လိုက်မိစဉ် တစ်ဖက်ကလည်း အကြည့်နှင့် သွားဆုံမိ၍ ဖြစ်လေသည်။

ထို့ကြောင့် သူက အကြီးမိန်းကလေးထံမှ မျက်လုံးကို တစ်ဖက်သို့ ဆွဲယူလိုက်သည်။

ဤတွင် သူ့ရှေ့သို့သံပရာရည်ဖန်ခွက် လာချပေးသော အလတ်မိန်းကလေးနှင့် မျက်လုံးချင်းသွားဆုံပြန်သည်။

ထိုအခါ အလတ်မိန်းကလေးသည် အနေခက်သွားသလို မျက်လွှာကို ဖျတ်ခနဲ ချပစ်လိုက်သည်။

အလတ်မိန်းကလေးနှင့်အတူ မောင်တင်လည်း ရုတ်တရက် အနေခက်သွားပြန်သည်။

ထို့ကြောင့် သူသည် စိတ်အိုက်စွာ သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ ဘယ်သူ့မျှမကြည့်တော့ဘဲ မျက်လုံးကို အောက်စိုက်ထားလိုက်မိသည်။

သည်အခိုက်မှာပင် မောင်တင်၏နားထဲ၌ ခစ်ခနဲ ရယ်သံတစ်ခုကို ကြားလိုက်ရလေသည်။

''ကဲ သံပရာဖျော်ရည် သုံးဆောင်လိုက်ကြပါဦး''

ဝန်ထောက်ကြီးက ဒေါ်မမနှင့်အတူ မောင်တင်တို့နှစ်ယောက်ကိုပါ ညှော်ဝတ်ပြုလိုက်သည်။

တစ်ဆက်တည်းမှာပင် ဒေါ်မမ၏ အသံကလည်း ထွက်ပေါ်လာခဲ့ပြန်သည်။

''ဒီမှာလေ သမီးတို့ကို ကောလိပ်ကျောင်းသား ကိုကိုနှစ်ယောက်နဲ့ အသိဖွဲ့ပေးမလို့ခေါ်လာခဲ့တယ်ကွယ့်''

မောင်တင်က သူ့ဒေါ်ဒေါ်ကို လှမ်းကြည့်လိုက်မိသည်။ ဒေါ်မမ၏ မျက်နှာမှာ ဝမ်းသာကျေနပ်ခြင်းဖြင့် ရွှင်ချို့လျက် ရှိလေသည်။

''သမီးတို့ကို ပြောဖူးတဲ့ ဆရာမ တူကလေးနှစ်ယောက်ပေါ့''

ဝန်ထောက်ကြီးဇနီးမောင်နှံကို ပြောပြမိတ်ဆက်ပေးခဲ့စဉ်ကထက်ပင် သူတို့ညီအစ်ကိုနှစ်ယောက်ကို ရွှန်းရွှန်းဝေအောင် ဒေါ်မမက အမွှန်းတင်ပေးလိုက်ပြန်တော့သည်။

ပြီးမှ မိန်းကလေးသုံးယောက်တို့ကိုလည်း ဒေါ်မမက မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်အား ခွဲခြားပြောပြပေးလိုက်လေသည်။

''ဟော ဒီသမီးကြီးက ခင်လှအေး၊ သမီးအငယ်က ခင်လှထွေး၊ ဒါကတော့ ဝန်ထောက်ကတော်ကြီးရဲ့ သမီးတူမကလေး ခင်ခင်မြင့်တဲ့၊ ဒေါ်ဒေါ့်တူနှစ်ယောက်က မှတ်ထားကြနော်''

ဒေါ်မမက ခွဲခြားပြောပြလိုက်တော့မှ မိန်းကလေးသုံးယောက်တွင် အကြီးဆုံးနှင့်အငယ်ဆုံးဖြစ်သူနှစ်ဦးမှာ ဝန်ထောက်ကြီးဇနီးမောင်နှံ၏ သမီးချောများဖြစ်၍ အလတ်မကလေးမှာမူ တူမချောကလေးသာဖြစ်ကြောင်း မောင်တင်တို့ သိလိုက်ကြရလေသည်။

ထို့နောက် ဒေါ်မမ၏ စကားအဆုံးတွင် အကြီးမလေး ခင်လှအေးက မောင်တင်တို့ ညီအစ်ကိုကို မခို့တရို့ကလေး လှမ်းကြည့်ကာ ရုတ်တရက် ဝင်ပြောလိုက်တော့သည်။

''ဟုတ်တယ်နော်၊ လူနဲ့နာမည်နဲ့မှန်အောင်လဲ တွဲမှတ်ထားကြဦးနော်၊ တော်ကြာ လမ်းတွေ့တဲ့အခါ လူတခြား နာမည်တခြား မှားခေါ်မိလို့ ခက်နေဦးမယ်၊ ဟင်း ဟင်း''

ရင်းရင်းနှီးနှီးဟန်ကလေးဖြင့် ခင်လှအေးက ရယ်သွမ်းကလေးပင် သွေးလိုက်သေးသည်။

သူတို့သမီး၏အပြောနှင့် အပြုအမူဟန်ပန်ကလေးတို့ကို သဘောကျကျေနပ်သွားသလို ဝန်ထောက်ကြီးဇနီးမောင်နှံကလည်း ပြုံးရယ်လိုက်ကြသည်။

အားလုံးထဲတွင် ဒေါ်မမ၏ မျက်နှာက မှိုရသူလို အချိုဆုံးဖြစ်လေသည်။

ထိုအခါ မောင်တင်လည်း သိက္ခာကြီးတစ်ခွဲသားနှင့် ခပ်တည်တည်ရှိနေခဲ့သော သူ့မျက်နှာကို တစ်ပတ်လျှော့ကာ အားလုံးနှင့် ရောနှောပြုံးရယ်လိုက်ရလေတော့၏။

သည်အခိုက် မောင်တင်၏နားထဲ၌ ခစ်ခနဲရယ်သံကလေးကို ကြားလိုက်ရပြန်သည်။

စောစောကလည်း တစ်ချက်ကြားမိခဲ့သော ရယ်သံကလေးကို သူ့စိတ်မှာ ထူးဆန်းသွားသလိုရှိသော မောင်တင်သည် မျက်လုံးဖြင့် မသိမသာ ရှာကြည့်လိုက်သည်။

ထိုအခါ လျင်သောမောင်တင်၏ မျက်စိများက ခစ်ခနဲ ရယ်ခဲ့သူကို လစ်ခနဲ တွေ့လိုက်တော့သည်။

''ကဲ သံပရာရည်အေးအေးကလေးကို သုံးဆောင်လိုက်ကြပါဦး''

သူတစ်ပါးပြောသမျှ ခပ်ပြုံးပြုံးငြိမ်လျက်သာ နားထောင်နေခဲ့သော ဝန်ထောက်ကတော်ကြီးက လေသံပျော့ပျော့အေးအေးကလေးဖြင့် ညှော်ဝတ်ပြုပြောဆိုလာခဲ့သည်။

ထိုကြောင့် မောင်တင်တို့လည်း ကိုယ့်အဖျော်ရည်ဖန်ခွက် ကိုယ်ကောက်ယူကာ သောက်လိုက်ကြရသည်။

''ဆရာမတို့လဲ ထမင်းမစားကြရသေးဘူးမှတ်တယ်၊ ကျုပ်တို့လဲ မစားကြရသေးဘူး၊ တစ်ခါတည်းသာ ဝင်စားကြပေါ့ ဟုတ်လား''

ဝန်ထောက်ကြီးက ညှော်သည်များကို ညှော်ဝတ်ပြုဖိတ်ခေါ်လိုက်လေသည်။

ဝန်ထောက်ကြီး၏ ဖိတ်ခေါ်ချက်ကို ဒေါ်မမက ဖြေကြားငြင်းဆန်လိုက်သည်။

''ကျွန်မတို့စားပြီးခဲ့ကြပါပြီရှင်၊ ကျေးဇူးတင်ပါတယ်''

''စားပြီးရော ထပ်စားဦးပေါ့ဆရာမရယ်''

ဒေါ်မမအနား ကပ်နေသော ခင်လှအေးက ချစ်စဖွယ်ဟန်ကလေးဖြင့် ခပ်နွဲ့နွဲ့ကလေးဝင်ပြောလိုက်သည်။

ထိုအခါ ဒေါ်မမသည် ခင်မင်ရင်းနှီးစွာဖြင့် ခင်လှအေး၏ ပခုံးကလေးကို လှမ်းဖက်လျက် ဆိုလိုက်လေသည်။

''ဘာလဲ သမီးတို့က သမီးတို့လက်ရာ အချက်အပြုတ်တွေကိုထုတ်ပြီး ကိုကို ကောလိပ်ကျောင်းသားတွေကို ကြွားချင်လို့လား။ ကြွားချင်ရင် သတ်သတ်ဖိတ်ကျွေးပေါ့ဟုတ်လား''

''အေးတို့က မကြွားတတ်ပါဘူး ဆရာမရယ်၊ စေတနာအရင်းခံနဲ့ ကျွေးချင်တာပါရှင်''

''ဒီလိုလုပ်ပေါ့ ဆရာမရယ်''

ရုတ်တရက် ဝင်ပြောလိုက်သော ဝန်ထောက်ကြီးကို အားလုံးက လှမ်းကြည့်လိုက်ကြသည်။

''တစ်ယောက်တည်းနေတဲ့ဆရာမအဖို့ တူမောင်နှစ်ယောက်အတွက် မပင်မပန်း တာဝန်လဲသက်သာရအောင် ဆရာမတို့ တူဝရီးသုံးယောက်စလုံး ကျုပ်တို့အိမ်မှာ ညနေတိုင်း ညစာ လာစားကြ။ ညနေတိုင်း ဒီမှာထည့်ချက်ထားမယ်''

''အိုရှင် ညနေတိုင်းဆိုတော့ အားနာ...''

''မဟုတ်တာဘဲဆရာမရယ်၊ ကျုပ်တို့အိမ်ဟာ ဆရာမတို့အတွက် အားနာရမယ့်အိမ်မို့လား၊ ကျုပ်တို့အိမ်မှာဆိုတာက လုပ်မယ့်ကိုင်မယ့်လူတွေက အများသားဆိုတော့ လူကလေးသုံးယောက်အတွက် ထည့်ချက်ကျွေးမွေးရတာ ဘာမျှမပင်ပန်းဘူး၊ အဲဒီတော့ ဘာမှပြောမနေနဲ့၊ မနက်ဖြန်ကစပြီး ညနေတိုင်း အိမ်မှာ ထမင်းလာစားကြပေတော့ ဟုတ်ပလား''

ဝန်ထောက်ကြီးသည် ရုံးမှာ အမိန့်ချမှတ်ခဲ့သလို ဒေါ်မမကို အပြတ်ပြောလိုက်တော့သည်။

ထိုအခါ ဒေါ်မမခမျာ စောဒက မတက်ဝံ့တော့သလို ငြိမ်ငြိမ်သက်သက် လက်ခံလိုက်ရရှာသည်။

ပြီးမှ ပြန်ရန်နှုတ်ဆက်လိုက်တော့သည်။

''ဒီလိုဖြင့်လဲ ကျွန်မတို့ မနက်ဖြန်မှပဲ လာခဲ့ကြပါ့မယ်၊ အခုတော့ ဝန်ထောက်ကြီးတို့လဲ ထမင်းသုံးဆောင်ရာရှိသေးတာမို့''

''ကောင်းပါပြီဗျား''

ဝန်ထောက်ကြီးက ပြန်ခွင့်ပြုလိုက်သည်။ ပြီးမှ မနက်ဖြန်အတွက် ထပ်မံဖိတ်ခေါ်လိုက်ပြန်သည်။

''မနက်ဖြန်တော့သာ ဆက်ဆက်လာကြနော်''

''မလာရင်တော့လား အေးတို့ ကြိုးစားပြီး စီမံချက်ပြုတ်ထားရတာတွေ အလဟဿဖြစ်သွားရတဲ့အတွက် လျော်ကြေးအဖြစ် ကိုကိုကောလိပ်ကျောင်းသားတွေကို ကိုယ်တိုင်ပြန်အချက်ခိုင်းပြီး အေးတို့က လာစားကြမှာရှင့်သိလား''

ခင်လှအေးက မောင်တင်တို့ကို လှမ်းကြည့်ကာ ဟန်ပါပါ ဝင်ပြောလိုက်ပြန်လေသည်။ ထိုသို့သော အပြောကလေးကို လူကြီးများက သဘောကျသွားကြသလို ပြုံးလိုက်ကြလေသည်။

သို့ရာတွင် လူကြီးများ၏ ကျန်ခြေရသော အပြုံးများကြားမှ လှုပ်လှုပ်ရှားရှားဖြင့် တခစ်ခစ် ရယ်သံကလေးတစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့ပြန်တော့သည်။

ဤတွင် မောင်တင်သည် လူကြီးများတွင် အာရုံစူးစိုက်နေမိရာမှ ရယ်သံတခစ်ခစ် ထွက်ပေါ်လာခဲ့ရာသို့ ဒုတ်ခနဲ လှမ်းကြည့်လိုက်သည်။

ထိုအခါ သူ့အစ်မပြောလိုက်သည်ကို အဘယ်မျှလောက်သဘောကျသွားခဲ့သည်မသိသော အငယ်ဆုံးမလေး ခင်လှထွေးသည် သူ့မျက်လုံး ဝင်းဝင်းလက်လက်ကလေးများဖြင့် မောင်တင်ကို လှမ်းကြည့်ရင်း တခစ်ခစ်ရယ်နေကြောင်း တွေ့ရှိရလေသည်။

သို့ရာတွင် ခင်လှထွေးကလေးသည် မောင်တင်နှင့် အကြည့်ချင်းဆုံမိသောအခါ၌ကား သူ့မျက်နှာကလေးကို သူ့နံဘေးရှိ ခင်ခင်မြင့်နှင့် အပြေးကွယ်ထားလိုက်တော့သည်။

သူသည် မျက်နှာကလေးသာ ကွယ်ထားလိုက်သော်လည်း တခစ်ခစ် ရယ်သွမ်းသွေးနေမှုကိုကား ရပ်ဆိုင်းပစ်ခြင်းမပြုသေးဘဲ သူ့ကိုယ်ကလေး တသိမ့်သိမ့်လှုပ်ကာ ဆက်ရယ်နေတုန်းဖြစ်သည်။

မောင်တင်သည် အကြောင်းမရှိ သူ့ကိုကြည့်၍ ရယ်သွမ်းသွေးနေသော ခင်လှထွေးကလေးကို စိတ်တိုချင်

သွားမိသည်။

မိန်းကလေးဖြစ်ပါလျက် ဣန္ဒြေမရသလိုရှိနေသော ခင်လှထွေး၏ အပြုအမူကိုလည်း မောင်တင် မကြိုက်နိုင်ဖြစ်သွားသည်။

ထို့ကြောင့် သူသည် ရယ်မပြီးနိုင်အောင်ရှိနေသော ခင်လှထွေးကလေးကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်လိုက်မိသည်။

သည်အခိုက်မှာပင် ခင်လှထွေးကလေးကလည်း ခင်ခင်မြင့်၏နောက်သို့ သူ့မျက်နှာကလေးကို ကွယ်ထားနေရာမှ ရုတ်တရက်ပြန်ထွက်ကာ မောင်တင်အား လှမ်းကြည့်လိုက်ပြန်သည်။

ဤတွင် ရွှင်ချိုပြုံးရယ်နေသော မျက်လုံးလက်လက်ကလေးအစုံနှင့် မှောင်ကြုတ်ထားနေသော မျက်လုံးနက်နက် အစုံတို့သည် တစ်ဖက်နှင့်တစ်ဖက် အရှိန်ဖြင့် ပြေးတိုက်ထိခိုက်လိုက်မိကြလေသည်။

ထိုအခါ မှောင်ကြုတ်ထားနေသော မောင်တင်၏ မျက်လုံးများမှာ ဘယ်သို့မျှ မပြောင်း မသွားသော်လည်း ရွှင်ချိုရယ်ပြုံးနေခဲ့သော ခင်လှထွေး၏ မျက်လုံးကလေးအစုံမှာမူ ရုတ်တရက် လန့်ဖျပ်အံ့အားသင့်သွားသည့်အသွင်ကို ပြောင်းလဲသွားရှာသည်။

သူကလေးသည် သူ့ကို မှောင်ကြုတ်ကြည့်နေသော မောင်တင်၏ မျက်လုံးများအား ရင်မဆိုင်ရဲတော့ဟန်ဖြစ်သွားပုံရသည်။

သူကလေးသည် မျက်လွှာကို ဖျတ်ခနဲ ချပစ်လိုက်သည်။ ပြီးလျှင် သူသည် စောစောကအတိုင်း ခင်ခင်မြင့်ကို အကွယ်အကာယူလျက် ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် တခစ်ခစ် ရယ်ပြန်လေတော့၏။

မောင်တင်သည် သူ့အနေဖြင့် ထိုမျှဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ရှိနေပါလျက် လူပြက်တစ်ယောက်ကို တွေ့သလို ခင်လှထွေးကလေး၏ မဆုံးနိုင်အောင် ရယ်သွမ်းသွေးခြင်းခံနေရချက်အား နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

သူသည် နားမလည်နိုင်ခြင်းဖြင့် လူကြီးများဘက်သို့ ပြန်လှည့်ကြည့်လိုက်တော့သည်။

လူကြီးများအနေဖြင့်မူ သူတို့ကိစ္စ သူတို့ပြောဆိုနေကြရသဖြင့် မောင်တင်၏ မျက်မှောင်နှင့် ခင်လှထွေးကလေး၏ မဆုံးနိုင်အောင် တခစ်ခစ် ရယ်သွမ်းနေမှုတို့အား သတိထားမိပုံမရှိကြချေ။

''ကဲ ဒါဖြင့်လဲ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးနော်''

ဒေါ်မမက ခွင့်ပန်ရင်း ထိုင်နေရာမှ ထလိုက်တော့သည်။ ထိုအခါ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်လည်း မတ်တတ်ထရပ်ပြီး အိမ်ရှင်များကို နှုတ်ဆက်လိုက်ကြရသည်။

''ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် ခင်ဗျာ''

ပြီးလျှင်တော့ မောင်တင်သည် သူ့ကိုလူပြက်တစ်ယောက်လို တခစ်ခစ်ကြည့်ရယ်နေဆဲ ခင်လှထွေးကလေးဆီသို့ လုံးဝ လှည့်မကြည့်ဘဲ အိမ်ထဲမှ လှမ်းထွက်ခဲ့လေသည်။

ထို့နောက် သူတို့တစ္စရီးသုံးယောက်သားသည် မဝေးလှသော အိမ်ဆီသို့ လမ်းလျှောက်ပြန်သွားလိုက်ကြသည်။

သူတို့သုံးယောက်သည် အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ကြဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ လမ်းလျှောက်လျက်ရှိနေကြသည်။

ဒေါ်မမနှင့် သူ့အစ်ကိုကြီး ကိုသင်တို့တော့ ဘာတွေငြိမ်တွေးနေကြသည် မသိ။

မောင်တင်တစ်ယောက်မှာကား သူ့အပေါ်အကြောင်းမရှိ တခစ်ခစ် ရယ်သွမ်းသွေးလိုက်သော လူကြီးလည်း မမည်သေး၊ ကလေးလည်းမဟုတ်တော့သည့် ခင်လှထွေးကလေးကို မကျေမနပ် တွေးနေမိသည်။

သည်ကောင်မကလေး ဘာအတွက် ထိုမျှလောက် အရယ်သန်နေခဲ့ပါလိမ့်။

အကြောင်းမရှိ အရယ်သန်လွန်းနေသော သည်ကောင်မကလေး ခင်လှထွေးသည်သာ သူ့အိမ်မှ ညီမငယ်တစ်ဦးဖြစ်ပါက မောင်တင်သည် မျက်နှာထားတည်တည်ဖြင့် မိန်းကလေးပီသအောင် ဆိုဆုံးမမိမည်မှာ အမှန်။

ယခုတော့။

အေ-ဘီ-အမ် ကျောင်းဝင်းကို တစ်ပတ်လျှောက်မိလျှင်ပင် ဒေါ်မမ အိမ်ကလေးသို့ မောင်တင်တို့ ပြန်ရောက်သွားကြတော့သည်။

ဝန်ထောက်ကြီးမိသားစု၏ အိမ်ကြီးမှာ ကျောင်းဝင်းတစ်ဖက်စွန်း၌ ကျန်ခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် ခင်လှထွေးကလေး၏ တခစ်ခစ် ရယ်သွမ်းသွေးသံကလေးသည်ကား မောင်တင်၏နားတွင် မခံချိစရာ အပြေးလိုက်ပါဆဲသာ ရှိနေလေတော့သည်။

[၁]

''ကဲ... ပြောကြစမ်းပါဦး...၊ မောင်ရင်တို့ ရန်ကုန်ကောလိပ်က ဘီ–အေ–အိုင်–အေ အတန်းတွေမှာ ဘာ ဘာသာရပ်တွေများ သင်ကြားရသတုံးကွယ့်''

ဝန်ထောက်ကြီးက သူတို့ညီအစ်ကို နှစ်ယောက်စလုံးကို ခြုံ၍မေးလိုက်လျှင် မောင်တင်နှင့်သူ့အစ်ကိုကြီး ကိုသင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။

ယခု မောင်တင်တို့ တူဝရီးသုံးယောက်သည် ဝန်ထောက်ကြီးတို့အိမ်တွင် ညစာစားရန်အတွက် ရောက်ရှိနေကြခြင်းဖြစ်သည်။

သူတို့ တူဝရီးတစ်စုကို ဝန်ထောက်ကြီး ဖနီးမောင်နှံက သူတို့အိမ်ဧည့်ခန်းကျယ်ကြီးထဲမှ စောင့်ကြိုနေခဲ့ကြသည်။

ပြီးလျှင် ဝန်ထောက်ကတော်ကြီးနှင့် ဒေါ်မမတို့နှစ်ယောက်က အခန်းတစ်ဖက်ခြမ်းနားတွင် စကားလက်ဆုံကျသွားခဲ့ကြသည်။

စကားလက်ဆုံကျသည်ဆိုရာ၌ သူ့ခေါင်းထဲတွင် အကြောင်းအရာတွေ ပေါများလှပုံရှိသော ဒေါ်မမကသာ မနားတမ်း ပြောကြားနေလျက် ဝန်ထောက်ကတော်ကြီးကား လည်ကလေးတညိတ်ညိတ်ဖြင့် ခပ်ပြုံးပြုံးနားထောင်နေရုံသာဖြစ်သည်။

ဒေါ်မမသည် ဝန်ထောက်ကတော်ကြီးနှင့် ရင်းနှီးခင်မင်စွာ ခပ်သောသောကလေး ရယ်မော၍ပင် နေလိုက်သေးသည်။

ဧည့်ခန်း၏ တစ်ဖက်ခြမ်းနားကျကျတွင်ရှိကြသော မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်မှာမူ ဝန်ထောက်ကြီးနှင့် အတော်ကြီးစိမ်းနေကြသေးရာ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးသာ အာလာပသလ္လာပ ပြောဆိုနေကြသည်။

ဤအတွင်း ဝန်ထောက်ကြီးက မောင်တင်တို့၏ ပညာသင်ကြားမှု ဘာသာရပ်များနှင့်ပတ်သက်၍ ရုတ်တရက် မေးမြန်းလိုက်ခြင်း ဖြစ်လေသည်။

သည်အတွက် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိရာမှ သူ့အစ်ကိုကြီး ကိုသင် ထက်သွက်သော မောင်တင်က အစအဦး အဖြေပေးလိုက်ရလေတော့သည်။

''ကျွန်တော်တို့ အိုင်–အေမှာ သင်ယူခဲ့တဲ့ ဘာသာရပ်တွေကတော့ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ပါဠိနဲ့ ကျန်းမာခြင်းတို့ပါပဲ ခင်ဗျာ''

''အင်း အင်း ဘီ–အေသမားကလဲ ပြောပါဦး''

ဝန်ထောက်ကြီးသည် မောင်တင့်အဖြေကို ကျေနပ်သွားကာ မောင်သင့်ဘက်သို့ လှည့်မေးလိုက်ပြန်သည်။

ထိုအခါ စကားနည်းသော ကိုသင်ခမျာ ဘယ်လိုမျှ ငြိမ်ကုပ်မနေနိုင်တော့ဘဲ အဖြေပေးလိုက်ရရှာလေတော့သည်။

''ကျွန်တော်တို့ ဘီ–အေ အောက်တန်းမှာကတော့ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနဲ့ ပါဠိဘာသာရပ်တွေကို သင်ယူခဲ့ရပါတယ် ခင်ဗျာ''

''အင်း အင်း ကောင်းသကွယ်၊ မောင်ရင်တို့ခေတ်မှာက ဘာသာရပ်တွေကလဲ မြိုင်မြိုင်ဆိုင်ဆိုင်၊ ဆရာတွေနဲ့ ကျောင်းသားတွေကလဲ များများစားစားနဲ့ ကောလိပ်ပညာသင်ကြားနေကြရတာ ပျော်စရာကြီးကလား''

ဝန်ထောက်ကြီးသည် မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်၏ ပညာရေးအခြေအနေကို များစွာ အားရကျေနပ်သွားသလို စကားဆိုလိုက်သည်။

''ဦးတို့ခေတ်တုန်းက ကျောင်းသားလဲမများဘူး၊ ဆရာဆိုလဲ လေးငါးယောက်ပဲ၊ ပြီးတော့... အခုမောင်ရင် တို့လို အိုင်–အေတို့ ဘာတို့ ခေါ်တာမဟုတ်ဘူး၊ အက်ဖ်အေ ဖပ်စ်တ် အတ် လို့ ခေါ်ခဲ့တာကွယ့်။ အဲ နောက်

ရန်ကုန်ကောလိပ်လို့ စဖြစ်လာပြီး အက်ဖ်–အေ စာမေးပွဲကို ပထမဆုံးဝင်ဖြေခဲ့သူဟာ မောင်ရင်တို့ဦးလေး ဦးထွန်းငြိမ်း မဟုတ်လား''

''ဟုတ်တယ်လို့ သိရပါတယ် ခင်ဗျ''

''အခု မောင်ရင်တို့ခေတ်မှာ ရန်ကုန်ကောလိပ်ကျောင်းကြီးဟာ အတော့်ကို တိုးတက်လာတယ်လို့ ဆိုရမယ်၊ အဲ ဒါပေမဲ့ အခုထက်ထိ သီးခြားတက္ကသိုလ်ဖြစ်မလာခဲ့ဘဲ ကလကတ္တားတက္ကသိုလ်ရဲ့ လက်အောက်ခံအဖြစ်မှာသာရှိနေသေးတာတော့ ဆိုးသကွယ်''

''ဟုတ်ပါတယ်ခင်ဗျာ၊ အခုလောက် ကျောင်းသားအင်အားနဲ့ သင်ကြားပေးနိုင်တဲ့ဆရာတွေလဲ အင်အားရှိနေကြတဲ့ အခြေအနေမှာ ကျွန်တော်တို့ဗမာပြည်မှာ သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်သင့်ပြီလို့ ထင်ပါတယ်၊ တည်ထောင်ဖို့ကို ကျွန်တော်တို့ ကျောင်းသားအများစုကလဲ လိုလားတောင့်တနေမိကြပါတယ် ခင်ဗျာ''

''ဒါပေါ့ မောင်ရင်ရယ်၊ ဒီလိုပဲဖြစ်သင့်တာပေါ့၊ အဲဒီလို သီးခြားတက္ကသိုလ်တစ်ခုတည်ထောင်ဆောင်ရွက်ဖို့ကို တိုက်တွန်းလှုံ့ဆော်လာခဲ့တာတော့ ကြားနေခဲ့ရတာပဲ၊ ဆယ့်သုံးလေးနှစ်လောက်တောင်ရှိပြီထင်ပါရဲ့၊ ဒါပေမဲ့ ပညာရေး ဆင်ဒီကိတ်ကကော ဗြိတိသျှအစိုးရကကော ဘာမျှထူးထူးခြားခြား အရေးထားပြီး စီမံဆောင်ရွက်တယ်လို့ မကြားရသေးပါဘူးလေ''

ဝန်ထောက်ကြီး၏အသံမှာ ရန်ကုန်ကောလိပ်ကျောင်းအပေါ် ရုတ်တရက် စိတ်ပျက်သွားဟန် ပေါက်သွားသည်။

''အခုလို ကုလားပြည်က တက္ကသိုလ်ရဲ့ လက်အောက်ခံကောလိပ်မှာ ထားမယ့်အစား ဦးတို့ရဲ့ သားတွေကိုတော့ တစ်ခါတည်း ငယ်ငယ်တည်းက ဘိလပ်ပို့ထားလိုက်တယ်။ အခုဆို သားအကြီးဆုံးက အော့စဖို့ဒ်တက္ကသိုလ်မှာ၊ အငယ်နှစ်ယောက်က ကင်းဘရစ်ချ်တက္ကသိုလ်မှာ ရောက်နေကြပြီပေါ့''

ဘိလပ်ပို့ထားသော သူ့သားများအတွက် ဂုဏ်တက်စွာ ပြောလိုက်ပြန်သည့် ဝန်ထောက်ကြီး၏ စကားများကို မောင်တင်တို့က ငြိမ်သက်စွာ နားထောင်နေလိုက်ကြသည်။

ထိုကဲ့သို့ ငြိမ်သက်စွာ နားထောင်နေကြသော သူတို့ညီအစ်ကိုနှစ်ယောက်ကို ဝန်ထောက်ကြီးက ရုတ်တရက် မေးလိုက်လေသည်။

''မောင်ရင်တို့ကော ဘိလပ်ကို မသွားချင်ကြဘူးလားကွယ့်၊ ပြောကြစမ်းပါဦး''

မောင်တင်တို့ ညီအစ်ကိုလည်း မမျှော်လင့်သော မေးခွန်းအတွက် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိသည်။

ပြီးလျှင်တော့ ထုံးစံအတိုင်း မောင်တင်ကသာ ဒိုင်ခံဖြေကြားလိုက်ရပြန်လေသည်။

''အခွင့်အရေးနဲ့ အချိန်အခါက ပေးလာတဲ့ကာလမှာတော့ သွားချင်စိတ်ရှိပါတယ် ခင်ဗျာ''

''အင်း အင်း''

မောင်တင်၏ အဖြေစကားအတွက် ဝန်ထောက်ကြီး ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။

ထိုနောက်မှ ဆက်မေးလိုက်ပြန်သည်။

''အခု မောင်ရင်တို့ ဘီ–အေ အောင်သွားကြတဲ့အခါ မောင်ရင်တို့ မိဘများက မောင်ရင်တို့ကို ဘိလပ်ပို့ပြီး အမ်–အေဘွဲ့ကို ယူစေချင်ကြမှာပေါ့၊ မဟုတ်ဘူးလားကွယ့်''

''ဟုတ်ကဲ့၊ ကျွန်တော်တို့က အလိုက်မသိ ပူဆာကြမယ်ဆိုရင်တော့ ဖေဖေ မေမေတို့က ကြဖန်ကြိုးစားပြီး ပို့ပေးကြမှာပါ ခင်ဗျာ''

သူ့မိဘများ၏ မေတ္တာနှင့် စေတနာများကို ယုံကြည်အားထားနားလည်စွာဖြင့် မောင်တင်က ဝံ့ဝံ့စားစား ဖြေကြားလိုက်သည်။

ပြီးမှ ဆက်ပြောလိုက်လေသည်။

''ဒါပေမဲ့ ဖေဖေ မေမေနဲ့ ကျန်တဲ့ညီအစ်ကိုမောင်နှမ မိသားစုအားလုံးကို ဘယ်တော့မှ ဒုက္ခမပေးဘူးလို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ် ခင်ဗျာ''

မောင်တင်၏ ပြတ်သားလှသော စကားများအတွက် ဝန်ထောက်ကြီး ခေါင်းတဆတ်ဆတ် ဖြစ်သွားရပြန်

တော့သည်။

သူသည် ခေါင်းတဆတ်ဆတ်ပြုရင်းမှ မောင်တင်အား တစ်စုံတစ်ခု ဆက်လက်ပြောကြားရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် ဝန်ထောက်ကြီးစကားမဆက်ဖြစ်သေးမီမှာ တခြားစကားသံကလေးတစ်ခုက ဧည့်ခန်းအတွင်း ချင်းနင်း ထွက်ပေါ်လာခဲ့လေသည်။

''ဆရာမတို့ ထမင်းများဆာနေကြပြီလား မသိဘူး''

စကားသံကလေးများနှင့်အတူ ခင်လှအေးသည် ဧည့်ခန်းတွင်းသို့ သွက်လက်စွာ ရောက်လာသည်။

''ခူးခပ်ပြင်ဆင်နေတာ နည်းနည်းအချိန်ကြာသွားလို့ အားနာလိုက်တာ''

''မဆာပါဘူးကွယ်၊ သမီးတို့ မျက်နှာလှလှကလေးတွေကို မြင်လိုက်ရတာနဲ့ပဲ ရင်ထဲမှာ ဝတောင်သွားကြပြီလေ''

''အမလေး ဒီလိုတော့မလုပ်ပါနဲ့ ဆရာမရယ်၊ အေးတို့ ကြိုးစားပမ်းစား စီမံချက်ပြုတ်ထားခဲ့ရတာတွေ အလကားကောပြီး မောသွားနေကြရပါ့မယ်ရှင် ဟင်းဟင်း''

''ခစ်ခစ် ခစ်''

ခင်လှအေးနှင့် ဒေါ်မမတို့နှစ်ယောက် အတိုင်အဖောက်ညီစွာ ပြောဆိုရယ်မောလိုက်ကြရာ နောက်ဆီမှ ကပ်လျက် တခစ်ခစ် ရယ်သံလေးတစ်ခုကလည်း ထွက်ပေါ်လာခဲ့ပြန်သည်။

ထိုကြောင့် မောင်တင်သည် ဝန်ထောက်ကြီးနှင့် ထိုင်စကားပြောနေခဲ့ရာမှ တစ်ဖက်ခြမ်းသို့ လှမ်းကြည့်လိုက်မိသည်။

သည်အခါ သနပ်ခါး၊ ပေါင်ဒါအဖွေးသား အမွှေးနှင့် အပျိုချောကလေးသုံးယောက်ကို တွေ့လိုက်ရလေသည်။

သူတို့သုံးယောက်စလုံးသည် ဆံပင်ကို တရုတ်ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထားကာ ဖဲပြားပွင့်ကြီးများကို ဆင်တူတပ်ထားကြသည်။

သူတို့ကိုယ်ပေါ်မှာလည်း ပဒုမ္မာအင်္ကျီအဖြူကို အနားပတ်လည်တွင် ဇာပန်းများထိုးလျက် စူရတီလုံချည်အနီရဲရဲကိုလည်း လှပသေသပ်စွာ ဆင်တူဝတ်ဆင်ထားကြပြန်သည်။

ထို့အပြင် ချက်အထိ ရှည်လျားကျရောက်နေသော ပုလဲပုတီးကုံးကြီးများကို တစ်မျိုးကြည့်ကောင်းစရာ မင်းသမီးကလေးများပမာ ဆွဲထားကြသေးသည်။

သူတို့သုံးယောက်ထဲမှ အကြီးဆုံး ခင်လှအေးကသာ ပြောပြောဆိုဆို ရယ်ရယ်မောမောဖြင့် ဒေါ်မမအနားသို့ ရောက်လာခဲ့သော်လည်း အလတ်မနှင့် အငယ်ဆုံးဖြစ်သူ ခင်ခင်မြင့်နှင့် ခင်လှထွေးကလေးတို့ကမူ ခပ်လှမ်းလှမ်း ဧည့်ခန်းအဝနားမှသာ ပြုံုတစ်ပြုံုတစ် ဖြစ်ကျန်ခဲ့ကြသည်။

နှစ်ယောက်သား ပြုံုတစ်ပြုံုတစ်ဖြစ်ကျန်ရစ်ခဲ့ရာမှ ခင်လှထွေးကလေးက သူ့အစ်မခင်လှအေး၏ ပြောစကားအတွက် သူ့အကျင့်ကလေးအတိုင်း တခစ်ခစ် ရယ်ပြန်လေတော့သည်။

သူကလေးသည် တခစ်ခစ်ရယ်ရင်းမှ မျက်လုံးကလေး ဝင်းပြောင်ပြောင်များဖြင့် မောင်တင်ကို လှောင်သလိုလို ကြည့်နေပြန်သည်။

မောင်တင်က ပြန်ကြည့်လိုက်လျှင်တော့ သူကလေးသည် ခင်ခင်မြင့်နောက်သို့ ကွယ်ထားလိုက်လေသည်။

ထိုသို့သော ခင်လှထွေးကလေး၏ တခစ်ခစ်ရယ်မှုနှင့် အပြုအမူကလေးများက မောင်တင်အား မခံချိမခံသာ အစခံနေရသည့်ပမာ ရှိနေလေတော့သည်။

''ကဲပါ ဆရာမရယ် အေးတို့မျက်နှာမြင်တာနဲ့ ဝမသွားဘဲ ပိုပြီးသာ စားနိုင်ကြဖို့အတွက် ထမင်းသုံးဆောင်ဖို့ ကြွကြပါနော်''

သွက်သွက်လက်လက် ချက်ချက်ချာချာရှိလှသော ခင်လှအေးသည် စကားကလေးသာမက၊ အပြုံးကလေးဖြင့်ပါ မောင်တင်တို့ အားလုံးကို ဖိတ်ခေါ်လိုက်လေသည်။

သူ့သမီးကို ထောက်ခံ၍ ဝန်ထောက်ကြီးကလည်း ဖိတ်မန္တကပြုလိုက်ပြန်သည်။

''ကဲ တူမောင်တို့ ထကြကွယ်''

ဝန်ထောက်ကြီး ဦးဆောင်လျက် ထမင်းစားခန်းဆီသို့အသွား ရယ်သံတခစ်ခစ်ကလေးက မောင်တင်၏ နားမှာ ကြားလာခဲ့ရပြန်လေတော့သည်။

[၈]

ဒေါ်မမနှင့်အတူ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက် ဝန်ထောက်ကြီးတို့အိမ်သို့ ညနေတိုင်း မှန်မှန်ထမင်းသွားစားဖြစ်ကြပြီးနောက် သုံးရက်မြောက်သောနေ့တွင် ဖြစ်လေသည်။

မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်သည် နေ့လယ်နေ့ခင်း ပျင်းပျင်းရှိသည်နှင့် စာအုပ်တစ်အုပ်စီဖြင့် ငြိမ်နေမိကြသည်။

သူတို့သည် မနက်စောစောထ၍ ကျောင်းဝင်းတစ်ပတ် လမ်းလျှောက်ကြသည်။

ထို့နောက် ဈေးဝယ်မှ ပြန်ရောက်လာသော ဒေါ်မမကို နှစ်ယောက်သား ဝိုင်းဝန်းကူညီချက်ပြုတ်ပေးကြသည်။

ပြီးလျှင် နေ့စဉ်ဝတ်ဆင်ထားခဲ့ကြသော ကိုယ့်အဝတ်အထည်ကလေးများကို လျှော်ဖွပ်ကာ ရေပါချိုးလိုက်ကြသည်။

ပြီးမှ တူဝရီးသုံးယောက် နံနက်စာကို ဝိုင်းစုစားလိုက်ကြသည်။

ထိုသို့ စားသောက်သိမ်းဆည်းပြီးသွားခဲ့လျှင် မောင်တင်တို့အဖို့ ပျင်းစရာကောင်းလောက်အောင်ပင် အလုပ်မရှိ အအားရသွားကြတော့သည်။

သည်အတွက် သူတို့ညီအစ်ကိုနှစ်ယောက် စာအုပ်ကိုယ်စီဖြင့် အပျင်းဖြေနေကြစဉ် ဒေါ်မမ၏ ခေါ်ငင်လိုက်သံကို ရုတ်တရက် ကြားလိုက်ကြရလေသည်။

''ဟဲ့ မောင်သင်နဲ့ မောင်တင်တို့''

ဒေါ်မမ၏ ခေါ်သံကြောင့် စာအုပ်တွင် ငုံ့စိုက်နေခဲ့ကြသော သူတို့ဦးခေါင်းများ ရုတ်ခြည်းထောင်ထသွားမိကြသည်။

ထိုအခါ ခေါ်ရင်းရောက်လာခဲ့သော ဒေါ်မမက သူတို့အိမ်ခန်းဝ၌ လှမ်းတွေ့လိုက်ကြရသည်။

သူတို့ထံ အလောတကြီး ဟန်ကလေးဖြင့် ရောက်လာခဲ့ပုံရှိသော ဒေါ်မမသည် ခပ်သုတ်သုတ်ကလေး ပြောလိုက်ပြန်သည်။

''ဟဲ့ အိမ်ရှေ့မှာ ဧည့်သည်တွေ ရောက်နေတယ်၊ လာပြီး ဧည့်ခံလိုက်ကြပါဦး လာကြ လာကြ''

ဒေါ်မမသည် အလောတကြီးခေါ်ရင်း သူတို့အခန်းဝသို့ ရောက်လာခဲ့သလို အလောတကြီး ပြောရင်းပင် ပြန်လည် ပျောက်ကွယ်သွားလေတော့၏။

'ဘယ်က ဧည့်သည်တွေများပါလိမ့်'ဟု မောင်တင်တို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။

သို့ရာတွင် သူတို့နှစ်ယောက်စလုံးပင် ဘယ်လိုမှမပြောတတ်၊ ဘယ်သူဟုလည်း မသိနိုင်ကြောင်းကို မျက်နှာအမူအရာများဖြင့်သာ တစ်ယောက်တစ်ပြန် အဖြေပေးလိုက်ကြသည်။

ဤတွင် နှစ်ယောက်သား လက်ထဲမှစာအုပ်များကို ချထားလိုက်ကာ အိမ်ရှေ့သို့ ထွက်ရန်ပြုလိုက်ကြရသည်။

ကိုသင်သည် မှန်ရှေ့တွင် သူ့ဘိုကေကို ဘီးနှင့်ဖြီး လက်ဝါးနှင့်လည်းအကျ ဖိပြီးသပ်ပြီးမှ အခန်းပြင်သို့ လှမ်းထွက်သွားသည်။

မောင်တင်ကမူ မှန်မကြည့် ဘီးလည်းသုံးမနေဘဲ သူ့ဘိုကေကို လက်ဝါးနှင့်သာဖြစ်သလို သပ်ရပ်လိုက်ပြီးနောက် ချွတ်ထားသော ရှပ်အင်္ကျီအား ဆွဲစွပ်ရင်း ကိုသင်နောက်မှ အမီလိုက်သွားလိုက်ရသည်။

''အမလေး ဝမ်းသာလိုက်တာကွယ်၊ လာကြ လာကြ ဒီမှာ ထိုင်ကြကွယ်''

သူ့ရှပ်အင်္ကျီကို ကြယ်သီးများတပ်ရင်း ကိုသင်၏ နောက်မှလျှောက်လိုက်သွားသော မောင်တင်သည် အိမ်ရှေ့ဧည့်ခန်းဆီမှ ဒေါ်မမ၏ ဧည့်ဝတ်စကားများအား လှမ်းကြားလိုက်ရလေသည်။

သို့ရာတွင် အိမ်တွင်းအခန်းနှင့် ညှော်ခန်းတံခါးပေါက်ကို ခန်းဆီးကာထားရာ ညှော်သည်များကိုကား မမြင်ရပေ။

ကိုသင်သည် ရှေ့မှနေ၍ ထိုခန်းဆီးစကို တိုးဖြတ်ကာ ညှော်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။

မောင်တင်ကလည်း ဆွဲစွပ်လာသော ရှပ်အင်္ကျီခါးစကို လုံကွင်းအတွင်းသို့ သွင်းလိုက်ပြီး ကိုသင်၏နောက်မှ ကိုသင်၏နည်းအတိုင်းပင် ညှော်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။

''ဟင်''

ကိုသင်၏ နှုတ်မှ ရုတ်တရက်မြည်သွားသံကို မောင်တင် ခပ်တိုးတိုးကြားလိုက်မိသည်။

''ဟာ''

သည်တစ်ခါ အသံမြည်သွားသူကား မောင်တင်ဖြစ်လေသည်။

အကြောင်းမှာ ညှော်ခန်းဆီသို့ လှမ်းထွက်ရန်ပြုလိုက်သော မောင်တင်သည် မမျှော်လင့်ပဲ ညှော်ခန်းထဲမှ နောက်ပြန်တွန့်၍ ဆုတ်ဝင်လာခဲ့သူ သူ့ရှေ့က ကိုသင်နှင့် လူချင်းတိုက်မိသွားခြင်းကြောင့်ဖြစ်သည်။

မောင်တင်သည် ရုတ်တရက် နားမလည်ဖြစ်ကာ ကိုသင်ကို ကြည့်မိသည်။

ကိုသင်ကလည်း မောင်တင်ကိုတစ်ချက် လှည့်ကြည့်လိုက်သည်။ ပြီးလျှင် သူကဘေးသို့ကပ်၍ လမ်းဖယ်ပေးသည်။ မောင်တင်ကို သူ့အစား ရှေ့မှထွက်ဆိုသည့် သဘောပင်ဖြစ်သည်။

''ဟဲ့ သားတို့ လာကြလေ၊ ဘယ့်နှယ်ပြန်ဝင်သွားရတာလဲလို့''

ကိုသင်ကို လှမ်းတွေ့လိုက်ပြီးနောက် ခန်းဆီးနောက်ကွယ်သို့ ပြန်ရောက်ပျောက်ကွယ်သွားသဖြင့် ဒေါ်မမက လှမ်းခေါ်လိုက်လေသည်။

ဒေါ်မမ၏ အသံမှာ ရယ်ချင်ဟန်ပါနေပြီး ညှော်သည်များထံမှမူ ရယ်သံကလေးများ ခပ်အုပ်အုပ် ထွက်ပေါ်လာခဲ့သည်ကို မောင်တင်ကြားလိုက်ရသည်။

မောင်တင်သည် နားမလည်နိုင်အောင် ခပ်ကြောင်ကြောင် ဖြစ်နေမိရင်းမှပင် ခန်းဆီးကို တိုးဖယ်လျက် ညှော်ခန်းထဲသို့ လှမ်းထွက်သွားလိုက်တော့သည်။

ညှော်ခန်းထဲသို့ ရောက်သွားသော မောင်တင်သည် အကျအန ထိုင်နေပြီဖြစ်သော ညှော်သည်မိန်းမပျိုကလေး သုံးဦးနှင့် ဘွားခနဲ ရင်ဆိုင်လိုက်ရလေသည်။

သည်အခါကျမှ ကိုသင်တစ်ယောက် စောစောတုန်းက ဘယ်အတွက် ရုတ်တရက် နောက်ပြန်ဆုတ်ခဲ့ကာ သူနှင့် ဝင်တိုက်မိရကြောင်းကို မောင်တင်နားလည်လိုက်လေတော့သည်။

''ဘယ်လိုလဲရှင့် ညှော်သည်တွေက ကြိုးစားပမ်းစားလာလည်ကြတာကို အိမ်ရှင်တွေက ပုန်းနေကြတယ် လား၊ ဟုတ်လား''

သူတို့အိမ်မှာတုန်းကထက် ပိုပြီးပြင်ဆင်ဝတ်စားကာ ပိုပြီးလည်း လှပချောမောနေကြသော မိန်းမပျိုညှော် သည်သုံးဦးထဲမှ အသွက်ဆုံး ခင်လှအေးက မောင်တင်ကို ရန်လိုစကားကလေးများဖြင့် ဟန်ပါပါကလေး ဆီးကြို နှုတ်ဆက်လိုက်လေသည်။

ယခုလို အိမ်လည်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားမိသကဲ့သို့ ယခုလိုလည်း ရန်ထောင်လာလိမ့်မည် ဟု ထင်မထားခဲ့သော မောင်တင်သည် ပထမတွင် အံ့အားလေးပင်သင့်သွားသည်။

ပြီးမှ သူသည် အခြေအနေကို ရုတ်ခြည်းသုံးသပ်ကာ နှုတ်ခမ်းပါးလျှာသွက် ခင်လှအေး၏ ရန်လိုစကားများ အား ချက်ချင်းပြန်လည်ဖြေကြားလိုက်လေသည်။

''မပုန်းရပါဘူးဗျာ၊ ညှော်သည်မမတွေက အခုလို အိမ်လာလည်တတ်ကြမှန်း သိမထားလို့ပါ၊ သိထားရင် အိမ်ရှေ့ကနေထွက်ပြီး စောင့်ကြိုနေပါတယ်ဗျာ''

''အမယ် ကိုတင့်စကားက ဘယ်လိုလဲရှင့်၊ အေးတို့ကို မိန်းကလေးတန်မဲ့ အိမ်လည်တတ်ရန်ကောလို့ ဆိုတာလားရှင့် ဟုတ်လား''

ခင်လှအေးသည် သွက်လက်ချက်ချာသူလေးပီပီ မောင်တင်၏ စကားကို ငြိမ်မခံဘဲ နှုတ်လုံ့ထိုးလိုက်လေ သည်။

''တကယ်တော့ အေးတို့ဟာ အိမ်လည်တတ်လို့ မဟုတ်ပါဘူးရှင်၊ အေးတို့ အိမ်မလည်တတ်ဘူးဆိုတာ

ဆရာမ ဒေါ်မမ အသိပါရှင်''

မောင်တင်၏ စကားအတွက် အတော်ကလေး မခံမရပ်ဖြစ်သွားခဲ့ဟန်တူသော ခင်လှအေးသည် ဒေါ်မမကို တိုင်တည်ကာ သက်သေထားလိုက်သည်။

''ဒါပေမယ့် အခုတော့ ရန်ကုန် ရွှေမြို့တော်ကြီးကနေပြီး တကူးတက အလည်အပတ် ရောက်လာခဲ့ကြရှာတဲ့ ကိုကို ကောလိပ်ကျောင်းသားတွေကို မြို့ခံအရပ်ခံဖြစ်တဲ့ အေးတို့က ဧည့်ဝတ်ကျေနိုင်ဖို့အတွက် ကြိုးစားပြီး လာလည်ရတာပါရှင်''

''ဟုတ်ကဲ့ ဒီလိုဆိုလဲ ကျေးဇူးတင် ဝမ်းသာပါတယ် ခင်ဗျာ''

မောင်တင်နှင့် ခင်လှအေးတို့ စကားစစ်ထိုးနေကြသည်ကို ကိုသင်က တစ်ခွန်းမျှ ဝင်မဆိုတမ်း ငြိမ်ထိုင်နေသည်။

ဒေါ်မမနှင့် ခင်ခင်မြင့်တို့နှစ်ယောက်ကမူ ပြုံး၍ကြည့်နေကြသည်။

ခင်လှထွေးကလေးမူကား ထုံးစံအတိုင်း သူ့အစ်မနှင့် မောင်တင်ကို တစ်လှည့်စီကြည့်ကာ တခစ်ခစ် ရယ်နေလေသည်။

''ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်၊ မလည်တစ်ပြစ် လည်တစ်ပြစ်ဆိုတာလိုသာ အေးတို့ကို သွေးကြီး မွေးကြီး သလေး၊ အိမ်လည်တတ်သလေး၊ ဘာလေးနဲ့ အမျိုးမျိုး အထွေထွေ အထင်အမြင် မခံရရင် ဝမ်းသာကျေနပ် လှပါပြီရှင်''

''ကျွန်တော်တို့က ဒီလိုမထင်တတ်ကြပါဘူး ခင်ဗျာ''

''ကဲ ကဲ''

မောင်တင်နှင့် ခင်လှအေးတို့ စကားစစ်ထိုးနေကြသည့် ကြားသို့ ဒေါ်မမက ရုတ်တရက် ဝင်ပြောလိုက်လေသည်။

''သမီးတို့ခမျာ အိမ်မလည်စဖူး အထူးကြိုးစားပြီး လာလည်ကြရရှာတာကို သားတို့က စကားနဲ့ချည်း ဧည့်ခံမနေကြနဲ့လေ၊ လက်ဖက်ရည်ကလေး ဘာကလေးနဲ့လဲ ဧည့်ဝတ် ပြုကြဦးမှပေါ့၊ ကဲ သွားဖျော်ကြချေကွယ်''

ဒေါ်မမ၏ ခိုင်းစေချက်အရ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်လည်း မီးဖိုချောင်ထဲသို့ ထဝင်ခဲ့ကြရလေသည်။

''လက်ဖက်ခြောက်ဘူး ဘယ်မှာလဲကွ''

''ဟို ကြောင်အိမ်ထဲမှာနဲ့တူတယ်''

မီးဖိုချောင်ထဲသို့ရောက်လျှင် နှစ်ယောက်သား အလုပ်ရှုပ်သွားကြလေတော့သည်။

''ဟောဒီမှာ ပန်းကန်လုံးတွေ ထည့်''

''အေး အေး မင်းလဲ ကူသယ်ဦးကွ''

ဧည့်သည်များအပေါ် အတော်ကလေး စေတနာထားရှိနေမိပုံရသော ကိုသင်သည် သူကိုယ်တိုင် ဖျော်ပြီး သွားသော လက်ဖက်ရည်နှစ်ပန်းကန်ကို သူ့လက်နှစ်ဖက်တွင် ကိုင်လိုက်သည်။

သူလက်မဆံ့၍ ကျန်သောပန်းကန်ကို ကိုသင်က မောင်တင်အား ကူသယ်ပေးရန် ပြောကြားလေသည်။

ဤတွင် မောင်တင်လည်း ပြောသည့်အတိုင်း ကျန်လက်ဖက်ရည်တစ်ပန်းကန်ကို ကောက်ယူလိုက်ကာ နှစ်ယောက်သား အိမ်ရှေ့သို့ပြန်ထွက်သွားလိုက်ကြသည်။

''မင်း ရှေ့ကထွက်ကွာ''

ဧည့်ခန်းသို့ထွက်ရန် ခန်းဆီးအနားသို့ အရောက်တွင် ကိုသင်က လှည့်ပြောလိုက်လေသည်။

သည်တော့လည်း မောင်တင်က ပြောသည့်အတိုင်း ကိုသင့်ရှေ့က ထွက်သွားပေးလိုက်သည်။

''ကဲ သားတို့ဖျော်လာတဲ့ လက်ဖက်ရည်ကို သမီးတို့က သောက်လိုက်ကြပါဦးကွယ်''

မောင်တင်တို့ ယူသွားပေးသော လက်ဖက်ရည်ပန်းကန်များကို ဒေါ်မမက လက်ဆင့်ကမ်းယူကာ ဧည့်သည် များရှေ့သို့ လိုက်ချပေးသည်။

''အို အားနာစရာ ဆရာမရယ်''

ဒေါ်မမ၏ ညှော်ဝတ်ပြုမှုကို ခင်လှအေးက အပြုံးကလေးဖြင့် တုံ့ပြန်သည်။

''ဒါပေမဲ့ ကိုကို ကောလိပ်ကျောင်းသားကြီးတွေ ကိုယ်တိုင် တပင်တပန်း ဖျော်တိုက်တာဆိုတော့ အားနာနာနဲ့ပဲ သောက်ရမှာပဲပေါ့လေ''

ရွှေရေးစကားတတ် ခင်လှအေးက အဦးဆုံး သူ့အတွက် လက်ဖက်ရည်ပန်းကန်ကို ကောက်ကိုင်လိုက်သည်။ ပြီးလျှင် သူ့ညီမနှစ်ယောက်ကိုလည်း အပြုံးဖြင့် လှမ်းကြည့်ကာ အချက်ပေးလိုက်လေသည်။

ထိုအခါ ခင်ခင်မြင့်လည်း သူ့အတွက် လက်ဖက်ရည်ပန်းကန်ကလေးကို ကောက်ကိုင်လိုက်သည်။

သို့ရာတွင် ခင်လှထွေးကလေးတစ်ယောက်မှာကား မောင်တင်တို့နှစ်ယောက် လက်ဖက် ရည်ပန်းကန်များကိုယ်စီ ကိုင်ပြီးထွက်လာကတည်းက တခစ်ခစ်ရယ်နေပြန်ရာ သူ့အစ်မများလို လက်ဖက်ရည်ပန်းကန်ကို ကောက်မယူနိုင်သေးဘဲ ရှိနေသည်။

မောင်တင်သည် ခင်လှထွေး ရယ်နေပြန်သည်ကို သိသော်လည်း မကြည့်ဘဲ လွှဲနေလိုက်သည်။

''ဟင် ကိုကို ကောလိပ်ကျောင်းသားတွေ လက်ဖက်ရည်ဖျော်တာ သကြားမှထည့်ရဲ့လား မသိဘူး''

ရုတ်တရက် ထွက်ပေါ်လာခဲ့ပြန်သော ခင်လှအေး၏ စကားသံစာစာကလေးက မောင်တင်တို့နှစ်ယောက်ကို မျက်လုံးပြူးသွားကြစေသည်။

ဒေါ်မမလည်း ပျာပျာသလဲ ဖြစ်သွားရှာသည်။

''ဘယ်လိုနေလို့လဲ သမီးရဲ့ မချိုလို့လား၊ ဟုတ်လား''

မောင်တင်တို့ ညီအစ်ကိုခမျာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြ ရှာသည်။

လက်ဖက်ရည်ဖျော်သူမှာ ကိုသင်ဖြစ်သည်။ မောင်တင်ကမူ ပစ္စည်းများရှာပေးပြီးနောက် ပန်းကန်များကို အသင့်ပြင်ပေးခြင်း တာဝန်သာ ပြုလုပ်ခဲ့ရာ လက်ဖက်ရည်တွင် ကိုသင် သကြားထည့်ဖျော်ဖြစ်မဖြစ် သူမသိ။

ထိုကြောင့် ခင်လှအေး ပြောသလို သကြားမှ ထည့်မိရဲ့လားဟု မောင်တင်က မျက်လုံးအကြည့်ဖြင့် လှမ်းမေးလိုက်သည်။

မောင်တင်ကို ပြန်ကြည့်လိုက်သောအခါ ကိုသင်၏ မျက်လုံးများကမူ သူ့ကိုယ်သူပင် သကြားထည့်ဖြစ် မထည့်ဖြစ်ဆိုသည်ကို မသေမချာ ဇဝေဇဝါဖြစ်နေပုံ တွေ့ရလေသည်။

''ထည့်တော့ ထည့်မှာပေါ့သမီးရဲ့၊ ဒါပေမဲ့ သားတို့က ဖျော်နေမကျတော့ လက် အမှန်းအဆမမှန်ဘဲ သကြားနည်းသွားတာ ဖြစ်ပါလိမ့်မယ်ကွယ်''

ဒေါ်မမခမျာ တူတော်မောင်များဘက်မှ ဖေးဖေးမမ ပြောပေးရရှာသည်။

ပြီးမှ မောင်တင်တို့ဘက်သို့လှည့်လျက် ပြောလိုက်လေသည်။

''ကဲကွယ် အရသာရှိသွားအောင် သကြားထပ်ထည့်ပေးလိုက်ကြပါလား သားတို့ရယ်နော်''

ပင်ကိုကပင် ရှက်တတ်သော ကိုသင်တစ်ယောက် ဘယ်လောက်ရှက်နေရှာမည်တော့ မသိ။ မိန်းကလေးများနှင့်ပတ်သက်၍ မလှုပ်ရှားတတ်၊ မခံစားတတ်ခဲ့သော မောင်တင်ပင်လျှင် ယခု အတော်ကလေး ရှက်သွားမိသည်။

သို့ရာတွင် သူတို့ခမျာ ဘာမျှတော့ မတတ်နိုင်ရှာ။ ရှက်ရှက်နှင့်ပင် မိန်းမပျို ညှော်သည်များထံမှ လက်ဖက်ရည် ပန်းကန်များကို ပြန်ယူသွားလိုက်ကြရလေသည်။

ညှော်ခန်းတွင်ကား ရယ်သံကလေးများဖြင့် ညံစာစာဖြစ်ကျန်ခဲ့သည်။

''ကိုကြီးကလဲဗျာ သကြားပုလင်းကြီးရှာပြီး အနားမှာလာချပေးခဲ့တာတောင် ထည့်ဖျော်ဖို့များ မေ့သွားရသေးသလားလို့''

''အေးကွာ ငါလဲ မြန်မြန်ပြီးအောင် တက်သုတ်ရိုက် ဖျော်လိုက်မိတာနဲ့ သကြားကို ထည့်ဖို့မေ့သွားသလား မသိပါဘူးကွာ''

အိမ်ရှေ့ညှော်ခန်း၌ ရယ်သံများလျှံ၍ ကျန်ခဲ့စဉ် မီးဖိုချောင်ထဲတွင်ကား မောင်တင်တို့ နှစ်ယောက်သားခမျာ အလုပ်များရင်း ခပ်ကြိတ်ကြိတ် စကားဆိုနေမိကြသည်။

''ကြည့်ထည့်ပြီး မြည်းလဲကြည့်ဦးဗျ၊ တော်တော်ကြာ ကြေးများလွန်းလှတဲ့ ညှော်သည်မမတွေက ချိုလွန်းပြန်

ပြီနဲ့ ဖြစ်နေဦးမယ်''

လက်ဖက်ရည်ပန်းကန်များထဲသို့ သကြားထပ်ထည့်ပြီးနောက် ဖွန်းနှင့် ခလောက်ပေးနေသော ကိုသင်ကို မောင်တင်က သတိပေးလိုက်ရသည်။

ကိုသင်လည်း လက်ဖက်ရည်ပန်းကန်စေ့အောင် ဖွန်းနှင့်ခပ်၍ လိုက်မြည်းကြည့်သည်။ ပြီးလျှင် ကိုသင်က သည်တစ်ခါတော့ သူ့လက်ရာသူ စိတ်ချယုံကြည်စွာဖြင့် ရဲရဲဝံ့ဝံ့ အာမခံချက် ပေးလိုက်လေသည်။

''မချိုလွန်းပါဘူးကွ အတော်ပါပဲ''

ထိုနောက် နှစ်ယောက်သား လက်ဖက်ရည်ပန်းကန်များကို အိမ်ရှေ့ရှိ ဧည့်သည်များထံ သယ်သွားလိုက်ကြရပြန်လေတော့သည်။

သို့ရာတွင် မောင်တင်တို့ခမျာ မိန်းမပျိုဧည့်သည်များ၏ အပြစ်မြင်ခြင်းမှ မလွတ်ကင်းနိုင်အောင် ကျန်ရှိနေကြပြန်သေးသည်။

''ကြည့်ပါဦးရှင် ဧည့်သည်တည်တဲ့ လက်ဖက်ရည်ကလဲ၊ လက်ဖက်ခြောက်ဖတ်တွေ ပေါလောပေါလောနဲ့''

ခင်လှအေး၏ အပြစ်ရှာသံနောက်မှ ရယ်မောသံရွှင်ရွှင်ကလေးများကလည်း ဧည့်ခန်းအတွင်းမှ ပျံ့လွှမ်းသွားပြန်လေတော့၏။

ဧည့်သည်များအနေဖြင့် ရယ်နိုင်အားကြသော်လည်း အိမ်ရှင်ဖြစ်သူ မောင်တင်တို့ ညီအစ်ကိုမှာမူ ပြုံးမျှပင် မပြုံးနိုင်အားကြဘဲ လက်ဖက်ခြောက်ဖတ်များ ပေါလောပေါ်နေသော လက်ဖက်ရည်ပန်းကန်များကို သည်အတိုင်း ဆက်ချထားရမလား၊ မီးဖိုထဲပဲ ပြန်ယူပြေးရမလားမသိအောင် ခပ်ကြောင်ကြောင် ဖြစ်နေမိကြလေသည်။

ထိုသို့ ဖြစ်ပျက်နေကြသော သူ့တူတော်မောင်နှစ်ယောက်နှင့် ဧည့်သည်မိန်းမပျိုတစ်စုကို ကြည့်လျက် ဒေါ်မမလည်း မနေနိုင်ဘဲရယ်လေတော့သည်။

ပြီးမှ ဘာလုပ်ရမှန်းမသိအောင် ကြောင်တောင်တောင်ဖြစ်နေကြသော မောင်တင်တို့နှစ်ယောက်ကို ဒေါ်မမက ပြောဆိုစေခိုင်းလိုက်ပြန်လေတော့၏။

''အေးကွယ် ဟုတ်ပါရဲ့ လက်ဖက်ခြောက်ဖတ်တွေကို စစ်ပစ်လိုက်ဖို့ သားတို့က မေ့သွားခဲ့ကြသကိုး၊ ကဲကွယ် ခဏပြန်ယူသွားလိုက်ပြီး စစ်လိုက်ကြပေါ့ ဟုတ်လား''

ဒေါ်မမ၏ စကားဆုံးလျှင် မောင်တင်တို့နှစ်ယောက်သည် လက်ဖက်ရည်ပန်းကန်များကို ကောက်ယူလိုက်ကာ အိမ်နောက်ဘက်သို့ တစ်ခေါက်ပြန်ဝင်ခဲ့ကြရပြန်လေသည်။

''ဟုတ်သားပဲကွာ လက်ဖက်ခြောက်ဖတ်တွေ ပေါလောပေါလောနဲ့ဆိုတော့ ဘယ်ကောင်းပါ့မလဲ''

မောင်တင်သည် စိတ်တိုကာ မျက်နှာကို အိုထားလိုက်သော်လည်း ကိုသင်ကမူ ရှက်ပြုံးကလေးဖြင့် သူ၏ မေ့လျော့ ချွတ်ယွင်းချက်အတွက် ဝန်ခံစကားကိုပင် ဆိုနေလိုက်သေးသည်။

ပြီးလျှင် သူသည် သုတ်သုတ်ပျာပျာဖြင့် မောင်တင်ကို အကူအညီတောင်းလိုက်ပြန်သည်။

''ဟေ့ မောင်တင်ရေ လုပ်ပါဦးကွ၊ စစ်တဲ့ဟာ ရှာပေးစမ်းပါဦး''

ကိုသင်က ပျာယာခတ်နေသလောက် မောင်တင်ကမူ ခပ်အေးအေးပင် ရှိနေသည်။

''တွေ့လားကွ ဟေ''

''မတွေ့ဘူးဗျ''

''ဟာ ဒုက္ခပါပဲကွာ ဒါဖြင့် ဘယ်လိုလုပ်မလဲ''

ကိုသင်သည် ပျာယာခတ်ရင်းမှ စိတ်ပူစွာ ညည်းညူမေးစမ်းလိုက်သည်။

မောင်တင်ကမူ ဘာမှလည်းပြန်မပြော၊ ဘာမျှလည်းမလုပ်ဘဲ မလှုပ်တမ်းသာ ငြိမ်နေသည်။

ဤတွင် ကိုသင်လည်း တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘဲ အကြံအိုက်နေရာမှ ရုတ်တရက် စိတ်ကူးရသွားသလို မောင်တင်ကို လှည့်ပြောလိုက်လေသည်။

''ဟေ့ ဟေ့ မောင်တင်ရဲ့ ပဝါဖြူနဲ့စစ်ရအောင် လျှော်ထားတဲ့ တို့လက်ကိုင်ပဝါတစ်ထည် သွားယူချေကွာ သွား သွား...''

ကိုသင်က အလောတကြီး စေခိုင်းလိုက်သော်လည်း မောင်တင်က သူတို့အိပ်ခန်းဆီသို့ ခြေလှမ်းမှန်မှန်ဖြင့်

သာ လှမ်းသွားလိုက်သည်။

''ဘယ်လိုလဲဟေ့ စစ်လို့ မပြီးကြသေးဘူးလားကွယ့်''

''ပြီးပါတော့မယ် ဒေါ်ဒေါ် ခဏလေးရယ်''

အိမ်ရှေ့ဆီမှ အပြေးကလေး လာမေးလိုက်သော ဒေါ်မမကို ကိုသင်က ပြန်ဖြေလိုက်သည်။

ပြီးလျှင် ကိုသင်သည် မီးဖိုထဲမှ စောင့်နေရသည်ကို စိတ်မရှည်တော့သလို မောင်တင်၏နောက် အပြေးကလေး လိုက်လာခဲ့သည်။

''မင်းကလဲ ကြာလိုက်တာကွာ မတွေ့သေးဘူးလား''

ကိုသင်သည် မလှုပ်တလှုပ်လုပ်နေသော မောင်တင်ကို ကြာရကောင်းလားဟု အပြစ်ဆိုစကားပြောသည်။ ပြီးလျှင် သူသည် သူ့သေတ္တာထဲမှ လျှော်ဖွပ်မီးပူထိုးထားသော လက်ကိုင်ပဝါအဖြူတစ်ထည်ကို ကသုတ်ကရက် ဆွဲထုတ်လျက် အခန်းထဲမှ အပြေးပြန်ထွက်သွားလေတော့သည်။

ဤတွင် သူ့အဖို့ ပဝါဖြူကို ရှာယူစရာမလိုတော့သော မောင်တင်သည် ရယ်ရွှင်သံကလေးများဖြင့် လျှံနေသော ညှော်ခန်းဆီသို့ လျှောက်ထွက်သွားလိုက်သည်။

ညှော်ခန်းထဲသို့ မောင်တင်ရောက်သွားသောအခါ စောစောတုန်းက သူကြားနေရသော မိန်းမပျိုလေးများထံမှ ရယ်သံကလေးများ ရုတ်ခြည်းပျောက်သွားတော့သည်။

သူတို့သည် တစ်စုံတစ်ခုကို အထူးသဘောကျကျေနပ်စွာဖြင့် တိုးတိုးတိတ်တိတ် ကြိတ်ပြောကာ ရယ်မောနေရာမှ ရုတ်တရက်ကျွန်တော်ကြီးတစ်ခွဲသားနှင့် ပြုန်းခနဲရောက်သွားသော မောင်တင်ကို လှမ်းကြည့်နေကြသည်။

သူကို လှမ်းကြည့်နေသော အနှီမိန်းမပျိုများကို မောင်တင်ကလည်း ပြန်ကြည့်လိုက်သည်။

ပြီးမှ သူကခပ်တည်တည် ပြောလိုက်သည်။

''ဒီညှော်သည်တွေဟာ ဘယ်လိုညှော်သည်တွေလဲဗျ။ သကြားပေါ့သလေး လက်ဖက်ခြောက်ဖတ်ပေါ်လောပျော့သလေးနဲ့၊ ဒါလောက်ကျီးကျောင်းများတဲ့ ညှော်သည်မျိုးကို တစ်ခါမှတောင် မတွေ့ဘူးပေါင်ဗျာ''

မောင်တင်ထံမှ မျှော်လင့်ထားပုံမရှိသောစကားများအတွက် မိန်းမပျိုညှော်သည်များသည် အံ့အားသင့်သွားကြဟန်ရှိသည်။

သူတို့မျက်လုံးကလေးများ ဝိုင်းလျက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်နေကြသည်။

သူတို့သုံးယောက်ကို မောင်တင်ကလည်း ပြောလက်စအရှိန်ဖြင့် ဆက်ပြောလိုက်ပြန်တော့သည်။

''တကတဲ ဒါလောက် ကျီးကျောင်းများပြီး အားမနာပါးမနာတတ်တဲ့ ညှော်သည်မျိုးတွေ ပြန်ကြဗျာ၊ မြန်မြန်ပြန်ကြ''

မောင်တင်သည် သူ့စိတ်ထဲရှိသည့်အတိုင်း လွှတ်ခနဲပြောထွက်ပြီးနောက်မှ သူ့စကားများ လွန်သွားကြောင်း ရုတ်ခြည်း သတိရလိုက်မိသည်။

သည်အတွက် မိန်းမပျိုကလေးများထံမှ အချက်ကျကျနှင့် ကက်ကက်လန်တုံ့ပြန်လာမည့် ရန်တွေ့သံကလေးများကို ခံယူရန် အသင့်ပြင်ထားလိုက်သည်။

သို့ရာတွင် အံ့ဩစရာကောင်းလောက်အောင်ပင် မိန်းမပျိုများထံမှ ဘာစကားသံမျှထွက်ပေါ်မလာကြချေ။

ဘာများဖြစ်သွားပါလိမ့်ဟု လန့်စရာကောင်းလောက်အောင်ပင် သူတို့သုံးယောက်သား တိတ်ငြိမ်သွားခဲ့ကြသည်။ ခင်လှထွေးကပင်လျှင် မောင်တင်ကိုကြည့်၍ ခါတိုင်းလို တခစ်ခစ်ရယ်ဖို့ မေ့သွားပုံရှိသည်။

သို့ပေမင့် သိပ်တော့မကြာလှ။ ရုတ်တရက်ပြန်ပြီး လှုပ်ရှားလာကြသည်။

မိန်းမပျို ညှော်သည်သုံးယောက်သည် ကြိုတင်တိုင်ပင်ထားခဲ့ကြသလို ထိုင်ရာမှဖြုတ်ဆို ပြိုင်တူထရပ်လိုက်ကြသည်။

ပြီးလျှင် သူတို့သုံးယောက်သားသည် အကြီးဆုံး ခင်လှအေး ခေါင်းဆောင်လျက် သူတို့ကို ခပ်တည်တည်နှင်ထုတ်နေသော မောင်တင်၏ ရှေ့မှာကျွန်တော်ရရ ထွက်ခွာသွားကြလေတော့သည်။

''ဟဲ့ ညှော်သည်တွေကော ဘယ်ရောက်ကုန်လဲ''

ရုတ်တရက်မေးလိုက်သော ဒေါ်မမ၏အသံကြောင့် ညှော်ခန်းတွင် တစ်ယောက်တည်း အငူသားရပ်ကျန်ခဲ့သော

မောင်တင်လည်း ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ဒေါ်မမနှင့်အတူ ကိုသင်ကိုပါ မောင်တင်တွေ့လိုက်ရသည်။

ကိုသင်၏ လက်ထဲတွင်ကား သူ့ပဝါဖြူဖြင့် အသေအချာစစ်ပြီးသွားခဲ့ဟန်ရှိသော လက်ဖက်ရည်ပန်းကန်များကို လင်ဗန်းတစ်ခုတွင်ထည့်ကိုင်ထားနေလေသည်။

ဒေါ်မမသည် လူရှင်းနေသော သူ့အိမ်ညှော်ခန်းကို ထူးဆန်းနားမလည်စွာကြည့်ကာ မောင်တင်ကို မေးလိုက်ပြန်တော့သည်။

''ဟဲ့သား မောင်တင်၊ ညှော်သည်တွေ ဘယ်ရောက်ကုန်တုံး ဟင်''

မောင်တင်သည် ရုတ်တရက် အဖြေရခက်သွားကာ ဒေါ်မမနှင့် ကိုသင်ကို တစ်လှည့်စီ ကြည့်လိုက်သည်။

ပြီးမှ မတတ်သာဘဲ ဖြေလိုက်ရတော့သည်။

''ဂိုးများလွန်းတဲ့ ညှော်သည်တွေကို ခင်ဗျားတို့ပြန်ကြတော့ဗျာလို့ ကျွန်တော်နှင်လွှတ်လိုက်မိတယ် ဒေါ်ဒေါ်''

''အို ဘုရားသခင်''

ဒေါ်မမခမျာ မောင်တင်ထံမှ အဖြေစကားအတွက် အလန့်တကြား ဘုရားတလိုက်ရှာလေသည်။

ပြီးမှ မောင်တင်အပေါ် မဆိုစဖူး ဆိုမြည် အပြစ်တင်လိုက်တော့သည်။

''မိုက်လှချည်လား မောင်တင်ရယ်၊ ကိုယ့်အိမ်ကို တကူးတက လာလည်တဲ့ညှော်သည်ကို ဒီလိုပဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်ရသလားကွယ့်၊ ဟင် ပြီးတော့ တခြားလူလဲ မဟုတ်ဘူး၊ ဝန်ထောက်ကြီးရဲ့ သမီးပျိုကလေးတွေကိုများကွယ်၊ ဖြစ်မှဖြစ်ရတယ်''

ဒေါ်မမသည် အတော်ကလေးစိတ်ညစ်သွားဟန်ဖြင့် တဖျစ်တောက်တောက် ဆိုမြည်ရေရွတ်နေလေသည်။

ထိုအခါ မောင်တင်လည်း သူ့ဒေါ်ဒေါ် စိတ်ညစ်အောင်လုပ်မိသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

သူ့အပြုအမူအတွက်လည်း ယခုမှပြန်တွေးကာ ခင်လှအေးတို့ညီအစ်မတစ်စုကို အားနာသွားချင်ပြန်သည်။

မိန်းမပျိုတစ်စုကို ယခုကဲ့သို့ ပြုမူလိုက်မိခြင်းအတွက်လည်း သူ့ကိုယ်သူ မောင်တင်ရုတ်တရက် ပြန်အံ့သြသွားမိသည်။

သူသည် စိတ်မကောင်းခြင်း၊ အားနာခြင်း၊ အံ့သြခြင်းများ စုပေါင်းလျက် ဒေါ်မမကို တောင်းပန်လိုက်လေသည်။

''ကျွန်တော့်အပြုအမူ ရိုင်းစိုင်းသွားတယ်ဆိုရင် တောင်းပန်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ တကယ်တော့ ဒီလိုပြုမူပြောဆိုဖို့ ကျွန်တော် မရည်ရွယ်ခဲ့ပါဘူး''

မောင်တင်က သူပြုမူမိခဲ့ချက်အတွက်လည်း ရှင်းပြလိုက်သည်။

''ဒါပေမဲ့ သူတို့က ကျွန်တော်တို့ကို သက်သက်အရှူးလုပ်ပြီး လှောင်ပြောင်နေကြတော့ ကျွန်တော်လဲ ရုတ်တရက် စိတ်တိုပြီး မရည်ရွယ်ဘဲနဲ့ ပြောထွက်သွားမိခဲ့တာပါ ဒေါ်ဒေါ်''

''အေး အေး မင်းက မရည်ရွယ်ဘဲနဲ့ ပြောထွက်သွားခဲ့တာ အရေးမကြီးပါဘူး၊ ကလေးမကလေးတွေကို အားနာစရာကောင်းတာကသာ အရေးကြီးတာ၊ ဝန်ထောက်ကြီးတို့သိများသွားရင်လဲ ဘယ်ကောင်းနိုင်ပါ့မလဲ၊ ဘယ်လောက်များ မျက်နှာပူစရာကောင်းလိုက်သလဲ မောင်တင်ရယ်''

ဒေါ်မမ ဆိုမြည်ရေရွတ်သမျှ မောင်တင်က ဘာမှဆင်ခြေဆက်ပေးမနေဘဲ ငြိမ်သက်စွာသာ ခံယူနေလိုက်တော့သည်။

''မင်းဟာလေ ကောလိပ်ကျောင်းသား လူပျိုလူရွယ်ကလေးတစ်ယောက်အနေနဲ့ မိန်းကလေးတွေရဲ့ အရိပ်အကဲကို ဖမ်းတတ်ဖို့သင့်ပါတယ်၊ မိန်းကလေးတွေဟာ ကိုယ့်ကိုခင်လို့မင်လို့ ပျော်ပျော်ပါးပါး ကျီစားတာလား ဘာလားဆိုတာ၊ ခုတော့ ပြောမပြောချင်တော့ပါဘူးကွယ်''

ဒေါ်မမကသာ ယူကျုံးမရစွာနှင့် မဆုံးနိုင်အောင် တဖျစ်တောက်တောက် လျှောက်ပြောနေသော်လည်း ကိုသင်ကား ဘာတစ်ခွန်းမျှ ဝင်မပြော။ သူ့ပုံစံအတိုင်း ငြိမ်တိတ်နေသည်။

သို့ရာတွင် ကိုသင်၏မျက်နှာ ခပ်ညှိုးညှိုးကမူ သူကြိုးစားပမ်းစား ဖျော်ပြီးသွားခဲ့သော သူ့လက်ရာလက်ဖက်ရည်များအား မိန်းမပျိုညှော်သည်များကို တိုက်ကျွေးခွင့် မရလိုက်သဖြင့် အတော်ကလေး ဝမ်းနည်းစိတ်မကောင်းဖြစ်နေသလိုတော့ ရှိလေသည်။

ထိုအပြင် မကြည်မလင် ဖြစ်သွားသော ကိုသင်၏ မျက်လုံးများကလည်း မောင်တင်၏ အပြုအမူကို မကျေမနပ် ငြိုငြင်သလို ရှိနေပြန်လေသည်။

ထိုသို့ သူ့အဒေါ်နှင့် အစ်ကိုတို့၏ စိတ်များကို ယခုလို ထိခိုက်ခံစားသွားရအောင်ပြုမူမိခဲ့သည့် မောင်တင်လည်း အတော်ကလေး စိတ်မကောင်း ဖြစ်သွားမိသည်။

သို့သော်လည်း အမှုမှာ လွန်သွားခဲ့ပြီဖြစ်သောကြောင့် ဘယ်လိုမှ ဘွာခတ်ကာ ပြန်လည်ပြုပြင်နိုင်ခြင်းငှာ မောင်တင်မစွမ်းသာတော့ချေ။

သူ့အဖို့ ကိုယ့်ပြစ်မှုနှင့်ကိုယ် အသာကလေး ငြိမ်ကုပ်နေရန်သာ ရှိလေတော့၏။

## (ယ)

မောင်တင်သည် သူ့အိမ်မှာသူ တစ်နေကုန်ငြိမ်ကုပ်ကာ သက်သက်သာသာ နေနိုင်ခဲ့သော်လည်း ညနေစောင်း၌ ဝန်ထောက်ကြီးအိမ်သို့ ထမင်းသွားစားရန်အပြုတွင် သူ့ရင်မှာ ရုတ်တရက် လှုပ်ရှားသွားမိလေသည်။

နေ့လယ်တုန်းက မညှာမတာ သူနှင်ထုတ်ခဲ့သော မိန်းမပျိုကလေးများအိမ်သို့ သွားရမှာကို သူစိတ်မရဲအောင် ရွံ့တွန့်တွန့်ဖြစ်သွားမိလေသည်။

ဒေါ်မမပြောသလို ဝန်ထောက်ကြီးတို့များ သိသွားလျှင်ဟူသော အတွေးကလေးဖြင့်လည်း မောင်တင်ရင်ဆိုင်ရမှာ မျက်နှာပူသွားပြန်သည်။

မိန်းမပျိုကလေးများက တစ်ပြန်တစ်လှည့် လက်စားချေကာ သူ့ကိုဝိုင်း၍ နှင်ထုတ်လျှင်လည်း အခက်ဖြစ်သည်။

သွက်သွက်လက်လက် ချက်ချက်ချာချာရှိလှသူ ခင်လှအေး ခေါင်းဆောင်သော သူတို့အဖွဲ့ကလေးက အားကောင်းကောင်းနှင့် နှင်မထုတ်ဘူးဟူ၍ မည်သူမျှမပြောနိုင်။

သူတို့သည် သူ့ကိုအိမ်မှနှင်ထုတ်ဖို့အကြောင်း မပေါ်ခဲ့လျှင်တောင် အငြိုးနှင့် တစ်မျိုးမျိုးကြံဖန်စီမံကာ သူ့ကို အရှုံးလုပ်ကောင်း လုပ်ကြပေလိမ့်မည်။

မောင်တင်သည် သူ့အတွေးကလေးများနှင့်သူ အကြောင်းပြကာ သည်ညနေ ထမင်းလိုက်မစားဘဲ အိမ်မှာ နေရစ်ခဲ့ရကောင်းမလားဟု စိတ်ကူးလိုက်မိသေးသည်။

သည်လိုဆိုပြန်တော့လည်း သတ္တိနည်းရာ ရောက်သွားမှာကို သူမခံနိုင်ပြန်။

သူတစ်ပါးကို ပြုရဲလျှင် ကိုယ့်အလှည့်ကျလည်း ခံရဲရမည်ဖြစ်သည်။

သူ့အဖို့ သတ္တိနည်းစွာ ရှောင်နေမည့်အစား လာမည့်ဘေးပြေးတွေ့လိုက်သည်ကမှ တအုံနွေးနွေး တွေးမနေရအောင် ပြေလည်ရှင်းလင်းသွားရမည် မဟုတ်ပါလား။

နောက်ဆုံး၌ မောင်တင်သည် သူ့ရင်ထဲတွင် မသက်မသာခံစားလှုပ်ရှားရင်း လွန်ခဲ့သော ရက်များအတိုင်း ဝန်ထောက်ကြီးအိမ်သို့ ထမင်းစားသွားလိုက်လေသည်။

သူသည် ဝန်ထောက်ကြီးတို့ အိမ်ထဲသို့ စိတ်မလုံမလဲဖြင့် ဝင်သွားလိုက်ရသည်။

ဘယ်လိုများ ရင်ဆိုင်ရမည်နည်းဟုလည်း သူ့စိတ်သူ အားခဲပြင်ဆင်ထားလိုက်သည်။

''ဟော''

ဝန်ထောက်ကြီးက အိမ်ထဲမှဆီး၍ အသံပြုလိုက်လျှင် သူ့ပြဿနာနှင့်သူ မောင်တင်ခမျာ လိပ်ပြာမသန့် လန့်ချင်သွားမိသည်။

သို့ရာတွင် သူက သူ့ပင်ကို ဟန်အတိုင်း ခပ်တည်တည်ပင် နေလိုက်သည်။

''ဆရာမတို့ရောက်လာကြပြီလား လာကြ လာကြ''

ဝန်ထောက်ကြီးက သူတို့ကို ဖိတ်ခေါ်ရင်း ဆက်ပြောလိုက်သည်။

''အခုပဲ ဆရာမရဲ့ တူတော်မောင်နဲ့ပတ်သက်ပြီး ပြောနေကြတာ''

ဝန်ထောက်ကြီး၏ စကားများက မောင်တင်၏ ရင်ကို ဒိတ်ခနဲ မြည်သွားစေလိုက်သည်။

ဒေါ်မမကို မသိမသာ လှမ်းကြည့်လိုက်သောအခါ အကြီးအကျယ် မျက်နှာပျက်လျက်ရှိသည်ကို တွေ့ရသည်။

ကိုသင်မူကား ခေါင်းကြီးကိုသာ တအားငုံ့ထားလေတော့သည်။

ထိုသို့ အသီးသီး အခြေအနေပျက်နေသော သူတို့သုံးယောက်သားသည် အထူးတိတ်ဆိတ်ငြိမ်သက်စွာပင် ညှော်ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။

မောင်တင်သည် အသံတိတ်ကာ လူကငြိမ်နေသော်လည်း သူ့ရင်ထဲမှကား လှုပ်ရှားအလုပ်များလျက် ရှိနေသည်။

အကယ်၍ နေ့လယ်က ပြဿနာအတွက် စွဲချက်တင်လာခဲ့လျှင် သူ့ဘက်မှ အချက်ကျကျ ပြန်လည်ထုချေ ရှင်းလင်းတင်ပြရမည် မဟုတ်ပါလား။

''ဆရာမတူတော်မောင်တွေ မောင်းမကန် မရောက်ဖူးသေးတာကို အလည်ပို့ပေးမလို့လေ''

ဝန်ထောက်ကြီး၏ နောက်ဆက်တွဲ ထွက်ပေါ်လာခဲ့ပြန်သောစကားများက မောင်တင်၏ရင်ထဲမှ ဒိတ်ခနဲမြည် သွားသော အလုံးကြီးကို ပြုတ်ကျသွားစေလိုက်သည်။

ဒေါ်မမ၏ ပျက်ပြယ်ခဲ့သော မျက်နှာကိုလည်း အပြုံးဖြင့်လက်သွားစေသည်။

ကိုသင်တစ်ယောက်မှာလည်း ယခုမှပင် ခေါင်းကလေး အနည်းငယ်ထောင်လာဖော်ရလေတော့၏။

''ကျုပ်တို့မိသားစုလဲ အပန်းပြေသွားနေကြဖို့ စိတ်ကူးစိစဉ်ထားနေကြတာနဲ့အတော်ပဲ၊ ဆရာမတို့ တူဝရီး သုံးယောက်လဲ တစ်ခါတည်း လိုက်ခဲ့ကြပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ ကျွန်မလည်း သူတို့ကို ပို့ပေးဖို့ စိတ်ကူးနေတာ အခုတော့ အတော်ပါပဲ''

ယခုမှပင် ဒေါ်မမခမျာ ယခင်ပုံစံ ပြန်ဝင်ကာ သူ့ထံမှ ကြည်သာချိုအေးသော စကားသံကလေးများ ကလည်း ရွှန်းရွှန်းဝေအောင် ပြောထွက်လာနိုင်ရှာတော့သည်။

''ဝန်ထောက်ကြီးတို့ မိသားစုနဲ့ဆိုတော့ စည်စည်ကားကား ပျော်ပျော်ပါးပါး သွားလာလည်ပတ်နိုင်ကြတာပေါ့ အတော်ပဲ အတော်ပဲ''

ဒေါ်မမသည် ဟန်ကလေးမျှဆောင်ဖို့ သတိမရအောင် လိုလိုလားလား လက်ခံသဘောတူလိုက်လေသည်။

သူသည် ဝန်ထောက်ကြီးနှင့် စကားဆိုရင်းမှ မောင်တင်ထံသို့လည်း တစ်ချက်လှမ်းပြုံးပြလေသည်။

ဒေါ်မမ၏ အပြုံးမှာ

''တော်ပါသေးရဲ့''ဟူသော သဘောပင်ဖြစ်လေသည်။

ဝန်ထောက်ကြီးတို့ မောင်နှံနှင့်ပတ်သက်၍ စိတ်အေးသွားခဲ့ရသလို ကာယကံရှင် မိန်းမပျိုကလေးများထံမှ တုံ့ပြန်လက်စားချေမှုများကိုလည်း မောင်တင်ဘာတစ်ခုမျှ မခံမယူရပြန်ချေ။

ခင်လှအေးတို့ ညီအစ်မတစ်စုသည် ထုံးစံအတိုင်း လှပ၊ ထုံမွှေးစွာဖြင့် ယခင်အတိုင်းပင် မောင်တင်တို့ကို ပျူပျူငှာငှာ ကျွေးမွေးပြုစုပေးကြလေသည်။

မောင်တင်ကသာ သူ့အတွေးနှင့်သူ စိတ်မရဲ လိပ်ပြာမသန့်ကာ လန့်ချင်နေသော်လည်း ခင်လှအေးတို့ ညီအစ်မသုံးဖော်မှာကား နေ့လယ်တုန်းက ဘာမှမဖြစ်ခဲ့သလို အပြုံးမပျက်ရှိနေကြသည်။

သူတို့၏ ပြုံးမျက်နှာ ဝင်းပပကလေးများက နေ့လယ်ကကိစ္စနှင့်ပတ်သက်၍ မောင်တင်အပေါ် ဘယ်လိုမျှ အာဃာတ မထားကြောင်းကို ရိုးသားစွာ ဖော်ပြနေကြလေသည်။

သည်အတွက် မောင်တင်၏ရင်မှာ ပေါ့ပါးသွက်လက်သွားလေသည်။

သို့ရာတွင် သူ့ရင်ထဲတွင် ဝေဒနာကလေးတစ်ခုကိုတော့ ဖုတုတုကလေး ခံစားလိုက်မိလေသည်။

ထို ဖုတုတု ဝေဒနာလေးတစ်ခုကား ထိုမျှ ရိုးသားလျက် စိတ်ထားကောင်းသော မိန်းမပျိုကလေးများအပေါ်သို့ မစဉ်းမစားပြုမူပြောဆိုမိခဲ့ခြင်းအတွက် သူ့ကိုယ်သူပြန်၍ မောင်တင် ရှက်သွားမိခြင်းပင်ဖြစ်သည်။

ထိုနောက်တော့ မောင်တင်တို့ သုံးယောက်သည် မူမပြောင်းသော ဝန်ထောက်ကြီးတို့ မိသားစုနှင့် ယခင် အတိုင်းပင် စားကြ သောက်ကြ ပြောကြဆိုကြနှင့် ရှိနေကြသည်။

ထိုသို့ ရှိနေခိုက်တွင် တစ်ဖက်ခန်းဆီမှ အသံစာစာကလေးတစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့လေသည်။

''ကြက်တူရွေး ခွေးကိုက်တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်''

အဆိုပါ အသံစာစာကလေးကို တခြားသူများကမူ သတိထားကြမိပုံ မရှိကြ။

မောင်တင်တစ်ယောက်သာ ဖျတ်ခနဲကြားလိုက်ကာ သူ့နာမည်လည်းပါလာသဖြင့် ဂရုစိုက်ပြီး နားထောင်နေလိုက်သည်။

ထိုအခါ အသံစာစာကလေးက ထွက်ပေါ်လာခဲ့ပြန်သည်။

''ကြက်တူရွေး ခွေးကိုက်တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်''

သူကြားသည်မှာ မမှားသလို အသံရှင်မှာလည်း ခင်လုထွေးကလေးသာဖြစ်ကြောင်း မောင်တင်ကောင်းကောင်း သိလိုက်လေသည်။

ထိုအခါ ကလေးစိတ် မပျောက်တစ်ပျောက်နှင့် အပျိုပေါက်စ ခင်လုထွေးကလေးသည် နွေလယ်ကကိစ္စနှင့် ပတ်သက်၍ သူ့အပေါ် စောင်းမြောင်းရေရွတ်ကာ နောက်ပြောင်နေခြင်းဖြစ်ကြောင်း မောင်တင်နားလည်လိုက်တော့သည်။

ထိုသို့ နားလည်လိုက်လျှင် မောင်တင်ပြုံးချင်သွားသည်။

သူသည် ပြုံးချင်သွားရာမှ ခင်လုထွေးကလေးကို မကျေမနပ်လည်းဖြစ်သွားမိပြန်သည်။

ခင်လုထွေးကလေးကို မောင်တင် ရုတ်တရက် မကျေမနပ်ဖြစ်သွားခြင်းမှာ သူ့ကိုစောင်းမြောင်း နောက်ပြောင်နေသောကြောင့်ကားမဟုတ်။ ရှိပြီးသား ကာရန်အလိုက်ကို တမင်ဖျက်ဆီးပစ်လိုက်သောကြောင့်သာဖြစ်လေသည်။

တကယ်တော့ ယခုခင်လုထွေးကလေး ရေရွတ်နေသော စာချိုးကလေးကို မောင်တင်တို့ ငယ်ငယ်တုန်းကလည်း ကောင်ကလေးတွေစုရုံး၍ ရေရွတ်နောက်ပြောင်ခဲ့ကြဖူးသည်ပင်ဖြစ်သည်။

သို့ရာတွင် မောင်တင်တို့က ခင်လုထွေးလို ကာရန်ကို ဖျက်၍မဆို အမှန်အတိုင်း။

''ကြက်တူရွေး ခွေးကိုက်တယ်၊ ဟိုကောင်မလေး ငါကြိုက်တယ်''

ဟုသာ ရွတ်ဆိုခဲ့ကြသည်။

ယခု ခင်လုထွေးကလေး ရွတ်ဆိုနေသော ''ကိုက်''နှင့် ''ကောက်''ကာရန်မှာ နီးစပ်မှုမရှိအောင်ပင် ဝေးကွာကွဲလွဲလွန်းနေလေတော့၏။

သည်အတွက် မောင်တင်က လက်မခံနိုင်အောင် မကျေမနပ်ဖြစ်သွားမိသည်။

သို့ရာတွင် လူကိုမမြင်ရဘဲ အသံကိုသာ ကြားနေရခြင်းဖြစ်ရာ သူလက်မခံကြောင်း မကျေနပ်ကြောင်းကို ခင်လုထွေးသိအောင် မောင်တင်ဘယ်လိုမျှ မဖော်ပြတတ်ချေ။

ခင်လုထွေးကလေး၏ ရေရွတ်သံကို ကိုသင်လည်း သတိထားကြားမိသွားပုံရှိသည်။

သူသည် ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ် ရှိနေရာမှ မောင်တင်ထံ လှမ်းကြည့်ပြုံးပြလိုက်လေသည်။

ကိုသင်၏ အပြုံးမှာ

''ကိုင်း ဘယ့်နှယ်ရှိစ ရွာချင်လှတဲ့ ဆရာကြီး ရွာပါဦးလား''

ဟု ထေ့လိုက်ခြင်းဖြစ်လေသည်။

သို့ရာတွင် မောင်တင်သည် ကိုသင်၏ အပြုံးအထေ့ကို မမှုအားအောင် သူ့စိတ်ထဲမှာ အလုပ်များနေမိသည်။

အကယ်၍ ခင်လုထွေးမှာ မိန်းကလေးဖြစ်နေသောကြောင့်

''ကြက်တူရွေး ခွေးကိုက်တယ်၊ ကိုမောင်တင်ကလေး ငါကြိုက်တယ်''

ဟု မဆိုသင့် မဆိုထိုက် မဆိုဝံ့ မဆိုချင်ပါကလည်း ကာရန်အလိုက်ညီအောင်

''ကြက်တူရွေး ထိပ်ပေါက်တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်''

ဟု သူ့နာမည်ပါအောင် ထည့်သုံးနိုင်သည်ပင် ဖြစ်သည်။

'ပေါက်'နှင့် 'ကောက်'ကာရံညီတော့ ဘယ်လောက်ဆို၍ ကောင်းပါသနည်း။

ယခုတော့မူ သည်မိန်းကလေးသည် သက်သက်ဖျက်ဆိုခြင်း မဟုတ်လျှင် ကာရန်နဘေထပ်အောင် မစပ်တတ်၍သာ ဖြစ်ပေမည်။

ကာရန်ကို သက်သက်ဖျက်ဆိုခြင်းဆိုလျှင် သည်မိန်းကလေးမျိုးကို ကောင်းကောင်းဒဏ်တပ်အပြစ်ပေးရမည်။

မဟုတ်လို့ ကာရန်နဘေ မတတ်သောကြောင့်ဆိုလျှင်လည်း နောင်သည်လိုမဖြစ်အောင် တွေ့မှ သင်ကြားပေးလိုက်ရဦးမည်ဟု မောင်တင်သည် အတွေးကလေးများဖြင့် သူ့ရင်ထဲတွင် တေးထားလိုက်လေသည်။

ထိုနောက် အချိန်တန်လျှင် မောင်တင်သည် ဒေါ်မမ၊ ကိုသင်တို့နှင့်အတူ ဝန်ထောက်ကြီးတို့ အိမ်မှထပြန်ခဲ့တော့သည်။

''ကြက်တူရွေး ခွေးကိုက်တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်''

အိမ်ထဲမှထပြန်ခဲ့သော မောင်တင်ကို ခင်လှထွေး၏ အသံစာစာကလေးက နှုတ်ဆက်လိုက်ပြန်သည်။

သူကလေးကို နေနှင့်ဦးဟု မောင်တင်ကလည်း ထပ်ပြီးတေးထားလိုက်ပြန်သည်။

''ဟားဟား...ဟား...''

အိမ်ထဲတုန်းက အတော်အောင့်ထားနေခဲ့ရပုံရှိသော ကိုသင်က ဝန်ထောက်ကြီးတို့၏ ခြံဝင်းထဲမှ ထွက်ခဲ့လျှင်ပင် မောင်တင်ကို ကြည့်၍ရယ်လေတော့သည်။

ထိုအခိုက်မှာပင် ကိုသင်၏ရယ်သံကို ထိုးဖောက်ကာ ခင်လှထွေး၏ အသံစာစာကလေးက မကျေမနပ်ဖြစ်နေသော မောင်တင်၏နားထဲသို့အရောက် အတင်းပြေးလိုက်ခဲ့ပြန်လေသည်။

''ကြက်တူရွေး ခွေးကိုက်တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်''

## (င)

သာယာအေးချမ်းလှသော မောင်းမကန်ကမ်းခြေသည် မောင်တင်၏ စိတ်ကို အထူးပင် အပန်းပြေကာ ပျော်ရွှင်ကြည်မွေ့သွားစေလေသည်။

ကောင်းကင်ပြာပြာ ပင်လယ်ပြာပြာ၏ သဘာဝအလှကို တသသ ငေးမောရင်း သဲသောင်ပြန့်ပြန့်မှာ အနှံ့လမ်းလျှောက်ရသည်ကိုလည်း မောင်တင်သဘောကျလှတော့သည်။

ပင်လယ်ပြင်အား ဖြတ်တိုက်လာခဲ့သော လေအေးလေသန့်ကို အားရပါးရ ရှူရှိုက်ရသည်မှာလည်း သူ့အဖို့ နှစ်ခြိုက်စရာ ကောင်းလှလေသည်။

ယခုဆိုလျှင် မောင်တင်နှင့်အတူ ကိုသင်သာမက ခင်လှအေးတို့ ညီအစ်မသုံးဖော်တို့ပါ မနက်စောစောထ၍ လမ်းလျှောက်ရခြင်းကို အရသာတွေ့ သဘောခွေ့နေကြပြီဖြစ်သည်။

သူတို့သည် အပန်းဖြေခရီး ထွက်လာခဲ့ကြသူများပီပီ ဘာတာဝန်မျှမရှိဘဲ မနက်အစောကြီးထ၍ လမ်းလျှောက်ရင်း အရုဏ်တက် နေထွက်သည်ကို စောင့်ကြည့်ကြသည်။

သူတို့သည် လင်းအားကြီးမှစကာ နေဝန်းကြီးပြူထွက်လာသည်အထိ အရှေ့ဘက်ကောင်းကင်တစ်ခိုတွင် အင်အားကောင်းလှစွာ ပြောင်းလဲတောက်ပြောင်လာခဲ့တတ်သော မြင်ရခဲသည့် သဘာဝ၏ အလှအပများကို ရင်သပ်ရှုမောရသည်မှာ တအံ့တသြ ပြောမဆုံးအောင် ရှိမိကြလေသည်။

ထိုနောက် သူတို့သည် မျှော်မဆုံးအောင် ကျယ်ပြန့်လှသော သဲသောင်များပေါ်တွင် တစုတဝေး အပြေးပြိုင်ကြသည်။

ခရုကလေးတွေ အပြိုင်ကောက်ကြသည်။

ပင်လယ်ရေချိုးကြသည်။ လှိုင်းစီးကြသည်။

ဝမ်းဟာ၍ ဆာဆာရှိသောအခါကျမှ သူတို့သည် ဘိုတဲသို့ပြန်ပြေးကာ အလုအယက် စားသောက်လိုက်ကြလေတော့သည်။

မောင်တင်တို့ ယခုလာရောက် အပန်းဖြေနေသော မောင်းမကန်ကမ်းခြေတွင် တည်းခိုစရာ ဘိုတဲသုံးလုံးသာရှိလေသည်။

အစိုးရပိုင်တစ်လုံး၊ ခရစ်ယာန်သာသနာပိုင်တစ်လုံးနှင့် စိန့်ပေါလ်ကျောင်းပိုင်တစ်လုံးတို့ ဖြစ်ကြသည်။

အားလုံးထဲတွင် ယခုမောင်တင်တို့ တည်းခိုနေသော ခရစ်ယာန်သာသနာပိုင်ဘိုတဲမှာ အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရလေသည်။

သူတို့ဘိုတဲမှ မိုင်ဝက်လောက် ကွာဝေးသော ပင်လယ်ကမ်းနားကွေ့ချိုးကလေးတွင် တံငါများရှိကြသည်။

မောင်တင်သည် တံငါများထံသွားကာ ငါးကွမ်းရှပ်ငါးများကို လတ်လတ်ဆတ်ဆတ် ဝယ်လာပေးတတ်သည်။

အချက်အပြုတ်ကောင်း ခင်လှအေး၏လက်ရာ ငါးကွမ်းရှပ်စင်းကောချက်မှာ ရန်ကုန်ကောလိပ်ကျောင်းသား မောင်တင်အတွက် အရသာထူးကာ ခံတွင်းတွေ့လှတော့သည်။

သူတို့သည် စားသောက်၍ မိုက်လေးသွားကြလျှင် အနားယူကာ တရေးတမော အသီးသီး အိပ်ချင်အိပ်ကြသည်။

မဟုတ်လျှင်လည်း လက်ဖက်သုပ်၊ ချင်းသုပ်၊ ငါးခြောက်ဖုတ် စသည်တို့ဖြင့် အကြမ်းအိုး အလယ်ချကာ စကားဝိုင်းဖွဲ့ကြလေတော့သည်။

''ဒီနှစ် ထွေးတို့ မောင်းမကန်လာကြတာ ကစားဖော်စကားပြောဖော်အဖြစ် ကိုသင်တို့ ကိုတင်တို့ ပါလာခဲ့ကြလို့လား မသိဘူး။ ခါတိုင်းနှစ်တွေထက် ပိုပျော်သလိုပဲနော် မမအေး''

သူတို့အုပ်စုထဲမှ အငယ်ဆုံးဖြစ်သော လူရေပါးစပ်ရော အနားမပေးတမ်း ကစား၊ ရယ်မော၊ ပြောဆို၊ စားသောက်နေတတ်သော ခင်လှထွေးကလေးသည် သူ့ရင်၌ ဖြစ်ပေါ်ခံစားနေရသမျှတို့ကို မထိမ်မချန် ဟန်မဆောင်တမ်း ဖွင့်အန်တတ်လေသည်။

''ကိုတင်တို့ တော်တော်နဲ့မပြန်ဘဲ အကြာကြီးနေရင် သိပ်ကောင်းမှာ''

''အင်း အင်း နေပါလိမ့်မယ်၊ ကိုသင်တို့ ကိုတင်တို့ကဖြင့် အခုတောင် ရန်ကုန်ကို လွမ်းပြီးပြန်ချင်နေလှပြီ သိရဲ့လား''

ခင်လှထွေး၏ အရိုးခံစကားများကို သူ့အစ်မ ခင်လှအေးက အတည်ပေါက်နှင့် ဝင်ဖောက်တတ်ပြန်သည်။

''အဲဒါ ညည်းကလေး အခုပျော်ထားခဲ့ရသမျှ တော်ကြာ ကိုတင်တို့လည်းပြန်သွားရော တကတဲ ပျော်ရတာနဲ့ မကာမိအောင် လွမ်းပြီးငိုနေရလိမ့်မနော သတိထား အမိလေး''

''အို မမအေးကလဲ ဘာဖြစ်လို့ လွမ်းရ ငိုရမှာလဲလို့ မငိုပေါင် ဟင်း''

''ဟော ဟော ကြည့် မငိုပေါင်ဆို သူက အခုပဲ မဲ့လာနေပြီ တွေ့လား တွေ့လား''

''ဟင်းနော် မမမြင့်ကကော ဘာလဲ၊ သူများရယ်နေတာကိုများ ကဲ မတရားပြောဦး''

ခင်လှအေးစကားကို ဝင်ထောက်ပေးလိုက်သော ခင်ခင်မြင့်ကို ခင်လှထွေးကလေးသည် မခံချင်ဖော ဒေါသလေးဖြင့် လှမ်းထုလိုက်တော့သည်။

ခင်လှထွေးအဖြစ်ကိုကြည့်လျက် ကျန်လူအားလုံးက ဝိုင်းရယ်လိုက်ကြသည်။

ထိုအခါ ခင်လှထွေးကလေးခမျာ အများကြားတွင် တစ်ယောက်တည်းဖြစ်နေကာ ရှတ်တရက် ရှက်သွားသည့် မျက်နှာကလေးဖြင့် ငိုမလိုဖြစ်သွားရှာတော့သည်။

သူ့ကိုကြည့်လျက် အားလုံးက ပြိုင်တူဝိုင်းစလိုက်ကြပြန်သည်။

''ဟော ကြည့်ဟော့ ကြည့် ကောင်မလေးတစ်ယောက် ငိုရှိုငိုရှိ ဆန်တစ်ပြည် ငိုရှဲ့ငိုရှဲ့ ဆန်တခွဲ ပေးပါမရွှေ''

''ဟင့် သူများကိုဝိုင်းစကြတာ တကယ်ငိုပစ်လိုက်မှာ သိလား''

အမြဲတမ်းလိုလို ရယ်မောနေတတ်လေ့ရှိသော ခင်လှထွေးကလေးသည် ယခုတွင် ထူးထူးခြားခြား စိတ်ကလေးတိုသွားကာ တကယ်ပင် ငိုတော့မလို မျက်နှာကလေး ညိုသွားရှာသည်။

သည်အတွက် အခြေအနေ ခက်မသွားကြစေရန် မောင်တင်က အချိန်မီ ဝင်ထိန်းပေးလိုက်ရလေသည်။

''ဟား နေဦး နေဦး ငိုရှိုငိုရှိဆိုတာ ထွေးကို တမင်စတာ မဟုတ်ဖူးခင်ဗျ။ ထွေးကို ကာရန်အစပ်အဟပ်ဘတ်အောင်လို့ စေတနာနဲ့ဝိုင်းပြီး သင်ပေးနေကြတာပါ''

''ဘာစေတနာနဲ့ ဝိုင်းသင်ပေးတာလဲ မလိုပါဘူး၊ ဒိငိုရှိငိုရှိကြီးများ သူများလဲ အဆိုတတ်သားနဲ့ဟာ ကာရန်စပ်တာများ ဘာခက်လို့လဲ''

ခင်လှထွေးကလေးသည် နှုတ်ခမ်းကလေးစူစူ ပါးကလေးပူပူနှင့် မောင်တင်ကိုပါ မကျေမနပ် ရန်ထောင်လိုက်သည်။

''ဟင် ထွေးကာရန်ညီအောင် စပ်တတ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ အလကား မယုံဘူး''

''အမယ် ကိုတင်က ဘာလဲ၊ သူများက ကိုတင်တို့လို ကောလိပ်ကျောင်းသူကြီး မဟုတ်လို့ အထင်သေးတယ် ပေါ့လေ ဟုတ်လား''

''ထွေးကို ကောလိပ်ကျောင်းသူကြီး မဟုတ်လို့ အထင်သေးတာ မဟုတ်ပါဘူးဗျာ၊ ထွေးပါးစပ်က အများ မှား အယွင်းယွင်း ဆိုခဲ့တာကို ကြားဖူးလို့ ပြောရတာပေါ့''

''ဘယ်တုန်းက ကြားဖူးလို့လဲ ပြောပါဦး''

ခင်လှထွေးသည် ရုတ်တရက် မျက်မှောင်ကလေးချိကာ စဉ်းစားရင်း ပြန်မေးလေသည်။

သည်အတွက် မောင်တင်က အဖြေပေးလိုက်ရသည်။

''ဟိုတစ်ခါဆိုခဲ့တာလေ ကာရန်တွေ ဖောက်ထိုးမိုးမျှော်ဖြစ်ပြီး ပျက်စီးကုန်အောင် ကြက်တူရွေး ခွေးကိုက် တယ်၊ ကိုမောင်တင်လေး စိတ်ကောက်တယ်လို့လေ''

မောင်တင်၏အပြောတွင် ကိုသင်နှင့်ခင်လှအေးတို့က တသောသော ရယ်မောလိုက်ကြတော့သည်။

''အို ဟင်''

ခင်လှထွေးကလေးမှာလည်း ရှက်သွေးဖြန်းသော မျက်နှာကလေးဖြင့် ရောနှောရယ်မောလိုက်လေသည်။

''ဒါကတော့ ကိုတင်က စိတ်ကောက်ခဲ့တာကိုးလို့၊ စိတ်ကောက်ပြီး ထွေးတို့ကိုတောင် အိမ်ပေါ်က နှင်ချခဲ့ သေးတယ်မဟုတ်လား။ နော် မမအေးရယ် နော်''

ခင်လှထွေးသည် ရှက်ကိုးရှက်ကန်း အပြုံးပန်းကလေး ပွင့်လန်းရင်း သူ့အစ်မ ခင်လှအေးကိုပါ စစ်ကူတောင်း လျက် မောင်တင်အပေါ်စွဲချက်တင်လိုက်တော့သည်။

သူ့ကို ခင်လှအေးကလည်း မဆိုင်းမတွ ချက်ချင်းပင်ထောက်ခံသမှုပြုပေးလိုက်သည်။

''အေးပေါ့ ဟုတ်တာပေါ့''

''ကဲ လေ ဘာပြောချင်သေးလဲ''

သူ့အစ်မ၏ ထောက်ခံပေးမှုတွင် ခင်လှထွေးကလေး အတော်ကျေနပ်သွားပုံရှိလေသည်။

သည်အခါ မောင်တင်လည်း ထိုစဉ်က သူ့ဘက်မှ လွန်သွားခဲ့မှုကို အခွင့်ကြုံခိုက် ဝန်ခံလိုက်ရသည်။

''ဟုတ်ပါပြီလေ အဲဒီတုန်းက ကိုတင်စိတ်ကောက်တယ်ပဲထားပါ၊ အဲဒီတုန်းက ကိုတင်မစဉ်းမစားနဲ့ ပြုမူ ပြောဆိုလိုက်မိတာ ရိုင်းလွန်းသွားခဲ့တဲ့အတွက်လဲ ကိုတင် အနူးအညွတ်တောင်းပန်ပါတယ်နော်၊ ကျေနပ်ခွင့်လွှတ် ကြပါ ဟုတ်လား''

''အို တောင်းပန်နေစရာမလိုပါဘူး ကိုတင်ရယ်၊ တကယ်တော့ အေးတို့ကိုက မိန်းကလေးတွေတန်မယ့် မဆင်မခြင်နဲ့ တစ်ဖက်သား မသက်မသာ အနေခက်အောင် ကျီစားသန်လွန်းခဲ့တာ မဟုတ်လား''

အစကတည်းက ကျေနပ်ခွင့်လွှတ်ထားနေခဲ့ကြသော ခင်လှအေးတို့ ညီအစ်မတစ်စုက ရွှင်ချိုသော အပြုံး ကလေးများဖြင့် တုံ့ဆိုကြလေသည်။

သည်အခါ မောင်တင်လည်း ချော်လဲရောထိုင်ကာ ပြောလိုက်ရပြန်တော့သည်။

''အင်း အင်း ကိုယ်ကတော့ အကျီစားသန်လွန်းခဲ့ပြီး ကိုယ့်ကိုပြန်ပြီး ခပ်တည်တည်နဲ့ အကျီစားအသန်ခံ ရတော့ ဘာဖြစ်လို့ အမိတို့က တကယ်ထပြန်သွားခဲ့ကြတာလဲ ဟင်''

''မပြန်လို့ ကိုတင့်မျက်နှာကြီးက တကယ်ထမပြန်ရင် ရိုက်လွှတ်တော့မယ့်အတိုင်း ကြောက်စရာကြီး ဖြစ်နေခဲ့တဲ့ဟာကို''

''ဒီလောက်တောင်ပဲလား''

''ဒီလောက်တောင်ထက်တောင် ပိုသေး''

ခင်လှထွေးက အမူအရာကလေးနှင့် ပြန်ပြောလိုက်လျှင် အားလုံးရယ်လိုက်မိကြလေသည်။

''အဟင်း အဲဒါ ဒေါ်ဒေါ်နဲ့ ကိုသင်တို့က လက်ဖက်ရည်တွေစစ်ပြီး ယူလာခဲ့လို့ အမိတို့ တစ်တွေကို မတွေ့ရတော့ ကိုတင်အဆူခံရတာပေါ့''

''နည်းတောင် နည်းသေးတယ်''

''ကောင်းတယ် ဝမ်းသာတယ်''

''အင်း အင်း ဝမ်းသာပါ၊ ဒါပေမဲ့ ကိုယ့်ဗမာစာပေကို ကာရန်ပျက်အောင် ဖျက်ဆီးပစ်ခဲ့တဲ့ ထွေးကိုတော့ ဒဏ်တပ်ပြီး အလျော်ပြန်တောင်းရမယ်၊ ကဲ ဘယ့်နှယ်ရှိစ''

မောင်တင်က စောစောတုန်းက စကားဆက်ကို ပြန်ကောက်လိုက်လျှင် ခင်လှထွေးလေးခမျာ ရှက်သွေး ကလေး ဖြာသွားရရှာပြန်လေတော့သည်။

သူသည် ရှက်ပြုံးကလေးဖြင့် ပြန်ပြောသည်။

''အမယ် ဘာရမလဲ မလျော်နိုင်ပေါင်''

''မရော့်လို့ ဘာရလိမ့်မလဲ အတင်းတောင်းမှာပေါ့၊ ဘယ့်နှယ်ဗျာ မှန်နေတဲ့ကာရန်ကို ပျက်စီးအောင် ဖျက်ဆိုရတယ်လို့''

မောင်တင်ကလည်း စလို့ကောင်းကောင်းနှင့် ဆက်စလိုက်သည်။

''တကယ်ဆို လူကို စိတ်ကောက်ရကောင်းလားနဲ့ စာချိုးချင်ရင်လဲ ကောက်ဆိုတဲ့ ကာရန်ညီအောင် ကြက်တူရွေး ခဲနဲ့ပေါက် ကိုမောင်တင်ကလေး စိတ်ကောက်ကောက်လို့၊ ကြက်တူရွေး ထိပ်ပေါက်တယ်... ကိုမောင်တင်ကလေး စိတ်ကောက်တယ်...နဲ့ဆိုပေါ့။ ခုတော့ ကြက်တူရွေး ခွေးကိုက်တဲ့ကာရန်နဲ့ ကိုမောင်တင် ကလေး စိတ်ကောက်တဲ့ ကာရန်ဟာ တစ်ခုနဲ့တစ်ခု ဘယ်လောက်တောင် နီးစပ်သလဲဆိုရင် အရှေ့နဲ့အနောက်၊ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းအတိုင်းပဲလေ တကတဲ''

မောင်တင်၏ နှိုင်းယှဉ်တင်ပြချက်ကို အခြားသူများနှင့်အတူ ခင်လှထွေးကလေးလည်း မနေနိုင်ပဲ သူ့ဟန် ကလေးအတိုင်း အတောမသတ်အောင် တသောသော ရယ်မောလိုက်လေတော့သည်။

မောင်တင်သည် သူတို့လူငယ်အချင်းချင်း စုဝေးမိသည့်အခါများ၌ လူငယ်တို့ဘာဝ ပျော်ပျော်ပါးပါး နောက် ပြောင်ရယ်မောပြောဆိုနေတတ်သော်လည်း လူကြီးသူကြီးများနှင့် စကားဆွေးနွေးရချိန်များတွင်မူ သူသည် လုပ်မယူရဘဲနှင့် အလိုအလျောက် တည်ကြည်လေးနက်သွားစမြဲဖြစ်လေသည်။

လူကြီးသူကြီးများဆိုရာ၌လည်း ဝန်ထောက်ကြီးတစ်ယောက်တည်းနှင့် ဆွေးနွေးပြောဆိုဖြစ်သည်ကသာ များလေသည်။

သူနှင့် ဝန်ထောက်ကြီးသည် စာပေပညာရေးနှင့် ဘာသာရေးအကြောင်းများကိုပါလည်း အများအပြား ဆွေးနွေးဖြစ်ခဲ့တတ်ကြသည်။

မောင်တင်သည် သူဝါသနာပါရာ စာပေပညာရေးနှင့် ပတ်သက်လျှင် ဝန်ထောက်ကြီးနှင့် အမီလိုက်၍ အတုံ့အပြန် ဆွေးနွေးပြောဆိုလေ့ရှိသော်လည်း ဘာသာရေးနှင့်ပတ်သက်လျှင်မူ ဖြူသည် မည်းသည် ဘာတစ်ခွန်း မျှမပြော။ ဝန်ထောက်ကြီးပြောသမျှ ငြိမ်ပြီးသာ နားထောင်နေလိုက်သည်။

သူ့ကိုကြည့်၍ အားမရ ဖြစ်သွားပုံရှိသော ဝန်ထောက်ကြီးက မောင်တင်ကို မေးခဲ့ဖူးလေသည်။

''မောင်ရင် ဘာသာရေးကို သိပ်စိတ်မဝင်စားဘူးလားကွယ့်''

''စိတ်တော့ဝင်စားပါတယ် ခင်ဗျာ''

အမေးရှိလာ၍ မောင်တင်လည်း ဖြေလိုက်ရသည်။

''ဒါပေမဲ့ ဘာသာရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြနိုင်လောက်အောင် ကျွန်တော်မလေ့လာမိ၊ နားမလည်မိ သေးဘူးလို့ပဲ ထင်ပါတယ်''

ဘာသာရေးနှင့်ပတ်သက်လျှင် ဘယ်အခါ ဘယ်သူနှင့်မျှ မဆွေးနွေး မငြင်းခုံရန်ပြုထားခဲ့သော သူ့အဓိဋ္ဌာန် ပျက်ပြားမသွားစေရေးအတွက် မောင်တင်က ဝိနည်းရှောင်ကာ ဖြေကြားခဲ့ရလေသည်။

''ဒါနဲ့ တကယ်လို့ မောင်ရင် ဘီ–အေ အောင်သွားတဲ့အခါ မောင်ရင့်မိဘများကိုယ်စား တခြားတစ်ဦးတစ် ယောက်က ကြားဝင်တာဝန်ယူပြီး ဘိလပ်ကိုပို့ပေးမယ်ဆိုရင်ကောကွယ်၊ မောင်ရင် ဘယ်လိုသဘောရမလဲ''

စာပေပညာရေးအကြောင်းများ ပြောဆိုဆွေးနွေးကြရာမှ ဝန်ထောက်ကြီးက ရုတ်တရက် စကားဖြတ်ကာ မောင်တင်ကို သွေးတိုးစမ်းသလို မေးလိုက်သည်။

ဒေါ်မမ၏ ပြောပြထားချက်အရ ဝန်ထောက်ကြီးသည် သူ့သားများနှင့်အတူ သူ့မိတ်ဆွေတစ်ဦး၏ သား တစ်ယောက်ကိုလည်း တာဝန်ယူ၍ ဘိလပ်သို့ပို့ထားကြောင်း မောင်တင်သိရှိခဲ့ရသည်။

ဝန်ထောက်ကြီးသည် သူတာဝန်ယူထားသော မိတ်ဆွေ၏သား ဝတ်လုံအတတ်ကို အောင်ပြီးနောက် ပြန်

ရောက်လာသောအခါ သူ့သမီးအကြီး ခင်လှအေးနှင့် လက်ထပ်ပေးရန် စီစဉ်ထားသည် ဆိုသည်။

ယခုလည်း ဝန်ထောက်ကြီးသည် မောင်တင်ကသာ လက်ခံလျှင် တာဝန်ယူကာ ပို့ပေးလိုဟန်တူသည်။

သို့ရာတွင် သူ့ခံယူချက်နှင့်သူ အပြီးရှိနေခဲ့သော မောင်တင်ကလည်း သိပ်ကြီးစဉ်းစားမနေဘဲ ဝန်ထောက်ကြီး၏ အမေးကို အဖြေပြန်ပေးလိုက်လေသည်။

''ကျွန်တော် သူများနှာခေါင်းပေါက်နဲ့ အသက်ရှူဖို့ လုံးဝစိတ်မကူးပါဘူး ခင်ဗျာ''

မောင်တင်ထံမှ ထိုမျှပြတ်သားလိမ့်မည်ဟု မျှော်လင့်ထားပုံမရှိသော ဝန်ထောက်ကြီးသည် ရုတ်တရက် အံ့သြသွားသလိုရှိသည်။

ပြီးမှ မောင်တင်၏စိတ်ရင်းမနောကို သဘောကျသွားသလို မျက်နှာကြီးပြုံးလာရင်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံ ချီးမွမ်းလိုက်လေသည်။

''အင်း အင်း ဒါပေ့ါ၊ မောင်ရင့် စိတ်ဓာတ်ကို ချီးကျူးပါတယ်ကွယ်''

ထို့နောက် ဝန်ထောက်ကြီးနှင့် ပြောဆိုဆွေးနွေးခဲ့ပုံများအား မောင်တင်က ပြန်ပြောပြသောအခါ ဒေါ်မမက သူ့ကို မှတ်ချက်ချလိုက်တော့သည်။

''ဒေါ်ဒေါ့်တူက တယ်လဲ မာနကြီးသကိုးကွယ့်''

မောင်တင်က သူ့ကိုယ်သူ မာနကြီးသည်ထက် သူ့အစွမ်းအစကို သူယုံကြည်၍ သူ့အားသူကိုးခြင်းသာ ဖြစ်သည်ဟု ခံယူထားလေသည်။

မောင်းမကန်တွင် နေကြသည့်တစ်ချိန်လုံး မောင်တင်သည် လူငယ်ပိုင်းမှာသာ ပြောဆိုရယ်မောနေခဲ့သည်က များလေသည်။

သူတို့သည် စကားတွေ တဖောင်ဖောင်ပြောကာ တသောသောရယ်၍ မောသွားကြလျှင် ခင်လှအေး၏ အစီအမံဖြင့် ထမင်းလက်သုပ်၊ မဟုတ်လျှင်လည်း ကော်ဖီ၊ လက်ဖက်ရည်နှင့်ကိတ်မုန့်၊ ဘီစကစ်၊ ငှက်ပျောကြော်၊ ဘူးသီးကြော် စသည့်တစ်ခုခု၊ တစ်မျိုးမျိုးကို အမောပြေစားသောက်လိုက်ကြပြန်သည်။

ပြီးလျှင် သူတို့သည် ပင်လယ်လှိုင်းစီးသည့်အခါ စီးကြသည်။

တောင်ခြေရှိ ရေပူတွင်းသို့ တပျော်တပါးသွားကာ ရေချိုးသည့်အခါချိုးကြလေသည်။

ညအခါ လသာသာများတွင်မူ သူတို့အဖွဲ့သည် သဲသောင်ပြင်ဖွေးဖွေးကြီးတွင် ထုပ်ဆီးတိုးတမ်း၊ ဗုတ်တလုတ် ရိုက်တမ်း၊ လိပ်ဥဝှက်တမ်း၊ စိန်ပြေးတမ်း စသည်ဖြင့် တစ်ညတစ်မျိုး မရိုးအောင်ကစားလိုက်ကြပြန်လေသည်။

သူ့အဖို့ ကျောင်းစာတာဝန်များဖြင့်သာ သံသရာလည်နေခဲ့ရသော မောင်တင်သည် ယခုလို မောင်းမကန် ကမ်းခြေ၌ ဘာတာဝန်မျှမရှိဘဲ လွတ်လွတ်လပ်လပ် စားလိုက်၊ ကစားလိုက်၊ နားလိုက်ဖြင့် တကယ်ပင် အပန်းဖြေကာ ကြည်နူးနှစ်သိမ့်မိလေသည်။

သူ့ဖေဖေ ဦးဖေနှင့် ဦးလေးဦးထွန်းငြိမ်းတို့ ကွဲပြဲခွဲခွာခဲ့ကြသည့် အချိန်မှစ၍ သူ့စိတ်မှာ တတွေးတွေးဖြင့် ဆွေးမပြေဖြစ်နေခဲ့ရသော မောင်တင်သည် ယခုဝန်ထောက်ကြီးသမီးများနှင့် အပေါင်းအသင်းဖြစ်သွားရသောအခါ သူ့စိတ်တွင် ကွဲကွာနေသော ဆွေမျိုးသားချင်း သွေးရင်းညီအစ်ကို မောင်နှမများနှင့်သာ ပြန်လည်ဆုံစည်းရသည့် အလား ခံစားသွားလိုက်မိသည်။

ထို့ကြောင့် သူသည် ခင်လှအေးတို့ညီအစ်မတစ်စုကို သူ့ဆွေရင်းမျိုးချာ ညီအစ်ကိုမောင်နှမများပမာ ရင်းရင်း နှီးနှီး သွားလာနေထိုင် စားသောက်ပြောဆိုနေလိုက်မိလေသည်။

ထိုအခါ ထိုစဉ်က ဦးလေးဦးထွန်းငြိမ်း၏ ဒစ်ဂင်းအိမ်ကြီး၌ ဆွေမျိုးတစ်တွေစုကာ ဝမ်းကွဲညီအစ်ကိုမောင် နှမများ တရှန်းရှန်း၊ တပြုံးပြုံးနှင့် သီချင်းဆို၊ တယောထိုးခဲ့ကြတုန်းကကဲ့သို့ မောင်တင်၏စိတ်မှာ အထူးပင် ပျော်ရွှင်နှစ်သိမ့်မိလေတော့၏။

ထိုကဲ့သို့ သူ့စိတ်မှာ ပျော်ရွှင်နှစ်သိမ့်နေမိသော မောင်တင်သည် သူ့ရင်ထဲမှ သူ့ဆွေမျိုးများနှင့် ပတ်သက် ၍ တတွေးတွေး အဆွေးခံစားချက်ကလေးကိုပင် ရုတ်တရက် မေ့သွားလိုက်မိလေသည်။

သို့ရာတွင် နေ့ရက်၊ နာရီ၊ အချိန်ကာလ၏ ပိုင်းခြားသတ်မှတ်ချက်အရ တစ်ပတ်မျှ ပြည့်သွားသောအခါ ဝန်ထောက်ကြီးတို့မိသားစုနှင့်အတူ မောင်တင်တို့ တူဝရီး သုံးယောက်လည်း သာယာလှပ၍ ပျော်စရာအတိဖြင့် ပြီးနေသည့် မောင်းမကန်၏ ပင်လယ်ပြာပြာ၊ သောင်ပြင်ဖွေးဖွေးတို့ကို မျှော်ငေးရင်း ခွဲခွာကြရလေတော့သည်။

ထားဝယ်သို့ရောက်ပြီး နောက်တစ်ရက်တွင် မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်သည် ကောလိပ်ကျောင်းဖွင့်အမီ ရန်ကုန်သို့ ဆက်ပြန်ကြရပြန်လေသည်။

''နောက်နှစ် ကောလိပ်ကျောင်းကြီး ပိတ်တော့လဲ မောင်းမကန်မှာ ပင်လယ်လှိုင်းစီးပြီး ခရုကလေးတွေ သွားကောက်ကြရအောင်၊ ကိုသင်နဲ့ ကိုတင်တို့ လာခဲ့ကြဦးနော်''

ဝန်ထောက်ကြီးတို့ မိသားစုသည် ဒေါ်မမနှင့်အတူ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်ကို ပင်လယ်ဝအထိ လိုက်ပို့ပေးကြသည်။

ထို့နောက် အားလုံးကို နှုတ်ဆက်ကာ ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ မောင်တင်တို့ ထွက်သွားကြတော့မည် အပြုတွင် ခင်လှထွေးကလေးက ရုတ်တရက်မှာကြားလိုက်ခြင်း ဖြစ်လေသည်။

''ထွေးတို့ မျှော်နေမယ်နော်''

မောင်တင်သည် ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ လှမ်းတက်တော့မည့်ခြေကိုတန့်၍ ခင်လှထွေးကလေးကို လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ခင်လှထွေး၏ မျက်နှာကလေးသည် ဝမ်းနည်းလှိုက်ဖိုခြင်းဖြင့် ခပ်ညှိုးညှိုးရှိနေသည်ကို သတိထား တွေ့ရှိလိုက်ရလေသည်။

ကလေးတစ်ယောက်လို သူပြောချင်လျှင်၊ ရယ်ချင်လျှင် ဟန်မဆောင်တတ်ဘဲ ပြောခဲ့၊ ရယ်ခဲ့တတ်သော ခင်လှထွေးကလေးသည် ယခုသူတို့နှင့် ခင်ခင်မင်မင် သွားလာစားသောက်နေကြရာမှ မောင်တင်တို့က ရုတ်တရက် ခွဲခွာ၍ ပြန်သွားကြခြင်းအတွက်ကိုလည်း ဟန်မဆောင်တတ်ဘဲ ဝမ်းနည်းစိတ်မကောင်းဖြစ်နေပုံရှိလေသည်။

တကယ်၍ ယခုအချိန်၌သာ သူ့အစ်မ ခင်လှအေးက အကျီစားသန်သန်နှင့် နောက်ပြောင်လိုက်မည်ဆိုပါလျှင် ခင်လှထွေးသည် ကလေးငယ်တစ်ယောက်လို သေချာပေါက် ငိုရှိုက်လိုက်မည်ဖြစ်ကြောင်း မောင်တင်ကောင်းကောင်း သိထားလေသည်။

မောင်တင်ကဲ့သို့ပင် သူ့ညီမလေးအကြောင်းကို ကောင်းကောင်းသိထားပုံရှိသော ခင်လှအေးကလည်း ဘစ်ခွန်းမျှမဟဘဲ ငြိမ်လျက်တခြားစကားများကိုသာ ရှောင်ရှားပြောဆိုနေလေသည်။

တကယ်တော့ ခင်လှထွေးလောက် မဟုတ်ပေမည့် ယခုကဲ့သို့ ခင်မင်ပျော်ရွှင်နေကြစဉ် ရုတ်တရက် ခွဲခွာကြရခြင်းအတွက် မောင်တင်ကိုယ်နှိုက်လည်း ခံစားဝမ်းနည်းမိသားဖြစ်သည်။

ခင်လှထွေး၏ မျက်နှာညှိုးညှိုးကလေးကိုကြည့်ကာ မောင်တင်သနားသွားမိသည်။

သူသည် ခင်လှထွေးကလေး၏ အပြစ်ကင်းသော စိတ်အစဉ်ကလေးကို ရွှင်အေးချမ်းမြေ့သွားစေလိုလေ သည်။

ထိုကြောင့် သူ့ထံမှ အဖြေစကားအား စောင့်စားငံ့လင့်နေရှာသူ ခင်လှထွေးကလေးကို မောင်တင်က ပြုံးရွှင်စွာ ဖြေကြားနှစ်သိမ့်ပေးလိုက်မိသည်။

''ထွေးတို့က မျှော်နေမယ်ဆိုရင် ကိုတင်တို့ကလည်း ရောက်အောင်ကိုလာခဲ့မယ် စိတ်ချ''

''တကယ်နော်''

''နှစ်ကယ် နှစ်ကယ်''

မောင်တင်၏ အပြောက ညှိုးငယ်နေသော ခင်လှထွေး၏ မျက်နှာကလေးအား ပြုံးယောင်ကလေး သမ်းသွား စေလိုက်သည်။

မောင်တင်က အားရပါးရ ပြုံးရင်း ဆက်ပြောလိုက်ပြန်သည်။

''ရောက်အောင် လာပြီးတော့ ထွေးတို့နဲ့အတူ မောင်းမကန်မှာ ပင်လယ်လှိုင်းလဲသွားစီးကြမယ်၊ သောင်ပြင် မှာ ခရုတွေလဲကောက်မယ်၊ ပြီးတော့ ထုပ်ဆီးလဲ တိုးမယ်၊ စိန်လဲပြေးမယ်၊ နောက်တော့ စည်းကျော်ပြီး ထမင်း ချည်ပူလောင်တော့လဲ မလောင်ဘူးလို့ အတင်းငြင်းမယ်၊ မိတာကိုလဲ မမိဘူးလို့ အတင်းဘွာခတ်ပြီး ဖွတ်ငြင်းမယ်''

''ဟင် ကိုတင်ကြီးကလဲ မကောင်းဘူး''

သူမိုလ်ကျခဲ့မှုများကို မောင်တင်က ပြန်လည်ဖော်ထုတ်လိုက်လျှင် ခင်လှထွေးသည် ရှက်သွေးဖြင့် လှုပ်လှုပ် ရှားရှားကလေး ရယ်ပြုံးလိုက်ရှာလေတော့၏။

ထိုကဲ့သို့ ရှက်သွေးကလေးဖြင့် လှုပ်လှုပ်ရှားရှား ရယ်မောလိုက်သောအခါ ခင်လှထွေး၏ နုငယ်ရှုစဖွယ်

မျက်နှာလုလု ဝင်းပပကလေးသည် တိမ်စင်လပမာ ဝမ်းနည်းညှိုးနွမ်းရိပ်များမှ ရုတ်တရက်ကင်းလွတ် ကြည်မွတ်သွားလေသည်။

သည်အခါမှ မောင်တင်လည်း နှစ်သိမ့်ကျေနပ်စိတ်ဖြင့် ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ လှမ်းတက်နိုင်ခဲ့လေတော့သည်။


MKS PUBLISHING

# ၁၃

# သုတ္တဗေဒရှေ့ရေး နှင့် သုနှလုံးသားအရေး

ထားဝယ်မှ ပျော်ရွှင်နှစ်သိမ့်စွာ ပြန်ရောက်လာခဲ့သော မောင်တင်ကို သူဖြေဆိုထားခဲ့သည့် အိုင်–အေစာမေးပွဲ အောင်စာရင်းက အားရဝမ်းမြောက်ဖွယ်ရာ ဆီးကြိုလိုက်လေသည်။

မောင်တင်သည် ကြိုးစားအားထုတ်ထားခဲ့သည်နှင့်အမျှ သူ့ကိုယ်သူ ယုံကြည်စိတ်ချထားခဲ့သည့်အတိုင်း၊ အိုင်–အေ အောင်စာရင်းတွင် ပထမစွဲ၍ ထွက်လာသည်။

သည်အခါ မောင်တင်သည်၊ ဂျာဒင်း*ဆုကို ဆွတ်ခူးရရှိလိုက်ပြန်လေတော့သည်။

သူသည် ဂျာဒင်းဆုကိုသာမက ဒတ်စကောလားရှစ်ဆုကိုပါ တစ်လ ၁၅ ကျပ်မျှ ရရှိလိုက်ပြန်သေးသည်။

ဒတ်စကောလားရှစ်ဆုသည် အစိုးရအုပ်ချုပ်ရေးပိုင်းနှင့် မဆိုင်သော ခရစ်ယာန်သာသနာ၊ ဘာသာရေးပိုင်းမှ သီးသန့်ချီးမြှင့်သော ဆုတစ်ခုဖြစ်လေသည်။

ဒတ်စကောလားရှစ်ဆုမှာ ကလကတ္တား တက္ကသိုလ်တွင် ပါဝင်ဖြေဆိုကြသော ကုလား၊ ဗမာ၊ ကုလားကပြား၊ အင်္ဂလိပ်ကပြား အစရှိသူ လူမျိုးပေါင်းစုံရှိကြသည့်အထဲမှ ခရစ်ယာန်ဘာသာဝင်ကျောင်းသားများအတွက်သာ ထားရှိသော သီးသန့်ထူးချွန်ဆုဖြစ်သည်။

ထိုသို့သော သီးသန့်သတ်မှတ်ချက်တွင်လည်း မောင်တင်က ပထမစွဲ၍ အောင်မြင်ခဲ့ပြန်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပညာချွန်ဆုများကို တစ်ဆုပြီးတစ်ဆု ဆွတ်ခူးရင်း အိုင်–အေ အောင်ကာ၊ ဘီ–အေတန်းသို့ ရောက်သွားခဲ့သော မောင်တင်ကို ကောလိပ်မှ ဆရာများက သတိထားမိ၊ မျက်စိကျသွားကြပုံရှိသည်။

သူတို့သည် ဘီ–အေ တန်း၌ ဘာသာတွဲယူရေးအတွက် မောင်တင်ကို မဲဆွယ်ကြလေသည်။

ထိုသူများမှာ သချာပါမောက္ခဒေး[၁]နှင့် ပါဠိပါမောက္ခ ဂျူရိုဇယ်[၂]တို့ ဖြစ်ကြလေသည်။

---

* Sir John Jardine - ၁၈၈၁–၈၄ ခုနှစ်များ၌ မြန်မာနိုင်ငံ တရားရေးရာဝန်ရှင်တော်မင်းကြီး ဖြစ်သွားခဲ့သူ ဆာဂျွန်ဂျာဒင်း၏ဆု။ တစ်လ ၁၆ ကျပ် ရသည်။

၁။ Prof. Dey

၂။ Prof. M. Chas Duroiselle

''ဟော့မောင်တင်... မင်း ဘီ–အေမှာ သင်္ချာကိုယူကွာ၊ သင်္ချာတတ်မှ မင်းတကယ် လူတော်ဖြစ်မှာကွ စိတ်ကူးမလွဲနဲ့''

သင်္ချာပါမောက္ခဒေးက သူ့သင်္ချာဘာသာရပ်ကို သင်ယူရန် တိုက်တွန်းခဲ့သလို ပါဠိ ပါမောက္ခဂျူရီဖယ်ကလည်း မောင်တင်ကို ခေါ်တွေ့ဆွေးနွေးကာ ဆုံးဖြတ်ခိုင်းလေသည်။

''မင်း သေသေချာချာ စဉ်းစားဆုံးဖြတ်စမ်း မောင်တင်၊ မင်းဟာ အိုင်အေမှာ ပါဠိဘာသာကို အထူးတော်ခဲ့ရက်သားနဲ့ တခြားဘာသာလွှဲပြောင်းသင်ယူလိုက်မယ်ဆိုရင် ကိုယ့်ရဲ့တိုးတက်အောင်မြင်လာမယ့်ဘဝလမ်းခရီးကို ကိုယ်ပြန်ပြီး ဖျက်ဆီးရာရောက်သွားမှာပဲ၊ အဲဒါ မင်းအနေနဲ့ ထူးချွန်ပြီးသား တက်လမ်းကို ဆက်တက်သွားမလား၊ ပျက်စီးရာ လမ်းကြောင်းကိုပဲ ပြောင်းလိုက်မလားဆိုတာ အသေအချာ စဉ်းစားပြီးသာ ဆုံးဖြတ်ပေတော့''

မောင်တင်သည် ပထမတွင် သူ့ကိုလုနေသော ပါမောက္ခနှစ်ယောက်ကြားတွင် ဘယ်သို့ဆုံးဖြတ်ရမည်မသိအောင် ဝေခွဲမရဖြစ်သွားမိသေးသည်။

သို့ရာတွင် သိပ်တော့မကြာလှ။ မောင်တင်က စဉ်းစားကာ ဝေခွဲဆုံးဖြတ်လိုက်နိုင်ခဲ့လေသည်။

သင်္ချာဘာသာရပ်သည်လည်း အရာရောက် အရေးပါကြောင်းလည်း မောင်တင်လက်ခံသည်။

သို့သော် မောင်တင်၏ စိတ်မှာ ပါဠိဘက်မှာ ပိုသန်နေမိသည်။

ပါဠိစကားလုံးကလေးများကို ခက်ခက်ခဲခဲ ဖတ်ပြီးနောက် နက်နက်နဲနဲ စဉ်းစားတွေးခေါ်လျက် အနက်ဖော် အဓိပ္ပာယ်ပြန်ရသည်ကို မောင်တင်နှစ်သက်မိသည်။

ထိုသို့သော ပါဠိစကားလုံးကလေးများအား စူးစမ်းလေ့လာရသည်ကိုလည်း သူစိတ်ဝင်စားလေသည်။

ထိုကြောင့် သူသည် သူတတ်ပြီး၊ တော်ပြီးသား နှစ်သက်စိတ်ဝင်စားရာ ပါဠိဘာသာကိုသာ သင်ယူရန် ဆုံးဖြတ်လိုက်လေတော့၏။

မောင်တင်သည် ဘီ–အေ ပထမနှစ်ကို အောင်ပြီးနောက် ဂုဏ်ထူးတန်းအတွက်လည်း ပါဠိဘာသာကိုပင် အထူးယူလိုက်လေသည်။

ဘီ–အေ ဂုဏ်ထူးတန်းသားကြီး မောင်တင်သည် ကျောင်းစာများဖြင့်သာ ပိနေခဲ့ရာ ဒီဇင်ဘာကျောင်းကြီး ပိတ်ပေးလိုက်တော့မှပင် သက်သာကာ အနားရသွားရှာသည်။

ကျောင်းပိတ်လိုက်၍ အနားရသွားသော မောင်တင်အတွက် အပန်းဖြေခရီးထွက်စရာအကြောင်းကလည်း ကြုံကြိုက်လာခဲ့ပြန်သည်။

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ခရစ်ယာန်ဘာသာဝင်များအတွက် စုပေါင်းဘုရားရှိခိုးကြသော နယ်စည်းဝေးကြီးကို ပုသိမ်မြို့၌ ကျင်းပပြုလုပ်ရန် ရှိလေသည်။

ဤတွင် မောင်တင်၏ သူငယ်ချင်းတစ်ဦးဖြစ်သူ ပုသိမ်သား ကိုဖြိုးက သူ့ကို အဖော်ညှိကာ ဖိတ်ခေါ်လိုက်လေသည်။

''ဗျို့ကိုတင်ရ ဘုရားလဲဖူး လိပ်ဥလဲတူးဆိုသလို စည်းဝေးကြီးလဲတက်ရင်း ပုသိမ်လဲရောက်ဖူးသွားအောင် ကျုပ်အပြန်မှာ တစ်ခါထဲ အလည်လိုက်ခဲ့ဗျာ ဟုတ်လား''

ထိုအခါ ထားဝယ်သို့ အလည်တစ်ခေါက်သွားရောက်လိုက်ခြင်းဖြင့် အပန်းဖြေခရီးထွက်ရခြင်းကို အရသာတွေ့ ပျော်မွေ့သွားခဲ့သော မောင်တင်လည်း နှစ်ခါမခေါ်ရဘဲ သူငယ်ချင်း ကိုဖြိုးနှင့်အတူ ပုသိမ်သို့ လိုက်ပါသွားလေတော့သည်။

''ရေကောင်းမြေကောင်းဖြစ်တဲ့ ကျုပ်တို့ ပုသိမ်ကိုရောက်ရင် ကိုရင်တော့ မောင်ကြီး မပြန်နိုင်ဖြစ်သွားမှာ တောင်စိုးရတယ်ဗျ''

သူခေါ်ရာနောက်သို့ပါလာခဲ့သော မောင်တင်ကို ကိုဖြိုးက သူတို့မြို့ ပုသိမ်အကြောင်းအား ကြိုတင်ပြောကြား အမွှန်းတင်ထားနေလေသည်။

''ကျုပ်တို့ ပုသိမ်သားတွေဟာ ကျားကျားလျားလျား ခန့်ညားကြသလို ကျုပ်တို့ ပုသိမ်သူကလေးတွေဟာလဲ ရေဆေးငါးလို ဖြူဖြူဖွေးဖွေး ယဉ်ယဉ်ကျေးကျေးနဲ့ ချောချောလှလှ ကလေးတွေ ခင်ဗျာ့ရယ် ဟဲဟဲ''

''တကယ်ဟုတ်မှလဲပြောဗျနော် ကိုဖြိုး၊ တော်ကြာ အဟောနဲ့အပြောမညီလို့ အလျော်ပြန်ပေးနေရလိမ့်မယ် အဟင်း ဟင်း''


MKS PUBLISHING

သူတို့သည် ရေဝတီမြစ်ကြောင်းအတိုင်း မီးသင်္ဘောကလေးကို အေးအေးဆေးဆေး စီးလျက် မပျင်းအောင်လည်း စကားတွေ တဖောင်ဖောင် ပြောသွားလိုက်ကြလေသည်။

''အလျော်ပဲပြန်ပေးရမလား အစားပဲထပ်တိုးရမလားဆိုတာ ပုသိမ်ရောက်လို့ ပုသိမ်သူ အချောအလှကလေးတွေကိုတွေ့ပြီး မီးဖိုထဲက ထမင်းရည်ငှဲ့ရုံနဲ့ အိမ်ဦးခန်းအထိ မွှေးကြိုင် သွားတတ်တဲ့ ပုသိမ်ပေါ်ဆန်းမွှေးဆန်ကို စားမိတဲ့အခါတော့ ကိုရင်သိလာလိမ့်မပေါ့ ဟုတ်လား ဟားဟား''

ထို့နောက် ငဝန်မြစ်ကမ်းပေါ်၌တည်ရှိသော ပုသိမ်မြို့သို့ မောင်တင်ရောက်သောအခါ ကိုဖြိုးပြောခဲ့သည့်အတိုင်း ပုသိမ်သူ အချောအလှကလေးများကို တကယ်ပင် တွေ့ရလေသည်။

ထို့အတူ ပုသိမ်ဆန်ပေါ်ဆန်းမွှေးထမင်း၏ ထူးခြားသော သင်းပျံ့မှုရနံ့ကိုလည်း မောင်တင်မငြင်းနိုင်အောင် တွေ့ထိ စားသုံးလိုက်ရပြန်လေတော့သည်။

''ကဲ ဘယ့်နယ်လဲကိုရင်၊ ကျုပ်တို့ မြစ်ဝကျွန်းပေါ်က ပုသိမ်သားတွေနဲ့ ပုသိမ်က အစားအသောက် အနေအထိုင်တွေဟာ ကျုပ်ပြောခဲ့တာထက်တောင် မကအောင် ပိုနေသေးတယ်ဆိုတာ ကိုရင်မျက်မြင်ကိုယ်တွေ့ဖြစ်သွားပြီ မဟုတ်လားဗျ''

ကိုဖြိုးက သူ့ပုသိမ်မြို့နှင့် ပတ်သက်ကာ ဂုဏ်ယူကျေနပ်စွာ ပြောလာခဲ့ပြန်သည်။

မောင်တင်သည် ပထမစုပေါင်းဘုရားရှိခိုးဝတ်ပြုပွဲ စည်းဝေးကြီးကို တက်လိုက်သည်။

ပြီးလျှင် ကိုဖြိုး၏ လှည့်လည်ပို့ဆောင်ပေးချက်အရ မြစ်ဝကျွန်းပေါ်၏ မြို့တော်ဖြစ်သော ပုသိမ်မြို့ကို လည်ပတ် လေ့လာလိုက်လေသည်။

ပုသိမ်မြို့သည် မြို့တော်၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်အောင် တရားရုံး၊ ဂတ်၊ အချုပ်ထောင် အစရှိသည်များအပြင် မြူနီစပါယ်အထက်တန်းကျောင်း၊ အေ-ဘီ-အမ် မြန်မာအထက်တန်း၊ အေ-ဘီ-အမ် စကောကရင်အထက်တန်းနှင့် အေ-ဘီ-အမ် ပိုးကရင် အထက်တန်းဟူ၍ ပညာသင်ကျောင်းကြီးလေးကျောင်းလည်း ရှိလေသည်။

ရွှေတိဂုံ စေတီတော်ကြီးသည် ရန်ကုန်မြို့၏ အဓိကရဖြစ်သလို ပုသိမ်မြို့၌လည်း အစအဦးက အာသောကမင်းကြီး တည်ထားကိုးကွယ်လျက် 'ရွှေအန္ဒ'ဟု အမည်ပေးခဲ့ပြီးနောက် ပုဂံမှ နရပတိစည်သူမင်း တစ်ခါပြုပြင်မွမ်းမံကာ 'ထူပါရုံ'ဟု အမည်ပညတ်ခဲ့ရာမှ ယခုနောက်ဆုံး 'ရွှေမုဋ္ဌော'ဟု အမည်တွင်နေသော စေတီကြီးမှာလည်း မြို့လယ်ကုန်းမြေမြင့်ဝယ် ရွှေရောင်တပြောင်ပြောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ အဓိကရတည်ရှိနေသည်။

ဆန်စပါးကိုသာ အဓိက စိုက်ပျိုးရာ နယ်ပယ်ဖြစ်သော ပုသိမ်မြို့ဝန်းကျင်သည် ဆန်စက်များဖြင့် ပြည့်နှက်နေသည်။

ပင်လယ်ကူး သင်္ဘောများပင် ဝင်ရောက်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းမြို့ဖြစ်ပြီးနောက် မီးရထားလမ်းလည်း ပေါက်လျက်ရှိရာ ပုသိမ်မြို့သည် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် စည်စည်ကားကားရှိလှတော့သည်။

ပုသိမ်ထီးသည် ဥရောပတိုက်သား နိုင်ငံခြားအမျိုးသမီးများပင် အကြိုက်တွေ့အောင် နာမည်ကြီး မြန်မာ့ပစ္စည်းတစ်ခုဖြစ်နေသည် မဟုတ်ပါလား။

ပုသိမ်မြို့သူမြို့သားအတွက် နိုင်ငံခြားမှ အဆန်းအပြား ပစ္စည်းပစ္စယများ ဝယ်ခြမ်းနိုင်ရန် ရိုးကုမ္ပဏီ တိုက်ဆိုင်ကြီးကလည်း ဟည်းနေအောင် ရှိနေပြန်သည်။

ပုသိမ်စာတိုက် ပုသိမ်ကလပ်တို့မှာလည်း သီးခြားအဆောက်အအုံများအဖြစ် ခံ့ခံ့ထည်ထည် ရှိနေကြလေသည်။

တစ်ဖက်ကမ်းမှ မီးခိုးတလူလူ ထွက်နေသော ဆန်စက်ခေါင်းတိုင်များကို ညနေဆည်းဆာတွင် နောက်ခံထားကာ လှမ်းမျှော်ကြည့်ရှုရင်း ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက် လေညင်းခံလမ်းလျှောက်ရသည်မှာလည်း အေးအေးချမ်းချမ်း ရှိလှပေတော့သည်။

လတ်လတ်ဆတ်ဆတ်ရှိလှသော ငါးသား၊ ပုစွန်နှင့် အင်းရဲဘက်မှသာလာသည့် အင်းရဲ မျှင်ငါးပိကြော်အပြင် အရသာအရှိဆုံး အဆိမ့်ဆုံးဟု စာပင်ဆိုထားရသော ပုသိမ်မော်တင်စွန်းဆီမှ လိပ်ဥပြုတ်တို့ကလည်း မောင်တင်အတွက် ပုသိမ်မြို့ကို မမေ့နိုင်အောင် ဆွဲဆောင်ထားကြလေသည်။

ကိုဖြိုးသည် မောင်တင်ကို လိုလေသေးမရှိအောင် ပို့ဆောင်ကျွေးမွေးပြုစုပေးပြီးနောက် မပြန်မီနှစ်ရက်ခန့်အလို

တွင်မှ သူ့မြို့သူ့နယ်အတွက် ဂုဏ်တက်စွာဖြင့် အထက်ပါအတိုင်း မေးလာခဲ့ခြင်းဖြစ်လေသည်။

ကိုဖြိုးကို မောင်တင်ကလည်း အားကျမခံပြန်ပြောလိုက်သည်။

''အမယ်ဗျာ ကိုဖြိုးကလဲ တစ်ယောက်ထဲချည်း အသားသိပ်မယူချင်ပါနဲ့ဗျ။ တကယ်တော့ ကျွန်တော်လဲ ရေခံမြေခံကောင်းတဲ့ ခင်ဗျားတို့ မြစ်ဝကျွန်းပေါ် အဆက်အနွယ်ထဲကပါပဲဗျ''

''ဟုတ်လား ဆိုပါဦး၊ ခင်ဗျားက ဘယ်ဇာတိမို့လဲဗျ ကိုတင်ရ''

''ကျွန်တော့်ဇာတိချက်ကြွေ မွေးရပ်မြေကတော့ ရန်ကုန်တစ်ဖက်စွန်း အင်းစိန်မြို့ကလေးရဲ့ ပေါက်တော အရပ်ဖြစ်ပေမယ့် ကျွန်တော့်အဖေနဲ့ အဘိုးအဘွားတွေကတော့ မြစ်ဝကျွန်းပေါ်ကမှ နယ်နယ်ရရ နယ်ပယ်ဘက် ကတောင် မဟုတ်ဘူး ခင်ဗျရဲ့''

''အလဲ့ စာကတော့ တကယ်ဆိုတာပါပဲလား၊ ဆိုပါဦး ဘယ်နယ်ပယ်ကတဲ့တုံးဗျ''

ကိုဖြိုးက စိတ်ဝင်စားစွာ မေးလိုက်သည်။ သည်အခါ မောင်တင်ကလည်း ဖြေလိုက်တော့သည်။

''ဘယ်နယ်ပယ်ကတုံးဆို ရုပ်ချောသလို အပြောချိုပြီး ဂီတအနုပညာစာပေဘက်မှာလဲ ထူးချွန်ပြောင် မြောက်လို့ ရွှေဘိုမင်းကတောင် တော်ကောက်မြှောက်စားခံရတဲ့အတွက် အနောက်နန်းမတော်ရယ်လို့ ကျော်ကြား ထင်ရှားခဲ့တဲ့ မိဖုရားမမြလေးရဲ့ နယ်ပယ်ဒေသလေဗျာ''

''ဟား ဟား ဟား ဟား''

ကိုဖြိုးသည် တဟားဟား တအား ရယ်လေတော့သည်။

''တကယ်ပါပဲ ကိုတင်ရာ၊ ဟင်္သာတလို့ တစ်ခွန်းတည်းပြောလိုက်ရင် ပြီးမယ့်ဟာ၊ ဘယ့်နယ်ရန်ကုန်သားက အထက်အညာက စကားတောင်းစားကို အားကျပြီး တစ်မျှော်တစ်ခေါ်ကြီး ပြောပဲပြောတတ်လွန်းနိုင်ကောဗျာ ဟား ဟား''

''ဩော်ဗျာ ဒါကတော့ ခင်ဗျားက ခင်ဗျားတို့ ပုသိမ်သူ ပုသိမ်သားတွေနဲ့ ပတ်သက်ပြီး ဂုဏ်ယူမဆုံး ကြွားမဆုံးရှိနေတော့ ကျွန်တော်ကလဲ အားကျမခံ ရှာရှာကြံကြံတွေးပြီး ဟိတ်ကြီးဟန်ကြီးအကြောင်းအရာကို သိုင်းဝိုင်းချဲ့ထွင်လို့ ကြိုးစားပြန်ကြွားရတာပေါ့ဗျာ''

နှစ်ယောက်သားပြောကာ ရယ်မောလိုက်ကြပြန်သည်။

ပြီးမှ နှစ်ယောက်သား စကားဆက်လိုက်ကြပြန်သည်။

''အဘိုးအဘွားတွေကသာ ဟင်္သာတကဖြစ်ပေမယ့် ကျွန်တော်ကတော့ ဟင်္သာတဆိုတာကို တစ်ခေါက်မှ တောင် ရောက်ဖူးသေးတာ မဟုတ်ဘူးဗျ ကိုဖြိုးရ''

''ကိုရင်က ရောက်အောင်မှ မသွားခဲ့တာဘဲဟာ၊ ဘယ်ရောက်ဖူးမှာလဲ၊ အခု ဒီကိုတောင် ကျူပ်ကဆွဲခေါ်င် ချက်တွေ အမျိုးမျိုးပြပြီး အတင်းခေါ်လို့ ပါလာခဲ့တာ မဟုတ်လား''

''မှန်တယ် ကိုဖြိုး၊ ကျွန်တော်က ခရီးကဖင်း အသွားခဲသားဗျ။ ကျွန်တော့်တစ်သက်မှာ ညဥ့်အိပ်ညနေ ခရီးဝေးဝေး သွားခဲ့ဖူးတာဟာ ပထမဆုံးတစ်နှစ်က ထားဝယ်ဘက်ရောက်ခဲ့ပြီး အခု ခင်ဗျားအကြွားပိုတဲ့ အခု ဒီပုသိမ်ဟာ ဒုတိယအကြိမ်ပဲ ခင်ဗျ''

''ဒါဖြင့် တတိယအကြိမ်အဖြစ် ဟင်္သာတကို သွားလိုက်ဦးပေါ့ ကိုရင်ရ''

''ဟုတ်တယ် သွားတော့သွားရမှာပဲ၊ ကျွန်တော့်အဘိုးနဲ့အဘွားတို့ နှစ်ခြင်းယူခဲ့ကြတဲ့ ဟင်္သာတမြို့မြစ်ဆိပ် ကို တစ်နေ့တော့ ရောက်အောင်သွားကြည့်ဖို့ ကျွန်တော်စိတ်ကူးထားတယ်၊ ဘယ်နေ့ဘယ်အခါတော့ ရောက် သွားမယ် မသိဘူးလေ''

''ကိုရင် စိတ်ကူးထားတယ်ဆိုရင် ရှည်ရှည်ဝေးဝေး တွေးမနေနဲ့၊ အခု ဒီကအပြန်မှာ မီးရထားလမ်းက လှည့်ပြီးသာ ဝင်လိုက်ပေတော့၊ တစ်လက်စတည်းရောက်ဖူးသွားရော''

''အခုတစ်ခါတည်းလှည့်သွားဖို့တော့ အချိန်မရတော့ဘူးထင်တယ် ကိုဖြိုးရယ်၊ ကျွန်တော်က ဖေဖေနဲ့မေမေ တို့ကို ခရစ္စမတ်ရက်အမီ အိမ်အရောက်ပြန်ခဲ့မယ်လို့ ကတိပေးထားခဲ့မိတယ်ဗျ''

''ဘာဖြစ်လို့ အချိန်မရရမှာလဲကိုရင်ရယ် ပုသိမ်က ဟင်္သာတကို တစ်နေ့သဘော်နှစ်ကြိမ်ထွက်နေတဲ့ဟာ ပဲ၊ မနက်ရထားနဲ့လိုက်သွား တစ်ညအိပ်၊ နောက်တစ်နေ့ ရန်ကုန်ဆက်ပြန်ရင် ခရစ္စမတ်ရက်မှာ တိတိကျကျ အိမ်ပြန်ရောက်ရော မဟုတ်လား''

ကိုဖြိုးက ဘယ်သို့ပင် အစီအစဉ်ပြကာ တိုက်တွန်းနေသော်လည်း မောင်တင်ကမူ လမ်းတွင် ဘယ်ကိုမျှမဝင်တော့ဘဲ အိမ်သို့သာ တန်းတန်းမတ်မတ်ပြန်သွားမည်ဟု စိတ်ဆုံးဖြတ်ထားလိုက်သည်။

မောင်တင်၏ ဆုံးဖြတ်ချက်ကို မသိရှာသောကိုဖြိုးကမူ ဆက်ပြောနေလေသည်။

''ဟိုမှာကိုရင် တစ်ညဝင်တည်းဖို့အတွက် ကျွန်တော့်အဖေ မိတ်ဆွေဝန်ထောက်ကြီး ဦးဖိုးထွန်းကို စာရေးမိတ်ဆက်''

''ဘယ်သူ ဝန်ထောက်ကြီးဦးဖိုးထွန်း ဟုတ်လား''

ကိုဖြိုးစကား မဆုံးတတ်မိမှာပင် မောင်တင်က ဝင်ဖြတ်မေးလိုက်မိတော့၏။

''ဟို ထားဝယ်က ဝန်ထောက်ကြီး ဦးဖိုးထွန်းလားဗျ၊ ကိုဖြိုးဟုတ်လား''

''ဟုတ်တယ်လေ ထားဝယ်ကနေပြီး ဟသ်ာတကိုပြောင်းလာတာ သိပ်မကြာသေးဘူး''

ကိုဖြိုးက မောင်တင်၏ အမေးကို ဖြေသည်။ ပြီးမှ ပြန်မေးလိုက်သည်။

''ဘာလဲ ကိုရင်က သိလို့လား ဟုတ်လား''

''ဟုတ်ကဲ့ တစ်နှစ်က ထားဝယ်သွားလည်တုန်းက ကျွန်တော်တို့အဒေါ်နဲ့ပတ်သက်ပြီး သိလာခဲ့တာပါ''

မောင်တင်က စောစောတုန်းက အလောတကြီးဖြစ်သွားခဲ့မှုအား ပြန်လည်သတိထားရင်း ကိုဖြိုး၏အမေးကို ပြန်ဖြေလိုက်ရသည်။

သူ့ကို ကိုဖြိုးကလည်း ဝမ်းသာကျေနပ်စွာ ပြန်ပြောလိုက်လေသည်။

''ဟား ဒီလိုဆို ကိုရင့်အတွက် မိတ်ဆက်စာရေးပေးဖို့ မလိုတော့ဘူးပေါ့''

''ဟုတ်တယ် မလိုတော့ဘူး''

မောင်တင်သည် စောစောတုန်းက သူ့ဆုံးဖြတ်ထားချက်ကို ရုတ်ခြည်းပြောင်းလဲပစ်လိုက်သော အဖြေစကားအား ဖြေမိလျက်သား ဖြစ်သွားလေတော့၏။

## (က)

မောင်တင်အဖို့ ဟသ်ာတမြို့သို့ တစ်ခါမျှ မရောက်ဖူးခဲ့သေးသော်လည်း မြို့မျက်နှာဖုံးတစ်ဦးဖြစ်သူ ဝန်ထောက်ကြီးဦးဖိုးထွန်း၏ အိမ်ကို ရှာဖွေရာ၌ အခက်အခဲမရှိ ရောက်ရှိသွားခဲ့လေသည်။

မောင်တင်က အသံပြုလိုက်လျှင် အိမ်ကြီးထဲမှ အဒေါ်ကြီးတစ်ယောက် ထွက်လာခဲ့သည်။

အဒေါ်ကြီးကို မောင်တင်က လှမ်းမေးလိုက်သည်။

''ဝန်ထောက်ကြီး ဦးဖိုးထွန်း ရှိပါသလား ခင်ဗျာ''

''ဝန်ထောက်ကြီး ရုံးတက်သွားပါတယ်ရှင်''

အဒေါ်ကြီးက ဖြေလိုက်တော့မှ သည်ကနေ့မှာ ရုံးပိတ်ရက်မဟုတ်ဘဲ ဝန်ထောက်ကြီးရုံးသွားနေချိန်ဖြစ်ကြောင်းကို မောင်တင်သတိပြုလိုက်မိသည်။

သည်အတွက် သူက ဝန်ထောက်ကြီးအစား အိမ်တွင်အစဉ်လိုရှိနေတတ်သော ဝန်ထောက်ကတော်ကြီးကို ပြောင်းမေးလိုက်ရသည်။

''ဟုတ်ကဲ့ ဝန်ထောက်ကြီးရုံးသွားရင် ဝန်ထောက်ကတော်ကြီးတော့ အိမ်မှာရှိမှာပေါ့''

မောင်တင်က မလွဲနိုင်အောင် သေချာပေါက်ပြောလိုက်လျှင် အဒေါ်ကြီးသည် ဘာမျှပြန်လည်ဖြေကြားခြင်းမပြုဘဲ ခပ်ကြောင်ကြောင်သာ ပြန်ကြည့်နေသည်။

သည်အတွက် အဒေါ်ကြီးအနေဖြင့် သူ့အပေါ် တစ်စုံတစ်ခု မယုံသင်္ကာမဖြစ်စေရန် သူမည်သူမည်ဝါဖြစ်ကြောင်း ထပ်လောင်းပြောပြလိုက်ရပြန်သည်။

''ထားဝယ်က ဆရာမဒေါ်မမရဲ့တူ ရန်ကုန်ကောလိပ်က မောင်တင်လာတယ်လို့ ပြောပေးပါ ခင်ဗျာ''

မောင်တင်က သူ့ဂုဏ်ပုဒ်ကို ထုတ်ပြောလိုက်သည့်တိုင် အဒေါ်ကြီးသည် ပိတ်ထားသော အတွင်းဘက်သစ်သားအကွက်ရိုက်တံခါးကို ဖွင့်မပေးသေးဘဲ အိမ်အတွင်းဆီသို့သာ လှည့်ဝင်သွားသည်။

အဒေါ်ကြီးသည် အိမ်ကြီးသခင် ဝန်ထောက်ကတော်ကြီးထံ သတင်းသွားပို့ဟန်တူသည်။

ထိုအခါ မောင်တင်လည်း အထူးပင်ဆိတ်ငြိမ်လျက်ရှိသော အိမ်ကြီးရှေ့တွင် တစ်ယောက်တည်း ငေါင်းစင်းစင်းရပ်ကာ ဝန်ထောက်ကတော်ကြီးထွက်အလာကို စောင့်နေလိုက်ရသည်။

''ဟင် ကြည့်စမ်း ကိုတင်ကြီးတစ်ယောက် ဘယ်ကနေဘယ်လိုများ မျက်စိလည်လမ်းမှားပြီး ရောက်လာခဲ့တာလဲ''

သူက ဝန်ထောက်ကတော်ကြီးကို မျှော်လင့်ထားခဲ့သော်လည်း အပြေးကလေးထွက်လာသည်က ခင်လှထွေးကလေးဖြစ်နေသည်။

ခင်လှထွေးကလေးသည် မောင်တင်ကို မမျှော်မလင့်တွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာဖြစ်သွားဟန်ကလေးဖြင့် အားရပါးရကလေး ပြောဆိုနှုတ်ဆက်လိုက်သည်။

ပြီးလျှင် သူကလေးသည် ပိတ်ထားသော တံခါးအား ကိုယ်တိုင်ဖွင့်လျက် မောင်တင်ကို အပြုံးစကားလေးများဖြင့် ဖိတ်ခေါ်လိုက်လေသည်။

''လာ ကိုတင် အိမ်ထဲကိုဝင်''

သည်အခါ မောင်တင်လည်း အိမ်ရှေ့တွင် ရပ်နေခဲ့ရာမှ အိမ်ထဲသို့ဝင်နိုင်၍ ဧည့်ခန်းမှာ ထိုင်လိုက်ရလေတော့သည်။

ပြီးမှ သူက ခင်လှထွေး၏ အပြောကလေးကို တုံ့ပြန်အဖြေပေးလိုက်သည်။

''ဘယ်ကနေ ဘယ်လိုမှ မျက်စိလည်ပြီး လမ်းမှားရောက်လာတာ မဟုတ်ဘူး ခင်ဗျ။ တမင်သက်သက်ကို ရောက်အောင်လာခဲ့တာပါ''

''တကယ် ပြောတာလား''

''တကယ် ပြောတာပါဗျာ''

''ဟုတ်လား ဒီလိုဆို ထွေး ပိုပြီး ဝမ်းသာရတာပေါ့ရှင်''

ခင်လှထွေးကလေးသည် မောင်တင်သိကျွမ်းရင်းနှီးထားခဲ့ဖူးသော ဟန်ကလေးအတိုင်း ပြုံးမျက်နှာကြည်ကြည်ကလေးဖြင့် ပွင့်လင်းစွာ ပြောလေသည်။

ပြီးမှ သူကလေးသည် သူ့ကိုယ်သူ ကိုယ်ရှိန်သတ်လိုက်သည့်အခါ ရုတ်တရက် တည်တည်ငြိမ်ငြိမ်ကလေးဖြစ်သွားသည်။

ထို့နောက် ခင်လှထွေးသည် မောင်တင် မတွေ့မမြင်ဖူးခဲ့သေးသော လူကြီးသူကြီး ဟန်ပန်လေသံမျိုးကလေးဖြင့် ဧည့်ဝတ်စကားကို ဆိုလေသည်။

''တော်ကြာ ဖေဖေနေ့လယ်ပြန်လာတော့ ထမင်းစားကြတာပေါ့၊ အခု ရောက်မဆိုက်မှာ ကိုတင် အဆာပြေပြီး နွေးသွားရအောင် အပူတစ်ခုခုသောက်ထားနှင့်နော်၊ ဘာသောက်မလဲပြော၊ ကော်ဖီလား၊ လက်ဖက်ရည်လား ဟင်''

သူ့အမေနှင့်အစ်မများ ထွက်မလာကြမီ အိမ်ရှင်ကြီးလုပ်၍ ခပ်တည်တည် ဧည့်ဝတ်ပြုနေသော ခင်လှထွေးကို မောင်တင်ကလည်း ဧည့်သည်ဟန်အပြည့်ဖြင့် ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

''ကော်ဖီရယ်၊ လက်ဖက်ရည်ရယ် မဟုတ်ပါဘူးလေ၊ အဆင်ပြေသလိုသာ လုပ်ပါ၊ ဒီဧည့်သည်က တချို့ဧည့်သည်တွေလို ဂျီးမများတတ်ပါဘူး၊ အိမ်ရှင်က ဘာဖျော်တိုက်တိုက် သောက်လိုက်မှာပဲ''

''ဟင်း ဟင်း''

ခင်လှထွေးကလေးသည် တစ်ချိန်တုန်းက သူတို့ညီအစ်မတစ်တွေ မောင်တင်တို့ ညီအစ်ကိုနှစ်ယောက်ကို အလုပ်ရှုပ်သွားအောင် ဒုက္ခပေးခဲ့ကြပုံအား အပြေးသွားကာ အမှတ်ရလိုက်ဟန်ရှိသည်။

သူသည် အသံကလေးထွက်အောင်ပင် ရယ်လိုက်လေသည်။

သို့ရာတွင် သူ့ရယ်သံကလေးမှာ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့၊ ဣန္ဒြေရရကလေးသာဖြစ်သည်။

ဟိုစဉ်တုန်းကလို တခစ်ခစ်နှင့် အတောမသတ်သော ရယ်မောခြင်းမျိုးကား မဟုတ်တော့ပေ။

သူကလေး၏ ထူးခြား ပြောင်းလဲသွားခဲ့မှုကလေးကို မောင်တင်က သတိထားကာ သဘောကျသွားမိစဉ် ခင်လှထွေးကလေးက တစ်မူတစ်ဟန်ဖြင့် အချက်ကျကျ ပြန်လှန်ပြောလာခဲ့လေသည်။

''ဟုတ်ကဲ့ ဒီလိုဆိုလဲရပါတယ်၊ ဒါပေမဲ့ တကယ်လို့ ညှော်သည်က ဟိုနယ်ဒီနယ် ဂိုးများလာခဲ့ရင်လဲ ဒီအိမ်ရှင်ကတော့ တချို့အိမ်ရှင်တွေလို ညှော်သည်ကိုဂိုးများရကောင်းလားနဲ့ ဒေါသထောင်းထောင်းထပြီး အိမ်ပေါ်က မောင်းမချပါဘူးတဲ့ရှင်''

''အဟား ဟားဟား''

သည်တစ်ခါ ဣန္ဒြေကြီးတစ်ခွဲသားနှင့် မောင်တင်သည် မျက်နှာထားကြီး မတည်နိုင်တော့ဘဲ တဟားဟား ရယ်လိုက်မိလေတော့သည်။

မောင်တင်နှင့်အတူ ခင်လှထွေးကလေးသည် ပြုံးရယ်ရင်း ရုတ်တရက်ထိုင်နေရာမှ ထသွားလိုက်သည်။

ဖွံ့ဖွံ့ထွားထွား ခင်လှထွေးကလေးသည် အပြောအဆို၊ ဟန်ပန်များသာမက လူ့ခန္ဓာရုပ်ဉာဏ်ကပါ ကလေးတစ်ယောက်၏ပုံစံပျောက်ကာ အပျိုကြီးဖားဖားအဖြစ်သို့ ပြောင်းလဲရောက်ရှိလာခဲ့ကြောင်းကို မောင်တင် သတိထားလိုက်မိလေသည်။

သူ့ကို မထင်မမှတ်ပြန်တွေ့လိုက်သဖြင့် ခင်လှထွေးကလေး အံ့သြဝမ်းသာဖြစ်သွားသည်ကို တွေ့ရသလို မောင်တင်၏ ရင်ထဲမှာလည်း သူ့အိမ်သူပြန်ရောက်ကာ သူ့မိသားစုနှင့် ပြန်တွေ့ရသည့်ပမာ ပျော်ရွှင်ချမ်းမြေ့သွားမိလေသည်။

သူသည် ထားဝယ်မှပြန်လာခဲ့ပြီးနောက် ဝန်ထောက်ကြီးမိသားစုနှင့် လုံးဝအဆက်ပြတ်သွားခဲ့သည်။

ဒေါ်မမက ဝန်ထောက်ကြီး မိသားစုအကြောင်းကို သူ့စာတစ်စောင်နှစ်စောင်၌ ထည့်ရေးကာ သတင်းပေးခဲ့သေးသည်။

သို့ရာတွင် သူ့ဘဝရှေ့ရေးအတွက် ကျောင်းစာများဖြင့် မအားနိုင်အောင်ရှိနေခဲ့သော မောင်တင်မှာ ဒေါ်မမ ထံသို့ပင် စာကလေးတစ်စောင်တလေမျှ ပြန်မရေးဖြစ်။

ဒေါ်မမထံ စာမပြန်ဖြစ်သော်လည်း ခင်လှအေးတို့ ညီအစ်မတစ်စုကိုကား မောင်တင်မမေ့။ သူတို့ညီအစ်မ တစ်စုထဲမှ ခင်လှထွေးကလေးကို သတိအရဆုံးဖြစ်သည်။

သူ့စိတ်မှာ သတိသာရသော်လည်း သတိရသူထံသို့ စာရေးရကောင်းမှန်းကိုမူ မောင်တင် မသိ၊ နားမလည်မိ။ ရေးချိန်လည်း သူ့မှာမရှိ။

ထိုကြောင့် ခင်လှထွေးတို့ထံသို့လည်း သူစာမရေးခဲ့။ စာမရေးသော်လည်း နွေကျောင်းကြီးပိတ်သောအခါ ခင်လှထွေးတို့ရှိရာ ထားဝယ်နှင့် မောင်းမကန်သို့မူ သူတစ်ခေါက် ထပ်သွားဦးမည်ဟု စိတ်ကူးထားခဲ့သည်။

သို့သော်လည်း ဘီ–အေ ပထမနှစ် စာမေးပွဲအပြီးမှာ ဂုဏ်ထူးတန်းအတွက် ကြိုတင် ပြင်ဆင်လုံးပန်းနေရသည်နှင့် မောင်တင်အတွက် နွေလကျောင်းပိတ်ရက်များ ကုန်လွန်သွားခဲ့ရလေသည်။

သည်အခါ ယခု ဒုတိယနှစ်အပြီးမှာတော့ မရောက်ရောက်အောင်သွားလိုက်မည်ဟု မောင်တင်ဆုံးဖြတ်ထားခဲ့သည်။

ယခုတွင် ထားဝယ်သို့ သွားစရာ စရိတ်မလိုတော့ဘဲ သူ့စိတ်မှာ သတိရကာ ပြန်လည်ဆုံစည်းလိုနေခဲ့သော ခင်လှထွေးကလေးကို ထူးခြားပြောင်းလဲသွားမှုကလေးများဖြင့် အလုပိုစွာ လာတွေ့နေရလေပြီ။

သည်အတွက် မောင်တင်၏စိတ်မှာ အထူးပင် ကျေနပ်နှစ်သိမ့်သွားမိလေသည်။

နောက်ထပ်၍ အလည်လာလိုပါကလည်း ထားဝယ်နှင့်စာလျှင် ဟင်္သာတသည် ရန်ကုန်နှင့် အများကြီးခရီးပိုနီးသွားသည် မဟုတ်ပါလား။

မောင်တင်က သူ့နောက်ကြောင်းကလေးများနှင့်အတူ ရှေ့ရေးအတွေးကလေးကိုပါ ပြုနေမိစဉ် ခင်လှထွေး ကလေး ပြန်ရောက်လာသည်။

''ကိုတင် စီးကရက် သောက်ပါဦး''

ခင်လှထွေးသည် လက်ထဲမှ သယ်လာခဲ့သော ငွေစီးကရက်ဘူးကလေးနှင့် ပြာခံခွက်တို့ကို စားပွဲပေါ်သို့တင် ပေးရင်း ညှော်ဝတ်ပြုလိုက်ပြန်သည်။

သည်အတွက် မောင်တင်က ပြန်ပြောလိုက်မိသည်။

''ကိုတင် ဘယ်တုန်းကများ စီးကရက်တို့ ဆေးလိပ်တို့သောက်တတ်နေလို့လဲ ထွေးရယ်''

''ဩော်...ဟိုတုန်းက မသောက်တတ်ပေမယ့် အခုလို ကောလိပ်ကျောင်းသားကြီးဘဝ ဝါရင့်လာတော့

ပြောင်းလဲပြီး သောက်များသောက်တတ်နေပြီလားလို့ပါ''

''ဒီလိုတွက်ရင်မှားလိမ့်မယ်၊ ကိုတင်ဟာ တစ်ခုခုကို စွဲမြဲခံယူထားမိပြီဆိုရင် ဘယ်တော့မှ အပြောင်းအလဲ မလုပ်တတ်ဘူး။ အဲဒါ ကိုတင်နဲ့ပတ်သက်ရင် ဒီအချက်ကို ထွေး မမေ့အောင် မှတ်ထားနော် ဟုတ်လား''

မောင်တင်၏အပြောကို ခင်လှထွေးကလေးက ဘာမျှမတုံ့ပြန်ဘဲ ညင်ညင်သာသာကလေးသာ ပြုံးနေလိုက်သည်။

ထိုအခိုက်မှာပင် စောစောတုန်းက အဒေါ်ကြီးသည် ငွေလင်ပန်းကလေးတစ်ချပ်ကို ကိုင်လျက် ရောက်လာခဲ့သည်။

''ကဲ ချမ်းချမ်းစီးစီးမှာ ရထားစီးလာခဲ့ရတာ အချမ်းပြေသွားအောင် လက်ဖက်ရည်ပူပူကလေး သောက်လိုက်ပါဦး ကိုတင်''

ခင်လှထွေးကလေးသည် ငွေလင်ပန်းထဲမှ လက်ဖက်ရည်ပန်းကန်ကလေးကို လှမ်းယူ၍ မောင်တင်ထံ ကမ်းပေးသည်။

မောင်တင်လည်း ခင်လှထွေး ကမ်းပေးလာသော လက်ဖက်ရည်ပန်းကန်ကလေးကို လှမ်းယူလိုက်ကာ တစ်ငုံချင်း သောက်ချလိုက်သည်။

ထိုအခါ အချိုအပေါ့ ညီညွတ်မျှတစွာရှိနေသော လက်ဖက်ရည်ပူပူကလေးသည် မောင်တင်၏ရင်ကို နွေးထွေးသွားလိုက်စေလေသည်။

သည်အတွက် မောင်တင်က ကျေးဇူးစကားကလေး ဆိုလိုက်လေသည်။

''ကျေးဇူးပါပဲ ထွေးရယ် လက်ဖက်ရည်ကလေးက တကယ့်ကို အရသာရှိပြီး ရင်ထဲမှာလဲ နွေးထွေးအားပြည့်သွားခဲ့တာပဲ''

''ဟုတ်လား ဒီလိုဆိုတော်ပါသေးရဲ့ ကိုတင်ရယ်၊ ထွေးကဖြင့် သကြားပေါ့လို့များ ထပ်ထည့်ပေးရမလား၊ ပြီးတော့ လက်ဖက်ခြောက်ဖတ်တွေ ပေါလောပေါ်တာများ ပြန်ယူသွားပြီး စစ်ပေးရဦးမလားနဲ့၊ တထင့်ထင့် အသင့်စောင့်နေခဲ့တာလေ''

ခင်လှထွေးကလေး၏ ခပ်တည်တည် အပြောကလေးကို မောင်တင်က သဘောကျကာ ရယ်မောလိုက်မိပြန်သည်။

မောင်တင်နှင့်အတူ ခင်လှထွေးကလေးကလည်း ရောနှော ရယ်မောလိုက်လေသည်။

အမှန်က မပျော်လင့်ဘဲ ယခုကဲ့သို့ ပြန်ဆုံလိုက်သောအခါ သူတို့နှစ်ယောက်စလုံးသည် လွန်ခဲ့သော တစ်ချိန်တုန်းက အပူအပင်မရှိ ပျော်ရွှင်မြူးထူးခဲ့ကြပုံနောက်ကြောင်းကလေးများကို ပြန်ပြောင်းတသ သတိရနေမိခြင်းသာ ဖြစ်လေသည်။

ထိုသို့ ခံစားနေရကြောင်းကို သူတို့ကြည်နူးစွာပြောဆိုနေကြသော စကားကလေးများက ငြင်းမရအောင် အထောက်အထားပြနေကြသည်။

''အမယ် ကိုတင်ကလဲ အပါး ခင်ဗျ၊ တကယ်လို့ သကြားပေါ့ရုံမကလို့ အရှင်းပဲ မပါနဲ့ဦး ထုတ်မပြောပါဘူး၊ ပြီးတော့ လက်ဖက်ခြောက်ဖတ်တွေ ပေါလောမျောနေဦးတောင်လဲ ဒီညွှေ့သည်က မမြင်ချင်ယောင်ဆောင်ပြီး မျက်စိတ်မှိတ် သောက်ချလိုက်မှာ သိလား''

''ဘာလဲကိုတင်က ပြောလိုက်ရင် အိမ်ရှင်က မောင်းချချေရယ်လို့ ကိုယ်ချင်းစာမိထားလို့လား ဟုတ်လား''

''ဟာ အစစ်ပေါ့''

နှစ်ယောက်သား အားရပါးရ ရယ်လိုက်မိကြပြန်သည်။

ပြီးမှ မောင်တင်က သတိရကာ ကိုယ်ရှိန်သတ်လိုက်ရသည်။

ထို့နောက် သူတို့နှစ်ယောက်တည်းသာ စကားကောင်းနေမိခဲ့ရာမှ ကျန်အိမ်သားစုများကို မေးမိတော့သည်။

''ဒါနဲ့ နေပါဦး၊ နှစ်ယောက်သား စကားလက်ဆုံပြောလို့မကုန် လုပ်နေလိုက်ကြတာ၊ ဒေါ်ဒေါ်ကော နေကောင်းရဲ့လား၊ အေးတို့မြင့်တို့ကိုလဲ ခုထိ မမေးမိသေးဘူး၊ မမြင်ပါလား ဘယ်သွားကြလဲ''

မောင်တင်၏အမေးကို ခင်လှထွေးကလေးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေသည်။

ထိုအခါ ယခုကလေးမှာပင် ရယ်မောပြောဆိုသံများဖြင့် စီစီညံညံရှိနေခဲ့သော ဧည့်ခန်းတစ်ခန်းလုံးသည်

ရုတ်ခြည်း တိတ်ဆိတ်သွားလေသည်။

သည်အတွက် မောင်တင်၏စိတ်မှာ ရုတ်တရက် ထူးခြားဆန်းပြားသွားသလိုလိုရှိမိသည်။

ထို့ကြောင့် ခင်လုထွေးကလေးကို သတိထားကြည့်လိုက်မိသည်။

ထိုအခါ မောင်တင်အံ့အားသင့်သွားရလေသည်။

အကြောင်းမှာ ယခုကလေးတွင် ပြုံးရွှင်ရယ်မောနေခဲ့သေးသော ခင်လုထွေး၏မျက်နှာ ကြည်ကြည်လင်လင်ကလေးသည် ရုတ်ခြည်းညှိုးကျသွားရှာသည်။

သူကလေးသည် မျက်နှာကလေး ညှိုးငယ်သွားခဲ့သလို ထာဝစဉ်ဝင်းပနေသော မျက်လုံးအစုံမှာလည်း ရီဝေမှုန်မှိုင်းလျက်ရှိလေသည်။

''ကိုတင် ဘာမှမသိဘူးလားဟင်''

ခင်လုထွေးသည် စိတ်တင်းထားဟန်ဖြင့် သက်ပြင်းကလေးတစ်ချက်ရှိုက်လိုက်သည်။

ပြီးလျှင် သူသည် ခပ်ငေးငေးကလေးကြည့် ခပ်လေးလေး မေးရှာသည်။

ခင်လုထွေးကလေး၏ ပျက်ပြားညှိုးငယ်သွားခဲ့သော အမူအရာနှင့် တိုးတိတ်တုန်ခတ်သံကလေးတို့က မောင်တင်၏ စိတ်နှလုံးကို စိုးရိမ်ထိတ်လန့်သွားစေသည်။

''ဟင့်အင်း ကိုတင် ဘာမှမသိဘူး ထွေးရယ်၊ ဘာဖြစ်လို့လဲဟင် ပြောပြပါဦး''

ခင်လုထွေးသည် သူ့စိတ်ကို တည်ငြိမ်အောင် အားမွေးဟန်ဖြင့် ခေတ္တငြိမ်နေသည်။

ပြီးမှ အပြင်ဘက်အဝေးဆီသို့ ငေးရင်း ခပ်တိုးတိုးဆိုလေသည်။

''မမအေးနဲ့ မမမြင့်တို့က အိမ်ထောင်ကျသွားခဲ့ပြီလေ...''

အဝေးသို့ငေးနေသော ခင်လုထွေး၏မျက်လုံး ရီဝေဝေကလေး အစုံတွင် ဝမ်းနည်းကြေကွဲရိပ်များ လွှမ်းနေသည်။

ယခုမှပင် မောင်တင်ခမျာ စိတ်အေးသွားရှာသည်။

သူသည် ခင်လုထွေးကလေးကိုကြည့်၍ ပြုံးပင်ပြုံးချင်သွားမိသည်။

သူကလေးသည် ဘယ်လိုပင် အပျိုကြီးဖားဖား ဖြစ်သွားခဲ့ဟန်ရှိသော်လည်း သူ့ရင်တွင်းမှ မကုန်တတ်သေးသော ကလေးစိတ်ဓာတ်ကလေးက ခင်လုထွေးထံမှာ ကျန်ရှိနေသေးသည်သာဖြစ်သည်။

မောင်တင်သည် စိတ်ထဲမှ ပြုံးချင်သွားသော်လည်း မပြုံးဘဲနေလိုက်သည်။

ပြီးမှ သူသည် အစ်မဖြစ်သူများ အိမ်ထောင်ကျကာ ခွဲသွားခဲ့ကြသဖြင့် အဖော်မဲ့စွာဝမ်းနည်းလွမ်းဆွတ်နေရှာသူ ခင်လုထွေးကလေးကို ကြိုးစားအားပေးနှစ်သိမ့်လိုက်လေသည်။

''ဟုတ်လား၊ အေးနဲ့မြင့်တို့က အိမ်ထောင်တွေ ကျသွားခဲ့ကြပြီကိုး၊ ဒါကြောင့် ထွေးမှာတစ်ယောက်ထဲကျန်ခဲ့ပြီး ဝမ်းနည်းအားငယ်နေတယ်ပေါ့၊ အမလေးထွေးရယ် ဘာများဝမ်းနည်းအားငယ်စရာရှိသလဲ၊ တစ်ချိန်လုံး ထွေးအဖို့ မမအေးရဲ့ နောက်လိုက်လုပ်ပြီး မမအေးရဲ့ဩဇာကြီးသမျှ နာခံလာခဲ့ရတာ၊ အခုဆို ကိုယ့်အိမ်မှာ ကိုယ်မိုလ်လုပ်နေရတာ ဘယ်လောက်ပျော်စရာကောင်းသလဲဟင် ကြည့်စမ်း''

ခင်လုထွေးကလေးသည် အဝေးသို့ငေးနေရာမှ မောင်တင်ထံ ပြန်ကြည့်လိုက်သည်။

သူ့ကိုပြန်ကြည့်နေသော ခင်လုထွေး၏ မျက်လုံးအစုံမှာ မျက်ရည်များ ဝေ့နေသည်။

သူ့နှုတ်ခမ်းကလေးမှာလည်း သွားကလေးများနှင့် ကိုက်ဖိထားနေသည့်ကြားထဲမှာပင် တဆတ်ဆတ်တုန်ယင် လှုပ်ရှားလျက် ရှိနေပြန်သည်။

မောင်တင်က ခင်လုထွေးကလေးကို အားရပါးရ ပြုံးပြလိုက်တော့သည်။

ပြီးလျှင် ရယ်ရွှင်စွာလည်း ပြောလိုက်မိပြန်သည်။

''အတော်ခက်သေးတဲ့ မိန်းကလေးပါပဲဗျာ၊ အစ်မတွေ ယောကျ်ားယူကုန်တာကို မျက်ရည်ဝဲနေရတယ်လို့၊ ဟိုအစ်မတွေကဖြင့် သူတို့ယောကျ်ားတွေနဲ့ ပျော်နေကြလို့၊ ညီမတော်ကလေးတစ်ယောက်ရှိသေးတယ်ဆိုတာကိုတောင် သတိမရအားကြပဲမလားမသိဘူး၊ ဟား ဟား''

''အို ကိုတင်ရယ်''

မောင်တင်၏ အားပေးနှစ်သိမ့်မှုသည် လွန်လွန်းသွားသလားမသိ။ ခင်လှထွေးကလေးသည် ပြုံတော့မည့်မိုးလို ညှိုးနေခဲ့သော သူ့မျက်နှာကလေးကို လက်ဝါးကလေးနှစ်ဖက်ဖြင့်အုပ်ကာ ရုတ်တရက် ရှိုက်ငိုလိုက်ရှာလေတော့သည်။

မောင်တင်ခမျာ အံ့အားသင့်ကာ ရုတ်တရက် ကြောင်၍ကြည့်နေလိုက်မိသည်။

ခင်လှထွေးကလေးသည် ငိုရှိုက်ရင်းမှ ဗလုံးဗထွေးကလေး ပြောလိုက်လေသည်။

''မေမေရယ်လေ မေမေရယ်၊ ထွေးတို့ ဒီကိုမပြောင်းခင် သုံးလေးလမှာပဲ ထားဝယ်မှာ ဆုံးကျန်ခဲ့ရှာတယ် ကိုတင်''

''ဟင်''

ယခုမှ မောင်တင် မျက်လုံးပြူးသွားမိသည်။ သူ့ရင်မှာလည်း လှုပ်ရှားထိခိုက်သွားသည်။

သူသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် တရှိုက်ရှိုက် ငိုကြွေးနေရှာသော ခင်လှထွေးကလေးကို လှမ်းမေးလိုက်သည်။

''ဘယ်လိုများ ဖြစ်သွားခဲ့ရတာလဲ ထွေးရယ် ပြောစမ်းပါဦး''

သူ့အမေးကလေးကို ခင်လှထွေးခမျာ မဖြေနိုင်အောင် ရှိုနေရှာသည်။

''ထွေးမေမေ့ သတင်းကြားရတာ ကိုတင်စိတ်မကောင်းလိုက်တာကွယ်''

သူ့စကားကြောင့် ပိုမိုဝမ်းနည်းထိခိုက်သွားဟန်တူသော ခင်လှထွေးကလေးထံမှ သနားစဖွယ်ရှိုက်သံကလေးများက ပိုမိုသည်းထန်လာခဲ့သည်။

ထိုအခါမှ မောင်တင်လည်း သတိရကာ တစ်ဖက်သားကို ပိုမိုဝမ်းနည်းထိခိုက်စေမည့်အစား အားပေးနှစ်သိမ့်ခြင်းအား ကြိုးစားပြုလိုက်ရသည်။

''အင်း ဒါပေါ့လေ လူသားတွေရဲ့ သေခြင်းနဲ့ ရှင်ခြင်းတရားကို ဘုရားသခင်က ပိုင်းခြားသတ်မှတ်ထားတာမို့ လူတိုင်းဟာ ဘုရားသခင်ရဲ့အလိုတော်ကို လက်ခံဖြေသိမ့်ကြရမယ်ပေါ့''

ခင်လှထွေးကလေးကား ရှိုက်မြဲရှိုက်နေဆဲဖြစ်သည်။

''တကယ်တော့ ထွေးမေမေအဖို့ ဒုက္ခဝေဒနာကို ကြာရှည်မခံစားရဘဲ ဘုရားသခင်ရဲ့ သာယာရွှေပြည်မှာ ထာဝရငြိမ်းချမ်းမှုကို ခံယူရရှိနေပြီမို့၊ ကျန်ခဲ့တဲ့လူတွေအားလုံးအဖို့ ကြိုးစားဖြေသိမ့်ကြရမယ်ပေါ့၊ ကြိုးစားဖြေပါလို့လဲ ကိုတင်ပြောချင်တယ် ထွေးရယ်''

ခင်လှထွေး၏ ရှိုက်သံကလေးသည် အနည်းငယ် လျော့ပါးသွားသလိုရှိသည်။

ဤတွင် မောင်တင်လည်း ခင်လှထွေး စိတ်ပြောင်းသွားစေရန် စကားကြောင်းလမ်းလွှဲပေးရန် ကြိုးစားလိုက်မိသည်။

''ထွေးရဲ့ ဖေဖေကတော့ နေကောင်းတယ် မဟုတ်လား ဟင်''

သည်တစ်ခါတော့ ခင်လှထွေးကလေးသည် ခေါင်းကလေးညိတ်၍ အဖြေပြန်ပေးသည်။ ပြီးလျှင် ရှိုက်သံကလေးဖြင့်လည်း ပြောလိုက်သေးသည်။

''ဖေဖေက လူတော့ နေကောင်းပါတယ်၊ ဒါ ဒါပေမဲ့''

''ဒါပေါ့ ဒါပေါ့ စိတ်တော့ ဘယ်ကောင်းနိုင်ရှာပါ့မလဲလေ''

ရှေ့မဆက်နိုင်အောင် ရှိုက်သံဖြင့် ထစ်နေသော ခင်လှထွေး၏ အဖြေစကားကို မောင်တင်က နားလည်စွာဖြင့် ဖြည့်ပေးလိုက်သည်။

ပြီးမှ ထိုအချက်ကို အကွက်ယူလျက် ခင်လှထွေးအဖို့ လူရောစိတ်ပါ သက်သာနိုင်စေရေးအတွက် ဆက်လက် အားပေးနှစ်သိမ့်လိုက်မိပြန်သည်။

''အဲဒီလို ထွေးဖေဖေ့ခမျာ စိတ်မကောင်းနိုင်အောင်ရှိနေချိန်မှာ ထွေးက အခုလို တငိုငို တရယ်ရယ် လုပ်နေမယ်ဆိုရင် သမီးတစ်ယောက်လို ငိုလို့ရှိုက်လို့မရဘဲ လူကြီးပီပီ စိတ်ထဲမှာသာ ကြိတ်ဆွေးနေရမှာဖြစ်တဲ့ ထွေးဖေဖေအဖို့ ပိုလို့အနေဆိုးရှာမှာပေါ့ ထွေးရဲ့ ဟင်''

''ဟုတ်ပါတယ်''

ခင်လှထွေးကလေးသည် ငိုရှိုက်မှုကို ကြိုးစားထိန်းသိမ်းရင်း မောင်တင်ကို စကားပြန်ရှာသည်။

''ဖေဖေ့ကိုငဲ့ပြီး ထွေးအမြဲတမ်းပဲ ထိန်းချုပ်မျိုသိပ်ထားနေခဲ့ရတာပါ၊ ဒါပေမဲ့ အခုလို မမျှော်လင့်ဘဲ ကိုတင်ကိုပြန်တွေ့ရပြီး ကိုတင်က ဘာမှမသိသေးဘဲ မေးလိုက်တဲ့အခါမှာတော့ ထွေးစိတ်ကို ဘယ်လိုမှ တင်းမထားနိုင်အောင်''

ခင်လှထွေးသည် စကားကို အဆုံးမသတ်နိုင်ဘဲ မျက်ရည်များ လျှံကျလာပြန်သည်။

သို့ရာတွင် သူသည် မောင်တင်၏ အားပေးနှစ်သိမ့်မှုများကို အလေးအနက် ခံယူလိုက်နာသည့်အလား ရှိုက်သံများ ထွက်မသွားအောင်မူ ကြိုးစားထိန်းချုပ်ထားနိုင်လေသည်။

သနားစဖွယ် ခင်လှထွေးကလေးကို အငေးသားကြည့်နေမိသော မောင်တင်၏ရင်၌ ကြင်နာခြင်းကရုဏာလှိုင်းကလေးများက ရုတ်တရက် ဂယက်ထလှုပ်ရှားသွားကြလေသည်။

မောင်တင်သည် ဖြစ်နိုင်လျှင် ခင်လှထွေးကလေးတစ်ယောက် ကိုယ်စိတ်နှစ်ပါး သက်သာချမ်းမြေ့သွားစေရန် သူ့အစွမ်းရှိသမျှ ယုယနှစ်သိမ့်ပေးလိုက်ချင်သည်။

သို့ရာတွင် သူ့အနေဖြင့် ထိုကဲ့သို့ ပြုစုနှစ်သိမ့်ပေးခြင်းအားဖြင့် တည်ငြိမ်မှုရလာတော့မည့် ခင်လှထွေးကလေးကို တစ်ဖန်ပြန်လည်၍ လှိုက်ဖိုရှိုက်ဆွေးမသွားစေလိုရာ မောင်တင်က အသာပင် ဆိတ်ဆိတ်ငြိမ်နေလိုက်တော့သည်။

''အခုဆို မမအေးတို့ကလဲ အိမ်ခွဲပြီး တစ်မြို့တစ်နယ်မှာ၊ မေမေကလဲ မရှိနဲ့၊ ဖေဖေ့ခမျာ အထီးကျန်ဘဝနဲ့ ပူဆွေးမနေရအောင်လို့ ထွေး ကျောင်းကထွက်ပြီး မေမေတို့ရှိတုန်းကလိုပဲ ဖေဖေ့အတွက် အဘက်ဘက်က ခြေပြလည်စိတ်တိုင်းကျစေဖို့ အာလုံးတာဝန်ယူ လုပ်ကိုင်ပြုစုပေးနေရတာပဲပေါ့ ကိုတင်ရယ်''

ခင်လှထွေးသည် တတွေတွေ စီးကျနေသေးသော မျက်ရည်များကို သုတ်သင်ထိန်းချုပ်ရင်း အသံမထွက်ဘဲ တစ်ချက်ရှိုက်လိုက်ပြန်သည်။

ထိုကဲ့သို့ သနားစရာကောင်းအောင် သူ့ဘဝအခြေအနေတစ်ခုလုံး ပြောင်းလဲသွားခဲ့ရှာသော ခင်လှထွေးကလေးကို မောင်တင်က ကရုဏာသက်စွာသာ ငေးကြည့်နေလိုက်မိသည်။

ထိုအခါ ညှော်ခန်းတစ်ခုလုံးသည် ဝမ်းနည်းကြေကွဲခြင်း အငွေ့အသက်များဖြင့် ဆိတ်ငြိမ်ထိုင်းမှိုင်းသွားလေသည်။

သို့သော်လည်း သိပ်တော့ မကြာလှပါ။ လမ်းမဆီမှ ရုတ်တရက် ထွက်ပေါ်လာခဲ့သော ဂယ်ရီတစ်စီး၏ အချက်ပေးခေါင်းလောင်းမြည်သံ တည်ညံက မောင်တင်တို့၏ ဆိတ်ငြိမ်ထိုင်းမှိုင်းသွားခဲ့သည့် ညှော်ခန်းအား လှုပ်လှုပ်ရှားရှားကလေးပြန်ဖြစ်သွားလိုက်စေသည်။

''ဟော ဖေဖေပြန်လာပြီ''

ခင်လှထွေးသည် ရုတ်တရက် ရေရွတ်ရင်း လမ်းမဆီသို့ လည်ပင်းကလေးရှည်ကြည့်လိုက်သည်။

ပြီးလျှင် သူကလေးသည် ပျာပျာသလဲဖြစ်သွားကာ ကျန်ရှိနေသေးသော မျက်ရည်အစအနများကို ကုန်စင်အောင်သုတ်သင်ပစ်လိုက်လေသည်။

ထိုစဉ်တွင် မြင်းခွာသံတခွပ်ခွပ်ဖြင့် ဂယ်ရီတစ်စီးခြံတွင်းသို့ ဝင်လာနေသံအား မောင်တင်ကြားလိုက်ရသည်။

ခင်လှထွေးကလေးသည် မျက်ရည်အစအနများ စင်ကြယ်သွားပြီဖြစ်သော သူ့မျက်နှာကလေးကို ကြေကွဲဝမ်းနည်းရိပ်များပါ ပျောက်ပျက်သွားစေရန် ကြိုးစားပြုပြင်လိုက်ပြန်သည်။

ထိုအခါ ခင်လှထွေး၏ မျက်နှာကလေးသည် ပင်ကိုဟန်ကလေးအတိုင်း ကြည်ကြည်လင်လင်ကလေး ပြန်ဖြစ်သွားလေသည်။

သူ့ဖခင်ကြီး စိတ်ချမ်းသာစေရေးအတွက် သူ့ရင်တွင်းမှ အပူလုံးကို အမှုလုပ်ဖုံးထားနေရှာသူ ခင်လှထွေးကလေးကိုကြည့်လျက် မောင်တင်၏ ရင်မှာ ကြင်နာသနားခြင်းဖြင့် ဆထက်တိုးကာ ကရုဏာထားလိုက်မိပြန်လေတော့သည်။

''ဖေဖေ့ကို ထွက်ကြိုလိုက်ဦးမယ်''

သူ့အပေါ် ကရုဏာထားစွာ အငေးသားကြည့်နေမိသော မောင်တင်ကို ခင်လှထွေးကလေးက ခွင့်ပန်သလို သုံးဆိုလိုက်သည်။

ပြီးလျှင် သူကလေးသည် တံခါးပေါက်ရှိရာသို့ ထလျှောက်သွားလေသည်။

''ဖေဖေ့ကို ညှော့သည်တစ်ယောက်တွေ့ဖို့စောင့်နေတယ် ဖေဖေ''

သူ့ဖေဖေ ဝန်ထောက်ကြီးကို ဆီးကြိုပြောလိုက်သော ခင်လှထွေးကလေး၏ အသံကလေးကို မောင်တင် ကြားလိုက်ရသည်။

ထို့နောက် သားအဖနှစ်ယောက် စကားကလေးများ အတုံ့အပြန်ဆိုရင်း ညှော့ခန်းတွင်းသို့ လျှောက်ဝင်လာခဲ့ကြသည်။

''ဟိုမှာလေ ဖေဖေ့ကို စောင့်နေတဲ့ ညှော့သည်''

''အလို မောင်တင်ပါကလား''

မောင်တင်ကို တွေ့လျှင် ဝန်ထောက်ကြီးသည် တအံ့တအား ဆိုလိုက်သည်။

ပြီးမှ သူသည် သူ့အနားတွင် အပြုံးကလေး ကြည်ကြည်နှင့်ရှိနေသော သမီးငယ် ခင်လှထွေးကလေးကို ကြည့်ကာ ရယ်မောပြောဆိုလိုက်သည်။

''ညှော့သည်တစ်ယောက် စောင့်နေတယ်ဆိုလို့ ဖေဖေက ဘယ်သူများလဲလို့ သမီးရယ်''

ထိုနောက် သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရယ်မောလိုက်ကြလေသည်။

မောင်တင်သည် ပြုံးရွှင်နေကြသော သားအဖနှစ်ယောက်နှင့်အတူ ရောနှောရယ်မောရင်း သူ့ရင်ထဲမှ ခင်လှထွေးကလေးကို ချီးကျူးနေလိုက်မိလေသည်။

ခင်လှထွေးကလေးသည် နုနုနယ်နယ်၊ ငယ်ပင်ငယ်ငြားလည်း စိတ်နှလုံးထိခိုက်ညှိုးချုံးနေသူ ဖခင်ကြီးအား ရွှင်ပြုံးရယ်မောလာစေအောင် ရှာကြံကြိုးစားပေးတတ်သော သမီးအလိမ္မာကလေးတစ်ဦးပါလား။

မောင်တင်သည် ခင်လှထွေးကလေးနှင့်ပတ်သက်၍ သူ့ရင်မှာ ကျေနပ်နှစ်သိမ့်မိရင်း မတ်တတ်ရပ်လျက် ဝန်ထောက်ကြီးကို နှုတ်ဆက်လိုက်ရသည်။

''ဦး နေကောင်းပါရဲ့လား ခင်ဗျာ''

''အေးကွယ် နေကောင်းပါတယ် မောင်ရင်''

မောင်တင်၏ နှုတ်ဆက်စကားကို ပြန်လည်ဖြေကြားလိုက်သော ဝန်ထောက်ကြီးသည် သူ့မင်းကတော်ကြီးကို သွားအမှတ်ရလေသလားမသိ။ ပြုံးရယ်နေသော မျက်နှာခံ့ခံ့ကြီးမှာ ရုတ်တရက်ညှိုးကျသွားရှာသည်။

ဝန်ထောက်ကြီး၏ မျက်နှာကဲကြောင့် အပူရှပ်ကို အမှုလုပ်ဖုံးထားနေသော ခင်လှထွေးထံမှ အပြုံးရိပ်ကလေး မှာလည်း ရုတ်ခြည်းလွင့်ပြယ်သွားလေသည်။

ထိုသို့ ရုတ်တရက်မှုပျက်သွားကြသော သားအဖနှစ်ဦး၏ မျက်ဝန်းများတွင်ကား အတွေးရိပ်များ ယှက်သမ်း လျက်ရှိနေကြတော့သည်။

ထိုအခါ ညှော့ခန်းကြီးတစ်ခုလုံးသည် အသက်ထင်ရှား လူသားသုံးယောက်မျှရှိနေပါလျက် အနေခက်အောင် ပင် ရုတ်တရက် တိတ်ခြောက်သွားခဲ့ပြန်လေသည်။

ဤတွင် မောင်တင်မှာ မနေသာဘဲ ယခုထက်ပို၍ အခြေအနေဆိုးမသွားစေရန် ကြားဝင်ထိန်းကိုင်ပေးလိုက် ရလေတော့သည်။

''ဦးတို့ ဒီကိုပြောင်းလာခဲ့တာကို ကျွန်တော်တို့ မသိလိုက်မိဘူး ခင်ဗျ။ အခု ကျောင်းအပိတ်မှာ ပုသိမ်ကို အစည်းအဝေးကြီးသွားရင်း ကျွန်တော့်သူငယ်ချင်းကပြောတော့မှသိလို့ ဦးတို့ကို တွေ့ချင်သေးတာနဲ့ အပြန်မှာ ဒီဘက်ကလှည့်ပြီး သက်သက်ဝင်လာခဲ့တာပါ''

''ဟုတ်လား။ မောင့်သူငယ်ချင်းဆိုတာက ဘယ်သူများပါလိမ့်ကွယ်''

မောင်တင်၏ ဝင်ထိန်းပေးမှုကို ဝန်ထောက်ကြီးက နားလည်စွာ လက်ခံ တုံ့ပြန်လိုက်သည်။

သူသည် ညှိုးကျသွားခဲ့သော မျက်နှာကို ရုတ်ခြည်းပြုပြင်လိုက်သည်။

ပြီးလျှင် သူသည် မောင်တင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်တော့သည်။

ခင်လှထွေးကလေးကမူ အိမ်အတွင်းဘက်ဆီသို့ လှည့်ဝင်သွားလေသည်။

ဝန်ထောက်ကြီး၏အမေးကို မောင်တင်က ပြန်ဖြေလိုက်ရသည်။

''ဦးဘဖိုးရဲ့သား ကိုဖြိုးပါ ခင်ဗျာ''

''ဩော် ကိုဘဖိုးရဲ့သားလား အင်း အင်း ဟုတ်တယ်၊ ကျုပ်တို့ ဒီရောက်ပြီး မကြာခင်မှာပဲ သူတို့သားအဖ

နှစ်ယောက် ရန်ကုန်အသွား အိမ်ကိုလှည့်ဝင်သွားခဲ့ကြသေးတယ်''

ဝန်ထောက်ကြီးက ကိုဖြိုးတို့သားအဖကို အမှတ်ရစွာပြောလေသည်။

ပြီးမှ မောင်တင်ကို အမေးအစမ်းပြုလိုက်သည်။

''ဒါနဲ့ အခု ပုသိမ်အစည်းအဝေးကြီးကိုလာတာ မောင်တစ်ယောက်ထဲလားကွယ့်၊ မောင့်အစ်ကိုကော ပါသေးသလား''

''ကိုကြီး မပါပါဘူး ခင်ဗျာ''

ဝန်ထောက်ကြီး၏ သတိရမေးမြန်းချက်ကို မောင်တင်က ပြီးပြည့်စုံအောင် ဆက်လက်ဖြေကြားလိုက်လေသည်။

''ကိုကြီးက အလုပ်ဝင်နေပြီဆိုတော့ ကျွန်တော်တို့ ကျောင်းသားတွေလို လှုပ်ရှားလည်နိုင်ဖို့ ကျောင်းပိတ်ရက်အားမျိုးမရှိတော့ဘူးလေ''

''ဟုတ်တယ်၊ မှန်တယ် မောင်တို့လို ကျောင်းသားဘဝဟာတော့ အလွတ်လပ်ဆုံး၊ ပျော်စရာအကောင်းဆုံးပေါ့၊ အဲ နောင် ကျောင်းသားဘဝကို လွန်မြောက်ပြီး အမှုထမ်းဘဝကို ကူးပြောင်းသွားပြီဆိုရင်တော့ တစ်ခါထဲ တာဝန်တွေ၊ ဝတ္တရားတွေရဲ့ အချုပ်အနှောင်ကြားမှာ ရှောင်မလွတ်အောင် ချောင်ပိတ်သွားပြီသာမှတ် ဟင်းဟင်း''

ဝန်ထောက်ကြီးသည် မောင်တင်၏ အပြောကို သဘောကျစွာ ရယ်မောထောက်ခံလိုက်သည်။

ပြီးမှ ဆက်မေးလိုက်ပြန်သည်။

''ဆိုစမ်းပါဦး မောင့်အစ်ကိုက ဘယ်ဌာန၊ ဘယ်ရုံးမှာ အလုပ်ဝင်နေသတုံးကွယ့်''

''စက္ကတေးရီးယက်*မှာပါခင်ဗျာ''

''ဩော်...ဩော်...''

နှစ်ယောက်သား စကားလက်ဆုံကျနေစဉ် သူတို့အနီးသို့ ခင်လှထွေးကလေး ပြန်ရောက်လာခဲ့သည်။

''ထမင်းပွဲပြင်ပြီးပါပြီ ဖေဖေ''

ခင်လှထွေးကလေးက သူ့အဖေ ဝန်ထောက်ကြီးကို ပထမပြောလိုက်သည်။

ပြီးမှ မောင်တင်ကို ဖိတ်ခေါ်လိုက်လေသည်။

''ကဲ ကိုတင်လဲ ထမင်းသုံးဆောင်ရအောင် ကြွပါရှင်''

''ကဲ ကဲ ထကွယ့် မောင်ရင်''

ဝန်ထောက်ကြီးကလည်း ထထပြောပြောနှင့် ဖိတ်ခေါ်လိုက်ပြန်သည်။

ထိုအခါ မောင်တင်လည်း အားနာမှုဖြင့် ဟန်လုပ်ငြင်းဆန်ခြင်းများ ပြုမနေဘဲ သူ့လှျာမှာ အရသာတွေ့လာဖူးခဲ့ပြီဖြစ်သော ဝန်ထောက်ကြီးအိမ်ရှိ ထမင်းပွဲဆီသို့ ဝင်လိုက်သွားမိလေတော့၏။

## [၁]

ဝန်ထောက်ကြီးသည် ထမင်းစားပြီးနောက် သူ့ရုံးသို့ပြန်သွားသည်။

ဤတွင် မောင်တင်သည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်ကျန်ခဲ့သည်။

''ကိုတင်တစ်ယောက်ထဲ ပျင်းနေပြီလား''

ခဏအကြာတွင်မှ ခင်လှထွေးသည် အသံကလေးပေးရင်း မီးဖိုတွင်းမှ ထွက်လာခဲ့သည်။ သူ့လက်ထဲတွင် ယွန်းလင်ဗန်းလေးတစ်ချပ်ကို ကိုင်လာခဲ့သည်။

''ပျင်းနေရင် ဟောဒီမှာ မြေပဲကြော်ရယ်၊ လက်ဖက်သုပ်ရယ်၊ ထန်းလျက်ဖြူဆုပ်နဲ့ ရေနွေးကြမ်းရယ်ကို အပျင်းပြေသောက်ဦးနော်''

ခင်လှထွေးသည် သူ့လက်ထဲမှ အမြည်းစုံနှင့် အကြမ်းအိုးဗန်းကလေးကို မောင်တင်၏ ရှေ့သို့ချပေးလာသည်။

---

* Secretariate - အတွင်းဝန်များရုံး။ (နောင် ဝန်ကြီးများရုံး)

''ညနေကျမှ ကိုတင့်ကို ဟသ်ာတက နာမည်ကြီး ငါးသလောက်ဥ မုန့်ဟင်းခါး ချက်ကျွေးရဦးမယ်''

''ဟောဗျ ထွေးတစ်ယောက် ကိုတင့်အပေါ်မှာ ဘယ်တုန်းက ဘာအငြိုးနဲ့များ အတိုးချပြီး အခုလိုနှိပ်စက်ဖို့ စိတ်ကူးထားနေပါလိမ့်ဗျာ''

''ရှင်''

မောင်တင်၏ ခပ်တည်တည်ပြောလိုက်သော စကားများက အားရပါးရ ညှော်ဝတ်ပြုနေသူ ခင်လှထွေး၏ မျက်နှာပေါ်မှ အပြုံးကလေးအား ကွယ်ပျောက်သွားစေလိုက်သည်။

သူကလေးသည် အလန့်တကြား နားမလည်ဖြစ်သွားဟန်ကလေးဖြင့်လည်း မျက်လုံးကလေးဝိုင်းကာ ပြန်မေးရှာသည်။

''ကိုတင် ဘာကိုပြောတာလဲဟင်''

ခပ်ကြောင်ကြောင်ကလေး ရှိနေသော ခင်လှထွေးကလေးကို မောင်တင်က ခပ်တည်တည်ပင် ပြန်မေးလိုက်သည်။

''ထွေး တကယ်ပဲ မသိဘူးလား''

''ဟင့်အင်း မသိဘူး''

''မသိရင်ပြောပြမယ် နားထောင်''

ခင်လှထွေးကလေးသည် စဉ်းစားမရသော မျက်နှာကလေးဖြင့် မောင်တင်ပြောမည့် စကားများကို စောင့်နားထောင်နေလိုက်သည်။

''ထွေးတို့အိမ်ကို ကိုတင် ရောက်ရောက်ချင်း လက်ဖက်ရည်တိုက်တယ်နော်''

''အင်း''

''နေဦး ပြီးတော့ အခုကလေးတွင်ပဲ ငါးသလောက်အရိုးပျောက်ပေါင်း။ ဝက်သားနဲ့ ကညွတ်ကြော်၊ မှိုဟင်းချို၊ သရက်သီးပိုးတီချဉ်သနပ် စတဲ့ ဟင်းမျိုးစုံနဲ့ ဗိုက်ကလေး တဝတအီကြီး ထမင်းကျွေးတယ်နော်''

''အင်း''

''ဟော အခုတစ်ခါ ဗိုက်မှမချောင်သေးဘူး၊ အမြည်းစုံနဲ့အကြွမ်းပွဲလာပေးပြီး မကြာခင်မှာ ငါးသလောက်ဥ မုန့်ဟင်းခါး ကျွေးဦးမယ်ဆိုတာလေ''

''အင်းလေ အဲဒီလိုကျွေးတာနဲ့ ကိုတင့်ကို ထွေးက အငြိုးနဲ့ အတိုးချပြီး နှိပ်စက်ဖို့ စိတ်ကူးထားသလား ဆိုတဲ့မေးခွန်းနဲ့ ဘယ်လိုသက်ဆိုင်နေလို့လဲ ကိုတင်ရယ် ပြောပါဦး''

''သိပ်ကို သက်ဆိုင်နေသော်ကောဗျာ''

စဉ်းစားမရဟန်ကလေးနှင့်အတူ မကျေမနပ်ကလေး ပြန်မေးလိုက်သော ခင်လှထွေးကလေးကိုကြည့်၍ မောင်တင်က ဆက်ပြောလိုက်သည်။

''ဝေဿန္တရာဇာတ်တော်ထဲမှာ သူ့မြေးတွေကို အလှူခံပြီး ရောက်လာခဲ့တဲ့ ဇူဇကာပုဏ္ဏားကို သိဋ္ဌည်းမင်းကြီးက အဆီအအိမ့်အဖိမ့်တွေကို စားပိုးနင့်အောင် ကျွေးခဲ့ဖူးတဲ့နည်းကိုယူပြီး ထွေးကလဲ ကိုတင်အပေါ် ဟိုတုန်းက အငြိုးနဲ့ အတိုးချ''

''အို ကိုတင်ကြီးဟာ မဟုတ်မဟတ် အတော်ပြောတတ်တယ်၊ ထွေးက အကောင်းမှတ်လို့ နားထောင်နေတာ ကြည့်ပါဦး''

ခင်လှထွေးသည် ရုတ်တရက် ယော်မူငယ်ဟန်ကလေးပြန်ပေါ်ကာ နှုတ်ခမ်းကလေး စူယောင်ယောင် ဖြစ်သွားသည်။

သည်အခါမှ မောင်တင်သည် သဘောကျစွာ ပြုံးရင်းမေးလိုက်သည်။

''ဟော ကိုတင် စတာ ထွေးစိတ်ကောက်သွားပြီထင်တယ်၊ ဟုတ်လား''

''ဘာလဲ ထွေး စိတ်ကောက်တယ်ဆိုရင် ကိုတင်ကလဲ ဟိုတုန်းက အငြိုးနဲ့အတိုးချပြီး ကြက်တူရွေး ခွေးကိုက်တယ်၊ ဟိုကောင်မလေး စိတ်ကောက်တယ်နဲ့ ကလဲ့စားချေဦးမလို့ပေါ့လေဟုတ်လား''

''အင်း ဟုတ်တယ် ဆိုရမလားလို့ စဉ်းစားနေတာ၊ ဒါပေမဲ့ ကိုတင်ကတော့ ကိုယ့်ဗမာစကားကို ပျက်စီး

သွားအောင်ထွေးလို ကာရန်ဖျက်ပြီးဆိုမှာ မဟုတ်ဘူးခင်ဗျ။ သူ့ကာရန်အလိုက်ကို အသေအချာညှိပြီးမှ ကိုက်အောင်ဆိုမှာ''

''ဘယ်လိုဆိုမှာလဲ ကြက်တူရွေးခဲနဲ့ပေါက် ဟိုကောင်မလေးစိတ်ကောက်လို့လား၊ ဟုတ်လား''

''ဟင့်အင်း အဲဒီလိုမဆိုပါဘူး၊ သူ့နဂိုရှိပြီးသား ကာရန်အတိုင်း စကားအတိုင်းပဲ ကြက်တူရွေးခွေးကိုက်တယ် ဟိုကောင်မလေး ငါ...''

''အို''

ခင်လှထွေးသည် ရုတ်တရက်လန့်ဖျပ်သွားသလို အသံကလေးမြည်သွားသည်။ မျက်နှာကလေးမှာလည်း ရှက်သွေးဖြင့် နီထွေးထွေးကလေးဖြစ်သွားရှာသည်။

ခင်လှထွေးကိုကြည့်ကာ မောင်တင်လည်း ခပ်ယောင်အအ ဖြစ်သွားမိသည်။ သူ့ရင်ထဲတွင်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သို့ရာတွင် သူက သတိထား၍ တည်ငြိမ်အောင်ကြိုးစားရင်း မဆုံးသေးသော ကာရန်ကို ဆက်ပြောလိုက်ရသည်။

''ရိုက်မယ်''

သူ့ထံမှကာရန်အဆက်ကို ကြားသောအခါ ခင်လှထွေး၏ မျက်လုံးကလေးသည် ထင်ထားသလို မဟုတ်သဖြင့် ဖျတ်ခနဲအံအားသင့်သွားပုံရှိသည်။ သို့ရာတွင် နီထွေးထွေး သူ့မျက်နှာကလေးကမူ အနေရသက်သာသွားဟန်ရှိလေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ခေတ္တမျှ ငြိမ်ကြည့်နေလိုက်မိကြသည်။

ပြီးမှ ခင်လှထွေးက ရှက်ပြုံးလှုပ်ရှားသံကလေးဖြင့် ပြောလိုက်တော့သည်။

''အရိုက်ခံရမှာကြောက်လို့ ထွေးက စိတ်မကောက်ဝံ့ပါဘူးတဲ့ရှင် ကဲ''

''ဟားဟား''

ခင်လှထွေးက ပြောပြောရယ်ရယ်ကလေးပြုလိုက်သည်။

သည်အခါကျမှ နှစ်ယောက်သား နေသာထိုင်သာပြန်ဖြစ်သွားကြလေသည်။

ခင်လှထွေးကလေးသည် ပြုံးရယ်နေခြင်းကို အရှိန်လျှော့ရင်းပြောလိုက်သည်။

''ကဲ ကိုတင် အနားယူဖို့အတွက် ထွေးသွားပြီး ပြင်ဆင်လိုက်ဦးမယ်''

ထိုနောက် ခင်လှထွေးက ထသွားသည်။ ဤတွင် မောင်တင်လည်း ဧည့်ခန်းတွင် အမြည်းတစ်ပန်း အကြွမ်းတစ်အိုးနှင့် တစ်ယောက်တည်းကျန်ခဲ့လေတော့သည်။

သူသည် စကားပြောစရာ အဖော်မဲ့သွားကာ တခြားလုပ်စရာလည်း ဘာမျှမရှိရာ အမြည်းဝါးလိုက် အကြွမ်းသောက်လိုက်ဖြင့် အလုပ်ရှုပ်ပစ်လိုက်လေသည်။

ခဏအကြာတွင်မူ စားကာဝါးကာ အလုပ်များနေသော မောင်တင်ထံသို့ အဖော်အဒေါ်ကြီးရောက်လာခဲ့သည်။

''ဆရာလေး အညောင်းအညာပြေ ကျောဆန့်ချင်ရင် အိပ်ရာပြင်ထားပြီးပါပြီရှင့်''

မိုက်လေးကာ အိပ်ချင်နေသော မောင်တင်အတွက် အတော်ပင်ဖြစ်သွားသည်။

''ဆရာလေးအတွက် အခန်းကို ကျွန်မလိုက်ပြပေးပါ့မယ်ရှင့်''

''ဟုတ်ကဲ့ ကောင်းပါပြီ''

အချိုရှာ သကာတွေ့သွားသော မောင်တင်သည် မငြင်းမဆန်ဖြင့် အဒေါ်ကြီး၏ ခေါ်ဆောင်ရာနောက်သို့ ချက်ချင်းပင် ထလိုက်သွားမိလေတော့သည်။

x x x

မောင်တင်သည် မိုက်လေးလေးဖြင့် တစ်ရေးအိပ်ပျော်သွားခဲ့ပြီးနောက် ပြန်နိုးလာသောအခါ အိမ်ကြီးတစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေမှုကြောင့် ထင်သည်။ မောင်တင်အတွက် အိပ်ရေးကောင်းကောင်း ဝသွားခဲ့

သည်။

အကယ်၍ ဆူဆူညံညံ ရှိနေစေဦးလည်း မောင်တင်က အိပ်ပျော်မည်သာဖြစ်လေသည်။

သူ့အဖို့ အိပ်မပျော်ချင်၍ မရအောင် သူ့ဝမ်းထဲမှာ စားကောင်းသောက်ဖွယ် အဆီအအိမ့်များက တစိမ့်စိမ့်၊ တသိမ့်သိမ့် ချော့သိပ်နေကြသည် မဟုတ်ပါလား။

သူသည် အိပ်ရာမှထကာ အဒေါ်ကြီးပြထားခဲ့သော ရေချိုးခန်းသို့သွား၍ တဝကြီး ရေချိုးပစ်လိုက်သည်။

ထိုအခါ မောင်တင်သည် လူရေစိတ်ပါ အထူးပင် ကြည်လင်လန်းဆန်းသွားလေတော့၏။

သူသည် အဝတ်လဲ ခေါင်းဖြီးပြီးနောက် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဧည့်ခန်းတွင် တစ်အောင့်မျှ စောင့်နေသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထွက်ပေါ်မလာခဲ့သောကြောင့် ထမင်းစားခန်းဆီသို့ မောင်တင်လျှောက်သွားလိုက်သည်။

ထမင်းစားခန်းတွင်လည်း မည်သူမျှမရှိ။

ထမင်းစားခန်းအလွန်တွင် မီးဖိုခန်းဖြစ်ဟန်တူသည်။ လှုပ်ရှားသံကလေးများကို ကြားလိုက်ရသည်။

ဤတွင် မောင်တင်လည်း ရှေ့ဆက်ကာ ဝင်သွားလိုက်တော့သည်။

''ဟော ကိုတင် နိုးလာပြီလား''

ခင်လှထွေးကလေးသည် အဖော်အဒေါ်ကြီးနှင့် နှစ်ယောက်သား အလုပ်များနေရာမှ ဖြုန်းခနဲရောက်လာသော မောင်တင်ကို အပြုံးကလေးဖြင့် နှုတ်ဆက်လိုက်လေသည်။

မောင်တင်ကလည်း လန်းဆန်းကြည်လင်သောအပြုံးဖြင့် တုံ့ပြန်ပြောလိုက်ရသည်။

''ဟုတ်တယ် နိုးလာပြီ ရေလဲချိုးပြီးပြီ''

''ဒါဖြင့် မုန့်ဟင်းခါးစားဖို့ပဲ ကျန်တော့တာပေါ့''

''အင်း မုန့်ဟင်းခါးစားပြီးရင်တော့ တစ်ခေါက်ပြန်ပြီး အိပ်ပျော်သွားရလိမ့်ဦးမယ်ထင်တယ် ထွေးရေ''

''တော်ကြာ မိုးချုပ်တော့မှာပဲဟာ အိပ်ပေါ့''

လက်ကလေးနှစ်ဖက်က သွက်လက်စွာ လှုပ်ရှားလုပ်ကိုင်ရင်း ရယ်မောပြောဆိုနေသော ခင်လှထွေးကလေးသည်လည်း ရေမိုးချိုးထားပြီးပုံ ရှိသည်။

သူ့မျက်နှာရှင်ချိုချိုကလေးသည် သနပ်ခါးလေးဖုံနေကာ အမွှေးနံ့သာကလေးလည်း သင်းထုံနေသည်။

သူကလေး၏ ကိုယ်ပေါ်တွင် မသစ်မဟောင်းသော ဝတ်စုံကလေးကို သင့်တင့်အောင် ဝတ်ဆင်ထားလေသည်။

ယခုအချိန်တွင် ညီအစ်မအုပ်စု အားမကောင်းတော့၍လား သို့မဟုတ် မိခင်ကြီးမရှိတော့သဖြင့် စိတ်ဓာတ်ကျသွား၍လားမသိ။ ခင်လှထွေးသည် ထားဝယ်မှာတုန်းကလောက် အလှအပ ပြင်ဆင်ဝတ်စားခြင်းမရှိကြောင်းကို မောင်တင်သတိထားလိုက်မိသည်။

သူကလေးသည် ဟိုစဉ်ကလောက် ပြင်ဆင်ဝတ်စားခြင်းမပြုသော်လည်း လူဟန်ဖွံ့ထွားလာသည်နှင့်အမျှ ယခုပို၍ပင် ချောမောလာသေးသည်ဟု မောင်တင် ထင်မိလေသည်။

''ကိုတင် အိမ်ရှေ့မှာ တစ်ယောက်ထဲ နေရမှာပျင်းရင် ဒီမှာပဲ ထိုင်မလား ဟင်''

ခင်လှထွေးသည် ကြက်သွန်နီများကို အခွံနွာရန်ပြုရင်းမှ မိုးတိုးမတ်တတ်ရှိနေသော မောင်တင်ကို အားနာပြုံးကလေးဖြင့် လှမ်းပြောလေသည်။

''အခု ထွေးက အိမ့်စဖိုမှူးတာဝန်ကိုလဲယူရတော့ ဧည့်သည်ကို အားနာနာနဲ့ပဲ ချက်ရင်းပြုတ်ရင်း မီးဖိုထဲမှာ ဧည့်ခံရတာ ခွင့်လွှတ်နော် ကိုတင်''

''အမလေး ထွေးရာ ကိုတင့်ကိုများ တခြားဧည့်သည်လိုက်လို့ရပါတယ် ဘယ်မှာပဲဖြစ်ဖြစ် ခင်မင်မှုစေတနာ ရှိတာသာ အဓိကပါဗျာ''

မောင်တင်က သူ့အတွက် ညွှန်ပြရာတွင် မထိုင်ဘဲ ခင်လှထွေးအလုပ်လုပ်နေသော စားပွဲဝိုင်းအပုကလေးနားသို့ လျှောက်သွားလိုက်သည်။

''ကဲ ကိုတင်လဲ ကူနွာပေးမယ်''

သူက ပြောပြောထိုင်ထိုင်ဖြင့် ကြက်သွန်တစ်ဥကို ကောက်ကိုင်လိုက်သည်။

သူ့ကို ခင်လှထွေးကလေး အားနာဟန်ကလေးဖြင့် ငြင်းဆန်ဟန့်တားလိုက်လေသည်။

''အို ကိုတင်ကလဲ မဟုတ်တာ၊ အေးအေးသာ ထိုင်နေစမ်းပါ၊ တော်ကြာ ကြက်သွန်စော်တွေနံကုန်ပ့ါမယ်''

နံရင်ရေဆေးပစ်တာပေါ့၊ စားတောင်စားတတ်သေးရင် အနံ့လဲခံနိုင်ရမယ်လေဗျာ''

မောင်တင်က ဖွတ်ပင် ဓားပါးတစ်ချောင်းကို လှမ်းယူကာ ခင်လှထွေးနှင့်အတူ ကြက်သွန်ဥကို ကျွမ်းကျင်စွာ အခွံနွှာပေးလိုက်လေသည်။

သူ့အိမ်မှာ အစ်မများနှင့်ညီမများကို ကြုံသလိုဝင်ကာ ကူညီလုပ်ကိုင်ပေးလျက်ရှိသော မောင်တင်အဖို့ မီးဖိုချောင်နှင့်ပတ်သက်၍ အခက်အခဲမရှိ လုပ်နိုင်ကိုင်နိုင် နေလေသည်။

သူ့ကို တားမရမှန်း သိဟန်တူသော ခင်လှထွေးကလေးလည်း ဆက်မတားတော့ဘဲ သတိပေးစကားကလေး ကိုသာ ဆိုလိုက်တော့သည်။

''ဓားထိမယ်နော် ကိုတင်၊ တော်ကြာထွေးတို့အိမ်ခဏကလေးဝင်တဲမိပါတယ် တကတဲ မီးဖိုထဲဝင်ရလို့ ဓားထိခဲ့ရပါတယ်နဲ့ ပြောစမှတ်ကြီးဖြစ်နေပါဦးမယ်ရှင် အဟင်း''

''ကိုတင်က ဒီလိုပြောတတ်ဆိုတတ်တဲ့လူမျိုးမဟုတ်ပါဘူး ထွေးရာ''

မောင်တင်က အခွံနွှာပြီးသော သူ့လက်ထဲမှ ကြက်သွန်ဥကို ဇလုံကလေးထဲသို့ လှမ်းထည့်လိုက်ကာ နောက်တစ်လုံး ကောက်ယူလိုက်ပြန်သည်။

သူတို့နှစ်ယောက်သည် လက်က အလုပ်လုပ်ရင်း ပါးစပ်မှလည်း စကားများကို အချီအချပြောနေကြလေ သည်။

''ကိုတင် မပြောတတ် မဆိုတတ်ဖူးဆိုပေမယ့် ကိုတင်နဲ့ သက်ဆိုင်သူက ပြောတတ်ဆိုတတ်နေရင် ဘယ့်နှယ် လုပ်မလဲ''

''ကိုတင်နဲ့သက်ဆိုင်သူဆိုလို့ ကိုတင့်မိဘနဲ့ ညီအစ်ကိုမောင်နှမတစ်တွေကလဲ မပြောတတ်ကြပါဘူးဗျာ စိတ်ချပါ''

''ဆိုင်သူတွေက မပြောတတ်ကြဘူးဆိုတောင် ကိုတင့်ကိုပိုင်သူကတော့ ပြောတတ်မှာပေါ့နော် ဟုတ်လား''

ယခုမှ ခင်လှထွေး၏ ဦးတည်လာချက်ကို ရုတ်တရက် နားလည်သွားမိသော မောင်တင်လည်း ဆတ်ခနဲ ခေါင်းထောင်သွားသည်။

သူ့ကို ခင်လှထွေးကလည်း စူးစမ်းသော မျက်လုံးများဖြင့် ကြည့်နေသည်။

သူသည် ခင်လှထွေးကိုကြည့်ကာ ပြုံးရင်းပြန်ပြောလိုက်တော့သည်။

''အင်း သူကတော့ ပြောမလားမသိဘူး၊ ဒါပေမဲ့ အဲသလိုပြောနိုင်ဖို့ ကိုတင့်မှာ ပိုင်သူမရှိသေးတာက ခက်တယ်လေ အဟဲ''

''ဟင်းဟင်း ယုံစရာပါပဲရှင် ပိုင်သူမရှိသေးလို့ ခက်နေတယ်ဆိုတဲ့လူက ပြောလို့မှ စကားမဆုံးသေးဘူး၊ လွှမ်းမျက်ရည်တွေ ဝဲနေပါပကောရှင့် ဟင်ဟင့်''

''အာ ဟုတ်ပါရဲ့ဗျာ ဟား ဟား''

မောင်တင်လည်း ကြက်သွန်နီးရှိက်ခတ်မှုကြောင့် မျက်စိစပ်ကာ မျက်ရည်များဝေ့နေသော သူ့မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း ခင်လှထွေး၏ အပြောကလေးကို သဘောကျစွာ တသောသော ရယ်မောလိုက်မိလေ သည်။

သူနှင့်အတူ ခင်လှထွေးကလည်း တလှိုက်လှိုက် ရယ်မောလိုက်လေသည်။

ယခုကဲ့သို့ ခင်လှထွေးကလေးတစ်ယောက် ပျော်ရွှင်ရယ်မောနေသည်ကို ကြည့်လျက် မောင်တင်၏စိတ်မှာ ချမ်းမြေ့သွားမိသည်။

ခင်လှထွေးကလေးနှင့်အတူ လိုက်ရောရယ်မောနေရသဖြင့် သူ့ရင်မှာ ကြည်နူးနှစ်သိမ့်သွားမိပြန်သည်။

သူသည် ကြည်နူးရင်းမှ ရယ်မောနေသော ခင်လှထွေးကလေးကို အခုလို အမြဲတမ်းမြူးထူးပျော်ရွှင်နေစေ ချင်သည့် စေတနာဆန္ဒကလေးများ ဖြစ်မိသွားသည်။

ခင်လှထွေးကလေးတစ်ယောက် သူ့ဘဝတစ်လျှောက်လုံး ယခုလိုသာ အမြဲတမ်းရယ်မောပျော်ရွှင်သွားနိုင်လျှင် အကောင်းသားဟုလည်း အတွေးကလေးတစ်ခု ပြုလိုက်မိသေးသည်။

''ဟော ကြည့်၊ ကိုတင်ကြီးတစ်ယောက် ဟန်လုပ်ပြီး ရယ်နေရာက အခုချက်ချင်း ငိုင်ကျသွားပြီ၊ ကြည့် ကြည့် ဟင်း ဟင်း''

ခင်လှထွေးကလေးက ရယ်သွမ်းသွေးလိုက်တော့မှ သူ့အတွေးနှင့်သူ ရုတ်တရက် ငြိမ်ကျသွားမိသော မောင်တင်လည်း ပြန်လည်၍ ရယ်မောပြောလိုက်တော့သည်။

''ဒါပေါ့လေ ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းဆိုတဲ့စကားအတိုင်း ထားဝယ်မှာ လွမ်းစရာကျန်ခဲ့ပုံရတဲ့ ထွေးက ကိုယ်ချင်းစာပြီး ပြောလာတော့လဲ ကိုတင့်အနေနဲ့က ဖြေရှင်းရအခက်သားပေါ့''

''ဟင် ကြည့်စမ်း ကြည့်စမ်း၊ ကိုတင်ဟာလေ ဘီ–အေလောင်း ကောလိပ်ကျောင်းသားကြီးပီပီ စကားပြော သိပ်လည်တာပဲ''

သူ့ကို စကားဦး ပြန်အလှည့်ခံလိုက်ရသော ခင်လှထွေးသည် အနေခက်ခက် ရှက်သွားဟန်တူသည်။

သူကလေးသည် အမှန်တကယ် စိတ်မဆိုးသော်လည်း စိတ်ဆိုးသွားဟန်ကလေးဖြင့် စူတူူမှုတူပြုကာ သူ့ထံ ပြန်လှည့်လာသော စကားဦးကို ဖယ်ရှားဖြတ်တောက်ပစ်လေသည်။

''တော်ပြီ တော်ပြီ ကိုတင့်ကို ဘာမှ မပြောဝံ့တော့ဘူး၊ ကြောက်သွားပြီ လူကို မဟုတ်တမ်းတရားတွေ တကယ်ပြောတတ်တယ် တော်ပြီ''

''ဟော ဟော ထွေး စိတ်ကောက်သွားပြီ၊ စိတ်ကောက်တဲ့လူကို စာချိုးရမယ်၊ ကြက်တူရွေးခွေးကိုက်တယ် စိတ်ကောက်တဲ့ ကောင်မလေးအရိုက်ခံရမယ် အဟဲ ဟားဟား''

မောင်တင်က ပြော၍ ရယ်လိုက်လျှင် ခင်လှထွေးလည်း စူတူူမှုတူပြုနေရာမှ ဟန်မဆောင်နိုင်တော့ဘဲ ရောရယ်ပြန်လေတော့သည်။

''အို...အမေ့''

ခင်လှထွေးသည် ရယ်မောနေရာမှ ရုတ်တရက် လန့်အော်လိုက်သည်။

မောင်တင်က လှမ်းကြည့်လိုက်သောအခါ ခင်လှထွေးကလေး၏ ဘယ်ဘက်လက်ညှိုးထိပ်ကလေး၌ သွေးစ သွေးနကလေးကို တွေ့လိုက်ရလေသည်။

''ဟောဗျ ထွေး လက်ဓားထိသွားပြီ''

''ဟုတ်တယ် ထွေးတို့စကားများပြီး အရယ်ကောင်းလွန်းလို့ ဓားကနားငြီးသွားပြီနဲ့တူတယ်''

ခင်လှထွေးက သွေးစို့နေသော သူ့လက်ညှိုးကလေးကို ကျန်လက်တစ်ဖက်နှင့် ဖျစ်ကိုင်ထားရင်း အပြုံးမပျက် ပြန်ပြောသည်။

မောင်တင်လည်း ခင်လှထွေး၏ သတ္တိကလေးကို ချီးကျူးမိရင်း ဂရုတစိုက် ပြန်ပြောလိုက်မိသည်။

''ဓားက နားငြီးတာ အသာထား။ အနာမရင်းအောင် ဘာဆေးရှိလဲပြော ကိုတင်ထည့်ပေးမယ်''

ခင်လှထွေးက မောင်တင်၏အမေးကိုအဖြေမပေးဘဲ သူ့အတွက် ပျာယာခတ်သွားဟန်ရှိသော အဒေါ်ကြီးကိုသာ လှမ်းပြောလိုက်သည်။

''ဒေါ်ပုရေ ဟောဒီကြက်သွန်ဥတွေကို ရေဆေးပြီး အလုံးလိုက်လေးတွေအတိုင်း ဟင်းအိုးထဲကို ထည့်လိုက်နော်၊ ထွေးလက် ဓားထိတာ ဆေးသွားထည့်လိုက်ဦးမယ်''

ခင်လှထွေးသည် လက်ဆေးပြီး မီးဖိုခန်းထဲမှ ထွက်သွားလျှင် မောင်တင်လည်း နောက်မှထလိုက်သွားမိသည်။

ခင်လှထွေး ထမင်းစားခန်းထောင့်ရှိ ဗီရိုအသေးစားကလေးတစ်လုံးကို ဖွင့်၍ သွေးဆေးပုလင်း ပိတ်ဖြူ တစ်စနှင့် ကတ်ကြေးတစ်ချောင်းတို့ကို ထုတ်ယူလာခဲ့သည်။

''ပေး ကိုတင်ထည့်ပေးမယ်''

မောင်တင်က ဆေးပုလင်းကလေးကို လှမ်းယူပြီးနောက် ခင်လှထွေး၏ သွေးစို့နေသော လက်ညှိုးထိပ်ကလေးကို ဆေးသိပ်ပေးလိုက်သည်။

သူ့ဒဏ်ရာကလေးသို့ ဆေးသိပ်လိုက်သောအခါ ခင်လှထွေး၏ လက်ကလေးသည် အနည်းငယ်တွန့်သွားသည်။

''စပ်သလား''

မောင်တင်က ဆေးထည့်ပေးပြီးနောက် အဝတ်စကလေးနှင့် ပတ်စည်းပေးရင်း မော့၍ မေးလိုက်မိသည်။

ခင်လှထွေးကလေးက အပြုံးတစ်ချက်ဖြင့်သာ ပြန်ဖြေလေသည်။

ဤတွင် မောင်တင်လည်း ပတ်တီးချည်ပေးပြီးသွားသော ခင်လှထွေး၏ လက်ညှိုးကလေးကို သူ့လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ပြီး

''ဉုံ ဖွ ချိုးတုံးမတ်တတ်ထ ကဲ ပျောက်ပြီ''

ဟု ကလေးငယ်များကို ချော့သလို မန်းမှုတ်ပေးလိုက်သည်။

ပြီးလျှင်တော့ နှစ်ယောက်သား ရယ်မောလိုက်မိကြပြန်သည်။

တသောသော ရယ်ပြီးရင်း ရယ်မောနေရသူ ခင်လှထွေး၏ မျက်နှာကလေးသည် အပူသောကကင်းသော ကလေးငယ်တစ်ယောက်ပမာ အထူးပင် ကြည်လင်ရွှင်ပျလျက် ရှိနေလေတော့၏။

ခင်လှထွေး၏ ကြည်လင်ရွှင်ပျနေသော မျက်နှာလှလှဝင်းပပကလေးကို ကြည့်မြင်ကာ မောင်တင်၏ စိတ်နှလုံးမှာလည်း သူ့အိမ်တွင် နှမငယ်များနှင့် အတူအလှယ် ကျီစယ်နောက်ပြောင်ရယ်မောနေသလို ကြည်နူးရွှင်မြူးနေမိလေသည်။

ထိုသို့ ကြည်နူးရွှင်မြူးနေမိကြသော သူတို့နှစ်ယောက်ကို ခြံထဲသို့ တထောက်ထောက် ပြေးဝင်လာနေသော မြင်းခွာသံများနှင့်အတူ ဂယ်ရီခေါင်းလောင်းသံ တညံညံက ရုတ်တရက် အရှိန်သတ် သတိချပ်စေလိုက်သည်။

''ဟော ဖေဖေတောင် ရုံးဆင်းလာပြီ''

ခင်လှထွေးသည် ရုတ်ခြည်းပင် မျက်နှာပိုးကလေးသပ်ကာ ဣန္ဒြေရသွားသည်။

သူကလေးသည် ဆေးပုလင်းနှင့်ကတ်ကြေးတို့ကို ခပ်သုတ်သုတ် ပြန်သိမ်းခဲ့ပြီးနောက်၊ သူ့ဖေဖေ ဝန်ထောက်ကြီးကို ဆီးကြိုရန် အပြေးကလေး ထွက်သွားလိုက်လေတော့သည်။

ထိုအခါ မောင်တင်သည် တစ်ယောက်တည်း ကျန်ခဲ့ရာမှ ညှော်ခန်းဆီသို့ လျှောက်ထွက်ခဲ့လေတော့၏။

x x x

ဝန်ထောက်ကြီးသားအဖနှင့်အတူ မောင်တင်လည်း မုန့်ဟင်းခါးကို ညနေစာ ထမင်းလွတ်စားလိုက်ရသည်။

ခင်လှထွေး၏လက်စွမ်းပြ ငါးသလောက်ဉနှင့် ချက်ထားသော မုန့်ဟင်းခါးမှာ အရသာရှိလှတော့သည်။

ထို့အပြင် ဘူးသီးကြော်ကြွပ်ကြွပ် ငါးဖယ်ဆုပ်အိအိ ဘဲဥပြုတ်ဝါဝါနှင့် ဆီချက်ငံပြာရည် စသည်တို့ကို အစပ်တည့် အဆင်ပြေအောင် အဆာဖြည့်ထားပေးသော မုန့်ဟင်းခါးသည် ထူးထူးခြားခြားစား၍ ကောင်းလှတော့သည်။

''ဒီလို မုန့်ဟင်းခါးမျိုးသာ နေ့တိုင်းစားရမယ်ဆိုရင် ထမင်းကို လုံးလုံးမေ့ထားနိုင်ပါတယ်''

သူ့ပါးစပ်မှ ထူးထူးခြားခြား အရသာတွေ့သွားမိသော မောင်တင်သည် လှိုက်လှိုက်လှဲလှဲပင် ချီးမွမ်းသြဘာပြုလိုက်မိသည်။

ထိုအခါ ခင်လှထွေးကလေးက ဝမ်းသာကျေနပ်သော အပြုံးကလေးဖြင့် ပထမ ခံယူသည်။

ပြီးမှ မကျေနပ်ချက်ကလေးကို ထုတ်ပြောလာခဲ့သည်။

''နေ့တိုင်းစားတာ အသာထားလို့ နောက်တစ်ရက်နှစ်ရက်တောင် ဆက်မစားချင်တာမို့ ကိုတင်က မနက်ဖြန်ပဲ ငြီးငွေ့ပြေးတော့မယ် မဟုတ်လားရှင်''

ခင်လှထွေး၏ မကျေမနပ် ထေ့လိုက်သော စကားကလေးကို သူ့ဖေဖေ ဝန်ထောက်ကြီးကလည်း ဝင်ရောက်ထောက်ခံပေးလိုက်လေသည်။

''ဟုတ်သားပဲကွယ့် မောင်ရင်ရယ်၊ အလည်အပတ်လာတဲ့ဟာ ဒီနေ့ရောက် မနက်ဖြန် ပြန်တယ်ဆိုတော့

မြန်လွန်းလှသပေါ့၊ တကယ်ဆို လေးငါးခြောက်ရက် တစ်ပတ်လောက်နေဖို့ကောင်းတာ''

''လေးငါးခြောက်ရက် တစ်ပတ်တို့မနေချင်တောင် ဒီခရစ္စမတ်ရက်ကလေးတော့ နေသွားလိုက်ရောပေါ့ ကိုတင်ရယ်''

သူ့အပေါ် ခင်မင်မှုစိတ်စေတနာများဖြင့် ဖိတ်ခေါ်တားဆီးနေကြသော ဝန်ထောက်ကြီးနှင့် ခင်လှထွေးတို့ သားအဖနှစ်ယောက်ကို မောင်တင်ခမျာ ငြင်းဆန်ရမှာ အားနာသွားသည်။

သူတို့သားအဖနှစ်ယောက်ကို ကြည့်ရသည်မှာ တစ်ချိန်လုံး စုရုံးရုံး ပျော်ပျော်ရွှင်ရွှင် ရှိလာခဲ့သော ခရစ္စမတ်ကာလ အခါသမယအား ယခုကဲ့သို့ မိသားစုများ ကွဲကွာကွေကွင်းလျက် ဝမ်းနည်းခြောက်သွေ့စွာ ဖြတ်သန်းသွားရမှာကို ချောက်ချားကြောက်လန့်နေကြပုံရှိလေသည်။

ယခုလို လူပိုညေ့်သည်ရှိနေသောအခါ သူတို့စိတ်မှာ အနည်းငယ် သက်သာပြေပျောက်သွားနိုင်ကြလိမ့်မည်ထင်သည်။

သည်သားအဖနှစ်ဦး၏ စိတ်နှလုံးသက်သာအေးချမ်းမှုကို အမှန်တကယ်ပင် ပြုလုပ် ဖြည့်ဆည်းပေးလိုသောဆန္ဒစေတနာသည် မောင်တင်၏ရင်မှာ အပြည့်ရှိနေမိသည်။

သို့ရာတွင် ခရစ္စမတ်ရက်အမီ အိမ်အရောက်ဆက်ဆက်ပြန်ခဲ့ပါမည်ဟု သူ့မေမေကို မောင်တင်ကတိပေးခဲ့မိသည်က ရှိနေသည်။

သူ့ကတိကို သူတည်ရပေလိမ့်မည်။

ထို့ကြောင့် သူသည် ဝန်ထောက်ကြီးနှင့် ခင်လှထွေးကလေးတို့သားအဖနှစ်ယောက်အပေါ်မှာ စေတနာထားကာ အားပေးသမှု အဖော်ပြုပေးလိုလျက်က စိတ်တင်း၍ ငြင်းဆန်လိုက်ရလေသည်။

''နောက်တစ်ခါတော့ အချိန်ကြာကြာနေနိုင်အောင်စီစဉ်ပြီး အလည်သက်သက်လာခဲ့ပါဦးမယ်၊ အခုဟာကတော့ မထင်မမှတ်နဲ့ ဝင်ချင်လို့သာ ကြိုးစားပြီး အချိန်ယူလှည့်ဝင်လာခဲ့ရတာမို့ပါ''

သူက သူ့မေမေကို ကတိပေးလာခဲ့သည့်အကြောင်းကို ထည့်မပြောဘဲ တမင်ချန်ထားလိုက်သည်။

သူ့စကားက ဝမ်းနည်းအားငယ်နေသော သားအဖနှစ်ယောက်ကို သွားလေသူအတွက် သတ်သတ်သတိပေးလိုက်သလိုဖြစ်ကာ စိတ်ထိခိုက်သွားကြမှာစိုးမိလေသည်။

သူ့ကို တားမရမှန်း နားလည်သွားကြတန်တူသော ဝန်ထောက်ကြီးနှင့် ခင်လှထွေးတို့သားအဖလည်း မောင်တင်ကို ဆက်၍မတားကြတော့ချေ။

စားသောက်ပြီးကြလျှင် သူတို့သုံးယောက်သားသည် ဟင်္သာတမြစ်ဆိပ်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

တပြိုတည်းပြိုနေသော ဟင်္သာတမြို့၏ မြစ်ကမ်းတာရိုးပေါ်မှ မျှော်ကြည့်လိုက်သောအခါ ညင်သာစွာစီးဆင်းလှုပ်ရှားနေသည့် ရေဝတီမြစ်ရေအလျဉ်ကို ဘဝင်အေးစရာမြင်တွေ့ရလေသည်။

သူ့စိတ်ကူးအတွေးမှာ တရေးရေးရှိနေခဲ့ရသော သည်နေရာ၊ သည်ဌာန၊ သည်မြစ်ကမ်းနှင့် သည်ရေအလျဉ်တို့ကို ယခုတွင် မျက်ဝါးထင်ထင် မောင်တင်မြင်တွေ့ရလေပြီ။

သူသည် သူ့အဘိုး ဦးသာဒွန်းအောင်နှင့် အဘွား ဒေါ်ဘုမတို့ကို ဆရာ ခရောလေးက မြစ်ရေအလျဉ်မှာ နှစ်ခြင်းမင်္ဂလာပေးခဲ့ပုံအား စိတ်ကူးမှန်းဆကာ မြင်အောင်ကြည့်လိုက်မိသည်။

မြို့လူထု၏ ကမ်းလုံးညွတ်မျှ တအံ့တအား ဝိုင်းဝန်းကြည့်ရှုနေကြသော မျက်လုံးပေါင်း သောင်းခြောက်ထောင်ရှေ့မှောက်၌ စွန့်စွန့်စားစားပြုဝံ့ခဲ့ကြသူ အဘိုးအဘွားတို့၏ ဖွဲ့သတ္တိကား နည်းနည်းနောနော မဟုတ်ပါတကား။

သူမတွေ့မမိလိုက်သော အဘိုးအဘွားတို့၏ စိတ်ဖွဲ့စိတ်မာန်နှင့် သတ္တိထူးများအတွက် မောင်တင်သည် လှုပ်ရှားခံစားသော ကြက်သီးမွေးညင်းကလေးများပင် တဖျဉ်းဖျဉ်း ထသွားမိလေသည်။

သူသည် ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းထရင်းမှ အနှစ်နှစ်အလလက တောင့်တနေခဲ့သော ဆန္ဒတစ်ခုပြည့်ဝသွားသလိုလည်း သူ့ရင်မှာ တငြိမ့်ငြိမ့် ကျေနပ်နှစ်သိမ့်ခြင်းကို ခံစားလိုက်မိပြန်လေတော့၏။

သူသည် တစ်ယောက်တည်း ခံစားမျိုသိပ်ထားနိုင်စွမ်းမရှိတော့ဘဲ ဝန်ထောက်ကြီးသားအဖကို ထုတ်ပြောလိုက်မိသည်။

''ကျွန်တော့်အဖေရဲ့ မိဘများဖြစ်ကြတဲ့ ကျွန်တော်တို့အဘိုး ဦးသာဒွန်းအောင်နဲ့ အဘွားဒေါ်ဘုမတို့ နှစ်ယောက်ကို သာသနာပြုဆရာ မစ္စတာခရောလေးက နှစ်ပေါင်း ငါးဆယ်လောက်တုန်းက လူသူတွေကမ်းလုံး

သွတ်အောင် ဝိုင်းကြည့်နေကြတဲ့ ဒီဟသာ်တမြို့ရဲ့ ဒီရောဝတီမြစ်ဆိပ်မှာ တစ်ချိန်တည်း အတူနှစ်ခြင်းမင်္ဂလာ ပေးခဲ့တယ်လို့ သိရပါတယ်''

''ဟုတ်လား''

ဝန်ထောက်ကြီး သားအဖက စိတ်ဝင်စားသွားကြသည်။

သည်အတွက် မောင်တင်လည်း သူ့အဘိုး၏အမေ သူ့အဘီကြီးမှစ၍ သူ့အဘိုးအဘွားတို့ ဘယ်သို့ဘယ်ပုံ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသက်ဝင်ယုံကြည်လာခဲ့ကြပုံများကို သူကြားဖူးနားဝ ရှိထားသမျှ ဆင့်ပွားပြောပြ လိုက်မိသည်။

''အင်း မောင်ရင်တို့မျိုးရိုးက စိတ်ဝင်စားစရာ ပြောစမှတ်တွင်အောင် ရာဇဝင်နဲ့ကို ချီလာခဲ့ကြတာပါပဲကွယ့်၊ အင်း အင်း''

သူ့အဘိုးအဘွားမျိုးရိုးတို့ကို ဝန်ထောက်ကြီးက တအံ့တအား မှတ်ချက်ချလိုက်တော့၏။

အကယ်၍များ ဝန်ထောက်ကြီးအနေဖြင့် သူ့အဘီကြီးနှင့် အဘိုးအဘွားတို့မှ မွေးဖွားဆင်းသက်လာခဲ့ကြ သော သူ့ဖေဖေ ဦးဖေနှင့် သူ့ဦးလေး ဦးထွန်းငြိမ်းတို့၏ နောက်ဆက်တွဲ ရာဇဝင်အကြောင်းကိုပါ ထပ်မံကြား သိရဦးမည်ဆိုလျှင် ရင်သပ်ရှုမော အံ့ဩမဆုံးဖြစ်သွားဦးမည်မှာ သေချာလေသည်။

သို့ရာတွင် ထိုအကြောင်းများကိုမူ မောင်တင်ကမပြောဘဲ ချန်ထားလိုက်လေသည်။

တသွင်သွင် စီးဆင်းနေသော ရောဝတီမြစ်၏ ရေအလျဉ်သည် ညနေဆည်းဆာတွင် ဝင်းပြောင်လင်းလက် နေသည်။

လေပြည်အေး၏ ပြေးလွှားဆော့ကစားမှုတွင် လှိုင်းကြက်ခွပ်ကလေးများက ရွေပြင်ဝယ် ရွှေဖယ်ငွေဖယ်ကလေး များ ကြဲဖြန့်လိုက်သလို တကြွကြွ၊ တရွရွ ခုန်ပျံလှုပ်ရှားနေကြသည်။

လူ့လောကတစ်ခွင် ပြောစမှတ်တွင်အောင် ရာဇဝင်ချီကာ ဘိုးစဉ်ဘောင်ဆက် ဆင်းသက်လာခဲ့သော အမျိုး အနွယ်ထဲမှ ထွန်းထွန်းပေါက်ပေါက်ရောက်လာခဲ့သူ မောင်တင်ကို သည်ဆိပ်ကမ်းနှင့် သည်မြစ်ရေအလျဉ်များ က သူတို့သည်လည်း ရာဇဝင်ကြောင်းတွင် အဓိကရ အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်းအား ပြန်ပြောင်းပြောပြနေကြ သည့်နှယ်ရှိလေသည်။

မောင်တင်သည် လေပြည်အေးကို ရှိုက်၊ မြစ်ပြင်ကျယ်ကို ငေးစိုက်လျက် ကြေကွဲထိခိုက်ဖွယ်ရာ သူ့ဘိုးစဉ် ဘောင်ဆက်တို့၏ အံ့ဘနန်း ထူးခြားဆန်းပြားလှသော နောက်ကြောင်းဇာတ်လမ်းကလေးများအား မှန်းဆတမ်းတ ကာ သူ့ရင်မှာ ရုတ်တရက် ဆွေးလှိုက်ဆွတ်ပျံ့သွားမိရှာလေတော့သည်။

## (၈)

ဒီဇင်ဘာ၏ ဆောင်းအအေးဒဏ်သည် ဟသာ်တမြို့ကလေးကိုလည်း လွှမ်းခြုံထားလေသည်။

မြစ်ဆိပ်တာရိုးသို့ လမ်းလျှောက်သွားခဲ့သော ဝန်ထောက်ကြီးသားအဖနှင့် မောင်တင်တို့ သုံးယောက်သား သည် မှောင်စပျိုးမှ အိမ်ပြန်ရောက်ကြတော့သည်။

အိမ်ပြန်ရောက်လျှင် သူတို့အတွက် အသင့်ပြင်ပေးထားသော ရွှေကြည်မုန့်၊ ငှက်ပျောယိုနှင့် လက်ဖက်ရည် ကြမ်းပူပူကလေးများကို အချမ်းပြေ အဆာပြေ စားသောက်လိုက်ကြလေသည်။

စားရင်းသောက်ရင်းမှ ဝန်ထောက်ကြီးနှင့် မောင်တင်တို့နှစ်ယောက်က အာလာပသလ္လာပစကားများကို ပြောဆိုနေကြသည်။

''ဒါနဲ့ မောင်ရင်က ဒီနှစ် ဘီ-အေ ဂုဏ်ထူး နောက်ဆုံးနှစ်နော် ဟုတ်ရဲ့လား''

''ဟုတ်ပါတယ် ခင်ဗျာ''

စကားဦးသည် ဟိုသည်ရောက်သွားနေရာမှ မောင်တင်၏ ကိုယ်ရေးကိုယ်တာသို့ လှည့်လာခဲ့လေသည်။

''မောင်ရင့်အဖို့ကတော့ သေချာတယ် မဟုတ်လားကွယ့်''

''ဟုတ်ကဲ့ သေချာပါတယ် ခင်ဗျာ''

ဝန်ထောက်ကြီးက ထင်တစ်လုံးဖြင့် မေးသည်။ မောင်တင်ကလည်း သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာဖြင့် အဖြေပေးလေသည်။

''အောင်တော့ ဘာလုပ်မလဲ''

''ကျွန်တော် အမ်–အေ ဆက်ဖြေဖို့ စိတ်ကူးထားပါတယ်''

''အမ်–အေ ထက် ဘီ–အယ်လ် ဆက်ဖြေရင် ပိုမကောင်းဘူးလား မောင်ရယ်''

''ကောင်းပါတယ် ခင်ဗျာ''

ဝန်ထောက်ကြီး၏ စကားကို မောင်တင်က ပထမ ထောက်ခံလိုက်သည်။ ပြီးမှ ဆက်ပြောလေသည်။

''ဒါပေမဲ့ ကျွန်တော့်အနေနဲ့က ဥပဒေရေးရာ ဆိုင်ရာပိုင်းထက် စာပေပညာရေးဘက်မှာ ပိုပြီး စိတ်ဝင်စား အားသန်နေတာမို့ အမ်–အေကိုပဲ ဆက်ဖြေမလို့ပါ ခင်ဗျာ''

''ဒါဖြင့် မောင်ရင်က အမ်–အေအောင်ပြီးတော့လဲ အလုပ်အကိုင်ကို ပညာရေးဘက်မှာပဲ ဝင်မယ်ပေါ့''

''မှန်ပါတယ် ခင်ဗျာ''

''အင်း… ကောင်းပါတယ်''

ဘုရားထူးခံ အုပ်ချုပ်ရေးပိုင်းတွင်သာ စိတ်အားထက်သန်လှသော ဝန်ထောက်ကြီးလည်း နောက်ဆုံးတွင် မောင်တင်၏ မပြောင်းမလဲရှိနေသည့် ခံယူထားချက်ကို လိုက်လျောပြောဆိုလာခဲ့တော့သည်။

''ကိုယ်ဝါသနာပါရာ၊ စိတ်အားထက်သန်ရာကို ရွေးပြီး လုပ်ကိုင်ဆောင်ရွက်ရတော့ အလုပ်ခွင်မှာ ပျော်ရွှင် နှစ်သိမ့်ပြီး လုပ်သမျှကိုင်သမျှလဲ ကြိုးစားရင် ကြိုးစားသလောက် ထူးချွန်ပေါက်မြောက်နိုင်တာပေါ့လေ၊ ကောင်းပါ တယ် ကောင်းပါတယ်''

ညကိုးနာရီထိုးသောအခါ မောင်တင်လည်း ဝန်ထောက်ကြီးအိမ်သားများနှင့်အတူရောၡ အိမ်ထောင်ဝတ်ပြု ဘုရားရှိခိုးလိုက်သည်။

ပြီးလျှင် သူသည် ခင်လှထွေး ထပ်မံတိုက်ကျွေးလာပြန်သော နွားနို့ပူပူတစ်ခွက်ကို သောက်လိုက်ရပြန်ပြီး နောက် သူ့အိပ်ခန်းသို့ ဝင်ခဲ့တော့သည်။

(ယ)

သူ့အခန်းသို့ရောက်လျှင် သူ့အတွက် အိပ်ရာ၊ စောင်၊ ခြင်ထောင် စသည်များသာမက ညအိုးကိုပါ အသင့် ထားပေးကြောင်း မောင်တင်တွေ့ရလေသည်။

အိပ်ချင်နေပြီဖြစ်သော မောင်တင်လည်း အိပ်ရာဝင်ရန်အတွက် အဝတ်များကို လဲဖယ်ဝတ်လိုက်သည်။

နွေးထွေးစေရန် ဆွယ်တာအဟောင်းကိုလည်း ထပ်စွပ်လိုက်သေးသည်။

ပြီးလျှင် သူက ခုတင်ခေါင်းရင်းနားမှ လင်းထိန်နေသော မှန်အိမ်ကလေးကို မီးစာလျှော့ မှိန်လိုက်ရန် လှမ်းကိုင်လိုက်သည်။

''ကိုတင်''

မထင်မမှတ် ဖျတ်ခနဲ ထွက်ပေါ်လာခဲ့သော ခင်လှထွေး၏ ခေါ်သံကလေးက မီးမှန်အိမ်ထံ လှမ်းလိုက်သော မောင်တင်၏လက်ကို တုံ့ဆိုင်းသွားလိုက်စေသည်။

သူသည် အသံလာရာသို့ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

''ဟင် ထွေး''

သူ့အိပ်ခန်းတံခါး အပြင်ဘက်နားတွင် ခင်လှထွေးကလေးက မတ်တတ်ကလေး ရပ်နေသည်။

သူသည် အနည်းငယ် လှုပ်ရှား အံ့အားသင့်ရင်း တံခါးပေါက်ဆီသို့ လျှောက်သွားကာ မေးလိုက်မိသည်။

''ကိုတင် ဘာအကူအညီပေးရမလဲဟင် ထွေး''

''ကိုတင့်ဆီက အကူအညီတောင်းမလို့ မဟုတ်ပါဘူး''

အနွေးထည်ကလေးများကို လုံခြုံနွေးထွေးစွာ ဝတ်ဆင်ထားသော ခင်လှထွေးကလေးက ဖြည်းဖြည်းအေးအေး ပြန်ပြောသည်။

''ကိုတင့်အတွက် ခရစ္စမတ်လက်ဆောင်ကလေးတစ်ခု အမှတ်တရ လာပေးတာပါ''

ခင်လှထွေးကလေးသည် သူ့ရင်မှာပိုက်လာသော အထုပ်ကလေးတစ်ထုပ်ကို ကမ်းပေးလေသည်။

ထိုအခါ မောင်တင်လည်း လှမ်းယူမိလျက်သားဖြစ်သွားသည်။

အမှန်က လုံးဝမျှော်လင့်မထားမိခဲ့သဖြင့် ယောင်ယောင်ပေါင်ပေါင် လှမ်းယူလိုက်ခြင်းသာဖြစ်သည်။

ပြီးမှ သူ့စိတ်မှာ အားတုံ့အားနာဖြစ်သွားလေသည်။

တကယ်ဆို သူကသာ လက်ဆောင်ပွဏ္ဏာလေးများ ယူလာပေးရမည် မဟုတ်ပါလား။

ဝန်ထောက်ကြီးအတွက် ပုသိမ်မှ စားသောက်စရာ တစ်ခုခုနှင့် ခင်လှထွေးကလေးအတွက် နာမည်ကျော် ပုသိမ်ထီးတစ်လက်တလေလောက် ဝယ်လာသင့်သည်။

သို့ရာတွင် သူ့စိတ်မှာ လုံးဝသတိမရခဲ့မိ။ လူကိုသာ ရောက်အောင် ကြိုးစားလာခဲ့သည်။

ယခု ခင်လှထွေးကလေးက အမှတ်တရ လက်ဆောင်ပေးတော့မှ သူ၏မေ့လျော့ချွတ်ယွင်းမှုကို သတိပြုမိကာ မောင်တင်စိတ်မကောင်းဖြစ်သွားသည်။

''ကျေးဇူးတင်ပါတယ် ထွေးရယ်''

သူသည် ရုတ်တရက် ဘာပြောရမှန်းမသိအောင် ကြောင်သွားမိရာမှ လှိုက်လှဲစွာ ကျေးဇူးစကားကို ဆိုလိုက်တော့သည်။

ပြီးမှ သူ့ရင်ထဲမှ ဖြစ်ပေါ်ခံစားသွားမိသမျှ ဖော်ပြဝန်ခံလျက် တောင်းပန်စကားကိုလည်း ဆိုလိုက်ရလေသည်။

''တကယ်တော့ ကိုတင်ကသာ ထွေးကို လက်ဆောင်ပေးရမှာပါ၊ ခုတော့ ထွေးကပေးပြီး ကိုတင်က ဘာမှ ပြန်ပေးစရာမရှိလို့ စိတ်မကောင်းဘူးကွယ်''

''ဩော် ကိုတင်ရယ်၊ ထွေးက လက်ဆောင်ပေးတာနဲ့ ကိုတင်က ပြန်ပေးရမယ်လို့ မဟုတ်ပါဘူး၊ ပြန်ပေးကောင်းစေလို့လဲ ထွေး လုံးဝမျှော်လင့်မထားခဲ့ပါဘူးရှင်''

''ဟုတ်ပါတယ်ထွေး ကိုတင် နားလည်ပါတယ်၊ ကိုတင် ဆိုလိုတာကလဲ ဒီသဘော မဟုတ်ပါဘူးဗျာ''

သူပြောသည့်အဓိပ္ပာယ်ကတစ်မျိုး၊ ခင်လှထွေး တွေးသည်ကတစ်ဖုံ ဖြစ်သွားချက်အား မောင်တင်ခမျာ ကပျာကယာ ကြိုးစားဖြေရှင်းလိုက်ရလေသည်။

''ထွေးကပေးပေး မပေးပေး ကိုတင့်အနေနဲ့က ထွေးတို့အပေါ်မှာ ကိုတင့်ရဲ့ ခင်မင်မှုစေတနာကို ဖော်ပြသင့်တယ် မဟုတ်လား၊ ခုတော့''

''နို့ ကိုတင်ကလဲ ဖော်ပြသားပဲလို့''

ခင်လှထွေးကလေးက ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျကလေး ပြန်ပြောလိုက်လျှင် မောင်တင် နားမလည်ဖြစ်သွားသည်။

ရုတ်တရက် နားမလည်ဖြစ်သွားသော သူ့ကို ခင်လှထွေးကလေးက အပြုံးကလေးဖြင့် ရှင်းပြလေသည်။

''အခုလို ထွေးတို့ဆီကိုရောက်အောင် ဝင်လာခဲ့တာဟာ ထွေးတို့အပေါ်မှာ ထားရှိနေတဲ့ ကိုတင်ရဲ့ ခင်မင်မှုစိတ်စေတနာကို ဖော်ပြတာပဲပေါ့လို့၊ ကိုတင်သာ ထွေးတို့ကို မခင်ဘူး၊ သတိမရဘူးဆိုရင် အခုလို တကူးတက အချိန်ကုန်ခံပြီး လာပါ့မလားဟင်''

''အင်း ဒါတော့ မှန်တယ်''

ခင်လှထွေးကလေး၏ ထောက်ပြချက်ကို မောင်တင်က ဝမ်းသာအားရ လက်ခံလိုက်မိသည်။

''ဟုတ်ပါတယ်၊ ထွေးတို့ကို ခင်မင်လို့သာပဲ ကိုတင် အခုလိုရောက်အောင်လာခဲ့တာပါ၊ ဒါကိုထွေးက ဆွေးယူလက်ခံတတ်လို့ ကိုတင် သိပ်ပြီး ဝမ်းသာမိတယ်ကွယ်၊ ကျေးဇူးလဲတင်မိတယ်''

''ထွေးကလဲ ကိုတင့်ကို ကျေးဇူးတင်နေမိတယ်''

''ဟောဗျာ''

သူ၏လှိုက်လှဲသော အပြောကို ခင်လှထွေးကလည်း တုံ့ပြန်လိုက်လျှင် မောင်တင် အံ့ဩရလေသည်။

''ကိုတင့်အတွက် တည်းခိုစရာအဖြစ် နေရာထိုင်ခင်းတွေ အဆင်သင့်ပေး၊ နောက် စားသောက်စရာတွေကိုလဲ လက်ကလေး မားထိခံပြီးတော့တောင် ချက်ပြုတ်ကျွေး၊ အခုတစ်ခါ လက်ဆောင်ပစ္စည်းကိုပါ အမှတ်တရ သာပေးနေသေးတဲ့ထွေးက ကိုတင့်ကို ဘာအတွက်များ ကျေးဇူးတင်နေရပြန်ပါလိမ့်ဗျာ၊ ကိုတင်တော့ ဘာဘစ်ခုမှရှိတယ်လို့ မထင်မိ မမြင်မိပါဘူး''

''ကိုတင်က ထင်မိမြင်မိအောင်မှ သတိမထား၊ မတွေးမကြည့်အားဘဲကိုးလို့''

ခင်လှထွေးကလေးက ကရုဏာဒေါသောပုံစံကလေးဖြင့် ပြန်ပြောသည်။

ပြီးမှ ခပ်ဖြည်းဖြည်းဆက်ပြောလေသည်။

''အခုဆိုရင် ထွေးတို့မှာ မေမေ့ကို အပြီးအပိုင်ဆုံးရှုံးရ၊ မမအေးတို့နဲ့ ခွဲခွာရနဲ့ သားအဖနှစ်ယောက်တည်း ဆွေးမြည့်သွေ့ခြောက်နေရချိန်မှာ မထင်မမှတ်နဲ့ ဖြုန်းဆို ကိုတင်က ရောက်လာတော့ ဖေဖေနဲ့ထွေးမှာ စကားပြောရ ရယ်မောရနဲ့ ဘယ်လိုပဲဖြစ်ဖြစ် တစ်ရက်နဲ့တစ်ညလောက်တော့ မေ့မေ့ပျောက်ပျောက် ရွှင်ရွှင်လန်းလန်း ဖြစ်သွားခဲ့ရတာဟာ ကျေးဇူးတင်စရာပဲပေါ့ ကိုတင်ရယ်''

ခင်လှထွေးကလေး၏ ရိုးသားလှိုက်လှဲစွာဆိုလာသော ကျေးဇူးစကားကလေးများက မောင်တင်ကို ဝမ်းသာဝမ်းနည်း ကြေကွဲသွားလိုက်စေသည်။

သူသည် ရင်မှာခံစားရင်း ခင်လှထွေးကလေးကို ခင်မင်ကြင်နာစွာ ကြည့်၍ ဆိုလိုက်တော့သည်။

''အခုလို ကိုတင်ရောက်လာတာဟာ ထွေးတို့အတွက် တစ်ရက်တစ်ည တဒင်္ဂစိတ်သက်သာမှုကို ဖြစ်စေနိုင်တယ်ဆိုလို့ ကိုတင် အများကြီး ဝမ်းသာကျေနပ်မိပါတယ်၊ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်သလဲ ကိုတင်''

မောင်တင်က သူ့စကားကို ရုတ်တရက် ရပ်ထားလိုက်မိလျှင် ခင်လှထွေးကလေးက သိလိုစွာမေးလေသည်။

ဤတွင် မောင်တင်လည်း ဆက်ပြောလိုက်သည်။

''ဒါပေမဲ့ ထွေးတို့စိတ်မှာ ဆက်ပြီး မေ့မေ့ပျောက်ပျောက် ရယ်ရယ်မောမောနဲ့ သက်သာမှုရအောင် ကိုတင် ရက်တိုးပြီး မစွမ်းဆောင် မကူညီနိုင်တဲ့အတွက်တော့ စိတ်မကောင်းဘူး ထွေးရယ်၊ ကိုတင်တကယ်ပဲ ဝမ်းနည်းမိတယ်''

''ကိစ္စမရှိပါဘူး ကိုတင်ရယ်''

ခင်လှထွေးကလေးက သူ့အပေါ် နားလည်စွာ ပြန်ပြောလေသည်။

''ကိုတင့်မှာကလဲ ကိုယ့်အရေး ကိုယ့်ကိစ္စတွေက ရှိနေသေးတယ် မဟုတ်လား''

အခန်းအတွင်းမှ ပြန့်လွင့်လာသော မီးရောင်လဲ့လဲ့ကလေးတွင် ခင်လှထွေး၏ မျက်နှာကလေးက ပြုံးယဲ့ယဲ့ကလေးရှိနေသည်။

''ဒါပေမဲ့ နောင်လာဖို့ အဆင်ပြေတဲ့အခါတွေမှာတော့ အခုလိုပဲ သတိရပြီး ထွေးတို့ဆီကို အလည်လာခဲ့ပါဦးနော်''

ထားဝယ်မှာတုန်းကနှင့် လုံးဝခြားနားစွာ လူကြီးဟန်ကလေးဖြင့် သိမ်သိမ်မွေ့မွေ့ဖိတ်ကြားနေရှာသော ခင်လှထွေးကလေးကို မောင်တင်အထူးပင် ကြင်နာသနားသွားမိရပြန်လေသည်။

သူသည် ရင်ထဲမှခံစားရင်း စိတ်ပါလက်ပါ လက်ခံတုံ့ပြန်လိုက်မိသည်။

''စိတ်ချ စိတ်ချ ကိုတင်လာခဲ့မယ်၊ ထွေးတို့ကိုလဲ အမြဲတမ်းသတိရနေမယ် မမေ့ပါဘူးကွယ်''

ခင်လှထွေး၏ မျက်နှာကလေးသည် ဝမ်းသာနှစ်သိမ့်သွားဟန်ဖြင့် အပြုံးကလေး ပိုလက်သွားသည်။

သူကလေးသည် အပြုံးလက်လက်ကလေးဖြင့် စကားတုံ့ပြန်လိုက်လေသည်။

''ထားဝယ်တုန်းကလဲ ကိုတင်ဒီလိုပဲ ပြောသွားတာပဲ၊ ဒါပေမဲ့ အခုထွေးတို့ ဒီကိုရောက်မှပဲ ကိုတင်တစ်ခါ ပေါ်လာတယ်''

မောင်တင်လည်း ပြုံးသွားမိရင်း ခင်လှထွေး၏ စကားကလေးများကို ဆုံးအောင်နားထောင်နေလိုက်သည်။

''အခုတစ်ခါလဲ ကိုတင်ပြောပြန်ပြီ၊ တော်ကြာ ဒီကနေ ထွေးတို့ ဘယ်ကိုပြောင်းသွားပြီးမှ ကိုတင်ရောက်လာမလဲ မသိဘူးလေ''

''ရန်ကုန်နဲ့ ဟင်္သာတဆိုတာ မီးရထားစီးလာလိုက်ရင် အနီးကလေး ခင်ဗျ''

ခင်လှထွေး၏ အပြောကလေးကို သဘောကျစွာ ပြုံးရယ်ရင်း မောင်တင်က အားကျမခံ တုံ့ပြန်လိုက်သည်။

''အဲဒါ တော်ကြာ ခဏခဏ ရောက်လာတော့မှ ဒီညွှေ့သည်ကလဲ ရောက်ပဲရောက်နိုင်ရန်ကောနဲ့ ပြောယူနေရလိမ့်မယ်နော်''

''ပြောယူရအောင် ရောက်ပဲ ရောက်လာခဲ့ပါဦး ကိုတင်ရယ် ဟင်းဟင်း''

''ကောင်းပြီ ထမင်းချက်ကျွေးဖို့သာ ထွေး ပြင်ထား''

''အမြဲတမ်း အသင့်ပါရှင်''

နှစ်ယောက်သားပြောပြီး ရယ်လိုက်မိကြလေသည်။

သူတို့၏ ရယ်မောမှုကို အိမ်ဧည့်ခန်းရှိ တိုင်ကပ်နာရီကြီးဆီမှ ညဆယ့်တစ်နာရီထိုးသံ တဒင်ဒင်က ရုတ်တရက် ဖျက်ဆီးရပ်တန့်စေလိုက်လေသည်။

''ဟော ဆယ့်တစ်နာရီတောင် ထိုးသွားပြီ''

ခင်လှထွေး၏ မျက်နှာပေါ်မှ အပြုံးရိပ်ကလေးများ ရုတ်တရက် လွင့်ပြယ်သွားသည်။

သူကလေးသည် အချိန်ကာလနှင့် နေရာဌာနတို့ကို သတိပြုမိသွားဟန်တူသည်။

မောင်တင်၏မျက်နှာကို မော့ကြည့်လျက်၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရကလေး နှုတ်ဆက်လိုက်တော့သည်။

''ကဲ ထွေး သွားတော့မယ်နော်''

ခင်လှထွေးကလေးသည် သူ့အတွက် တုံ့ပြန်နှုတ်ဆက်စကားကိုမျှ စောင့်စားနားထောင်ခြင်း မပြုတော့ဘဲ မောင်တင်၏ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေသည်။

မောင်တင်ကလည်း ဘာမျှမပြုမမူ မပြောဆိုမိဘဲ ခင်လှထွေးကလေးတစ်ယောက် သူ့ရှေ့မှောက် မီးရောင်အောက်မှ ညမှောင်မှောင်ထောင့်ချိုးကလေးသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကိုသာ နောက်ဆီမှ လှမ်းကြည့်ကျန်ခဲ့သည်။

ပြီးမှ သူသည် မီးအိမ်ကလေးအနီးသို့ ပြန်လျှောက်သွားလိုက်သည်။

ထို့နောက် ခင်လှထွေး ပေးသွားခဲ့သော လက်ဆောင်ထုပ်ကလေးကို ဖြေကြည့်လိုက်မိသည်။

အထုပ်ကလေးထဲမှ ထွက်လာသည်ကတော့ ခေါင်းအုံးစွပ် နှစ်လုံးဖြစ်သည်။

ပိတ်သားအဖြူခံတွင် အနီရဲရဲ နှင်းဆီပန်းခက်အဖူးအပွင့်ကလေးများကို လှပတင့်တယ်စွာ ထိုးချုပ်ထားသည်မှာ ကြည့်မဝချင်စရာပင်။

ပန်းခက်ကလေးများအောက် ထောင့်နားကလေးတွင်ကား 'ထွေး'ဟူသော အမည်စာလုံးကလေးကို ပိုးချည်အနီရဲရဲကလေးဖြင့် ကြွကြွရွရွကလေး ထိုးချုပ်ထားလေသည်။

## [၄]

''မီးရထားစက်ခေါင်း ပျက်နေလို့တဲ့...''

သာရဝေါမှ လက်ပံတန်း၊ ထိုနောက် ရန်ကုန်သို့ ဆက်ထွက်မည့် မီးရထားကို ထွက်နိုးထွက်နိုးနှင့် မျှော်ကိုးစောင့်စားနေခဲ့ကြသော ခရီးသည်များခမျာ ကြားလိုက်ရသည့် သတင်းစကားအတွက် မောသွားမိကြလေသည်။

ဟင်္သာတမှ ရန်ကုန်သို့ မီးရထားနှင့် ခရီးသွားလျှင် သာရဝေါဘက်ကမ်း ဧရာဝတီမြစ်ကို ကူးတို့ဖြင့် ဖြတ်ကူးသွားရသေးသည်။

ရန်ကုန်မှ ပုသိမ်သို့ မီးရထားစီးလျှင်လည်း သာရဝေါဘက်ကမ်းမှ ဟင်္သာတတစ်ဖက်ကမ်းသို့ ကူးတို့ဖြင့် မြစ်ကို ဖြတ်ကူးလာခဲ့ရပြန်သည်။ ထိုနောက်မှ ပုသိမ်သို့ ခရီးဆက်သည်။

ထိုသို့ ရန်ကုန်နှင့်ပုသိမ်တို့မှ မနက်စောစော ထွက်ခွာလာခဲ့ကြသော ခရီးသည်များသည် သာရဝေါနှင့် ဟင်္သာတ တစ်ဖက်ကမ်းဆီမှ ဧရာဝတီမြစ်ကို အပြန်အလှန် ကူးဖြတ်ကာ ခရီးဆက်ကြရလေသည်။

သည်ကဲ့သို့ နေ့ချင်းပေါက်ခရီးရောက်အောင် လက်ပံတန်း၊ ဟင်္သာတ၊ ပုသိမ်၊ မီးရထားလမ်းကို ဖောက်လုပ်ခုတ်မောင်းနိုင်ခဲ့သည်မှာ သိပ်ကြီးကြာလှသေးသည် မဟုတ်။

၁၉၀၃-ခုနှစ်ကမှ စတင် ခုတ်မောင်းခဲ့ခြင်းဖြစ်သည်။

ယခု ၁၉၀၈-ခု၊ သူ ဘီ-အေ နောက်ဆုံးနှစ်သို့ရောက်သော အချိန်ကျမှပင် သည်ခရီးလမ်းကို မောင်တင်သွားဖူးခြင်းဖြစ်သည်။

သည်ကဲ့သို့ သွားဖူးဖြစ်ခြင်းမှာလည်း ဝန်ထောက်ကြီးသားအဖနှစ်ဦး၏ ကျေးဇူးကြောင့်ဖြစ်လေသည်။

သို့မဟုတ်လျှင် သူ့မှာစိတ်ကူးသာရှိနေခဲ့သော်လည်း သွားလာဖြစ်ဖူးသည်ကား မဟုတ်ချေ။

ယခုမူ သူရင်ခွင်တွင်း၌ရှိသော လိုလားဆန္ဒများ ပြည့်ဝကျေနပ်သွားခဲ့ရလေပြီ။

သူသည် ခင်လုထွေး၏လက်ရာ မနက်စာထမင်းကို ဝန်ထောက်ကြီးနှင့်အတူ စားသောက်ပြီးနောက်မှ သာရဝေါဘက်ကမ်းသို့ ကူးလာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယတန်းတွဲအတွက် လက်မှတ်ဝယ်ကာ ရထားထွက်ချိန်ကို ထိုင်စောင့်နေလိုက်သည်။

သို့ရာတွင် မီးရထားသည် တော်တော်နှင့် မထွက်နိုင်အောင် ရှိနေသည်။

ဟင်္သာတ တစ်ဖက်ကမ်းမှ ပုသိမ်သို့ ထွက်ခွာသွားပြီဖြစ်သော မီးရထားဆိုလျှင် ယခုလောက်တွင် ခရီး အတော်ပေါက်နေပေလိမ့်မည်။

လက်ပံတန်းမှ ပြန်ခေါက်ပြီးနောက် ရန်ကုန်သို့သွားမည့် သည်သာရဝေါဘက်ကမ်းရှိ မောင်တင်တို့၏ ရထားတွဲမှာကား မလှုပ်မရှား ငြိမ်ချက်သားကောင်းနေဆဲဖြစ်သည်။

ခရီးသွားများသည် ရထားထွက်ချိန်ကို စောင့်ရင်း ဆင်းလိုက်၊ တက်လိုက်၊ စားလိုက်၊ သောက်လိုက်၊ ပြောလိုက်ဆိုလိုက်ဖြင့် ဂနာမငြိမ်နိုင်အောင် လှုပ်လှုပ်ရှားရှား ရှိနေကြသည်။

ထို့နောက် အတော်ကလေးကြာမှ ယခုတိုင်အောင် ရထားမထွက်နိုင်သေးခြင်းအကြောင်းရင်းကို မောင်တင်တို့ ခရီးသွားများ သိကြားကြရလေတော့၏။

''မီးရထားစက်ခေါင်း ပျက်နေလို့တဲ့''

ကြားသိလိုက်ရသော သတင်းစကားက စောင့်စားနေခဲ့ကြသော ခရီးသွားများကို စိတ်မောသွားလိုက်စေလေ သည်။

''ဟာ ဒုက္ခပါပဲ''

''အရေးထဲမှာ စက်ခေါင်းက ပျက်ရတယ်လို့''

''ဒီတိုင်းဆို ချိန်းထားတဲ့ အစီအစဉ်တွေတော့ အလွဲလွဲအချော်ချော် ဖြစ်ကုန်ပါပြီ''

''မီးရထားနဲ့ပတ်သက်တဲ့ တာဝန်ရှိသူတွေက တယ်ပေါ့သကိုး၊ ပိုက်ဆံပေးပြီး စီးနေကြတဲ့ ခရီးသည်တွေ ကသိကအောက်မဖြစ်ရအောင် စောစောကထဲက ကြိုတင်စစ်ဆေးပြင်ဆင်ထားကြဖို့ကောင်းတယ်၊ ခုတော့ ခက် ကုန်တာပေါ့''

''ဟုတ်တယ်၊ ခရီးသည်တွေ ခုလို ဒုက္ခရောက်ကြရတာ မီးရထားဌာနကို လျော်ကြေးပြန်တောင်းရမယ်''

ခရီးသွားများထံမှ မကျေမနပ် ဆူပူသံများ ညံထွက်လာခဲ့သည်။

ထို့နောက် တဖြည်းဖြည်းနှင့် ညနေသာစောင်းလာခဲ့သည်။ မီးရထားစက်ခေါင်းကမူ ပြန်မကောင်းလာနိုင်သေး ချေ။

နေ့တာတိုသော ဆောင်းကာလ အခါသမယတွင် မကြာမီသော အချိန်မှာပင် မှောင်လာတော့မည်။

သည်အတွက် ခရီးသွားအချို့ ဟင်္သာတကမ်းဘက်သို့ ပြန်ကူးသွားကြသည်။

အချို့ကမူ ပြန်ကူးသွားပြီးနောက် တည်းခိုစရာ အသိမိတ်ဆွေများ မရှိကြ၍လား မသိ။ စက်ခေါင်းပျက်နေ သော မီးရထားတွဲများပေါ်မှာပင် ဖွဲကောင်းကောင်းနှင့် စောင့်နေကြလေသည်။

သည်ကဲ့သို့သော အခြေအနေမျိုးမှာ အကျိုးအမြတ် ထွက်သွားကြသူများကား ဘူတာရုံတစ်ဝိုက်ရှိ ဈေးသည် များဖြစ်ကြသည်။

သူတို့သည် ထမင်းဟင်းနှင့် မုန့်ပဲသရေစာများကို အပြေးအလွှား ချက်ပြုတ်လုပ်ကိုင်ကာ အလုအယက် ရောင်းကောင်းနေကြလေသည်။

ထို့နောက် မှောင်စပျိုးလာသောအခါ၊ ဘူတာရုံအတွင်း မီးရောင်များ တလက်လက် လင်းလာခဲ့သည်။

မီးရထားစက်ခေါင်းကား ပြင်၍မရသေး။

အကယ်၍ ပြင်၍ ရလျှင်လည်း သည်ညတွင်မူ ဘယ်လိုနည်းနှင့်မျှ မီးရထားထွက်နိုင်လိမ့်မည် မဟုတ်ချေ။

ထိုအခါ ယနေ့ ၂၄ ရက် ခရစ္စမတ်အကြိုညသာမက မနက်ဖန် ၂၅ ရက် ခရစ္စမတ်နေ့တွင်လည်း မောင်တင် ဘယ်လိုနည်းနှင့်မျှ အိမ်သို့ အရောက်မပြန်နိုင်တော့ချေ။

ခရစ္စမတ်အမီ အိမ်သို့ အရောက်ပြန်ခဲ့ပါမည်ဟု သူ့အမေကို ပေးထားမိခဲ့သော ကတိ မတည်ဖြစ်ရလေ ပြီ။ သည်အတွက် သူ စိတ်မကောင်းဖြစ်သွားသည်။

သို့သော်လည်း ဘာမျှမတတ်နိုင်ချေ။

သူသည် ပုစွန်ထုပ်ဟင်း၊ ငါးသလောက်ဥကြော်တို့ဖြင့် ညစာထမင်းကို ဝယ်စားလိုက်သည်။

သူ့စိတ်မှာ ခင်လှထွေးကလေးကိုလည်း သတိရနေမိသည်။

နေဒင်း ကော့တိတ်ရှိ မောင်တင်၏ မိဘနှင့် ညီအစ်ကို မောင်နှမများသည် သူအပြန်လာကို စောင့်မျှော်ရင်း ခရစ္စမတ်ပွဲတော်အား ပျော်ပျော်ပါးပါး စုစုရုံးရုံးကြိုဆိုကျင်းပနေကြမည်ဖြစ်သလို ဟသ်ာတမြို့ဘက်ကမ်းတွင် ကျန်ခဲ့ရှာသော ဝန်ထောက်ကြီးသားအဖ နှစ်ယောက်ခမျာမူ မျှော်လင့်စောင့်စားစရာ မည်သူတစ်ဦးတစ်ယောက်မျှ မရှိရှာဘဲ ခရစ္စမတ်ပွဲတော်ကို တိတ်ခြောက်စွာ ကြိုဆိုကျင်းပနေကြပေလိမ့်မည်။

သူ့မိသားစုထံသို့ အရောက်မပြန်နိုင်တော့သော မောင်တင်အဖို့ တစ်ဖက်ကမ်းသို့ ပြန်ကူးသွားလိုက်ပါက နှစ်ယောက်တည်း တိတ်ဆိတ်ခြောက်ကပ်စွာ ရှိနေကြမည်ဖြစ်သော ဝန်ထောက်ကြီးတို့သားအဖသည် သူ့ကို ဝမ်းသာအားရ ဆီးကြိုလက်ခံကြမည်မှာ သေချာသည်။

ခင်လှထွေးကလေးခမျာ အံ့ဩဝမ်းသာခြင်းဖြင့် အဘယ်မျှပြုံးပျော်သွားရှာလေမည်နည်း။

သို့ရာတွင် ဘာကြောင့်မသိ။ ဟသ်ာတတစ်ဖက်သို့ မောင်တင်ပြန်မကူးသွားမိချေ။

သူသည် သာရဝေါဘက်ရှိ ဘူတာရုံ မီးရထားတွဲထဲ၌သာ ဆက်နေလိုက်သည်။

ထို့နောက် တဖြည်းဖြည်းနှင့် ညဉ့်နက်လာသည်။ ခရီးသွားအတော်များများပင် နားနေအိပ်စက်ကုန်ကြပြီ။

ကာကာ လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်မှလွဲ၍ တခြားဈေးဆိုင်များအားလုံး သိမ်းဆည်းသွားခဲ့ကြလေပြီ။

ဒီဇင်ဘာလ၏ ဆီးနှင်းများက မိုးဖွဲမိုးပေါက်များပမာ တဖြောက်ဖြောက် ကျရောက်ပိတ်ဆိုင်းလျက်ရှိသည်။

မောင်တင်သည် အိပ်၍မရ။ အိပ်ချင်စိတ်လည်းမရှိ။ သူ့စိတ်အစဉ်သည် နေဒင်းကော့တိတ်မှ သူ့မိသားစုများနှင့် ဟသ်ာတဘက်ကမ်းမှ ဝန်ထောက်ကြီးသားအဖတို့ထံ ကူးချည်သန်းချည်ပြုနေသည်။

ထိုသို့ သူ့စိတ်ပျံ့လွင့်လှုပ်ရှားနေသည်ကို မောင်တင်မကြိုက်။

သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ပေးရမည်ဖြစ်သည်။

သူသည် သူ့လက်ဆွဲသေတ္တာကလေးကို ဖွင့်လိုက်သည်။

ပြီးလျှင် သူတရိုတသေ သိမ်းဆည်း သယ်ဆောင်လာခဲ့သော တယောပြားကလေးကို ထုတ်ယူလိုက်လေသည်။

တယောပြားကလေးကို ကြည့်လျက် ရက်ရောစွာ ပေးကမ်းခဲ့သူ ဦးလေးဦးထွန်းငြိမ်းကို မောင်တင်သတိရနိုက်မိသည်။

ထို့နောက် သူတို့ဆွေစုမျိုးစု သီချင်းဆိုဝိုင်း၊ တယောထိုးအဖွဲ့။

ပြီးလျှင် စုပေါင်းဘုရားရှိခိုး၊ ဆုတောင်းအစည်းအဝေးများ။

တစ်ခါ လူကြီးများ၏ တစ်ဦးနှင့်တစ်ဦး အလျှော့မပေးတမ်း တရားဆွေးနွေးပွဲ။

မောင်တင်သည် ဆောင်းလေနှင့်တကွ ရုတ်တရက် ပျံ့လွင့်ဝေ့ယမ်းသွားခဲ့ပြန်သော သူ့စိတ်အစဉ်ကို အတင်းထိန်းချုပ်ကာ ဘိုးတံကလေး တခါခါဖြင့် တယောပြားကလေးအား အသံစမ်းလိုက်သည်။

သူ့စိတ်ကြိုက် အသံစမ်း၍ ရသွားသောအခါ သူက ခရစ္စမတ်ဓမ္မတေးများကို သူ့တယောသံကလေးတွင် ဘစ်ပုဒ်ချင်း ထိုးကျူးဖွဲ့ညင်းလိုက်လေသည်။

ထိုအခါ တညင်းညင်းတနွဲ့နွဲ့ ထွက်ပေါ်လာသော ဂီတ၏ ဆွဲငင်နှစ်သိမ့်မှုတွင် မောင်တင်၏ စိတ်အစဉ်သည် ဘည်ငြိမ်အေးချမ်း သွားလေတော့သည်။

# ၁၄

# သူ့ခံယူချက် နှင့် သူ့လက်တွေ့လုပ်ဆောင်ချက်

၁၉၀၉–ခုနှစ်တွင် မောင်တင် ဘီ–အေအောင်လေသည်။

ထိုနှစ်မှာ မောင်တင် အပါအဝင် ဘီ–အေ အောင်သူ အားလုံးကိုးယောက်မျှသာ ရှိလေသည်။

ဘီ–အေအောင်သွားသော သူတို့ကိုးယောက်ကို အစိုးရဌာနအသီးသီးက အလုပ်ဆီးပေးရန် လက်ကမ်းကြို ဆိုလိုက်ကြလေသည်။

မောင်တင်နှင့် ရင်းနှီးခင်မင်သော ကိုဘဟန်[၁]က စာတော်ပြန် မြို့အုပ်အလုပ်ကိုဝင်သွား၍ ကိုဆက်ကမူ လက်ထောက်လယ်ဝန် ဖြစ်သွားလေသည်။

မောင်တင်ကမူ ဘယ်အလုပ်ကိုမျှ ဝင်လုပ်ရန်စိတ်မကူးဘဲ အမ်–အေ ဆက်ဖြေနိုင်ရေးအတွက်သာ ကြိုးစား အားထုတ်နေလိုက်သည်။

ထိုနေ့က သူသည် အမ်–အေ ဆက်ဖြေနိုင်ရေးအတွက် စုံစမ်းမေးမြန်းပြီးနောက် ရုံးခန်းထဲမှ ထွက်အလာ ေကာလိပ်ကျောင်းအုပ်ဆရာကြီး မာရှယ်နှင့် ရင်ဆိုင်သွားတိုးသည်။

ဆရာကြီး မာရှယ်သည် မူလကျောင်းအုပ်ဆရာကြီး မက်သယူးဟန်းတား ခွင့်သွားနေ၍ ခေတ္တာတာဝန် ယူထားနေရသူဖြစ်သည်။

မောင်တင်ကိုတွေ့လျှင် ဆရာကြီး မာရှယ်ကပင် စတင်၍ ခေါ်ငင်နှုတ်ဆက်လိုက်လေသည်။

''ဟော့ မောင်တင်''

''ဟုတ်ကဲ့ ဆရာကြီး''

---

၁ ဒေါက်တာဘဟန် – နာမည်ကျော် ရှေ့နေကြီး။ နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော်၏ အစ်ကို။

''မင်း အခု ဘယ်မှာ အလုပ်ဝင်ပြီလဲ''

''ဘယ်အလုပ်မှ ကျွန်တော်မဝင်သေးပါဘူး ခင်ဗျာ''

''ဟုတ်လား ကဲ ပြောစမ်း မင်းအတွက် ငါဘာလုပ်ပေးရမလဲ''

ဆရာကြီး မာရှယ်က အားရှိပါးရှိ ပြောလိုက်လေသည်။

ဆရာကြီးသည် ဘာရည်ရွယ်၍ ပြောကြောင်းကို မောင်တင် ကောင်းကောင်းနားလည်လေသည်။

ဘီ–အေ အောင်ပြီးသွားသော ကျောင်းသားအဖို့ မြို့အုပ်၊ လယ်ဝန်အလုပ်များ သွားလျှောက်ရာတွင် ကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်သည် အထူးပင် အရေးပါအရာရောက်လှသည်။

ကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါသွားသော ကျောင်းသားများအဖို့ ဘယ်အလုပ်မျိုးမဆို အခက်အခဲမရှိ ခန့်အပ်ခံကြရလေသည်။

သည်အတွက် အလုပ်မဝင်သေးသော မောင်တင်ကို ဆရာကြီးက အကူအညီပေးရန် ကမ်းလှမ်းမေးမြန်းလိုက်ခြင်းဖြစ်သည်။

မောင်တင်သည် ဆရာကြီး၏ စိတ်စေတနာကို ကျေးဇူးတင်စွာ တုံ့ပြန်ဖြေကြားလိုက်လေသည်။

''ကျွန်တော့်အတွက် ဘာမှလုပ်ပေးစရာမရှိပါဘူး ခင်ဗျာ''

သူ့ထံမှ မမျှော်လင့်သော အဖြေစကားအတွက် ရုတ်တရက် အံ့အားသင့်သွားပုံရှိသူ ဆရာကြီးမာရှယ်ကို မောင်တင်က ပြေလည်အောင် ဆက်လက်ပြောကြားလိုက်လေသည်။

''ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အလုပ်မဝင်သေးဘဲ အမ်–အေကို ဆက်ဖြေဦးမလို့ပါ ခင်ဗျာ''

''ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်''

ယခုမှ ရှင်းလင်း သဘောပေါက်သွားဟန်တူသော ဆရာကြီးက မပျက်သော စေတနာဖြင့် ဆက်လက်တိုက်တွန်း အားပေးလိုက်ပြန်လေတော့သည်။

''ကြိုးစားကျက်မှတ်လိုက်ဦးပေါ့၊ ပညာဆိုတာ ယူနိုင်လေ ကောင်းလေပဲကွ သိလား''

''ဟုတ်ကဲ့ ဆရာကြီး''

မောင်တင်သည် အမ်–အေ ဆက်ဖြေချင်သည်မှာ မှန်သော်လည်း သူ့ပင်ကိုစိတ်ကိုက မြို့အုပ်၊ ဝန်ထောက်စသော မင်းမှုထမ်းအလုပ်ကို မလုပ်လိုခြင်းဖြစ်သည်။

မြို့အုပ်လခမှာ ကျပ်တစ်ရာ့ငါးဆယ်ဖြစ်သည်။ လာဘ်စားတတ်လျှင်မူ တစ်လတစ်လ အနည်းဆုံး ငါးရာခန့် ထပ်စည်နိုင်သည်ဟု ဆိုသည်။

သို့ရာတွင် ကိုယ့်အထက်က ဝန်ထောက်အရေးပိုင်နှင့် မင်းကြီးစသူကိုမူ အဆင့်ဆင့် ဘုရားထူး ရှိခိုးတတ်ရပေလိမ့်မည်။

မောင်တင်သည် မည်သူ့ကိုမျှ ဘုရားမထူးချင်။ ရှိလည်း မခိုးလို။ လာဘ်စားရန်လည်း ဝါသနာမရှိ။

ထို့ကြောင့် မြို့အုပ်၊ ဝန်ထောက်ရာထူးများနှင့် လခတစ်ရာ့ငါးဆယ်၊ နှစ်ရာ စသည်များကို သူမမက်။

သည်အတွက် သူသည် သူ့အဖို့ တောင်းခံစရာမလိုဘဲ ပေးလာခဲ့သော ဆရာကြီး မာရှယ်ထံမှ အကူအညီပေးရန် ကမ်းလှမ်းလာချက်ကို လက်မခံငြင်းဆန်ပစ်လိုက်သည်။

ထို့နောက် သူသည် သူ့ဝါသနာနှင့် သူ့ရည်မှန်းချက်အတွက် အမ်–အေ ဖြေဆိုနိုင်ရေးကိုသာ ကြိုးစားအားထုတ်လိုက်လေသည်။

ရန်ကုန်ကောလိပ်၏ အမြင့်ဆုံးအတန်းသည် ဘီ–အေတွင် ဆုံးနေသည်။

အမ်–အေ ဆက်တက်လိုက ကလကတ္တား တက္ကသိုလ်သို့ နှစ်နှစ်တာမျှ သွားရောက်ရပေလိမ့်မည်။

သူ့မိသားစုကို သူ့အတွက် တာဝန်မပိုစေလိုသော မောင်တင်က ကလကတ္တားတက္ကသိုလ်သို့ တကူးတက မသွားချင်။ သူ့အရည်အသွေးနှင့် သူ၏ လုံ့လဝီရိယကို ယုံကြည်စိတ်ချခြင်းဖြင့် မြန်မာပြည်၌ပင် စာအုပ်များ ရှာဖတ်ကာ အလွတ်ဖြေရန် စိတ်ကူးသည်။

---

၁။ Mathew Hunter

ထို့ကြောင့် သူသည် ခွင့်စေ၍ ပြန်ရောက်လာသော မူလကောလိပ်ကျောင်းအုပ်ဆရာကြီး မက်သယူး ဟန်းတား[၁]ထံသို့ သူ့ကြိုစည်စိတ်ကူးထားချက်များ တင်ပြ၍ အကူအညီတောင်းခံလိုက်မိသည်။

''အေး မင်းအကြံမဆိုးဘူး မောင်တင်၊ မင်းစိတ်ကူး ကောင်းတယ်''

မောင်တင်တောင်းခံသော အကူအညီကို ကောလိပ်ကျောင်းအုပ်ကြီးက ကောင်းချီးသြဘာပေး၍ပင် သဘောတူ လက်ခံလေသည်။

''ငါ ကလကတ္တား ယူနီဗာစီတီကို စာရေးမယ် ဟုတ်လား''

''ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာကြီးရယ်''

ပညာမင်းကြီးသည် ကလကတ္တားယူနီဗာစီတီ၏ အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်ရာ သူကူညီစီစဉ်ပေးလျှင် ဖြစ်နိုင် ပေလိမ့်မည်။

အမ်-အေတွဲ့ကို ပါဠိဘာသာဖြင့် ယူမည်ဖြစ်သော မောင်တင်အဖို့ သိပ်တော့လွယ်လှမည်မဟုတ်။ အတော် ကလေး ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

ရန်ကုန်ကောလိပ်မှ ပါဠိပါမောက္ခ ဂျူရိုဇယ်သည် အင်္ဂလန်ပြည်ဇာတိ ပြင်သစ်လူမျိုးဖြစ်သည်။

သူသည် ဗရင်ဂျီဘာသာဝင် ရဟန်းတစ်ပါးအဖြစ်နှင့် ဗမာပြည်ရှိ စိန်ပေါ်ကျောင်း*သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ထို့နောက် သူသည် သာသနာ့ဘောင်တွင် မပျော်ပိုက်တော့သဖြင့် လူထွက်ကာ သူဝါသနာပါသော စာပေ ပညာဘက်သို့ ဆက်လှေ့လာလိုက်စားခဲ့လေသည်။

သူသည် မြန်မာစာနှင့် ပါဠိကို အထူးပြု၍ သင်ယူခဲ့သည်။ သူ၏ ကြိုးစားအားထုတ်မှုအရ ထူးချွန်စွာ တတ် မြောက်ခဲ့လေသည်။

မောင်တင်တို့ ရှစ်တန်းနှင့် ကိုးတန်းတုန်းက ပါဠိဆရာသည် ဂျူရိုဇယ်ပင်ဖြစ်ခဲ့သည်။

ထိုစဉ်က ရန်ကုန်ကောလိပ်မှ ပြင်သစ်ဘာသာပါမောက္ခသည် အင်ဂလိုအင်းဒီယန်းဆရာ ဂျိမ်းစ်ဂရေး[၂] ဖြစ်သည်။

မောင်တင်ကောလိပ်သို့ရောက်စ ပထမနှစ်ဝက်တွင် ဆရာဂျိမ်းစ်ဂရေးကို မီလိုက်သေးသည်။

ထို့နောက် ဆရာဂျိမ်းစ်ဂရေး ရုတ်တရက် သေဆုံးသွားခဲ့သည်တွင် သူ့နေရာသို့ ဂျူရိုဇယ်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဤတွင် ဒုတိယနှစ်ဝက်မှစ၍ မောင်တင်တို့ တပည့်ဟောင်းများအဖို့ အင်တာနှစ်နှစ်စလုံး မယူမနေရ ပါဠိ ဘာသာအတွက် ဆရာဟောင်း ဂျူရိုဇယ်နှင့် အထူးပြေလည်ခဲ့ကြလေသည်။

မောင်တင် အင်တာအောင်၍ ဘီ-အေတန်းတွင် ဘာသာတွဲ ရွေးချယ်ရေးအတွက် ပါမောက္ခနှစ်ဦး လုခဲ့ကြ သော်က

''ဟေ့ မောင်တင်ရဲ့ အစိုးရက ငါ့ကို ကျောက်စာဝန်ခန့်ဖို့ ချိန်ထားတာကွ၊ အဲဒါ ငါသွားရင် မင်း ငါ့နေရာမှာ ပါဠိပါမောက္ခ ဖြစ်နိုင်တယ်ကွ၊ စိတ်ကူးမလွဲနဲ့''

ဟု ဂျူရိုဇယ်က မဲဆွယ်ခဲ့သည်။

ဂျူရိုဇယ်မဲဆွယ်ခဲ့သလို ပါဠိပါမောက္ခဖြစ်လာနိုင်ရေးသည် အမ်-အေတွဲ့ကို ပိုင်ဆိုင်ထားနိုင်ပါမှ မောင်တင် အတွက် ပို၍ အာမခံချက်ရှိသည်မဟုတ်ပါလား။

ယခု အမ်-အေကို မြန်မာပြည်မှ ဖြေဆိုရေးအတွက် သူ့အကြောင်း ကောင်းကောင်းသိထားခဲ့သော ကောလိပ်ကျောင်းအုပ်ကြီး ဆရာဟန်းတားအပြင် ပညာမင်းကြီးကလည်း အကူညီပေးဦးမည်ဆိုလျှင် မဖြစ်နိုင်စရာ မရှိဟု မောင်တင်မျှော်လင့်ထားမိသည်။

သူမျှော်လင့်သည့်အတိုင်းလည်း ဖြစ်လာခဲ့သည်။

''ဟေ့ မောင်တင် မင်းကိုကလကတ္တားယူနီဗာစီတီက မင်းတောင်းဆိုထားတဲ့အတိုင်း မြန်မာပြည်ကနေပဲ

---

* St. Paul - ယခု ဗိုလ်တထောင် အ ထ က ၆

[၂] James Grey

ဖြေခွင့်ပေးလိုက်ပြီကွယ့်''

ဆရာကြီးဟန်းတားက ဝမ်းသာအားရသတင်းပေးလျှင် မောင်တင် ဝမ်းသာကျေနပ် သွားမိသည်။

သူ့လိုအင်ဆန္ဒ ပြည့်ဝသွား၍ ဝမ်းသာကျေနပ်မိသော်လည်း မောင်တင်အတွက် တကယ့်တကယ်၌ သက်သာလှသည်မဟုတ်။

ဆရာမပါ၊ သင်တန်းမရှိဘဲ မဟာဝိဇ္ဇာ အမ်–အေ ဘွဲ့ကြီးကို နှစ်နှစ်လုံးလုံး တစ်ကိုယ်တည်း ရှာဖွေဖတ်မှတ်၊ လေ့လာ၍ ဖြေဆိုဆွတ်ခူးရမည့် တာဝန်ကြီးသည် မလွယ်လှချေ။

သို့ရာတွင် သူ့ဖွဲသတ္တိနှင့် သူ့ဉာဏ်စွမ်းကို ယုံစားအားထားသော မောင်တင်သည် တခြားအရာအားလုံးကို ဖယ်ရှား၍ အမ်–အေဘွဲ့ ရရေးတစ်ခုတည်းအတွက်ကိုသာ အလေးပေး ကျက်မှတ်ဖတ်ရှုနေလိုက်တော့သည်။

ကလကတ္တားသို့ မသွားချင်သောသူအဖို့ မြန်မာပြည်တွင် စာအုပ်ရှာဖွေရေးတွင် အခက်အခဲတွေ့ရလေသည်။

သက္ကတဘာသာနှင့် ပတ်သက်သော စာအုပ်များကို သူသည် ကုလားမိတ်ဆွေများထံသို့ လိုက်လံရှာဖွေ ငှားရမ်းရလေသည်။

စာအုပ်သုံးအုပ်ကိုမူ ဘယ်သူ့ထံကမျှ ရှာမရ၊ ငှားမရဖြစ်နေသည်။ ရသောစာအုပ်များသည် ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာတို့ဖြင့် ရေးထား၍ မောင်တင်မဖတ်တတ်ဖြစ်နေသည်။

သူရှာမရသော စာအုပ်များသည် ကလကတ္တားယူနီဗာစီတီသို့ မသွားလိုသော မောင်တင်အဖို့ ရှာရဖွေရသမျှ စာအုပ်များကိုသာ ကျေနပ်ဖတ်ရှုလိုက်ရလေသည်။

အမ်–အေအတွက် သူစာကျက်၍ နှစ်ဝက်အကျိုး အောက်တိုဘာလ အလယ်လောက်တွင် မောင်တင်ထံသို့ စိန်ပေါ်ကျောင်းမှ ဗရင်ဂျီဘုန်းကြီး ဘရာသာအော်စတင် ရောက်လာသည်။

သူ့ထံသို့ မလာစဖူး အလာထူးသော အသားခပ်ညိုညိုနှင့် သီဟိုဠ်သား ဖြစ်ဟန်တူသူ ဘရာသာအော်စတင်ကို မောင်တင်သည် စိတ်ထဲမှ အံ့ဩရင်း ဧည့်ခံစကားပြောလိုက်ရလေသည်။

''ကိုတင် ခင်ဗျား ဘီ–အေအောင်ပြီး ဘယ်မှာမှ အလုပ်မဝင်သေးဘူးလား''

''အလုပ်မဝင်သေးဘဲ အမ်–အေ ဆက်ဖြေဖို့သာ စာကျက်နေပါတယ်''

မောင်တင်က ကလကတ္တား ယူနီဗာစီတီမှ အထူးခွင့်ပြုချက်ဖြင့် မြန်မာပြည်မှပင် အမ်–အေ စာမေးပွဲကို ဝင်ဖြေမည့်အကြောင်း ပြောပြလိုက်သည်။

''ဟုတ်လား ဒီလိုဆို ဟန်ကျတာပဲ၊ ကျုပ်တို့မှာ ဒုက္ခရောက်နေတာနဲ့တော့ အတော်ပါပဲ၊ အကူအညီပေးစမ်းပါဦး''

မောင်တင်၏အစီအစဉ်များကို သိသွားသော ဘရာသာအော်စတင်သည် ဝမ်းသာကျေနပ်သွားကာ အကူအညီတောင်းလေတော့၏။

''ကျုပ်တို့ကျောင်းမှာ ပါဠိသင်တဲ့ဆရာက နှစ်ဝက်ကြီးမှာ ထွက်သွားလို့ ၈–တန်းနဲ့ ၉–တန်း အင်းထရင့်စ်* ဝင်မယ့် ကျောင်းသားတွေအတွက် အခက်ဖြစ်ကျန်ခဲ့တယ်၊ ကျန်တဲ့လေးလကို ကျေးဇူးပြုပြီး ကိုတင်လာသင်ပေးဖို့အတွက် လာခေါ်တာပါ''

သူ့ထံသို့ ဘရာသာအော်စတင် ရောက်လာခဲ့ခြင်း၏ အကြောင်းရင်းကို ယခုမှ မောင်တင်သိလေတော့သည်။

''ခင်ဗျား အမ်–အေ အတွက် စာကျက်လဲမပျက်စေရအောင် မနက် ၈–နာရီက ၉–နာရီအထိပဲ တစ်ပတ်ကို သုံးလေးခါတည်းသာ သင်ပေးပါ၊ တစ်လကို ၈၀–ကျပ် ပေးပါ့မယ်''

ဘရာသာအော်စတင်က မောင်တင်ကို အရသာခေါ်လေတော့သည်။

မောင်တင်သည် အခြားအလုပ်အကိုင် တစ်ခုခုဆိုပါက လက်မခံ ငြင်းဆန်လိုက်မည်ဖြစ်သည်။

ယခုမူ သူဝါသနာပါသော ပညာရေးရာ ကျောင်းဆရာအလုပ်ဖြစ်နေ၍ မောင်တင်စိတ်ဝင်စားသွားမိသည်။

သူသင်ကြားပြသပေးရမည်ကလည်း သူအထူးပြု၍ ဘီ–အေ၌ သင်ယူလာခဲ့သော ပါဠိဘာသာဖြစ်နေသည်။

သူက သင်ကြားပေးလိုက်ခြင်းဖြင့် အခက်တွေ့နေကြရှာသော ကျောင်းသားကလေးများခမျာ ပြေလည်သွား

---

* Entrance Examination - ထိုစဉ်က ၁၀–တန်း မရှိသေး။ ၉–တန်း အောင်ပြီးနောက် ကောလိပ်သို့ဝင်နိုင်ရန် ကျင်းပပေးသော စာမေးပွဲ။

ကြုရပေလိမ့်မည်။

သူ့အဖို့ သင်ကြားပို့ချရေး၌လည်း အလေ့အကျင့် ရသွားနိုင်မည်ဖြစ်သည်။

တစ်လကို ငွေ ၈၀–ကျပ်လည်း ရဦးမည်။

မောင်တင်သည် ခဏမျှ စဉ်းစားပြီးနောက် ဘရာသာအော်စတင်၏ ကမ်းလှမ်းပေးအပ်လာသော ပါဠိဆရာအလုပ်ကို လက်ခံလိုက်လေသည်။

ထို့နောက် စိန့်ပေါကျောင်းတွင် မောင်တင်လေးလမျှ ပါဠိဘာသာရပ်ကို သင်ပေးပြီးသောအခါ အတန်းတင်စာမေးပွဲများ စစ်လေတော့သည်။

ကျောင်းပြန်ဖွင့်သောအခါ မောင်တင်၏တပည့် ကျောင်းသားများအားလုံး အောင်မြင်သွားကြသည်။

တချို့ဆိုလျှင် ပါဠိအပါအဝင် ဘာသာတိုင်းလို ထူးချွန်စွာအောင်မြင်သဖြင့် စကောလားရှစ်ဆုများပင် အသီးသီး ဆွတ်ခူးရရှိသွားခဲ့ကြလေသည်။

သူသည် လေးလမျှ သင်ကြားပေးခဲ့ရသော်လည်း တပည့်ကျောင်းသားကလေးများထဲမှ မောင်ဘချို[၁] မောင်ဘသော်[၂] အမ်ရာဇတ်[၃] မောင်ခင်မောင်[၄] ဂျန်းနီး စသူတို့၏ ဉာဏ်ရည်ထူးချွန်မှုကလေးများကို ကျောင်းဆရာပေါက်စ မောင်တင်၏စိတ်တွင် အမှတ်ထင်ထင် ဆင်ခြင်ကျန်ရစ်စေခဲ့လေသည်။

''ကျောင်းသားတွေအတွက် ပါဠိသင်ကြားရေးမှာ အခက်တွေ့နေတုန်း ခင်ဗျားလာပြီး အကူအညီပေးတာ သိပ်ကျေးဇူးတင်တယ်ဗျာ၊ အင်းထရင့်စ် ၁၇ ယောက်ဝင်တာ ၁၇ ယောက်စလုံး အောင်သွားလို့ ကျောင်းအုပ်ဘုန်းတော်ကြီးကကော ကျောင်းသားတွေနဲ့ မိဘတွေကပါ သိပ်ပြီးကျေးဇူးတင် ဝမ်းသာနေကြတယ်''

ဘရာသာအော်စတင်က မောင်တင်ကို ဝမ်းသာအားရလာပြောသည်။

''အဲဒါ ဒီနှစ်လဲ ခင်ဗျားတခြားမှာ အလုပ်မဝင်သေးရင် ကျုပ်တို့ကျောင်းမှာ အခုလိုအတိုင်းပဲ ပါဠိဆက်သင်ပေးပါလား ကိုတင်''

မောင်တင်ကို အထူးသဘောကျသွားပုံရှိသော ဘရာသာအော်စတင်က နောက်တစ်နှစ် ထပ်သင်ပေးရန် တောင်းဆိုလာခဲ့သည်။

သို့ပေမည့် အမ်–အေ ဒုတိယနှစ်တွင် စာများကိုပို၍ ကျက်မှတ်အားထုတ်ရမည်ဖြစ်သော မောင်တင်က သက်မခံ ငြင်းပယ်ပစ်လိုက်သည်။

ထို့နောက် မောင်တင်သည် သူ့ အမ်–အေ စာမေးပွဲအတွက်သာ တစ်နှစ်လုံး တကုန်းကုန်းကျုံး၍ ကျက်မှတ်ပြင်ဆင်လိုက်တော့သည်။

၁၉၁၁–ခုနှစ်၊ မတ်လသို့ ရောက်သောအခါ ခွင့်ပြုသတ်မှတ်ထားခဲ့သည့်အတိုင်း ကလကတ္တားယူနီဗာစီတီမှ မြန်မာပြည်သို့ အမ်–အေ စာမေးပွဲမေးခွန်းများကို ပို့ပေးလိုက်လေသည်။

မောင်တင်သည် ထိုမေးခွန်းများကို ပညာမင်းကြီးရုံး၌ လက်ထောက်ပညာမင်းကြီး၏ အခန်းထဲတွင် အလုပ်သုပ်လျက်ရှိသော မင်းကြီး၏ တစ်ဖက်ဘေးစာပွဲ၌ ထိုင်၍ဖြေရသည်။ တစ်နေ့ ၄ နာရီသတ်မှတ်ချက်ဖြင့် ၈–ရက်ကြာမျှ ဖြေဆိုလိုက်ရလေသည်။

သူ့အဖို့ တစ်ချိန်လုံး လေ့ကျက်ပြင်ဆင်ထားခဲ့သော မောင်တင်သည် စာမေးပွဲမေးခွန်းများကို အခက်အခဲမရှိ ကောင်းမွန်ချောမောစွာ ဖြေဆိုလိုက်နိုင်လေသည်။

ထိုကဲ့သို့ ကောင်းစွာဖြေဆိုပြီးစီးသွားသောအခါ မောင်တင်၏စိတ်သည် ကျေနပ်အားရခြင်းနှင့်အတူ တာဝန်ဝန်ထုပ်ကြီးကြီး ကျသွားသလို လွတ်လပ်သွားလေသည်။

သူသည် နှစ်နှစ်လုံးလုံး တကုန်းကုန်း မှတ်ကျုံးကျက်မှတ်နေခဲ့ရသမျှ ယခုမှ လူလွတ် စိတ်လွတ်ဖြင့် ခရီးထွက်လည်ပတ်ရန် စိတ်ကူးနိုင်တော့သည်။

---

[၁] ဒီးဒုတ် ဦးဘချို (ကျဆုံး– အာဇာနည်)
[၂] ဆရာဝန်ကြီး ကာနယ်ဘသော်
[၃] ဝန်ကြီး ဦးရာဇတ် (ကျဆုံး – အာဇာနည်)
[၄] ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ၏အစ်ကို၊ ရှေ့နေ

သူ့စိတ်ကူးသည် ရန်ကုန်မှ လက်ပံတန်းသို့ မီးရထားကြီး စီးသွား၊ ထို့နောက် သာရဝေါသို့ဆက်၊ ပြီးလျှင် ဧရာဝတီမြစ်ကို ဖြတ်ကူးလျက် တစ်ဖက်ကမ်းရှိ ဟင်္သာတမြို့သို့တက်ကာ သူ့အလာကို ဝမ်းသာစွာဆီးကြိုနေရှာမည့် ခင်လှထွေးကလေးတို့ သားအဖအိမ်သို့ သွားရန်ဖြစ်လေသည်။

မောင်တင်သည် သူ့စိတ်ကူးအတွေးကလေးနှင့်သူ ကြည်နူးနှစ်သိမ့်ရင်း အိမ်သို့ပြန်သွားလိုက်သည်။

အိမ်သို့ရောက်လျှင် သူ့ခရီးထွက်လိုကြောင်းကို သူ့မေမေထံ ခွင့်ပန်တောင်းရမည်ဖြစ်သည်။

ထိုအခါ သူ့မေမေက မငြင်းဆန်၊ လက်ခံခွင့်ပေးမည်မှာ သေချာသည်။

သည်အခါ မနက်ဖြန်တစ်ရက် ဈေးဝယ်ထွက်မည်။ ခင်လှထွေးကလေးအတွက် လက်ဆောင်တစ်ခုခု ပါအောင်ရှာဝယ်သွားရမည် ဖြစ်သည်။

ဘာဝယ်သွားပေးရလျှင် ကောင်းမည်ဆိုသည်ကိုမူ သည်ညသူစဉ်းစားရဦးမည်။

''ဟေ့ မောင်တင် ငါ့တူက စာမေးပွဲပြီးခဲ့ပြီလားကွ...ဟေ...''

သူ့စိတ်ကူးကလေးနှင့်သူ မြူးမြူးရွှင်ရွှင်ပြန်ရောက်သွားသော မောင်တင်ကို အိမ်၌ရောက်နှင့်နေသူ ဦးလေးဦးနေဒွန်းက ဆီးကြိုမေးမြန်းလိုက်လေသည်။

'ဖြေကောဖြေနိုင်ရဲ့ မဟုတ်လားကွယ်''

''ဟုတ်ကဲ့ ဦးလေး ဖြေလဲဖြေပြီးပါပြီ၊ ဖြေလဲဖြေနိုင်ပါတယ်ခင်ဗျာ''

''ဟုတ်လား ကောင်းတယ်ကွာ''

မောင်တင်၏စကားကို ဦးလေးဦးနေဒွန်းက အားပါးတရ တုံ့ပြန်လိုက်သည်။ ထို့နောက် ဆက်၍မေးလိုက်သည်။

''မင်းမှာ တစ်ချိန်လုံးလုံး တကုန်းကုန်းနဲ့ စာတွေချည်း ကျုံးကျက်နေခဲ့ရတာ အခုလို စာမေးပွဲဖြေဆိုပြီး သွားတော့ စိတ်ကောလူကော အပန်းပြေသွားရအောင် ခရီးလေး ဘာလေး မထွက်ချင်ဘူးလားကွယ့် ငါ့တူရယ် ဟင်''

''ဟာ သိပ်ကို ထွက်ချင်တာပေါ့ ဦးလေးရယ်''

အချိုရှာ သကာတွေ့သွားသော မောင်တင်သည် ဦးလေးဦးနေဒွန်း၏ ရေလာမြောင်းပေး စကားများကို လိုလိုလားလား အားပါးတရ ပြန်ပြောလိုက်မိသည်။

''အခုပြန်လာရင်းကိုပဲ ခရီးထွက်ဖို့အတွက် မေမေ့ဆီ ခွင့်တောင်းဖို့ စိစဉ်စိတ်ကူး လာခဲ့တာ''

''အေး အေး စိတ်ကူးလာခဲ့ပေမယ့် ငါ့တူ ခွင့်တောင်းမနေနဲ့တော့ကွယ့်၊ ငါ့တူအတွက် ဦးလေးက ခွင့်တောင်း ထားပေးပြီးပြီ၊ သွားဖို့သာ ပြင်ပေတော့''

''ဟင် ဦးက မေမေ့ဆီမှာ ခွင့်တောင်းထားပေးပြီးပြီ ဟုတ်လား ဦးလေး''

မောင်တင်ခမျာ ဘယ်လိုမျှ နားမလည်နိုင်စွာဖြင့် ဦးလေးဦးနေဒွန်းကို အထူးအဆန်း တအံ့တသြ ပြန်ပြော လိုက်မိသည်။

သူ့တစ်သက်လုံး ဦးလေးဦးနေဒွန်းသည် တစ်ဖက်သား၏ စိတ်ကူးအတွေးများကို ဖတ်ကြားသိရှိနိုင်စွမ်းသူ ဟု မကြားစဖူးခဲ့ချေ။

ယခု သူ့စိတ်ကူးအတွေးများကို ဦးလေး ဦးနေဒွန်းသည် ဘယ်ကဲ့သို့သော အတတ်ပညာစွမ်းမျိုးဖြင့် ကြိုတင် သိနေနှင့်ပါလိမ့်။

မောင်တင်အဖို့ မစဉ်းစားတတ်အောင် ထူးဆန်းအံ့သြသွားမှုကို သူ့ဦးလေးဦးနေဒွန်းက အဖြေပေးလိုက် လေသည်။

''အေးကွ ဟုတ်တယ်၊ ဦးလေးက ငါ့တူကို စာမေးပွဲအပြီးမှာ မိတ္ထီလာကို ခေါ်သွားပါရစေလို့ မင့်ဖေဖေကို ရော မင့်မေမေကိုပါ စောစောလေးကပဲ ပြောပြခွင့်တောင်းထားပြီးပြီလေ''

''ဘယ်လို ဦးလေး မိတ္ထီလာကို ဟုတ်လား''

''အေးလေ မိတ္ထီလာကိုပေါ့ ငါ့တူရယ်''

မောင်တင်၏ အလန့်တကြားဖြစ်သွားမှုကို သိဟန်မတူသော သူ့ဦးလေး ဦးနေဒွန်းကမူ အေးအေးဆေးဆေး

ဆက်ပြောနေလေသည်။

''မင့်ညီမ ကျန်းမာရေးအတွက် ဆရာဝန်ရဲ့ညွှန်ကြားချက်အရ မိတ္ထီလာမှာ တစ်လလောက် နှစ်လလောက် သွားထားပေးရမယ်ကွယ့်၊ အဲဒါ မင်းလဲ စာမေးပွဲအပြီး အငြိုးပြေအဖြစ် မိတ္ထီလာကန်တော်ကြီးရဲ့ လေအေးအေး ကိုရှူရင်း အဖော်နေပေးဖို့ ခေါ်သွားမလို့ကွယ့်''

သူ့အဖို့ ခုတ်ရာတခြား ရှရာတလွဲဖြစ်သွားရှာသော မောင်တင်ခမျာ အမောဆို့သွားလေသည်။

''ဦးလေးက အလုပ်တစ်ဖက်နဲ့ဆိုတော့ ပို့ပေးခဲ့ပြီး ခဏပြန်လာရဦးမှာမို့ သူတို့ညီအစ်မနှစ်ယောက်ကို ငါ့တူပဲ အဖော်လုပ်စောင့်ရှောက်ဖို့ ထားခဲ့ရမှာကွယ့်''

ဦးလေး ဦးနေဒွန်း၏ အကြောင်းပြခေါ်ဆောင်ချက်က သူ့အတွက် ငြင်းဆန်ရခက်သွားစေသည်။

ဦးလေး ဦးနေဒွန်း၏ သမီးအကြီးသည် အဆုတ်ရောဂါရှိသည်။ ထိုရောဂါရှင် သမီးကြီးကို ဦးလေး ဦးနေဒွန်း ခမျာ အမြဲတမ်းဂရုစိုက်၍ ကုသပြုစုနေရရှာသည်။

''မင်းလဲ စာမေးပွဲအပြီး ခရီးထွက်ဖို့ စိတ်ကူးနေတယ်ဆိုတော့ အတော်ပေါ့ ဟုတ်လား''

သူ့အဖို့ ငြင်းဆန်ရ ခက်စေသည့်အထဲတွင် သူ့စကားနှင့်သူ ပြန်မိနေသော မောင်တင်ခမျာ ဦးလေး ဦးနေဒွန်း၏ အပြောကို သဘောတူလက်ခံလိုက်ရန်သာ ရှိလေတော့သည်။

''ဟုတ်ကဲ့ခင်ဗျာ ကျွန်တော်လိုက်ခဲ့ပါ့မယ်''

မောင်တင်သည် သူသွားလိုသော ခင်လှထွေးကလေးထံ မရောက်ဖြစ်နိုင်တော့၍ သူ့စိတ်ဘဝင်၌ သိပ်ကြီး မရွှင်ပျချင်မိသော်လည်း နာမည်ကျော် မိတ္ထီလာကန်တော်ကြီးကိုမူ ရောက်ဖူးမြင်ဖူးသွားရ၍ တစ်မျိုးကျေနပ် နှစ်သိမ့်ရလေသည်။

သူတို့တူဝရီးသားအဖတစ်စုတို့ မိတ္ထီလာသို့ရောက်ပြီးနောက် တစ်ပတ်ခန့်အကြာတွင် မြို့အုပ်ဦးလေး ဦးနေ ဒွန်းသည် သူ့အလုပ်ကျန်ရှိခဲ့သော ရန်ကုန်သို့ပြန်သွားလေသည်။

သည်အခါ မောင်တင်က လူကြီးလုပ်ကာ ဝမ်းကွဲညီအစ်မနှစ်ယောက်ကို ကြည့်ရှုအုပ်ချုပ်ကျန်ခဲ့လေတော့၏။

သူတို့သည် တခြားအလုပ်များမရှိရာ စားလိုက်၊ အိပ်လိုက်ဖြင့် လူရောစိတ်ပါအနားရနေကြလေသည်။

လူမမာသည် အကြီးမကလေးကို သက်သက်သာသာထား၍ မောင်တင်နှင့် အငယ်မလေးတို့နှစ်ယောက်က ချက်ပြုတ်လုပ်ကိုင်ကြရလေသည်။

ထို့နောက် မောင်တင်တို့ မောင်နှမသုံးယောက်သားသည် ညနေတိုင်း မိတ္ထီလာကန်တော်ကြီးဆီသို့ ဖြည်း ဖြည်းသက်သာ လမ်းလျှောက်ထွက်ကာ လေညင်းခံတတ်လေ့ရှိသည်။

မိတ္ထီလာကန်တော်ကြီးသို့ ဖြတ်သွားရာလမ်း၌ အရပ်ကကျွေးမွေးထားရသော စိတ်နောက်နေသူ မိန်းမကြီး တစ်ယောက်ရှိလေသည်။

ထိုမိန်းမကြီးသည် သူ့တဲအိမ်ကလေးမှထိုင်၍ မောင်တင်တို့မောင်နှမသုံးယောက် ကန်တော်ကြီးသို့ လမ်း လျှောက်ထွက်ကြသည်ကို ထိုင်ကြည့်နေတတ်လေ့ရှိသည်။

တစ်ညနေ၌မူ စိတ်နောက်သော မိန်းမကြီးသည် ဘယ်သို့ဘယ်ပုံ ထူးခြားဖောက်ပြန်သွားလေသည်မသိ။ မောင်တင်တို့ကို နောက်ယောင်ခံလိုက်လာခဲ့သည်။

ထို့နောက် သူသည် ခြံဝမှနေ၍ အော်လေတော့၏။

''ကိုမောင်တင်လေး ငါကြိုက်တယ်''

မောင်တင်ခမျာ အိမ်ရှေ့သို့ မျက်နှာမပြဝံ့အောင် အခက်တွေ့သွားလေသည်။

ထို့နောက် အိမ်နီးနားချင်းများက အော်ဟစ်မောင်းနှင်ပစ်တော့မှ မိန်းမကြီး ထွက်သွားသည်။

သို့ရာတွင် နောက်ရက်များ၌လည်း မိန်းမကြီးက လာအော်ပြန်သည်။

ထိုအခါ မောင်တင် စိတ်ညစ်လေတော့သည်။ သူသည် ရှက်လည်းရှက်လေသည်။ ဖြစ်နိုင်လျှင် ရန်ကုန် သို့သာ သူပြန်ပြေးချင်သည်။

ရန်ကုန်ပြန်ရောက်လျှင် ဟသ်ာတသို့ သူဆက်သွားနိုင်မည် မဟုတ်ပါလား။

တစ်လခန့်ကြာလျှင် ဦးလေး ဦးနေဒွန်း ပြန်ရောက်လာသည်။

မိန်းမကြီးကလည်း လာအော်ပြန်သည်။

ဤအချက်ကို အကွက်ယူ၍ မောင်တင်က ရန်ကုန်သို့ပြန်ချင်ကြောင်း ပြောလိုက်တော့သည်။

''ကျွန်တော် ရှက်တယ်ဦးလေးရယ်၊ ရန်ကုန်ပြန်တော့မယ်''

''ခြေဴကွာ သူစိတ်နောက်နေလို့ လျှောက်ပြောတာပဲဟာ၊ ဘာများရှက်စရာရှိသလဲ''

စိတ်ညစ်နေသော မောင်တင်ကို ဦးလေး ဦးနေဒွန်းက ရယ်ရွှန်းဖတ်ရွှန်း ပြောသေးသည်။

''ငါ့တူက ရုပ်ချောတော့ တခြားမိန်းကလေးတွေ မပြောနဲ့ အရူးမကတောင် ကြိုက်ချင်သွားရောထင်ပါရဲ့ကွာ ဟားဟား''

ဦးလေး ဦးနေဒွန်းက တား၍ မောင်တင်သည် ရန်ကုန်သို့ ပြန်ချင်လျက်နှင့် မိတ္ထီလာ၌ ဆက်နေလိုက်ရလေသည်။

ထိုနေ့က မောင်တင်သည် နေ့လယ်စာအတွက် ကော်ဖီဖျော်ရန် မီးမွှေးပြီးနောက် ရေနွေးအိုးတည်လိုက်သည်။

ထိုအခိုက်တွင် အိမ်ရှေ့ဆီမှ စာပို့သမားကုလား၏ အော်ခေါ်သံကို သူကြားလိုက်ရသည်။

''တယ်လီဂရမ်''

မောင်တင်သည် မီးဖိုထဲမှ အပြေးအလွှား သွားယူဖွင့်ကြည့်လိုက်သည်။

''အမ်-အေ အောင်သည်''

ကွတ်

သံကြိုးစာသည် ကာလကတ္တားရောက် မစ္စတာကွတ်ထံမှ ဖြစ်လေသည်။

မစ္စတာကွတ်သည် မောင်တင်နှင့် ဘီ-အေအတူအောင်သွားခဲ့သူဖြစ်သည်။

မောင်တင်က မြန်မာပြည်မှနေ၍ အမ်-အေ ဆက်ဖြေစဉ် မစ္စတာကွတ်ကမူ ကာလကတ္တား ယူနီဗာစီတီသို့ သွားကာ အမ်-ဘီဘွဲ့အတွက် ဆေးဘက်သင်တန်းကို ဆက်တက်နေလေသည်။

မောင်တင်က သူ့အမ်-အေအောင်စာရင်းကိုကြည့်ပေးရန် မစ္စတာကွတ်ထံ စာရေးထားခဲ့သည်။

ယခု အောင်စာရင်းထွက်သည်တွင် မစ္စတာကွတ်က မောင်တင်အောင်မြင်ကြောင်းကို သံကြိုးရိုက်အကြောင်း ကြားလိုက်ခြင်းဖြစ်သည်။

မြန်မာပြည်၌ ရှားရှားပါးပါးရှိလှသော အမ်-အေစာမေးပွဲကိုအောင်သွားသူ မောင်တင်သည် အတိုင်းမသိ ဝမ်းသာမိလေသည်။

''ဟောဒီမှာ ဦးလေးရေ ကျွန်တော် အမ်-အေ အောင်ပြီခင်ဗျာ''

သူသည် ဝမ်းသာအားရဖြင့် ဦးလေးဦးနေဒွန်းကို သံကြိုးစာပြေးပြလိုက်မိသည်။

ထိုနောက် သူသည် စာမေးပွဲအောင်မြင်မှုကို အခွင့်ကောင်းယူကာ ရန်ကုန်သို့ပြန်ရန် ခွင့်တောင်းလိုက်ပြန်တော့၏။

''ကျွန်တော် အလုပ်ရှာဖို့အတွက် ရန်ကုန်ပြန်မှပဲထင်တယ် ဦးလေးရေ''

သည်တစ်ခါ၌မူ မတားသာသော ဦးလေးဦးနေဒွန်းသည် မောင်တင်ကို ရန်ကုန်သို့ ပြန်ခွင့်ပြုလိုက်ရလေတော့၏။

[က]

''ဒေါ်ဒေါ် ဒေါ်မမလာတယ်''

ဝမ်းသာအားရ ပြန်ရောက်လာသော မောင်တင်ကို သူ့အိမ်မှဆီးပြောသည်။

ကြားရသောသတင်းက မောင်တင်ကိုပို၍ ဝမ်းသာသွားစေသည်။

ဒေါ်မမကို မတွေ့ရသည်မှာ အတော်ကလေး ကြာပြီဖြစ်သည်။

ဒေါ်မမကလည်း မလာအား၊ သူတို့ကလည်း မသွားနိုင်နှင့် လူချင်းအဆက်ပြတ်နေခဲ့ကြသည်။

ယခု တစ်ကိုယ်ရေတစ်ကာယသမား စိတ်သွားတိုင်းကိုယ်ပါနိုင်သူ ဒေါ်မမကကြိုးစားရောက်လာခဲ့ဟန်တူလေသည်။

ဟသ်ာတသို့ ဒေါ်မမကိုပါအဖော်ခေါ်သွားရလျှင် ဟန်ကျလိမ့်မည်ဟု မောင်တင်တွက်လိုက်သည်။

သူသည် သူ့တွက်ကိန်းနှင့်သူ ဝမ်းသာအားရပြန်မေးလိုက်မိသည်။

''ဟုတ်လား ဒေါ်ဒေါ်ဘယ်မှာလဲ၊ ထားဝယ်က ဘာစားစရာတွေပါလာခဲ့သလဲ ဟေ''

''ပါတယ် ပါတယ်၊ ငါးမုန့်တွေရော ငါးခြောက်တွေရော ဒူးရင်းယိုရော အစုံပဲ''

ဒေါ်မမလာလျှင်ပါတတ်မြဲဖြစ်သော သူတို့အကြိုက် အစားအစာများကို သူ့အိမ်မှ ရွတ်ပြသည်။

''ဒါပေမဲ့ ဒေါ်ဒေါ်တော့ မရှိဘူး''

''ဘယ်သွားလို့လဲ''

''မနေ့ကပဲ ဟသ်ာတကို ဆက်သွားတယ်''

''ဟင် ဘာသွားလုပ်လဲ''

သူ့အကြံထက်ဦးကာ ဟသ်ာတသို့သွားနှင့်နေသော ဒေါ်မမကို မောင်တင်သည် ရင်ထဲမှရုတ်တရက် မလို ဘမာဖြစ်သွားကာ ပြန်မေးလိုက်မိသည်။

သူသည် ရန်ကုန်သို့ ယခုထက် နှစ်ရက်လောက်စောပြန်ခဲ့လျှင်ကောင်းမှာဟုလည်း မကျေမချမ်းဖြစ်လိုက် သေးသည်။

ယခုထက် နှစ်ရက်လောက်သာစော၍ ပြန်ရောက်လာနိုင်ခဲ့လျှင် ဒေါ်မမနှင့်အတူပါသွားနိုင်မည် မဟုတ်ပါ လား။

ယခုမူ တော့ကာ လွဲသွားရချေပြီ။

သို့သော်လည်း ကိစ္စမရှိချေ။ အလုပ်အကိုင်အတွက် မဆောင်ရွက်မီ တစ်စုံတစ်ခုအကြောင်းပြုပြီးနောက် ဟသ်ာတသို့ ဆက်လိုက်သွားမည်ဟု မောင်တင်တွေးလိုက်သည်။

''ဒေါ်ဒေါ်က ဒီတစ်ခါလာကတည်းကိုက ဟသ်ာတသွားဖို့လာတာ၊ ရန်ကုန်ကခရီးကြုံလို့ ဝင်ခဲ့တာတဲ့''

ဒေါ်မမရောက်လာခြင်းနှင့်ပတ်သက်၍ သူ့အိမ်ကဆက်ပြောသည်။

မောင်တင်သည် နားသာထောင်နေသော်လည်း သူ့စိတ်ကမူ ရိုးကုမ္ပဏီတိုက်ဆိုင်ကြီးမှ ခင်လှထွေးကလေး အတွက် ဘာလက်ဆောင်ဝယ်သွားရလျှင်ကောင်းမည်လဲဟု စဉ်းစားနေမိသည်။

''အဲဒါကြောင့်ရောက်တယ်ဆို ဟသ်ာတကို လက်ထပ်ပွဲအမီ ဆက်သွားရတာလေ''

''ဟင် လက်ထပ်ပွဲဟုတ်လား၊ ဘယ်သူ့လက်ထပ်ပွဲတဲ့လဲ''

မောင်တင်သည် စဉ်းစားနေရာမှ အလန့်တကြား ပြန်မေးလိုက်မိသည်။

သူ့ရင်ထဲမှ ထိတ်ခနဲလန့်သွားမှုက သူ့အသံကို အဖျားခတ်တုန်ခိုက်သွားစေ၍ သူ့ရင်ကိုလည်းဆောင့်ခုန်လှုပ် ရှားသွားစေလေသည်။

သူသည် သူ့ကိုယ်သူသတိထားနေလျက်က ဘာမှန်းဘယ်သူမှန်းမသိသေးသော လက်ထပ်ပွဲသတင်းကို နှင့်ပင် နားစွင့်နေလိုက်မိသည်။

''ဒေါ်ဒေါ်ကပြောတော့ ထားဝယ်မှာတုန်းက သူနဲ့သိပ်ပြီး ခင်မင်ရင်းနှီးသွားတဲ့ ဝန်ထောက်ကြီးဦးဖိုးထွန်းရဲ့ သမီးအငယ်လေး''

အဖြေစကားမဆုံးမီကတည်းက မောင်တင်နားလည်လိုက်လေသည်။

သူ့အဖို့စိတ်စောကာ ဖောကြီးလာခဲ့ရသမျှ တစ်ခါတည်းမောကျသွားတော့သည်။

သူသည် ပြောမပြတတ်သောခံစားမှုမျိုးဖြင့်လည်း ဝမ်းနည်းလှိုက်ဆွေးသွားလေသည်။

ထို့နောက် မောင်တင်ဆက်လက်၍သိရှိရသည်မှာ ခင်လှထွေးကလေး ယခုလက်ထပ်ယူလိုက်ရသူသည် အခြားသူမဟုတ်ဘဲ ဝန်ထောက်ကတော်ကြီး၏ တူမလေး ခင်ခင်မြင့်၏ အစ်ကိုရင်းမြို့အုပ်မောင်မောင်ခင်ဆိုသူ ဖြစ်လေသည်။

ယခု ခင်လှထွေးကလေး လက်ထပ်ရခြင်းသည် သူ့အဖေဝန်ထောက်ကြီး၏ 'သမီးကညာအခါမလင့်' စေ ရေးအတွက် သင့်တင့်လျောက်ပတ်စွာ စီမံဖန်တီးပေးလိုက်ခြင်းပင်ဖြစ်ရပေလိမ့်မည်။

''မင်းကိုသာ စောင့်နေရရင်တော့ မောင်တင်ရာ''

ဟသ်ာတက ပြန်လာပြီးနောက် တစ်ခေါက်မျှ ထပ်မရောက်နိုင်အောင် တစ်ယောက်တည်း အလုပ်များနေခဲ့သော သူ့ကိုဝန်ထောက်ကြီးက အထက်ပါစကားကလေးများဖြင့် ရယ်မောပြောဆိုနေလေမည်လားဟု မောင်တင်သည် စိတ်မကောင်းစွာ တွေးလိုက်မိသည်။

မြို့အုပ်မောင်မောင်ခင်ကို မောင်တင်မြင်ဖူး တွေ့ဖူးသည်။

သူ့ထက် အသက်သုံးလေးနှစ်ခန့် ပိုကြီး၍ ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ထိုကဲ့သို့ ရိုးသားဖြောင့်မတ်သူ မြို့အုပ်တစ်ဦးနှင့်လက်ထပ်ပေါင်းသင်းရမည့် ခင်လှထွေးကလေးအတွက် သူဝမ်းသာကျေနပ်ရမည် မဟုတ်ပါလား။

မောင်တင်သည် တစ်ချိန်လုံးစာရေးရကောင်းမှန်း မသိခဲ့မိသမျှ ထိုညက ပထမဦးဆုံးနှင့် နောက်ဆုံးအဖြစ် ခင်လှထွေးကလေးထံသို့ စာတစ်စောင်ရေးလိုက်သည်။

သူ့စာမှာ ရှည်ရှည်ဝေးဝေးတော့ မဟုတ်။

**'စိတ်ကောက်တတ်တဲ့သူနှင့်လွဲမယ်ပြီး**

**ယခုလို စိတ်ဖြောင့်တဲ့လူနှင့်လက်ထပ်ရသဖြင့်**

**ဝမ်းသာဝမ်းမြောက်ရပါကြောင်း'**

ဟူ၍သာ ဖြစ်သည်။

ထို့နောက် မောင်တင်သည် ခင်လှထွေးကလေးအကြောင်းကို သူ့ခေါင်းထဲ အသည်းထဲမှ အပြီးအပိုင် ထုတ်ပစ်လိုက်လေတော့၏။

# ၁၅

# သူ့ရည်မှန်းချက်၏ လုပ်ငန်းအစ

"ကဲ မင်း အခု အမ်–အေအောင်သွားပြီဆိုတော့ ဘယ်ဌာနမှာ အလုပ်ဝင်ဖို့ စိတ်ကူးထားသလဲ မောင်တင်"

စာမေးပွဲအောင်စာရင်းထွက်ပြီးနောက် မကြာမီ ၁၉၁၁–ခုနှစ်၊ မေလ နောက်ဆုံးပတ်ထဲတွင် ပညာမင်းကြီးက သူ့ရုံးခန်းသို့ မောင်တင်ကို ခေါ်တွေ့သည်။

ထိုနောက် အထက်ပါအတိုင်း မေးမြန်းလိုက်ခြင်းဖြစ်သည်။

ပညာမင်းကြီး၏အမေးကို မောင်တင်က ချက်ချင်းအဖြေပေးလိုက်သည်။

"ကျွန်တော် ပညာရေးဘက်မှာ ကျောင်းဆရာလုပ်ဖို့ စိတ်ကူးထားပါတယ် ခင်ဗျာ"

"မင်း ဒီလိုစိတ်ကူးတာဝမ်းသာတယ် မောင်တင်"

ပညာမင်းကြီးက ဝမ်းသာကျေနပ်စွာ ဆိုလေသည်။

"ငါက မင်းကို အေ-ဂျီ*ရောက်သွားမလားနဲ့ စိုးရိမ်နေတာကွ"

"မရောက်ပါဘူးခင်ဗျာ၊ ရောက်ချင်ရင် ကျွန်တော် ဘီ–အေအောင်ကတည်းက ရောက်သွားခဲ့ပြီပေါ့၊ မရောက်ချင်လို့ကိုပဲ ကျွန်တော် အမ်–အေဆက်ဖြေခဲ့တာပါ"

မောင်တင်က အမှန်အတိုင်းပြန်ဖြေလိုက်သည်။

အကယ်၍ သူသာ အေ–ဂျီရုံးသို့သွားလိုလျှင် ဘီ–အေအတူအောင်သူ ကိုဆက်နှင့် တစ်ပါတည်းရောက်နေခဲ့ပြီဖြစ်သည်။

"အေး ကောင်းတယ် ကောင်းတယ်၊ မင်းဖြစ်ချင်တဲ့ဆန္ဒ အခုဖြစ်လာရတော့မယ်ကွ"

---

* Accountant-General - ငွေစာရင်းမင်းကြီးရုံး

ပညာမင်းကြီးက အားပေးရင်းဆက်ပြောသည်။

''အခု တို့ပညာရေးဘက်ဆိုင်ရာမှာ တိုးချဲ့စရာတွေအများကြီးရှိနေတယ်ကွ။ အဲဒီလို တိုးချဲ့လာတဲ့အခါ မင်းတို့ ဗမာတိုင်းရင်းသားတွေထဲက ထူးချွန်ရင်ထူးချွန်သလောက်၊ အရည်အချင်းရှိရင် အရည်အချင်းရှိသလောက် မြှောက်စားနေရာပေးဖို့ အစီအစဉ်တွေ ချထားတယ်။ အဲဒီလို မြှောက်စားနေရာပေးတဲ့အခါ မင်းဟာတော့နံပါတ်တစ်ရှေ့ဆုံးကပါမှာသေချာတယ် စိတ်ချ''

ပညာမင်းကြီး၏ စကားက အားရှိစရာ ကောင်းလှသည်။

''ဒါပေမဲ့ အချိန်တော့ နည်းနည်းစောင့်ရလိမ့်ဦးမယ်ပေါ့ကွာ''

ပညာမင်းကြီးစကားများကို မောင်တင်က ငြိမ်သက်တိတ်ဆိတ်စွာသာ နားစိုက်နေလိုက်သည်။

''အဲဒီလို စောင့်နေတုန်း မင်းကိုအလုပ်တစ်ခုပေးထားမယ်၊ ဘယ်မှာလဲဆိုတော့ မင်းကိုယ်တိုင်အထက်တန်းအောင်လာခဲ့တဲ့ ရန်ကုန်ဟိုက်စကူးကျောင်းမှာ ဂ–တန်းဆရာလုပ်ဖို့ပဲ၊ လုပ်မလား''

ပညာမင်းကြီးက မောင်တင်ကို မေးလိုက်တော့သည်။ ပညာမင်းကြီးကို ကြည့်ရသည်မှာ အမ်–အေအောင်ထားသူတစ်ဦးက အထက်တန်းကျောင်း၌ ရှစ်တန်းပြဆရာကလေးအဖြစ်လက်ခံပါ့မလားဟု မသေမချာဖြစ်နေပုံရှိသည်။

ထိုသို့ရှိနေသော ပညာမင်းကြီးကို မောင်တင်က အဖြေပေးလိုက်လေသည်။

''ဟုတ်ကဲ့ ကျွန်တော်လုပ်ပါ့မယ်ခင်ဗျာ''

''အေး ကောင်းပြီ''

မောင်တင်၏အဖြေကိုရလျှင် ပညာမင်းကြီးသည်အားရကျေနပ်စွာဖြင့် အလုပ်ခန့်အပ်ရေးအတွက် အစီအစဉ်တွေ ချမှတ်ပေးလိုက်လေတော့သည်။

ထို့နောက် ၁၉၁၁–ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မောင်တင်သည် ရန်ကုန်ဟိုက်စကူးကျောင်းတွင် ဘာသာစုံသင်ကြားပြသပေးရသော အငှမတန်းဆရာဖြစ်သွားလေသည်။

တစ်လကို တစ်ရာ့ငါးဆယ်ကျပ်ရလေသည်။

ထိုကဲ့သို့ ဟိုက်စကူးကျောင်း၏ အငှမတန်း အတန်းပိုင်ဆရာဘဝတွင် ထူးချွန်သော ကျောင်းသားတစ်ယောက်ကို ဆရာတင် သတိပြုမိခဲ့သည်။

သူ့နာမည်သည် မောင်ကျော်မြင့်*ဖြစ်သည်။

မောင်ကျော်မြင့်သည် ဘာသာရပ်တိုင်းတွင် ထူးချွန်သူဖြစ်သည်။ အင်္ဂလိပ်စကားပြောကိုလည်း အင်္ဂလိပ်ရှုံးအောင်ပြောတတ်သူ ပြောနိုင်သူဖြစ်သည်။

စာကြိုးစား၍ စာတော်သောတပည့်ကျောင်းသားများကို သင်ကြားပြသသူဆရာများက သတိထားမိတတ်ကြ၊ ချစ်ခင်တတ်ကြကြောင်းကို ဆရာတင်သည် ယခုပို၍ နားလည်လာခဲ့ရလေသည်။

ထို့နောက် မန္တလေးမြို့ရှိ ကျောက်စာဝန်တော်စိန်နီ ပင်စင်ယူလိုက်သည်။ သူ့နေရာသို့ ရန်ကုန်ကောလိပ်မှ ပါဠိပါမောက္ခဂျူရိုဖယ်ကို အစိုးရက ရွှေ့ပြောင်းခန့်အပ်လိုက်သည်။

ဤတွင် လစ်လပ်သွားသော ပါဠိပါမောက္ခနေရာသို့ ဟိုက်စကူးကျောင်းမှ ဆရာတင်က တာဝန်ယူထမ်းဆောင်လိုက်ရလေသည်။

ထိုကြောင့် ၁၉၁၂–ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အသက် ၂၄ နှစ်မျှသာရှိသေးသော မောင်တင်သည် မြန်မာလူမျိုးများထဲမှ ပထမဦးဆုံးသောပါမောက္ခအဖြစ် ရန်ကုန်ကောလိပ်၌ ခန့်အပ်ခြင်းခံလိုက်ရလေတော့၏။

တခြားသော ပါမောက္ခများအဖို့ ပထမဦးဆုံးအကြိမ် အတန်းသို့ဝင်ပြီးလက်ချာပေးခဲ့ကြချိန်များ၌ ဘယ်သို့ခံစားကြသည်မသိ။

ပါဠိပါမောက္ခအသစ်ကျပ်ချွတ်ကလေး မောင်တင်သည်ကား ဘယ်သို့မျှ ထူးခြားလှုပ်ရှားမှုမျိုး မရှိချေ။

ထိုနေ့က မိုးမသဲဘဲ ခပ်ဖွဲဖွဲကလေးသာ ရွာနေသည်။

ရန်ကုန်ဟိုက်စကူးကျောင်း၌ လုပ်သက်တစ်နှစ်ပြည့်သွားခဲ့ဖူးပြီဖြစ်သော ပါမောက္ခမောင်တင်သည် ကြည်ပြာ

---

* နာမည်ကျော် တရားရုံးချုပ်ရှေ့နေ (ဒေါက်တာထင်အောင်၏ အစ်ကို)

ရောင်ခေါင်းပေါင်း၊ နံ့သာရောင်ပဟန်ဖားရင်ဖုံးအင်္ကျီ၊ ဘန်ကောက်တောင်ရှည်ပုဆိုး မိုးပြာရောင်နှင့် ကြက်သွေးရောင် ကတ္တီပါပိုနီးတန်းဖိနပ်တို့ကို သေသပ်ကျနစွာဝတ်ကာ ပါဠိပါမောက္ခအဖြစ် ပထမဦးဆုံး လက်ချာ* ပေးရန် ရန်ကုန် ကောလိပ်သို့ သွားလိုက်သည်။

ရန်ကုန်ကောလိပ်ကျောင်းသည် ရန်ကုန်ဟိုက်စကူးကျောင်းနှင့် တစ်ဝင်းတည်း၌ ရှိသည်။

ကောလိပ်ကျောင်းခန်းထဲသို့ ပါမောက္ခလက်သစ်ကလေး မောင်တင်ဝင်သွားလိုက်သောအခါ အတန်းသားများ က မတ်တတ်ရပ်၍ ဆီးကြိုကာ အရိုအသေပေးကြသည်။

''ဂွတ်မောနင်း ကလပ်စ်''

''ဂွတ်မောနင်း ဆာ''

ပါမောက္ခမောင်တင်က အတန်းသားများကို အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်ပြီး အထိုင်ခိုင်းလိုက်သည်။

ထို့နောက် အတန်းသားများသည် သူတို့ဆရာလက်သစ် ပါမောက္ခပေါက်စ မောင်တင်ကို ငြိမ်သက်တိတ် ဆိတ်စွာ စောင့်ကြည့်နေကြလေသည်။

ပါမောက္ခမောင်တင်ကလည်း သူ့အတန်းသားတပည့်များကို တည်ငြိမ်စွာ ပြန်ကြည့်လိုက်သည်။

ထိုအခါ ပါမောက္ခမောင်တင်သည် သူ့တပည့်ကောလိပ်ကျောင်းသားကြီးများ၏အကြည့်ကို ကောင်းစွာနားလည် လိုက်လေသည်။

အသက်နှစ်ဆယ့်လေးနှစ်တွင် သုံးလမျှသာစွန်းသေးသော လူငယ်ပါမောက္ခမောင်တင်ကလည်း အတန်း ထဲမှ ကောလိပ်ကျောင်းသားကြီးများနှင့် အရွယ်ချင်း မတိမ်းမယိမ်းဖြစ်သည်။

အကယ်၍ အသက်အရွယ်အရသာ ယှဉ်လိုက်မည်ဆိုပါက ဆရာနှင့်တပည့်ကျောင်းသားများသည် ကြောက်ရွံ့ ရိုသေနေစရာပင်ရှိမည်မထင်။

သူတို့သည် မတိမ်းမယိမ်းနှင့် ရွယ်တူ သူငယ်ချင်းများသဖွယ်သာရှိကြပေလိမ့်မည်။

သည်အတွက်ပင် သူ့တပည့် ကောလိပ်ကျောင်းသားကြီးများက မြန်မာလူမျိုးများထဲမှ ပထမဦးဆုံးအကြိမ် မြင်ဖူးတွေ့ဖူးလိုက်ရသော ပါမောက္ခပေါက်စ မောင်တင်ကို အကဲဖမ်းစူးစမ်းကာ ကြည့်နေကြခြင်းဖြစ်လေသည်။

သူ့တပည့် ကောလိပ်ကျောင်းသားကြီးများကို တန်ပြန်စူးစိုက်ကြည့်လိုက်သော ပါမောက္ခပေါက်စ မောင်တင် သည် လူပုံပျို့ရွယ်၍ အသက်သာငယ်ပင်ငြားလည်း ဟန်ပန်မှုင်မောင်းအနေနှင့်ကား အထက်ကျော်ကာရီက နောင်တော်နောင်တော် ပါမောက္ခကြီးများနှင့်မခြား ဣန္ဒြေကြီးတစ်ခွဲသား တစ်ပြားမျှမလျော့တမ်း တည်ငြိမ်လှပေ တော့သည်။

ထို့နောက် သူသည် ဆရာတစ်ဦးအနေဖြင့် သူ့အတန်းကို ထိန်းကိုင်လွှမ်းမိုးနိုင်စွမ်းသည့် အသံသြဇာဖြင့် လှမ်းပြောလိုက်လေတော့သည်။

''ကဲ ဆရာဂျူရှိဖယ်သင်သွားတာ ဘယ်ရောက်သွားပြီလဲ၊ စာအုပ်ဖွင့်ကြစမ်း''

ပါမောက္ခမောင်တင်၏ စေခိုင်းချက်ကို ကောလိပ်ကျောင်းသားကြီးများက မဆိုင်းမတွ လိုက်နာပြုလုပ်လိုက် ကြလေသည်။

ထို ပထမနေ့မှစ၍ ပါမောက္ခမောင်တင်သည် သူ့တပည့်ကျောင်းသားကြီးများကို ကောင်းစွာထိန်းကိုင်ကာ သင်ကြားပြသပေးနိုင်ခဲ့လေသည်။

ထိုကဲ့သို့ အဦးအစမှာပင် အောင်မြင်သွားခဲ့သော သူ့သတင်းသည် အမ်–အေ မောင်တင်၊ ပါဠိမောင်တင်၊ ပါမောက္ခမောင်တင် စသည်ဖြင့် ပညာရေးလောက၊ ကျောင်းသားလောက၊ မိဘလောကများ၌ ထင်ရှားကျော်ကြား သွားခဲ့လေတော့၏။

သည်အတွက် ပါမောက္ခမောင်တင်သည် ဂုဏ်ယူကျေနပ်မိသော်လည်း ခြေဖျားထောက် မောက်မာခြင်း၊ မိုးမမြင်၊ လေမမြင် ဘဝင်လေခတ်ခြင်းမျိုး လုံးဝမရှိဘဲ ရိုးရိုးမှန်မှန်သာ သူ့တာဝန်ဝတ္တရားများကို ကြိုးစားလုပ် ဆောင်လိုက်လေသည်။

တစ်နေ့တွင် ကောလိပ်ကျောင်းအုပ်ကြီး ကိတ်*က ပြောလေသည်။

* အင်္ဂလိပ်စကားအားဖြင့် စာပေသင်ကြားပို့ချပေးခြင်းကို ဆိုလိုသည်
* A.D. Keith

''မင်း ပထမဆုံးအကြိမ် ပါမောက္ခအဖြစ်နဲ့ အင်တာအတန်းထဲကို စဝင်ပြီး စာသင်တဲ့နေ့တုန်းကဆိုရင် ဖြစ်မှဖြစ်ပါ့မလားနဲ့ ငါ့မှာစိုးရိမ်နေခဲ့တာကွ''

မစ္စတာ အေဒီကိတ်သည် ခေတ္တကျောင်းအုပ်ဖြစ်သည်။ မူလကျောင်းအုပ်ကြီး မစ္စတာဟန်းတား ခွင့်သွားနေစဉ် အစားဝင်သင်ပေးနေရသူဖြစ်သည်။

''အဲဒါ စိတ်မချလို့ မင်းစာသင်နေတုန်း ငါ့မှာ အမြဲတမ်းလာပြီး ချောင်းနားထောင်နေခဲ့ရတယ်ကွယ့်''

သူ့တပည့် ကျောင်းသားများကို သင်ကြားပြသရေး၌သာ စူးစိုက်စိတ်ဝင်စားနေခဲ့မိသော ပါမောက္ခမောင်တင်သည် ကျောင်းအုပ်ကြီး လာချောင်းနေခဲ့ကြောင်း လုံးဝမသိလိုက်ချေ။

''မင်းက ပါမောက္ခသာဖြစ်ပေမယ့် မင်းတပည့်တချို့က မင်းထက်တောင် အသက်ကြီးနေကြသေးတယ် မဟုတ်လား''

ကျောင်းအုပ်ကြီး ပြောသည်မှာ မှန်သည်။ ပါမောက္ခမောင်တင် သင်ကြားပေးနေရသော အင်တာအတန်းသားများထဲတွင် တစ်ယောက်နှစ်ယောက်သည် ဆရာ့ထက် အသက်အတန်ကြီးနေကြသည်။

သူတို့အထဲမှ တစ်ယောက်နှစ်ယောက်ဆိုလျှင် အိမ်ထောင်သည်များပင် ဖြစ်နေကြသေးသည်။

ထို့ကြောင့် ပါမောက္ခပေါက်စကို တပည့်များက ခန့်မှခန့်ပါလေစဟု ကျောင်းအုပ်ကြီး စိုးရိမ်သွားဟန်တူသည်။

ကျောင်းအုပ်ကြီး စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာပင်ဖြစ်သည်။

ကောလိပ်ကျောင်းသားဘဝကို ကျော်လွန်ပြီးနောက်မှ ယခုပါမောက္ခဖြစ်လာခဲ့သော မောင်တင်သည် ကောလိပ်ကျောင်းသားတို့အကြောင်းကို ကောင်းကောင်းသိခဲ့လေသည်။

သူတို့သည် သူတို့မကြိုက်သောဆရာများကို အတန်းထဲ၌ ဆူညံအောင်စကားပြောခြင်း၊ စီးထားသောဖိနပ်ကို ကြမ်း၌ပွတ်တိုက်၍ အသံမြည်အောင်ပြုခြင်း စသည်တို့ဖြင့် မလေးမစား မခံ့မညား အနှောင့်အယှက်ပေးတတ်ကြလေသည်။

မောင်တင် အင်တာကျောင်းသားဘဝတုန်းက ကုလားဆရာတစ်ယောက်နှင့် ကပြားဆရာ ခပ်စွာစွာ တစ်ယောက်တို့သည် ကျောင်းသားတချို့၏ ထိုကဲ့သို့သော ပြုမူခြင်းများကို ခံခဲ့ကြရလေသည်။

''ဒါပေမယ့် အုံသြစရာကောင်းအောင်ကိုပဲ မင်းတပည့်တွေက မင်းသင်ကြားပြသပေးသမျှ ငြိမ်ပြီးနားထောင် ဖတ်မှတ်နေကြတာကို နေ့တိုင်းတွေ့ရတယ်၊ ဒီတော့မှ ငါလဲ စိတ်ချသွားလို့ နောက်ပိုင်းမှာ ဆက်မချောင်းတော့ဘူးလေ အဟင်း''

ပါမောက္ခ မောင်တင်အတွက် စိတ်ချလက်ချဖြစ်သွားသော ကျောင်းအုပ်ကြီးသည် ရယ်သံကလေးစွက်၍ စကားကို အဆုံးသတ်လိုက်တော့၏။

အကယ်၍ ကျောင်းအုပ်ကြီး သူ့ကို ဆက်ချောင်းနေဦးမည်ဆိုလျှင်လည်း ကျောင်းအုပ်ကြီးသာ ပါဠိတတ်ချင်တတ်သွားမည်။

သူ့အတန်းသားများကမူ သူ့ကို ကလန်ကဆန်ပြုလုပ် နှောင့်ယှက်မည်မဟုတ်ကြောင်း ပါမောက္ခမောင်တင် ကောင်းကောင်းသိလေသည်။

ထို့နောက် သူသည် အင်တာတန်းမှ ဘီ–အေတန်းသို့ တက်ရောက်သင်ကြားလိုက်ရပြန်လေတော့၏။

ရန်ကုန်ကောလိပ်၏ ပါဠိဘာသာဌာနတွင် မောင်တင်သည် စတုတ္ထမြောက် ပါမောက္ခဖြစ်သည်။

သူ့အထက် သုံးယောက်ရှိခဲ့သည်။ ပထမဦးဆုံးပါမောက္ခသည် ဂျာမန်လူမျိုး ဖော်ရှမား* ဖြစ်၍ ဒုတိယသည် အင်ဂလိုအင်ဒီယန် ဂိုမ်းစ်ဂရေးနှင့် တတိယသည် ပြင်သစ်လူမျိုး ဂျူရိုဖယ်ဖြစ်လေသည်။

သူတို့သုံးယောက်စလုံးသည် နိုင်ငံခြားသားများဖြစ်၍ ပင်လယ်ရပ်ခြား အပိုစရိတ်ဆိုကာ မူရင်းလခထက် တစ်ဆ ပိုရကြသည်။

---

* Dr. Forchhammer

ပါမောက္ခမောင်တင်ကမူ ဗမာလူမျိုးဖြစ်နေသောကြောင့် အိုင်-အီး-အက်စ်[1] အနေနှင့် မသတ်မှတ်ဘဲ၊ ဘီ-အီး-အက်စ်[2] အနေဖြင့် မူရင်းလခ ၃၀၀ မှ ၅၀၀ ကျပ်တန်း အတိုင်းသာရလေသည်။

သူ့အဖို့ ဗမာဖြစ်နေ၍ အပိုကြေးကို မရနိုင်သော်လည်း ပါဠိပါမောက္ခတစ်ယောက်အနေနှင့် တာဝန်အပိုတွေကိုမူ ထမ်းဆောင်နေရလေသည်။

အခြားသော ပါမောက္ခများအဖို့ သူတို့နှင့် သက်ဆိုင်ရာ စာပေဘာသာရပ်များကို သင်ကြားပို့ချပေးကြပြီးနောက် တာဝန်ကျေလေသည်။

ပါဠိပါမောက္ခ မောင်တင်အဖို့မူ စာပေပို့ချပေးရုံနှင့် တာဝန်မပြီးချေ။

သူ့ရှေ့မှ ပါဠိပါမောက္ခမှန်သမျှ တာဝန်ယူထမ်းဆောင်သွားခဲ့သော ဘားနပ်ဒ်ဖရီးလိုင်ဘရီ* ၌ စာကြည့်တိုက်မှူးတာဝန်ကို ဆက်ယူလိုက်ရသည်။

ဘားနပ်ဒ်ဖရီးလိုင်ဘရီသည် အကြီးအမားကြီးကားမဟုတ်။ ရန်ကုန်ဟိုက်စကူးကျောင်းဝင်းတံခါးဝအနီး၌ ရှိသော သီးသန့်အဆောင်ကလေးတစ်ခုသာ ဖြစ်သည်။

ရန်ကုန်ကောလိပ်နှင့် ရန်ကုန်ဟိုက်စကူးကျောင်းတို့ကို ပေါင်းကူးအမိုးနှင့် စကြံလမ်းကလေးဖြင့် ဆက်သွယ်ထားသော ထိုဘားနပ်ဒ်ဖရီးလိုင်ဘရီကလေးသို့ မောင်တင်သည် ကောလိပ်ကျောင်းသားဘဝက အမြဲတမ်းလိုလိုသွား၍ စာအုပ်များ ငှားရမ်းဖတ်ရှုခဲ့လေသည်။

ယခု ပါဠိပါမောက္ခဖြစ်လာသောအခါ ထိုအခမဲ့ စာကြည့်တိုက်ကလေး၌ အခမဲ့စာကြည့်တိုက်မှူးဖြစ်လာခဲ့ရလေတော့သည်။

စာကြည့်တိုက်ကလေးသည် မကြီးမားလှသော်လည်း ထားရှိသောစာအုပ်များသည် အဖိုးတန်လှပေသည်။ ရှေးဟောင်းပေစာများနှင့် တကယ့်စာကောင်းပေကောင်းများကို စုဆောင်းထားရှိခြင်းဖြစ်သည်။ စာအုပ်ပေစာအားလုံးတို့သည် အပျော်ဖတ်မဟုတ်ဘဲ တက္ကသိုလ်အဆင့်ရှိသော စာကြီးပေကြီးများသာဖြစ်သည်။

ထိုကဲ့သို့ စာအုပ်များ တန်ဖိုးရှိလှသည်နှင့်အမျှ စာကြည့်တိုက်မှူး၏ တာဝန်သည် အများသားဖြစ်သည်။

စာကြည့်တိုက်မှူးသည် အခမဲ့လာရောက်ငှားရမ်းသော စာအုပ်များကို စာရင်းမှတ်၍ ငှားလိုက်ရသည်။ သို့နောက် ဖတ်ရှုပြီး၍ ပြန်ပို့သော စာအုပ်များကို စစ်ဆေးကာ သိမ်းဆည်းရသည်။ ရှားပါးသောပေစာများကိုမူ အပြင်သို့ မငှား၊ စာကြည့်တိုက်၌သာ ဖတ်ခွင့်ပေးသည်။

စာကြည့်တိုက်မှူး၏ တာဝန်သည် စာအုပ်များကို ငှားရမ်းသိမ်းဆည်း၍ မပျက်မစီး၊ မပျောက်မဆုံးအောင် ကာကွယ်စောင့်ရှောက်ရုံနှင့် မပြီးသေးချေ။

သူသည် စာကြည့်တိုက်တစ်တိုက်တွင် ရှိသင့်ရှိထိုက်၊ ထားသင့်ထားထိုက်သော စာအုပ်စာပေများကို စဉ်းစားရှာဖွေရသည်။

စာပုံနှိပ်တိုက်များနှင့် စာအုပ်ထုတ်ဝေဖြန့်ချိသူများက ပေးပို့သောစာအုပ်များကို စာရင်းမှတ်၍ လက်ခံရသည်။ ရရှိသောစာအုပ်များအတွက် ကျေးဇူးတင်ကြောင်းလည်း စာရေးပြန်ကြားရသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌအဖြစ် တရားသူကြီးချုပ် ဆာချာလ်ဖော့(က်စ်)*နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီး မစ္စတာဟာန်းတားတို့ ပါဝင်ဖွဲ့စည်းထားသော စာကြည့်တိုက်အုပ်ချုပ်ရေးအဖွဲ့ကို တစ်လတစ်ကြိမ်ကျ စည်းဝေးခေါ်ကာ တင်ပြဆွေးနွေး အကြံဉာဏ်ပေးရသည်။

အုပ်ချုပ်ရေးအဖွဲ့မှ လက်ခံအတည်ပြုသော စာအုပ်များနှင့် ပေစာများကို စာကြည့်တိုက်မှူးက လိုက်လံရှာဖွေစုဆောင်းရလေသည်။

---

1 Indian Educational Service = အိန္ဒိယ ပညာရေး ပဋိညာဉ်ခံ

2 Burmese Educational Service = ဗမာပြည် ပညာရေး ပဋိညာဉ်ခံ

* Bernard's Free Librady = ဝန်ရှင်တော်မင်းကြီး ဆာချားလ်စ်ဘားနပ်ဒ် (Sir Charles Bernards) ကို ဂုဏ်ပြုသောအားဖြင့် အခမဲ့ တည်ထောင်ဖွင့်လှစ်ထားသောစာကြည့်တိုက်

* Sir Charles Fox

စာကြည့်တိုက်အုပ်ချုပ်ရေးအဖွဲ့ကို အစည်းအဝေးခေါ်တိုင်း အားလုံးထဲ၌ အသက်အရွယ်အငယ်ဆုံးဖြစ်၍ အဖွဲ့၏အတွင်းရေးမှူးလည်းဖြစ်သော စာကြည့်တိုက်မှူး သူ့ကို အဖွဲ့ဥက္ကဋ္ဌ ဘီလပ်သား တရားသူကြီးချုပ် ဆာ ချားလ်ဖော့(က်စ်)က သတိထားကြည့်ရှုနေတတ်ကြောင်း မောင်တင်တွေ့ရသည်။

ဘီလပ်သား တရားသူကြီးချုပ်က သူ့ကို ဘယ်အတွက် သတိထားကြည့်ရှုနေတတ်ကြောင်းကို မောင်တင် နားလည်လေသည်။

ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာပြည်၌ ဘုန်းကြီးရဟန်းတို့ အချင်းများကြသည့်ကိစ္စ၊ ကျောင်းလု၊ ဇရပ်လု သည့် ကိစ္စများက မကြာခဏ ပေါ်ပေါက်လာတတ်သည်။

ထိုကဲ့သို့သော အမှုကိစ္စများပေါ်ပေါက်လာတိုင်း ပါဠိပါမောက္ခမောင်တင်ခမျာ အလုပ်ရှုပ်ရလေတော့သည်။

ဘုန်းကြီးရဟန်းအမှုနှင့် ကျောင်းလု ဇရပ်လု အမှုများကို ရုံးတော်က စီရင်ဆုံးဖြတ်နိုင်ရေးအတွက် ပါဠိ ပါမောက္ခမောင်တင်သည် ပါဠိကျမ်းဂန်များထဲမှ အထောက်အထား အကိုးအကားဖြတ်ထုံးများကို ရှာဖွေထုတ်နုတ်ပြီး နောက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားပေးပို့ရလေသည်။

ထို့အပြင် ပါဠိပါမောက္ခအနေဖြင့် ယင်းကိစ္စများအပေါ် ထင်မြင်ချက်[၁]နှင့် အကြံဉာဏ်များကိုလည်း ပေးစွမ်း နိုင်ရသေးသည်။

ထိုကဲ့သို့သော ဉာဏ်စွမ်းလုပ်အားအတွက် အမှုတစ်မှုလျှင် ငွေတစ်ဆယ့်ခြောက်ကျပ်ကျ တရားရုံးတော်က ပါဠိပါမောက္ခ မောင်တင်ကို ချီးမြှင့်လေသည်။

ပါမောက္ခ မောင်တင်သည် ရန်ကုန်ကောလိပ်၏ ပါဠိပါမောက္ခအနေဖြင့် အခြားသော ပါမောက္ခများထက် အလုပ်ရှုပ်၊ တာဝန်ပိုကာ မအားနိုင်အောင်ရှိနေသော်လည်း သူ့အဖို့ သူ့ရည်မှန်းချက်ကို လက်တွေ့အကောင် အထည်ဖော်နိုင်ကာ သူ့ဝါသနာ၊ သူ့ပညာကို အံဝင်ခွင်ကျ အသုံးချနေရသောကြောင့် သူ့စိတ်မှာ ပျော်ရွှင်ကျေနပ် နေလေတော့သည်။

ထိုအချိန်တွင် ဦးဥတ္တမ ကိုယ်တော်နှင့်အတူ ဗမာသတင်းစာများက ယခုရန်ကုန်ကောလိပ်ထက် အဆင့်မြင့်၍ ကလကတ္တား လက်အောက်ခံမဟုတ်သော သီးခြားယူနီဗာစီတီ[၂] တစ်ခုကို ဗမာပြည်အတွက် တည်ထောင်ဆောက် လုပ်ပေးရန် အစိုးရထံ တောင်းဆိုရေးသားနေကြသည်။

ဗမာပြည်အတွက် ယခုကောလိပ်ထက် အဆင့်မြင့်သော ယူနီဗာစီတီကျောင်းကြီးတစ်ကျောင်းကို ပါမောက္ခ မောင်တင်သည်လည်း ကျောင်းသားဘဝကတည်းက တောင့်တမျှော်လင့်နေခဲ့သူတစ်ဦးဖြစ်သည်။

သူတို့အားလုံး မျှော်လင့်တောင့်တကာ တောင်းဆိုနေကြသော အဆိုပါ ယူနီဗာစီတီကြီးသည် တစ်နေ့တွင် အမှန်တကယ် ရလာနိုင်လိမ့်မည်ဖြစ်ကြောင်းကို ပါမောက္ခမောင်တင် နားလည်ယုံကြည်သည်။

ထိုကဲ့သို့ ရလာနိုင်လိမ့်မည်ဖြစ်သော ယူနီဗာစီတီကြီးသည် အဆောက်အအုံမျှသာမဟုတ်မူဘဲ အတတ် ပညာအရပ်ရပ်ကို အမှန်တကယ် သင်ကြားပေးနိုင်သော တက္ကသိုလ်ကျောင်းကြီးတစ်ကျောင်းဖြစ်ဖို့လိုကြောင်း လည်း သူဆင်ခြင်တွေးခေါ်မိသည်။

သည်အခါ ယခုလို အောက်ကျ နောက်ကျ ဖြစ်နေကြသော မိမိတို့ မြန်မာပြည်နှင့် မြန်မာလူမျိုးကို အကျိုးပြု မြှင့်တင်ပေးနိုင်မည့် ပညာတတ် မြန်မာလူချွန် လူတော်ကလေးများ မွေးဖွားပေါ်ပေါက်လာနိုင်မည် မဟုတ်ပါလား။

သူသည် ရန်ကုန်ဟိုက်စကူးကျောင်းကို အခြေခံ၍ ပျိုးထောင်ခဲ့ပြီးနောက် ရန်ကုန်ကောလိပ်၌ ဖူးငုံကာ ယခုကဲ့သို့ မြန်မာလူမျိုးထဲက ပထမဦးဆုံးသော ပါမောက္ခအဖြစ် ပွင့်လန်းလာခဲ့ရလေသည်။

နောင်တစ်ချိန်တွင် ပေါ်ပေါက်တည်ဆောက်လာမည့် ယူနီဗာစီတီကြီးမှ နောင်လာနောင်သားများ ပညာပန်း ပွင့်လန်းတင့်ဆန်းလာရေးသည်ကား ရှေ့ပိုင်းမှ ဖူးပွင့်ထားခဲ့ကြသော သူတို့၌ တာဝန်ရှိကြောင်းကို ပါမောက္ခမောင် တင် သဘောပေါက်သည်။

နောင်တစ်နေ့၌ ပေါ်ပေါက်လာမည်ဖြစ်သော ယူနီဗာစီတီ၌ ပါမောက္ခမောင်တင် အထူးပွင့်လန်းတင့်ဆန်းစေလို သော ပန်းတစ်ပွင့်သည်ကား မြန်မာစာပေပန်း ဖြစ်လေသည်။

---

၁။ Expert Opinion

၂။ University = ပညာအရပ်ရပ်ကို သင်ကြားပေးနိုင်သော တက္ကသိုလ်ကျောင်း။

သို့ရာတွင် မြန်မာစာပေပန်းတစ်ပွင့် လန်းစွင့်တင့်ဆန်းလာနိုင်ဖို့ဆိုသည်မှာ မျိုးစေ့မှအပင်ပေါက်၍ အပင်မှသာ တစ်ဆင့်ဖူးပွင့်လာရမည်ဖြစ်သည်။

ယခုမှ သူပွင့်စေချင်သော မြန်မာစာပေပန်းသည် အပင်ဝေး၍ မျိုးစေ့ပင် မချရသေးချေ။

သူ့နောက်ကြောင်းကို ပြန်ပြောင်းလေ့လာလိုက်ပါက အင်းစိန်မြို့ ပေါက်တောရပ်မှ ဆရာကိုရင်ကြီး၏ ကျေးဇူးကြောင့်သာ မြန်မာလူမျိုးဖြစ်သော ပါမောက္ခမောင်တင်အဖို့ မြန်မာစာပေကို ငယ်စဉ်မှစ၍ စိတ်ဝင်စားရမှန်း နားလည်ကာ တတ်ကျွမ်းလာခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်ဟိုက်စကူးကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း၌မူ သူသည် မြန်မာစာပေကို ဟုတ္တိပတ္တိ သူမသင်ယူခဲ့ရဖူးတော့ချေ။

သူသည် ကောလိပ်မရောက်မီ အထက်တန်းကျောင်း၌ ဝေဿန္တရာဇာတ်ကို ဖတ်ခဲ့ရသည်။

ထိုကဲ့သို့ ဝေဿန္တရာဇာတ်ကို ဖတ်ခဲ့ရာ၌ မြန်မာစာပေအဖြစ်နှင့် ဖတ်ခဲ့ရခြင်းကား မဟုတ်ချေ။

ကျောင်းအုပ်ဆရာကြီး မစ္စတာပိုက်ပြန်ဆိုရေးသားထားသော အင်္ဂလိပ်ဘာသာဖြင့်သာ ဖတ်ခဲ့ရခြင်းဖြစ်လေသည်။

ကိုယ့်မြန်မာပြည်တွင် မြန်မာလူမျိုးဖြစ်သော်လည်း မြန်မာစာကို မသင်၍ မြန်မာစာကို မတတ်၍ ဘယ်သူကမျှ အပြစ်မဆိုကြ။ အထင်မသေးကြ။

ထိုကဲ့သို့မဟုတ်ဘဲ မြန်မာဖြစ်၍ မြန်မာစာပေကို ကမ်းကုန်အောင် တတ်မြောက်ထားသော်လည်း ကိုယ့်လူမျိုးကိုယ့်စာပေ မဟုတ်သော အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို မတတ်ပါက သူ့ခမျာ လူရာမဝင် အထင်သေးစရာမျက်နှာမလှ ဖြစ်ရလေတော့၏။

ထိုအခါ ငွေကြေးတတ်နိုင်သူများသည် အင်္ဂလိပ်စာပေကို တတ်အောင်တော်အောင်သာ ကြိုးစားသင်ယူကြသည်။

အစိုးရနှင့်တကွ စာသင်ကျောင်းများကလည်း အင်္ဂလိပ်စာပေကိုသာ အရေးထားကာ ဦးစားပေး၍ သင်ကြားသနကြလေသည်။

သည်အတွက် ကိုယ့်မြန်မာလူမျိုး အတော်များများသည် အင်္ဂလိပ်စာပေမတတ်မှာကို သေမလောက်ချက်ကြောက်စိတ် ဝင်မိကြသော်လည်း ကိုယ့်မြန်မာစာ၌ ညံ့ဖျင်းရသည်ကိုမူ ဂုဏ်ယူမဆုံးရှိကြကြောင်း တွေ့ရလေသည်။

လူတချို့ဆိုပါက ကိုယ့်မြန်မာစကားကို ပီပီသသပြောရခြင်းကိုပင် ရှက်စရာအဖြစ်မြင်ကာ ဘိုသံနှင့် ပြောဆိုဘတ်ကြလေသည်။

ထို့ကြောင့် မြန်မာများအဖို့ အင်္ဂလိပ်စာပေကို မသင်နိုင်၍ မတတ်သည့်တိုင် ကုလားစကား အနည်းအပါးလောက်ကိုမူ ကြိုးစားသင်ယူထားကြရသည်။

အဘယ်ကြောင့်မူ မြန်မာများအဖို့ ကူလီ[၁] ကုလား၊ လန်ချား[၂] ကုလား စသူများကို ကုလားစကားနှင့် ခေါ်မှသာရကြလေသည်။

ဤတွင် မြန်မာပြည်၌ မြန်မာလူမျိုးများ နေထိုင်ကြသော်လည်း နိုင်ငံခြားဘာသာစကားများကသာ လွှမ်းမိုးအုပ်စိုးနေလေတော့သည်။

ပါမောက္ခ မောင်တင်သည်လည်း အများနည်းတူ အင်္ဂလိပ်စာပေဘာသာရပ်ကို ထူးချွန်တတ်မြောက်အောင် သင်ယူခဲ့သူတစ်ဦးပင်ဖြစ်သည်။

သို့ရာတွင် မြန်မာပီသ၍ မြန်မာဆန်သောမိဘမှ ဆင်းသက်ပေါက်ဖွားလာခဲ့ပြီးနောက် မြန်မာစာပေကို မြန်မာဆရာကိုရင်ကြီးထံက အခြေခံရလာကာ မြန်မာစိတ်၊ မြန်မာသွေးအပြည့်ရှိသော ပါမောက္ခမောင်တင်သည် သူ့မြန်မာစာပေကို ဘယ်အခါမျှမမေ့ချေ။

သူသည် အင်္ဂလိပ်စာပေကို ပိုတတ်လေ ပို၍လေ့လာမိလေ သူ့မြန်မာစာပေကို သူမမေ့လေဖြစ်သည်။

---

၁။ အလုပ်သမား

၂။ လူနှစ်ယောက်ထိုင်စီးနိုင်၍ လူတစ်ယောက် (ကုလား)က ဆွဲသွားရသော အမိုးအရှင်နှင့် နှစ်ဘီးတပ်လှည်း

မြန်မာပြည်၌ လွှမ်းမိုးအုပ်စိုးနေသော နိုင်ငံခြားဘာသာစကားများအောက်တွင် သူ့မြန်မာစာပေပညာရပ်များ နစ်မြုပ်ပျောက်ဆုံးသွားမှာကို သူစိုးရိမ်ကြောင့်ကြမိလေသည်။

အကယ်၍ လက်ရှိအခြေအနေကို မထိုးဖောက် မပြောင်းလဲနိုင်ပါက သူစိုးရိမ်ကြောင့်ကြမိသော အခြေအနေသို့ မလွဲမသွေရောက်သွားရမည်မှာ သေချာလေသည်။

အထက်တန်းကျောင်းများ၌ နေရာမပေး အရေးမယူဘဲ ဖိနှိပ်ထားသော မြန်မာစာပေသည် ကောလိပ်၌လည်း မျက်နှာငယ်လွန်းစွာ ရှိနေရှာသည်။

ရန်ကုန်ကောလိပ်၌ အခြားဘာသာရပ်ဆိုင်ရာဌာနများ အသီးသီးရှိကြသော်လည်း မြန်မာစာဌာနဆိုသည်မှာ လုံးဝမရှိချေ။

သို့ရာတွင် အင်တာအတန်းများ၌ မြန်မာစာစီစာကုံးကိုမူ မယူမနေရ ဘာသာတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ပေးထားသည်။

ထိုကဲ့သို့ ထည့်သွင်းသတ်မှတ်ပေးထားခဲ့ခြင်းသည် ပညာရေးဆင်ဒီကိတ်နှင့် အစိုးရမင်းတို့က မြန်မာလူမျိုးနှင့် မြန်မာစာပေအပေါ် စေတနာရှိ၍မဟုတ်ချေ။

ကလကတ္တားတက္ကသိုလ်က ချမှတ်ထားခဲ့သော အမိန့်စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခြင်းသာ ဖြစ်လေသည်။

သူ့လက်အောက်၌ ဖွင့်လှစ်ထားသော ကောလိပ်များသည် ပြည်နယ်ဒေသနှင့် လူမျိုးစုအလိုက် သူတို့ပင်ရင်းဘာသာစကားများကို စာစီစာကုံးဘာသာတစ်ရပ်အဖြစ် စစ်မေးရမည်ဟု ကလကတ္တား တက္ကသိုလ်က အမိန့်ထုတ်ထားခဲ့သည်။

ဘင်္ဂါလီပြည်နယ်မှ ကောလိပ်သည် ဘင်္ဂါလီဘာသာစကားကို စာစီစာကုံးရေးသားဖြေဆိုကြရသလို

ပန်ဂျပ်ပြည်နယ်မှ ကောလိပ်တွင်လည်း ဆစ်စာပေစကားကို စာစီစာကုံးဘာသာတစ်ရပ်အဖြစ် ဖြေဆိုကြရလေသည်။

သူတို့နည်းတူ မြန်မာပြည်၌ရှိသော ရန်ကုန်ကောလိပ်တွင်လည်း မြန်မာစာစီစာကုံးကို ဘာသာတစ်ရပ်အဖြစ် ရေးသားဖြေဆိုကြရခြင်းဖြစ်သည်။

အကယ်၍ ကလကတ္တားတက္ကသိုလ်က ထိုကဲ့သို့ အမိန့်မျိုးထုတ်မထားပါက မြန်မာပြည်၌ မြန်မာလူမျိုးများနေသော ရန်ကုန်ကောလိပ်တွင် မြန်မာစာစီစာကုံးဆိုသည်ကို လုံးဝဖြေဆိုရလိမ့်မည် မထင်ချေ။

ယခု မြန်မာစာစီစာကုံးကို ဖြေဆိုစေခြင်း၌လည်း ဘယ်ဆရာတစ်ဦးတစ်ယောက်ကမျှ သင်ကြားပြသပေးကြသည်မဟုတ်။

သင်ကြားပေးနိုင်အောင် ရန်ကုန်ကောလိပ်၌ မြန်မာဘာသာရပ်ဆိုင်ရာ ဆရာဆို၍လည်းတစ်ယောက်မျှမရှိ။

တခြားဘာသာရပ်ဆိုင်ရာ ဌာနအသီးသီး၌ ကထိကအပြင် ပါမောက္ခကြီးများအထိ ရှိနေကြသော်လည်း မြန်မာစာဌာနနှင့် မြန်မာစာဆရာဟူ၍ကား ပညာရေးဆင်ဒီကိတ်အဖွဲ့က ရန်ကုန်ကောလိပ်ကို စတင်တည်ထောင်စဉ်မှ ယခုအချိန်အထိ မထားမရှိခဲ့သေးချေ။

ထိုကဲ့သို့ ဌာနဆိုင်ရာမရှိ၊ သင်ကြားပေးမည့် ဆရာဆို၍လည်း လုံးဝခန့်မထားသော ရန်ကုန်ကောလိပ်၌ မြန်မာစာစီစာကုံးကို ကျောင်းသားများသည် မိမိတို့ တတ်သိထားသလိုသာ ရေးသားဖြေဆိုကြရလေသည်။

မြန်မာဘာသာ စာစီစာကုံးအတွက် မေးခွန်းများကို ရန်ကုန်ကောလိပ်၌ မြန်မာလူမျိုးထဲမှ တစ်ဦးတည်းသော ဆရာဖြစ်သူ ဓာတုဗေဒ ကထိကဆရာဘက ထုတ်ပေးရသည်။

ဆရာဘ ထုတ်လေ့ရှိသော မြန်မာစာမေးခွန်းများကို ပါမောက္ခကျောင်းသားဘဝက ဖြေဆိုခဲ့ကြရသည်များမှာ–

၁။ အထက်ပါ မြန်မာစာပိုဒ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပါ။

၂။ အထက်ပါ အင်္ဂလိပ်စာပိုဒ်ကို မြန်မာဘာသာသို့ ပြန်ဆိုပါ။

၃။ ကျောင်းသားများသည် ကျောင်းပိတ်အချိန်အတွင်း ဘယ်ကိုသွားခဲ့၍ ဘာကိုလုပ်ကိုင်ခဲ့ပြီးနောက် ဘာတွေ မြင်တွေ့ခဲ့ပုံများကို စာစီစာကုံးရေးပြပါ။

စသည်တို့သာ ဖြစ်လေသည်။

တစ်ခါတစ်ရံ၌မူ လောကသာရပျို့ထဲမှ ပျို့တစ်ပိုဒ်ကိုပေး၍၊

အထက်ပါစာပိုဒ်ကို ပိဋကတ္တပြန်ဆိုပါ။

ဟုလည်း နိုင်းတတ်သည်။

ကျောင်းသား အများစုသည် ပိဋကတ္တအဓိပ္ပာယ်ကို ဘာမှန်းမသိဘဲဖြေဆိုခဲ့ကြလေသည်။

ဘီ-အေ အတန်းသားများအတွက်မူ ဗိနတ္ထုပကာသနီကို သတ်မှတ်ပေးထားသည်။

ထိုကဲ့သို့ သတ်မှတ်ပေးထားသော ဗိနတ္ထုပကာသနီနှင့် ပတ်သက်၍ ကျောင်းသားများကို စာမေးပွဲစစ်ဆေးသောအခါ စစ်ဆေးသူများအနေနှင့် လိုက်နာရမည့် အချက်သုံးချက်ကိုလည်း ကလကတ္တား ယူနီဗာစီတီက အမိန့်ထုတ်ထားခဲ့ပြန်သည်။

၁။ ပြဋ္ဌာန်းထားသော စာအုပ်ကို ကျောင်းသားများအား ဖတ်စေရမည်။

၂။ ကျောင်းသားများ ဖတ်ထားသော ပြဋ္ဌာန်းစာအုပ်ကို စာမေးပွဲတွင် ခရေစေ့တွင်းကျ မမေးရ။

၃။ ကျောင်းသားများ၏ စာစီစာကုံး ရေးနည်းရေးဟန်ကိုသာကြည့်ရမည်။

အထက်ပါ အမိန့်များအရ ကျောင်းသားများသည် မြန်မာစာနှင့်ပတ်သက်၍ ပင်ပင်ပန်းပန်း အားထုတ်ကြိုးကုတ်စရာမလိုကြချေ။

စာအုပ်သဘောကို ယေဘုယျသိရုံမျှ ဖတ်ထားပြီးနောက် စာစီစာကုံး ရေးလိုက်ရုံသာရှိလေသည်။

ထိုအခါ ဆရာမရှိ၊ သက်ဆိုင်ရာဌာနမရှိသော မြန်မာစာပေကို ရန်ကုန်ကောလိပ်ကျောင်းသားများအဖို့ ဘာဝန်ကျေရုံ ဖတ်လျှင်ပင် ပြီးလေတော့သည်။

တခြားသူများအဖို့ တာဝန်ကျေရုံ သဘောထားခဲ့ကြသော်လည်း ပါဠိကို စိတ်ဝင်စားသော မောင်တင်ကမူ ဒိနတ္ထုပကာသနီကျမ်းကို ကြိုးကြိုးစားစား ဖတ်ရှုမှတ်သားခဲ့လေသည်။

ထိုကဲ့သို့ မြန်မာဘာသာနှင့်ပတ်သက်၍ စာစီစာကုံးကလေး ရေးဖြေရုံဖြင့် ပြီးစီးနေခဲ့သော ရန်ကုန်ကောလိပ်ကျောင်း၏ မြန်မာစာပေ အခြေအနေသည် ယခုပါဠိပါမောက္ခမောင်တင် ပြန်ရောက်လာသောအခါ၌လည်း ယခင်အတိုင်းသာရှိနေသေးသည်။

ဘယ်တစ်ချက်မျှ ပြောင်းလဲတိုးတက်လာခြင်း မရှိချေ။

မြန်မာစာပေနှင့်ပတ်သက်၍ ဘာတစ်ချက်မျှ တိုးတက်ပြောင်းလဲလာခြင်းမရှိသော်လည်း အခြားဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးတို့ကား တစ်နှစ်ထက်တစ်နှစ် ကြီးပွားအောင်မြင်လျက် ရှိနေလေသည်။

ထိုဘာသာရပ်ဆိုင်ရာ ဌာနများအတွက် ကထိကနှင့် ပါမောက္ခများကိုလည်း အကျော်အမော် ဘိလပ်ယူနီဗာစီတီများဖြစ်သော အော့စဖို့ဒ်[၁]နှင့် ကင်းဘရစ်ချ်[၂] တို့မှ စိတ်ကြိုက်ရွေးချယ်ခန့်ထားပေးသည်။

ရန်ကုန်ကောလိပ်၏ အာဏာပိုင်အဖွဲ့သည် မြန်မာစာပေကို ဘုရားစူးလွှတ်ရုံ တာဝန်ကျေမှုထားရှိသော်လည်း သူတို့အင်္ဂလိပ်စာပေကိုမူ အထူးအရေးထား၍ သင်ကြားပို့ချပေးစေလေသည်။

အင်္ဂလိပ်စာဌာနကိုလည်း အစဉ်တိုးချဲ့လျက်ရှိသည်။

ပါဠိပါမောက္ခ မောင်တင်နှင့် မရှေးမနှောင်းတွင် ရန်ကုန်ကောလိပ် အင်္ဂလိပ်စာဌာနသို့ ကင်းဘရစ် ယူနီဗာစီတီမှ အင်္ဂလိပ်စာ ပါမောက္ခ ဂျီ-အိပ်ချ်-လုစ်* ဆိုသူ အင်္ဂလိပ်လူမျိုးတစ်ဦး ရောက်လာခဲ့သေးသည်။

ထိုကဲ့သို့ ပါမောက္ခများ အစီအရီဖြင့် ဘာသာရပ်ဆိုင်ရာဌာနအသီးသီးတို့ကိုကြည့်၍ တစ်နေ့နေ့တွင် ရန်ကုန်ကောလိပ်၌ မြန်မာများအတွက် မြန်မာစာပေ ဘာသာရပ်ဆိုင်ရာ ဌာနကြီးတစ်ခုလည်း မုချပေါ်ပေါက်လာရမည်ဟု ပါမောက္ခမောင်တင်က စိတ်တွင်းမှ ကြုံးဝါးထားလိုက်သည်။

ထိုကဲ့သို့ မြန်မာစာဌာနကြီး မုချပေါ်ပေါက်လာရအောင် သူ့ဉာဏ်စွမ်း ကိုယ်စွမ်းရှိသမျှ ကြိုးစားအားထုတ်မည်ဟုလည်း ပါဠိပါမောက္ခမောင်တင်က သန္နိဋ္ဌာန်ချလိုက်သည်။

သူသည် စေတနာစိတ်ဖွဲ့ဖြင့် အားခဲကြုံးဝါးကာ သန္နိဋ္ဌာန်ချမှတ်လိုက်သော်လည်း လွယ်လွယ်နှင့် ဖြစ်မလာနိုင်ကြောင်းကိုမူ ကောင်းကောင်းသိလေသည်။

---

[၁] Oxford ဝိဇ္ဇာဘာသာပညာရပ်များကို သင်ကြားပေးသော တက္ကသိုလ်

[၂] Cambridge သိပ္ပံဘာသာပညာရပ်များကို သင်ကြားပေးသော တက္ကသိုလ်

* Gordon Hanninston Luce

သူ့အဖို့ မြေရိုင်းဆူးတောသို့ ဖွတ်တိုး၍ မျိုးစေ့ကြဲချရမည် မဟုတ်ပါလား။

အပင်တစ်ပင်ကို စိုက်ပျိုးလိုသူသည် ပျိုးခင်းကို ပထမပြင်ဆင်ရသည်။

ပျိုးခင်းပြင်ရသည့်နေရာသည် မြေယဉ် မြေသန့်ဖြစ်ပါက အနည်းအပါး တူးဆွ၍ မြေဩဇာထည့်၊ ရေလောင်းလျှင် ပြီးသွားနိုင်သည်။

အကယ်၍ ပျိုးခင်းပြင်ရမည့်နေရာသည် မြေရိုင်းဖြစ်နေဘိမူ ပျိုးခင်းသမားအဖို့ သက်သာလှမည်မဟုတ်ချေ။

သူသည် မြေရိုင်းကို မြေယဉ်ဖြစ်အောင် ပထမခုတ်ထွင်ရှင်းလင်းရမည်။

ထို့နောက် ကျောက်ခဲဆူးငြောင့်တွေ ပြွမ်းနေသော မြေကြမ်းကြီးကို မြေသားကျအောင် တူးဆွကာသန့်ပေးရဦးမည်ဖြစ်သည်။

ထိုအခါ ပျိုးခင်းသမားသည် ဆူးခြစ်ခံရမည်။ ငြောင့်စူးခံရမည်။ ပုလင်းကွဲဖန်ကွဲ စသည်တို့ အရှအနခံရမည်။ အထိအခိုက် အပွန်းအပဲ့ ခံရမည်။

သို့ရာတွင် သူသည် ထိုကဲ့သို့သော ဒဏ်ရာဒဏ်ချက် အနှောင့်အယှက်များကို ဖွဲမာန်သတ္တိနှင့် ခံယူကာ ပျိုးခင်းကို ဆက်လက်ထူထောင်နိုင်စွမ်းရှိရမည်။

သည်ကဲ့သို့ ထူထောင်နိုင်စွမ်းရှိမှ မိမိစိုက်လိုသောအပင်ကို စိုက်ပျိုးနိုင်ပြီးနောက် မျိုးကောင်းမျိုးသန့်များ သီးပွင့်ပွားများလာနိုင်မည်ဖြစ်လေသည်။

ယခုပါဋိပါမောက္ခမောင်တင်သည်လည်း မျိုးပြုန်းလုနီး မြန်မာစာပေ အသီးအပွင့်များကို နောင်လာနောင်သား သူ့မြန်မာလူမျိုးများအဖို့ စားသောက်သုံးစွဲနိုင်ရေးအတွက် မြန်မာစာပေ အပင်တစ်ပင်ကို ကြိုးစားစိုက်ပျိုးရန် ဆုံးဖြတ်လိုက်သည်။

မြန်မာစာပေ အပင်တစ်ပင်ကို သူစိုက်ပျိုးရမည့်နေရာသည် လွယ်လွယ်ကူကူ စိုက်ယူနိုင်သော မြေယဉ်မြေသန့်ကား မဟုတ်ချေ။

ဆူးငြောင့်ခလုတ်နှင့် ကျောက်တုံးကျောက်ခဲများ ပြွမ်းနေသော ရန်ကုန်ကောလိပ်၏ မြေရိုင်းမြေကြမ်းကြီး၌ ဖြစ်လေသည်။

ထို့ကြောင့် သူသည် မြန်မာစာပေကို မျိုးစေ့ချ ပျိုးထောင်နိုင်ရေးအတွက် လောင်းရိပ်ထိုးနေသော ရန်ကုန်ကောလိပ် မြေရိုင်းမြေကြမ်းကြီးတွင် ဘယ်လိုဘယ်ကစ၍ ပျိုးခင်းကို ထွင်ရပါ့ဟု ကြံဆစိတ်ကူးရင်း လက်ရှိတာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်နေလိုက်လေသည်။

ထိုကဲ့သို့ရှိစဉ် တစ်နေ့တွင် ပါဋိပါမောက္ခ မောင်တင်သည် ရာဇဝင်ပါမောက္ခဖြစ်သူ ဘိလပ်သား အေ-ဒီ-ကိ(သ်)*ကို မေးမိသည်။

''ခင်ဗျားရာဇဝင်သင်တာ ဘာဖြစ်လို့ ကျွန်တော်တို့ မြန်မာရာဇဝင်ကိုတော့ မသင်တာလဲဗျ''

သူ့အမေးကို ရာဇဝင်ပါမောက္ခက ပြုံး၍ ပြန်ဖြေလိုက်သည်။

''မင်းတို့ မြန်မာရာဇဝင်ကို သင်ပေးဖို့ဟာ ဘယ်မှာလဲစာအုပ်၊ ပြောစမ်း ဘာနဲ့သွားသင်ပေးရမှာလဲ''

ရာဇဝင်ပါမောက္ခ၏ မှန်သောအဖြေစကားအတွက် ပါဋိပါမောက္ခ မောင်တင်ခမျာ အတော်ရှက်သွားသည်။ ဝမ်းနည်းပက်လက်လည်း ဖြစ်မိသည်။

မှန်သည်။ ရန်ကုန်ကောလိပ်ကျောင်း၌ ကျောင်းသားများကို သင်ပေးစရာ မြန်မာစာအုပ်စာတမ်းများသည် လက်ငါးချောင်းပြည့်အောင် ရေတွက်ပြစရာမျှပင် မရှိပါတကား။

သို့ရာတွင် မရှိဆိုခြင်း၌ စာအုပ်စာတမ်းများ မရှိခြင်းသာဖြစ်သည်။

မြန်မာစာပေ မရှိခြင်းကားမဟုတ်။

မြန်မာစာပေသည် မြန်မာလူမျိုးများနှင့်အတူ ရှိနေခဲ့သည်သာဖြစ်သည်။

ယခု သူကိုင်တွယ် ထိန်းသိမ်းနေရသော ဘားနပ်ဒ်ဖရီးလိုင်ဘရီထဲ၌ပင် မြန်မာစာပေတွေ အများအပြား ရှိနေကြလေသည်။

* A.D. Keith

ထိုရှိပြီးသား စာပေများကို စာအုပ်များအဖြစ်သို့ ပြုပြင်ပြောင်းလဲလိုက်ပါက စာအုပ်များဖြစ်လာရမည် မဟုတ်ပါလား။

ပါဠိပါမောက္ခမောင်တင်သည် စောစောတုန်းက ရာဇဝင်ပါမောက္ခ၏ အဖြေစကားအတွက် ဝမ်းနည်းပက်လက် ရှက်သွားမိသည်။

ယခုမှ သူသည် ဝမ်းသာအားတက်သွားလေသည်။

ရန်ကုန်ကောလိပ်မည်သော မြေရိုင်းမြေကြမ်းကြီးတွင် မြန်မာစာပေတစ်ပင်ကို စိုက်ပျိုးနိုင်ရေးအတွက် ပျိုးခင်းချ အစပြုနိုင်ရန် သူ့အဖို့ စိတ်ကူးကလေး ရသွားခဲ့လေပြီ။

သူ့အဖို့ စိတ်ကူးကလေးရသွားပြီဖြစ်သော်လည်း ပျိုးခင်းကလေးဖြစ်ပေါ်ရှင်သန်လာရေးအတွက်က သိပ်ကြီး မလွယ်သေးချေ။

သူသည် ဆူးပင်ပေါင်းပင်များကို အားထုတ်ခုတ်ထွင် ရှင်းလင်းရဦးမည်။

ကျောက်တုံး ကျောက်ခဲများဖြင့် ရောပြွမ်းမာကျောနေသော မြေကြမ်းမြေရိုင်းကို ပွရွလာအောင် ပင်ပင် ပန်းပန်း တူးဆွကာ သန့်ပစ်ရဦးမည်။

ထို့နောက် ပျိုးပင်ကလေး ထမလာနိုင်အောင် အပေါ်မှ အုပ်မိုးဖိနှိပ်ထားနေသော လောင်းရိပ်များကိုလည်း ခက်ခက်ခဲခဲ တွန်းလှန်ဖယ်ရှားပစ်ရဦးမည်ဖြစ်သည်။

ထိုကဲ့သို့မဟုတ်ဘဲ အသက်သာခို၍ မျိုးစေ့ကို သည်အတိုင်း အလျင်စလိုကြဲလိုက်ပါက ပျိုးပင်ကလေး သည် ပေါက်တော့ပေါက်လာမည်ပင်ဖြစ်သည်။

သို့ရာတွင် လောင်းရိပ်အောက်မှ ပျိုးပင်ကလေးသည် လိုလိုကလေးသာရှိချေမည်။

ပျိုးပင်လိုလိုကလေးကို ဆူးပင်ပေါင်းပင်တို့က ဝိုင်းဝန်းဖိနှိပ်ကာ ဖျက်ဆီးပစ်ချေဦးမည်။

လောင်းရိပ်မိကာ လိုရသည့်အထဲ ဆူးပင်ပေါင်းပင်တို့၏ ဝိုင်းဝန်းနှိပ်စက်ဖျက်ဆီးခြင်းကို ခံနေရဦးမည် ဖြစ်သော ပျိုးပင်ကလေးသည် မာကျောကျော ကျောက်မြေတွင် အမြစ်ခိုင်အောင် မစွဲနိုင်ဘဲ မိုးသက်လေကြမ်း တစ်ချက်မျှ ဝှေ့ယမ်းတိုက်ခတ်လိုက်ရုံနှင့် အမြစ်က ကျွတ်ထွက်ပြိုလဲသွားမည်မှာ သေချာလေတော့သည်။

ပါဠိပါမောက္ခ မောင်တင်က သူစိုက်ပျိုးရန် ရည်သန်ထားသော မြန်မာစာပေ အပင်ကလေးများ ထိုကဲ့သို့ ညှိုးရော်ပျက်ပြုန်းသွားမည်ကို လုံးလုံးမလိုလားပေ။

သူစိုက်ပျိုးမည်ဖြစ်သော မြန်မာစာပေ အပင်ကလေးသည် မြစ်နားမှာစိုက်သော အပင်ကဲ့သို့ အမြဲတမ်း လန်းဆန်းသီးပွင့်နေရမည်သာဖြစ်သည်။

ထိုကဲ့သို့ အမြဲတမ်း လန်းဆန်းသီးပွင့်နေနိုင်ရန် မြန်မာစာပေ ပင်ကလေးသည် မြေကောင်းမြေသန့်မှာ အမြစ်ခိုင်အောင် စွဲထားနိုင်ရမည်။

ဆူးပင်ပေါင်းမြက်တို့၏ နှောင့်ယှက်ဖျက်ဆီးခြင်းမှလည်း ကင်းရှင်းစေရမည်။

အုပ်မိုးဖိနှိပ်ထားမည့် လောင်းရိပ်အောက်မှလည်း လွတ်မြောက်စေရပေမည်။

ထိုကဲ့သို့ ဖြစ်မြောက်အောင်မြင်စေရန် ပါဠိပါမောက္ခမောင်တင်သည် သူ့၌ရှိသော သီလ၊ သမာဓိ၊ ပညာနှင့် ခွဲမာန်သတ္တိတို့ကို အရင်းတည်အချိန်ယူ၍ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ရမည်ဖြစ်လေသည်။

# ၁၄

# သူ့လုပ်ငန်း နှင့် စည်းကမ်းတိကျမှု

"ကျုပ်တို့ဆရာတင်ဟာ ဗမာလဲဖြစ်တယ်၊ ပါဠိကျမ်းဂန်တွေကိုလဲ ဒါလောက်တောင် တတ်ကျွမ်းထူးချွန်နေရက်ကနဲ့ ယေရှုခရစ်ဖြစ်နေတာ နာသဗျာ၊ အတော်ခွကျတယ်"

ဘိလပ်ပြန်ရှေ့နေကြီးတစ်ဦးဖြစ်သူ ဦးမေအောင်သည် ပါဠိပါမောက္ခမောင်တင်ကိုကြည့်၍ မချင့်မရဲဖြစ်ဟန်ဖြင့် အထက်ပါစကားစုကို ပြောတတ်လေ့ရှိလေသည်။

ပါဠိပါမောက္ခအဖြစ်နှင့် လုပ်ငန်းခွင်သို့ဝင်ရောက်လာခဲ့သော မောင်တင်သည် အခြားသောလုပ်ငန်းခွင်များ၊ အစိုးရဌာနများမှ အမှုထမ်း အရာထမ်း အကြီးအငယ် အရွယ်အလတ်များနှင့် ပတ်သက်ဆက်သွယ်ရကာ အသိအကျွမ်းမိတ်ဆွေများ ပေါ်များလာခဲ့ရသည်။

သူ့ကို ထိတွေ့သိကျွမ်းလာကြသော မိတ်ဆွေတိုင်းလိုလိုက ပါမောက္ခမောင်တင်ကို ခင်မင်လေးစားကြသည်။

ပါမောက္ခမောင်တင်ကလည်း သူတို့ကို ခင်မင်လေးစားသည်။

သို့ရာတွင် အားလုံးထဲမှ သူ့ကို ထူးထူးခြားခြား ခင်မင်လေးစားကြသလို သူကလည်း ထူးထူးခြားခြား ခင်မင်လေးစားမိသော မိတ်ဆွေအချို့သည် ပါမောက္ခမောင်တင်၌ ရှိသည်။

သူတို့ကား နာမည်ကျော်ကြား လူသိများလှသော ဘိလပ်ပြန်ရှေ့နေကြီးနှစ်ဦးဖြစ်သူ ဦးမေအောင်၊ ဦးခင်တို့အပြင် မင်းကြီးကတော် မမြမေနှင့် ရန်ကုန်ကောလိပ်မှ အင်္ဂလိပ်စာပါမောက္ခလုစ်တို့ ဖြစ်လေသည်။

သူ့ထက်အသက်တစ်နှစ်မျှပိုကြီးသော ပါမောက္ခလုစ်သည် ကောလိပ်တွင် လုပ်ဖော်ကိုင်ဖက်အဖြစ် နေ့တိုင်းလို တွေ့ဆုံပြောဆိုနေခဲ့ရာ ပါမောက္ခမောင်တင်နှင့် ငယ်ပေါင်းကျွမ်းဟောင်း သူငယ်ချင်းများပမာ အထူးပင်ခင်မင်ရင်းနှီးသွားလေသည်။

သူတို့သည် အိမ်ထောင်မရှိသေးသော လူပျိုလူရွယ် ပါမောက္ခများလည်းဖြစ်ရာ စိတ်တူသဘောတူဖြင့် တတွဲတွဲ ရှိနေကြလေတော့သည်။

ပါမောက္ခမောင်တင်၏ အိမ်သည် ဘီလပ်သားပါမောက္ခ လုစ်အတွက် စားအိမ်သောက်အိမ် ဖြစ်လေသည်။

ပါမောက္ခမောင်တင်သည် ပါမောက္ခလုစ်ကို ရွယ်တူတန်းတူ သူငယ်ချင်းအဖြစ် ရင်းနှီးသလို နာမည်ကျော် ရှေ့နေကြီးနှစ်ဦးနှင့် ထိပ်သီးအမျိုးသမီး မင်းကြီးကတော်တို့ကိုလည်း လူကြီးသူမများအဖြစ် လေးလေးစားစား ခင်မင်ရင်းနှီးမိလေသည်။

ဦးမေအောင်နှင့် ဦးခင်သည် နယ်နယ်ရရ ရှေ့နေကြီးများ မဟုတ်ချေ။

အစိုးရအုပ်ချုပ်ရေးပိုင်းမှ မျက်နှာဖြူအရာရှိကြီးများကို အားလုံးက မုန်ပါ့ဘုရားဟု ခေါင်းငုံ့၊ ဒူးတုပ်ကာ မော်မဖူးဝံ့အောင် ဖြစ်နေကြချိန်၌ မြန်မာများထဲမှ မဟုတ်မခံ ပြန်လှန်ပြောဆိုဝံ့သူဆို၍ ဦးမေအောင်နှင့် ဦးခင်တို့ နှစ်ယောက်သာ ရှိလေသည်။

ဦးခင်သည် ရှေ့နေလုပ်ရင်းမှ ရန်ကုန်ကောလိပ်၌လည်း ဥပဒေကထိကအဖြစ် တစ်ဖက်က တာဝန်ယူပေး သေးသည်။

ထို့ကြောင့် ပါဠိပါမောက္ခဖြစ်သွားသော မောင်တင်သည် ဥပဒေကထိကရှေ့နေကြီး ဦးခင်နှင့် ပထမ သိကျွမ်းခင်မင်ခဲ့သည်။

ဦးခင်နှင့်ပတ်သက်ဆက်သွယ်ပြီးမှ ဦးခင်၏မိတ်ဆွေကြီး ဦးမေအောင်ကို ပါမောက္ခမောင်တင် သိကျွမ်း ခင်မင်ရင်းနှီးလာခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ဦးမေအောင်မှတစ်ဆင့် ဦးမေအောင်၏ အဒေါ်တော်သူ မင်းကြီးကတော် မမြမေကို ပါမောက္ခ မောင်တင် သိကျွမ်းခင်မင်ခဲ့ရပြန်လေသည်။

မင်းကြီးကတော် မမြမေသည် မြန်မာလူမျိုး ကွယ်လွန်သူ လက်ထောက်ကော်မရှင်နာမင်းကြီး အီး–အေ– စီ ဦးလှအောင်၏ ဇနီးဖြစ်သည်။

ထို့ကြောင့် သူ့ကို မစ္စစ်လှအောင်ဟုလည်း ခေါ်ဝေါ်သုံးနှုန်းကြသည်။

မင်းကြီး ဦးလှအောင် ကွယ်လွန်သွားခဲ့သည့်တွင် သားထောက်သမီးခံ မကျန်ခဲ့သော မင်းကြီးကတော် မမြမေသည် တူမကလေးများကို အဖော်ပြု၍ လန်ကတ်စတာလမ်းတွင် နေလေသည်။

မစ္စစ်လှအောင်၏ အိမ်သည် ဦးမေအောင်၏အိမ်နှင့် သိပ်မဝေးလှ။ သုံးလေးအိမ်မျှသာခြားသည်။

မုဆိုးမဖြစ်သော်လည်း ချမ်းသာကြွယ်ဝသော မစ္စစ်လှအောင်သည် အလှူရေစက်လက်နှင့်မကွာ ရှိနေတတ် သည်။

ဘုန်းကြီးရဟန်းများကိုလည်း သူ့အိမ်သို့ မကြာခဏ ပင့်ဖိတ်၍ ဆွမ်းလောင်းခြင်း၊ ဆွမ်းကျွေးခြင်းများကို ပြုလေ့ရှိသည်။

ပါမောက္ခမောင်တင်သည် ထူးခြားကျော်ကြားသော ဗုဒ္ဓဘာသာဘုန်းကြီး အာနန္ဒမေတ္တေယျ ကိုယ်တော်ကို မစ္စစ်လှအောင်၏အိမ်၌ တွေ့ဆုံမြင်ဖူးခဲ့ရခြင်းဖြစ်သည်။

အာနန္ဒမေတ္တေယျကိုယ်တော်သည် အင်္ဂလိပ်လူမျိုးအစစ်မှ၊ ဗုဒ္ဓဘာသာ ဘုန်းကြီးဖြစ်လာခဲ့ခြင်းဖြစ်သည်။

သူသည် ဗုဒ္ဓဝင်ကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခြင်းဖြင့် ကျော်ကြားထင်ရှားနေသူဖြစ်လေ သည်။

မစ္စစ်လှအောင်၏ အိမ်၌ ရန်ကုန်ကောလိပ်မှ ဓာတုဗေဒ ပါမောက္ခ မစ္စတာဝေါ့ဖ်ဆိုသူ တစ်ဦးရှိသည်။

သူသည် မျက်နှာဖြူလူမျိုး ဓာတုဗေဒ ပါမောက္ခအဖြစ် အမှုထမ်းနေသော်လည်း သူစိတ်ဝင်စားသည်က ဗုဒ္ဓဘာသာဖြစ်သည်။

ထို့ကြောင့် သူသည် ဗုဒ္ဓဘာသာကို အထူးကိုင်းရှိုင်းကိုးကွယ်သူ မစ္စစ်လှအောင်၏ အိမ်၌နေကာ သူစိတ်ဝင် စားသော ဗုဒ္ဓဘာသာအကြောင်းကို လေ့လာနေလေသည်။

---

မှတ်ချက် ॥ ॥ ထိုအချိန်က ဒေါ်သုံးလေ့မရှိကြ၊ ရှေ့မှ မင်းကြီးကတော် ဝန်ထောက်ကတော်ထည့်၍ မမြမေ မမြရွှေ စသည်ဖြင့်သာ သုံးလေ့သုံးထရှိကြသည်။

မစ္စစ်လုအောင်သည် သူ့အိမ်၌ ဆွမ်းကျွေးတိုင်း အလှူလုပ်တိုင်း ပါမောက္ခမောင်တင် နှင့် ပါမောက္ခလုစ်တို့ကို မလာမနေရ ဖိတ်ကြားလေ့ရှိသည်။

ထိုကဲ့သို့ ဖိတ်ကြားတိုင်း ပါမောက္ခ မောင်တင်တို့ကလည်း ရောက်အောင် သွားတတ်လေ့ရှိသည်။

မစ္စစ်လုအောင်၏ အလှူသို့ သင်္ဂြိုဟ်ကျမ်းကြီး နှစ်ကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားနိုင်ခဲ့သော ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ရခိုင်အမျိုးသား ဦးရွှေဇံအောင်သည်လည်း ရောက်လာလေ့ရှိသည်။

ထို့နောက် အာနန္ဒမေတ္တေယျ ကိုယ်တော်နှင့် ဦးရွှေဇံအောင်၊ ပါမောက္ခ မစ္စတာဝေါ့ဖ်တို့သည် ဗုဒ္ဓဘာသာ ဘုရားကို အေးအေးဆေးဆေး ဆွေးနွေးကြလေတော့၏။

အခြားသူများအနေနှင့်တော့မသိ။ ပါမောက္ခမောင်တင်အဖို့မူ ဘုရားတရား ဆွေးနွေးပွဲကလေးများဖြင့်သာ ည်ကားသိုက်မြိုက်နေသော မစ္စစ်လုအောင်၏ အိမ်သို့ဝင်သွားရသည်ကို ပျော်ရွှင်ချမ်းမြေ့မိလေသည်။

ကျမ်းတတ်ပုဂ္ဂိုလ်များနှင့် လူကြီးသူကြီးများ တရားဆွေးနွေးနေကြသည်ကို လူငယ်ဖြစ်သော သူက ဘေးနားမှ နားထောင်လေ့လာရသည်မှာ စိတ်ဝင်စားစရာကောင်းလှတော့သည်။

မစ္စစ်လုအောင်ကဆိုလျှင်လည်း ပါမောက္ခမောင်တင်ကို အထူးပင် ချစ်ခင်တွယ်တာလေသည်။

သူသည် ပါမောက္ခ မစ္စတာဝေါ့ဖ်ကို ''သားကြီး''ဟုခေါ်၍ ပါမောက္ခမောင်တင်ကို ''သားလေး''ဟု ခေါ်တတ်လေသည်။

တစ်ခါတစ်ရံ ''ဆရာတင်''ဟုလည်း ခေါ်တတ်ပြန်သေးသည်။

မစ္စစ်လုအောင်က ပါမောက္ခ မောင်တင်ကို...

''ဆရာတင်ကို ဘီလပ်လွှတ်ပြီး ဗုဒ္ဓဘာသာတရားတွေ အဟော... အပြောခိုင်းရမယ် ကွယ့်''

ဟုလည်း မကြာခဏ ပြောတတ်လေသည်။

ထိုအခါများ၌ ဦးမေအောင်သည် ပါမောက္ခမောင်တင်အပေါ် အားမလိုအားမရဖြစ်သွားဟန်ဖြင့် အထက်ပါ အတိုင်း...

''ယေရှုခရစ်ဖြစ်နေတာ နာသဗျာ၊ ခုကျတယ်ဗျာ''

ဟု ပြောခဲ့ခြင်း ဖြစ်လေသည်။

''ဒါပေမဲ့ ဒီအတိုင်းသာဆက်သွားရင် ကျုပ်တို့ ဆရာတင်ကလေးဟာ တစ်နေ့မှာ ဗုဒ္ဓဘာသာဖြစ်လာနိုင် ကောင်းတယ်ဗျ''

သူတို့သည် ပါမောက္ခ မောင်တင်အပေါ်သို့ ဘာသာရေးနှင့် ပတ်သက်၍ အားမလိုအားမရဖြစ်မိကြ သော်လည်း အခင်အမင် မပျက်ကြ။ စိတ်လည်းမကွက်ကြ။

သူတို့သည် သူတို့စိတ်ထဲမှ ဖြစ်စေချင်သော ဆန္ဒသဘောအရ တစ်နေ့၌ ပါမောက္ခမောင်တင်သည် ဗုဒ္ဓ ဘာသာဖြစ်လာရမည်ဟု မျှော်လင့်ထားကြလေသည်။

သူတို့၏ မျှော်လင့်ချက်ကိုလည်း လျှို့ဝှက်မထားဘဲ အားရပါးရထုတ်ပြောတတ်ကြလေသည်။

''ဟုတ်တယ်၊ ဟုတ်တယ် ဆရာတင်ဟာ ပါဠိကျမ်းဂန်တွေကို သင်ယူခဲ့ပြီး အခုလဲ ပါဠိကျမ်းဂန်တွေကိုပဲ ဘစ်ဆင့် သင်ကြားပေးနေရပြန်တော့၊ ဒီဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ ပါဠိကျမ်းဂန်တွေနဲ့ အမြဲတမ်း မပြတ်တမ်း လေ့လာ သိတွေ့လို့ ပါဠိကျမ်းဂန်တွေထဲမှာ နစ်မြုပ်ရင်း နောက်ဆုံးမှာ ဗုဒ္ဓဘာသာဖြစ်လာနိုင်တာပေါ့ဗျ။ ဟုတ်တယ် မဟုတ်လား ဆရာတင်ရယ် ဟင် ဟင်းဟင်း''

သူ့မိတ်ဆွေများ အနေဖြင့် သူ့ကို သူတို့ဖြစ်စေလိုသော သဘောအတိုင်း ဝိုင်းဝန်းပြောဆို ဆွဲဆောင်ကြ သည်များကို ပါမောက္ခမောင်တင်က နားလည်စွာ ပြုံး၍သာနေလိုက်သည်။

သူသည် သူ၏သတ်မှတ်ပိုင်းဖြတ်ထားခဲ့သည့်အတိုင်း ဘာသာရေးနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ ပြန်လှန် ငြင်းဆန် ဆွေးနွေးခြင်းကို မပြုချေ။

သို့ရာတွင် သူသည် သူတစ်ယောက်တည်း အနေအထားနှင့်မူ သူ့ကိုယ်သူ အမြဲတမ်း ဝေဖန်စဉ်းစား ဝမ်းသပ်စစ်ဆေးကြည့်တတ်လေသည်။

သူသည် ဘိုးဘွားမိဘများမှ ဆင်းသက်မွေးဖွားလာခဲ့သော ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည်။

ထို့နောက် သူသည် ဘာသာရေးကို အထူးရှိသေကိုင်းရှိုင်းကာ ဘုရားတရားကို အထူးယုံကြည်ကိုးစားသော ခရစ်ယာန်မိဘနှစ်ပါး၏ သွန်သင်ဆုံးမ၊ အလေ့အထပြုပေးမှု အရိပ်အာဝါသအောက်၌ ကြီးပြင်းလာခဲ့ရသည်။

ထို့ကြောင့် သူသည် ခရစ်ယာန်ဘာသာတရားကို အပြည့်အဝ ယုံကြည်ကိုးစားစွာ ခံယူ၊ ပြုမူ၊ လိုက်လျှောက်လာခဲ့သည်။

သူသည် သမ္မာကျမ်းနှင့်တကွ အခြားသော ကျမ်းများကို ဖတ်ရှုလေ့လာခြင်း၊ လိုက်နာပြုကျင့်ခြင်းများဖြင့် ခရစ်ယာန်ဘာသာတရား၌ အတော်ပင်နှံ့စပ်ကျွမ်းကျင်ကာ ချမ်းမြေ့သာယာလျက်ရှိလေသည်။

ထိုကဲ့သို့ ဘာသာရေး၌ သက်ဝင်ယုံကြည်စွာ ချမ်းမြေ့သာယာနေခဲ့သော သူ့စိတ်နှလုံးကို သူ့ဖေဖေတို့ ညီအစ်ကို မောင်နှမတစ်စု၏ အစွန်းထွက်အောင် တိုက်ပွဲဆင်နွှဲခဲ့မှု ခံယူချက်ပြင်းပြင်းများက ဖျက်ဆီးညှိုးချုံးလိုက်စေလေသည်။

ထိုအချိန်မှာပင် သူသည် ဘာသာတရားတစ်ရပ်ဖြစ်သော ဗုဒ္ဓဘာသာကျမ်းဂန်များ အခြေခံရာ ပါဠိစာပေကို သင်ယူလေ့လာလိုက်ရသည်။

သည်အခါ သူသည် သူမွေးကတည်းက တွေ့ထိရင်းနှီးလာခဲ့သော မိသားစု၏ပင်ရင်း ခရစ်ယာန်ဘာသာနှင့် ယခုမှ သိကျွမ်းလာရသော ဗုဒ္ဓဘာသာတို့နှစ်ရပ်ကို နှိုင်းယှဉ်ဆင်ခြင်ကြည့်လိုက်မိသည်။

ထိုအခါ ဘာသာနှစ်ရပ်တို့၏ မှန်မြတ်ချက်မတူ၊ ကွဲပြားခြားနားချက် စသည်များကို တွေ့သိလိုက်ရလေသည်။

သို့ရာတွင် မောင်တင်သည် လူမှုန်းသိတတ်စအရွယ်မှစ၍ ခရစ်တော်၏ ပညတ်ချက်များကို လိုက်လျှောက်တည်ဆောက်လာခဲ့သည်။

ထို့နောက် သုံးပါးတစ်ဆူတည်း* ဖြစ်တော်မူသော ထာဝရဘုရားသခင်ကိုလည်း အကြွင်းမဲ့ ယုံကြည်လာခဲ့သည်။

သူသည် ခရစ်ယာန်ဘာသာဝင် ပီပီသသကြီးပြင်းလာခဲ့လေသည်။

ထို့နောက် သူသည် ဗုဒ္ဓဝင်ကျမ်းများဖြစ်သော ပါဠိကျမ်းဂန်များကို သင်ယူလေ့လာလိုက်ရသည်။

ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်နေသော သူသည် ပါဠိကို စတင်သင်ယူလိုက်ရချိန်က သူ့ပင်ရင်းဘာသာကို ဆန့်ကျင်ရာများ ကျသွားလေမည်လားဟု မောင်တင်အစဉ်းစားရခက်သွားခဲ့သေးသည်။

သူသည် အစဉ်းစားရခက်ရင်းမှပင် ပါဠိကို ဆက်လက်သင်ကြားလိုက်သည်။

ထိုအခါ သူအစဉ်းစားလွန်သွားခဲ့ခြင်းဖြစ်ကြောင်း မောင်တင်နားလည်လာခဲ့သည်။

သူ့အဖို့ ပါဠိကျမ်းဂန်များကို သင်ယူလေ့လာလိုက်ရခြင်းသည် ဗုဒ္ဓဘာသာတရားကို စတင်ထိတွေ့လိုက်ရခြင်းဖြစ်သည်။

ထိုကဲ့သို့ စတင်ထိတွေ့လိုက်ရသော ဗုဒ္ဓဘာသာတရားကို သူစိတ်ဝင်စားသွားလေသည်။

သူသည် သူစိတ်ဝင်စားသွားသော ဗုဒ္ဓဘာသာတရားကို သူမူလယုံကြည်ကိုးကွယ်လာခဲ့သော ခရစ်ယာန်ဘာသာတရားနှင့် နှိုင်းယှဉ်ဝေဖန်ကြည့်လိုက်သည်။

ထိုအခါ ဘာသာတရားနှစ်ရပ်တွင် တစ်ဘာသာနှင့်တစ်ဘာသာ ဆင်တူယိုးမှားတူညီသည့်အချက် တချို့တူညီ၍ မတူကွဲပြား ဆန့်ကျင်ဘက်ခြားနားနေသည့်အချက်များကိုလည်း တွေ့ရလေသည်။

ထိုကဲ့သို့ တွေ့ရသော အချက်များထဲမှ သီလကို မောင်တင်သဘောကျနှစ်ခြိုက်သွားမိခဲ့သည်။

သီလသည် သူ့အတွက် အလွန်အဖိုးတန်လေသည်။

သီလ ဆောက်တည်ခြင်းဆိုရာ၌ ဘုန်းကြီးရဟန်းများသည်သာ ဆောက်တည်နိုင်သည်မဟုတ်ပေ။

ဗုဒ္ဓဘာသာနှင့် ပတ်သက်မှသာ တည်ဆောက်နိုင်သည်လည်း မထင်ချေ။

မည်သူမဆို သီလကို ဆောက်တည်နိုင်လေသည်။

သီလ၏ အဓိပ္ပာယ်မှာ အလေ့အကျင့်ပြုခြင်းဖြစ်သည်။

ကျောင်းသားတစ်ယောက်သည် အကျင့်သီလကောင်းဖို့ အလွန်အရေးကြီးသည်။ အကျင့်သီလကောင်းမှ သမာဓိရှိမည်။ သမာဓိသည် စိတ်နှလုံးတည်ကြည်ဖြောင့်မတ်ခြင်းဖြစ်သည်။

---

* ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်

ထိုကဲ့သို့ သမာဓိနှင့် ပြည့်ဝ၍ တည်ကြည်ဖြောင့်မတ်မှသာလျှင် ထိုကျောင်းသားအဖို့ စိတ်မထွေပြားဘဲ သင်ခန်းစာ၌ လုံးလုံးကြိုးစားအားထုတ်နိုင်မည်ဖြစ်သည်။

သည်ကဲ့သို့ တည်ကြည်စွာ ကြိုးစားအားထုတ်နိုင်ခြင်းဖြင့် နောက်ဆုံး၌ ထိုကျောင်းသားအဖို့ အသိပညာ၊ အတတ်ပညာတို့ကို တတ်သိရရှိလာနိုင်လိမ့်မည်ဖြစ်လေသည်။

မောင်တင်သည် သီလ သမာဓိကို တွေ့ရှိပြီးနောက် ကြိုးစားအားထုတ်လာခဲ့သည်၌ ယခုပညာပိုင်းကို ရရှိအောင်မြင်ကာ ပညာရှိပါမောက္ခတစ်ဦးဖြစ်နေပြီ မဟုတ်ပါလား။

အမှန်စင်စစ် မောင်တင်သည် မျိုးရိုးအလိုက် ခေါင်းမာခြင်း၊ စိတ်ထက်ခြင်းများရှိသော်လည်း သူ့မိဘဘိုးဘွား တို့ကဲ့သို့ကား ဘာသာရေးနှင့်ပတ်သက်၍ အယူသီးမှုမပြုချေ။

ထို့ကြောင့် သူသည် ခရစ်ယာန်ဘာသာတရားအရ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သည်။ ပညတ်တော်များ ကိုလည်း လိုက်လျှောက်သည်။

ထို့အတူ သူသည် သူအသစ်တွေ့ရှိ လေ့လာမိသော ဗုဒ္ဓဘာသာတရားတော်မှ သူနှစ်သက်လက်ခံနိုင်သော တရားဝမ္မတချို့ကို ထုတ်နုတ်ကျင့်သုံးသည်။

သဘောမှာ လူတစ်ယောက် ကျန်းမာသန်စွမ်း၍ အသက်ရှည်နိုင်ရေးအတွက် ဗမာဆေးဆိုလျှင် ဗမာဆေး ချည်း၊ အင်္ဂလိပ်ဆေးဆိုလျှင်လည်း အင်္ဂလိပ်ဆေးချည်းမသုံးဘဲ ဆေးနှစ်မျိုးစလုံးထဲမှ သူ့အတွက်အကောင်းဆုံး၊ အသင့်တော်ဆုံး ဆေးများကို ထုတ်နုတ်သုံးစွဲနည်းမျိုးဖြစ်သည်။

မောင်တင် ၉–တန်းနှစ်တုန်းက သွေးဝမ်းသွားခြင်း ဝေဒနာကို ခံခဲ့ရဖူးသည်။

ထိုဝေဒနာအတွက် သူသည် အင်္ဂလိပ်ဆေးဝါးများကို မှီဝဲသုံးစွဲခဲ့ရသည်။

သို့ရာတွင် သူ့ဝေဒနာမှာ သိပ်မသက်သာလှဘဲ ကျောင်းတက်ရက်များ ပျက်လေတော့၏။

ဤကဲ့သို့ရှိနေခဲ့စဉ် တစ်နေ့တွင် လမ်း၌ ဆရာငွေဆိုသူနှင့် မောင်တင်တွေ့ဆုံသည်။

ဆရာငွေသည် ခရစ်ယာန်တရားဟောဆရာဖြစ်၍ မောင်တင်တို့ မိဘများနှင့် သိကျွမ်းသည်။

မောင်တင်သည် လူငယ်ဖြစ်၍ မရင်းနှီးသော်လည်း ဆရာငွေ့ကို မြင်တွေ့သိကျွမ်းနေခဲ့သည်။

ဆရာငွေသည် တရားဟောဆရာတစ်ဦးဖြစ်ကာ ဗိန္ဓောဆေးဝါးများကိုလည်း လေ့လာလိုက်စားလေသည်။

သူသည် အားနည်းကာ ပိန်နေသော မောင်တင်ကို စူးစမ်းစွာကြည့်၍ မေးမြန်းလိုက်သည်။

ထိုအခါ မောင်တင်လည်း သူခံစားနေရသော ဝေဒနာကို ဆရာငွေအား ပြောပြလိုက်သည်။

ဆရာငွေသည် မောင်တင်ပြောပြသည်ကို နားထောင်ပြီးနောက် သူ့အိတ်ထဲမှ ဆေးနီလုံးလေး သုံးလုံး ထုတ်ပေးလေသည်။

'ရော့ကွ မောင်တင်၊ ဟောဒီ ဆေးနီလုံးကလေးသုံးလုံးကို တစ်နေ့တစ်လုံးကျစားလိုက်၊ မင်း သွေးဝမ်းသွား တာ ပျောက်သွားလိမ့်မယ်'

ဆရာငွေသည် ဆေးဖိုးဝါးခမယူဘဲ မေတ္တာဖြင့် ပေးသွားခဲ့ခြင်းဖြစ်သည်။

သူ့အိမ်သို့ ပြန်ရောက်သောအခါ မောင်တင်က သူ့မေမေကို ဆေးနီလုံးကလေးသုံးလုံးရလာခဲ့သည့်အကြောင်း ပြောပြသည်။

ထို့နောက် သူ့မေမေ၏ သဘောတူညီချက်ဖြင့် မောင်တင်သည် ဆေးနီလုံးကလေးသုံးလုံးကို ဆရာမှာသည့် အတိုင်း သုံးရက်ဆက်၍ သောက်လိုက်သည်။

လေးရက်မြောက်သောနေ့တွင်ကား ခုနစ်လလုံးလုံး သူ့ကိုစွဲကပ်၍ ဒုက္ခပေးခဲ့သော မောင်တင်၏ သွေးဝမ်း သွားခြင်းဝေဒနာသည် ချက်ချင်းလက်ငင်း သက်သာပျောက်ကင်းသွားခဲ့လေသည်။

ထိုအချိန်မှစ၍ မောင်တင်သည် သူ့ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေးအတွက် အင်္ဂလိပ်ဆေးဝါးများနှင့်အတူ အစွမ်းထက်သော ဗမာဆေးကောင်းဝါးကောင်းတချို့ကိုလည်း တွဲဖက်သုံးစွဲတတ်လာခဲ့သည်။

ထို့အတူ သူသည် သူ၏ဝိညာဉ်ရှင်သန်ငြိမ်းချမ်းစေရေးအတွက်လည်း ထာဝရဘုရားသခင်နှင့် သားတော်အရှင် သခင်ခရစ်တော်တို့၏ မိန့်ကြားပညတ်ချက်များကို ယုံကြည်စွာ လိုက်နာကျင့်ဆောင်သကဲ့သို့ သူ့အဖို့ ထပ်မံထိတွေ့ ကျွမ်းဝင်လာသော ရှင်ဗုဒ္ဓဂေါတမ၏ ကျင့်စဉ်တရားများထဲမှ သီလပုဒ်ကို သူသည် သူ့အတွက် ဆေးစွမ်းကောင်း ဘစ်လက်အဖြစ်ဆောင်ကာ တည်ဆောက်ကျင့်သုံးလိုက်လေသည်။

ထိုကဲ့သို့သော သူ၏ အလုပ်အကိုင် အနေအထိုင်နှင့် ပေါင်းသင်းဆက်ဆံရေးတို့ကိုကြည့်လျက် မြင်လျက် သူ၏ ဗုဒ္ဓဘာသာဝင် မိတ်ဆွေအပေါင်းအသင်းများက တစ်နေ့သ၌ ပါမောက္ခမောင်တင်သည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာလိမ့်မည်ဟု မျှော်လင့်ပြောဆိုကြခြင်းဖြစ်လေသည်။

သူတို့မျှော်လင့်ကြသည်မှာ အကြောင်းမဲ့တော့မဟုတ်။ မျှော်လင့်စရာအကြောင်းများ ရှိ၍ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သောသူ တစ်စုံတစ်ယောက်သည် ဘယ်အခါကမျှ ဘုန်းကြီးရဟန်းများကို ဦးချကန် တော့လေ့ မရှိချေ။

ယခုမူ ခရစ်ယာန်ဘာသာဝင်ဖြစ်သော ပါဠိပါမောက္ခမောင်တင်သည် အကြောင်းကိစ္စပေါ်၍ ဘုန်းကြီးရဟန်း များနှင့် ပတ်သက်ဆက်သွယ်လာရတိုင်း ဗုဒ္ဓဘာသာဝင်များကဲ့သို့ ဦးချကန်တော့တတ်လေ့ရှိသည်။

သည်အခါ သူ့မိတ်ဆွေများ၏ စိတ်ထဲ၌ ပါမောက္ခမောင်တင်သည် ယခုဗုဒ္ဓဘာသာတစ်ဝက်ဖြစ်နေပြီ။

နောင်အခါ သူ့အဖို့ ပါဠိကျမ်းဂန်များနှင့် ပိုမိုထိတွေ့ကျွမ်းဝင်လာခဲ့သည်နှင့်အမျှ သူ့ကို လွှမ်းမိုးချုပ်ကိုင် ထားသော မိဘ၏ အရိပ်ဩဇာတို့လည်း လွတ်ကင်းသွားသောအခါ ပါဠိပါမောက္ခမောင်တင်သည် လုံးလုံး လျားလျား တိတိလင်းလင်း ဗုဒ္ဓဘာသာဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားကြခြင်းဖြစ်လေသည်။

သို့ရာတွင် သူ့မိတ်ဆွေများက သူ့အပေါ် မျှော်လင့်ထားကြခြင်းသည် သူတို့၏ ဖြစ်စေချင်သော ဆန္ဒအရ ထင်ကြေးမျှသာဖြစ်သည်။

အမှန်စင်စစ်ကား ပါဠိပါမောက္ခ မောင်တင်သည် သူ့မိတ်ဆွေများ ထင်ကြေးနှင့် မျှော်လင့်ထားနေကြသလို မဟုတ်ချေ။

သူသည် ဘုန်းကြီးရဟန်းများကို ဦးချကန်တော့ခြင်းမှာ ထုံးစံအရပြုမူ၍ အရိုအသေပေးခြင်းဖြစ်လေသည်။

ဓမ္မသစ်ခရစ်ကျမ်းဝင်ထဲ၌ တမန်တော်ကြီး ရှင်ပေါလုက ဂျူးလူမျိုးတို့နှင့်တွေ့လျှင် ဂျူးလူမျိုးတို့ကဲ့သို့ လည်းကောင်း၊ တိုင်းတစ်ပါးသားတို့နှင့်တွေ့လျှင် တိုင်းတစ်ပါးသားတို့ကဲ့သို့ လည်းကောင်း၊ အားနည်းသူတို့နှင့် တွေ့လျှင်လည်း အားနည်းသူတို့ကဲ့သို့လည်းကောင်း ပြုကျင့်နေထိုင်ရမည်ဟု မိန့်ဆိုထားသည်။

ယခု ပါဠိပါမောက္ခ မောင်တင်သည်လည်း ထိုအဆိုအမိန့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြစ်လေသည်။

သို့ရာတွင် ပါဠိပါမောက္ခမောင်တင်သည် ပါဠိစာပေများကို ကိုင်တွယ်သင်ကြားပေးရချိန်များ၌ သူ့ကိုယ်သူ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဆိုသည်ကို မေ့ထားလိုက်သည်။

ခရစ်ယာန်ဘာသာဝင်အဖြစ်ကို မေ့ထား၍ သူ့ကိုယ်သူ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ကား ကူးပြောင်းခံယူလိုက် သည် မဟုတ်ချေ။

အမှန်က သူသည် သူ့ကိုယ်သူ ခရစ်ယာန်သော၊ ဗုဒ္ဓဘာသာသော၊ မူဆလင်သော အဘယ်ဘာသာကိုမျှ စိတ်ထဲ၌မထား။ အတ္တနောမတိ ကိုယ်အလိုသို့မဆွဲဘဲ ပါဠိစာပေအရသာ သဘောပေါက်အောင် သင်ကြားပို့ချ ပေးလိုက်လေသည်။

ထိုကဲ့သို့ သူ၏မှန်ကန်သောစိတ်ဓာတ်၊ ဖြောင့်မတ်တိကျသော ပြုမူဆောင်ရွက်ချက်များကြောင့်ထင်သည်။ ခရစ်ယာန်ဘာသာဝင်တစ်ယောက်အနေနှင့် ဗုဒ္ဓဝင်ကျမ်းများဖြစ်သော ပါဠိစာပေများကို သင်ကြားပို့ချပေးရာ၌ ဖြစ်စေ၊ ဘုန်းကြီးရဟန်းများ၏ အမှုအခင်း အရေးကိစ္စများ၌ဖြစ်စေ သူပြုမူဆောင်ရွက်လေသမျှ ပြဿနာအရှုပ် အထွေးများ ဘာတစ်ခုမှ မပေါ်ပေါက်ဖူးချေ။

ဘုန်းကြီးတစ်ပါးကဆိုလျှင် ပထမပြန်စာမေးပွဲများနှင့် ပတ်သက်၍ ပါဠိမေးခွန်းထုတ်သူ ပရော်ဖက်ဆာ မောင်တင်ကို သတင်းစာ၌ ဆောင်းပါးရေးကာ ချီးကျူးထားသေးသည်။

အကယ်၍ ဗုဒ္ဓဘာသာဝင်များအနေနှင့် မကျေနပ်ပါက ခရစ်ယာန်ဘာသာဝင်ဖြစ်သော ပါဠိပါမောက္ခ မောင်တင်ကို အပြစ်ရှာကာ ကန့်ကွက်နိုင်ကြသည်။

ယခုမူမူ ဘယ်သူတစ်ဦးတစ်ယောက်ကမျှ မကန့်ကွက်သည့်အပြင် ခင်မင်လေးစားခြင်းပင် ရှိနေကြသေး သည်။

သူ့အပေါ် ခင်မင်လေးစားခြင်းဖြင့်သာ...

''ဆရာတင် ယေရှုခရစ်ဖြစ်နေတာ နာသဗျာ၊ ဗုဒ္ဓဘာသာဖြစ်ရင် သိပ်ကောင်းမှာ''

ဟု အားမလို အားမရသာ ပြောတတ်ကြလေသည်။

ထိုအခါ ပါဠိပါမောက္ခ မောင်တင်သည် ဗုဒ္ဓဘာသာဝင်များ၏ ကန့်ကွက်မဲမရှိ၊ ထောက်ခံချက်များကို ရရှိနေသကဲ့သို့။

သူ့ခရစ်ယာန်ဘာသာဝင်များ၏ အလယ်၌လည်း မျက်နှာပွင့်လန်းလျက်ရှိနေလေတော့သည်။

ထိုကဲ့သို့ရှိနေသော ပါဠိပါမောက္ခမောင်တင်ထံသို့ တစ်နေ့သ၌ တရားသူကြီး ဦးခင်* က သူ့ရုံးမှပြာတာနှင့် စာတစ်စောင်ရေးပေးလိုက်သည်။

ရှေ့နေဦးခင်ကို အစိုးရက မကြာမီကပင် တရားသူကြီးခန့်အပ်လိုက်သည်။

ဤတွင် တရားသူကြီး ဦးခင်က ပါဠိပါမောက္ခနှင့် ဘားနပ်ဒ်ဖရီးလိုင်ဘရီစာကြည့်တိုက်မှူး မောင်တင်ထံသို့ ပါဠိစာပေတစ်ခုကို လှမ်းတောင်းလိုက်ခြင်းဖြစ်သည်။

တရားသူကြီး ဦးခင် အလိုရှိသောပေစာသည် ရှားပါးအဖိုးတန်သောပေစာတစ်ခုဖြစ်သည်။

ထိုကဲ့သို့ ရှားပါးသောပေစာများကို စာကြည့်တိုက်အပြင်ဘက်သို့ ထုတ်မငှားရဟု စာကြည့်တိုက် အုပ်ချုပ်ကြီးကြပ်ရေးအဖွဲ့က ဥပဒေထုတ်ထားခဲ့သည်။

ထိုပေစာများကို လေ့လာလိုသော သူတိုင်းသည် စာကြည့်တိုက်သို့ လာ၍ ဖတ်ရှုကြရလေသည်။

ထို့ကြောင့် စာကြည့်တိုက်မှူး မောင်တင်သည် တရားသူကြီးအလိုရှိသောပေစာကို မပေးနိုင်ကြောင်း စာပြန်လိုက်လေသည်။

နောက်တစ်နေ့တွင် ကျောင်းအုပ်ကြီးကခေါ်သောကြောင့် ကျောင်းအုပ်ကြီး၏ ရုံးခန်းသို့ ပါဠိပါမောက္ခ မောင်တင်သွားလိုက်သည်။

''ဟေ့ မောင်တင်၊ မင်း ဘယ့်နှယ်လုပ်တာလဲကွ ဟေ''

ရုံးခန်းထဲမှ ကျောင်းအုပ်ကြီးသည် ပါဠိပါမောက္ခမောင်တင်ကို ဆီးမေးလိုက်သည်။

ကျောင်းအုပ်ကြီး၏မေးခွန်းကို နားမလည်သောမောင်တင်က ပြန်မေးလိုက်မိသည်။

''ဘာကိုပြောတာပါလဲ ဆရာကြီး ခင်ဗျာ''

''ဘာရမလဲကွ၊ မောင်ခင်က ငါ့ကိုတိုင်တယ်၊ သူလှမ်းတောင်းတဲ့ပေစာကို မင်းမပေးလိုက်ဘူးဆို''

''ဟုတ်ပါတယ် မပေးလိုက်ပါဘူး''

ကျောင်းအုပ်ကြီးမေးခွန်းကို ယခုမှ နားလည်သွားသော မောင်တင်က မှန်ကန်ကြောင်းပြန်ဖြေလိုက်သည်။

ထို့နောက် ဆက်လက်၍လည်း ပြောလိုက်သည်။

''မပေးလိုက်တာကလဲ စာကြည့်တိုက်ရဲ့ ချမှတ်ထားတဲ့ ဥပဒေအရ မပေးလိုက်တာပါပဲ''

''အေး အေး မင်းပြောတာဟုတ်တယ်၊ မင်း လုပ်တာလဲ မှန်တယ်ကွ''

မောင်တင်၏ လုပ်ရပ်မှန်ကန်ကြောင်းကို ကျောင်းအုပ်ကြီးက ထောက်ခံလိုက်သည်။

ထို့နောက်မှ ဆက်ပြောလေသည်။

''ဒါပေမဲ့ တရားရုံးက တရားဆုံးဖြတ်ရေးအတွက် အထောက်အထားလိုလို့ လှမ်းတောင်းရင် ရှိသမျှထုတ်ပေးရတယ်ကွ မောင်တင်ရ''

ကျောင်းအုပ်ကြီးက ပြောပြမှ သည်အချက်ကို ပါဠိပါမောက္ခနှင့် ဘားနပ်ဒ်ဖရီးစာကြည့်တိုက်မှူးမောင်တင် သိလေတော့သည်။

''အဲဒါ တောင်းတာကိုရှိရဲ့သားနဲ့ မပေးလိုက်ရင် တရားရုံးက တရားစွဲနိုင်တယ်ကွ ဘာမှတ်လို့လဲ''

မောင်တင်သည် ပထမတွင် ကျောင်းအုပ်ကြီးကို တရားသူကြီးဦးခင်က ဘယ်အတွက် ယခုလို တိုင်ကြားခြင်း ဖြစ်ပါလိမ့်ဟု နားမလည်ဖြစ်မိသည်။

ယခုမှ သူနားလည်သွားသည်။

တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးနေသော တရားသူကြီး ဦးခင်သည် ပါဠိပါမောက္ခနှင့် စာကြည့်တိုက်မှူး မောင်တင်တို့ကို ဥပဒေအရ တရားစွဲနိုင်သော်လည်း တရားမစွဲဘဲ ကျောင်းအုပ်ကြီးကိုသာ တိုင်ကြားခြင်း ဖြစ်လေသည်။

* နောင်တွင် ဆာဘွဲ့ရကာ ဆာမောင်ခင် ဖြစ်လာခဲ့သည်။

''အဲဒါ သူလိုချင်တဲ့ အဖြေကိုရှာပြီး အချိန်မီ ပို့ပေးလိုက်ကွ ကြားလား''

''ကောင်းပါပြီဗျာ''

ကျောင်းအုပ်ကြီး၏အမိန့်ကို မောင်တင်က ဝမ်းသာကျေနပ်စွာ ခံယူလိုက်သည်။

''စာကြည့်တိုက် အုပ်ချုပ်ကြီးကြပ်ရေးအဖွဲ့ရဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီးက ခွင့်ပြုတယ်ဆိုရင် ကျွန်တော်က ဝမ်းသာအားရ ပို့ဆောင်လိုက်ပါ့မယ် ခင်ဗျာ''

ပါဠိပါမောက္ခ မောင်တင်သည် ကျောင်းအုပ်ကြီးရုံးခန်းက ပြန်ခဲ့ပြီးနောက် ချက်ချင်းပင် စာကြည့်တိုက်သို့ သွားပြီး သူ့မိတ်ဆွေတရားသူကြီး ဦးခင် အလိုရှိသော ပေစာထုပ်ကိုရှာကာ ရုံးချိန်အမီ ပို့နိုင်းလိုက်လေတော့သည်။

# ၁၇

# သူ့အဖေ သူ့နှမ နှင့် သူ့ယောက်ဖ

ပါဠိပါမောက္ခနှင့် ဘားနပ်ဒ်ဖရီးလိုင်ဘရီ၏ စာကြည့်တိုက်မှူးမောင်တင်သည် သုတေသနအသင်းမှ ထုတ်ဝေသော သုတေသနဂျာနယ်၏ အယ်ဒီတာအဖြစ်နှင့်လည်း တာဝန်ယူလိုက်ရပြန်သည်။

မောင်တင် ဘီ-အေ အောင်ပြီးနောက် အမ်အေ ဖြေရန် ကြိုးစားပြင်ဆင်နေစဉ် ၁၉၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ယခု သူ အယ်ဒီတာအဖြစ် တာဝန်ယူလိုက်ရပြန်သော သုတေသနဂျာနယ်ကို ထုတ်ဝေမည့် သုတေသနအသင်းကို စတင်တည်ထောင်ခဲ့လေသည်။

ထိုသုတေသနအသင်းကို ၁၉၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ဘားနပ်ဒ်ဖရီးလိုင်ဘရီ၌ စာတင်ဖွဲ့စည်းတည်ထောင်ခဲ့သောသတင်းကို ရန်ကုန်ဂေဇက်သတင်းစာထဲ၌ မောင်တင် ဖတ်ခဲ့ရဖူးသည်။

ဦးမေအောင်က အသင်းဖွဲ့စည်းရသည့်အကြောင်း ရှင်းလင်းချက်နှင့် အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောသည်။ ထို့နောက် အကျိုးတော်ဆောင် အသင်းဥက္ကဋ္ဌ မစ္စတာ အီးလ်စ်[၁] အိုင်-စီ-အက်စ်က ဥက္ကဋ္ဌမိန့်ခွန်းပေးသည်။ တစ်ဖန် မြန်မာပြည်၏ လက်ထောက်ဘုရင်ခံ ဆာဟားဘတ်သာကယ်လ်ဝ္ဂိုက်ကလည်း မိန့်ခွန်းခြွေသေးကြောင်း စသည်ဖြင့် သတင်းစာက အစုံအလင် ဖော်ပြပေးခဲ့လေသည်။

ထိုသတင်းကို ဖတ်ရကတည်းက ထိုသုတေသနအသင်းကို စိတ်ဝင်စားနေခဲ့သော မောင်တင်သည် ၁၉၁၁-ခုနှစ်၊ ဇွန်လတွင် အတွဲ ၁၊ အပိုင်း-၁ အဖြစ် ပထမဦးဆုံး ထုတ်ဝေသော သုတေသနစာစောင်၌ မစ်ရှင်နရီဘားမီးစ်- သာသနာပြုမြန်မာစာပေ[၂] ဟူသော ခေါင်းစဉ်ဖြင့် စာပေဆောင်းပါးတစ်စောင်ကို ဈေးဦးပေါက်ပါဝင်ရေးသားလိုက်လေသည်။

အသင်းကို စတင်တည်ထောင်သော ရည်ရွယ်ချက်သည် မည်သူမဆို မိမိတို့ကျွမ်းကျင်အားသန်ရာ ဘာသာဆုံအသီးသီးကို ရှာဖွေလေ့လာ၍ သုတေသနပြုလုပ်ပြီးနောက် မိမိတို့ရှုထောင့်အသီးသီးမှ လွတ်လွတ်လပ်လပ်ရေးသားတင်ပြနိုင်ရန်ဖြစ်သည်။

---

၁ Hon. Mr. Eales

၂ Missionary Burmese

သည့်အခါ ဘမျိုးဘိုးတူဆိုရမည့်ကဲ့သို့ သူ့ဖေဖေ ဦးဖေကဲ့သို့ စာပေရေးသားရန် ဝါသနာပါလာသောသူ မောင်တင်အဖို့ အချိုရှာ သကာတွေ့သွားလေတော့သည်။

မောင်တင်တို့ဖေဖေ ဦးဖေသည် 'သည်ပေးလ်ဂရင်းမ် ပရိုဂရက်စ်' ဘာသာပြန်အပြင် 'တမန်တော်ကြီး ရှင်ပေါလုဝတ္တု'နှင့် 'ခရစ်ယာန် မိသားစု'ဟူသော ဘာသာရေး ကျမ်းစာအုပ်ကလေးများကိုလည်း ဆက်လက် ရေးသားထုတ်ဝေခဲ့သေးသည်။

သူသည် ထိုကဲ့သို့ ရေးသားထုတ်ဝေခဲ့သော ကျမ်းစာအုပ်ကလေးများကို ငွေကြေးနှင့်ရောင်းစားခြင်းမပြု။ မေတ္တာဖြင့် အခမဲ့သာဖြန့်ဝေခဲ့လေသည်။

သူ့ဖေဖေ စာရေးနေသည်ကို ကြည့်၍ တစ်နေ့ သူကြီးလာသောအခါ၌လည်း စာရေးမည်ဟု မောင်တင် စိတ်ကူးခဲ့ဖူးသည်။

ယခု သူရေးလိုသောစာကို ရေးနိုင်ပြီဖြစ်သည်။

ထိုကဲ့သို့ ထွက်ပေါက်ရသွားခဲ့သော မောင်တင်သည် မြန်မာစာပေနှင့် ပတ်သက်၍ အမေရိကန် သာသနာပြု များ လူစွာလုပ်ကာ ဗရမ်းဗတာ ဘာသာပြန်ဆိုရေးသားချက်များကို သူ့ရင်ထဲတွင် တစ်ချိန်လုံးအောင်းထားသမျှ သွန်ချရေးသားလိုက်လေတော့သည်။

သူသည် စာဖတ်သည့်အချိန်မှစ၍ အမေရိကန်သာသနာပြုဆရာ ယုဒသန်မြန်မာပြန်ဆိုထားခဲ့သော ဓမ္မ ဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းနှစ်တွဲပေါင်း သမ္မာကျမ်းကြီးနှင့် ထိတွေ့ရင်းနှီးလာခဲ့သည်။

ထို့နောက် အင်္ဂလိပ်စာကို တတ်လာသောအခါ သူသည် ဆရာယုဒသန်၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်ကို လက်စွဲပြုရင်း ဟေဗြဲ*ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားခဲ့သော သမ္မာကျမ်းကြီးကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုကျွမ်းဝင်လာခဲ့ရပြန်သည်။

သူသည် မူရင်းအင်္ဂလိပ်ဘာသာနှင့် ဆရာယုဒသန် မြန်မာပြန်ဆိုထားသော သမ္မာကျမ်းတို့ကို နှိုင်းယှဉ်လေ့လာ၍လည်း ဖတ်ကြည့်ခဲ့သည်။

ထိုအခါ ဆယ့်ရှစ်ရာစုနှစ်ခေတ်အချိန်မျိုး၌ ကြိုးစားအားထုတ်ကာ သာသနာပြုရင်း မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သော ဆရာယုဒသန်၏ သမ္မာကျမ်းကြီးကို မောင်တင်လက်ခံသည်။

ဆရာယုဒသန်၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်ကြီးကိုလည်း သူအသိအမှတ်ပြုသည်။

ထို့အပြင် နောက်လူဖြစ်ကြသော အမေရိကန်သာသနာပြုများအဖို့ မြန်မာပြည်၌ သူတို့ဆက်နင်းသွားစရာ နေရာရှာ၍ လမ်းခင်းပေးသွားခဲ့သော ခရစ်ယာန်သာသနာ့ အာဇာနည်ကြီး ဆရာယုဒသန်အတွက် ဘယ်အခါမှ မမေ့နိုင်အောင် ဂုဏ်ယူမဆုံးရှိနေကြသကဲ့သို့၊

မြန်မာလူမျိုး ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်သော မောင်တင်သည်လည်း မြန်မာပြည်ရှိ အခြားသော ခရစ်ယာန်ဘာသာဝင်များနည်းတူ သူတို့မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာကို ယူဆောင်လာခဲ့သူ ဆရာယုဒသန် ကို ချီးကျူးမဆုံး၊ ကျေးဇူးတင်မဆုံးဖြစ်မိသည်။

သို့ရာတွင် ဆရာယုဒသန်၏ နောက်မှရောက်လာခဲ့ကြသော အမေရိကန်သာသနာပြုများ၏ ဘာသာရေး ဆိုင်ရာ ပြန်ဆိုရေးသားကြသော မြန်မာစာပေ အရေးအသားများကိုမူ မောင်တင်ဘဝင်မကျ လက်မခံနိုင်အောင် ရှိလေသည်။

သူတို့သည် ဆရာယုဒသန်ကဲ့သို့ မြန်မာစာပေကို အပင်ပန်းခံ၍ နိုက်နိုက်ချွတ်ချွတ် ရှာရှာဖွေဖွေ မလေ့လာ၊ မသင်မယူကြဘဲ တော်ရုံ တန်ရုံ တတ်ကာမျှနှင့် စာရေးဆရာအမည်ခံကာ ဘာသာပြန်ဆိုခြင်း၊ တရားဟောချက်များ ရေးသားဖြန့်ဝေခြင်းများပြုနေကြသည်။

အမှန်စင်စစ် သူတို့သည် မွန်မြတ်သော စိတ်ဓာတ်ဖြင့် ကိုယ်ကျိုးစွန့်ဝန်ထမ်းကာ အခြားဘာသာဝင်များကို ခရစ်ယာန်ဘာသာသို့ ကူးပြောင်းယုံကြည်လာစေရန် သာသနာပြုနေကြခြင်းဖြစ်သည်။

သူတို့၏ သာသနာပြုချက်အရ မြန်မာလူမျိုးများသည်လည်း တစ်နေ့တခြား ခရစ်ယာန်ဘာသာသို့ ကူးပြောင်း ပွားများလျက်ရှိလေသည်။

ထိုကဲ့သို့ ကူးပြောင်းပွားများနေသော ခရစ်ယာန်ဘာသာဝင်များခမျာ နှောင်းလူ အမေရိကန်သာသနာပြု

---

* Hebrews

များ၏ ဝါကျတည်ဆောက်ပုံများ မမှန်မကန်၊ စာလုံးပေါင်းများမှားခြင်းဖြင့် အဓိပ္ပာယ်အလွဲအချော်ဖြစ်နေကြသော မြန်မာစာပေများကိုသာ ဖတ်ရှုလေ့လာနေကြရရှာလေသည်။

မောင်တင်၏ စေတနာသည် သာသနာပြုအမေရိကန်စာရေးဆရာများကို မြန်မာစာပေရေးသား၍ သာသနာပြုလိုလျှင် မြန်မာစာပေကို ထမင်းစားရေသောက် ကိုယ့်အချင်းချင်း ဘယ်လိုရေးရေး နားလည်ရုံလောက်နှင့် ကျေနပ်နစ်သိမ့်မနေစေချင်ဘဲ ကျွမ်းကျင်နှံ့စပ်အောင် သင်ကြားတတ်မြောက်ပြီးနောက်မှ အဆင့်အတန်းမီမီ အရည်အချင်းပြည့်ပြည့် ရေးသားစေလိုခြင်းဖြစ်သည်။

အကယ်၍ သူတို့သည် အပင်ပန်းခံ၍ ကြိုးစားသင်ယူပြီးနောက်မှ အကျအန ရေးသားကြမည်ဆိုပါက သူတို့၏ ဘာသာရေးစာပေများကို ခရစ်ယာန်ဘာသာဝင်မဟုတ်သူများပင် လေ့လာသည့်သဘောဖြင့် ဝမ်းမြောက်ဝမ်းသာ ဖတ်ရှုကြပေလိမ့်မည်။

သူတို့သည်သာ အပင်ပန်းခံကာ ရှာဖွေလေ့လာ သင်ယူတတ်မြောက်လိုကြသည်ဆိုပါက အလွန်အဖိုးတန်သော မြန်မာစာပေရတနာသိုက်ကြီးက အသင့်ရှိနေလေသည်။

ယခုမူ သူတို့သည် ကုန်းခေါင်ခေါင်မှာ ခရုလိုက်ကောက်ကြသလို မြန်မာပြည်ရှိ မြန်မာလူမျိုးများကို စံမမီသော မြန်မာစာပေများ ရေးသားဖြန့်ဝေကာ သာသနာပြုနေကြလေသည်။

ထိုအခါ အမေရိကန်သာသနာပြုများ သုံးနှုန်းရေးသားနေကြသော မြန်မာစာပေသည် မြန်မာလူမျိုးများ နားမလည်ဘဲ ရယ်စရာကောင်းနေလေတော့၏။

မောင်တင်သည် အမေရိကန်သာသနာပြုများ၏ မြန်မာစာပေ အရေးအသားနှင့်ပတ်သက်၍ သူ့စိတ်တွင် ဆင်သမျှ သူ့ရှုထောင့်မှ မြင်သမျှ အင်္ဂလိပ်ဘာသာဖြင့် ဝေဖန်ရေးသားလိုက်လေသည်။

ထို့နောက် ၁၉၁၁ ခု၊ ဖွန်လတွင် စတင်ထုတ်သော သုတေသနဂျာနယ်ထွက်လာသော အခါ 'မစ်ရှစ်နရီဘားမီးစ်' ရေးသူ မောင်တင် ဘီ–အေဟု သူ့ဆောင်းပါး ပါလာခဲ့လေသည်။

ထိုကဲ့သို့ သူ့ကလောင်သွေးမှုအောင်မြင်သွားသောအခါ မောင်တင်သည် အမ်–အေ အောင်ပြီးနောက် ရန်ကုန်ဟိုက်စကူးကျောင်း၌ ဂ–တန်းပြဆရာဝင်လုပ်ရင်းမှ–

၁။ ထေရီဂါထာ အင်္ဂလိပ်ဘာသာပြန်

၂။ ပါဠိကျောင်းသားများတို့ မှတ်စုများ ဝေဖန်ရေး

၃။ ရှင်စောပု အင်္ဂလိပ်ဘာသာပြန်

၄။ ပါဠိသဒ္ဒါ

တို့ကို ဆက်လက်ရေးသားလိုက်ပြန်သည်။

ထိုအခါ မြန်မာလူမျိုးထဲမှ ပါဝင်ရေးသားနေသူဆို၍ ဦးမေအောင်နှင့် ဦးရွှေဇံအောင်တို့ နှစ်ယောက်သာရှိရာ မှက်နှာဖြူ စာသမားပေသမား အရာရှိ အကြီးအကဲများကြား၌ မောင်တင် အမ်–အေ ဆိုသောကလောင်အမည်မှာ ကျော်ကြားထင်ရှားသွားလေသည်။

ထို့နောက် သူသည်

၅။ ဒေါက်တာ ဂျေ–အင် ကူရှင်၏ အသက်တာ

၆။ အဘိသမ္မောဓိ အလင်္ကာ ပါဠိကဗျာနှင့်အနက်

၇။ မဟာဝင်ကျမ်း

တို့ကို ဆက်လက် ရေးသားနေစဉ် ရန်ကုန်ကောလိပ်၌ ပါဠိပါမောက္ခ ခန့်အပ်ခြင်းခံခဲ့ရသည်။ ထိုအခါ သူသည် သူ့ရှေ့မှ သူ့ဆရာ ဂျူရိုဗယ်လ် လုပ်သွားသမျှ သူက နောက်မှ လျှောက်လိုက်၍ တစ်ခုပြီးတစ်ခု တာဝန်ထွေပြောင်း ထမ်းဆောင်လိုက်ရသည်။ ထို့ကြောင့် ယခုသူသည် သူပါဝင်ရေးသားနေခဲ့သော သုတေသနဂျာနယ်၌ အယ်ဒီတာဖြစ်သွားရပြန်ချေပြီ။

ပါဠိပါမောက္ခမောင်တင်အဖို့ ထိုကဲ့သို့ သုတေသနဂျာနယ်၌ အယ်ဒီတာဖြစ်သွားရခြင်းသည် ဘီလပ်သား အရာရှိကြီး အိုင်-စီ-အက်ဖ်ာနီဗယ်လ်*နှင့် မိတ်ဆွေဖြစ်စေရန် ဖန်တီးဆက်သွယ်စေလိုက်ခြင်းပင်ဖြစ်လေသည်။

---

* I.C.S. Furnivall

တစ်နေ့၌ ပါဠိပါမောက္ခမောင်တင်သည် စာကြည့်တိုက်ရှိ သူ့ရုံးခန်းကလေးတွင် နေ့လယ်စာခေါက်ဆွဲဝယ်စားနေစဉ် ဧည့်သည်တစ်ယောက် ရောက်လာသည်။

''ကျုပ်ဟာ ဖာနီဗယ်လ်ပါ၊ သုတေသနဂျာနယ်က အယ်ဒီတာ မောင်တင်နဲ့ တွေ့ချင်လို့ပါ''

အိုင်-စီ-အက်စ် ဖာနီဗယ်လ်၏ နာမည်ကို မောင်တင်ကြားဖူးနေခဲ့သည်မှာ ကြာပြီဖြစ်သည်။

ယခု သူ အယ်ဒီတာလုပ်နေသော သုတေသနဂျာနယ်ပေါ်ပေါက်လာခဲ့ခြင်းသည် မစ္စတာဖာနီဗယ်လ်၏ အားထုတ်ဆောင်ရွက်ချက်အများပါရှိခဲ့သည်။

ထို့နောက် မစ္စတာဖာနီဗယ်လ်သည် သူ့အားသန်ရာ ဘာသာရပ်တွင် သူ့အမြင် သူ့အထင်များကို သုတေသနပြုလျက် သူ့ရှုထောင့်မှသူ ပါဝင်ရေးသားလျက်ရှိရာ သူ့နာမည်နှင့် သူ့စာပေသည် ဂျာနယ်အယ်ဒီတာ မောင်တင်အတွက် ကျွမ်းဝင်ရင်းနှီးပြီးသားဖြစ်သွားသည်။

ယခုမှ လူချင်း မြင်ဖူးဆုံတွေ့လိုက်ရလေပြီ။

ထိုကဲ့သို့ လူချင်း တွေ့ဆုံလိုက်ရသောအခါ မောင်တင်သည် အခြားသော အစိုးရဌာနတစ်ခုခုမှ မြန်မာအရာရှိတစ်ဦးဦးသာဖြစ်ပါက ယခုလို ရောက်လာသော မျက်နှာဖြူ အိုင်-စီ-အက်စ် မင်းကြီးတစ်ဦးကို ဘုရားထူးရှိခိုးကာ ပျာပျာသလဲ ခရီးဦးကြိုပြုကောင်းပြုရပေလိမ့်မည်။

ယခုမူ ပါဠိပါမောက္ခ ဘားနပ်ဒ်ဖရီးစာကြည့်တိုက်မှူးနှင့် အယ်ဒီတာ စသည်တို့ကို တစ်ယောက်တည်းစု၍ တာဝန်ယူထမ်းဆောင်နေရသော မောင်တင်က လူလူချင်း လူ့ကျင့်ဝတ်အရ ယဉ်ကျေးစွာ ဆက်ဆံသည့်သဘောဖြင့်သာ ခရီးဦးကြိုပြုလိုက်ရလေသည်။

''ကျွန်တော် မောင်တင်ပါ ခင်ဗျာ''

ပါဠိပါမောက္ခမောင်တင်သည် သူ့ဘဝသူ ကျေနပ်နှစ်သိမ့်ရင်း သူ့ကိုယ်သူလည်း ထုတ်ဖော်မိတ်ဆက်မိသည်။

ထိုအခါ ဖာနီဗယ်လ်သည် ဝမ်းသာအားရဖြစ်သွားကာ မောင်တင်ကို လက်ဆွဲနှုတ်ဆက်လေသည်။

''ဝမ်းသာတယ်ဗျာ တကယ်ပါပဲ၊ ခင်ဗျားကိုတွေ့ချင်လို့ ကျုပ်လာခဲ့တာ၊ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရလို့ သိပ်ကိုဝမ်းသာတာပဲ''

မစ္စတာဖာနီဗယ်လ်၏ ဝမ်းသာအားရ ပြောလိုက်သောစကားများက ပါဠိပါမောက္ခ မောင်တင်အား သူ့ဘဝကို ပို၍ ဂုဏ်ယူကျေနပ်သွားလိုက်စေပြန်သည်။

အခြားသော အစိုးရဌာနများ၌ဆိုပါက မျက်နှာဖြူ အိုင်-စီ-အက်စ် တစ်ဦးအဖို့ မြန်မာအရာရှိတစ်ဦးကို တွေ့လိုလျှင် သူ့ထံသို့သာ ဆင့်ခေါ်လေ့ရှိသည်။

မျက်နှာဖြူ အိုင်-စီ-အက်စ်တစ်ဦးက အဘယ်မြန်မာလူမျိုးအရာရှိတစ်ဦးထံသို့မျှသွား၍ နှုတ်ဆက်ရိုးထုံးစံမရှိခဲ့ချေ။

''အမ်-အေ မောင်တင်၊ ပါဠိမောင်တင်နဲ့ သတင်းကြီးနေတဲ့ မောင်တင်ဟာ အသက်မကြီးသေးပါပဲကလား''

မစ္စတာဖာနီဗယ်လ်က အသက်အစိတ်ကျော်ရုံမျှသာ ရှိသေးသော မောင်တင်ကိုကြည့်၍ တအံ့တဩ ပြောလေသည်။

''ပြီးတော့ ခင်ဗျားဟာ လူပုံချောတစ်ယောက်ပဲဗျ ဟင်''

မောင်တင်ထက် အသက်ဆယ်နှစ်ခန့် ပိုကြီးပုံရကာ ရုပ်လည်းမချောလှသော မစ္စတာ ဖာနီဗယ်လ်က ဆက်လက် ချီးမွမ်းနေပြန်သည်။

''မောင်တင်ဆိုတဲ့ နာမည်ကို ကြားဖူးပြီး သုတေသနဂျာနယ်ထဲက မောင်တင်ရဲ့ ဝေဖန်စာ ဆောင်းပါးတွေနဲ့ ဘာသာပြန်ဆောင်းပါးတွေကို ဖတ်ပြီး သဘောကျနေခဲ့ရာက အမ်-အေ မောင်တင်၊ ပါဠိပရော်ဖက်ဆာမောင်တင်၊ ဘားနပ်ဒ်ဖရီး စာကြည့်တိုက်မှူး မောင်တင်နဲ့ သုတေသနဂျာနယ်ရဲ့ အယ်ဒီတာမောင်တင်ကို ကြည့်ချင်သိချင်လို့ အခုလို ကျုပ်လာခဲ့တာပါပဲဗျ''

မစ္စတာဖာနီဗယ်လ်က မောင်တင်ကို သိဟောင်းကျွမ်းဟောင်းတစ်ဦးပမာ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ပြောလေသည်။

''အဲဒီလို လူတစ်ယောက်တည်း လောဘကြီးပြီး တာဝန်တွေ အများကြီး စုထမ်းထားတဲ့ မောင်တင်ကို အခုတွေ့လိုက်တော့၊ လား လား ကျောင်းသားကလေးတစ်ယောက်သာသာ အရွယ်ပဲ ရှိနေပါသေးကလားဗျ


MKS PUBLISHING

ဟားဟား''

မစ္စတာ ဖာနီဗယ်လ်နှင့်အတူ မောင်တင်လည်း ရယ်မောလိုက်မိလေသည်။

ထိုကဲ့သို့ နှစ်ယောက်သား တွေ့တွေ့ချင်း ရယ်ရယ်မောမော ပြောပြောဆိုဆို ရှိခဲ့ကြသော ပါဠိပါမောက္ခ မောင်တင်နှင့် အိုင်-စီ-အက်စ် ဖာနီဗယ်လ်သည် မကြာမီ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြလေသည်။

မစ္စတာဖာနီဗယ်လ်သည် လက်ထောက်ကော်မရှင်နာမင်းကြီးအဖြစ်နှင့် နယ်လှည့်၍ တာဝန်များထမ်းဆောင်နေရသူဖြစ်သည်။

ထို့ကြောင့် သူသည် ရန်ကုန်သို့ရောက်သောအခါများ၌သာ မောင်တင်နှင့် တွေ့ဆုံနိုင်သည်။ နှစ်ယောက်သား ဝါသနာပါရာ စာပေ၊ ယဉ်ကျေးမှုအစရှိသော အကြောင်းအရာများကို ကိုယ့်ရှုထောင့်၊ ကိုယ့်အမြင်နှင့် လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးနိုင်ကြလေသည်။

''သုတေသနဂျာနယ် ထုတ်ဝေဖြစ်တာ တကယ်ပျော်စရာကောင်းတယ်ကွာ''

မစ္စတာဖာနီဗယ်လ်က စာပေဝါသနာရှင်နှင့် သုတေသီများ ကလောင်သွေးနိုင်ရန် သုတေသနဂျာနယ် ထွက်ပေါ်လာခဲ့ခြင်းအတွက် နှစ်သိမ့်ကျေနပ်လျက်ရှိလေသည်။

မစ္စတာဖာနီဗယ်လ်ကဲ့သို့ပင် မောင်တင်သည်လည်း နှစ်သိမ့်ကျေနပ်မိသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော သုတေသနဂျာနယ်တွင် ပါဝင်ရေးသားနေကြသူများသည် ဘိလပ်သားအရာရှိ ကြီးငယ်တို့ ဦးရေက ကိုးဆယ်ရာခိုင်နှုန်းလောက်ရှိသည်။

မြန်မာထဲကဆို၍ ဦးမေအောင်၊ ဦးရွှေဇံအောင်၊ ဦးခင်နှင့် မောင်တင်တို့လောက်သာ မှန်မှန်ရေးသားနိုင်ကြသည်။

သို့ရာတွင် မောင်တင်တို့ မြန်မာလူမျိုး ကလောင်သမားတစ်စုသည် ဘိလပ်သား အိုင်စီ အက်စ် ကလောင်သမားများကို ဂရုမစိုက်ကြ။

ဘိလပ်သား ကလောင်သမားများ၏ သုတေသနပြုချက်များ လိုသေးလျှင် ဘယ်အချက်ဘယ်နေရာတွင် လိုသေးကြောင်း၊ မှားနေလျှင်လည်း ဘယ်လို၊ ဘယ်မှာ မှားနေကြောင်းကို မြန်မာကလောင်သမားများက ရဲရဲဝံ့ဝံ့ ရေးပြကြလေသည်။

သူတို့ မြန်မာကလောင်သမား၏ သုတေသနပြုချက်၊ ရေးသားချက်များကို ဘိလပ်သား ကလောင်သမားများက လက်မခံနိုင်လျှင်လည်း ဘယ်အတွက် လက်မခံနိုင်ကြောင်းကို အထောက်အထားပြ၍ ရေးသားဝေဖန်ကြရလေသည်။

သုတေသနပြုခြင်း သဘောသည် အကြောင်းအရာ ဘာသာရပ်များကို တစ်ဦးတစ်ယောက်က သုတေသနပြုကာ ရှာဖွေတွေ့ရှိ၍ တင်ပြလာလျှင် ကျန်လူအားလုံးက ဘယ်လိုပဲဖြစ်ဖြစ် လက်ခံရမည်ဟု မဆို။

သူ့သုတေသန ပြုချက်အပေါ်သို့ မိမိက ထပ်မံရှာဖွေ လေ့လာပြီးနောက် သုတေသနပြုနိုင်သေးသည်။

ထို့နောက် တွေ့ရှိချက်ကို ကိုယ့်ရှုထောင့်ကိုယ့်အမြင်က ကိုယ်ကြိုက်သလို တင်ပြနိုင်သည်။

တစ်ဦး၏ သုတေသနပြုလုပ်တွေ့ရှိချက်ကို တစ်ဦးက အပြစ်တင်ဝေဖန်နေခြင်းသည် သုတေသနပြုခြင်းမည်ချေ။

သူ၏ ရှာဖွေတွေ့ရှိချက်ကို ပိုမိုခိုင်လုံကောင်းမွန်အောင် ထပ်မံရှာဖွေ၍ သုတေသနပြုခြင်း၊

သူ၏ သုတေသနပြုချက်သည် မှားနေသည်ဟု ထင်မြင်လျှင် မိမိက အမှန်ဖြစ်ရအောင် ထပ်မံသုတေသနပြုလုပ်၍ ရှာဖွေတွေ့ရှိလာချက်ကို အထောက်အထား အကိုးအကား ခိုင်လုံပြည့်စုံစွာဖြင့် စေတနာနှင့်တင်ပြဆွေးနွေးခြင်းများသည်သာ စစ်မှန်သော သုတေသနပြုခြင်းမည်လေသည်။

ယခု မောင်တင် အယ်ဒီတာ လုပ်နေရသော သုတေသန ဂျာနယ်တွင် ပါဝင်ရေးသားနေကြသော စာပေပညာရှင် သုတေသီ အပေါင်းသည် စစ်မှန်သော သုတေသန ပြုခြင်းသဘောကို အပြည့်အဝ ခံယူထားကြလေသည်။

သူတို့သည် တစ်ဦးကိုတစ်ဦး အမုန်းမပွား၊ အာဃာတတရားကင်းကာ စေတနာထားစွာ သုတေသနပြုလုပ်၍ ပျော်ပျော်ပါးပါး ရေးသားနေကြလေသည်။

ထို့ကြောင့် သုတေသနဂျာနယ်သည် ရေးသူနှင့်ဖတ်သူများကို ပညာတိုးစေသည်။

သုတေသနအသင်းကိုလည်း အသင်းသားရိုးရိုးသာမက ရာသက်ပန်အသင်းသားများ တစ်နေ့တခြား တိုးပွား

လာစေသည်။

ထို့အတူ သုတေသနဂျာနယ် အယ်ဒီတာ မောင်တင်အတွက်လည်း တစ်သက်တာ မိတ်ဆွေရင်းချာများ တိုးပွားစေခဲ့လေသည်။

''ဟေ့ တင် ငါမင်းတို့အိမ်ကို လာလည်ချင်တယ်ကွာ၊ တစ်ခါလောက် ဖိတ်ခေါ်စမ်းပါလား''

စာကြည့်တိုက်၌သာ လူချင်းလာတွေ့နေရသော မစ္စတာဖာနီဗယ်လ်က အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောလိုဟန်တူသည်။ သူ့ကို အိမ်သို့ အလည်အပတ်ဖိတ်ခေါ်ရန်ပြောလာခဲ့သည်။

ထိုကဲ့သို့ ပြောလာခဲ့တော့မှပင် မောင်တင်သည် လူချင်း ထိမှ ရင်းနှီးခင်မင်လျက်ရှိသော်လည်း မစ္စတာ ဖာနီဗယ်လ်ကို သူ့အိမ်သို့ တစ်ခါမျှ မဖိတ်မခေါ်သေးကြောင်း သတိရလေသည်။

သူသည် သူ့အလုပ်တာဝန်များဖြင့်သာ မအားမလပ်အောင်ရှိနေရာ မိတ်ဆွေကြီးဖာနီဗယ်လ်ကို သူ့အိမ်သို့ ဖိတ်ခေါ်ဧည့်ဝတ်ပြုဖို့ မေ့နေသည်။

သည်အတွက် သူသည် အားနာရင်း မစ္စတာဖာနီဗယ်လ်ကို ဖိတ်ခေါ်လိုက်ရသည်။

''လာလည်ပါ ဖိတ်ခေါ်ပါတယ် ခင်ဗျား၊ ဘယ်နေ့ လာအားမလဲ ပြောလေ''

''မနက်ဖြန် အားတယ်ကွ''

မစ္စတာဖာနီဗယ်လ်က အချိန်မဆွဲဘဲ ချက်ချင်း အဖြေပေးလိုက်သည်။

''ညနေ ၃ နာရီခွဲမှ လာခဲ့မယ်ကွာ ဖြစ်မလား''

''ဖြစ်တာပေါ့ဗျ၊ လာခဲ့ပါ''

''အေး ကောင်းပြီ ငါလော်ကယ်စီးလာခဲ့မယ်''

''လာခဲ့လေ၊ ခင်ဗျား ကျွန်တော်တို့အိမ်ကိုရှာမနေရအောင် ဘူတာရုံက ကျွန်တော် လာစောင့်ကြိုနေမယ် ဟုတ်လား''

''အေး စောင့်နေ ငါလာခဲ့မယ်''

သူတို့နှစ်ယောက် အချိန်းအချက်ပြုလိုက်သော နောက်တစ်နေ့သည် ကျောင်းများရုံးများ ပိတ်သော တနင်္ဂနွေနေ့ဖြစ်သည်။

မောင်တင်သည် သည်ကနေ့ သူ့မိတ်ဆွေကြီး ဖာနီဗယ်လ်လာလည်မည့်အကြောင်းကို သူ့မမများနှင့်ညီမများကို ပြောပြထားသည်။

ထိုအခါ ဧည့်သည်ကို ဧည့်ဝတ်ပြု ကျွေးမွေးရေးအတွက် သူပူစရာမလိုတော့။ သူ့မမနှင့် ညီမများက သင့်သလို စီမံပေးမည်ဖြစ်သည်။

ထို့နောက် သူသည် သူတို့အိမ်သုံး မြင်းရထားကို ကိုယ်တိုင်မောင်းကာ ဘူတာရုံသို့ ခပ်စောစော သွားကြိုနေလိုက်သည်။

ညနေ ၃ နာရီခွဲ လော်ကယ်ရထား ဝင်လာသောအခါ မစ္စတာဖာနီဗယ်လ် ပါလာခဲ့လေသည်။

''ဟေ့ တင်၊ မင်းကမြင်းရထားလဲ မောင်းတတ်တာပဲလားကွ ဟေ''

''မြင်းဆိုးမြင်းကြမ်းကိုလဲ စီးတတ်တယ်၊ မွေးမြူပြုစုနည်းကိုလဲ တတ်သေးတယ်ဗျ၊ ဘာမှတ်လို့လဲ ဟားဟား''

သူ့မြင်းရထား သူကိုယ်တိုင်မောင်း၍လာကြသော ပါဠိပါမောက္ခကြီး မောင်တင်ကို ဘိလပ်သား အိုင်–စီ–အက်စ် မစ္စတာ ဖာနီဗယ်လ်ကြီးက သဘောကျသွားလေသည်။

ထိုကဲ့သို့ သူတို့ သဘောကျသွားသော မိတ်ဆွေကြီး ဖာနီဗယ်လ်ကို မောင်တင်က မြင်းရထား မောင်းတတ်ရုံမက မြင်းနှင့်ပတ်သက်၍ မွေးမြူပြုစုနည်းပညာများကိုပါ တတ်ကြောင်း ကြွားလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ရောက်တတ်ရာရာ ထွေရာလေးပါးပြောဆိုရင်း မြင်းရထားဖြင့် ဘူတာရုံမှ ထွက်ခဲ့ကြသည်။

''မင်းတို့အင်းစိန်က အေးအေးချမ်းချမ်းနဲ့ ပျော်စရာကလေးပဲကွ''

မစ္စတာဖာနီဗယ်လ်ကြီးသည် မြင်းရထားပေါ်မှနေ၍ ပတ်ဝန်းကျင်တစ်ဝိုက်ကို အကဲခတ် လေ့လာရင်း

ပြောလိုက်လေသည်။

''ငါ့စိတ်ထဲမှာ ငါတို့ အင်္ဂလန်က တောဘက်ပိုင်း ရွာကလေးတွေကို ပြန်ရောက်သွားရသလိုပဲကွ''

သူသည် မောင်တင်တို့ နေဒင်းကော့တိတ်ချ်ရှိရာ အနောက်တိုင်းဆန်သော ရပ်ကွက်အနေအထားကလေးကိုလည်း သဘောကျနှစ်သက်သွားဟန်ရှိသည်။

ညေ့သည်နှင့် ပြန်ရောက်လာသော မောင်တင်တို့ကို ညီမငယ်တီတီက အိမ်မှ ဆီးကြိုသည်။

သွက်လက်ချက်ချာသော တီတီသည် မောင်တင်ကဲ့သို့ပင် သူတို့ဖေဖေ့သဘောကို အစဉ်လိုက်လျောနားလည်သူ အဖေ့အချစ်တော်သမီးဖြစ်လေသည်။

သူသည် အသက် ၁၇ နှစ်မျှသာ ရှိသေးသော်လည်း အင်္ဂလိပ်စကားကို ကောင်းကောင်းကြီး တတ်ကျွမ်းပြောဆိုနိုင်လေသည်။

မောင်တင်က သူ့ညီမငယ်တီတီကို မိတ်ဆွေကြီး ဖာနီဗယ်လ်နှင့် မိတ်ဆက်ပေးလိုက်သည်။

''ဟာ မင်းကလူပုံချောသလို မင်းညီမကလဲ မိန်းမချောကလေးပဲကွယ့် တင်ရယ်''

သူ့ညီမတီတီကို ချီးမွမ်းမှတ်ချက်ချလိုက်သော မစ္စတာဖာနီဗယ်လ်ကို မောင်တင်က အိမ်ထဲသို့ ခေါ်လာခဲ့သည်။

အိမ်ထဲ၌ ညေ့သည်တစ်ယောက်က ရောက်နှင့်နေသည်။

ထိုညေ့သည်ကို မောင်တင်က နှုတ်ဆက်လိုက်ရသည်။

''ဟော့ လုစ်၊ ဘယ်တုန်းက ရောက်နေသလဲကွ''

''စောစော ကလေးကပဲကွ၊ မင်းက ဘယ်လျှောက်သွားနေတာလဲ တင်ရ''

သူငယ်ချင်းပါမောက္ခ လုစ်က ပြန်ဖြေသည်။

ပါမောက္ခ လုစ်ကို ကြည့်၍ ဖာနီဗယ်လ်က မောင်တင်ကို လှည့်မေးလိုက်သည်။

''သူက ဘယ်သူလဲကွ''

တစ်ယောက်နှင့်တစ်ယောက် မသိဖူး မမြင်ဖူးကြသေးသော အိုင်-စီ-အက်စ် မစ္စတာ ဖာနီဗယ်လ်နှင့် အင်္ဂလိပ်စာပါမောက္ခ မစ္စတာ လုစ်တို့ကို ပါဠိပါမောက္ခ မောင်တင်က မိတ်ဆက်ပေးလိုက်ရလေသည်။

ထိုနေ့က ဘိလပ်သား ဖာနီဗယ်လ်နှင့် လုစ်တို့နှစ်ယောက်သည် မောင်တင်၏ မိတ်ဆက်ပေးချက်အရ မိတ်ဆွေများဖြစ်သွားကြသည်။

ထို့နောက် သူတို့သုံးယောက်သားသည် တီတီက ဒိုင်ခံ၍ ပြုစုကျွေးမွေးသည်များကို ပျော်ပျော်ပါးပါး စားသောက်လိုက်ကြသည်။

မောင်တင်၏ ဖေဖေနှင့်မေမေတို့ကမူ မျက်နှာပင်ထွက်မပြကြ။

ဗမာလူမျိုး အတော်များများအဖို့ မျက်နှာဖြူအရာရှိများနှင့် သိကျွမ်းခင်မင်ရသည်ကို ဂုဏ်ယူကျေနပ်နေကြစဉ်

မောင်တင်၏ ဖေဖေနှင့် မေမေတို့ကမူ

''ဟော့ မင်းတို့ အိုင်-စီ-အက်စ်တွေ ဘာတွေ မျက်စိရှုပ်လှသကွယ်''

ဟုဆိုကာ မမြင်ကွယ်ရာသို့ ရှောင်ရှားသွားနေကြလေသည်။

မစ္စတာ ဖာနီဗယ်လ်နှင့် လုစ်တို့နှစ်ယောက်သည် မောင်တင်တို့အိမ်တွင် အတော်ကြာကြာ စကားကောင်းပြီးနောက်မှ အတူပြန်သွားကြလေသည်။

ထိုနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အထူးခင်မင်ရင်းနှီးသွားခဲ့သော ဖာနီဗယ်လ်နှင့် လုစ်တို့သည် မောင်တင်ကို ဘဟိုထားကာ ပြောမနာ ဆိုမနာသော အရင်းအချာ သူငယ်ချင်းသုံးယောက်ဖြစ်သွားကြလေတော့သည်။

ထိုကဲ့သို့ရှိရာမှ ပါမောက္ခလုစ်သည် ပါမောက္ခမောင်တင်အဖို့ ရင်းနှီးခင်မင်သော သူငယ်ချင်းကောင်းသာမက ယောက်ဖလောင်းအဖြစ်သို့ပါ ရောက်လာခဲ့သည်။

မောင်တင်၏ သူငယ်ချင်းကောင်း လုစ်သည် မောင်တင်၏ ညီမချောတီတီနှင့် မေတ္တာမျှကာ လက်ထပ်လိုကြောင်း ခွင့်တောင်းလာသည်။

ထိုအခါ မောင်တင်အနေနှင့် သူငယ်ချင်းနှင့် ညီမငယ်ကို ကန့်ကွက်စရာဆို၍ ဘာတစ်ချက်မှ မရှိချေ။

သူငယ်ချင်းလုစ်သည် မောင်တင်အနေနှင့် ရင်းရင်းနှီးနှီး လေ့လာတွေ့ရှိရသမျှ မိကောင်းဖခင်သားတစ်ယောက်ဖြစ်သည်။

သူသည် သဘောကောင်းသူ အရည်အချင်းပြည့်ဝသူ ပညာဉာဏ်ရှိသူတစ်ယောက်လည်းဖြစ်သည်။

ထိုကဲ့သို့ ဂုဏ်ပုဒ်များ ပြည့်စုံနေသော သူငယ်ချင်းလုစ်ကို မောင်တင်သည် ညီမချောတီတီနှင့် သဘောမတူနိုင်စရာမရှိချေ။

သူ့ညီမ တီတီသည်လည်း ယခုအချိန်တွင် အသက်ဆယ့်ရှစ်နှစ်ရှိကာ အိမ်ထောင်တစ်ခုကို စီမံအုပ်ချုပ်နိုင်စွမ်းသော အရည်အချင်းကောင်းများနှင့် ပြည့်ဝနေလေပြီ။

သို့ရာတွင် မောင်တင်တို့ဖေဖေ ဦးဖေက သူ့သမီးငယ်တီတီနှင့် ပါမောက္ခလုစ်ကို လက်ထပ်မပေးနိုင်ဟု ဆိုလေသည်။

''ပါမောက္ခလုစ်အပေါ်မှာ အကြောင်းတစ်ခုကလွဲလို့ တခြားကိစ္စတွေမှာ ဖေဖေ ဘာမှကန့်ကွက်စရာမရှိပါဘူး။ ဒါပေမယ့် အဲဒီအကြောင်းတစ်ခုက အဓိကကျနေတဲ့အတွက် ကျန်အရည်အချင်းတွေ ဘယ်လောက်ကောင်းကောင်း တော်တော်၊ ဖေဖေ့သမီးနဲ့ လက်ထပ်ပေးဖို့ကို ဖေဖေ ဘယ်နည်းနဲ့မှ သဘောမတူဘူး''

သူတို့ဖေဖေက သူ့အနေနှင့် သဘာမတူ ခွင့်မပြုနိုင်သည့်အကြောင်းရင်းကို ရှင်းရှင်းထုတ်ပြောသည်။

''အဲဒီ အဓိကကျတဲ့အကြောင်းတစ်ခုက လုစ်ဟာ နိုင်ငံခြားသား မျက်နှာဖြူ အင်္ဂလိပ်လူမျိုးဖြစ်နေလို့ပဲ ကွယ့်''

သူ့ဖေဖေဦးဖေ၏ အမျိုးသားစိတ်ဓာတ်ကို ယခုလုစ်နှင့် တီတီတို့ကိစ္စ၌ မောင်တင်ပို၍ သိလာရလေသည်။

''ဘယ့်နှယ်ကွယ် ငါဗမာလူမျိုးအဖေတစ်ယောက်က သမီးကို အင်္ဂလိပ်လူမျိုးတစ်ယောက်နဲ့ လက်ထပ်ပေးမယ်ဆိုရင် ရာဇဝင်ရိုင်းလှတယ်၊ လက်ထပ်မပေးနိုင်ဘူး''

သူတို့ဖေဖေက သမီးတီတီ၏ကိစ္စ၌ သူ့သဘောထားကို ပြတ်ပြတ်သားသား ဖွင့်ပြောသည်။

သို့ရာတွင် သူသည် သမီးငယ်၏ စိတ်ချမ်းသာရေးအတွက် ငဲ့ကွက်လျက် လိုက်လျောချက်တစ်ခုကိုမူ ကြိုးစားပြုရှာသည်။

''ဒါဟာ ဖေဖေ့တစ်သက် မပျက်တမ်း လက်ခံသွားမယ့် ဖေဖေ့သဘောထားအမှန်ကို သားသမီးတွေ သိအောင် ပြောပြတာ၊ ဖေဖေ့သဘောထားကြောင့် သားသမီးတွေ ကြိုက်တဲ့လူကို မယူရဘူးလို့တော့ မဆိုဘူး။ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပြီး ယူချင်တဲ့လူကို ယူနိုင်တယ်၊ ဒါပေမဲ့ သားသမီးတွေယူတဲ့လူဟာ နိုင်ငံခြားသားတွေ ဖြစ်နေမယ်ဆိုရင်တော့ ဖေဖေ့အနေနဲ့ ဘယ်သူ့ကိုမှ လက်ထပ်မပေးနိုင်ဘူး''

သူတို့ဖေဖေ၏ စိတ်ဓာတ်ကို သိနေကြသော မောင်တင်တို့ အားလုံးသည် လုစ်နှင့် တီတီကို လက်ထပ်ပေးရန် ဘယ်သူမှ ရှေ့နေလုပ်၍ အယူခံဝင်မပေးရဲကြချေ။

ထိုအခါ လုစ်နှင့် တီတီတို့ နှစ်ယောက်၏ လက်ထပ်ရေးမှာ ပြဿနာအခက်နှင့် ကြုံရလေတော့သည်။

''ဟေ့ တင်ရဲ့ လုပ်စမ်းပါဦးကွ''

လုစ်နှင့်တီတီတို့ ကြားထဲ၌ ပါမောက္ခကြီး မောင်တင်ခမျာ အနေရခက်နေရှာသည်။

သူငယ်ချင်းလုစ်ကလည်း ယောက်ဖလောင်း သူ့ကိုသာ နားပူနားဆာပြုနေသည်။

အိမ်၌ ညီမငယ်တီတီခမျာ စိတ်ဆင်းရဲနေရှာသည်ကိုလည်း မောင်တင်မကြည့်ရက်နိုင်ဖြစ်မိသည်။

သူသည် သူငယ်ချင်း ယောက်ဖလောင်း လုစ်နှင့် ညီမငယ်တီတီကို သနားလှသည်။

သူတို့ဖေဖေကမူ သည်ကိစ္စနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှမဟတော့ဘဲ၊ ပြုနေကျဘုရားတရားကိစ္စများကို ပြုလုပ်လျက်၊ သွားနေကျဖြစ်သော နံ့သာကုန်းကရင်အမျိုးသားရွာကလေးဆီသို့သာ တရားဟောသွားနေလေသည်။

မောင်တင်သည် သူ့ဖေဖေ၊ သူ့နှမနှင့် သူ့ယောက်ဖလောင်း သူငယ်ချင်းတို့ကြား၌ မပြေမလည်ဖြစ်နေမှုကို ဘယ်သို့ ဖြေရှင်းပေးရလျှင် ကောင်းမည်နည်းဟု စဉ်းစားရလေတော့သည်။

ထိုအခါ သူ့ညီမငယ် တီတီအဖို့ ယခုကဲ့သို့ လုစ်နှင့် ပတ်သက်ဆက်သွယ်ကာ ပြဿနာတက်လာခဲ့ရသည်မှာ အရင်းစစ်လိုက်သောအခါ အမြစ်မြေက သူတရားခံဖြစ်နေကြောင်း မောင်တင်မြင်လေသည်။

သို့ကဲ့သို့ သူမွေးမိသည့်မီး၊ သူပျိုးမိသော ပြဿနာကို ငြိမ်းအောင်သတ်ဖို့ ပြေအောင်ဖြေပေးဖို့ သူ၌

ဘာဝန်ရှိသည် မဟုတ်ပါလား။

ထို့ကြောင့် နောက်ဆုံး၌ မောင်တင်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။

မောင်တင်၏ ဆုံးဖြတ်ချက်သည်ကား သူသည် သူငယ်ချင်းချစ်နှင့် ညီမချစ်တို့၏ စိတ်ချမ်းသာမှုကိုငဲ့ကွက်လျက် သူ့တစ်သက်တွင် မပြုခဲ့စဖူး၊ သူ့ဖေဖေ၏သဘောကို မျက်စိမှိတ်၍ ဆန့်ကျင်ပြုမူလိုက်ရန်ဖြစ်လေသည်။

ပါဠိပါမောက္ခမောင်တင်သည် သတ္တိမွေး၍ ဆုံးဖြတ်ပြီးနောက် ၁၉၁၅ ခုနှစ်၊ ဧပြီလတွင် စိန့်ဂျွန်းဘုရားရှိခိုးကျောင်း၌ သူ့ညီမငယ်တီတီကို သတို့သမီး၏ အဖေကိုယ်စား သင်းအုပ်ဆရာဒေါက်တာကယ်လီ၏ လက်သို့အပ်၍ သူငယ်ချင်းပါမောက္ခလုစ်နှင့် ထိမ်းမြားပေးလိုက်စေလေသည်။

သူသည် ထိုကဲ့သို့ အလုပ်တာဝန်နှင့် လူမှုရေးတာဝန်များကို မအားမလပ်နိုင်အောင် ထွေပြားသည့်ကြားထဲမှပင် မှန်မှန်ထုတ်ဝေနေသော သုတေသနဂျာနယ်၌

၁၉၁၁ ခုနှစ်တွင်

၁။ အဘိသမ္မောဓိ အလင်္ကာရ ပါဠိကဗျာနှင့်အနက်။
၂။ ပါဠိသင်ခန်းစာ ဝေဖန်စာ။
၃။ ကူဗြိုယပြဇာတ် ဝေဖန်စာ။
၄။ ဗက်တြိယ ရာဇဝင်ဝေဖန်စာ။
၅။ ပါဠိ သဒ္ဒါငယ် ဝေဖန်စာ။
၆။ မြန်မာ တစ္ဆေများ ဆောင်းပါး။
၇။ တလိုင်းနိဿျမျှား ဆောင်းပါး။

၁၉၁၄ ခုနှစ်တွင်

၁။ မြန်မာ တစ္ဆေဝတ္ထုများ။
၂။ ရာဇာဓိရာဇာဝိလာသိနီ (ပါဠိနှင့်အနက်)
၃။ မြန်မာစကားပုံများ။
၄။ ထေရာဂါထာ အင်္ဂလိပ်ဘာသာပြန်။
၅။ ဟိန္ဒူပြဇာတ်။
၆။ မဇ္ဈိမနိကာယ အင်္ဂလိပ်ဘာသာပြန်၊ ဝေဖန်စာ။
၇။ သင်္ဂဇာဆရာတော်စကားပုံ၊ ဝေဖန်စာ။
၈။ မြန်မာကျောက်စာဝန် အစီရင်ခံစာ၊ ဝေဖန်စာ။
၉။ အင်္ဂုတ္တရနိကာယ အင်္ဂလိပ်ဘာသာပြန်၊ ဝေဖန်စာ။

၁၉၁၅–ခုနှစ်တွင်

၁။ ကာယသမ္မာရပညာနှင့် ဇီဝိက သဘာဝပညာ၊ ဝေဖန်စာ။
၂။ လန်ဒန် ပါဠိအသင်းဂျာနယ်၊ ဆောင်းပါး။
၃။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့၏ အယူဝါဒများ၊ ဝေဖန်စာ။
၄။ ဗာလာဝတာရ ဝေဖန်စာ။
၅။ ဗုဒ္ဓဘာသာ အဆီအနှစ်၊ ဝေဖန်စာ။
၆။ မြန်မာစာ ပေါ်ရာဏ၊ ဆောင်းပါး။
၇။ ပဲခူးဘုရားကြီးစေတီတော် ဆောင်းပါး။

များကို အဆက်မပြတ် ပါဝင်ရေးသားခဲ့လေသည်။

# ၁၈

# သူ့ဘဝ၊ သူ့ဆန္ဒ နှင့် ဘိလပ်သွားနိုင်ရေးလမ်းစ

၁၉၁၈–ခုနှစ်သည် ပါဠိပါမောက္ခမောင်တင်အဖို့ သူ့ဘဝတစ်လျှောက်လုံး လိုလားတောင့်တနေခဲ့သော သူ့ဆန္ဒပြည့်ဝစေရန်အတွက် မျှော်လင့်ချက်ရောင်ခြည်လက်လက်ကို စတင်မြင်တွေ့လိုက်ရသောနှစ်ဖြစ်လေသည်။

ထိုနှစ်တွင် အစိုးရက မြန်မာပြည်သူပြည်သားများ လိုလားတောင့်တနေသော ရန်ကုန်ယူနီဗာစီတီကျောင်းကြီးတစ်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ယူနီဗာစီတီစတင်းဒင်းကော်မတီ*တစ်ခုကို ဖွဲ့စည်းပေးသည်။

ပညာမင်းကြီး မက်ဟန်းတား**ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးသည်။

ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီး မက်ဟန်းတားကိုမူ အဖွဲ့အတွင်းရေးမှူးတာဝန်ကိုယူစေသည်။

အဖွဲ့၏ ကော်မတီအလုပ်အမှုဆောင်တွင် ပါဠိပါမောက္ခ မောင်တင်သည် တစ်ဦးတည်းသော မြန်မာအမျိုးသားအဖြစ် ပါဝင်တာဝန်ယူရလေသည်။

စတင်းဒင်းကော်မတီ၏ တာဝန်များသည် ယူနီဗာစီတီကျောင်းကြီး တည်ထောင်ဖွင့်လှစ်ပြီးသောအခါ စာပေသင်ကြားမှုနှင့် ကိစ္စအဝဝတို့ကို စီမံခန့်ခွဲရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်နိုင်အောင် အကြံဉာဏ်ပေးရန် ဖြစ်လေသည်။

စတင်းဒင်းကော်မတီသည် ဗြိတိသျှယူနီဗာစီတီများ၏ အခြေခံဥပဒေများကို လေ့လာကြသည်။

ထို့နောက် ဗြိတိသျှကိုလိုနီလက်အောက်ခံရှိ ယူနီဗာစီတီများနှင့် အမေရိကန် ယူနီဗာစီတီများ၏ တိုးတက်ကြီးပွားလာပုံတို့ကိုလည်း လေ့လာသုံးသပ်ခဲ့ကြသေးသည်။

အဖွဲ့ခေါင်းဆောင် ပညာမင်းကြီး မက်ဟန်းတားက အဆိုကို တင်သွင်းသမားဖြစ်သည်။

သူတင်သွင်းလာသောအဆိုများကို အဖွဲ့ဝင်များက အကျေအလည် ဆွေးနွေးဆုံးဖြတ်ကြရသည်။

ပါဠိသင်ခန်းစာများနှင့်ပတ်သက်လျှင်မူ ပါဠိပါမောက္ခမောင်တင်က ဒိုင်ခံဆွေးနွေးတင်ပြရသည်။

စတင်းဒင်းကော်မတီအဖွဲ့က ကျောက်စာဝန်ဖြစ်သွားသော ဂျူရိုဖယ်လ်ကို လှမ်းဖိတ်လိုက်သေးသည်။

---

* University Standing Committee. (တက္ကသိုလ်ဖြစ်မြောက်ရေး စီမံသူအဖွဲ့)

** Mark Hunter

ဂျူရိဖယ်လ်ကလည်း ပါဠိသင်ကြားရေးနှင့် ပတ်သက်၍ အကြံဉာဏ်များလာပေးသည်။

စတင်းဒင်းကော်မတီအဖွဲ့ထဲရှိ အခြားသောသူများအနေနှင့်တော့မသိ။ တစ်ဖွဲ့လုံးတွင် တစ်ဦးတည်းသော မြန်မာအမျိုးသားဖြစ်၍ အသက်အရွယ်လည်း အငယ်ဆုံးဖြစ်သော ပါဠိပါမောက္ခမောင်တင်ကမူ ယခုကဲ့သို့ ဆွေးနွေးလေ့လာဆောင်ရွက်နေခြင်းကို ထူးထူးခြားခြား ပျော်ရွှင်တက်ကြွနေလေသည်။

ယခုအချိန်တွင် ပထမကမ္ဘာစစ်ကြီး ပြီးစီးသွားလေပြီ၊ ထို့ကြောင့် ဗြိတိသျှအစိုးရသည် စစ်အတွက် ရတက်မပွေ့ရတော့ဘဲ မြန်မာပြည်သူပြည်သားများအနေဖြင့် အနှစ်နှစ်အလလက တောင်းဆိုလာခဲ့သော သီးခြားယူနီဗာစီတီ တစ်ခုကို တည်ထောင်ဖွင့်လှစ်ပေးရန် လှုပ်ရှားဆောင်ရွက်လိုက်လေသည်။

အကောင်အထည်ပေါ်လာရန် သေချာသလောက်ရှိသွားပြီဖြစ်သော သီးခြားယူနီဗာစီတီကြီးက မြန်မာစာပေ ပျိုးပင်တစ်ပင်ကို ပျိုးထောင်စိုက်ထူရန် အားယူလှုပ်ရှားနေခဲ့သော ပါဠိပါမောက္ခမောင်တင်၏ စိတ်ကူးကလေးသည်လည်း အကောင်အထည်ပေါ်ရန် နီးစပ်လာပြီဖြစ်လေသည်။

ယခုပင်လျှင် သူသည် ယူနီဗာစီတီကြီး ဖွင့်လှစ်သောအခါ မြန်မာစာပေမျိုးကလေးကို ပျိုးချနိုင်ဖို့အတွက် 'အိုရီယင်တယ်လ်စတားဒီးစ်*' ဌာနတစ်ခုထားရှိဖို့ သတ်မှတ် အတည်ပြုခဲ့ပြီးလေပြီ။ အဆိုပါ အိုရီယင်တယ်လ်စတားဒီးစ်ဌာနမှာ ပါဠိဘာသာရပ်နှင့်အတူ မြန်မာစာဘာသာရပ်ကိုလည်း ပါမောက္ခမောင်တင် တွဲကိုင်ရမည်ဖြစ်သည်။ ပင်စည်မသန်မီ အမှီထားပေးရသေးသည် မဟုတ်ပါလား။

ထိုကဲ့သို့ စိတ်ကူးအတွေးကလေးဖြင့် အူမြူးကြည်နူးနေသော ပါဠိပါမောက္ခမောင်တင်အဖို့ သုတေသနဂျာနယ်ထဲ၌ ဆောင်းပါးနှင့် ဝေဖန်စာများကို ရေးသားနေခြင်းသည် အကြောင်းမဲ့ ကလောင်သရမ်းနေခြင်းမဟုတ်။ သူသည် မကြာမီသောအချိန်အတွင်း၌ ပေါ်ပေါက်လာတော့မည့် ယူနီဗာစီတီကြီးတွင် မြန်မာစာပေမျိုးကို ပျိုးချနိုင်ရေးအတွက် မြန်မာစာပေထဲမှ မျိုးကောင်း၊ မျိုးသန့်၊ ခံ့ခံ့ညားညားများကို ရှာဖွေထုတ်နုတ်ပြီးနောက် မြန်မာစာပေအကြောင်းကို လူမျိုးခြားအပေါင်းတို့ သိကောင်းစေရန် ကြော်ငြာမောင်းခတ်နေခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် သူသည် စာပေသင်ကြားရေးကတစ်ဖက်၊ ဘားနပ်ဒ်စာကြည့်တိုက်အတွက် တာဝန်များက တစ်ဖုံ။

သူ့ရှေ့မှ ဆရာဂျူရိဖယ်လ်က မော်လမြိုင်ဘက်ရှိ မွန်လူမျိုးကျေးရွာများမှ ဘုန်းကြီးကျောင်းများသို့သွားကာ မွန်ပေစာများကို စာရင်းကောက်ထားခဲ့သမျှ သူက နောက်မှ လျှောက်လိုက်၍ ငှားရမ်းကူးယူ စုဆောင်းရလေသည်။

ပေစာကူးရသည်ကို စာကြည့်တိုက်ရှိ စာရေးများ အလွန်သဘောကျကြလေသည်။ သူတို့အဖို့ ပေစာတစ်အင်္ဂါကို ကူးပေးခငွေ နှစ်ကျပ်ခွဲကျရကြသည်။

ထို့ကြောင့် ပေစာကူးရမည်ကို စာရေးများ မပျင်းကြ။ ဝမ်းသာအားရ ကူးပေးကြသည်။

နောက်ပိုင်း၌ အလုပ်များလွန်းသော မောင်တင်သည် ကိုယ်တိုင်သွားချိန်မရတော့ဘဲ ပေစာရှိကြောင်း သတင်းကြားသောနေရာများသို့ စာရေးများကိုသာ လွှတ်လိုက်ရလေသည်။

လန်ဒန်ပါဠိအသင်း[၁]က မြန်မာပြည်ရှိ ပါဠိပေစာများနှင့် ပတ်သက်၍ သိလို၊ မေးလိုပါကလည်း အသင်းဝင်ကိုယ်စားလှယ်ဖြစ်သူ ပါဠိပါမောက္ခကိုသာ လှမ်းမေးသည်။

လန်ဒန် ပါဠိအသင်းကြီးကို အင်္ဂလိပ်လူမျိုး မစ္စတာ ရိုင်းစ်ဒေးဗစ်[၂] ဆိုသူက ၁၈၈၁ ခုနှစ်တွင် လန်ဒန်၌ စတင်တည်ထောင်ခဲ့သည်။

မစ္စတာ ရိုင်းစ်ဒေးဗစ်သည် အစိုးရတာဝန်ဖြင့် သီဟိုဠ်ကျွန်းသို့ ရောက်သွားရာမှ ပါဠိကို ထိတွေ့လေ့လာလိုက်စားခဲ့သည်။

ထို့နောက် ကျန်းမာရေးမကောင်းသောကြောင့် မစ္စတာဒေးဗစ်သည် လန်ဒန်သို့ ပြန်သွားပြီးနောက် ပါဠိစာပေဘာသာရပ် ဟောပြောပွဲများ ပြုလုပ်ကျင်းပရာ လူအများ စိတ်ဝင်စားကြလေသည်။

သူသည် ပါဠိဘာသာ သင်တန်းများပေးရင်းမှ သင်တန်းသူ မစ္စက်ချက်ပလင်ဖောလေး[၃] ဆိုသူနှင့် လက်ထပ်လိုက်သည်။

---

* Oriental Studies (အရှေ့တိုင်းဘာသာဌာန)

၁။ Pali Text Society

၂။ Mr. Rhys David

၃။ Miss Chaplin Folly

ထိုအခါ မစ္စစ်ချက်ပလင်ဖောလေးသည် မစ္စစ်ရိုင်းစ်ဒေးဗစ်ဖြစ်လာသည်။

မစ္စစ်ဒေးဗစ်သည် ပါဠိနှင့် ပတ်သက်၍ ပါဠိပါမောက္ခ မောင်တင်နှင့်တကွ ဘုန်းကြီးရဟန်းများကိုလည်း လှမ်း၍ မေးမြန်းအကူအညီ တောင်းလေ့ရှိသည်။

သည်အတွက် ဘုန်းကြီးရဟန်းများက မစ္စစ်ရိုင်းစ်ဒေးဗစ်ကို ပါဠိဒေဝီဟု ဝိသေသပြု၍ နာမည်ပေးခေါ်ဝေါ် ကြလေသည်။

ပါဠိဒေဝီနှင့် ဘုန်းကြီးရဟန်းတို့ကြား၌ ပါဠိပါမောက္ခ မောင်တင်က ဆက်သွယ်ရေးသမားလုပ်ကာ စာပေး စာယူဖြင့် အပြန်အလှန်မေးမြန်းပေးရ၊ ဖြေကြားပေးရသည်။

တစ်ဖန် သူသည် မြန်မာပြည် သုတေသနအသင်းဂျာနယ်[၃] အယ်ဒီတာဘဝ၌ ဂျာနယ်မှန်မှန်ထွက်နိုင်ရေး၊ စာမူများ စုံစုံလင်လင်ရရှိရေး၊ စာကျစာနကောင်းမွန်သေသပ်ရေး၊ စောင်ရေတိုးနိုင်ရေးအစရှိသော တာဝန်များကို မလစ်ဟင်းရအောင် ထမ်းဆောင်နေရင်းမှ

၁၉၁၆ ခုနှစ်တွင်

၁။ မင်းလက်ဝဲသုန္ဒရဆို ရတု၊ အင်္ဂလိပ်ဘာသာပြန်။

၂။ မြန်မာဘာသာဗေဒ၊ ဆောင်းပါး။

၃။ ကထာဝတ္ထု၊ အင်္ဂလိပ်ဘာသာပြန်၊ ဝေဖန်စာ။

၄။ ဘုရားနံရံ၌ ဖာတ်ရေးခြယ်ခြင်း၊ ဝေဖန်စာ။

၅။ ကဗျာတ္ထုစန္ဒိကာကျမ်း၊ ဝေဖန်စာ။

၆။ မိလိန္ဒပဉှာကျမ်းစာအုပ် (အင်္ဂလိပ်အက္ခရာဖြင့် တည်းဖြတ်သည်)။

၁၉၁၇ ခုနှစ်တွင်

၁။ မင်းလက်ဝဲသုန္ဒရဆို ရတုများ။

၂။ မြန်မာကာလပေါ် ဝတ္ထု၊ ဆောင်းပါး။

၃။ နိဗ္ဗာန်လမ်းကြောင်း၊ ဝေဖန်စာ။

၄။ အာနန္ဒာဘုရား၌ ကျောက်ဖြင့် ရုပ်တု ထုခြင်း၊ ဝေဖန်စာ။

၅။ ယောဂီလက်စွဲ၊ ဝေဖန်စာ။

၁၉၁၈ ခုနှစ်တွင်

၁။ မောင်ရင်မောင် မမယ်မ ဝတ္ထု၊ ဝေဖန်စာ။

၂။ မြန်မာရာဇဝင် နှိုင်းယှဉ်ချက်၊ အင်္ဂလိပ်ဘာသာပြန်။

၃။ နိဗ္ဗာန်၊ ဆောင်းပါး။

၄။ ကျန်စစ်သား၊ ဆောင်းပါး။

စသည်တို့ကို အချိန်ရအောင်ယူ ရေးခဲ့သည်။

သူ့အဖို့ ထိုကဲ့သို့ မအားနိုင်သည့်ကြားထဲမှာပင် ယခုတစ်ဖန် တာဝန်ပေးအပ်လာပြန်သော ယူနီဗာစီတီ စတင်းဒင်းကော်မတီ၏ လုပ်ငန်းဆောင်တာများကို သူသည် မညည်းညူတမ်း၊ ဝမ်းသာအားရ ကြိုးစားထမ်းဆောင် လိုက်လေသည်။

အိုင်အေတန်း၌ ဘယ်စာအုပ်ကို သင်စေ၍ ဘီအေတန်း၌ ဘယ်သို့ သင်စေမည် စသည်ဖြင့် သူ့စိတ်ကူး၊ သူ့အတွေး၊ သူ့အစီအမံ၊ သူ့အကြံကလေးများဖြင့် ပျော်မြူးကြည်နူးနေသော ပါဠိပါမောက္ခမောင်တင်သည် မောရ ပန်းရမှန်းကိုမျှ နားမလည်၊ သတိမရအောင် ရှိနေမိလေသည်။

သူသည် မနက်ပိုင်းများ၌ သူ့အိမ်မှ စောစောထွက်လာခဲ့သော်လည်း ညနေပိုင်းများ၌မူ သူ့အိမ်သို့ စောစော ပြန်ဖြစ်လေ့ မရှိချေ။

---

၃ Journal of Burma Research Society

ထိုကဲ့သို့ အသွားအပြန် အချိန်မမှန်နိုင်အောင် အလုပ်များကာ တာဝန်ပိုနေသော မောင်တင်သည် အချိန်မရွေးသွားလာနိုင်ရေးအတွက် ထရိုင်အမျိုးအစား မော်တော်ဆိုင်ကယ်ကလေးတစ်စီးကို ငွေကျပ်တစ်ထောင်ပေး၍ ဝယ်လိုက်ရသည်။

မော်တော်ဆိုင်ကယ်ကလေးသည် ပါဦပါမောက္ခကြီးအတွက် အသုံးဝင်လှတော့သည်။

သူ့အတွက် လိုရာခရီးကို အချိန်မရွေး ပေါက်ရောက်နိုင်လေသည်။

ထိုနေ့က ညနေ ၆ နာရီလောက်ရှိမှ သူ့အလုပ်များ ပြီးစီးသွားသော ပါဦပါမောက္ခမောင်တင်သည် ခေါင်းပေါင်းစ တကားကား၊ ရင်ဖုံးအပေါ်အင်္ကျီကြီး တဖားဖားတွင် တောင်ရှည်ပုဆိုးကြီးကို အကျအနအောက်ပိုးကျိုက်၍ မော်တော်ဆိုင်ကယ်ကလေးကို ခွစီးကာ စက်နှိုးထွက်ခဲ့လေတော့၏။

သူသည် အင်းစိန်သို့ပြန်ရန် ပြည်လမ်းမကြီးအတိုင်း သူ့မော်တော်ဆိုင်ကယ်ကလေးကို ခပ်မှန်မှန်မောင်းသွားလိုက်သည်။

သူသည် မကြာမီမှာပင် ပြည်လမ်းနှင့် အလုံလမ်းဆုံသို့ ရောက်သွားလေသည်။

ထို့နောက် သူသည် ရှင်းနေသောလမ်းဆုံကို ခပ်အေးအေး ဖြတ်ကျော်လိုက်သည်။

ထိုကဲ့သို့ သူ့မော်တော်ဆိုင်ကယ်ကလေး ဖြတ်အကျော်လိုက်တွင်မှ မော်တော်ကားကြီးတစ်စီးက အလုံလမ်းတစ်ဖက်မှ ရုတ်တရက် ဖြတ်ဝင်လာခဲ့သည်။

သို့ရာတွင် ပါဦပါမောက္ခမောင်တင်က သူ့မော်တော်ဆိုင်ကယ်ကို အရှိန်မလျှော့ ရပ်မပေးဘဲ သူ့လမ်းအတိုင်း ဆက်မောင်းသွားလိုက်သည်။

ပြည်လမ်းသည် ပင်မလမ်းမကြီးဖြစ်သည်။ အလုံလမ်းသည် ပြည်လမ်းကို လာဖြတ်ထားသောလမ်းဖြစ်သည်။

ထိုသို့သော လမ်းဆုံလမ်းခွမျိုး၌ ယာဉ်များအချင်းချင်းဆုံလျှင် ဘေးမှဖြတ်ထွက်လာသော ယာဉ်များက လမ်းမကြီးအတိုင်း တည့်တည့်မောင်းသွားသော ယာဉ်များကို ဦးစားပေး ရှောင်ရှားကြရိုးဥပဒေရှိသည်။

ထို့ကြောင့် ပါဦပါမောက္ခ မောင်တင်သည် ဘေးဆီမှ ရုတ်တရက် ခေါင်းပြူထွက်လာသော မော်တော်ကားကြီးကို ဂရုမထားဘဲ သူ့လမ်းမှန်အတိုင်း ဆက်မောင်းသွားလိုက်သည်။

သို့ရာတွင် အလုံလမ်းဘက်မှ ထွက်လာခဲ့သော မော်တော်ကားကြီးက သူထင်သလိုရပ်မပေးဘဲ သူ့မော်တော်ဆိုင်ကယ်ရှေ့မှ ခပ်တည်တည် ဖြတ်မောင်းလိုက်လေသည်။

ထိုအခါ မထင်မှတ်နှင့် ရုတ်တရက် အရှိန်မသတ်နိုင်သော ပါဦပါမောက္ခမောင်တင်၏ မော်တော်ဆိုင်ကယ်က မော်တော်ကားကြီး၏ဘေးကို ပြေးတိုက်လိုက်လေသည်။

ဤတွင် သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်သွားသော ပါဦပါမောက္ခမောင်တင်ခမျာ သူ့မော်တော်ဆိုင်ကယ်ကလေးပေါ်မှ လွင့်စဉ်ကျသွားရှာတော့သည်။

သည်အခါကျမှ မော်တော်ကားကြီးလည်း ရပ်သွားသည်။ ထို့နောက် ကားကြီးထဲမှ မျက်နှာဖြူတစ်ယောက် ဆင်းလာသည်။

ပါဦပါမောက္ခ မောင်တင်လည်း လွင့်စဉ်လဲကျနေရာမှ ဖုတ်ဖက်ခါ၍ ထလိုက်သည်။

''ခင်ဗျား မော်တော်ဆိုင်ကယ်ကို ဘာဖြစ်လို့ ဟွန်းမတီးတာလဲ''

ကားထဲမှ ထွက်လာခဲ့သူ မျက်နှာဖြူက ပါမောက္ခမောင်တင်ကို ဦးအောင်အပြစ်တင်လိုက်သည်။

ထိုအခါ မောင်တင်ကလည်း မခံဘဲပြန်ပြောလိုက်သည်။

''ကျုပ်ကိုသာ ပြောတယ်၊ ခင်ဗျား မော်တော်ကားကကော ဟွန်းတီးလို့လား''

''ပြီးတော့ မီးလဲ မထိုးဘူး''

''ခင်ဗျား မော်တော်ကားကကောဗျ''

အချိန်မှာ မှောင်တရီကလေးဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက် မီးမဖွင့်ကောင်းလားဟု အပြစ်တင်လိုက်ကြပြန်သည်။

ပါမောက္ခမောင်တင်သည် မျက်နှာဖြူနှင့် အချေအတင်ပြောနေရာမှ စက်ရပ်ထားသောမော်တော်ကားကြီးကို လှည့်ပတ်၍ နံပါတ်ရှာလိုက်သည်။

သို့ရာတွင် မော်တော်ကားကြီးတွင် နံပါတ်မရှိချေ။

သည်အတွက် ပါမောက္ခမောင်တင်က မော်တော်ကား ဒရိုင်ဘာကို လှမ်းမေးလိုက်သည်။

''ဒီမော်တော်ကားနံပါတ် ဘယ်လောက်လဲ''

''နံပါတ်မရှိဘူး''

မော်တော်ကားဒရိုင်ဘာက သူ့ကားကြီးကို စက်နှိုးရင်းမှ ရရိုင်းသံဝဲဝဲနှင့် ပြန်ဖြေသည်။

''ဘာဖြစ်လို့ နံပါတ်မရှိရတာလဲ''

''ဒါ ဘုရင်ခံကား''

ဒရိုင်ဘာက အသံခပ်မာမာနှင့် ပြန်ဖြေသည်။

သည်အခါကျမှ ပါမောက္ခမောင်တင်သည် မော်တော်ကားထဲသို့ ဂရုထား၍ကြည့်လိုက်မိသည်။

ထိုအခါ စောစောကလေးက သူနှင့် အချေအတင် စကားဆင်းပြောသွားသော မျက်နှာဖြူနှင့်အတူ ကားနောက်ပိုင်း၌ထိုင်နေသော ဘုရင်ခံဆာဟာကုတ်ဘတ်တလာ[၁]ကို မှောင်တရိကြားမှပင် ပါမောက္ခမောင်တင် သတိထားတွေ့မြင်လိုက်တော့သည်။

ဘုတ်ကလပ်[၂]မှ ပြန်လာဟန်တူသော ဘုရင်ခံသည် အတော်ကလေးအရက်မူးလာပုံရသည်။

ပါမောက္ခမောင်တင်သည် ရုတ်တရက် ကြောင်၍ကြည့်နေစဉ်မှာပင် မော်တော်ကားကြီးသည် သူ့ရှေ့မှ ဆောင်းထွက်ကာ ဘုရင်ခံအိမ်ဝင်းကြီးထဲသို့ ဝင်သွားလေသည်။

ဘုရင်ခံ၏ မော်တော်ကားမှန်းသိသောအခါ ပါမောက္ခမောင်တင်၏စိတ်တွင် ပို၍မကျေမနပ်ဖြစ်သွားသည်။

သူသည် မော်တော်ကားနှင့်တိုက်ကာ လဲကျန်ခဲ့သော သူ့မော်တော်ဆိုင်ကယ်ကလေးကို ဆွဲထောင်ရင်း မကျေမနပ် စဉ်းစားနေသည်။

သူက ဘုရင်ခံ၏ မော်တော်ကားဆိုတာ ကြိုက်သလို ထင်တိုင်းမောင်း၍ ရနိုင်သလား။

ဘုရင်ခံဖြစ်စေ၊ လမ်းပေါ်ကလူဖြစ်စေ လမ်းမှားလျှင် လမ်းမှားသူကို ဥပဒေက အရေးယူရမည်ဖြစ်သည်။

ပါမောက္ခမောင်တင်သည် ဘုရင်ခံ၏ မော်တော်ကားကို ဖမ်းဆီးအရေးယူရန် စဉ်းစားနေစဉ် ဘုရင်ခံအိမ်တော်ဝင်းထဲမှ လူတစ်ယောက် ထွက်လျှောက်လာခဲ့သည်။

သူသည် ပါမောက္ခမောင်တင်ကို ကောင်းကောင်းမွန်မွန် လာမေးလေသည်။

''ခင်ဗျား ဘယ်များ ထိခိုက်နာကျင်သွားသလဲ၊ ကျုပ် ဘာအကူအညီပေးရမလဲ''

သူ့ကိုလာ၍ မေးစမ်းနေသူသည် ဘုရင်ခံ၏အိမ်တော်မှ တာဝန်ရှိသူတစ်ဦး ဖြစ်မည်ထင်သည်။ ဘုရင်ခံက သူ့မော်တော်ကားနှင့် လူတစ်ယောက်ကို တိုက်ပစ်ခဲ့သည်။ သွားကြည့်ဟု စေလွှတ်လိုက်ဟန်တူသည်။

ထိုကဲ့သို့ သူ့ကို ဂရုတစိုက် လာမေးသူကို ပါမောက္ခမောင်တင်က ခါးအနည်းငယ်နာသွားခဲ့သော်လည်း ခပ်တည်တည် ပြန်ဖြေလိုက်သည်။

''ဘယ်မှ မထိပါဘူးဗျာ''

''ဟုတ်လား၊ ဒီလိုဆို ဝမ်းသာပါတယ်''

ထိုသူက ဝမ်းသာစကား ဆိုလိုက်သည်။

ပါမောက္ခမောင်တင်ကမူ ထိုသူကို ဘာမျှတုံ့ပြန်၍ မဆိုတော့ဘဲ သူ့မော်တော်ဆိုင်ကယ်ကလေးကိုသာ ဘည့်မတ်ကာ ခွစီးထွက်ခွာလာခဲ့သည်။

အကယ်စင်စစ် သူ့ရှေ့မှ ဖြတ်မောင်းသွားသော ဘုရင်ခံ၏ မော်တော်ကားကို ပါမောက္ခမောင်တင်၏ မော်တော်ဆိုင်ကယ်ကလေးက အရှိန်မသတ်နိုင်ဘဲ ပြေးတိုက်ခဲ့ခြင်းဖြစ်သည်။

တစ်ဦးဦးကသာ ရပ်ပေးလိုက်ပါက ယခုကဲ့သို့ တိုက်ခိုက်မိကြမည်မဟုတ်ချေ။

ယခုမူ နှစ်ဦးစလုံး မလျှော့တမ်း ဖွတ်တိုးသွားခဲ့သဖြင့် တိုက်ခိုက်မိခြင်းဖြစ်သည်။

သို့ရာတွင် ပါဠိပါမောက္ခမောင်တင်၏ ခံယူချက်မှာ သူကလမ်းမှန်အတိုင်းသွားခြင်းဖြစ်သည်။ ထို့ကြောင့်

---

၁ Sir Harcourt Butler

၂ Boat Club (ယခု သဘာဝ သမိုင်းပြတိုက်)

သူ၌ အပြစ်မရှိ။ လမ်းမှားသောဘုရင်ခံ၏ မော်တော်ကား၌သာ အပြစ်ရှိသည်။

ထိုအခါ အပြစ်ရှိသူကို ဥပဒေအတိုင်း အရေးယူရမည်ဖြစ်သည်။

သူ့စိတ်၌ မကျေနပ်နိုင်သော ပါမောက္ခမောင်တင်သည် နောက်တစ်နေ့ ကောလိပ်ကျောင်းသို့ ရောက်သောအခါ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေပါမောက္ခဆရာများကို လွန်ခဲ့သောညက သူ့မော်တော်ဆိုင်ကယ်နှင့် ဘုရင်ခံ၏ မော်တော်ကား တိုက်မိသည့်အကြောင်း ပြန်ပြောင်းပြောပြလိုက်သည်။

ထို့နောက် သူ့စိတ်ကူးကိုလည်း ထုတ်ပြောလိုက်သည်။

''အဲဒါ ဘုရင်ခံကို ကျုပ်တရားစွဲမလို့ဗျ''

ပါမောက္ခမောင်တင်၏ စကားကို ကြားသောအခါ အခြားသော ပါမောက္ခများ မျက်လုံးပြူးကုန်ကြလေသည်။

ထို့နောက် သူတို့သည် တအံ့တသြ ဝိုင်းဝန်းပြောဆိုတားမြစ်လိုက်ကြလေသည်။

''ဟာဗျာ ပရော်ဖက်ဆာ မောင်တင်က လုပ်တော့မယ်၊ ဘုရင်ခံကို တရားစွဲလို့ ဖြစ်မှာလားဗျ''

''ဘုရင်ခံက ခင်ဗျားအပေါ် အင်မတန် ညှာတာထောက်ထားပြီး သူ့မော်တော်ကားကို ဝင်တိုက်ရကောင်းလားနဲ့ အရေးမယူလိုက်တာဘဲ ကျေးဇူးတင်ဦး ခင်ဗျ''

သူ့မိတ်ဆွေများက ရယ်မောပြောဆိုလိုက်ကြသည်။ သည်အခါမှ ပါမောက္ခမောင်တင်လည်း သူ့အဖြစ်သူတွေကကာ လိုက်ရောရယ်မောရ၍ ရုတ်တရက် စိတ်ပြေသွားလေတော့သည်။

ထိုအခိုက်တွင် ကျောင်းအုပ်ဆရာကြီး ဟန်းတားက အခေါ်လွှတ်လိုက်သဖြင့် ဆရာကြီးရုံးခန်းသို့ ပါမောက္ခမောင်တင် သွားလိုက်ရသည်။

''လာဟေ့ မောင်တင်၊ မင်းကို ဝမ်းသာစရာသတင်း ပြောစရာရှိလို့ကွ''

ပါမောက္ခမောင်တင်ကို ကျောင်းအုပ်ကြီးက အပြုံးဖြင့် ဆီးပြောလေသည်။

''မနေ့ညနေတုန်းက ငါနဲ့ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာတို့ မင်းအကြောင်းကို ပြောခဲ့ကြတယ်ကွယ့် သိလား''

ကျောင်းအုပ်ဆရာကြီးက ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် သူ့အကြောင်း ပြောခဲ့ကြသည်ဆို၍ ပါမောက္ခမောင်တင်၏ ရင်ထဲ၌ လှုပ်ရှားကာ စိတ်ဝင်စားသွားသည်။

''ဘုရင်ခံနဲ့အတူ မန္တလေးက ကော်မရှင်နာ ကာနယ်အက်ပလင်*လဲ ပါလာတယ်ကွ၊ သူတို့နှစ်ယောက် အတူတူပဲ ပြန်သွားကြတယ်''

ကျောင်းအုပ်ဆရာကြီး၏ ပြောစကားအရ လွန်ခဲ့သောညတုန်းက သူ့မော်တော်ဆိုင်ကယ်နှင့် ဘုရင်ခံ မော်တော်ကားကို တိုက်မိစဉ် မော်တော်ကားထဲမှ ဆင်းလာကာ သူနှင့် အချေအတင် ပြောဆိုခဲ့သူသည် မန္တလေးမြို့မှ မျက်နှာဖြူလူမျိုး ကော်မရှင်နာမင်းကြီး ကာနယ်အက်ပလင်ဖြစ်ကြောင်း ပါမောက္ခမောင်တင် သိလေတော့သည်။

''ဘုရင်ခံက ငါ့ကိုတွေ့တော့ မင့်ကို အင်္ဂလန်လွှတ်ဖို့အတွက် ဖာနီဗယ်လ်နဲ့ ဆွစ်သင်းဘင့်တို့ကို ငါက ထောက်ခံပြီး သတင်းပို့ပေးနေခဲ့ရတာနဲ့ ပတ်သက်လို့ ပြောတယ်ကွ''

သူ့ကို ကျောင်းအုပ်ကြီး ဘယ်အတွက်ခေါ်ပြီးနောက် ဘာကိုပြောလိုကြောင်း ပါမောက္ခမောင်တင် သဘောပေါက်သွားတော့သည်။

ထိုကဲ့သို့ သဘောပေါက်သွားလျှင် ပါမောက္ခမောင်တင်သည် စောစောကလေးကပင် ဘုရင်ခံကို လမ်းစည်းကမ်းမရှိသေမှုဖြင့် တရားစွဲဆိုရန် သူ့အပေါင်းအသင်း ရောင်းရင်းများနှင့် ပြောဆိုဆွေးနွေးခဲ့သောအကြောင်းကို ပြန်တွေးကာ စိတ်ထဲမှကြိတ်၍ ပြုံးလိုက်မိလေသည်။

မစ္စတာဖာနီဗယ်ကြီးက ပါမောက္ခမောင်တင်ကို ပြောဖူးခဲ့သည်။

''ဟေ့တင်၊ မင်းမှာ အဘက်ဘက်က ပြည့်စုံနေတယ်ဆိုတာ ငြင်းလို့မရပေမယ့် တစ်ခုတော့ လိုနေသေးတယ်ကွ သိလား''

''ဘာများလဲဗျ၊ ဆိုပါဦး''

---

* Col. Applin

ဖာနီဗယ်လ်ကြီး ဘာကိုဆိုလိုမှန်း တကယ်ပင် မသိသော ပါမောက္ခမောင်တင်က ပြန်မေးလိုက်သည်။

သူ့အမေးကို ဖာနီဗယ်လ်က ဖြေလေသည်။

"ပရော်ဖက်ဆာ မောင်တင် (Made in England) မိတ်အင် အင်္ဂလန်ဆိုတဲ့ အမှတ်တံဆိပ်လေကွာ"

ဖာနီဗယ်လ်၏အပြောကို ပါမောက္ခမောင်တင်လည်း အထူးသဘောကျသွားကာ နှစ်ယောက်သား ရယ်မော သိုက်ကြလေသည်။

"လူတွေက ပစ္စည်းလေးတစ်ခု ဝယ်ရင်တောင် မိတ်အင်အင်္ဂလန်၊ အင်္ဂလန်မှ ထုတ်လုပ်သည်ဆိုတဲ့ အမှတ် တံဆိပ်ကလေးပါမှ ပိုကြိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက်နဲ့ တန်ဖိုးထား ဝယ်သုံးကြတယ်မဟုတ်လားကွယ့်၊ ဟား ဟား"

"အင်း အဟင်းဟင်း၊ ဒါပေမဲ့ ကျုပ်က ကျုပ်ကိုယ်ကျုပ် ကုန်ပစ္စည်းလုပ်ပြီး ရောင်းစားမှာမှ မဟုတ်ဘဲ။ ဒီအမှတ်တံဆိပ် မလိုပါဘူးဗျာ"

နှစ်ယောက်သား တစ်ယောက်တစ်ပြန် ပြောပြီးနောက် တသောသော ရယ်မောလိုက်ကြပြန်သည်။

ထိုနောက် ဖာနီဗယ်လ်ကြီးက ရယ်မောခြင်းကို အရှိန်သတ်လိုက်ကာ အတည်ပေါက်မေးလိုက်လေသည်။

"ငါအတည်မေးမယ် တင်၊ ငါ့ကို အကောင်းဖြေစမ်း။ မင်း အင်္ဂလန်ကို မသွားချင်ဘူးလား ဟင်"

"ကျုပ်အရည်အချင်းအရ သွားခွင့်ရမယ်ဆိုရင်တော့ သွားချင်သားပေါ့ဗျ"

ပါမောက္ခ မောင်တင်ကလည်း အမှန်အတိုင်းပင် အတည်ပြန်၍ဖြေလိုက်သည်။

ထိုကဲ့သို့သော ပါမောက္ခမောင်တင်၏ ရိုးသားတည်ကြည်စွာဖြေကြားမှုကို ဖာနီဗယ်လ်ကြီး အထူးသဘောကျ ကျေနပ်သွားဟန်ရှိသည်။

သူသည် အားရပါးရ ပြန်ပြောလိုက်လေသည်။

"မင်းသွားချင်တယ်ဆို သွားဖြစ်ရအောင် ငါအကူအညီပေးမယ်။ မင်းစိတ်အေးအေးသာထား မပူနဲ့"

ဖာနီဗယ်လ်ကြီးက ပါမောက္ခမောင်တင် ဘိလပ်သွားနိုင်ရေးအတွက် အာမခံချက်ပေးလိုက်သည်။

ထိုနောက် ဖာနီဗယ်လ်သည် သူ့မိတ်ဆွေဖြစ်သူ မျက်နှာဖြူ အိုင်-စီ-အက်စ် ဆွစ်သင်းဘင့်က်*နှင့် နှစ်ယောက်ပေါင်းကာ ပါမောက္ခမောင်တင်၏ ငယ်စဉ်မှစ၍ ပညာရည်ထူးချွန်မှုများနှင့် ယခုလက်ရှိ ဆောင်ရွက် သုပ်ကိုင်နေရသော တာဝန်ဝတ္တရားတို့၏ များပြားထူးခြားသော အောင်မြင်မှုအစုစုကို ရေးသားထုတ်ပြပြီးနောက် အင်္ဂလန်သို့ ပို့လွှတ်၍ ဘွဲ့ထူးတစ်ခု ထပ်မံယူစေသင့်ကြောင်း စသဖြင့် အစိုးရထံ အကြံပေးရေးသားတင်ပြကြ လေသည်။

ထိုကဲ့သို့ ဖာနီဗယ်လ်နှင့် ဆွစ်သင်းဘင့်က်တို့က သူ့ကိုဘိလပ်လွှတ်ရေးအတွက် ကြိုးပမ်းပေးနေကြကြောင်း သိသော်လည်း ပါမောက္ခမောင်တင်ကမူ ထိုကိစ္စနှင့်ပတ်သက်၍ လှုပ်လှုပ်ရှားရှား မေးမေးစမ်းစမ်း မပြုချေ။

သူသည် သူ့အရည်အချင်းများအရ အစိုးရက ဘိလပ်သို့လွှတ်ဖို့သင့်လျှင် သွားရမည်ဖြစ်ကြောင်းကို ငယ်စဉ် ကတည်းက ခံယူနားလည်ခဲ့ပြီးသားဖြစ်သည်။

ထို့ကြောင့် ဘိလပ်သွားရေးကိစ္စကို သူသည် လုံးဝလှုပ်ရှားကြိုးစားမှုများမပြုဘဲ သူ့တာဝန်ဝတ္တရားများကိုသာ မနားတမ်း ကြိုးပမ်းထမ်းရွက်နေလေသည်။

ထိုကဲ့သို့ မနားရ မအားရသည့်ကြားထဲမှ ပါမောက္ခမောင်တင်က အဘိဓမ္မာခုနစ်ကျမ်း၏ ပထမအဖွင့်ကျမ်း ဖြစ်သော အဋ္ဌသာလိနီကျမ်းကို သည်အက်စ်ပိုဇီတာ°ဟု အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးနောက် တခြားသူများ အဖို့ ပင်ဦးကျမ်းဂန်နှင့် အင်္ဂလိပ်ဘာသာကို တစ်ဖက်ကမ်းခတ် တတ်ကျွမ်းသည်ဆိုစေဦး၊ ထိုကျမ်းဂန်ကို ပြန်ဆိုရေးသား ရန်ကိုကား စိတ်မှူမကူးဝံ့ခဲ့ကြဖူးသော ဝိသုဒ္ဓိမဂ်ကျမ်းကြီး၏အစ ပထမ သီလပိုင်းကို 'သည်ပတ်သ် အော့ဗ်ပြူရတီ' ဟု အမည်တပ်လျက် ဆက်လက်ပြန်ဆိုရေးသားလိုက်ပြန်သည်။

ဤကဲ့သို့ မိုးလင်းက မိုးချုပ်ရုံမျှမက ညဥ့်နက်သန်းခေါင်ထိအောင် ဆောင်ရွက်စရာ ရေးသားပြန်ဆိုစရာ များဖြင့် ဇယ်စက်သလို အလုပ်ရှုပ်လျက်ရှိသော ပါမောက္ခမောင်တင်အဖို့ ဘိလပ်သွားရေးကိစ္စကို ကြိုးစားလှုပ်ရှား

* Bernard Winthrop Swithinbank

° The Expositor

ˀ The Path of Purity

နိုင်ရန်ဝေး၍ သတိတရ စဉ်းစားစိတ်ကူးအားချိန်ပင် မရှိခဲ့ချေ။

ထိုကြောင့် သူ့မိတ်ဆွေကြီး ဖာနီဗယ်လ်နှင့် ဆွစ်သင်းဘင်က်တို့က သူ့ကို ကလကတ္တား အမ်အေဘွဲ့သာ ရရှိသေးသဖြင့် ဘိလပ်သို့ပို့လွှတ်၍ ဘွဲ့ထူးတစ်ခု ထပ်ယူသင့်ကြောင်း အစိုးရထံ ထောက်ခံစာရေးခဲ့ကြသော အကြောင်းကို ပါမောက္ခမောင်တင် မေ့နေသည်။

ယခု ကျောင်းအုပ်ဆရာကြီး မက်သူးဟန်းတားက ခေါ်ယူပြောဆိုလိုက်တော့မှ သည်အကြောင်းကိစ္စကို သူသတိရမိလေသည်။

''ငါကလဲ မင်းရဲ့အကျင့်စာရိတ္တ၊ မင်းရဲ့စိတ်နေသဘောထား လုပ်ရည်ကိုင်ရည်တွေကို သတင်းပို့ ရေးပြခဲ့တာတွေကို ဖတ်ရလို့ မင်းနဲ့ပတ်သက်ပြီး ဘုရင်ခံက အင်မတန် အားရဝမ်းသာကြောင်း ငါ့ဆီကို မကြာခင် ကပဲ စာပြန်ရေးခဲ့သေးတယ်ကွ''

ကောလိပ်ကျောင်းအုပ်ကြီးက ဆက်၍ ပြောလေသည်။

''အဲဒါ မနေ့က ဘုတ်ကလပ်မှာ တွေ့တော့လဲ မင်းအကြောင်းစပ်ပြောမိပြီး မင်းရဲ့ အရည်အချင်းတွေအတွက် သူ့စိတ်မှာ ဝမ်းသာကျေနပ်နေတဲ့အကြောင်း မင်းသိအောင် ပြောပြပေးပါလို့ ဘုရင်ခံက ငါ့ကို မှာသွားတယ်ကွ၊ ဒီလိုပြောတာ မှာတာကို တခြားလူတွေသိရင်တော့ မကောင်းဘူးပေါ့ကွာ''

သူ့အပေါ်၌ ဘုရင်ခံက သဘောတွေ့ကြောင်းကို ကောလိပ်ကျောင်းအုပ်ကြီးမှတစ်ဆင့် ယခုကဲ့သို့ ဝမ်းသာ အားတက်စရာ ကြားသိခွင့်ရခြင်းသည် ပါမောက္ခမောင်တင်အဖို့ ဘိလပ်သွားနိုင်ရေးအတွက် အလားအလာ ကောင်းခြင်း မျှော်လင့်ချက်ရှိခြင်းပင်ဖြစ်သည်။

သည်အတွက် ပါမောက္ခမောင်တင် ဝမ်းသာကျေနပ်မိလေသည်။

သူဝမ်းသာကျေနပ်မိသည်မှာ ဘိလပ်သွားနိုင်ရန် မျှော်လင့်ချက်ထားနိုင်ခြင်း၊ အလားအလာကောင်းခြင်း တို့ထက် ငယ်စဉ်ကတည်းက သူစွဲစွဲမြဲမြဲ ချမှတ်ခဲ့သော ခံယူချက်ပြည့်ဝနိုင်တော့မည့် အရေးအတွက် ဖြစ်လေ သည်။

မိဘချမ်းသာ၍ ဘိလပ်သွားနိုင်သူများနှင့်အပြိုင် ယောက္ခမလောင်းကို အရောင်းအဝယ်လုပ်ကာ ဘိလပ်ပြန် ဘွဲ့ကို ယူနေကြသူများအကြား၌ ပါမောက္ခမောင်တင်က ကိုယ့်ဒူးကိုယ်ချွန်ဘဝ မိမိအစွမ်းအစနှင့်မိမိသွားခွင့်ရမှ ဘိလပ်သို့သွားမည်ဟု မာန်တင်းထားခဲ့သည် မဟုတ်ပါလား။

မိဘပိုက်ဆံ ယောက္ခမပိုက်ဆံဖြင့် ဘိလပ်သို့သွားနိုင်သူများ မှိုလိုပေါက်နေကြသော်လည်း အစိုးရစရိတ် ဖြင့် ဘိလပ်သို့သွားနိုင်သူကား ရှားမှရှားဖြစ်လေသည်။

ဗမာလူမျိုးများအဖို့ မိမိတို့ ပိုက်ဆံပေါ၍၊ အကုန်ခံနိုင်၍၊ ဂုဏ်လုပ်ချင်၍ ဘိလပ်သို့ တသွတ်သွတ် ပို့လွှတ် နေကြသည်ကို အင်္ဂလိပ်အစိုးရက ဘာမျှပြောဆိုကန့်ကွက်ခြင်းမပြုဘဲ ကြည်ဖြူကျေနပ်စွာ လက်ခံခဲ့လေသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရက စရိတ်ခံ၍ ဗမာတစ်ယောက်ကို ဘိလပ်သို့ ပို့လွှတ်ရန်ကား လွန်စွာမှ ရှားပါး လှလေသည်။

အင်္ဂလိပ်အစိုးရသည် သူတို့စရိတ်ခံ၍ ဗမာတစ်ယောက်ကို ဘိလပ်သို့ ပို့လွှတ်ရန် အင်မတန် စဉ်းစားသည်။ လွယ်လွယ်ကူကူ လွှတ်ပေးရန် ဘယ်အခါမျှစိတ်မကူးချေ။

သူတို့အနေဖြင့် ဘယ်လိုမျှ မပို့လျှင်မဖြစ်သူ၊ မပို့ဘဲ မနေနိုင်သူ၊ ထူးထူးချွန်ချွန်ဗမာကိုသာ မတတ်သာ၍ စရိတ်အကုန်ခံကာ ဘိလပ်သို့ ပို့ပေးတတ်ကြလေသည်။

ထိုကဲ့သို့ အင်္ဂလိပ်အစိုးရက မပို့မဖြစ်၍ စရိတ်အကုန်ခံကာ ပို့လွှတ်သဖြင့် ဘိလပ်သို့သွားရခြင်းသည် မိဘများ ကြွေးတင်ကျွန်ဖြစ်၍ ယောက္ခမလောင်း၏ နှောင်ကြိုးတည်းခံ၍ သွားရခြင်းထက် ပို၍ဂုဏ်ရှိသည်၊ ပို၍ ကျေနပ်နှစ်သိမ့်စရာကောင်းသည်ဟု ပါမောက္ခမောင်တင် ခံယူထားလေသည်။

ထို့ကြောင့် သူဘိလပ်သွားနိုင်ရေးအတွက် အလားအလာကောင်းခြင်း လက္ခဏာဖြစ်စေသော အင်္ဂလိပ် အစိုးရ၏ ဘုရင်ခံက သူ၏အစွမ်းအစ လုပ်ရည်ကိုင်ရည်တို့ကို သဘောကျကြောင်းသိရလျှင် ပါမောက္ခမောင်တင် သည် ဝမ်းမသာဘဲ မကျေနပ်ဘဲ မနေနိုင်အောင် ခံစားသွားလေသည်။

သူသည် ကောလိပ်ကျောင်းအုပ်ကြီး၏ သတင်းပေးချက်ကြောင့် ဝမ်းသာကျေနပ်သွားမိသည်မှာ မှန်သော် လည်း ဘိလပ်သွားရေးအတွက် စိတ်ကူးယဉ်ကာ အချိန်မဖြုန်းအားရာချေ။

အကယ်၍ ပါမောက္ခမောင်တင်ကို အင်္ဂလိပ်အစိုးရက ဘိလပ်သို့ အမှန်တကယ်လွှတ်မည်ဆိုပါက ပညာရေးဌာနနှင့် ညှိနှိုင်းဆွေးနွေး စီစဉ်ရဦးမည်ဖြစ်သည်။

ရန်ကုန်ကောလိပ်သည် ကာလကတ္တား ယူနီဗာစီတီ၏ လက်အောက်ခံဖြစ်သဖြင့် ပါမောက္ခမောင်တင်ကို ဘိလပ်လွှတ်ရေးတွင် ကလကတ္တား ယူနီဗာစီတီက သဘောတူမှုထောက်ခံချက် ပေးရဦးမည်လည်းဖြစ်သည်။

ထိုအခါကျမှ ပါမောက္ခမောင်တင်အဖို့ နှစ်တိုးဆုံးနေပြီဖြစ်သော လခငွေငါးရာကျပ်ကျော်ကို အပြည့်ရရှိကာ အမှုထမ်းရက်မပျက် လုပ်သက်ဆက်သွားနိုင်မည်ဖြစ်လေသည်။

သည်အတွက် အင်္ဂလိပ်အစိုးရနှင့် သက်ဆိုင်ရာဌာနတို့သည် အဆင့်ဆင့် စီစဉ်ဆောင်ရွက်ကြရပေလိမ့်ဦးမည်။

ထိုကဲ့သို့ သူ့ကို ဘိလပ်သို့ ပို့လွှတ်ရေးအတွက် အစိုးရက သူ့တာဝန်နှင့်သူ စီစဉ်ပြင်ဆင်နေမည်ဖြစ်ရာ သည်ကိစ္စအတွက် ပါမောက္ခမောင်တင်က ပူပန်စိုးနှောင့်ခြင်း အလျှင်းမဖြစ်မိဘဲ သူလုပ်ကိုင်ဆောင်ရွက်ရမည့် သူ့တာဝန်ဝတ္တရားများကိုသာ မလျှော့သောလုံ့လ၊ မနည်းသောဇွဲသတ္တိတို့ဖြင့် ဆက်လက်အားခဲလုပ်ကိုင်နေလိုက်လေသည်။

သူသည် ဝိသုဒ္ဓိမဂ်ကျမ်းကြီး၏ သီလပိုင်းကို အင်္ဂလိပ်ဘာသာသို့ အထူးဝါယမစိုက်ထုတ်၍ တစ်ဦးတည်း ပြန်ဆိုရေးသားနေရင်း တစ်ဖက်မှလည်း ပါမောက္ခလုစ်နှင့် တွဲဖက်ကာ မှန်နန်းရာဇဝင်*ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားလိုက်သေးသည်။

ထိုအပြင် တစ်နေ့တခြား အသင်းသားဦးရေ စောင်ရေနှင့် အပြင်အဆင်၊ ကလောင်ရှင်များပါ တိုးတက်အောင်မြင်လျက်ရှိသော သုတေသနဂျာနယ်တွင်လည်း ပါမောက္ခမောင်တင်က သူလက်ရာဆောင်းပါးများကိုပါအောင် ရေးထည့်နေခဲ့လေသည်။

၁၉၃၃ ခုနှစ်တွင်

၁။ မြန်မာ စာစီစာကုံးပညာ၊ အင်္ဂလိပ်ဘာသာပြန်။
၂။ မြန်မာစာလုံး အတ္တုပ္ပတ္တိ၊ အင်္ဂလိပ်ဘာသာပြန်။
၃။ ပါဠိဖတ်စာကို အင်္ဂလိပ်အက္ခရာနှင့် မှတ်ချက်များ ဖြည့်စွက်ကာ သီးခြားစာအုပ်အဖြစ် ပြုစုတည်းဖြတ်၍ ထုတ်ဝေခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင်

၁။ မြန်မာကာလပေါ် ဝတ္ထုများ၊ ဝေဖန်စာ။
၂။ အမျက်ဖြေလင်္ကာ (အနန္တသူရိယ)။
၃။ အရည်းကြီး။
၄။ ဗုဒ္ဓဘာသာရုပ်တုပုံဆွဲခြင်းနှင့် အခြားအကြောင်းအရာများ၊ ဝေဖန်စာ။
၅။ ပုဂံရွှေဂူကြီး ပါဠိကျောက်စာ (ပါဠိနှင့်အနက်)။

ထိုကဲ့သို့ သူ့စာပေပညာရေးရာ လုပ်ငန်းများ၌ မွေ့လျော် ပျော်ပိုက်နေသော ပါမောက္ခမောင်တင်သည် ၁၉၃၀ ပြည့်နှစ်တွင် အသက် ၃၂ နှစ်မျှ ရှိသွားခဲ့ပေပြီ။

သူနှင့်ရွယ်တူ သူငယ်ချင်းများ အားလုံးလိုလိုပင် အိမ်ထောင်ရက်သားကျကာ သားတွဲလွဲ သမီးတွဲလွဲ ဖြစ်နေကြလေသည်။

သို့ရာတွင် ပါမောက္ခမောင်တင်ကမူ အိမ်ထောင်ပြုရေးကိစ္စကို လုံးဝ ဦးစားမပေးဘဲ တစ်ကိုယ်တည်း လူပျိုကြီးသာ လုပ်နေသည်။

လူပျိုကြီး ပါမောက္ခမောင်တင်သည် တစ်လ တစ်လ လခငွေငါးရာကျပ်ကျော်ရသည့်အပြင် ပထမပြန်စာမေးပွဲ

* The Glass Palace Chronicle of The Kings of Burma

များအတွက်ကလည်း တစ်နှစ်တစ်နှစ် ဝင်ငွေတစ်ထောင့်နှစ်ရာကျပ်ခန့်ရှိလေသည်။

ထို့အပြင် သီးခြားရေးသား တည်းဖြတ်ထုတ်ဝေသော ကျမ်းစာအုပ်များအတွက်ကလည်း ထိုက်သင့်သလို ဝင်ငွေရသေးသည်။

ထိုအခါ ငယ်စဉ်ကတည်းက အစုအဆောင်းကောင်းခဲ့သော လူပျိုကြီးပါမောက္ခမောင်တင်သည် ဘဏ်တိုက်တွင် ငွေစာရင်းအတောင့်သားနှင့် သူဌေးကလေးဖြစ်နေလေသည်။

ထိုကဲ့သို့ ကြေးငွေပေါ၍ ရုပ်ရည်လည်း ချောမောခန့်ညားကာ ပညာအရည်အချင်း၊ ဂုဏ်သတင်းလည်း ကျော်စောထင်ရှားသော ပါမောက္ခကြီးမောင်တင်အဖို့ အိမ်ထောင်ပြုလိုက အလွယ်တကူပြုနိုင်မည်ဖြစ်လေသည်။

သားမက်ဖမ်းချင်သူများနှင့် သူ့ကို မျှော်လင့်စောင့်စားနေရှာကြသူ အမျိုးသမီးများထဲမှ လက်ရွေးစင် နှစ်သက်ရာကို လက်ညှိုးထိုး တောင်းဆိုလိုက်ရုံသာရှိသည်။

သူကသာ တောင်းဆိုလိုက်မည်ဆိုပါက အဘယ်သမီးရှင်နှင့် အဘယ်အမျိုးသမီးကလေးကမျှ ငြင်းပယ်လိမ့်မည် မထင်ချေ။

သူတို့သည် ဝမ်းသာအားရ ကြည်ဖြူကျေနပ်စွာသာ လက်ခံကြပေလိမ့်မည်။

သို့ရာတွင် ဘုန်းကြီးဆေးဖြစ်သော ပါဠိကျမ်းဂန်များထဲ၌ နစ်မြုပ်ကာ ဘုန်းကြီးတစ်ပိုင်းဖြစ်နေသော လူပျိုကြီး ပါမောက္ခမောင်တင်သည် အာသဝေါကင်းနေသူပမာ အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားဘဲ မေ့ထားနေခဲ့လေသည်။

သူသည် ဓမ္မပဒထဲမှ ဖတ်ဖူးထားသော

– အခါတစ်ပါး၌ လူငယ်တစ်စုသည် ပျော်ပွဲစားထွက်ပြီးနောက် သူတို့ကိုယ်ပေါ်မှ ဝတ်စားတန်ဆာများကို ချွတ်၍ ကမ်းနားရေစပ်၌ ပုံထားကာ ရေဆင်းချိုးကြသည်။

ထိုအခိုက် သူတို့စုပုံချွတ်ထားခဲ့သော ဝတ်စားတန်ဆာများကို အကျင့်ပျက်သော မိန်းမငယ်တစ်ဦးက ခိုးယူထွက်ပြေးသွားလေသည်။

ထိုအခါ လူငယ်တစ်စုလည်း ခိုးသူမိန်းမငယ်နောက်သို့ အပြေးလိုက်ကြသည်။

ဤတွင် မိန်းမငယ် ပြေးထွက်သွားရာလမ်း၌ ရဟန်းတစ်ပါး သီတင်းသုံးနေသည်ကို လူငယ်တစ်စု တွေ့ကြသည်။

သီတင်းသုံးနေသော ရဟန်းကို လူငယ်တစ်စုက မေးလျှောက်လိုက်ကြသည်။

''အရှင်ဘုရား တပည့်တော်တို့ရှေ့က မိန်းမငယ်တစ်ယောက် ဒီလမ်းက ဖြတ်ပြေးသွားတာများ မြင်လိုက်မိပါသလား ဘုရား''

လူငယ်တစ်စု၏ မေးလျှောက်ချက်ကို ရဟန်းက ပြန်လည်၍ မိန့်ဆိုဖြေကြားလိုက်လေသည်။

''မိန်းမလား၊ ယောကျ်ားလားတော့ ငါမသိ၊ အရိုးစုတစ်ခု ဖြတ်ပြေးသွားတာတော့ မြင်လိုက်မိ၏''

ဓမ္မပဒထဲက ရဟန်းအဖြေပေးသကဲ့သို့ပင် ဘုန်းကြီးဆေးစားကာ ဘုန်းကြီးတစ်ပိုင်းဖြစ်နေသော ပါမောက္ခမောင်တင်၏ စိတ်၌လည်း အမျိုးသမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အားလုံးတို့ကို ထူးထူးခြားခြား မမြင်မတွေ့မိဘဲ သူ့အမိ၊ သူ့အစ်မနှင့် သူ့နှမများအဖြစ်သာ သဘောထား ဆက်ဆံနေမိလေသည်။

သူသည် ပါမောက္ခဖြစ်ပြီးနောက် ဝန်ထောက်ကတော်ကလေးဖြစ်နေသော ဝန်ထောက်ကြီးသမီး ခင်လှထွေးကို သုံးလေးခါမျှ ပြန်လည်ဆုံတွေ့ပြောဆိုခဲ့ရသေးသည်။

သူတို့နှစ်ယောက် ပြန်ဆုံကြသောအခါများ၌ ဝန်ထောက်ကတော်ကလေး ခင်လှထွေး၏ ရင်ထဲ၌ ဘယ်သို့ရှိမည်ကို မသိနိုင်သော်လည်း သူ့စိတ်၌မူ ဘယ်လိုမျှ ထူးခြားလှုပ်ရှားမှုများမရှိတော့ကြောင်းကို ပါမောက္ခကြီး မောင်တင် ကောင်းကောင်း သတိထားလိုက်မိလေသည်။

''ဘယ်လိုလဲ ပရော်ဖက်ဆာကြီးရဲ့ ပိုက်ဆံတွေစုထားပြီး လက်ထပ်ကိတ်မုန့်ကို ဘယ်တော့ကျမှ ကျွေးမှာလဲ''

လူပျိုကြီး သူ့ကို သူ့မိတ်ဆွေများက နောက်ပြောင် မေးစမ်းတတ်ကြသည်။

ဆာဘွဲ့ရသွားသော သူ့မိတ်ဆွေကြီး ဆာမောင်ခင်၏ဇနီး လေဒီခင်က ဆိုလျှင်လည်း လူပျိုကြီး ပါမောက္ခ မောင်တင်ကို ခင်မင်ရင်းနှီးစွာ ဆိုတတ်လေ့ရှိသည်။

''သူများတွေ ပရော်ဖက်ဆာဆိုတာ ဆံပင်ဖြူဖြူ မုတ်ဆိတ်မွေးရှည်ရှည်နဲ့ အဘိုးကြီးတွေ အရွယ်ရောက်


MKS PUBLISHING

မှ ပရော်ဖက်ဆာဖြစ်ကြရတာပါ၊ တို့များ ပရော်ဖက်ဆာ မောင်တင်ကတော့ အဘိုးကြီးဖြစ်ဖို့ နေနေသာသာ ငယ်ငယ်ရွယ်ရွယ် ရုပ်ကလေးကလဲ ချောပါဘိနဲ့၊ မိန်းမလဲ ခုထိမယူသေးဘူးဆိုတော့ လူပျိုတောင်ဖြစ်သေးရဲ့လား မသိပါဘူးကွယ်''

''အင်း ဟုတ်မယ်ထင်တယ်၊ သူ လူပျိုမဖြစ်သေးလို့သာ မိန်းမ မပိုးတတ်ဘဲ မိန်းမ မရသေးတာဖြစ်မှာပေါ့''

လေဒီခင်၏အပြောကို ထောက်ခံသူက ထောက်ခံကာ တသောသော ရယ်မောတတ်ကြလေသည်။

သူတို့နှင့်အတူ ပါမောက္ခမောင်တင်ကလည်း ရောနှောရယ်မောလိုက်သည်။

သို့ရာတွင် သူက အိမ်ထောင်ပြုရေးကိုမူ လုံးဝထည့်၍ မစဉ်းစားဘဲ သူတစ်ယောက်တည်း သုံးမကုန်အောင် ရနေသော ငွေကြေးများကို ပါမောက္ခမောင်တင်သည် သူ့ဖေဖေနှင့် မေမေတို့အတွက် လိုသမျှထောက်ပံ့၍ အစ်မများ၊ နှမများနှင့် တူ၊ တူမကလေးများအဖို့ ဝယ်ခြမ်းပေးကမ်းနေခဲ့လေသည်။

သူသည် ထိုကဲ့သို့ အပူအပင်အကြောင့်အကြကင်းစွာ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင် ရှိနေစဉ်မှာပင် သူ့အတွက်ပို၍ ဝမ်းသာကျေနပ်စရာအဖြစ် အင်္ဂလိပ်အစိုးရက ရန်ကုန်ကောလိပ်မှ ပါဠိပါမောက္ခမောင်တင်ကို ဘိလပ်သို့ ပညာတော်သင်လွှတ်ရန် အမိန့်ချပေးလိုက်လေသည်။

# ၁၉

# သူ့ဆန္ဒပြည့်ဝခြင်း၏ ဘိလပ်သို့ခရီးအစ

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ပါမောက္ခမောင်တင်သည် ပင်လယ်ကူးသင်္ဘောကြီးဖြင့် မြန်မာပြည် ရန်ကုန်မြို့ဆိပ်ကမ်းမှ ဘိလပ်သို့ ခရီးစတင်ထွက်ခွာခဲ့သည်။

သင်္ဘောကြီး တစ်စင်းလုံးတွင် နိုင်ငံခြားသား မျက်နှာဖြူများဖြင့်သာ ပြည့်နေလေသည်။

ထိုသင်္ဘောကြီးမျိုးကို စီးနင်း၍ နိုင်ငံခြားတိုင်းပြည်များသို့ လှည့်လည်သွားလာလေ့ရှိကြသူများသည် နိုင်ငံခြားသား မျက်နှာဖြူများသာဖြစ်ကြသည်။

သည်အတွက် မျက်နှာဖြူ ခရီးသည်များကြား၌ ဗမာဆို၍ သူတစ်ယောက်တည်းများ ဖြစ်နေလေမလား ဟု ပါမောက္ခမောင်တင် တွေးခဲ့မိသေးသည်။

သို့ရာတွင် သင်္ဘောပေါ်သို့ ရောက်သောအခါ မထင်မမှတ်နှင့် သူသည် သူ့တပည့်တစ်ဦးဖြစ်ခဲ့ဖူးသူ မောင်နီနှင့် သွားတွေ့သည်။

''ဟာ ဆရာ''

''ဟေ့ မောင်နီ''

ဆရာတပည့် နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြသည်။

ဟိတ်ဟန်ကြီးကြသော နိုင်ငံခြားသား မျက်နှာဖြူများကြားတွင် ဗမာတစ်ယောက်တည်း ကျီးကြည့်ကြောင်ကြည့် ဖြစ်မနေတော့သည့်အပြင် ဆရာတပည့်နှစ်ယောက် ကိုယ့်ဗမာစကားကို အားရပါးရ ပြောဆိုနိုင်ရေးအတွက် ပါမောက္ခမောင်တင် အဖော်ရသွားလေတော့သည်။

မောင်နီက သူ ဘီအေ အောင်ပြီးနောက် ဥပဒေဘွဲ့တစ်ခုထပ်ယူရန် ယခုကဲ့သို့ ဘိလပ်သို့ သွားခြင်းဖြစ်ကြောင်း သူ့ဆရာဟောင်း ပါမောက္ခမောင်တင်ကို ပြောပြလေသည်။

ပါဠိပါမောက္ခ မောင်တင်ကမူ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်ရှိ နာမည်ကျော် အောက်စဖို့ဒ်တက္ကသိုလ်ကြီးမှ ဘီလစ်[၁] ဘွဲ့ထူးတစ်ခုကို ထပ်မံ ဆွတ်ခူးရယူရန် ဖြစ်လေသည်။

ဆရာတပည့်နှစ်ယောက် လေညင်းကလေး ခံလိုက်၊ စကားကလေးပြောလိုက်ဖြင့် အေးအေးသက်သာ

---

၁ Bachelor of Letters

MKS PUBLISHING

လိုက်ပါလာခဲ့သော ပါမောက္ခမောင်တင်သည် သူတို့ စီးနင်းလိုက်ပါလာခဲ့သော သင်္ဘောကြီး ဘင်္ဂလားအော် ပင်လယ်ထဲသို့အရောက်၌ ဒုက္ခတွေ့လေတော့သည်။

ပင်လယ်ကူး သင်္ဘောကြီးစီးကာ ပင်လယ်ရပ်ခြား ခရီးများသို့ မသွားဖူးခဲ့သော ပါမောက္ခမောင်တင်သည် ပင်လယ်ပြင်တွင် လှိုင်းမူးလေတော့သည်။

ပင်လယ်ပြင်၏ လှိုင်းလုံးများကြား၌ လူးလိမ့်ခုတ်မောင်းနေသော သင်္ဘောကြီးပေါ်တွင် ပါမောက္ခမောင်တင် ခမျာ လိမ့်နေအောင် လှိုင်းမူးအော့အန်ရှာလေတော့သည်။

မောင်နီသည်လည်း အလားတူ ခံစားနေရရှာသည်ဖြစ်ရာ ဆရာတပည့်နှစ်ယောက် ဘယ်သူ့ကို ဘယ်သူ ကမျှ မကူနိုင်အောင် တောင်မင်းမြောက်မင်း မကယ်နိုင်ဖြစ်နေကြလေသည်။

ထိုကဲ့သို့ လှိုင်းဒဏ်ခံစားနေရသော ပါမောက္ခမောင်တင်ကို တစ်ခန်းတည်း အတူခရီးသွားဖော် အိုင်းရစ်ရှ် လူမျိုး[၁] မျက်နှာဖြူ ခရီးသည်တစ်ဦးက အကြံပေးပြောဆိုလေသည်။

''ခင်ဗျား အခုလို အော့အန်နေတာ ပျောက်သွားအောင် ဝီစကီဝမ်းပက်သောက်လိုက်ပါ၊ သက်သာပြီး ပျောက်သွားပါလိမ့်မယ်''

ထိုအခါ ပါမောက္ခမောင်တင်လည်း တစ်ယောက်တည်း မူးနောက်အော့အန်ရင်းမှ စဉ်းစားကြည့်မိသည်။

သူသည် ယခုအချိန်အထိ အရက်ဝေး၍ ဆေးလိပ်ကိုမျှ သောက်တတ်သူမဟုတ်ချေ။

ထိုကဲ့သို့ မသောက်တတ်ခြင်းမှာ သူ့ဘာသာတရားနှင့် မိဘများ၏ တားမြစ်ပညတ်ချက်တို့အပြင် ပါမောက္ခ မောင်တင်ကိုယ်တိုင်က မသောက်ချင်၍ဖြစ်သည်။

သို့ရာတွင် ယခုလှိုင်းမူးခြင်းဒဏ်အတွက် တခြားဆေးမရှိတော့သောအခါ ပါမောက္ခမောင်တင်သည် မျက်နှာ ဖြူခရီးသည်၏ အကြံပေးချက်ကို လက်ခံစမ်းသပ်ကြည့်ရန် စိတ်ကူးလိုက်သည်။

ထို့ကြောင့် သီဟိုဠ်ပြည် ကိုလံဘိုမြို့မှ သူတို့သင်္ဘောထွက်ခွာ၍ အာရေဗျပင်လယ်ထဲသို့ အရောက်တွင် ကား ပါမောက္ခမောင်တင်သည် ဝီစကီအရက်တစ်ခွက်ကို ပထမဦးဆုံးအကြိမ်အဖြစ် စမ်းသောက်ကြည့်လိုက်တော့ သည်။

ထိုအခါ ပါမောက္ခ မောင်တင်သည် မိုးမကုန်တတ်သေးသော အာရေဗျ ပင်လယ်ပြင်၏ မှုန်မှိုင်းသော လှိုင်းဒဏ်လေဒဏ်ကို ထူးထူးခြားခြား ခံနိုင်ရည်ရှိသွားလေသည်။

ထိုကဲ့သို့ အနာနှင့်ဆေး တွေ့သွားသော ပါမောက္ခမောင်တင်သည် သင်္ဘောခရီးတစ်လျှောက်လုံး တစ်နေ့ကို ဝီစကီတစ်ခွက် မှန်မှန်သောက်သုံးလိုက်လေတော့၏။

ထိုအချိန်မှစ၍ မအန်မအော့တော့သော ပါမောက္ခမောင်တင်သည် ပင်လယ်ရေလမ်းခရီးတစ်လျှောက်ကို သင်္ဘောကြီးစီးကာ သက်သက်သာသာ လိုက်ပါသွားနိုင်လေတော့သည်။

ပင်လယ်ကူးသင်္ဘောကြီးကို စီးနင်းလိုက်ပါနေကျပုံစံရှိသော မျက်နှာဖြူခရီးသည်များကမူ သင်္ဘောကြီးကို သူတို့အိမ်ရာဟုပင် ထင်မှတ်နေကြလေသလားမသိ။

သူတို့သည် နေရောင်ကလေးရလျှင် ကုန်းပတ်ပေါ်သို့ အပြေးထွက်၍ နေစာလှုံကြ၊ ပြောကြဆိုကြ၊ ရယ်ကြ မောကြ၊ ကစားကြနှင့် ပျော်ပျော်ပါးပါး ရှိနေကြသည်။

ညတိုင်ရောက်လျှင်လည်း အရက်သောက်သူသောက်၊ ဖဲကစားသူကစား၊ ဘင်တီးဝိုင်းကြီး တဒိုင်းဒိုင်း တီးကာ ကပွဲခန်းမ၌ အတွဲကိုယ်စီနှင့် ကသူကဖြင့် လှုပ်လှုပ်ရှားရှား စည်စည်ကားကား ရှိနေကြလေသည်။

ပါမောက္ခမောင်တင်နှင့် မောင်နီတို့ ဆရာတပည့်နှစ်ယောက်မှာမူ မျက်နှာဖြူ နိုင်ငံခြားသားများကဲ့သို့ ကလည်း မကတတ်၊ ဖဲလည်း မကစားတတ်သောကြောင့် သူတို့တစ်တွေနှင့် မရောနှောဘဲ သီးသီးခြားခြားပင် နေလိုက်ကြ သည်။

အနောက်နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံမှာ ကြားမှ တစ်စုံတစ်ယောက်က မိတ်ဖွဲ့ပေးမှ မိတ်ဆွေ ဖြစ်ကြရလေသည်။

ယခု သင်္ဘောကြီးတစ်စင်းလုံးတွင် သူတို့ဆရာတပည့် နှစ်ယောက်မှလွဲ၍ မျက်နှာဖြူ အသိမိတ်ဆွေဆို၍

၁။ Irish

တစ်ဦးတစ်ယောက်မျှ ပါမလာခဲ့ရာ ပါမောက္ခမောင်တင်နှင့်မောင်နီကို မိတ်ဖွဲ့ပေးမည့်သူမရှိချေ။

ဤတွင် သူတို့နှစ်ယောက်ကလည်း ဘယ်မျက်နှာဖြူတစ်ယောက်ကိုမျှ အောက်ကျခံ၍ လိုက်လံမိတ်ဖွဲ့ခြင်း မပြုဘဲနေလိုက်ကြသည်။

သူတို့သည် ရင်းရင်းနှီးနှီးသာ မိတ်ဆွေဖွဲ့၍ မရောမနှောသော်လည်း ခရီးသွားဟန်လွှဲပြောစရာဆိုစရာ ကူညီစရာများရှိလျှင်မူ ခေါ်ပြောနှုတ်ဆက် မေးစမ်းကူညီမှုမျိုးကိုတော့ပြုကြလေသည်။

ထိုကဲ့သို့ ရှိခဲ့ရာမှာ ပါမောက္ခမောင်တင်သည် ပြင်သစ်လူမျိုး ဗရင်ဂျီဘုန်းကြီး သုံးလေးပါးနှင့် မိတ်ဆွေ ဖြစ်သွားခဲ့သည်။

ထို့ကြောင့် သူသည် ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ပြင်ခရီးရှည်ကြီးတွင် ပျင်းရိငြီးငွေ့ခြင်းမဖြစ်မိဘဲ ဘုန်းကြီးများနှင့် ဘာသာရေးဆွေးနွေးလိုက်၊ မောင်နီနှင့်လန်ဒန်သို့ ရောက်သောအခါ သွားလာပြုမူရမည့် အစီအစဉ်များအပြင် ရောက်တတ်ရာရာပြောလိုက်၊ ကုန်းပတ်ပေါ်လမ်းလျှောက်လိုက်၊ တစ်ယောက်တည်း တယော ပြားကလေးထိုးလိုက်ဖြင့် သင်္ဘောကြီး ခေါ်ဆောင်ရာနောက်သို့ သက်သက်သာသာ လိုက်ပါသွားလေသည်။

ပါမောက္ခမောင်တင်တို့ စီးနင်းလိုက်ပါလာခဲ့သော သင်္ဘောကြီးသည် ရန်ကုန်မြို့ဆိပ်ကမ်းမှ ခွာခဲ့ပြီးနောက် ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာ၊ အာရေဗျပင်လယ်ကွေ့နှင့် စူးအက်စ်တူးမြောင်းတို့ကို ရေကြောင်း လမ်းစဉ်တစ်လျှောက် တဂျုတ်ဂျုတ်ခုတ်မောင်းခဲ့ပြီးနောက် မြေထဲပင်လယ်ထဲသို့ရောက်လေသည်။

ထိုကဲ့သို့ မြေထဲပင်လယ်ကြီးကို ရေကြောင်းခရီးစဉ်အတိုင်း ဆက်လက်ခုတ်မောင်းသွားလိုက်ပြန်သော အခါ၌ကား သူတို့၏ သင်္ဘောကြီးသည် ပြင်သစ်ပြည်ရှိ မာဆေးလ်မြို့*ဆိပ်ကမ်းကို ဆိုက်ကပ်လိုက်လေသည်။

ပါမောက္ခမောင်တင်တို့ကို တင်ဆောင်လာခဲ့သော ပင်လယ်ကူးသင်္ဘောကြီးသည် ရန်ကုန်မြို့ဆိပ်ကမ်းမှ ယခုမာဆေးလ်မြို့ ဆိပ်ကမ်းသို့အရောက် ရက်ပေါင်းသုံးဆယ်ကျော်မျှ ကြာညောင်းကာ ခုတ်မောင်းလာခဲ့ရ လေသည်။

ပြင်သစ်ပြည် မာဆေးလ်ဆိပ်ကမ်းမှ အင်္ဂလန်ပြည် လန်ဒန်ဆိပ်ကမ်းသို့ရောက်ရန်မှာ အနည်းဆုံးခုနစ်ရက် ဘစ်ပတ်မျှကြာအောင် စပိန်ပြည်ကြီးကို ကွေ့ပတ်၍သွားရချေဦးမည်။

ထိုအချိန်တွင် ထိုဂျီဘရော်လ်တာ** အငူကိုစွအတွက် အင်္ဂလိပ်အစိုးရနှင့် စပိန်အစိုးရတို့ မပြေမလည် စကားများလျက်ရှိကြသည်။

ထိုအခါ ဂျီဘရော်လ်တာ အငူကို ဖြတ်သွားရမည်ဖြစ်သော သင်္ဘောခရီးစဉ်များအတွက် အခက်အခဲရှိကာ ပို၍ကြန့်ကြာကောင်း ကြန့်ကြာနိုင်စရာရှိလေသည်။

ထိုအခါ ရန်ကုန်မှထွက်ကတည်းက ရက်စွန်းလာခဲ့သော ပါမောက္ခမောင်တင်သည် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်သော အော့စဖို့ဒ် ယူနီဗာစီတီကို မမီရုံမျှမက၊ နောက်အကျကြီး နောက်ကျရပေ တော့မည်။

ထိုကဲ့သို့ နောက်အကျကြီး နောက်ကျရပါက ပါမောက္ခမောင်တင်အတွက် ကျောင်းဝင်ရေး အစီအစဉ်များ ဘမောက်ကမဖြစ်ကုန်စရာရှိလေသည်။

သည်အတွက် သူက မောင်နီကို တိုင်ပင်ဆွေးနွေးလိုက်သည်။

''ကဲ ဟေ့ မောင်နီရေ၊ ဒီအတိုင်းသာဆက်သွားနေရင် ငါတို့အတွက် ကျောင်းဝင်ဖို့ သိပ်ကိုနောက် ကျနေလိမ့်မယ်ကွ၊ ဒီတော့ တို့ဒီကနေပြီး မီးရထားနဲ့ ဖြတ်ချသွားရင် ကောင်းလိမ့်မယ်ထင်တယ်ကွ''

''ကောင်းသားပဲဆရာ''

''ကောင်းသာပဲဆို သွားကြမယ်ကွာ ဟုတ်လား''

''ဟုတ်ကဲ့''

ပါမောက္ခမောင်တင်၏ စီစဉ်ဆုံးဖြတ်ချက်ကို မောင်နီကလည်း သဘောတူ လက်ခံလိုက်သည်။

ထိုအခါ ပါမောက္ခမောင်တင်က သူနှင့်မောင်နီတို့ နှစ်ယောက် မာဆေးလ်၌ ဆင်းခဲ့ကြမည်ဖြစ်ကြောင်း

---

* Marseilles

** Gibraltar

သင်္ဘောမှ တာဝန်ရှိသူကို သွား၍ အကြောင်းကြားလိုက်သည်။

''ရပါတယ်ခင်ဗျာ ရပါတယ်''

သင်္ဘောမှ တာဝန်ရှိသူကလည်း ပါမောက္ခမောင်တင်၏ဆန္ဒကို အလွယ်တကူပင် လက်ခံလိုက်သည်။ ထို့အပြင် သင်္ဘောနှင့်ဆက်လက်ပါရှိသွားမည့် သူတို့ပစ္စည်းများအတွက် စိတ်မပူစေရန် အာမခံချက်ပင် ပေးလိုက်သေးသည်။

''ခင်ဗျားတို့ပစ္စည်းတွေအတွက်လဲ စိတ်ချပါ၊ ခင်ဗျားတို့ပေးခဲ့တဲ့ လိပ်စာအတိုင်း အိမ်တိုင်ယာရောက် ပေးပို့လိုက်ပါ့မယ်ခင်ဗျာ''

သင်္ဘောမှ တာဝန်ရှိသူများသည် ခရီးသွားများအားလုံးတို့အပေါ်၌ အလွန်ဂရုစိုက်၍ အလွန်လည်း တာဝန်ကျေပွန်ကြလေသည်။

သူတို့သည် အင်္ဂလန်အထိ လက်မှတ်ခံလာခဲ့ကြသော ပါမောက္ခမောင်တင်နှင့် မောင်နီတို့၏ ခရီးစရိတ်ကို မာဆေးလ်အထိ ကျသမျှသာနုတ်၍ ပိုငွေများကို ပြန်အမ်းလိုက်သည်။

ထို့နောက် ပါမောက္ခမောင်တင်သည် မောင်နီနှင့်နှစ်ယောက်သား မီးရထားစီး၍ မာဆေးလ်မှ ခရီးဆက်လိုက်ကြသည်။

ပြင်သစ်စာနှင့် စကားကိုမတတ်သော ပါမောက္ခမောင်တင်သည် ပြင်သစ်ပြည်တောင်ဘက်စွန်းမှ မြောက်ဘက်စွန်းရှိ ကာလေး*မြို့သို့အရောက် တစ်လျှောက်လုံး မီးရထားဖြင့် ဖြတ်စီးသွားရာတွင် ဘယ်နေရာရောက်၍ ဘယ်မြို့သို့ဆိုက်မှန်းမသိဖြစ်နေလေသည်။

ထိုကဲ့သို့ သွားနေရာမှ တောလမ်းတစ်နေရာသို့အရောက်တွင် တဂျုတ်ဂျုတ်ခုတ်မောင်းသွားသော မီးရထားကလေးသည် ရုတ်တရက် ရပ်နားလိုက်ပြန်သည်။

အကျအန ဘူတာရုံမရှိဘဲနှင့် ဘာကြောင့် မီးရထားကလေးရပ်သွားသည်ကို ပထမ၌ ပါမောက္ခမောင်တင်မသိ။ ထို့နောက်မှ လမ်းခုလတ်တွင် ရပ်နား၍ မီးရထားဗိုင်လာအိုးထဲသို့ ရေထပ်ဖြည့်ခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ထိုကဲ့သို့ မီးရထား ရပ်နားထားချိန်တွင် ရထားပေါ်မှ ခရီးသည်များ ရထားအောက်သို့ ဆင်းသွားကြသည်။

ထိုအခါ ပါမောက္ခမောင်တင်လည်း အခြားသူများနည်းတူ အောက်သို့ အညောင်းအညာပြေ ဆင်းလျှောက်လိုက်သည်။

ပါမောက္ခမောင်တင်၏ ရှေ့မှဆင်းသွားခဲ့ကြသော ခရီးသည်များသည် တစ်နေရာသို့ စုရုံးရောက်ရှိသွားကာ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ပြောဆိုလှုပ်ရှားနေကြလေသည်။

ထို့ကြောင့် ဘာများဖြစ်ကြပါလိမ့်ဟု လှမ်းကြည့်လိုက်သောအခါ စားပွဲခပ်ရှည်ရှည် တစ်လုံးပေါ်သို့ တန်းစီတင်ပေးထားသော ကော်ဖီပန်းကန်များကို ခရီးသည်များ အလုအယက် အတိုးအဝှေ့ယူနေကြခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

သူတို့အတိုးအဝှေ့ယူထားသော ကော်ဖီပန်းကန်များထဲသို့ အမျိုးသမီးငယ်တစ်ဦးက အငွေ့တထောင်းထောင်းထနေသော ကော်ဖီပူပူများကို ကရားအိုးကြီးတစ်လုံးနှင့် အပြေးအလွှား အကူးအသန်း လိုက်လံလောင်းထည့်ပေးလေသည်။

အနည်းငယ် ချမ်းအေး၍ ဆာလောင်လာကြဟန်လည်းရှိပုံရသော မီးရထားစီး ခရီးသည်များသည် အမျိုးသမီးငယ်လက်ထဲမှ ကော်ဖီပူပူများကို အလုအယက် တောင်းခံလှမ်းယူနေကြလေသည်။

အမျိုးသမီးငယ်နှင့် လက်လှမ်းဝေးနေသူအချို့သည် သူတို့အတွက် နှောင့်နှေးကြန့်ကြာရကောင်းလားဟု ဆူပူတောင်းဆိုနေကြဟန်တူသည်။ သူတို့၏အမူအရာ အသံနေ အသံထားတို့အားဖြင့် ပါမောက္ခမောင်တင် တွေးယူ နားလည်ကြည့်ရလေသည်။

ပါမောက္ခ မောင်တင်သည် ပြင်သစ်ပြည်ကြီးတွင် ပြင်သစ်လူမျိုးများကြား၌ ပြင်သစ်စကား တစ်လုံးမျှ နားမလည်၊ တစ်ခွန်းမျှ မပြောတတ်ဘဲ လက်ဟန်ခြေဟန် ရိပ်ဖမ်းသံဖမ်းများဖြင့်သာ မီးရထားခရီးတစ်လျှောက်

---

* Calais

သုံး သွားလာလှုပ်ရှား ဝယ်ခြမ်းစားသောက်လာခဲ့ရလေသည်။

ဤတွင် ပြင်သစ်လူမျိုးများသည် ဗမာများကဲ့သို့ ရေကို သောက်လေ့သောက်ထမရှိဘဲ ရေအစား စပျစ်ရည်မှ ဖြစ်သော ဝိုင်အရက်ချိုကိုသာ သောက်သုံးကြကြောင်း ပါမောက္ခမောင်တင် တွေ့ရလေသည်။

ထိုအခါ ပြင်သစ်ပြည်တွင် ပြင်သစ်လူမျိုးတို့ကဲ့သို့ကျင့်၍ ပါမောက္ခမောင်တင်နှင့် မောင်နီလည်း ရေအသက် ဘာ်မနက်ဆိုသည်ကိုမေ့ထားကာ ဝိုင်အရက်ချိုတစ်လှည့် ကော်ဖီတစ်လှည့် သောက်သုံးလာခဲ့ရလေသည်။

ယခု လမ်းခုလတ် တောစခန်းကလေးသည် လက်မလည်အောင်ရှိသော မိန်းမငယ်နှင့် ဆူဆူပူပူ အလု အယက်ပြုနေကြသူ ခရီးသည်များကိုကြည့်ခြင်းအားဖြင့် ကော်ဖီအရောင်းဆိုင်ကလေးတစ်ဆိုင်ဖြစ်ကြောင်း ပါမောက္ခမောင်တင် သိနိုင်လေသည်။

ထိုကဲ့သို့သိလျှင် အငွေ့တထောင်းထောင်း ထလျက် သင်းပျံ့နေသောကော်ဖီကို သူလည်း သောက်ချင်သွား လေသည်။

သို့ရာတွင် ရောင်းသူနှင့်ဝယ်သူတို့ လက်မလည်နိုင်အောင် မစေ့မင ဖြစ်နေကြသည်ကို လှမ်းမြင်ရသော ပါမောက္ခမောင်တင်က လူရှင်းအောင် ခပ်လှမ်းလှမ်းမှ အသာရပ်စောင့်နေလိုက်သည်။

ထိုအခါ လူအုပ်နှင့်မရောဘဲ တစ်ယောက်တည်းရပ်နေသော ပါမောက္ခမောင်တင်သည် တသီးတခြား ထင် ဆင်ရှားရှားဖြစ်သွားလေသလားမသိ။ လက်မလည်အောင် ကော်ဖီများ လိုက်လံလောင်းထည့်ပေးနေရသော ပြင်သစ်အမျိုးသမီးငယ်သည် ပါမောက္ခမောင်တင်ကို သတိထားမိသလို လှမ်း၍ လှမ်း၍ ကြည့်နေကြောင်း တွေ့ ရသည်။

ပြင်သစ် အမျိုးသမီးငယ်သည် ဗမာလူမျိုးဆိုသည်ကို မမြင်ဖူး၍ အထူးအဆန်းဖြစ်ကာ လှမ်းကြည့်နေဟန် ရှိလေသည်။

ထိုကဲ့သို့ အမျိုးသမီးငယ်၏ အထူးအဆန်းသဖွယ် လှမ်းကြည့်နေခြင်းကို ပါမောက္ခမောင်တင်က မသိဟန်ပြု ကာ မြူနှင်းများဝေ့နေသော တစ်ဖက်ရှိတောအုပ်ရှုခင်းများဆီသို့ ငေးကြည့်နေလိုက်သည်။

သို့ရာတွင် မကြာလှချေ။ သူ့အနီးသို့ တစ်စုံတစ်ယောက် အပြေးကလေးရောက်လာသံကြောင့် ပါမောက္ခ မောင်တင်သည် တစ်ဖက်သို့ ငေးနေရာမှ ပြန်လှည့်ကြည့်လိုက်သည်။

ထိုအခါ သူအံ့အားသင့်သွားလေသည်။ အဘယ်ကြောင့်မူ သူ့အနီးသို့ အပြေးကလေးရောက်လာခဲ့သူကား ကော်ဖီဆိုင်မှ အမျိုးသမီးငယ်ဖြစ်နေသည်။

သူကလေးသည် ပြင်သစ်စကားဖြင့် တစ်စုံတစ်ခုကို အသံပြုပြောဆိုရင်း သူ့လက်ထဲ၌ ပါလာခဲ့သော အငွေ့ တထောင်းထောင်းနှင့်ကော်ဖီခွက်ကို ပါမောက္ခမောင်တင်သို့ လှမ်းပေးလေသည်။

ရုပ်မဆိုးသော အမျိုးသမီးငယ်၏အသံနှင့် မျက်လုံးအကြည့်ကလေးတို့က သူ့ကို ဘာလူမျိုးလဲဟုမေးနေ သလို ပါမောက္ခမောင်တင်၏စိတ်တွင် ရုတ်တရက် ထင်လိုက်မိသည်။

ထိုကြောင့် သူသည် အမျိုးသမီးငယ်ကမ်းပေးနေသော ကော်ဖီခွက်ပူပူကို လှမ်းယူရင်း အင်္ဂလိပ်စကားအားဖြင့် အဖြေပေးလိုက်သည်။

''ဘားမင်း- ဖရော်မ်ဘားမား''

''အိုး ဘားမင်း-ဖရော်မ် ဘားမား''

ပါမောက္ခမောင်တင်သည် သူသည် ဗမာပြည်မှ ဗမာလူမျိုးဖြစ်ကြောင်း အင်္ဂလိပ်စကားနှင့် ပြောသည်ကို ပြင်သစ်အမျိုးသမီးငယ်သည် အံ့သြထူးဆန်းသွားဟန် အသံကလေးဝဲဝဲနှင့် မပီတပီလိုက်၍ ရေရွတ်ကြည့်လေ သည်။

ထို့နောက် သူကလေးသည် တစ်စုံတစ်ခုကို သဘောကျသွားဟန်ဖြင့် ရယ်သံကလေးတစ်ချက်ကို ပြုလိုက်ပြီး နောက် သူ့နေရာသို့ အပြေးကလေးပြန်သွားလေတော့သည်။

ပါမောက္ခမောင်တင် လှမ်းကြည့်လိုက်သောအခါ ကော်ဖီခွက်ကို အလုအယက် ဆွဲယူဆူပူခဲ့ကြသော ခရီး သည်များသည် သူနှင့်ကော်ဖီဆိုင်မှ အမျိုးသမီးငယ်ကို အထူးအဆန်းသဖွယ် လှမ်းကြည့်နေကြောင်းတွေ့ရလေသည်။

ထိုကဲ့သို့ လှမ်းကြည့်နေသော မျက်လုံးအချို့တို့သည် ဆိုင်တွင်ဖြင့် စေ့လေက်လည်အောင် မရောင်းဘဲ ဘသီးတသန့် တကူးတကန့် ကော်ဖီထွက်ပို့ပေးသော မိန်းမငယ်ကို မကျေမနပ်ဖြစ်နေကြသလို အနောက်တိုင်း

ဝတ်စုံကို ဝတ်ထားသော်လည်း သူတို့အနောက်တိုင်းသားများနှင့် ရုပ်မတူကွာခြားကာ တသီးတခြားရှိနေသော ပါမောက္ခမောင်တင်ကိုလည်း ပြုံးစူးဟန်ပြနေကြလေသည်။

ထိုအခါ ပါမောက္ခမောင်တင်ခမျာ ဝိုင်း၍အကြည့်ခံနေရသော မျက်လုံးများစွာ၏ ရှေ့မှောက်တွင် အတော်ကြီး အနေရခက်သွားသည်။

သို့သော်လည်း သူ့ရင်ထဲမှမူ အကျေနပ်ကြီး ကျေနပ်သွားမိလေသည်။

သူသည် ဗမာပြည်၌နေစဉ်က နေရာတကာ၌ မျက်နှာဖြူများကို ဦးစားပေး၊ ဘုရားထူးရကာ ဗမာများ အောက်ကျနောက်ကျ ဖြစ်နေကြရသည်ကိုကြည့်၍ မကျေမနပ် နာကြည်းနေခဲ့သည်။

သူ့အဖို့ ယခုတိုင် အိမ်ထောင်ပြုရန် စိတ်မကူးသေးဘဲ တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေခြင်း၌ ဗမာများ အောက်ကျနောက်ကျဖြစ်နေသည့် အချက်တစ်ချက်သည်လည်း အဓိက အချက်တစ်ချက်အဖြစ် ပါဝင်ခဲ့လေသည်။

''သူတစ်ပါးလက်အောက်ခံ ကျွန်ဘဝနဲ့ ငါအိမ်ထောင်ပြုရင် မွေးဖွားကြီးပြင်းလာကြမယ့် ငါ့သားစဉ်မြေး ဆက်တွေဟာလဲ ကျွန်ကလေးတွေပဲ ဖြစ်နေကြဦးမှာဆိုတော့ အိမ်ထောင်မပြုတာ အကောင်းဆုံးပေါ့''

ထိုကဲ့သို့သော သူ့စိတ်ကူးအတွေးကို တစ်ပါးသူများကြားသိပါက ပါမောက္ခကြီးတစ်ယောက် အတွေးခေါင် လွန်းလှချေသည်ဟု ဝေဖန်ရယ်မောကြလေမည်လား မသိ။

သို့ရာတွင် ယခုပြင်သစ်ပြည်ကြီးအတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့သောအခါတွင်ကား သူသည် ရုတ်ခြည်း ပင် အတွေးအထင်များ ပြောင်းလဲသွားလေသည်။

မြန်မာပြည်၌ရှိစဉ်က ဗမာလူမျိုးများ အောက်ကျနောက်ကျ ဖြစ်နေရ၍ မကျေမနပ်ဖြစ်ကာ နာကြည်းနေခဲ့ သော ပါမောက္ခမောင်တင်သည် ယခုပြင်သစ်ပြည်သို့ ရောက်သည်နှင့်တစ်ခါတည်း သူ့ကိုယ်သူ ဗမာလူမျိုးဖြစ်ရ သည်ကို အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

သူအကျေနပ်ကြီး ကျေနပ်သွားရအောင်လည်း ပြင်သစ်ပျိုဖြူကလေးတစ်ဦးက သူတို့ အနောက်တိုင်းသူ တိုင်းသား မျက်နှာဖြူလူမျိုးများရှေ့၌ ဗမာပြည်မှ ဗမာလူမျိုးဖြစ်သောသူ့ကို ထူးထူးခြားခြား အရေးထား၍ ကော်ဖီ ခွက် ပူပူနွေးနွေးကလေးအား သူ့လက်ထဲသို့ အရောက်အပြေးအလွှားလာထည့်ပေးခဲ့သည် မဟုတ်ပါလား။

သည်အတွက် သူသည် အကျေနပ်ကြီး ကျေနပ်ခြင်းဖြင့် သူသည် ဗမာပြည်မှ ဗမာလူမျိုးတစ်ယောက် ဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြင်သစ်ပျိုဖြူကလေးအား ပြောကြားလိုက်မိလေသည်။

ထို့နောက် သူသည် ဗမာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူစွာဖြင့် ပြင်သစ်ပျိုဖြူကလေး အပြေးလာပို့ပေးသွား သော ပြင်သစ်ကော်ဖီပူပူနွေးနွေး ချိုချိုမွှေးမွှေးကလေးကို အင်္ဂလိပ်လူမျိုးစစ်ဗိုလ်ကြီးအချို့ ပါဝင်သော အနောက် တိုင်းသား မျက်နှာဖြူများရှေ့၌ ခေါင်းကိုမော့၊ ရင်ကိုကော့၍ သောက်ပြလိုက်၏။

ပြီးလျှင် သူက ကော်ဖီခွက်အခွံကို ဆိုင်မှ မိန်းမငယ်ထံသွား၍ ပြန်ပေးလိုက်သည်။

''ကျေးဇူးတင်ပါတယ် ခင်ဗျာ''

သူက ကျသင့်ငွေကိုပေးရင်း မိန်းမငယ်အပေါ်၌ အမှန်တကယ် ကျေးဇူးတင်ကြောင်းကို အင်္ဂလိပ်စကား အားဖြင့် ဆိုလိုက်သည်။

ထိုအခါ မိန်းမငယ်ကလည်း အပြုံးကလေးချိုချိုနှင့် သူတို့ ပြင်သစ်ဘာသာစကားကလေးဖြင့် တုံ့ပြန်ရှာ သည်။

အမှန်က သူတို့နှစ်ယောက်သည် တစ်ယောက်၏ပြောစကားကို တစ်ယောက်က လုံးဝနားမလည်ကြချေ။

သူတို့သည် ဘာသာစကားအသံထွက်အားဖြင့်သာ နားမလည်ကြသည်မှာ မှန်သော်လည်း လူသားတို့၌ ရှိအပ်သော တစ်ဦးနှင့်တစ်ဦး စေတနာထားမှု၊ လေးစားသမှုများက သူတို့၏ ကြည်လင်သောမျက်လုံး၊ ချိုသာသော အပြုံးတို့ကို အတုံ့အလှယ်ပြုခြင်းဖြင့် တစ်ဦး၏ဆိုလိုချက်ကို တစ်ဦးက သဘောပေါက်က အဓိပ္ပာယ်ကောက် ယူနိုင်ကြလေသည်။

ပါမောက္ခမောင်တင်သည် သူ့ကိုအများရှေ့၌ ဂုဏ်ပြုလိုက်သော မိန်းမငယ်ကို တည်ကြည်ရိုးသားသော အပြုံးတစ်ချက်ဖြင့် ထပ်မံနှုတ်ဆက်လိုက်ပြီးနောက် မီးရထားတွဲဆီသို့ ပြန်လျှောက်ခဲ့လေတော့သည်။

# ၂၀

# သူ့အဖို့ဘိလပ် နှင့် အော့စဖို့ဒ်ဆိုတာ

ပြင်သစ်ပြည်မှတစ်ဆင့် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ရောက်ခဲ့ပြီး နောက်တစ်နေ့မှာပင် ပါမောက္ခမောင်တင်သည် သူ့အတွက်လာရင်းကိစ္စ အဓိကဖြစ်သော အော့စဖို့ဒ် ယူနီဗာစီတီကျောင်းတော်ကြီးသို့ ဝင်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်လိုက်လေသည်။

သူ့အဖို့ စတင်ဆောင်ရွက်သည်ဆိုရာ၌ လန်ဒန်မြို့၌ရှိသော အိန္ဒိယပြည်ဆိုင်ရာ ရုံးခန်းသို့ သွားရောက်စုံစမ်းမေးမြန်းရခြင်းဖြစ်သည်။

ထိုကဲ့သို့ အိန္ဒိယပြည်၏ ရုံးခန်းသို့ ပါမောက္ခမောင်တင် သွားရခြင်းမှာ အိန္ဒိယပြည်၏ အုပ်ချုပ်မှုလက်အောက်ခံတိုင်းပြည်အဖြစ် သတ်မှတ်ခံနေရသော မြန်မာပြည်အတွက် သက်ဆိုင်ရာ မြန်မာရုံးခန်းကို သီးခြားဖွင့်လှစ်ပေးမထားသောကြောင့်ဖြစ်လေသည်။

ထိုကြောင့် ဗမာလူမျိုးဖြစ်သော ပါမောက္ခမောင်တင်သည် အင်္ဂလန်ပြည်လန်ဒန်မြို့တွင် ကိုယ့်မြန်မာရုံးခန်းသို့ သွားစရာမရှိဘဲ အိန္ဒိယရုံးခန်းသို့သာ အားကိုးအားထား သွားလိုက်ရလေသည်။

သို့ရာတွင် အိန္ဒိယရုံးခန်းသည် ဗမာတစ်ယောက်အတွက် အားကိုးအားထားပြု၍မရကြောင်းကို ပါမောက္ခမောင်တင် သိလိုက်ရလေသည်။

''ခင်ဗျားရောက်လာတာ ဆယ်ရက်တောင် နောက်ကျနေပါလားဗျ''

''ဒါတောင် ကျုပ်က ပြင်သစ်ကိုရထားနဲ့ ဖြတ်ချလာခဲ့လို့ အခုလောက် စောရောက်လာနိုင်တာ ခင်ဗျ''

ရုံးမှဆီး၍ အပြစ်ဆိုသည်ကို ပါမောက္ခမောင်တင်က ချေပလိုက်သည်။

သူ့ကို ရုံးမှတာဝန်ရှိသူက ပြန်ပြောလေသည်။

''အခုလောက် စောရောက်လာနိုင်ပေမယ့် ခင်ဗျားလျှောက်ထားခဲ့တဲ့ နယူးကောလိပ်* ကတော့ ခင်ဗျားအတွက် နေရာမကျန်လို့ လက်မခံနိုင်တဲ့အကြောင်း ရုံးကိုပြန်ကြားစာပို့ထားတယ်''

---

* New College

MKS PUBLISHING

ရုံးမှပြောကြားချက် သတင်းစကားများက ကြိုးစားပမ်းစားရောက်လာခဲ့သော ပါမောက္ခမောင်တင်အား အမောဆို့သွားစေလေသည်။

ပါမောက္ခမောင်တင် မြန်မာပြည်မှမထွက်ခွာမီ သူ့ကို ဘယ်ကောလိပ်သို့သွားလိုကြောင်းဖြင့် သက်ဆိုင်ရာမှ မေးမြန်းခဲ့သည်။

ထိုအခါ အော့စဖို့ဒ်ယူနီဗာစီတီကြီးအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော ကောလိပ်ကျောင်းပေါင်း နှစ်ဆယ့်ခြောက်ကျောင်းတို့ကို ပါမောက္ခမောင်တင် လေ့လာလိုက်ရသည်။

ထို ကောလိပ်ကျောင်း နှစ်ဆယ့်ခြောက်ကျောင်းထဲမှ သူသည် ကျောင်းသားခြောက်ရာခန့်မျှသာရှိသော နယူးကောလိပ်ကို သဘောကျကာ ရွေးလိုက်လေသည်။

ထို့နောက် သူက သင်္ဘောကြီးစီး၍ မြန်မာပြည်မှထွက်လာခဲ့စဉ် အစိုးရအမှုထမ်းတစ်ဦးဖြစ်သော သူ့အတွက် ပညာရေးဌာနအတွင်းဝန်က အော့စ်ဖို့ဒ် ယူနီဗာစီတီရှိ နယူးကောလိပ်သို့ ပါမောက္ခမောင်တင် ဝင်ရောက်နိုင်ရေးအတွက် အစီအစဉ်များပြုလုပ်ကျန်ခဲ့လေသည်။

သို့ရာတွင် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးချက်များသည် မထိရောက် မအောင်မြင်ကြောင်းကို ပါမောက္ခမောင်တင်အဖို့ အမောဆို့စွာ သိလိုက်ရလေတော့သည်။

ရုံးမှ အကြောင်းပြချက်က အောက်တိုဘာ ၁ ရက်နေ့တွင် စဖွင့်သော ကောလိပ်ကျောင်းကို ၁၀ ရက်နောက်ကျသွားခဲ့ခြင်းကြောင့် နေရာမရှိတော့၍ဟု ဆိုလေသည်။

မိုးလေဝသ အခြေအနေအရ လမ်းခရီး၌ သင်္ဘောရက်ပိုမိုကြန့်ကြာသွားခဲ့ရခြင်းအတွက်ကိုမူ ပါမောက္ခမောင်တင်အနေနှင့် ဘယ်သို့မျှ မတတ်နိုင်ချေ။

သို့ရာတွင် ပါမောက္ခမောင်တင်က စိတ်မပျက်အားမလျှော့။ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဆိုသော စကားကို လက်ကိုင်ထားလျက် ဆက်လက်ကြိုးစားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုကဲ့သို့ အားမပျက်တမ်း ဆက်လက်ကြိုးစားကြည့်နိုင်အောင် သူ့မှာ နောက်ခံ အကြောင်းအချက်က ရှိနေ လေခဲ့လေသည်။

ပါမောက္ခမောင်တင်သည် 'အဋ္ဌသာလိနီ'ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးနောက် လန်ဒန် ပါဠိအသင်းကြီးသို့ ပေးပို့လိုက်သည်။

ထိုပါဠိအသင်းကြီးမှ မစ္စစ်ဒေးဗစ်ပါဠိဒေဝီ၏ ဆက်သွယ်ပေးချက်အရ ပါမောက္ခမောင်တင်သည် ပါဠိတတ်ကျွမ်းသူ အင်္ဂလိပ်ပညာရှိပုဂ္ဂိုလ်ကြီး ဒေါက်တာကာပင်တာဆိုသူနှင့် စာပေးစာယူအဆက်အသွယ်ရှိခဲ့ဖူးသည်။

သူသည် ဘိလပ်သို့သွားရန် သေချာသွားသောအခါ အော့စဖို့ဒ်သို့လာမည်ဖြစ်ကြောင်း၊ ဘယ်ကောလိပ်သို့ဝင်ရလျှင်ကောင်းမည် စသဖြင့် ဒေါက်တာကာပင်တာထံသို့ စာရေးခဲ့သည်။

ထိုအခါ ဒေါက်တာကာပင်တာကလည်း ပါမောက္ခမောင်တင်ထံသို့ ဝမ်းသာအားရ စာပြန်ခဲ့လေသည်။

''မင်းအတွက် အက်ဇီတာ*ကောလိပ်ကျောင်းအုပ်ကြီးကို မြန်မာပြည်က ပါဠိပါမောက္ခမောင်တင်ဆိုတာ လာလိမ့်မယ်လို့ ပြောထားပြီးပြီကွ''

သည်အချက်ကို အားကိုးလျက် ပါမောက္ခမောင်တင်က သူလျှောက်ထားခဲ့သော နယူးကောလိပ်သို့ မဝင်ရသော်လည်း အက်ဇီတာကောလိပ်ကျောင်းသို့မူ ဝင်နိုင်ကောင်း၏ဟု မျှော်လင့်ချက်ကလေးဖြင့် ဆက်လက်ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

သူ့ရင်ထဲမှ ဆုံးဖြတ်ချက်ကို မသိရှာသော အိန္ဒိယရုံးမှ တာဝန်ရှိသူကမူ ပါမောက္ခမောင်တင်ခမျာ စိတ်ပျက်အားလျှော့သွားပြီ အထင်ဖြင့် အားပေးရှာလေသည်။

''ခင်ဗျား နယူးကောလိပ်ကို မဝင်ရရင်လဲ စိတ်တော့မပျက်ပါနဲ့၊ ခင်ဗျားသာ စိတ်ဝင်စားမယ်ဆိုရင် လန်ဒန်ယူနီဗာစီတီလက်အောက်မှာ စကူးလ်အော့ဖ်အိုရီယင်တယ်လ်စတားဒီးစ်** ဆိုတာ ဖွင့်စပဲရှိသေးတယ်။ မကြာသေးဘူး၊ အဲဒီမှာ မစ္စစ်ဒေးဗစ်ကလဲ ပါဠိသင်ပေးတယ်''

* Exeter
** School of Oriental Studies


MKS PUBLISHING

အိန္ဒိယရုံးက ထိုဖွင့်လှစ်စ အရှေ့တိုင်း ဘာသာရပ်သင်တန်းကျောင်းသို့ ပါမောက္ခမောင်တင်ကို သွားစေလို ခလသည်။

သို့ရာတွင် သူ့အစီအစဉ် သူ့မျှော်လင့်ချက်နှင့်သူ ရှိပြီးသား ပါမောက္ခမောင်တင်က သူလာရင်းဖြစ်သော အောက်စဖို့ဒ်ယူနီဗာစီတီသို့ ဝင်နိုင်ဖို့ရန်သာ ဆက်လက်ကြိုးပမ်းပါရစေဦးဟု ခွင့်ပန်လိုက်လေသည်။

''ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ အောက်စဖို့ဒ်ကိုပဲ ဝင်နိုင်ဖို့အတွက် ကျုပ်နည်းကျုပ်ဟန်နဲ့ ကြိုးစားစမ်းကြည့်ချင်ပါသေးတယ်''

''ကြိုးစားကြည့်ပေါ့၊ ကြိုးစားကြည့်လို့မှ မရဘူးဆိုရင်ပြောပါ၊ အိုရီယင်တယ်လ်စကူးလ်ကို ဝင်လို့ရအောင် ကျုပ်တို့ရုံးက စီစဉ်ဆောင်ရွက်ပေးပါ့မယ်''

''ကောင်းပါပြီ ခင်ဗျာ''

အိန္ဒိယရုံးမှ ပြန်ခဲ့ပြီးနောက်၊ ပါမောက္ခမောင်တင်သည် အချိန်မဆွဲဘဲ အောက်စဖို့ဒ်မြို့ရှိ အက်ဇီတာ ကောလိပ်ကျောင်းသို့ တန်းသွားလိုက်လေသည်။

အက်ဇီတာ ကောလိပ်သို့ တန်းတန်းမတ်မတ် ရောက်သွားသော ပါမောက္ခမောင်တင်ကို ကျောင်းအုပ်ကြီး၏ ရုံးခန်းအဝမှ ထူးခြားသော စာတန်းကလေးနှစ်တန်းက ဆီး၍ကြိုဆိုလိုက်သည်။

- ကျောင်းသားဆိုပါက၊ တံခါးခေါက်စရာမလို။
- ကျောင်းသားမဟုတ်လျှင်မူ၊ တံခါးကို ခေါက်ပါ။

ပါမောက္ခမောင်တင်က အက်ဇီတာ ကောလိပ်ကျောင်းအုပ်ကြီး၏ ရုံးခန်းတံခါးကို လက်နှင့် ခေါက်လိုက်သည်။

''ဝင်ခဲ့ပါ''

ရုံးခန်းတွင်းမှ သူ့ကို ဝင်ခွင့်ပြုသံတစ်ခုက တုံ့ပြန်လိုက်သည်။

သည်အတွက် သူသည် တံခါးကိုဖွင့်၍ ရုံးခန်းထဲသို့ ဝင်သွားလိုက်သည်။

''ထိုင်ပါ''

ရုံးခန်းထဲမှ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ခန့်ရှိ ကောလိပ်ကျောင်းအုပ်ကြီးဖြစ်ဟန်တူသူ အင်္ဂလိပ်ကြီး တစ်ယောက်က ပါမောက္ခမောင်တင်ကို ထိုင်ခွင့်ပေးလိုက်သည်။

ထိုအခါ ပါမောက္ခမောင်တင်လည်း အင်္ဂလိပ်ကြီး၏ စားပွဲရှေ့နားရှိ ကုလားထိုင်သို့ ဝင်ထိုင်လိုက်သည်။

ထို့နောက် ပို၍ သေချာစေရန် မေးလိုက်လေသည်။

''လူကြီးမင်းဟာ အက်ဇီတာကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်ဆိုသူ ဟုတ်ပါသလား ခင်ဗျာ''

''ဟုတ်ပါတယ်''

ကျောင်းအုပ်ကြီးက ပါမောက္ခမောင်တင်ကို အကဲခတ်သလိုကြည့်ရင်း ဟုတ်မှန်ကြောင်းပြန်ဖြေလေသည်။

ထိုအခါ ပါမောက္ခမောင်တင်လည်း သူလာရင်းကိစ္စ၏ လိုရင်းအကြောင်းကို ပြောလိုက်တော့သည်။

''ကျွန်တော်ကတော့ ဆရာကြီးကို ဒေါက်တာကာပင်တာ ပြောပြထားတဲ့ မြန်မာပြည်က ပါမောက္ခမောင်တင်ပါခင်ဗျာ''

''ဪ အေး ဟုတ်တယ်၊ ဒေါက်တာကာပင်တာ ပြောထားတာ ငါမှတ်မိတယ်''

ကျောင်းအုပ်ကြီးသည် ဒေါက်တာကာပင်တာ၏စကားကို လေးလေးစားစား အမှတ်ထားကြောင်း ပါမောက္ခမောင်တင် ဝမ်းသာကျေနပ်စွာ တွေ့ရလေသည်။

သို့ရာတွင် ကျောင်းအုပ်ကြီးထံမှ နောက်ဆက်တွဲစကားများက သူ့ကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားလိုက်စေသည်။

''ဒါပေမယ့် မင်းရောက်လာတာ နောက်ကျလှပါကလား၊ တို့ကောလိပ်ကျောင်းတွေဖွင့်တာဖြင့် ၁၀ ရက်ဆောင် ကျော်သွားခဲ့ပြီ''

''ကျွန်တော်လာတုန်းကတော့ ကျောင်းဖွင့်အမီလာခဲ့တာပါပဲ၊ ဒါပေမဲ့ ရာသီဥတုသိပ်မကောင်းလို့ သင်္ဘောက သမ်းခရီးမှာ အတော်ကလေး ဖင့်နှေးကြန့်ကြာသွားခဲ့ရပါတယ်၊ အခုလို ၁၀ ရက်ကျော်လောက်ပဲ နောက်ကျတာဟာတောင် ကျွန်တော်ပြင်သစ်မှာဆင်းပြီး မီးရထားနဲ့ ဖြတ်ချလာခဲ့လို့ပါ မဟုတ်ရင်တော့''

''အင်း အင်း ဟုတ်ပါတယ်၊ မင်းဘာဖြစ်လို့ နောက်ကျတယ်ဆိုတာ ငါနားလည်လက်ခံပါတယ်၊ ဒါပေမဲ့ တို့ကျောင်းမှာက ဘာကိစ္စမဆို ကျောင်းကော်မတီမှာ တင်ပြဆွေးနွေးပြီးမှသာ အဆုံးအဖြတ်ပေးရမယ်၊ အတည်ပြုလက်ခံရမယ်လို့ ဥပဒေ စည်းကမ်း သတ်မှတ်ထားတယ်ကွယ့်၊ ဒီတော့ မင်းကိစ္စကို ဒီကနေ့ညနေမှာပဲ ငါကော်မတီစည်းဝေးခေါ်ပြီး တင်ပြပေးမယ်၊ အဲဒီအခါ ကော်မတီအဖွဲ့ကလဲ မင်းကို ကျောင်းဝင်ခွင့်ပြုကြလိမ့်မယ် ထင်ပါရဲ့''

ကျောင်းအုပ်ကြီး၏ စကားက ပါမောက္ခမောင်တင်ကို အတော်ကလေး အားရှိသွားစေသည်။

ထို့အပြင် ကျောင်းအုပ်ကြီးထံမှ နောက်ဆက်တွဲ စကားများကလည်း ပါမောက္ခမောင်တင်ကို ရုတ်ခြည်း အမောပြေစေကာ အကျေနပ်ကြီး ကျေနပ်သွားလိုက်စေပြန်သည်။

''ငါကတော့ မင်းကို အခုကတည်းက သဘောကျသွားပြီကွ၊ ဘာကို သဘောကျတာလဲဆိုတော့ မင်းက အသားဖြူပြီး အင်္ဂလိပ်စကားပြောလဲ တကယ်ကောင်းလို့ပဲကွ၊ ကဲ-ကဲ စိတ်အေးအေးသာထား ပြန်သွားပေတော့ ဟုတ်လား''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

ပါမောက္ခမောင်တင်သည် စိတ်အေးဝမ်းသာစွာဖြင့် ကျောင်းအုပ်ကြီး၏ ရုံးခန်းထဲမှ ပြန်ထွက်ခဲ့လေသည်။

# ၂၃

# ပါမောက္ခမှ တစ်ကျော့ပြန် ကောလိပ်ကျောင်းသား သူ့ဘဝ

ကျောင်းအုပ်ကြီးပေးလိုက်သော အာမခံချက်အတိုင်း နောက်တစ်ရက်မှာပင် အက်ဖီတာကောလိပ်ကျောင်းသို့ ပါမောက္ခမောင်တင် ဝင်ခွင့်ရလေသည်။

ထိုအခါ မြန်မာပြည် ရန်ကုန်ကောလိပ်မှ ပါဠိပါမောက္ခကြီးသည် ရုတ်ခြည်း အခြေအနေပြောင်းကာ တစ်ကျော့ပြန် အော့စဖို့ဒ်ယူနီဗာစီတီကျောင်းသားကြီး ဖြစ်သွားလေတော့သည်။

ထိုကဲ့သို့ ကောလိပ်ကျောင်းသားကြီး ပြန်ဖြစ်သွားသော မောင်တင်သည် ကောလိပ်ကျောင်းသားတို့ အတွေ့ကြုံစမြဲဖြစ်သော အဆောင်နေစရာ ပြဿနာကို ရင်ဆိုင်လိုက်ရလေသည်။

''မင်းကို ကျောင်းဝင်ခွင့်အတွက် စီစဉ်ပေးနိုင်ပေမယ့် အဆောင်မှာနေရာရဖို့အတွက်ကတော့ ဘယ်လိုမှ စီစဉ်ပေးလို့မရအောင် ပြည့်နေပြီကွ''

မောင်တင်ကို ကျောင်းဝင်ခွင့်ပြုပြီးနောက် ကျောင်းအုပ်ကြီးက အဆောင်နေရာရရေးအတွက်မူ သူဘယ်သို့မျှမတတ်နိုင်ကြောင်း ပြောပြလေသည်။

သို့ရာတွင် သဘောကောင်း၍ တစ်ဖက်သားများအပေါ်၌ အကူအညီပေးတတ်ပုံရှိသော ကျောင်းအုပ်ကြီးက တခြားဖြစ်နိုင်သော နည်းတစ်နည်းကိုမူ ညွှန်ကြားလိုက်လေသည်။

''အေး ဒါပေမဲ့ ကျောင်းနဲ့အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်မှာ အဆောင်မရတဲ့ ကျောင်းသားတွေကို အက်ခံငှားစားဖို့အတွက် မှတ်ပုံတင်ပြီး ခွင့်ပြုထားတဲ့အိမ်တွေရှိတယ်။ အဲဒီမှာတော့ နေရာကျန်ပါလိမ့်ဦးမယ်''

ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်၏ စီစဉ်ညွှန်ကြားပေးချက်အရ မောင်တင်သည် ကျောင်းနှင့် နီးမဝေးရှိ အိမ်တစ်အိမ်၌ နေစရာရကာ အဆောင်ပြဿနာ ပြေလည်သွားလေတော့သည်။

ပါမောက္ခ မောင်တင်တစ်ယောက် ဘိလပ်ရောက်ပြီးနောက် တစ်ကျော့ပြန် အော့စဖို့ဒ် ယူနီဗာစီတီ ကျောင်းသားကြီးအဖြစ် စာပေပညာများကို ကြိုးစားကျက်မှတ်သင်ယူ၍ နှစ်လကျော် သုံးလနီးပါးအရောက် ၁၉၂၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာပြည် ရန်ကုန်ကောလိပ်၏ အကြွင်းမဲ့ သပိတ်မှောက်သတင်းကို ကြားလိုက်ရလေသည်။

အမှန်စင်စစ် ရန်ကုန်ကောလိပ်ကျောင်းသားများသည် ရန်ကုန်ယူနီဗာစီတီကြီးကို ဘုရင်ခံက အခမ်းအနားများ စတင်ဖွင့်လှစ်ပေးမည့် ၁၉၂၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ကြရန်ဖြစ်သည်။

သို့ရာတွင် အခြေအနေအရ ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့မှာပင် စတင်၍ သပိတ်မှောက်ဖြစ်ခဲ့ကြသည်။

ကောလိပ်ကျောင်းသားများ၏ သပိတ်ကို ထောက်ခံသောအားဖြင့် မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသူကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြပြန်သည်။

ထိုကဲ့သို့ ဒီဇင်ဘာလ ၅ ရက်နေ့မှ စတင်လာခဲ့သော ကောလိပ်ကျောင်းသားသပိတ်သမားများသည် သူတို့လိုလားချက်များကို တောင်းဆိုလာခဲ့ရာမှ ဒီဇင်ဘာလ ၂၀ ရက်နေ့သို့အရောက်တွင်မူ နောက်မဆုတ်တမ်းအကြွင်းမဲ့ သပိတ်မှောက်လိုက်ကြခြင်းဖြစ်လေသည်။

ရန်ကုန်ကောလိပ်ကျောင်းသားများ သပိတ်မှောက်ကြခြင်းသည် ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို မကျေနပ်၍ မှောက်ကြခြင်းဖြစ်သည်။

ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို ရန်ကုန်ကောလိပ်ကျောင်းသားများသာမက မြန်မာပြည်သူပြည်သားများကလည်း မကျေမနပ် လက်မခံနိုင်ကြကြောင်းကို သူကိုယ်တိုင် ပါဠိပါမောက္ခတစ်ယောက်အဖြစ် ယူနီဗာစီတီ စတင်းဒင်းကော်မတီတွင် ပါဝင်လုပ်ဆောင်လာခဲ့ရသူ မောင်တင်သည် မြန်မာပြည်မှာကတည်းက ကောင်းကောင်းကြီး နားလည်သိရှိခဲ့လေသည်။

အစိုးရက မူကြမ်းတင်လိုက်ကတည်းက ကောလိပ်ကျောင်းသားများ မကျေမနပ်ဖြင့် ပွစိပွစိ ဖြစ်သွားခဲ့ကြသကဲ့သို့ မြန်မာသတင်းစာအချို့တို့က ကန့်ကွက်ဝေဖန်ခဲ့ကြလေသည်။

ထိုကဲ့သို့ တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သူများက တာဝန်သိသိ ကန့်ကွက်ဝေဖန်၍ တိုက်ခိုက်နေကြစဉ် ယူနီဗာစီတီ စတင်းဒင်းကော်မတီအဖွဲ့တွင် ပါဝင်နေခဲ့သူ ပါမောက္ခမောင်တင်ကမူ တိုက်သူများ တိုက်ပေး၍ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ သူကလည်း သူရှိသောနေရာ သူလုပ်ပိုင်ခွင့်ရှိသောနေရာမှနေ၍ သူ့မြန်မာစာပေပင်ကလေး မျိုးချနိုင်ရေးအတွက်ကို တာဝန်ကျေပွန်စွာ ကြိုးစားဆောင်ရွက်နေခဲ့သည်။

ထိုနောက် သူက သူ့အနေဖြင့် သူကြစည်စိတ်ကူးကာ မျိုးချထားခဲ့ပြီဖြစ်သော မြန်မာစာပေပင်ကလေး၏ ထာဝစဉ်ရှင်သန်ကြီးထွားရေးအတွက် မြေတောင်မြှောက်နိုင်ခွင့် ပိုမိုရရှိစေရန် ဘီလပ်တို့ထွက်လာခဲ့စဉ် ကျန်ရစ်သူ ကောလိပ်ကျောင်းသားများက အုံကြွပေါက်ကွဲသွားကြပြန်တော့သည်။

ကောလိပ်ကျောင်းသားများအနေဖြင့် ဘယ်နည်းနှင့်မျှ လက်မခံနိုင်အောင် ယခုကဲ့သို့ အုံကြွပေါက်ကွဲကာ သပိတ်မှောက်စေသည်အထိ ဖြစ်သွားရသော ယူနီဗာစီတီ အက်ဥပဒေထဲမှ ပြဋ္ဌာန်းချက်အချို့သည်ကား–

၁။ ရန်ကုန်ယူနီဗာစီတီကြီးကို ရန်ကုန်မြို့ တစ်မြို့တည်းတွင်သာ ထားရှိဖွင့်လှစ်စေခြင်း။

၂။ ကျောင်းသူကျောင်းသားများသည် အဆောင်များတွင် နေထိုင်ပြီးမှသာ ပညာသင်ယူခွင့်ရှိစေခြင်း။

၃။ ယူနီဗာစီတီဝင်စ ကျောင်းသူ ကျောင်းသားများကို "PRELIMINARY" ပရီလင်မင်နရီ (ခေါ်) အကြိုတန်း ခွတန်းဖြစ်သောသင်တန်းများကို တစ်နှစ်ထပ်၍ သင်ကြားစေခြင်း။

၄။ ကျောင်းသူကျောင်းသားများအတွက် အရစ်ကျ စာစစ်ခြင်းစနစ် မထားရှိစေတော့ခြင်း။

၅။ ယူနီဗာစီတီ ကျောင်းသူကျောင်းသားများကို ပြင်ပမှဖြေဆိုခွင့်မပြုခြင်း။

၆။ ကောင်စီတွင် ကျောင်းသားကိုယ်စားလှယ်များ ထည့်သွင်းထားမှုမရှိခြင်း။

၇။ ယူနီဗာစီတီမှ စာမေးပွဲများကို ပြင်ပနှင့် အလွတ်ပညာသင်ကျောင်းသားများအား ဖြေဆိုခွင့် မပြုတော့ခြင်း။

အစရှိသော အချက်များကြောင့်သာ ဖြစ်ရမည်ဟု ဘီလပ်ရောက် မောင်တင်က တွက်မိသည်။

ရန်ကုန်ကောလိပ် သပိတ်ကြီးက ဘီလပ်ရောက်မောင်တင်ကို သူတို့အထက်တန်းကျောင်းသားဘဝတုန်းက မျက်နှာဖြူကျောင်းဆရာများကို မြန်မာကျောင်းသားများက ရှိခိုးနှုတ်ဆက်ရမည်ဆိုသော ပညာမင်းကြီး၏ အမိန့်ကို သပိတ်မှောက်ပယ်ဖျက်ခဲ့ပုံအား ပြန်၍အမှတ်ရစေလိုက်လေသည်။

အင်္ဂလိပ်အစိုးရ၏ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် မတရားဖိနှိပ်လာချက်များသာဖြစ်ပါက ဗမာများအဖို့ မော်၍မျှမဖူးဝံ့ဘဲ ဒူးတုန်အောင် ကြောက်နေခဲ့ရသောအချိန် စောစောကပင် သူတို့ကဲ့သို့ မလောက်လေး မလောက်

စားသေးသော အထက်တန်းကျောင်းသားကလေးများကပင် အောင်မြင်စွာ တော်လှန်ဝံ့ခဲ့ကြသေးလျှင် ယခုအခြေအနေမျိုး၌ရှိကြသော ကောလိပ်ကျောင်းသားကြီးများအနေဖြင့် မတော်လှန်ဝံ့စရာ ဘာမျှမရှိဟု အဝေးရောက်မောင်တင်က ထောက်ခံမိလေသည်။

သို့ရာတွင် သူသည် သူ့ရင်ထဲမှ အားပေးထောက်ခံမှုကို အခြေအနေအရ သူ့ရင်ထဲမှာသာထားကာ သူ့အနေဖြင့် မြန်မာပြည်သို့ပြန်ရောက်သောအခါ သူ့ရည်မှန်းချက်များကို တာဝန်ကျေကျေ အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် ဘိလပ်၌ ရင်ဆိုင်လာရသမျှ ပြဿနာတိုက်ပွဲများကို ဖွဲမာန်တို့ဖြင့် တစ်ကိုယ်တော်ဆင်နွဲနေရလေသည်။

ရေလမ်းခရီးတွင် လှိုင်းဒဏ်ကို အလူးအလိမ့် ခံစားဖူးခဲ့ရသော မောင်တင်ကို အင်္ဂလန်ပြည်၏ ဆောင်းရာသီအအေးဒဏ်က ဆီးကြိုနှုတ်ဆက် ကျီစယ်လိုက်ပြန်လေသည်။

နေရောင်ခြည်ကို လုံးဝမမြင်နိုင်အောင် ထူထဲသိပ်သည်းနေသော အင်္ဂလန်ပြည် ဆောင်းရာသီ၏ ဆီးနှင်းမှုန်မှိုင်းမှိုင်းကြီးများနှင့် အသားအရေများ ပဲ့ကြွေသွားမတတ် စူးရှအေးစက်လှသော ဆောင်းလေတို့၏ အအေးဒဏ်ကို အပူပိုင်းဒေသ အာရှတိုက်မှ ရောက်လာခဲ့သော မြန်မာပြည်သားကလေး မောင်တင်ခမျာ ဘိလပ်သားများကဲ့သို့ အနွေးဝတ်စုံလောင်းကွတ်အင်္ကျီကြီးများကို အထပ်ထပ်စွပ်ကာ ခုခံကာကွယ်နေရရှာလေသည်။

သို့ရာတွင် အထပ်ထပ်သော အနွေးဝတ်စုံများသည် မြန်မာပြည်သားကလေး မောင်တင်အတွက် အနောက်တိုင်းအင်္ဂလန်ပြည်ကြီး၏ စူးရှသော အအေးဒဏ်မှ လုံခြုံနွေးထွေးအောင် ကာကွယ်ထွေးပိုက်မထားနိုင်ရှာချေ။

သည်အတွက် သူသည် အနွေးဓာတ်ပေးနိုင်သော ဓာတ်ငွေ့မီးဖိုကလေးကို အားကိုးရလေသည်။

သူသည် ကျောင်းဆင်းသောအခါ အိမ်သို့သာတန်းပြန်သည်။

ထို့နောက် သူသည် အနွေးထည်များကို ခေါင်းမှခြေထောက်အထိ စွပ်ချဝတ်ဆင်ကာ ဓာတ်မီးဖိုနားတွင် အိမ်နှင့်ထိုင်၍ စာဖတ်လေတော့သည်။

ချမ်းစီးအေးစက်လွန်းသော အိမ်အပြင်သို့ သူသည် မလွဲသာသောအကြောင်းကိစ္စရှိမှသာ သွားလေ့ထွက်လေ့ ရှိသည်။

ထိုနေ့ညကလည်း သူသည် အကျအနထိုင်၍ စာဖတ်လိုက်တော့မှ သူငယ်ချင်းတစ်ဦးနှင့်တွေ့၍ ချိန်းထားခဲ့ကြောင်းကို သတိရလိုက်မိသည်။

နာရီကိုကြည့်လိုက်သောအခါ ချိန်းထားခဲ့သောအချိန်က နီးကပ်လျက်ရှိချေပြီ။

ထို့ကြောင့် သူသည် အဝတ်အမြန်လဲကာ အိမ်မှ အပြေးကလေး ထွက်သွားလိုက်သည်။

သူ့ကိစ္စပြီး၍ အိမ်သို့အပြေးကလေးပြန်ရောက်လာသော မောင်တင်ကို အိမ်ငှားနေသူ အားလုံးက လင်းဒ်လေဒီ³ဟု ခေါ်ကြရသော အိမ်ရှင်အဒေါ်ကြီးက သူ့အိမ်ပေါက်ဝမှ ခါးကြီးထောက်၍ ကြိုဆိုလိုက်လေသည်။

"ဟော့ ဟော့၊ ဒီည မင်းပစ္စည်းတွေသိမ်းပြီး မနက်ဖြန်ကျရင် တခြားအိမ်ကိုရှာပြောင်းပေတော့၊ မင်းကို ငါ့အိမ်မှာ ဆက်ပြီး လက်ခံမထားနိုင်တော့ဘူး ဒါပဲ"

"ခင်ဗျာ"

အိမ်ရှင်အဒေါ်ကြီး၏ ခက်ထန်စွာ ပြောဆိုလိုက်သောစကားများကို မောင်တင်ခမျာ အံ့သြနားမလည်စွာ ပြန်မေးလိုက်မိသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့များ အခုလိုအိမ်ပေါ်က နှင်ချနေတာပါလဲ ခင်ဗျာ"

"မင်းအပြစ်ကလား၊ နည်းနည်းနောနော အပြစ်မဟုတ်ဘူးဟေ့၊ ငါ့ကို မွဲပြာကျသွားအောင်ကို လုပ်ခဲ့တဲ့အပြစ်ကြီးဟေ့ သိရဲ့လား"

အိမ်ရှင်အဒေါ်ကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် အင်္ကျီလက်မောင်းများကိုပင် ဆွဲ၍ပင့်လိုက်လေသည်။

"မင်းဟာ ဘာကောင်းသလဲဟင်"

အကယ်၍ မောင်တင်ကသာ သူနှင့်အပြိုင်အနိုင်ကြ၍ ကဲကဲဆတ်ဆတ်ပြန်လှန်ပြောဆိုလိုက်မည်ဆိုပါက အိမ်ရှင်အဒေါ်ကြီးသည် မောင်တင်ကို ကလေးတစ်ယောက်လိုများ ဆွဲလွဲရိုက်နှက်ပစ်လိုက်လေမည်လား မသိချေ။

---

³ Land lady

''ငါ့အိမ်ကို မီးလောင်အောင် လုပ်ပစ်ခဲ့တယ် မဟုတ်လားဟင်၊ ငါအချိန်မီ သတိထားမိလို့သာပေါ့၊ နို့မဟုတ်ရင် ခုလောက်ဆို ငါ့မှာ ရှိစုမဲ့စု တစ်လုံးတည်းရှိတဲ့အိမ်ကလေးတော့ ပြာပုံဖြစ်နေပြီ နားလည်လား''

အိမ်ရှင်အဒေါ်ကြီးကပြောပြတော့မှပင် မောင်တင်လည်း သူ့အပြစ်သူ သိလေတော့သည်။

သူသည် အိမ်မှ ကတိုက်ကရိုက်ထွက်သွားရသောကြောင့် ဓာတ်ငွေ့မီးဖိုစက်ခလုတ်ကလေးကို ပိတ်ပစ်ခဲ့ရန် မေ့သွားသည်။

ဓာတ်ငွေ့မီးဖိုကလေးများသည် အချိန်ပိုင်းများဖြင့် ဖွင့်ပေးရပိတ်ပေးရသည်။ အကယ်၍ မပိတ်မိဘဲ အကြာကြီးဖွင့်ထားမိပါက ဓာတ်ငွေ့များသည် မီးခိုးများအဖြစ်သို့ ရောက်ရှိသွားလေသည်။

ထိုဓာတ်ငွေ့မီးခိုးများသည် အခန်းထဲတွင် လှောင်ပိတ်ကာ အိပ်ပျော်နေသောလူကို သေစေနိုင်သည်။

ထို့အပြင် ဓာတ်ငွေ့မီးခိုးများသည် ပူလာပြီးနောက် မီးဖွားကလေးလောက်ထိလိုက်ရုံနှင့် ဟုန်းခနဲမီးထတောက်ကာ အိမ်ကိုပါ လောင်ကျွမ်းသွားနိုင်လေသည်။

ယခု မောင်တင် ခလုတ်မပိတ်မိသဖြင့် ဓာတ်ငွေ့မီးဖိုမှ မီးခိုးများ အူထွက်လာသည်ကို အိမ်ရှင်အဒေါ်ကြီးက သတိထားတွေ့ရှိကာ အလန့်တကြား ပြေး၍ ခလုတ်ပိတ်လိုက်ရဟန်တူသည်။

မောင်တင်ပြန်ရောက်ချိန်တွင် မီးခိုးများကား မရှိတော့။ ဒေါသအမျက်ခြောင်းခြောင်းထွက်သော အိမ်ရှင်အဒေါ်ကြီးကိုသာ တွေ့လိုက်ရလေသည်။

''ကဲ မင်းအပြစ်ကို မင်းသိပြီမဟုတ်လား၊ သိရင် မနက်ကျ ငါ့အိမ်ကကြွတော့''

အဒေါ်ကြီးသည် ဒေါနှင့်မောနှင့်ပြောပြီးနောက် သူ့အိမ်အပေါ်ထပ်သို့ ဆောင့်အောင့်တက်သွားကာ တံခါးကို ဂျိုင်းခနဲ ဆွဲပိတ်လိုက်လေတော့သည်။

ထိုအခါ မောင်တင်လည်း တောင်းပန်၍ ရမည်မထင်သော အိမ်ရှင်အဒေါ်ကြီးကို တောင်းပန်ရန် မကြိုးစားတော့ဘဲ သူ့အခန်းထဲသို့ သူဝင်ခဲ့ကာ အိမ်ရှင်အဒေါ်ကြီးပြောသည့်အတိုင်း သူ့ပစ္စည်းများကို သိမ်းဆည်းထည့်သိုထားလိုက်လေသည်။

ထို့နောက် မနက်မိုးလင်းသောအခါ မောင်တင်သည် သူငယ်ချင်း စိုးညွန့်[၁] နှင့် ခင်မောင်ကြီး တို့ကို အဖော်ခေါ်၍ အိမ်ခန်းရှာပုံတော်ဖွင့်လိုက်ကြသည်။

''အိမ်ငှားစရာမရှိတော့ဘူး မရှိဘူး''

သူတို့က သူတို့သည် မြန်မာပြည်မှကျောင်းသားများဖြစ်ကြောင်း ပြောပြလိုက်သည်နှင့် တစ်ချက်တည်း အိမ်တိုင်းက ခေါင်းခါငြင်းဆန်ပစ်လိုက်ကြသည်။

အိမ်ရှင်များက သူတို့ဘယ်အတွက် ငြင်းဆန်ပစ်ရကြောင်းကိုလည်း ပြောလိုက်ကြသေးသည်။

''ရှိလဲ မင်းတို့ကုလားတွေကိုတော့ မငှားချင်ဘူး၊ မင်းတို့ကုလားတွေဟာ အင်မတန်ကြေးများတယ်၊ ဟိုအသားမစားဘူး၊ ဒီရေခွက်နဲ့မသောက်ချင်ဘူးနဲ့ တယ်အလုပ်ရှုပ်တယ်''

သည်အခါကျမှ မြန်မာပြည်ဖွား မြန်မာပြည်သားစစ်စစ်ဖြစ်သော တို့ဗမာကျောင်းသားများမှာ အရှင်လတ်လတ် ဘဝပြောင်းကာ ဘိလပ်သားများ၏ အသိအမြင်တွင် အိန္ဒိယပြည်သား ကုလားများဖြစ်နေကြရရှာကြောင်းကို မောင်တင်တို့ သိလိုက်ကြလေတော့၏။

မောင်တင်တို့က သူတို့သည် ကုလားမဟုတ်ကြောင်း၊ မြန်မာပြည်မှလာသော ဗမာကျောင်းသားစစ်စစ်များသာဖြစ်ကြောင်းများကို ဘယ်သို့ပင် ရှင်းပြကြသော်လည်း အိန္ဒိယပြည်မှတစ်ဆင့် အင်္ဂလိပ်အစိုးရ၏ အအုပ်အချုပ်ကို ခံယူနေရသော မြန်မာပြည်နှင့် ဗမာလူမျိုးဆိုသည်ကို အိန္ဒိယပြည်နှင့် ယှဉ်တွဲပြောပြမှသာ သိသယောင်ရှိသွားကြသော ဘိလပ်သားများသည် ဗမာလူမျိုးနှင့် မြန်မာပြည်ဆိုသည်မှာ သီးခြားရှိကြောင်း ဘယ်လိုပြော၍မျှ နားမလည်ကြချေ။

အိန္ဒိယပြည်မှတစ်ဆင့် အအုပ်အချုပ်ခံအဖြစ် အိန္ဒိယပြည်နှင့် တွဲပြောမှရသော မြန်မာပြည်နှင့် ဗမာလူမျိုးဆိုသည်မှာ ဘိလပ်သားများ၏အကြားအမြင်တွင် ကုလားများအဖြစ်သာ သိမှတ်လက်ခံထားနေကြလေသည်။

---

၁။ ၂၄-၉-၄၇ ခုနှစ်မှ ၁၅-၅-၅၀ ခုနှစ်အထိ အမေရိကန်ပြည်၊ ဝါရှင်တန်မြို့တွင် ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် အမှုထမ်းခဲ့သူ။

ထိုကဲ့သို့ ဗမာစစ်စစ်က အိန္ဒိယပြည်သားကုလားများအဖြစ် သတ်မှတ်ခံနေရသော မောင်တင်တို့ ဗမာကျောင်းသားများအဖို့ ဘိလပ်ပြည်သားများထံမှ အိမ်ခန်းငှားရမ်းရေး၌သာ အခက်အခဲ တွေ့ကြုံရသည်မဟုတ်။

ကျောင်းကိစ္စ၊ ရုံးကိစ္စများ၌လည်း သူတို့ခမျာ မကြာခဏ အခက်အခဲပြဿနာကလေးများနှင့် ရင်ဆိုင်နေကြရလေသည်။

မောင်တင်တို့ ဗမာကျောင်းသားများသည် လန်ဒန်သွား၍ သောမတ်စ်ကွတ်ဘဏ်တွင် ငွေထုတ်ကြရသည်။

သူတို့ကို ဘဏ်တိုက်မှ ရုံးသူရုံးသားများက ဂရုမစိုက် အရေးမထားကြ။

ပထမတွင် မောင်တင်တို့က သည်းခံနေလိုက်ကြသေးသည်။ သည်းမခံနိုင်သည့်အဆုံး၌ သက်ဆိုင်ရာအကြီးအကဲကို ဝင်တွေ့၍ တိုင်ကြားလိုက်ကြလေသည်။

''ကျွန်တော်တို့ဟာ မြန်မာပြည်ကလာကြတဲ့ ဗမာကျောင်းသားတွေပါ''

သည်လိုကျတော့လည်း အကြီးအကဲ၏ ညွှန်ကြားချက်အရ ရုံးသူရုံးသားများသည် မူပြောင်းကာ မောင်တင်တို့ ဗမာကျောင်းသားများကို ပျာပျာသလဲ အရေးယူဆောင်ရွက်ပေးလာကြလေသည်။

လက်ဖက်ရည်ဆိုင်များတွင်လည်း သည်ကဲ့သို့ အဖြစ်မျိုးကို မောင်တင်တို့ ဗမာကျောင်းသားများအဖို့ မကြာခဏ တွေ့ကြုံ ခံယူခဲ့ရတတ်လေသည်။

မကြာမီက မောင်တင်ထံသို့ ပါမောက္ခလုစ် ရောက်လာခဲ့သည်။

လုစ်သည် ဘိလပ်သို့ ကိစ္စနှင့်လာရင်း မောင်တင် အဆင်ပြေမှုပြေပါစဟု ဝင်ကြည့်ခြင်းဖြစ်သည်။

နှစ်ယောက်သား တွေ့ကြလျှင် လုစ်က မြန်မာပြည်မှ အခြေအနေ အရပ်ရပ်ကို ပြောပြသည်။ မောင်တင်ကလည်း ဘိလပ်၌ သူ့အတွေ့အကြုံ ဒုက္ခသုက္ခတွေကို ဖောက်သည်ချသည်။

ထို့နောက် နှစ်ယောက်သား လက်ဖက်ရည်ဆိုင်သို့ သွားလိုက်ကြသည်။

ထိုဆိုင်သည် မောင်တင်တို့ သွားနေကျ ဆိုင်တစ်ဆိုင်ပင်ဖြစ်၍ သူတို့ကို မခွဲမခြား ရောင်းချနေကြဖြစ်သည်။

ယခု လုစ်နှင့် သွားခါမှ ဘယ်လိုဖြစ်သည်မသိ လက်ဖက်ရည်ကို တော်တော်နှင့် လာချမပေးဘဲ နှောင့်နှေးကြန့်ကြာနေသည်။

''ဟေ့ တင်ရ၊ ဒီဆိုင်က အမြဲတမ်း ဒီလိုပဲလားကွ ဟုတ်လား''

မောင်တင်တို့အဖို့ ရိုးနေခဲ့ပြီဖြစ်သော်လည်း လုစ်အတွက်မူ ဆန်းသွားပုံရသည်။

လုစ်သည် မြန်မာအမျိုးသမီးကို လက်ထပ်ယူထားကာ ရွှေယောက်ဖမောင်တင်မှာလည်း ခင်မင်ရင်းနှီးသောသူငယ်ချင်းဖြစ်နေရာ ဗမာလူမျိုးများအပေါ်သို့ သူ့လူမျိုးအင်္ဂလိပ်များက ဆက်ဆံနေကြပုံအတွက် မျက်နှာပူ၍အားနာသွားဟန်တူသည်။

သူသည် ဆိုင်ရှင်များကို မကျေမနပ်လှမ်းကြည့်၍ စိတ်တိုသံနှင့်ဆိုလေသည်။

''မင်းကို အာရှတိုက်သားဆိုပြီး သူတို့က ဒီလိုပဲ ဆက်ဆံရသလား၊ သူတို့ကို ငါနည်းနည်းမှ မကျေနပ်ဘူးကွသိလား''

''အမလေး လုစ်ရာ တို့အတွက် မကျေမနပ်ဖြစ်ပြီး စိတ်တိုမနေပါနဲ့ကွာ၊ ဒါမျိုးက တို့အတွက် ရိုးနေပါပြီဟား ဟား''

ရွှေယောက်ဖလုစ် စိတ်သက်သာစေရန် မောင်တင်က ရယ်မောပြောဆို၍ နှစ်သိမ့်ပေးလိုက်ရလေသည်။

ထို့နောက် မကြာမီသော ရက်များအတွင်း၌ မောင်တင်တို့ ဗမာကျောင်းသားများထံသို့ ဖိတ်စာတစ်စောင်စီရောက်လာခဲ့လေသည်။

သူတို့ထံသို့ ရောက်လာသော ဖိတ်စာမှာ အော့စဖို့ဒ်ယူနီဗာစီတီ၏ ဒုတိယအဓိပတိက အော့စဖို့ဒ် ယူနီဗာစီတီရှိ အိန္ဒိယကျောင်းသားများအားလုံးကို တွေ့လို၍ ဘယ်နေ့ ဘယ်အချိန်၌ ဘယ်နေရာသို့ စုရုံးလာရောက်ကြပါဟုယဉ်ယဉ်ကျေးကျေး ဖိတ်ကြားထားခြင်းဖြစ်သည်။

ကောလိပ်ကျောင်းသားများကို စုပေါင်းထားသော အော့စဖို့ဒ်ယူနီဗာစီတီကြီးကို အုပ်ချုပ်တာဝန်ယူရန်အတွက်ထိုကောလိပ်ကျောင်းများ၏ ကျောင်းအုပ်ကြီးများထဲမှ အဓိပတိနှင့် ဒုတိယအဓိပတိတို့ကို သုံးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်လေ့ရှိသည်။

ယခု မောင်တင်ရောက်သောနှစ်တွင် ဒုတိယအဓိပတိသည် သူတို့အက်ဇိတာကောလိပ်ကျောင်းအုပ်ကြီး

ဒေါက်တာဖာနယ်လ်ဖြစ်နေသည်။

ထို့ကြောင့် ဖိတ်စာတွင် ဒုအဓိပတိ ဒေါက်တာဖာနယ်လ်က လက်မှတ်ထိုးထားလေသည်။

''ကဲဟေ့ တို့တစ်တွေတော့ ဗမာစစ်စစ်ကနေပြီး ကုလားကျောင်းသားတွေအဖြစ်နဲ့ ဂျာလတီးအောင်းလို့ အခေါ်ခံနေရပြန်ပြီကွ''

''အေး အဲဒီတော့ ဘာလုပ်ကြမလဲ၊ ငြောင်းကြမလား၊ ဟားဟား''

''ဘာဖြစ်လို့ ငြောင်းရမလဲ၊ တို့မှ ကုလားကျောင်းသားတွေ မဟုတ်ဘဲဟာ''

''ဟုတ်ပါပြီ၊ ဒါပေမဲ့ အခု တို့ဖိတ်စာမှာ ဗိုက်စ်ချန်စလာ[၁] အဖြစ်နဲ့ လက်မှတ်ထိုးထားတာက ဒိုအက်ဇီတာက ရက်တာ[၂] ဒေါက်တာဖာနယ်လ်ဖြစ်နေတော့ မသွားရင် ကောင်းပါ့မလား''

''အေး အဲဒါလဲ စဉ်းစားစရာပဲကွ''

အော့စဖို့ဒ်ကျောင်းသားများဖြစ်ကြသော စိုးညွန့်၊ ခင်မောင်ကြီး အစရှိသူ မောင်တင်တို့ ဗမာကျောင်းသား ငါးဦးသည် သူတို့ကို ကုလားကျောင်းသားများအဖြစ် ဖိတ်ခေါ်နေခြင်းသို့ သွားသင့်၊ မသွားသင့် စုရုံးဆွေးနွေး လိုက်ကြလေသည်။

''ဒါဖြင့် ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်''

''ဘယ်လိုလုပ်မှာလဲ ဆိုစမ်းပါဦး''

''တကယ်တော့ အခုလို ကုလားကျောင်းသားတွေကို ဖိတ်ခေါ်တာမှာ တို့ဗမာကျောင်းသားတွေနဲ့ ဘာမှကို ဆိုင်တာ မဟုတ်ဘူးကွ''

''ဒါ မှန်တယ်လေ''

''ငါတွေးမိ၊ စဉ်းစားမိသလောက်တော့ ကုလားပြည်မှာ မွတ်းလားနေရှူး[၃] ကို အင်္ဂလိပ်အစိုးရက နိုင်ငံရေး နဲ့ပတ်သက်ပြီး ဖမ်းထားတယ် မဟုတ်လား''

''အေး ဟုတ်တယ်၊ အဲဒီအတွက် ကုလားပြည်မှာ ကုလားတွေ ဆူပူလှုပ်ရှားနေကြတယ်ကော''

''အေး အဲဒါကြောင့် မဟုတ်မှလွဲရော ကုလားပြည်က ဆူပူမှုဟာ ဒီကိုကူးစက်လာမှာကြောက်လို့ အင်္ဂလိပ် အစိုးရက ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို ဒီကကုလားကျောင်းသားတွေကို ကြိုတင်သတိပေးကာကွယ်ထားဖို့ အတွက်ခိုင်းလို့ ကုလားကျောင်းသားတွေကို အခုလို စုရုံးဖိတ်ခေါ်တာပဲဖြစ်ရမယ်လို့ ငါတော့ထင်တယ်''

''ဟုတ်မယ်၊ ဒါဖြစ်နိုင်တယ်''

''ဒီမှာက ကုလားကျောင်းသားကလဲ အများသား မဟုတ်လား''

''အေး၊ အဲဒီလို အများသားကို အခုလိုခေါ်ဖိတ်ကာကွယ်မှ သတိပေးလိုက်သလိုဖြစ်ပြီး အပ်ပနားတွေက ထဆူကုန်ကြမှ အင်္ဂလိပ်အစိုးရအတွက် ဟုတ်ပေ့ဖြစ်နေလိမ့်မယ်''

''သူတို့ဟာသူတို့ ဟုတ်ပေ့ဖြစ်တာက အရေးမကြီးဘူး၊ တို့ဗမာကျောင်းသားတွေက ကုလားမဟုတ်ဘဲနဲ့ ကြားထဲက ကန့်လန့်ကန့်လန့် ပါနေရတာက ခက်တယ်''

''ပိုပြီး ခက်တာက ဖိတ်စာမှာ လက်မှတ်ထိုးထားတဲ့ ဗိုက်စ်ချန်စလာက တို့ရဲ့ရက်တာ ဒေါက်တာဖာနယ်လ် ဖြစ်နေတဲ့ အချက်ပဲလေ''

''အဲ အဲ၊ ခုနက အဲဒီအချက်ကို ပြောမလို့ဟာ စကားတွေက တခြားရောက်ကုန်လို့''

''အင်း အင်း၊ ဘယ်အချက်များ ပြောမလို့လဲ''

''လက်မှတ်ထိုးထားတဲ့ ဗိုက်စ်ချန်စလာက တို့ရဲ့ရက်တာ ဒေါက်တာဖာနယ်လ်ဖြစ်နေတဲ့အချက်ပဲပေါ့''

---

၁။ Vice- Chancellor - ဒု-အဓိပတိ

၂။ Rector - ကျောင်းအုပ်ကြီး

မှတ်ချက် ။ ။ အော့စဖို့ဒ် ယူနီဗာစီတီ၌ ကောလိပ်ကျောင်းအုပ်ကြီးများကို Master, President, Warden, Principal ဟုလည်း တခြားကျောင်းများက သုံးနှုန်းခေါ်ဝေါ်ကြသေးသည်။

၃။ ကွယ်လွန်သူ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၏အဖေ ယခုလက်ရှိ အမျိုးသမီးဝန်ကြီးချုပ် မစ္စစ်အင်ဒီရာဂန္ဒီ၏ အဘိုး။

''အဲဒီတော့''

''အဲဒီတော့ သူတို့ကုလားတွေ အရေးအခင်းမှာ တို့ဗမာကျောင်းသားတွေအဖို့ ကြားကစားစာခံပြီး တို့ရက်တာနဲ့ ပြဿနာမဖြစ်ရအောင် စည်းဝေးဖိတ်တဲ့နေ့ မရောက်ခင်မှာ တို့ဗမာကျောင်းသားတွေချည်းပဲ ကြိုပြီးသွားတွေ့ရင် ကောင်းမလားလို့''

''သွားတွေ့ပြီး ဘာပြောမလဲ''

''တို့ဗမာကျောင်းသားတွေဟာ ကုလားကျောင်းသားတွေနဲ့ တခြားစီဆိုတာကို ဝိုင်းပြောကြပေါ့''

''ဒီအကြံမဆိုးဘူး၊ ဒါပေမဲ့ အဲဒီလိုပြောဖို့အတွက်ကို တို့အားလုံး စုရုံးသွားတာထက် ရက်တာကျလောက်အောင်ပြောနိုင်တဲ့ တို့အထဲက တစ်ယောက်ကို ရွေးထုတ်ပြီး ကိုယ်စားလှယ်လွှတ်ပြောနိုင်းရင် ပိုကောင်းမယ်ထင်တယ်''

''အေး အဲဒါလဲကောင်းတာပဲ၊ ပိုပြီး အေးအေးဆေးဆေး ဆွေးဆွေးနွေးနွေး ပြောပြနိုင်တာပေါ့''

''ကဲ ဒါဖြင့် ဘယ်သူ့ကို ရွေးလွှတ်မလဲ''

''တို့အထဲမှာ ရက်တာကို မြင်မြင်ချင်း ကျလောက်အောင် ပြောနိုင်ခဲ့သူကတော့ မောင်တင်ပဲ ရှိတယ်လေကွာ''

''အေး ဟုတ်တယ်၊ မောင်တင်ကိုပဲ ရွေးလွှတ်ရအောင်၊ အားလုံးသဘောတူသလား''

''သဘောတူတယ်''

နောက်ဆုံး၌ အားလုံး၏ သဘောတူဆုံးဖြတ်၍ စေလွှတ်ချက်အရ မောင်တင်သည် သူတို့ အက်ဖီတာကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်ကို သွားတွေ့ဆွေးနွေးလိုက်ရလေသည်။

''ဆရာကြီးဆီကို အခုလို ကျွန်တော်လာတွေ့ရတဲ့အကြောင်းကိစ္စကတော့ ကုလားကျောင်းသားတွေကို ဆရာကြီးရဲ့ လက်မှတ်နဲ့ ခေါ်ဖိတ်ထားတဲ့ ဖိတ်စာတွေကို ကျွန်တော်တို့ ဗမာကျောင်းသားတွေပါ လက်ခံရရှိထားတာနဲ့ ပတ်သက်ပြီး ဆရာကြီးကို တင်ပြဆွေးနွေးချင်လို့ပါ ခင်ဗျား''

မောင်တင်က တိုတိုနှင့်လိုရင်းကိုသာစ၍ နိဒါန်းချီလိုက်သည်။

''အင်္ဂလိပ်အစိုးရဟာ မြန်မာပြည်ကို ကုလားပြည်နဲ့တွဲပြီး အုပ်ချုပ်ထားပေမယ့် တကယ့် တကယ်မှာ မြန်မာပြည်နဲ့ ကုလားပြည်ဟာ တခြားစီပါ ခင်ဗျာ၊ ကျွန်တော်တို့ မြန်မာပြည်ဟာ ကုလားပြည်နဲ့ ဘာမှမဆိုင်တဲ့ ရာဇဝင်အဆက်ဆက်ကတည်းက ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်စာပေ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ် သီးခြားတည်ရှိလာခဲ့တဲ့ ဘိုင်းပြည်နဲ့လူမျိုးဖြစ်ပါတယ် ခင်ဗျာ''

မောင်တင် ဆွေးနွေးတင်ပြသည်များကို ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်က ငြိမ်၍ စူးစိုက်နားထောင်နေလေသည်။

''ကုလားနဲ့ဗမာဟာ တခြားစီဆိုတာ ဒီမှာရှိကြတဲ့ ဗမာကျောင်းသားတွေနဲ့ ကုလားကျောင်းသားတွေရဲ့ လုပ်ပုံညွှန်းကို ယှဉ်ကြည့်ရင်ပဲ သိနိုင်ပါတယ် ခင်ဗျာ''

မောင်တင်သည် နောက်ဆက်ရမည့် စကားများကို သတိထား၍ ရွေးချယ်ပြောဆိုလိုက်ရလေသည်။

''ဒါကြောင့် ဆရာကြီးရဲ့ လက်မှတ်နဲ့ ကုလားကျောင်းသားတွေကို ခေါ်ဖိတ်ထားတဲ့နေ့မှာ ကုလားမဟုတ်ဘဲ ကျွန်တော်တို့ဗမာကျောင်းသားတွေအနေနဲ့ မလာပါရစေနဲ့လို့ ဆရာကြီးကို ရိုသေလေးစားသမှုနဲ့ အခုလိုကြိုဘင်ပြီး ခွင့်တောင်းဖို့အတွက် ကျွန်တော်တို့ ဗမာကျောင်းသားတွေ အားလုံးရဲ့ဆန္ဒအရ ကျွန်တော့်ကို ကိုယ်စားလှယ်လွှတ်လို့ ဆရာကြီးရဲ့ ခွင့်ပြုချက်ကို လာတောင်းတာပါ ခင်ဗျာ''

မောင်တင်က သူ့စကားကို အဆုံးသတ်လိုက်ပြီးနောက် ကျောင်းအုပ်ကြီးထံမှ ဆုံးဖြတ်ချက်ကို စောင့်နေလိုက်သည်။

သို့ရာတွင် ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်သည် ဖြူသည် မည်းသည် ဘာတစ်ခွန်းမျှ မတုံ့ဆိုပဲ ငြိမ်မြဲ ငြိမ်နေလေသည်။

ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်ကို ကြည့်ရသည်မှာ မောင်တင်တို့ တောင်းဆိုလာသော အချက်အား ခုတ်တရက် ချက်ချင်း အဖြေပေးရန်ခက်နေဟန်တူသည်။

မောင်တင်သည် ခဏမျှစောင့်နေလိုက်ပြီးနောက် ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်၏ ဆိတ်ဆိတ်နေ

MKS PUBLISHING

ခြင်းကို ဝန်ခံခြင်းဟု ယူဆလိုက်ကာ ပြန်ရန်ခွင့်ပန်လိုက်သည်။

''ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာကြီးခင်ဗျာ''

''ကောင်းပြီ''

သည်အခါကျမှပင် ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်ထံမှ အသံထွက်လာကာ မောင်တင်ကို ပြန်ခွင့်ပြု လိုက်လေသည်။

မောင်တင်တို့ ဗမာကျောင်းသားများသည် ကုလားကျောင်းသားများအား စုရုံးဖိတ်ခေါ်ထားသောနေ့၌ မသွားဘဲ နေလိုက်ကြသည်။

ထို့နောက် ကုလားကျောင်းသားများနှင့် ရက်ခြားပြီးမှ မောင်တင်တို့ ဗမာကျောင်းသားငါးယောက်ကို ဗမာကျောင်းသားများအဖြစ်နှင့် ဒေါက်တာဖာနယ်လ်တို့ အုပ်ချုပ်ရေးအဖွဲ့က သီးသန့်ခေါ်တွေ့လေသည်။

ဒေါက်တာဖာနယ်လ်တို့ အုပ်ချုပ်ရေးအဖွဲ့က မောင်တင်တို့ ဗမာကျောင်းသားများကို အပြင်အပ နိုင်ငံရေး ကိစ္စများ မလုပ်ကြရန်၊ စာကြိုးစားကြရန်နှင့် အခက်အခဲများရှိလျှင် သူတို့ကို တင်ပြပါ၊ သူတို့အနေဖြင့် ဗမာ ကျောင်းသားများကို အကူအညီပေးရန် အသင့်ရှိကြောင်း စသည်ဖြင့် ဆုံးမအားပေးစကားများ ပြောကြားကာ ပြန်လွှတ်လိုက်လေသည်။

''ဟေ့ အခုလို တို့တစ်တွေကို ဗမာကျောင်းသားတွေအဖြစ် အသိအမှတ်ပြုပြီး သီးသန့်ခေါ်တွေ့တာဟာ ဘီလပ်ရောက် တို့ဗမာကျောင်းသားတွေအတွက် ပထမဦးဆုံးအောင်မြင်ခြင်း အမှတ်တရပဲကွ''

''အေး ဟုတ်တယ်''

''ဒါဟာ နောက်ထပ်ပြီး ဘီလပ်ကိုရောက်လာကြမယ့် နောင်လာနောင်သား တို့ဗမာကျောင်းသားတွေအတွက် အခွင့်အရေးဖွင့်ပေးလိုက်တာပဲ''

''အဲဒါတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ အခုလို အောင်မြင်မှုအမှတ်တရနဲ့ အခွင့်အရေးဖွင့်ပေးခဲ့ပြီဆိုပြီး ကျေနပ် နှစ်သိမ့်နေရုံနဲ့ မပြီးသေးဘူးလို့ ထင်တယ်ကွ''

''ဟုတ်တယ် ဒါမှန်တယ်၊ ဘီလပ်သားတွေကြားမှာ တို့ဟာ သီးခြားမြန်မာပြည်က ဗမာလူမျိုး ဗမာကျောင်း သားတွေဆိုတာ သူတို့အသိမှာ ကျယ်ပြန့်နိုင်မာအောင် လှုပ်ရှားပြသပေးဖို့ လိုသေးတယ်''

''အေး ဟုတ်ပြီ၊ ဒီတော့ တို့တစ်တွေ ဘာကစလို့ လှုပ်ရှားပြီး ဘယ်လိုပြသကြရင် ကောင်းမယ်ထင်သလဲ၊ ဆိုကြစမ်း''

''အဆောင်မှာ လက်ချာပေးကွာ''

''အေး ကောင်းတယ်၊ တို့အထဲမှာ လက်ချာအပေးကောင်းတဲ့ စိုးညွန့်တစ်ယောက်လုံးရှိနေတာပဲဟာ အတော်ပဲ''

အော့စဖို့ဒ် ယူနီဗာစီတီကြီးတွင် ကျောင်းသားတိုင်း မည်သူမဆို မိမိနှစ်သက်ရာ၊ ဝါသနာပါရာ အကြောင်း အရာနှင့် အချက်အလက်များကို မိမိနေထိုင်သော အဆောင်အသီးသီး၌ လွတ်လွတ်လပ်လပ် ဟောပြောပို့ချ နိုင်ခွင့်ရှိလေသည်။

သည်အချက်ကို အခွင့်အရေးယူကာ သူတို့ကို ဗမာကျောင်းသားများအဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ အသိ အမှတ်ပြုခြင်းခံယူလိုက်ကြရသော မောင်တင်တို့အဖွဲ့သား အားလုံးသည် ကြည်နူးနှစ်သိမ့်စွာ တစ်ယောက် တစ်ပေါက်ဆွေးနွေးရာက သူတို့အထဲမှ အဟောကောင်း အပြောကောင်း စိုးညွန့်ကို ဟောပြောပို့ချရေးတာဝန် ပေးလိုက်ကြလေသည်။

အော့စဖို့ဒ် ယူနီဗာစီတီတွင် အိုင်-စီ-အက်စ် အဖြစ်နှင့် မြန်မာပြည်သို့သွားကြမည့် အင်္ဂလိပ်လူမျိုး ကျောင်း သားများရှိကြရာ သူတို့သည် မြန်မာပြည်အကြောင်းကို သိကောင်းစရာအဖြစ် စိတ်ဝင်စားနေကြသည်။

ထို့ကြောင့် သတ်မှတ်ချိန်းချက်ထားသော နေ့ရက်၊ အချိန်နာရီသို့ ရောက်သောအခါ စိုးညွန့်၏အခန်းသို့ ကျောင်းသားအချို့ စုရုံးရောက်လာကြလေသည်။

''အခု ဒီနေရာကို စုရုံးရောက်လာကြတဲ့ လူကြီးလူကောင်း မိတ်ဆွေအပေါင်းတို့ဟာ ကမ္ဘာလောကကြီးထဲမှာ မြန်မာပြည်နဲ့ ဗမာလူမျိုးဆိုတာကို ကြားဖူးကောင်းမှ ကြားဖူးကြပါလိမ့်မယ်။ အခု ဒီက လူကြီးလူကောင်း မိတ်ဆွေအပေါင်းထဲမှာ ၉၉ ရာနိုင်နှုန်းဟာ မြန်မာပြည်နဲ့ ဗမာလူမျိုးအကြောင်းကို မကြားဖူးသူများသာ

ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျာ။ ၉၉ ရာခိုင်နှုန်းဆိုတာဟာ ကျွန်တော်က လျှော့လျှော့ပေါ့ပေါ့ ထင်လိုက်ရတာပါ။ တကယ်တော့ ရာခိုင်နှုန်းပြည့်တောင် ဖြစ်ချင်ဖြစ်နိုင်ပါတယ် ခင်ဗျာ''

သူ့အခန်းသို့ စုရုံးရောက်လာကြသော လူမျိုးခြားကျောင်းသားများကို စိုးညွန့်က အပြောကောင်းကောင်း ဟန်ပါပါနှင့် စတင်ဟောပြောပို့ချလိုက်လေသည်။

''အဲဒီလို လူကြီးလူကောင်း မိတ်ဆွေအပေါင်းတို့ ရာခိုင်နှုန်းပြည့်လောက် မကြားဖူးကောင်း မကြားဖူး ခဲ့ကြသေးတဲ့ မြန်မာပြည်နဲ့ ဗမာလူမျိုးအကြောင်းကို လူကြီးလူကောင်းတို့ ရာခိုင်နှုန်းပြည့် ကြားဖူးပြီး သိကျွမ်း သွားရအောင် မြန်မာပြည်က ဗမာလူမျိုးစစ်စစ်တစ်ဦးဖြစ်တဲ့ ကျွန်တော်က အခုဟောပြောပို့ချပေးမှာ ဖြစ်ပါတယ် ခင်ဗျာ''

စိုးညွန့်က နားထောင်နေသူများ စိတ်ပါဝင်စားအောင် နိဒါန်းချီ အစပျိုးပြီးနောက် မြန်မာပြည်၏ သမိုင်း ကြောင်းကို သီပေါမင်း ပါတော်မူခဲ့သည်အထိ မနားတမ်းဟောပြောတင်ပြလိုက်သည်။

ပြီးမှ သူက ယခုမျက်မှောက်ခေတ် အခြေအနေကို ဆက်လက်တင်ပြလိုက်သည်။

''အခုတော့ မြန်မာပြည်ဟာ ထီးကျိုးစည်ပေါက်ပြီး အရှင်သခင် ဘုရင်ပျောက်လို့ အင်္ဂလိပ်အစိုးရရဲ့ လက်အောက်ခံ တိုင်းပြည်ကလေးတစ်ပြည် ဖြစ်နေရပါတယ်။

''အဲဒီလို သူ့လက်အောက်ခံ တိုင်းပြည်ကလေးတစ်ပြည်ဖြစ်သွားတဲ့ မြန်မာပြည်ကို အင်္ဂလိပ်အစိုးရမင်း ဘို့က တိုက်ရိုက်မအုပ်ချုပ်ဘဲ ကုလားပြည်ကမှတစ်ဆင့် စီမံအုပ်ချုပ်နေကြပါတယ်။

''အဲဒီလို ကုလားပြည်ကတစ်ဆင့် အအုပ်အချုပ်ခံနေရတဲ့ မြန်မာပြည်အတွက် အကျိုးအမြတ် ရလဒ် ကတော့ ကျွန်တော်တို့ မြန်မာပြည်က ဗမာလူမျိုးစစ်စစ်တွေကို အင်္ဂလိပ်လူမျိုးတွေက မြန်မာပြည်က ဗမာ လူမျိုးတွေရယ်လို့ မသိကြတော့ပဲ ကုလားပြည်နဲ့ရောပြီး ကုလားလူမျိုးတွေအဖြစ်သာ သိမှတ်လက်ခံထားနေကြတော့ ဘာပါပဲ ခင်ဗျား''

အဟောအပြောကောင်းသော စိုးညွန့်က ရည်ရွယ်ရင်း ဦးတည်ချက်သို့ရောက်အောင် နားထောင်သူများကို ဆွဲဆောင်သွားနိုင်လေသည်။

''အင်္ဂလိပ်လူမျိုးများအနေနဲ့ ကျွန်တော်တို့ မြန်မာပြည်က ဗမာလူမျိုးများကို ကုလားပြည်က ကုလား လူမျိုးတွေနဲ့ရောပြီး ကုလားလူမျိုးတွေအဖြစ် သိမှတ်လက်ခံထားနေကြတာဟာ လုံးလုံးမှားယွင်းနေပါတယ်။ အဲဒီ လို ဗမာလူမျိုးစစ်စစ်ဖြစ်ရဲ့သားနဲ့ ကုလားလူမျိုးနဲ့ရောထွေးပြီး ကုလားလို့ အထင်ခံနေကြရတဲ့အတွက် ကျွန်တော် တို့ ဗမာကျောင်းသားတွေအားလုံးဟာ စိတ်မကောင်းဖြစ်နေကြရပါတယ် ခင်ဗျာ''

စိုးညွန့်၏ ပြောဟန်နှင့် အသံတို့က သူ့ရင်ထဲမှ ခံစားချက်အမှန်ကို နားထောင်သူများပင် ခံစားသိမြင်နိုင် အောင် ထင်ရှားပြနိုင်စွမ်းလေသည်။

''အဲဒီလို အခက်အခဲပြဿနာက ကင်းလွတ်အောင် အခုဆိုရင် ကျွန်တော်တို့ မြန်မာပြည်က ဗမာအမျိုး သား ခေါင်းဆောင်ကြီးတွေဟာ မြန်မာပြည်ကို ကုလားပြည်က ခွဲထွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြ ပါပြီ။ ခေါင်းဆောင်ကြီးများရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များ အောင်မြင်ရေးကို အခုဒီမှာရောက်နေကြတဲ့ ကျွန်တော် တို့ ဗမာကျောင်းသားအားလုံးက ကြိုဆိုထောက်ခံကြပါတယ်''

သူတို့ဗမာကျောင်းသားများသည် သူတို့၏ ကျောင်းအုပ်ကြီးဖြစ်သော အော့စဖို့ဒ် ယူနီဗာစီတီ၏ ဒုတိယ အဓိပတိ ဒေါက်တာဖာနယ်လ်နှင့်သွားတွေ့ကြစဉ်က သူတို့အနေနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို မပြုလုပ်ကြပါဟု ဆိုခဲ့ကြသော်လည်း စိုးညွန့်က အိန္ဒိယပြည်မှ မြန်မာပြည် ခွဲရေးတွဲရေးတွင် ခွဲရေးဘက်က ထောက်ခံဟော ပြောလိုက်လေတော့သည်။

''အခုလို လာရောက်အားပေးနားထောင်ကြတဲ့ လူကြီးလူကောင်း မိတ်ဆွေအပေါင်းကို ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

သူ့ရင်ထဲမှ ပြောလိုသမျှ ဖွင့်ပြပို့ချပြီးသွားသော စိုးညွန့်က နောက်ဆုံး၌ နိဂုံးချုပ်လိုက်တော့သည်။

''နောက်ဆုံး နိဂုံးချုပ်အဖြစ် တစ်ခုပြောလိုသေးတာကတော့ လူကြီးလူကောင်းများဖြစ်ကြတဲ့ အင်္ဂလိပ် လူမျိုးမိတ်ဆွေအပေါင်းတို့ကလည်း ကျွန်တော်တို့မြန်မာပြည်ကို ကုလားပြည်နဲ့ မရောမထွေးဘဲ ဗမာလူမျိုးများကို ဗမာလူမျိုးများအဖြစ်နဲ့သာ သိမှတ်လက်ခံ ဆက်ဆံကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ် ခင်ဗျား''

# ၂၂

# ကမ္ဘာမှာတို့ဗမာဟေ့ဟု သူ့အဖို့ ဆိုနိုင်ခဲ့သည်

''ဟာ ဆရာ''

''ဟေ့ မောင်နီ''

နှစ်ယောက်သား လန်ဒန်သို့ရောက်ပြီးနောက် ကိုယ့်အရေး ကိုယ့်ကိစ္စအတွက် အပြေးအလွှား လမ်းခွဲခဲ့ကြသော မောင်တင်နှင့် မောင်နီသည် ယခုကျောင်းများအပိတ်တွင်မှ လန်ဒန်၌ မထင်မမှတ်ပြန်၍ ဆုံစည်းကြလေတော့သည်။

''ဆရာ ဘယ်ကျောင်းမှာရောက်လို့ အခုဘယ်သွားမလို့လဲ''

''မင်းကော ဘယ်ရောက်လို့ အခုဘယ်ကလာတာလဲကွ မောင်နီရ''

ယခုမှ ပြန်တွေ့ကြသော မောင်တင်နှင့် မောင်နီတို့ ဆရာတပည့်နှစ်ယောက်သည် ဝမ်းသာအားရဖြင့် တစ်ယောက်တစ်ပြန် မေးမြန်းစုံစမ်းလိုက်ကြလေသည်။

''ငါက အခု အက်ဇီတာကောလိပ်မှာကွ''

မောင်တင်က သူလျှောက်ထားခဲ့သော နယူးကောလိပ်အစား ယခုအက်ဇီတာကောလိပ်သို့ ရောက်သွားခဲ့ရသည့်အကြောင်းများကို အတိုချုံး၍ ပြောပြလိုက်သည်။

ထိုအခါ မောင်နီကလည်း သူ့အခြေအနေကို ပြန်လည်၍ ပြောပြလိုက်လေသည်။

''ကျွန်တော်လဲ ဆရာ့လိုပါပဲဆရာရယ်၊ ကျွန်တော်လျှောက်ထားခဲ့တဲ့ကောလိပ်က နေရာမရှိလို့တဲ့ နွန်းကောလိပ်*ဂျီယိတ်အဖြစ် နေရပါတယ်''

''ဟုတ်လား''

---

* Non- Collegiate အော့စဖို့ဒ်တက္ကသိုလ်တွင် အမျိုးသားကောလိပ် ၂၆ ကျောင်းနှင့် အမျိုးသမီးကောလိပ်ကျောင်း ၄ ကျောင်း၊ အားလုံးပေါင်း ကျောင်း ၃၀ ရှိသည့်အပြင်၊ အပိုဆောင်းထားသောကောလိပ်ကျောင်း (ထိုကောလိပ်ကျောင်းသည် စာကိုသာ သင်ကြားပေးသည်။ ကျောင်းအိပ်ကျောင်းစားအတွက် အဆောင်များ မထားရှိချေ)။

မှတ်ချက် ။ ။ ၁၉၅၂ ခုနှစ်တွင် အမျိုးသမီးကောလိပ် စိန့်အင်းန်စ် (St.Ann's) နှင့် ၁၉၆၂ ခုနှစ်တွင် အမျိုးသားကောလိပ် စိန့်ကက်သရင်း (St.Catherines)တို့ တစ်ကျောင်းစီ ထပ်တိုးခြင်းဖြင့် ယခုအချိန်၌ အမျိုးသားကောလိပ် ၂၇ ကျောင်းနှင့် အမျိုးသမီးကောလိပ် ၅ ကျောင်း ပေါင်းအားလုံး ၃၂ ကျောင်း ရှိလေသည်။

MKS PUBLISHING JJP

''ဟုတ်တယ်ဆရာ၊ ဒါပေမဲ့ ဆရာနဲ့ကျွန်တော်တို့ကို ကျွန်တော်တို့လျှောက်ထားတဲ့ ကောလိပ်တွေက နေရာမရှိတော့ဘူးလို့ အင်ဒီးယားအော့ဖစ္စ** ကတစ်ဆင့် အကြောင်းပြန်ခဲ့တယ်ဆိုတာ ကျွန်တော်တော့ အယုံအကြည် မရှိချင်တော့ဘူး ဆရာ''

''အင်း ဆိုစမ်းပါဦး မောင်နီရ''

''ဆရာလျှောက်ထားခဲ့တဲ့ နယူးကောလိပ်က ဆရာ့ကို နေရာမကျန်တော့ဘူးလို့ အင်ဒီးယန်းအော့ဖစ္စက တစ်ဆင့်အကြောင်းပြန်ခဲ့တယ် မဟုတ်လား''

''အင်း''

''နောက် ကျွန်တော်လဲ နွှန်းကောလိပ်မှာ တစ်နေရာရပြီး ဆရာ့ကိုတွေ့ချင်တာနဲ့ ဆရာလျှောက်ထားတယ်ဆိုတဲ့ နယူးကောလိပ်ကို ကျွန်တော်ရောက်သွားခဲ့သေးတယ် ဆရာရဲ့''

''ဟေ ဟုတ်လားကွယ့်''

''ဟုတ်တယ်ဆရာ၊ ကျွန်တော်ကလဲ တောသားမဟုတ်လား၊ ဆရာ့ကို တွေ့ချင်လို့သာ ယောင်ကန်းကန်းနဲ့ စုံစမ်းသွားရတာ၊ ဟိုကျတော့ ကျောင်းဂိတ်ဝနားမှာ အဘိုးကြီးတစ်ယောက်သွားတွေ့တယ်''

''အဘိုးကြီးက ဘယ်သူတဲ့တုံးကွ''

''ကျွန်တော်ကတော့ ပိုတာလို့ ထင်ခဲ့တာပေါ့''

အော့စဖို့ဒ် ယူနီဗာစီတီ၌ ကောလိပ်ကျောင်းတံခါးမှူးများကို ပိုတာ၁ဟု သုံးနှုန်းခေါ်ဝေါ်ကြသည်။

''သူက ကျွန်တော့်ကို ဟိုမေးသည်စမ်းလုပ်တော့ ကျွန်တော်လဲပြောပြတာပေါ့၊ ဒီတော့ အဘိုးကြီးကလေ မင်းနယ်ကွာ ငါ့ကိုစောစောလာပြောရောပေါ့တဲ့၊ ကျွန်တော်လဲ အံ့သြသွားပြီး ခင်ဗျားက ဘယ်သူမို့လဲလို့ ပြန်မေးလိုက်တော့ ဘယ်လိုပြန်ဖြေတယ်ထင်သလဲ ဆရာ''

မောင်နီက သူ့အဖြစ်သူ သဘောကျစွာ ရယ်မောရင်း ဆက်ပြောလိုက်လေသည်။

''အဘိုးကြီးက ပြောတယ်၊ ငါက နယူးကောလိပ်က ဝါဒင်ပဲဟ၊ မင်းတို့ ငါ့ကို စောစောလာပြောရင် ငါ့ကျောင်းမှာ လက်ခံလိုက်မှာပေါ့တဲ့လေ ကဲ''

''ဟေ...ဟုတ်လား ကောင်းရောကွာ၊ မင်းက ကျောင်းအုပ်ကြီးကိုများသွားပြီး ပိုတာထင်လိုက်သေးတယ်''

မောင်နီက ဆက်၍ ပြောလေသည်။

''သူ့ကို ကျွန်တော်က ပိုတာလို့ မသိရှာတဲ့ ဝါဒင်ကြီးက ပြောလိုက်သေးတယ်၊ ဒါပေမဲ့ အခုတော့ မင်းကို နွှန်းကောလိပ်က လက်ခံထားပြီဆိုတော့လဲ ပြီးရောပေါ့တဲ့၊ နောင် အခက်အခဲရှိတဲ့အခါသာ လာပြောလှည့်သူ အတတ်နိုင်ဆုံး ကူညီမယ်တဲ့''

မောင်နီသည် ရယ်မောပြောဆိုပြီးနောက် မကျေမနပ် ဆက်၍ပြောပြန်သည်။

''ကျွန်တော်တို့က အင်ဒီးယားအော့ဖစ္စကို ယုံစားမိခဲ့ကြလို့ပါ၊ သူတို့ကို မယုံစားဘဲ ကျွန်တော်တို့ဟာ ကျွန်တော်တို့ တိုက်ရိုက်သွားပြီး ဆက်သွယ်ကြမယ်ဆိုရင် ဘာမှ ခဲယဉ်းမှာမဟုတ်ဘူး ထင်တယ်''

''အေးကွ မင်းပြောတာ မှန်တယ်''

မောင်တင်က မောင်နီ၏ အပြောကို ထောက်ခံလိုက်သည်။

''အခုကြည့်လေ သူတို့ကသာ တစ်ဆင့်သွားနေဦးမယ်ဆိုရင် တို့တစ်တွေ ဘယ်ကောလိပ်မှ ဝင်ရမှာတောင် မဟုတ်ဘူးထင်တယ်၊ အခု တို့ဟာတို့ သွားလိုက်တော့ ဘယ်လောက်လွယ်သလဲ၊ မင်းကို နွှန်းကောလိပ်ဂျီယိတ်က လက်ခံလိုက်သလို ငါ့ကိုလဲ အက်ဇီတာ ကောလိပ်က ရက်တာဒေါက်တာဖာနယ်လ်ကြီးက မြင်မြင်ချင်း သဘောကျပြီး နောက်တစ်နေ့ ကျောင်းဝင်ခွင့်ပေးခဲ့တာပဲကွ''

ထိုအချိန်မှစ၍ ဗမာကျောင်းသားများကြား၌ ဘိလပ်တွင် အိန္ဒိယရုံးက ဗမာကျောင်းသားများအတွက် လျှောက်ပေးသမျှ ပယ်အချခံခဲ့ကြရသော်လည်း ဗမာကျောင်းသားကလေးများကိုယ်တိုင် ကြိုးစားဆက်သွယ်သောအခါ အော့စဖို့ဒ်ယူနီဗာစီတီရှိ ကောလိပ်ကျောင်းများက အလွယ်တကူ လက်ခံခွင့်ပြုတတ်ကြသည်ဟူသော ဆိုရိုးစကားတစ်ခု ဖြစ်ပွားသွားခဲ့လေသည်။

---

** India Office - အိန္ဒိယပြည်ဆိုင်ရာရုံးခန်း

၁။ Porter



MKS PUBLISHING

"ငါ အခု ပြင်သစ်ကို သွားလည်မလို့ကွ၊ မင်းအချိန်ရတော့ ငါရှိတဲ့ အက်ဇိတာကောလိပ်ကို လာလည်လှည့်ဦးကွာ မောင်နီရာ"

ပြင်သစ်ပြည်သို့ ခရီးထွက်စရာရှိသေးသော မောင်တင်လည်း မောင်နီကို သူ့ကျောင်းသို့ အလည်လာရန် ဖိတ်ကြားပြီးနောက် လူချင်းခွဲလိုက်လေသည်။

အော့စဖို့ဒ်ယူနီဗာစီတီ၌ မောင်တင်သည် အမေရိကန်လူမျိုး မိတ်ဆွေတစ်ဦးနှင့် ခင်မင်ရင်းနှီးခဲ့လေသည်။

ထိုအမေရိကန် မိတ်ဆွေ၏အမေသည် သူဌေးမကြီးတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ထိုသူဌေးမကြီးက ပြင်သစ်ပြည် ပါရီမြို့၌နေသည်။ သူသည် ပါရီမြို့၌နေရင်း၊ သူနေထိုင်ရာ ပြင်သစ်ပြည်သို့လာ၍ ပညာရှာမှီးကြသော နိုင်ငံခြားတိုင်းပြည်များမှ ကျောင်းသူကျောင်းသားများကို စုစည်း၍ အသင်းကလေး တစ်ခု ဖွဲ့ပေးထားသည်ဟု သူ့သားက ဆိုသည်။

ထိုသူဌေးမကြီးကပင် ထိုအသင်း၏ ဥက္ကဋ္ဌဖြစ်လေသည်။

ထို့နောက် ထိုသူဌေးမကြီး၏သားက သူ့အမေထံ စာရေးစီစဉ်ပေးချက်အရ၊ ပြင်သစ်ပြည် ပါရီမြို့သို့ မောင်တင်အလည်ခရီးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

အင်္ဂလန်ပြည် ဒိုဗာ[၁] ဆိပ်ကမ်းမှ ပြင်သစ်ပြည် ကာလေးမြို့ ဆိပ်ကမ်းသို့ ရောက်သွားကြသော မောင်တင်တို့ ခရီးသည်များကို အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူများက ဆီး၍စစ်ဆေးကြလေသည်။

"မောင်တင်၏အလှည့်သို့ ရောက်သောအခါ တာဝန်ကျ ပြင်သစ်အမျိုးသမီးကြီးက မောင်တင်ကို သူ့သေတ္တာ အား ဖွင့်အပြခိုင်းသည်။

မောင်တင်သည် အမျိုးသမီးကြီးပြောသော ပြင်သစ်စကားကို နားမလည်သော်ငြားလည်း သူ့ရှေ့မှ ပြုမူသွားခဲ့ကြသည်များကို ကြည့်ထားခြင်းဖြင့် သဘောပေါက်ကာ သူ့သေတ္တာကို သော့ဖွင့်လိုက်သည်။

"ဟာ သော့ကျိုးသွားပြီ"

ဘယ်လိုက ဘယ်သို့ဖြစ်သွားခဲ့သည်မသိ၊ မောင်တင်လှည့်၍ ဖွင့်လိုက်သော သေတ္တာသော့တံကလေး သည် ဆတ်ခနဲ ကျိုးသွားလေသည်။

ထိုအခါ သူ့သေတ္တာမှာ ဘယ်လိုမှဖွင့်မရဘဲဖြစ်သွားလေတော့သည်။

သည်အတွက် တာဝန်ကျအမျိုးသမီးကြီးသည် ပြင်သစ်စကားမျိုးဖြင့် ရေရွတ်မြည်တမ်းနေရာမှ မောင်တင်ကို တစ်စုံတစ်ခု မေးစမ်းဟန်ပြုလိုက်သည်။

အမျိုးသမီး ဘာမေးကြောင်းကို မောင်တင်လုံးဝနားမလည်ချေ။ သို့ရာတွင် သူ့စိတ်ထင်ဖြင့်မှန်း၍ မောင်တင် က အဖြေပေးလိုက်မိသည်။

"အိုင် အင် အေ ဘားမင်း ဖရော်မ် ဘားမား"

"ဘားမင်း... ဘားမား"

မောင်တင်က သူသည် မြန်မာပြည်မှ ဗမာလူမျိုးတစ်ယောက်ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ပြောပြလိုက် သည်ကို အမျိုးသမီးကြီးက သူ့ပြင်သစ်သံဝဲဝဲနှင့် မပီတပီ လိုက်လံရေရွတ်လိုက်လေသည်။

ထို့နောက် အမျိုးသမီးကြီးသည် ဘာကိုနားလည်၍ ဘယ်လိုသဘောပေါက်သွားခဲ့သည်မသိ၊ မောင်တင်ကို အားရပါးရ ရယ်ပြုံးပြလိုက်သည်။

ပြီးလျှင် အမျိုးသမီးကြီးက မောင်တင်ကို သေတ္တာဖွင့်ပြနေစရာမလိုတော့ဘဲ သွားနိုင်ပြီဖြစ်ကြောင်း လက် ဟန်ဖြင့် ပြ၍ လွှတ်ပေးလိုက်လေတော့သည်။

အခြားခရီးသည်များအဖို့ ဖွင့်ပြ၍ ရှာဖွေ၍ မပြီးနိုင်အောင် အလုပ်များကာ ကျန်ခဲ့ကြချိန်တွင် သူ့အဖို့

---

မှတ်ချက် ။ ။ အော့စဖို့ဒ် တက္ကသိုလ်တွင် 'အာရှအသင်း'ဟု အသင်းတစ်ခုရှိသည်။ နောင်တွင် မြန်မာပြည်၌ ဝတ်လုံတော်ရ ပြန်လုပ်သော မောင်နီသည် ထို 'အာရှအသင်း'၌ ဥက္ကဋ္ဌဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က အသင်းသားများထဲ၌ အင်္ဂလန်ပြည် နန်းရင်းဝန်ဟောင်း ဆာအန်ထော်နီ အီဒင် (Sir Anthony Eden) ပါဝင်ခဲ့သည်။

၁။ Dover

အခက်အခဲ အနှောင့်အယှက်မရှိ ထွက်လာနိုင်ခဲ့သော မောင်တင်သည် သူ့ကိုယ်သူ ဗမာဖြစ်ရခြင်းအတွက် ဒုတိယမွိအကြိမ် ဂုဏ်ယူကျေနပ်လိုက်မိပြန်လေတော့သည်။

သူ့အဖို့ မီးရထားစီး၍ ဖြတ်ရုံဖြတ်လာခဲ့ဖူးသော ပါရီမြို့သို့ ယခုတစ်ခါတွင် အချိန်ယူ၍ အလည်အပတ် ရောက်သွားသော မောင်တင်သည် သူ့အမေရိကန်သူငယ်ချင်း၏ ကြိုတင်စီစဉ်ပေးထားချက်များအရ အစစ ပြေလည်လျက်ရှိလေသည်။

ထို့နောက် သူသည် သူ့သူငယ်ချင်း၏အမေ အမေရိကန်သူ သူဌေးမကြီးက ဖိတ်ကြားသော လက်ဖက်ရည် ပွဲသို့ တက်ရောက်လိုက်သည်။

အမေရိကန်သူဌေးမကြီးက သူကျင်းပပေးသော လက်ဖက်ရည်ပွဲသို့ တက်ရောက်လာကြသော ကျောင်းသူ ကျောင်းသားများကို တစ်ယောက်ချင်း မိတ်ဆက်ပေးလေသည်။

''သူက မစ္စတာတင်တဲ့၊ မြန်မာပြည်က ဗမာလူမျိုးပဲ၊ မြန်မာပြည် ရန်ကုန်ကောလိပ်က ပါဠိပါမောက္ခပေါ့၊ အခု အင်္ဂလန်က အော့စဖို့ဒ်ယူနီဗာစီတီမှာ ဘီလစ်ဘွဲ့ထပ်ယူဖို့ ရောက်နေရာက အခုပါရီကို အလည်လာတာမို့ အသင်းသားတွေနဲ့တွေ့ရအောင် အခုလို မိတ်ဆုံလက်ဖက်ရည်ပွဲကလေး ကျင်းပပေးရတာပါပဲ''

မောင်တင်နှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌဖြစ်သူ သူဌေးမကြီး၏စကား ဆုံးသွားသောအခါ အသင်းသားအားလုံး ပင် တအံ့တဩ ဖြစ်သွားကြပုံရှိလေသည်။

သူတို့အားလုံးသည် မောင်တင်ကို အထူးအဆန်းပမာ လှမ်းကြည့်လိုက်ကြသည်။

ထို့နောက် တစ်ယောက်စီနှင့် မိတ်ဆက်ပေးမှု ပြီးဆုံးသွားသောအခါ ကျောင်းသားတချို့နှင့် ကျောင်းသူ အားလုံးသည် မောင်တင်အနီးသို့ ဝိုင်းလာကြလေသည်။

''မြန်မာပြည်က ဗမာလူမျိုးဟာ ဥရောပတိုက်သားတွေလိုပဲ အသားဖြူတယ်နော်''

''ဥရောပတိုက်သားတွေလိုပဲ အရပ်လဲမြင့်ပြီး ရုပ်လဲချောတာပဲ''

''အသက်ငယ်ငယ်လေးနဲ့ ပါမောက္ခဖြစ်နေပြီဆိုတော့ စာပေပညာမှာ သိပ်တော်လို့ပဲပေါ့''

မြန်မာပြည်မှာတုန်းကကဲ့သို့ ခေါင်းပေါင်းအပေါ်ဖုံးအင်္ကျီနှင့်တောင်ရှည်ပုဆိုးတို့အစား အနောက်တိုင်းဝတ်စုံ နက်တိုင်လည်စည်းတို့ဖြင့်ဖြစ်နေသော မောင်တင်ကို အခြားကျောင်းသူကျောင်းသားများက သူတို့နှင့်ရွယ်တူ တန်းတူ ကျောင်းသားလူငယ်လေးတစ်ဦးဟုသာ ထင်ကြပုံရှိလေသည်။

အမှန်က မောင်တင်၏အသက်မှာ ၃၃ နှစ် ရှိနေပြီဖြစ်သည်။

သို့ရာတွင် အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ ရုပ်ချောချော၊ မျက်လုံးနက်နက်၊ ဆံပင်နက်နက်၊ အရပ်မြင့်မြင့် နှင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာသော မောင်တင်ကို အသက် ၂၀ ဝန်းကျင်လောက်ဟုသာ အများ က ခန့်မှန်းတတ်ကြလေသည်။

တချို့ကဆိုလျှင် မောင်တင်ကို ယိုးဒယား မင်းသားတစ်ပါးဟုပင် ထင်မှတ်မှားကြသေးသည်။

ယခုလည်း ပြင်သစ်ပြည်ရောက် ကျောင်းသူကျောင်းသားများသည် မောင်တင်ကို သူတို့နှင့်သက်တူရွယ်တူ လူငယ်ကျောင်းသားတစ်ဦးဟုသာ ထင်မှတ်ထားကြပုံရှိသည်။

သူတို့သည် မောင်တင်ကိုကြည့်၍ တအံ့တဩ ဝိုင်းဝန်းမေးမြန်းလိုက်ကြလေသည်။

''မြန်မာပြည်ဆိုတာ ဘယ်မှာရှိသလဲဟင်''

''ဗမာလူမျိုးတွေဟာ ဘယ်လိုဝတ်ဆင်ကြသလဲ''

''ဗမာတွေဟာ ရှင့်လိုပဲ အားလုံးချောကြသလားဟင်''

ကျောင်းသားများက ပြောဆိုနှုတ်ဆက်ပြီးနောက် မောင်တင်၏ အနားမှ ခွာသွားကြသော်လည်း ကျောင်းသူ များကမူ သူ့ကိုဝိုင်း၍ ဆက်လက်မေးမြန်း စူးစမ်းနေကြလေသည်။

ယခုမိတ်ဆုံပွဲတွင် ကျောင်းသူဆို၍ ခုနစ်ယောက်တည်းသာပါဝင်သည်။

သူတို့သည် ဘယ်လ်ဂျီယံကျောင်းသူနှစ်ယောက်၊ အင်္ဂလိပ်ကျောင်းသူ သုံးယောက်နှင့် ပြင်သစ်ကျောင်းသူ နှစ်ယောက်တို့ ဖြစ်ကြသည်။

ထိုကျောင်းသူ ခုနစ်ယောက်စလုံးသည် မောင်တင်၏အနီးတွင် ဝိုင်းအုံ၍ သူတို့သိလိုသမျှ အမျိုးစုံသော

မေးခွန်းများကို ထုတ်နေကြလေသည်။

''ဗမာအမျိုးသားတစ်ယောက်ဟာတောင် အခုလောက်ချောနေရင် ဗမာအမျိုးသမီးတွေဟာလဲ သိပ်ကို ချောကြမှာပဲပေါ့နော် ဟုတ်လား''

မောင်တင်သည် သူ့အား မေးလာသမျှ မေးခွန်းများကို မပိုလွန်း မကြွားလွန်းသော်လည်း ကြားရသူများ အဖို့ စိတ်ပါဝင်စား၍ တန်ဖိုးထားချင်လာအောင်ကား သိုင်းဝိုင်းချဲ့ထွင်ကာ တင်ပြဖြေကြားလိုက်လေသည်။

ထိုအခါ မောင်တင်၏ ဖြေကြားချက်များကို ကျောင်းသူများက အထူးသဘောကျသွားကြလေသည်။

မြန်မာပြည်မှ ဆင်များအကြောင်းကို မောင်တင်ပြောပြသောအခါ ကျောင်းသူများသာမက ကျောင်းသားများ ကပါ စိတ်ပါဝင်စားစွာလာ၍ နားထောင်ကြလေသည်။

''မစ္စတာတင်တို့ မြန်မာပြည်နဲ့ ဗမာလူမျိုးတွေဟာ သိပ်စိတ်ဝင်စားစရာကောင်းတာပဲနော်''

သူတို့သည် မောင်တင်၏ ပြောပြချက်များအားလုံးကို ကျေနပ်နှစ်သက်စွာ လက်ခံ၍ မှတ်ချက်ချကြလေသည်။

''တို့ကတော့ စိတ်ဝင်စားရပါရဲ့၊ ဒါပေမဲ့ တို့စိတ်ဝင်စားအောင် ပြောပြနေရှာတဲ့ မစ္စတာတင်ခမျာမှာတော့ သက်ဖက်ရည်တောင် မသောက်ရသေးဘူးကွယ့်''

''အေး ဟုတ်ပါရဲ့ သူ့ခမျာ အာခြောက်နေရောပေါ့''

''နေဦး နေဦး၊ မစ္စတာတင်အတွက် လက်ဖက်ရည်သွားယူခဲ့ပေးမယ်''

ကျောင်းသူများသည် ယခုမှ သတိရကာ တစ်ယောက်တစ်ပေါက်ပြော၍ ပျာပျာသလဲဖြင့် လက်ဖက်ရည်ကို ကိုယ်တိုင်ယူပေးသူက ပြေးယူပေးလေသည်။

''ကဲ ရော့ ကျွန်မတို့သိချင်တာတွေ ဖြေထားခဲ့ရတာ အမောပြေသွားအောင် လက်ဖက်ရည်သောက်ပြီး မုန့်လဲ စားလိုက်ပါဦးရှင်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

သူ့မြန်မာပြည်နှင့် ဗမာလူမျိုးအကြောင်းကို ကမ္ဘာပေါ်ရှိ အခြားသော တိုင်းသူပြည်သားများ ကြားဖူး မြင်ဖူးသွားအောင် ထုတ်ဖော်ပြောပြနေရခြင်းဖြင့် သူ့ရင်မှာ ပြည့်တင်းကျေနပ်နေမိသော မောင်တင်သည် ကျောင်း သူများက ယူလာပေးကြတော့မှပင် လက်ဖက်ရည်နှင့်မုန့်များ စားသောက်ရန် သတိရလေတော့သည်။

ထိုကဲ့သို့ ရှိသမျှ ကျောင်းသူကလေးများ အားလုံးဝိုင်းကာ အရေးတယူပြုမူမှုကို ခံယူနေရသော မောင်တင် အပေါ်သို့ ကင်းဘရစ်ချ် ယူနီဗာစီတီမှလာသူ အင်္ဂလိပ်ကျောင်းသားတစ်ဦးက အတော်မျက်စိစပါးမွေးစူးသွားပုံ ရှိသည်။

သူသည် ကျောင်းသူများအနီး၌ တရစ်ဝဲဝဲ ရှိနေသော်လည်း ကျောင်းသူကလေးများကဲ့သို့ မောင်တင်၏ စကားများ၌ စိတ်ဝင်စားမှုမပြု။ သူ့ပုံစံက မောင်တင်၏စကားသံကို နားညည်းဟန်ပင်ရှိနေသည်။

သူ့မျက်လုံး အကြည့်ကလည်း ကျောင်းသူကလေးများ ဝိုင်းအုံနေသော မောင်တင်၏အပေါ်၌ မလိုတမာ ဖြစ်နေကြောင်းမှာ ပေါ်လွင်ထင်ရှားလျက်ရှိလေသည်။

ယခု မောင်တင်စကားပြောရပ်၍ အမောပြေလက်ဖက်ရည်သောက်လိုက်သောအခါ အဆိုပါ ကင်းဘရစ်ချ် အင်္ဂလိပ်ကျောင်းသားသည် အခွင့်အရေးရသွားကာ ကျောင်းသူကလေးများကို အချိုသာဆုံးပြုံး၍ ဖိတ်ခေါ်လိုက် လေသည်။

''ကဲ မိန်းမချောကလေးတွေရယ်၊ ကျွန်တော်တို့တစ်တွေ ဟိုဘက်နားမှာသွားပြီး စကားပြောကြရအောင် လားနော်''

''ဘာများ အထူးပြောစရာရှိလို့လဲ ဟင်''

ကျောင်းသူတစ်ဦးက ပြန်မေးလိုက်သည်။

ထိုအခါ ကင်းဘရစ်ချ်ကျောင်းသားက တစ်ဖက်သားကို အဆွဲဆောင်နိုင်ဆုံးသော သံနေသံထား ဟန်အမူရာ များဖြင့် ပြန်လည်ပြောကြားလိုက်လေသည်။

''အထူးအထွေရယ်လို့တော့ မဟုတ်ဘူးပေါ့ မိန်းမလှကလေးတို့ရယ်၊ ဒါပေမဲ့ ကိုယ်တို့တစ်တွေ အခုလို တွေ့ဆုံကြုံကြိုက်ပြီးတဲ့နောက်ပိုင်းမှာ အရှည်သဖြင့် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေများအဖြစ် ဆက်သွယ်နိုင်ကြဖို့ အတွက် တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားမယ့် အကြောင်းကလေးတွေကို အေးအေးဆေးဆေး ဆွေးနွေး

ဖလှယ်ကြရအောင်လေကွယ်နော်''

''အို ဒီအကြောင်းတွေက နောင်အခါ ဘယ်တော့မဆို ဆွေးနွေးနိုင် ဖလှယ်နိုင်ကြပါတယ်ရှင်၊ ဒါပေမဲ့ အခု ဒီကမိတ်ဆွေ မစ္စတာတင် ပြောပြနေတဲ့ ကျွန်မတို့တစ်ခါမှ မကြားဖူး မသိဖူးသေးတဲ့ မြန်မာပြည်နဲ့ဗမာလူမျိုး တွေရဲ့ ထူးထူးဆန်းဆန်း အကြောင်းအရာတွေက အခုလိုကြုံကြိုက်တုန်း နားထောင်ရတာရှင့်''

ကျောင်းသူကလေးက ကင်းဘရစ်ချ်ကျောင်းသား၏ ဖိတ်ခေါ်ချက်ကို ငြင်းဆိုလိုက်သည်။

သူကလေး၏ ငြင်းဆိုချက်ကို ကျန်သော ကျောင်းသူများကလည်း တညီတည်း ထောက်ခံလိုက်ကြသည့် နှယ် မောင်တင်ထံသို့ ပြန်၍ ဝိုင်းအုံလိုက်ကြသည်။

ထို့နောက် သူတို့သည် သူတို့သိချင်သော အကြောင်းအရာများကို မေးမြန်းစူးစမ်းလိုက်ကြပြန်လေတော့ သည်။

''ကဲ ပြောပါဦးရှင့် မစ္စတာတင်ရယ်၊ ရှင်တို့မြန်မာပြည်က မိန်းမချော မိန်းမလှကလေးတွေဟာ အမြဲတမ်း လှပယဉ်ကျေးနေရအောင် ဘယ်လိုများ ဆင်ယင်ထုံးဖွဲ့ပြီး ခြယ်သကြသလဲလို့လေ၊ ကျွန်မတို့လဲ နည်းယူရ အောင်ပေါ့''

ကျောင်းသူအားလုံးက သူ့ကို လုံးဝစိတ်မဝင်စားဘဲ၊ ဗမာပြည်သား မောင်တင်၏အပေါ်၌သာ အာရုံစူးစိုက်နေ ကြသောအခါ အင်္ဂလိပ်လူမျိုး ကင်းဘရစ်ချ် ကျောင်းသားကြီးခမျာ နာသာခံခက် အမျက်ထွက်သွားဟန်တူသည်။

သူသည် ကျောင်းသူများအလယ်၌ ဝင့်ထည်စွာရှိနေသော ဗမာပြည်သား မောင်တင်အပေါ်သို့ မလိုမုန်းထား သော မျက်လုံးများဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီးနောက်၊ ကျောင်းသူများအနီးမှ ခပ်ဆောင့်ဆောင့် ထွက်ခွာသွား လေတော့သည်။

ထိုအခါ မျက်နှာဖြူ ကျောင်းသူချောကလေးများ ဝိုင်းအုံ၍ ကျန်ခဲ့သော မောင်တင်သည် ဘိလပ်သို့ရောက် ခဲ့ပြီးနောက် သူ့ကိုယ်သူ ဗမာလူမျိုးဖြစ်ရခြင်းအတွက်ကို တတိယမ္ပိအကြိမ်မြောက် ဂုဏ်ယူကျေနပ်လိုက်မိပြန် လေတော့သည်။

# ၂၃

# မောင်တင်မှ ဖေမောင်တင် သို့

အော့စဖို့ဒ် ယူနီဗာစီတီရှိ ကောလိပ်ကျောင်းများ နောက်တစ်နှစ်ပြန်ဖွင့်သောအခါ၌ကား မောင်တင်ဘစ်ယောက် ကျောင်းအိပ်ကျောင်းစားအဖြစ် အဆောင်နေခွင့် ရသွားလေသည်။

အမ်–အေ အောင်သည်အထိ၊ အိမ်မှသာကျောင်းတက်၍ ဖြေဆိုအောင်မြင်ခဲ့သော မောင်တင်အဖို့၊ ကျောင်းအိပ်ကျောင်းစားဘဝကို ယခု ပထမဦးဆုံးအကြိမ်အဖြစ် ခံယူဖူးခြင်းဖြစ်လေသည်။

ထိုအခါ အပြင်ဘက် ကိုယ့်အိမ်၌ကိုယ် နေထိုင်သကဲ့သို့မဟုတ်သော ကျောင်းအိပ်ကျောင်းစား အဆောင်နေကျောင်းသားဘဝကို တစ်ကျော့ပြန်ကျောင်းသားကြီး မောင်တင်တစ်ယောက် တွေ့ထိခံယူလိုက်ရလေတော့သည်။

တစ်ကျော့ပြန် ကျောင်းသားကြီးမောင်တင်က သူ့ဝါသနာအတိုင်း ယခု သူရောက်နေသော အော့စဖို့ဒ်ယူနီဗာစီတီကြီး စတင်ပေါ်ပေါက်လာခဲ့ပုံ နောက်ကြောင်းကလေးများကို တစေ့တစောင်း လေ့လာစူးစမ်းကြည့်သိုက်မိသည်။

ရာစုနှစ် ၇၀၀ စုနှစ်ကဟု ဆိုသည်။ ဒီဒန်[၁] ဘုရင်၏ သမီးတော် ဖရိုက်ဒ်စဝိုက်ဒ်[၂]မင်းသမီးသည် သူမချစ်နှစ်သက်သူ၏ လက်ရလိုက်လံဖမ်းဆီးခြင်းမှ လွတ်ကင်းရန်အတွက် သိမ်းမြစ်တစ်ဖက်ကမ်းသို့ ရှောင်တိမ်းပုန်းအောင်းနေခဲ့ရဖူးသည် ဆိုသည်။

ထို့နောက် မင်းသမီးကို လိုက်လံဖမ်းဆီးသူ အဓမ္မသမားသည် ထူးထူးဆန်းဆန်း ရုတ်တရက် မျက်စိကန်းသွားခဲ့လေသည်။

သည်အခါကျမှ မင်းသမီးခမျာ ပုန်းအောင်းနေခဲ့ရာမှ ထွက်လာဝံ့ရှာတော့သည်။

ထို့နောက် မင်းသမီးသည် သူ့ဘဝ၏ ဘေးဒုက္ခများမှ လွတ်ကင်းသွားရခြင်းအတွက် ဝမ်းသာခြင်း အထိမ်းအမှတ်အဖြစ် သူပုန်းအောင်းနေခဲ့ရသော သိမ်းမြစ်တစ်ဖက်ကမ်း၌ သီလရှင်ကျောင်းတစ်ကျောင်း ဆောက်လုပ်သှုဒါန်းရန် အုတ်မြစ်ချပေးခဲ့လေသည်။

---

၁ Didan

၂ Frideswide

MKS PUBLISHING

သီလရှင် ကျောင်းဆောက်ရန် မင်းသမီး ဖရိုက်ဒ်စဝိုက်ဒ် အုတ်မြစ်ချပေးခဲ့သောနေရာသည် သိမ်းမြစ်ကို နွားများဖြတ်ကူးလေ့ရှိသော ရေတိမ်ရာအပိုင်း ကမ်းစပ်နှင့် ကပ်နေခဲ့သည် ဆိုသည်။

ထိုအချိန်မှစ၍ ထိုနေရာ၊ ထိုဒေသလေးကို Ox အော့စ်နွား၊ Ford ဖို့ဒ် ဖြတ်ကူးခြင်း၊ Oxford အော့စ်ဖို့ဒ် နွားများဖြတ်ကူးသောနေရာကို အမှတ်အသားယူကာ အော့စ်ဖို့ဒ်ဟူ၍ တွင်လာခဲ့သည်ဟု ဆိုရိုးစကားရှိခဲ့လေသည်။

သို့ရာတွင် အင်ဂလိုဆဲဆင် သတင်းစဉ်[၁] ကမူ၊ ၉၁၂ ခုနှစ် ရာစုနှစ်အချိန်လောက်တုန်းကဆိုလျှင် အော့စဖို့ဒ် ဆိုသော အမည်သည် အရေးပါအရာရောက်သော နေရာတစ်ခုအဖြစ် အဓိပ္ပာယ်ရကြောင်း တင်ပြထားလေသည်။

ထိုကဲ့သို့ အော့စဖို့ဒ်ဆိုသောအမည်သည် အရေးပါအရာရောက်သောနေရာတစ်ခုဟု အဓိပ္ပာယ်ရကြောင်းကို မီးရထားဘူတာရုံဘက်လမ်းဆီမှ မျှော်ကြည့်လိုက်သောအခါ အကျဉ်းထောင်ထဲ၌ လှမ်းမြင်ရသော တောင်ကုန်းမြင့်မြင့်တစ်ခုက သက်သေခံနေသည်ဟု သတင်းစဉ်က အထောက်အထားပြလေသည်။

သတင်းစဉ်၏ အထောက်အထားပြချက်သည် ဖြစ်နိုင်သည်ဟု သုတေသီများကလည်း ယူဆလက်ခံကြလေသည်။

အဘယ်ကြောင့်မူ ဟိုစဉ်က နော်မန်[၂] လူမျိုးများသည် တောင်ကမူ တောင်ကုန်းများကို ခံတပ်သဖွယ် စီမံပြုလုပ်၍ မြစ်ကြောင်းမှတက်၍ တိုက်ခိုက်လေ့ရှိသော ဒိန်းစ်[၃] လူမျိုး ရန်သူများကို ခုခံတိုက်ခိုက်တွန်းလှန်လေ့ရှိခဲ့သောကြောင့် ဖြစ်လေသည်။

ထို့နောက် မာစီယာ[၄]နှင့် ဝက်ဆက်စ်[၅] နယ်ကတစ်ဖက်၊ တခြားတစ်ဖက်တစ်ချက်က သိမ်း[၆]မြစ်နှစ်သွယ် ကညှပ်လျက် တစ်ဖက်ကလည်း ချားဝဲလ်[၇] မြစ်က ရံကာ လေးဘက်လေးတန် အကာအကွယ်ပေးထားသော အော့စ်ဖို့ဒ် နေရာဒေသကလေးသည် နော်မန်နှင့် ဒိန်းစ်လူမျိုးတို့ အပြန်အလှန် တိုက်ခိုက်သိမ်းပိုက်စိုးမိုးလာခဲ့ရာမှ ပထမမြောက် ဟင်နရီဘုရင်[၈]က ဖြူးမွန့်တ်[၉] နန်းတော် တည်ဆောက်ကာ နန်းစံခဲ့သည်ဆိုလေသည်။

၁၁၅၇ ခုနှစ်တွင် ဒုတိယမြောက်ဟင်နရီဘုရင်[၁၀]၏ သားတော်ကြီး ရစ်ချက်[၁၁]မင်းသားကို အဆိုပါဖြူးမွန့် နန်းတော်၌ မွေးဖွားသန့်စင်ခဲ့သည် ဆိုသည်။

ပထမရှေ့ပိုင်းအချိန်များတွင် အော့စ်ဖို့ဒ်၌ ဘယ်ကဲ့သို့သော ကျောင်းများရှိ၍ ဘယ်ကဲ့သို့သော ဆရာများနှင့် ဘယ်ကဲ့သို့သော စာပေပညာများ သင်ကြားတတ်မြောက်ခဲ့ကြကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှ မသိခဲ့ကြချေ။

ထိုအချိန် ထိုကာလက စာပေပညာ သင်ယူလိုကြသော အင်္ဂလိပ်လူမျိုးများသည် ပြင်သစ်ပြည်သို့ကူး၍ ပါရီမြို့ရှိ ယူနီဗာစီတီ[*] ကြီး၌ တက်ရောက်သင်ယူခဲ့ကြရပုံရှိလေသည်။

သို့ရာတွင် ၁၁၆၇ ခု၊ ရာစုနှစ်၌မူ ပြင်သစ်ပြည်ပါရီမြို့မှ အင်္ဂလိပ်လူမျိုးစာသင်သားများသည် အင်္ဂလန်ပြည် အော့စ်ဖို့ဒ်သို့ ပြန်လာခဲ့ကြသည်။

အချို့က ထိုအင်္ဂလိပ်လူမျိုး စာသင်သားများကို ပြင်သစ်လူမျိုးများက မောင်းထုတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုလေသည်။

ဘယ်သူတွေ ဘယ်ကဲ့သို့ဆိုကြသော်လည်း ထိုအချိန်ကာလ ထိုရာစုနှစ်မှစ၍ အော့စ်ဖို့ဒ်အမည်ရှိ ထိုနေရာ ထိုဒေသကလေးသည်ကား စာပေပညာသင်ကြားလိုသူများအတွက် ခိုနားစရာနေရာတစ်ခုအဖြစ် အသိအမှတ် ပြုလာခဲ့ကြရသည် ဆိုလေသည်။

ထို့နောက် ဘုရင်ဆိုးတစ်ပါးဖြစ်သော ဂျွန်ဘုရင်[*]လက်ထက် ၁၂၀၈–၁၂၀၉ ခု ရာစုနှစ်ခန့်တွင် စာသင်သား တစ်ယောက်က မြားပစ်လေ့ကျင့်ရာမှ အရပ်သူ အမျိုးသမီးတစ်ဦးကို မတော်တဆ ထိမှန်ကာ ကံဆိုးသော

---

၁။ Anglo-Saxon Chronicle
၂။ Norman
၃။ Danes
၄။ Mercia
၅။ Wessex
၆။ Thames
၇။ Cherwell
၈။ Henry.I
၉။ Beaumont
၁၀။ Henry.II
၁၁။ Richard with the Lion's Heart
* University of Paris

အဆိုပါအမျိုးသမီးခမျာ သေဆုံးသွားရှာသည်။

ထိုအရပ်သူ အမျိုးသမီးသေဆုံးမှုကို အကြောင်းပြု၍ စာသင်သားများကို မျက်မုန်းကျိုးနေကြသော မြို့သူ မြို့သားများသည် ဂျွန်ဘုရင်၏ အားပေးအားမြှောက်ချက်ကို အကွက်ယူကာ စာသင်သားအချို့ကို ကြိုးဆွဲချ၍ သတ်ပစ်လိုက်ကြသည်။

ထိုအခါ ကျန်သောစာသင်သားများသည် လန့်ဖျပ်ကာ အောက်စဖို့ဒ်မြို့မှ တခြားသို့ ထွက်ပြေးသွားကြလေ သည်။

တချို့ကမူ အောက်စဖို့ဒ်ထက် ချောင်ကျ၍ ပိတ်ပေါင်းများ ထူပြောသော အရပ်ဒေသကလေးသို့ပြေးခိုကာ ကင်းဘရစ်ချ်ယူနီဗာစီတီကို ထူထောင်လိုက်ကြသည်ဆိုသည်။

ထို့နောက် ငါးနှစ်ခန့်လောက် ကြာသွားသောအခါကျမှ အောက်စဖို့ဒ်ယူနီဗာစီသို့ စာသင်သားနှင့် ဆရာများ ပြန်လည်စုရုံးကာ အားယူထူထောင်လိုက်ကြလေသည်။

ထိုကဲ့သို့ ပြန်လည်ထူထောင်သော ကျောင်းသည် အင်္ဂလီကန်ခရစ်ယာန်ဘုန်းကြီးကျောင်းများဖြစ်၍ သင် ကြားပေးသူ ဆရာများကလည်း အင်္ဂလီကန်ဘုန်းကြီးများပင် ဖြစ်လေသည်။

ထိုကဲ့သို့သော ဘုန်းကြီးကျောင်းနှင့် ဘုန်းကြီးဆရာများထံသို့ စာသင်သားများက အရပ်ထဲရှိအိမ်များတွင် ကျောင်းအိပ်ကျောင်းစားနေကာ သွားရောက်သင်ယူကြရခြင်းဖြစ်သည်။

စာသင်သားအများစုမှာ ဆင်းရဲနွမ်းပါးကြသူများဖြစ်ကြသည်။

ထိုအခါ သူတို့သည် သူတို့လက်ခံကျွေးမွေးထားသော အိမ်ရှင်များကို အခကြေးငွေ များများစားစား မပေး နိုင်ကြချေ။

သည်အတွက် အိမ်ရှင်များက နွမ်းပါးသော ကျောင်းသားများကို လက်မခံချင်ကြ။ ဆင်းရဲသော စာသင်သား များကို အထင်သေးကြသည်။ ကြည့်မရအောင် မျက်မုန်းကျိုးကြသည်။

ထိုအခါ ခရစ်ယာန်ဘုန်းကြီးကျောင်းနောက်ခံရှိသော စာသင်သားများနှင့် ရှင်ဘုရင်အားကိုးရှိသော အရပ်သူ အရပ်သားများသည် မကြာခဏ ပဋိပက္ခဖြစ်ကြကာ အကြိမ်ကြိမ်အဖန်ဖန် တိုက်ခိုက်သတ်ဖြတ်ခဲ့ကြလေသည်။

ဆယ့်သုံးရာစုနှစ်ခန့်က စာသင်သားအင်အား တစ်ထောင့်ငါးရာမျှရှိခဲ့ဖူးသည်။ ထို့နောက်အရပ်သားများ နှင့် တိုက်ခိုက်သတ်ဖြတ်မှုတွင် စာသင်သားပေါင်းခြောက်ရာခန့် သေဆုံးခဲ့ကြသည်ဟု ဆိုလေသည်။

ထိုအချိန်က ယခုစိန့်မေရီဘုရားရှိခိုးကျောင်းတစ်ဝိုက်တွင် စာသင်သားတို့၏ သွေးများချောင်းစီးခဲ့ကြသည် ဆိုလေသည်။

ထို့နောက်၌လည်း စာသင်သားများနှင့် အရပ်သားများသည် မကြာခဏ ပဋိပက္ခဖြစ်လိုက်ကြ၊ ပြန်လည်ပြေ ငြိမ်းသွားလိုက်ကြ စသည်ဖြင့် သံသရာလည်ရင်းမှပင် ရာစုနှစ်များကို တစ်နှစ်ပြီးနောက် တစ်နှစ် လွန်မြောက် ကျော်လွှားလာခဲ့ကြလေသည်။

ထိုကဲ့သို့ ရာစုနှစ်များကို လွန်မြောက်ကျော်လွှားလာခဲ့သည်နှင့်အမျှ စိန့်မေရီဘုရားရှိခိုးကျောင်းရှိ စာသင် ကျောင်းကလေးကို ဗဟိုပြု၍ တည်ထောင်ချဲ့ထွင်လာခဲ့သော အောက်စဖို့ဒ်ယူနီဗာစီတီသည် တိုးတက်ကြီးပွား လာခဲ့လေသည်။

ရှင်ဘုရင်များ အဆက်ဆက်ပြောင်းလဲချက်နှင့် နန်းတွင်းအရေးတော်ပုံ အရှုပ်အထွေးများတွင်လည်း အောက်စ ဖို့ဒ် ယူနီဗာစီတီသည် တစ်စခန်းနှင့် စစ်တလင်းပြင်များ ဖြစ်ခဲ့ရပေသေးသည်။

ရာစုနှစ် ၁၆၄၂ ခုနှစ်က ဆိုပါက ချားလ်စ်[၁] ဘုရင်သည် အောက်စဖို့ဒ် ယူနီဗာစီတီကို မြို့တော်အဖြစ် သတ်မှတ်အသုံးချကာ သုံးနှစ်ခွဲခန့်ကြာအောင် နန်းစိုက်စံမြန်းခဲ့ဖူးလေသည်။

ဘုရင်သည် ခရိုက်စ်ချပ်ချ်[၂] ခန်းမကြီးကို ညီလာခံသဘင်ကျင်းပရာအဖြစ် အသုံးပြုခဲ့သည်။

နယူးကောလိပ်၏ အခန်းခန်းအဆောင်ဆောင်များသည် ဘုရင်၏ လက်နက်တိုက်များဖြစ်ခဲ့ရသည်။

ဘဲလ်ဖရိုင်း[၃] မျှော်စင်ကြီးကိုမူ ဘုရင်က ခဲယမ်းကျည်ကပ်ထုတ်လုပ်သောစက်ရုံ တည်လိုက်သည်။

---

• KING JOHN

၁ Charles

၂ Christ Church

ယူနီဗာစီတီပိုင် ငွေကြေးများကိုလည်း ဘုရင်က ဘုရင့်ဘဏ္ဍာတော်အဖြစ် လက်ဝါးကြီးအုပ်၍ သိမ်းယူလိုက်လေသည်။

ထိုကဲ့သို့ သူ့လက်ခုပ်ထဲမှ ရေပမာ သွန်လိုသွန်၊ မှောက်လိုမှောက် သူ့တန်ခိုးအာဏာအောက်သို့ သက်ရောက်နေသော အော့စ်ဖို့ဒ် ယူနီဗာစီတီကြီးတွင် ဘုရင့်အာဏာမစိုးမိုးနိုင်သောနေရာတစ်ခုကားရှိခဲ့ဖူးလေသည်။

ဘုရင့်အာဏာကို ရဲဝံ့စွာ ဖီဆန်ဖူးသော ထိုနေရာသည်ကား ဘော့တ်လီယန်[၂] စာကြည့်တိုက်ဖြစ်လေသည်။

၁၆၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဘုရင်က ဘော့တ်လီယန်စာကြည့်တိုက်သို့ လူလွှတ်၍ စာအုပ်အငှားခိုင်းလိုက်သည်။

ထိုအခါ ဥပဒေစည်းကမ်းကို တိကျစွာ လိုက်နာဆောင်ရွက်သော စာကြည့်တိုက်မှူးက ဘုရင့်ထံမှ လွှတ်လိုက်သောလူကို ပြောလိုက်လေသည်။

''ဘယ်စာအုပ်မှ စာကြည့်တိုက်အပြင်ဘက်ကို ထုတ်ခွင့်မရှိပါဘူး''

ထိုအခါ ကြားသိရသူအပေါင်းက စာကြည့်တိုက်မှူးအပေါ်သို့ ဘုရင့်အမျက်တော်ဖြင့် ရှလေပြီဟု အလန့်တကြား ဖြစ်သွားခဲ့ကြသည်။

ဘုရင်တို့ဘုန်း မိုးသို့ချွန်းဆိုသော စကားအတိုင်း သူထင်ရာစိုင်းနေသော ချားလ်စ်ဘုရင်သည် လက်ရှိအခြေခံဥပဒေတစ်ခုလုံးကိုပင် တစ်မျိုးတစ်မည် ပြုပြင်ပြောင်းလဲကောင်း ပြောင်းလဲလိုက်မည်လောဟု တိုင်းသူပြည်သားများ၏စိတ် သံသယပွားနေစေသော ဘုရင်သည် စာကြည့်တိုက်ဥပဒေ စည်းကမ်းကလေးလောက်ကိုကား သူ့အာဏာဖြင့် လွယ်လွယ်ပင် ဖောက်ဖျက်ဖယ်ရှားပစ်နိုင်သည် မဟုတ်ပါလား။

သို့ရာတွင် အံ့ဩစရာကောင်းအောင်ပင် ဘုရင်သည် စာကြည့်တိုက်ဥပဒေစည်းကမ်းကို လိုက်နာခဲ့သည်ဟု ဆိုလေသည်။

ထိုအကြောင်းကို ကြားသိရသောအခါ

''အင်း ငါလို စာကြည့်တိုက်မှူးမျိုးလဲ အော့စဖို့ဒ် ယူနီဗာစီတီကြီးမှာ ရှိခဲ့ဖူးသေးတာပါပဲလား''

ဟု တစ်ကျော့ပြန်ကျောင်းသားကြီး မောင်တင်က ရန်ကုန်ကောလိပ်တွင် ပါဠိပါမောက္ခဘဝ၌ စာကြည့်တိုက်မှူးလုပ်ခဲ့စဉ် တရားသူကြီး ဦးခင်က လှမ်းတောင်းသော ပေစာကို မပေးနိုင်ကြောင်း ငြင်းဆန်ခဲ့သော အဖြစ်အပျက်ကို ပြန်လည်သတိရကာ နှိုင်းယှဉ်စဉ်းစားလိုက်မိလေသည်။

ထိုကဲ့သို့ ရာစုနှစ်များ တစ်နှစ်ပြီး နောက်တစ်နှစ် ကုန်လွန်ကျော်လွှားကာ မင်းဆက်အမျိုးမျိုး ပြောင်းလဲလာခဲ့သည့် လက်အောက်၌ ဘုန်းကြီးကျောင်းများကို အမှီပြု၍ ဖွင့်လှစ်တည်ထောင်လာခဲ့သော စာသင်ကျောင်းများသည် အလိမ့်လိမ့်အလဲလဲ အတိုက်တိုက် အခိုက်ခိုက်နှင့်ပင် တိုးတက်ကြီးပွားအောင်မြင်လာခဲ့သည်ဟု ဆိုလေသည်။

၁၂၆၆ ခု၊ ဇွန်လတွင် ဂျွန်ဘယ်လီယို[၂] ဆိုသူက စာသင်သားအနည်းငယ်ကို စုစည်း၍ ကျောင်းသစ်တစ်ကျောင်း ထပ်မံတည်ထောင်ဖွင့်လှစ်ခဲ့သလို။

ဝေါ်လ်တာဒီမာတန်[၄]ဆိုသော အင်္ဂလိကန်ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါးကလည်း စာသင်သားများ၏အကျိုးကိုမျှော်ကိုး၍ စာသင်ကျောင်းသစ်တစ်ကျောင်းကို ၁၂၆၇ ခု၌ တည်ထောင်ဖွင့်လှစ်ခဲ့ပြန်သည်။

ထိုကျောင်းများသည်လည်း တည်ထောင်ဖွင့်လှစ်သူများ၏ အမည်အလိုက် ဘယ်လီယိုကောလိပ်၊ မာတန်ကောလိပ်ဟုပင် အသီးသီးအမည်နာမတွင်ခဲ့ကြလေသည်။

ထိုအချိန်အထိ အော့စဖို့ဒ်ရှိ ကောလိပ်ကျောင်းများ၌ ယူနီဗာစီတီဆိုသော စကားလုံးကို အသုံးပြုခြင်း မရှိခဲ့သေးချေ။

ထို့နောက် ၁၂၈၀ ပြည့် နှစ်သို့ အရောက်တွင်မူ ယူနီဗာစီတီကောလိပ်[၁]ဟူ၍ ကျောင်းသစ်တစ်ကျောင်း ထပ်မံ၍တိုးပွားပေါ်ပေါက်လာခဲ့ပြန်လေသည်။

---

၁။ Belfry Town
၂။ Bodleian
၂။ John Balliol
၄။ Walter de Merton

MKS PUBLISHING

ပြင်သစ်ပြည် ပါရီမြို့တွင် တစ်ချိန်က ကျောင်းဆရာလုပ်ခဲ့ဖူးသော ဒါဟင်[၂] မြို့မှ ဝီလီယံ[၃] ဆိုသော ပုဂ္ဂိုလ်တစ်ဦးက ခရစ်ယာန်ဘာသာရေး အဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့ယူမည့် စာသင်သားများကို ထောက်ပံ့ကြေးပေးရန်အတွက် မတ်[၄] ငွေ ၃၁၀ ကို မတည်လှူဒါန်းခဲ့သည်။

ထိုအလှူငွေထဲမှ ကျန်သောငွေကြေးဖြင့် ယူနီဗာစီတီကောလိပ်ကို တာဝန်ရှိသူများက ဆရာအရေအတွက် လေးယောက်တည်းနှင့် ဖွင့်လှစ်တည်ထောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။

ယခုတစ်ကျော့ပြန် ကျောင်းသားကြီး မောင်တင်ရောက်ရှိနေသော အက်ဇီတာကောလိပ်ကိုမူ ဆယ့်လေးရာစုနှစ်တွင်မှ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်လေသည်။

အက်ဇီတာကောလိပ်ကို တည်ထောင်ဖွင့်လှစ်ခဲ့သူမှာလည်း ဝေါ်လ်တာဒီစတက်ပယ်လ် ဒွန်[၅] အမည်ရှိ အင်္ဂလိကန်ခရစ်ယာန်ဂိုဏ်းအုပ်ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်သည်ဆိုသည်။

ထို့ကြောင့် ပထမ၌ ဘုန်းတော်ကြီး၏ ဘွဲ့အမည်ကိုယူ၍ စတက်ပယ်လ်ဒွန်ဟောလ်[၆] ဟု တွင်ခဲ့သေးသည်။

ထို့နောက်မှ ဘုန်းတော်ကြီး အက်ဇီတာကို အစွဲပြု၍ အက်ဇီတာကောလိပ် ဖြစ်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။

ပထမမြောက် အယ်လီဇဘက် ဘုရင်မလက်ထက်၌ အော့စဖို့ဒ် ယူနီဗာစီတီ၌ရှိသော ကောလိပ်ကျောင်းများသည် အနှောင့်အယှက် အဖျက်အဆီးများမှ ကင်းခဲ့သည်ဟု ဆိုသည်။

ပထမမြောက် အဲလီဇဘက်ဘုရင်မသည် အော့စဖို့ဒ်ယူနီဗာစီတီကို မနှောင့်ယှက်သည့်အပြင် ဝေလနယ်မှ စာသင်သားများအတွက် အထူးသီးသန့် ကောလိပ်ကျောင်းတစ်ကျောင်းဆောက်ကာ အားပေးချီးမြှောက်ခြင်းပင် ပြုခဲ့လေသေးသည်။

ဘုရင်မက ချီးမြှောက်တည်ဆောက်ပေးခဲ့သော ကျောင်းသည် ဂျီးဇက်စ်ကောလိပ်[၇] ဖြစ်သည်။

ဂျီးဇက်စ်ကောလိပ်ကျောင်းကို ၁၅၇၁ ခုနှစ်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည်ဟု ဆိုလေသည်။

ထိုကဲ့သို့ မင်းအဆက်ဆက်နှင့် ခေတ်အမျိုးမျိုးတို့အောက်မှ လူးလွန့်တိုးဖြတ်လာခဲ့ရသော အော့စဖို့ဒ် ယူနီဗာစီတီ၏ ကောလိပ်ကျောင်းများသည် ဆယ့်ရှစ်ရာစုနှစ်ကုန်ခါနီးအချိန်သို့ ရောက်တော့မှသာ စနစ်ကျ၍ ခေတ်မီသောကျောင်းများအဖြစ် ပြောင်းလဲတိုးတက်လာခဲ့ကြောင်း သိရလေသည်။

ထိုကဲ့သို့ စနစ်ကျ၍ ခေတ်မီတိုးတက်သော ကောလိပ်ကျောင်းများဖြစ်လာစေရန် ပထမဦးဆုံးအစပြု၍ ဘီထွင်ဆောင်ရွက်ခဲ့သူ ပုဂ္ဂိုလ်ကြီးမှာ အိုရီယယ်[၈] ကောလိပ်ကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်လေသည်။

အချိန်ကာလသည်ကား ၁၇၈၁ ခုနှစ်တည်း။

ထို့နောက် ၁၇၈၃ ခုနှစ်တွင် ခရိုက်စ်ချပ်ချ်[၉] ကောလိပ်ကျောင်းအုပ်ကြီး စီးရီးလ်ဂျက် ဆန်[၁၀] ကလည်း စနစ်ဟောင်းများကို တော်လှန်ပြောင်းလဲကာ တိုးတက်ခေတ်မီသော စနစ်သစ်များဖြင့် ပြုပြင်တီထွင်လိုက်ပြန်သည်။

ဘယ်လီယိုလ်ကောလိပ် ကျောင်းအုပ်ကြီး ဂျွန်ပါးဆန်းစ်[၁၁] ကမူ ၁၇၉၈ ခုနှစ်ရောက်မှသာ သူ့ကျောင်း၏ စနစ်ဟောင်းများကို ပြောင်းလဲတော်လှန်ဖြစ်ခဲ့သည်ဟု ဆိုလေသည်။

ထိုကဲ့သို့သော အော့စဖို့ဒ်ပညာရေးလောကမှ တော်လှန်ရေးသမား ခေါင်းဆောင်ကြီး သုံးဦးသားတွင် ခရိုက်စ်ချပ်ချ် ကျောင်းအုပ်ကြီး စီးရီးလ်ဂျက်ဆန်သည် အားလုံးထဲ၌ အထင်ရှား အကျော်ကြားဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့လေသည်။

သည်အတွက် သူ၏ခရိုက်စ်ချပ်ချ် ကောလိပ်ကျောင်းသည် ကျောင်းသားများ ပြည့်ကျပ်လျှံထွက်သည်အထိ ထူးထူးခြားခြား အောင်မြင်ကျော်ကြားခဲ့လေတော့သည်။

ကျောင်းအုပ်ကြီး စီးရီးလ်ဂျက်ဆန်သည် ခေတ်အဆက်ဆက် စည်းကမ်းမဲ့ကာ အထိန်းရခက်ခဲသော မှူးမျိုးမတ်မျိုး ကျောင်းသားဆိုးများကိုလည်း နိုင်နိုင်နင်းနင်း ကိုင်တွယ်ပဲ့ပြင်ပေးနိုင်ခဲ့သည်။

---

၁။ University College
၂။ Durham
၃။ William
၄။ 310 Marks
၅။ Walter de Stepeldom
၆။ Stepeldom hall
၇။ Jesus College
၈။ Oriel
၉။ Christ Church
၁၀။ Cyril Jackson
၁၁။ John Parsons

ကျောင်းအုပ်ကြီးက ရာစုနှစ်ပေါင်းတစ်လျှောက်လုံး၌ နေချင်သလိုနေကာ သွားချင်သလိုသွား၍ ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက် စသဖြင့် ဘောက်သောက်ဖြစ်လာခဲ့ကြသော ကျောင်းသားများကို ကျောင်းသားများ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းဥပဒေများဖြင့် တင်းတင်းကျပ်ကျပ် စည်းကမ်းသတ်မှတ်ပေးလိုက်သည်။

ထို့အပြင် သူ့ကျောင်းသားများကို အလဟဿအချိန်မဖြုန်းစေဘဲ တန်ဖိုးရှိရှိ ကုန်ဆုံးစေရအောင် ကျောင်းသင်ခန်းစာများ ချမှတ်စီစဉ်ပေးခဲ့သည်။

သူသည် ကျောင်းသားများကို စနစ်ဟောင်းထဲမှ ဆွဲထုတ်၍ ပြုပြင်ပြောင်းလဲပေးနိုင် သကဲ့သို့ သူ့ကျောင်းအတွက် နည်းပြဆရာများကိုလည်း တော်ပေ့ချွန်ပေ့ဆိုသူများကိုမှ လက်ရွေးစင် ခေါ်ယူခန့်ထားခဲ့လေသည်။

သူသည် ဆရာများကို ကြိုးစားအားထုတ်၍ သင်ကြားစေသည်။ ထို့နောက် သူ့စေစားချက်အတိုင်း အားထုတ်သင်ကြားပေးသော ဆရာများကို ကျောင်းအုပ်ကြီးက အထူးဂုဏ်ယူဖော်ထုတ် ထင်ရှားစေခဲ့လေသည်။

စီးရီးလ်ဂျက်ဆန်အမှူးပြုသော ပညာရေးလောကမှ တော်လှန်ရေးခေါင်းဆောင်ကြီး သုံးဦး၏ ကျေးဇူးကြောင့် အော့စဖို့ဒ် ယူနီဗာစီတီတွင် စနစ်ကျသော သင်တန်းများ၊ အတန်းတင်စာမေးပွဲများနှင့် ဂုဏ်ထူးတန်းစာမေးပွဲများသည် ၁၈၀၀ ပြည့်နှစ်ခေတ်ကတည်းက စတင်ပေါ်ပေါက်လာခဲ့သည်ဟု ဆိုလေသည်။ ထိုကဲ့သို့သော ပညာရေးလောကမှ တော်လှန်ရေးသမားခေါင်းဆောင်ကြီးသုံးဦးတို့၏ အောင်မြင်ကျော်ကြားမှုများက ကျန်သော ကောလိပ်ကျောင်းအပေါင်းကို နိုးကြွပြောင်းလဲလာစေခဲ့လေသည်။

ထိုကဲ့သို့ ရှေ့မှပညာရှင်များက မဆုတ်မနစ်သော လုံ့လအားထုတ်ချက်များဖြင့် ကြိုးစားဆောင်ရွက်သွားခဲ့သဖြင့်သာ ယခုနှစ်ဆယ်ရာစုနှစ်သို့အရောက်၌ အော့စဖို့ဒ်ယူနီဗာစီတီကြီးသည် ကမ္ဘာအရပ်ရပ်၌ရှိသော ပညာရှာမှီးလိုသူများအတွက် ချဉ်းကပ်ကွန်းခိုစရာ ပညာ့ဗိမာန်ကြီးတစ်ခုအဖြစ် ကမ္ဘာတွင် ထင်ရှားကျော်ကြားနေသည် မဟုတ်ပါလား။

အက်ဖီတာကောလိပ် အပါအဝင် ရာစုနှစ်အစောပိုင်းမှ ကောလိပ်ကျောင်း အဆောက်အအုံများသည် သစ်သားကျောင်းကလေးများသာဖြစ်ခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ယခု မောင်တင်ရောက်ရှိလာခဲ့သော နှစ်ဆယ်ရာစုနှစ်၏ အောက်စဖို့ဒ်ယူနီဗာစီတီမှ ကောလိပ်ကျောင်း အဆောက်အအုံ အားလုံးသည်ကား ခံ့ညားထည်ဝါလှသော တိုက်တာအဆောက်အအုံကြီးများအဖြစ်သို့ ပြောင်းလဲတိုးတက်နေကြပြီဖြစ်လေသည်။

ကြာညောင်း ဟောင်းမြည့်ကုန်ကြပြီဖြစ်သော သစ်သားအဆောက်အအုံများကို ခေတ်မီခိုင်ခံ့သော တိုက်တာသံထည်များဖြင့် အစားထိုး၍ ပြောင်းလဲထားလိုက်ကြပေပြီ။

မော်ဒလင်း[၁] ကောလိပ်ကျောင်း မျှော်စင်ကြီးနှင့် သိမ်းမြစ်ကို ဖြတ်ဆောက်ထားသော မော်ဒလင်းမြစ်ကူးတံတားသည် အောက်စဖို့ဒ်ယူနီဗာစီတီအတွက် ဂုဏ်ယူစရာအချက်များတွင် တစ်ကွက်အဖြစ် ပါဝင်နေလေသည်။

ထို့အတူ ရှယ်လ်ဒိုးနီးယန်း[၂] ခန်းမဆောင်ကြီး၊ ယူနီဗာစီတီပြတိုက်၊ ဘော့ဒ်လီယန်း[၃] စာကြည့်တိုက်၊ ကလယ်ရဒွန်[၄] ပုံနှိပ်တိုက် စသည်တို့မှာလည်း အော့စဖို့ဒ်ယူနီဗာစီတီ၏ ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင် အစိတ်အပိုင်းတချို့ပင်ဖြစ်လေသည်။

မောင်တင်သည် သူ့ပင်ကိုဗီဇဝါသနာအတိုင်း သူရောက်လေရာနှင့် နေထိုင်ထိတွေ့လေသမျှတို့ကို စူးစမ်းလေ့လာတတ်သည့်အတိုင်း ယခုသူ့အဖို့ ပညာရှာမှီးရန် ရောက်ရှိနေရသော ကမ္ဘာကျော် အော့စဖို့ဒ်ယူနီဗာစီတီကြီးကိုလည်း လက်လှမ်းမီသလောက် ရှာဖွေလေ့လာလိုက်မိသည်။

ထိုအခါ သူ့အဖို့ အားရကျေနပ်လောက်အောင်ပင် အော့စဖို့ဒ်ယူနီဗာစီတီကြီး ပေါ်ပေါက်လာခဲ့ပုံနှင့် ရာစုနှစ်များတစ်လျှောက်၌ အဆင့်ဆင့် တိုးတက်ကြီးပွားအောင်မြင်လာခဲ့ပုံများကို အတော်အတန် တီးမိခေါက်မိ သိလိုက်ရလေတော့သည်။

သည်အတွက် သူ့စိတ်မှာ ကျေနပ်သွားသကဲ့သို့ အဆောင်နေ ကျောင်းအိပ်ကျောင်းစားဘဝကို ခံယူလိုက်

---

၁။ Magdalen

၂။ Sheldonian Theatre

၃။ Bodleian

၄။ Clarendon

ရသော မောင်တင်က သူ့ဘဝသူ ကြည်နူးနှစ်သက်ခြင်းလည်းဖြစ်မိလေသည်။

အော့စဖို့ဒ်၌ စာသင်ကျောင်းများသည် ရာစုနှစ်အစောပိုင်းကတည်းက ပေါ်ပေါက်ခဲ့ကြသော်လည်း ကျောင်းအိပ်ကျောင်းစားအဖြစ် အဆောင်နေခြင်းစနစ်သည်ကား ၁၂၀၀ ပြည့်နှစ် ကုန်လုနီးလောက်တွင်မှ စတင်ဖြစ်ထွန်းလာခဲ့ကြောင်း သိရလေသည်။

ထိုကဲ့သို့ ဖြစ်ထွန်းလာနိုင်ခဲ့ခြင်း၏ အကြောင်းရင်းမှာ စာသင်သားများအတွက် နေရေးစားရေးတို့ အဆမတန် ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဖြစ်လေသည်။

တခြားမြို့ရွာနှင့် တိုင်းတစ်ပါးမှလာ၍ စာပေပညာများ ရှာမှီးဆည်းပူးကြသော ကျောင်းသားတို့သည် အော့စဖို့ဒ်ရှိ အိမ်များနှင့် တည်းခိုခန်းများတွင် နေရေးစားရေးအတွက် အခကြေးငွေများပေး၍ မှီတင်းနေထိုင်ကြရသည်။

ပြီးမှ သူတို့နှစ်သက်ရာ ကျောင်းအသီးသီးသို့သွားကာ စာပေများ သင်ယူကြရလေသည်။

သူတို့အဖို့ ထိုကဲ့သို့ နေစရာပေး၍ အစားကျွေးမည့်အိမ်များနှင့် တည်းခိုခန်းများသာမရှိပါက ကျောင်းသားများခမျာ ကျောင်းတက်ရေး စာပေသင်ယူရေးတို့အတွက် မလွယ်ကူကြချေ။

ထိုအချက်ကို အကွက်ယူ၍ တည်းခိုခန်းနှင့် အိမ်ရှင်များက ကျောင်းသားများအပေါ်သို့ ဈေးနှုန်းများ ဗိုလ်တောင်းကြလေသည်။

မြို့သူမြို့သားအိမ်ရှင်များသည် ဆင်းရဲနွမ်းပါးသူများသာ အများစုပါဝင်သော ကျောင်းသားမွဲများကို အလိုသို့မျက်မုန်းကျိုးကာ အကျပ်ကိုင်၍ အခက်အခဲဖြစ်စေရန်ပြုလုပ်ကြဟန်တူသည်။

အော့စဖို့ဒ် ယူနီဗာစီတီဟူ၍ မပေါ်မီ ပြင်သစ်ပြည် ပါရီမြို့မှ ယူနီဗာစီတီ၌လည်း အလားတူသော အခက်အခဲပြဿနာများကို ကျောင်းသားများ ခံစားခဲ့ကြရဖူးလေသည်။

ထိုအခါ ပါရီမြို့မှ ကျောင်းသားများသည် စုစည်း၍ စနစ်တစ်ခုထွင်ကာ ထိုအခက်အခဲပြဿနာများကို ဖြေရှင်းခဲ့ကြလေသည်။

ထိုစနစ်ကိုယူ၍ အော့စဖို့ဒ် ကျောင်းသားများသည်လည်း ကြိုးစားဖြေရှင်းလိုက်ကြသည်ဆို၏။

စာသင်သားများသည် အချင်းချင်း စုစည်းလိုက်ကြသည်။ ထို့နောက် သူတို့သည် စုပေါင်းစနစ်ဖြင့် လူဦးရေအုပ်စုအလိုက် အိမ်လုံးအလွတ်သတ်သတ်များကို လခနှင့်ငှားသည့်အုပ်စုကငှား၍ အပြီးအပြတ်ဝယ်ယူသည့်အုပ်စုက ဝယ်ယူလိုက်ကြသည်။

ထို့နောက် သူတို့အုပ်စုအသီးသီးအပေါ်၌ စီမံအုပ်ချုပ်ရန် အုပ်ချုပ်ရေးမှူးတစ်ယောက်ကို အများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်လိုက်ကြလေသည်။

သူတို့သည် သူတို့ရွေးကောက်တင်မြှောက်ထားသော အုပ်ချုပ်ရေးမှူး၏ စီမံပေးမှုအောက်၌ စုပေါင်း၍နေထိုင်ကြသည်။ စုပေါင်း၍စားသောက်ကြသည်။

သူတို့အဖို့ စာပေပညာ ရှာမှီးရေးအတွက်ကိုမူ သူတို့ကြိုက်နှစ်သက်သော ကျောင်းများနှင့် ဆရာများဆီသို့သွား၍ သူတို့တတ်နိုင်သော လက်ခံနိုင်သော နှုန်းထားသတ်မှတ်ချက်များအတိုင်း ကြိုက်သလိုသင်ယူနိုင်ကြလေသည်။

ထိုစဉ်က ထိုကဲ့သို့ စတင်တီထွင်လာခဲ့သော ကျောင်းသားများ၏ အနေအစား သက်သာချောင်ချိရေးအတွက် စုပေါင်းနေထိုင်စားသောက်ခဲ့ကြသောစနစ်သည် ယခုတွင် ကမ္ဘာအရပ်ရပ်ရှိ ယူနီဗာစီတီနှင့် ကောလိပ်ကျောင်းများ၌ ကျောင်းအိပ်ကျောင်းစားအဆောင်များအဖြစ် ပြန့်ပွားရပ်တည်နေကြပြီဖြစ်လေသည်။

သူ့အဖို့ သူ့မိသားစုများနှင့်အတူ နေထိုင်ရင်းဖြင့်သာ ဘီ–အေနှင့် အမ်–အေကို အောင်ပြီးနောက် ပါမောက္ခဖြစ်လာခဲ့သော တစ်ကျော့ပြန် ကျောင်းသားကြီးမောင်တင်သည် ယခုကဲ့သို့ ကျောင်းအိပ်ကျောင်းစားဘဝကို ခံယူလိုက်ရသောအခါ သူ့အတွက် အသစ်အဆန်း အပြောင်းအလဲအဖြစ် ထိတွေ့လိုက်ရလေသည်။

ထိုအခါ အော့စဖို့ဒ်ယူနီဗာစီတီ ကျောင်းသားတစ်ယောက်အဖို့ သင်ခန်းစာများနှင့်ပတ်သက်၍ နေ့စဉ်ထိတွေ့နေရသော နည်းပြကျူတာဆရာသည် အရေးပါသကဲ့သို့ ကျောင်းအိပ်ကျောင်းစား အဆောင်နေသူအဖို့မှာလည်း သူနှင့်နေ့စဉ် ပတ်သက်ထိတွေ့နေရသော စကောက်° ခေါ် အဆောင်အလုပ်သမားကို အရေးထား၍ ဆက်ဆံပေါင်းသင်းရ၊ တွေ့သိလာရလေသည်။

ရာစုနှစ် အစောပိုင်းအချိန်တုန်းကဆိုပါက အော့စဖို့ဒ်သို့ ရောက်လာခဲ့သော ကျောင်းသားများအတွက်

သူတို့၏မိဘများနှင့် အုပ်ထိန်းသူများက နည်းပြဆရာ ကျူတာတစ်ယောက်စီကို စရိတ်ခံ၍ သီးသန့်ငှားပေးခဲ့ကြရလေသည်။

အဆိုပါနည်းပြဆရာ ကျူတာများသည် သူတို့နှင့် သက်ဆိုင်သော ကျောင်းသားတစ်ယောက်စီ၏ နေထိုင်စားသောက်ရေးအပြင်၊ ငွေရေးကြေးရေးအတွက်ကိုပါ တာဝန်ယူ၍ စီမံဆောင်ရွက်ပေးကြရသည်ဆိုသည်။

ကျောင်းသားများအဖို့ သူတို့၏မိဘများအနေဖြင့် အဘယ်မျှ ချမ်းသာ၍ တတ်နိုင်သော်လည်း သူတို့သုံးစွဲရန်ငွေကြေးသည် သူတို့နှင့်သက်ဆိုင်သော နည်းပြဆရာကျူတာက ထုတ်ပေးသလောက်ကိုသာ တင်းတိမ်ရောင့်ရဲခဲ့ကြရလေသည်။

ဆယ့်ရှစ်ရာစုနှစ်တွင် အော့စဖို့ဒ် ယူနီဗာစီတီ၌ ပင်းဘရုတ်ခ်[၂] ကောလိပ်ကျောင်းသားဘဝကို ခံယူခဲ့သော ဆင်မြူရယ်လ်ဂျွန်ဆန်[၃] ဆိုသူ ပညာရှိပုဂ္ဂိုလ်ကြီးက ထိုကောလိပ်ကျောင်းမှနည်းပြဆရာ ကျူတာတစ်ဦးဖြစ်သော ဝီလီယန်ဂျော်ဒန်[၄] အပေါ်သို့ မှတ်ချက်ချခဲ့ဖူးလေသည်။

''ဆရာဂျော်ဒန်ရဲ့ လက်မှာအပ်နှံခံရတဲ့ ကျောင်းသားမှန်သမျှဟာ ဆရာဂျော်ဒန်ရဲ့ သားအတိုင်းဖြစ်သွားတာပဲ၊ ဆရာဂျော်ဒန်ဟာ သူတာဝန်ယူရတဲ့ တပည့်အားလုံးကို သူ့သားရင်းနဲ့မခြား တွယ်တာခင်မင်လေ့ရှိပါတယ်၊ ဒါပေမဲ့ ငွေကြေးကိုတော့ ပေးသင့်တာထက်ပိုပြီး ဘယ်တော့မှ ပေးလေ့ပေးထ မရှိဘူးခင်ဗျ''

သို့ရာတွင် ထိုကဲ့သို့သော နည်းပြဆရာ ကျူတာဦးစီးသီးသန့်ထားပေးရသောစနစ်ကို ဆယ့်ကိုးရာစုနှစ်၌ ပြောင်းလဲပစ်လိုက်သည်ဆို၏။

ယခု မောင်တင်တို့ ရောက်လာခဲ့သော နှစ်ဆယ်ရာစုနှစ် အော့စဖို့ဒ် ယူနီဗာစီတီကြီးတွင်ကား ကျူတာဆရာများကို ကျောင်းသားတစ်ယောက်စီတို့အတွက် သက်ဆိုင်ရာကောလိပ်ကျောင်းများက တာဝန်ယူ၍ ခန့်အပ်ထားပေးလေသည်။

ကောလိပ်ကျောင်းများမှ ခန့်အပ်ထားပေးသော နည်းပြဆရာကျူတာများသည် ကျောင်းသားတစ်ယောက်စီ၏ စာပေပညာသင်ကြားတတ်မြောက်ရေးအတွက်ကိုသာ အဓိက တာဝန်ယူကြရလေသည်။

ကျောင်းသားများ၏ နေ့စဉ်ဖတ်မှတ်ကြားရသော သင်ခန်းစာများ၊ စာအုပ်စာတမ်းများနှင့်ပတ်သက်၍ ကျူတာဆရာက ကူညီသင်ပြပေးခြင်း၊ ဆွေးနွေးခြင်းများပြုပေးရသည်။

ထိုနောက် တနင်္ဂနွေတစ်ပတ်တွင် တစ်ရက်ကို သတ်မှတ်အချိန်ပေး၍၊ ကျောင်းသားတစ်ယောက်စီတို့ ဖတ်မှတ်သင်ယူထားခဲ့သော သင်ခန်းစာများနှင့် စာအုပ်စာတမ်းများအပေါ် ကျေညက်နားလည်ခြင်းရှိမရှိကို ကျူတာဆရာက မှန်မှန်စစ်ဆေးမေးမြန်းခြင်းပြုလေသည်။

သည်အတွက် ကျောင်းသားများသည် အချောင်မခိုရဲ၊ အပျင်းမထူဝံ့ဘဲ ကျူတာဆရာကို ထာဝစဉ်အရေးထား၍ နေ့စဉ်မှန်မှန် ကြိုးစားကျက်မှတ်ကြရလေသည်။

အဆောင်၌ နေ့စဉ်တွေ့ထိနေရသော စကောက်ခ်ေါ် အဆောင်အလုပ်သမားကမူ ကျောင်းသားများအတွက် အိပ်ရာနေရာခင်းကျင်းပေးခြင်း၊ အမှိုက်လှည်းခြင်း၊ ဖုန်ခါခြင်း၊ အဝတ်အထည်များကိုလျှော်ဖွပ်ပေးခြင်း၊ မီးလင်းဖိုအတွက် မီးထည့်ပေးခြင်း စသည်တို့ကို ပြုစုလုပ်ကိုင်ပေးကြလေသည်။

ထို့ကြောင့် ကျောင်းသားများသည် သူတို့အတွက် အဆောင်၌ နေထိုင်ဝတ်ဆင်ရေးများ ပြေလည်စေရန် အဆောင်အလုပ်သမား စကောက်ကို သင့်အောင်ပေါင်းကြရလေသည်။

စကောက်အချို့သည် အပေါက်ဆိုးတတ်၊ သဘောဆိုးတတ်ကြသော်လည်း အများအားဖြင့် သဘောကောင်း၍ စိတ်ရှည်ကာ အဆောင်နေကျောင်းသားများကို ကူညီစောင့်ရှောက်ပေးတတ်ကြလေသည်။

ထိုကဲ့သို့ စိတ်ရှည်၍ သဘောကောင်းသောစကောက်များကို ကျောင်းသားများက တန်ပြန်စေတနာထားကာ

---

၁။ Scout

၂။ Pembroke

၃။ Samuel Johnson
(၁၇၅၅ ခုနှစ်၊ ဧပြီလ ၁၅-ရက်နေ့၌ ဂျွန်ဆန် အင်္ဂလိပ်စာ အဘိဓာန်စာအုပ်ကို ရေးသားထုတ်ဝေခဲ့သူ၊ စာပေပညာ ဒေါက်တာဘွဲ့ရ နာမည်ကျော် ကဗျာဆရာ၊ စာရေးဆရာကြီး)

၄။ William Jorden

ငွေကြေးကလေးများ ပေးကြလေ့ရှိလေသည်။

စကောက်များကို အမျိုးသားအဆောင်များအတွက်သာ ထားရှိပေးသော်လည်း အော့စဖို့ဒ် ယူနီဗာစီတီကြီးတွင် မောင်တင်ရောက်လာသော ၁၉၂၀ ပြည့်နှစ်တွင်မှ အမျိုးသမီးများဘွဲ့ယူနိုင်သော ကောလိပ်ကျောင်းအဖြစ် စတင်၍ အသိအမှတ်ပြုခြင်းခံရသော အမျိုးသမီးကျောင်း ၄ ကျောင်းတွင်ကား အမျိုးသမီးစကောက်များ ထားမပေးချေ။

ကျောင်းသူများသည် အဆောင်၌ သူတို့အဝတ်သူတို့လျှော်ဖွပ်၍ အခန်းများကိုလည်း သူတို့ကိုယ်တိုင်လှည်းကျင်းသိမ်းဆည်းကြရလေသည်။

ထိုကဲ့သို့သော အော့စဖို့ဒ်ယူနီဗာစီတီကြီးတွင် အမျိုးသားကောလိပ် ၂၆ ကျောင်းနှင့် အမျိုးသမီးကောလိပ် ၄ ကျောင်း စုစုပေါင်းကောလိပ်ကျောင်းပေါင်း ၃၀ ဖြစ်သွားလေသည်။

ထိုကောလိပ်များထဲမှ နပ်ဖီးလ် ကောလိပ်ကျောင်းတစ်ကျောင်းတည်းသာ အမျိုးသမီးနှင့် အမျိုးသားကို ရောထားသည်။

မောင်တင်ရှာဖွေ၍ တွေ့ရှိသမျှ ထိုကောလိပ်ကျောင်းများနှင့် ဖွင့်လှစ်တည်ထောင်သော ခုနှစ်သက္ကရာဇ်တို့မှာ–

| | | | | | |
|---|---|---|---|---|---|
| 1. | All Souls College | (1438) | 14. | New | (1379) |
| 2. | Balliol | (1266) | 15. | Nuffield | ( ) |
| 3. | Brasenose | (1334) | 16. | Oriel | (1324) |
| 4. | Christ Church | (1862-5) | 17. | Pembroke | (1624) |
| 5. | Corpus Christ | (1517) | 18. | The Queen's College | (1341) |
| 6. | Exeter | (1314) | 19. | Regent's Park | ( ) |
| 7. | Hertford | (1874) | 20. | St.Antony's | ( ) |
| 8. | Jesus | (1571) | 21. | St.John's | (1555) |
| 9. | Keble | (1870) | 22. | St.Peter's | |
| 10. | Lincoln | (1429) | 23. | Trinity | (1286) |
| 11. | Magdalen | (1458) | 24. | University College | (1280) |
| 12. | Mansfield | (1886) | 25. | Wadham | (1810) |
| 13. | Merton | (1267) | 26. | Worcestor | (1283) |

တို့ဖြစ်ကြ၍ အမျိုးသမီးကောလိပ်ကျောင်းအမည်များမှာမူ–

1. Lady Margaret Hall (1874)
2. St. Hilda's College (1893)
3. St. Hugh's (1886)
4. Somervile (1879)

တို့ဖြစ်လေသည်။

မှတ်ချက် ။ ။ သို့ရာတွင် ၁၉၅၂ ခုနှစ်တွင် အမျိုးသားများအတွက် St.Ann's ကောလိပ်နှင့် ၁၉၆၂ ခုနှစ်တွင် အမျိုးသမီးများအတွက် St. Catherine's ကောလိပ်တို့ တစ်ကျောင်းစီ ထပ်တိုးခဲ့သဖြင့် ယခုအချိန်၌ စုစုပေါင်း ၃၂ ကျောင်း ဖြစ်သွားသည်။

အဆောင်နေကျောင်းသားများသည် စကောက်ကို သင့်အောင်ပေါင်းကြသလို ပိုတာ° ဟု ခေါ်ဝေါ်သုံးနှုန်းသော အဆောင်ဝင်းစောင့်တံခါးမှူးကိုလည်း အဆင်ပြေအောင်ကြိုးစားရလေသည်။

တံခါးမှူးပိုတာနှင့် ပြေလည်မှသာ ကျောင်းသားများအဖို့ တစ်ခါတစ်ရံ အဆောင်သို့အပြန် နောက်ကျသည့်အခါ အဆောင်မှူးနှင့် ပြဿနာမတက်ရမည် မဟုတ်ပါလား။

ကျောင်းသားများသည် အဆောင်သို့ ည ၉ နာရီအရောက် ပြန်ကြရသည်။ အကယ်၍ အကြောင်းထူး ကြီးငယ်ကိစ္စများရှိပါက ည ၁၂ နာရီထက် မကျော်လွန်ရချေ။

အဆောင်ပိတ်ချိန်လွန်အောင် အပြင်ဘက်၌ သွားလာနေသော ကျောင်းသားများကို ဘူးလာစ်(ဝ်) ဘူးလ်ဒေါ့[2] ဟု နာမည်ပေးထားသော ကျောင်းသားထိန်းများက ကျောင်းသား၏ လူနာမည်နှင့် အဆောင်အမည်တို့ ကို မေးစမ်းရေးမှတ်ပြီးနောက် အဆောင်သို့အပြန်နိုင်းလေ့ရှိကြသည်။

ထို့နောက် ဘူးလာစ်များ၏ သတင်းပို့ချက်အရ အဆိုပါကျောင်းသားများကို အဆောင်မှူးက ခေါ်တွေ့ကာ သတိပေးဆုံးမခြင်း၊ ဒဏ်ခတ်ခြင်း စသည်ဖြင့် ထိုက်သင့်သလို အရေးယူလေ့ရှိလေသည်။

သည်ကဲ့သို့သော ပြဿနာတက်စရာ အခက်အခဲ၊ အချက်အလက်ကလေးတချို့မှလွဲ၍ အဆောင်၌ နေထိုင်ကြသော ကျောင်းသားများအဖို့ အဘက်ဘက်မှ လွတ်လပ်၍ စည်းစည်းရုံးရုံး ပျော်ပျော်ရွှင်ရွှင် ရှိကြလေ သည်။

သူတို့သည် လွတ်လပ်စွာ ဆွေးနွေးဟောပြောနေနိုင်ကြသည်။ စာပေရေးသားမှု၌ ဝါသနာထုံသူများ အနေ နှင့်လည်း ယူနီဗာစီတီမှ ထုတ်ဝေပေးသော အိုင်းစစ်[3] မဂ္ဂဇင်းနှင့် ချားဝဲလ် သတင်းစာတို့၌ ကြိုက်နှစ်သက်ရာ ဘာသာရပ်ကို ရေးသားတင်ပြနိုင်ခွင့်ရှိလေသည်။

ထို့အပြင် ထူးခြားချက်တစ်ခုမှာ အဆောင်၌ သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ကျူး လွန်သော ကျောင်းသားကို ကျန်သောကျောင်းသားများက ဒဏ်ခတ်နိုင်လေသည်။

ကျောင်းသားအချင်းချင်း ဒဏ်ခတ်နိုင်သောနည်းလမ်း စည်းကမ်းကလေးများကလည်း တစ်မျိုးတစ်ဘာသာ ဖြစ်လေသည်။

အဆောင်၌ ဘာသာရေး မဆွေးနွေးရဟု တားမြစ်ထားချက်ကို အမှတ်မထင် ဖောက်ဖျက်မိလျှင်ဖြစ်စေ၊ မေ့လျော့ကာ လည်စည်းမစည်းဘဲ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့လျှင်ဖြစ်စေ၊ ထိုကျောင်းသားကို ကျန်ကျောင်း သားများထဲမှ မည်သူကမဆို စိန်ခေါ်၍ ဒဏ်ခတ်နိုင်လေသည်။

သူတို့စိန်ခေါ်၍ ဒဏ်ခတ်ပုံမှာ ဘီယာ သို့မဟုတ် တခြားအဖျော်ယမကာတစ်ခုခုကို ချိုင့်ခွက်ကြီးတစ်လုံး အပြည့်ထည့်၍ အပြစ်ကျူးလွန်သူကျောင်းသားအား မနားတမ်းသောက်ချစေခြင်းဖြစ်သည်။

အကယ်၍ ထိုကျောင်းသားက အောင်မြင်စွာ သောက်နိုင်သွားပါက သူ့ကို စိန်ခေါ်ခဲ့သော ကျောင်းသားကို သူကတစ်ဖန် စိန်ပြန်ခေါ်၍ သောက်ခိုင်းခွင့်ရှိသည်။

ရှုံးသူက ဘီယာဖိုးပေးချေရလေသည်။

နောက်တစ်မျိုးရှိသေးသည်။

ထိုတစ်မျိုးကား ခုံရုံးတွင် အယူခံဝင်ခွင့်ပေးခြင်းဖြစ်သည်။

အပြစ်ပြုသူ၊ စည်းကမ်းဖောက်ဖျက်သူ ကျောင်းသားက သူ၏ပြစ်ချက်အတွက် အယူခံဝင်နိုင်လေသည်။

သို့ရာတွင် အယူခံဝင်သူသည် သဒ္ဒါနည်းကျသော လက်တင်[4] ဂရိ[5] နှင့် ဟေဘရူး[6] (ဟေဗြဲ)ဘာသာသုံးမျိုး ထဲမှ ကြိုက်ရာဘာသာတစ်ခုဖြင့်သာ အယူခံဝင်ရမည်ဖြစ်သည်။

ထိုအခါ ထိုဘာသာသုံးရပ်ကို မကျွမ်းကျင်ကြသူကသာများရာ အယူခံဝင်သူတို့ခမျာ အရှက်ကွဲကာ အပေါင်း အသင်းများ၏ ဟားတိုက်ရယ်မောခြင်းကို ခံကြရလေတော့သည်။

ထိုကဲ့သို့ လွတ်လပ်သော ကျောင်းသားဘဝသို့ တစ်ကျော့ပြန်၍ ပျော်ပျော်ပါးပါး ရောက်သွားသော မောင်တင်သည် သူ၏ပါမောက္ခဆိုသော ဘဝဟောင်းကိုပင် ရုတ်တရက် မေ့ထားလိုက်မိလေတော့သည်။

ထိုနေ့က မောင်တင်သည် ကော်ဖီဆိုင်၌ အဖော်များနှင့်ထိုင်ကာ စကားကောင်းနေခဲ့သောကြောင့် အဆောင် ပိတ်ချိန်လွန်သွားခဲ့လေသည်။

ထို့နောက် သူသည် အဖော်များနှင့်လူစုခွဲ၍ ဟိုင်းစထရိ[?] လမ်းမကြီးအတိုင်း အဆောင်ဆီသို့ လမ်း လျှောက်ပြန်သွားလိုက်သည်။

---

၁။ Porter
၂။ Bullers (Bull-Dogs)
၃။ Isis
၄။ Latin
၅။ Greek
၆။ Hebrew


MKS PUBLISHING

မောင်တင်လျှောက်သွားစဉ် လမ်းပေါ်၌ မော်တော်ဆိုင်ကယ်တစ်စီး မီးလောင်နေသည်ကို တွေ့လိုက်ရသည်။
ထိုအခါ မောင်တင်လည်း မီးလောင်နေသော မော်တော်ဆိုင်ကယ်ကို ရပ်ကြည့်နေလိုက်မိသည်။
ထိုအခိုက်မှာပင် ကျောင်းသားထိန်း ဘူးလားစ်ကြီးတစ်ယောက်က မောင်တင်၏အနားသို့ ရောက်လာခဲ့လေသည်။
အော့စဖို့ဒ်ယူနီဗာစီတီ ကျောင်းသားများသည် ညဘက်အပြင်ထွက်လျှင် ကျောင်းဝတ်စုံအဖြစ် ဝတ်ရုံအင်္ကျီ*ကို ထပ်ဝတ်ထားစေခြင်းဖြင့် အရပ်သားများနှင့် အလွယ်တကူခွဲခြား၍ သိသာနိုင်လေသည်။
ဘူးလားစ်ကြီးက မောင်တင်၏အမည်၊ နေသော အဆောင်နှင့် ကောလိပ်ကျောင်းအမည်တို့ကို မေးစမ်း၍ ရေးမှတ်ယူထားလိုက်ပြီးနောက် ပြန်နှိုင်းလိုက်လေသည်။
မောင်တင်သည် သူ့ကို အဆောင်မှူး ခေါ်တွေ့ခြင်းခံရမည့်အရေးကိုတွေး၍ စိတ်ခပ်လေးလေးနှင့် အဆောင်သို့ ပြန်ခဲ့လေသည်။
သူသည် သူ့ကို အဆောင်မှူးခေါ်တွေ့၍ မေးမြန်းစစ်ဆေးသောအခါ အဖြေပေးရမည့်အကြောင်းအချက်များကို သူ့ခေါင်းထဲ၌ တစ်လမ်းလုံး စဉ်းစားသွားလိုက်လေသည်။
ထို့နောက် အဆောင်သို့ ရောက်သောအခါ သူ့နာမည်နှင့် စာတစ်စောင်ရောက်နေကြောင်း တွေ့လိုက်ရသည်။
ထိုအခါ စိတ်ခပ်လေးလေးဖြစ်လာခဲ့သော မောင်တင်သည် ရုတ်တရက် ဝမ်းသာရွှင်လန်းသွားကာ စာအိတ်လေးကို ရောက်မဆိုက် ဖောက်ဖတ်လိုက်လေသည်။
သို့ရာတွင် စာကိုဖောက်လိုက်သော မောင်တင်ခမျာ မောသွားရှာသည်။
အကြောင်းမှာ စာအိတ်ပေါ်၌ မောင်တင်ဟု လိပ်စာတပ်ထားသော်လည်း သူ့စာကား မဟုတ်ချေ။
သူနှင့်အမည်တူ တခြားကျောင်းသားတစ်ဦးဖြစ်သော မောင်တင်၏ စာဖြစ်နေလေသည်။
ယခုစာနှင့်ဆိုပါက ဟိုကစာ သူ့ထံရောက်ကာ၊ သူ့စာက ဟို မောင်တင်ထံသို့ ရောက်သွားခဲ့သည်မှာ အသုံးငါးခါမျှရှိလေပြီ။
သူတို့နှစ်ယောက် ယခုကဲ့သို့ နာမည်တူနေသမျှ သည်အတိုင်းပင်ဆက်၍ အလွဲလွဲအမှားမှား ဖြစ်နေကြဦးမည်သာဖြစ်လေသည်။
သည်အတွက် သူတို့နှစ်ဦး၏ အမည်တူနေမှုကို ကွဲပြားခြားနားအောင်ပြုရန် မောင်တင်စိတ်ကူးလိုက်သည်။
ထိုအခါ သူ့အဖို့ တခြားတစ်ယောက်နှင့်တူနေသော သူ့အမည်မောင်တင်ကို ပြောင်းလဲပစ်လိုက်ရန်သာ ရှိလေသည်။
ထိုကဲ့သို့ ပြောင်းလဲပစ်လိုက်ရန်မှာလည်း သူက မောင်တင်ဟူသော အမည်ဖြင့် စာတိုစာရှည်ဆောင်းပါးများသာမက သူအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားလာခဲ့သော အဋ္ဌသာလိနီကျမ်းကြီးကိုပင် 'သည်အက်စ်ပိတာ'ဟူ၍ လန်ဒန်ပါဠိအသင်းကြီးမှ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။
မောင်တင်သည် ထင်ရှားကျော်ကြားနေပြီဖြစ်သော သူ့နာမည်ကို ပြောင်းပစ်လိုက်ရန်နမြောမိလေသည်။
သူသည် နမြောမိသော်လည်း နှစ်ယောက်သား နာမည်တူကာ ယခုကဲ့သို့ ဆက်လက်မှားယွင်းရှုပ်ထွေးနေဦးမည်ကိုမူ မလိုလားချေ။
ထိုကြောင့် မောင်တင်က သူ့နာမည်ရင်းလည်း မပျောက်မပျက်၊ တခြားတစ်ယောက်နှင့်လည်း ဆက်လက်၍ အလွဲမှားမှား ကွဲပြားထင်ရှားစေပြီးနောက် သူ့ကျေးဇူးရှင် မွေးသဖခင်ကိုလည်း အမှတ်တရဂုဏ်ပြုခြင်းဖြင့် သူ့နာမည်ရှေ့၌ ဖေတစ်လုံးတိုးကာ ဖေမောင်တင်ဟု ပြောင်းလဲပစ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

---

၁ High Street

* ဂျိုင်းပြတ်၊ ခါးတို၊ ရင်ခွဲ အနက်ရောင်အင်္ကျီကလေးဖြစ်သည်။

MKS PUBLISHING

## ၂၄

# သူ့စိတ်ဓာတ် နှင့် သူ့အဆုံးအဖြတ်

အပြင်မှပြန်ရောက်လာသော ဖေမောင်တင်ကို သူ့အခန်းထဲမှ စာကလေးတစ်စောင်က စောင့်ကြိုနေလေသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော အဆိုပါစာကလေးကို ဖေမောင်တင်က ဖတ်ကြည့်လိုက်သည်။

သူငယ်ချင်း တင်–
သူငယ်ချင်းဆီကို ကိုယ်လာတာ မတွေ့လို့ ဒီစာကလေး ရေးထားခဲ့ပါတယ်။ အကြောင်းကိစ္စကတော့ သူငယ်ချင်းဆီက အကူအညီတစ်ခု တောင်းချင်လို့ပါပဲ။
ဘာအကူအညီလဲဆိုတော့ ကိုယ့်အနေနဲ့ သူငယ်ချင်းတို့ရဲ့ ဗမာရာဇဝင်[၁]ကို ကမ္ဘာကသိအောင် စာအုပ်အဖြစ် ထုတ်ဝေနိုင်ဖို့ ကြိုးစားရှာဖွေစုဆောင်းလေ့လာပြီး ရေးလာခဲ့တာ သူငယ်ချင်းအသိပဲလေ။
အခုဆို နှစ်ချီအောင် ကြာညောင်းလာခဲ့ပြီပေါ့။
ဒီစာအုပ်အတွက် ကိုယ့်အရည်အချင်းတွေထုတ်ပြီး ကုန်ကျခဲ့ရတာတွေလဲ အတော်များနေပြီကွယ့်။
ဒါကြောင့် ဒီဗမာရာဇဝင်စာအုပ်ကြီးကို အခုရေးပြီးသွားချိန်မှာ ခပ်မြန်မြန်ပဲ ပုံနှိပ်ထုတ်ဝေလိုက်ချင်ပြီလေ။
ဒါပေမဲ့ ကိုယ့်စာအုပ်ဖြစ်ဖို့ မြန်မြန်ပုံနှိပ်လို့ မရအောင် အခက်အခဲတွေ့နေရပါတယ်
ဘယ်လိုအခက်အခဲလဲဆိုတော့ ကိုယ့်စာအုပ်ထဲက အချက်အလက်တချို့ကို ပုံနှိပ်တိုက်ကကြေးများနေတယ်လေ။ ဒီတော့ ကိုယ်ကပြောတယ်။ ကိုယ့်မှာ အင်မတန်ရင်းနှီးခင်မင်တဲ့ ဗမာလူမျိုး သူငယ်ချင်းပါမောက္ခ ဖေမောင်တင်ဆိုတာ ရှိတယ်။

---

၁ History of Burma

ဖေမောင်တင်ကို စာမူဖတ်အကြည့်ခိုင်းလို့ ဖေမောင်တင်က မကန့်ကွက်ဘဲထောက်ခံပေးရင် ရိုက်နိုင်မလား လို့ ကိုယ်ကမေးတော့ ပုံနှိပ်တိုက်မန်နေဂျာက ဖေမောင်တင်က ထောက်ခံကျေနပ်ရင် ရိုက်ပေးမယ်လို့ ကတိပြု တယ်။ အဲဒါကြောင့် ကိုယ့်စာမူကို သူငယ်ချင်းဖတ်ကြည့်ပြီး ထောက်ခံချက်ကလေး ကျေးဇူးပြုရေးပေးစမ်းပါနော်။

ကိုယ့်စာမူကြီးကို ပုံနှိပ်တိုက်က သူငယ်ချင်းထံ လာပို့ပေးပါလိမ့်မယ်။

သူငယ်ချင်းကို ခင်မင်လေးစား
အားထားယုံကြည်လျက်
သူငယ်ချင်းရဲ့
ဂျီ-အီး-ဟာဗီ[၁]

ဖေမောင်တင်ထံသို့ တောင်းတောင်းပန်ပန်နှင့် ကျို့ကျို့ယို့ယို့ စာရေးထားခဲ့သော ဂျီ–အီး–ဟာဗီ ဆိုသူသည် မြန်မာပြည်မှ အိုင်–စီ–အက်စ် တစ်ဦး ဖြစ်လေသည်။

အင်္ဂလိပ်လူမျိုး အိုင်–စီ–အက်စ်ဟာဗီသည် ဆေးခွင့်နှင့် စာသင်ခွင့်နှစ်ခုပေါင်းယူပြီးနောက် အော့စဖို့ဒ် ယူနီဗာစီတီသို့ တက်ရောက်၍ ဘီ–အေဘွဲ့ယူရန် ကြိုးစားအားထုတ်နေသူဖြစ်သည်။

ဖေမောင်တင်သည် မြန်မာပြည်မှာတုန်းက ဟာဗီနှင့် သိကျွမ်းရှုံမှုသာရှိခဲ့သည်။

ယခု အော့စဖို့ဒ်တွင် ကောလိပ်ကျောင်းတစ်ကျောင်းတည်း၌ နှစ်ယောက်သား လာဆုံကြသောအခါ တစ်ဦး နှင့်တစ်ဦး အထူးပင် ခင်မင်ရင်းနှီးသွားကြလေသည်။

ဟာဗီသည် မြန်မာပြည်မှာတုန်းက အိုင်–စီ–အက်စ်အဖြစ် ဘုရားထူးခံ ရာထူးအဆင့်ရှိခဲ့သော်လည်း ယခု အော့စဖို့ဒ် ယူနီဗာစီတီတွင်ကား အမ်–အေ အောင်ပြီးနောက် ဘီလစ်ဘွဲ့အတွက် တက်ရောက်နေသော ဖေမောင် တင်ထက် တစ်ဆင့်ခြားမှု ပညာရေးနိမ့်ကျလျက်ရှိလေသည်။

''ကိုယ်က မြန်မာပြည်မှာတုန်းကသာ ဘုရားထူးခံပြီး ရှိခိုးခံခဲ့ရပေမယ့် အခု ဒီအော့စဖို့ဒ်မှာတော့ ကိုယ့်ထက် ပညာရေးအဆင့် အများကြီးမြင့်နေတဲ့ သူငယ်ချင်းကို ကိုယ်ကပြန်ပြီး ရှိခိုးရလိမ့်မယ်ထင်တယ်ဟေ့''

ဖေမောင်တင်နှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိသော ဟာဗီက ခင်မင်ရင်းနှီးစွာ ရယ်မောပြောဆိုမှု ခဲ့လေသည်။

အော့စဖို့ဒ်တွင် ယောကျာ်းမအိမ်ရှိသော ဟာဗီက သူ့ယောကျာ်းမအိမ်မှနေ၍ ကျောင်းတက်လေသည်။

ဟာဗီက သူ့ယောကျာ်းမအိမ်သို့ ဖေမောင်တင်ကို ခေါ်သွားကာ ကျွေးမွေးဧည့်ခံတတ်လေသည်။

အိုင်–စီ–အက်စ် ဟာဗီသည် ဗမာစာနှင့် ဗမာစကားကို အတော်အသင့် ပြောဆိုရေးဖတ်တတ်လေသည်။

သူသည် မြန်မာပြည်၌ ရှိစဉ်ကတည်းက ဗမာရာဇဝင်စာအုပ်ကို ရေးသားရန် အချက်အလက်များ စုဆောင်း ရှာဖွေလေ့လာနေခဲ့သည်။

ယခု အော့စဖို့ဒ်တွင် သူသည် ကျောင်းတက်ရင်း ဗမာရာဇဝင်ကို ရေးသားနေလေသည်။

သူ့ဗမာရာဇဝင် စာအုပ်အတွက် ဟာဗီသည် ဖေမောင်တင်ထံသို့ မကြာခဏပြေးလာ၍ အကူအညီ တောင်းခံ တတ်လေသည်။

''သူငယ်ချင်းရေ လုပ်ပါဦးကွာ၊ ကိုယ်မနက်ဖြန်အရ သိချင်လို့ ဒါလေးတစ်ချက် ရေးပေးစမ်းပါဦးကွာနော်''

ဟာဗီသည် ဗမာစာကို ဖတ်တတ်သည်ဆိုသော်လည်း တကယ့်တကယ်၌ လည်လည်ပတ်ပတ် မဖတ်နိုင် ရှာချေ။

သည်အတွက် သူသည် သူ့ဗမာရာဇဝင်၌ ပြည့်စုံအောင် ဖြည့်စွက်ထည့်သွင်းရမည့် အချက်အလက်များ ပါရှိသော အရေးတော်ပုံအစရှိသော ဗမာစာအုပ်များကို ဖေမောင်တင်ထံသို့ ယူလာပြီးနောက် အကူအညီတောင်း ရရှာလေသည်။

ထိုအခါ ဖေမောင်တင်ကလည်း ဟာဗီသိလိုသော အချက်အလက်များကို ထုတ်နုတ်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားကာ မညည်းမညူတမ်း အကူအညီပေးခဲ့လေသည်။

---

၁။ G.E. Harvey.



MKS PUBLISHING

သူနှင့် လုစ်တို့နှစ်ယောက်က မှန်နန်းရာဇဝင်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကြသကဲ့သို့ ဟာဗီ၏ ဗမာရာဇဝင်သည်လည်း ဗမာပြည်နှင့် ဗမာလူမျိုးများအတွက် စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် ထွက်ပေါ်တည်ရှိလာနိုင်မည်မှာ ဝမ်းသာကျေနပ်စရာပင်မဟုတ်ပါလား။

ထိုကြောင့် ဖေမောင်တင်သည် ဟာဗီက အကူအညီတောင်းခံလာသမျှကို သူ့အဖို့ မအားသည့်ကြားထဲမှပင် ရသလိုလိုလားလား အကူအညီပေးခဲ့လေသည်။

ထိုနောက် ဟာဗီသည် သူ့ဗမာရာဇဝင်ကြီးကို ရေးသားပြီးစီးသွားလေသည်။ သူသည် သူ့ဗမာရာဇဝင်ကြီးကို အောက်စဖို့ဒ် ယူနီဗာစီတီပိုင် ကလယ်ရဒွန် ပုံနှိပ်တိုက်နှင့် ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်နေကြောင်း ဖေမောင်တင် သိလိုက်သည်။

သို့ရာတွင် ယခု ဟာဗီ၏ စာအရ ပုံနှိပ်တိုက်နှင့် မပြေမလည် ဖြစ်နေပုံရှိလေသည်။

ဘာအတွက် မပြေမလည် ဖြစ်နေကြောင်းကိုမူ ဖေမောင်တင် မသိချေ။

ဟာဗီထံမှ စာရပြီးနောက် နေ့လယ်ဘက်၌ ကလယ်ရဒွန်ပုံနှိပ်တိုက်မှ မန်နေဂျာကြီးကလည်း ဖေမောင်တင်ထံသို့ ရောက်လာခဲ့ပြန်သည်။

''ကဲ မစ္စတာ ဖေမောင်တင်၊ ဟာဗီ စာမူကြီးနဲ့ပတ်သက်ပြီး ဟာဗီနဲ့ ကျုပ်နဲ့ စကားများနေကြတယ်ဗျ''

မန်နေဂျာကြီးက ဟာဗီ၏ ဗမာရာဇဝင်စာမူကြီးကို ဖေမောင်တင်သို့ ထိုးပေးရင်း ပုံနှိပ်ထုတ်ဝေရန် မပြေမလည်ဖြစ်နေသော အကြောင်းရင်းကို ရှင်းပြလေသည်။

''စကားများရတဲ့ အကြောင်းကတော့ စာမူကြီးကို ကျုပ်ဖတ်ကြည့်တဲ့အခါ ကျုပ်တို့ ပုံနှိပ်တိုက်အနေနဲ့ သက်ခံပြီး ရိုက်မပေးနိုင်တဲ့ အချက်ဆယ်ချက်လောက်တွေ့တယ်။ အဲဒီအချက်တွေကို ပယ်ဖျက်ပေးမှ ကျုပ်တို့ ပုံနှိပ်တိုက်က ရိုက်နှိပ်ပေးနိုင်မယ်ဆိုတာကို ဟာဗီက ပယ်ဖျက်မပေးနိုင်ဘူးတဲ့။ ဒါနဲ့ နောက်ဆုံးမှာ ကျုပ်တို့ နှစ်ဦးနှစ်ဖက်စလုံးက ခင်ဗျားကို ခုံသမာဓိလုပ်နိုင်းပြီး ခင်ဗျားရဲ့အဆုံးအဖြတ်ကို လက်ခံဖို့ သဘောတူကြတယ်။ ဒါကြောင့် အခု ဒီစာမူကြီးကို ခင်ဗျားဆီလာပို့ပါတယ်။ ခင်ဗျားဖတ်ကြည့်ပြီးတော့ ဟာဗီစာမူအတိုင်းပဲ ရိုက်နှိပ်စေချင်သလား၊ ဒါမှမဟုတ်လို့ ကျုပ်တို့ ကန့်ကွက်ထားတဲ့ အချက်အလက်တွေကို ပယ်ဖျက်ပေးမှသာ ရိုက်နှိပ်စေသင့်သလားဆိုတာကို ခင်ဗျားကြိုက်သလို အဆုံးအဖြတ်ပေးပါ။ ခင်ဗျားအနေနဲ့ ဟာဗီကို သူ့စာမူအတိုင်း ပြုတ်မဖြတ်ဘဲ ရိုက်ပေးသင့်တယ်လို့ သဘောတူထောက်ခံမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ရိုက်ပေးလိုက်ပါ့မယ်''

သူ့အဖို့ နေရင်းထိုင်ရင်း ခုံသမာဓိအလုပ်ရသွားသော ဖေမောင်တင်သည် ဟာဗီ၏ ဗမာရာဇဝင်မူ အထူကြီးကို မည်းမည်းမည်မူ ဖတ်လိုက်ရလေသည်။

ထို့နောက် စာမူကြီးကို ဖတ်ပြီးသွားသောအခါ ဖေမောင်တင်သည် ပုံနှိပ်တိုက်မှ မန်နေဂျာကြီးနှင့် တစ်သဘောတည်း ဖြစ်သွားလေတော့သည်။

ဟာဗီသည် သူ့စာမူအထူကြီးကို အထူးတလည် ကြိုးစားအားထုတ်၍ ရေးသားထားလေသည်။ ဗမာရာဇဝင်နှင့် ပတ်သက်၍ တိကျမှန်ကန်ပြီးနောက် အချက်အလက်များ ပြည့်စုံစေရန်လည်း အပင်ပန်းခံ၍ ရှာဖွေဆည်းလာတင်ပြထားကြောင်း တွေ့ရသည်။

သို့ရာတွင် ဗမာလူမျိုးများနှင့် ဗမာရှင်ဘုရင်များကို ဟာဗီသည် သူ့ဗမာရာဇဝင်ကြီးထဲ၌ ချိုးချိုးနှိမ်နှိမ် ဒိဒိစီးစီး ရေးထားလေသည်။

ထိုကဲ့သို့ ချိုးနှိမ်ဖိစီးကာ ရေးသားထားချက်များကိုပင် ပုံနှိပ်တိုက်က လက်မခံဘဲ ကန့်ကွက်ငြင်းဆန်နေခြင်း ဖြစ်လေသည်။

ဖေမောင်တင်သည် ကလယ်ရဒွန် စာပုံနှိပ်တိုက်မှ တာဝန်ခံမန်နေဂျာကြီးကို လေးစားသွားမိလေသည်။

အင်္ဂလိပ်လူမျိုးဖြစ်သော မန်နေဂျာကြီးအနေဖြင့် သူတို့အင်္ဂလိပ်လူမျိုးတစ်ဦးပင်ဖြစ်သော ဟာဗီသည် သူ့ဗမာရာဇဝင်စာအုပ်ကို ဘယ်သို့ဘယ်ပုံပင် ရေးထားသည်ဖြစ်စေသူ၌ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိပြီးသားဖြစ်သည်။

ဟာဗီက ချိုးနှိမ်ဖိနှိပ်၍ ရေးသားထားသည်မှာ သူတို့အင်္ဂလိပ်လူမျိုးများနှင့် ဘာမျှမပတ်သက်၊ မထိခိုက်နိုင်သော မြန်မာပြည်နှင့် ဗမာလူမျိုးများအကြောင်းသာဖြစ်သည်။

သူတို့အင်္ဂလိပ်လူမျိုးများအနေနှင့် အနေသာကြီးဖြစ်လေသည်။

သို့ရာတွင် နာမည်ကျော် ကလယ်ရဒွန် စာပုံနှိပ်တိုက်၏ တာဝန်ခံမန်နေဂျာကြီးသည် လူမှုဝတ္တရားနှင့် စောင့်စည်းထိန်းသိမ်းအပ်သော တာဝန်ကို နားလည်ထားသူဖြစ်သည်။

သူသည် သူတို့ပုံနှိပ်တိုက်မှ လက်ခံပုံနှိပ်ထုတ်ဝေပေးရမည့် စာမူကို တာဝန်မဲ့ လက်မခံခဲ့ပေ။

ထိုစာမူ၌ တစ်ဖက်သားကို ငြိစွန်းထိခိုက်စေနိုင်သော ပြဿနာ၊ အရှုပ်အထွေး ဖြစ်စေနိုင်သော အချက်အလက်၊ အကြောင်းအရာများမှ ကင်းရှင်း၏၊ မကင်းရှင်း၏ကို ဖတ်ရှုစစ်ဆေးသည်။

ထိုကဲ့သို့ ဖတ်ရှုစစ်ဆေး၍ အပြစ်မကင်းကြောင်း တွေ့သောအခါ ပုံနှိပ်တိုက် မန်နေဂျာကြီးသည် သူတို့ အင်္ဂလိပ်လူမျိုးချင်းဟူ၍ ဘက်မလိုက်၊ မျက်နှာသာ မပေးချေ။

သည်အတွက်ကြောင့်ပင် ယခု ဟာဗီ၏ ဗမာရာဇဝင်စာမူကြီးမှာ ဖေမောင်တင်၏ အဆုံးအဖြတ်ကို ခံယူရန် ရောက်လာခဲ့ရလေသည်။

သူတို့နှစ်ဦးနှစ်ဖက်စလုံးက ဖေမောင်တင်၏ အဆုံးအဖြတ်ကို လက်ခံနာယူပါမည်ဟု ဆိုထားကြသည်။

ထိုအခါ ခုံသမာဓိ တရားသူကြီး ဖေမောင်တင်က မှန်ကန်စွာ အဆုံးအဖြတ် ပေးလိုက်လေသည်။

ပုံနှိပ်တိုက်မန်နေဂျာကြီးက ခဲတံပြာကြီးနှင့် ကွင်းပြထားသော ဟာဗီ၏ စာမူကြီးထဲမှ စာမျက်နှာနှင့် စာပိုဒ်များကို ဖေမောင်တင်ကလည်း အပေါ်မှထပ်၍ ခဲတံအနီကြီးဖြင့် ဝိုင်းပြလိုက်သည်။

ထို့နောက် သူက ထိုနေရာနှင့် ထိုစာပိုဒ်များကို ဖြုတ်ပစ်ရန်၊ သို့မဟုတ်ပါကလည်း ပြန်လည်ပြုပြင်ရေးသားပါရန်ဟု မှတ်ချက်ရေးပေးလိုက်လေသည်။

ထိုအချိန်မှစ၍ ဖေမောင်တင်နှင့် ဟာဗီတို့နှစ်ယောက်သည် အဆက်ပြတ်ကာ မိတ်ပျက်သွားလေသည်။

အဆက်ပြတ်သည်ဆိုရာ၌ ဟာဗီက ဖေမောင်တင်ကို စိတ်ဆိုးကာ အဆက်ဖြတ်၍ မိတ်ဆွေစာရင်းမှ ပယ်ဖျက်လိုက်ခြင်းသာဖြစ်သည်။

ဟာဗီက သူ့ကိုယ်သူ မြန်မာပြည်၌ ဘုရားထူးခံ အိုင်-စီ-အက်စ် ဆိုသောမာန်ဖြင့် သူကြိုးစားရှာဖွေကာ ရေးသားထားချက်များအပေါ်သို့ ဘယ်နည်းနှင့်မဆို ဖေမောင်တင် ထောက်ခံပေးလိမ့်မည်ဟု စိတ်ချထားခဲ့ပုံရှိသည်။

ထို့အပြင် သူနှင့် ဖေမောင်တင်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်းလည်းဖြစ်သည် မဟုတ်ပါလား။

သို့ရာတွင် သူမျှော်လင့်ထားခဲ့သလို ဖြစ်မလာသောအခါ ဖေမောင်တင်ကို ဟာဗီ စိတ်ဆိုးသွားလေတော့သည်။

ဟာဗီ၏ဘက်မှ တွက်သောအခါ ဖေမောင်တင်၏ အပေါ်၌ တကယ်ပင် စိတ်ဆိုးစရာဖြစ်လေသည်။

မာနကြီးကာ ပညာမာန်တက်ပုံရသော ဟာဗီသည် သူရေးထားသော စာမူကို လုံးဝပြုပြင်ခြင်း ပယ်ဖျက်ခြင်း မပြုလိုချေ။

အကယ်၍ ယခု ကလယ်ရဒွန် ပုံနှိပ်တိုက်အစား တခြားပုံနှိပ်တိုက်တစ်တိုက်တိုက်၌သာ သူ့စာမူကြီးကို ရိုက်နှိပ်ရန် စီစဉ်မည်ဆိုပါက ဟာဗီအတွက် ဘာပြဿနာမျှ တက်စရာမလိုဘဲ အလွယ်တကူ ရိုက်နှိပ်နိုင်လိမ့်မည် ထင်သည်။

သို့ရာတွင် ဟာဗီကလည်း တခြားဘယ်ပုံနှိပ်တိုက်ကိုမျှ စိတ်မဝင်စား။ သူ့စာမူကြီးကို ကလယ်ရဒွန် ပုံနှိပ်တိုက်မှာသာ ထူးထူးခြားခြား ရိုက်နှိပ်လိုလေသည်။

ထိုကဲ့သို့ ကလယ်ရဒွန် ပုံနှိပ်တိုက်၌သာ သူ့စာမူကို ရိုက်နှိပ်လိုခြင်းမှာ ဟာဗီ၌ အကြောင်းရှိလေသည်။

ကလယ်ရဒွန် ပုံနှိပ်တိုက်သည် တော်ရုံတန်ရုံစာမူမျိုးကို ရိုက်နှိပ်ထုတ်ဝေလေ့ မရှိချေ။

ထိုပုံနှိပ်တိုက်က စိတ်တိုင်းကျ လက်ရွေးစင် စာမူများကိုသာ စိစစ်၍ ရိုက်နှိပ်ထုတ်ဝေလေ့ရှိသည်။

ထို့ကြောင့် ကလယ်ရဒွန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသော စာအုပ်တိုင်းသည် အောင်မြင်ကျော်ကြားလေ့ရှိလေသည်။

ကလယ်ရဒွန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေ ပေးခြင်းခံရသော စာပေရေးသားသူသည်လည်း အခြားသော ပုံနှိပ်တိုက်များမှ ရိုက်နှိပ်ထုတ်ဝေပေးသူများထက်ဂုဏ်ရှိသည်။

စာပေရေးသားသူများကလည်း သူ့စာမူကို ကလယ်ရဒွန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေပေးခြင်းအတွက်

ဂုဏ်ယူလေ့ရှိကြလေသည်။

ထိုကဲ့သို့သော အကြောင်းအချက်များကြောင့်ပင် သူ့ဗမာရာဇဝင်စာမူကြီးကို တန်ဖိုးထားသော ဟာဗီက ကလယ်ရဒွန် ပုံနှိပ်တိုက်တွင်မှ ထူးထူးခြားခြား ရိုက်နှိပ်ထုတ်ဝေလိုခြင်းဖြစ်လေသည်။

ကလယ်ရဒွန် ပုံနှိပ်တိုက်ကလည်း တာဝန်နှင့်စည်းကမ်းအရ သူတို့လက်မခံနိုင်သော အချက်အလက် တချို့မှလွဲ၍ ဟာဗီ၏ ဗမာရာဇဝင်စာမူကြီးကို ရိုက်နှိပ်ထုတ်ဝေပေးရန် စိတ်ဝင်စားခဲ့သည်။

သို့ရာတွင် ဟာဗီကလည်း သူ့စာမူထဲက ဘယ်တစ်ချက်ကိုမှပြုပြင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုလိုသောအခါ နှစ်ဦးနှစ်ဖက် မပြေမလည်ဖြစ်ကာ ဖေမောင်တင်ထံသို့ ရောက်လာခဲ့တော့သည်။

ဟာဗီက ဖေမောင်တင်အနေဖြင့် ဗမာရာဇဝင်စာမူကြီးထဲမှ အချက်အလက်တချို့ကို သဘောတူကောင်းမှ သဘောတူမည် ဖြစ်သော်လည်း သူငယ်ချင်းမိတ်ဆွေနှင့်သူ၏ အိုင်-စီ-အက်စ် ရာထူးတို့ကို အားနာထောက် ထားကာ သူ့ဘက်မှ ရပ်တည်ပေးလိမ့်မည်ဟု မျှော်လင့်ယုံစားထားခဲ့ဟန်တူသည်။

ထို့ကြောင့် သူက ဖေမောင်တင်၏ အဆုံးအဖြတ်ကို စိတ်ချယုံကြည်စွာဖြင့် ပုံနှိပ်တိုက်နှင့် အပေးအယူ လုပ်လာခဲ့ခြင်း ဖြစ်ချေမည်။

သို့ရာတွင် ဖေမောင်တင်က သူမျှော်လင့်ယုံစားထားခဲ့သလို သူ့ကို မထောက်မခံ ငြင်းဆန် ဆန့်ကျင်လိုက် သောအခါ ဟာဗီမှာ နာကြည်းဒေါသဖြစ်သွားရာလေသည်။

ထိုကဲ့သို့ သူ့မျှော်မှန်းအားထားချက်ကြီး ပျက်စီးသွားရသော ဟာဗီသည် ဖေမောင်တင်အပေါ်သို့ အမျက် မပြေနိုင်ဘဲ အဆက်အသွယ်ဖြတ်ကာ သူငယ်ချင်းမိတ်ဆွေစာရင်းထဲမှပင် ဖျက်ပစ်လိုက်လေတော့သည်။

သည်အတွက် ဖေမောင်တင်သည် အနည်းငယ်တော့ စိတ်မကောင်းခြင်းဖြစ်မိသည်။

သို့ရာတွင် သူသည် ဝမ်းနည်းကြေကွဲခြင်းကား မဖြစ်ချေ။

သူ့အဖို့ အိုင်-စီ-အက်စ် တစ်ယောက်ကို မိတ်ဆွေမပျက်ရေးထက် မိမိတိုင်းပြည်နှင့် မိမိလူမျိုးဘက်က သတ္တိရှိရှိ ရပ်တည်ကာကွယ်ပေးနိုင်ရေးကိုပို၍ အလေးထားရမည် မဟုတ်ပါလား။

နိုင်ငံခြားသားတစ်ယောက်က မိမိတိုင်းပြည်နှင့် မိမိလူမျိုးများကို တန်ဖိုးမရှိအောင် မညှာမတာ ရေးသား သုံးသပ်ချက်အား မှန်ပါ့ဘုရားလုပ်၍ ထောက်ခံပေးမည့်အစား ဖေမောင်တင်က သတ္တိရှိရှိ ကန့်ကွက်ချေဖျက်၍ လူတကာက မျက်နှာလိုအားရ ပေါင်းသင်းဆက်သွယ်ချင်သော အိုင်-စီ-အက်စ် မျက်နှာဖြူများကို ဆယ်သက် ဆယ်ကမ္ဘာတိုင်အောင် မိတ်ပျက်ဆွေပျက် ခံယူဝံ့လေသည်။

ထို့ကြောင့် ဖေမောင်တင်သည် သူ့ကို မခေါ်နိုင်မပြောနိုင် ဖြစ်သွားသော ဟာဗီကို သူကလည်း အရေး မစိုက်ဘဲ နေလိုက်လေတော့သည်။

# ၂၅

## အမ်–အေ–ဘီလစ် ဖေမောင်တင်

၁၉၂၂– ခုနှစ်တွင် တစ်ကျော့ပြန် ကျောင်းသားကြီး ဖေမောင်တင်သည် အော့စဖို့ဒ်ယူနီဗာစီတီမှ ပေးအပ်သော ဘီ–လစ် ဘွဲ့ကို ဆွတ်ခူးရရှိလိုက်လေသည်။

ထိုအခါ သူသည် ဘီ–အေ၊ အမ်–အေ၊ မောင်တင်ဘဝမှ ဖေမောင်တင် ဘီ–လစ် အော့စဖို့ဒ်ဟူသော ဒီသေသသထူးဖြင့် မစ္စတာဖာနီဗယ်လ်ကြီး ပြောခဲ့ဖူးသလို မိတ်အင် အင်္ဂလန်၊ အင်္ဂလန်ပြည်မှာလုပ်သည်ဆိုသော အမှတ်တံဆိပ်ကို ပိုင်ဆိုင်သူအဖြစ်သို့ ကူးပြောင်းတိုးတက်သွားလေတော့သည်။

ထိုကဲ့သို့ လာရင်းရည်ရွယ်ချက်ကြီး ပြီးမြောက်အောင်မြင်သွားသော ဖေမောင်တင်သည် မြန်မာပြည်သို့ ပြန်ရန်သာ ရှိလေသည်။

သို့ရာတွင် ဖေမောင်တင်က မြန်မာပြည်သို့ မပြန်လိုသေးချေ။ သူသည် အင်္ဂလိပ်အစိုးရစရိတ်နှင့် ရောက်ဘုန်းရောက်ခိုက် အခွင့်အရေးရနိုင်ပါက ရနိုင်သလောက် အင်္ဂလန်၌ဆက်နေကာ ရနိုင်သမျှပညာကို ဆက်ရှာဒေိုက်ချင်သေးသည်။

ထို့ကြောင့် သူက အင်္ဂလိပ်စာပေများကို ဆက်လက်သင်ယူရှာမှီးလိုသေးကြောင်းဖြင့် မြန်မာပြည်မှ တာဝန်ရှိသူများထံ စာရေးတောင်းခံလိုက်သည်။

ဖေမောင်တင်၏ တောင်းခံချက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက လွယ်လွယ်ကူကူပင် သဘောတူ ခွင့်ပြုဒေိုက်လေသည်။

ထိုအခါ ဖေမောင်တင်သည် အော့စဖို့ဒ် ယူနီဗာစီတီ၌ အင်္ဂလိပ်ရသစာပေကို ဆက်လက်လေ့လာရှာမှီးဒေိုက်သည်။

ဖေမောင်တင်သည် အော့စဖို့ဒ်၌ တစ်ဖက်က သူ့အတွက် ဘီ–လစ်ဘွဲ့ထူးကိုရယူကာ အင်္ဂလိပ်ရသ*စာပေများကို လေ့လာရှာမှီးရင်းမှ တစ်ဖက်ကလည်း သူ့တာဝန်မပျက် စာပေများကို ရေးသားနေခဲ့လေသည်။

---

* English Literature

သူသည် သုတေသန ဂျာနယ်အတွက်

**၁၉၂၁-ခုနှစ်တွင်၊**

၁။ တကောင်းမြို့သမိုင်း။

**၁၉၂၂-ခုနှစ်တွင်၊**

၁။ ရှင်ဗုဒ္ဓဃောသ။

၂။ နိုင်ငံခြားဝင် လက်မှတ်၌ပါသော မြန်မာစာ။

**၁၉၂၃-ခုနှစ်တွင်၊**

၁။ မြန်မာကျောက်စာဂျာနယ်၊ ဝေဖန်စာ။

နှင့်

မြန်မာနိုင်ငံ သုတေသနအသင်းက မြန်မာစာပေကျမ်းအဖြစ် ထုတ်ဝေရန်အတွက်

၂။ ဩဝါဒထူးပျို့ (စိန္တကျော်သူ)

အစရှိသော စာပေဆောင်းပါး ဝေဖန်စာနှင့် ကျမ်းတို့ကို ရေးသားတည်းဖြတ်၍ ကြိုးစားဖော်ထုတ် ပေးပို့ခဲ့လေသည်။

ထို ၁၉၂၃-ခုနှစ်ထဲမှာပင် သူ့ ဘီ-လစ်ဘွဲ့အတွက် ဖေမောင်တင်စာတမ်း ရေးတင်ခဲ့သော အင်္ဂလိပ်ဘာသာပြန် ဝိသုဒ္ဓိမဂ်သီလပိုင်း ပထမတွဲ 'သည်ပတ်သ်အော့ဖ်ပြူရတီ'ကို လန်ဒန်ပါဠိအသင်းကြီးက စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်လေသည်။

ယခု ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်ဘာသာပြန်ဆိုသူ ဖေမောင်တင်သည် ၁၉၂၀-၂၁ ခုနှစ်၌ လန်ဒန်ပါဠိအသင်းကြီးမှ ထုတ်ဝေဖြန့်ချိပေးခဲ့သော 'အဋ္ဌသာလိနီ'ကျမ်းကြီးကို ပြန်ဆိုရေးသားခဲ့သူ မောင်တင်ပင်ဖြစ်ကြောင်းကို ထုတ်ဝေသူက စာအုပ်၌ ဖော်ပြထားလေသည်။

ထိုကဲ့သို့ သူ့မြန်မာစာပေပင်ကလေး ပျိုးချနိုင်ရေးအတွက် တာဝန်မပျက် လေ့လာရှာဖွေကာ ရေးသားပေးပို့နေခဲ့သော ဖေမောင်တင်သည် သူ့အတွက် အင်္ဂလိပ်စာပေပညာ ရှာမှီးဆည်းပူးရေးတွင် အချိန်ပြည့်မပေးနိုင်ခဲ့ချေ။

''အင်္ဂလိပ် အနုစာပေကို တကယ်လိုက်စားလိုသူ တစ်ယောက်ဟာ စာအုပ်တွေအများကြီး ရှာဖတ်ရတယ်၊ အခု မင်းမှာက စာဖတ်အား အများကြီးနည်းနေသေးတယ်၊ စာအုပ်တွေအများကြီး ရှာဖတ်ဖို့လိုနေသေးတယ်၊ ဒီအတိုင်းဆိုရင် မင်းကို ဒုတိယအဆင့်နဲ့ပဲ အအောင်ပေးနိုင်မယ်''

နှစ်ကုန်သောအခါ သူနှင့်သက်ဆိုင်သော ပါမောက္ခက ဖေမောင်တင်၏ အခြေအနေကို စစ်ဆေးပြီးနောက် အထက်ပါအတိုင်း မှတ်ချက်ချလိုက်လေသည်။

သည်အတွက် ဖေမောင်တင် အထူးပင်စိတ်ပျက်သွားလေသည်။

အချိန်ရှိသရွေ့ စာကြည့်တိုက်များသို့ လှည့်လည်ကာ သူ့အတွက် စာပေပညာရှာမှီးရေး တစ်ဖက်တည်း၌သာ သူ့ဘဝသူ မြှုပ်မထားနိုင်သော ဖေမောင်တင်က အင်္ဂလိပ်ရသစာပေပညာကို ဆက်လက်သင်ယူရေးသည် သူ့အတွက် အခြေအနေမပေးလှကြောင်းကို ကောင်းကောင်းနားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် ၁၉၂၄ ခုနှစ်၌ အော့စဖို့ဒ်ယူနီဗာစီတီမှ လန်ဒန်မြို့သို့ သွားလိုက်သည်။

လန်ဒန်သို့ ရောက်သောအခါ ဖေမောင်တင်သည် ပါမောက္ခ ဒင်နီယယ်လ်ဂျုံးစ်[၁] (အမ်-အေ)ဆိုသူနှင့် တွေ့ဆုံသိကျွမ်းရသည်။

အဆိုပါ ဒင်နီယယ်လ်ဂျုံးစ်သည် "သည်လန်ဒန်ဖိုနက်တစ်ရီးဒါးစ်"[၂] ဟူသော အမည်ဖြင့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ပန်ဂျပ်၊ တရုတ်ကန်တုံအထိ ဘာသာရပ်အစုံစုံတို့ကို သဒ္ဒဗေဒ ဖတ်စာများအဖြစ်သို့ တာဝန်ယူ၍ တည်းဖြတ်ထုတ်ဝေဖြန့်ချိနေသူဖြစ်သည်။

ဒင်နီယယ်လ်ဂျုံးစ်နှင့် ပတ်သက်၍ မစ္စလီလီယာစ် အီး အမ်းစထရောင်း[၃] (ဘီ အေ)နှင့် ဖေမောင်တင်

---

၁။ Daniel Jones: M.A

၂။ The London Phonetic Readers

ဆက်သွယ်မိလေသည်။

မစ္စအမ်းစထရောင်းသည် လန်ဒန်ယူနီဗာစီတီ ကောလိပ်၌ သဒ္ဒဗေဒဝါရင့်ကထိက[၂] အဖြစ် အမှုထမ်းနေသူ ဖြစ်သည်။

သူသည် ဒင်နီယယ်လ်ဂျုံးစ်၏ လန်ဒန်သဒ္ဒဗေဒ စာစဉ်တွင် အင်္ဂလိပ်ဘာသာ သဒ္ဒဗေဒ စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ဖူးလေသည်။

ထိုကဲ့သို့သော မစ္စအမ်းစထရောင်းနှင့် ဖေမောင်တင် သိကျွမ်းဆက်သွယ်မိခြင်းသည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြခြင်းပင်ဖြစ်လေသည်။

ထိုကဲ့သို့ ပညာရှင်နှစ်ဦးတို့ ပတ်သက်ဆက်သွယ်လိုက်မိခြင်းသည် ပညာရှာမှီးလိုသူများနှင့် နောင်လာနောင်သားများအတွက် ပညာအသီးအပွင့်ကလေးတစ်ပွင့်ကို သန္ဓေတည်၍ မွေးဖွားထားပစ်နိုင်ခဲ့ကြလေသည်။

ဖေမောင်တင်သည် တစ်ချိန်လုံး သူ့ရင်ထဲ၌ ကိန်းအောင်းနေခဲ့သော ကြံစည်စိတ်ကူးထားချက်ကလေးကို မစ္စအမ်းစထရောင်းနှင့် တွဲဖက်၍ "အေဘားမီးစ်ဖိုနက်တစ်ရီးဒါး"[၃] ကို ရေးသားလိုက်လေသည်။

ထိုစာအုပ်ကို ရေးသားသည်ဆိုရာ၌ ဖေမောင်တင်အဖို့ ရေးရုံနှင့်မပြီးချေ။ အင်္ဂလိပ်ဘာသာနှင့် ရေးသားဘင်ပြထားသော မြန်မာစကားအသံထွက်များကို ပီသမှန်ကန်စေရန် ဓာတ်ပြားထဲ၌လည်း အသံသွင်းပေးရသေးသည်။

ထိုအခါ မြန်မာဘာသာစကားကို လေ့လာသင်ကြားလိုသူများသည် စာအုပ်နှင့်ဓာတ်ပြားကို တွဲဖက်ဖတ်ရှုနားထောင်ခြင်းဖြင့် တိကျမှန်ကန်သော အသံထွက်ကို ကြားနိုင်သိနိုင်မည်ဖြစ်လေသည်။

ဖေမောင်တင်၏ အသံထွက်စကားများကို မစ္စအမ်းစထရောင်းက သဒ္ဒဗေဒ အက္ခရာသင်္ကေတများဖြင့် ရေးသားဖော်ပြပေးလေသည်။

ထိုကဲ့သို့ အသံထွက်စကားများကို ဖော်ပြရာတွင် သဒ္ဒဗေဒ အက္ခရာနှင့် မြန်မာအသံထွက်အက္ခရာတို့ တစ်ပြေးညီဖြစ်စေရန် မစ္စအမ်းစထရောင်းသည် ဖေမောင်တင်နှင့်ညှိ၍ မြန်မာအသံထွက် အက္ခရာစနစ်ကို တီထွင်ခဲ့လေသည်။

ဖေမောင်တင်နှင့် မစ္စအမ်းစထရောင်းတို့ နှစ်ယောက်ကို အိုက်ဒါဝပ်ဒ်[၄]ဆိုသူ မိတ်ဆွေတစ်ဦးကလည်း ဝိုင်းဝန်း၍ အကူအညီပေးလေသည်။

ထိုကဲ့သို့ မြန်မာအသံထွက် အက္ခရာများကို တီထွင်ပြီးစီးသွားကြသောအခါ သူတို့သည် စကားသံဖြစ် အင်္ဂါများ[၅]၏ပုံဇယား၊ နှိုင်းယှဉ်ပြသော ပုံဇယားများနှင့် မြန်မာဗျည်းသံဇယားတို့ကို ရေးဆွဲဖော်ပြကာ ဖတ်ရှုလေ့လာသူများ နားလည်သဘောပေါက်စေရန် ရှင်းလင်းတင်ပြပေးကြရလေသည်။

သို့မဟုတ်ပါက မြန်မာဘာသာစကားကို တိုင်းတစ်ပါးသား လူမျိုးခြားများအနေဖြင့် မမှန်မကန် လွဲမှားစွာ အသံထွက် ပြောဆိုကြပေလိမ့်မည်။

မြန်မာလူမျိုးများက အက္ခရာစကားလုံးများ၏ ရှေ့ဘက်မှလာသော အသံထွက်ကိုသာ အရေးထား၍ ပြောဆိုကြသည်။

အင်္ဂလိပ်များကမူ အက္ခရာစကားလုံးများ၏ အဆုံးသတ် အသံထွက်ကိုပါ အရေးထား၍ ရွတ်ဆိုလေ့ရှိကြသည်။

ဥပမာ၊

Foot Ball ဆိုသော စကားလုံးကို ဖွတ်ဘောလ်ဟု ဖွတ်၏နောက်ဆုံးစာလုံး (တီ–t) သံကလေးနှင့် ဘောလ်၏နောက်ဆုံး (အယ်လ်–l) သံကလေးတို့ပါအောင် ရွတ်ဆိုကြလေသည်။

---

၁ Miss Lilias E. Armstrong: B.A.

၂ Senior Lecturer in Phonetics at University College, London

၃ A Burmese Phonetic Reader (မြန်မာသဒ္ဒဗေဒဖတ်စာ)

၄ Ida Ward

၅ The Organs of Speech

ထိုအတူ၊

Five Hundred ဆိုသောစကားကိုလည်း ဖိုက်ဗ်၏ (ဗီ–V) အသံနှင့် ဟန်ဒရက်ဒ်၏ (ဒီ–D)သံလေးတို့ကို ပီအောင် ရွတ်ဆိုကြသည်။

ထို့ကြောင့် ဗမာနာမည်များဖြစ်သော လွန်းအောင်၊ မောင်ကျော် စသည်များကို အင်္ဂလိပ်စာလုံးဖြင့် ပေါင်းထားသောအခါ၊

လွန်းအောင် – Lun Aung

မောင်ကျော် – Maung Kyaw

ကို အင်္ဂလိပ်လူမျိုးများက သူတို့၏အလေ့အကျင့်အတိုင်း စာလုံးအဆုံးသတ်၏ အသံထွက်ကိုပါယူလျက်

လွန်းနောင်

မောင်ကယော်

ဟု ရွတ်ဆိုတတ်ကြလေသည်။

ထိုအခါ ဖေမောင်တင်က မြန်မာစာနှင့် မြန်မာစကားတွင် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားမှာကဲ့သို့ အဆုံးသတ်စကားလုံး အသံထွက်ကို ထည့်သွင်း၍ မရွတ်ဆိုရကြောင်းကို ရောက်လေရာ၌ ရှင်းလင်းပြောပြရလေသည်။

ယခုမူ ဖေမောင်တင်အဖို့ နှုတ်သံဖြင့် ရှင်းလင်းပြောပြရုံမျှ မဟုတ်တော့ဘဲ မစ္စအမ်းစထရောင်းနှင့် တွဲဖက်၍ မြန်မာစာနှင့်စကားကို ဘာသာခြားတိုင်းတစ်ပါးတို့ သိနားလည်နိုင်ကြစေရန် စာတစ်အုပ်အဖြစ် ရေးသားထုတ်ဝေလိုက်နိုင်ပြီဖြစ်လေသည်။

ထိုမြန်မာသဒ္ဒါဗေဒ ဖတ်စာအုပ်ထဲ၌ ဖေမောင်တင်က မြန်မာ့ရိုးရာပုံပြင်ကလေး ၁၈ ခုကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားထားလေသည်။

အဆိုပါ မြန်မာ့ရိုးရာပုံပြင်ကလေး ၁၈ ခုမှာ၊

| | | | |
|---|---|---|---|
| ၁။ | လင်နဲ့မယား | ၁၀။ | အဖနှင့်သား |
| ၂။ | ဦးလေး အမွေခွဲပုံ | ၁၁။ | ဝံပုလွေနှင့် သိုးငယ် |
| ၃။ | ကစားသမား၏ ဆေးလိပ် | ၁၂။ | ဒေါင်းယောင်ဆောင်သော ကျီး |
| ၄။ | ညီနှင့်အစ်ကို | ၁၃။ | ယုန်နှင့်လိပ် အပြေးပြိုင်ခြင်း |
| ၅။ | မြောက်လေနဲ့ နေမင်း | ၁၄။ | ကျီးနှင့် မြေခွေး |
| ၆။ | ညသံ | ၁၅။ | ကြောင်နှင့်ကြွက် |
| ၇။ | အိမ်ထောင်ကျစ မိန်းမနှင့်ယောကျ်ား | ၁၆။ | နံ့ကောင်နှင့် ပုရွက်ဆိတ် |
| ၈။ | သတင်းစာဆရာနှင့် ငြင်းခုံခြင်း | ၁၇။ | ခွေးနှင့် နွားထီး |
| ၉။ | မီးရထားနောက်ကျသော လင်မယား | ၁၈။ | မင်းသားညီနောင်နှစ်ပါး |

တို့ ဖြစ်လေသည်။

ဖေမောင်တင်သည် ဘာသာပြန်ပေးသော မြန်မာပုံပြင်ကလေး ၁၈ ခုကို မစ္စအမ်းစထရောင်းက သူတီထွင်ထားသော မြန်မာသဒ္ဒါဗေဒ အသံထွက် အက္ခရာများဖြင့် ယှဉ်တွဲဖော်ပြပေးလေသည်။

ထိုအခါ မြန်မာသဒ္ဒါဗေဒ စာအုပ်ကလေးကို ဖတ်ရှုလေ့လာကြမည်ဖြစ်သော တိုင်းတစ်ပါးသားတို့သည် မြန်မာစကားအသံထွက်နှင့်အတူ အဓိပ္ပာယ်ကိုလည်း တစ်ပါတည်း နားလည်နိုင်ကြမည်ဖြစ်သည်။

မြန်မာ့သဒ္ဒါဗေဒ ဖတ်စာအုပ်ဟု အဓိပ္ပာယ်ရသော 'အေဘားမီးစ်ဖိုနက်တစ်ရီးဒါး' စာမူကလေးသည် သိပ်ကြီးမထူလှချေ။ ခပ်ပါးပါးသာဖြစ်သည်။

သို့ရာတွင် ထိုစာမူကလေးကို ဖေမောင်တင်နှင့် မစ္စအမ်းစထရောင်းတို့သည် ခြောက်လမျှကြာအောင် စီစဉ်ရေးသားကြရလေသည်။

ဖေမောင်တင်သည် အဆိုပါ ဖတ်စာအုပ်ကလေးကို ရေးသားပြီးစီးသောအခါ လန်ဒန်ယူနီဗာစီတီ လက်အောက်ခံဖြစ်သော အရှေ့တိုင်းဘာသာရပ်များဆိုင်ရာကျောင်း[၁] မှ ဒေါက်တာ ဘလက်ဒင်[၂]ဆိုသူ၏ ရှေးဟောင်း


MKS PUBLISHING

မှန်ကျောက်စာသင်တန်းသို့ သွားတက်လိုက်သည်။

ဒေါက်တာ လလက်ဒင်သည် မလေးပြည်သို့သွား၍ အမှုထမ်းခဲ့ဖူးသည်။

ထို့နောက် သူသည် ကျန်းမာရေးအခြေအနေအရ အင်္ဂလန်သို့ ပြန်လာကာ သူဝါသနာပါသော မွန်ကျောက်စာသင်တန်းကို ဖွင့်လှစ်၍ သင်ကြားပို့ချပေးခြင်းဖြစ်သည်။

ဒေါက်တာ ဘလက်ဒင်၏ သင်တန်းကို ပါမောက္ခလှစ်လည်း တက်ရောက်သင်ယူသွားခဲ့လေသည်။

ဒေါက်တာ ဘလက်ဒင်သည် မွန်ကျောက်စာအပြင် ပျူစာများကိုလည်း ဖတ်တတ်၍ ဘာသာပြန်ပေးတတ်လေသည်။

ဒေါက်တာ ဘလက်ဒင်၏ မွန်ကျောက်စာ သင်တန်းသို့ တက်ရောက်သင်ယူလိုက်ခြင်းသည် ဖေမောင်တင်အဖို့ အဖိုးတန်၍ အကျိုးရှိလှသည်။ ကျောက်စာကူးနည်း၊ ဖတ်နည်း၊ ဘာသာပြန်နည်းတို့ကို တတ်မြောက်သွားပြီဖြစ်သော သူသည် မြန်မာပြည်သို့ ပြန်ရောက်သောအခါ မြန်မာ့ရှေးဟောင်း စာပေယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ပေးနိုင်တော့မည်ဖြစ်သည်။

ဖေမောင်တင်သည် သင်တန်းတက်ရင်းမှ အချိန်ရသည်နှင့် ချက်ကိုစလိုဗေးကီးယားပြည်သို့ အပြေးသွားလိုက်သေးသည်။

ချက်ကိုစလိုဗေးကီးယားပြည် ပရာ့ဂ်[၃] မြို့၌ ဂျာမန်လူမျိုး ပါဠိစာပေပညာရှင်ကြီးတစ်ဦးဖြစ်သော ဒေါက်တာ ဝင်းတားနစ်[၄] ဆိုသူ ရှိသည်။ ဒေါက်တာ ဝင်းတားနစ်ထံသို့သွား၍ ဖေမောင်တင်က စာပေပညာများအကြောင်း ဆွေးနွေးလေ့လာ နာယူလိုက်ခြင်းဖြစ်လေသည်။

လသာတုန်း ဗိုင်းငင်၍ အချိန်ရှိခိုက် လုံ့လစိုက်ရမည်ဟူသော မူကိုလက်ကိုင်ထားသော ဖေမောင်တင်သည် သူ့အနေဖြင့် မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဆင့်ပွားသင်ကြားပို့ချပေးနိုင်မည့် ပညာရေးမှန်သမျှ၊ သူ့မြန်မာစာပေကို ထုတ်ဖော်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည့် အချက်အလက်မှန်သမျှ တစ်ခုမကျန်ရအောင် တစ်ခုပြီးနောက်တစ်ခု၊ တစ်မျိုးပြီး နောက်တစ်မျိုး လေ့လာရှာဖွေ၍ မနားမနေ မှတ်သားသင်ယူလိုက်လေသည်။

ထို့ကြောင့် သူသည် ဒေါက်တာဘလက်ဒင်၏ မွန်ကျောက်စာသင်တန်း ပြီးဆုံးသွားသောအခါ အင်နားတင်ပယ်လ်[၅] ဥပဒေသင်တန်းကျောင်းသို့ စာရင်းသွင်းကာ တက်ရောက်သင်ယူလိုက်ပြန်လေတော့သည်။

---

၁ School of Oriental Studies

၂ Dr.Blagden

၃ Prauge

၄ M. Winternitz

၅ Inner Temple - လန်ဒန်တွင် ဥပဒေသင်တန်းကျောင်း လေးကျောင်းရှိသည်။ အခြား သုံးကျောင်း၏ အမည်များမှာ လင်ကွန်းစ်အင်း (Lincoln's Inn) ၊ မစ်ဒယ်လ် တင်ပယ်လ် (Middle Temple) နှင့် ဂရေးစ်အင်း (Gray's Inn) တို့ ဖြစ်ပါသည်။

# ၂၆

# မဟုတ်မခံသော သူ့သတ္တိ

''ကျွန်တော်တို့ ဘားမားဆိုဆိုင်တီးကလပ်[၁]မှာ ပရော်ဖက်ဆာ ဖေမောင်တင် ဥက္ကဋ္ဌအဖြစ် အရွေးခံပါ''

လန်ဒန်မြို့တွင် ဗမာအသင်းတစ်ခုရှိသည်။

ထိုဗမာအသင်းကို အင်္ဂလန်သို့ ရောက်လာကြသော ဗမာကျောင်းသားများအတွက် အင်္ဂလိပ်အစိုးရက ဖွဲ့စည်းတည်ထောင်ပေးထားခဲ့ခြင်းဖြစ်သည်။

အသင်းအတွက် တိုက်တစ်လုံး ငှားပေးထားကာ အတွင်းရေးမှူးတစ်ယောက်ကိုလည်း လခကြေးငွေဖြင့် ခန့်ထားပေးသည်။

အသင်းသားများက နှစ်စဉ်ကြေးအဖြစ် တစ်ယောက်ကို တစ်ဂီနီ ပေးကြရသည်။

အသင်းသား စုစုပေါင်းမှာ သုံးဆယ်ကျော် လေးဆယ်နီးပါးခန့်ရှိသည်။

ထိုအသင်းသားများထဲ၌ ဗမာကျောင်းသားများက ဆယ့်လေးငါးယောက်မျှရှိ၍ ကျန်သူများမှာ တရုတ်ကျောင်းသား သုံးလေးယောက်၊ အင်္ဂလိပ်ကပြား ကျောင်းသားလေးငါးခုနစ်ယောက်လောက်နှင့် မြန်မာပြည်မှ အငြိမ်းစားယူ၍ ပြန်လာခဲ့ကြသော အိုင်–စီ–အက်စ်များ ဖြစ်ကြလေသည်။

ထိုအသင်းသည် ဗမာအသင်းဟု အမည်တပ်၍ ဗမာကျောင်းသားများအတွက် တည်ထောင်ပေးထားခဲ့သည် ဆိုသော်လည်း အသင်း၏ ဥက္ကဋ္ဌရာထူးကိုမူ အင်္ဂလိပ်အစိုးရက မြန်မာပြည်၌ ဒုတိယဘုရင်ခံဖြစ်ခဲ့ဖူးသူထဲမှသာ ခန့်ခန့်ပေးလေသည်။

ထို့အတူ အသင်း၏အတွင်းရေးမှူးကိုလည်း မြန်မာပြည်၌ ပုလိပ်မင်းကြီးရာထူး ရခဲ့ဖူးသူတစ်ဦးဦးကိုသာ အာဝန်ယူစေသည်။

ထို့ကြောင့် ဗမာအသင်း၏ လက်ရှိဥက္ကဋ္ဌမှာ မြန်မာပြည်ဘုရင်ခံဟောင်း ဆာဟာဗီအဒမ်ဆန်[၂] ဖြစ်၍ ဒုတိယ

---

၁။ Burma Society Club

၂။ Sir Harvey Adamson

၃။ Sir George Shaw

၄။ W.H. Tarleton

ဥက္ကဋ္ဌက ဆာရော့ချ်ရော[3] ဖြစ်သည်။ အတွင်းရေးမှူးမှာမူ ပုလိပ်မင်းကြီးဟောင်း မစ္စတာဒဗလျူအိပ်ချ်တာ လတန်[4] ဖြစ်လေသည်။

အသင်း၏ နှစ်ပတ်လည် အစည်းဝေး၌ အသင်း၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို အသစ်ပြန်လည်၍ ရွေးကောက်တင်မြှောက်လေ့ရှိကြသည်။

ယခု ၁၉၂၄–ခုနှစ်အတွက် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ကျင်းပပေးရမည်ဖြစ်သည်။

သည်အတွက် ထိုနှစ်ပတ်လည် အစည်းအဝေး၌ ဗမာအသင်းသားတစ်ဦးဖြစ်သော ပါမောက္ခဦးဖေမောင်တင်ကို အသင်းဥက္ကဋ္ဌအဖြစ် ယှဉ်ပြိုင်အရွေးခံရန် ဗမာကျောင်းသားများက တောင်းဆိုလိုက်ကြသည်။

''အခုလက်ရှိ ဥက္ကဋ္ဌက ကလပ်အတွက် ဘာမှစိတ်ဝင်စားတာမဟုတ်ဘူး။ အတွင်းရေးမှူးနဲ့ပဲ ပစ်ထားတာ။ ဒီတော့ကလပ်အနေနဲ့ ဘယ်လိုလုပ်ပြီး ကြီးပွားတိုးတက်နိုင်ပါ့မလဲ။ ကလပ်ဥက္ကဋ္ဌရဲ့ မျက်နှာကို ဖူးမြော်နိုင်ခွင့်ရတာဟာ နှစ်ပတ်လည်စည်းဝေးကျမှ တစ်ကြိမ်ပဲ မော်ဖူးနိုင်ခွင့်ရှိတယ်။ တစ်နှစ်လုံးဆိုတာကတော့ ကလပ်ကတခြားဥက္ကဋ္ဌက တခြားဘာမှကို မဆိုင်တဲ့အတိုင်းပဲ''

ဦးဖေမောင်တင်ကို ဗမာအသင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုသော အသင်းသားများက သူတို့မကျေနပ်နေသော လက်ရှိဥက္ကဋ္ဌ ဘုရင်ခံဟောင်း ဆာအဒမ်ဆန်၏အပြုအမူနှင့် သဘောထားတို့ကို ရင်ဖွင့်ပြကြသည်။

ဗမာအသင်းသားများထဲ၌ ဦးဖေမောင်တင်၏ တပည့်ကျောင်းသားအချို့ပါဝင်သည်။

''အဲဒါကြောင့် ကျွန်တော်တို့ကလပ် တိုးတက်ကြီးပွားရအောင် ဆရာ့ကို ဥက္ကဋ္ဌတင်မြှောက်ပါရစေ၊ ဆရာလက်ခံပါ''

''ဟုတ်တယ် ပရော်ဖက်ဆာ ဖေမောင်တင်အရွေးခံပါ။ ကျွန်တော်တို့အားလုံး သဘောတူထောက်ခံပါတယ်''

ဦးဖေမောင်တင်ကို မောင်နီအစရှိသော သူ့တပည့်များသာမက သူ့မိတ်ဆွေများဖြစ်ကြသော ကိုဇေး[1]၊ ကိုဘမှူး[2]၊ ကိုဘစိုး[3]၊ ကိုခင်မောင်ရင်[4]၊ ကိုသာထွန်း[5]၊ ကိုသာကျော်[6]၊ အယ်လ်ထင်ဝါ[7]၊ ကိုမောင်မောင်[8] အစရှိ သူတို့ကလည်း ဝိုင်းဝန်း၍ အားပေးထောက်ခံကြလေသည်။

ထိုအချိန်တွင် ဦးဖေမောင်တင်သည် လန်ဒန်မြို့နံပါတ် ၃၃– ပရီဘင်းမဲန်ရှင်ချစ္စဝစ်(က်)[9] တိုက်ခန်း၌ ကိုဇေး ကိုဘမှူးတို့နှင့်အတူ သွားရောက်နေထိုင်လျက်ရှိသည်။

၁၉၂၀–ပြည့် ရန်ကုန် ယူနီဗာစီတီ သပိတ်ကြီးတွင် ပါဝင်လှုပ်ရှားပြီးနောက် လန်ဒန်သို့လာ၍ အင်နားတင်ပယ်လ် ဥပဒေသင်တန်းကျောင်း၌ ဥပဒေပညာ လာသင်နေသော ကိုဇေးကို ဦးဖေမောင်တင်အဖို့ အော့စဖို့ဒ်သို့ ရောက်လာမှ သိကျွမ်းခင်မင်သွားခဲ့ခြင်းဖြစ်သည်။

အော့စဖို့ဒ်ယူနီဗာစီတီ၌ရှိသော မြန်မာပြည်မှ ကျောင်းသားများသည် ဘားမားအောက်ဆိုးနီးယန်းဆိုဆိုင်းတီး[10]ဟု အသင်းကလေးတစ်ခုကို ဖွဲ့စည်းထားခဲ့သည်။

ထို အောက်ဆိုးနီးယန်း မြန်မာကျောင်းသားအသင်းကလေးက တစ်ပတ်တစ်ပတ်၌ ကင်းဘရစ်ချ် ယူနီဗာစီတီနှင့် လန်ဒန်မှမြန်မာကျောင်းသားများကို ဖိတ်ခေါ်၍ ညစာစားပွဲပြုလုပ်လေ့ရှိသည်။

သူတို့သည် ထမင်းစားပွဲမစမီ ဆွေးနွေးပွဲကလေးတစ်ခုကို ပထမပြုလုပ်လေ့ရှိသည်။

---

၁။ ၁၉၄၀ ခုနှစ်၌ တရားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး။ ၁၉၄၂ ခုနှစ်၌ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီး။ ၁၉၄၃ ခုနှစ်၌ အခွန်တော်ဝန်ကြီးနှင့် ၁၉၄၅ ခုနှစ်၌ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဖြစ်ခဲ့သူ။

၂။ နိုင်ငံတော်သမ္မတဟောင်း ဦးဘဦး၏ညီ (ဝတ်လုံတော်ရ)။

၃။ ကြည့်မြင်တိုင်မှ သူဌေးဦးဘကျော်၏သားမက် (ဝတ်လုံတော်ရ)။

၄။ အိုင်–စီ–အက်စ်

၅။ မော်လမြိုင်ဦးတင်၏ ယောက်ဖ။

၆။ မန္တလေးမှ ဝတ်လုံတော်ရ။

၇။ အယ်လ်ထင်စီနှင့် သွေးသားတော်စပ်သူ ဝတ်လုံတော်ရ။

၈။ အိုင်–စီ–အက်စ်

၉။ No:33 Prebend Mansions Chiswick

၁၀။ Burma Oxonian Society

သူတို့ဆွေးနွေးကြသည့် အကြောင်းအချက်များကား ယခုသူတို့အဖို့ သူတို့ကို စိုးမိုးအုပ်ချုပ်နေသော အင်္ဂလိပ်အစိုးရ၏ တိုင်းပြည်နိုင်ငံမှ အတတ်ပညာများကို ရနိုင်သလောက် အစွမ်းကုန်သင်ယူကြမည်။

ထို့နောက် အင်္ဂလိပ်အစိုးရ၏ အအုပ်အချုပ်လက်အောက်ခံဘဝ၌ ရှိနေဆဲ မြန်မာပြည်ကြီး၏ ကြီးပွားတိုးတက်ရေးအတွက် ဘယ်ကဲ့သို့ ကြိုးစားဆောင်ရွက်ကြမည်ဆိုသော အချက်အလက်များဖြစ်လေသည်။

စာပေပညာကိုသင်ယူနေသူက သူတတ်မြောက်သွားသော စာပေပညာဖြင့် သူတစ်ပါးလက်အောက်ခံဘဝ၌ ပညာဗဟုသုတ တော်မွတ်ခေါင်းပါးနေသော မြန်မာပြည်သူပြည်သားများအား ပညာမျက်စိပွင့်လင်းလာစေရန်ကြိုးစားမည်။

ဆေးဘက်ပညာကို ရှာမှီးစုဆောင်းနေသူကလည်း သူ့မြန်မာပြည်သူပြည်သားများအား သူ့ဆေးပညာဖြင့် ကျန်းမာရေးမထွန်းကားနိုင်ခံ့စေရန် ဘယ်သို့ဘယ်ပုံ စီမံဆောင်ရွက်မည်။

ဗိသုကာပညာရှင်ကလည်း မြန်မာပြည်ကြီးအတွက် အထူးလိုအပ်လျက်ရှိသော အဆောက်အအုံများကို မြန်မာ့ဟန်၊ မြန်မာ့ပုံစံဖြင့် ဘယ်ကဲ့သို့ ဆောက်လုပ်ပေးမည်။

နိုင်ငံရေးလုပ်မည်ဟူသော ရည်စူးဦးတည်ချက်ဖြင့် ဥပဒေသင်တန်းတက်နေသူကလည်း မြန်မာပြည်သူပြည်သားများအနေဖြင့် နိုင်ငံရေးအမြင်အသိများ လှုပ်ရှားတက်ကြွလာစေရန် ဘယ်ကဲ့သို့ လှုံ့ဆော်ပေးမည်။

စသည်ဖြင့် မိမိတို့တိုင်းပြည်နှင့် မိမိတို့လူမျိုးအတွက် မိမိတို့စိတ်သန်ရာ အချက်အလက်များကို တက်တက်ကြွကြွ တင်ပြဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်းများကို ပြုလုပ်ကြလေသည်။

ထို့နောက်မှ ညစာစားပွဲကို ကျင်းပကြသည်။

သူတို့သည် ဆွေးနွေးပွဲကို သူတို့မြန်မာပြည်မှ မြန်မာကျောင်းသားများချည်း စုစည်းသီးသန့်၍ ပြုလုပ်လေ့ရှိကြသော်လည်း ညစာစားပွဲသို့မူ တခြားမျက်နှာဖြူညော်သည်များကို ဖိတ်ကြားညော်ခံ ကျွေးမွေးခွင့်ရှိလေသည်။

ထိုကဲ့သို့သော အောက်ဆိုးနီးယန်းအသင်း၏ ဆွေးနွေးပွဲ၊ ညစာစားပွဲများ၌ ဦးဖေမောင်တင်နှင့် ကိုဒေးတို့ဆုံတွေ့ကျွမ်းဝင်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် ဦးဖေမောင်တင် လန်ဒန်သို့ရောက်သောအခါ အခန်းတစ်ခန်း၌ သူငယ်ချင်း ကိုဘမှူးနှင့်နှစ်ယောက်တည်းနေသူ ကိုဒေးက အတူလာနေရန် ဖိတ်ခေါ်သည်။

ထိုအခါ တစ်ကိုယ်တည်းသမား ဦးဖေမောင်တင်က မငြင်းမဆန် လက်ခံ၍ အတူသွားနေလိုက်တော့သည်။

သူတို့သုံးယောက်အတွက် အိမ်မှုကိစ္စ ထိန်းသိမ်းရေး အမျိုးသမီး[၁] တစ်ဦးက တစ်နေ့စာ စားသောက်ရန်အစားအစာများကို ချက်ပြုတ်ပြီးနောက် ခူးခပ်ပြင်ဆင်ပေးသွားသည်။

ထို့အတူ အိမ်သန့်ရှင်းရေး အမျိုးသမီး[၂] တစ်ဦးကလည်း သူတို့အခန်းကို ဖုန်သုတ်၊ တံမြက်လှည်း၊ ကြမ်းတိုက်သည်ဖြင့် မှန်မှန်ပြုလုပ်ပေးသွားသည်။

သည်အတွက် လုပ်အားခ၊ အိမ်ခန်းခနှင့် စားစရိတ် စုစုပေါင်းကျသင့်ငွေကို သူတို့သုံးယောက်က ဝေပုံကျသုံးကြရလေသည်။

သူတို့အထဲ၌ အစိုးရစရိတ်ဖြင့် ရောက်လာခဲ့ရသော ဦးဖေမောင်တင်က ငွေအပေါ်ဆုံး၊ အသုံးနိုင်ဆုံးသူဌေးကလေးဖြစ်သည်။

တခြားသူများအဖို့ မိဘများပို့သမျှကို လောက်ငအောင် ချွေတာသုံးစွဲနေကြရသော်လည်း အစိုးရထံမှ လခအပြည့်အဝ ရထားသည့်အပြင် စာအုပ်စာတမ်းများ ရေးသားခြင်းများက ဦးဖေမောင်တင်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရနေလိုက်သေးသည်။

စေတနာအကျိုးပေးခြင်းဟု ဆိုရမည်လား မသိချေ။ သူ မြန်မာပြည်၌ ရှိစဉ်က ဘားနပ်ဒ်ဖရီးလိုင်ဘရီ၏ စာကြည့်တိုက်မှူးတာဝန်ကို အခမဲ့ထမ်းဆောင်ပေးခဲ့ခြင်းအတွက် မကြာမီကပင် အစိုးရက ဦးဖေမောင်တင်ထံသို့ ငွေငါးရာကျပ် ပို့ပေးလိုက်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် သူ့မိတ်ဆွေအပေါင်းအသင်းများကို ကျွေးမွေးပြုစုနိုင်၍ ပေးကမ်းကူညီနိုင်သော အားလုံး၏ ခင်မင်မှုကို ရရှိနေသူဖြစ်လေသည်။

---

၁ House Keeper

၂ Char Woman

ယခု သူ့ကို ခင်မင်အားကိုးသော တပည့်တပန်းအချို့နှင့် မိတ်ဆွေအချို့က သူတို့ဗမာအသင်း ဥက္ကဋ္ဌရာထူးကို လက်ခံဆောင်ရွက်ရန် ဦးဖေမောင်တင်ကို တိုက်တွန်းတောင်းဆိုလာကြသည်။

ထိုအခါ ဦးဖေမောင်တင်လည်း မငြင်းသာဘဲ လက်ခံလိုက်ရသည်။

ထိုကဲ့သို့ လက်ခံလိုက်သော ဦးဖေမောင်တင်သည် အသင်းဥက္ကဋ္ဌရာထူးကို လက်ရှိဥက္ကဋ္ဌ ဆာဟာဗီအဒမ်ဆန်နှင့် ယှဉ်ပြိုင်၍ အရွေးခံရမည်ဖြစ်သည်။

အင်္ဂလိပ်အစိုးရက လန်ဒန်မြို့၌ ယခုဗမာအသင်းကို ငွေကုန်ကြေးကျခံ၍ တည်ထောင်ဖွဲ့စည်းပေးထားခြင်းသည် ဗမာကျောင်းသားများအပေါ် စေတနာရှိ၍ကားမဟုတ်ချေ။

သူတို့သည် မြန်မာတစ်ပြည်လုံးကို စိုးမိုးချယ်လှယ်နေခဲ့သည့်နည်းတူ အင်္ဂလန်သို့ ရောက်လာခဲ့ကြသော ပညာတတ်လူရည်ချွန် ဗမာလူငယ်ကျောင်းသားများကိုလည်း အလစ်မပေးဘဲ အလိမ္မာသုံး၍ ကြိုးကိုင်ချုပ်ချယ်ထားခြင်းသာဖြစ်သည်။

ဘုရင်ခံဟောင်း မျက်နှာဖြူအသင်းဥက္ကဋ္ဌနှင့် ပုလိပ်မင်းကြီးဟောင်း မျက်နှာဖြူအတွင်းရေးမှူးတို့ အုပ်စိုးမင်းမူနေသော ဗမာအသင်း၌ ဗမာကျောင်းသားများခမျာ ရုပ်သေးရုပ်ကလေးများအလား ရှိနေကြလေသည်။

ဗမာကျောင်းသားများသည် မျက်နှာဖြူများ၏ ချုပ်ကိုင်ချယ်လှယ်မှုကို မကြည်ဖြူမကျေနပ်ပေမည့် မချစ်သော်လည်း အောင့်ကာနမ်း၍ မနမ်းသော်လည်း ပင့်သက်ရှိုက်နေကြရသည်။

သူတို့အပေါ်၌ လွှမ်းမိုးနေသော မျက်နှာဖြူများကို တော်လှန်ယှဉ်ပြိုင်နိုင်ရန် ဗမာကျောင်းသားများ၌ အင်အားနွမ်းပါးလွန်းနေကြသည်။

ဗမာကျောင်းသားများသည် သူတို့ဗမာကျောင်းသားများအပေါ်၌ စေတနာထားသူအဖြစ် ယုံကြည်လက်ခံထားခဲ့ကြသော ရန်ကုန်ယူနီဗာစီတီ ကျောင်းအုပ်ဆရာကြီးဟောင်း မစ္စတာမက်သူးဟန်းတားကို ဗမာအသင်းဥက္ကဋ္ဌရာထူးကို လက်ခံပါရန် သွား၍တောင်းပန်ပေးအပ်ခဲ့ကြသေးသည်။

သို့ရာတွင် သူတို့ဆရာကြီးဟောင်း မက်သူးဟန်းတားသည် သူတို့မျက်နှာဖြူအချင်းချင်း စည်းစောင့်ခြင်းလားသစ္စာရှိခြင်းလား မသိချေ။

ဗမာအသင်း ဥက္ကဋ္ဌရာထူးကို လက်မခံဘဲငြင်းဆန်ပစ်ခဲ့လေသည်။

အကယ်၍ လက်ခံခဲ့ပါက ဆရာကြီး မက်သူးဟန်းတားသည် မြန်မာပြည်မှာတုန်းက သူ့အထက်အရာရှိကြီးဖြစ်ခဲ့ဖူးသူ ဘုရင်ခံဟောင်း ဆာဟာဗီအဒမ်ဆန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ ဘုရင်ခံဟောင်းတစ်ယောက်ကို ယှဉ်ပြိုင်အနိုင်ရအောင် အရွေးခံနိုင်ရေးသည် တော်ရုံသတ္တိနှင့်မဖြစ်ချေ။

ယခု ဦးဖေမောင်တင်ကမူ သတ္တိကောင်းကောင်းနှင့် ခေါင်းညိတ်လက်ခံလိုက်လေသည်။

တရားသောနည်းဖြင့် ယှဉ်ပြိုင်ရခြင်းများ၌ ဘယ်သူ့ကိုမျှ ဦးဖေမောင်တင် မကြောက်။ သူက ဒူးမထောက်။ အနိုင်မခံ အရှုံးမပေးတမ်း ယှဉ်ပြိုင်မည်သာဖြစ်လေသည်။

သို့ရာတွင် သူသည် လူလူချင်း လေးစားသမှုနှင့် ဗမာအသင်း ဥက္ကဋ္ဌရာထူးကို သူယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်းကို ဆာဟာဗီအဒမ်ဆန်ထံသို့ စာရေး၍ ကြိုတင်အကြောင်းကြားလိုက်လေသည်။

ဆာဟာဗီအဒမ်ဆန်ထံမှမူ ဗမာတစ်ယောက်ကို အရေးယူစရာ လူတစ်ယောက်ဟု သဘောမထား၍လားမသိ၊ ဦးဖေမောင်တင်အား ဘာအကြောင်းမျှ ပြန်ကြားခြင်းမပြုချေ။

ထိုနောက် ဗမာအသင်း၏ နှစ်ပတ်လည် စည်းဝေးကျင်းပရက်သို့ ရောက်လာသည်။

အစည်းအဝေးတွင် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ကြသည်။

ဤတွင် ဦးဖေမောင်တင်ကို အသင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်သော အဆိုတင်သွင်းလိုက်သည်။

ဆာဟာဗီ အဒမ်ဆန်ကို ထောက်ခံသူများက ထောက်ခံကြသည်။

ထိုကဲ့သို့ အသင်းဥက္ကဋ္ဌတစ်နေရာအတွက် စင်ပြိုင်နှစ်ဦး ယှဉ်နေသောအခါ အသင်းသားများက မဲစနစ်ဖြင့်ရွေးချယ်ရန် ဖြစ်လာတော့သည်။

''မဲကို လက်မှတ်ထိုးပြီးပေးရမည်''

ဆာဟာဗီအဒမ်ဆန်က မဲပေးသူသည် မည်သူ့ကိုထောက်ခံမဲပေး၍ မည်သူ့ကို မထောက်ခံကြောင်း မဲပြား၌


MKS PUBLISHING

လက်မှတ်ထိုးကာ ပေးရမည်ဟု ဆိုလာသည်။

ထိုအခါ အသင်းသားများ မကျေမနပ် ဖြစ်သွားကြသည်။

သူတို့သည် လျှို့ဝှက်မဲစနစ်တွင် လက်မှတ်မထိုးလိုကြချေ။

သို့ရာတွင် ဆာဟာဗီအဒမ်ဆန်က သူ့အဆိုကို မပြင်ဘဲတင်းထားသည်။

သည်အခါ အသင်းသားထဲမှ ဆေးပညာသင် ကရင်အမျိုးသား စီစီဖိုး[၁]က ထပြောလေသည်။

''မဲပြားမှာ လက်မှတ်ထိုးရမယ်ဆို ထိုးမယ်၊ ဒါပေမယ့် အဲဒီလက်မှတ်ထိုးပြီး မဲပေးရတာဟာ အသင်းသားတွေရဲ့ဆန္ဒမပါ သဘောမတူဘဲ လက်မှတ်ထိုးရတယ်ဆိုတာကို မှတ်တမ်းရေးထားပေးပါ''

''ဟုတ်တယ် စီစီဖိုးပြောတာမှန်တယ်၊ လက်မှတ်ထိုး မဲပေးရတာကို ကျွန်တော်တို့လဲ သဘောမတူဘူး၊ ကန့်ကွက်တယ်''

ကင်းဘရစ်ချ် ယူနီဗာစီတီမှ ကိုမြင့်သိန်း[၂] က စီစီဖိုး၏ အဆိုကို ထောက်ခံလိုက်သည်။

သူတို့နှစ်ယောက်ကို ဆာဟာဗီအဒမ်ဆန် အတော်ကလေး မကျေမနပ် ဖြစ်သွားပုံရသည်။

သူသည် မျက်နှာကြီးခပ်နီနီနှင့် ရုတ်တရက် လှမ်းမေးလိုက်သည်။

''မင်းတို့ဘယ်သူ့သားတွေလဲဟင်၊ မင်းတို့အဖေတွေနာမည် ပြောကြစမ်း''

စီစီဖိုးနှင့် ကိုမြင့်သိန်းတို့က သူတို့မိဘအမည်များကို ပြောပြလိုက်ကြရသည်။

ထိုအမည်များကို အသင်း၏အတွင်းရေးမှူး ပုလိပ်မင်းကြီးဟောင်း တာလတန်က ရေးမှတ်ထားလိုက်လေသည်။

ဘိလပ်၌ရောက်နေသော သားဖြစ်သူများ လူစွာမလုပ်နိုင်ရန် မြန်မာပြည်သို့ သတင်းပြန်ပို့၍ မိဘများကို ချုပ်ကိုင်မည့် အစီအစဉ်ဖြစ်လေသည်။

နောက်ဆုံး၌ အသင်းသားဗမာကျောင်းသားများ၏ ကန့်ကွက်ချက်အရ ဆာဟာဗီအဒမ်ဆန်သည် မဲပြား၌ သက်မှတ်ထိုး၍ မဲပေးခြင်းစနစ်ကို ရုပ်သိမ်းပစ်လိုက်ရတော့သည်။

ထိုနောက် ဆာဟာဗီအဒမ်ဆန်သည် သူနှင့် ဦးဖေမောင်တင်တို့ ဥက္ကဋ္ဌစင်ပြိုင်ရွေးပွဲအတွက် လျှို့ဝှက်မဲပေးနစ်ကို လက်ခံကျင့်သုံးလိုက်ရလေသည်။

''ဆာဟာဗီအဒမ်ဆန် ၁၀ မဲ''

''ဦးဖေမောင်တင် ၁၁ မဲ''

မဲများရေတွက်လိုက်သောအခါ ဦးဖေမောင်တင်က တစ်မဲတည်းနှင့်ကပ်၍ ဆာဟာဗီအဒမ်ဆန်ကို အနိုင်ရလိုက်လေသည်။

စည်းဝေးပွဲသို့ အသင်းသားပေါင်း သုံးဆယ်ခန့် တက်ရောက်ကြသော်လည်း အင်္ဂလိပ်ကပြား ကျောင်းသားအချို့နှင့် တရုတ်ကျောင်းသားကလေးများက ဘယ်သူ့မှု မဲမပေးဘဲ ကြားနေကြသည်။

ထိုကဲ့သို့ တစ်မဲတည်းကပ်ရှုံးသွားသော ဆာဟာဗီအဒမ်ဆန်သည် သူ့အင်္ကျီအိတ်ထဲမှ မဲစက္ကူများကို သူ့မဲစာရင်း၌ ဖြည့်ထည့်လိုက်သည်။

ထိုအခါ ဆာဗီအဒမ်ဆန်ဘက်မှ မဲပြားနှစ်ဆယ်ဖြစ်သွားကာ ဦးဖေမောင်တင်ထက် ကိုးမဲအသာရသွားလေတော့သည်။

''ကဲ အခု ငါ့ဘက်က ကိုးမဲ သာသွားပြီမို့ ဘားမားကလပ်မှာ ငါပဲ ဥက္ကဋ္ဌပြန်ဖြစ်သွားပြီ''

ဆာဟာဗီအဒမ်ဆန်သည် သူ့မဲသူပေး၍ သူသာလျှင် ဥက္ကဋ္ဌဖြစ်ကြောင်းကို သူကိုယ်တိုင်ထကာကြေညာလိုက်လေသည်။

ထိုနောက် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

အသင်းဥက္ကဋ္ဌရာထူးကို တစ်မဲတည်းနှင့် ကပ်နိုင်ပြီးနောက်မှ တစ်ဖန်ပြန်၍ ရှုံးနိမ့်သွားခဲ့ရသော ဦးဖေမောင်တင်သည် အသင်းတိုက်တည်ရာနှင့် မဝေးလှသော သူတို့တိုက်ခန်းဆီသို့ ကိုဒေး၊ ကိုဘမှူးအပြင် ကိုဘစိုးပါ လိုက်

---

[၁] ၁၉၅၃-ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ ကျင်းပသော ကမ္ဘာ့ကျန်းမာရေးကွန်ဖရင့်သို့အသွား လေယာဉ်ပျံ ပျက်ကျ၍ ကွယ်လွန်ခဲ့သူ ကရင်အမျိုးသားခေါင်းဆောင် ဆရာဝန်ကြီး။

[၂] တရားဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ထင်အောင်၏အစ်ကို။

ပါလျက် လေးယောက်သား လမ်းလျှောက်သွားလိုက်ကြသည်။

သူတို့လေးယောက်စလုံးသည် သူတို့အပေါ်၌ ဆာဟာဗီအဒမ်ဆန် လူလည်လုပ်သွားခဲ့ခြင်းကို ခံပြင်းနေကြလေသည်။

''အခုဟာ ဆာဟာဗီကြီး သက်သက်လူလည်လုပ်တာပဲ၊ မဲရေလို့ အနိုင်အရှုံးသိရပြီးမှ သူ့ပရော့(က်)ဆီဗုတ်[၁] တွေထပ်ထည့်တာဟာ တရားမဝင်ဘူး၊ သူမတရားအနိုင်ယူလိုက်တာ''

သူတို့သည် လမ်းလျှောက်ရင်းမှ ဆာဟာဗီအဒမ်ဆန်အပေါ်၌ မကျေမချမ်း ဆွေးနွေးတိုင်ပင်လိုက်ကြသည်။

''ပထမတော့ ဆာဟာဗီကြီးက သူ့ကိုယ်သူ အထင်ကြီးထားခဲ့ပုံပဲဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် ပရော်ဖက်ဆာ ဖေမောင်တင်ကို သူကအပြတ်အသတ်နိုင်လိမ့်မယ်လို့ ထင်ထားခဲ့ဟန်ရှိတယ်ဗျ''

''ဟုတ်မှာပေါ့၊ ဒါကြောင့် ကျုပ်က ကျုပ်တပည့်တချို့နဲ့ မိတ်ဆွေတချို့က ကျုပ်ကို အသင်းဥက္ကဋ္ဌ တင်ချင်ကြတာမို့ ကျုပ်ဝင်ပြိုင်ပြီး အရွေးခံမယ်ဆိုတဲ့အကြောင်း သူ့ဆီကို စာရေးအသိပေးလိုက်တာ၊ သူကအရေးလုပ်ပြီး ဘာမှ မပြန်ကြားခဲ့ဘူးဗျ''

''သူ့သဘောက ငါနိုင်မှာပဲ ဂရုစိုက်စရာမလိုဘူးပေါ့ဗျာ''

''ဟုတ်မယ် ဟုတ်မယ်''

''ဒါပေမဲ့ ဆာဟာဗီကြီးက လူလည်ပီပီ သူ့အတွက် လိုရမည်ရတော့ ကြိုတင်ပြင်ဆင်လာခဲ့တာ တွေ့တယ် မဟုတ်လား၊ မတော်လို့များ သူအရေးနိမ့်သွားရင်ဆိုတဲ့အတွေးနဲ့ စည်းဝေးမတက်ဖြစ်ကြတဲ့ သူ့အပေါင်းအသင်း အိုင်-စီ-အက်စ်တွေဆီက ပရော့(က်)ဆီဗုတ်(စ်) ၁၀ ခုတောင်ရအောင် ဆောင်ခဲ့တယ်ကော''

''ဒါဖြင့် ဆာဟာဗီကြီး ခုလိုကြိုတင်ပြင်ဆင်လာခဲ့တာဟာ သူ့အကွက်မှန်သွားခဲ့တာပေါ့၊ မဟုတ်ရင် သူ့အဖို့ ထိုင်ငိုရခန်းပဲ''

''ဒါပေမဲ့ သူ့ပရော့(က်)ဆီဗုတ်(စ်)တွေက တရားမှမဝင်ဘဲဗျ''

''ဒါဖြင့် တရားမဝင်တဲ့ မဲတွေနဲ့ မတရားအနိုင်ယူသွားခဲ့တာကို ကျွန်တော်တို့ ဒီလိုပဲငြိမ်ပြီး အညံ့ခံနေကြမှာလား''

''ဘာလုပ်ကြမှာလဲ''

''ဆာဟာဗီကြီးကို တရားစွဲကြမယ်လေ''

''ကောင်းတယ်၊ ပရော်ဖက်ဆာ ဖေမောင်တင်ကော သဘောတူလား''

''သဘောတူပါသဗျား၊ ကျုပ်က အခုလိုရာထူးပြုတ် ဘုရင်ခံဟောင်းကို မဆိုထားနဲ့ လက်ရှိဘုရင်ခံကိုတောင် တရားစွဲဖို့ စိတ်ကူးခဲ့သေးတဲ့လူဗျ၊ ဘာမှတ်လို့လဲ ဟား ဟား''

ဦးဖေမောင်တင်က သူနှင့် ဆာဟာကုတ်ဘတ္တလာတို့ ဖြစ်ပျက်ခဲ့ပုံ အကြောင်းစုံကို သူ့မိတ်ဆွေများအား ပြောပြလိုက်ရသည်။

''ဟာ ဒါဖြင့်ဟန်ကျပြီပေါ့၊ ပရော်ဖက်ဆာ ဖေမောင်တင်အဖို့ ဟိုတုန်းက လက်ရှိဘုရင်ခံကို တရားမစွဲဖြစ်ခဲ့တာ အခုဘုရင်ခံဟောင်း ရာထူးပြုတ်ကို ပျော်ပျော်ပါးပါး တရားစွဲကြစို့ရယ် ဟုတ်လား ဟား ဟား ဟား''

သူတို့သည် ရယ်မောပြောဆိုရင်းမှပင် ဆာဟာဗီအဒမ်ဆန်ကို မတရားမဲသုံး၍ အနိုင်ယူမှုဖြင့် ရုံးတင်တရားစွဲဆိုရန် ဆုံးဖြတ်အတည်ပြုလိုက်ကြလေသည်။

နောက်တစ်နေ့၌ ဦးဖေမောင်တင် ကိုးနှင့် ကိုဘစိုးတို့ သုံးယောက်သားသည် ဆာဟာ ဗီအဒမ်ဆန်ကို ရုံးတင်တရားစွဲရန်အတွက် မစ္စတာအိပ်ချ်ပိုးလက်[၂] ထံသို့ သွားတွေ့၍ အခြေအနေ အဖြစ်အပျက်များကို တင်ပြဆွေးနွေးလိုက်ကြသည်။

ထိုအခါ မစ္စတာအိပ်ချ်ပိုးလက်က ဦးဖေမောင်တင်တို့ကို ရှေ့နေမစ္စတာဂွဒ်မင်း[၃]နှင့် ဆက်သွယ်ပေးလိုက်လေသည်။

---

၁။ Proxy Vote (ကိုယ်စားလှယ်လွှဲ၍ ထည့်သော မဲပြား)

၂။ Mr. H. Polak (Solicitor for Plaintifs)

၃။ Mr. Goodman (Counsel for Plaintifs)

ထိုနောက် ဦးဖေမောင်တင်တို့ သုံးဦးသားသည် သူတို့အမှုကဲ့သို့သော အမှုအခင်းများ၌ ကျွမ်းကျင်၍ နာမည်ကြီး ရှေ့နေတစ်ဦးဖြစ်သူ မစ္စတာဂွဒ်မင်းကိုငှားကာ ဘုရင်ခံဟောင်း ဆာဟာဗီအဒမ်ဆန်အား ရုံးတင်တရားစွဲလိုက်ကြလေသည်။

ဦးဖေမောင်တင်တို့ သုံးဦးသားသည် ယခုကဲ့သို့ ဆာဟာဗီအဒမ်ဆန်အား တရားစွဲဆိုရာ၌ အမှုမှန်ကန်ကြောင်းကို လန်ဒန်မြို့ကမ်းနားလမ်း၌ရှိသော ဟိုင်းကုတ်လွှတ်တော်ရုံး[၁] သို့သွား၍ ကျမ်းသစ္စာကျိန်ဆိုကြရသေးသည်။

သူတို့အမှုကို တရားသူကြီး မစ္စတာဂျပ်စ်တစ်ရာဆယ်လ်[၂] က ရက်ချိန်း ပေးလိုက်လေသည်။

သူတို့အမှုအတွက် ကုန်ကျစရိတ်များကို ဦးဖေမောင်တင်က အလုံးစုံ တာဝန်ယူလေသည်။

အမှုချိန်းသို့ရောက်သောအခါ ဦးဖေမောင်တင်တို့ အဖွဲ့သည် ဘတ်စကားစီး၍ ရုံးသို့သွားလိုက်ကြသည်။

ရုံးရှေ့သို့ ဘတ်စကားကြီး ထိုးဆိုက်လိုက်သောအခါ ဦးဖေမောင်တင်တို့အဖွဲ့က ဘတ်စကားပေါ်မှ ဆင်းလိုက်ကြသည်။

ထိုအခါ တစ်ဖက်ဘတ်စကားပေါ်မှ ဆင်းလာခဲ့ကြသော ဆာဟာဗီအဒမ်ဆန်တို့အဖွဲ့နှင့် ဦးဖေမောင်တင်တို့အဖွဲ့သည် မျက်နှာချင်းဆိုင် သွားတိုးကြလေသည်။

''မြန်မာပြည်မှာသွားပြီး ဘုရားထူးခံ ဘုရင်ခံအဖြစ်နဲ့တုန်းက မော်တော်ကားကြီးကို စတိုင်ထွားထွားနဲ့ စီးလာနိုင်ခဲ့ပေမယ့် သူတို့တိုင်းပြည်ပြန်ရောက်တော့ သူ့ခမျာ သူလိုငါလို ဘတ်စကားစီးနေရရှာတာပဲနော် အဟင်း ဟင်းဟင်း''

ဦးဖေမောင်တင်တို့အဖွဲ့သည် ဆာဟာဗီအဒမ်ဆန်၏ မြန်မာပြည်မှာတုန်းကနှင့် မတူတော့သော အခြေအနေကိုကြည့်၍ အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆိုရယ်မောလိုက်ကြသည်။

ထို့နောက် သူတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ နှုတ်ဆက်ပြောဆိုခြင်းမပြုဘဲ ရုံးခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်သွားလိုက်ကြလေသည်။

သူတို့ရုံးခန်းထဲသို့ရောက်ပြီးနောက် အချိန်စေ့လျှင် တရားသူကြီး မစ္စတာဂျပ်စ်တစ်ရာဆယ်လ်က သူတို့အမှုကို စတင်၍ ကြားနာစစ်ဆေးလိုက်လေသည်။

ထိုအခါ နှစ်ဦးနှစ်ဖက်ရှေ့နေများက ဥပဒေအချက်အလက်များဖြင့် အပြန်အလှန်လျှောက်လဲချက်များပေးကြလေသည်။

နောက်ဆုံး၌ ဦးဖေမောင်တင်တို့ဘက်မှ ရှေ့နေကြီးမစ္စတာဂွဒ်မင်းက အချက်ကျ၍ ထိမိသောစကားလုံးများဖြင့် နိဂုံးချုပ်လျှောက်လဲချက်ပေးလိုက်လေသည်။

''တရားသူကြီးမင်းခင်ဗျား၊ အခုအမှုနဲ့ပတ်သက်ပြီး ကျွန်တော့်အမှုသည်များဘက်မှ မတရားခံခဲ့ရတဲ့ နစ်နာချက်များသို့ စုံလင်အောင် လျှောက်လဲတင်ပြခဲ့ပြီးပြီမို့ အခုအမှုဖြစ်ပေါ်လာရအောင် ပိုင်ရှင်မပါဘဲ လူကြုံပါးလိုက်တယ်ဆိုတဲ့ ပရော့(က်)ဆီ မဲပြားတွေကို အရေးရှုံးနိမ့်ပြီးမှ ထည့်သုံးခဲ့တာဟာ တရားသူကြီးမင်းအနေနဲ့ ထင်းထင်းရှင်းရှင်း သဘောပေါက်လောက်ပြီလို့ ထင်ပါတယ်။ ဒါကြောင့် အခုအမှုအပေါ်မှာ တရားသူကြီးမင်းဟာ အမြင်ကျဉ်းကျဉ်းနဲ့ မကြည့်ဘဲ အခြေခံအမှန်ကို နည်းနာကျကျကြည့်ပြီး အဆုံးအဖြတ်ပေးလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ် ခင်ဗျာ''

ရှေ့နေ မစ္စတာဂွဒ်မင်းက လျှောက်လဲချက်များပေးပြီးနောက် ထိုင်ချလိုက်တော့သည်။

ထိုအခါ တရားသူကြီး မစ္စတာဂျပ်စ်တစ် ရာဆယ်လ်က အမှုကို အဆုံးအဖြတ် အမိန့်ချမှတ်ပေးရန် ပြင်ဆင်လိုက်လေသည်။

ဦးဖေမောင်တင်နှင့် ဆာဟာဗီ အဒမ်ဆန်တို့ နှစ်ဖွဲ့စလုံးသည် တရားသူကြီးမင်းက ဘယ်ကဲ့သို့ အမိန့်ချမှတ်မည်ဆိုသည်ကို ငြိမ်သက်စူးစိုက်စွာ နားထောင်နေလိုက်ကြသည်။

ထို့နောက် တရားသူကြီး မစ္စတာဂျပ်စ်တစ် ရာဆယ်လ်က သူ၏တည်ငြိမ်အောင်မြင်သောအသံဖြင့် ငြိမ်

---

၁ High Court of Judicature, Strand, London

၂ Mr. Justice Russel

သက်နေသော ရုံးခန်းတစ်ခန်းလုံးကို ပျံ့လွှမ်းသွားအောင် အမိန့်ချမှတ်ပေးလိုက်လေသည်။

''အခု ဒီအမှုမှာ ဖေမောင်တင်သာ ဥက္ကဋ္ဌဖြစ်ထိုက်တယ်လို့ ကျွန်ုပ်အမိန့်ချလိုက်တယ်''

တရားသူကြီး မစ္စတာဂျပ်စ်တစ် ရာဆယ်လ်ထံမှ ချမှတ်ပေးလိုက်သော အမိန့်သံက ဦးဖေမောင်တင်တို့အဖွဲ့ကို နှလုံးတွေ့ကာ အပြုံးပန်းများဝေသွားစေလေသည်။

ရှုံးနိမ့်သွားကြသော ဆာဟာဗီအဒမ်ဆန်တို့အဖွဲ့မှာ မဲ့ပြုံးကလေးမျှ မပြုံးနိုင်ဘဲ ရုံးခန်းထဲမှ ပြုန်းခနဲထပြန်သွားကြရရှာလေတော့သည်။

ထိုညနေပိုင်းနှင့် နောက်တစ်နေ့တွင်ကား စတာ[၁] နျူးစ်[၂] စတင်းဒတ်[၃] အစရှိသော လန်ဒန်သတင်းစာများ၌

– ဖေမောင်တင် ဥက္ကဋ္ဌဖြစ်ပြီ

– ကျောင်းသားများက ဆာဘွဲ့သမားကို အနိုင်ရလိုက်ခြင်း

– ဘုရင်ခံဟောင်း အရေးရှုံးနိမ့်သွားခြင်း

– ဖေမောင်တင်က ဗမာအသင်း ဥက္ကဋ္ဌဟောင်း စကော့လူမျိုးကို အပြုတ်ဖြုတ်ချလိုက်ခြင်း

စသည်ဖြင့် ထိပ်စီး စာလုံးမည်းကြီးများနှင့် ရေးသားဖော်ပြကြလေသည်။

ထိုအဖြစ်အပျက် သတင်းအစုံအလင်ကို ဦးဖေမောင်တင်၏ အဖွဲ့သားများက မြန်မာပြည်မှ နယူးဘားမား သတင်းစာ အယ်ဒီတာထံသို့ ရေးသားပေးပို့လိုက်ကြလေသည်။

ဗမာအသင်း၏ ဥက္ကဋ္ဌရာထူးကို တိုင်းသိပြည်သိ ကမ္ဘာသိအောင်အထိ လက်လွတ်ဆုံးရှုံးလိုက်ရသော ဆာဟာဗီအဒမ်ဆန်သည် ချက်ချင်းလက်ငင်းအသင်းမှ နုတ်ထွက်လိုက်လေသည်။

ထိုအခါ သူ့နောက်လိုက် အဖွဲ့သားများဖြစ်ကြသော မျက်နှာဖြူ အိုင်-စီ-အက်စ် အားလုံးကလည်း တစ်ယောက်မကျန် အသင်းမှ နုတ်ထွက်လိုက်ကြလေသည်။

သည်အတွက် ဗမာအသင်းသည် အသင်းသားဦးရေထက်ဝက်လောက် လျော့ပါးသွားလေတော့သည်။

သို့ရာတွင် အသင်း၌ ထက်ဝက်ခန့်မျှလောက်သာ ကျန်တော့သော ဗမာအသင်းသားများက မမှုချေ။

''သူတို့ထွက်သွားတော့ကော ပူစရာလား၊ အခုမှ ဗမာလူမျိုး အသင်းဥက္ကဋ္ဌ ဗမာလူမျိုးချည်း အသင်းသားတွေနဲ့ ဗမာအသင်းပီသသွားတဲ့ တို့ဗမာအသင်းကို ကြီးပွားတိုးတက်အောင် တို့ဗမာတွေ ကြိုးစားဖန်တီးကြတာပေါ့''

သူတို့အဖို့ အသင်းသားဦးရေ လျော့ပါးသွားသော်လည်း ဗမာအသင်းသားများသည် စိတ်ဓာတ်လျော့သွားခြင်း အလျဉ်းမရှိကြဘဲ ပိုမိုအားတက်စည်းလုံးသွားကြလေသည်။

ထို့နောက် အင်္ဂလိပ်လက်ဖြစ် ဗမာအသင်း၏ သက်တမ်းတစ်လျှောက်လုံး၌ အသင်း၏ ဥက္ကဋ္ဌနေရာ၌ ဗမာလူမျိုးထဲမှ ပထမဦးဆုံးတက်ဖြစ်ရသော ပါမောက္ခ ဦးဖေမောင်တင်က အောင်ပွဲအထိမ်းအမှတ်အဖြစ် ကျန်ရှိသော အသင်းသားများကို စဗွိုင်းဟိုတယ်[၄] ၌ ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံလိုက်လေသည်။

---

၁။ Star ၂။ News ၃။ Standard

- Pe Maung Tin to be President
- Students Sue Knight
- Ex-Governor Defeated
- Pe Maung Tin Unseats a Scotchman

၄။ Savoy Hotel

မှတ်ချက် ။ ။ ဗမာအသင်း၏ ဒုတိယဥက္ကဋ္ဌနေရာကို နောင်တွင် ဆာပေါ်ထွန်းအဖြစ် ထင်ရှားသော ကိုပေါ်ထွန်းအား တင်မြှောက်ခဲ့ကြသည်။

# ၂၇

# သူ့အဖို့အချိန်တန် မြန်မာပြည်သို့ပြန်

လန်ဒန်မြို့ ဗမာအသင်း၌ ဦးဖေမောင်တင် ဥက္ကဋ္ဌဖြစ်ပြီးနောက် လပိုင်းအတွင်းမှာပင် အစိုးရက သူ့ကို မြန်မာပြည်သို့ ပြန်ရမည်ဟု အမိန့်ချမှတ်လိုက်တော့သည်။

မြန်မာပြည်တွင် ရန်ကုန်ယူနီဗာစီတီ သပိတ်ကြီး မှောက်ပြီးနောက် နိုင်ငံရေးကျောထောက်နောက်ခံဖြင့် အမျိုးသားကျောင်းများ၊ အမျိုးသားကောလိပ်များတည်ထောင်ကာ ပညာရေးလှုပ်ရှားမှုများ ပြုနေကြသလို ဘိလပ်သို့ ပညာတော်သင်ရောက်လာခဲ့သော ဦးဖေမောင်တင်ကလည်း အမျိုးသားစိတ်ဓာတ်အပြည့်အဝဖြင့် သူရှိသည့်ဆောင်၊ ရောက်နေသည့်နေရာတိုင်း၌ ရနိုင်သမျှအခွင့်အရေးများကိုယူကာ သူ့တိုင်းပြည်၊ သူ့လူမျိုးနှင့် သူ့မြန်မာစာပေတို့အတွက် အစဉ်ဦးစားပေး၍ လှုပ်လှုပ်ရှားရှား တစ်ကိုယ်တော်တိုက်ပွဲဆင်နွှဲနေခဲ့သည်များအား အင်္ဂလိပ်အစိုးရက သတိထားမိကာ လန့်ဖျပ်သွားလေသလားမသိ။

သူ့ကိုမြန်မာပြည်သို့ ပြန်ရမည်ဟု တစ်ချက်လွှတ်အမိန့်နှင့် ပြန်ခေါ်လိုက်လေသည်။

ထိုအခါ သူ့အဖို့ ဆက်နေခွင့် ထပ်တောင်းပါကလည်း အစိုးရအနေနှင့် နေခွင့်ပေးမည်မထင်သော ဦးဖေမောင်တင်က မြန်မာပြည်သို့ပြန်ရန် ဆုံးဖြတ်လိုက်တော့သည်။

သို့ရာတွင် ရုတ်တရက် အအေးမိကာ ဖျားသွားသော ဦးဖေမောင်တင်သည် ချက်ချင်းမပြန်နိုင်အောင် နှောင့်နှေးကြန့်ကြာသွားရလေသည်။

ထို့အပြင် ဦးဖေမောင်တင်သည် ရေစီးကမ်းပြိုဝေဒနာကိုလည်း ခံစားလိုက်ရသေးသည်။

သည်အတွက် သူသည် ဘိလပ်၌ နှစ်လခန့်မျှဆက်နေ၍ ဆေးဝါးကုသမှုကို ခံယူလိုက်ရလေသည်။

သူသည် မြန်မာပြည်သို့ ပြန်ရန် ရက်ကိုစောင့်ရင်းမှ ဘိလပ်၌နေခဲ့သော လေးနှစ်အတွင်း သူ၏လုပ်ဆောင်ဆောင်မြင်ချက်များကို ပြန်လှန်ဝေဖန်ကြည့်လိုက်မိလေသည်။

ထိုအခါ ဦးဖေမောင်တင်သည် သူ့ကိုယ်သူ ကျေနပ်နှစ်သိမ့်လောက်သော အခြေအနေရှိကြောင်း တွေ့ရှိရလေသည်။

သူသည် ဘီ–လစ် ဆိုသော ဘွဲ့ထူးတစ်ခုကို ဆွတ်ခူးရနိုင်ခဲ့သည်။

သူသည် လေးနှစ်အတွင်း၌ ဆောင်းပါးတိုရှည်များအပြင် မြန်မာစာပေကျမ်းနှစ်ကျမ်းဖြစ်သော ဩဝါဒနာမျိုး(စိန္တကျော်သူ)နှင့် ဒေဝကုမ္ဘာန်ပြဇာတ်(ဦးကြင်ဥ)တို့ကို တည်းဖြတ်၍ မြန်မာနိုင်ငံ သုတေသနအသင်းသို့ ပေးပို့ခဲ့သည်။

ထို့အပြင် အဓိကရ ပါဠိကျမ်းကြီး နှစ်ကျမ်းဖြစ်သော အဌသာလိနီကျမ်းကြီးကို (၁၉၂၀-၂၁) ခုနှစ်၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်ကျမ်းကြီး၏ ပထမပိုင်းသီလပိုဒ်နှင့် မြန်မာမင်းဆက်များအကြောင်း သိကောင်းစရာဖြစ်သော မှန်နန်းရာဇဝင်တို့ကို (၁၉၂၃)ခုနှစ်၌လည်းကောင်း အင်္ဂလိပ်ဘာသာအနက်ပြန်၍ ကမ္ဘာသို့ဖြန့်နိုင်အောင် စာအုပ်များအဖြစ်နှင့် အောင်မြင်ကျော်ကြားစွာ ထွက်ပေါ်လာနိုင်ခဲ့သည်။

ဘိလပ်သို့ လုစ် လာစဉ်က မှန်နန်းရာဇဝင်ဘာသာပြန်ကို ထုတ်ဝေနိုင်ရန် ပုံနှိပ်တိုက်များနှင့် ဆက်သွယ်၍ ကြိုးစားကြည့်ခဲ့သေးသည်။ သို့ရာတွင် အဆင်မပြေခဲ့ချေ။

ထို့နောက် ဖေမောင်တင်က ဆက်သွယ်ကြိုးစားလိုက်သောအခါ၌ကား အော့စဖို့ဒ်ယူနီဗာစီတီပုံနှိပ်တိုက်က လိုလိုလားလား ပုံနှိပ်ထုတ်ဝေပေးလိုက်လေသည်။

ဦးဖေမောင်တင်သည် ထိုကဲ့သို့မနားရ၊ မအားရသည့် ကြားထဲမှပင် ပြတိုက်နှင့် စာကြည့်တိုက်များသို့ လှည့်လည်၍ မြန်မာနှင့် ပါဠိပေပုရပိုဒ်များစာရင်းကို ရှာဖွေကူးယူကာ မြန်မာနိုင်ငံ သုတေသနအသင်းသို့ ပေးပို့ရသေးသည်။

ဦးဖေမောင်တင်အဖို့ အချိုရှာသကာတွေ့ဟု ဆိုရမည်ကဲ့သို့ ပြတိုက်နှင့် စာကြည့်တိုက်များသို့ လှည့်လည်နိုင်ခဲ့ခြင်းသည် မြန်မာပြည်နှင့် မြန်မာလူမျိုးများအတွက် အမြတ်တစ်ခု ထွက်ခဲ့လေသည်။

အကြောင်းကား ဦးဖေမောင်တင်သည် စာကြည့်တိုက်တစ်တိုက်၌ မြန်မာနိုင်ငံသမိုင်းကြောင်း နောက်ခံအတွက် အဖိုးတန်လှသော ရှားပါးစာအုပ်တစ်အုပ်ကို ခလုတ်တိုက်ကာ အမှတ်မထင် တွေ့ရှိခဲ့လေသည်။

ထိုစာအုပ်ကား (၁၈၂၄-၂၆) ခုနှစ်များ၌ ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအကြောင်းကို ရေးသားတင်ပြထားသော ကက်ပတိန်ဒဗလျူဝိုက်၏ "အေပေါ်လစ်တီကယ်လ် ဟစ္စထရီ အက်စထရာ အော့ဒ်နရီ အဲဗင့်နစ်ဝှစ်လက် တူသည်ဘားမီးစ်ဝါ"[1] ဖြစ်လေသည်။

ထိုစာအုပ်ကို ၁၈၂၇-ခုနှစ်၌ လန်ဒန်မြို့ စိန့်ဂျိမ်းစ်လမ်းဒဗလျူစမ်းစ်[2]က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်လေသည်။

ရာစုတစ်ခေတ်ပြည့်ရန် သုံးလေးနှစ်မျှသာ လိုတော့သော အဆိုပါစာအုပ်ကလေးသည် အိုမင်းဟောင်းနွမ်းလှပြီဖြစ်သည်။

ထိုကြောင့် အပြင်သို့ ထုတ်ခွင့်မရှိသော အဆိုပါစာအုပ်အအိုအဟောင်းကလေးကို ဦးဖေမောင်တင်မှာ ယုယုယယကလေး ကိုင်တွယ်ဖတ်ရှုလိုက်ရလေသည်။

ထိုစာအုပ်ကလေးကို ဖတ်ပြီးသွားသောအခါ၌ကား ဦးဖေမောင်တင် အထူးပင်အားရကျေနပ်သွားမိလေသည်။

အကြောင်းမှာ ဦးဖေမောင်တင်ဖတ်ဖူးခဲ့သော အင်္ဂလိပ်မြန်မာစစ်ပွဲအကြောင်း ရေးထားကြသည့် စာအုပ်စာတမ်းများထဲ၌ ယခုကက်ပတိန်ဝိုက်၏ စာအုပ်သည် အခြားစာအုပ်များနှင့် လုံးဝမတူ တစ်မူကွဲပြားထူးခြားနေသောကြောင့်ဖြစ်လေသည်။

ကက်ပတိန်ဝိုက်၏ ထူးခြားချက်ကား အင်္ဂလိပ် မြန်မာစစ်ပွဲနှင့် ပတ်သက်၍ အခြားစာရေးသူများက ရှိသမျှအပြစ်ကို မြန်မာများအပေါ်သို့ ဖိနှိပ်ပုံချခဲ့ကြသလောက် သူကမူ သမာသမတ်ဖြင့် မြန်မာများဘက်မှ အပြစ်မရှိကြောင်းကို သူ့ကိုယ်တွေ့အချက်အလက်များအပြင် တိကျမှန်ကန်သော မှတ်တမ်းမှတ်ချက်များကို ဖော်ပြသက်သေထားကာ ရေးပြထားလေသည်။

သူသည် မြန်မာများဘက်မှ အပြစ်မရှိကြောင်းကို ရဲရဲဝံ့ဝံ့ တင်ပြသကဲ့သို့ ဘင်္ဂလားအစိုးရနှင့် သူ့ငှက်မျက်နှာဖြူကုမ္ပဏီပိုင်ရှင် ဒါရိုက်တာများ ကလိန်ကျပုံ၊ သိက္ခာမရှိပုံ၊ ကတိမတည်ပုံတို့ကိုလည်း မခြွင်းမချန်ဖွင့်လှစ်၍ ပွင့်ပွင့်လင်းလင်း ဖော်ပြထားလေသည်။

အဆိုပါ အချက်အလက်များသည် အင်္ဂလိပ်လက်အောက်သို့ရောက်ကာ သူ့ကျွန်ဖြစ်ခဲ့ရသော မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ သမိုင်းကြောင်းနောက်ခံအတွက် အရေးပါအရာရောက်ကာ အဖိုးတန်လှပေသည်။

သည်အချက်အလက်များကြောင့်ပင် ထင်သည်။ ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ နှစ်ပေါင်းတစ်ရာနီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သော ကက်ပတိန်ဝိုက်၏ စာအုပ်အကြောင်းကို မြန်မာပြည်မှ မြန်မာလူမျိုးများအဖို့ လေသံမျှ မကြားရ

1. A Political History Extraordinary Events Which Led To The Burmese War by Captain W. White
2. London Printed For The Author, and Published by W. Sams, St. Jame's Street, Bookseller to the Royal Family 1872

ခဲ့ကြချေ။

ယခု ဦးဖေမောင်တင်ပင်လျှင် လန်ဒန်တစ်မြို့လုံးရှိ စာကြည့်တိုက်မှန်သမျှ လိုက်လံ၍ နိုက်နိုက်ချွတ်ချွတ် သုန်လှော်ရှာဖွေမိသောကြောင့်သာ ထိုစာအုပ်ကို မထင်မမှတ် တွေ့မြင်ဖတ်ရှုနိုင်ခြင်းဖြစ်လေသည်။

ဦးဖေမောင်တင်သည် သူ့မြန်မာနိုင်ငံသမိုင်းကြောင်း နောက်ခံအတွက် အဖိုးတန်လှသော အချက်အလက် အထောက်အထားများပါရှိသော အဆိုပါ ကက်ပတိန်ပို့က်၏ စာအုပ်ကို ငွေငါးပေါင်ပေး၍ လက်နှိပ်စက်ရိုက် နိုင်းကာ ပွားယူလိုက်သည်။

ပြီးလျှင် သူက ထိုစာအုပ်ထဲမှ အချက်အလက်များကို အထောက်အထားပြု၍ အင်္ဂလိပ်–မြန်မာစစ်ပွဲများ နှင့် မြန်မာများဘက်မှ အပြစ်မရှိကြောင်း၊ အင်္ဂလိပ်များကသာ ရန်စကျူးကျော်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစစ်ပွဲနှင့် ပတ်သက်၍ ရေးသားဖော်ပြခဲ့သော အခြားစာအုပ်များသည် မြန်မာများအပေါ် မတရားတစ်ဖက်သတ် ရေးသား ထားခဲ့ကြခြင်းဖြစ်ကြောင်းများကို စုပေါင်း၍ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးတစ်စောင်ရေးကာ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်သို့ ပေးပို့လိုက်လေသည်။

ဦးဖေမောင်တင်၏ ဆောင်းပါးသည် မျက်နှာဖြူအာဏာပိုင်များအတွက် ဂယက်ရိုက် လှုပ်ရှားသွားလိုက် စေဟန်တူသည်။

ဦးဖေမောင်တင်၏ ဆောင်းပါးကိုဖော်ပြပြီး နောက်တစ်ပတ်ထုတ်သော သုတေသနအသင်းဂျာနယ်၌ အိုင်–စီ–အက်စ် ဂျေ–အေ–စတီးဝပ်*ဆိုသူ မျက်နှာဖြူမင်းကြီးတစ်ဦး၏ ဆောင်းပါးတစ်ပုဒ် ပါလာခဲ့သည်။

အိုင်–စီ–အက်စ် ဂျေ–အေ–စတီးဝပ်က ကက်ပတိန်ပို့က်ဆိုသူသည် စာတတ်ပေတတ်တစ်ယောက်မဟုတ် ကြောင်း၊ သူသည် စာပေကို ဟုတ္တိပတ္တိမတတ်ဘဲနှင့် သူ့စိတ်ကူးထင်ရာ မြင်ရာတွေကိုသာ လျှောက်ရေးခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့် ရေးသားကာ ဦးဖေမောင်တင်၏ ဆောင်းပါးကို ပြန်လည်ချေပထားလေသည်။

ဂျေ–အေ–စတီးဝပ်၏ ဆောင်းပါးကို ဦးဖေမောင်တင်က ပြန်လည်ချေပခြင်းမပြုချေ။

ဦးဖေမောင်တင်က သူ့ရင်ထဲ၌သာ တေးထားရင်း မိတ်ဆွေကြီး ကိုးကိုသာ အကူအညီတောင်းလိုက် သည်။

''ကဲ ကိုးရေ၊ စတီးဝပ် ဆောင်းပါးကို အချိန်ကုန်ခံပြီး ချေပနေမယ့်အစား အကြောင်းပေါ်လာတဲ့အခါ သက်သေအထောက်အထားနဲ့ ဒင်းတို့ မျက်နှာဖြူတွေ မငြင်းနိုင်အောင် တုပ်နှောင်လိုက်ဖို့အတွက် ကက်ပတိန်ပို့က် စာအုပ်ထဲက အချက်အလက်အထောက်အထားတွေ တကယ်ဟုတ်တယ် မဟုတ်ဘူးဆိုတာ သေချာအောင် ခင်ဗျားက တစ်ဆိတ်အင်ဒီးယားအော့ဖစ်မှာ စုံစမ်းပေးစမ်းပါနော်၊ ဟုတ်လား''

ထိုနောက် နှစ်ပတ်ခန့်အကြာ၌ ကိုးက ဦးဖေမောင်တင်ကို စာတစ်စောင်လာပြသည်။

''ဟောဒီမှာ ပရော်ဖက်ဆာ ဖတ်ကြည့်လိုက်စမ်းပါဦး''

ဦးဖေမောင်တင်က ဖတ်ကြည့်လိုက်သောအခါ စာမှာ အိန္ဒိယရုံးမှ ကိုးထံသို့ ပေးပို့လိုက်သော ပြန်ကြားစာ ဖြစ်ကြောင်း တွေ့ရှိရသည်။

ဦးဖေမောင်တင်၏ အကူအညီတောင်းချက်အရ ကိုးက အိန္ဒိယရုံးသို့ စာလှမ်းရေးကာ ကက်ပတိန် ဒဘလျူ ပို့က်စာအုပ်ထဲမှ မှတ်တမ်းမှတ်ချက်များနှင့် ပတ်သက်၍မေးမြန်းလိုက်သည်။

ယခု အိန္ဒိယရုံးက ကိုးမေးမြန်းလိုက်သော ကက်ပတိန်ဒဘလျူပို့က်စာအုပ်ထဲမှ မှတ်တမ်းမှတ်ချက်များ သည် အားလုံးမှန်ကန်ကြောင်းနှင့် အကယ်၍ လူကိုယ်တိုင်လာ၍ လေ့လာကြည့်ရှုလိုပါကလည်း လေ့လာကြည့်ရှု နိုင်ကြောင်း ပြန်ကြားလိုက်လေသည်။

ဦးဖေမောင်တင်က အိန္ဒိယရုံးမှ ပြန်ကြားစာကို ပိုင်ရှင် ကိုးသို့ ပြန်ပေးရင်း ဝမ်းသာကျေနပ်စွာ ပြောလိုက် လေသည်။

''ဟန်ကျတယ် ကိုးရေ၊ ဒီပြန်စာကလေးဟာ မတရားအပြစ်ဖို့ခံနေရတဲ့ ကျုပ်တို့မြန်မာနိုင်ငံသမိုင်း ကြောင်း နောက်ခံအတွက် ကယ်တင်ဖြေရှင်းပေးနိုင်မယ့် အဖိုးတန်တဲ့ အထောက်အထား သော့ချက်ကလေး တစ်ချက်ပဲဗျ၊ နောင် ကျုပ်အသုံးလိုတော့ တောင်းလိုက်မယ်၊ အခုတော့ ပျောက်ပျက်မသွားရအောင် ခင်ဗျား ဆီမှာပဲ သိမ်းထားပေးဦးဗျနော်၊ ဟုတ်လား''

* J.A, Stewart

သည့်ကိစ္စနှင့်ပတ်သက်၍ သူ့အနေဖြင့် လောလောဆယ် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း မရှိသေးသော်လည်း ကက်ပတိန်ပိုက်၏ စာအုပ်အကြောင်းကို ဆောင်းပါးရေးကာ အင်္ဂလိပ်–မြန်မာစစ်ပွဲ၏ ဖြစ်ရပ်မှန်အချို့အား သူ့မြန်မာပြည်သူပြည်သားများနှင့်အတူ မျက်နှာဖြူအာဏာပိုင်များ သိကြားသွားအောင် ကောက်နုတ်ဖော်ပြလိုက်နိုင်ခဲ့ခြင်းအတွက်မူ ဦးဖေမောင်တင်က ကျေနပ်စရာတစ်ကွက်အဖြစ် တွက်ယူလိုက်လေသည်။

ယခု ၁၉၂၄ ခုနှစ်တွင်မူ သူသည် သူ့မြန်မာစာပေကို ကမ္ဘာက သိကျွမ်းနားလည်စေရန်အတွက် မစ္စအင်း စထရောင်းနှင့်တွဲ၍ မြန်မာသဒ္ဒါဗေဒ ဖတ်စာအုပ်တစ်အုပ်ကို ရေးသားပြီးစီးခဲ့ပြန်လေပြီ။

ထို့အပြင် သူက 'မြန်မာစာကြီးပွားရေး' ဆိုသော ဆောင်းပါးနှင့် သူရှာဖွေစုဆောင်းကာ ပေးပို့ခဲ့သောပေစာများနှင့်ပတ်သက်၍ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ရှိ ပေစာများ၊ ဆောင်းပါးတို့ကိုလည်း သုတေသနဂျာနယ်သို့ ရေးပို့လိုက်သည်။

ထိုကဲ့သို့ သူသည် စာပေဆိုင်ရာဘက်၌ သူ့တာဝန်ကို နိုင်နိုင်နင်းနင်း ထမ်းဆောင်အောင်မြင်နိုင်ခဲ့သလို တိုင်းပြည်နှင့် လူမျိုးရေးဆိုင်ရာဘက်တွင်လည်း မြန်မာပြည်၌၊ ဗမာတိုင်းအဖို့ မော်ဖူးခွင့်မရနိုင်အောင် တန်နဲ့အာဏာထွားလာခဲ့သော မျက်နှာဖြူ အင်္ဂလိပ်လူမျိုး ဘုရင်ခံဟောင်း ဆာဟာဗီအဒမ်ဆန်ကိုပင် ပခုံးချင်းယှဉ်၍ အနိုင်တိုက်ကာ အောင်ပွဲခံနိုင်ခဲ့လေသည်။

ထိုအောင်ပွဲကြောင့်ပင် ဦးဖေမောင်တင်တစ်ယောက် မြန်မာပြည်သို့ အောင်မြင်စွာ ပြန်ရန်ဖန်လာခြင်း ဖြစ်သည်။

မြန်မာပြည်၌ နိုင်ငံရေးလှုပ်ရှားမှုများ ဖြစ်ပေါ်နေစဉ် ကမ္ဘာ့ဂန္ထဝင်စာပေနယ်တွင် ထူးခြားထင်ရှားစပြုကာ သူတို့မျက်နှာဖြူများကိုပင် ပခုံးချင်းယှဉ်ပြိုင်အနိုင်ကြဲ၍ အောင်ပွဲဆင်နွှဲနိုင်ခဲ့သော ဦးဖေမောင်တင်ကို အင်္ဂလိပ်အစိုးရက ဘိလပ်၌ ဆက်ထားရန် လန့်သွားဟန်တူသည်။

သည့်အခါ ဦးဖေမောင်တင်ကလည်း သူ့တိုင်းသူ့ပြည် သူ့မြို့သူ့အိမ်သို့ ပြန်ရန်ဝမ်းသာအားရပင် ပြင်ဆင်လိုက်သည်။

အကယ်စင်စစ် ဦးဖေမောင်တင် အနေဖြင့်လည်း သူ့တိုင်းပြည်နှင့် သူ့မိဘသားချင်းများကို လွမ်းလှပြီ ဖြစ်သည်။

ထို့အပြင် သူက သူခြေကုပ်ယူရမည့် ရန်ကုန်ယူနီဗာစီတီကြီး၌ သူ့အဖို့ လေ့လာစုဆောင်းထားသော ပညာအစုစု၊ ဗဟုသုတ အသွယ်သွယ်တို့ကို အသုံးပြုလျက် သူ့မြန်မာစာပေပင်ကလေးကို ပျိုးချလိုလှပြီလည်းဖြစ်သည်။

သို့ရာတွင် ရုတ်တရက် ကဖျက်ယဖျက်ပြုလိုက်သော အအေးမိခြင်းနှင့် ရေစီးကမ်းပြိုဝေဒနာရောဂါတို့ကြောင့် ဦးဖေမောင်တင်ခမျာ လေးနှစ်လေးမိုးကြီးမျှ ခွဲခွာနေခဲ့ရသော မွေးရပ်ဌာနေ သူ့ဗမာပြည်သို့ အပြေးပြန်ရှိအရေး နှောင့်နှေးကြန့်ကြာသွားရလေသည်။

ထို့နောက် သူနေကောင်း၍ မြန်မာပြည်သို့ ပြန်ရခါနီး၌ ဗမာအသင်းက သူတို့အသင်း၏ ပထမဦးဆုံးသော မြန်မာလူမျိုးဥက္ကဋ္ဌကြီး ဦးဖေမောင်တင်ကို နန်းတော်ဟိုတယ်*၌ ညစာစားပွဲ တည်ခင်း၍ ဂုဏ်ပြုနှုတ်ဆက်လိုက်လေသည်။

* Palace Hotel

MKS PUBLISHING

# ၂၈

# ဘီလပ်ပြန်
# ဖေမောင်တင်

အိုင်-အီး-အက်စ်* အဆင့် ဝင်သွားခဲ့သော ဘီလပ်ပြန် ဦးဖေမောင်တင်(ဘီ–လစ်)၊ အော့စဖို့ဒ်သည် မြန်မာပြည် ရန်ကုန်မြို့သို့ ၁၉၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ပြန်ရောက်သည်။

သူသည် ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး နောက်တစ်နေ့ ၁၉၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ယူနီဗာစီတီ အရှေ့တိုင်းဘာသာရပ်ဌာန၌ ဌာနမှူးပါမောက္ခအဖြစ် အလုပ်ကို တန်းဝင်လိုက်ရသည်။

သပိတ်နှင့် စတင်ဖွင့်လှစ်ခဲ့ရသော ရန်ကုန်ယူနီဗာစီတီ၏ အဆိုပါအရှေ့တိုင်းဘာသာရပ်ဌာနကို ဦးဖေမောင်တင် ဘီလပ်သို့ ရောက်နေစဉ် ဆရာကာစင်က တာဝန်ယူကာ သင်ကြားပြသပေးလေသည်။

ယခု ဦးဖေမောင်တင် ပြန်ရောက်လာသောအခါ ဦးဖေမောင်တင်က ဌာနမှူးပါမောက္ခအဖြစ် တာဝန်ယူလိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဌာနမှူးအဖြစ် အခွင့်ထူးကိုရသော်လည်း သူ့ရင်ထဲ၌ကား ဘဝင်သိပ်မကျလှချေ။

ဦးဖေမောင်တင် ဘဝင်မကျလှသည့်အကြောင်းကား အခြားမဟုတ်ချေ။ သူ့ကို ပါဠိနှင့် မြန်မာစာ ပါမောက္ခဟု အမည်တပ်၍ ခန့်အပ်ရမည့်အစား နယ်ပယ်ကျယ်ပြောလှသော အရှေ့တိုင်းဘာသာရပ်ဆိုင်ရာစာပေပါမောက္ခအဖြစ် တာဝန်ပေးအပ်လိုက်သောကြောင့် ဖြစ်လေသည်။

အရှေ့တိုင်း ဘာသာရပ်ဆိုင်ရာ စာပေပညာဆိုသည်က အရှေ့တိုင်းတစ်ခုလုံးနှင့် သက်ဆိုင်သောအက၊ အခုန်၊ အတီးအမှုတ်မှစ၍ အစားအသောက် အချက်အပြုတ်ဆိုင်ရာများအထိ အကျုံးဝင်အောင် ကျယ်ပြန့်များပြားလှသော ဘာသာရပ်တစ်ခုဖြစ်လေသည်။

''အရှေ့တိုင်းဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးဆိုတော့ တပည့်တွေ ငါးပိဘယ်လိုဖုတ်ရတယ်ဆိုတာလဲ သင်ပေးရမှာပေါ့နော် ဟုတ်လား၊ ဟား ဟား''

သူနှင့် ရင်းနှီးသော မိတ်ဆွေအချို့က အရှေ့တိုင်းဘာသာရပ်ဆိုင်ရာဌာနမှူး ပါမောက္ခ ဦးဖေမောင်တင်ကို နောက်ပြောင်ရယ်မောတတ်ကြသည်။

ထိုကဲ့သို့ သူ့မိတ်ဆွေများ၏ လှောင်ပြောင်ရယ်မောမှုများကို ဦးဖေမောင်တင်က အပြုံးမပျက် ခံယူလိုက်သည်။

ထို့နောက် သူက သူလုပ်ကိုင်ဆောင်ရွက်ရမည့် အချက်အလက်များကို အကွက်ချ၍ တစ်ခုပြီးနောက်တစ်ခု ဆောင်ရွက်လုပ်ကိုင်လိုက်လေသည်။

* Indian Educational Service

ရန်ကုန် ယူနီဗာစီတီကြီးကို သက်ဆိုင်ရာတာဝန်ရှိသူများက တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်မှာ ဦးဖေမောင်တင် ပြန်ရောက်လာသောအခါ လေးနှစ်လေးမိုးပင် ရှိချေပြီ။

ထိုလေးနှစ်လေးမိုး အချိန်အတွင်း၌ ရန်ကုန်ယူနီဗာစီတီကြီး၏ ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးတို့သည် ရန်ကုန်ကောလိပ်အခြေအနေတုန်းကထက် အဘက်ဘက်မှ ချဲ့ထွင်တိုးတက်နေကြလေသည်။

သို့ရာတွင် ထိုကဲ့သို့ ချဲ့ထွင်တိုးတက်နေကြသည့်အထဲ၌ မြန်မာစာပေ ဘာသာရပ်ကား မပါဝင်ခဲ့ချေ။

ယူနီဗာစီတီ ကျောင်းကြီးတစ်ကျောင်းလုံး၌ မြန်မာစာပေသင်ကြားရေးအတွက် မြန်မာစာဆရာဆို၍လည်း ဆရာပွားတစ်ယောက်နှင့် မြန်မာပါဠိ ကထိကအဖြစ် ဝိဇ္ဇာဘွဲ့ရ ဦးဘကျားတို့ကိုသာ သက်ဆိုင်ရာအာဏာပိုင် များက တာဝန်ကျေခန့်အပ်ထားလေသည်။

ဆရာပွားပင်လျှင် ဦးဖေမောင်တင် ဘိလပ်မသွားမီ စီစဉ်ခန့်ထားပေးခဲ့၍သာ မြန်မာစာဆရာအဖြစ် ဘုရား စူးလွတ်ရုံရှိနေခြင်းဖြစ်သည်။

ထိုအခါ အဘက်ဘက်မှ တိုးတက်ကြီးပွားလျက်ရှိကြသော အခြားဘာသာရပ်အသီးသီးတို့ကြား၌ ချီးမြှောက် အားပေးမည့်သူ ကင်းဝေးနေသော မြန်မာစာပေ ဘာသာရပ်ကလေးခမျာ ကြားညပ်သိမ်ငယ်စွာ ရှိနေရရှာလေ သည်။

အကယ်၍ တစ်စုံတစ်ယောက်က မြန်မာစာပေအတွက် တစ်ခါတစ်ရံ သတိရကာ ထည့်သွင်းဆွေးနွေး လာခဲ့ပါကလည်း သက်ဆိုင်ရာအာဏာပိုင်များက–

''ပါမောက္ခ ဖေမောင်တင်လာမှ စဉ်းစားတာပေါ့''

ဟု အဝေးရောက် ဦးဖေမောင်တင်၏အပေါ်သို့ ပုံချကာ ရှောင်လွှဲပစ်ပယ်ထားခဲ့ကြဟန်တူလေသည်။

မြန်မာပြည်သို့ ပြန်ရောက်လာသော ဦးဖေမောင်တင်ကို နိုင်ငံရေးပယောဂနှင့် ပတ်သက်ဆက်နွှယ်၍ အပြစ် ရှာမရသည့်အဆုံး၌ သက်ဆိုင်ရာအာဏာပိုင်များက ရန်ကုန်ယူနီဗာစီတီရှိ အရှေ့ပိုင်းဘာသာရပ်ဆိုင်ရာ ဌာနမှူး ရာထူးကို ထိုးအပ်လိုက်ကြရလေသည်။

ထိုအရှေ့တိုင်း ဘာသာရပ်ဆိုင်ရာဌာန လက်အောက်တွင် ပါဠိနှင့်မြန်မာစာပေကို သင်ပြစေသည်။ ပါဠိ နှင့်မြန်မာစာပေဟု နာမည်ခွဲခြား၍ တပ်ထားသော်လည်း အမှန်တကယ် သင်ကြားပြသပေးရသည်က ပါဠိဘာသာ ကိုသာ အဓိကဖြစ်သည်။

မြန်မာစာပေ အနေအထားနှင့်ကား အင်တာပထမနှစ်တွင် စာစီစာကုံးကလေးကို ရေးသားဖြေဆိုရုံမှလွဲ၍ ရန်ကုန်ယူနီဗာစီတီကြီးကို သန္ဓေတည်ပေးခဲ့သော ရန်ကုန်ကောလိပ်ဘဝက ရှိခဲ့သည့်ပုံစံဟောင်းအတိုင်း မပြောင်း မလဲ ရှိနေဆဲသာဖြစ်သည်။

သည်ပုံစံအတိုင်းသာဆိုပါက ဗမာလူမျိုးကျောင်းသားများအဖို့ပင် သင်ယူချင်မှ သင်ယူခွင့်ပြုထားသော မြန်မာစာစီစာကုံး ဘာသာရပ်ကလေးသည် အဘက်ဘက်မှ တိုးတက်ကြီးပွားနေသော ရန်ကုန်ယူနီဗာစီတီကြီးရှိ အခြားဘာသာရပ်အသီးသီးတို့ကြား၌ မကြာမီတိမ်မြုပ်ပျောက်ကွယ်သွားမည်မှာ သေချာလေသည်။

ထိုကဲ့သို့ စိုးရိမ်ဖွယ်ရာ မြန်မာစာပေ၏ အခြေအနေကလေးကို ကြည့်မြင်သုံးသပ်၍ ပါမောက္ခ ဦးဖေမောင် တင်က သူ့ကို မြန်မာပြည်သို့ပြန်ခေါ်သော သက်ဆိုင်ရာ အာဏာပိုင်များကို ကျေးဇူးတင်လိုက်မိလေသည်။

သက်ဆိုင်ရာအာဏာပိုင်များက ပြန်ခေါ်၍သာ သူ့အဖို့ ရန်ကုန်ယူနီဗာစီတီကြီး၌ ဖိဝိန်ချုပ်ကာ မြုပ်ကွယ် လုလုရှိနေသော မြန်မာစာပေပင်ကလေးကို အချိန်မီကယ်တင်ပြီးနောက် အသက်ဆက်ပေးနိုင်မည် မဟုတ်ပါလား။

''ကျွန်တော်တို့မြန်မာစာကို မြို့မကျောင်းကလာတဲ့ ကျောင်းသားကလေးအနည်းအပါးနဲ့ မြန်မာစာပေကို ဝါသနာပါတဲ့ ကျောင်းသားကလေးတစ်ယောက်တလေပဲ လာပြီးသင်ယူကြပါတယ်''

ဆရာပွားက ဌာနမှူးဦးဖေမောင်တင်ကို ဆီးကြိုရင်ဖွင့်ကာ ညည်းညူခဲ့သည်။

''မြန်မာစာဟာ အင်မတန်ကို မျက်နှာငယ်ပါတယ်၊ သင်ယူချင်တဲ့ လူကမရှိ၊ ရှိဦးတောင်လဲ သင်ပြပေးစရာ စာအုပ်စာတမ်းက မရှိပြန်ဘူး၊ ရှိအောင်လိုက်ဝယ်တော့လဲ မရဘူး''

သည်အတွက် ဦးဖေမောင်တင်လည်း အချိန်မဆွဲဘဲ ယူနီဗာစီတီ၌ မြန်မာစာသင်ကြားမှုစနစ် ချဲ့ထွင်ပေးရန် သက်ဆိုင်ရာအာဏာပိုင်များကို အရေးဆိုလိုက်သည်။

သူ၏ တောင်းဆိုချက်ကို ယူနီဗာစီတီဆီးနိတ်အဖွဲ့က လွယ်လွယ်ကူကူပင် လိုက်လျောခွင့်ပြုလိုက်သည်။

ထို့ကြောင့် ရန်ကုန် ယူနီဗာစီတီတွင် ကျောင်းသူကျောင်းသားတိုင်း မြန်မာစာပေ သင်ယူရေးအတွက် အနည်းဆုံး မြန်မာစာတန်းနိမ့်[၁]ကို သင်ယူရမည်ဟု ဥပဒေပြဋ္ဌာန်းချက်တစ်ခု ထွက်ပေါ်လာခဲ့လေသည်။

ဥပဒေပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်မှာ–

မြန်မာစာကို တွဲသင်သော အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းများမှ ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့သော ကျောင်းသူကျောင်းသားများသည် မြန်မာစာ ရိုးရိုးတန်း[၂]သို့ မသင်မနေရ တက်ရောက်သင်ကြားကြရမည်။

– မြန်မာစာကို အနည်းအကျဉ်းသာသင်ပေးသော ယူရိုပီးယန်းကုတ်[၃]ခေါ် အင်္ဂလိပ်ကျောင်းများမှ ဆယ်တန်းအောင်လာခဲ့သော အင်္ဂလိပ်ကပြားနှင့် မြန်မာကျောင်းသူ ကျောင်းသားများအနေနှင့်မူ မြန်မာစာတန်းနိမ့်(က) တန်း၌ မသင်မနေရ တက်ရောက်သင်ကြားကြရမည်။

– မြန်မာစာကို လုံးဝ မသင်မယူခဲ့ရဖူးသော မြန်မာမဟုတ်သည့် ကျောင်းသူကျောင်းသားများအနေနှင့်သာ မြန်မာစာတန်းနိမ့်(ခ)တန်းကို မသင်မနေရသင်ယူကြရမည်။

ဟု ခွဲခြားသတ်မှတ်ပေးထားလေသည်။

ထိုကဲ့သို့ မြန်မာစာပေနှင့်ပတ်သက်၍ ဆီးနိတ်က ဥပဒေသတ်မှတ်ပြဋ္ဌာန်းပေးလိုက်ခြင်းအတွက် မြန်မာစာ တန်ဖိုးမထားသော၊ မသင်မယူလိုသော ကျောင်းသူကျောင်းသားများက လှုပ်လှုပ်ရှားရှား ဆူဆူပူပူ လုပ်လိုက်ကြသေးသည်။

သို့ရာတွင် ထွက်ပြီးသားဆင်စွယ်ကို ပြန်ဝင်စေရန် လွယ်ဟန်မတူသော အစိုးရက

''မြန်မာပြည်မှာ အမှုထမ်းချင်ရင် ဗမာစာကို သင်လာခဲ့ရမယ်''

ဟု ခပ်တင်းတင်း တုံ့ပြန်လိုက်လေသည်။

ထိုအခါ ဆူပူသူများငြိမ်ကျသွားကာ မြန်မာစာသင်ကြားရေး အခြေအနေ ပြေလည်သွားလေသည်။

ထိုကဲ့သို့ သူ့မြန်မာစာပေမျိုးစေ့မှ အညှောက်ကလေး တက်လာစရာ အခြေအနေကို ရသွားသော ပါဠိပါမောက္ခကြီး ဦးဖေမောင်တင်သည် မြန်မာစာကို လုံးဝမသင်မယူဖူးခဲ့ကြသော အင်္ဂလိပ်ကပြားနှင့် ကုလားကျောင်းသားကလေးများကို သူကိုယ်တိုင် ကကြီး–ခခွေးမှစ၍ သင်ကြားပေးလိုက်လေသည်။

ပါမောက္ခကြီးကိုယ်တိုင် စိတ်ရှည်လက်ရှည် သင်ကြားပြသပေးသော မြန်မာစာ ကကြီးခခွေးတန်းကို မြန်မာမဟုတ်သော ကျောင်းသားကလေးများက စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူကြလေသည်။

ထိုကဲ့သို့ မြန်မာမဟုတ်သော ကျောင်းသားများက မြန်မာစာကို ကြိုးစား၍ သင်ယူလိုက်ချိန်တွင် အင်္ဂလိပ်ကျောင်းများမှ အောင်လာခဲ့ကြသော မြန်မာကျောင်းသားကလေးများက ပါမောက္ခဦးဖေမောင်တင်ကို အရေးဆိုလာကြလေသည်။

''ကျွန်တော်တို့ဟာ ဗမာဖြစ်ပေမယ့် အထက်တန်းကျောင်းမှာတုန်းက ဗမာစာကို အသေအချာမသင်ခဲ့ရတာမို့ မြို့မကျောင်းက ကျောင်းသားတွေနဲ့အတူတူ မြန်မာစာရိုးရိုးတန်းမှာ တက်ရတာ အခက်အခဲရှိနေရပါတယ်၊ ကျွန်တော်တို့ကို မြန်မာစာတန်းနိမ့်မှာသာ တက်ခွင့်ပေးစေချင်ပါတယ်''

သူ့ထံအရေးဆိုလာကြသော မြန်မာကျောင်းသားများ၏ဆန္ဒကို လိုက်လျောလိုသဖြင့် ဦးဖေမောင်တင်က ဆီးနိတ်သို့တင်ပြလိုက်သည်။

ဦးဖေမောင်တင်၏ တင်ပြချက်ကို ကျောင်းအုပ်ကြီး မစ္စတာစလော့စ်က ကန့်ကွက်ပယ်ချလိုက်လေသည်။

''ဗမာမဟုတ်တဲ့ ကျောင်းသူ ကျောင်းသားတွေကိုတော့ ဗမာစာမသင်မနေရသင်စေပြီး ဗမာကျောင်းသားတွေကိုကျတော့ အလျှော့ပေးတဲ့သဘောနဲ့ တန်းနိမ့်မှာ သင်ယူခွင့်ပြုဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ခွင့်မပြုသင့်ဘူး''

ကျောင်းအုပ်ကြီး၏ ကန့်ကွက်ချက်မှာ မှန်ကန်နေသောကြောင့် မြန်မာပြည်ဖြစ်ပါလျက် အဆင့်မြင့်သော မြန်မာစာအတန်းကို မတက်ချင်သော မြန်မာကျောင်းသားများကို ဦးဖေမောင်တင်က ချော့မော့၍ တစ်မျိုး၊ မြှောက်ပင့်၍တစ်ဖုံ နည်းစုံသုံးကာ မြန်မာစာရိုးရိုးတန်း၌ ဆက်၍တက်ရန် စည်းရုံးသိမ်းသွင်းလိုက်ရလေသည်။

---

၁ Lower Standard

၂ Ordinary Standard

၃ European Code

ထိုအခါ တပည့်ကျောင်းသားများလည်း သူတို့ဆရာပါမောက္ခ ဦးဖေမောင်တင်၏စကားကို နားထောင်ကာ မြန်မာစာသင်တန်း အသီးသီးသို့ ကောင်းမွန်စွာ တက်ရောက်သင်ယူလိုက်ကြလေသည်။

ထို့အတူ မြန်မာစာကို လုံးဝမသင်မယူဖူးခဲ့သော အင်္ဂလိပ်ကပြားနှင့် ကုလားကျောင်းသားကလေးများသည် ဦးဖေမောင်တင်၏ ကြိုးစားသင်ကြားပေးချက်အရ မြန်မာစာကို ရေးတတ်ဖတ်တတ်လာကြတော့သည်။

အင်္ဂလိပ်အထက်တန်းကျောင်းများမှ မြန်မာစာကို အနည်းအကျဉ်းမျှသာ သင်ယူလာခဲ့ကြသော မြန်မာကျောင်းသားကလေးများသည်လည်း ပါမောက္ခဦးဖေမောင်တင်၏ အားပေးမှု၌ ကြိုးစားအားထုတ်လိုက်ကြသည်တွင် မြန်မာစာရှိုးရိုးတန်းကိုမီအောင် လိုက်သင်နိုင်ကြလေသည်။

ထို့ကြောင့် နောက်ဆုံး၌ မြန်မာမဟုတ်သော ကျောင်းသားများသည် မြန်မာစာပေကိုသင်ယူ၍ မြန်မာကျောင်းသားများနှင့်အတူ အပတ်စဉ် စာမေးပွဲအောင်ကာ အားလုံးဝမ်းသာအားရဖြစ်သွားကြလေသည်။

ထိုကဲ့သို့ ပြေပြေလည်လည် ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားချိန်တွင်မှ ဦးဖေမောင်တင်သည် သူ့မြန်မာစာပေနှင့်ပတ်သက်၍ ဟာကွက်ကလေးတစ်ချက်ကို ရုတ်တရက် တွေ့လိုက်လေသည်။

မြန်မာစာနှင့်ပတ်သက်၍ ပါမောက္ခဦးဖေမောင်တင်သည် ရန်ကုန်ယူနီဗာစီတီလက်အောက်ခံဖြစ်သော ဂျပ်ဆင်ကောလိပ်နှင့်လည်း ဆိုင်လေသည်။

ဂျပ်ဆင်ကောလိပ်၌ ကရင်အမျိုးသားကျောင်းသားကလေးများရှိကြသည်။

အဆိုပါ ကရင်အမျိုးသားကျောင်းသားများက သူတို့ကောလိပ်ကျောင်းအုပ်ဆီသို့သွားကာ သူတို့သည် မြန်မာမဟုတ်၍ ပါမောက္ခဦးဖေမောင်တင်၏ သတ်မှတ်ပြဋ္ဌာန်းချက်အတိုင်း မြန်မာစာတန်းနိမ့်(က)တန်း၌သာ တက်ရောက်သင်ယူလိုကြောင်း တောင်းဆိုခဲ့ကြသည်ကို ခွင့်ပြုထားခဲ့သည်။

ထိုကဲ့သို့သော ကရင်ကျောင်းသားကလေးများသည် စာမေးပွဲအမှတ်စာရင်းများ၌ မြန်မာစာတွင် ကိုးဆယ်ထက်မအောက်သော အောင်မှတ်များကို ထူးထူးခြားခြား ရရှိနေကြလေသည်။

ရန်ကုန်ယူနီဗာစီတီမှ မြန်မာစာတန်းနိမ့်ချင်းအတူတူ သင်ယူခဲ့ကြသော အခြားကျောင်းသားများအနေနှင့်ကား မြန်မာစာစီစာကုံးဘာသာရပ်အတွက် အမှတ်အများဆုံး လေးဆယ်– ငါးဆယ်မျှသာ ရရှိကြလေသည်။

သည်အချက်ကို သတိထားလိုက်မိသော ဦးဖေမောင်တင်က ဘယ်အတွက်ကြောင့် အခြားကျောင်းသားများနှင့် ကရင်ကျောင်းသားများသည် အောင်စာရင်းအမှတ်များ ထိုမျှကွာခြားနေကြောင်းကို သိချင်မိလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က ပညာမင်းကြီးရုံးသို့သွားကာ ထိုကရင်ကျောင်းသားကလေးများအနေဖြင့် ဆယ်တန်းတုန်းက မြန်မာစာကို ဘယ်အဆင့်အတန်းမှသင်ယူ၍ ဖြေဆိုခဲ့ကြကြောင်းကို ရှာဖွေကြည့်ရှုလိုက်သည်။

ထိုအခါ အဆိုပါ ကရင်ကျောင်းသားကလေးများသည် အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းများတွင် မြန်မာကျောင်းသားကလေးများနှင့်တန်းတူ မြန်မာစာကို သင်ယူတတ်မြောက်လာခဲ့ကြသူများဖြစ်ကြောင်း ဦးဖေမောင်တင် တွေ့ရလေသည်။

ထိုအခါကျမှ ဆယ်တန်းတုန်းက မြန်မာကျောင်းသားများနှင့်တန်းတူလိုက်၍ မြန်မာစာကိုသင်ယူလာခဲ့ကြသော ကရင်ကျောင်းသားကလေးများအနေဖြင့် ယခု အိုင်–အေ ၌ ကုလားကျောင်းသားကလေးများနှင့် မြန်မာစာတန်းနိမ့်(က)တန်း၌ ထူးထူးခြားခြား အောင်မှတ်ကိုးဆယ်ရနိုင်ကြသည့် အကြောင်းရင်းကို ဦးဖေမောင်တင်က သိလေတော့သည်။

ထိုကဲ့သို့ အကြောင်းရင်းကို သိသွားသော ဦးဖေမောင်တင်သည် ယူနီဗာစီတီသို့ပြန်ပြီးနောက် မြန်မာစာနှင့်ပတ်သက်၍ ခြေတစ်လှမ်းတက်ကာ နားပူနားဆာတိုက်လိုက်ရပြန်လေသည်။

ဦးဖေမောင်တင်၏ နားပူနားဆာတိုက်ကာ တောင်းဆိုမှုကို မငြင်းဆန်နိုင်၍လားမသိ။ ယူနီဗာစီတီ ဆီးနိတ်အဖွဲ့က မြန်မာစာပေနှင့် ပတ်သက်သော ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို သတ်မှတ်ပေးလိုက်ရပြန်သည်။

ဆီးနိတ်မှ ထုတ်ပြန်လိုက်သော ဥပဒေပြဋ္ဌာန်းချက်သည်ကား မြန်မာလူမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းများ၌ မြန်မာစာကို သင်ယူလာခဲ့သော ကျောင်းသူကျောင်းသားမှန်သမျှသည် ယူနီဗာစီတီ၌လည်း မြန်မာစာ အထက်တန်းကို သင်ယူဖြေဆိုကြရမည်ဟူသတည်း။

''ဗမာစာကို စာစီစာကုံးထက်ပိုပြီး သင်ပေးဖို့က ယူနီဗာစီတီမှာ သင်လောက်တဲ့ သင်သင့်သင်ထိုက်တဲ့ စာအုပ်မှမရှိဘဲ ဘာနဲ့သွားသင်မလဲ၊ မင်းတို့ဗမာစာပေဆိုတာက ပေရွက်ကြားထဲမှာ ညပ်နေတာပါ''

ကျောင်းအုပ်ဆရာကြီး မစ္စတာစလော့စ်၏ မှန်လွန်းသောစကားများအတွက် ဦးဖေမောင်တင်သည် ဘာတစ်ချက်မျှ နှုတ်လှန်မထိုးနိုင်ဘဲ ခေါင်းငုံ့၍ခံကာ ဘိလပ်သို့ထွက်သွားခဲ့ရသည်။

သူသည် မလှန်သာ၍ ခေါင်းငုံ့၍ခံခဲ့ရသော်လည်း သူ့စိတ်တွင်းမှမူ ရင်ကိုကော့၍ ပြန်ပြောခဲ့သေးသည်။

''ခင်ဗျားတို့စောင့်ကြည့်ဦးပေါ့ဗျာ၊ ပေရွက်ကြားမှာသာညပ်နေတဲ့ ဗမာစာပေတွေကို စာအုပ်စာတမ်းတွေဖြစ်လာအောင် ကျုပ်လုပ်ပြမယ်''

ထို့နောက် ဘိလပ်မှပြန်ရောက်လာသော ဦးဖေမောင်တင်သည် သူ့ရင်ထဲမှတေးကာ ကြိမ်းဝါးထားခဲ့ချက်အတိုင်း သူ၏မြန်မာစာပေ စစ်ဆင်ရေးကို တစ်မျိုးတိုး၍ ကြိုးစားလိုက်ရပြန်သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် ကျောင်းသုံးစာစဉ်ထုတ်ဝေရေး ဆပ်ကော်မတီကလေးတစ်ခုကို ဖွဲ့စည်းထားသည်။

သို့ရာတွင် ထိုကျောင်းသုံးစာစဉ် ထုတ်ဝေရေးမှ စာအုပ်စာတမ်းများသည် ယခုထက်တိုင် ထွက်ပေါ်မလာဖြစ်သေးသည်ကို ဘိလပ်မှပြန်ရောက်လာခဲ့သော ဦးဖေမောင်တင် တွေ့ရလေသည်။

အကြောင်းရင်းကို လေ့လာလိုက်သောအခါ၌ကား ဆပ်ကော်မတီအဖွဲ့ဝင်ဆရာကြီးများသည် စာလုံးပေါင်းအတွက် ပြဿနာတက်ကာ စာအုပ်များ ယခုတိုင်ထွက်မလာနိုင်ကြောင်း သိရလေသည်။

ဆပ်ကော်မတီအဖွဲ့ဝင် ဆရာကြီးတစ်ဦးဖြစ်သော ပုဂ်ဝန်ထောက်ဦးတင်က စာအုပ်များ တည်းဖြတ်နှိုက်နှိပ်သောအခါ နောက်ပစ်စာလုံးပေါင်း၌ ဝစ္စနစ်လုံးပေါက်ကိုလည်း ထည့်ရမည်ဟုဆိုသည်။

ဆရာကြီးတစ်ဦးဖြစ်သူ ဦးဖိုးစိန်ကမူ 'ဘ'ကုံးအစား 'ဖ'ဦးထုပ်ကိုသာ သုံးရမည်ဟု ပြောသည်။

အကယ်၍ နောက်ပစ်မှ ဝစ္စနစ်လုံးပေါက် မထည့်လျှင် စာအုပ်မထွက်ရဟု တားမြစ်သကဲ့သို့ 'ဘ'ကုံးအစား 'ဗ'ဦးထုပ်ကို သုံးမှသာ စာအုပ်ထွက်ရမည်ဟု ကန့်ကွက်သူက ကန့်ကွက်ကာ ပညာရှိ ကဝိဆရာကြီးများ အချင်းချင်း အငြင်းပွားနေကြသည်နှင့် နှောင့်နှေးကြန့်ကြာကာ စာအုပ်များ ယခုတိုင် မထွက်နိုင်ဖြစ်နေခဲ့လေသည်။

ဤတွင် ဦးဖေမောင်တင်က သူ့မိတ်ဟောင်းဆွေဟောင်းကြီး ဦးမေအောင်နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ထုတ်ဝေရေးဆပ်ကော်မတီကို အသစ်ဖွဲ့စေသည်။

ထိုအသစ်ဖွဲ့သော ဆပ်ကော်မတီနှင့် အတိုင်ပင်ခံအဖွဲ့တို့က ၁၉၂၄ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဦးဖေမောင်တင်ကို အယ်ဒီတာချုပ်အဖြစ် တင်မြှောက်ခန့်အပ်လိုက်ကြလေသည်။

အယ်ဒီတာချုပ်အဖြစ် လုပ်ပိုင်ခွင့်အာဏာကို လက်ကိုင်ရရှိသွားသော ဦးဖေမောင်တင်က မြန်မာစာအုပ်များ ဆောလျင်စွာ ထွက်ပေါ်လာနိုင်ရေးအတွက် အငြင်းပွားနေခဲ့ကြသော ပညာရှိကဝိဆရာကြီးများကို ချော့မော့၍ ပထမကိုင်တွယ်ဖြေရှင်းလိုက်ရလေသည်။

''ကျွန်တော်တို့ ပညာမင်းကြီးက ငွေ ၁၀၀၀ိ–ပေးပြီး ကျောင်းတွေကိုလှူဖို့အတွက် ဗမာစာအုပ်တွေ ရှာအဝယ်ခိုင်းပါတယ်၊ ကျွန်တော်လဲကြိုးစားပြီး လိုက်ရှာဝယ်ပါတယ်၊ ဒါပေမဲ့ ငွေ ၁၀၀၀ ဖိုးဝေးလို့ ၁၀၀ ကျော်ဖိုးကုန်အောင်တောင် အတော်ကြိုးစားဝယ်ရပါတယ်၊ အဲဒီလို ကြိုးစားပမ်းစားရှာဝယ်လို့ရလာခဲ့တဲ့ စာအုပ်တွေကတော့ ဗုဒ္ဓဘာသာကျမ်းတွေရယ်၊ ထေရုပ္ပတ္တိစာအုပ်တွေနဲ့ ဘာသာပြန်အနည်းအပါးအပြင် တခြားဘာစာအုပ်မှ မရှိဘူးခင်ဗျ''

ဦးဖေမောင်တင်က လက်ရှိမြန်မာစာပေ အခြေအနေကို ပထမတင်ပြလိုက်သည်။

''တကယ်တော့ ပညာမင်းကြီးက ကျွန်တော်တို့ရဲ့ မြန်မာစာပေ အခြေအနေကို လက်တွေ့ထောက်ပြလိုက်ဘာပါ၊ ပြီးတော့မှ ယူနီဗာစီတီမှာ မင်းတို့ ဗမာစာပေကို အကျအန သင်ချင်သပဆိုရင် သင်နိုင်ပါတယ်၊ ဒါပေမဲ့ သင်ပေးစရာ စာအုပ်စာတမ်း အကျအနတော့ ရှိဖို့လိုတယ်လို့ ပြောပါတယ်''

ထို့နောက် ဦးဖေမောင်တင်က လိုရင်းအချက်ကို ကွက်၍ပြောလိုက်ရလေသည်။

''အဲဒီတော့ ယူနီဗာစီတီမှာ ဗမာစာပေပညာရပ်ကို သင်ကြားပေးနိုင်ဖို့က ဗမာစာအုပ်တွေရှိဖို့လိုပါတယ်။ စာအုပ်တွေရှိနိုင်ဖို့အတွက်က ကျွန်တော်တို့ သုတေသနအသင်းက တခြားပြဿနာတွေကို ဘေးဖယ်ပြီး စာအုပ်တွေဆက်တိုက် ထွက်လာနိုင်ဖို့ကိုသာ အဓိကထားလို့ ကြိုးစားထုတ်ဝေပေးကြရပါလိမ့်မယ်''

နောက်ဆုံး၌ ဦးဖေမောင်တင်က အသင်းမှ စာအုပ်များထွက်မလာဖြစ်အောင် လိပ်ခဲတည်းလည်း အငြင်းပွားနေသော စာလုံးပေါင်းပြဿနာကို အပြတ်ဖြေရှင်းပေးလိုက်လေသည်။

''အဲဒီတော့ ဦးတင်က နောက်ပစ်မှာ ဝစ္စနစ်လုံးပေါက်ထည့်ချင်တယ်ဆိုတာထည့်ပါ၊ ရပါတယ်။ ဦးဖိုးစိန် အနေနဲ့လဲ ဘကုံးအစား ဖဦးထုပ်ကိုမှ သုံးချင်တယ်ဆိုတာလဲသုံးပါ၊ ဖြစ်ပါတယ်။ ကျွန်တော့်နာမည်ကိုတောင် ပြောင်းစတုန်းက ဘကုံးနဲ့ ဘေမောင်တင်ခဲ့ပေမယ့် အခုတော့ ဖဦးထုပ်နဲ့ ဖေမောင်တင်ဖြစ်နေပါပြီ။ ဖေမောင်တင်လို့ နာမည်ပြောင်းတာနဲ့ပတ်သက်လို့ ဟိုတစ်နေ့က ကျောက်စာဝန်ပေါက်ဖော်ကြီး တော်စိန်ခိုက ကျွန်တော့်ကို ထမင်း ဖိတ်ကျွေးတယ်၊ အကြောင်းကတော့ ကျွန်တော်ဟာ ဘီလပ်သွားတုန်းက ဗမာဖြစ်ပေမယ့် ဘီလပ်ကပြန်လာတော့ တရုတ်ဖြစ်လာလို့တဲ့ ခင်ဗျ''

ဦးဖေမောင်တင်က စကားစပ်၍ သူ့အကြောင်းကလေး ညှပ်ပြောလိုက်သည်။

''ဘယ်လိုလဲဆိုတော့ သူတို့တရုတ်လူမျိုးတွေဟာ သူတို့မျိုးရိုးအလိုက် အခေါ်အဝေါ်တွေကို တော်ဘယ်သူ၊ တန်ဘယ်ဝါရယ်လို့ သူတို့နာမည်ရှေ့ကဂုဏ်တင်ပြီးထားကြသလို ကျွန်တော်ကလဲ ကျွန်တော့်နာမည်ကို ပြောင်း တာမှာ ကျွန်တော့်အဖေ့နာမည်ကို အနောက်တိုင်းဟန်နဲ့ နာမည်ရဲ့နောက်ကမထားဘဲ တရုတ်ထုံးစံကိုယူပြီး နာမည် ရဲ့ ရှေ့မှာထားတာမို့ တရုတ်ဖြစ်လာလို့ ဂုဏ်ပြုထမင်းကျွေးတာတဲ့။ ဒါပေမဲ့ ကျွန်တော်ကတော့ ဗမာပါပဲ။ နာမည်ကစာလုံးကို ရှေ့နဲ့နောက် ပြောင်းတာနဲ့ ဗမာဟာ တရုတ်ဖြစ်မသွားနိုင်သလို ဘကုံးနဲ့ ဖဦးထုပ်စာလုံး ပေါင်းပြောင်းလိုက်တာနဲ့ လူပါလိုက်ပြောင်းသွားတာမှမဟုတ်ဘဲ။ ဒါကြောင့် စာလုံးပေါင်းကို ကြိုက်ရာမှုနဲ့ ကြိုက် သလိုပေါင်းပြီး မြန်မာစာပေအတွက် မြန်မာစာအုပ်တွေ အမြန်ဆုံးထွက်နိုင်အောင်သာ ဝိုင်းဝန်းကြိုးပမ်းပေးကြ ပါခင်ဗျား''

အယ်ဒီတာချုပ်ဦးဖေမောင်တင်၏ ခွင့်ပြုတိုက်တွန်းချက်တွင် အကြိုက်တွေ့သွားကြသော ပညာရှိ ကဝိဆရာ ကြီးများသည် သူတို့နှစ်သက်ရာ စာလုံးပေါင်းကိုသုံးကာ စာအုပ်များထွက်ပေါ်လာနိုင်ရေးအတွက် လုံးပမ်းအား ထုတ်လိုက်ကြလေသည်။

ထို့နောက် စာအုပ်များ စုစည်းတည်းဖြတ်မှု ပြီးစီးလေသည်။

သို့သော်လည်း ၁၉၂၅ ခုနှစ်သို့ ကူးလာခဲ့သည်အထိ အသင်းမှ စာအုပ်များကား ထွက်ပေါ်မလာနိုင်သေးချေ။

အကြောင်းမှာ နိဒါန်းရေးသားရာ၌ ပညာရှိကဝိဆရာကြီးများ သဘောကွဲလွဲနေကြပြန်၍ ဖြစ်လေသည်။

သည်တစ်ခါလည်း နိဒါန်းပြဿနာကို အယ်ဒီတာချုပ် ဦးဖေမောင်တင်ပင်ကြားဝင်၍ ဖြေရှင်းဆုံးဖြတ်ပေး လိုက်ရပြန်သည်။

ဦးဖေမောင်တင်၏ ဖြေရှင်းဆုံးဖြတ်နည်းကား စာအုပ်များမှ နိဒါန်းအားလုံးကိုဖြုတ်၍ ထုတ်ဝေလိုက်စေခြင်း ဖြစ်လေသည်။

သည်အခါကျမှ နှစ်နှင့်ချီ၍ တာစူနေခဲ့သော မြန်မာစာအုပ်များသည် သုတေသနအသင်းမှ တစ်အုပ်ပြီး နောက်တစ်အုပ် ထွက်ပေါ်လာနိုင်လေတော့သည်။

ထိုကဲ့သို့ စာအုပ်များ စတင်ထွက်ဖြစ်လာတော့မှပင် ဦးဖေမောင်တင်လည်း နောက်ဆက်ထွက်လာဦးမည့် စာအုပ်များတွင် ကော်မတီအဖွဲ့ဝင်ဆရာကြီးများအားလုံး၏ အကြိုက်လည်းဖြစ်စေ၊ အစိုးရနှင့် ပညာရေးဌာန ကလည်း နှစ်သက်လက်ခံစေရန် မူကွဲ၊ နိဒါန်း၊ အတ္ထုပ္ပတ္တိ၊ အက္ခရာဝလိ စသည်များကို အစီအစဉ်ကျနခံ့ညား အောင် ထည့်သွင်းရိုက်နှိပ်ပေးလိုက်ရလေသည်။

ဤနည်းဖြင့် ဦးဖေမောင်တင်သည် ပေရွက်များကြား၌ ညပ်နေခဲ့သော မြန်မာစာပေ ပညာများကို စာအုပ် စာတမ်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့လေသည်။

ထိုကဲ့သို့ စာအုပ်များ ထွက်လာနိုင်ခဲ့ခြင်းသည် မျိုးစေ့အညှောက်ကလေးမှ အရွက်ထွက်လာခြင်းပင် ဖြစ်လေ သည်။

ပျိုးခင်းရှင်ကြီးအဖို့ ထွက်လာသော အရွက်ကလေးကြားမှ အညွန့်အခက်ကလေးတက်ကာ ဆက်လက်ရှင် သန်ကြီးထွားလာနိုင်အောင် ပြုစုပျိုးထောင်ပေးရဦးမည်ဖြစ်သည်။

ဦးဖေမောင်တင်သည် သင်ကြားပြသစရာ စာအုပ်များထွက်ပေါ်လာရေးအတွက် စိတ်အေးသွားရလျှင် ယူနီ ဗာစီတီ အိုင်-အေ တန်း၌ မြန်မာစာကို စိတ်ကြိုက်ဘာသာတစ်ခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းစီစဉ် လိုက်ရပြန်သည်။

ထိုကဲ့သို့ စီစဉ်လိုက်သောအခါ မြန်မာစာအတွက် တစ်ယောက်တည်းသာရှိသော ဆရာပွားနှင့် မလုံလောက်

တော့ဘဲ ဆရာထပ်ခန့်ရန် လိုအပ်လာသည်။

ထိုလိုအပ်သော မြန်မာစာဆရာနေရာအတွက် စာရေးဆရာ မစ္စတာမောင်မှိုင်း[၁]အမည်ခံ ဆရာလွန်းနှင့် ဆရာလင်းတို့နှစ်ယောက်က လျှောက်ကြသည်။

ထိုဆရာကြီးနှစ်ဦးစလုံးသည် စာပေပညာရှိကြီးများဖြစ်ကြသည်။

ထို့ကြောင့် ထိုဆရာကြီးနှစ်ဦးစလုံးကို ခေါ်ယူခန့်ထားလိုက်ပါက ယူနီဗာစီတီ၌ မြန်မာစာပေ တိုးတက်ကြီးပွားရေးအတွက် အထူးအားထားစိတ်ချရမည်ဖြစ်ကြောင်း ဦးဖေမောင်တင် ကောင်းကောင်းသိလေသည်။

သို့ရာတွင် တိုင်းပြည်နှင့်လူမျိုးတို့ တိုးတက်ကြီးပွားနိုင်ရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ အပါအဝင် ယဉ်ကျေးမှုအရေးတို့ ထောင့်စုံဘက်စုံ ကဏ္ဍစုံအလိုက် စည်းရုံးတိုက်ခိုက်နိုင်မှသာ ဘက်ညီ တိုးတက်ကြီးပွားနိုင်မည်ဖြစ်သည်။

လူတစ်ယောက် အသက်ရှင်သန်ရပ်တည်ပြီးနောက် တိုးတက်အောင်မြင်ရေးသည် ထိုသူ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်း အင်္ဂါရပ်များဖြစ်သော ဦးနှောက်၊ မျက်လုံး၊ နား၊ လက်၊ ခြေ စသည်များက ဆိုင်ရာ ဆိုင်ရာတာဝန်များကို သူ့အပိုင်းသူ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် စွမ်းစွမ်းတမံ ကြိုးဆောင်လုပ်ကိုင်တတ်ရန် အရေးကြီးသကဲ့သို့ပင်ဖြစ်သည်။

ယခု ယူနီဗာစီတီသို့လာလိုသော ဆရာလွန်းနှင့် ဆရာလင်းသည် ဘယ်တစ်ချက်မျှ ငြင်းပယ်စရာမလိုအောင် စာပေပညာရှိ ကဝိကြီးများဖြစ်ကြလေသည်။

သို့ရာတွင် ဆရာလွန်းသည် ဂျီ-စီ-ဘီ-အေ[၂]ခေတ် အမျိုးသားလှုပ်ရှားမှုကြီး ကဗျာစာဆိုတစ်ဦးအဖြစ် အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးနေသူဖြစ်သည်။

ရန်ကုန်ယူနီဗာစီတီကြီးတွင် မြန်မာပြည်အတွက် အဓိကယဉ်ကျေးမှုဖြစ်သော မြန်မာအမျိုးသားစာပေ ပျိုးခင်းကလေး ရှင်သန်ကြီးထွားရေးကို ပြုစုပျိုးထောင်ပေးနိုင်မည့် စာပေပညာရှိ ကဝိဥယျာဉ်မှူးကြီးများ အမှန်ပင် လိုအပ်နေသကဲ့သို့ တိုင်းတစ်ပါးသားလူမျိုးခြားတို့ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားရုန်းထွက်နေကြရသော ခေတ်ကြီး၌ မြန်မာပြည်သူတို့၏ အားယူတာစူနေကြသော အမျိုးသားစိတ်ဓာတ်နှင့် နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် စာပေယဉ်ကျေးမှုလက်နက်ဖြင့် ထက်ထက်မြက်မြက်၊ တက်တက်ကြွကြွ ခေါင်းဆောင်ခေါင်းရွက်ပြုပေးနိုင်စွမ်းသော အမျိုးသားခေါင်းဆောင်ကောင်းများ အထူးလိုအပ်လျက်ရှိလေသည်။

ဆရာလွန်းမှာ အမျိုးသားစာဆိုတစ်ဦးဖြစ်သည်သာမက နေရှင်နယ်ကောလိပ်၌ ၁၉၂၃ ခုနှစ်အထိ ပရော်ဖက်ဆာအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သောကြောင့် ရန်ကုန်ယူနီဗာစီတီ၌လည်း မြန်မာစာပေဘာသာရပ်အတွက် အကောင်းဆုံးတာဝန်ယူကာ သင်ကြားပို့ချပေးနိုင်မည်သာဖြစ်သည်။

သို့ရာတွင် ဆရာလွန်းအဖို့မှာ အခြေခံရနေပြီဖြစ်သော အမျိုးသားရေးနယ်ပယ်၌ ဦးဆောင်လုပ်ကိုင်သကဲ့သို့ လွတ်လပ်ကျယ်ပြန့်တော့မည် မဟုတ်ချေ။

သည်အချက်နှင့်ပတ်သက်၍ ဦးဖေမောင်တင်၌ ကိုယ်တွေ့ဖြစ်သည်။

ပညာရေးဘက်၌ ပို၍ အစွမ်းထက်ကာ တိုင်းပြည်နှင့်လူမျိုးအတွက် ပညာရေးကဏ္ဍမှ ရပ်တည်တိုက်ခိုက်နေရသော ဦးဖေမောင်တင်သည် သူ၏ အမျိုးသားရေးစိတ်ဓာတ်ကို ပညာရေးဘောင်အတွင်းမှသာ တက်ကြွ လှုပ်ရှားနိုင်ခွင့် ရလေသည်။

သူသည် အမျိုးသားပညာရေးအတွက် သူ့ပိုင်နက်ပညာရေးဘောင်အတွင်းမှ မတွန့်မဆုတ် ရဲရဲဝံ့ဝံ့ ထိုးနှက်တိုက်ခိုက်နိုင်ခွင့် ရှိသော်လည်း ထိုဘောင်ကို ကျော်၍ကား နိုင်ငံရေးနှင့် အမျိုးသားရေးအတွက် လှုပ်ရှားလုပ်ဆောင်နိုင်ခွင့် မရှိချေ။

အစိုးရ၏ ချုပ်ကိုင်ထားမှုအောက်၌ ရပ်တည်နေရသော ပညာရေးဌာနဘောင်ကြီးက ဦးဖေမောင်တင်ကို ဘောင်အတွင်းမှ ကျော်လွှားလှုပ်ရှားခြင်းမပြုနိုင်အောင် စည်းတားချုပ်နှောင်ထားလေသည်။

ဦးဖေမောင်တင်က ယခုကဲ့သို့ အမျိုးသား ကဗျာစာဆို ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်ဖြင့် နိုင်ငံရေး

---

၁ နောင်တွင် အမျိုးသားခေါင်းဆောင်ကြီး ငြိမ်းချမ်းရေး ဖခင်ကြီး သခင်ကိုယ်တော်မှိုင်း၊ ဘကြီးမှိုင်း တွင်သည်။

၂ General Council Burmese Association (မြန်မာအသင်းချုပ်ကြီး)

လောကအတွင်း၌ လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်နေသော ဆရာလွန်းကို နိုင်ငံရေးလောကလောက် မကျယ်ဝန်းသော ပညာရေးဘောင်အတွင်းသို့ သွတ်သွင်းလိုက်ခြင်းဖြင့် နိုင်ငံရေးလှုပ်ရှားမှုအင်အား တုံ့ကျုံ့မသွားစေလိုချေ။

ထို့ကြောင့် ဦးဖေမောင်တင်သည် ဆရာလွန်းနှင့်ဆုံတွေ့၍ သူ့ရင်တွင်းမှထားရှိသော စိတ်ရင်းစေတနာများကို ပြောပြလိုက်သည်။ ဦးဖေမောင်တင်၏ စေတနာအရင်းခံကို ဆရာလွန်းကလည်း နားလည်လက်ခံသည်။ ကျေနပ်သည်။ ဤသို့ဖြင့် ဦးဖေမောင်တင်သည် သူ၏ တိုးချဲ့သော မြန်မာစာပေအတွက် စာပေဘောက်၌သာ အဓိက အာရုံပြု အားထုတ်နေသော ဆရာလင်းကို ခန့်ထားခဲ့လေသည်။

ထိုအခါ ရန်ကုန်ယူနီဗာစီတီကြီး၌ ရှေးအဆက်ဆက်ကတည်းက နေရာမရ၊ မျက်နှာမလှ၊ အောက်ကျနောက်ကျဖြစ်နေခဲ့ရသော မြန်မာစာပေ ပညာရပ်ကလေးသည် ဦးဖေမောင်တင်၏ စိတ်ရှည်သည်းခံခြင်း သံခမောက်၊ ဖွဲ့သတ္တိခါးစည်း၊ မရပ်မနား ကြိုးစားအားထုတ်ခြင်း ဒိုင်းလွှားအစရှိသော လက်နက်စုံတို့ကို နှလုံးသားတွင် တပ်ဆင်ကာ တိုက်ပွဲဝင်နိုင်ခဲ့မှုကြောင့် ပျိုးပင်ကလေးသည် အညွန့်အတက်အခက်လက်ကလေးများ ထွက်လာနိုင်လေတော့သည်။

ထို့နောက် ၁၉၂၅ ခုနှစ်၊ ဖွန်လတွင် မန္တလေးကောလိပ်ကို စတင်ဖွင့်လှစ်လိုက်လေသည်။

ထိုနှစ်ထဲ၌ ဦးဖေမောင်တင်နှင့် မစ္စအမ်းစထရောင်းတို့ တွဲဖက်ရေးသားထားခဲ့သော 'အေဘားမီးစ်ဖိုနက်တစ်ရီးဒါး'စာအုပ်ကလေး ထွက်လာသည်။

ထိုစာအုပ်ကလေးကို လန်ဒန်ယူနီဗာစီတီ ပုံနှိပ်တိုက်လီမိတက်မှ ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ထိုစာအုပ်ကလေးသည် နိုင်ငံခြားသားများအတွက် အထူးအသုံးဝင်လျက် မြန်မာပြည်သို့ လာရောက် အမှုထမ်းကြမည့် အိုင်-စီ-အက်စ်များအားလုံး မသင်မနေရလက်စွဲပြုကြရလေသည်။

ထိုနှစ်ထဲ၌ပင် ဟာဗီ၏ ဟစ္စထရီအော့ဖ်ဘားမား စာအုပ်ကြီးလည်း ထွက်လာခဲ့သည်။

ဦးဖေမောင်တင်ထံမှ ထောက်ခံမှုကိုမရသဖြင့် အော့စဖို့ဒ်ယူနီဗာစီတီ ကလက်ရဒ္ဒန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခွင့်မရခဲ့သော ဟာဗီသည် သူ့ဗမာရာဇဝင်စာအုပ်ကြီးကို လောင်းမင်းစ်ဂရင်း*ပုံနှိပ်တိုက်သို့ ပို့လိုက်ဟန်တူသည်။

ယခု သူ့ဗမာရာဇဝင်စာအုပ်ကြီးသည် လောင်းမင်းစ်ဂရင်းအင်ကိုး ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

သူ့ဗမာရာဇဝင်စာအုပ်ကြီးနှင့် ပတ်သက်၍ ဦးဖေမောင်တင်အပေါ်၌ မကျေနိုင်မချမ်းနိုင်ဖြစ်ခဲ့သူ ဟာဗီသည် မြန်မာပြည်သို့ပြန်ရောက်သောအခါ ဆရာလုစ်ကို တိုင်သည်ဟု ဆိုသည်။

''ဟေ့ လုစ်၊ မင်းယောက်ဖ ဖေမောင်တင်ဟာ နည်းနည်းမှ မကောင်းဘူးကွ၊ ငါနဲ့သူနဲ့ ဒါလောက် ခင်မင်ရင်းနှီးနေခဲ့ရဲ့သားနဲ့ ငါ့စာအုပ်အတွက် ငါ့ဘက်က မထောက်ခံဘူးကွ သိလား''

ဆရာလုစ်က ဦးဖေမောင်တင်ကို ပြန်၍ပြောပြခဲ့သည်။

''အေးကွယ့် လုစ်ရယ်၊ လူချင်းခင်မင်ရင်းနှီးတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ လူချင်းခင်မင်ရင်းနှီးတာနဲ့ ကျုပ်လူမျိုးနဲ့ ကျုပ်တိုင်းပြည်အပေါ်မှာတော့ သစ္စာမဖောက်နိုင်ဘူးဗျ၊ နိုင်ငံခြားသားမိတ်ဆွေတစ်ယောက်ထက် ကျုပ်လူမျိုးနဲ့ ကျုပ်တိုင်းပြည်ရဲ့မျက်နှာကို ကျုပ်ထောက်ထားရမယ်၊ ဒီအတွက် သူနဲ့မိတ်ပျက်ရလို့ ကျုပ်ဝမ်းမနည်းပါဘူးဗျာ''

ဦးဖေမောင်တင်က သူ့ဘာသာအတွက် ဟာဗီကို မထောက်ခံနိုင်ကြောင်း လုစ်အား ရှင်းပြလိုက်သည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ဦးဖေမောင်တင်နှင့် ဟာဗီတို့နှစ်ယောက်သည် မကြာခဏမျက်နှာချင်းဆိုင် သွားဆုံတွေ့လေ့ရှိကြသည်။

သို့ရာတွင် စိတ်ဆိုးမပြေနိုင်သော ဟာဗီက ဦးဖေမောင်တင်ကို နှုတ်မဆက်နိုင်ဘဲ ခပ်တည်တည် လုပ်နေသည်။

ထိုအခါ ဦးဖေမောင်တင်ကလည်း အောက်ကျခံ၍ နှုတ်မဆက်ဘဲ မသိသလို ကြောင်တောင်ပင် ကြည့်နေလိုက်သည်။

ယခု ဟာဗီ၏ စာအုပ်ကြီးထွက်လာသောအခါ၌ ဦးဖေမောင်တင်က လူချင်းမခေါ်သော်လည်း စာအုပ်ကြီး

* Longmans, Green & Co



MKS PUBLISHING

ကိုမှ ဖတ်ကြည့်လိုက်သည်။

ထိုအခါ ဟိုစဉ်က သူကန့်ကွက်ခဲ့သော အချက်အလက်နှင့် စာပိုဒ်များကို ဟာဗီသည် လုံးဝဖယ်ထုတ်ဖြုတ်မပစ်သော်လည်း အနည်းငယ်မျှ လျှော့ပေါ့ပြုပြင်ထားကြောင်း တွေ့ရလေသည်။

သည်အတွက် ဦးဖေမောင်တင်က သူ့အဖို့ ဟာဗီနှင့် မိတ်ဆွေပျက်ရကျိုးနပ်သည်ဟု ယူဆလိုက်မိသည်။

ဦးဖေမောင်တင်က အမုန်းခံ၍ ကန့်ကွက်ခဲ့သဖြင့် အနည်းငယ်လျှော့ပေါ့ပြုပြင်ထားရမှာပင် မြန်မာပြည်နှင့် မြန်မာရှင်ဘုရင်များအပေါ်၌ ဟာဗီ၏ အသုံးအနှုန်းများက ကြမ်းတမ်းပြင်းထန်နေသေးသည် မဟုတ်ပါလား။

ထိုနောက် ဦးဖေမောင်တင်သည် အချိန်ပြည့် နာရီပြည့် မအားနိုင်အောင် အလုပ်တာဝန်များ များပြားလှသည့်ကြားထဲမှပင် ဝိသုဒ္ဓိမဂ်ကျမ်းကြီးမှ ကျန်သောအပိုင်းကို အင်္ဂလိပ်ဘာသာ ဆက်လက်ပြန်ဆိုလိုက်ရပြန်လေသည်။

သူ့အဖို့ နေ့တွင် အချိန်မပေးနိုင်သောကြောင့် ညဘက်များ၌ ညဥ့်နက်သန်းခေါင်အထိ ပြန်ဆိုရေးသားရလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်၏ အိပ်ခန်းသည် ညဥ့်နက်သန်းခေါင်အထိ မီးရောင်လင်းနေလေ့ရှိသည်။

ဦးဖေမောင်တင်သည် မီးတစ်တိုင် စားပွဲတစ်လုံးနှင့် ဝိသုဒ္ဓိမဂ်ပညာပိုင်းထဲမှ ပါဠိကျမ်းကိုဖတ်လိုက်၊ နိဿယကိုကြည့်လိုက်၊ အဘိဓာန်လှန်လိုက်၊ ထို့နောက် ဖတ်သူများ ရှင်းလင်းနားလည်လွယ်စေမည့် အကောင်းဆုံး အသင့်ဆုံး အင်္ဂလိပ်စာလုံးများကို ရွေးချယ်သီကုံးရေးချလိုက်ဖြင့် တကုပ်ကုပ် အလုပ်ရှုပ်နေလေသည်။

သူသည် ထိုင်ရလွန်း၍ ညောင်းသွားသောအခါ မတ်တတ်ရပ်၍ စာကိုဆက်ရေးလေသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိကျမ်းကြီးကို အမေရိကန်ပြည် ကိုလမ်ဘီယာယူနီဗာစီတီ* မှ ပြန်ဆိုရေးသားနိုင်ရန် ကြိုးစားအားထုတ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ခန့်ပင် ကြာညောင်းခဲ့ပြီဖြစ်သည်။

ယင်းကျမ်းကြီးကို အရှင်ဗုဒ္ဓဃောသက ပါဠိဘာသာဖြင့် ရေးသားခဲ့လေသည်။

ထိုပါဠိကျမ်းကြီးကိုပင် ကိုလံဘီယာယူနီဗာစီတီက ကုလားလူမျိုးပါမောက္ခ ကိုစံဘီဆိုသူကို တာဝန်ပေး၍ ပြန်ဆိုရေးသားစေခဲ့သေးသည်။

အဆိုပါ ပါမောက္ခ ကိုစံဘီသည် သက္ကတဘာသာကို အထူးတတ်မြောက်ကျွမ်းကျင်သူဟု ဆိုသည်။

သို့ရာတွင် ပါဠိဘာသာရပ်ကိုမူ သူ မကျွမ်းကျင်လှချေ။

ထိုအခါ ပါမောက္ခ ကိုစံဘီသည် သက္ကတဘာသာကို တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းသော်လည်း ပါဠိဘာသာဖြင့် ရေးသားထားသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုမူကား ဘာသာပြန်နိုင်စွမ်းမရှိချေ။

ထိုကဲ့သို့ ပါမောက္ခ ကိုစံဘီ လက်လျှော့ခဲ့ရသော ဝိသုဒ္ဓိမဂ်ပါဠိကျမ်းကြီးသည် လန်ဒန်ပါဠိအသင်းကြီးမှ ပါဠိဒေဝီ၏ တိုက်တွန်းဆော်သြချက်အရ ပါဠိပါမောက္ခ ဦးဖေမောင်တင်၏ လက်သို့ရောက်လာခဲ့လေသည်။

ထိုကဲ့သို့ ရောက်လာသော ပါဠိကျမ်းကြီးကို အစပထမတွင် ဦးဖေမောင်တင်အနေဖြင့် အစအဆုံး တစ်အုပ်လုံးပြန်ဆိုရေးသားရန်ကားမဟုတ်ချေ။

ဦးဖေမောင်တင်က ကျမ်း၏ပထမတွဲ သီလပိုင်းကိုပြန်ဆိုရေးသားပြီးနောက် ဒုတိယတွဲ သမာဓိပိုင်းကို အရေးပိုင်ဦးရွှေဇံအောင်ကရေး၍ တတိယတွဲပညာပိုင်းကို ပါဠိဒေဝီကရေးရန် စီစဉ်သတ်မှတ်ထားခဲ့ကြသည်။

ထို့နောက် ဦးဖေမောင်တင်က သူ့တာဝန်သူ ကျေပွန်စွာဖြင့် ဝိသုဒ္ဓိမဂ်သီလပိုင်းကို ပြန်ဆိုရေးသား၍ စာတမ်းပြုကာ အော့စဖို့ဒ်ယူနီဗာစီတီမှ ဘီ-လစ်ဘွဲ့ကို ရယူခဲ့သည်။

စာအုပ်အဖြစ်နှင့်လည်း ပါဠိအသင်းကြီးက ရိုက်နှိပ်ထုတ်ဝေပြီးခဲ့လေပြီ။

သို့ရာတွင် သမာဓိပိုင်းကို ပြန်ဆိုရေးသားရန် စီစဉ်သတ်မှတ်ထားခဲ့သော အရေးပိုင် ဦးရွှေဇံအောင်သည် ယစ်မျိုးမင်းကြီးအဖြစ် ရာထူးပြောင်းသွားသည်။ ထိုအခါ အလုပ်တာဝန်များ မအားမလပ်သော ဦးရွှေဇံအောင်သည် ဘာသာပြန်ဆိုရေးကို အချိန်မပေးနိုင်တော့ချေ။

ထို့အတူ ပညာပိုင်းအတွက် တာဝန်ယူထားသော ပါဠိဒေဝီမှာလည်း ခက်ခဲနက်နဲလှသော ကျမ်းကြီးကို ပြန်ဆိုရေးသားရန် မလွယ်ဖြစ်နေသည်။

* Columbia University

ဤသို့ဖြင့် နောက်ဆုံး၌ ကျန်သော ကျမ်းနှစ်ပိုင်းကိုပါ ဦးဖေမောင်တင် ဆက်၍ ပြန်ဆိုပေးရန် ပါဠိဒေဝီက တောင်းဆိုလာခဲ့သည်။

ထိုအခါ ဦးဖေမောင်တင်လည်း မငြင်းမဆန်လက်ခံ၍ ပြန်ဆိုပေးလိုက်လေသည်။

သူသည် ကျမ်းကြီး၏ဒုတိယတွဲ သမာဓိပိုင်းကိုပြန်ဆို၍ လန်ဒန်ပါဠိအသင်းကြီးသို့ ပေးပို့လိုက်ပြီးနောက် ယခု တတိယတွဲပညာပိုင်းကို ဆက်လက်ပြန်ဆိုရေးသားနေရခြင်းဖြစ်သည်။

ထိုကျမ်းကြီးသုံးတွဲတွင် တတိယတွဲပညာပိုင်းမှာ အခက်အခဲဆုံး အနက်နဲဆုံးဖြစ်လေသည်။

သူ့အဖို့ ပါဠိ၊ မြန်မာနှင့် အင်္ဂလိပ်စာ သုံးဘာသာစလုံးကို ကျွမ်းကျင်နိုင်နင်း၍သာ ယခုကဲ့သို့ ပြန်ဆိုရေးသား နိုင်ခြင်းဖြစ်လေသည်။

သူ့အနေနှင့် သုံးဘာသာစလုံးကို ကျွမ်းကျင်နိုင်နင်းသည်ဆိုသော်လည်း ပြန်ဆိုရာ၌ သိပ်ကြီးလွယ်ကူလှ သည်တော့ မဟုတ်ပေ။

သို့ရာတွင် ထိုမျှနက်နဲခက်ခဲသော ဝိသုဒ္ဓိမဂ်ကျမ်းသိုက်ကြီးကို ဖွင့်ထုတ်နုတ်ယူနိုင်သော သော့တစ်ချောင်း က ဦးဖေမောင်တင်၌ အပိုင်ရထားသည်။ ထိုသော့ကား ပြည်ဆရာတော်၏ နိဿယဖြစ်ပေသည်။ ပြည်ဆရာတော် ၏ ထိုနိဿယက ဦးဖေမောင်တင်အတွက် အခက်အခဲများကို ဖြေရှင်း၍ လင်းပေးနိုင်စေလေသည်။

ထိုနိဿယကို ဦးဖေမောင်တင် လက်ကိုင်ပြုနိုင်ခြင်းမှာ ဘားနဒ်ဖရီးစာကြည့်တိုက်၌ အခမဲ့စာကြည့်တိုက် မှူး လုပ်ပေးခဲ့သော အကျိုးကျေးဇူးပင်ဖြစ်သည်။ ရှားပါး၍ အဖိုးတန်သော ပြည်ဆရာတော်၏ နိဿယဖေ့မှု ကြီးကို စာကြည့်တိုက်၌တွေ့သော ဦးဖေမောင်တင်က ကူးယူထားခဲ့သည်။

ထိုကဲ့သို့ ပါဠိနှင့်ပတ်သက်၍ ဖြေရှင်းနိုင်သော်လည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာ၌ အခက်အခဲတွေ လာရပြန်သည်။

အကြောင်းမှာ အချို့သော ဗုဒ္ဓအဘိဓမ္မာစကားလုံးများသည် အင်္ဂလိပ်ဘာသာစကား၌ မရှိသေးချေ။

ပါဠိကျမ်းများကို ပြန်ဆိုရေးသားရာ၌ ပြန်ဆိုသူသည် သူ့သဘောသူ့အမြင်၊ သူ့အထင်တို့ကို ထည့်သွင်းဖြည့် စွက်ခြင်းများ လုံးဝမပြုရချေ။

အာစရိယ ပရံပရံဆိုသောမူအရ ဆရာ့ဆရာကြီးများ၏ အဆင့်ဆင့်ပြဆိုချက်များကို ရှာဖွေလေ့လာ မှတ်သားပြီးနောက် သူ့နဂိုမူရင်းကျမ်းရှိသည့်အတိုင်းကိုသာ ပြန်ဆိုရေးသားရခြင်းဖြစ်သည်။

ထိုကြောင့် ဦးဖေမောင်တင်က သူ့အဖို့အပင်ပန်းခံ၍ အဆင့်ဆင့်ရှာဖွေတွေ့ရှိထားသော အချက်အလက်များ သည် ဆရာ့ဆရာကြီးများဖြစ်သော ထေရဝါဒဂိုဏ်းက ချမှတ်ထားချက်များနှင့် ကိုက်ညီမှုရှိ၏၊ မရှိ၏ကို ရှာဖွေ ညှိနှိုင်းကြည့်ရသေးသည်။

ထို့နောက် ကိုက်ညီကြောင်း တွေ့ရှိရမှသာ စိတ်ချလက်ချ ပြန်ဆိုရေးသားဝံ့လေသည်။

သို့မဟုတ်၍ ပြန်ဆိုရေးသားချက်များ လွဲမှားသွားပါက ပကာသနိယကံထိုက်ကာ အများ၏ ဝိုင်းပယ်ရှုတ်ချ ခြင်းကို ခံယူရတတ်လေသည်။

လူတစ်ယောက်၏ ထူးချွန်အောင်မြင်မှုကို ချီးကျူးသြဘာပြုရမည်ကို ဝန်လေးပင်ပန်းတတ်ကြသလောက် ချွတ်ချော်လွဲမှားမှုကလေး တစ်ချက်တလေရှိလာခဲ့လျှင်မူ အကွက်ဝင်အောင် ထိုးနှက်လျက် ပုံကြီးချဲ့ကာ အပြစ်တင် ၍ ရှုတ်ချတတ်ကြသော လူတို့သဘောကို ဦးဖေမောင်တင် ကောင်းကောင်းသိလေသည်။

ထိုကြောင့် သူ၏ဘာသာပြန်ဆိုချက်များကို အပြစ်ကင်း၍အကောင်းဆုံးဖြစ်စေရန်အတွက် ဦးဖေမောင်တင် က သူ့ဉာဏ်စွမ်းကိုယ်စွမ်းရှိသမျှ သွန်ချ၍ ကြိုးစားအားထုတ်လိုက်လေသည်။

ထိုကဲ့သို့ အပင်ပန်းခံ၍ ကြိုးစားအားထုတ်ခြင်းသည် သူ့အတွက် ငွေကြေးများရယူရန် အလားအလာ ရှိ၍ကား မဟုတ်ပေ။

အိုင်-အီး-အက်စ်*ဘဝတွင် လခထောင်ကျော်ရကာ လူပျိုကြီး တစ်ကိုယ်တည်း သုံး၍မကုန်သော ဦးဖေ မောင်တင်က ငွေကြေးကိုလည်း မမက်ချေ။

---

မှတ်ချက် ။ ။ *အိန္ဒိယပင်္ဂြီညာဉ်ခံဖြစ်သွား၍ တစ်နှစ်ကို ၂၅၀ ကျပ် နှုန်းကျ တိုးသွားသည်။ ပထမတစ်ရစ် (Selection Grade) ၁၂၅၀။ နောက်တစ်ရစ် (Another Selection Grade) ၁၅၀၀ အထိ။


MKS PUBLISHING

ယိုးဒယားဘုရင်က အဆိုပါ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဥရောပတိုက်ရှိ ဘာသာခြားစာပေ (Translation into ıny European Language) တစ်ခုခုသို့ ပြန်ဆိုနိုင်သူအား အသပြာပေါင်တစ်ထောင်ဆုချမည်ဟုဆိုကြောင်း ဖြင့် ပါဠိဒေဝီက ဦးဖေမောင်တင်ကို သတင်းပေးသည်။ ထိုအခါ ဦးဖေမောင်တင်က ပေါင်တစ်ထောင်ကို သူမ ယူလို၊ လန်ဒန်ပါဠိအသင်းကြီးသို့ လှူသည်ဟု ပါဠိဒေဝီအား အကြောင်းပြန်ကြားလေသည်။

သူသည် ငွေကို မမက်သော်လည်း တော်ရုံဖွဲ့သတ္တိ၊ တန်ရုံဉာဏ်မျက်စိရှိသူတို့အဖို့ မတတ်စွမ်းနိုင်သော ပညာတစ်ရပ်အတွက် ထိုကဲ့သို့ ကြိုးစားအားထုတ်လိုက်ခြင်းဖြင့် ရတောင့်ရခဲ ရလာနိုင်မည့် နာမည်တစ်လုံးကိုမူ ဦးဖေမောင်တင်က မြတ်နိုးတန်ဖိုးထား၍ ဂုဏ်ယူလိုက်လေသည်။

ထိုကဲ့သို့ သူတန်ဖိုးထားကာ ဂုဏ်ယူလိုသော နာမည်တစ်လုံးအတွက် ဦးဖေမောင်တင် ပေးရသော အရင်း အနှီးသည်ကား မသေးလှချေ။

ဝိသုဒ္ဓိမဂ် တတိယတွဲ၊ ပညာပိုင်းမှ ရဟန္တာကျင့်စဉ်များကို ဖတ်သူများ ရှင်းလင်းနားလည်အောင် အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုပြရသည်မှာ ခက်ခဲပင်ပန်းလွန်းလှလေသည်။

တစ်ခါတစ်ရံ စကားကလေးတစ်လုံး စာကလေးတစ်ကြောင်း ရနိုင်ဖို့အရေးကို တစ်ညလုံးအချိန်ပေးရ သည့်အခါပေးရ၍ ရှိသမျှ စာအုပ်များကို တစ်အုပ်မကျန် လိုက်လှန်ကာ ရှာရသည့်အခါ ရှာရလေသည်။

ထိုကဲ့သို့ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းနှင့် သူလိုချင်သော စကားလုံး၊ သူသုံးလိုသော စာကြောင်းများ စိတ် ကြိုက်ရရှိသွားသောအခါများ၌ကား ဦးဖေမောင်တင်သည် ပင်ပန်းထားခဲ့သမျှ အကုန်ပျောက်၍ အမောပြေကာ သူ့းထူးခြားခြား ပျော်ရွှင်ကြည်နူးရလေတော့သည်။

''သဗ္ဗဘဝ ယောနိ ဂတိ၊ ဋ္ဌိတိနိဝါသေသု၊ အလုံးစုံသောဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသော ဂတိ၊ အလုံးစုံသော ဝိညာဏဋ္ဌိတိ၊ အလုံးစုံသော သတ္တာဝါတို့၌။ ဟေတုဖလ သမ္ဗန္ဓဝသေန၊ အကြောင်းအကျိုး စပ်သည်၏ အစွမ်းဖြင့်။ ပဝတ္တမာနံ၊ အဆင့်ဆင့်ဖြစ်သော။ နာမရူပ မတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်၊ ခါယတိ၊ ထင်၏။ သော၊ ထိုယောဂီသည်။ ကရဏာတော၊ အကြောင်းတရားထက်။ ဥဒ္ဓံ ကာရကံ၊ ပြုတတ်သော ဗြဟ္မာ ဒိဿနိုး စသော ကတ္တားကို။ နေဝပဿတိ၊ မမြင်။ ဝိပါကပ္ပဝတ္တိတော၊ ဝိပါက်၏ အဆင့်ဆင့် ဖြစ်ခြင်းထက်။ ဥဒ္ဓံ၊ အလွန်။ ဝိပါကပဋိ သံဝေဒကံ၊ ဝိပါက်ကို ခံစားတတ်သော ပုဂ္ဂိုလ်ကတ္တားကို။ နပဿတိ၊ မမြင်။ ပန၊ စင်စစ်သော်ကား။ ကာရဏေ၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ကာရကောတိ၊ ပြုတတ်သသူဟူ၍။ ဝိပါကပ္ပဝတ္တိယာ၊ ဝိပါက်၏အဆင့်ဆင့်ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ ပဋိသံဝေဒကောတိ၊ ခံစားတတ်သောသူ ဟူ၏။ သမညမတ္တေန၊ ပညတ်မျှဖြင့်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝေါရဟန္တိ၊ ခေါ်ဝေါ်ကြ ကုန်၏။ ဣစ္စေဝ၊ ဤသို့သာလျှင်။ အဿ၊ ထိုယောဂီသည်၊ သမပ္ပညာယ၊ အသင့်မြင်တတ်သော ဝိပဿနာပညာဖြင့်။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးသူဟောင်းတို့သည်။ ကမ္မဿ၊ လ၊ ပစ္စယာတိ၊ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ကမ္မဿ၊ ကံကို။ ကာရတော၊ ပြုတတ်သောသူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ဝိပါက်ကို။ ဝေဒကောစ၊ ခံစားတတ်သော သူသည်လည်း။ နတ္ထိ၊ မရှိ။ ဒုဒ္ဓဓမ္မာ၊ သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သော တရားတို့ သည်သာလျှင်။ ပဝတ္တန္တာတိ၊ ဖြစ်ကြကုန်၏။ ဧဝံ ဝိမံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော။ တေံဒဿနံ၊ ထိုထို သော အမြင်သည်သာလျှင်။ သမ္မဒဿနံ၊ အဝိပရိတ ဒဿန၊ မဖောက်မပြန် ဟုတ်မှန်သောအမြင်သည်။ ဟောတိ၊ ဖြစ်၏။ ပုမ္ဗကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ နနာယတိက္ကဝ၊ မသိအပ်၏သို့။ ဧဝံ တထာ၊ ဆိုအတူ။ သဟေတုကေ၊ အကြောင်းနှင့်တကွ။ ပဝတ္တမာနေ၊ ဖြစ်သော။ ကမ္မေစ၊ ကံနိုက်၎င်း။ ဝိပါကေစ၊ ဝိပါက်နိုက်၎င်း။ ပုဗ္ဗေကောဋိ၊ ရှေးဖြစ်သောအစကို။ နနာယတိ၊ မသိအပ်။''

In all becomings, places of birth, courses, durations and abodes there appear just the name-ınd-form proceeding by way of cause and effect. Beyond the cause he sees not a doer, beyond the ɾroceeding of results he sees not anyone to enjoy the results. And by means of right understanding ɦe sees clearly that, to say there is a doer, when there is a cause, there is some one to enjoy, when ɖhere is proceeding of results, is, among the wise, only a concept, a mere usage. Hence said the .Ancients:-

Of Karma there's no doer; nor is there somebody to experience its results.

It's nothing but bare states that come to pass.

To see this is to have discernment right.

The starting point of Karma and result. Proceeding thus together with their cause.

May not be known, just like the starting point.

Of trees and other things that grow from seeds.

သူ့အဖို့ စိတ်တိုင်းကျစကားလုံးများကို ရွေးချယ်၍ ကျမ်းစာတစ်ပိုဒ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား ပြီးစီးသွားပြန်သော ဦးဖေမောင်တင်သည် နှစ်သိမ့်ကျေနပ်စွာဖြင့် သူ့လက်ထဲမှ ကလောင်တံကို ချထားလိုက်တော့သည်။

ထို့နောက် တစ်ချိန်လုံး ငုံ့ထားနေခဲ့သော သူ့ဖက်ကိုမော့၍ အညောင်းဆန့်လိုက်သည်။

ဦးဖေမောင်တင်နှင့် ယှဉ်နေသော တစ်ဖက်ခန်းဆီမှ လက်နှိပ်စက်ရိုက်သံ တခြောက်ခြောက်မှလွဲ၍ တစ်အိမ်လုံးသည် အထူးပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ညှော်ခန်းဆီမှ ရုတ်တရက်မြည်ထွက်လာခဲ့သော တိုင်ကပ်စက်နာရီထိုးသံတစ်ချက်က ကျယ်လောင်စွာ လှုပ်ရှားတုန်ခါသွားလိုက်စေလေသည်။

ထို့နောက် စက်နာရီထိုးသံ ပျောက်သွားသောအခါ တစ်အိမ်လုံးသည် ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားပြန်လေသည်။

သည်တစ်ခါ တိတ်ဆိတ်ငြိမ်သက်ရာ၌ စောစောတုန်းက မြည်နေခဲ့သော လက်နှိပ်စက်ရိုက်သံ တခြောက်ခြောက်ပါ ပျောက်သွားလေတော့သည်။

သို့ရာတွင် လက်နှိပ်စက်ရိုက်သံ တခြောက်ခြောက်အစား စကားသံတစ်ခုက ဦးဖေမောင်တင်ထံသို့ ရောက်လာခဲ့သည်။

''ဟော့ တင်–မအိပ်သေးဘူးလားကွ''

ဦးဖေမောင်တင်က အသံလာရာဆီသို့ လှမ်းကြည့်၍ ပြန်ဖြေလိုက်သည်။

''အခုပဲ စာတစ်ပိုဒ်ပြတ်သွားလို့ အိပ်တော့မလို့ပဲဗျ''

မစ္စတာ ဖာနီဗယ်လ်သည် အခန်းထဲသို့ဝင်လာပြီးနောက်၊ ဦးဖေမောင်တင်၏ ပခုံးကို လာဖက်လိုက်သည်။

ထို့နောက် သူသည် ဦးဖေမောင်တင်၏ အပေါ်၌ ခင်မင်ခြင်း၊ လေးစားခြင်း အသံဟန်တို့ဖြင့် ပြောဆိုလိုက်လေသည်။

''ဟော့ တင်ရယ်၊ ငါတွေ့ဖူးခဲ့တဲ့ ဗမာတွေထဲမှာ မင်းလို ညဥ့်နက်သန်းခေါင်ကျော်အောင် စာအုပ်တွေ ပတ်လည်ဝိုင်းရံထားပြီး မီးတထိန်ထိန်နဲ့ ပါဠိကျမ်းတွေ ဖတ်လိုက်ရေးလိုက် လုပ်နေတာမျိုး တစ်ယောက်မှ မတွေ့ဖူးဘူးကွာ တကယ်ပဲ''

ဘိလပ်မှ ပြန်ရောက်လာပြီးနောက် အလုပ်တာဝန်များကို ဖယ်စက်သကဲ့သို့ မနားတမ်း လုပ်ကိုင်ဆောင်ရွက်နေရသော ဦးဖေမောင်တင်သည် မိဘများရှိရာ အင်းစိန်အိမ် 'နေဒင်း ကော့တိတ်ချ်'မှာထက် သွားရေးလာရေး ပို၍နီးသော အဆင်ပြေသော ညီမဖြစ်သူ တီတီလုစ်၏ တာဝါလိန်းရှိအိမ်၌ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဦးဖေမောင်တင်ကို အားကျကာ မှဆိုးဖိုတစ်ကိုယ်တည်းသမားဖြစ်သော မစ္စတာ ဖာနီဗယ်လ်ကလည်း အတူလာ၍ နေထိုင်လေသည်။

ထိုအခါ တစ်ဦးနှင့်တစ်ဦး အလွန်ရင်းနှီးခင်မင်ခဲ့ကြသော ဆရာလုစ်၊ ဦးဖေမောင်တင်နှင့် မစ္စတာ ဖာနီဗယ်လ်တို့သုံးဦးသားသည် တစ်အိမ်တည်း၌ အတူနေကာ ညီရင်းအစ်ကိုများပမာ ပိုမိုရင်းနှီးတွယ်တာသွားကြလေသည်။

သူတို့သုံးဦးသား၏ စားဝတ်နေရေးများကို တီတီလုစ်က အလုံးစုံ တာဝန်ယူ၍ မညည်းမညူ ကြည်ဖြူကျေနပ်စွာ ပြုစုပေးလေသည်။

လုစ်တို့ ဖနီးမောင်နှံ၏ သားသမီးများမှာ ဘိလပ်တွင် ရောက်နေသောကြောင့် ဦးဖေမောင်တင်တို့သည် ကလေးမြေးငယ်များ၏ ဆူပူနှောင့်ယှက်ခြင်းမှ လွတ်ကင်းကာ အေးအေးဆေးဆေး နေထိုင်လုပ်ကိုင် ရေးသားနိုင်ကြသည်။

ထို့အတူ မစ္စတာဖာနီဗယ်လ်သည်လည်း သူ့ အိုင်-စီ-အက်စ် ရာထူးမှ ထွက်ခဲ့ပြီးနောက် သူဝါသနာပါရာ စာပေနယ်ပယ်သို့ လုံးလုံးလျားလျား ဝင်ရောက်ကာ ရန်ကုန်ကောလိပ်ကျောင်းဝင်းထဲ၌ ဖွင့်လှစ်ထားသော မြန်မာပြည်စာအုပ်တိုက်[၁]နှင့် ကမ္ဘာလုံးစာစောင်[၂] တစ်ခုကို လစဉ်ထုတ်ဝေနိုင်ရန် ကြိုးစားစီစဉ်လုပ်ကိုင်နေလေသည်။

ထို့ကြောင့် သူတို့သုံးယောက်သားသည် အိမ်သို့ပြန်ရောက်ကြသည်နှင့် သူတို့သုံးယောက်စလုံး၏ ညီမငယ် ပမာဖြစ်နေသော တီတီလုစ်၏ ပြုစုကျွေးမွေးမှုကို နှစ်သက်ကျေနပ်စွာ ခံယူစားသောက်ကြပြီးနောက် အသီးသီး ကိုယ့်အခန်းကိုယ်ဝင်ကာ ကိုယ်နှင့်သက်ဆိုင်ရာ လုပ်ငန်းဆောင်တာများကို တကုန်းကုန်းနှင့် ရေးသူကရေး၍ သက်နိုပ်စက်ရိုက်သူကလည်း တခြောက်ခြောက် ရိုက်လိုက်ကြလေတော့သည်။

ယခု ထိုည၌မူ လုစ်တစ်ယောက် ခပ်စောစော အိပ်ရာဝင်သွားခဲ့ဟန်တူသည်။ သူ့အခန်းဆီမှ အသံတိတ်ကာ မီးလည်း မှိတ်နေသည်။

ဦးဖေမောင်တင်နှင့် ဖာနီဗယ်လ်ကြီးတို့နှစ်ယောက်သာ ဖွဲကောင်းကောင်းနှင့် အားခဲသဲမဲနေခဲ့ကြခြင်း ဖြစ်သည်။

သို့ရာတွင် စက်နာရီမှ သန်းခေါင်ကျော် တစ်ချက်ထိုးသံက သူတို့နှစ်ယောက်စလုံးကို နားနေအိပ်စက်ရန် သတိပေးလိုက်လေသည်။

မစ္စတာဖာနီဗယ်လ်က ဦးဖေမောင်တင်၏ ပခုံးကို သူ့လက်နှင့်ပုတ်ကာ ပြုံးရယ်၍ ပြောလိုက်သည်။

''မင်းဟာ ဒါလောက်တောင် ပါဠိမှာ ဝါသနာကြီးတာ မင်းမိန်းမယူရင် ပါဠိတတ်တဲ့ မိန်းမကို ယူဖို့ကောင်းဘယ်''

''အင်း၊ အဟင်းဟင်း''

မစ္စတာဖာနီဗယ်လ်၏အပြောကို လူပျိုကြီး ပါမောက္ခဦးဖေမောင်တင်က သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်မှ သူက ပြန်ပြောလိုက်လေသည်။

''ဟုတ်တယ်၊ ပါဠိသမားဟာ ပါဠိတတ်တဲ့မိန်းမမျိုးကို ယူဖို့ပဲကောင်းတယ်၊ ဒါပေမဲ့ မိန်းမတွေထဲမှာ ပါဠိတတ်တဲ့သူကနည်းတော့ ရဖို့မလွယ်ဘူးထင်တယ်ဗျ''

''သြော်ကွာ ဘာများခက်လို့လဲ လန်ဒန်ပါဠိအသင်းက မစ္စတာဒေးဗစ်လို ပါဠိသင်တန်းဖွင့်ပြီး သင်ပေး ဆို့ကွ''

''ဘာလဲဗျ မစ္စတာဒေးဗစ်လို သင်တန်းပေးရင်းက ပါဠိဒေဝီနဲ့ တွေ့သွားသလို တွေ့နိုင်အောင်လို့လား ဟုတ်လား၊ ဒီအကြံ မဆိုးဘူးဗျ အကောင်းသား၊ ဟား ဟား''

ဦးဖေမောင်တင်နှင့် မစ္စတာဖာနီဗယ်လ်တို့သည် တစ်ယောက်တစ်ပြန်ပြော၍ ရယ်မောလိုက်ကြလေသည်။

ထို့နောက်မှ မစ္စတာဖာနီဗယ်လ်က သူ့အခန်းသို့ပြန်သွားရန် နှုတ်ဆက်လိုက်တော့သည်။

''ကဲကဲ ပါဠိတတ်တဲ့မိန်းမကို ဖြည်းဖြည်းရှာတာပေါ့၊ အခုတော့ ညဉ့်နက်ပြီမို့ အိပ်လိုက်ကြဦးစို့ တင်ရေ ဂွတ်နိုက်''

''ဂွတ်နိုက်''

ဦးဖေမောင်တင်ကလည်း ဖာနီဗယ်လ်ကို ပြန်၍နှုတ်ဆက်လိုက်သည်။

ထို့နောက် သူသည် ညီမဖြစ်သူ တီတီကိုယ်တိုင် အိမ်ရှိလူစေ့အတွက် အခန်းထဲအရောက်ပို့ပေးထား သော နွားနို့တစ်ဖန်ခွက်ကိုယူ၍ သောက်ချလိုက်သည်။

ပြီးလျှင် သူသည် နောက်ရက်၌ ဆက်၍ လုပ်ကိုင်ဆောင်ရွက်မည့် တာဝန်ဝတ္တရားများကို ဦးနှောက်ကြည် ကြည်လင်လင် စိတ်ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အနားယူအိပ်စက်လိုက်လေ သည်။

---

[၁] Burma Book Club Ltd.

[၂] The World of Books (နောင်တွင် ဂန္ထလောကဟု အမည်ပြောင်းလိုက်သည်)

## ၂၉

# တစ်ဆင့်တက်သော တစ်တောင်ကျော်

သူ့မြန်မာစာပေသင်ကြားရေးကို အိုင်–အေ တန်း၌ အခြေစိုက်နိုင်ပြီးသွားသော ပါမောက္ခ ဦးဖေမောင်တင်သည် ဘီ–အေ တန်းသို့ တစ်ဆင့်တက်၍ ပြဋ္ဌာန်းသင်ကြားပေးလိုက်ပြန်လေသည်။

ဘီ–အေ တန်း၌ မြန်မာစာပေ သင်ကြားပေးရန်အတွက်မူ ပင်စင်စားပုဂ်ဝန်ထောက်ကြီး ဦးတင်ကို ခန့်အပ်လိုက်လေသည်။

ထိုအခါ ဗိနည်းပကာသနီစာတစ်အုပ်မှလွဲ၍ ဝေဿန္တရာဇာတ်တော်ကြီးကိုပင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော အင်္ဂလိပ်စာဖြင့်သာ သင်ယူခဲ့ရသော ရန်ကုန်ယူနီဗာစီတီကျောင်းတော်ကြီးမှ မြန်မာစာပေကဏ္ဍကလေးသည် ဆရာပွား၊ ဆရာလင်း၊ ဆရာဦးဘကျား၊ ပုဂ်ဝန်ထောက်ဦးတင် အစရှိသူ မြန်မာစာပညာရှိကဝိဆရာကြီးများဖြင့် သိုက်သိုက်ဝန်းဝန်းဖြစ်လာခဲ့သည်။

ထို့အတူ စာအုပ်စာတမ်းများအနေဖြင့်လည်း ဒေဝကုမ္မာန်ပြဇာတ်၊ ဥမ္မာဒန္တီပျို့၊ ကန်တော်မင်းကျောင်းမေတ္တာစာ၊ ဦးကုလား မဟာရာဇဝင်၊ စတုဓမ္မသာရကိုးခန်းပျို့၊ သုတသောမပျို့၊ ဥတိန္နပျို့ အစရှိသော မြန်မာစာပေ အဆီအနှစ်များဖြင့် ခုံခုံညားညား ရပ်တည်ကာ အခြေခိုင်လာခဲ့ပြီဖြစ်လေသည်။

အခြားသော စာပေဘာသာရပ်များက အပေါ်မှအုပ်မိုး အရိပ်ထိုးထားမှုများအောက်၌ လောင်းရိပ်မိကာ လိုလိုကလေးသာရှိနေသော မြန်မာစာပေပင်ကလေးသည် ဥယျာဉ်မှူးကြီး၏ မနားမနေ ရေလောင်းပေါင်းသင်ကာ မြေဩဇာကျွေးပေးချက်များအရ ပင်စည်ကလေးသန်လာပြီးနောက် ခက်လက်ကလေးများ ဝေဆာလာခဲ့ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ ပင်စည်ကလေးသန်ကာ ခက်လက်ကလေးများ ဝေဆာလာခဲ့သော မြန်မာစာပေပင်ကလေးမှ အောင်အောင်မြင်မြင် သီးပွင့်မျိုးပွားလာနိုင်ရေးအတွက် ပျိုးခင်းဥယျာဉ်မှူးကြီး ဦးဖေမောင်တင်က ထပ်မံ၍ မြေတောင်မြှောက်ပေးလိုက်ပြန်သည်။

သူက ရန်ကုန်ယူနီဗာစီတီကြီး၌ အခြားသော ဘာသာရပ်များနည်းတူ မြန်မာစာကိုလည်း ဂုဏ်ထူးတန်းထားပေးရန် စီမံစိုင်းပြင်းလိုက်သည်။

မြန်မာစာ ဂုဏ်ထူးတန်းထားပေးနိုင်ရေးဆိုသည်မှာ ဂုဏ်ထူးတန်းကို တက်ရောက်သင်ယူနိုင်သော ကျောင်းသားရှိရဦးမည်ဖြစ်သည်။

MKS PUBLISHING

သည့်အတွက် ပါမောက္ခဦးဖေမောင်တင်သည် မြန်မာစာပေကို စိတ်ဝင်စားသော ကျောင်းသားများထဲမှ မြန်မာစာဂုဏ်ထူးတန်းတက်နိုင်မည့် ကျောင်းသားရရှိနိုင်ရေးအတွက် ရှာပုံတော်ဖွင့်လိုက်လေသည်။

ထိုအခါ အိုင်–အေတွင် မြန်မာစာပေ၌ ထူးချွန်စွာ အောင်မြင်မှုကြောင့် သာဒိုးအောင်ဆုကို ဆွတ်ခူးသွားသော ကျောင်းသားမောင်စိန်တင်*ဆိုသူကို ဦးဖေမောင်တင် တွေ့လေသည်။

ဦးဖေမောင်တင်က မောင်စိန်တင်ကိုခေါ်တွေ့ပြီးနောက် မြန်မာစာဂုဏ်ထူးတန်းဖွင့်မည့်အကြောင်း ပြောပြလိုက်သည်။

ထိုအခါ မောင်စိန်တင်က ဝမ်းသာအားရဖြင့် ဂုဏ်ထူးတန်းသို့ သူတက်လိုကြောင်း ပြောလေသည်။

''ဂုဏ်ထူးတန်းကို ကျွန်တော်တက်ပါ့မယ်ဆရာကြီး''

မောင်စိန်တင်က သဘောတူလက်ခံလိုက်သောအခါ ဦးဖေမောင်တင်သည် ကျောင်းသားတစ်ယောက်တည်းနှင့်ပင် မြန်မာစာဂုဏ်ထူးတန်းကို ဖွင့်လှစ်သင်ကြားပေးလိုက်လေသည်။ ထိုနှစ်တွင် မြန်မာပါဠိကထိက ဦးဘကျားသည် နာဖျားမကျန်း၍ အလုပ်မှ နုတ်ထွက်သွားသည်။

ထိုအခါ လစ်လပ်သွားသော နေရာအတွက် စာတော်ပြန်ဌာနမှ လှမ်း၍လျှောက်ထားသူ ဦးလူဖေဝင်းကို အရှေ့တိုင်း ဘာသန္တရကထိကအဖြစ် ခေါ်ယူခန့်ထားလိုက်သည်။

သပိတ်မှောက် ကျောင်းသားတစ်ဦးဖြစ်သော ဦးလူဖေဝင်းကို အင်္ဂလိပ်အစိုးရပိုင်းက သိပ်ပြီး မလိုလားလှချေ။ သို့ရာတွင် မြန်မာစာပေနှင့် ပါဠိဘာသာရပ်တို့၌ ထူးချွန်သော ဦးလူဖေဝင်း၏ အရည်အချင်းကို သဘောကျနေသူ ဦးဖေမောင်တင်က ရအောင်ခေါ်ယူ၍ ခန့်လိုက်လေသည်။

ထိုအခါ ၁၈၇၉ ခုနှစ်မှစ၍ ရန်ကုန်ကောလိပ်အဖြစ် ရပ်တည်ပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်နီးပါး ခရီးရှည်ကြီးအား ဖြတ်သန်းခဲ့ကာ ယခုရန်ကုန်ယူနီဗာစီတီဘဝ ၁၉၂၅–၁၉၂၆ ခုနှစ်သို့ရောက်တော့မှပင် ဦးဖေမောင်တင်၏ မနားမနေ ကြိုးစားအားထုတ်မှုများကြောင့် မြန်မာစာပေသည် အခြားဘာသာရပ်များနှင့် ပခုံးချင်းယှဉ်၍ ဂုဏ်ထူးတန်းအထိ ထင်ရှားရပ်တည်လာနိုင်ခဲ့လေသည်။

သို့ရာတွင် မြန်မာစာပေကို မြန်မာလူမျိုးအချို့ကပါ ယခုအထိ အထင်မကြီးကြသေးချေ။

''မြန်မာစာဂုဏ်ထူးတန်းယူလို့ ဘာများအကျိုးရှိမှာလဲ၊ ဗမာစာဆရာပဲဖြစ်ရုံရှိမယ်''

မောင်စိန်တင် မြန်မာစာဂုဏ်ထူးတန်းတက်သည်ကို အခြားကျောင်းသားများက ကဲ့ရဲ့သကြီးဟ်အတင်းစကားဆိုကြ လှောင်ပြောင်ရယ်မောကြသည်။

''ဘာလဲ ကွန်ဗင့်ကျောင်းမှာ ဗမာစာဆရာ သွားလုပ်မလို့လား ဟုတ်လား၊ ဟား ဟား''

ထိုကဲ့သို့ ဦးဖေမောင်တင်သည် ရန်ကုန်ယူနီဗာစီတီ၌ သူ့မြန်မာစာပေ တိုးတက်ကြီးပွားနိုင်မာရေးအတွက် တစ်ချက်ကလေးမျှ မအားနိုင်သည့်ကြားထဲမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းများ၏ မြန်မာစာပေသင်ကြားရေးကိုလည်း စိတ်မအေးစွာ တွေးပူလိုက်ရသေးသည်။

သစ်ပင်တစ်ပင်၏ ပင်စည်သန်မာရေး၊ ခက်လက်ဝေဆာရေး၊ ဖူးပွင့်ရေး၊ အသီးအောင်ရေး၊ မျိုးပွားရေးတို့အားလုံးသည် ပင်ရင်းအမြစ်ကြံ့ခိုင်ရေးက အဓိကကျ၍ အထူးအရေးကြီးသည်မဟုတ်ပါလား။

သည့်အတွက် မြန်မာစာပေနှင့်ပတ်သက်လျှင် ရန်ကုန်ယူနီဗာစီတီတစ်ခုတည်းသာ မဟုတ်ဘဲ ပညာရေးဌာနလက်အောက်၌ရှိသော စာသင်ကျောင်းများအားလုံးနှင့်လည်း သက်ဆိုင်သော ပါမောက္ခဦးဖေမောင်တင်သည် ပညာမင်းကြီး၏ခွင့်ပြုချက်ဖြင့် မြန်မာပြည်ရှိ စာသင်ကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးလိုက်သည်။

ထိုအခါ အမျိုးသားကျောင်းများမှလွဲ၍ ကျန်သောစာသင်ကျောင်းများ၌ မြန်မာစာပေကို ကမောက်ကမဖြစ်ကတတ်ဆန်း သင်ကြားပေးနေကြကြောင်းကို စိတ်မကောင်းနိုင်စရာ တွေ့လိုက်ရလေသည်။

တချို့ကျောင်းများ၌ မြန်မာစာဟုဆိုကာ ကျန်းမာခြင်းဘာသာရပ်ကို သင်ကြားပြသပေးနေကြသည်။

ထိုသို့ ဖြစ်ချင်တိုင်းဖြစ်နေသော စာသင်ကျောင်းများမှ မြန်မာစာပေ အဆင့်အတန်းကို တွေ့ထိ သိရှိလိုက်ရသော မြန်မာစာပါမောက္ခ ဦးဖေမောင်တင်သည် သူ့မြန်မာစာပေအား အခြေခံအဆင့်မှစ၍ မြှင့်တင်ပြောင်းလဲပေးရန် အထူးလိုအပ်နေကြောင်း ကောင်းကောင်းကြီး သဘောပေါက်ကာ နည်းလမ်းများကြံဆလိုက်ရပြန်လေ

---

* နောင်တွင် နာမည်ကျော် စာရေးဆရာ သိပ္ပံမောင်ဝ အဖြစ် ထင်ရှားခဲ့သည်။

တော့သည်။

ထိုကဲ့သို့ အထက်တန်းအတွက် သူ့မြန်မာစာပေအောင်ပန်းလှလေးကို ပွင့်လန်းတင့်ဆန်းလိုက်နိုင်ပြီ ဖြစ်သော ဦးဖေမောင်တင်က အောက်ခြေခိုင်မာစေရေးသို့ ဆင်းကိုင်လိုက်လေတော့သည်။

ဦးဖေမောင်တင်သည် ပညာမင်းကြီးနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် မြန်မာတစ်ပြည်လုံးရှိ စာသင်ကျောင်းများသို့ မြန်မာစာပေသင်ကြားပြသရေးအတွက် သူငယ်တန်းမှစ၍ ပဉ္စမတန်းအထိ မြန်မာဖတ်စာသစ်စာအုပ်များကို အတန်းအလိုက် ပြဋ္ဌာန်းသတ်မှတ်ပေးလိုက်သည်။

ထိုအချိန်တွင် ဦးဖေမောင်တင် ရေးသားပြုစုခဲ့သော မြန်မာဖတ်စာအုပ်ကလေးများက သူငယ်တန်းမှ တတိယတန်းအထိ ရိုက်နှိပ်ထုတ်ဝေပြီးနေပြီဖြစ်သည်။

ထိုကဲ့သို့ သူ့စာအုပ်ကလေးများရှိနေသော်လည်း ဦးဖေမောင်တင်က ကျောင်းများ၌ သူရေးသော သူ့စာအုပ်များကိုသာ သင်ကြားပြသရမည်ဟုမဆိုချေ။

သူက အခြားစာအုပ်များဖြစ်သော ဗြိတိသျှဘားမားပုံနှိပ်တိုက်မှ ထုတ်ဝေသော မြန်မာဖတ်စာသစ်၊ သို့မဟုတ် မက္ကမီလန်တိုက်ထုတ် ဖတ်စာသစ်၊ သို့မဟုတ် လောင်းမင်းတိုက်ထုတ် ဖေမောင်တင်ရေး မြန်မာ့ဖတ်စာသစ်တို့ထဲမှ ကျောင်းများ၊ ဆရာများ ကြိုက်နှစ်သက်ရာကို ရွေးချယ်သင်ပြနိုင်ကြောင်း အခွင့်အရေးပေးထားသည်။

အလယ်တန်းနှင့် အထက်တန်းများအတွက်ကိုမူ ဦးဖေမောင်တင်က မသင်မနေရပြဋ္ဌာန်းပေးလိုက်သည်။

ဆဋ္ဌမတန်းအတွက် ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထု။

သတ္တမတန်းအတွက် မဟာဇနကဇာတ်တော်ကြီးဝတ္ထု၊ မြန်မာ့ဂုဏ်ရည်တစ်အုပ်လုံး၊ ပုတ္တောဝါဒပျို့၊ ဦးအုန်းမောင်ရေး စာစီစာကုံးရေးနည်းကျမ်း။

အဋ္ဌမတန်းအတွက် တေမိဇာတ်တော်ကြီးဝတ္ထု၊ ကဗျာများမှ ကောက်နုတ်ချက်များ၊ သံပေါက်စပ်နည်းအမျိုးမျိုး၊ လင်္ကာစပ်နည်းအမျိုးမျိုး၊ စာစီစာကုံးရေးသားခြင်း၊ ကဗျာလင်္ကာများကို စကားပြေရေးသားခြင်း။

နဝမတန်းအတွက် မဟောသဓာဇာတ်တော်ကြီးဝတ္ထု (ပထမတွဲ)၊ မြန်မာ့ကဗျာလက်ရွေးစဉ်၊ မြန်မာသဒ္ဒါတွင် ဝါကျဒေါသ ၉–ပါး၊ ဝါကျဂုဏ် ၆–ပါး၊ လွမ်းချင်းစပ်နည်း၊ လေးချိုးကြီးစပ်နည်း။

ဒသမတန်းတွင် မဟောသဓာဇာတ်တော်ကြီးဝတ္ထု (ဒုတိယတွဲ)၊ မြန်မာ့ကဗျာလက်ရွေးစဉ်များ၊ ရသ ၁၀–ပါး၊ တေးထပ်ရိုးစပ်နည်း၊ ပရိဟာရ်ရှစ်ဆယ်ပေါ် တေးထပ်စပ်နည်း။

ထိုကဲ့သို့ စာအုပ်များ ပြဋ္ဌာန်းပေးလိုက်သော ဦးဖေမောင်တင်ကို ခရစ်ယာန်သာသနာပြု စာသင်ကျောင်းတချို့က မကျေမနပ် ထ၍ ကန့်ကွက်ကြလေသည်။

''ခရစ်ယာန်သာသနာပြုကျောင်းက ဗုဒ္ဓဘာသာစာပေတွေကို သင်ကြားပြသပေးရမှာလား''

ဟု ဆူကြ ပူကြသည်။

ထိုအခါ ဦးဖေမောင်တင်က သူ့ကို ဆူကြပူကြသူများအား ပြန်ကြားပြောဆိုလိုက်လေသည်။

''ဗုဒ္ဓဘာသာတိုင်းပြည်မှာ ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ စာပေကို သင်ကြားတတ်မြောက်ခွင့်ရတာဟာ အဆန်းမဟုတ်ပါဘူး၊ ဝမ်းတောင်သာကြရဦးမှာပါ၊ စာပေသင်ကြားရေးနဲ့ ဘာသာရေးကိုးကွယ်မှုဟာ တခြားစီပါ၊ ဘာမှမဆိုင်ပါဘူး''

ဦးဖေမောင်တင်၏ ပြတ်သားသော အဖြေစကားက ဆူကြပူကြသူများကို နှုတ်ပိတ်တိတ်ဆိတ်သွားစေလေသည်။

ဦးဖေမောင်တင်သည် မြန်မာစာပေကို အခြေခံအဆင့်မှစ၍ မြှင့်တင်ပြောင်းလဲပေးနိုင်ရေးအတွက် သူငယ်တန်းမှ စတုတ္ထတန်းအထိ မြန်မာဖတ်စာသစ်များကို ရေးသားပြုစုလိုက်လေသည်။

''မင်းတို့ ဗမာစာပေဟာ တကယ်တော့ ထမင်းစားရေသောက်လောက်သာ အသုံးဝင်တာပါကွာ၊ အဲ အင်းမယ်ဘွဲ့ မောင်ဘွဲ့တွေ ဖွဲ့နွဲ့ပြီး ရည်းစားစာရေးဖို့တော့ ကောင်းမယ်ထင်တယ် ဟုတ်တယ် မဟုတ်လား''

ဦးဖေမောင်တင်က သူ့မြန်မာစာပေ ကြီးပွားရေးအတွက် မနားမနေ ကြိုးစားအားထုတ်သလောက် မြန်မာစာပေအပေါ်၌ မနာလို မရှုစိမ့်နိုင်ကြသော မျက်နှာဖြူတချို့က ပေါက်ပေါက်ရှာရှာ ချိုးနှိမ်စွာ ပြက်ရယ်ပြုကြလေသည်။

''မင်းတို့ဗမာစာပေဟာ ခေတ်နဲ့မီအောင်လိုက်ပြီး သိပ္ပံစာပေအသုံးအနှုန်း ဝေါဟာရတွေ ရေးပြစရာ ရှိလို့လား''

မြန်မာစာပေအပေါ်၌ အထင်အမြင်သေးစွာလည်း မှတ်ချက်ချတတ်လေသည်။

ထိုကဲ့သို့ အပြောအဆိုခံရခြင်း၌ မှန်သင့်သလောက်မှန်လေသည်။ ဖိနှိပ်ဖုံးကွယ်ထားမှုကို ခံယူနေရသဖြင့် တိမ်မြုပ်ပျောက်ကွယ်လုလု မြန်မာစာပေများကို အလုအယက်ရှာဖွေ၍ ကြိုးစားဖော်ထုတ်နေရရာ မယ်ဘွဲ့မောင်ဘွဲ့ တောဘွဲ့တောင်ဘွဲ့များသာ ထွက်ပေါ်လာခဲ့သည်။ ထိုသို့ထွက်ပေါ်လာနိုင်ခြင်းပင်လျှင် အခက်အခဲ အကျပ်အတည်းများကြားမှ ကြိုးစားဖော်ထုတ်နိုင်ခဲ့၍ ဖြစ်သည်။

ထိုကဲ့သို့ ထွက်ပေါ်လာခဲ့သော မြန်မာစာပေထဲမှ စာတစ်လုံးတည်းနှင့် ပြီးစီးနိုင်ပါလျက် ဆင့်ကဲပွားများကာ ဖောင်းပွသော၊ သုံးနှုန်းသော စကားလုံးများကိုမူ ဦးဖေမောင်တင်ကိုယ်၌ သိပ်မကြိုက်လှချေ။

သို့တစေ သူ့အနေဖြင့် ရှိပြီးသားမြန်မာစာပေကိုပင် ရှင်သန်ပွားများစေရန်ရနိုင်သမျှ ကြိုးစားဖော်ထုတ်နေရခြင်းဖြစ်သောကြောင့် ခေတ်နှင့်အမီ တီထွင်ဆန်းသစ်မှုများအတွက် အချိန်မပေးနိုင်သေးချေ။ သူ့အဖို့ အချိန်ပေးနိုင်သော တစ်နေ့တွင် သူ့မြန်မာစာပေသည် မည်မျှခေတ်မီလေးနက်၍ အစွမ်းထက်ကြောင်းကို ပြလိုက်ဦးမည်ဟု ဦးဖေမောင်တင်က တေးထားလိုက်သည်။

ယခုမူ လောလောဆယ် သူကြိုးစားမြှင့်တင်ပေးလိုက်သော မြန်မာစာဂုဏ်ထူးတန်းကို ပိုမိုမြင့်မား ခံ့ညားစေရန်အတွက် ဆက်လက်စဉ်းစား ဆောင်ရွက်ရဦးမည်ဖြစ်သည်။

အော့စဖို့ဒ် ယူနီဗာစီတီကြီး၌ အင်္ဂလိပ်ဘာသာတွင် ရှေးခေတ်အင်္ဂလိပ်စာဖြစ်သော အင်္ဂလိုဆက်စ်ဆန်* ကို ထည့်သွင်းသင်ကြားပေးပေသည်။

ထိုကြောင့် ဦးဖေမောင်တင်က ရန်ကုန်ယူနီဗာစီတီကြီးမှ သူ့မြန်မာစာ ဂုဏ်ထူးတန်း၌လည်း ရှေးဟောင်းမြန်မာစာဖြစ်သော ကျောက်စာကို ထည့်သွင်းထပ်ဖြည့်၍ သင်ကြားစေလိုက်ပြန်သည်။

ပါဠိဘာသာရပ်ကို ဆရာကာစင်အား လုံးလုံးလျားလျား တာဝန်လွှဲအပ်လိုက်ခြင်းဖြင့် မြန်မာစာပါမောက္ခ တီတီကျကျ ဖြစ်သွားသော ဦးဖေမောင်တင်သည် အရှေ့ဖျားရာဇဝင် ဌာနမှူးလုစ်နှင့် နှစ်ယောက်သား ပုဂံမြို့ဟောင်းပျက်ကြီးဆီသို့ အခေါက်ခေါက်သွား၍ ဒေါက်တာဘလက်ဒင် သင်ပေးလိုက်သောပညာကို အသုံးချကာ ကျောက်စာများကို ကူးယူလိုက်ကြလေသည်။

ကျောက်စာကူးယူရာ၌ ရိုးရိုးစာကူးသကဲ့သို့ ကူးယူ၍မရချေ။ မင်သုတ်ထားသော ပုံနှိပ်စက္ကူကို စာလုံးများ ထွင်းထားသော ကျောက်စာတိုင်ကြီး၌ ဖိကပ်လိုက်ရသည်။

ထို့နောက် ကပ်ထားသော စာရွက်ပေါ်မှ ဒလိမ့်တုံးနှင့် ဖိလှိမ့်ပေးကာ ခွာယူလိုက်သောအခါ မင်ရောင်ဖြင့် မဲနေသောစာရွက်တွင် ကျောက်၌ထွင်းထုထားသော ကျောက်စာကလေးများက အက္ခရာဖြူဖြူကလေးများ ထင်လာခဲ့လေသည်။

ထိုကဲ့သို့ ထင်လာသောအခါ ကျောက်စာဖြူဖြူကလေးများကို ဖတ်၍ အနက်ပြန်ကာ အဓိပ္ပာယ်ကောက်ယူကြရလေသည်။

သူတို့ ဖတ်၍မရသော ကျောက်စာများကိုမူ ဒေါက်တာဘလက်ဒင်ထံသို့ပို့ကာ အနက်ပြန်ပေးစေလေသည်။

ဦးဖေမောင်တင်နှင့် လုစ်တို့နှစ်ယောက် နှစ်စဉ်အောက်တိုဘာလ ကျောင်းပိတ်ရက်တိုင်း ပုဂံသို့ အခေါက်ခေါက်သွားကြရသည်မှာ လွယ်ကူသက်သာလှသည်ကား မဟုတ်ချေ။

သူတို့အတွက် ခရီးစရိတ်ကို ဌာနမှပေးသည့်အခါပေး၍ မပေးသည့်အခါ ကိုယ့်စရိတ်နှင့်ကိုယ် သွားကြရလေသည်။

သူတို့အဖို့ ငွေကြေးကုန်ကျရသည်နှင့်အမျှ လမ်းပန်းအဆက်အသွယ်မကောင်းသော ပုဂံသို့သွားရာ၌ လူမှာလည်း ပင်ပန်းလှလေသည်။

သို့ရာတွင် သူတို့နှစ်ယောက်စလုံးသည် သူတို့ဝါသနာပါသော စာပေပညာကို ရှာဖွေစုဆောင်းကာ သုတေသနပြုနေရသောကြောင့် မောရပန်းရမှန်းမသိအောင် ပျော်ရွှင်နှစ်သိမ့်နေမိကြလေသည်။

''တိုင်းပြည်တစ်ပြည်နဲ့ လူမျိုးတစ်မျိုးရဲ့ရာဇဝင်နောက်ကြောင်း အဆိုးအကောင်းတွေကို ရှေးဟောင်း

---

* Anglo Saxon

ဘာပေနဲ့ ရှေးဟောင်းပစ္စည်းတွေက အထောက်အထား အခိုင်အမာနဲ့ ဖော်ပြသက်သေခံတတ်ကြတယ်ကွ တင်ရ"

လုစ်က ပြောလေသည်။

"အခု တို့ ဒီမှာတွေ့တဲ့ မြစေတီကျောက်စာမှာ တစ်မျက်နှာကို မွန်ဘာသာနဲ့ ရေးထားတာဟာ ပုဂံမှာ မွန်လူမျိုးတွေ ကျက်စားသွားခဲ့တယ်ဆိုတာကို အထောက်အထားပြတာပဲပေါ့"

လုစ် ထောက်ပြသော အချက်အလက်သည် မှန်ကန်၍ဖြစ်နိုင်လေသည်။

ပုဂံ၌ မွန်လူမျိုးများ ကျက်မစားခဲ့ပါက ရာဇကုမာရ်မင်းသားသည် သူ့ခမည်းတော် ကျန်စစ်မင်းကြီးအတွက် ရည်စူးပြုခဲ့သော ကုသိုလ်ဒါနများနှင့်ပတ်သက်ကာ ကျောက်ထက်အက္ခရာတင်၍ ကမ္ပည်းထိုးရာ၌ မွန်ဘာသာ စကားကို ထည့်သွင်းအသုံးပြုရန် အကြောင်းမရှိချေ။

ပုဂံပြည်ကြီး ဘုန်းမီးနေလ တောက်ပချိန်က ရာဇကုမာရ်မင်းသားသာမက သူ့ခမည်းတော် ကျန်စစ်မင်းကြီး သည်လည်း မွန်ဘာသာစကားကို အထူးတလည် အရေးထားခဲ့လေသည်။

ကျန်စစ်မင်းကြီးနှင့် ပတ်သက်သော အထောက်အထားသည်ကား ဦးဖေမောင်တင် ကျောင်းသားကလေး ဘဝက တစ်နေ့တစ်ခါလောက်သွားရောက်၍ လက်နှင့်တို့ထိ စမ်းသပ်ကြည့်လေ့ရှိခဲ့သော ဖဲယားမြူဇီယမ်ပြတိုက် အံမှ ကျောက်စာတိုင်ကြီးပင်ဖြစ်လေသည်။

ထိုစဉ်က သူ့အဖို့ ဘာမှန်းမသိဘဲ တအံ့တသြ အထူးအဆန်းဖြစ်ခဲ့ရသော ထိုကျောက်စာတိုင်ကြီး၌ ထွင်း ထုထားသော အက္ခရာကလေးများကို ယခုဘဲလပ်ပြန် ပါမောက္ခကြီးဖြစ်လာခဲ့သော ဦးဖေမောင်တင်သည် လန်ဒန်ရှိ ဒေါက်တာ ဘလက်ဒင်၏ အကူအညီ ကျေးဇူးဖြင့် ဖတ်တတ်သွားခဲ့လေပြီ။

စာကြောင်းရေ ၅၂ ကြောင်းပါရှိသော အဆိုပါကျောက်စာကြီး၏ အဓိပ္ပာယ်မှာ ကျန်စစ်မင်းကြီး၏ အတိတ် ဘဝနှင့် မျက်မှောက်လက်ရှိဘုရင်ဘဝဖြစ်စဉ်တို့ကို ကျောက်ထက်အက္ခရာတင်၍ ကမ္ပည်းထိုးကာ ထွင်းထုထား ခဲ့ခြင်း ဖြစ်လေသည်။

ထိုကျောက်စာ အက္ခရာများကို သက္ကရာဇ် ၄၆၀ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ သောကြာနေ့၊ ဟသင်္ခ နက္ခတ် ၄ နာရီတိတိအချိန်တွင် ထွင်းထုပြီးစီးကြောင်းကို အတိအကျဖော်ပြထားလေသည်။

ယခုမူ ဦးဖေမောင်တင်တို့နှစ်ယောက်သည် ပုဂံမြို့ဟောင်း၌ရှိသော ကျောက်စာများ အားလုံးကိုပါ ပေါင်းစု ထုတ်ရှုနိုင်ရန်အတွက် ကူးယူစုဆောင်းလိုက်လေသည်။

စေတီအို၊ ပုထိုးဟောင်း၊ စောင်းတန်းပြို၊ ကျောင်းပျက်ပေါင်းများစွာထဲမှ ကျောက်စာများကို နှစ်ယောက် သား ရှာဖွေကူးယူကြရသည်မှာ ဦးဖေမောင်တင်နှင့် လုစ်တို့အတွက် ခက်ခဲပင်ပန်းလွန်းလှတော့သည်။

သို့ရာတွင် သူတို့နှစ်ယောက်သည် စိတ်မပျက် ဖွဲမလျှော့ ဆက်လက်ကြိုးပမ်းလိုက်ကြလေသည်။

"ဒီကျောက်စာတွေဟာ နောင်လာနောင်သား သုတေသနသမားတွေအတွက် အင်မတန်အသုံးဝင်ပြီး တန်ဖိုး ရှိမှာ တင်ရယ်"

လုစ်က သူတို့နှစ်ဦး အထူးအပင်ပန်းခံ၍ ရှာဖွေစစ်ဆေးကူးယူနိုင်ခဲ့သော ကျောက်စာချပ်များကို တစိမ့်စိမ့် ကြည့်၍ တသိမ့်သိမ့်ကြည်နူးသံဖြင့် ဆိုလေသည်။

"ဒါလောက်အဖိုးတန်တဲ့ ကျောက်စာတွေကို အခုလို ကူးမယူ မထိန်းမသိမ်းဘဲနဲ့ ဒီအတိုင်းသာဆက်ပြီး ထားနေရင် မကြာခင် ပျက်စီးတိမ်မြုပ်သွားမှာ"

လွင်တီးခေါင်ခေါင်၊ နေပူပူ၊ ဖုန်ထူထူကြား၌ ပျက်စီးယိုယွင်းနေသော ပုဂံမြို့ဟောင်းမြို့ပျက်ကြီးသည် ဘဝင်ယူ၍ ကြည့်ရှုထိန်းသိမ်းမည့်ဌာနတစ်ခုသာ ပေါ်မလာပါက တစ်နှစ်ထက်တစ်နှစ် ပိုမိုပျက်စီးတိမ်မြုပ်သွား မည်မှာ သေချာလေသည်။

ထိုအခါ ရှေးလွန်လေပြီးသော မိမိတို့လူမျိုးဆက်နှင့် တည်ထောင်ခဲ့သော ပြည်ရွာများအကြောင်းကို အထောက်အထားများ အခိုင်အမာဖြင့် ပြန်ပြောင်းပြောပြကြမည့် အနီကျောက်စာများသည်လည်း ပျောက်ကွယ် သွားရမည်သာဖြစ်လေသည်။

ထိုအခါ မင်းအဆက်ဆက်တို့ အပြည့်ပြည့်တည်ထောင် စိုးမိုးခဲ့ပြီးနောက် ပျက်စီးတိမ်ကောသွားခဲ့ရသော ပုဂံရာဇဝင်ကို တုတ်မက ဓားပါထမ်း၍ ငြင်းခုံကြရပေလိမ့်မည်။

ယခုမူ သည်အတွက် ပူပန်စိုးနှောင့်စရာမရှိတော့။ နောက်လူများအတွက် လေ့လာစရာ၊ အထောက်

အထားပြုစရာ ကျောက်စာများသည် မပျောက်မပျက်နိုင်သော စက္ကူထက်၌ ထင်ရှားကျန်ရစ်နိုင်ကြပြီ ဖြစ်လေသည်။

''အခု ပထမကမ္ဘာစစ်ကြီး ပြီးသွားပြီးတဲ့နောက် ဒုတိယကမ္ဘာစစ်ကြီး ထပ်မဖြစ်နိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ အဲဒီလို ထပ်ဖြစ်တဲ့အခါ မြန်မာပြည်ကို ဒီတစ်ခါ ကူးစက်မလာဘူးလို့လဲ ဘယ်သူမှ အာမမခံနိုင်ဘူး မဟုတ်လား''

လုစ်က တွေးတွေးဆဆ၊ ပူပူပင်ပင်နှင့် ဆက်ပြောပြန်သည်။

''အဲဒီလို အာမ မခံနိုင်လို့ ကမ္ဘာစစ်ကြီး မြန်မာပြည်ကို ကူးလာရင် အခုလို ပုဂံမြို့ဟောင်းရော၊ ရန်ကုန်လိုမြို့သစ်တွေပါ ဘယ်ဟာမှ ခံနိုင်မှာမဟုတ်ဘူး။ မီးလောင်ပြီး ပြာကျကုန်မှာပဲ။ ဒါပေမဲ့ တို့အခု စုဆောင်းကူးယူနေတဲ့ ကျောက်စာတွေကို စာအုပ်အဖြစ်ထုတ်ထားနိုင်မယ်ဆိုရင်တော့ စာအုပ်တစ်အုပ်တလေတော့ ကြွင်းကျန်နိုင်ကောင်းပါရဲ့။ အဲဒီအခါ မူရင်းအရာဝတ္ထုတွေ အစပျောက်ပျက်စီးသွားခဲ့တောင်လဲ ကြွင်းကျန်ခဲ့တဲ့ စာအုပ်တစ်အုပ်တလေက မှန်ကန်တဲ့ အထောက်အထားအဖြစ်နဲ့ ဆင့်ပွားနိုင်သေးတာပေါ့''

တစ်ခါ၌ ဦးဖေမောင်တင်၊ လုစ်တို့နှင့်အတူ မိတ်ဆွေအချို့ ပုဂံသို့ လိုက်ပါခဲ့ကြလေသည်။

ပုဂံသို့ အခေါက်ခေါက်ရောက်နေသော ဦးဖေမောင်တင်နှင့် လုစ်တို့က အိမ်ရှင်လုပ်၍ သူတို့နှင့် လိုက်ပါလာခဲ့သူများကို ညွှန်ပြကြရလေသည်။

ထိုနေ့က ဦးဖေမောင်တင်တို့တွင် ညှိသည်များကို ပြုစုကျွေးမွေးရန် ဟင်းစားမရှိဖြစ်နေသည်။

ဤတွင် ဦးဖေမောင်တင်သည် သေနတ်ဆွဲကာ ရေဝတီမြစ်ဆိပ်သို့ ဆင်းသွားလိုက်သည်။

ထို့နောက် သူသည် လက်ဖြောင့်သမားပီပီ ရေဘဲတစ်ကောင်ကို တစ်ချက်တည်းနှင့်ထိအောင် ပစ်ချလိုက်သည်။

ပြီးလျှင် သူသည် ရေဘဲကို ကောက်ယူကာ တည်းခိုစခန်းသို့ ပြန်သွားလိုက်သည်။

''ဟောဗျာ အရှေ့တိုင်းပါမောက္ခကြီးက ပုဂံမြို့ဟောင်းကိုလာပြီး အမဲပစ်ထွက်နေတာကလား၊ ဟား ဟား''

သေနတ်တစ်ဖက်၊ ဟင်းစားတစ်ဖက်ဆွဲကာ ပြန်ရောက်လာသော ဦးဖေမောင်တင်ကို မိတ်ဆွေများက ဆီးကြိုပြောဆိုလိုက်ကြသည်။

သူတို့ကို ဦးဖေမောင်တင်ကလည်း ရယ်မော၍ ပြန်ပြောလိုက်သည်။

''ဟုတ်တာပေါ့ဗျာ၊ စေတီပုထိုးတွေ ပေါများလှတဲ့ ပုဂံမြို့ဟောင်းဆီကို လိုက်ပါလာခဲ့ကြတဲ့ ကျုပ်တို့ရဲ့ မိတ်ဆွေကြီးတွေအဖို့ အူမ မတောင့်ရင် သီလ မစောင့်နိုင်ကြမှာစိုးလို့ ဟင်းစားသွားပစ်လာခဲ့ရတာဗျ၊ ဟောဒီမှာ...''

ဦးဖေမောင်တင်သည် သူ့လက်ထဲမှ ဆွဲလာသော ရေဘဲကို သူ့မိတ်ဆွေများကို မြှောက်ပြလိုက်သည်။

''ကျုပ်တစ်ချက်တည်းနဲ့ မလွဲတမ်းပစ်ချလာခဲ့တာလေ''

ဦးဖေမောင်တင်က သူ၏ လက်ဖြောင့်ချက်ကို ဂုဏ်ယူလျက်ပြောရင်း သူ့လက်ထဲမှ အသက်ပျောက်နေသော ရေဘဲကို သေသေချာချာ တစ်ချက်ကြည့်လိုက်မိသည်။

ထိုအခါ ဦးဖေမောင်တင်၏ နှုတ်မှ အာမေဋိတ်သံတစ်သံက လွှတ်ခနဲ ထွက်သွားလေသည်။

''ဟင်''

ဦးဖေမောင်တင်သည် သူ့လက်ထဲမှ သတ္တဝါကို တအံ့တသြ ကြည့်ရင်း ရေရွတ်လိုက်မိသည်။

''ဒါ ရေဘဲမှ မဟုတ်ဘဲ''

ထို့နောက် သူသည် သူ့မိတ်ဆွေများကို ဝမ်းသာအားရပြောလိုက်လေတော့သည်။

''ကျုပ် ပစ်ချလာတာ ဟသ်ာဖြစ်နေတယ်ဗျို့၊ ဒီမှာ ကြည့်ကြစမ်းပါဦး''

ဦးဖေမောင်တင်၏ လက်ထဲမှ ဟသ်ာငှက်ကို ဆရာလုစ်နှင့် ကျန်မိတ်ဆွေများက ဝိုင်းဝန်းကြည့်ရှုစစ်ဆေးလိုက်ကြသည်။

ထို့နောက် သူတို့အားလုံးကလည်း ဦးဖေမောင်တင်၏ အဆိုကို ဝိုင်းဝန်းထောက်ခံ၍ အတည်ပြုဖေးလိုက်ကြလေသည်။

''ဟုတ်တယ် ဟုတ်တယ်၊ ဒါဟာ ဟသ်ာငှက်ပဲ''

ပြီးမှ သူ့မိတ်မှဆွေများက သေနတ်တစ်လက်၊ ဟသ်ာငှက်တစ်ဖက်နှင့် ရှိနေသော ဦးဖေမောင်တင်ကိုကြည့်၍ သဘောကျစွာ ပြောလိုက်ကြပြန်သည်။

''ဟာ လက်စသတ်တော့ ကျွန်တော်တို့ရဲ့ ပါမောက္ခ လူပျိုကြီးက ပုဂံမြို့ဟောင်းမှာ စောင်းတော်ပိုက်ပြီး ဒွေးဟသ်ာမောင်နှံငှက်ကယ်တို့၊ ကြင်ဖော်မှာကြင်ဖော်ဖက်ကဲ့သို့ တူပျော်ပျော်လေဘာယ်ခါမှစက်ရပါ့၊ လည်ယှက် ဘာသူတို့လိုဆိုတဲ့ ပတ်ပျိုးကလေးညည်းရင်း စိတ်ကူးကလေးယဉ်နေမယ့်အစား သေနတ်တစ်လက်နဲ့ သောနုတ္တိုရ် မှုဆိုး လာလုပ်နေတာကိုး...''

''ဟောဗျာ ခင်ဗျားကလဲပြောရော့မယ် သောနုတ္တိုရ်မှုဆိုးက သေနတ်မကိုင်တတ်သေးပါဘူး။ မုဆိုးကြီး အလန်ကွာတာမိန်းဆို ဟုတ်တုတ်တုတ်ရှိသေး''

''အင်း အင်း မှားသွားလို့ပါဗျာ''

''ဟား ဟား ဟား''

သူတို့သည် ဆာလောင်ခြင်း၊ ပင်ပန်းခြင်းတို့ကို သတိမရအားကြဘဲ ပျော်ပျော်ပါးပါး ပြောဆိုရယ်မော သိုက်ကြလေသည်။

ထိုကဲ့သို့ အချိန်ကုန် လူပန်းခံ၍ ပုဂံကျောက်စာများကို စုဆောင်း ကူးယူခဲ့ကြသူ ဦးဖေမောင်တင်နှင့် သုစ်သည် မြန်မာဘာသာတွင် ရှေးအကျဆုံး၊ အဟောင်းဆုံးဟု ယူဆလက်ခံသော ကျောက်စာတစ်ခုကို ရှာဖွေတွေ့ရှိပြီးနောက် အောင်မြင်စွာ ကူးယူပြီးစီးသွားသောအခါများ၌လည်းကောင်း၊

မြန်မာစာပေနှင့် မြန်မာရာဇဝင်အတွက် ပိုမိုခိုင်ခံ့တည်တံ့စေမည့် သက်သေအထောက်အထားများကို ရှာဖွေတွေ့ရှိသော အခါများ၌လည်းကောင်း၊

သူတို့နှစ်ယောက်သားသည် မောပန်းဆင်းရဲထားခဲ့သမျှ အကုန်ပြေပျောက်ကာ ဝမ်းသာပီတိ ဖြစ်မိကြလေ ဘော့သည်။

သူတို့သည် မူလ ပထမရေးထိုးထားခြင်း ဖြစ်သည်ဟု မယူဆသော မန္တဟာကျောက်စာနှင့် နရပတိစည်သူ ကျောက်စာတို့ကို ခြွင်းချန်ပြီးနောက် ကျောက်စာ ၅၄ ခုကို ကူးယူစုဆောင်းပြီးစီးသွားခဲ့လေသည်။

အဦးဆုံး လက်သည်းရှည်ဘုရား ကျောက်စာမှစ၍ နောက်ဆုံးဝိနည်းဖိုရ်မင်း မင်ကျောက်စာအထိ၊ ကျောက် စာ ၅၄ ခုစလုံးကို အစဉ်လိုက်ကူးယူခဲ့ရာ၌ နောင်တွင် လေ့လာသူများ ရှင်းလင်းနားလည်စေရန် ကျောက်စာ ဘစ်ခုစီ၏ သက္ကရာဇ်၊ ဘယ်ခုနှစ်တွင် ဘယ်သူက ဘာအတွက် ဘာကြောင့် ရေးထိုးထားခဲ့ခြင်းဖြစ်ကြောင်းများ ကိုလည်း စိတ်ရှည်လက်ရှည် ရှင်းလင်းဖော်ပြပေးရလေသေးသည်။

ထိုကဲ့သို့ ကျောက်စာများ ကူးယူရခြင်း၌ ဦးဖေမောင်တင်အတွက် အမြတ်ထွက်ရသည်က သူ့ရန်ကုန် ယူနီဗာစီတီ မြန်မာဘာသာရပ်တွင် မြစေတီ အစရှိသော ပုဂံကျောက်စာများကို တစ်ဘာသာအဖြစ် ထည့်သွင်း ပြဋ္ဌာန်းပေးလိုက်နိုင်ခြင်းဖြစ်လေသည်။

ထို့နောက် ထိုရှေးဟောင်း ကျောက်စာဘာသာရပ်ကို ဦးဖေမောင်တင်နှင့် ဆရာလုစ်တို့က အလှည့်ကျတာဝန် သူ၍ တပည့်များအား သင်ကြားပြသပေးလိုက်ကြလေသည်။

ထို့အပြင်–

''ပုဂံခေတ်တုန်းကတောင် မွန်စာကို သုံးခဲ့ကြသေးတာပဲ၊ မွန်စာနဲ့ ဗမာစာဟာ နီးစပ်မှုလဲရှိတယ်၊ ဒီတော့ ဂုဏ်ထူးတန်းမှာ ရှေးဟောင်းမွန်ကျောက်စာကိုလဲ ထပ်တိုး သင်ခိုင်းရမယ်''

ဟု ယူနီဗာစီတီ ညှိနှိုင်းရေး ဘုတ်အဖွဲ့၌ ပါဝင်သော ဆရာလုစ်နှင့် ဆွေးနွေးပြီးနောက် မြန်မာစာဂုဏ်ထူး တန်းတွင် ပုဂံမြစေတီမွန်ကျောက်စာ၊ ပုဂံရွှေစည်းခုံမွန်ကျောက်စာနှင့် ပြည်ရွှေဆံတော်မွန်ကျောက်စာများကို ဦးဖေမောင်တင်က ဖြည့်သွင်းပြဋ္ဌာန်းပေးလိုက်လေသည်။

ထိုကဲ့သို့ ဥယျာဉ်မှူးကြီး ဦးဖေမောင်တင် ပျိုးထောင်ရေလောင်းလာခဲ့သော မြန်မာစာပေပင်ကလေးသည် တစ်စထက်တစ်စ ရှင်သန်ကြီးထွား၍ ခက်လက်ကလေးများ ဝေဆာဖူးပွင့်လာခဲ့ရာမှ နောက်ဆုံး၌ ငှက်စာဆော် သီးကင်းကလေးပင် အောင်မြင်စွာ သီးလာနိုင်လေတော့သည်။

၁၉၂၇ ခုနှစ်တွင် ရန်ကုန်ယူနီဗာစီတီမှ မြန်မာစာဂုဏ်ထူးတန်းသား မောင်စိန်တင်သည် မြန်မာစာ ဂုဏ်ထူးတန်းကို ပထမတန်းမှ ပထမဦးစွာ အောင်မြင်သွားလေသည်။

ထိုကဲ့သို့ မြန်မာစာပေ၌ ထူးချွန်သောတပည့်ဖြစ်သူ မောင်စိန်တင်ကို ပါမောက္ခဦးဖေမောင်တင်က သူ့မြန်မာစာဌာန၌ ကျူတာဆရာအဖြစ် ခေါ်ယူခန့်ထားလိုက်လေသည်။

ထို့နောက် လေးငါးလခန့်အကြာ၌ ဦးဖေမောင်တင်ထံသို့ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာထံမှ လူလွှတ်၍ စာတစ်စောင်ပို့လိုက်သည်။

စာထဲ၌ ဘုရင်ခံက မြန်မာစာကျူတာဆရာ မောင်စိန်တင်ကို တွေ့လိုသဖြင့် ခေတ္တလွှတ်ပေးပါရန် ဌာနမှူး ပါမောက္ခထံ အကြောင်းကြားခြင်းဖြစ်လေသည်။

ဦးဖေမောင်တင်သည် ဘုရင်ခံထံမှ စာကို ဖတ်ပြီးလျှင် ဖတ်ပြီးချင်း စာသင်ခန်းထဲ၌ တာဝန်ချိန် အမှုထမ်းနေသော ဆရာမောင်စိန်တင်ကို အခေါ်ခိုင်းလိုက်သည်။

ဆရာမောင်စိန်တင် ရောက်လာသောအခါ ဦးဖေမောင်တင်က ပြောလိုက်သည်။

''ကဲ ဟေ့ မောင်စိန်တင်၊ မင့်ကို ဘုရင်ခံက တွေ့ချင်လို့တဲ့''

''ခင်ဗျာ''

ဆရာမောင်စိန်တင်ခမျာ ရုတ်တရက် အံ့အားသင့်သွားရှာသည်။ သူ့နား၌ ကြားရချက်ကို ဟုတ်မှဟုတ်ပါလေစ ဟုလည်း သံသယဖြစ်သွားပုံရှိသည်။

''မင့်ကို ဘုရင်ခံက တွေ့ချင်လို့တဲ့၊ အခုပဲ ငါ့ဆီကို လူလွှတ်ပြီး စာပို့လိုက်တယ်ကွ''

ဆရာမောင်စိန်တင်တစ်ယောက် သူ့နားကိုသူ စိတ်ချသေချာသွားစေရန် ဦးဖေမောင်တင်က ထပ်၍ ပြောလိုက်ရသည်။

ထိုအခါ ဆရာမောင်စိန်တင်သည် အံ့အားသင့်နေခဲ့ရာမှ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ဘုရင်ခံ ဆိုသည်မှာ မြန်မာလူမျိုးများအဖို့ တွေ့ဖူးချင်၍မှ တွေ့ဖူးခွင့်ရနိုင်သည် မဟုတ်ချေ။

ယခု ဘုရင်ခံက ခေါ်တွေ့သည်ဆိုသော အခွင့်အရေးကြီးသည် အင်မတိအင်မတန် ထူးကဲသော အခွင့်အရေးကြီးတစ်ခုဖြစ်လေသည်။

သည်အတွက် ထူးထူးခြားခြား လှုပ်လှုပ်ရှားရှားဖြစ်သွားသော ဆရာမောင်စိန်တင်ကို ဦးဖေမောင်တင်က ပြောလိုက်သည်။

''အဲဒါ မင့်စာသင်တာကို ထားခဲ့ပြီး ဘုရင်ခံကို အမြန်ဆုံး သွားတွေ့လိုက်၊ သွား''

ဦးဖေမောင်တင်၏ စကားဆုံးလျှင် ဆရာမောင်စိန်တင်သည် ဘုရင်ခံနှင့် သွားတွေ့ရန် ရုံးခန်းထဲမှ သုတ်သုတ်ပျာပျာ ထွက်သွားလိုက်လေသည်။

ကျူတာဆရာ မောင်စိန်တင်သည် သူ့ကို ဘာအတွက် ဘုရင်ခံက ခေါ်တွေ့ပါလိမ့်ဟု တွေး၍ရကောင်းမှ ရဦးမည်ဖြစ်သည်။

သို့ရာတွင် ဦးဖေမောင်တင်ကမူ စကတည်းက နားလည်လိုက်လေသည်။

''ဘုရင်ခံက ကျွန်တော့်ကို အိုင်-စီ-အက်စ် ခန့်လိုက်ပြီး အော့စဖို့ဒ်ကို သွားရမယ်လို့ပြောပါတယ်''

ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာသည် အင်မတန် လည်ပတ်ပါးနပ်သူဖြစ်လေသည်။

မြန်မာပြည်သို့ ရောက်လာခဲ့ပြီးနောက် သူ့နာမည်ယူ၍ ဖွင့်လှစ်ပေးလိုက်သော ရန်ကုန်ယူနီဗာစီတီကြီးမှ ကျောင်းသားများက သူ့ကို သပိတ်လက်နက်ဖြင့် တုံ့ပြန်ခဲ့ကြခြင်းအတွက် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာသည် သက်ဆိုင်ရာ သူတို့အလွှာပိုင်း၌ အတော်ကလေး သိက္ခာကျသွားခဲ့ဟန်တူသည်။

သည်အတွက် သူသည် သူ့နာမည် ပြန်တက်ရုံမက ရာဇဝင်သမိုင်းတစ်လျှောက်မှာပါ မပျောက်မပျက် အတိုင်းသား ထင်ရှားကျန်ရစ်ခဲ့စေရန်အတွက် တစ်ဖက်မှလှည့်၍ ကြိုးစားအကြံထုတ်ခဲ့ပုံရသည်။

သူသည် အင်းလျားကန်အနီးရှိ မရန်းတောကြီးကိုရှင်း၍ တိုးချဲ့လိုက်သော ရန်ကုန်ယူနီဗာစီတီကြီးအတွက် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန် ရန်ပုံငွေများကိုရှာပေးလေသည်။

ထိုကဲ့သို့ ရန်ပုံငွေရှာရာ၌ သူသည် သတင်းစာထဲတွင် ကြော်ငြာထည့်၍ မြန်မာတိုင်းသူပြည်သားများနှင့် အတူ တရုတ်၊ ကုလားသူဌေးများတို့ထံ အလှူခံ၍ တစ်ဖက်မှလည်း သေချာပေါက်ရနိုင်သော နည်းများသုံးကာ ရန်ပုံငွေကို အရရှာလေသည်။

ထိုသေချာပေါက်နည်းများကား အနယ်နယ်အရပ်ရပ်၌ ပျော်ပွဲရွှင်ပွဲများကျင်းပစေပြီးနောက် ကစားဝိုင်းများ အကြီးအကျယ်ခွင့်ပြုကာ နည်းမျိုးစုံဖြင့် ရန်ပုံငွေရအောင်ရှာစေခြင်းဖြစ်လေသည်။

ထိုနောက် သူသည် ပရုံး(မ်)ဟော(လ်)[၁]၊ တကောင်းဟော(လ်) သစ်သားကျောင်းဆောင်များနှင့်မတူ တမူထူးခြားကောင်းမွန်သော သထုံ၊ ပဲခူး၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ အမည်များ အသီးသီးမှည့်ခေါ်ထားသော တိုက်ကျောင်းဆောင်သစ်ငါးဆောင်နှင့် ထိုကျောင်းဆောင်များအတွက် စုပေါင်းစားသောက်စေသော ဗဟိုထမင်းစားရုံသစ်ကြီးတို့ကို ဆောက်လုပ်စေခဲ့သည်။

ဘာသာရပ်အလိုက် စာသင်ခန်း အဆောက်အအုံများနှင့် ကျောင်းသူများနေထိုင်ရန် အင်းလျားကျောင်းဆောင်တို့ကား ဆက်လက်ဆောက်လုပ်နေဆဲဖြစ်သည်။

ထိုကဲ့သို့သော ဆာဟာကုတ်ဘတ္တလာသည် ရန်ကုန်ယူနီဗာစီတီကြီးအတွက်သာ သူရှာပေးသော ရန်ပုံငွေများဖြင့် နာမည်ယူနိုင်သော်လည်း ဘက်ပတစ်ကောလိပ်တိုးချဲ့ဆောက်လုပ်ရေးဘက်တွင်မူ သူမျက်နှာမရရှာချေ။

''မသန့်ရှင်းတဲ့ နည်းမျိုးစုံနဲ့ ရှာလို့ရတဲ့ ရန်ပုံငွေမျိုးကို လက်မခံလို''

ဟု ခရစ်ယာန်သာသနာပြုဆရာကြီး ဆရာယုဒသန်ကို ဂုဏ်ပြုကာ အမေရိကန် ဘက်ပတစ်ကောလိပ်ကို အမည်ပြောင်းလိုက်သော ဂျပ်ဆင်ကောလိပ် ဆောက်လုပ်ရေးတာဝန်ခံအဖွဲ့က ဆာဟာကုတ်ဘတ္တလာ၏ ရန်ပုံငွေထဲမှ တစ်ပြားတစ်ချပ်မျှ လက်မခံဘဲ ယုဒသန်ဘုရားရှိခိုးကျောင်း[၂] ကြီးနှင့် ဝယ်လင်တန်ဟောလ်[၃]၊ နော့သ်ဟောလ်[၄]၊ ဆောက်သ် ဟောလ်[၅]၊ ဘင်တန်ဟောလ်[၆] အစရှိသော ကျောင်းဆောင်နှင့် စာသင်ခန်းများကို သူတို့ငွေနှင့်သူတို့ သီးသန့်ဆောက်လုပ်လိုက်ကြလေသည်။

အမှန်မှာ လူလည်ကြီး ဆာဟာကုတ်ဘတ္တလာက ငါးကြင်းဆီနှင့် ငါးကြင်းသားကို ပြန်ကြော်ခြင်း ဖြစ်လေသည်။

အင်္ဂလိပ်လူမျိုးများအဖို့ နယ်ချဲ့ချင်တိုင်းချဲ့၍၊ သွေးစုပ်ချင်တိုင်း စုပ်နိုင်အောင် သူကကိုယ်စားလှယ်ပြုကာ စိုးမိုးအုပ်ချုပ်နေရသော မြန်မာပြည်သူပြည်သားများက ကလကတ္တားယူနီဗာစီတီ လက်အောက်ခံဘဝမှ သီးခြားယူနီဗာစီတီတစ်ခု တည်ထောင်ပေးရန် တောင်းဆိုလာခဲ့ကြသည်မှာ နှစ်ပေါင်းကြာညောင်းလှချေပြီ။

၁၈၉၂ ခုနှစ်လောက်ကတည်းက မြန်မာပြည်သူပြည်သားများ တောင်းဆိုလာခဲ့ကြသော သီးခြားယူနီဗာစီတီတစ်ခု တည်ထောင်ပေးရန် အရေးကို တာဝန်ရှိသူများသည် ၁၉၁၀ ပြည့်နှစ်လောက်အရောက်တွင်မှ စိတ်ကူးစိမ်ကိန်းကလေးများ ရေးဆွဲလာဖြစ်ကြသည်။

ထိုနောက် ၁၉၁၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဘဏ္ဍာရေးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဆာဟာကုတ်ဘတ္တလာသည် မြန်မာပြည်နှင့်ပတ်သက်၍ သူ့အတွက် ရာထူးတိုးတက်နိုင်ရေးကို မျှော်တွေးလျက် အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးရှင်းတမ်းပြုသောအခါ–

''မြန်မာပြည်အတွက် သီးခြားယူနီဗာစီတီတစ်ခုကို ရန်ကုန်မြို့မှာ တည်ထောင်ဆောက်လုပ်ဖို့ အစိုးရက ကျပ်ငွေရှစ်သိန်းကို မ,တည်ထုတ်ပေးပါ့မယ်''

ဟု အိန္ဒိယ ဘုရင်ခံချုပ်နှင့် မင်းတိုင်ပင်မှူးမတ်စုံညီတဲ့ ရှေ့မှောက်၌ ရဲရဲတောက် ကြေညာခဲ့လေသည်။

သို့ရာတွင် ၁၉၁၄ ခုနှစ်တွင် တောက်လောက်လာခဲ့သော ပထမကမ္ဘာစစ်မီးကြီးက မြန်မာပြည်အတွက် သီးခြား ယူနီဗာစီတီကြီးတစ်ခု တည်ထောင်ပေးရေးကိစ္စကို သွေးအေးသွားစေခဲ့လေသည်။

၁၉၁၅ ခုနှစ်၌ ဆာဟာကုတ်ဘတ္တလာသည် ဘုရင်ခံအဖြစ်နှင့် မြန်မာပြည်သို့ ရောက်လာခဲ့သည်။

လိမ္မာပါးနပ်သော ဆာဟာကုတ်ဘတ္တလာသည် မြန်မာပြည်သူများအတွက် မက်လုံးကလေးများ ပေးတတ်၍ အကြိုက်တွေ့စေရန် ကြံဖန်စီမံတတ်လေသည်။

သည်အခါကျမှ မြန်မာပြည်သူပြည်သားများက သူ့ကို ထောက်ခံကြမည်ဖြစ်၍ သူ့အတွက် ရာဇပလ္လင်မြဲနိုင်မည် မဟုတ်ပါလား။

ထိုကဲ့သို့ မြန်မာပြည်သူများအတွက် မြန်မာပြည်သူပြည်သားများ၏ အလှူငွေ၊ ကူငွေ၊ ချေးငွေတို့ဖြင့်သာ

---

၁။ Prome Hall ပြည်ကျောင်းဆောင်
၂။ Judson Church
၃။ Wellington Hall
၄။ North Hall
၅။ South Hall
၆။ Benton Hall

ရန်ကုန်ယူနီဗာစီတီကြီးကို အကြီးအကျယ် တည်ဆောက်နေခြင်းဖြစ်သော်လည်း အထက်ပိုင်း၌ မျက်နှာပန်းလှကာ နာမည်ယူနေသူကမူ ဘုရင်ခံဆာဟာကုတ်ဘတ္တလာ ဖြစ်လေသည်။

ယခုလည်း မြန်မာစာဂုဏ်ထူးဖြင့် ဘီ–အေ အောင်ခဲ့သူ ကျူတာဆရာမောင်စိန်တင်ကို ပညာတော်သင် လွှတ်ပေးခြင်းဖြင့် ဆာဟာကုတ်ဘတ္တလာသည် တစ်ချိန်လုံး မှေးမှိန်သေးသိမ်နေခဲ့ရာမှ ရုတ်တရက် ခေါင်းထောင် ကာ အညွန့်တလူလူတက်လာစပြုနိုင်ပြီဖြစ်သော မြန်မာစာပေကို ချီးနှိမ်၍ရတော့မည်မဟုတ်မှန်း နားလည်ကာ အလိုက်သင့် စင်ထိုးခံပေးလိုက်ခြင်းဖြစ်လေသည်။

''ဟာ မြန်မာစာဂုဏ်ထူးသမား ကိုစိန်တင်ကို ဘုရင်ခံကိုယ်တိုင်က ဘိလပ်ကို ပညာတော်သင်လွှတ်ဖို့ ရွေးလိုက်တယ်ဆိုပါလား''

မြန်မာစာကျူတာဆရာ မောင်စိန်တင်ကို ဘိလပ်သို့ ပညာတော်သင် စေလွှတ်ခြင်းခံရသောသတင်းသည် မြန်မာစာပေကို အထင်ကြီးစရာ ဘာသာတစ်ရပ်အဖြစ် အသိအမှတ်မပြုကြသော ပညာတတ် အဝန်းအဝိုင်း၌ ဂယက်ရိုက်သွားခဲ့လေသည်။

သည်အတွက် အကျေနပ်ကြီး ကျေနပ်ကာ ဝမ်းသာနေသူကား မြန်မာစာပေ ပျိုးခင်းရှင် ဥယျာဉ်မှူးကြီး ပါမောက္ခဦးဖေမောင်တင် ဖြစ်လေသည်။

ဆာဟာကုတ်ဘတ္တလာအနေဖြင့် ဘယ်သို့ပင် နာမည်ကောင်း ဝယ်ယူသော်လည်း တကယ်အမြတ်ထွက် သည်က မြန်မာပြည်နှင့် မြန်မာလူမျိုးတို့၏ မြန်မာစာပေဖြစ်လေသည်။

နိုင်ငံခြားသား မျက်နှာဖြူများအနေနှင့်ပင် ဟဲဗင်းဘောန်ဆားဗစ္စ* မိုးကျရွှေကိုယ်ရာထူးဟူ၍ သတ်မှတ်ကာ မက်မက်မောမောရှိလှသော အိုင်–စီ–အက်စ်တစ်ဦးဖြစ်နိုင်ရေးသည် သိပ်ကြီးမလွယ်လှချေ။

မြန်မာများအဖို့မူ အိုင်–စီ–အက်စ်ဖြစ်ဖို့အရေးသည် ရှားမှရှားသော ဘုရားပေးရာထူးဖြစ်သည်။

ယခု အများက အထင်မကြီးသော မြန်မာစာဂုဏ်ထူးသမား မောင်စိန်တင်ကား စာမေးပွဲကိုမျှ ဝင်ဖြေစရာ မလိုဘဲ ထင်ပေါ်၍ စင်တော်က ကောက်သွားခဲ့ခြင်းဖြစ်လေသည်။

''တို့အင်္ဂလိပ်တွေက ကျောသားရင်သား မခွဲခြားဘဲ မင်းတို့မြန်မာစာပေကိုလဲ အရေးထား ချီးမြှောက်ပါ တယ်ကွာ''

ဟု ဆာဟာကုတ်ဘတ္တလာ ချွေးသိပ်ကာ နာမည်ယူလိုက်ခြင်းလည်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာစာပေသည် အခြားသော ဘာသာရပ်များနှင့် ရင်ဘောင်တန်းကာ ရဲရဲရင့်ရင့် ပွဲလယ်တင့်သွားနိုင်ပြီ ဖြစ်သောကြောင့် တစ်ချိန်လုံး ပေါင်းသင်၊ ရေလောင်း၊ မြေဩဇာကျွေး၊ အဖျက်အဆီး အနှောင့်အယှက်များမှ အကာအကွယ်ပေး စသဖြင့် ပျိုးထောင်လာခဲ့ရသူ ဥယျာဉ်မှူးကြီး ဦးဖေမောင်တင်သည် အပင်ပန်းခံခဲ့ရသမျှ အမောပြေလေတော့သည်။

သူသည် အမောပြေရုံဖြင့် ကျေနပ်နှစ်သိမ့်ကာ မနေနိုင်သေးချေ။

ယခုကဲ့သို့ ရှင်သန်အောင်မြင်လာခဲ့ပြီဖြစ်သော သူ့မြန်မာစာပေမျိုး တိုးပွားများပြားနိုင်ရေးအတွက်ကို ဆက် လက်ကြိုးစားအားထုတ်ရပေဦးမည်။

သူသည် အခြားသော ဘာသာရပ်များနှင့်အပြိုင် သူ့မြန်မာစာပေအသင်းကို ဖွဲ့စည်းတည်ထောင်ပေးလိုက် သည်။

ထိုနောက် ထိုမြန်မာစာအသင်းက မကြာခဏ စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပပေးစေ သည်။

ဦးဖေမောင်တင်သည် မြန်မာစာအသင်းမှ ကျင်းပသော စာပေဟောပြောပွဲများတွင် သူကိုယ်တိုင် ဟော ပြောသည့်အခါ ဟောပြော၍ ယူနီဗာစီတီ အပြင်ဘက်မှ စာပေပညာရှိပုဂ္ဂိုလ်များကိုလည်း ပင့်ဖိတ်ဟောပြော သည့်အခါ ဟောပြောစေလေသည်။

ထို့အတူ စကားရည်လုပွဲများကိုလည်း မင်းတိုင်ပင်အမတ်များအား ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြင့် ပရိသတ် အကြိုက်တွေ့စေကာ မြန်မာစာအသင်း၏ ဂုဏ်သတင်းကို ထင်ပေါ်ကျော်ကြားလိုက်စေလေသည်။

ယခုလို နှစ်နှစ်ကျော် သုံးနှစ်အတွင်း၌ သူ့မြန်မာစာပေဌာနကို သုညဘဝမှ ခေါင်းထောင်ထလာနိုင်အောင်

* Heaven Borned Service



MKS PUBLISHING

စွမ်းဆောင်နိုင်ခဲ့သော ဦးဖေမောင်တင်သည် သူ့စွမ်းဆောင်အောင်မြင်လာချက်များအတွက် နှစ်သိမ့်ကျေနပ်မဆုံး ဖြစ်ရလေတော့သည်။

ထိုကဲ့သို့ သူ့မြန်မာပြည်၊ သူ့မြန်မာလူမျိုးနှင့် သူ့မြန်မာစာပေ ပညာရေးတစ်ခုတည်းအတွက်ကိုသာ အချိန်ပြည့်၊ နေရာပြည့်ပေးနေခဲ့ရသော ဦးဖေမောင်တင်သည် သူ့ဘဝကိုပင် သူမေ့ထားလေသည်။

သူ့ကိုယ်သူ မေ့ထားနေသော ဦးဖေမောင်တင်ကို သူ့မေမေက သတိပေးလေသည်။

''ကဲ မေမေ့သားမလဲ တစ်ချိန်လုံး စာပေပညာရေး ကိစ္စဝိစ္စတွေနဲ့ပဲ လုံးထွေးနေရတာနဲ့ အိမ်ထောင်ပြုဖို့များ မစဉ်းစားတော့ဘူးလားကွယ်''

''မေမေကလဲဗျာ၊ ကျွန်တော့်ဘာသာ အေးအေးဆေးဆေး နေတာကို ရှုပ်ရှုပ်ရှက်ရှက် ဘာဖြစ်လို့များ အိမ်ထောင်ပြုဖို့ စဉ်းစားနိုင်းရတာလဲ မေမေရ''

အိမ်ထောင်ပြုရေးကို နေရာမပေး၊ မတွေးသေးသော ဦးဖေမောင်တင်က သူ့မေမေကို ပြန်ပြောလိုက်သည်။

''ဩော်၊ ဟဲ့ လူတွေအဖို့ အိမ်ထောင်ပြုတယ်ဆိုတာ ဓမ္မတာပဲဥစ္စာ၊ ဘယ်ကလာ ရှုပ်ရှုပ်ရှက်ရှက်ရမှာလဲ သားရယ့်''

ဦးဖေမောင်တင်၏ အပြောကို သူ့အမေက လက်မခံချေ။

ထိုနောက် မေးလိုက်လေသည်။

''ပြောစမ်းပါဦး၊ မေမေ့သားက တစ်သက်လုံး ဒီလိုပဲ နေသွားတော့မယ်လို့များ စိတ်ကူးထားနေလို့လား၊ ဟုတ်လား''

''ဆိုပါတော့ မေမေရာ''

''ဆိုပါတော့ ဆိုတာက မေမေ့သား လူပျိုကြီးက ဘုန်းကြီးရဟန်းစိတ်ပေါက်ပြီး အိမ်ထောင်ရေးကို မစဉ်းစားတာလား၊ ဒါမှမဟုတ် လူပျိုကြီးတစ်ကိုယ်တည်း ကြေးများလွန်းလို့ စံရွေးလွန်းပြီး ကြိုက်စရာမိန်းမ ရှာမတွေ့ဖြစ်နေလို့လား၊ ဘာကြောင့်လဲ''

သူ့မေမေ၏ မေးခွန်းကို ဦးဖေမောင်တင်က အနည်းငယ်စဉ်းစားပြီး နောက်မှ အဖြေပေးလိုက်သည်။

''ကြေးများလွန်းတာလား၊ စံရွေးလွန်းတာလားတော့ မသိဘူးဗျ၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ကြိုက်စရာမိန်းမရှာမတွေ့သေးတာတော့အမှန်ပဲ မေမေရ''

''သားဟာသား ရှာမတွေ့သေးဘူးဆိုရင် မေမေတို့ ရှာပေးမယ်လေ''

''ဟာ ရှာမပေးပါနဲ့ မေမေရာ၊ ကျွန်တော် အခုလိုပဲ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေစမ်းပါရစေဗျာ''

သူ အိမ်ထောင်ပြုရေးအတွက် အတည်ပေါက်ပြောလာခဲ့သော သူ့မေမေကို ဦးဖေမောင်တင် အလန့်တကြား ဟန့်တားလိုက်မိလေသည်။

''ကျွန်တော် မိန်းမ မယူချင်သေးပါဘူး''

''မိန်းမ မယူချင်သေးပါဘူး၊ မိန်းမ မယူချင်သေးပါဘူးနဲ့၊ တော်တော်ကြာ မဟုတ်တရုတ် မိန်းမတွေနဲ့ တွေ့သွားပြီး မေမေ့သား ဒုက္ခရောက်နေပါ့မယ်ကွယ်၊ သားအသက်ကလဲ အခုဆို ၄၀ နားတောင်နီးလာပြီ မဟုတ်လား သားရဲ့''

သူ့မေမေ ပြောလာတော့မှပင် ဦးဖေမောင်တင်လည်း မငယ်တော့သော သူ့အသက်အရွယ်ကို ပြန်လည်တွက်စစ်ကြည့်မိလေသည်။

ထိုအခါ သူ့အဖို့ အိမ်ထောင်ပြုဦးမည်ဆိုပါက သူ့မေမေပြောသည့်အတိုင်း သူ့အသက်အရွယ်သည် မငယ်တော့ပြီ ဖြစ်ကြောင်းကို ဦးဖေမောင်တင် သတိပြုလိုက်မိလေသည်။

ထိုကဲ့သို့ သတိပြုမိလိုက်သောအခါ လူငယ်ဘဝမှာကတည်းက အိမ်ထောင်သားမွေး အရေးကိစ္စတို့ကို အလေးမပေး အတွေးမကျယ်ခဲ့သော ဦးဖေမောင်တင်သည် ယခု လူလတ်ပိုင်းကို ကျော်လွန်ပြီးနောက် လူကြီးပိုင်းသို့ပင် ရောက်ရတော့မည့် အချိန်အရွယ်၌ အိမ်ထောင်ပြုရေးကိစ္စအား ပို၍ပင် စိတ်ဝင်စားမှု နည်းပါးသွားလေသည်။

သူကသာ စိတ်ဝင်စားမှု ပိုမိုနည်းပါးသွားသော်လည်း သူအိမ်ထောင်ပြုရန် အရေးကိစ္စကို သူ့မေမေတို့ကမူ

အထူးစိတ်အားထက်သန်နေကြလေသည်။

''အဲဒါ သားအနေနဲ့ကတော့ သားအလုပ်အကိုင်တွေကလွဲပြီး တခြားစိတ်ဝင်စားဖို့ သတိမရတာမို့ ကြိုက်တဲ့ မိန်းမရှာယူဖို့ကိုလဲ ဘယ်တော့မှ စိတ်ကူးမှာမဟုတ်ဘူး။ ဒီတော့ မေမေတို့စိတ်ကြိုက် မိန်းကလေးရှာပြီး သားကို မိန်းမပေးစားရမယ်၊ ဒါပဲ''

''ဟာဗျာ မေမေကလဲ ဒီလိုတော့ တစ်ချက်လွှတ်အမိန့် မချပါနဲ့ဦး''

သူ့မေမေ၏ တစ်ချက်လွှတ်အမိန့်သံက ဦးဖေမောင်တင်ကို လန့်ဖျပ်လူပ်ရှားသွားစေသည်။

ထို့ကြောင့် သူ့သဘောကို သူ့မေမေတို့ လက်ခံနိုင်လောက်အောင် လိုက်လျောပြောလိုက်ရလေသည်။

''မေမေတို့ ကျွန်တော့်ကို ဒါလောက်တောင် အိမ်ထောင်ပြုစေချင်ရင် ကျွန်တော်နဲ့ ပေါင်းရမယ့် မိန်းကလေး ကို ကျွန်တော် စဉ်းစားလေ့လာပြီး ကျွန်တော့်စိတ်ကြိုက်ရှာယူပါရစေ''

''ရှာပါတော် ရှာပါ''

ဦးဖေမောင်တင်၏ ဆန္ဒကို သူ့မေမေတို့ကလည်း လိုက်လျောသဘောတူလိုက်ကြသည်။

သို့ရာတွင် ခြွင်းချက်တော့ ထားလေသည်။

''အဲ ဒါပေမယ့် သားစိတ်ကြိုက်ရှာလို့ မတွေ့ဘူးဆိုရင်တော့ မေမေတို့ ရွေးပေးတာကို သားလက်ခံရ မယ်နော်၊ ဟုတ်ရဲ့လား''

''ကောင်းပါပြီဗျာ''

နောက်ဆုံး၌ ဦးဖေမောင်တင်သည် သူ့အိမ်ထောင်ပြုရေးအတွက် သူ့မိဘအစ်မများနှင့် အပေးအယူ သဘော တူလိုက်ရလေတော့သည်။

ဦးဖေမောင်တင် အိမ်ထောင်ပြုရေးအတွက် သူ့မိဘနှင့် ညီအစ်ကိုမောင်နှမများက အေးအေးဆေးဆေး မနေနိုင်ကြသလို သူနှင့်တွဲဖက် ဆရာလုစ်နှင့် မစ္စတာဖာနီဗယ်လ်ကြီးတို့ကလည်း မနေနိုင်မထိုင်နိုင် မေးစမ်းတိုက် တွန်းတတ်ကြလေ့ရှိသည်။

''ဟေ့ တင်ရယ်၊ မင်းတို့ဗမာမှာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားတစ်ခွန်းရှိတယ်မဟုတ်လားကွယ့် ဟင်''

''အင်း အဲဒီလို စကားရှိရက်သားနဲ့ တို့ပါမောက္ခကြီးကတော့ ဘာဖြစ်လို့များ အချိန်နဲ့ မသီးမပွင့်သေးတဲ့ လူပျိုကြီးဖြစ်နေရတာပါလိမ့်ကွယ်''

ဆရာလုစ်နှင့် ဖာနီဗယ်လ်တို့ နှစ်ယောက်သည် ဦးဖေမောင်တင်နှင့် ပတ်သက်၍ အတိုင်အဖောက် ညီနေခဲ့ ကြလေသည်။

''အခုဆိုရင် ကျုပ်တို့ရဲ့ လူပျိုကြီး ပါမောက္ခအဖို့ သီးဖို့ပွင့်ဖို့အချိန်တောင် အတော်နှောင်းလာခဲ့ပါပကောလို့ ဟင်''

ထိုအချိန်တွင် သူ့အစ်ကိုကြီး ကိုသင်မှလွဲ၍ ဦးဖေမောင်တင်၏ အစ်မများနှင့်ညီ၊ ညီမအားလုံးတို့သည် အသီးသီး အိမ်ထောင်ရက်သား ကျကုန်ခဲ့ကြပြီဖြစ်သည်။

''တကယ်တော့ တို့လူပျိုကြီးက စောစောစီးစီးကတည်းက သီးနိုင်ပွင့်နိုင်ရက်သားနဲ့ ကပ်ရမယ့်လူကို ကပ်ရ မယ့်အစား၊ သွားပြီး ရန်သူဖြစ်အောင် လုပ်ထားခဲ့တာကလား၊ မဟုတ်ရင် သူဘိလပ်က ပြန်လာတုန်းက ဘိလပ်သူ တစ်ယောက်တောင် ပါလာနိုင်ခဲ့မှာ''

''အလို ဆိုစမ်းပါဦးဗျ၊ ကျုပ်တို့ လူပျိုကြီးပါမောက္ခက အရိပ်သုံးပါးနားမလည်ဘဲ ကပ်ရမယ့်အစား ဘယ်သူ့ ကိုများ ရန်သူဖြစ်အောင် လုပ်ထားခဲ့လို့လဲဗျာ''

''ဘယ်သူရမလဲ၊ ဆာဟာဗီ အဒမ်ဆန်ကိုပေါ့၊ တို့လူပျိုကြီးက ယောက္ခမ တော်ရမယ့်သူကို ပြိုင်ဘက် လုပ်ပြီး အနိုင်ယူလာခဲ့တော့ လေဒီအဒမ်ဆန်က သူ့ကို အမိဖမ်းဖို့ ဘယ်စိတ်ကူးတော့မလဲပေါ့၊ မဟုတ်ဘူးလား''

''အစစ်ပေါ့၊ ဟား ဟား ဟား''

ဆရာလုစ်၊ မစ္စတာ ဖာနီဗယ်လ်တို့နှစ်ယောက် အတိုင်အဖောက်တွင် ဦးဖေမောင်တင်လည်း ရောနှောရယ် မောခဲ့ရလေသည်။

လန်ဒန်ရှိ မြန်မာပြည် ဘုရင်ခံဟောင်း ဆာဟာဗီ အဒမ်ဆန်၏ ဇနီး၊ ဘုရင်ခံကတော် လေဒီအဒမ်ဆန်


MKS PUBLISHING

သည် သူ့သမီးများအတွက် အိုင်–စီ–အက်စ်များကို သားမက်အဖမ်းကောင်းကြောင်း သတင်းကြီးနေသူဖြစ်သည်။

ဤသည်ကို ရည်ညွှန်း၍ ဆာအဒမ်ဆန်ကို ပခုံးချင်းယှဉ်၍ ကုလားထိုင် အနိုင်လုခဲ့သော ဦးဖေမောင်တင်ကို ဆရာလုစ်နှင့် မစ္စတာဖာနီဗယ်လ်တို့က ရယ်စရာအဖြစ် ပြောဆိုကြခြင်းဖြစ်လေသည်။

သူ့အဖို့ ထိုကဲ့သို့ ဟိုစဉ်က အပျော်အပြက် ပြောဆိုရယ်မောခဲ့ကြခြင်းဖြစ်သော်လည်း ယခုတွင် ဦးဖေမောင်တင်သည် အဓိကလူ၊ သူ့မေမေ၏ လိုလားဆန္ဒအရ အိမ်ထောင်ပြုရေးကို အလေးအနက် တွေးလာရလေတော့သည်။

ထိုအခါ သူသည် အမျိုးသမီးများနှင့်ပတ်သက်၍ ဟိုစဉ်က ဂရုမစိုက်လှဘဲ အမှတ်တမဲ့ရှိလာခဲ့သမျှ ယခုတွင် သတိထား၍ ကြည့်ရှုလေ့လာတတ်ရလေသည်။

ထိုကဲ့သို့ အမျိုးသမီးများကို သတိထား၍ ကြည့်ရှုလေ့လာရာ၌ ရုပ်ရည်ချောမောလှပသလို အနေအထိုင် ဘုန်ရြွေ၍ စိတ်သဘောထားကောင်းမွန်ကာ လိမ္မာရေးခြား ရှိမရှိတို့ကိုပါ ဦးဖေမောင်တင်က အကဲခတ်လေသည်။

သူတို့မိသားစု အိမ်ထောင်ကြီးတစ်ခုလုံးကို အိမ်ရှင်မကောင်းပီသခြင်း၊ မိခင်ကောင်းပီသခြင်းတို့ဖြင့် နိုင်နိုင်နင်းနင်း စည်းကမ်းကျကျ အုပ်ထိန်းမွေးဖွားလာခဲ့သော မိခင်ကြီးအား စံထားလျက် ဦးဖေမောင်တင်က သူ့အိမ်ထောင်ဖက် ဖြစ်လာရမည့် အမျိုးသမီးအား အဘက်ဘက်မှ လှည့်ပတ်တိုင်းတာကြည့်လိုက်မိလေသည်။

ထိုအခါ ဦးဖေမောင်တင်၏ အတိုင်းအတာသို့ဝင်နိုင်သော အမျိုးသမီးများမှာ ရှာမှရှားနေလေတော့သည်။

သူတို့အဖို့ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ဖြင့် အခန့်သားရှိနေကြသော ဝန်ထောက်သမီး၊ အရေးပိုင်သမီး၊ ရှေ့နေသမီး၊ သူဌေးသမီးတို့သည် အိမ်ရှင်မကောင်း ပီသကြသော မိခင်နှင့် နမများကြား၌ ကြီးပြင်းလာခဲ့ရသူ ဦးဖေမောင်တင်၏ မိန်းမပီသရေး သတ်မှတ်ချက်ပေတံ အတိုင်းအတာကို မမီနိုင်ကြချေ။

သူတို့သည် ရုပ်ရည်ချောမောသော်လည်း ဝမ်းတွင်းမနော အကျည်းတန်သူက အကျည်းတန်သည်။

ပညာတတ်သူကျပြန်တော့ ရုပ်က မလှပြန်။

ပညာတတ် ရုပ်ချောသူ ကျပြန်တော့လည်း မာန်မာနတွေက ခေါင်ခိုက်နေသည်။

သူဌေးသမီးတွေအနေနှင့်လည်း ကြေးကြီးကြီး ပေးဝယ်ပြီးနောက် အပိုင်စီးဖို့ ကြိုးစားနေကြသူများဖြစ်သည်။

သည်လို အချိုးမျိုးနှင့် သူ့အပေါ် ကြိုးဆွဲခံဖို့ဆိုသည်ကို ဦးဖေမောင်တင်က တစ်သက်စိတ်မကူးချေ။

သူ့အဖို့ တစ်ယောက်တည်း နေခွင့်မရတော့၍ ကြင်ဖက်အဖော်ကို လက်တွဲခေါ်ရမည်ဆိုပါက ဦးဖေမောင်တင်က အပေးအယူ၊ အရောင်းအဝယ် အပြိုင်အဆိုင်သဘောမျိုးကို လုံးဝမလိုလားချေ။

သူက အဆိုပါသဘောများ လုံးဝကင်းသော၊ မေတ္တာနှင့် သစ္စာကိုသာ ဗဟိုပြုသော အိမ်ထောင်မိသားစု တစ်စုကို ဖွဲ့စည်းတည်ဆောက်လိုပေသည်။

သူ တည်ဆောက်လိုသော အိမ်ထောင်တစ်ခု၊ မိသားစုတစ်ခု၏ ပုံစံက ယောက်ျားဖြစ်သူသည် မိန်းမဘက်မှ ငွေကြေးတစ်ပြားတစ်ချပ်ကိုမျှ အားမပြု၊ မမျှော်ကိုးတမ်း။ သူ့ပညာအရည်အချင်း အဆင့်အတန်းအရ သမာသမတ်ကြိုးစားရှာဖွေ၍ ကျွေးမွေးစောင့်ရှောက်မည်။

ထို့အတူ မိန်းမဖြစ်သူကလည်း အိမ်ရှင်မကောင်းပီသစွာဖြင့် အိမ်ထောင်တစ်ခု မိသားတစ်စုပေါ်၌ စီးသည့်ရေ ဆည်သည့်ကန်သင်းအလား နိုင်နိုင်နင်းနင်း ပြုစုထိန်းသိမ်းပေးရမည်ဖြစ်လေသည်။

တစ်ရက်၌ ဦးဖေမောင်တင်သည် မိတ်ဆွေကြီး ဦးငေးကို အဖော်ပြုကာ အမျိုးသမီးကလေးတစ်ဦးထံသို့ အလည်သွားခဲ့ကြသည်။

ဦးငေးသည် ဘိလပ်မှာတုန်းက လန်ဒန်ဗမာအသင်း၌ ဦးဖေမောင်တင် ဥက္ကဋ္ဌဖြစ်ရေးကို အားပေးကူညီခဲ့ပြီးနောက် ဝတ်လုံဘွဲ့ရကာ မြန်မာပြည်သို့ ပြန်လာ၍ နိုင်ငံရေးလုပ်ရင်း ဝတ်လုံလိုက်နေသည်။

ထိုနောက် သူတို့သွားလည်သော အမျိုးသမီးအိမ်မှ ပြန်လာခဲ့ကြသောအခါ ဦးငေးက ဦးဖေမောင်တင်ကို မေးလိုက်သည်။

''ဘယ့်နှယ်လဲ ပရော်ဖက်ဆာ၊ မိန်းကလေးကို ဘယ်လိုမြင်သလဲ''

အဆိုပါ မိန်းကလေး၏ မိဘများသည် ဦးဖေမောင်တင်ကသာ တောင်းဆိုလာခဲ့ပါက သူတို့သမီးအတွက် အဲ့ဒိလိုလားလား လိုက်လျောသဘောတူရန် တာစူနေကြသူများဖြစ်ကြောင်းကို ဦးငေးကလည်း သိထားသည်။

ဦးငေ၏ အမေးကို ဦးဖေမောင်တင်က ခဏမျှစဉ်းစားပြီးနောက် အဖြေပေးလိုက်လေသည်။

''မိန်းကလေးကိုကြည့်ရတာ ရှဉ့်ကလေးနဲ့တူတယ်''

ဦးဖေမောင်တင်က မိန်းကလေးဆိုသည်မှာ မိန်းကလေး ပီပီသသ မိန်းကလေးနှင့်သာတူစေချင်လေသည်။

ထို့ကြောင့် မိန်းကလေးမပီသ၍ မိန်းကလေးနှင့်မတူသော မိန်းကလေးများကို ဦးဖေမောင်တင် မျက်စိမကျနိုင်၊ စိတ်မတွေ့နိုင်အောင် ဖြစ်နေခဲ့ခြင်းဖြစ်လေသည်။

သို့ရာတွင် နောက်ဆုံး၌ ဦးဖေမောင်တင်သည် သူ့စိတ်ကြိုက်မိန်းကလေးတစ်ယောက်ကို အလိုက်သင့်တွေ့လိုက်လေသည်။

သူကလေးကား အခြားသူမဟုတ်ချေ။ ရန်ကုန်ယူနီဗာစိတီကြီးသို့ ပညာရည်နို့သောက်စို့ရန် ရောက်လာခဲ့သူ အိုင်-အက်စ်-စီ- စီနီယာတန်းမှ မြန်မာအမျိုးသမီးကျောင်းသူကလေးတစ်ဦးဖြစ်လေသည်။

အဆိုပါ ကျောင်းသူကလေးသည် အခြားသော ယူနီဗာစိတီကျောင်းသူများကြား၌ တစ်မူ ထူးခြားထင်ရှားစွာဖြင့် လူပျိုကြီးပါမောက္ခ ဦးဖေမောင်တင်အား သတိထားမိသွားစေခဲ့လေသည်။

ထိုကဲ့သို့ သတိထားမိလျှင်ပင် အဆိုပါကျောင်းသူကလေးကို ဦးဖေမောင်တင် နှစ်သက်သဘောကျသွားလေတော့သည်။

အဆိုပါ ကျောင်းသူကလေးသည် အပြိုင်အဆိုင် ဝတ်စားမော်ကြွားပလွှားနေကြသော ကျောင်းသူများအကြား၌ ရိုးရိုးယဉ်ယဉ်ကလေးသာ ဝတ်ဆင်ပြင်သ ထားလေ့ရှိသည်။

သူကလေးသည် မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ်ကလေးရှိနေသကဲ့သို့ အနေအထိုင်မှာလည်း သိမ်သိမ်မွေ့မွေ့နှင့် ဣန္ဒြေသိက္ခာရှိလေသည်။

သူကလေး၏ မျက်လုံးမျက်ဖန် ကိုယ်နေဟန်ထားကလေးများသည် မြန်မာဆန်ဆန်ချောမောလှပနေကြသကဲ့သို့ သူ၏သဘောမနောကလေးတို့မှာလည်း မြန်မာစိတ်ဓာတ် အပြည့်အဝရှိကာ ရိုးသားအေးဆေးကြောင်း ဦးဖေမောင်တင် တွေ့ရလေသည်။

သူကလေးသည် မြန်မာစာပေကိုလည်း မြတ်နိုးတန်ဖိုးထားလေသည်။

ထို့ကြောင့် မကြာခဏဆိုသလို သူကလေးက သူသင်ယူသော မြန်မာစာပေနှင့် ပတ်သက်၍ သူ့ဆရာပါမောက္ခ ဦးဖေမောင်တင်ထံသို့ ရောက်လာပြီးနောက် စာမေးခြင်း၊ ဆွေးနွေးခြင်း၊ လေ့လာခြင်းများ ပြုတတ်လေသည်။

သည်အတွက် သူတို့ဆရာ တပည့်နှစ်ယောက်အဖို့ အတွေ့အဆုံများကာ ပိုမိုရင်းနှီးခွင့်ကို ရခဲ့ကြလေသည်။

ထိုအခါ အဆိုပါ ကျောင်းသူကလေးသည် ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦး၏ သမီးဖြစ်ကြောင်းကို ဦးဖေမောင်တင်သိခဲ့ရလေသည်။

ဤတွင် သူနှင့်အသက်ချင်း မတိမ်းမယိမ်းလောက်ရှိမည်ဖြစ်သော သူကလေး၏ အဒေါ်တစ်ယောက်သည် ငယ်စဉ်တုန်းက သူနှင့်သိဟောင်းကျွမ်းဟောင်းတစ်ဦးဖြစ်ခဲ့ဖူးကြောင်းကို ဦးဖေမောင်တင်ပြန်ပြောင်း၍ သတိရလိုက်သည်။

သင်းအုပ်ဆရာ၊ တရားဟောဆရာများသည် ဘုရားကို အစဉ်နှလုံးသွင်း၍ တရားဓမ္မများနှင့်သာ အစဉ်ထိတွေ့မွေ့လျော်နေကြသူများဖြစ်သည်။

ထို့ကြောင့် သူတို့သည် သာမန်လူများထက် အရာရာကို သည်းခံနိုင်မှုမှချသော သဘောရှိသူများဖြစ်လေသည်။

ယခု ဦးဖေမောင်တင် နှစ်သက်မိသော ကျောင်းသူကလေးသည် တရားဓမ္မဆရာတစ်ဦး၏သမီး ပီသလေသည်။

သူကလေး၏ အပြောအဆို၊ အဆက်အဆံနှင့် အနေအထိုင် စသည်များက သူကလေးထံမှ သည်းခံနိုင်မှုမှချတတ်သော စိတ်သဘောကို ဖော်ပြလေသည်။

အိမ်ထောင်တစ်ခု၊ မိသားတစ်စုကို အုပ်ချုပ်ထိန်းသိမ်းရမည့် အိမ်ရှင်မကောင်းတစ်ယောက်အဖို့ တခြားအချက်အလက်များအပြင် ဘုရား၊ တရား၊ ဘာသာရေး ရှိသေကိုင်းရှိုင်းမှုရှိပြီးနောက် မိသားစုအားလုံးအတွက် ထာဝစဉ်သည်းခံနိုင်မှုမှချစိတ်မျိုး မွေးထားတတ်နိုင်ရန်လည်း အရေးကြီးသေးသည် မဟုတ်ပါလား။

အဆိုပါ ကျောင်းသူကလေး၌ ငွေကြေးဥစ္စာ၊ စိန်ရွှေရတနာများကား မရှိရှာ။

ထို့အတူ ပညာဂုဏ်သိန် ထိန်ထိန်ညီးစေမည့် ဘီ–အေ၊ ဘီ–အီး–ဒီဘွဲ့ကြီးများလည်း မပြည့်စုံသေးချေ။

သို့ရာတွင် သူ့အိမ်ထောင်ဖက် ရွေးချယ်သတ်မှတ်ချက်တွင် ဦးဖေမောင်တင်က မိန်းကလေးဘက်မှ ငွေတစ်ဆင်စာ၊ ငွေဘယ်နှသောင်းနှင့် ပညာရေးဘွဲ့ထူးဂုဏ်ထူးကြီးတွေ၊ ဘာတစ်ခုမျှထည့်သွင်းမထားခဲ့ချေ။

ငွေကြေးဥစ္စာ၊ စိန်ရွှေရတနာ ဆိုသည်မှာ အိမ်ထောင်ဦးစီးသမား၊ ယောကျ်ားဖြစ်သူက ခွန်အားရှိသလောက် ကြိုးကြိုးစားစား ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေပေးသည်ကို အိမ်ရှင်မက ခြိုးခြံစုဆောင်းတတ်ပါက ရလာနိုင်မည် ဖြစ်လေသည်။

ပညာရေး ဘွဲ့ထူးဂုဏ်ထူးကြီးများဆိုသည်ကလည်း အိမ်ရှင်ယောကျ်ားနှင့် အပြိုင်အနိုင် စီးပွားထွက်ရှာမည့် သူမဟုတ်သော အိမ်ရှင်မအတွက် မလိုချေ။

အိမ်ရှင်မလုပ်မည့် အမျိုးသမီးတစ်ဦးသည် ကျောင်းတက်၍ စာကျက်နိုင်လျှင်ရသော ဘီ–အေ၊ ဘီ–အီး–ဒီ ဘွဲ့ကြီးတွေထက် ကျောင်းများ၌ သင်ယူ၍ မရနိုင်သော ပင်ကိုပညာအရည်အချင်းနှင့် ဆင်ခြင်ဝေဖန်နိုင်စွမ်းသော အသိစိတ်ဓာတ်ရှိဖို့က ပို၍အရေးကြီးပေသည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် သူလိုချင်သော သတ်မှတ်ချက် အရည်အချင်းများနှင့် ပြည့်စုံနေသော ကျောင်းသူကလေးအဖို့ ခေတ်နှင့်အညီ သိပ္ပံပညာကို ထိုမျှတတ်မြောက်ထားလျှင် လုံလောက်ပြီဟု ယူဆထားလိုက်သည်။

ထိုကဲ့သို့ သူ့စိတ်ထဲ၌ အပြန်ပြန်အလှန်လှန် လေ့လာဝေဖန်ပြီးစီးသွားသော ဦးဖေမောင်တင်က တစ်သက်တာ လက်တွဲသွားရန် သူ့အိမ်ထောင်ဖက်အဖြစ် အဆိုပါ ကျောင်းသူကလေး မငြိမ်းအေးအား တောင်းရမ်းလက်ထပ်ယူရန် ဆုံးဖြတ်လိုက်လေတော့သည်။

ပညာရှင် ပါမောက္ခလူပျိုကြီး ဦးဖေမောင်တင်အဖို့ အရိုးစုတစ်ခုအပေါ်၌ တည်ဆောက်ထားသော မိန်းမသားတစ်ဦးအား မြတ်မြတ်နိုးနိုးမေတ္တာထားရခြင်း၏ ကြည်နူးရွှင်မြူးမှုမျိုးကို ခံစားနားလည်တတ်အောင် ဣန္ဒြေရှင် မငြိမ်းအေးကလေးက သင်ကြားပေးလိုက်လေပြီ။

ထို့နောက် သူသည် သူ့ဆုံးဖြတ်ချက်ကို သူ့မမကြီးအား ပြောကြားလိုက်လေသည်။

''ကဲ မမကြီးတို့ မေမေတို့က ကျွန်တော့်ကို ဒါလောက်တောင် မိန်းမယူစေချင်တာ၊ အခု ကျွန်တော့်အကြိုက် မိန်းကလေးကို တွေ့ပြီခင်ဗျ''

ဦးဖေမောင်တင်က သူ့စိတ်ကြိုက်ရွေးချယ်လိုက်သော မိန်းကလေးသည် မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလိုက်သည်။

ထိုအခါ အဆိုပါ အမျိုးသမီးကလေးကို ဦးဖေမောင်တင်၏ မိသားတစ်စုလုံးကလည်း ကန့်ကွက်မဲ့ မရှိ သဘောတူ ကြည်ဖြူကြလေသည်။

''ဆရာဦးဖိုးအေးနဲ့ ဒေါ်မြငြိမ်းတို့၏ သမီးကလေးပဲ၊ တော်ပါတယ် မဆိုးပါဘူး''

ထိုကဲ့သို့ သူ့မိသားစု၏ ထောက်ခံချက်ကို ရသောအခါ ဦးဖေမောင်တင်၏ဘက်မှ တာဝန်ကျေပြီဖြစ်သည်။

သူ့အတွက် ကျန်သောအပိုင်းများကို ဦးဖေမောင်တင်၏ မေမေနှင့် အစ်မများက ဆက်လက်ဆောင်ရွက်လိုက်ကြလေသည်။

''ဆရာဦးဖိုးအေးနဲ့ ဒေါ်မြငြိမ်းတို့က သဘောတူလက်ခံလိုက်ကြတယ်၊ သူတို့သမီးကလေး မငြိမ်းအေးကလဲ သူတို့မိဘတွေ သဘောကျသလို စီမံတာကို နာခံမယ့် သမီးလိမ္မာကလေးပါတဲ့''

မိန်းကလေးမိဘများထံသွား၍ နားဖောက်ပြီးနောက် ပြန်ရောက်လာသော ဦးဖေမောင်တင်၏ မမများက သူတို့မောင်အတွက် ဝမ်းသာစရာမင်္ဂလာသတင်းကို ပြန်လည်ပြောကြားကြလေသည်။

ထိုအခါကျမှ အသက်အရွယ်ချင်း ကွာခြားချက်နှင့် ဆရာတပည့်ဆိုသော သတ်မှတ်ချက်များက သူနှင့် မငြိမ်းအေးတို့ အရေးကိစ္စမှာ အဟန့်အတားများဖြစ်နေစေမည်လားဟု အားငယ်စိုးရိမ်နေခဲ့သော ဦးဖေမောင်တင်၏ ရင်ထဲမှ အပူလုံးကြီးသည် ကျသွားလေတော့သည်။

သူ့အဖို့ ကျောင်းသူကလေး မငြိမ်းအေးကို နှစ်သက်သဘောကျသွားမိသည့်အချိန်မှစ၍ ထိုကဲ့သို့ အားငယ်စိုးရိမ်စိတ်ကလေးက တိတ်တဆိတ် ကြိတ်ကာ ဦးဖေမောင်တင်၏ ရင်မှာ တွယ်ကပ်စိုးထိတ်စေလေသည်။

သူက အသက်လေးဆယ်နားကပ်နေချိန်တွင် ကျောင်းသူလေး မငြိမ်းအေးက နှစ်ဆယ်ဝန်းကျင်၌သာ ရှိနေသေးသည် မဟုတ်ပါလား။

ထိုကဲ့သို့သော ကွာဟချက်၊ ခြားနားချက်များအတွက် ဦးဖေမောင်တင်က သူ့မြန်မာစာထဲမှ–

'ယောက်ျား ပဥ္စင်း မိန်းမ ပခက်တွင်း'

ဟူသော စကားကလေးနှင့်အတူ စာဆိုတော်ပြည်နဝဒေးကြီးနှင့် ရှင်နှောင်းတို့ဘဝဖြစ်စဉ် အချစ်ဝင်ခဲ့ပုံကလေးတို့ကို တွေးယှဉ်ဆင်ခြင်ကာ သူ့အတွက် အားကိုးအားထားပြုခဲ့ရလေသည်။

''ဆရာကသာ ကျွန်မကို မသိတာပါ၊ ဆရာ့ကိုတော့ ကျွန်မက လေး၊ ငါး၊ ခြောက်တန်းထဲက နာမည်ကိုလဲ သိတယ်၊ လူကိုလဲ မြင်ဖူးနေခဲ့တာပါ၊ ဒါကြောင့် အခုကောလိပ်ရောက်တော့ ဆရာသင်ပေးတဲ့ မြန်မာစာကို ရအောင်ရွေးယူခဲ့တာပေါ့''

မငြိမ်းအေး ပြောခဲ့ဖူးသော စကားကလေးများကလည်း ဦးဖေမောင်တင်အတွက် နှလုံးမွေ့စရာ အားဆေးတစ်ခွက်ပင် မဟုတ်ပါလား။

ယခုမူ ဦးဖေမောင်တင်အတွက် သည်ကိစ္စနှင့်ပတ်သက်၍ အခက်အခဲမရှိ ပြေလည်သွားလေပြီ။

''ဒါပေမဲ့''

ရုတ်တရက် စိတ်လက်အေးချမ်းသွားသူ ဦးဖေမောင်တင်ကို သူ့မမကြီးထံမှ ထွက်ပေါ်လာခဲ့ပြန်သော စကားဆက် ''ဒါပေမဲ့'' ကြီးက ထိတ်ခနဲ လန့်ဖျပ်သွားစေလိုက်သည်။

''တောင်ငူမှာ ဆရာမသွားလုပ်နေတဲ့ မငြိမ်းအေးရဲ့ဒေါ်လေး ဒေါ်ငြိမ်းထွေး နွေကျောင်းပိတ်လို့ ရန်ကုန်ပြန်ရောက်တော့မှ အစီအစဉ်တွေကို အသေအချာ တိုင်ပင်ဆောင်ရွက်ကြတာပေါ့တဲ့ကွယ်''

သူ့မမကြီး၏ စကားဆုံးသွားတော့မှပင် ဦးဖေမောင်တင်၏ ထိတ်ခနဲ ပူသွားခဲ့သော စိတ်ကလေးပြန်၍ အေးသွားရလေသည်။

အုပ်ထိန်းသူမိဘနှစ်ပါးနှင့်အတူ ကာယကံရှင်မိန်းကလေး မငြိမ်းအေးကပါ ကြည်ဖြူကျေနပ်ပြီးသည့်နောက် အဒေါ်တော်သူက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပူစရာမဟုတ်ဟု ဦးဖေမောင်တင် ယူဆလိုက်သည်။

သူကဲ့သို့ သိဟောင်းကျွမ်းဟောင်းအပြင် အသက်အရွယ်ကလေး တစ်ချက်ကွာဟသည်ကလွဲ၍ အဘက်ဘက်မှ အောင်မြင်ပြည့်စုံနေသော သူလိုလူတစ်ယောက်ကို မငြိမ်းအေး၏အဒေါ် ဆရာမဒေါ်ငြိမ်းထွေးက သူ့တူမနှင့် သဘောမတူနိုင်စရာမရှိဟု ဦးဖေမောင်တင် တွက်လိုက်သည်။

ထို့ကြောင့် သူက ဒေါ်ငြိမ်းထွေး ပြန်ရောက်လာမည်ဆိုသော နွေကျောင်းပိတ်ရက်ကို အေးအေးဆေးဆေး စောင့်နေလိုက်လေသည်။


MKS PUBLISHING




ဦးဖေမောင်တင်
[အသက်ရှစ်ဆယ် အရွယ်က ရိုက်ကူးထားသည့်ပုံ]




ဦးဖေမောင်တင်နှင့် ဇနီးသားသမီးများ



ဦးဖေမောင်တင် တရုတ်ပြည်ရောက်ခဲ့စဉ်က



ပါမောက္ခ မစ္စတာလုစ်




ဦးဖေမောင်တင်နှင့်ဇနီး အမေရိကန် ညစာစားပွဲတစ်ခု၌



ဦးဖေမောင်တင်နှင့်ဇနီး




ဦးဖေမောင်တင်၏ဇနီး



အိန္ဒိယသမိုင်းမှတ်တမ်းကော်မရှင်
၁၀ကြိမ် အစည်းအဝေး၊ ရန်ကုန်
၇ ဒီဇင်ဘာ ၁၉၂၇
နောက်တန်း စတုတ္ထမြောက် ဦးဖေမောင်တင်




ဦးဖေမောင်တင် အသက်ရှစ်ဆယ်ပြည့် တပည့်သားမြေးများနှင့်အတူ



ပါမောက္ခ ဂျေ–အက်စ်ဖာနီဗယ်



ဦးဖေမောင်တင်၏ စာကြည့်ခန်း




ဦးဖေမောင်တင် နောက်ဆုံးနေသွားသော အင်္ဂလီကန်ခရစ်ယာန် သာသနာဝင်းအတွင်းမှ
နေအိမ်ကလေး



ဦးဖေမောင်တင်နှင့် ဝန်ကြီး [ဟောင်း] ဦးချစ်မောင် တရုတ်ပြည်ခရီးဝယ်



ဦးဖေမောင်တင်၏ နောက်ဆုံးခရီး



ဦးဖေမောင်တင်၏ နောက်ဆုံးလက်ရေးမူ

# ၃၀

## သူ့ဘဝ
# မိန်းမနှင့်ပတ်သက်၍

ဆောင်းအကုန် နွေအကူးတွင် လေပြည်ကလေးက မြူးလာသည်။

နွေဦး၏လေပြည်မြူးတွင် နွေနှင့်အတူရောက်လာပြန်သော ရွှေညိုကလေး၏ သာမောဖွယ်ရာ သံသာလွင်ကလေးကလည်း တွန်ကျူးလွန့်လူးလာခဲ့သည်။

ထိုကဲ့သို့ နွေဦး၏လေပြည်မြူးတွင် တွန်ကျူးနှုတ်ဆက်လိုက်သော ဥသြငှက်ကလေး၏ သံသာလွင်ကလေး လွန့်လူးလာခဲ့ချိန်မှာပင် ရန်ကုန်ယူနီဗာစီတီ ကောလိပ်ကျောင်းကြီးသည် ပြုနေကျထုံးစံအတိုင်း နွေလရက်ရှည် ပိတ်ပေးလိုက်လေသည်။

ထိုအခါ နေ့စဉ်နေ့တိုင်း ကျောင်းသူကျောင်းသားများဖြင့် စည်စည်ကားကား လှုပ်လှုပ်ရှားရှား ရှိခဲ့သော ကျောင်းတော်ကြီးမှ စာသင်ခန်းများသည် တံခါးပိတ် တိတ်ကျန်ခဲ့ကြလေသည်။

ထို စာသင်ခန်းများသည် နှစ်စဉ်နှစ်တိုင်းလည်း သည်ကဲ့သို့ပင် တံခါးပိတ်၍ တိတ်ကျန်ခဲ့မြဲဖြစ်လေသည်။

သို့ရာတွင် ယခုနှစ်၌မူ တံခါးပိတ် တိတ်ကျန်ခဲ့သော စာသင်ခန်းများက ပါမောက္ခ ဦးဖေမောင်တင်၏စိတ်ကို ထူးထူးခြားခြား ခံစားသွားစေလိုက်လေသည်။

ပထမသော် ဦးဖေမောင်တင်သည် သူ့ကိုယ်သူဘာအတွက် ထူးထူးခြားခြား ခံစားသွားမိခြင်းဖြစ်ကြောင်း ကောင်းကောင်းမသိခဲ့ချေ။

ထိုနောက်မှ ကွဲကွဲပြားပြား နားလည်မိလေသည်။

ယခုကဲ့သို့ စာသင်ခန်းများ တံခါးပိတ် တိတ်နေခြင်းအားဖြင့် ထိုစာသင်ခန်းများသို့ နေ့စဉ်ရောက်လာနေကျ ကျောင်းသူကလေး မငြိမ်းအေးကို ဦးဖေမောင်တင် မမြင်နိုင်ဖြစ်သွားသည် မဟုတ်ပါလား။

ဦးဖေမောင်တင်သည် နေ့တိုင်းလိုမြင်တွေ့နေစဉ်က ထူးခြားလှုပ်ရှားမှုမရှိခဲ့သော်လည်း၊ ယခုကဲ့သို့ မြင်နေကျမှ ရုတ်တရက်မမြင်နိုင်သောအခါ ရင်ဟာခံစားသွားလေသည်။

ဦးဖေမောင်တင်အဖို့ ဤကဲ့သို့ ရင်ဟာခံစားချင်၍သာ ခံစားသွားသည်။ မငြိမ်းအေးကလေးကို နေ့စဉ်တွေ့မြင်နေခဲ့ရစဉ်အခါကလည်း သူတို့နှစ်ဦးသည် ဆရာနှင့်တပည့်အဖြစ်ထက် ဘာတစ်ချက်မျှ ပိုမိုထူးခြားခဲ့သည် မဟုတ်ချေ။

ဦးဖေမောင်တင်သည် မငြိမ်းအေးကို အခြားတပည့်ကျောင်းသားများနှင့် တန်းတူသဘောထားကာ သင်ခန်းစာများ သင်ကြားပို့ချပေးသည်။

ထို့အတူ မငြိမ်းအေးကလေးကလည်း ရှေးမူအတိုင်းပင်ဟန်မပျက် ဦးဖေမောင်တင်ပို့ချသော စာပေများကို သင်ယူလေသည်။

သို့ရာတွင် သူတို့နှစ်ယောက်သည် အစပထမတုန်းကလောက်မူ ခေါ်ခေါ်ပြောပြော မရှိလှချေ။

ထိုကဲ့သို့ ခေါ်ခေါ်ပြောပြော မရှိလှခြင်းမှာလည်း၊ မငြိမ်းအေးကလေးက ဣန္ဒြေရှင် မိန်းကလေးပီပီ အဝင်အထွက် အဆက်အသွယ် ဆင်ခြင်သွားသောကြောင့် ဖြစ်လေသည်။

ဦးဖေမောင်တင်ကလည်း ပါမောက္ခဆရာကြီးပီပီ ဣန္ဒြေသိက္ခာကြီးနှင့်သာနေသည်။

သူ့စိတ်၌ မငြိမ်းအေးကလေးကို နှစ်သက်မိသည်မှာ မှန်သော်လည်း နှစ်ယောက်ချင်းဆုံမိကြသောအခါများ၌ ဦးဖေမောင်တင်က ဆရာနှင့်တပည့်အဆင့်မှ လွန်သောစကားမျိုးကို လုံးဝမပြောမိ။ ပြောရန်လည်း သူ သတိမရချေ။

သူ့သဘောကို လူကြီးမိဘများမှတစ်ဆင့် နားဖောက်ထားခဲ့ပြီးဖြစ်သော ဦးဖေမောင်တင်က မငြိမ်းအေးကလေးနှင့်ပတ်သက်၍ သူ့တာဝန်ကုန်ပြီဟု ယူဆသည်။

ထို့ကြောင့် သူ့အနေဖြင့် မငြိမ်းအေးကို စေ့စပ်လက်ထပ်ရေးကိစ္စသို့ မဆိုက်ရောက်သေးသမျှ ဆရာတပည့်ထက် ပိုလွန်သောစကားမျိုး မပြောသင့်၊ မပြောထိုက်ဟု ခံယူထားသည်။

သို့ရာတွင် အနေခက်၍ မျက်နှာပူဟန်တူသော မငြိမ်းအေးကလေးကမူ ရက်ရွှံ့သောပြုံးမျက်နှာကလေးနှင့် စာကိုခပ်မြန်မြန်မေးပြီးနောက် ဦးဖေမောင်တင်၏ အနီးမှခပ်မြန်မြန်ကလေး ပြန်ထွက်သွားတတ်ခဲ့လေသည်။

ဦးဖေမောင်တင်က မငြိမ်းအေးကလေး သူ့ကို စာလာမေးလျှင် ပြပေးသည်။

ထို့နောက် မငြိမ်းအေးကလေး သူ့အနီးမှ ထွက်ခွာသွားသောအခါ သူ့အလုပ်သူဆက်လုပ်နေလိုက်သည်။

သူ့အနီးသို့ မငြိမ်းအေးကလေး ရောက်လာခြင်းနှင့် ပြန်လည်၍ထွက်ခွာသွားခြင်းများနှင့် ပတ်သက်ကာ ဦးဖေမောင်တင်၏စိတ်ထဲ၌ လှုပ်ရှားခံစားမှုများ ထူးထူးခြားခြား မဖြစ်ခဲ့ချေ။

ယခု ကျောင်းကြီးပိတ်၍ စာသင်ခန်းများ တိတ်ဆိတ်ကျန်ခဲ့ကြတော့မှသာ ဦးဖေမောင်တင်၏စိတ်မှာ ထူးထူးခြားခြား ခံစားသွားမိခြင်း ဖြစ်လေသည်။

ထိုအခါကျမှ ဦးဖေမောင်တင်သည် မြန်မာဆန်၍ ဣန္ဒြေသိက္ခာရှိသော မငြိမ်းအေးကလေးကို နေ့စဉ်မြင်တွေ့ရစဉ်က သူ့ကိုယ်သူ သတိမထားမိခဲ့သော်လည်း၊ ယခုကဲ့သို့ မမြင်မတွေ့ရ၍ သူ့မှာရင်ဟာခံစားသွားတော့မှ သူကလေး၏ တည်ငြိမ်သိမ်မွေ့သော အသွင်ဥပ္ပဏ္ဍာန်လှုပ်ရှားဟန်ကလေးတို့သည် သူ့စိတ်နှလုံးကို အဘယ်မျှ ယူကျုံးချမ်းမြေ့စေကြောင်းကို ကောင်းကောင်းကြီး သိသွားလေတော့သည်။

ထိုအခါ သူနှင့် မငြိမ်းအေးကိစ္စကို ခေါင်းထဲ၌ထည့်မတွေးဘဲ သူ့အလုပ်တာဝန်များ၌သာ သဲမဲအားခဲနေခဲ့သော ဦးဖေမောင်တင်သည် တစ်ချိန်လုံး အေးခဲ့သမျှ ရုတ်တရက်ပူပူလောလောကလေး ဖြစ်သွားချင်လေသည်။

ယခု နွေလကျောင်းများပိတ်ပြီဖြစ်ရာ မငြိမ်းအေး၏ ဒေါ်လေး၊ ဆရာမ ဒေါ်ငြိမ်းထွေးသည်လည်း ရန်ကုန်သို့ ပြန်ရောက်လာတော့မည် ဖြစ်သည်။

ထိုအတွေးတစ်ချက်က ဦးဖေမောင်တင်၏စိတ်ကို ရုတ်တရက် သက်သာကျေနပ်သွားစေသည်။

ဆရာမ ဒေါ်ငြိမ်းထွေး ရောက်လာသောအခါ သူ့တူမကလေး မငြိမ်းအေးနှင့် ဦးဖေမောင်တင်တို့နှစ်ယောက်၏ ကိစ္စကိုပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ပေးလိမ့်မည် မဟုတ်ပါလား။

သည်အတွက်၊ ဦးဖေမောင်တင်က မငြိမ်းအေး၏ ဒေါ်လေးဖြစ်သူ ဆရာမဒေါ်ငြိမ်းထွေးကို ရန်ကုန်သို့ အမြန်ဆုံးပြန်ရောက်လာပါစေဟု တောင့်တလိုက်မိလေသည်။

ထိုနေ့က ဦးဖေမောင်တင်သည် သူ့အတွေး သူ့တောင့်တချက်ကလေးများနှင့် ထွေးလုံးရစ်ပတ်ရင်း သူ့ရုံးခန်းမှ သူ့အိမ်သို့ ပြန်လာခဲ့သည်။

သူ့အိမ်မှ ဦးဖေမောင်တင်ကို စာကလေးတစ်စောင်က ဆီးကြိုနေသည်။

ဦးဖေမောင်တင်ရှင်...

ကျွန်မ မနေ့က ရန်ကုန်သို့ ပြန်ရောက်ပါသည်။

ဦးဖေမောင်တင်နှင့် မငြိမ်းအေးတို့ကိစ္စကိုလည်း မမငြိမ်းပြောပြ၍ သိရပါသည်။

တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်ကြသည်မှာလည်း အတော်ကြာပြီဖြစ်သောကြောင့် ဦးဖေမောင်တင်နှင့် ကျွန်မ တွေ့ချင်ပါသေးသည်။

ထို့ကြောင့် အေးအေးဆေးဆေး စကားစမြည်ပြောရင်း ဘိုင်စကုပ်ကြည့်ကြရန် ညနေပွဲအတွက် ကျွန်မစီစဉ်ထားပါသည်။

ဦးဖေမောင်တင် လာခဲ့ပါ။

ကျွန်မနှင့် မငြိမ်းအေးတို့ အသင့်စောင့်နေကြပါမည်ရှင့်။

ကျန်းမာရွှင်လန်းပါစေ

ငြိမ်းထွေး

ဘုန်းရှင်ကံရှင်များသည် တောင့်တလိုက်ရုံနှင့် လိုအင်ဆန္ဒများ ပြည့်ဝကြကြောင်းကို စာပေနှင့်ပုံပြင်ကလေးများထဲ၌သာ ဦးဖေမောင်တင် တွေ့ဖူး ဖတ်ဖူးခဲ့သည်။

ယခုမူ တိုက်ဆိုင်နိုင်လွန်းသည်ဟုပင် ဆိုရမည်လားမသိချေ။

မငြိမ်းအေးနှင့်ပတ်သက်၍ ခံစားတောင့်တလိုက်မိသော ဦးဖေမောင်တင်သည် နေ့မကူးမိမှာပင် သူ့ဆန္ဒပြည့်ဝစေရန် အကြောင်းက ဖန်လာခဲ့လေသည်။

စာကလေးကို ဖတ်ပြီးသွားသော ဦးဖေမောင်တင်သည် ကျောင်းသားအရွယ် လူငယ်ကလေးတစ်ယောက်သာဖြစ်ပါက ဝမ်းသာအားရထ၍ ခုန်ပေါက်လိုက်မိလိမ့်မည် ထင်သည်။

ယခုမူ ဣန္ဒြေသိက္ခာကြီးဖြင့် ပါမောက္ခဆရာကြီးတစ်ယောက်ဖြစ်နေသော ဦးဖေမောင်တင်သည် သူ့ရင်ထဲမှ ထူးထူးခြားခြား ကြည်နူးပျော်မြူးသွားမိခြင်းကို သတိနှင့်ထိန်းချုပ်ထားလိုက်ရသည်။

ထို့နောက် သူသည်တခြားကိစ္စများကို ခေတ္တမေ့ထားလိုက်ကာ၊ အပြေးအလွှားရေချိုးကာ အဝတ်လဲလိုက်သည်။

သူ့အဖို့ အပြေးအလွှား မလုပ်၍မဖြစ်။ ဘိုင်စကုပ် ညပွဲစချိန်က နီးနေပြီမဟုတ်ပါလား။

မငြိမ်းအေးတို့ထံအရောက် နောက်ကျသွားပါက ပါမောက္ခကြီး သူ့မှာ သိက္ခာကျ၍ အထင်သေးခံစရာ ဖြစ်ရချေတော့မည်။

ထို့အပြင် သူ့အဖို့ မမြင်မတွေ့ရသည်မှာ ရက်ပိုင်းမျှကြာသွားခဲ့ပြီဖြစ်သော မငြိမ်းအေး၏ မျက်စိအေး၍ စိတ်ချမ်းမြေ့စရာကောင်းလှသည့် အယဉ်အကျေးရုပ်သွင်ကလေးကိုလည်း မြင်လိုတွေ့လိုလှပြီ ဖြစ်သည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် အိမ်၌ညစာပြန်စားမည်မဟုတ်ကြောင်းမှာခဲ့ကာ မငြိမ်းအေးတို့ တူဝရီးထံ အမြန်ရောက်အောင်သာ မော်တော်ကားကို အမြန်မောင်းခိုင်းလိုက်လေသည်။

ဦးဖေမောင်တင်က ဘိုင်စကုပ်ကြည့်ပြီးနောက် မငြိမ်းအေးတို့တူဝရီးကို ဗိယာနာကဖီး၌ ညစာကျွေးမည်ဟု တွက်လိုက်သည်။

ပန်းဆိုးတန်း၌ရှိသော ဗိယာနာကဖီးသည် ရိုမင်နို့စ်၊ စထရင်းနှင့် ကွန်တီနင်တယ်လ်ဟိုတယ်များထက် လူရှင်းသည်။

ထိုအခါ ဦးဖေမောင်တင်အဖို့ မငြိမ်းအေးတို့တူဝရီးကို စိတ်တိုင်းကျ ပြုစုကျွေးမွေးရင်း၊ အေးအေးဆေးဆေး စကားဆွေးနွေးနိုင်မည် ဖြစ်လေသည်။

ဦးဖေမောင်တင်သည် စိတ်ကူးကလေး မြူးမြူးရွှင်ရွှင်ဖြင့် မငြိမ်းအေးတို့ အိမ်သို့ရောက်သွားသည်။

သူ့ကို မငြိမ်းအေးတို့ တူဝရီးက အသင့်စောင့်နေကြသည်။

မှုန်နံ့သာကလေးများသကာ ခါတိုင်းထက် ထူးထူးခြားခြား ပြင်ဆင်ဝတ်စားထားသော မငြိမ်းအေးကလေးသည် ဦးဖေမောင်တင်၏ မျက်စိထဲ၌ ခါတိုင်းမြင်နေကျထက် ထူးထူးခြားခြားကလေး ပို၍လှပယဉ်ကျေးနေလေသည်။

မငြိမ်းအေးကလေးနှင့်အပြိုင် အပျိုကြီးဆရာမ သူ့ဒေါ်လေး ဒေါ်ငြိမ်းထွေးကလည်း အကျအနပြင်ဆင်ပြီးလိမ်းကာ ခံ့ခံ့ကြီးချောနေလေသည်။

သို့ရာတွင် ဦးဖေမောင်တင်မှာ မငြိမ်းအေးတို့ တူဝရီးနှစ်ဦး၏ အချောအလှများကို မငေးမမောအားချေ။ သူသည် ပြချိန်နီးနေပြီဖြစ်သော ဘိုင်စကုပ်အမီ ခေါ်ပြေးရလေသည်။

ထိုကဲ့သို့ အမောတကော အလောသုံးဆယ်ဖြစ်နေသော ဦးဖေမောင်တင်ကို ဒေါ်ငြိမ်းထွေးသည် သူ့တူမချစ် မငြိမ်းအေးအပေါ် ချစ်စနိုးကလိချင်ဟန်ဖြင့် မထိတထိပြောဆို ရယ်မောလိုက်လေသည်။

''ကိုတင်က ဘီလပ်မှာလေးနှစ်ကြီးတောင် ကြာခဲ့ရဲ့သားနဲ့များ ဘီလပ်သူအသားဖြူမကလေး တစ်ယောက်လောက်ပါအောင် အပိုင်ခေါ်မလာနိုင်တာဟာ ညံ့တာပဲရှင့်၊ အဟင်း ဟင်း''

ဘိုင်စကုပ်ပြချိန်အမီ ရောက်ဖို့သာစိတ်စောနေသော ဦးဖေမောင်တင်က ဒေါ်ငြိမ်းထွေး၏အပြောကို ရယ်မောခြင်းဖြင့်သာ တုံ့ပြန်လိုက်နိုင်လေသည်။

သူ့အဖို့ အပြေးအလွှား သွားသည့်ကြားကပင် ဘိုင်စကုပ်ပြချိန်ကို မမီ့တမီ့ဖြစ်ရသေးသည်။

သူတို့ ရောက်သွားသောအခါ ဘိုင်စကုပ်စပြရန် ရုံတံခါးများပင် ပိတ်လေပြီ။

ထိုကြောင့် သူတို့သုံးယောက်သားသည် ခပ်မှောင်မှောင်ရုံထဲ၌ အစောင့်တစ်ဦးက လက်နှိပ်ဓာတ်မီးထိုး၍ လိုက်ပြသောနောက်မှ လျှောက်လိုက်သွားကြရလေသည်။

ထို့နောက် သူတို့သည်ရုံစောင့်မီးထိုးပြသော ထိုင်ခုံများ၌ ထိုင်လိုက်ကြရသည်။

ထိုအခါ အစွန်ဆုံးတွင် မအေးငြိမ်း၊ အလယ်မှဒေါ်ငြိမ်းထွေးနှင့် ဦးဖေမောင်တင်တို့ အစဉ်လိုက်ထိုင်မိလျက်သား ဖြစ်သွားကြသည်။

ဦးဖေမောင်တင်သည် ပြချိန်နောက်ကျနေ၍ ရုံတွင်းသို့ ခပ်လောလောလေး ဝင်ခဲ့ရသည်ကတစ်ကြောင်း၊ ဘိုင်စကုပ်လက်မှတ်ကို ဒေါ်ငြိမ်းထွေးက ဝယ်ထားခဲ့သောကြောင့်တစ်ကြောင်း၊ ထို့နောက် ရုံထဲသို့ ရောက်သောအခါ ဓာတ်လမ်းစပြနေပြီဖြစ်၍တစ်ကြောင်းတို့ကြောင့် ဓာတ်ကားအမည်ကိုမျှ သူမသိလိုက်မိချေ။

ဓာတ်ကားမှာမူ အင်္ဂလိပ်ဓာတ်ကားဖြစ်လေသည်။

ဓာတ်ကားအမည်ကို မသိသလို၊ ဓာတ်လမ်းအစကိုလည်း မမီလိုက်သော ဦးဖေမောင်တင်က ဘာဓာတ်လမ်းပါလိမ့်ဟု ဂရုစိုက်၍ကြည့်လိုက်သည်။

ထိုအခါ ယူနီဗာစီတီကျောင်းသူ ချောချောလှလှကလေးတစ်ယောက်အကြောင်းကို ရိုက်ကူးပြသ နေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။

ကျောင်းသူချောချောကလေးသည် သူ့အပေါင်းအသင်းများနှင့် အပျော်ခရီးထွက်ခဲ့စဉ် ပါမောက္ခဆရာကြီး တစ်ဦးနှင့် ဆုံစည်းသိကျွမ်းကာ ခင်မင်သွားသည်။

ပါမောက္ခကြီးသည် ပညာအရာ၌ ထူးချွန်ကျော်ကြား၍ လူသိများလှသူဖြစ်သည်။

ထိုကြောင့် သူ့ကိုသားမက်ဖမ်းချင်သူများ ဝိုင်းဝိုင်းလည်နေသည်။

သူ့အဖို့ အမျိုးသမီးများနှင့်ပတ်သက်၍လည်း မျက်နှာပွင့်လှသည်။

သို့ပေမည့် အဆိုပါ ပါမောက္ခကြီးသည် သူ့ပညာရေးနှင့် သူ့အလုပ်သူ့အကိုင်မှလွဲ၍ အမျိုးသမီးများကို လုံးဝစိတ်မဝင်စားဘဲ တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေသည်။

ထိုကဲ့သို့သော လူပျိုကြီးပါမောက္ခသည် ယခုကျောင်းသူချောချောကလေးနှင့် တွေ့သောအခါ ဈာန်လျှောလေတော့သည်။

သူသည် ကျောင်းသူချောချောကလေးကို အရူးအမူး ချစ်ကြိုက်စွဲလမ်းသွားမိလေသည်။

သည်အတွက် သူ့မှာအခက်တွေ့ရတော့သည်။ သူချစ်ကြိုက်စွဲလမ်းမိသော ကျောင်းသူချောကလေးသည် သူ့ထက် အသက်ခေါက်ချိုးငယ်ရွယ်နေလေသည်။

သူက အသက်အရွယ်လေးဆယ်ဝန်းကျင် လူပျိုကြီး၊ ကျောင်းသူကလေးက နှစ်ဆယ်ဝန်းကျင် နုနုငယ်ငယ်ကလေး ဖြစ်သည်။

ဓာတ်လမ်းကို စူးစိုက်ကြည့်နေလိုက်သော ဦးဖေမောင်တင်သည် ရုတ်တရက် သူ့စိတ်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။

သူ့အဖြစ်နှင့် ဆင်လွန်းလှသော ဓာတ်လမ်းအတွက် ဦးဖေမောင်တင်၏စိတ်မှာ ထူးဆန်းအံ့သြသွားသည်။

ထိုဓာတ်ကားကို သူတို့လာကြည့်ဖြစ်ခြင်းသည် မထင်မမှတ် တိုက်ဆိုင်ခြင်းလား။

သို့မဟုတ် ပျော်တတ်နောက်တတ်ပုံရှိသော ဒေါ်ငြိမ်းထွေးက သူ့တူမချစ်ကလေး မငြိမ်းအေးနှင့် တူမောင်လောင်း သူ့ကိုစချင်နောက်ချင်၍ သည်ဓာတ်ကားကိုမှ တမင်ရွေးကြည့်စေခြင်းလားဆိုသည်အား ဦးဖေမောင်တင်



MKS PUBLISHING

မစဉ်းစားတတ်ဖြစ်သွားသည်။

မည်သို့သော အကြောင်းကြောင့်ဖြစ်စေ၊ ဒေါ်ငြိမ်းထွေး၏တစ်ဖက်မှ မငြိမ်းအေးကလေးခမျာတော့ ဘယ်သို့နှဲ့ချေမည်မသိ။

သည်ဘက်မှ ဦးဖေမောင်တင်မှာကား မျက်နှာကိုဘယ်လိုထား၍ ဘယ်သို့နေရမှန်းမသိအောင် အခက်တွေ့နေလေသည်။

သူသည် အနေခက်ခက်မျက်နှာပူပူနှင့် ဘာမျှမတတ်နိုင်ဘဲ ဇာတ်ကားကိုသာ ဆက်လက်ကြည့်နေလိုက်ရသည်။

ထိုကဲ့သို့ အပြင်ဘက်မှ ပါမောက္ခကြီး ဦးဖေမောင်တင်အဖို့ အခက်တွေ့နေရသည့်နည်းတူ၊ ဇာတ်ကားထဲမှ ဇာတ်ဆောင် ပါမောက္ခကြီးခမျာမှာလည်း အခက်တွေ့ကာ စိတ်ထိခိုက်နေရှာလေသည်။

''ငါဟာ ပညာတွေ တတ်ထားတဲ့ ပါမောက္ခကြီးဖြစ်နေပေမယ့် အသိဉာဏ်နဲ့အဆင်ခြင်တရားကျတော့ နည်းလွန်းလှသေးတာပါလား''

ပါမောက္ခဇာတ်ဆောင်ကြီးသည် အမှုအရာပိုင်ပိုင် ခံစားချက်လှိုင်လှိုင်ဖြင့် အပြင်ဘက်မှ တကယ့်အစစ်အမှန် ပါမောက္ခဦးဖေမောင်တင်ကို ညည်းညူပြနေလေသည်။

''ငါဟာ ဘာဖြစ်လို့များ မိုက်မိုက်မဲမဲနဲ့မစဉ်းမစားဘဲ ငါ့ထက်အသက်ခေါက်ချိုးတောင်ငယ်တဲ့ ဒီလောက်နုနုငယ်ငယ် ကျောင်းသူကလေးကိုမှ သွားချစ်မိရတာလဲ၊ တကယ်တော့ ငါ့အသက်ငါ့အရွယ်နဲ့ ဒီလောက်နုနုငယ်ငယ်မိန်းကလေးတစ်ယောက်ကို မချစ်သင့် မချစ်ထိုက်ဘူး။ အဲဒီလို မချစ်သင့်မချစ်ထိုက်ဘဲနဲ့ အခုလို သူကလေးကို သွားချစ်မိတာဟာ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဆိုတာလို လူကြားလို့မှမတော်၊ ရှက်စရာကောင်းလှပါကလား၊ ရှက်တယ် ရှက်တယ်''

''ဟာ ဟာ ဟ''

ဇာတ်ဆောင်ပါမောက္ခကြီးထံမှ ထိခိုက်ကြေကွဲစွာ ရေရွတ်နေသော စကားသံများ၌ ဘယ်ကဲ့သို့ဟာသတွေ့သွားသည်မသိ။ ဒေါ်ငြိမ်းထွေးက ခပ်သဲ့သဲ့ ထရယ်လိုက်လေသည်။

ထိုကဲ့သို့သော ဒေါ်ငြိမ်းထွေးထံမှ ရယ်သံသဲ့သဲ့က ဦးဖေမောင်တင်အား ရုတ်ခြည်းနားလည်သွားလိုက်စေလေသည်။

ထိုအခါ ဦးဖေမောင်တင်သည် ရုတ်တရက်အရှိက်ကိုပင့်အထိုးခံလိုက်ရသည့်အလား သူ့ရင်မှာ နင့်ခနဲခံစားသွားမိသည်။

သူ့တစ်ကိုယ်လုံးသည်လည်း ကောလိပ်ကျောင်းသားဘဝ၊ မီးရထားတွဲပေါ်၌ ကပြားကျောင်းသား ဝိတ်က်ဒီးလ်က စော်ကားမော်ကား သူ့ပါးတစ်ဖက်ကို အပုတ်အခတ်ခံခဲ့ရစဉ်ကကဲ့သို့ ခံပြင်းချက်ဖြင့် လှုပ်လှုပ်ရှားရှား ဆူထူပူပူ ဖြစ်သွားလေသည်။

မငြိမ်းအေး၏ ဒေါ်လေးဆရာမဒေါ်ငြိမ်းထွေးသည် ပညာရှိပါမောက္ခကြီး ဦးဖေမောင်တင်ကို သူ့တူမနှင့် ပတ်သက်၍ပညာပြကာ လှောင်ပြောင်စော်ကားလိုက်ခြင်းပင် ဖြစ်လေသည်။

''ရှက်တယ် ရှက်တယ်''

ဇာတ်ဆောင် ပါမောက္ခကြီး၏ နောက်ဆုံးရေရွတ်လိုက်သော စကားကလေးနှစ်လုံးသာ သူ့နားထဲ၌ ပဲ့တင်လွှမ်းနေသော ဦးဖေမောင်တင်သည် နောက်ထပ် ဘာတွေဆက်ပြောကာ ဘာတွေဆက်ပြသွားကြောင်း၊ ဘာတစ်ခုမျှ မကြားမသိ၊ မမြင်မတွေ့မိတော့ချေ။

သူသည် သူ့အပေါ်၌ ပညာရှိနည်းဖြင့် နိပ်စက်ကလူပြုမူရက်သူ၊ ပညာရှိဆရာမကြီး ဒေါ်ငြိမ်းထွေးအနီးမှ ချက်ချင်း ထပြေးသွားလိုက်ချင်သည်။

သို့ရာတွင် သူက ထူပူလှုပ်ရှားသွားသော ခံပြင်းဒေါသကို သတိနှင့် ကြိုးစားထိန်းချုပ်ကာ ဟန်မပျက် ဆက်ထိုင်မြဲထိုင်နေလိုက်သည်။

သူ့အနေဖြင့် ဒေါ်ငြိမ်းထွေး၏ ပညာရှိနှိပ်စက်လာချက်ကို အရှုံးပေး၍ထွက်ပြေးမည်ဆိုပါက ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ လူသိရှင်ကြား ပို၍အရှက်ကွဲရချေတော့မည်။

ထို့ကြောင့် သူသည်ဒေါ်ငြိမ်းထွေးဆင်လာသော အကွက်ထဲသို့ ဒုတိယအကြိမ် ဆက်လက်တိုးမဝင်မိစေရန် ဘာတွေဆက်ပြော၍ ဘာတွေဆက်ပြနေမှန်းမသိသော ဇာတ်ကားကို ဣန္ဒြေရရ ဆက်ကြည့်နေလိုက်သည်။

ထို့နောက် ဇာတ်ကားပြပြီးသွားသောအခါ၌ကား၊ ဦးဖေမောင်တင်သည် သူ့ရင်ထဲမှ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုဖြင့် ဒေါ်ငြိမ်းထွေးနှင့် မငြိမ်းအေးတို့ တူဝရီးနှစ်ယောက်ကို လှည့်၍မျှမကြည့်၊ စကားတစ်ခွန်းမျှမဆိုဘဲ သူတို့အိမ်သို့အရောက် တစ်ချိုးတည်း တန်းပို့ပေးလိုက်သည်။

ဦးဖေမောင်တင်၏ ခိုင်မာသော ဆုံးဖြတ်ချက်သည်ကား ပညာရှိဆရာမကြီး ဒေါ်ငြိမ်းထွေးနှင့်ပတ်သက်၍ ကျောင်းသူချောကလေး မငြိမ်းအေးကို သူ့ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲတို့မှ အပြီးအပိုင် ဖယ်ထုတ်ပစ်လိုက်ရန် ဖြစ်လေသည်။

သူ့ပါးတစ်ဖက်ကို ပုတ်ခတ်၍ ကိုယ်ထိလက်ရောက် မိုက်မိုက်ကန်းကန်း စော်ကားခဲ့သူ ကပြား ဝိတ်က်ဖီးလ် ကိုပင် ခွင့်လွှတ်ကျေအေးနိုင်ခဲ့သေးသော ဦးဖေမောင်တင်သည် ယခုကဲ့သို့ ပညာသားပါပါစော်ကားနိုင်သော ပညာရှိဆရာမကြီး ဒေါ်ငြိမ်းထွေးကိုလည်း ခွင့်မလွှတ်နိုင်စရာ မကျေအေးနိုင်စရာ မရှိချေ။

ထိုကဲ့သို့ ခွင့်လွှတ်ကျေအေးလိုက်ခြင်းဖြင့်သာ မငြိမ်းအေးကို ဦးဖေမောင်တင် မေ့ဖျောက်ပစ်၍ ရလေသည်။

ထိုအခါ သူ့ရင်ထဲမှ ခံပြင်းနာကြည်းချက်များဖြင့် ပူလောင်လှုပ်ရှားခဲ့ရသော ဒေါသများသည်လည်း ပြေပျောက်သွားကြလေသည်။

မည်သူမပြု၊ မိမိအမှုသာဖြစ်သည် မဟုတ်ပါလား။

ဆရာမဒေါ်ငြိမ်းထွေးအပေါ်၌ ဦးဖေမောင်တင်က အပြစ်မယူခဲ့သော်လည်း သူ့မမများအနေနှင့်မူ သူ့အတွက် သူ့ဘက်မှ မခံမရပ်နိုင်ဖြစ်သွားကြလေသည်။

''တို့မောင်ကိုရှုမှာများ သူကနာတယ်ထင်ရအောင် ကြီးကျယ်လိုက်တာ၊ သူ့တူမက ရွှေမှုန့်စားမွေးထားတာ မို့လား။ ဟင်း တို့မောင်လို ရုပ်ချောသဘောကောင်း ပညာတတ်မျိုးကို ထမင်းထုပ်နဲ့ လိုက်ရှာစမ်းပါ၊ ထမင်းထုပ်သာ သိုးသွားမယ်''

သူတို့သည် ဆရာမဒေါ်ငြိမ်းထွေးအပေါ်၌ မကျေနိုင်မချမ်းနိုင်အောင် ရန်ထောင်ရေရွတ်လိုက်ကြလေသည်။

''တို့မောင်လိုလူမျိုးက မိန်းမမရှားပါဘူး၊ ကြည့်နေ သူ့တူမထက်သာတဲ့ မိန်းကလေးမျိုးရှာပြီး ပေးစားပြမယ်''

သူ့မမများက ဆရာမဒေါ်ငြိမ်းထွေးအပေါ်၌ အခဲမကျေနိုင်အောင် ရန်ထောင်နေကြစဉ် သူ့မေမေက ဦးဖေမောင်တင်၏အပေါ်သို့ အယူခံခွင့်မရှိတော့သော တစ်ချက်လွှတ်အမိန့်ကို ချမှတ်လိုက်လေသည်။

''ကဲ ဒီတစ်ခါတော့ သားအတွက် အိမ်ထောင်ဖက်မိန်းကလေးကို မေမေတို့ စိတ်ကြိုက်ထဲက ရှာရွေးပေးထားတော့မယ်၊ သားက အရိုးများတယ် ချေးခါးတယ်လုပ်မနေဘဲ လက်ခံရမယ်ဟုတ်လား''

''မေမေတို့ သဘောအတိုင်းပါပဲဗျား၊ ကျွန်တော်ကတော့ မိန်းကလေးတစ်ယောက်ကို နောက်ပိုးကြိုးစားကြည့်ဖို့ စိတ်ကုန်သွားပါပြီ မေမေရာ''

နောက်ဆုံး၌ လူပျိုကြီးပါမောက္ခဦးဖေမောင်တင်သည် သူ့တစ်သက် မိန်းမကလေးတစ်ယောက်ရဖို့အတွက်ကို စိတ်ပျက်စွာဖြင့် လူကြီးမိဘများ စီမံရာနာခံပါတော့မည်ဟု ကတိပြုလိုက်ရလေတော့သည်။

ယခုကဲ့သို့ ကတိမပြုပါကလည်း မိန်းကလေးများနှင့်ပတ်သက်လာတိုင်း ဘယ်သောအခါကမျှ မပြေလည်ခဲ့သူ ဦးဖေမောင်တင်အဖို့ သည်တစ်သက် အိမ်ထောင်ကျနိုင်တော့မည် မထင်ချေ။

ဦးဖေမောင်တင်သည် သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်ရလေသည်။

သူ့ဘဝသည် အစစ အောင်မြင်ပြည့်ဝနေသူ ဖြစ်သည်။

သူ ကြိုးစားအားထုတ်ခဲ့သမျှ ကိစ္စအရပ်ရပ်တို့သည်လည်း အမြဲတမ်း ပြီးမြောက်အောင်မြင်ခဲ့သည်ချည်း ဖြစ်လေသည်။

လူချင်းယှဉ်လိုက်လျှင် သူက ရေပန်းစားကျော်ကြားသူ ဖြစ်သည်။

သို့ရာတွင် အမျိုးသမီးများနှင့် ပတ်သက်လာသောအခါတိုင်း၌ကား ဦးဖေမောင်တင်ခမျာမှာ မျက်နှာမလှနာမည်ကောင်းမရနိုင်အောင် ပြဿနာများနှင့်သာ အမြဲတမ်း ရင်ဆိုင်ခဲ့ရရှာလေသည်။

သူ့အဖို့ ဝန်ထောက်သမီးကလေး ခင်လှထွေးနှင့် အဆက်ပြတ်သွားခဲ့ပြီးနောက် ဘိလပ်သို့ရောက်သွားသည့် အပိုင်းကိုပင် ပြန်ပြောင်းငဲ့စောင်း၍ ကြည့်လိုက်မည်ဆိုပါလျှင်–

(က)

အင်္ဂလန်ပြည်ကြီးသည် ဆောင်းဥတုတစ်ခုလုံး ဆီးနှင်းများပိတ်ဆိုင်းမှုန်မှိုင်းကာ လူသားများ၏စိတ်ဓာတ်များကို ထုံထိုင်းနေစေခဲ့သလောက်၊ ပုရစ်ဖူးကလေးများ ရွက်သစ်လောင်းခေါင်းပြူလာပြန်သော နွေဦးကာလသို့ ကူးလာခဲ့လျှင်ကား လွှမ်းခြုံထားသော နှင်းကမ္ဘာကြီးကို လှစ်ခနဲပစ်လိုက်ခြင်းဖြင့် သာယာနွေးထွေးသွားလေသည်။

သူတို့အဖို့ မြင်ရခဲလှသော နေရောင်နွေးနွေးကလေးတွင် တစ်ဆောင်းလုံး ဆီးနှင်းများ၏ ထုထောင်းနှိပ်စက်မှုအောက်၌ ခေါင်းမထောင်နိုင်အောင် အရိုးပြိုင်းပြိုင်းကျနေခဲ့ကြသော သစ်ပင်သစ်ကိုင်း ကျိုးကျဲကျဲများမှာ ပုရစ်ဖူးရွက်သစ်ဦးကလေးများက လွန့်လူးထွက်ပေါ်လာကြတော့သည်။

ထိုအခါ လူတို့၏ ပြုစုပျိုးထောင်မှုကို ခံယူရရှိနေကြသော ဥယျာဉ်ခြံဝင်းများထဲမှ ပန်းမန်သစ်ပင်များကို မဆိုထားဘိ၊ လမ်းဘေးကွင်းပြင်နှင့်လယ်တောများ၌ အလေ့ကျပေါက်နေကြသော တောပန်းကလေးများသည်ပင် မြင်ရသူများ၏ မျက်စိပသာဒမှာ အလှထူးစွာ ရောင်စုံဖူးပွင့်နေကြလေသည်။

ထို့အတူ တစ်ဆောင်းလုံး အောင်းလျှိုနေခဲ့ကြရရှာသော ကျေးငှက်သာရကာကလေးများကလည်း နေခြည်နွေးနွေးမှာ ခိုလှုံခံစားရင်း၊ သူတို့၏ သစ်လွင်သော တေးသံကလေးများကို မြူးရွှင်စွာ သီကျူး၍ နွေဦးအလှကို ထောမနာသြဘာပြုမဆုံး ရှိနေကြလေသည်။

ထိုကဲ့သို့ နေခြည်နွေးနွေး၊ ပုရစ်ဖူးထွေးထွေး၊ တောပန်းဖွေးဖွေး၊ လေပြည်သွေးသွေးမှာ ကျေးငှက်သာရကာကလေးများ တေးဖွဲ့သီကျူးနေသော နွေဦးကာလဝယ် စဖားလ်ဖတ် ရွာကလေးသည် အထူးသာယာလှပ ချမ်းမြေ့လျက်ရှိလေသည်။

''သာယာချမ်းမြေ့စရာ ကောင်းလိုက်တာကွယ်''

ရှားရှားပါးပါး နေခြည်နွေးနွေးနှင့် သဘာဝအလှအပတို့၏ ထွေးပိုက်ခြင်းကို ခံယူထိတွေ့လိုက်ရသော မောင်တင်သည် သူ့ရင်ထဲမှ သာယာချမ်းမြေ့မှု ခံစားချက်အား အပြင်သို့ပင် ဖွင့်ထုတ်မြည်ကြွေးလိုက်မိလေသည်။

''ပျော်လိုက်တာ ပျော်လိုက်တာ''

ထူးထူးခြားခြား ပျော်မြူးသွားမိသော မောင်တင်သည် သူ့လက်ရှိဘဝကိုပင် သူရုတ်တရက်မေ့သွားလေသည်။

သူသည် ငှက်ကလေးများနှင့်အပြိုင် သူ့ပါးစပ်ထဲ၌တွေ့မိတွေ့ရာ သီချင်းတစ်ပုဒ်ကို အော်ဟစ်ဆိုပစ်လိုက်မိသည်။

''ပျော်တယ် ပျော်တယ်ကွယ်၊ ပျော်တယ် ပျော်တယ်ကွယ်၊ ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ်ကွယ်''

သူသည် ဆိုမိဆိုရာသီချင်းကို အော်ဟစ်သီဆိုရင်း ကလေးတစ်ယောက်ပမာလည်း တောလမ်းကလေးတစ်လျှောက် ခုန်ပေါက်ပြေးလွှား သွားလိုက်လေသည်။

''မစ္စတာတင် သိပ်ပျော်နေတယ်လား ဟင်''

သူ့နောက်မှ ပြေးလိုက်လာခဲ့ဟန်တူသော နော်ဝေးကျောင်းသူကလေးက မောင်တင်ကို လှမ်းအော်၍ မေးလိုက်သည်။

ထိုအခါကျမှ မောင်တင်သည် သူ့ကိုယ်သူ သတိထား၍ အရှိန်သတ်လိုက်သည်။

ထို့နောက် သူကနော်ဝေးကျောင်းသူကလေးကို လှည့်ကြည့်ကာ ရပ်စောင့်နေလိုက်သည်။

သူ့ကို ရပ်စောင့်နေသော မောင်တင်ထံသို့ နော်ဝေးကျောင်းသူကလေးက အပြေးကလေး လာနေသည်။

ထိုအခါ အဖြူခံတွင် အနက်အစက်အပြောက်ကလေးများဖော်ထားသော ဂါဝန်အင်္ကျီ ဖားဖားကားကားကလေးနှင့် နော်ဝေးကျောင်းသူကလေးသည် နေရောင်အောက်၌ တောင်ပံကလေးတဖျပ်ဖျပ်ခတ်ကာ ပျံဝဲနေသော လိပ်ပြာလှလှကလေး တစ်ကောင်အလား ရှိလေသည်။

ထို့နောက် သူ့အနီးသို့ ရောက်လာသော နော်ဝေးကျောင်းသူကလေးကို မောင်တင်က အပြုံးနှင့်ဆီးကြို၍ မေးလိုက်သည်။

''ခင်ဗျားကော မပျော်ဘူးလားဟင်''

''အို ပျော်တာပေါ့ သိပ်ပျော်တာပေါ့''

နော်ဝေးကျောင်းသူကလေးက မောင်တင်၏အမေးကို အမောတကော ရယ်သံကလေးနှော၍ ပြန်ပြောလိုက်လေသည်။

မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့သည် သူတို့နှုတ်ထွက်စကားသံများနှင့်အတူ သူတို့မျက်နှာပေါ်မှ ပွင့်လန်းနေသော အပြုံးပန်းများအရ၊ သူတို့ရင်ထဲ၌ အဘယ်မျှပျော်ရွှင်မြူးထူးနေကြောင်းကို တစ်ယောက်နှင့်တစ်ယောက် အကဲဖမ်းနိုင်ကြလေသည်။

သူတို့နှစ်ဦး၏ သွင်ဟန်များသည် လှောင်အိမ်တွင်းမှလွတ်လာသော ငှက်ကလေးများသဖွယ် ပေါက်နေကြလေသည်။

အမှန်တကယ်၌လည်း မောင်တင်တို့အဖို့ နှင်းအမှောင်လွှမ်းသော ဆောင်းဥတုလှောင်အိမ်ခန်းထဲမှ လွတ်ကျွတ်လာခဲ့ကြခြင်းပင် ဖြစ်လေသည်။

နေရောင်ခြည်ကို အပြည့်အဝ ရရှိခံစားခွင့်ရှိခဲ့သော မြန်မာပြည်မှ ဗမာကျောင်းသားကလေး မောင်တင်အဖို့ အင်္ဂလန်ပြည်၏ ဆောင်းဥတုသည် နှင်းထုလှောင်အိမ်ခန်းနှင့် ပို၍တူလေသည်။

သူ့အဖို့ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းလိုက်သလို ဆီးကြိုခဲ့သော အင်္ဂလန်၏ ဆောင်းဥတုအအေးဒဏ်ကို မောင်တင်ခမျာ အလူးအလဲ ခံယူခဲ့ရသည်။

ထို့နောက်မှ နေသားကျကာ အကျင့်ရသွားသည်။

သို့ရာတွင် အမြဲတမ်းအုံ့ဆိုင်းနေသော ဆီးနှင်းများက မောင်တင်၏စိတ်နှလုံးကို လေးလံထိုင်းမှိုင်းနေစေလေသည်။

သူသည် ထိုင်းထိုင်းမှိုင်းမှိုင်းနှင့်ပင် သူ့တာဝန်မပျက် ကျောင်းတက်၍ စာကျက်ခဲ့ရသည်။

ယခု မောင်တင်ရောက်နေသော အော့စ်ဖို့ဒ်ယူနီဗာစီတီကြီးသည် တစ်နှစ်ကိုကျောင်းဖွင့်ရက်သုံးကြိမ်နှင့် ပိတ်ရက် သုံးကြိမ်စီ သတ်မှတ်ထားလေသည်။

ကျောင်းဖွင့်ရက် နှစ်လ၊ ပိတ်ရက် နှစ်လစီဖြစ်သည်။

အော့စ်ဖို့ဒ်ယူနီဗာစီတီသို့ မောင်တင်ရောက်ခဲ့ပြီးနောက်၊ ပထမကျောင်းပိတ်ရက်ကို ဒီဇင်ဘာလ၌ ရရှိခဲ့သည်။

ယခု ဧပြီလတွင် ဒုတိယအကြိမ် ကျောင်းပိတ်ရက်ကိုရသည်။

ထိုကျောင်းပိတ်ရက်များကို ကုန်လွန်စေရန်အတွက်၊ ကျောင်းသားတစ်ယောက်က မောင်တင်ကိုလာပြောသည်။

''ခင်ဗျား အခုကျောင်းပိတ်ရက်မှာ ဘယ်ကိုသွားစရာရှိသလဲ၊ သွားစရာမရှိရင် ခု ကျွန်တော်တို့အော့စ်ဖို့ဒ်ကနေ ၂၅ မိုင်လောက်ဝေးတဲ့ စဖားလ်ဖတ်ဆိုတဲ့ရွာမှာ မစ္စတာနဲ့မစ္စစ်ရဲဘီးယား ဇနီးမောင်နှံရှိတယ်။ သူတို့မောင်နှံက နိုင်ငံခြားက ပညာလာသင်ကြတဲ့ တစ်ပြည်ရပ်ခြားက ကျောင်းသားတွေအဖို့ ကျောင်းပိတ်ရက်အတွင်းမှာ တခြားသွားလာနေထိုင်စရာ မရှိကြဘူးဆိုရင် သူတို့အိမ်မှာလာနေချင် လာနေထိုင်နိုင်တယ်လို့ ဖိတ်ခေါ်ထားတယ်။ အားနေတုန်း စာသင်ချင်သေးတယ်ဆိုရင်လဲ မစ္စတာရဲဘီးယားက သူတတ်တဲ့ စာပေပညာတွေကို သင်ပေးဦးမယ်တဲ့''

ထိုသတင်းကိုကြားရလျှင် ကျောင်းပိတ်ရက်အတွင်း တခြားသို့သွားစရာမရှိသော မောင်တင်သည် စဖားလ်ဖတ်ရွာကလေးရှိ မစ္စတာနှင့်မစ္စစ်ရဲဘီးယား မောင်နှံတို့ထံသွားနေရန် ချက်ချင်းဆုံးဖြတ်လိုက်သည်။

ထို့နောက် သူသည်အော့စ်စဖို့ဒ်နှင့် နှစ်ဆယ့်ငါးမိုင်ဝေးသော စဖားလ်ဖတ်ရွာကလေးဆီသို့ တစ်ကိုယ်တော် စက်ဘီးစီး၍ ထွက်လာခဲ့သည်။

တောင်ကုန်း၊ ချိုင့်ဝှမ်းနှင့် လယ်တောကလေးများဖြင့် အေးအေးချမ်းချမ်းရှိသော စဖားလ်ဖတ်ရွာကလေးမှ မစ္စတာနှင့်မစ္စစ်ရဲဘီးယား ဇနီးမောင်နှံတို့က သူတို့ထံရောက်လာသော ဗမာကျောင်းသားကလေး မောင်တင်ကို ပြုံးချိုစွာ ဆီးကြိုလက်ခံကြလေသည်။

''ဗမာပြည်က ဗမာကျောင်းသားတစ်ယောက်ကို အခုလိုတို့များအိမ်မှာ လက်ခံပြုစုခွင့်ရတာ ဝမ်းသာပါတယ်၊ ကိုယ့်အိမ်လို သဘောထားပြီးနေပါ''

မစ္စတာနှင့်မစ္စစ်ရဲဘီးယားတို့ ဇနီးမောင်နှံက မောင်တင်အတွက်နေရာထိုင်ခင်းပေးသည်။

ထို့နောက် သူ့ထံတွင် မောင်တင်ထက်စော၍ ရောက်နှင့်နေကြသော တခြားတိုင်းပြည်မှ ကျောင်းသူ

တစ်ယောက်၊ ကျောင်းသားတစ်ယောက်တို့နှင့်လည်း မိတ်ဆက်ပေးလေသည်။

''သူက အင်ဒီးယားက၊ ခရိုက်စ်ချပ်ချ်ကောလိပ်မှာ လာတက်နေတဲ့ မစ္စတာဘနားဂျီး၊ သူကတော့ နော်ဝေးပြည်သူကလေး၊ စိန့်ဟီးလ်ဒါးစ်ကောလိပ်က ဖရော့ကင်ဂါစတာဗာဟောလီလော့* တဲ့''

မစ္စတာရဲဘီးယားက မောင်တင်၏ ဂုဏ်ပုဒ်များကိုမူ နောက်ဆုံးမှထုတ်ပြော၍ မိတ်ဆက်ပေးလိုက်လေသည်။

''အခု ဒီကနေ့ ထပ်ရောက်လာတဲ့ တို့အိမ်အတွက် ဧည့်သည်အသစ်ကတော့ အက်ဇီတာကောလိပ်မှာ လာတက်နေတဲ့ မြန်မာပြည်သား မောင်တင်တဲ့ကွယ်''

မောင်တင်ကို နော်ဝေးကျောင်းသူကလေးက အပြုံးကလေးနှင့် နှုတ်ခွန်းဆက်ရင်း သူ့ညာလက်ကလေးကို ကမ်းပေးလေသည်။

''တွေ့ရတာ ဝမ်းသာပါတယ်ရှင်''

''ဟုတ်ကဲ့၊ ကျွန်တော်ကလဲ ဝမ်းသာပါတယ်ခင်ဗျာ''

မြန်မာပြည်သား မောင်တင်က နော်ဝေးသူကလေး၏ ကမ်းလာသောလက်ကလေးကို လှမ်းဆွဲ၍တုံ့ပြန်နှုတ်ဆက်လိုက်ရသည်။

ထို့နောက် မြန်မာပြည်သား မောင်တင်၊ ကုလားပြည်သား မစ္စတာဘနားဂျီးနှင့် နော်ဝေးပြည်သူကလေး ဖရော့ကင်ဂါစတာဗာဟောလီလော့တို့ သုံးယောက်သားသည် မစ္စတာနှင့်မစ္စစ်ရဲဘီးယား ဇနီးမောင်နှံတို့၏ ဧည့်သည်များအဖြစ် တစ်အိမ်တည်းတွင် အတူနေအတူစားကာ အိမ်သားများပမာ ဖြစ်သွားကြလေသည်။

သို့ရာတွင် သူတို့ ဧည့်သည်သုံးဦးအနက်၊ မောင်တင်နှင့် နော်ဝေးကျောင်းသူကလေး နှစ်ယောက်ကသာ အချင်းချင်းအနေနှင့်ဖြစ်စေ၊ အိမ်ရှင်များနှင့်ဖြစ်စေ ပိုမိုရင်းနှီးမှု ရှိကြသည်။

ကုလားပြည်သား မစ္စတာဘနားဂျီးကမူ သူတို့နှင့်ရောနှောမှုသိပ်မရှိလှဘဲ သူတစ်ယောက်တည်းသာ သီးသန့်နေတတ်လေသည်။

သူ့ပင်ကိုဗီဇကိုက နေတတ်၍လား၊ သို့မဟုတ် ကုလားပြည်၌ ကုလားများ၏ ဆူပူထကြွမှုများကြောင့် အင်္ဂလိပ်အစိုးရက ကုလားကျောင်းသားများအပေါ် အလိုမကျ အမျက်သိုချင်နေသောကြောင့်များ မစ္စတာဘနားဂျီးခမျာ ခပ်ကုပ်ကုပ် ပြုလုပ်နေသည်လား၊ မဟုတ်လျှင်လည်း လောဂျစ်စိတ်ပညာဘာသာရပ်ကို သင်ယူလျက်ရှိသူ မစ္စတာဘနားဂျီးသည် သူ့စိတ်အတွေးအားဖြန့်ကြက်ကာ စိတ်ကမ္ဘာကလေးတစ်ခုကို သီးသန့်တည်ဆောက်နေ၍လား မသိချေ။ သူသည် အိမ်သားများနှင့် မရောမနှောဘဲ နေလေသည်။

ထိုအခါ အိမ်ရှင်များနှင့် မောင်တင်တို့က မစ္စတာဘနားဂျီးကို သူနေတတ်သလိုနေစေရန် အနှောင့်အယှက်မပေးဘဲ ထားလိုက်ကြသည်။

ဤတွင် ဧည့်သည်နှစ်ဦးဖြစ်သော မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့မှာ အိမ်ရှင်များနှင့်အလိုအလျောက် ပိုမိုရင်းနှီးကျွမ်းဝင်သွားခဲ့ကြလေသည်။

မစ္စတာရဲဘီးယားသည် စန္ဒရားအတီး ဝါသနာကြီးသူဖြစ်သည်။ အချိန်ရတိုင်း စန္ဒရားတီးလေ့ရှိသည်။ သူ စန္ဒရားတီးတိုင်း မောင်တင်က တယောလိုက်ထိုးပေးသည်။

ထိုအခါ ဂီတဝါသနာရှင်နှစ်ဦးတို့ တွဲဖက်မိလျက်သား ဖြစ်သွားတော့သည်။

တစ်ခါတစ်ခါ၌ မစ္စစ်ရဲဘီးယားနှင့် နော်ဝေးကျောင်းသူကလေးတို့က သီချင်းဆိုပေးကြသည်။

သည်အခါ သူတို့အဆိုအတီးအဖွဲ့ကလေးသည် ပို၍မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားကြလေသည်။

မစ္စတာရဲဘီးယား စန္ဒရားမတီးသော ညချမ်းအချိန်များ၌မူ သူတို့သည် ဧည့်ခန်း၌စု၍ စကားဝိုင်းဖွဲ့ကြလေ့ရှိသည်။

ထိုအခါ မောင်တင်က သူ့မြန်မာပြည်နှင့်ပတ်သက်၍ သောင်းပြောင်းထွေလာ အကြောင်းစုံများကို ပြောပြလိုက်သည်။

မောင်တင် ပြောပြသော အကြောင်းအရာများကို မစ္စတာရဲဘီးယားက သတင်းစာဖတ်ရင်း၊ မစ္စစ်ရဲဘီးယားနှင့် နော်ဝေးကျောင်းသူကလေးတို့က ဇာထိုးပန်းထိုး အချုပ်အလုပ်များကိုပြုရင်းမှ အသီးသီး စိတ်ပါဝင်စားစွာ

* Froken Gustava Holilokk.

နားထောင်တတ်ကြလေသည်။

သူတို့အဖို့ ကြားမျှမကြားဖူးခဲ့သော မြန်မာပြည်နှင့်မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများသည် အထူးအဆန်း အံ့သြစိတ်ဝင်စားစရာချည်း ဖြစ်နေကြလေသည်။

အထူးသဖြင့် နော်ဝေးကျောင်းသူကလေးက မြန်မာပြည်နှင့် မြန်မာလူမျိုးများအကြောင်းကို စပ်စပ်စုစုမေးတတ်သည်။

ထိုအခါများ၌ မောင်တင်ကမေးသူအဖို့ ရှင်းလင်းကာ ကျေနပ်လက်ခံနိုင်အောင် ရှင်းလင်းဖြေကြားလိုက်လေသည်။

ထိုကဲ့သို့သော အခွင့်အရေး အခြေအနေပေးလာချက်များအရ မောင်တင်သည် မစ္စတာရဲဘီးယားတို့နှင့် အိမ်သားတစ်ယောက်ပမာ ရင်းနှီးသွားခဲ့သလို နော်ဝေးကျောင်းသူကလေးနှင့်လည်း ယပ်ပေါင်းကျွမ်းဟောင်းပမာ ကျွမ်းဝင် ခင်မင်သွားလေတော့သည်။

ထို့နောက် ယနေ့မနက် ရာသီဥတုကလေး သာသာယာယာရှိသည့်တွင် မစ္စစ်ရဲဘီးယားက သူတို့၏အိမ်နီးချင်း မိတ်ဆွေတစ်ဦးဖြစ်သူ မစ္စတာနှင့်မစ္စစ်တီးလ်တန်တို့ထံသို့ စာတစ်စောင်သွားပို့ပေးပါဟု မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးကို ခိုင်းလာခဲ့သည်။

''နေရောင်ခြည်ကလေးအောက်မှာ မင်းတို့နှစ်ယောက် အညောင်းပြေလမ်းလျှောက်ရင်းပေါ့''

မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့သည် နှစ်မိုင်ခန့်ရှိသော တောလမ်းကလေးကို ခြေကျင်လျှောက်လိုက်ကြသည်။

သူတို့နှစ်ယောက်သည် တောအုပ်၊ တောင်ကုန်း၊ လယ်ကွင်း၊ ချိုင့်ဝှမ်းနှင့် စမ်းချောင်းကလေးများကို ကျော်ဖြတ်၍ လျှောက်သွားကြစဉ် သူတို့အဖို့မြင်နိုင်ခဲလှသော နေဝန်းကြီးက နှင်းမှုန်ကလေးများကိုခွဲကာ ထွက်ပေါ်လာခဲ့သည်။

ထိုအခါ နေရောင်ခြည် နွေးနွေးကလေး၏ ထွေးပိုက်မှုကို ခံယူထိတွေ့လိုက်ရသော သက်ရှိသက်မဲ့အားလုံးတို့သည် တက်ကြွလန်းဆန်း ကြည်လင်ရွှင်ပျသွားကြလေသည်။

လမ်းတစ်လျှောက်၌ ချစ်စရာကောင်းသော ယုန်ဖြူကလေးများက လုစ်ခနဲ လုစ်ခနဲ ဖြတ်ပြေးသွားကြ၍ ငှက်ကလေးများက သံသာတေးကိုဆိုကာ တောပန်းကလေးများက ယိမ်းကနေကြသော သဘာဝရှုခင်းအလှများသည် ငေးမဆုံး ရှုမဝစရာ နေခြည်မှာ ဝင်းပနေကြတော့သည်။

ထိုကဲ့သို့သော သဘာဝအလှအပများ၏ လွှမ်းမိုးရိုက်ခတ်မှုတွင် မောင်တင်သည် ရုတ်တရက်လွတ်ထွက်သွားကာ ကလေးတစ်ယောက်ပမာ ခုန်ပေါက်ပြေးလွှား၍ သီချင်းများကိုလည်း ပါးစပ်ထဲ၌တွေ့သလို အော်ဟစ်သီဆိုလိုက်မိလေသည်။

ထို့နောက် နော်ဝေးကျောင်းသူကလေးက သူ့နောက်က အမီပြေးလိုက်လာကာ မေးလိုက်တော့မှ မောင်တင်သည် အခြေအနေနှင့် ပတ်ဝန်းကျင်ကို သတိပြန်ပြုလိုက်မိတော့သည်။

ထိုအခါ သူသည် ကလေးတစ်ယောက်ကဲ့သို့ ခုန်ပေါက်ပြေးလွှားခြင်းကို ဆက်လက်မပြုဖြစ်အောင် ကိုယ်ရှိန်သတ်ကာ နေလိုက်ရလေသည်။

သို့ရာတွင် သူ့ရင်ထဲမှ တွန်းကန်ထိုးထွက်နေသော ပျော်ရွှင်မြူးထူးကြည်နူးမှုများကိုမူ ရုတ်တရက်ထိန်းချုပ်ရပ်တန့်စွမ်း မရှိသေးသော မောင်တင်သည် ဘာရယ်မဟုတ်ဘဲ ဆက်လက်ရယ်မောနေမိသည်။

သူကဲ့သို့ပင် နော်ဝေး ကျောင်းသူကလေးကလည်း အတောမသတ် ရယ်မောနေလေသည်။

အဖေနော်ဝေးနှင့် အမေအင်္ဂလိပ်သွေးတို့ ထက်ဝက်စီပါသော နော်ဝေးအင်္ဂလိပ်ကပြား ကျောင်းသူကလေး၏ အသားအရေ ဖွေးဖွေးကလေးသည် နေခြည်နွေးနွေးတွင် ပန်းရောင်သွေး ထွေးထွေးထကာ မောင်တင်၏ မျက်စိထဲ၌ ခါတိုင်းမြင်နေကျထက် ထူးထူးခြားခြား လှပချောမောနေလေသည်။

နော်ဝေးကျောင်းသူကလေးသည် အတော်မသတ် ရယ်မောနေရာမှ ရုတ်တရက် ပြောလိုက်လေသည်။

''ဘုရားသခင်ဖန်ဆင်းထားတဲ့ နေရောင်ခြည်အလင်းဟာ တစ်လောကလုံးကို အလင်းရောင်ပေးပြီး ပျော်ရွှင်စေတော့ လောကထဲက လူသားနှစ်ဦးဖြစ်တဲ့ ရှင်နဲ့ကျွန်မဟာလဲ ပျော်ရွှင်မြူးထူးကြရမှာပဲပေါ့ရှင်၊ ဟုတ်တယ်မဟုတ်ဖူးလား''

''ဟုတ်တာပေါ့ ခင်ဗျာ''

မောင်တင်က သဘောတူလိုက်သည်။

ထိုအခါ နော်ဝေးကျောင်းသူကလေးက သူ့လက်ကလေးတစ်ဖက်ကို ကမ်းပေးရင်း ဆက်ပြောပြန်လေသည်။

''ဟုတ်တယ်ဆိုရင် အဲဒီပျော်ရွှင်ကြည်နူးမှုကို ကျွန်မနဲ့ရှင်နဲ့အတူတကွ ဝေမျှခံစားရင်း ကျန်တဲ့ခရီးကို နှစ်ယောက်လက်တွဲပြီး ဆက်လျှောက်ကြစို့လားနော်''

''ကောင်းပါပြီ ခင်ဗျာ''

မောင်တင်ကလည်း လိုလိုလားလားဖြင့် နော်ဝေးကျောင်းသူကလေး၏ လက်နွေးနွေးကလေးကို လှမ်းဆွဲဆုပ်ကိုင်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် အပူအပင်ကင်း၍ သန့်ရှင်းစင်ကြယ်သော ကလေးအရွယ် လူမမည် ကလေးများအလား တစ်ယောက်လက်ကို တစ်ယောက်ဆွဲကာ သာယာအေးချမ်းသော တောလမ်းခရီးကို အတူတကွ ဆက်လျှောက်သွားလိုက်ကြလေသည်။

သူတို့နှစ်ယောက်သည် မစ္စစ်ရှဲဘီးယား အပို့ခိုင်းသောစာကို ပို့ပေးခဲ့ပြီးနောက် အိမ်အပြန်ခရီးကိုမူ ခပ်ဖြည်းဖြည်း အေးအေးသက်သာ လျှောက်ပြန်ခဲ့ကြသည်။

သူတို့သည် အသွားတုန်းကကဲ့သို့ မြူးမြူးကြွကြွမရှိကြတော့ဘဲ အပြန်ခရီး၌ သူတို့၏ စိတ်အစဉ်များသည် သူတို့လက်ရှိ အသက်အရွယ်နှင့် အခြေအနေအလိုက် တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ဖြစ်လာခဲ့ကြသည်။

ထိုကဲ့သို့ ဣန္ဒြေရရဖြစ်လာခဲ့ကြသော သူတို့သည် ဣန္ဒြေရရ အကြောင်းအရာများကိုသာ ပြောဆိုလိုက်ကြလေသည်။

''အခုလို နှစ်ယောက်သား အေးအေးဆေးဆေး လမ်းလျှောက်သွားတုန်း ပျင်းစရာမကောင်းအောင် ရှင်ရေးတဲ့ စာအုပ်တွေထဲက ကျွန်မအတွက် စိတ်ဝင်စားစရာကောင်းမယ့် စာအုပ်တစ်အုပ်အကြောင်းကို ပြောပြပါလားရှင်''

နှစ်ယောက်သား စကားပြောစရာအကြောင်းကို နော်ဝေးကျောင်းသူကလေးက အစဖော်ပေးခဲ့သည်။

ထိုအခါကျမှ သူ့အဖို့ စကားစရှာမရဖြစ်နေခဲ့သော မောင်တင်သည် စကားများကို ဆက်တိုက်ပြောဖြစ်လေတော့သည်။

မောင်တင်က အင်္ဂလိပ်ဘာသာပြန် မှန်နန်းရာဇဝင်စာအုပ်အကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်လေသည်။

မစ္စစ်ရှဲဘီးယားသည် မကြာခဏဆိုသလို မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့ကို ဘယ်သူ့ဆီသို့ ဘာသွားပို့ပေးပါဦး၊ ဘယ်သူ့ထံက ဘာသွားယူပေးပါဦး စသည်ဖြင့် အပြင်ဘက်သို့ စေလွှတ်တတ်လေသည်။

ထိုအခါ အားနေသောမောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့ နှစ်ယောက်ကလည်း မညည်းမညူတမ်း သွားပို့၊ သွားယူ၊ ကူညီဆောင်ရွက်ပေးလိုက်ကြလေသည်။

သူတို့အဖို့ အိမ်အပြင်ဘက်သို့ လမ်းလျှောက်ထွက်ခွင့်ရသဖြင့် နှစ်ယောက်စလုံး နှစ်သက်ကျေနပ် နေမိကြလေသည်။

သူတို့နှစ်ယောက်သည် နွေးထွေးသော နေရောင်ခြည်ကလေးနှင့် ပထမဦးဆုံး ထိတွေ့ရသည့်နေ့ကသာ၊ အရွှးအမူးမြူးပျော်ကာ ကလေးငယ်များပမာ ဟီး ဟီး ဟားဟား ရယ်မောပြေးလွှားခဲ့မိကြသော်လည်း နောက်ရက်များ၌မူ တည်ငြိမ်သွားခဲ့ကြလေသည်။

ထိုကဲ့သို့ နှစ်ယောက်သား တည်ငြိမ်သွားကြခြင်းဖြင့် ပျင်းရိငြီးငွေ့စရာမကောင်းအောင် နော်ဝေးကျောင်းသူကလေးက အကြောင်းအရာကလေးများကို ရှာပေးတတ်၊ ရှာမေးတတ်သည်။

''ကဲ ဟိုတစ်နေ့က ပြတ်သွားခဲ့တဲ့ ရှင်တို့ ဗမာမင်းဆက်တွေအကြောင်း ဆက်ပြောစမ်းပါဦးရှင်၊ နားထောင်ရတာ ကျွန်မသိပ်စိတ်ဝင်စားတာပဲရှင်''

ထိုအခါ မောင်တင်က အသွားနှင့်အပြန် လမ်းတစ်လျှောက်လုံး မဆုံးသောစကားများဖြင့် ဖြကြားပြောပြရလေတော့သည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် အသွားအပြန် ခြေကျင်ခရီးကို သွားမှန်းမသိသွားခဲ့ကြပြီးနောက် ရောက်မှန်းမသိ ပြန်ရောက်လာခဲ့ကြလေသည်။

''ဟို မျက်စိမမြင်ဘဲမွေးလာတဲ့ မင်းသားကလေးနှစ်ပါးကို ဖောင်နဲ့မျှောလိုက်ပြီးတဲ့နောက် ဘာဖြစ်သွားသေး

သလဲ ဟင်၊ ဆက်ပြောပါဦးရှင်''

မောင်တင်အဖို့ စကားစပြတ်မသွားအောင် နော်ဝေးကျောင်းသူကလေးက ထောက်ပေးတတ်သည်။

သူတို့နှစ်ယောက်သည် စာပေအကြောင်း၊ ရာဇဝင်အကြောင်းများ ပြောရင်းမှ တစ်ခါ တစ်ခါ၌ ကြားဖြတ်၍ တစ်ယောက်အကြောင်း တစ်ယောက် မေးစမ်းဖြေဆိုတတ်ကြလေသည်။

ဤတွင် နော်ဝေးကျောင်းသူကလေးသည် နော်ဝေးပြည်မှ တိုင်းပြည်အကြီးအကဲ ဝန်ကြီးတစ်ဦး၏သမီး ဖြစ်ကြောင်းကို မောင်တင်သိလာခဲ့ရသည်။

ယခုဆိုလျှင် မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့ နှစ်ယောက်၊ မစ္စတာနှင့် မစ္စစ်ရှဲဘီးယားတို့ အိမ်သို့လာ၍ နေထိုင်စားသောက်နေကြသည်မှာ တစ်လပင် ကျော်သွားခဲ့ချေပြီ။

ထိုတစ်လကျော်ကျော် အတွင်း၌ မောင်တင်နှင့် နော်ဝေးကျောင်းသူကလေးတို့ နှစ်ယောက်သည် အတူစား အတူသွား၍ မခွဲတမ်း တတွဲတွဲဖြင့် တစ်ဦးနှင့်တစ်ဦး အထူးပင်ခင်မင်ရင်းနှီးသွားခဲ့ကြလေသည်။

ထို့ကြောင့် သူတို့သည် နောက်ပိုင်း၌ မစ္စစ်ရှဲဘီးယားအတွက် ဆောင်ရွက်ပေးစရာမရှိသော ရက်များတွင်လည်း နှစ်ယောက်သား တောလမ်းကလေးနှင့် လယ်ကွင်းများဆီသို့ လမ်းလျှောက်ထွက်တတ်ကြလေသည်။

သူတို့နှစ်ယောက်ကို မစ္စတာရှဲဘီးယားက ပြောလေသည်။

''ဟေ့ မင်းတို့နှစ်ယောက် အမြဲတမ်းလမ်းချည်းပဲ လျှောက်နေကြတယ်၊ မြင်းကို ထုတ်စီးကြစမ်းပါလားကွယ့်''

ထိုအခါ မြင်းနှင့်ပတ်သက်၍ ဝါသနာအထုံမကုန်သေးသော မောင်တင်က မစ္စတာရှဲဘီးယား၏မြင်းကို ထုတ်စီးလိုက်သည်။

သို့ရာတွင် မစ္စတာရှဲဘီးယား၏ မြင်းသည် ထုံနာကြီးဖြစ်နေသည်။

သည်အတွက် မောင်တင်က မြင်းစီးရန်စိတ်ကုန်သွားပြီးနောက် နှစ်ယောက်သား အေးအေးဆေးဆေး လမ်းကိုသာ လျှောက်လိုက်ကြသည်။

ထိုနေ့ကမူ မစ္စတာရှဲဘီးယားက ပြောလာခဲ့ပြန်သည်။

''ဟေ့ မင်းတို့နှစ်ယောက် အားနေရင် ဒရုဝစ်[၁] တွေ သွားကြည့်ကြပါလားကွယ့်''

မစ္စတာရှဲဘီးယား၏ သတိပေးတိုက်တွန်းချက်ကို မောင်တင်နှင့်အတူ နော်ဝေးကျောင်းသူကလေးသည် စိတ်ပါဝင်စားသွားသည်။

ဒရုဝစ်ဆိုသည်မှာ အင်္ဂလန်ပြည်သို့ ရှေးဦးအကျဆုံး ရောက်လာနေထိုင်ခဲ့ကြသူ ရှေးခေတ်လူများက အမှတ်တရ ထားရစ်ခဲ့ကြသော ရှေးခေတ်အမှတ်အသား ရှေးခေတ်ကျောက်တုံးကြီးများ ဖြစ်လေသည်။

ထိုရှေးခေတ် ကျောက်တုံးကြီးများအကြောင်းကို မောင်တင်ကြားရုံမျှသာ ကြားဖူးခဲ့သည်။ မမြင်ဖူးသေးချေ။

မောင်တင်ကဲ့သို့ပင် နော်ဝေးကျောင်းသူကလေးကလည်း ထိုကျောက်တုံးကြီးများကို ကြည့်လိုသည်။

ထို့ကြောင့် နှစ်ယောက်သား အတူသွားကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

''အဲဒီနေရာက အဝေးသားကွယ့်၊ သုံးလေးမိုင်လောက်ရှိတယ်၊ မင်းတို့အဖို့ အချိန်ရောလူရော သက်သာအောင် ဒေါက်ကပ်[၂] ကလေးကို မြင်းတပ်စီးသွားကြပါလား''

မစ္စတာရှဲဘီးယားက မောင်တင်တို့နှစ်ယောက်ကို စေတနာထား၍ ပြောပြန်သည်။

ထိုအခါ မောင်တင်တို့နှစ်ယောက်လည်း မစ္စတာရှဲဘီးယား၏ စေတနာကို အသိအမှတ်ပြုသောအားဖြင့် ထုံနာနာမြင်းကိုပင်ထုတ်ယူ၍ လှည်းကလေး၌ တပ်လိုက်ရသည်။

ထို့နောက် မောင်တင်သည် နော်ဝေးကျောင်းသူကလေးကိုတင်၍ မြင်းလှည်းကလေးကို မောင်းထွက်ခဲ့လေသည်။

''နေ့တိုင်း လမ်းချည်းလျှောက်နေခဲ့ကြတာ ခုလိုလှည်းကလေးနဲ့ တစ်မျိုးပြောင်းသွားရတော့လဲ ပျော်စရာအကောင်းသားနော်''

ယခုကဲ့သို့ မြင်းလှည်းကလေးနှင့်သွားရခြင်းကို နော်ဝေးကျောင်းသူကလေးသည် အတော်သဘောကျ၍

၁။ Druid

၂။ Dog-Cart

အကြိုက်တွေ့သွားဟန် တူသည်။

သူကလေးထံမှ ပြုံးရွှင်ကြည်သာသော စကားသံကလေးများသည် မြင်းခွာသံ တဒေါက်ဒေါက်၊ လှည်းဘီးလိမ့်သံ တဂျောက်ဂျောက်၊ မြင်းချူသံကလေး တခြွင်ခြွင် တချောက်ချောက်တို့ကို လွှမ်းမိုးထွက်ပေါ်လာခဲ့လေသည်။

''ကျွန်မတို့ ဒီကနေမပြန်ခင် မနက်ပိုင်းမှာလမ်းလျှောက်ပြီး၊ ညနေပိုင်းမှာ အခုလိုပဲ လှည်းကလေးကို စီးကြရအောင်လေ၊ မကောင်းဘူးလား''

''ဟာ သိပ်ကောင်းတာပေါ့ဗျာ''

သူ့စိတ်ထဲ၌လည်း ပျော်ရွှင်ချမ်းမြေ့နေသော မောင်တင်က နော်ဝေးကျောင်းသူကလေး၏ အပြောကို လိုက်လျော သဘောတူလိုက်သည်။

ပြီးမှ သူက ဆက်ပြောလိုက်လေသည်။

''ဒါပေမယ့် မနက်ပိုင်း လမ်းလျှောက်ဖို့အတွက်က စိတ်ချရပေမယ့်၊ ညနေပိုင်းမှာ အခုလိုပဲ လှည်းကလေးစီးဖို့ကျတော့ စိတ်ချရပါ့မလားဗျ''

''ဟင် ဘာကို စိတ်မချရမှာလဲရှင့်''

မောင်တင်၏အပြောကို နော်ဝေးကျောင်းသူကလေးက နားမလည်စွာ မျက်လုံးကလေးဝိုင်း၍ ပြန်မေးလေသည်။

ထိုအခါ မောင်တင်က ရယ်မော၍ ပြန်ပြောလိုက်ရလေသည်။

''ဒီလှည်းကို ဆွဲပေးတဲ့မြင်းကိုပေါ့၊ သူက နောက်နေ့တွေကျတော့ အခုလို သဘောကောင်းချင်မှကောင်းမှာလေ''

''သြော် ဒါကိုပြောတာလား''

ယခုမှ သူကလေးက သဘောပေါက်သွားလေသည်။

ထို့နောက် မစ္စတာရှဲဘီးယား၏ ထုံနာနာမြင်းအကြောင်းကို သိထားသော သူတို့နှစ်ယောက်သားသည် တသောသော ရယ်မောလိုက်မိကြလေသည်။

''ဟော ဟော ပြောရင်းဆိုရင်း လုပ်လာပြီ''

မောင်တင်သည် ရယ်မောရင်းမှ ရုတ်တရက်ပြောလိုက်သည်။

အကြောင်းမှာ အိမ်မှထွက်လာခဲ့စဉ်က အတော်ကလေး သဘောကောင်းလာခဲ့သော မစ္စတာရှဲဘီးယား၏ ထုံနာနာမြင်းသည် ခရီးတစ်မိုင်လောက်အရောက်၌ ပွေဖောက်လာတော့သည်။

သူသည် မောင်တင်က မောင်းနေသည့်ကြားကပင် ရှေ့သို့တိုးမသွားဘဲ ပေကတ်ကတ် လုပ်ကာရပ်နေသည်။

မောင်တင်က တွန်းတွန်းထိုးထိုး ဖွတ်မောင်းသောအခါ သူသည် လမ်းအတိုင်း ရှေ့သို့ ဆက်သွားရမည့်အစား လမ်းဘေးသို့ ဖဲ့ထွက်၍ လယ်ကွင်းထဲသို့ စွတ်ဆင်းသွားလေသည်။

''ဟာ ကြည့်စမ်း''

မောင်တင်ခမျာ လှည်းပေါ်မှနေ၍ ထုံနာနာ၊ ပေကတ်ကတ်မြင်းကိုနိုင်အောင် ဇက်ကြိုးအတင်းဆွဲကာ ထိန်းကိုင်ထားရလေသည်။

သူသည် နော်ဝေးကျောင်းသူကလေး စိတ်ညစ်သွားမှာကိုလည်း အားနာမိသည်။

''ပြီးပါရောဗျာ၊ ဒီပုံအတိုင်းသာဆိုရင် ကျွန်တော်တို့ ဒရုဝစ်ကျောက်တုံးတွေဆီကို ဒီနေ့ရောက်မှရောက်နိုင်ပါ့ဦးမလား မသိဘူး''

''အို မရောက်လဲ ဘာဖြစ်လဲရှင်၊ မြင်းလှည်းအပျော်လျှောက်စီးရတာပေါ့''

မောင်တင်ကသာ သူကလေးအတွက် စိုးရိမ်မိသော်လည်း နော်ဝေးကျောင်းသူကလေးကမူ စိတ်ညစ်ပုံမရှိသည့်အပြင် ပျော်ပျော်ပါးပါး ပြောဆိုရယ်မော၍ပင် နေလိုက်သေးသည်။

သည်အခါ မောင်တင်လည်း စိတ်သက်သာသွားကာ နော်ဝေးကျောင်းသူကလေးနှင့်အတူ သူပါရောနှော ရယ်မောပျော်ရွှင်သွားလေသည်။

''ဒါပေါ့လေ မကြာခင် ကျောင်းတွေပြန်ဖွင့်လို့ လူချင်းကွဲသွားကြတဲ့အခါ ကမ္ဘာတစ်ဖက်စွန်းက နော်ဝေးပြည်သူကလေးတစ်ယောက်နဲ့ ကမ္ဘာတစ်ဖက်စွန်းက ဗမာကျောင်းသားကလေးတစ်ယောက်တို့ အောက်စဖို့ဒ်မြို့အနီး

က စဖားလ်ဖတ်ဆိုတဲ့ရွာကလေးမှာ ကျောင်းပိတ်ခဏဆုံစည်းခိုက် နှစ်ယောက်သား ပျော်ပျော်ပါးပါး ဒရုဝစ် ကျောက်တုံးကြီးတွေကိုကြည့်ဖို့ မြင်းလှည်းကလေးနဲ့သွားလိုက်ကြတာ ကျောက်တုံးကြီးတွေဆီကို မရောက်ဘဲ တစ်နေကုန် ရယ်မောပြောဆိုပြီး ပြန်လာခဲ့ကြရတယ်လို့ မမေ့နိုင်စရာ ပြောစမှတ်ကလေးပေါ့၊ ဟုတ်လား''

''ဟုတ်တာပေါ့ရှင် ဟုတ်တာပေါ့''

မောင်တင်၏ အားတက်သရောအပြောကို နော်ဝေးကျောင်းသူကလေးကလည်း အားပေးထောက်ခံလိုက်လေသည်။

''ကျွန်မအဖို့ အခုလို ကျောင်းပိတ်ရက်တွေကို တစ်နေရာမှာ ပျင်းရိငြီးငွေ့နေရမယ့်အစား မစွတာနဲ့ မစွစ်ရှဲဘီးယားတို့ရဲ့ ဖိတ်ခေါ်ချက်ကိုလက်ခံပြီး ဒီမှာလာနေလိုက်မိတာ ကျွန်မအတွက် တကယ့်ကိုဝမ်းသာကျေနပ်စရာပါပဲရှင်''

နှစ်ယောက်သား စကားလေး တပြောပြောနှင့်ရှိနေစဉ် မြင်းကစိတ်ကောင်းဝင်သွားပြန်လျှင် လမ်းကို ဖြောင့်ဖြောင့်ဆက်သွားသည်။ သွားရင်းမှ ပွေဖောက်သွားသောအခါ ဟိုထိုးသည်ကွေ့ လုပ်ပြန်လေသည်။

''ဘာဖြစ်လို့လဲဆိုတော့ အခုလိုရှင်နဲ့နှစ်ယောက်သား လမ်းလျှောက်ကြ လှည်းစီးကြ စကားပြောကြ သီချင်းဆိုကြ ရှင်ပြောပြတဲ့ အထူးအဆန်းအကြောင်းအရာကလေးတွေကို စိတ်ထဲမှာ ဝင်ဝင်စားစား နားထောင်ခဲ့ရတာတွေဟာ ကျွန်မအဖို့ တစ်သက်လုံး မမေ့နိုင်အောင် သတိရနေစေမှာမို့ပါပဲရှင်''

''ဟုတ်ပါတယ်၊ ကျွန်တော်လဲ ခင်ဗျားလိုပါပဲ၊ ကျွန်တော်တို့နှစ်ယောက် အခုလို မမျှော်လင့်ဘဲ ဆုံစည်းကျွမ်းဝင် ခင်မင်သွားခဲ့ကြရတာကို ကျွန်တော့်တစ်သက်မှာလဲ ဘယ်တော့မှ မေ့သွားမယ် မဟုတ်ပါဘူး၊ အမြဲသတိရနေမှာပါ''

တစ်ချိန်လုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် တတွဲတွဲနေလာခဲ့ကြပြီးနောက် ယခုကဲ့သို့ ခွဲခွာရန်အရေးကို တွေးလာရသောအခါ နှစ်ယောက်စလုံး စိတ်မကောင်းသံနှင့် ဝမ်းနည်းသံများ စွက်လာခဲ့ကြသည်။

ထိုအခါကျမှ မောင်တင်သည် နော်ဝေးကျောင်းသူကလေးအပေါ်၌ သူထင်ထားခဲ့သည်ထက် ပိုမို၍ ခင်မင်နေကြောင်းကို သူ့ကိုယ်သူ သတိထားလိုက်မိလေသည်။

သို့ရာတွင် မောင်တင်သည် နော်ဝေးကျောင်းသူကလေးအပေါ်၌ ရိုးရိုးသားသား၊ လေးလေးစားစား တန်ဖိုးထား၍ ခင်မင်နေမိခြင်းသာ ဖြစ်လေသည်။

နော်ဝေးကျောင်းသူကလေးသည် ချောမောလှပသူကလေးတစ်ယောက် ဖြစ်သည်။

သူသည် ကလေးဆန်ဆန် ရယ်မောပြောဆိုတတ်သည်။ မောင်တင်၏အပေါ်၌ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံသည်။

ထိုကဲ့သို့ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ဦးနှင့် မကြီးလှသေးသော ယောကျ်ားပျိုတစ်ဦးတို့၊ လွတ်လွတ်လပ်လပ် တွဲခွဲသွားလာစားသောက်နေကြပါလျက် ယခုအထိ သန့်သန့်ရှင်းရှင်း ဖောက်ပြန်ခြင်းကင်းနိုင်ခဲ့သည်မှာ နော်ဝေးကျောင်းသူကလေး၏ တည်ငြိမ်ကျနွှေရစွာ ထိန်းထိန်းသိမ်းသိမ်းနေတတ်မှုကြောင့်ပင်ဖြစ်လေသည်။

လူသူဆိတ်ငြိမ်ရာများ၌ သူတို့နှစ်ယောက်တည်း ရှိကြသည့်အခါတိုင်း နော်ဝေးကျောင်းသူကလေးက မောင်တင်ကို အမြဲတမ်း အလုပ်ပေးထားတတ်ခဲ့သည်။

''ပြောပါဦးရှင့် ဟိုတစ်နေ့က စကားပြတ်သွားခဲ့တဲ့ ဗုဒ္ဓဘာသာတရားထဲက ကံအကြောင်းတရားဆိုတာ ကျွန်မနားမလည်သေးဘူး''

ထိုအခါ သူကလေး နားလည်သဘောပေါက်လာစေရန် မောင်တင်က မဆုံးအောင်ရှင်းလင်းပြောပြရလေသည်။

ထိုကဲ့သို့သော အကြောင်းအရာ လေးလေးနက်နက်များကို ခိုင်မာကျေညက်အောင် တွေးခေါ်ထုတ်ဖော်၍ ပြောပြနေရသော မောင်တင်သည် တခြားဘာကိုမျှ စိတ်ကူးချိန် သတိရချိန်မရှိခဲ့ပေ။

ဤသည်မှာ နော်ဝေးကျောင်းသူကလေး၏ တည်ငြိမ်၍ကျနွှေသိက္ခာရှိသော စိတ်ဓာတ်ကလေးပင် မဟုတ်ပါလား။

သည်စိတ်ဓာတ်နှင့် သည်အပြုအမူကလေးများကြောင့်ပင် နော်ဝေးကျောင်းသူကလေး အပေါ်၌ မောင်တင်သည် ရိုးရိုးသားသားနှင့် လေးလေးစားစား ခင်မင်နေမိခြင်း ဖြစ်လေသည်။

အကယ်၍ နော်ဝေးကျောင်းသူကလေးသည်သာ အမျိုးကောင်းသမီးကလေး ပီသခြင်းမရှိခဲ့ပါက ရဟန္တာမဟုတ်သော မောင်တင်သည် ဘာသားနှင့်ထုထား၍ ခံနိုင်မည်နည်း။

ယခုမူ သူတို့နှစ်ယောက်သည် ပကတိ အငြိအစွန်းမရှိ၊ ငြိမ်းချမ်းဘိတော့သည်။

သို့ရာတွင် ယခုကဲ့သို့ ခွဲခွာရေးကို ဆွေးနွေးလိုက်သော အခါ၌ကား၊ နှစ်ယောက်သား လှုပ်ရှားဝမ်းနည်းသွားကြလေသည်။

သူကလေးအနေဖြင့် ဘယ်ကဲ့သို့ရှိမည်ကို မသိသော်လည်း မောင်တင်အဖို့ကား ယခုကဲ့သို့ ခွဲခွာရေးကို တွေးလိုက်သောအခါကျမှ နှစ်ယောက်သား အတူသွား၊ အတူစားကာ လှုပ်ရှားပြောဆို မြင်တွေ့နေရခြင်း၌ သူသည် အဘယ်မျှ သာယာနှစ်သက်နေခဲ့မိကြောင်းကို ကောင်းကောင်းကြီး သိလေတော့သည်။

သို့သော်လည်း သူ့အဖို့ဘယ်သို့မျှမတတ်နိုင်ချေ။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေသည် မဟုတ်ပါလား။

ထို့နောက် နှစ်ယောက်သားခံစားကာ ရုတ်တရက် စကားစပြတ်သွားခဲ့ခြင်းကို မောင်တင်က ပြန်ဆက်ပေးလိုက်သည်။

''တကယ်တော့ အခု ကျောင်းပြန်ဖွင့်ပြီး နောက်တစ်ခါကျောင်းပိတ်ပြန်တော့ ကျွန်တော်တို့နှစ်ယောက် ဒီနေရာကို တစ်ကျော့လာပြီး ပြန်ဆုံနိုင်ကြသေးတာပဲ မဟုတ်လား။ ဟား ဟား ကျွန်တော်တို့က ပြောနေလိုက်ကြတာ နောင်ကို ပြန်မတွေ့ကြတော့မယ့် အတိုင်းပဲလေ''

''အင်းနော် ဟုတ်ပါရဲ့ရှင်''

နှစ်ယောက်သား ပြောပြီးနောက် ရယ်မောလိုက်ကြပြန်လေတော့သည်။

သူတို့နှစ်ယောက်သည် ဒရုဝစ် ကျောက်တုံးကြီးများဆီသို့ ရောက်ချင်သည့်အချိန်မှ ရောက်တော့ဟု စိတ်လျှော့ထားလိုက်ကာ မြင်းလှည်းကလေး တလှုပ်လှုပ်ပေါ်၌ အေးအေးဆေးဆေး စကားပြောရင်းလိုက်ပါသွားကြလေသည်။

''နောက်နှစ်အကုန် စာမေးပွဲကြီးပြီးလို့ နော်ဝေးကိုကျွန်မပြန်တဲ့အခါ ရှင်ကျွန်မနဲ့အတူ အလည်လိုက်ခဲ့ပါလားဟင်''

နော်ဝေးကျောင်းသူကလေးက ခင်မင်သောအကြည့်၊ လှိုက်လှဲသော အသံကလေးတို့ဖြင့် မောင်တင်ကို ဖိတ်ခေါ်လိုက်လေသည်။

''ရှင်သာ တကယ်လိုက်လည်နိုင်မယ်ဆိုရင် ကျွန်မတို့ဆီမှာရှိတဲ့ နှင်းတောင်တွေပေါ်မှာ ရှင့်ကိုလျှောစီးသင်ပေးမယ်၊ ကျွန်မသိတယ် ရှင်သိပ်ကိုပျော်မှာပဲ''

''ခင်ဗျားအပြောကို စိတ်ကူးနဲ့တွေးကြည့်ရုံနဲ့ပဲ ကျွန်တော် အတော်ပျော်သွားပြီလေ''

မောင်တင်၏အပြောကို နော်ဝေးကျောင်းသူကလေးက သဘောကျကာ ရယ်မောလိုက်လေသည်။

မောင်တင်ကလည်း ရယ်မောရင်းမှ အတည်ဆက်ပြောလိုက်သည်။

''အခုလို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တကယ်ပဲ အလည်လိုက်နိုင်အောင်လဲ ကျွန်တော်ကြိုးစားပါ့မယ်''

အထက်ပါစကားများကို မောင်တင်သည် စိတ်ပါလက်ပါပြောလိုက်မိခြင်း ဖြစ်လေသည်။

သူ့ကို နော်ဝေးကျောင်းသူကလေးကလည်း ဝမ်းသာအားရ ပြန်ပြောလေသည်။

''ကြိုးစားပါရှင်၊ ရှင်သာတကယ်လိုက်နိုင်ရင် ကျွန်မ သိပ်ကိုဝမ်းသာရမှာပါ''

''ကောင်းပါပြီ ခင်ဗျာ''

မောင်တင်ကဖြစ်နိုင်ပါက နော်ဝေးပြည်သို့ အမှန်တကယ် လိုက်လည်ရန်စိတ်ကူးရင်း လိုက်နိုင်ရန်ကြိုးစားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလိုက်မိသည်။

ထို့နောက် သူကလည်း နော်ဝေးကျောင်းသူကလေးကို လိုလိုလားလားဖြင့် တစ်ပြန်တစ်လှည့် ဖိတ်မန္တကပြုလိုက်လေသည်။

''ခင်ဗျားကို ကျွန်တော်ကလဲ ကျွန်တော်တို့ မြန်မာပြည်ကို အလည်လာဖို့ ဖိတ်ခေါ်ပါရစေ၊ ဒီလိုလုပ်လေ ကျွန်တော်က ခင်ဗျားအပြန်မှာ ခင်ဗျားတို့နော်ဝေးပြည်ကိုလိုက်ခဲ့မယ်၊ နော်ဝေးက အပြန်ကျတော့ ခင်ဗျားက

ကျွန်တော်နဲ့အတူ ကျွန်တော်တို့မြန်မာပြည်ကို အလည်လိုက်ခဲ့ပေါ့၊ မကောင်းဘူးလား''

''သိပ်ကိုကောင်းပါတယ်၊ မြန်မာပြည်ကို အလည်လိုက်ဖို့ အခုလိုဖိတ်ခေါ်တဲ့ ရှင့်ကိုလဲ ကျေးဇူးတင်ပါတယ်နော်''

နော်ဝေးကျောင်းသူကလေးကလည်း မောင်တင်၏ ဖိတ်ခေါ်ချက်ကို အပြုံးချိုချိုကလေးဖြင့် တုံ့ဆိုလေသည်။

''ကျွန်မအဖေနဲ့ အမေကခွင့်ပြုမယ်ဆိုရင် ရှင့်ပြောပြချက်တွေနဲ့ပဲ ကျွန်မအဖို့စိတ်ဝင်စားနေမိတဲ့ ရှင်တို့ရဲ့ မြန်မာပြည်ကို အလည်လိုက်ခဲ့ပါမယ်ရှင်''

''ခင်ဗျားရဲ့ အဖေနဲ့အမေက ခွင့်ပြုပါစေလို့ ကျွန်တော် ဆုတောင်းနေပါ့မယ်''

''ကောင်းပါပြီတဲ့ရှင်''

ထို့နောက် သူတို့နှစ်ယောက်သားသည် မြင်းကတ်ဖွဲ့တစ်ကောင်ဆွဲသော လှည်းကလေးကိုစီး၍ ဒရုဝစ် ကျောက်တုံးကြီးများဆီသို့ သွားကြည့်လိုက်ကြသည်မှာ တစ်နေကုန်မှပင် အိမ်သို့ပြန်ရောက်ကြတော့သည်။

နောက်တစ်ရက်ဆိုပါက မစ္စတာနှင့်မစ္စစ်ရဲ့ဘီးယားတို့ မိသားစုထံသို့ ည့်သည်လာလုပ်နေခဲ့ကြသော မောင်တင်တို့အားလုံး ပြန်ကြတော့မည် ဖြစ်သည်။

သည်အတွက် နောက်ဆုံးရက်အဖြစ် သည်ကနေ့မနက်စောစောထ၍ လမ်းလျှောက်ကြဦးမည်ဟု မောင်တင် နှင့်နော်ဝေးကျောင်းသူကလေးက အချိန်းအချက်ပြုထားခဲ့ကြသည်။

ထို့ကြောင့် သည်ကနေ့မနက် မောင်တင်အိပ်ရာမှ စောစောထလိုက်သည်။

အိမ်အပြင်ဘက်တွင် မိုးနှင်းများက ခပ်မှုန်မှုန်ကျဆင်းနေကြသည်။

သည်အတွက် မောင်တင်က အနွေးထည် ခပ်ထူထူကိုထပ်ဝတ်၍ သူ့အခန်းထဲမှ ထွက်လာခဲ့သည်။

ထို့နောက် ည့်ခန်းသို့ အရောက်၌ နော်ဝေးကျောင်းသူကလေးနှင့် မောင်တင်သွားဆုံသည်။

''ကဲ သွားကြစို့လား''

သူတို့သည် တစ်ဦးနှင့်တစ်ဦးနှုတ်ဆက်လိုက်ကြပြီးနောက် လမ်းလျှောက်ထွက်ရန် မောင်တင်က ဆော်သြ လိုက်သည်။

ထိုအခါ နော်ဝေးကျောင်းသူကလေးက အိမ်ပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် သူကလေးသည် ရုတ်တရက် ခြေလှမ်းတုံ့လိုက်သည်။

ထို့နောက် မောင်တင်ကို ခပ်လောလောကလေးနှင့် လှည့်ပြောလိုက်သည်။

''ခဏလေးနော် ခဏလေး''

သူကလေးသည် ပြောရင်းမှ အိမ်ထဲသို့ အပြေးဝင်သွားလေသည်။

မောင်တင်လည်း ဘာမှန်းမသိဘဲ၊ တံခါးဝနားမှ ရပ်စောင့်နေလိုက်သည်။

နော်ဝေးကျောင်းသူကလေးကမူ၊ တော်တော်နှင့် ပြန်ပေါ်မလာ။

ဤတွင် စောင့်နေရသော မောင်တင်လည်း နော်ဝေးကျောင်းသူကလေး ခပ်မြန်မြန်ပြန်ထွက်လာစေရန် ရုတ်တရက် လှမ်းအော်၍ခေါ်လိုက်မိသည်။

''ဟေ့ ကြာလှချည်လား၊ ဘာလုပ်နေလဲ မြန်မြန်လာလေ''

နော်ဝေးကျောင်းသူကလေးထံမှကား ဘာတုံ့ပြန်သံမျှ ထွက်ပေါ်မလာချေ။

အသံတိတ်၍ ငြိမ်ချက်သားကောင်းနေသည်။

ထို့ကြောင့် မောင်တင်က အော်မေးရင်း လှမ်းခေါ်လိုက်ပြန်သည်။

သည်တစ်ခါ၌ နော်ဝေးကျောင်းသူကလေးက သူ့အခန်းဆီမှလှမ်းအော်၍ တုံ့ပြန်လိုက်လေသည်။

''ကျွန်မ လမ်းမလျှောက်ချင်တော့ဘူး၊ ရှင့်တစ်ယောက်တည်း လျှောက်ချင်လဲလျှောက်၊ မလျှောက်ချင်လဲနေ''

နော်ဝေးကျောင်းသူကလေးထံမှ မမျှော်လင့်သော အဖြေစကားကလေးက မောင်တင်ကို အံ့အားသင့် သွားစေသည်။

သူသည် နားမလည်စွာဖြင့် လှမ်းအော်၍ မေးလိုက်သေးသည်။

သို့ရာတွင် နော်ဝေးကျောင်းသူကလေးထံမှ တုံ့ပြန်ဖြေကြားသံကား လုံးဝထွက်ပေါ်မလာတော့ချေ။

နောက်ဆုံး၌ မောင်တင်လက်လျှော့လိုက်ရတော့သည်။

သူသည် သူတစ်ယောက်တည်းလည်း လမ်းလျှောက်ချင်စိတ်မရှိသောကြောင့် သူ့အခန်းသို့သူပြန်ဝင်ခဲ့လေသည်။

ထို့နောက် သူသည် နော်ဝေးကျောင်းသူကလေး၏ ရုတ်တရက် အပြောင်းအလဲ ဖြစ်သွားခဲ့မှုကို နားမလည်နိုင်စွာ ထိုင်တွေးနေလိုက်သည်။

ခဏအကြာတွင်မှ နော်ဝေးကျောင်းသူကလေး စိတ်ကောက်သွားခဲ့ခြင်းဖြစ်ကြောင်း မောင်တင်သဘောပေါက်လေတော့သည်။

သူကလေး စိတ်ကောက်သွားခြင်း အကြောင်းရင်းကို ရှာလိုက်သောအခါ၌ကား

မောင်တင်သည် စောစောတုန်းကရယ်စောင့်နေစဉ် နော်ဝေးကျောင်းသူကလေးကိုလှမ်းအော်၍ ခေါ်လိုက်ရာ၌ သူ့အသံသည် အနည်းငယ်ဆတ်ကာ ခပ်ပြတ်ပြတ်ဖြစ်သွားခဲ့သည်။

ဤသည်မှာ မောင်တင်က ဘာရယ်မဟုတ်ဘဲ နော်ဝေးကျောင်းသူကလေးအပေါ်၌ ခင်မင်ရင်းနှီးမှုဖြင့် တမင်ပြောဆိုလိုက်မိခြင်း ဖြစ်လေသည်။

သို့ရာတွင် မောင်တင်၏ ခင်မင်ရင်းနှီးမှု အသုံးအနှုန်းကို သဘောပေါက်ပုံမရှိသော နော်ဝေးကျောင်းသူကလေးကမူ သူ့အပေါ်၌ အအော်အငေါက်ခံရသည်ဟု ခံယူလိုက်ဟန်တူသည်။

ထိုကြောင့်သာ သူကလေးက မောင်တင်အပေါ် စိတ်ကောက်ကာ၊ လမ်းလျှောက်ထွက်မည့် အစီအစဉ်ကို အကြောင်းပြချက်မရှိဘဲ သက်သက်ဖျက်ပစ်လိုက်ခြင်း ဖြစ်လေသည်။

သည်အတွက် မောင်တင် စိတ်မကောင်း ဖြစ်ရလေတော့သည်။

သူသည် စိတ်မကောင်းဖြစ်ရင်းမှ သူမြန်မာအမျိုးသမီးကလေးများနှင့် ယခုသူဆက်ဆံနေရသော မျက်နှာဖြူနိုင်ငံခြားသူကလေးတို့၏ စိတ်ဓာတ်အခြေအနေများသည် မတူကွဲပြားခြားနားလှပါကလားဟု စဉ်းစားလိုက်မိသည်။

မြန်မာအမျိုးသမီးကလေးများဖြစ်ကြသော ခင်လှထွေးတို့ညီအစ်မတစ်စုသည် မောင်တင်က ရိုင်းရိုင်းစိုင်းစိုင်း အိမ်ပေါ်မှနှင်ချခဲ့သည်ကိုပင် စိတ်မဆိုးဘဲ သူ့အပေါ်၌ နားလည်ခွင့်လွှတ်နိုင်ခဲ့ကြလေသည်။

ယခု မျက်နှာဖြူနော်ဝေးကျောင်းသူကလေးကမူ မောင်တင်၏လေသံအနည်းငယ်ကလေး ပြတ်တောင်းမာဆတ်သွားရုံမျှနှင့်ပင် စိတ်ကောက်သွားလေတော့သည်။

ထိုအခါ မောင်တင်ခမျာ ဘယ်သို့မျှမတတ်သာဘဲ သူမြန်မာမိန်းကလေးများနှင့် မတူသော နော်ဝေးကျောင်းသူကလေးကို သူကအလျှော့ပေး၍ ချော့မော့တောင်းပန်ရန်သာ ရှိတော့သည်။

သို့ရာတွင် ထိုနေ့တစ်နေ့လုံး နော်ဝေးကျောင်းသူကလေးသည် သူ့အခန်းထဲမှ မထွက်ဘဲနေလေသည်။

ဤတွင် မောင်တင်က မနက်ဖြန်ကျမှ ချော့မော့တောင်းပန်တော့မည်ဟု စိတ်ကူးလိုက်သည်။

တစ်နေ့နှင့်တစ်ည ကူးသွားပြီးသောအခါ၊ နော်ဝေးကျောင်းသူကလေးသည် မတောင်းပန်မီကပင် စိတ်ပြေကောင်းစိတ်ပြေနှင့်နေလိမ့်မည်ဟု မောင်တင်မျှော်လင့်ထားလိုက်သည်။

သို့ရာတွင် နောက်တစ်နေ့ရောက်သောအခါ၌ နော်ဝေးကျောင်းသူကလေးသည် မောင်တင်ကိုနှုတ်ကလေးမှမဆက်ခဲ့ဘဲ မစ္စတာနှင့်မစ္စစ်ရှဲဘီးယားတို့အိမ်မှ ထွက်ခွာသွားနှင့်ပြီ ဖြစ်လေသည်။

မောင်တင်ခမျာ ရင်ဟာ၍ ကျန်ခဲ့ရှာသည်။

သူ့စိတ်တွင် ဝမ်းနည်းထိခိုက်ခြင်းလည်း ဖြစ်မိလေသည်။

မဖြစ်လောက်သော ကိစ္စကလေးအတွက်နှင့် သူ့အပေါ်၌ မပြေနိုင်အောင် အကျိတ်အခဲကြီးသွားသူကလေးအားမောင်တင် အံ့သြနားမလည် ဖြစ်ရလေတော့သည်။

သူ့အတွက် သာယာချမ်းမြေ့မှုကို တစ်ချိန်လုံးပေးစွမ်းနိုင်ခဲ့သော နော်ဝေးကျောင်းသူကလေးသည် တစ်ဦးနှင့်တစ်ဦး လွမ်းဆွေးမနေကြစေရန် မောင်တင်အတွက် တမင်သက်သက် အမုန်းဆေးကိုများ ကျွေးသွားခဲ့သည်လားမသိချေ။

သို့ရာတွင် မောင်တင်သည် သူကလေးကိုမမုန်းမိဘဲ တစ်လျှောက်လုံး ပျော်ရွှင်ကြည်နူးလာခဲ့ရသမျှများသည်သာ တစ်နေ့တစ်ညတည်းနှင့် အားလုံးပျောက်ဆုံးလွင့်ပြယ်သွားကြလေတော့သည်။

သူ့အဖို့ ဘာမျှမတတ်နိုင်သော မောင်တင်သည် စိတ်ထိခိုက်စွာဖြင့်ပင် နောက်ဆုံး၌မစ္စတာနှင့်မစ္စစ်ရှဲဘီးယားတို့မိသားစုကို နှုတ်ဆက်ထွက်ခွာခဲ့လေတော့သည်။

ထိုနောက် ကျောင်းသို့ပြန်ရောက်သွားသော မောင်တင်သည် သူ့စိတ်၌မမေ့နိုင်သော နော်ဝေးကျောင်းသူကလေးထံသို့ စာကလေးတစ်စောင်ရေး၍ အကျိုးအကြောင်းတင်ပြ တောင်းပန်လိုက်လေသည်။

တစ်ပတ်ခန့်အကြာ၌ နော်ဝေးကျောင်းသူကလေးထံမှ မောင်တင်ထံသို့ ပြန်စာရောက်လာသည်။

စာထဲ၌ နော်ဝေးကျောင်းသူကလေးက မောင်တင်ထံမှစာအရ အကျိုးအကြောင်းသိရ၍ သူစိတ်ချေသွားကြောင်း၊ မောင်တင်အပေါ်၌ ခွင့်လွှတ်ကျေအေးလိုက်ပြီဖြစ်ကြောင်း ပြန်ကြားရေးသားထားလေသည်။

သို့ရာတွင် နော်ဝေးကျောင်းသူကလေးသည် သူပြန်ကြားစာကို စာအိတ်မပါသော ကတ်ပြားအလွတ်ကလေးပေါ်၌ ရေးပြပေးပို့လိုက်ခြင်းဖြင့် မောင်တင်နှင့် စာအပြန်အလှန် မဆက်သွယ်လိုကြောင်းကို သိစေလိုက်လေသည်။

သည်အတွက် မောင်တင် စိတ်မကောင်းဖြစ်ရပြန်သည်။

သို့ရာတွင် သူ့အဖို့ ဘာမျှတော့ မတတ်နိုင်ချေ။ သူ့ထံမှ အဆက်အသွယ်ပြုမှုကို မလိုလားဟုဆိုလာသော သူကလေးကို မောင်တင်ကလည်း ဆက်သွယ်ပတ်သက်ရန် မကြိုးစားဘဲနေလိုက်ရန်သာ ရှိလေသည်။

တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် မပြုကြရသော်လည်း နော်ဝေးကျောင်းသူကလေးက သူ့အပေါ်၌ စိတ်ကောက်ပြေသွားပြီဟု သိလိုက်ရခြင်းသည်ပင် မောင်တင်အတွက် စိတ်သက်သာစရာတစ်ကွက် ရသွားလေသည်။

အကယ်၍ အကြောင်းဆိုက်လာဦးမည်ဆိုပါက နောက်တစ်ချိန်ကျောင်းပိတ်ရက်၌ သူနှင့်နော်ဝေးကျောင်းသူကလေးတို့နှစ်ယောက်အဖို့ စဖားလ်ဖတ်ရွာကလေးရှိ မစ္စတာနှင့်မစ္စစ်ရဲဘီးယားတို့ အိမ်ကလေးတွင် ပျော်ပျော်ပါးပါး ပြန်လည်ဆုံတွေ့ကောင်း ဆုံတွေ့နိုင်ဦးမည် ဖြစ်လေသည်။

သို့ရာတွင် မောင်တင်အဖို့ နောင်တစ်ချိန် ကျောင်းပိတ်ရက်ကိုပင်စောင့်စရာမလိုဘဲ နော်ဝေးကျောင်းသူကလေးနှင့် ပြန်လည်ဆုံတွေ့ရန် အကြောင်းဖန်လာခဲ့သည်။

အောက်စဖို့ဒ်ယူနီဗာစီတီရှိ အမျိုးသမီးကောလိပ်ကျောင်းများတွင် ပျော်စရာရွှင်စရာအဖြစ် ကျောင်းဖွင့်ချိန် တစ်ချိန်လျှင် နှစ်ကြိမ်ကျ၊ ကပွဲများ ကျင်းပခွင့်ရှိသည်။

ထိုကပွဲများကို ကျောင်းသူများသည် သူတို့၏ အမျိုးသားမိတ်ဆွေများကို ခေါ်ဖိတ်နိုင်ခွင့်ရှိသည်။ သို့ရာတွင် ထိုခေါ်ဖိတ်ခံရသူသည် ယူနီဗာစီတီကျောင်းသားများသာ ဖြစ်ရလေသည်။

ယခုအပတ်တွင် စိန့်ဟီးလ်ဒါ အမျိုးသမီးကောလိပ်၌ ကပွဲကျင်းပသည်။

ထိုကောလိပ်မှ ကျောင်းသူမိတ်ဆွေတစ်ဦး၏ ဖိတ်ကြားချက်အရ ထိုကပွဲသို့ မောင်တင်သွားလိုက်သည်။

ထိုကပွဲ၌ နော်ဝေးကျောင်းသူကလေးကို မောင်တင်ပြန်တွေ့လိုက်ရလေသည်။

နော်ဝေးကျောင်းသားတစ်ဦးနှင့် တွဲလာသော နော်ဝေးကျောင်းသူကလေးကို လှမ်းတွေ့လိုက်လျှင် မောင်တင်က ဝမ်းသာအားရသွားနှုတ်ဆက်ရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် နော်ဝေးကျောင်းသူကလေး၏ စိမ်းကားသော သွင်ပြင်လက္ခဏာများက မောင်တင်အား ရုတ်ခြည်းကိုယ်ရှိန်သတ်သွားလိုက်စေလေသည်။

နော်ဝေးကျောင်းသူကလေးသည် မောင်တင်ကိုမြင်လျက်သား၊ မှတ်မိလျက်သားနှင့် မိတ်ဆွေတစ်ယောက်အဖြစ် လုံးဝ အသိအမှတ်မပြုဘဲ မျက်နှာထားတည်တည် လုပ်နေသည်။

သည်အတွက် မောင်တင် အတော်ကလေး ရင်အောင့်သွားမိသည်။

သူတို့ အနောက်တိုင်း ဓလေ့ထုံးစံများ၌ မိန်းကလေးနှင့်ယောကျ်ားလေးတို့ ဆုံတွေ့ကြသောအခါ မိန်းကလေးက စတင်နှုတ်ဆက်၍ လက်ကမ်းပေးမှသာ ယောကျ်ားကလေးက လက်ဆွဲကာ နှုတ်ဆက်ခွင့်ရှိသည်။

ထို့ကြောင့် မိန်းကလေးက မလိုလားပါက ယောကျ်ားကလေးက ဖွတ်တိုး၍ နှုတ်ဆက်ခွင့်မရှိချေ။

သည်အတွက် မောင်တင်လည်း သူ့ကိုနှုတ်မဆက်ချင်သော နော်ဝေးကျောင်းသူကလေးကိုသွား၍ နှုတ်မဆက်ဘဲနေလိုက်သည်။

ထို့နောက် ကပွဲစလျှင် ကိုယ့်အတွဲနှင့်ကိုယ် အသီးသီးတွဲကကြလေသည်။

ဘင်တီးဝိုင်း တစ်ပိုဒ်ဆုံးသောအခါ၊ အားလုံးအကရပ်၍ နားလိုက်ကြသည်။

ထို့နောက် တီးဝိုင်းပြန်စလျှင် ထပ်၍ကကြပြန်သည်။

ထိုအခါများ၌ အမျိုးသားများသည် အမျိုးသမီးများကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကိုယ်နှစ်သက်၍ တွဲကလိုသော ဘယ်အမျိုးသမီးကိုမဆို လွတ်လွတ်လပ်လပ် ခွင့်တောင်းကာ တွဲကနိုင်ခွင့်ရှိလေသည်။

ထိုကဲ့သို့ ခွင့်တောင်းလာသော အမျိုးသားသည် မည်သူပင်ဖြစ်စေ၊ အမျိုးသမီးက လက်ခံ၍ တွဲကရစမြဲဖြစ်သည်။

ထိုကဲ့သို့သော ဓလေ့ထုံးစံအရ မောင်တင်က အနီးအခွင့်အရေးကို အသုံးချလိုက်မည်ဆိုပါလျှင် နော်ဝေးကျောင်းသူကလေးသည် သူ့စိတ်ထဲမှ အဘယ်မျှပင် စိမ်းကားချင်သော်လည်း မောင်တင်၏တောင်းဆိုချက်ကို မငြင်းဆန်နိုင်ဘဲလက်ခံ၍ တွဲကရမည်သာဖြစ်လေသည်။

သည်အချက်ကို သူကလေးကလည်း တွေးမိလေသလားမသိ။ မောင်တင်ထံသို့ ကွက်ကြည့်ကွက်ကြည့် ပြုနေသည်။

သို့ရာတွင် သည်အခွင့်အရေးမျိုးကို မောင်တင်ကမယူလိုချေ။

သူသည် သူကလေးအပေါ်၌ ခင်မင်မိသည်မှာမှန်သော်လည်း မျက်နှာဖြူနိုင်ငံခြားသူကလေးတစ်ယောက်နှင့်ပတ်သက်၍ ဗမာတစ်ယောက်ဖြစ်သော မောင်တင်က သူ့ထံမှ ရိုးသားတည်ကြည်သော သိက္ခာနှင့်မာနကို အထိနိုက်ခံကာ လျှော့ချပေးရန် လုံးဝစိတ်မကူးပေ။

မောင်တင်သည် နော်ဝေးကျောင်းသူကလေးကို ကွင်းရှောင်ကာ တခြားသော ကျောင်းသူကလေးများနှင့် အလဲလဲ တွဲကလိုက်ခြင်းဖြင့် သူ့မာနကိုဖော်ပြလိုက်လေသည်။

ထိုကဲ့သို့ ကပွဲသို့တက်ခဲ့ပြီးနောက် မကြာမီသောတစ်ရက်၌ မောင်တင်ထံသို့ စာကလေးတစ်စောင် ရောက်လာသည်။

စာကလေးမှာ မစ္စစ်ရှဲဘီးယားထံမှ ဖြစ်လေသည်။

မစ္စစ်ရှဲဘီးယားက သူအောက်စဖို့ဒ်သို့ရောက်နေ၍ သူ့ထံသို့ လက်ဖက်ရည်သောက်လာရန် ခေါ်ဖိတ်လိုက်ခြင်းဖြစ်သည်။

ထိုအခါ မောင်တင်လည်း ဝမ်းသာအားရသွားလိုက်သည်။

ဤတွင် မစ္စစ်ရှဲဘီးယား၏ လက်ဖက်ရည်ပွဲ၌ နော်ဝေးကျောင်းသူကလေးနှင့် မောင်တင်ဆုံစည်းလိုက်ရပြန်သည်။

သို့ရာတွင် သည်တစ်ခါ၌ မောင်တင်က သူကလေးကို နှုတ်ဆက်ရန် စိတ်မကူးတော့ချေ။

သူတို့နှစ်ယောက်သည် တစ်ခါမှ မမြင်ဖူး၊ မသိဖူးသော သူစိမ်းပြင်ပြင်များပမာ နေလိုက်ကြလေသည်။

ထို့နောက် ပြန်ခါနီး၌မောင်တင်က မစ္စစ်ရှဲဘီးယားကို အားသောတစ်ရက်တွင် သူ့ထံသို့လက်ဖက်ရည်သာသောက်ပါဟု ဖိတ်ကြားလိုက်သည်။

သူတို့အိမ်၌ ကျောင်းတစ်ပိတ်လုံးသွား၍ နေထိုင်စားသောက်လာခဲ့သော မောင်တင်က ယခုကဲ့သို့ မစ္စစ်ရှဲဘီးယား လာတုန်းလာခိုက် ကြုံကြိုက်စဉ် တစ်ပြန်တစ်လှည့် ဧည့်ဝတ်ပြုလိုက်ချင်လေသည်။

မစ္စစ်ရှဲဘီးယားကလည်း မောင်တင်၏ ဖိတ်ခေါ်ချက်ကိုလက်ခံကာ သူလာနိုင်မည့်နေ့အတွက် ရက်ချိန်းသတ်မှတ်ပေးလိုက်လေသည်။

ထို့နောက် သူ့အဆောင်သို့ ပြန်ရောက်သွားသော မောင်တင်ကို စာကလေးတစ်စောင်က စောင့်နေလေသည်။

မောင်တင်၌ အင်္ဂလိပ်လူမျိုး သူငယ်ချင်းတစ်ယောက်ရှိသည်။ ထိုသူငယ်ချင်း၏အဖေသည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားကာ မောင်တင်နှင့်ဆွေးနွေးလိုကြောင်း၊ သူအားသော တစ်ရက်တွင် ချိန်းဆိုဖိတ်ခေါ်မည်ဖြစ်ကြောင်း ပြောထားခဲ့ဖူးသည်။

ယခု ထိုသူငယ်ချင်းက သူ့အဖေနှင့်ဆွေးနွေးရန်အတွက် မောင်တင်ကိုစာရေးဖိတ်ခေါ်လိုက်ခြင်း ဖြစ်လေသည်။

မောင်တင်အတွက် အခက်ဖြစ်ချင်တော့ သူငယ်ချင်းချိန်းချက်ဖိတ်ခေါ်လိုက်သောရက်သည် မစ္စစ်ရှဲဘီးယားအား သူဖိတ်ခေါ်လာခဲ့သော နေ့ရက်နှင့် သွားတိုက်နေလေသည်။

ဤတွင် မောင်တင်လည်း မစ္စစ်ရှဲဘီးယားကို အားနာနာနှင့်ပင်စာရေး၍ နောက်တစ်ရက်သို့ထပ်ချိန်းကာ အဦးကျသော သူ့သူငယ်ချင်း၏အဖေအား ဦးစားပေးလိုက်ရလေသည်။

သည်ကဲ့သို့ သူငယ်ချင်း၏အဖေကို ဦးစားပေးလိုက်ရသော မောင်တင်သည် မစ္စစ်ရှဲဘီးယားနှင့်တစ်သက်ပန် မိတ်ပျက်လိုက်ရလေတော့သည်။

အကြောင်းမှာ ပထမဖိတ်ခေါ်ထားခဲ့ချက်ကို အကြောင်းမညီညွတ်၍ ရက်ထပ်ရွှေ့လိုက်သော မောင်တင်

အပေါ်၌ မစ္စစ်ရှဲဘီးယားသည် အထင်မှားကာ စိတ်ဆိုးသွားပုံရှိသည်။

မစ္စစ်ရှဲဘီးယားသည် မောင်တင်ထံသို့ ဘာအကြောင်းမျှ မပြန်ကြားခဲ့ချေ။

ထို့အတူ မောင်တင်က ရက်ချိန်းရွှေ့၍ ဖိတ်ခေါ်ထားသောနေ့၌လည်း ရောက်မလာခဲ့ချေ။

မစ္စစ်ရှဲဘီးယားကလည်း မောင်တင်အပေါ်၌ အထင်မှားကာ အဆက်ဖြတ်သွားပြန်လေပြီ။

သည်အတွက် စိတ်မကောင်းဖြစ်ရုံအပြင် ဘယ်လိုမျှတော့ မောင်တင်မတတ်နိုင်ချေ။

သူ့အဖို့ တခြားကိစ္စများ၌ သူတစ်ပါးလိုက်မမီအောင် ကသိုလ်ထူးခဲ့သလောက် အမျိုးသမီးများနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပတ်သက်လာရသောအခါများ၌မူ အမြဲတမ်းလိုလို အကျိုးမပေး၊ ကသိုလ်ဆိုးတတ်ရလေ့ရှိသူ မောင်တင်သည် အမျိုးသမီးများကိုဆက်လက်၍ ရင်းနှီးခင်မင်ရမှာ လန့်သွားမိလေသည်။

ထို့ကြောင့် နောက်ပိုင်း၌ မောင်တင်က အမျိုးသမီးများကို ရင်းရင်းနှီးနှီး အပေါင်းအသင်းမလုပ်ဘဲ ကြိုးစား၍ ကင်းကင်းရှင်းရှင်း နေတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

## (၁)

မောင်တင်သည် အမျိုးသမီးများနှင့် ရင်းရင်းနှီးနှီး အပေါင်းအသင်း မလုပ်မိအောင် ကင်းကင်းရှင်းရှင်း ကြိုးစားနေခဲ့သည့်ကြားမှပင် မရှောင်သာဘဲ အမျိုးသမီးလေးတစ်ဦးနှင့် ပတ်သက်ဆက်သွယ်လာခဲ့ရပြန်သည်။

သူကလေးသည်ကား လေဒီမာဂရက်ဟော အမျိုးသမီးကောလိပ်မှ အင်္ဂလိပ်ကျောင်းသူကလေး မစ္စရို့စ်မေရီအင်းန်ဂေါ်ဒင် ဖြစ်လေသည်။

သူကလေးနှင့် မောင်တင်သည် မထင်မမှတ် ဆုံစည်း သိကျွမ်းသွားခဲ့ကြခြင်း ဖြစ်သည်။

အောက်စဖို့ဒ် ယူနီဗာစီတီကောလိပ်ကျောင်းများတွင် ကျောင်းဖွင့်ရက် တစ်ပတ်တစ်ပတ်၌ တစ်ကြိမ်ကျအဖြစ် ကောလိပ်ကျောင်းအုပ်ကြီးများက သူတို့နှင့်သက်ဆိုင်သော ကျောင်းမှကျောင်းသူ ကျောင်းသားများကို သူတို့အိမ်သို့ ဖိတ်ခေါ်၍ လက်ဖက်ရည်တိုက်ရသော ဓလေ့ထုံးစံတစ်ခုရှိသည်။

ထိုဓလေ့ထုံးစံအတိုင်း ယခုအပတ်ကျောင်းအဖွင့်၌ မောင်တင်တို့ အက်ဇီတာကောလိပ် ကျောင်းအုပ်ကြီးက သူ့ကျောင်းသားများကို လက်ဖက်ရည်သောက် ဖိတ်ကြားလိုက်လေသည်။

ထို့ကြောင့် မောင်တင်တို့ကျောင်းသားအားလုံးသည် ကျောင်းအုပ်ကြီး၏အိမ်သို့ တပျော်တပါး တစုတဝေးကြီး သွားလိုက်ကြလေသည်။

သူတို့သည် ကျောင်းသားတို့အကျင့်အတိုင်း လွတ်လွတ်လပ်လပ် ပြောဆိုရယ်မောနောက်ပြောင်ကြရင်း လက်ဖက်ရည်ပွဲများ ပြင်ထားသောအခန်းထဲသို့ တန်းဝင်သွားလိုက်ကြသည်။

ထိုကဲ့သို့ ဆူဆူညံညံ အသံဗလံများဖြင့် တန်းဝင်သွားခဲ့ကြသော မောင်တင်တို့ကျောင်းသားတစ်သိုက်သည် လက်ဖက်ရည်ခန်းထဲသို့အရောက်၌ ရုတ်တရက် ငြိမ်သက်သွားမိကြလေသည်။

အကြောင်းမှာ လက်ဖက်ရည်ခန်းထဲ၌ ထူးထူးခြားခြား မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသောကြောင့် ဖြစ်လေသည်။

အခန်းထဲသို့ စုပြုံ၍ရောက်လာခဲ့ကြသော ကျောင်းသားအုပ်ကိုကြည့်ကာ မိန်းကလေးခမျာ ကြောင်တက်တက်နှင့် အနေခက်သွားပုံရှိသည်။

သူကလေးသည် အကြောင်းသားကလေးရှိနေရာမှ ရုတ်တရက် လှုပ်ရှားကာ ကျောင်းသားအုပ်၏အစွန်ဘက် နားကျကျ၌ရပ်နေသော မောင်တင်ထံလာ၍ နှုတ်ဆက်လိုက်လေသည်။

''ဟလို''

သူကလေးကို မောင်တင်ကလည်း ပြန်၍နှုတ်ဆက်လိုက်ရသည်။

ထို့နောက် တစ်ယောက်နာမည်တစ်ယောက် အပြန်အလှန်ပြောပြလိုက်ကြသည်။

ပြီးလျှင် နှစ်ယောက်သား စကားလက်ဆုံကျသွားမိကြလေသည်။

သည်အခါ သူကလေးသည် အင်္ဂလိပ်လူမျိုး ဆာဘွဲ့ရမျက်နှာကြီးတစ်ဦး၏သမီးဖြစ်၍ လေဒီမာဂရက်ဟော

ကောလိပ်မှ ကျောင်းသူတစ်ဦးဖြစ်ကြောင်း မောင်တင်သိရလေသည်။

''ကျွန်မက မစ္စစ်ဖာနယ်လ်နဲ့လာလာပြီး တယောထိုးနေတာရှင့်၊ အခု ကျွန်မပြန်တော့မယ်လုပ်တုန်း တရုန်းရုန်း ရောက်လာကြတဲ့ ရှင်တို့ကျောင်းသားတွေနဲ့ ဖြုန်းဆိုလာတိုးနေတာ''

အင်္ဂလိပ်ကျောင်းသူကလေး ရိုစ်မေရီက သူ့အဖို့ မောင်တင်တို့ ကျောင်းသားများနှင့် လာတိုးနေသော အကြောင်းကို ပြောပြလေသည်။

မောင်တင်တို့ အက်ဖီတာကောလိပ်ကျောင်းအုပ်ကြီးကတော် မစ္စစ်ဖာနယ်လ်သည် တယောထိုးဝါသနာပါသူ ဖြစ်သည်။

ထို့ကြောင့် မောင်တင်သည် ဝါသနာတူသူ ကျောင်းအုပ်ကြီးကတော်နှင့် အပေါင်းအသင်းဖြစ်ကာ အချိန်ရ သောအခါများ၌ အဘွားကြီးထံသွား၍ တယောထိုးလေ့ရှိသည်။

သို့ရာတွင် မောင်တင်သွားတိုင်း တစ်ခါမျှရိုစ်မေရီနှင့် မဆုံစည်းခဲ့ဘူးချေ။

ထို့ကြောင့် မောင်တင်က တအံ့တဩပြန်ပြောလိုက်သည်။

''ဟုတ်လား၊ ကျွန်တော်လည်း အဘွားကြီးဆီမှာ တယောလာထိုးတတ်တာပဲ၊ ဒါပေမဲ့ ခင်ဗျားနဲ့တစ်ခါမှ မဆုံခဲ့ဘူး''

''အို ရှင်ကလဲ တယောထိုးတတ်တာပဲလား''

''ဟုတ်တယ်၊ ကျွန်တော်ကငယ်ငယ်ကလေးထဲက တယောထိုးတတ်လာခဲ့တာ''

''ဟုတ်လား''

မောင်တင်က သူ့ဦးလေးဦးထွန်းငြိမ်းခေါင်းဆောင်၍ သူတို့ဆွေမျိုးတစ်စု၏ တယောထိုးဝိုင်းအကြောင်းနှင့် ထို့နောက် သူကောလိပ်ရောက်ပြီးနောက် စာအုပ်များဖတ်ခြင်း၊ နိုင်ငံခြားမှ တယောဝိဇ္ဇာများလာ၍ ထိုးပြသည်ကို နားထောင်လေ့လာခြင်းများဖြင့် လန်ဒန်ဂီတကျောင်းမှ နှစ်စဉ်ကျင်းပပေးသော ဂီတစာမေးပွဲကို ဝင်ဖြေရာ၌ ၉၈ မှတ်နှင့် ပထမစွဲကာ "သည်ဂရိတ်ကွန်မ်ပိုးဇာ"* ဆုကို ရခဲ့ပုံအကြောင်းတို့ကို ရိုစ်မေရီအား ပြောပြလိုက်မိသည်။

ထိုအခါ ရိုစ်မေရီက မောင်တင်အပေါ် ခင်မင်လေးစားကာ အထင်ကလေးလည်းကြီးသွားပုံဖြင့် ဝမ်းသာအားရ ပြန်ပြောလေသည်။

''ဒီလိုဆို ကျွန်မတို့ဝါသနာတူနှစ်ယောက် အခုလိုလာပြီးဆုံစည်းရတာ ဝမ်းသာစရာပဲရှင့်၊ အတော်ပဲ နောက်ဆိုရင် ရှင်နဲ့ကျွန်မချိန်းပြီး မစ္စစ်ဖာနယ်လ်ဆီမှာ အတူတူ တယောထိုးကြရအောင်လား''

ဂီတအနုပညာ ဝါသနာတူမှု၏ ပေါင်းကူးတံတားကြောင့်ထင်သည်။ သူတို့နှစ်ယောက်သည် မြင်မြင်ချင်း၊ သိသိချင်း ရင်းရင်းနှီးနှီးဖြစ်သွားမိကြလေသည်။

နောက်ဆုံး လူချင်းခွဲ၍ ပြန်ခါနီး၌ ရိုစ်မေရီက မောင်တင်ကို ဖိတ်မန္တကပြုသွားခဲ့လေသည်။

''သဘက်ခါကျရင် ကျွန်မတို့ လေဒီမာဂရက်ဟောလ်မှာ ကပွဲရှိပါတယ်၊ အဲဒီကပွဲကို မစ္စတာတင်လာ ခဲ့ပါနော်၊ ကျွန်မရဲ့ညှော်သည်အဖြစ် အထူးဖိတ်ပါတယ်''

ထိုကဲ့သို့ ဖိတ်သူကဖိတ်ကြားသောအခါ ယဉ်ကျေးမှုဓလေ့ထုံးစံအရ မောင်တင်သွားလိုက်ရလေသည်။

အင်္ဂလိပ်အမျိုးသမီးချောကလေး ရိုစ်မေရီသည် သူ့ညှော်သည်မောင်တင်ကို ဝမ်းသာအားရ ကြိုဆိုကာ ညှော် ဝတ်ပြုရှာသည်။

သူကလေးသည် မောင်တင်ကိုသာ ဦးစားပေး၍ တွဲကလေသည်။

ထိုအခါ သူကလေးက အကၽွဲကျွမ်းကျင်သလောက်၊ မကျွမ်းမကျင်ဖြင့် ကတတ်ရုံမျှရှိသော မောင်တင်မှာ အခက်တွေ့ရလေတော့သည်။

ရိုစ်မေရီကလေးသည် မောင်တင်၏ အခက်ကို ရုတ်တရက် ရိပ်မိသွားပုံရှိသည်။

သူကလေးသည် အလိုက်သိရှာသည်။

''ကျွန်မတို့ စကားပဲထိုင်ပြောကြရအောင်နော်''

---

* The Great Composer

ထို့နောက် နှစ်ယောက်သား ကပွဲခန်းအပြင်ဘက် စကြံသို့ ထွက်၍ စကားထိုင်ပြောလိုက်ကြသည်။

''အိုး ...ကျွန်မက မစ္စတာတင်ကို ယိုးဒယားမင်းသားတစ်ပါးလို့ ထင်နေခဲ့တာရှင့်''

သူတို့ နှစ်ယောက်သားသည် အာလာပ သလ္လာပ ပြောဆိုကြရင်းမှ မောင်တင်ကို မြန်မာလူမျိုးဖြစ်ကြောင်း သိသွားသော ရိုစ်မေရီကလေးက တအံ့တသြပြောလိုက်လေသည်။

''ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ယိုးဒယားပြည်က ယိုးဒယားမင်းသားတွေအကြောင်းသာ ကြားဖူးထား ဖတ်ဖူးထားတော့ ဆံပင်နက်နက် မျက်လုံးနက်နက်နဲ့ အသားဖြူဖြူ ရုပ်ချောချော မစ္စတာတင်ကို ယိုးဒယားမင်းသားတစ်ပါးဖြစ်ရမယ်လို့ စိတ်ကူးနဲ့ မှန်းတွေးလိုက်တာလေ၊ ဟင်းဟင်း''

ရိုစ်မေရီကလေးသည် သူ့အတွေးလွဲချော်သွားခဲ့ခြင်းကို သဘောကျသွားသလို ပြောဆိုကာ ရယ်သွမ်းကလေး သွေးလိုက်ရှာသည်။

သူကလေးကို မောင်တင်က ပြန်မေးလိုက်သည်။

''အခု ယိုးဒယားမင်းသားမဟုတ်ဘူးဆိုတာ သိသွားတော့ကောဗျာ''

''သိသွားတော့ ဗမာအမျိုးသား ဆိုတာဟာလဲ ရုပ်ချောတာပါပဲလားလို့ သိသွားရတာပေါ့ရှင်''

ထို့နောက် သူကလေးက သူမကြားဖူးသေးသော မြန်မာပြည်အကြောင်းကို မေးမြန်းလေသည်။

ထိုအခါ မောင်တင်က သူ့အဖို့ပြော၍ မဆုံးနိုင်သော၊ အားမရနိုင်သော၊ သူ့မြန်မာပြည်အကြောင်းကို တစ်ဖက်သား နားမငြီးနိုင်အောင် စီကာပတ်ကုံးပြောပြလိုက်ရပြန်လေတော့သည်။

သူ့အဖို့ အမျိုးသမီးများနှင့် ခင်ခင်မင်မင်ရင်းရင်းနှီးနှီး အပေါင်းအသင်းမလုပ်တော့ဟု ဆုံးဖြတ်ထားခဲ့သော မောင်တင်သည် နောက်ဆုံးအချိန်ကုန်၍ လူချင်းခွဲခါနီး၌ ရိုစ်မေရီကလေးကို နောက်တစ်နေ့တွင် ထပ်မံတွေ့ဆုံရန် ဖိတ်ခေါ်ချိန်းဆိုမိလျက်သား ဖြစ်သွားလေသည်။

''ကျွန်တော့်ကို အခုလိုခေါ်ဖိတ်ပြီးညှော်ဝတ်ပြုတာကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့ ညှော်ဝတ်ပြုမှု တစ်နှိုန်လုံးမှာလည်း ကျွန်တော် အထူးပဲပျော်ရွှင်ချမ်းမြေ့ခဲ့ရပါတယ်။ အဲဒီအတွက် ကျွန်တော်ကလည်း တစ်ပြန်တစ်လှည့်အဖြစ် မနက်ဖြန်လှေပြိုင်ပွဲကို ကျွန်တော်နဲ့အတူ လာကြည့်ပါလို့ ဖိတ်ပါတယ်''

''ကောင်းပြီလေ ကျွန်မလာခဲ့ပါ့မယ်''

ရိုစ်မေရီက မောင်တင်၏ဖိတ်ကြားချက်ကို အလွယ်တကူပင် လက်ခံလိုက်လေသည်။

ထို့ကြောင့် နောက်တစ်နေ့၌ မောင်တင်သည် ရိုစ်မေရီနှင့်နှစ်ယောက်သားတွဲ၍ အိုင်းစစ်မြစ်ထဲ၌ ကျင်းပသော လှေပြိုင်ပွဲကို သွားကြည့်လိုက်လေသည်။

အောက်စဖို့ဒ်ယူနီဗာစီတီ၌ နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော လှေပြိုင်ပွဲသည် လူအများစိတ်ဝင်စားသော အကျော်ဇေယျအားကစားတစ်ခု ဖြစ်လေသည်။

ထိုလှေပြိုင်ပွဲကို ဟီလရီတမ်း'တွင် တစ်ကြိမ်နှင့် ထရစ်နီတီတမ်း၂တွင် တစ်ကြိမ်၊ စုစုပေါင်း တစ်နှစ်ကို နှစ်ကြိမ် ကျင်းပလေ့ရှိသည်။

ထိုနှစ်ကြိမ်အနက် ထရစ်နီတီတမ်း၌ကျင်းပသော လှေပြိုင်ပွဲအချိန်က ပို၍စည်ကားသိုက်မြိုက်လေသည်။

အကြောင်းမှာ ဒုတိယအကြိမ်အဖြစ် လှေပြိုင်ပွဲကျင်းပသော ထရစ်နီတီတမ်းတွင်လှေပြိုင်ပွဲအပြင် အခြားသောပျော်စရာရွှင်စရာများနှင့် ကပွဲများကိုလည်း ကျင်းပခွင့်ပြုထားသောကြောင့် ဖြစ်လေသည်။

ထိုကဲ့သို့ ပျော်ပွဲရွှင်ပွဲများရှိသော ထရစ်နီတီတမ်း ကျောင်းပိတ်ရက်များ၌ ကျောင်းသူကျောင်းသားများက အိမ်သို့ပြန်ကြသည်ထက် သူတို့၏ မိဘသားချင်းများက ကျောင်းသို့အလည်အပတ် လိုက်လာတတ်ကြလေ့ရှိသည်က များလေသည်။

ထို့နောက် သူတို့သည် မြစ်ကမ်းတစ်လျှောက်၌ တစ်ခုနှင့်တစ်ခု ထိကပ်တန်းစီ၍ တည်ဆောက်ထားသော နှစ်ထပ်လှေဖောင်ကြီးများ³များပေါ်မှနေ၍ လှေပြိုင်ပွဲကို ရှုစားကြလေသည်။

ထို နှစ်ထပ်လှေဖောင်ကြီးများသည် အောက်ထပ်ကို အိမ်ကလေးတစ်လုံးပမာ ခင်းကျင်းပြင်ဆင်ထားကာ လက်ဖက်ရည်သောက်ခန်းများ၊ ကပွဲခန်းများ ဖွင့်ပေးထားသည်။

ထို့ကြောင့် ညှော်သည်များသည် လှေဖောင်ကြီးများ၏အောက်ထပ်၌ ပျော်ပျော်ပါးပါး တွဲခွဲ၍ ကနိုင်ကြသည်။ ထို့အပြင် လက်ဖက်ရည်နှင့်မုန့်များကိုလည်း ကြိုက်သလိုဝယ်ခြမ်းစားသောက်နိုင်ကြသည်။

လှေပြိုင်ပွဲကို ကြည့်လိုသောအခါကျမှ အပေါ်ထပ်သို့တက်၍ စိတ်တိုင်းကျကြည့်နိုင်ကြလေသည်။

မောင်တင်သည် သူဖိတ်ခေါ်ထားသော ရိုစ်မေရီကို လှေဖောင်ကြီးအောက်ထပ်၌ လက်ဖက်ရည်ပွဲဖြင့် ဧည့်ဝတ်ပြုလိုက်သည်။

ပြီးမှ အပေါ်ထပ်သို့တက်၍ လှေပြိုင်ပွဲကိုကြည့်လိုက်ကြလေသည်။

ထိုနေ့က မောင်တင်တို့ အက်ဖိတာကောလိပ်အသင်းနှင့် ဘရာဇီးနို့(စ်)ကောလိပ်အသင်းတို့ အကြိတ်အနယ် လှော်ခတ်ယှဉ်ပြိုင်နေခြင်းဖြစ်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် အားပေးသံများ ဝက်ဝက်ကွဲ၊ သဲသဲညံနေကြလေတော့သည်။

မောင်တင်နှင့် ရိုစ်မေရီတို့နှစ်ယောက်လည်း အခြားသော ကျောင်းသူကျောင်းသားများနှင့်အတူ သူတို့ အက်ဖိတာပြိုင်လှေဘက်မှ တက်တက်ကြွကြွ ပျော်ပျော်ပါးပါး အားပေးလိုက်ကြလေသည်။

ထိုအခိုက်မှာပင် အင်္ဂလိပ်ကျောင်းသားတစ်ယောက်က မောင်တင်ကိုလာ၍ နှုတ်ဆက်လိုက်သည်။

''ဟလို နေကောင်းတယ်နော်''

ထိုအင်္ဂလိပ်ကျောင်းသားသည် မောင်တင်နှင့် တစ်ကျောင်းတည်းတွင် အတူနေသူဖြစ်သည်။

သို့ရာတွင် အနည်းငယ် သွေးကြီးဟန်ရှိသော ထိုအင်္ဂလိပ်ကျောင်းသားသည် တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိရုံမှလွဲ၍ မောင်တင်နှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မရှိခဲ့ချေ။

ယခုမှ သူက ထူးထူးခြားခြားလာ၍ နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

ထိုအခါ မောင်တင်ကလည်း တုံ့ပြန်နှုတ်ဆက်လိုက်ရလေသည်။

''နေကောင်းပါတယ်၊ ကျေးဇူးပါပဲ၊ ခင်ဗျားလဲ နေကောင်းရဲ့နော်''

ထို့နောက် အင်္ဂလိပ်ကျောင်းသားက မောင်တင်ကိုပြောလိုက်လေသည်။

''ကျေးဇူးပြုပြီး ခင်ဗျားအဖော်မိန်းကလေးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါလားဗျာ''

ယခုမှ သူ့ကိုထိုအင်္ဂလိပ်ကျောင်းသား ဘယ်အတွက်လာ၍ နှုတ်ဆက်ခဲ့ကြောင်းကို မောင်တင်သိလေတော့သည်။

ရိုစ်မေရီသည် ချောမောလှပသူကလေး တစ်ဦးဖြစ်သည်။

သည်အတွက် အင်္ဂလိပ်ကျောင်းသားက သိကျွမ်းရင်းနှီးလိုဟန်ရှိသည်။

သို့ရာတွင် သူတို့ယဉ်ကျေးမှု ဓလေ့ထုံးစံအရကြားမှ မိတ်ဆက်ပေးသူရှိမှ အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးက မိတ်ဖွဲ့ခွင့်ရှိသောကြောင့် အင်္ဂလိပ်ကျောင်းသားခမျာ မောင်တင်ထံခွင့်ပန်၍ ရိုစ်မေရီနှင့် မိတ်ဆွေဖြစ်ရန် ကြိုးစားရခြင်း ဖြစ်လေသည်။

ထိုအခါ မောင်တင်သည် မတွန့်မတို ကြည်ဖြူကျေနပ်စွာဖြင့် အင်္ဂလိပ်ကျောင်းသားကို အင်္ဂလိပ်ကျောင်းသူကလေးရိုစ်မေရီနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် အချိန်ကုန်သောအခါ မောင်တင်သည် ပျော်ရွှင်နှစ်သိမ့်စွာဖြင့် အင်္ဂလိပ်ကျောင်းသူကလေး ရိုစ်မေရီကို သူတို့မိန်းကလေးများအဆောင်သို့ အရောက်ပြန်ပို့ပေးခဲ့သည်။

''နောက်မှ တွေ့ကြဦးစို့နော်''

အင်္ဂလိပ်ကျောင်းသူကလေး ရိုစ်မေရီသည် မောင်တင်၏အပေါ်၌ ခင်ခင်မင်မင်ဖြင့်၊ အရှည်မိတ်ဆွေဆက်ဖြစ်ရေး စကားကလေးကို ပေးလိုက်လေသေးသည်။

ထို့နောက် တစ်ပတ်ခန့်အကြာ၌ မောင်တင်သည် ဈေးတန်းတစ်နေရာ၌ ရိုစ်မေရီကို မထင်မမှတ်သွားတွေ့သည်။

''ဟလို နေကောင်းရဲ့လား ခင်ဗျာ''

ထိုအခါ ရိုစ်မေရီကလည်း မောင်တင်ကို ပြန်၍နှုတ်ဆက်သည်။

---

မှတ်ချက် ။ ။ အောက်စဖို့ဒ် ယူနီဗာစီတီ၌ အောက်တိုဘာလမှ ဒီဇင်ဘာလအထိကို Michaelmas Term (မိုက်ကယ်လ်မာ့စ်တမ်း)၊ ဇန်နဝါရီလမှ မတ်လအထိကို Hilary Term ² နှင့် ဧပြီလမှ ဇွန်လအထိကို Trinity Term ³ ဟု ခွဲခြားသတ်မှတ်ထားသည်။

၃။ Barges

သို့ရာတွင် သူ့နှုတ်ဆက်ဟန်ကလေးသည် ဟိုစဉ်တုန်းကကဲ့သို့ ခင်ခင်မင်မင် လိုက်လိုက်လှဲလှဲ မရှိလှဟု မောင်တင် ထင်လိုက်မိသည်။

သူကလေးသည် တစ်စုံတစ်ခုအတွက် စိုးရိမ်ထိတ်လန့်ခြင်းအပြင် ရုတ်တရက် အနေရခက်သွားသကဲ့သို့ ကြောင်တက်တက် ရှက်အမ်းအမ်းကလေးလည်း ဖြစ်နေသည်။

''ကျွန်မကို ခွင့်ပြုပါဦးရှင်''

သူကလေးသည် ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီးနောက် မောင်တင်၏အနီးမှ ခပ်သွက်သွက်ကလေး ထွက်ခွာသွားလေတော့သည်။

မောင်တင်သည် ပထမတွင် အံ့အားသင့်ကာ နားမလည်ဖြစ်ကျန်ခဲ့သည်။

သို့ရာတွင် သူချက်ချင်း သဘောပေါက်လိုက်လေသည်။

ယခုကဲ့သို့ ရို့စ်မေရီ ပြောင်းလဲသွားခဲ့ရခြင်းသည် မောင်တင်ထံခွင့်ပန်၍ မိတ်ဆက်ခိုင်းခဲ့သော အင်္ဂလိပ် ကျောင်းသား၏လက်ချက်ပင် ဖြစ်လေသည်။

သူသည် မောင်တင်၏ မိတ်ဆက်ပေးချက်အရ သိကျွမ်းသွားသောရို့စ်မေရီကို မြန်မာလူမျိုးတွေနှင့် ပတ်သက်၍ သိက္ခာကောင်းကောင်းချပစ်ပေလိမ့်မည်။

''မြန်မာပြည်ဟာ တို့အင်္ဂလိပ်တွေ လက်အောက်ခံ တိုင်းပြည်ငယ်ကလေးတစ်ခုပါ၊ ဒီတော့ ဗမာလူမျိုး တွေဟာလဲ တို့အင်္ဂလိပ်တွေလက်အောက်က ကျွန်နိုင်ငံသားတွေပေါ့၊ သူတို့ဟာ ဘာမှ အထင်ကြီးစရာရှိတဲ့ လူတွေမဟုတ်ဘူး၊ အဲဒါ အင်္ဂလိပ်အမျိုးကောင်းသမီးကလေးတစ်ယောက်အနေနဲ့ ဒီလိုဗမာတစ်ယောက်ကို အရေးအရာထားပြီး အပေါင်းအသင်း မလုပ်သင့်ဘူး၊ မလုပ်ပါနဲ့''

ဟု သူ့အင်္ဂလိပ်ကျောင်းသူကလေးအတွက် စိုးရိမ်စွာဖြင့် အင်္ဂလိပ်ကျောင်းသားက ပြောဆိုတားဆီးမှာ သေချာလေသည်။

ထိုကဲ့သို့သော အပြောကို အင်္ဂလိပ်ကျောင်းသူကလေး ရို့စ်မေရီကလည်း နားထောင်လက်ခံ၍ မောင်တင်ကို ရှောင်ကွင်းသွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မောင်တင်သည် ဆင်ခြင်တွေးတော၍ အဆိုပါအတိုင်း သဘောပေါက်သွားမိသောအခါ အင်္ဂလိပ် ကျောင်းသားနှင့် အင်္ဂလိပ်ကျောင်းသူကလေး ရို့စ်မေရီတို့အပေါ်သို့ စိတ်မဆိုးနိုင်အောင်ဖြစ်သွားလေသည်။

သူသည် စိတ်မဆိုးသည့်အပြင် ကြည်နူးနှစ်သိမ့်ခြင်းပင် ဖြစ်ချင်သွားမိသေးသည်။

မောင်တင်က အင်္ဂလိပ်ကျောင်းသားကို ချီးကျူးမိလေသည်။

အင်္ဂလိပ်ကျောင်းသားသည် အင်္ဂလိပ်ကျောင်းသူကလေးတစ်ယောက်၊ သူတို့လက်အောက်က မြန်မာ တစ်ယောက်နောက်သို့ပါမသွားအောင် အချိန်မီဝင်၍ ပိတ်ပင်တားဆီးခြင်းမှာ သူ့တိုင်းပြည်နှင့် သူ့လူမျိုးကိုချစ်သော မျိုးချစ်၊ ပြည်ချစ်တစ်ယောက်ဖြစ်သောကြောင့် ဖြစ်လေသည်။

လူမျိုးတိုင်းအဖို့ ထိုအင်္ဂလိပ်ကျောင်းသားကဲ့သို့သော စိတ်ဓာတ်မျိုးရှိသင့်ကြသည် မဟုတ်ပါလား။

အင်္ဂလန်ပြည်မှ အင်္ဂလိပ်လူမျိုးတို့၏ မျိုးချစ်စိတ်နှင့် တာဝန်သိတတ်မှုတို့သည် မောင်တင်တို့မြန်မာများ အတွက် အတုယူစရာ နည်းနာမှတ်သားစရာများပင် ဖြစ်လေသည်။

သူတို့သည် ကမ္ဘာပေါ်၌ သူတို့အင်္ဂလိပ်လူမျိုး၊ သူတို့အင်္ဂလိပ်စာပေများ မတိမ်ကောမနစ်မြုပ်စေရန်နှင့် အစဉ်တိုးတက်ကြီးပွားများပြားလာစေရန် တာဝန်ကိုယ်စီ သိကြသူများဖြစ်ကြောင်း မောင်တင်တွေ့ရလေသည်။

တစ်ခါတွင် ပြင်သစ်ကျောင်းသားတစ်ယောက်က ကောလိပ်ညစာခန်းမထဲတွင် သူ့ပြင်သစ်စကားကို ပြောလိုက်မိသည်။

ထိုအခါ အနီး၌ရှိသော အင်္ဂလိပ်ကျောင်းသားများက ကြားသွားကာ

''ဟေ့ကောင် မင်းဘာဖြစ်လို့ ပြင်သစ်စကား ပြောရတာလဲကွ၊ ဟေ''

ဟု ဝိုင်းဝန်းဆူပူပြီးနောက် မတ်ခွက်အပြည့်ဘီယာများကို မနားတမ်းသောက်စေခြင်းဖြင့် အဆိုပါ ပြင်သစ် ကျောင်းသားကို ဒဏ်ခတ်လိုက်ကြလေသည်။

တစ်ခါ၌လည်း မောင်တင်သည် ဥရောပတိုက်မှအပြန်တွင် ရှပ်အင်္ကျီသုံးလေးထည် ဝယ်လာခဲ့သည်။

ထိုကဲ့သို့ သူ့ထံ၌ ဥရောပတိုက်မှ အဝတ်အထည်အင်္ကျီများကို တွေ့သွားကြသော အင်္ဂလိပ်ကျောင်းသားများသည်

မောင်တင်အား မကျေမနပ် ဝိုင်းဝန်းဆူပူကန့်ကွက်ခဲ့ကြဖူးလေသည်။

''ခင်ဗျားက အင်္ဂလန်က အောက်စဖို့ဒ်မှာ ကျောင်းလာတက်ပြီး၊ ဘာဖြစ်လို့ ဥရောပအင်္ကျီကိုဝယ်ဝတ်ရတာလဲဗျ။ အင်္ဂလန်မှာ ဝယ်ဝတ်စရာအင်္ကျီတွေ ပြည့်လို့၊ ဝယ်ဝတ်စမ်းပါဗျာ''

မောင်တင်သည် ရိုးရိုးကျောင်းသားကလေးမဟုတ်ဘဲ မြန်မာပြည်မှ ပါမောက္ခတစ်ဦးဖြစ်ကြောင်းကို အင်္ဂလိပ်ကျောင်းသားများ ကြားဖူးနားဝရှိထား၍သာ ထိုမျှအပြစ်တင် အပြောခံရခြင်း ဖြစ်သည်။

သို့မဟုတ်၍ သူတို့နှင့်တန်းတူ ကျောင်းသားအချင်းချင်းသာဖြစ်ပါက အင်္ဂလိပ်ကျောင်းသားများသည် တိုင်းတစ်ပါးဖြစ် အသုံးအဆောင်နှင့် အဝတ်အထည်များကို ချိုးဖျက်ဆုတ်ဖြဲပစ်ကြမည်သာ ဖြစ်လေသည်။

အင်္ဂလိပ်ကျောင်းသားများ၏ ဝံသာနုစိတ်ဓာတ်အပြည့်ရှိသော၊ ထိုကဲ့သို့အပြုအမူနှင့် ခံယူချက်သဘောထားတို့ကို မောင်တင် အထူးနှစ်သက်ကျေနပ်မိလေသည်။

သူ့မြန်မာလူမျိုး၊ မြန်မာကျောင်းသားတိုင်း ထိုကဲ့သို့စိတ်ဓာတ်၊ ထိုကဲ့သို့ ခံယူချက်မျိုးရှိပါက ကောင်းလေစွဟု မောင်တင်တောင့်တလိုက်မိသည်။

ယခုမူ မြန်မာပြည်မှ မြန်မာလူမျိုးတချို့နှင့် မြန်မာကျောင်းသားအများစုသည် မြန်မာပီသ၍ မြန်မာစကားပြောရမှာကို သေးနုပ်ဂုဏ်ငယ်သည်ဟု ယူဆလက်ခံထားနေကြသည်။

သူတို့သည် မြန်မာလိုပြောနိုင်သောစကားကို အင်္ဂလိပ်ဘာသာနှင့်ပြော၍ အနေအထိုင် အစားအသောက် အဝတ်အထည် အသုံးအဆောင် အားလုံးတို့ကို နိုင်ငံခြားသို့တုကာ အင်္ဂလိပ်ဖြစ်များကိုသာ အထင်ကြီးစွာ လက်ခံနေကြသည်။

ထိုကဲ့သို့ ဖြစ်ရအောင်လည်း အင်္ဂလိပ်များက ဖန်တီးပုံသွင်းထားခဲ့ကြသည်။

သည်အတွက် အင်္ဂလိပ်များကို မောင်တင်အပြစ်မတင်ချေ။

သူက အင်္ဂလိပ်များကို ချီးကျူးစရာပင် ကောင်းသည်ဟုထင်သည်။

အင်္ဂလိပ်များအနေဖြင့် သူတို့လူမျိုး တိုးတက်ကြီးပွားအောင်၊ သူတို့စာပေ ကျယ်ပြန့်အောင်၊ သူတစ်ပါးတိုင်းပြည်များကို လွှမ်းမိုးအုပ်စိုးနိုင်အောင်၊ ရှိသမျှနည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ကြရမည်မှာ သူတို့တာဝန်ဖြစ်သည်။

သို့ရာတွင် သူတို့၏ ကြိုးစားချက်များ မတိုးပွားအောင် ကြံကြံခံခံတိုက်လှန်ရမည်က မြန်မာများ၏တာဝန်ဖြစ်လေသည်။

မိမိတို့၏ မြန်မာစာပေ၊ မြန်မာ့ဓလေ့ ယဉ်ကျေးမှုတို့ကို မိမိတို့ မြန်မာလူမျိုးတိုင်းက အလေးထားမှ သူတစ်ပါးလူမျိုးခြားများက လေးစားမည်။

မိမိတို့စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မိမိတို့က တာဝန်သိသိဖော်ထုတ်နိုင်မှ တိုးတက်ပြန့်ပွားအောင် ကြိုးစားမှသာ တစ်ပါးနိုင်ငံခြားဝါဒတို့ လွှမ်းမိုးဖိနှိပ်မှုများမှ လွတ်ကင်းနိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် အင်္ဂလိပ်များအနေဖြင့် ကမ္ဘာပေါ်တွင် သူတို့လူမျိုးနှင့်တိုင်းပြည်ကို ထင်ရှားအောင် သူတို့စာပေ၊ သူတို့ယဉ်ကျေးမှုများ တိုးပွားကျယ်ပြန့်၍ သူတစ်ပါးအပေါ်၌ လွှမ်းမိုးအုပ်စိုးနိုင်အောင် ကြိုးစားအားထုတ်ကြခြင်းသည် သူတို့ဘက်မှကြည့်လျှင် မှန်ကန်သင့်မြတ်လှလေသည်။

ထိုကဲ့သို့သော စိတ်နေစိတ်ထားနှင့် တာဝန်သိတတ်မှု၊ ကြိုးစားအားထုတ်မှုများကို အင်္ဂလိပ်များထံမှ တစ်ပါးသူများက အားကျ၍ အတုယူနည်းခံကြရမည် ဖြစ်လေသည်။

ထို့ကြောင့် မောင်တင်က သူတို့အင်္ဂလိပ်ကျောင်းသူကလေးတစ်ယောက်ကို တိုင်းတစ်ပါးက လူမျိုးခြား မြန်မာကျောင်းသားတစ်ယောက်နှင့် ခင်မင်ရင်းနှီးကာ ငြိတွယ်မသွားစေရန် ကြားကဝင်ဖျက်သော အင်္ဂလိပ်ကျောင်းသားကို စိတ်မဆိုးသည့်အပြင် ချီးကျူးခြင်းပင်ပြုလိုက်မိသေးသည်။

ထို့အတူ သူကဲ့သို့ နိုင်ငံခြားသား မြန်မာတစ်ယောက်ကို ခင်မင်တွယ်တာဖို့ထက် သူ့အင်္ဂလိပ်အမျိုးတူကျောင်းသားတစ်ဦး၏ သတိပေးတားမြစ်ချက်ကို လက်ခံနားထောင်လိုက်သော အင်္ဂလိပ်ကျောင်းသူကလေး ရိုစ်မေရီကိုလည်း မောင်တင်က ကြည်ကြည်နူးနူး ချီးကျူးမိရင်း ခွင့်လွှတ်လိုက်လေတော့သည်။

ထို့နောက် မောင်တင်က အဆိုးထဲမှ အကောင်းကို ရွေးကာ သူ့ကိုယ်တွေ့ခံစားချက်များကို ဝေဖန်ဆန်းစစ်လျက်၊ အင်္ဂလိပ်တို့၏ ပုံစံနမူနာကိုယူ၍ မြန်မာပြည်သို့ ပြန်ရောက်သောအခါ သူ့မြန်မာစာပေ တိုးတက်ကျယ်

ပြန့်အောင်မြင်နိုင်ရေးအတွက် ဘယ်ကဲ့သို့ အကွက်ချစီစဉ်ဆောင်ရွက်ရမည် စသည်များကို တွေးတောကြံဆခြင်းဖြင့် အရှုံးထဲမှ အမြတ်ထုတ်လိုက်လေသည်။

(ဂ)

''မင်းဟာ ဘာကောင်းသလဲ၊ ဘာများ အားကိုးရသလဲဟင်''

သူတို့ တည်းခိုခန်းထဲသို့ ဝင်လိုက်မိကြသည်နှင့်တစ်ချက်တည်း သူ့ခရီးသွားဖော်ဖြစ်သော ဒတ်ချ်အမျိုးသမီးကြီးက ဒေါ်ကြီးမောကြီးနှင့် မောင်တင်ကို ရန်တွေ့လေတော့သည်။

''တကယ်ဆို ကားသမားက ငါ့ကို လက်သီးလက်မောင်းတန်းပြီး၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောနေတာကို ဒီအတိုင်း ကြည့်နေရသလားဟင်''

သူ့ကို ဒေါ်ကြီးမောကြီး ရန်တွေ့နေသော ဒတ်ချ်အမျိုးသမီးကြီးကိုကြည့်၍ မောင်တင်လည်း စိတ်တိုသွားချင်လေသည်။

ထို့အပြင် သူသည်သူ့အနေဖြင့် ဘယ်ကဲ့သို့ပင် ကြိုးစားရှောင်ရှားသော်လည်း အမျိုးသမီးများနှင့် ပတ်သက်လာပါက တစ်နည်းမဟုတ်တစ်နည်း အမြဲတမ်းပြဿနာတက်လာခဲ့သည်ချည်းဖြစ်သော သူ့ကိုယ်သူစိတ်ပျက်မိလေသည်။

မောင်တင်သည် ယခု ဂျာမနီပြည်နယ်စပ်ရှိ အိုဘာရာမားဂါဦး[၁] ရွာကလေး၌ ရောက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ရောက်နေခြင်းသည် ကြားဖြတ်အစီအစဉ်အရ ရောက်နေခြင်း ဖြစ်လေသည်။

အမှန်က သူ့ထံသို့ရောက်လာသော ဖိတ်ကြားစာကလေးတစ်စောင်အရ မူလအစ သူခရီးထွက်လာခဲ့ခြင်းမှာ ဩစထရီးယား[၂] ပြည်၊ ဗီယားနား[၃] မြို့သို့သာဖြစ်သည်။

မောင်တင်ထံသို့ ရောက်လာခဲ့သော ဖိတ်ကြားစာမှာ ၁၉၂၁ ခုနှစ်၊ ဩစထရီးယားပြည် ဗီယာနာမြို့၌ ကျင်းပမည်ဖြစ်သော၊ နိုင်ငံတကာခရစ်ယာန်အစည်းအဝေးကြီး* သို့ တက်ရောက်ရန် ဖြစ်သည်။

သူ့အတွက် ဖိတ်ကြားစာကို လက်ခံရရှိခဲ့သော မောင်တင်သည် အတော်ကလေးထူးခြား၍ အံ့အားသင့်သွားမိလေသည်။

အကြောင်းမှာ မောင်တင်သည် အင်္ဂလန်သို့ရောက်ခဲ့ပြီးနောက် တစ်ခါမျှ ဘာသာရေးအသင်းအဖွဲ့များနှင့် အဆက်အသွယ်မပြုမိချေ။

ထို့အပြင် သူက သူ့ကိုယ်သူ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ကြောင်းကိုလည်း မည်သူ့အားမျှပြောမပြခဲ့ချေ။

သူက မပြောသည့်အပြင် သူ့ကိုမေးလာခဲ့သူတစ်ဦးအားပင် ငြင်းဆန်ခြင်းပြုလိုက်သေးသည်။

သူ့ကိုမေးလာခဲ့သူကား သူ့အတွက် ယခုကဲ့သို့ အက်ဖီတာကောလိပ်၌ အဆင်ပြေပြေ နေနိုင်ခွင့်ရစေရန် ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်နှင့် ကြိုတင်ဆက်သွယ်ပေးခဲ့သော ခရစ်ယာန်ဘုန်းကြီး ဒေါက်တာကာပင်တာ ဖြစ်လေသည်။

မောင်တင်သည် အောက်စဖို့ဒ်သို့ရောက်ပြီးနောက် သူ့အတွက်ကြိုတင်ဆက်သွယ်၍ အကူအညီပေးခဲ့သော ဒေါက်တာကာပင်တာကို သွားတွေ့လိုက်သည်။

ထို့နောက် နှစ်ယောက်သား ထွေရာလေးပါး စကားပြောနေကြရာမှ ဒေါက်တာကာပင်တာက မောင်တင်ကို ကောက်ကာငင်ကာ မေးခဲ့လေသည်။

''မင်း ခရစ်ယာန် ဟုတ်တယ်မို့လား''

သူ့ကို ဖျတ်ခနဲ အမေးခံလိုက်ရခြင်းအတွက် ရုတ်တရက် မောင်တင်ကြောင်သွားသည်။

---

၁။ Oberammergau

၂။ Austria

၃။ Vienna

* International Christians Conference

ထို့နောက်မှ သူကဘာအတွက်မေးပါလိမ့်ဟု ဒေါက်တာကာပင်တာကို အကဲခတ်လိုက်သည်။ ပြီးလျှင် သူက ခပ်တည်တည် အဖြေပေးလိုက်သည်။

''မဟုတ်ပါဘူး''

မောင်တင်သည် ဒေါက်တာကာပင်တာကို ထိုကဲ့သို့အဖြေပေးခဲ့သည်။ တခြား မည်သူ့ကိုမျှလည်း မောင်တင်က သူ့ကိုယ်သူခရစ်ယာန်ဖြစ်ကြောင်း ထုတ်ဖော်ဆက်သွယ်ခြင်း မပြုခဲ့ချေ။ ဤသည်မှာ သူ၏မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ကြောင့်ပင် ဖြစ်လေသည်။

သည်အတွက် အဓိပ္ပာယ်ကို ရှင်းရမည်ဆိုသော်၊ အင်္ဂလိကန်ခရစ်ယာန်ဘာသာကို ကိုးကွယ်သော အင်္ဂလိပ်အစိုးရသည် သူတို့မင်းလုပ်အုပ်ချုပ်နေသော မြန်မာပြည်၌ သူတို့အမျိုးတူ မျက်နှာဖြူများကို ပထမဦးစားပေးသည်။

ထို့နောက် အင်္ဂလိပ်ကပြားများကို ဒုတိယဦးစားပေးသည်။

နောက်ဆုံးအဆင့်အဖြစ် သူတို့နှင့်ဘာသာတူသော မြန်မာတိုင်းရင်းသား ခရစ်ယာန်ဘာသာဝင်အချို့ကို အခွင့်အရေးကလေး အနည်းအပါး ပေးလေသည်။

သည်အချက်ကို မောင်တင်လက်မခံနိုင်ခြင်း ဖြစ်သည်။

သူသည် ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်သည်မှာ မှန်သော်လည်း သူ့ကိုခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်၍သာ အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလိပ်အစိုးရတို့က ဦးစားပေးခြင်း၊ အခွင့်အရေးပေးခြင်းများကိုမူ မောင်တင် မလိုလားချေ။

သူက သူ့ကို မြန်မာလူမျိုးတစ်ယောက်အဖြစ်နှင့်သာ အသိအမှတ်ပြုစေလိုသည်။ အခွင့်အရေးကိုလည်း ရယူလိုလေသည်။

သူက ဘာသာရေးကိုပန်းပြ၍ ဘာအခွင့်အရေးကိုမျှ မခံစားလိုချေ။

မောင်တင်က လူမျိုးနှင့်ဘာသာရေးကို မရောထွေးလိုချေ။

ဘာသာရေးအယူဝါဒ ယုံကြည်ကိုးကွယ်မှုကတစ်ပိုင်း၊ လူမျိုးနှင့်တိုင်းပြည်ကတစ်ပိုင်းဟု မောင်တင်ခံယူထားလေသည်။

ထိုကဲ့သို့သော ခံယူချက်ကြောင့်ပင် ဒေါက်တာကာပင်တာ၏အမေးကို သူဆန့်ကျင်၍ မမှန်မကန်ဖြေဆိုခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက် နိုင်ငံတကာခရစ်ယာန်ဂိုဏ်းပေါင်းစုံစည်းဝေးကြီးအတွက် ဖိတ်စာရောက်လာသောအခါ မောင်တင်အုံ့အားသင့်ကာ ထူးခြားလှုပ်ရှားသွားခဲ့ရလေသည်။

သူသည် ထူးဆန်းအံ့သြမိသည်နှင့်အမျှ ဝမ်းသာကျေနပ်ခြင်းလည်း ဖြစ်မိလေသည်။

အမှန်တရားဆိုသည်မှာ ကြိုးစားဖုံးကွယ်ထားသော်လည်း လုံခြုံတိမ်မြုပ်နိုင်စွမ်း မရှိနိုင်ပါတကား။

ထိုအစည်းအဝေးကြီးကျင်းပချိန်သည် မောင်တင်တို့ ဆွေလကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေသည်။

ထို့ကြောင့် မောင်တင်လည်း ဝမ်းသာအားရဖြင့် သြစထရီးယားပြည် ဗီယာနာမြို့သို့ ထွက်ခွာလာခဲ့သည်။

နိုင်ငံတကာ ခရစ်ယာန်အစည်းအဝေးကြီးသည် ဗီယာနာမြို့တွင် ကျင်းပမည်ဟုဆိုသော်လည်း မြို့ပေါ်၌ကားမဟုတ်ချေ။

ဗီယာနာမြို့အနီး မီးရထားလမ်းဘေးရှိ တောင်ကုန်းမြင့်မြင့်ကလေးပေါ်မှ ဘုရားရှိခိုးကျောင်းကလေးတစ်ကျောင်း၌ ကျင်းပခြင်းဖြစ်လေသည်။

ထိုအစည်းအဝေးကြီး၌ မောင်တင်သည် နိုင်ငံပေါင်းစုံမှ တက်ရောက်လာကြသော လူမျိုးပေါင်းစုံများနှင့် တွေ့ဆုံသိကျွမ်းရလေသည်။

သူတို့သည် နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံဆိုသော်လည်း ဥရောပတိုက်သားနှင့် အနောက်နိုင်ငံသားများချည်းဖြစ်ကြလေသည်။

အရှေ့တိုင်း အာရှတိုက်မှဆို၍ မြန်မာပြည်သား မောင်တင်တစ်ယောက်နှင့် အိန္ဒိယပြည်သား မစ္စတာချာတာဂျီးတို့နှစ်ဦးတည်းသာ ရှိလေသည်။

ထို့နောက် နိုင်ငံတကာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးအစည်းအဝေးကြီး ကျင်းပပြီးစီးသွားလေသည်။

ထိုအခိုက်မှာပင် သတင်းတစ်ခုကို မောင်တင်ကြားလိုက်သည်။

သူတို့ နိုင်ငံတကာခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးအစည်းအဝေးကြီး ကျင်းပပြီးစီးချိန်တွင် ဩစတြီးယားပြည်နယ်စပ်အလွန် ဂျာမနီပြည်ထဲမှ 'အိုဘာရာမားဂါဦး'အမည်ရှိသော ရွာကလေးတစ်ရွာ၌ ဘာသာရေးပွဲတော်တစ်ခုကို ကျင်းပပြုလုပ်လိုက်လေသည်။

ထိုပွဲတော်ကို ပက်ရှင်းပလေး*ဟုခေါ်သည်။ ထိုပက်ရှင်းပလေးပွဲတော်သည် သခင်ခရစ်တော်အား လက်ဝါးကားတိုင်မှတင်၍ အသေသတ်ခြင်းခံခဲ့ရပုံအကြောင်းကို ဇာတ်နိပါတ်တော်အဖြစ် ခမ်းနားကြီးကျယ်စွာ ခင်းကျင်းကပြခြင်းပင်ဖြစ်သည်။

ထိုပွဲတော်၏ ထူးခြားဆန်းပြားချက်မှာ ဆယ်နှစ်တွင်မှတစ်ကြိမ်သာ အကြီးအကျယ် ခင်းကျင်းပြသခြင်းဖြစ်လေသည်။

ယခု နိုင်ငံတကာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးနှင့် ဆယ်နှစ်ပြည့်ပက်ရှင်းပလေးပွဲတော်တို့လာ၍ တိုက်ဆိုင်နေလေသည်။

ဤတွင် မောင်တင်က ကြုံတုန်းကြုံခိုက် သွားကြည့်လိုက်ချင်သည်။

သို့ရာတွင် ထိုပက်ရှင်းပလေးကို ဂျာမန်ဘာသာဖြင့် ကပြခြင်းဖြစ်သောကြောင့် ဂျာမန်ဘာသာစကားကို မတတ်ကျွမ်းသော မောင်တင်အတွက် အခက်ဖြစ်သွားသည်။

သို့သော်လည်း ချက်ချင်းလိုပင်၊ မောင်တင်အတွက် အဆင်ပြေစရာ အကွက်တစ်ခုက ဖန်တီးဖြစ်ပေါ်လာခဲ့သည်။

အစည်းအဝေးကြီး၌ မောင်တင်နှင့် တွေ့ဆုံသိကျွမ်းသွားခဲ့သော ဒတ်ချ်အမျိုးသမီးကြီး တစ်ယောက်ကလည်း ထိုပက်ရှင်းပလေးပွဲတော်သို့ သွားမည်ဖြစ်သည်။

ထိုအခါ ဂျာမန်စကားတတ်သော ထိုအမျိုးသမီးကြီးက မောင်တင်အတွက် စကားပြန်လုပ်ပေးနိုင်လေသည်။

ထိုကဲ့သို့ သူ့အတွက် အဖော်ပြု၍ စကားပြန်လုပ်ပေးမည့် ဒတ်ချ်အမျိုးသမီးကြီး၏ စရိတ်စကများကို မောင်တင်ကပင် တာဝန်ယူလိုက်သည်။

ထို့နောက် မောင်တင်က တစ်ချက်ခုတ်နှစ်ချက်ပြတ် သူလည်းအလည်အပတ်သွားရင်း ဒတ်ချ်အမျိုးသမီးကြီးကို ဟော်လန်ပြည် အရောက်လိုက်ပို့ပေးဦးမည် ဖြစ်သည်။

ဒတ်ချ်အမျိုးသမီးကြီးမှာ အသက်မငယ်တော့သော်လည်း မကြီးလွန်းသေးသော ခပ်ရွယ်ရွယ်မုဆိုးမတစ်ဦးဖြစ်လေသည်။

ထိုမုဆိုးမ အမျိုးသမီးကြီးသည် မောင်တင်နှင့်ရွယ်တူ သို့မဟုတ်ပါကလည်း သိပ်မကွာသော မတိမ်းမယိမ်းလောက်သာ ရှိမည်ဖြစ်သည်။

သို့ရာတွင် မုဆိုးမ ဒတ်ချ် အမျိုးသမီးကြီးက မောင်တင်ကို သူ့ထက်အတန်ငယ်သော ကျောင်းသားကလေးတစ်ယောက် အနေအထားဖြင့်သာ ပြောဆိုဆက်ဆံလေသည်။

''မင်းနယ်ကွာ၊ မင်းနဲ့ရွယ်တူ ကျောင်းသူချောချောကလေးတွေပေါ်ရဲ့သားနဲ့ ဘာဖြစ်လို့သွားပြီး အဖော်မထယ်တာလဲကွ''

''ဟာဗျာ ကောင်မလေးတွေနဲ့ အပေါင်းအသင်းလုပ်ရတာ ပြဿနာရှုပ်ပါတယ်''

အမျိုးသမီးများနှင့်ပတ်သက်၍ အကြောင်းမလှသော မောင်တင်ကဒတ်ချ်အမျိုးသမီးကြီး၏ အမေးကိုအပြင်းပြန်ပြောလိုက်သည်။

ထို့နောက် မောင်တင်က ဒတ်ချ်အမျိုးသမီးကြီးနှင့် ပြဿနာမဖြစ်ရအောင် သတိထား ရှောင်ရှားရင်း ပက်ရှင်းပလေးပွဲတော် ကျင်းပပြသနေသော အိုဘာရာမားဂါဦး ရွာကလေးသို့သွားလိုက်လေသည်။

သူတို့နှစ်ယောက် ရောက်သွားသောအခါ အိုဘာရာမားဂါဦးတစ်ရွာလုံးသည် ပွဲတော်လာပြည်သူပရိသတ်များနှင့်ပြည့်ကျပ်နေလေသည်။

မောင်တင်တို့နှစ်ယောက်အတွက် တည်းခိုခန်းများပင် မကျန်တော့ချေ။

ယခုနှစ်တွင် နိုင်ငံတကာခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးစည်းဝေးကြီးနှင့် တိုက်ဆိုင်နေ၍ လူသူပရိသတ်

---

* Passion Play

ပိုပိုများပြားနေဟန်ရှိသည်။

နောက်ဆုံး၌ ခက်ခက်ခဲခဲ ရှားရှားပါးပါးနှင့်ပင် အခန်းတစ်ခန်းကို မောင်တင်တို့ ရှာတွေ့လေသည်။

ထိုအခန်းကလေးတစ်ခန်းမှာပင် မောင်တင်နှင့် ဒတ်ချ်အမျိုးသမီးကြီးတို့ အတူတည်းခိုလိုက်ကြရသည်။

ထိုအခန်းတွင် အိပ်စရာခုတင်ဆို၍လည်း တစ်လုံးတည်းသာပါသည်။

သည်အတွက် မောင်တင်က ဒတ်ချ်အမျိုးသမီးကို ဦးစားပေးကာ ခုတင်နှင့်အိပ်စေသည်။

သူကမူ အခန်းတစ်ဖက်ခြမ်း၌ ထိုင်ခုံနှစ်ခုကိုဆက်၍ဖြစ်သလိုပင် အိပ်လိုက်လေသည်။

''ဟော့ ဟော့ ငါအဝတ်လဲမလို့၊ မင်းမျက်စိမှိတ်ပြီး အပြင်ဘက်လှည့်နေစမ်း''

ဒတ်ချ်အမျိုးသမီးကြီးက သူအဝတ်လဲခါနီးတိုင်း ရွှတ်သလိုလို အတည်လိုလိုနှင့် မောင်တင်ကို အမြဲတမ်း ဘစ်ဖက်သို့ အလှည့်ခိုင်းတတ်သည်။

ထိုအခါ သူ့အဖို့တခြားတစ်နေရာသို့သွား၍ အဝတ်လဲစရာမရှိသော မောင်တင်ကလည်း ဒတ်ချ် အမျိုးသမီး ကြီးကို တန်ပြန်၍ ကလဲ့စားချေရလေသည်။

''ကဲ ခင်ဗျားလဲ မျက်စိမှိတ်ပြီး အပြင်ဘက်လှည့်နေပေးဦးဗျ''

ထို့နောက် နှစ်ယောက်သား ပျော်ပျော်ပါးပါးဖြင့် ပက်ရှင်းပလေးသို့ သွားကြည့်လိုက်ကြသည်။

ပက်ရှင်းပလေးဇာတ်နိပါတ်တော်ကို သခင်ခရစ်တော်အား ရောမစစ်သားများက ဖမ်းသွားပြီးနောက်ပိလတ်* မင်းက လက်ဝါးကားတိုင်တွင်တင်၍ သတ်စေဟု အမိန့်ချမှတ်လိုက်သော အခန်းမှစ၍ပြသည်။

ပိလတ်မင်းက အမိန့်ချမှတ်လိုက်သောအခါ သခင်ခရစ်တော်သည် ဆူးဦးရစ်သရဖူကိုဆောင်း၍ သူ့အတွက် လက်ဝါးကားတိုင်ကြီးကို မနိုင်မနင်း ထမ်းသွားရရှာသည်။

ထိုအခါ ဆူးဦးရစ်သရဖူကြောင့် ဦးခေါင်းတော်မှ ချင်းချင်းနီသောသွေးများသည် သခင်ခရစ်တော်၏ ဖြူစင်ငြိမ်းချမ်းသောမျက်နှာပြင်ကိုဖြတ်သန်း၍ ကိုယ်ပေါ်သို့စီးဆင်းကျရောက်လာကြလေသည်။

ထိုကဲ့သို့ ကြီးစွာသော ဝေဒနာကို ပင်ပန်းစွာ ခံစားနေရသော်လည်း သခင်ခရစ်တော်၏ မျက်နှာတော် သွင်ပြင်လက္ခဏာသည် အမျက်ဒေါသနှင့်မာန်မာနများ လုံးဝကင်းရှင်းကာ လူသားတို့အပေါ်၌ အဆုံးစွန်သော ခွင့်လွှတ်ခြင်း၊ ကြီးမားလွန်းသော မေတ္တာထားခြင်းတို့ဖြင့် ပကတိငြိမ်းချမ်းကြည်လင်လျက် ရှိနေလေသည်။

ဇာတ်နိပါတ်တော်ထဲမှ သရုပ်ဆောင်သူများ၏ သရုပ်ဆောင်ချက်များသည် ကောင်းမွန်လွန်းလှလေသည်။

အခင်းအကျင်း အပြင်အဆင်များကလည်း ခမ်းနားစေ့စပ်လွန်းလှသည်။

ထိုအခါ ပွဲကြည့်ပရိသတ်များသည် ဉာဏ်ထက်လုပ်သရုပ်တူဆိုသောအချက်ကိုပင် ရုတ်တရက် မေ့လျော့ သွားကြကာ မျက်ရည်မဆည်နိုင်အောင် ရင်ခိုက်ရှိုက်မောကြရလေတော့သည်။

အဘယ်ကဲ့သို့သော လူသာမန်မျှ မခံမယူဝံ့၊ မခံမယူနိုင်ခဲ့သော လောကလူသားများအတွက် အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာထားခြင်း၊ အသက်ကိုပင် ပေးလှူစွန့်လွှတ်ခြင်းတို့ကို ထူးထူးချွန်ချွန် မွန်မွန်မြတ်မြတ် ခံယူသွားခဲ့ရှာသူ၊ မေတ္တာရှင်သခင်ခရစ်တော်၏ ပင်ပန်းဆင်းရဲလွန်းလှသော ဘဝဖြစ်စဉ် သရုပ်ပြချက်ကလေးသည် ဘာသာပြန်ပြစရာပင် မလိုတော့အောင်ပင် မောင်တင်၏မျက်ဝန်း၌ ခံစားချက်မျက်ရည်ကြည်များဖြင့် ပြည့်ဝန်း ဒွန်းလက်သွားစေခဲ့လေသည်။

သူတို့နှစ်ယောက်သည် ပက်ရှင်းပလေးကို ကြည့်ပြီးနောက်၊ နောက်တစ်ရက်၌ ဂျာမနီပြည်၏မြို့တော် မြူးနစ်** သို့ မော်တော်ကားတစ်စီးငှား၍ လျှောက်လည်ကြပြန်သည်။

ထို့နောက် တစ်မြို့လုံးနှံ့၍ တည်းခိုခန်းသို့အရောက်၌ အငှားကားသမားနှင့် ဒတ်ချ်အမျိုးသမီးကြီးတို့ စကားများကြလေတော့သည်။

အငှားကားသမားတောင်းသော အခကြေးငွေကို ဒတ်ချ်အမျိုးသမီးကြီးက မတရားပိုတောင်းသည်၊ မပေးဟု ဆိုသည်။

ထိုအခါ လူကိုယ်ခန္ဓာကြီး ထွားကျိုင်းသလို၊ အပြောအဆိုလည်း ကြမ်းကြမ်းတမ်းတမ်း ရှိလှသော အငှားကားသမားကြီးက ဒတ်ချ်အမျိုးသမီးကြီးကို လက်သီးလက်မောင်းတန်း၍ ရန်တွေ့လေတော့သည်။

---

* Pilate

ထိုအပြင် အငှားကားသမားကြီးက သူတောင်းသလောက် အခကြေးငွေကို မပေးလျှင် ဒတ်ချ်အမျိုးသမီးကြီးနှင့် မောင်တင်တို့နှစ်ယောက်ကို သူ့မော်တော်ကားထဲမှမဆင်းရဟု ဖွတ်အခမ့ တံခါးပိတ်ထားလိုက်လေသည်။

ဂျာမန်ဘာသာဖြင့် ပြောဆိုနေကြသော ဒတ်ချ်အမျိုးသမီးကြီးနှင့် အငှားမော်တော်ကားသမားကြီးတို့၏ စကားများကို မောင်တင်နားမလည်ချေ။

သို့ရာတွင် သူတို့နှစ်ယောက်၏ပြောဆိုဟန်နှင့် မျက်နှာထား အမူအရာများကို တွေ့မြင်ရခြင်းအားဖြင့် မပြေမလည် အချေအတင် ဖြစ်နေကြကြောင်းကို မောင်တင်ကောင်းကောင်း ရိပ်လိုက်မိလေသည်။

မော်တော်ကားငှားစီးသူနှင့် မော်တော်ကားအငှားသမားတို့ မပြေမလည်ဖြစ်စရာဆို၍လည်း အခကြေးငွေ အပေးအယူ မတည့်ခြင်းသာ ဖြစ်ရမည် မဟုတ်ပါလား။

ဤတွင် မောင်တင်က စကားနည်းရန်စဲဖြစ်စေရန် အငှားမော်တော်ကားသမားကြီး တောင်းသမျှအခကြေး ငွေကို ထုတ်ပေးလိုက်သည်။

ထိုအခါကျမှ အငှားမော်တော်ကားသမားကြီးက ကျေနပ်သွားကာ မောင်တင်နှင့် ဒတ်ချ်အမျိုးသမီးကြီးကို သူ့မော်တော်ကားထဲမှ ဆင်းခွင့်ပေးလိုက်လေသည်။

ထိုကဲ့သို့ အငှားမော်တော်ကားသမားကြီးနှင့် ပြေလည်စေရန် ကြားဝင်ပေးခဲ့သော မောင်တင်သည် ဒတ်ချ်အမျိုးသမီးကြီးထံမှ မကျေမနပ် ရန်ထောင်ဆူပူခြင်းကို ခံယူလိုက်ရ လေသည်။

''မင်းဟာ ယောက်ျားတစ်ယောက် မဟုတ်ဖူးလား ဟင်၊ ပြောစမ်း''

အံ့အားသင့်ကာ ကြောင်နေသော မောင်တင်ကို ဒတ်ချ်အမျိုးသမီးကြီးက ဆက်လက်၍ အပြစ်တင်ဆူပူ လိုက်ပြန်သည်။

''တကယ်ဆို မိန်းမသားတစ်ယောက်ကို အခုလို ရိုင်းရိုင်းပျပျ ပြောဆိုဆက်ဆံနေတဲ့ ကားသမားကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ပါလား။ ခုတော့ ယောက်ျား မဟုတ်သလိုဘဲ ငြိမ်ကြည့်နေပြီး မတရားတောင်းတဲ့ပိုက်ဆံကိုလဲ ပေးလိုက်သေးတယ်၊ မင်းဟာ ဒါလောက်ပဲ သတ္တိနည်းရသလားလို့ ဟင်''

မောင်တင်က တစ်လျှောက်လုံး ပြဿနာကင်းအောင် ကြိုးစားလာခဲ့သော်လည်း ယခုတွင် ဘယ်လိုမျှ ရှောင်မရအောင် ဒတ်ချ်အမျိုးသမီးကြီးက ပြဿနာကို ဖွတ်ဖော်လာခဲ့တော့သည်။

ထိုအခါ မောင်တင်လည်း ရုတ်တရက် စိတ်တိုသွားလေသည်။

သူနှင့်ရွယ်တူ အမျိုးသမီးတစ်ဦးက သူ့ကို သူ့လက်အောက်ငယ်သား၊ မလောက်လေး မလောက်စား ကောင်ကလေးတစ်ယောက်အလား အပြစ်တင်ဆူပူနေခြင်းအတွက်လည်း မောင်တင်ခံပြင်းသွားမိသည်။

ထို့ကြောင့် သူသည် ဒတ်ချ်အမျိုးသမီးကြီး ဖော်လာခဲ့သော ပြဿနာကိုပြေလည်အောင် မကြိုးစားတော့ပဲ ခပ်မာမာ ခပ်တင်းတင်းပင် တန်ပြန်ပြောဆိုလိုက်လေသည်။

''ဘာလဲဗျ ခင်ဗျားက ခင်ဗျားနဲ့ စကားများတဲ့ ကားသမားကြီးကို ကျုပ်က လူမိုက်လုပ်ပြီး ခင်ဗျားအတွက် ထိုးကြိတ်သတ်ပုတ်ပေးရမှာလား၊ ဟုတ်လား''

''ဟုတ်တာပေါ့၊ မင်းရှေ့မှာ အမျိုးကောင်းသမီးတစ်ယောက်ကို ရိုင်းရိုင်းပျပျစော်ကားနေတဲ့ဟာ မင်းသာ သတ္တိရှိတဲ့လူတစ်ယောက်ဆိုရင်''

''ဒီမယ် ဒီမယ်အမျိုးသမီးရဲ့ ခင်ဗျားကားသမားကြီးကို ကျုပ်က လူမိုက်လုပ်ပြီး မထိုးမကြိတ်လိုက်တာနဲ့ ကျုပ်ကိုသတ္တိမရှိဘူးလို့ အရမ်းမစွပ်စွဲစမ်းပါနဲ့ဗျ''

ဒတ်ချ်အမျိုးသမီးကြီး၏ စကားမဆုံးမီမှာပင် မောင်တင်က ခပ်ပြတ်ပြတ် ဝင်ဖြတ်၍ ပြောလိုက်တော့သည်။

''လူတစ်ယောက်ရဲ့ သူရသတ္တိ ဆိုတာဟာ ထိုက်သင့်တဲ့နေရာနဲ့ကျမှ အသုံးချရတာဗျ နားလည်လား၊ အခု ခင်ဗျားကိစ္စက ကျုပ်သတ္တိနဲ့ ဘာမှမဆိုင်ဘူး၊ တကယ်တော့ ခင်ဗျားက ကျုပ်ကိုလူမိုက်ငှားချင်တာပဲ၊ ကျုပ်ဟာ ပညာရှိတစ်ယောက်ခင်ဗျ၊ ပညာရှိဆိုတာ ဘယ်တော့မှ လူမိုက်အဖြစ်မခံဘူး''

မောင်တင်သည် ခံပြင်းစိတ်ဖြင့် သူမည်သူမည်ဝါဖြစ်ကြောင်းကို အမောက်ကလေး ထောင်ပြလိုက်လေသည်။

''ခင်ဗျားတို့ အနောက်တိုင်းနဲ့ ဥရောပတိုက်တစ်ခွင်မှာ သတ္တိချင်းပြိုင်ပြီး ဓားချင်းယှဉ်ခုတ်ကြ၊ သေနတ်ချင်း

---

** Munich

ယှဉ်ပစ်ကြတဲ့အခါ အထက်တန်းလွှာက အောက်တန်းလွှာကလူနဲ့ ယှဉ်ပြိုင်ရိုးထုံးစံမရှိဘဲ အဆင့်အတန်းချင်း တူသူချင်းသာ ယှဉ်ပြိုင်ထိုးခုတ်လေ့ရှိတယ် မဟုတ်လား''

''အဲဒါနဲ့ ဘာဆိုင်လို့လဲ ရှင်ရဲ့''

''ဆိုင်ပါသော်ကောဗျာ၊ ခင်ဗျားသိတဲ့အတိုင်း ကျုပ်ဟာ အော့စဖို့ဒ်ယူနီဗာစီတီက ကျောင်းသားတစ်ယောက်၊ အော့စဖို့ဒ် ကျောင်းသားတစ်ယောက်ဖြစ်ဖို့ဆိုတာကလဲ နယ်နယ်ရရနဲ့ ဖြစ်နိုင်တာမျိုးမှ မဟုတ်ပါပဲလား ခင်ဗျာ''

''အမလေး ကြီးကျယ်လိုက်တာရှင်''

''မကြီးကျယ်နဲ့ခင်ဗျ၊ ကျုပ်ဟာ အော့စဖို့ဒ်ကျောင်းသားတောင်မှ ရိုးရိုးသာမညကျောင်းသားကလေး မဟုတ်သေးဘူးဗျ၊ ကျုပ်တို့မြန်မာပြည်က ရန်ကုန်ယူနီဗာစီတီကြီးမှာ ပါမောက္ခလုပ်ရင်းက ရောက်လာခဲ့တဲ့ ပါမောက္ခကျောင်းသားခင်ဗျ၊ ဒီတော့ ကျုပ်လိုပါမောက္ခ အော့စဖို့ဒ်ကျောင်းသားကြီးတစ်ယောက်က ဒီမှာလာပြီး ဘာမှမဟုတ်တဲ့ အငှားကားသမားတစ်ယောက်နဲ့ ဖက်ပြီးရန်ဖြစ်သတ်ပုတ်ပြီး ကျုပ်ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်ရမှာလား၊ ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါဦး''

''အမလေးဟယ် တော်တော်လဲ ဖြီးစမ်းပါကွယ်''

ဒတ်ချ်အမျိုးသမီးကြီးသည် မယုံကြည်သော မျက်လုံးများဖြင့် မောင်တင်ကိုကြည့်ကာ လှောင်သံဖြင့် ဆိုလိုက်လေသည်။

''အောက်စဖို့ဒ်ကျောင်းသားဆိုတာတော့ ထားလိုက်ပါ၊ ဒါပေမဲ့ မင်းကိုယ်မင်း ပါမောက္ခလို့ ဖြီးတာတော့ မလွန်ဘူးလားကွယ်၊ မင်းဟာ ပါမောက္ခဆိုရင် ဘယ်မှာလဲ ပါမောက္ခတွေရဲ့ အဆောင်အယောင်သက်သေခံဖြစ်တဲ့ အဘိုးကြီးရုပ်၊ ဆံပင်ဖြူဖြူနဲ့ မုတ်ဆိတ်မွေးရှည်ရှည်တွေ ရှာပြစမ်းပါဦး၊ ဟားဟားဟ''

သူသည် ပါမောက္ခတစ်ယောက် အမှန်တကယ်ဖြစ်ကြောင်းကို ပါးစပ်ပြောမှုလွဲ၍ ဒတ်ချ်အမျိုးသမီးကြီး တောင်းဆိုသော အမှတ်တံဆိပ်များကိုမူ တစ်ကျော့ပြန်ကျောင်းသားကြီး ပါမောက္ခမောင်တင်ခမျာ သက်သေခံ အထောက်အထားအဖြစ် တင်ပြစရာမရှိရှာချေ။

နောက်ဆုံး၌ မောင်တင်သည် ထုံးစံအတိုင်း မပြေမလည် အဆုံးသတ်ကာ ဒတ်ချ်အမျိုးသမီးကြီးကို ဟော်လန်ပြည်သို့အရောက် လိုက်ပို့မပေးတော့ဘဲ ယခုအိုဘာရာမားဂါဦး ရွာကလေးမှာပင် လမ်းခွဲအဆက်ဖြတ်၍ အင်္ဂလန်သို့ ပြန်ခဲ့လေတော့သည်။

## (ယ)

ယခုနှစ် အောက်တိုဘာကျောင်းပိတ်ရက်၌ သူ့နာမည်ကိုပြောင်းပြီးသွားသော ဖေမောင်တင်သည် ပြင်သစ်ပြည် ပါရီမြို့သို့ တစ်ကျော့သွားလိုက်ပြန်သည်။

ကျောင်းပိတ်ရက်တွင် အနားလည်းယူရင်း၊ ဒေသန္တရဗဟုသုတလည်း ရှာဖွေလေ့လာရင်း ပါရီမြို့သို့ ရောက်သွားပြန်သော ဖေမောင်တင်သည် သူ့သူငယ်ချင်း၏အမေ ပြင်သစ်ပြည် နိုင်ငံရပ်ခြားမှ ကျောင်းသူ ကျောင်းသားအသင်း ဥက္ကဋ္ဌဖြစ်သော အမေရိကန်အမျိုးသမီးကြီးနှင့် ပထမသွား၍ ဆက်သွယ်လိုက်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ အမျိုးသမီးကြီး၏ ညွှန်ကြားဆက်သွယ်ပေးချက်အရ ဖေမောင်တင်သည် ပါရီမြို့စွန်နားရှိ တိုက်ကြီးတစ်လုံးသို့ ရောက်သွားသည်။

ရိုမေးနီးယန်း မှူးမျိုးမတ်နွယ် ဖနီးမောင်နှံနှစ်ဦးတို့ ကြီးကြပ်ငှားရမ်းသော အဆိုပါတိုက်အိမ်ကြီးသည် ရဲတိုက်ကြီးတစ်တိုက်ပမာ ရှိလေသည်။

တိုက်အိမ်ကြီးထဲတွင် အဆောင်ဆောင်အခန်းခန်းနှင့် အထပ်ပေါင်းလည်း ခြောက်ထပ်ရှိလေသည်။

ခြံဝင်းကြီးမှာလည်း ကျယ်ဝန်းလှ၍ ပန်းမန်သစ်ပင်များ ဝေဆာအုပ်ဆိုင်းကာ ဆိတ်ငြိမ်အေးချမ်းစွာ ရှိလေသည်။

အပန်းဖြေနားနေကြသော အခြားတည်းခိုသူများလည်း ရှိလေသည်။

ထို တိုက်အိမ်ကြီးမှ နေရာချထားပေးသူက ဖေမောင်တင်ကို အပေါ်ဆုံးထပ်သို့ပို့၍ တစ်ယောက်စာ အခန်းကလေးတစ်ခန်း၌ နေစေလေသည်။

ထိုနေရာ ထိုတည်းခိုစခန်း၌ ဖေမောင်တင်သည် နော်ဝေးအမျိုးသမီးကလေးတစ်ဦးနှင့် သိကျွမ်းကာ မိတ်ဆွေ

ဖြစ်လာခဲ့ရပြန်သည်။

ထိုအခါ ဖေမောင်တင်က စဖားလ်ဖတ်ရှာကလေးမှ မစ္စတာနှင့် မစ္စစ်ရဲဘီးယားတို့အိမ်၌ ဆုံစည်းကျွမ်းဝင်ခဲ့ရသော နော်ဝေးကျောင်းသူကလေးကို ပြေး၍သတိရလိုက်မိသည်။

ထို့အပြင် အောက်စဖို့ဒ်ယူနီဗာစီတီမှ တရုတ်ဘာသာစာပေ ပါမောက္ခမစ္စစ်စုတေးလ်ကိုလည်း ဖေမောင်တင် အမှတ်ရလိုက်လေသည်။

သူ့အဖို့ စလျှင်စချင်း နော်ဝေးကျောင်းသူကလေးနှင့် အဆင်မပြေဖြစ်ကာ ရင်မှာထိခိုက်ခံစားခဲ့ရဖူးသော ဖေမောင်တင်သည် မိန်းကလေးများနှင့်ပတ်သက်၍ နော်ဝေးအမျိုးသမီးကလေးများကို အထူးသတိထားကာ ရှောင်ရှားခဲ့သည်။

ထိုကဲ့သို့ ရှောင်ရှားသည့်ကြားမှပင် နော်ဝေးအမျိုးသမီးကလေးများနှင့် ဖေမောင်တင် ထပ်မံဆုံစည်းရန် အကြောင်းက ဖန်လာခဲ့သည်။

အောက်စဖို့ဒ်ယူနီဗာစီတီတွင် မစ္စစ်စုတေးလ်ဆိုသော တရုတ်ဘာသာစာပေပါမောက္ခ အင်္ဂလိပ် အမျိုးသမီးကြီးတစ်ယောက် ရှိသည်။

ထိုအင်္ဂလိပ် အမျိုးသမီးကြီး မစ္စစ်စုတေးလ်သည် တရုတ်ပြည်သို့ ခရစ်ယာန်သာသနာပြုသွားရင်းမှ တရုတ်ဘာသာစာပေကို သင်ကြားတတ်မြောက်လာခဲ့သည်။

ဤတွင် အောက်စဖို့ဒ်ယူနီဗာစီတီက သူ့ကိုခေါ်ယူ၍ တရုတ်ဘာသာစာပေပါမောက္ခ ခန့်အပ်ခဲ့လေသည်။

အော့စဖို့ဒ် ယူနီဗာစီတီ၌ ထိုကဲ့သို့ တရုတ်ဘာသာစာပေပါမောက္ခကို ထားပေးသော်လည်း ထိုဘာသာရပ်ကို သင်ယူသူကား လွန်စွာ ရှားပါးလှလေသည်။

သည်အတွက် ပါမောက္ခမစ္စစ်စုတေးလ်ခမျာ သူ့တရုတ်ဘာသာစာပေကို ကျောင်းသားများစိတ်ပါဝင်စားလာအောင် စည်းရုံးသွေးဆောင်ရရှာလေသည်။

ထို့နောက် ဖေမောင်တင်နှင့် သိကျွမ်းသွားသည့်တွင် မစ္စစ်စုတေးလ်က ဆွဲဆောင်ပြန်လေတော့သည်။

ထိုအခါ ဖေမောင်တင်လည်း မစ္စစ်စုတေးလ်ကို အားနာသွားကာ မြန်မာပြည်ကိုလှမ်း၍ စာရေးကာ တိုင်ပင်ဆွေးနွေးကြည့်သည်။

ဤတွင် ဆရာလုစ်က ဖေမောင်တင်ထံသို့ စာပြန်လိုက်သည်။

''ဟေ့ တင်၊ မင်းနယ်ကွာ အောက်စဖို့ဒ်ကိုသွားတာ တရုတ်စာသင်ဖို့လားကွ''

ဆရာလုစ်၏ လှောင်ပြောင်ချက်ကြောင့် ဖေမောင်တင် တရုတ်ဘာသာစာပေကို မသင်မယူဖြစ်တော့ချေ။

သို့ရာတွင် သူသည် မစ္စစ်စုတေးလ်နှင့်မူ မိတ်မပျက်ဆွေမပျက် အဆက်အသွယ် အဝင်အထွက် ရှိမြဲရှိလေသည်။

သည်အတွက် မစ္စစ်စုတေးလ်၏ မိတ်ဆက်ပေးချက်အရ သူ့ထံ၌ ခေတ္တခဏရောက်ရှိ တည်းခိုနေသော နော်ဝေးအမျိုးသမီး ညီအစ်မနှစ်ယောက်ကို ဖေမောင်တင် သိကျွမ်းလိုက်ရသည်။

ထိုညီအစ်မ နှစ်ယောက်မှ အကြီးမကလေးသည် သူတို့ နော်ဝေးအမျိုးသားဆရာဝန်ကလေးတစ်ဦးနှင့် စေ့စပ်ကြောင်းလမ်းပြီးသားဖြစ်သည်။

သူ့အမျိုးသားဆရာဝန်ကလေးသည် အလုပ်ဝင်ပြီးနောက် အိန္ဒိယပြည်၌ သွားရောက် အမှုထမ်းနေသည်။

နောက်ခြောက်လအကြာတွင် အမျိုးသမီးကလေးနှင့်လာ၍ လက်ထပ်ကာ အိန္ဒိယပြည်သို့ ခေါ်ယူသွားမည်ဖြစ်လေသည်။

သူတို့နှစ်ယောက် လက်မထပ်မီ ခြောက်လအတွင်း၌ အမျိုးသမီးကလေးက အောက်စဖို့ဒ်ယူနီဗာစီတီသို့ လာ၍ အင်္ဂလိပ်စာပေများ သင်ယူနေခြင်း ဖြစ်လေသည်။

တခြားအသိအကျွမ်းမိတ်ဆွေများ မရှိသော ထိုညီအစ်မနှစ်ယောက်ကို ဖေမောင်တင်က လက်ဖက်ရည်သောက်ဖိတ်ခြင်း၊ ထမင်းစားဖိတ်ခြင်း၊ ရုပ်ရှင်ပြခြင်းများကို အလျဉ်းသင့်သလို ပြုစုစောင့်ရှောက်ပေးလိုက်သည်။

အထူးသဖြင့် သူ့အစ်မကဲ့သို့ စာသင်စရာမရှိဘဲ တစ်ယောက်တည်းပျင်းနေရှာသော အငယ်မကလေးကို ဖေမောင်တင်က အဖော်အလျော်ပြုပေးလိုက်မိသည်။

ဤသည်ကို မစ္စစ်စုတေးလ်က ဘယ်သို့တွေး၍ ဘယ့်နှယ်ထင်မြင်သည် မသိချေ။

တစ်နေ့တွင် မစ္စစ်စုတေးလ်က မောင်တင်ကို ပြောလာခဲ့သည်။

''မစ္စတာတင်ရဲ့၊ ကျူပ်တရုတ်ပြည်မှာရှိတုန်းကလေ တရုတ်အမျိုးသားကလေးတွေက ဥရောပတိုက်သူ မျက်နှာဖြူ မိန်းကလေးတွေကိုယူပြီး ခေါ်ခေါ်လာကြတယ်၊ ဒါပေမယ့် သူတို့တရုတ်ပြည်ကိုလဲ ရောက်ရော တရုတ်အမျိုးသားကလေးတွေဟာ သူတို့ခေါ်လာတဲ့ အမျိုးသမီးကလေးတွေကို ညှဉ်းပန်းနှိပ်စက်ပြီး စွန့်ပစ် ထားတတ်ကြတယ်၊ အဲဒါ ကျူပ်တို့သာသနာပြုတွေက ခေါ်ယူစောင့်ရှောက်ပြီး သူတို့တိုင်းပြည်၊ သူတို့မြို့ရွာအရောက် စရိတ်ခံပြီး ပြန်ပြန်ပို့ပေးခဲ့ကြရတယ်၊ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ၊ မလုပ်သင့် မလုပ်ထိုက်ဘူးလေ၊ ဟုတ်တယ် မို့လား မစ္စတာတင်''

တရုတ်ပြည်က တရုတ်ကလေးတွေကို ပုံစံထား၍ သူ့နော်ဝေး အမျိုးသမီးအငယ်မကလေးကိုလည်း မြန်မာပြည်ခေါ်သွားပြီးနောက် သည်ကဲ့သို့မလုပ်ပါနှင့်ဟု စောင်းချိတ်ပြောနေသော မစ္စစ်စုတေးလ်အား ဖေမောင်တင် ရုတ်တရက် စိတ်ဆိုးသွားလေသည်။

ဖေမောင်တင် စိတ်ဆိုးသွားခြင်းမှာ သူ့အနေဖြင့် နော်ဝေးအမျိုးသမီးကလေးအပေါ်မှာ ရိုးရိုးသားသား ဆက်ဆံခဲ့သည်အား အထင်မှားခံလိုက်ရခြင်းနှင့် သူ့မြန်မာအမျိုးသားများအပေါ်သို့ ထင်ကြေးနှင့် အမြင်သေးစွာ စော်ကားခံလိုက်ရခြင်းတို့အတွက်ကြောင့် ဖြစ်လေသည်။

သည်အရေးကိစ္စမျိုးနှင့်ပတ်သက်၍ မစ္စစ်စုတေးလ်ကို ချေပပြောဆိုမည်ဆိုလျှင် ဖေမောင်တင်၌လည်း ပြောဆိုစရာတွေ အများကြီးရှိလေသည်။

မြန်မာပြည်၌ သူတို့အင်္ဂလိပ်လူမျိုး မျက်နှာဖြူများကယူပြီးနောက်၊ စွန့်ပစ်သွားခဲ့ကြသော မြန်မာအမျိုးသမီး ကလေးများ ဒုနှင့်ဒေးရှိကြသည်။

ဖေမောင်တင်ကိုယ်တိုင်ပင်လျှင် သူ့ညီမငယ်ကို အင်္ဂလိပ်လူမျိုးလုစ်နှင့် လက်ထပ်ပေးထားခဲ့ရသေးသည် မဟုတ်ပါလား။

ယခုမူ အဘွားကြီးက သူ့အနောက်တိုင်းသူ မျက်နှာဖြူမကလေးများဘက်မှ တစ်ဖက်သတ်လိုက်ကာ ဖေမောင်တင်တို့ အရှေ့တိုင်း အာရှတိုက်သားများကိုသာ ဟော့ရမ်းသော့သွမ်းသူများပမာ စွပ်စွဲအပြစ်ဖို့နေသည်။

သည်အတွက် ဖေမောင်တင်က လျှာရှည်ကာ စကားများလွန်းသော အဘွားကြီး ပါမောက္ခ မစ္စစ်စုတေးလ်ကို ဘာမျှ ချေပပြောဆိုခြင်းပြုမနေတော့ဘဲ အပြီးအပိုင်သာ အဆက်ဖြတ်ပစ်ခဲ့လေသည်။

ယခုတစ်ခါ ဖေမောင်တင်အတွက် ပြေးမလွတ်နိုင်အောင် နော်ဝေးအမျိုးသမီးကလေးများနှင့်လာ၍ ဆုံစည်း လိုက်ရပြန်လေသည်။

ယခုဆုံလာရပြန်သော အထက်တန်းကျောင်းသူကလေး ဗရော့ကင်ဟောဒ့်ဂျ်ဘော်သင်* က ဖေမောင်တင်ကို မြင်မြင်ချင်းပင် ထူးထူးခြားခြား ခင်မင်ရင်းနှီးသွားလေသည်။

ယခု သူတို့အုပ်စုထဲတွင် အသက်နှစ်ဆယ်ကျော်ခန့် မကြမ်းတောကလေးတစ်ယောက် ပါသည်။

သူသည် ဘယ်သူ့ကိုမျှအဖော်မခေါ်၊ သူ့တစ်ယောက်တည်းသာ အပြင်ထွက်သွားလိုက်၊ ဝုန်းဝုန်းဒိုင်းဒိုင်း ပြန်ရောက်လာလိုက်နှင့် ထင်တိုင်းကြဲနေသည်။

သို့ရာတွင် အသက်ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးသော ဟောဒ့်ဂျ်ကလေးမှာမူ အကြီးအကဲ အုပ်ထိန်းသူများ မပါလျှင် ဘယ်ကိုမျှမသွားရ မလာရရှာချေ။

ဟိုတစ်ယောက်က ကြမ်းကြမ်းတမ်းတမ်း ရှိသလောက် သူကလေးကမူ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ရှိလေသည်။

ဖေမောင်တင်နှင့် သိကျွမ်းသွားသော ဟောဒ့်ဂျ်ကလေးက သူ့ကိုမြို့ထဲသို့လည်ပို့ပေးရန် ပူဆာလေသည်။

သူကလေးမှာ နော်ဝေးမှရောက်လာခဲ့ရသောကြောင့် နေရာအနှံ့သို့ လှည့်ပတ်ကြည့်ရှုလိုလှသည်။

သူ့အဖို့ အုပ်ထိန်းသူအဒေါ်များကို နှောင့်နှေးစွာ စောင့်စားသွားလာရခြင်း၌ အားမရဖြစ်နေမိသည်။

ထို့ကြောင့် သူကလေးက သူ့ကိုမြို့ထဲသို့ ဖေမောင်တင်နှင့်အတူ လိုက်လည်ခွင့်ပြုရန် သူ့အဒေါ်များထံ ခွင့်ပန်လေသည်။

ထိုအခါ သူတို့ကိစ္စနှင့်သူတို့ မအားနိုင်အောင်ရှိနေကြပုံရသော သူကလေး၏ အုပ်ထိန်းသူအဒေါ်များကလည်း ရှောရှောရှုရှု ခွင့်ပြုလိုက်လေသည်။

သို့ရာတွင် အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသော သူကလေးအတွက် အုပ်ထိန်းသူ အဒေါ်များက ဖေမောင်တင်အား မှာကြားလေသည်။

''ညနေ ၆ နာရီထက် မကျော်အောင်တော့ အိမ်ကိုပြန်ခေါ်လာပေးပါနော်''

သူ့အုပ်ထိန်းသူ အဒေါ်များက ယုံယုံကြည်ကြည် ခွင့်ပြုအပ်နှံချက်အရ ဖေမောင်တင်လည်း ဟေဒွါဂ်ျကလေးကို သူသွားလိုကြည့်လိုသော နေရာဌာနများသို့ အနှံ့လိုက်ပို့ပေးလိုက်လေသည်။

''ကျွန်မကလေ ဥရောပတိုက်က နော်ဝေးပြည်သူကလေး ဖြစ်နေလို့လား မသိဘူး၊ အရှေ့တိုင်းအာရှတိုက်က တိုင်းပြည်တွေနဲ့ လူတွေကို သိပ်စိတ်ဝင်စားတာပဲ''

သူသွားချင်သော နေရာများသို့ သွားလာလည်ပတ်ခွင့်ရသဖြင့် ပျော်မြူးကြည်နူးနေသော ဟေဒွါဂ်ျကလေးသည် သူ့ရင်ထဲမှရှိသမျှကို ရိုးသားပွင့်လင်းစွာ ဖွင့်ပြောပြလေသည်။

''ဒါပေမဲ့ ကမ္ဘာ့တစ်ဖက်စွန်းမှာရှိတဲ့ ဥရောပတိုက်ထဲက နော်ဝေးပြည်နဲ့ ကမ္ဘာ့တစ်ဖက်ခြမ်းမှာရှိတဲ့ အရှေ့တိုင်းအာရှတိုက်ဆိုတာက တခြားစီ အလှမ်းက အဝေးကြီး မဟုတ်လား၊ ဒီတော့ ကျွန်မအဖို့ စိတ်ဝင်စားပေမယ့် ကြားဖူးနားဝ စာထဲပေထဲကလွဲလို့ ဘယ်နှယ်မှ အဆက်အသွယ်မရှိခဲ့ဘူးပေါ့''

သူကလေးသည် ပြင်သစ်စကားကို တတ်သလောက် အင်္ဂလိပ်စကားကိုမူ သိပ်ကြီး လည်လည်ပတ်ပတ်မရှိချေ။ သို့သော်လည်း သူ့ဆိုလိုချက်ကို တစ်ဖက်သား သဘောပေါက် ကောက်ယူနိုင်အောင်မူ ပြောပြနိုင်လေသည်။

''အခုတော့ ပါရီကို ကျွန်မလာလိုက်တာ သိပ်ဟန်ကျသွားတာပေါ့၊ မမျှော်လင့်ဘဲ မစ္စတာတင်နဲ့ မိတ်ဆွေဖြစ်ပြီး မစ္စတာတင်ဟာ ကျွန်မစိတ်ဝင်စားနေခဲ့တဲ့ အရှေ့တိုင်း အာရှတိုက်သားတစ်ယောက်ဆိုတာ သိလိုက်ရပြန်တော့ ကျွန်မသိပ်ကိုပျော်သွားခဲ့တာပဲ လေ''

သူကလေးသည် ဖေမောင်တင်ကို ယိုးဒယားမင်းသားတစ်ပါးဟု ထင်လိုက်သေးသည်။

''ကျွန်မတို့အဖို့ အရှေ့အာရှတိုင်းကဆိုရင် ယိုးဒယားပြည်နဲ့ ယိုးဒယားမင်းသား တချို့အကြောင်းသာ ကြားဖူးထားခဲ့တာမဟုတ်လား၊ မြန်မာပြည်ဆိုတာရှိတယ်လို့ မကြားဖူး မသိခဲ့ဖူးလေ''

သူကလေး မကြားခဲ့ဖူး၊ မသိခဲ့ဖူးသော သူ့မြန်မာပြည်သည် ကမ္ဘာ့မြေပြင်၏ဘယ်နေရာ၌ရှိကြောင်းကို ဖေမောင်တင်က ကမ္ဘာ့မြေပုံမှာ ထောက်ပြလိုက်ရသည်။

ထို့နောက် သူကလေးအဖို့ တအံ့တသြဖြစ်သွားစေမည့် မြန်မာပြည်နှင့် မြန်မာပြည်သူ ပြည်သားများအကြောင်းကို စိတ်ဝင်စားစရာကောင်းအောင် ဖေမောင်တင်က ပြောပြလိုက်ရပြန်သည်။

''မစ္စတာတင်တို့ မြန်မာပြည်ကြီးက သာယာနွေးထွေးပြီး မြန်မာပြည်သူပြည်သားတွေကလဲ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲနော်''

သူကလေးသည် ဟန်ဆောင်မှုကင်းစွာ ပြောဆိုလှုပ်ရှားတတ်လေသည်။

မြန်မာအစားအစာများ စားကြည့်ချင်သည်ဆို၍ ဖေမောင်တင်က သူကလေးကို တရုတ်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားကာ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲပြုတ်များ ဝယ်ကျွေးလိုက်သည်။

ထို့အပြင် ကိုယ့်မြန်မာဖြစ်မဟုတ်သော်လည်း အရှေ့တိုင်းအာရှတိုက်နှင့် ပတ်သက်သော စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်စသည်များကို သူကလေးအား တွေ့မြင်စေလိုသော ဖေမောင်တင်ကပြတိုက်များသို့ ခေါ်သွားပို့ပေးကာ ပြသလိုက်ရပြန်သည်။

ထို့နောက် ညနေ ၆ နာရီထက် နောက်မကျအောင်လည်း ဖေမောင်တင်က သူကလေးကို အိမ်အရောက် ပြန်ပို့ပေးရလေသည်။

''တင်နဲ့ ခင်မင်သိကျွမ်းရတာ ကျွန်မအတွက် သိပ်ဟန်ကျတာပဲ၊ နို့မဟုတ်ရင် အဒေါ်တို့ မအားနိုင်တာနဲ့ ကျွန်မပျင်းနေရမှာ၊ အခုတော့ တင်နဲ့မိတ်ဆွေဖြစ်ပြီး နေ့တိုင်းလျှောက်လည်ရတာ သိပ်ပျော်တာပဲ၊ ပြင်သစ်ပြည် ပါရီမြို့ကလဲ တကယ်ပျော်စရာကောင်းတယ်၊ နော်ဝေးကိုတောင် မပြန်ချင်အောင်ပဲလေ''

အပေါ်ယံဟန်မပါဘဲ အမှန်အတိုင်းပြောကာ ပျော်ရွှင်ချမ်းမြေ့နေသော သူကလေး၏ နုပျိုချိုမြသော မျက်နှာလှလှကလေးကိုကြည့်၍ ဖေမောင်တင် ကျေနပ်မိလေသည်။

---

* Froken Hedirg Borthen

သူ့ကြောင့် သူတစ်ပါး၌ အနှောင့်အယှက်မဖြစ်စေဘဲ ပျော်ရွှင်ချမ်းမြေ့မှုရအောင်သာ ဆောင်ရွက်ဖြည့်စွမ်းပေးနိုင်ခြင်းသည် ဖေမောင်တင်အတွက် ငွေနှင့်ဝယ်မရနိုင်သော ကြည်နူးမှုအရသာထူးတစ်ခု ဖြစ်လေသည်။

သို့ရာတွင် အတွေ့အကြုံကလေးများ ရလာခဲ့သော ဖေမောင်တင်က သူကလေးနှင့် ယခုကဲ့သို့သိကျွမ်းခင်မင်ခြင်းအတွက် သိပ်ကြီးအလေးအနက်ကား မထားတော့ချေ။

သူ့အဖို့ အလေးအနက်ထားခဲ့သမျှ၊ သတိထားရှောင်ရှားခဲ့သမျှ၊ နောက်ဆုံး၌ အမျိုးသမီးမိတ်ဆွေများနှင့် မပြေမလည်ပြဿနာဖြစ်ကာသာ လမ်းခွဲအဆက်ဖြတ်ခဲ့ရတတ်သော ဖေမောင်တင်က ယခုသူကလေးနှင့် ပတ်သက်လာသောအခါ တစ်နည်းနည်းဖြင့် ဖြစ်ပေါ်လာဦးမည့် ပြဿနာကို ကြိုတင်မျှော်လင့်ထားလိုက်သည်။

သူသည် သူကလေးအတွက် အတတ်နိုင်ဆုံး တာဝန်ကျေအောင် ပြုစုစောင့်ရှောက်ပေးလိုက်သည်။

သို့ရာတွင် ပြဿနာမပေါ်စေရန်အတွက်ကိုမူ သူသည်အထူးသတိထား၍ ကြိုးစားရှောင်ရှားခြင်းများကား မပြုတော့ချေ။

သူ့အနေဖြင့် တာဝန်ကျေအောင် ဆောင်ရွက်ပေးနေသည့်ကြားမှ ကြုံကြုံဖန်ဖန် ပြဿနာပေါ်လာဦးမည်ဆိုပါက ထိုပြဿနာကိုရင်ဆိုင်ရန် ဖေမောင်တင်က အသင့်ပြင်ထားလိုက်သည်။

သို့သော်လည်း ယခုအချိန်အထိမူ ဘာပြဿနာမှမပေါ်သေးဘဲ သူကလေးသည် အထူးပင် အေးချမ်းပျော်ရွှင်လျက် ရှိလေသည်။

ထိုအခါ အလေးအနက်မထားဟုဆိုသော်လည်း သူကလေး ပျော်ရွှင်နေသည်ကိုကြည့်၍ ဖေမောင်တင်၏ စိတ်မှာ ဝမ်းသာကြည်နူးခြင်းကား ဖြစ်ရလေသည်။

မောင်တင်အဖို့ သူနှင့်အသက်ခေါက်ချိုးနီးပါးကွာခြားနေသော သူကလေးအပေါ်အရွယ်ရောက်သော လူကြီးတစ်ယောက်ပမာ အလေးထားစရာလည်း မလိုချေ။

သူ့အတွက် ဟေဒို့ဂျ်ကလေးသည် ခင်မင်ယုယစရာကောင်းသော ကလေးငယ်တစ်ယောက်ကို ကြုံတုန်းကြုံခိုက် အလိုလိုက်၊ အကြိုက်ပေးခြင်းမျိုးသာဖြစ်သည်ဟု ဖေမောင်တင် သဘောထားလေသည်။

သို့ရာတွင် ဟေဒို့ဂျ်ကလေးကမူ ဖေမောင်တင်ကို သူနှင့် မတိမ်းမယိမ်း အသက်နှစ်ဆယ်ဝန်းကျင်ခန့် အောက်စဖို့ဒ်ယူနီဗာစီတီ ကျောင်းသားကလေးတစ်ယောက်အဖြစ်သာ ထင်မြင်ယူဆထားပုံ ရှိလေသည်။

သူကလေးသည် နောက်ပိုင်း၌ ဖေမောင်တင်ကို ငယ်ပေါင်းကျွမ်းဟောင်းသူငယ်ချင်းတစ်ဦးပမာ ရင်းရင်းနှီးနှီး ရဲရဲတင်းတင်း ပြောဆိုဆက်ဆံလာခဲ့သည်။

''မြန်မာပြည်က တင်တို့ရဲ့အိမ်ကြီးနဲ့ခြံကြီးဆိုတာ အခုဒီတိုက်ကြီးနဲ့ ခြံကြီးလောက် ကြီးသလား၊ ကျယ်ကောကျယ်သလား၊ ပြီးတော့ တင့်အဖေကကော ဘာလုပ်သလဲဟင်''

သူကလေးသည် စပ်စပ်စုစုမေးတတ်သော ကလေးတစ်ယောက်ပမာ ဖေမောင်တင်နှင့်ပတ်သက်၍ စိတ်ပါဝင်စားစွာ မေးတတ်သေးသည်။

''အို ကြည့်စမ်းပါဦး၊ တိုက်ပဲတိုက်ဆိုင်လွန်းလိုက်တာ၊ တင့်အဖေက တိရစ္ဆာန်ဆေးကုတဲ့ဆရာဝန်၊ ကျွန်မအဖေက လူကုတဲ့ဆရာဝန်လေ၊ အိမ်ပြန်ရောက်မှ ပါရီမှာ အာရှတိုက်မြန်မာပြည်က ဗမာလူမျိုးတင်နဲ့သိကျွမ်းပြီးတင်က ပြတိုက်တွေလိုက်ပို့ပေး၊ ခေါက်ဆွဲတွေဝယ်ကျွေးတဲ့အကြောင်းစုံကို အဖေနဲ့အမေ ပြန်ပြောရမယ်သိလား''

သူကလေးသည် ဖေမောင်တင်အပေါ်၌ ခင်မင်တွယ်တာစွာ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လေသည်။

''နောက်တစ်ခါ ကျောင်းပိတ်ရက်ကျရင် တင် တခြားကိုမသွားဘဲ ကျွန်မတို့နော်ဝေးကိုလာလည်ပါလားဟင်၊ ကျွန်မတို့အိမ်မှာပဲတည်းပေါ့၊ အဲဒီအခါကျတော့ အိမ်ရှင်ကျွန်မက တစ်ပြန်တစ်လှည့်အဖြစ် တင့်ကိုအနှံ့လည်ပြပေးမယ်လေ၊ ဆက်ဆက်လာခဲ့နော် လာမယ်ဆိုရင် စာကြိုရေးလိုက်၊ ကျွန်မ ဘယ်မှမသွားဘဲစောင့်ကြိုနေမယ် ဟုတ်လား''

သူကလေး၏ ဖိတ်ခေါ်ချက်ကို ကျေးဇူးတင်လျက် ဖေမောင်တင်က လာခဲ့မည်ဟု ကတိပေးလိုက်သည်။

သူ့အဖို့ ထိုကဲ့သို့ အဖိတ်ခေါ်ခံရပြီးနောက် ထိုကဲ့သို့ကတိပေးခဲ့ဖူးခြင်းအမှု၌ ထူး၍မဆန်းတော့ချေ။

အမျိုးသမီးကလေးများအဖို့ ခေါ်ဖိတ်တုန်းခေါ်ဖိတ်ခဲ့ကြသော်လည်း မပြေမလည်ပြဿနာပေါ်လာသောအခါ၌ကား မိတ်ဆွေအဖြစ်ကလေးမျှ အသိအမှတ်မထားတော့ဘဲ လမ်းခွဲမေ့ပျောက်သွားတတ်ကြသည် မဟုတ်ပါလား။

သည့်အတွက် ဖေမောင်တင်က ဟေဒါ့ဂျိကလေးကို အတွဲအပြန်ဟန်လုပ်၍ ညှော်ဝတ်ပြုခြင်း အနေဖြင့်ပင် သူ့မြန်မာပြည်သို့လည်း အလည်လာခဲ့ပါဟု မဖိတ်မခေါ်ဘဲဆိတ်ဆိတ်နေလိုက်သည်။

ထို့နောက် သူကလေးက နော်ဝေးပြည်မှ သူ့အိမ်လိပ်စာကိုပေး၍ ဖေမောင်တင်ထံမှ အောက်စဖို့ဒ်ကျောင်း လိပ်စာကိုလည်း တောင်းယူသည်။

ဤကဲ့သို့ နှစ်ယောက်သား စကားပြောလိုက်၊ အပြင်ထွက်လည်လိုက်ဖြင့် ခွဲခွာရန်အချိန်သို့ပင် ရောက်လာခဲ့ တော့သည်။

ထိုအချိန်အထိ သူတို့နှစ်ယောက်ကြား၌ ဘာပြဿနာမျှမပေါ်သေးသည်ကို ဖေမောင်တင် ထူးထူးခြားခြား သတိထားလိုက်မိလေသည်။

သို့ရာတွင် နောက်ဆုံးအချိန်အထိ မရောက်သေးသောကြောင့် ဖေမောင်တင် တထစ်ချ မယုံဝံ့သေးချေ။

ဟေဒါ့ဂျိကလေးသည် တစ်ချိန်လုံး ပျော်ရွှင်မြူးထူးနေခဲ့သလောက်၊ နှစ်ယောက်သား ခွဲခွာကြရခါနီး၌ မျက်နှာကလေးညိုးနေရှာသည်။

သူကလေး၏ အပြစ်ကင်းသော မျက်လုံးကြည်ကြည်လဲ့လဲ့ကလေးအစုံမှာလည်း ဝမ်းနည်းရိပ်ကလေးများ ယှက်သမ်းရီဝေနေတော့သည်။

''ကျွန်မတော့ အခုပါရီမှာ တင်နဲ့နှစ်ယောက်သား ပျော်ပျော်ပါးပါး သွားလာစားသောက် နေထိုင်ပြောဆို ခဲ့ကြတာတွေကို အမြဲတမ်း သတိရပြီး တင့်ကို လွမ်းနေမိတော့မှာပဲ လေ''

သူကလေးကို ဖေမောင်တင် သနားသွားလေသည်။

သို့သော်လည်း သူဘာမျှမတတ်နိုင်ချေ။

''တင် မြန်မာပြည်ပြန်တော့ ကျွန်မကိုလည်း ခေါ်သွားပါလားဟင်၊ ကျွန်မ တင့်နောက်ကို လိုက်ခဲ့မယ်လေ''

သူက မခေါ်မဖိတ်ပါဘဲနှင့်ပင် ရိုးသားပွင့်လင်းစွာ လိုက်ခွင့်တောင်းနေသော သူကလေးကိုကြည့်၍ ဖေမောင်တင် မျက်လုံးပြူးသွားလေသည်။

ဤသည်မှာ ဖေမောင်တင်အတွက် သူကလေးနှင့်ပတ်သက်၍ တစ်ချိန်လုံးကင်းနေခဲ့သော ပြဿနာကို သူကလေးက စဖော်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

သူကလေး၏ ပြောစကားကို အုပ်ထိန်းသူများသာကြားသိသွားပါက ဖေမောင်တင်အတွက် သိပ်မလွယ်ချေ။

အသက်မျှမပြည့်သေးသော မိန်းကလေးတစ်ယောက်ကို သွေးဆောင်ဖြားယောင်းသည်ဟု ထင်သွားခဲ့ ကြသော် မခက်ပါလား။

ထို့ကြောင့် ဖေမောင်တင်က သူကလေး၏တောင်းဆိုလာချက်ကို အားပေးအားမြှောက်လုံးဝမပြုဘဲ ခပ်မြန်မြန် လှချင်းခွဲခဲ့ရလေသည်။

သည့်အတွက် သူကလေးခမျာ စိတ်မကောင်းဖြစ်ကျန်ခဲ့ကောင်း ဖြစ်ကျန်ခဲ့ရှာပေမည်။

သို့မဟုတ် သူ့ကို စိမ်းစိမ်းကားကားပြုသွားသော ဖေမောင်တင်ကို စိတ်ဆိုးစိတ်ကောက်ချင်လည်း စိတ်ကောက်ကျန်ခဲ့ချေမည်။

သူကလေးသည် ဘယ်သို့ပင် သိမ်မွေ့အေးဆေးကာ သဘောကောင်းသည်ဆိုသော်လည်း အကဲဆတ်သော ဥရောပတိုက်သူတစ်ယောက်ပင် ဖြစ်သည်မဟုတ်ပါလား။

ထိုအခါ သူကလေးသည် စိတ်ဆိုးစိတ်ကောက်ဖို့ ပိုများလေသည်။

ထို့နောက် ဖေမောင်တင် အော့စဖို့ဒ်သို့ ပြန်ရောက်ပြီးနောက် ကျောင်းများပြန်ဖွင့်၍ တစ်လခန့်အကြာ၌ သူ့ထံသို့ စာတစ်စောင် ရောက်လာခဲ့သည်။

စာကို ဖောက်ကြည့်လိုက်သောအခါ၌ကား ဖေမောင်တင် လုံးဝမျှော်လင့်မထားခဲ့သော နော်ဝေးပြည်သူကလေး ဟေဒါ့ဂျိထံမှ ဖြစ်နေလေသည်။

ဟေဒါ့ဂျိကလေးက စာထဲ၌ ဖေမောင်တင်ကိုသတိရကြောင်း၊ ပါရီမြို့၌ ဖေမောင်တင်နှင့် တွေ့ဆုံခဲ့ပုံ အကြောင်းစုံအား သူ့အဖေနှင့်အမေတို့ကို ပြန်ပြောပြကြောင်း၊ သူ့အဖေအမေတို့ကလည်း ဖေမောင်တင်ကို တွေ့မြင်လိုကြောင်း၊

ထို့ကြောင့် ယခုတစ်ခေါက် ကျောင်းပိတ်ရက်၌ သူတို့နော်ဝေးပြည်သို့ ဖေမောင်တင်ကို အရောက်လာစေ


MKS PUBLISHING

လိုကြောင်းနှင့် သူ့ထံစာပြန်ရန် ရေးသားထားလေသည်။

ဟောဒ့်ဂျ်ကလေးထံမှ စာသည် ဖေမောင်တင်၏ စိတ်ကို ကြည်နူးနှစ်သိမ့်သွားစေလေသည်။

သူကလေး၏ စာထဲ၌ ဒေါသ၊ မောဟများ လုံးဝ မပါချေ။

သူကလေး၏ သိမ်မွေ့သော စိတ်ဓာတ်ကလေးများက ဖေမောင်တင်အပေါ်၌ အခင်အမင်မပျက် ကြည်ဖြူခွင့်လွှတ်ထားလေသည်။

သို့ရာတွင် သံယောဇဉ်တွယ်၍ သံသရာမရှည်ချင်တော့သော ဖေမောင်တင်က သူကလေးထံသို့ စာမပြန်ဘဲ နေခဲ့သည်။

သူကလေးသည် ဖေမောင်တင်ထံမှပြန်စာကို သုံးလေးငါးလ၊ တစ်နှစ်အထိလောက် မျှော်လင့်ကောင်း မျှော်လင့်နေဦးမည်ဖြစ်သည်။

ထို့နောက် နှစ်နှစ်၊ သုံးနှစ်လောက် ကြာသွားသောအခါ မျှော်လင့်ချက်ဆိတ်သုဉ်းသွားမည်မှာ သေချာသည်။

နောက်ဆုံး၌ သူကလေးသည် အချိန်တန်အရွယ်ရောက်၍ အိမ်ထောင်ရက်သားကျသွားသောအခါတွင်ကား ပြင်သစ်ပြည်၊ ပါရီမြို့၌ မထင်မှတ် တွေ့ဆုံသိကျွမ်းခဲ့ရဖူးသော ကမ္ဘာမြေပြင်တစ်ဖက်စွန်းရှိ အာရှတိုက်တစ်ခွင်မှ မြန်မာပြည်သား ဖေမောင်တင်ဆိုသည်ကို လုံးဝ မေ့ပျောက်သွားပေလိမ့်မည်။

ဖေမောင်တင်ကမူ သူ့အတွက် ဘယ်လိုမှ ထူးခြားလာမည်မဟုတ်သော နော်ဝေးသူကလေး ဖရော့ကင် ဟောဒ့်ဂျ်ဘော်သင်ကို ယခုကတည်းက သူ့စိတ်ထဲမှ မေ့ပျောက်ထားလိုက်လေသည်။

ထို့နောက် သူသည် သူ့မြန်မာပြည်သို့ ပြန်လာခဲ့လေတော့သည်။

ထိုကဲ့သို့ အမျိုးသမီးများနှင့် ပတ်သက်လာတိုင်း၊ အမြဲတမ်း အကျိုးမပေးခဲ့သော ဦးဖေမောင်တင်အဖို့ မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် မငြိမ်းအေးကလေးနှင့် ဖြစ်ပျက်ရသော ပြဿနာမှာ အဆိုးဝါးဆုံး။ သူ့စိတ်မှာ အခံစားရဆုံးဖြစ်လေသည်။

ထိုကြောင့် ဦးဖေမောင်တင်သည် သူ့သဘောနှင့်သူ အမျိုးသမီးများအား ပတ်သက်ဆက်သွယ်ရမည်ကို လုံးဝ လက်လျှော့လိုက်တော့သည်။

ထို့နောက် သူသည်သူ့အဖို့ အိမ်ထောင်ပြုရေး ကိစ္စဝိစ္စအားလုံးကို သူ့အမေ၊ သူ့အစ်မများသို့ တာဝန်ပုံပေး လိုက်လေတော့သည်။

# ၃၁

# သူ့အတွက် ဖူးစာဖက်တွေ့လေပြီ

''ကဲ မေမေ့သား လူပျိုကြီးအတွက် ဖူးစာဖက် မိန်းကလေးတော့ တွေ့ပြီကွယ့်''

မကြာမီသော ရက်အတွင်းမှာပင် ဦးဖေမောင်တင်၏ မေမေက ပြောလာခဲ့လေသည်။

''သား မမကြီးကသွားကြည့်ပြီး မိန်းကလေးကိုသဘောကျလို့ စကားတောင်ပြောဆိုလာခဲ့ပြီလေ''

''ဟောဗျာ မမကြီးတို့များ တယ်လဲမြန်လိုက်ကြပါလား၊ ဘယ်က ဘယ်သူ့သမီးပါလိမ့်၊ ပြောပါဦး''

''မြန်ဆို သတင်းကြားတာနဲ့ တစ်ခါတည်းမမကြီးက အချိန်မဆွဲဘဲအပြေးအလွှားသွား ကြည့်ပြီး စနည်းနာခဲ့တာကိုးကွယ့်''

ဦးဖေမောင်တင်၏ တအံ့တသြပြောခြင်းကို သူ့မမကြီးက အတုံ့ပြန်လိုက်သည်။

ထို့နောက် ဦးဖေမောင်တင်၏ မမကြီးသည် ဝမ်းသာပီတိဖြစ်နေသံဖြင့် ဆက်၍ပြောပြ လိုက်လေသည်။

''မိန်းကလေးက သာယာဝတီက နာမည်ကျော် ဘိလပ်ပြန်ရှေ့နေကြီး ဝီလီယမ်[၁]ဦးဖိုးဒန်နဲ့ ဒေါ်မြကြီးတို့ရဲ့ တစ်ဦးတည်းသမီးကလေး ကြည်ကြည်တဲ့ကွယ့်၊ ကွန်ဗင့်ကျောင်းထွက်မို့ အင်္ဂလိပ်နာမည်က အီးဒစ်သ်[၂]လို့ ပြောတယ်၊ ဒါပေမဲ့ သူ့မိသားစုကတော့ ချစ်စနိုးနဲ့ သူ့ကို အီဒီလို့ပဲခေါ်ကြတယ်ကွယ့်၊ ရုပ်ကလေးကလဲ ချောတယ်၊ မမကြီးတော့ သဘောကျလာခဲ့ပြီ''

''ဒါဖြင့် မိန်းကလေးကို ကာယကံရှင် ကျွန်တော်က မကြိုက်ရသေးခင် မမကြီးက အရင်ကြိုက်ခဲ့တယ်ပေါ့၊ ဟုတ်လား''

''အေး အေး၊ ဟုတ်တယ်''

မောင်နှမနှစ်ယောက် ပြောပြီးနောက် ရယ်မောလိုက်ကြသည်။

ပြီးမှ သူ့မမကြီးက ဦးဖေမောင်တင်ကို အစီအစဉ်ဆွဲပေးလိုက်လေသည်။

''အဲဒါ မမကြီးကတော့ စကားစခဲ့ပြီးပြီ၊ မင်းအားတဲ့တစ်နေ့ သာယာဝတီကိုသွားပြီး မိန်းကလေးကို မင်းကိုယ်တိုင်ကြည့်ချင် ကြည့်ချေဦး''

---

၁ William

၂ Edith

အကယ်၍ သူ့မမကြီးက အစီအစဉ်ဆွဲမပေးလည်း ဦးဖေမောင်တင်က သူ့အတွက် ဇနီးလောင်းကလေးကို သွားကြည့်မည်သာ ဖြစ်သည်။

ထို့ကြောင့် တနင်္ဂနွေနေ့ကျောင်းအားရက်၌ ဦးဖေမောင်တင်သည် မိတ်ဆွေဦးငေးကို အဖော်ခေါ်ကာ သာယာဝတီသို့ သွားလိုက်သည်။

သူ့အပေါ်၌ ငြင်းစရာ ဘာတစ်ချက်မျှရှိဟန်မတူသော ယောက္ခမလောင်းများက သားမက်လောင်း ဦးဖေမောင်တင်ကို ခရီးဦးကြိုပြုကြသည်။

ထို့နောက် သူတို့သမီးချောကိုလည်း ဦးဖေမောင်တင်အားထွက်၍ နှုတ်ဆက်စေလေသည်။

''နေကောင်းပါရဲ့လားရှင်''

သူ့ဇနီးလောင်းကလေး ကြည်ကြည်ခေါ် ကွန့်ဗင့်ကျောင်းထွက်ကလေးအီဒီက ခင်ပွန်းလောင်းဘီလပ်ပြန် ပါမောက္ခကြီး ဦးဖေမောင်တင်ကို အင်္ဂလိပ်စကားဖြင့် နှုတ်ခွန်းဆက်လိုက်လေသည်။

သူ့ဇနီးလောင်း ကြည်ကြည်ခေါ် အီဒီသည် ဘီလပ်ပြန်ဘိုဆန်လှသောဝတ်လုံကြီး ဦးဖိုးဒန်၏သားသမီး ခြောက်ယောက်တွင် တစ်ဦးတည်းသောသမီး ကွန့်ဗင့်ကျောင်းထွက်ဖြစ်သော်လည်း မိခင်၏မြန်မာဆန်မှု ကြောင့်ထင်သည်၊ မြန်မာဆန်ဆန်ဝတ်ဆင်ပြင်သထားလေသည်။

ဘိုဆန်လှသော သူ့အဖေ၏ခေါ်ထုတ်မှုကြောင့်သာ ခပ်ရှက်ရှက်နှင့်ထွက်၍ နှုတ်ဆက်ရဟန်တူသော အသက်နှစ်ဆယ့်ခြောက်နှစ်ရွယ် ကြည်ကြည်ခေါ် အီဒီကလေး၏ မြန်မာဆန်ဆန် ချောယဉ်လှပနေမှုကလေးက မြန်မာစာ ပါမောက္ခလူပျိုကြီး ဦးဖေမောင်တင်ကို မြင်မြင်ခြင်း မျက်စိကျသွားစေလိုက်လေသည်။

အသားဝါဝင်းကလေး ကြည်ကြည်သည် မျက်နှာကလေးသွယ်သွယ်နှင့် နွဲ့နွဲ့နှောင်းနှောင်းရှိသော်လည်း ထောင်ထောင်မောင်းမောင်း ဦးဖေမောင်တင်နှင့် ရှေ့သွားနောက်လိုက်ညီအောင် အရပ်အမောင်းကောင်းသူကလေး ဖြစ်လေသည်။

ထိုကဲ့သို့ ချောမောလှပသော ကြည်ကြည်ခေါ် အီဒီကလေးကို မြင်သည့်တစ်ခဏ၌ ဦးဖေမောင်တင်သည် သူတွေ့ဖူးခဲ့သမျှ မိန်းမလှကလေးများအား သတိမရအားတော့ဘဲ လူပျိုကြီးသူ့ဘဝကို စွန့်လွှတ်လိုက်ရန် ကျေကျေနပ်နပ် ဆုံးဖြတ်လိုက်လေသည်။

''ဟေ့ ဖေမောင်တင်၊ မင်းအမဲပစ်ဝါသနာပါတယ်လို့ ကြားတယ်၊ ငါ့ခြံထဲမှာ လာပစ်လှည့်စမ်း''

ယောက္ခမလောင်းကြီး ဦးဖိုးဒန်က ရန်ကုန်ယူနီဗာစီတီမှ သမက်လောင်းပါမောက္ခကြီး ဦးဖေမောင်တင်ကို အခွင့်အရေးပေး၍ ဖိတ်ခေါ်လိုက်လေသည်။

ဝတ်လုံတော်ရကြီး ဦးဖိုးဒန်သည် သူ့သား ငါးယောက်စလုံးကို ကလကတ္တားသို့ပို့၍ ပညာများသင်ကြား နေစေကာ တစ်ဦးတည်းသမီးကလေးကိုမူ ကွန့်ဗင့်ကျောင်းမှာ ထားခဲ့သည်။ ဦးဖိုးဒန်သည် ဘိုဆန်ဆန် နေထိုင်စားသောက်သော်လည်း သူ့အိမ်ကိုမူ ကျွန်းသစ်အကောင်းစားများဖြင့် မကြီးမသေး မြန်မာဆန်ဆန် တစ်ထပ်တည်း ဆောက်ထားလေသည်။

ထိုကဲ့သို့သော ကျွန်းအိမ်ကလေးကို ဦးဖိုးဒန်၏ ကေနှစ်ဆယ်မျှရှိသော ခြံဝင်းကျယ်ကြီးထဲမှ သရက်၊ မရန်း၊ ပိန္နဲ၊ သြဇာ၊ မာလကာ စသည့် နှစ်ကြီးစားပင်သောက်ပင်များက ဝန်းရံအုပ်ဆိုင်းထားကြသည်။

ထို့အပြင် အိမ်နှင့် ခပ်လှမ်းလှမ်းနေရာများ၌ ဝါးရုံနှင့်သစ်ပင်များက တောအုပ်ကလေးအသွင်ဖြစ်နေ သောကြောင့် အမဲလိုက်စရာ နေရာကောင်းကလေးတစ်ခု ဖြစ်နေလေသည်။

ဦးဖေမောင်တင်သည် သူ့အတွက် ဇနီးလောင်းကလေး ကြည်ကြည်ကို ကြည့်ပြီးနောက် ဦးငေးနှင့်နှစ်ယောက် သား ရန်ကုန်သို့ ပြန်ခဲ့ကြလေတော့သည်။

''ဘယ့်နယ်လဲ ပရော်ဖက်ဆာ၊ ဇနီးလောင်းကို သဘောကျရဲ့လား''

''ခင်ဗျားကော ဘယ်လိုမြင်တုံး၊ ပြောပါဦး''

အိမ်အပြန်လမ်း၌ ဦးငေးက မေးသည်ကို ဦးဖေမောင်တင်က မဖြေဘဲ ထင်မြင်ချက်ပြန်တောင်းလိုက်သည်။

''ကျွန်တော့်အမြင်တော့ မဆိုးပါဘူး''

သည်အခါကျမှ ဦးဖေမောင်တင်ကလည်း အဖြေပြန်ပေးလိုက်လေသည်။

''အင်း ကျုပ်လဲ သဘောကျပါတယ်''

''ဟုတ်လား၊ ဒါဖြင့် ပရော်ဖက်ဆာမျက်စိထဲမှာ အီဒီကလေးဟာတော့ ရှဉ့်မကလေးနဲ့မတူတော့ဘူးပေါ့ နော်''

''ဟား ဟား ဟား''

နှစ်ယောက်သားပြောကာ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ထို့နောက် ဦးဖေမောင်တင်သည် သူ့ဘက်မှ မျိုးရိုးဘိုးဘွားများအဖို့ ထူးခြားသော ရာဇဝင်သမိုင်းကြောင်းများဖြင့် ဆင်းသက်လာသကဲ့သို့ ယခု သူ့ဇနီးလောင်း ကြည်ကြည်ခေါ် အီဒီကလေး၏ ဘိုးဘွားများဘက်ကလည်း ထူးထူးခြားခြား မှတ်သားစရာ အချက်အလက်ကလေးများ ရှိခဲ့ကြောင်းကို သိရှိလိုက်ရလေသည်။

ယခု ဦးဖေမောင်တင် မော်တော်ကားမောင်း၍ ပြန်လာခဲ့သော ရန်ကုန်-ပြည် မော်တော်ကားလမ်းနှင့် တစ်ဖက်မှ မီးရထားသံလမ်းတို့သည်ကား သူ့ဇနီးလောင်း ကြည်ကြည်၏အဘိုး ဝတ်လုံတော်ရကြီး ဦးဖိုးဒန်၏ အဖေဖြစ်သူ ဦးဖဲ၏ စိစဉ်ညွှန်ကြားမှုလက်ရာများပင် ဖြစ်လေသည်။

ထိုမော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့သည် အဘယ်ကဲ့သို့ ဦးဖဲ၏ စိစဉ်ညွှန်ကြားမှုဖြင့် ဖြစ်ပေါ်လာခဲ့ရပုံကို ပြန်ပြောင်းတင်ပြရမည် ဆိုပါမူကား–

## (၁)

သူ့နာမည်သည် မောင်ဖဲဖြစ်လေသည်။

သို့သော်လည်း ဗိုလ်ကလေးမောင်ဖဲဟူသော ဝိသေသထူးကလေးပါမှသာ သူ့ဇာတိ သုံးဆယ်မြို့ရွာဒေသတစ်ဝိုက်မှာ သူ့နာမည်က ပို၍ကျွမ်းဝင် ထင်ရှားခဲ့လေသည်။

ထိုကဲ့သို့ ဝိသေသထူးကလေးဖြင့် သူ့အတွက်ထင်ရှားစေခဲ့သော နာမည်ကလေးတစ်လုံးကို မောင်ဖဲသည် သက်သက်သာသာ လွယ်လွယ်ကူကူနှင့် ရယူပိုင်ဆိုင်နိုင်ခဲ့သည်ကား မဟုတ်ချေ။

သူ့အဖို့ ထိုနာမည်တစ်လုံးကို ကြေကွဲဖွယ်ရာအလွမ်းဇာတ်ဖြင့် စတင်ခဲ့ပြီးနောက် မဖြစ်မနေသော ဖွဲလုံ့လ၊ သတ္တိတို့ဖြင့် ရင်းနှီးတည်ဆောက်ကာ ရယူပိုင်ဆိုင်လာခဲ့ရခြင်း ဖြစ်လေသည်။

မောင်ဖဲကလေး အသက်လေးငါးနှစ်သားအရွယ်မှာပင် သူ့မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့ကြသည်။

ထိုအခါ သူ့အတွက် အားကိုးစရာတစ်ဦးတည်းဖြစ်သော အိမ်ထောင်သည်အစ်မကြီးဖြစ်သူက မောင်ဖဲကို ခေါ်ယူကျွေးမွေးရလေသည်။

သူ့အစ်မကြီးနှင့်ယောက်ဖတို့က မောင်ဖဲကလေးကို သူတို့သုံးဆယ်မြို့၌ မကြာမီကမှ လာရောက်ဖွင့်လှစ်သော ခရစ်ယာန်သာသနာပြု စာသင်ကျောင်းကလေးမှာ ထားပေးကြသည်။

ထိုကျောင်းကလေးကို တည်ထောင်ဖွင့်လှစ်သူ ခရစ်ယာန်သာသနာပြု မျက်နှာဖြူ ကျောင်းအုပ်ဆရာမကြီးကို သုံးဆယ်သူ သုံးဆယ်သားများက မမအင်္ဂလန်* ဟု ခေါ်ကြလေသည်။

မောင်ဖဲသည် ဉာဏ်ကောင်း၍ စာကြိုးစားသည်။

ထိုအခါ အတန်းထဲ၌ စာတော်၍ထင်ပေါ်ကာ ဆရာမကြီး၏ အရေးတယူ ဂရုစိုက်မှုကို ခံယူရလေသည်။

ထိုကဲ့သို့ မောင်ဖဲသည် ကျောင်း၌သာ ဆရာမကြီး၏ဂရုစိုက်မှုကို ခံယူရရှိနိုင်သော်လည်း သူ့အိမ်၌မူ တစ်ခါမျှ မျက်နှာသာမရရှာချေ။

အဘယ်ကြောင့်မူ သူ့ယောက်ဖနှင့်အစ်မတို့သည် သူ့မိဘများထံမှ ကျန်ခဲ့သော ပစ္စည်းကလေးများကြောင့်သာ ခေါ်ယူလက်ခံထားခဲ့ကြသော်လည်း မောင်ဖဲကိုမူ အနည်းငယ်မျှ မကြည်ဖြူကြချေ။

သူတို့သည် မောင်ဖဲကလေးကို အမြဲတမ်းငြူစူ ဆူပူနေကြလေသည်။

ထို့ထက်ကဲ၍ အပြစ်ရှာကာ ရိုက်နှက်ညှဉ်းဆဲခြင်းကိုလည်း ပြုလာခဲ့ကြပြန်သည်။

ထိုအခါ မောင်ဖဲကလေးခမျာမှာ ထိုယောက်ဖနှင့် အစ်မတို့၏ စိမ်းစိမ်းကားကား အသနားမဖက် နှိပ်စက်ကလူပြုမှုချက်တို့ကို မျက်ရည်လည်ရွဲ ငိုပွဲဆင်၍သာ ကြိတ်မှိတ်ခံနေရရှာလေသည်။

---

* Mrs. Ingalls (၁၈၆၀ ပြည့်နှစ်တွင်၊ သုံးဆယ်မြို့၌ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်ကို စတင် တည်ထောင်ပေးခဲ့သူ)

ထိုကဲ့သို့ သူ့အပေါ်၌ မသဒ္ဒါရေစာကျွေးကာ မညှာမတာပြုမူနေသော်လည်း သူ့ကိုစာသင်ကျောင်းကလေး၌ ဆက်ထားပေး၍ကား မောင်ဖံကလေးက သူ့ရွှေယောက်ဖနှင့် ကျေးဇူးရှင်အစ်မကြီးတို့ကို ကျေးဇူးတွေ အနန္တ တင်နေရသေးသည်။

သူ ပညာသင်ပြီးနောက် အသက်အရွယ်ကလေးလည်း လောက်လောက်လားလား ဖြစ်သွားသောအခါ ယခု သူ့အဖို့ရဲကျနေရသော အခြေအနေမှ လွတ်ကင်းသွားနိုင်လိမ့်မည်ဟု ကလေးအတွေးနှင့်ပင် မောင်ဖံက စိတ်တင်း ကာ မျှော်လင့်ထားသည်။

ထိုကြောင့် သူသည် ဘယ်လောက်ပင်စိတ်ညစ်ညစ် သူ့ကျောင်းစာများကိုမူ အလွတ်မပေးတမ်း ကြိုးပမ်း သင်ယူလိုက်လေသည်။

ထိုကဲ့သို့ သူ့ဘဝပေးအသိကလေးဖြင့် စာကြိုးစားခဲ့သော မောင်ဖံကလေးသည် အချည်းနှီးမဖြစ်ပေ။

ဘဝကို အရှုံးမပေးတမ်း ကြိုးပမ်းရုန်းကန်လိုသော သူ့ဖွဲသူ့စိတ်ဓာတ်ကလေးက သူ့ကိုအကျိုးပေးလာ ခဲ့လေသည်။

ထိုနေ့က မောင်ဖံတို့ကျောင်းကလေးသို့ ရန်ကုန်မြို့ကြီး၌ ထင်ပေါ်ကျော်ကြားလှသော ဆရာမှတ်ကြီးကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမတ်ဆိုသူ ရောက်လာသည်။

ဒေါက်တာမတ်ဆိုခြင်းထက် ဆရာမှတ်ကြီးဟူသော အမည်နာမက မောင်ဖံတို့အဖို့ ကြားဖူးနားဝပိုရှိ လေသည်။

ဆရာမှတ်ကြီးသည် မောင်ဖံတို့၏ ကျောင်းအုပ်ဆရာမကြီး မမအင်္ဂလန်နှင့်အတူ ကျောင်းကလေးသို့ လှည့်ပတ်ကြည့်ရှုသည်။

ထို့နောက် ဆရာမကြီးက ကျောင်းသားများကို ကျောင်းဆင်းပေးလိုက်သည်။

သို့ရာတွင် ဆရာမကြီးက မောင်ဖံကလေးကိုမူ အိမ်ပြန်ခွင့်မပေးသေးဘဲ သူ့ရုံးခန်းထဲသို့ ခေါ်သွားသည်။

ပြီးလျှင် ဆရာမကြီး မမအင်္ဂလန်က မောင်ဖံကိုပြ၍ ဆရာမှတ်ကြီးကို ပြောလိုက်လေသည်။

''ဒီကလေးဟာ စာသိပ်ကြိုးစားတယ်၊ ဉာဏ်လဲကောင်းတယ်၊ တော်လဲသိပ်တော်တယ်''

မမအင်္ဂလန်၏ပြောဟန်၌ သူ့တပည့်မောင်ဖံအတွက် ဂုဏ်ယူသံအပြည့် ပါလေသည်။

ထို့နောက် မောင်ဖံ၏ ဘဝအခြေအနေကို ရိပ်စားထားမိပုံရှိသော မမအင်္ဂလန်က သနားကြင်နာသံဖြင့်လည်း ဆက်၍ ပြောလိုက်ပြန်လေသည်။

''ဒါပေမဲ့ သူ့ဘဝကလေးကတော့ သာယာငြိမ်းချမ်းမှု မရှိရှာပါဘူး။ အင်မတန် သနားစရာကောင်းပါတယ်၊ သူ့မှာ မိဘတွေ မရှိကြတော့လို့ အစ်မကြီးက ကျောင်းထားပေးတာပါ''

''ဟုတ်လား''

ဆရာမှတ်ကြီးက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ထို့နောက် ဆရာမှတ်ကြီး၏မျက်လုံးများက မောင်ဖံကလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ပြီးမှ ဆရာမှတ်ကြီးက ကျေနပ်နှစ်သက်သွားသောအပြုံးဖြင့် မောင်ဖံကလေးကို မေးလိုက်လေသည်။

''မင်း အင်္ဂလန်ကိုလိုက်မလား မောင်ဖံ၊ ဟိုမှာ ကျောင်းဆက်ထားပေးမယ်''

သူ့အတွက် မျှော်လင့်မထားခဲ့သောမေးခွန်းကြောင့် မောင်ဖံကလေးသည် ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိအောင် ကြောင်ကြောင်ကလေး ကြည့်နေလိုက်မိသည်။

ထိုအခါ မမအင်္ဂလန်က မောင်ဖံကလေးကို အားပေးသံဖြင့် ကြားဝင်ပြောဆိုလိုက်လေသည်။

''ဆရာကြီးမေးနေတာ ဖြေလိုက်လေ မောင်ဖံ၊ ဆရာကြီးက မင်းကို အင်္ဂလန်ခေါ်သွားပြီး ကျောင်းဆက်ထား ပေးမလို့တဲ့ကွယ်၊ မလိုက်ချင်ဘူးလားဟင်''

မောင်ဖံကလေးအဖို့ အနောက်နိုင်ငံအင်္ဂလန်ဆိုသော် အမည်နာမကို နားရည်ဝနေခဲ့သည်မှာ အတော်ကလေး ကြာလေပြီ။

ယခု သူ့ကိုစာသင်ပေး၍ သူ့အစ်မကြီး အရင်းခေါက်ခေါက်ထံမှပင် မရယူနိုင်သော မေတ္တာ၊ စေတနာနှင့် ယုယကြင်နာမှုများကိုလည်း သူ့အတွက်ပေးနေသူ မမအင်္ဂလန်သည် အဆိုပါ အနောက်နိုင်ငံအင်္ဂလန်မှ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း မောင်ဖံသိလေသည်။

သူ့အဖို့ နေ့ရှိသမျှ ယောက်ဖနှင့်အစ်မတို့၏ အသနား၊ အညှာတာကင်းမဲ့မှုများကိုသာ ခံယူထိတွေ့နေရသော မောင်ဖံသည် သူ့အပေါ်၌ အစဉ်ကြင်နာသနား၍ မေတ္တာထားနေသူ မမအင်္ဂလန် မြန်မာပြည်မှ ပြန်သွားသောအခါ သူ့ကိုခေါ်သွားပါက မည်မျှကောင်းမည်နည်းဟု ယုံကြည်အားထားစွာ တွေးကြည့်တတ်ခဲ့လေသည်။

ယခုမူ သူအားထားသော မမအင်္ဂလန်အစား ထင်ပေါ်ကျော်ကြားသော ဆရာမှတ်ကြီးက သူ့ကိုခေါ်လေသည်။

သည်အတွက် ပထမတော့ သူကြောင်သွားသည်။

သူ့ကို မမအင်္ဂလန်က အားပေးလိုက်သောအခါ မောင်ဖံ အားရှိသွားသည်။

ထို့ကြောင့် သူကအဖြေပေးရန် အပြေးအလွှား စဉ်းစားလိုက်ရသည်။

ဆရာမှတ်ကြီး ခေါ်ရာနောက်သို့ လိုက်သွားမည်ဆိုပါက မောင်ဖံကလေးအဖို့ သူ့အစ်မနှင့်ယောက်ဖဆိုးတို့ ထံမှ လွတ်မြောက်သွားနိုင်မည်မှာ ပထမနှင့်အဓိကအချက်ဖြစ်သည်။

ထိုအချက်က မောင်ဖံကလေးအတွက် အခြားသော အချက်များအားလုံးကို လွှမ်းမိုးအနိုင်ယူလိုက်လေသည်။

သူ့အဖို့ နိစ္စဓူဝ ငရဲခံနေရသော အစ်မနှင့်ယောက်ဖဆိုးတို့ထက်တော့ တခြားလူများသည် သူ့အပေါ်၌ပို၍ မဆိုးနိုင်ဟု မောင်ဖံ တွက်လိုက်သည်။

ယခု သူ့ကိုခေါ်နေသော ဆရာမှတ်ကြီးသည် သူ့အပေါ်၌ အကြင်နာတရားထားရှာသူ မမအင်္ဂလန်၏ မိတ်ဆွေကြီးတစ်ဦး မဟုတ်ပါလား။

ထိုအပြင် သူလိုက်ပါသွားရမည်ဆိုသော နေရာသည်လည်း စေတနာရှင်မမအင်္ဂလန်၏ တိုင်းပြည်နိုင်ငံဖြစ်သည်။

ထိုအခါ သူ့အစ်မနှင့် ယောက်ဖတို့ကဲ့သို့ ဆိုးသူများ ရှိကောင်းရှိကြမည်ဖြစ်သော်လည်း မမအင်္ဂလန်ကဲ့သို့ အကြင်နာတရားနှင့် ပြည့်သူများလည်းရှိလိမ့်ဦးမည်ဟု မောင်ဖံ ယုံစားအားထားလိုက်မိလေသည်။

သည်အတွက် သူက ဆရာမှတ်ကြီး၏အမေးကို အားတက်သရောကလေး အဖြေပေးလိုက်လေတော့သည်။

''ဟုတ်ကဲ့ ကျွန်တော်လိုက်ချင်ပါတယ်၊ ဘယ်တော့လိုက်ရမှာပါလဲခင်ဗျာ''

မောင်ဖံကလေး၏ အားတက်သရောအပြောကို မမအင်္ဂလန်နှင့် ဆရာမှတ်ကြီးတို့က သဘောကျသွားဟန်ဖြင့် ရယ်မောလိုက်ကြသည်။

ပြီးမှ ဆရာမှတ်ကြီးက မောင်ဖံကလေးကို ပြန်ပြောလိုက်လေသည်။

''ကောင်းပြီ လိုက်ချင်တယ်ဆို စီစဉ်လိုက်မယ်၊ မကြာပါဘူး နောက်အပတ်ကျောင်းတွေ ပြန်ဖွင့်ချိန်အမီ သွားရမှာပေ့ါ ဟုတ်လား''

ထို့နောက် ဆရာမှတ်ကြီး ပြန်သွားလေသည်။

မကြာမီ မောင်ဖံတို့ကျောင်းလည်း ပိတ်လိုက်လေသည်။

ကျောင်းပိတ်ပေးလိုက်ပြီးနောက် မကြာမီသောတစ်ရက်၌ မမအင်္ဂလန် မောင်ဖံတို့အိမ်သို့ ရောက်လာသည်။

ထို့နောက် မမအင်္ဂလန်က မောင်ဖံကလေးကို ဘိလပ်သို့ထည့်လိုက်ရန် အစ်မနှင့်ယောက်ဖတို့ထံ ခွင့်တောင်းလိုက်သည်။

ထိုအခါ သူတို့အတွက် ဝန်ထုပ်ဝန်ပိုးပမာ ဖြစ်နေဟန်ရှိသော မောင်ဖံ၏ အစ်မနှင့်ရွှေယောက်ဖတို့က အထူးသဘောကျသွားကာ ရှောရှောရှူရှူ ခွင့်ပြုလိုက်ကြလေသည်။

သူ့အစ်မနှင့် သူ့ယောက်ဖတို့အိမ်မှ သူ့ကို မမအင်္ဂလန်ခေါ်သွားခဲ့သည့်နေ့ရက်ကစ၍ မိဘမဲ့ဆယ်နှစ်သား ကလေး မောင်ဖံတစ်ယောက် သူ့ဇာတိရပ်ရွာ သုံးဆယ်မြို့မှ ပျောက်ကွယ် သွားလေတော့သည်။

(၂)

''ဟယ် မောင်ဖံ ပြန်ရောက်လာပြီ''

''လူပျိုကြီးဖားဖား ထွားလာလိုက်တာဟယ်''

''မပြောရင် မောင်ဖံမှန်း ဘယ်သိပါ့မတုံး''

သူ့သတင်းကို အစအနမျှမကြားမိကြရအောင် ပျောက်ခြင်းမလုပျောက်သွားခဲ့သော မောင်ဖံသည် ဆယ်နှစ်ကျော်ကျော်ခန့်အကြာ၌ သူ့ဇာတိရပ်ရွာ သုံးဆယ်မြို့ကလေးသို့ ဖြုန်းဆိုပြန်ရောက်လာခဲ့သည်။

ထိုကဲ့သို့ ပြန်ရောက်လာခဲ့သော မောင်ဖံသည် လွန်ခဲ့သောဆယ်နှစ်ကျော်အချိန် သူ့မြို့ရွာမှထွက်သွားစဉ်က

မောင်ဖံနှင့်နှိုင်းယှဉ်မရအောင် အဘက်ဘက်မှ ကွာခြားပြောင်းလဲနေလေသည်။

ယခုပြန်ရောက်လာသော အသက်နှစ်ဆယ်ကျော် လူပျိုကြီးဖားဖား ထွားထွားကျိုင်းကျိုင်း မောင်ဖံထံ၌ လွန်ခဲ့သော ဆယ်နှစ်ကျော်တုန်းက သျှောင်ပေစူးကလေးနှင့်အတူ ထာဝစဉ် မဝံ့မရဲ ကြောက်ရွံ့စိုးထိတ်နေခဲ့ဟန်ကလေးများကို ရှာမတွေ့နိုင်တော့ချေ။

ဟိုစဉ်က မျက်စိသူငယ်နှင့်ဆယ်နှစ်သားအရွယ် မောင်ဖံကလေးသည် ယခုတွင် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း အတတ်ပညာများကို ဘိလပ်၌သင်ကြားတတ်မြောက်ကာ ဝံ့ဝံ့စားစား ပြန်ရောက်လာခဲ့သော လမ်းဗိုလ်ကလေး မောင်ဖံဖြစ်နေလေပြီ။

ထို့အပြင် သူသည် ခရစ်ယာန်ဘာသာ အင်္ဂလိကန်ဂိုဏ်းဝင်တစ်ယောက်လည်း ဖြစ်လာခဲ့လေသည်။

ထိုကဲ့သို့ အဘက်ဘက်မှ တိုးတက်ပြောင်းလဲကာ တသွေးတမွေး ဖြစ်လာခဲ့သော ဘိလပ်ပြန်လမ်းဗိုလ်ကလေးမောင်ဖံကို သူ့ဆွေမျိုးသားချင်း အပေါင်းအသင်းများက အထူးအဆန်းပမာလာ၍ ကြည့်ရှုကြလေသည်။

ထို့နောက် သူတို့သည် မောင်ဖံ၏နာမည်ကိုပင် ဟိုစဉ်ကနှင့်မတူအောင် အရှေ့မှဝိသေသထူး တစ်ခုတိုးလျက် ဗိုလ်ကလေးမောင်ဖံဟုခေါ်တွင်လိုက်ကြလေသည်။

ထိုကဲ့သို့ သူ့ကို ဗိုလ်ကလေး (ဝါ) ဘိုကလေးမောင်ဖံဟု အများကခေါ်ဆိုကြသော်လည်း မြန်မာလူမျိုး မောင်ဖံသည် ဘိုမဆန်ချေ။

သူသည် တောင်ရှည်ပုဆိုးကြီး တကားကားနှင့် မြင်းကိုတလွှားလွှားစီးကာ ရန်ကုန်မြို့ကြီးမှ သုံးဆယ်၊ သာယာဝတီ၊ ဖြူးလေးနှင့်ပြည်မြို့သို့ မီးရထားလမ်းနှင့် မော်တော်ကားလမ်းတို့ တောက်လျှောက်ဆက်ဖောက်ရာ၌ ကွပ်ကဲကြပ်မတ်၍ ပေးနေလေသည်။

အနို့ကဲ့သို့ မောင်ဖံတစ်ယောက် သူ့ဘဝမှာ အောင်မြင်တိုးတက်လာခဲ့ပုံကိုကြည့်၍ ဝမ်းသာပီတိအဖြစ်ကြီးဖြစ်နေသူကား မောင်ဖံ၏ကျေးဇူးရှင် ဆရာသမားဖြစ်သော သာသနာပြုကျောင်းအုပ်ဆရာမကြီး မမအင်္ဂလန်ပင် ဖြစ်လေသည်။

မမအင်္ဂလန်သည် သူ၏ မြေတောင်မြှောက်ပေးခဲ့မှုကလေးကြောင့် ရှင်သန်ကြီးထွားလာခဲ့သော လမ်းဗိုလ်ကလေးမောင်ဖံကို အခြေတကျဖြစ်အောင်ပါ နေရာချပေးလိုက်လေသည်။

မောင်ဖံတစ်ယောက် ဆယ်နှစ်ကျော် ကာလအတွင်း၌ ထူးခြားစွာ ပြောင်းလဲတိုးတက်လာသကဲ့သို့ သူ့ကို ပညာအခြေခံပေးလိုက်သော မမအင်္ဂလန်၏ ခရစ်ယာန်သာသနာပြုကျောင်းကလေးသည်လည်း အောင်မြင်ကြီးပွားကာ အထက်တန်းကျောင်းကြီး ဖြစ်လာခဲ့လေသည်။

ထိုကျောင်း၌ ရှစ်တန်းကျောင်းသူကလေးတစ်ယောက် ရှိသည်။ သူ့အမည်မှာ မတူဖြစ်သည်။ မတူသည် ခရစ်ယာန် အမျိုးသမီးကလေးတစ်ယောက် ဖြစ်လေသည်။

မတူသည် မိဘမဲ့ကလေးဖြစ်ကာ မောင်နှမနှစ်ယောက်တည်း ရှိသည်။

မတူတို့ မောင်နှမနှစ်ယောက်ကို မမအင်္ဂလန်ကပင် ကြည့်ရှုမစကာ ကျောင်းထားပေးနေခြင်း ဖြစ်သည်။

ယခု သူ့တပည့်ဟောင်း မောင်ဖံသည် လမ်းဗိုလ်ကလေးအဖြစ်နှင့် ပြန်ရောက်လာသောအခါ မမအင်္ဂလန်က သူ့လက်ရှိတပည့်မကလေး မတူနှင့် ပြောဆိုစီစဉ်ပြီးနောက် လက်ထပ်ပေးလိုက်လေသည်။

ထိုကဲ့သို့ မမအင်္ဂလန်က ဖူးစာဖက်ပေးလိုက်သော လမ်းဗိုလ်ကလေးမောင်ဖံနှင့် မတူတို့ဇနီးမောင်နှံတွင် သားသမီးတစ်ကျိပ်နှင့်တစ်ယောက် ထွန်းကားခဲ့သည်။

သား ခြောက်ယောက် သမီးငါးယောက်ဖြစ်သည်။

သားသမီးများ တစ်ပြုံတစ်မကြီးနှင့် လမ်းဗိုလ်ကလေး မောင်ဖံသည် သူကြီးကြပ်ဖောက်လုပ်နေသော ရန်ကုန်-ပြည်မီးရထားလမ်းနှင့် မော်တော်ကားလမ်းဘေးတစ်လျှောက်၌ လယ်မြေနှင့်ခြံကွက်များကိုဝယ်ယူ၍ သုံးဆယ်မြို့၌ အိမ်တစ်လုံး သာယာဝတီမြို့၌အိမ်တစ်လုံး ဆောက်ထားလိုက်သည်။

ထို့နောက် သူ့သားများကိုလည်း ငယ်စဉ်ကမှစ၍ ဘိလပ်သို့ပို့ကာ ကျောင်းထားလေသည်။

တစ်ရက်တွင် လမ်းဗိုလ်ဦးဖံသည် မီးရထားသံလမ်းတစ်လျှောက်တွင်မြင်းစီး၍ ကြီးကြပ်ညွှန်ကြားနေစဉ် မတော်တဆ မြင်းပေါ်မှလိမ့်ကျသွားလေသည်။

သည်အတွက် သံလမ်းနှင့် ဆောင့်မိကာ ဦးဖံ၏ကျော၌ အတွင်းကြေဒဏ်ဖြစ်သွားသည်။

ထိုနောက် လမ်းဗိုလ်ဦးဖဲ၏ သားအကြီးဆုံးသည် ဘိလပ်မှ ဝတ်လုံတွဲ့ရကာ သုံးဆယ်သို့ ပြန်ရောက်လာသည်။

သူ့သားကြီး ပြန်ရောက်လာပြီးနောက် မကြာမီမှာပင် လမ်းဗိုလ်ဦးဖဲသည် သူ့ကျောမှ ထိခိုက်ထားသောဒဏ်ဖြင့် အသက်သိပ်မကြီးသေးသော အရွယ်ကောင်းမှာပင် ကွယ်လွန် အနိစ္စရောက်ခဲ့ရရှာလေသည်။

ယခု ဦးဖေမောင်တင်၏ ယောက္ခမလောင်းဖြစ်သူ ဘိလပ်ပြန်ဝတ်လုံကြီး ဝီလီယမ်ဖိုးဒန်သည်ကား လမ်းဗိုလ်ဦးဖဲ၏သားကြီးသြရသပင် ဖြစ်လေသည်။

ထိုကဲ့သို့ ထူးခြားသော သမိုင်းကြောင်းကလေးများ ရှိခဲ့ကြသော မျိုးရိုးနှစ်ခုတို့သည် ဖူးစာဖက်၍ပေါင်းဆုံမိကြပေတော့မည်။

ထိုအခါ နှစ်ဖက်မျိုးရိုးအလိုက် ပိုမို၍ထူးချွန်အောင်မြင်သော မျိုးဆက်ကလေးများ သီးပွင့်ပြန့်ပွားလာခဲ့ဦးမည် ဖြစ်လေသည်။

ဦးဖေမောင်တင်သည် အိမ်ထောင်ပြုရေးနှင့်ပတ်သက်၍ သူ့အတွေးနှင့်သူ ကျေနပ်နှစ်သိမ့်သွားမိလေသည်။

ထို့နောက် သူနှင့် ကြည်ကြည်ခေါ် အီဒီကလေးတို့ လက်ထပ်ထိမ်းမြားရေးကိစ္စအတွက်ကို ဦးဖေမောင်တင်က သူ့မေမေနှင့်မမများကြိုက်သလိုစီမံရန် အာဏာကုန်လွှဲအပ်ထားလိုက်သည်။

သူကမူ မင်္ဂလာကိစ္စနှင့်ပတ်သက်၍ ဘာတစ်ခုမျှ စီမံဆောင်ရွက်နိုင်စွမ်းမရှိအောင် သူ့အလုပ်တာဝန်များဖြင့်သာ မအားမလပ် ဖြစ်နေလေသည်။

သူသည် သူ့မြန်မာစာပေ ပိုမိုကြီးပွားခိုင်မာရေးအတွက် စာအုပ်များရေးခြင်း၊ ဟောပြောပို့ချပေးခြင်း၊ စာအုပ်စာတမ်းများ တိုးချဲ့သတ်မှတ်ပေးခြင်းများကိုမအားအောင် ပြုလုပ်ဆောင်ရွက်နေရင်းမှ ဦးဖေမောင်တင်က ခြေတစ်လှမ်း တိုးလိုက်ပြန်သည်။

ထိုခြေတစ်လှမ်းကား အခြားမဟုတ်။ အင်္ဂလိပ်ဘာသာစကားဖြင့် သတ်မှတ်ခေါ်ဝေါ်နေကြသော အသုံးအနှုန်းများကို မြန်မာဘာသာစကားသို့ ပြောင်းလဲသတ်မှတ်ခေါ်ဆိုရန် ဖြစ်လေသည်။

အင်္ဂလိပ်အစိုးရက ဘုရားစူးလွှတ်ရုံ တာဝန်ကျေအဖြစ် နာမည်အခေါ်အဝေါ်များ စီစဉ်သတ်မှတ်သော ဌာနတစ်ခုကိုဖွင့်၍ အင်္ဂလိပ်ဘာသာ အသုံးအနှုန်းတချို့အား မြန်မာဘာသာသို့ ပြောင်းလဲပေးထားလေသည်။

ထိုကဲ့သို့ ပြောင်းလဲပေးထားသော မြန်မာဘာသာပြန် နာမည်တချို့မှာ...

- Educational Dept. ကို ပညာရေးဌာန
- D.P.I. ကို ပညာမင်းကြီး
- Professor ကို စာပို့ဆရာကြီး
- Lecturer ကို စာပို့ဆရာ

စသည်တို့ ဖြစ်သည်။

သည်အခါ အချို့မှာ မြန်မာပြန်မှန်ကန်၍ အချို့အသုံးအနှုန်းတို့မှာ လွဲမှားအံချော်နေလေသည်။

သို့ရာတွင် အစိုးရကဥပဒေထုတ်၍ သတ်မှတ်ခေါ်ဆိုထားချက်များကို အသစ်တစ်ဖန်ပြောင်းလဲရန်အရေးသည် သိပ်တော့မလွယ်လှ။ အကြောင်းအချက် အထောက်အထားမခိုင်လုံဘဲနှင့် ပြောင်းလဲခွင့်ပြုမည် မဟုတ်ချေ။

ထို့နောက် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးမှ (Postman) ကို၊ စာပို့ပြာတာဟု ပြန်ဆိုခဲ့သည့်၌ ဦးဖေမောင်တင်အတွက် အကွက်ပေါ်လာခဲ့လေသည်။

ဦးဖေမောင်တင်က Postman စာပို့ပြာတာနှင့် စာပို့ဆရာကြီးတို့ မကွဲမပြား ရောထွေးနေမှုကို ထောက်ပြကာ အသစ်ပြုပြင်ရန်နှင့် မြန်မာဘာသာသို့ မပြန်ဆိုရသေးသော အခေါ်အဝေါ်အသုံးအနှုန်းများကို ပြန်ဆိုပြောင်းလဲပေးရန် တောင်းဆိုလိုက်သည်။

ထိုအခါ သက်ဆိုင်ရာဌာနက စည်းဝေးခေါ်၍ ဆွေးနွေးညှိနှိုင်းစေသည်။

ထို ညှိနှိုင်းဆွေးနွေးပွဲသို့ ကောလိပ်ကျောင်းမှ ဆရာလင်း၊ ဆရာပွား၊ ဆရာရိတ်တို့အပြင် ဆရာလွန်း အစရှိသော အပြင်ဘက်မှ ပညာရှိပုဂ္ဂိုလ်များ တက်ရောက်ကာ ဝိုင်းဝန်းကူညီကြလေသည်။

ဦးဖေမောင်တင် အမှူးပြုသော ထိုညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးမှ အစပြု၍…

- Arts ကို ဝိဇ္ဇာ
- Science ကို သိပ္ပံ
- University ကို တက္ကသိုလ်
- Professor ကို ပါမောက္ခ
- Lecturer ကို ကထိက
- Tutor ကို နည်းပြ

စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းရန် သတ်မှတ်လိုက်လေသည်။

ထိုကဲ့သို့ သုံးနှုန်းသတ်မှတ်ရာ၌ သက်ဆိုင်ရာဌာနက ရှောရှောရှူရှူခွင့်ပြုခဲ့သည် မဟုတ်ချေ။

နာမည် အခေါ်အဝေါ်များ စိစဉ်သတ်မှတ်သောဌာနမှ အင်္ဂလိပ်လူမျိုးအတွင်းဝန်တစ်ဦးက ယူနီဗာစီတီဆိုသော အင်္ဂလိပ်စကားလုံးကို တက္ကသိုလ်ဟု သုံးနှုန်းခေါ်ဝေါ်ရန် သတ်မှတ်ချက်အားထ၍ ကန့်ကွက်လေသည်။

''တက္ကသိုလ်ဆိုတာဟာ အိန္ဒိယပြည်က တက်ဆီးလားဆိုတဲ့မြို့နာမည်ကို ဗမာဘာသာနဲ့ တက္ကသိုလ်လို့ သုံးနှုန်းခေါ်ဝေါ်ခဲ့တာပဲဟာ။ ယူနီဗာစီတီနဲ့ ဘာဆိုင်လို့လဲ၊ အဓိပ္ပာယ် တခြားစီပဲ။ ဒီအတိုင်းသာဆိုရင် ကျုပ်တို့အင်္ဂလိပ်ဘာသာစကားနဲ့ ယူနီဗာစီတီကို ယူနီဗာစီတီလို့မဆိုဘဲ အောက်စဖို့ဒ်လို့ ခေါ်ရမလိုဖြစ်နေပြီ''

''အဲဒီလိုပြောတမ်းဆိုရင် ခင်ဗျားတို့ဆီမှာ ဘော်စတယ်လ်ဆိုတဲ့ရွာကလေးတစ်ရွာကို ငယ်ရွယ်တဲ့ အကျဉ်းသားတွေ သွားပို့ထားလေ့ရှိခဲ့တာကို အစွဲပြုပြီး နောက်တော့ ကလေးထောင်ကို ဘော်စတယ်လ် အင်စတီကျု[၁]လို့ တွင်နေတာ ဘယ်လိုပြောမလဲဗျာ''

အင်္ဂလိပ်အတွင်းဝန်၏ အချက်ကျကျကန့်ကွက်ချက်ကို ပါမောက္ခဦးဖေမောင်တင်က ဒိုင်ခံ၍ ခိုင်မာသော အထောက်အထား အကိုးအကားများဖြင့် ပြန်လည်ချေပရလေသည်။

''ပြီးတော့ မက်ကင်းတော့ရှ်[၂]ဆိုတဲ့ လူနာမည်ကနေ မိုးကာအင်္ကျီကို မက်ကင်းတော့ရှ်လို့ သတ်မှတ်သုံးစွဲလာခဲ့ကြသေးတယ် မဟုတ်လား''

ဦးဖေမောင်တင်၏ ကိုးကားတင်ပြချက်များက အင်္ဂလိပ်အတွင်းဝန်ကို ဆက်လက်ကန့်ကွက်၍ ငြင်းချက်မထုတ်နိုင်အောင် ဖြစ်သွားစေသည်။

''နို့ပြီး မက္ကဒမ်း(မ်)ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးကိုအကြောင်းပြုပြီး လမ်းပြင်တာကို မက္ကဒင်းမစ်[၃]လုပ်တယ်လို့ သုံးနှုန်းခေါ်ဝေါ်ခဲ့ကြတာကကောဗျာ''

နောက်ဆုံး၌ ဦးဖေမောင်တင်၏ တင်ပြချေပချက်များကို အင်္ဂလိပ်အတွင်းဝန်သည် ဘယ်လိုမျှစောဒက မတက်နိုင်တော့ဘဲ အလျှော့ပေး၍ ကျေနပ်လက်ခံလိုက်ရလေတော့သည်။

ထိုကဲ့သို့ ကျေနပ်လက်ခံလိုက်သည်ဆိုသော်လည်း မြန်မာသို့ပြန်ဆိုပြောင်းလဲလိုက်သော စကားလုံး အသုံးအနှုန်းများကို ညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးက အတည်မပြုနိုင်ဘဲ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းသို့ တင်ပြရသေးသည်။

ထို့နောက် အထက်ကလက်ခံ၍ အတည်ပြုလိုက်မှ ဦးဖေမောင်တင်တို့အဖွဲ့ သူတို့မြန်မာပြန်ထားသော အခေါ်အဝေါ်အသုံးအနှုန်းတို့ကို အတိအလင်း အသုံးပြုနိုင်ကြလေတော့သည်။

ဦးဖေမောင်တင်သည် တစ်လက်စတည်းဖြင့် တိရစ္ဆာန်ရုံထဲမှ အင်္ဂလိပ်နာမည်နှင့်ထားရှိသော တိရစ္ဆာန်တို့၏ အမည်များကိုလည်း မြန်မာအမည်များသို့တီထွင်၍ ဘာသာပြန်မှည့်ခေါ်ပေးလိုက်လေသည်။

ထိုကဲ့သို့ သူကမြန်မာစာပေနှင့် မြန်မာစကားကို ကြီးပွားခိုင်ခံ့စေရန် အဘက်ဘက်မှ အမျိုးမျိုးကြိုးစားအားထုတ်နေသလောက်၊ မြန်မာအတော်များများက မြန်မာစကားကို အင်္ဂလိပ်စာလုံးများ ညှပ်၍ညှပ်၍ သုံးနှုန်းပြောဆိုနေကြသည်ကို ဦးဖေမောင်တင် စိတ်ပျက်စွာ တွေ့ရလေသည်။

စာရေးဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်တစ်ခုထဲ၌ ရှိတ်စပီးယားက နှင်းဆီပန်းကို မည်ကဲ့သို့သော

---

၁။ Borstal Institute

၂။ Mackintosh

၃။ Macadamic

နာမည်မျိုးနှင့်ခေါ်သည်ဖြစ်စေ၊ သင်းရနံ့ကမွှေးပျံ့ဆဲ မွှေးပျံ့နေမည်သာဖြစ်သည်ဟုဆိုထားသည်။

ထို့အတူ မိလိန္ဒပဉှာ၌လည်း မင်းကြီး၏အမေးကို အရှင်နာဂသိန်က

''ကျုပ်ကို နာဂသိန်ခေါ်ခေါ်၊ နာဂဆိန်ခေါ်ခေါ်၊ သီဟသိန်နဲ့ မနုသီဟပဲခေါ်ခေါ် ကျုပ်ဟာခန္ဓာငါးပါးပဲ''

ဟု အမည်ဆိုသည်မှာ ပညတ်မျှသာဖြစ်ကြောင်း ဖော်ပြဖြေဆိုခဲ့လေသည်။

သို့ရာတွင် သူ့မြန်မာစာပေ ကြီးပွားခိုင်မာရေးကို အလေးအနက်ထား၍ အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်နေသော မြန်မာစာပါမောက္ခ ဦးဖေမောင်တင်ကမူ နှင်းဆီပန်းကို အဘယ်ဘာသာစကားဖြင့်ခေါ်ခေါ် နှင်းဆီပန်းသည် မွှေးပျံ့ဆဲမွှေးပျံ့နေမည်ဖြစ်သော်လည်း အနီနှင်းဆီပန်းကို မြန်မာများအနေဖြင့် အင်္ဂလိပ် ဘာသာစကားနှင့် ခေါ်ဆိုသုံးနှုန်းမည့်အစား မြန်မာဘာသာဖြင့်သာ ခေါ်စေချင်သည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် နှင်းဆီပန်းကို မိမိတို့မြန်မာဘာသာဖြင့် ခေါ်ဆိုနိုင်ပါလျက် အင်္ဂလိပ် စကားလုံးကိုမှ ယူသုံးခေါ်ဝေါ်နေကြသူ မြန်မာလူမျိုးများအား ဟောပြောပွဲများပြုလုပ်၍ တိုက်ဖျက်ပြုပြင်ပေးရ ပြန်လေသည်။

ဦးဖေမောင်တင်က ထိုကဲ့သို့ သူ့မြန်မာစာပေနှင့် မြန်မာပြည်ပညာရေးအတွက်ကို တစ်ချက်ကလေးမျှ မလစ်ဟင်းရအောင် အဘက်ဘက်မှ အကွက်စေ့စေ့ ဆောင်ရွက်နေစဉ် နိုင်ငံရေးဘက်မှ စွမ်းဆောင်နိုင်ကြသူ၊ အမျိုးသားခေါင်းဆောင်များကလည်း အမျိုးသားရေး၊ တိုင်းပြည်လွတ်လပ်ရေးအတွက် လှုပ်လှုပ်ရှားရှား ကြိုးစားနေကြသည်။

ထိုကဲ့သို့ လှုပ်လှုပ်ရှားရှားရှိကြသော နိုင်ငံရေးခေါင်းဆောင် အမျိုးသားခေါင်းဆောင်များသည် အင်္ဂလိပ် အစိုးရ၏ ဖမ်းဆီးအရေးယူခြင်းကို မကြာခဏ ခံကြရလေသည်။

ထိုကဲ့သို့ အနာခံသူများ အနာခံခဲ့ကြရသကဲ့သို့ နိုင်ငံရေးနှင့်ပတ်သက်၍ အသာစံရသူ၊ ရာထူးရသူ၊ အာဏာရ သူများလည်း ရှိကြလေသည်။

အာဏာမရ၊ ရာထူးမရသဖြင့် ဆူညံဆူညံပြုသူများကလည်း ရှိလေသည်။

ပါမောက္ခ ဦးဖေမောင်တင်ကမူ သူ့အဖို့အာဏာနှင့်ရာထူးတို့ကို ရနေပါလျက် သူ့မြန်မာစာပေအတွက် တပွက်ပွက်၊ တပူပူ၊ တဆူဆူ၊ တညံညံ လုပ်နေလေသည်။

သူ့အနေဖြင့် ပွက်နိုင်၊ ပူနိုင်၊ ဆူနိုင်၊ ညံနိုင်၍သာလည်း သူ့မြန်မာစာပေသည် ယခုသုံးလေးနှစ်ဆိုသော အချိန်တိုကလေးအတွင်းမှာ ရန်ကုန်တက္ကသိုလ်ကြီး၌ အံ့ဩစရာကောင်းလောက်အောင် ပြောင်မြောက်စွာ တိုးတက် ကြီးပွားလာနိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ သူ့မြန်မာစာပေ အခြေအနေ တိုးတက်အောင်မြင်လာခြင်းသည် သူ့တိုင်းပြည်နှင့် သူ့လူမျိုးများကို သူတစ်ပါးသြဇာခံဘဝမှလွတ်မြောက်ရန် စစ်မျက်နှာဖွင့်၍ တိုက်ပွဲဝင်ကြရာ၌ အဓိကပါဝင်သော တိုက်အား တစ်အားဖြစ်သည်ဟု ဦးဖေမောင်တင် ယူဆသည်။

မြန်မာစာပေမြင့်မှ မြန်မာလူမျိုးတို့ အဆင့်မြင့်၍ မြန်မာပြည်ကြီးသည်လည်း ဂုဏ်တင့်ကာ ကမ္ဘာ့အလယ်မှာ ထည်ဝါလွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် ဦးဖေမောင်တင်က သူ့တိုင်းပြည်နှင့်သူ့လူမျိုးများ လွတ်လပ်စွာ ရပ်တည်လာနိုင်ရေးအတွက် သူကျွမ်းကျင်နိုင်နင်းသော စာပေစစ်မျက်နှာမှ ဦးဆောင်ကွပ်ကဲ၍ နယ်ချဲ့အင်္ဂလိပ်အစိုးရအား ဝံ့ဝံ့စားစား အားစိုက် တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ သူ၏ အစွမ်းထက်ထက်ဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့သော စစ်ပွဲများအရ မြန်မာလူမျိုးများအဖို့ ထီးကျိုးစည်ပေါက် ကျွန်သဘောက်ဘဝသို့ ပြားပြားမှောက် ရောက်သွားကြရပြီးကတည်းက အောက်ဆုံးအဆင့်မှ မထနိုင်၊ မကြွနိုင်ခဲ့သော မြန်မာစာပေသည် ယခုအချိန်တွင် အခြေခံအပိုင်း၌သာမက ပညာ့ထွတ်ခေါင်၊ တက္ကသိုလ် မဟာအဆောင်နန်းမှာပင် အောင်တံခွန် အောင်အလံများကို တလူလူ တလွင့်လွင့် လွှင့်ထူဝင့်ကြွားလာနိုင်ခဲ့ပြီ ဖြစ်လေသည်။

ဤကဲ့သို့ သူ့တိုင်းပြည်သူ့လူမျိုးနှင့် သူ့မြန်မာစာပေ လွတ်လပ်ရေးအတွက် ကျန်ရှိနေသေးသော အချုပ်အချယ်စစ်ပွဲကလေးများကို အားကြိုးမာန်တက် ဆက်လက်၍ ချီတက်တိုက်ခိုက်နေဆဲ ဦးဖေမောင်တင်သည် သူ့လူကြီးမိဘများ၏ စီမံမှုအရ လွတ်လွတ်လပ်လပ်ရှိလှသော သူ့လူပျိုကြီးဘဝကို ဝါဆိုအမီ စွန့်လွှတ်လိုက်ရ

လေတော့သည်။

သူ့အသက် လေးဆယ်ပြည့်ကာလ အစွန်းပင်ထွက်ခဲ့ပြီဖြစ်သော ပါမောက္ခလူပျိုကြီး ဦးဖေမောင်တင်သည် ၁၉၂၈-ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် သာယာဝတီမြို့၊ အင်္ဂလိကန် ဘုရားရှိခိုးကျောင်းကလေး၌ သူ့ထက် တစ်ဆယ့်သုံးနှစ်မျှငယ်သော အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်၊ ကြည်ကြည်ခေါ် အီးဒစ်သ်(ဝ်)အီဒီကလေးနှင့် လက်ထပ်ထိမ်းမြန်းလိုက်လေသည်။

သူတို့မင်္ဂလာမောင်နှံကို ရန်ကုန်စိန့်ဂျွန်းကောလိပ် အင်္ဂလိကန်ခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာ ဘလင်းကိုး* က လက်ထပ်ထိမ်းမြားပေးသည်။ သတို့သမီး၏ မိဘများမှာ မြို့မျက်နှာဖုံးဖြစ်သည့်အပြင် ရန်ကုန်မှ သူ့မိတ်ဆွေများက အင်တိုက်အားတိုက်လိုက်၍ အားပေးချီးမြှင့်ကြသော ဦးဖေမောင်တင်၏ လက်ထပ်ပွဲသည် ခြိမ့်ခြိမ့်သဲမျှ စည်ကားလှလေတော့သည်။

သူတို့မင်္ဂလာပွဲသို့ လာရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်များကို သတို့သမီး၏မိဘများက ခြံကျယ်ကြီးနှင့် ကျွန်းအိမ်ကလေး၌ ဧည့်ခံကျွေးမွေးလေသည်။

ဇွန်လသည် မိုးဦးဖြိုင်ဖြိုင်ကျစဖြစ်သော်လည်း ထိုနေ့ကမူ မိုးမရွာဘဲနေသာသဖြင့် ကျွန်းအိမ်ကလေးနှင့်မဆံ့သော မင်္ဂလာပွဲလာ ဧည့်ပရိသတ်များကို ခြံကျယ်ကြီးအတွင်း ခင်းကျင်းဧည့်ခံရလေသည်။

သာယာဝတီအရေးပိုင်က မင်္ဂလာဂုဏ်ပြုစကား လာပြောပေးလေသည်။

ထို့နောက် ညနေ ၅ နာရီခန့်တွင်မှ သတို့သားကြီး ဦးဖေမောင်တင်က သတို့သမီးကလေး ကြည်ကြည်ခေါ် အီဒီကို မော်တော်ကားပေါ်တင်၍ ရန်ကုန်သို့ခေါ်လာလိုက်သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသစ်ကြီးဝင်းထဲမှ ပါမောက္ခများနှင့် အဆောင်မှူးများအတွက် ပထမဦးဆုံးအဖြစ် ဆောက်လုပ်ပြီးစီးသွားသော အသစ်ကျပ်ချွတ် တိုက်အိမ်ကလေးက ပါမောက္ခလည်းဖြစ်၍ သထုံအဆောင်မှူး လည်းဖြစ်သော အသစ်ကျပ်ချွတ်သတို့သားကြီး ဦးဖေမောင်တင်နှင့်သတို့သမီးကလေးကြည်ကြည်တို့ မင်္ဂလာ မောင်နှံကို အသင့်စောင့် ကြိုနေလေသည်။

ရန်ကုန်မှလာသော မော်တော်ကားများအပြင် သတို့သားနှင့် သတို့သမီးကို သာယာဝတီမှ မိတ်ဆွေများ ကလည်း လိုက်ပို့ကြရာ မော်တော်ကားတန်းကြီးသည် ရှင်လောင်းလှည့်လာသကဲ့သို့ မျှော်မဆုံးရှိလေသည်။

လူတစ်ယောက်အဖို့ ရှင်လူထွက်သောနေ့၊ ထောင်ကလွတ်သောနေ့နှင့် မင်္ဂလာဆောင်သောနေ့သည် အပျော်ဆုံးနေ့များဖြစ်သည်ဟု ဦးဖေမောင်တင် ကြားဖူးဖတ်ဖူးခဲ့သည်။

သူ့အဖို့ ခရစ်ယာန်ဘာသာဝင်ဖြစ်နေ၍ ရှင်မပြုဖူးခဲ့သဖြင့် ရှင်လူထွက်ခြင်း၏ အပျော်ဆုံးနေ့ဆိုသည်ကို မသိခဲ့။ ထောင်မှလွတ်ခြင်းဆိုသော အချက်ကလည်း သူ့အတွက် ဝေလာဝေးဖြစ်သည်။

ယခု မင်္ဂလာဆောင်သောနေ့၏ အပျော်ရွှင်ဆုံးခံစားချက်ကိုမူ ဦးဖေမောင်တင် အမှန်တကယ် ထိတွေ့ခံစား လိုက်ရချေပြီ။

၁၉၂၈ ခု၊ ဇွန်လ ၉ ရက်သည် ပါမောက္ခ ဦးဖေမောင်တင်အတွက် အပျော်ရွှင်ဆုံးသော နေ့ရက်တစ်ရက် ဖြစ်လေတော့သည်။

ဦးဖေမောင်တင်သည် ဘိလပ်မှမြန်မာပြည်သို့ ပြန်ရောက်ခဲ့ပြီးနောက် ယခု တစ်ကိုယ်တည်း လူပျိုကြီးဘဝကို စွန့်လွှတ်ကာ အိမ်ထောင်ပြုလိုက်သည့် ၁၉၂၈ ခုနှစ်အထိ သူသည် အခြားသော လုပ်ငန်းတာဝန်များကို မနားတမ်း ဆောင်ရွက်ရင်းမှ မြန်မာစာပေကျမ်းများကိုလည်း အချိန်လု၍ရေးသားပြုစုခဲ့လေသည်။

ထိုနှစ်များအတွင်း သူရေးသားပြုစု၍ တည်းဖြတ်ခဲ့သော စာပေကျမ်းများကို ပြန်လည်တွက်စစ်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

**သုတေသနကျောနယ်အင်္ဂလိပ်ဘာသာစာစောင်တွင်**

**၁၉၂၅ – ခုနှစ်၌**

၁။ အောက်စဖို့ဒ်တက္ကသိုလ် ပိဋကတ်တိုက်ရှိ ပေစာများ။

* Rev: Alan Humphrey Blancowe

၂။ ရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ၊ ဝေဖန်စာ။

၁၉၂၆ – ခုနှစ်၌

၁။ ဦးမေအောင်အကြောင်း။

၁၉၂၈ – ခုနှစ်၌

၁။ အနောက်ဘက်လွန်မင်းတရားကြီး ခေါင်းလောင်းစာ (တလိုင်းအနက်ပြန်)။

၁၉၂၉ – ခုနှစ်၌

၁။ မြန်မာအဘိဓာန်အတွက် ပုဂံကျောက်စာများကို အသုံးပြုရန်အကြောင်း။

၂။ ပုဂံကျောက်စာများ၌ စကားရွေ့ရှားပုံ။

မြန်မာနိုင်ငံ သုတေသနအသင်းအတွက် ဦးဆောင်တည်းဖြတ် ထုတ်ဝေပေးခဲ့သော မြန်မာစာပေကျမ်းများမှာ၊

၁၉၂၅ – ခုနှစ်၌

၁။ ဥမ္မာဒန္တီပျို့ (မဟာမင်းလှမင်းခေါင်)။

၂။ ကန်တော်မင်းကျောင်း မေတ္တာစာ။

၁၉၂၆ – ခုနှစ်တွင်

၁။ ဦးကုလား မဟာရာဇဝင်တော်ကြီး (၁)။

၁၉၂၇ – ခုနှစ်တွင်

၁။ ဦးကြင်ဥ ပဒေသာသီချင်းများ။

၂။ ဦးကြင်ဥ ပါပဟိန်ပြဇာတ်။

၃။ ရေစကြိုခုံတော်ဖြတ်ထုံး။

၄။ မုံရွေးဆရာတော် ဥတိန္နပျို့။

၁၉၂၈ – ခုနှစ်၌

၁။ ဦးရွှေနီ ပဥ္စပါပီရကန်။

၂။ ဦးလတ် ရွှေပြည်စိုးဝတ္ထု။

၃။ အထူးကောက်နုတ်ချက်ဇာတ်ဝတ္ထု။

၄။ သုတသောမပျို့ (ဆီမီးခုံရွာစား)

၅။ ရာဇဝင်ကျော် (ရှင်သီလဝံသ)

၁၉၂၉ – ခုနှစ်၌

၁။ ဦးပုည မေတ္တာစာ။

၂။ ရတုဘိုးတော်ရှင်ချောင်းနှင့် မင်္ဂလာလူးတား (စိန္တကျော်သူ)။

၃။ သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း (ဦးပုည)။

၄။ ဦးလတ် စပယ်ပင်ဝတ္ထု။

၅။ လောကသာရပျို့။

မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းအတွက် အုပ်ချုပ်တည်းဖြတ်ပေးသောကျမ်းများနှင့် ကိုယ်တိုင်ရေးသားပြုစုသော ကျမ်းများမှာ၊

၁၉၂၇ – ခုနှစ်၌၊

၁။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း အတွဲ (၁)

၁၉၂၈ – ခုနှစ်၌၊

၁။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း အတွဲ (၂)
၂။ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း။
၃။ အနုမြူ (ကိုယ်တိုင်အနက်ပြန်သည်)
၄။ ဆရာဝန်ပါဘဲပြဇာတ်။

### ၁၉၂၉ – ခုနှစ်၌

၁။ အနုမြူဒီပနီ (ကိုယ်တိုင်သင့်လျော်အောင် ပြုပြင်ရေးသည်)
၂။ ပုဂံကျောက်စာညွှန့်ပေါင်း ပထမတွဲ။
၃။ လုအုံးမယ် ဝတ္ထု။

# ၇၂

# အိမ်ထောင်ရှင် ဦးဖေမောင်တင်

ဆန်းသစ်လာခဲ့သော ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဆာဂျွန်ဆိုင်းမွန်းကော်မရှင်* အဖွဲ့ မြန်မာပြည်သို့ ရောက်လာကြသည်။

သူတို့လာရင်းကိစ္စသည် မြန်မာပြည်က တောင်းဆိုနေခဲ့သော အိန္ဒိယပြည်နှင့် ခွဲရေး၊ တွဲရေးပြဿနာနှင့် ပတ်သက်၍ မြန်မာနိုင်ငံအား အဘယ်ကဲ့သို့သောအုပ်ချုပ်ရေးမျိုး ပေးရလျှင်ကောင်းမည်နည်းဆိုသည်ကို စုံစမ်းလေ့လာရန် ဖြစ်သည်။

ထိုကဲ့သို့ ရောက်လာခဲ့သော ဆာဂျွန်ဆိုင်းမွန်းစုံစမ်းရေးအဖွဲ့ကို ဂျီစီဘီအေ ဝံသာနုအဖွဲ့ကဆီး၍ သပိတ်မှောက်လိုက်ကြလေသည်။

သို့ရာတွင် အိန္ဒိယပြည်နှင့်မြန်မာပြည် ခွဲရေးကို လိုလားသော ၂၁ ဦး အဖွဲ့ကမူ ဆာဂျွန်ဆိုင်းမွန်းတို့ စုံစမ်းရေးအဖွဲ့ကိုသွားတွေ့၍ သူတို့လိုလားချက်များကို တင်ပြတောင်းဆိုကြလေသည်။

ထို့အတူ အခြားအဖွဲ့အစည်းအချို့ကလည်း ဆိုင်းမွန်းအဖွဲ့ကို သွားတွေ့ကြသည်။

ထိုကဲ့သို့ သွားတွေ့ကြသူများတွင် ဦးဖေမောင်တင်လည်း ပါလေသည်။

အမှန်မှာ ဆာဂျွန်ဆိုင်းမွန်းကော်မရှင်ဟုဆိုသော်လည်း အိန္ဒိယပြည်၌ အလုပ်များနေသော ဆာဂျွန်ဆိုင်းမွန်းကိုယ်တိုင် မြန်မာပြည်သို့ ရောက်လာခြင်းကား မဟုတ်ချေ။

ဆာဂျွန်ဆိုင်းမွန်းက ဆာဖီးလစ်ဟားဒေါ့[၁] ဆိုသူကို အဖွဲ့ခွဲခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်၍ မေဂျာအက်တလီ[၂]အပါအဝင် ဆိုင်းမွန်းကော်ရှင်အဖွဲ့ခွဲကို စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ ဆာဂျွန်ဆိုင်းမွန်းကိုယ်စား မြန်မာပြည်သို့ရောက်လာခဲ့သော ဆာဖီးလစ်ဟားဒေါ့သည် တက္ကသိုလ်ပညာရေးရာကိစ္စများ၌ ကျွမ်းကျင်နှံ့စပ်သူတစ်ဦး ဖြစ်သည်။

ထို့ကြောင့် မြန်မာပြည်သို့ရောက်လာသော ဆိုင်းမွန်းအဖွဲ့ခွဲခေါင်းဆောင် ဆာဖီးလစ်ဟားဒေါ့သည် တည်ထောင်ပြီးစ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကို စိတ်ဝင်စားသွားဟန်တူသည်။

---

* Sir John Simon Commission

၁။ Sir Phillip Hardock

၂။ Major Atlee (နောင်တွင် အင်္ဂလန်ပြည်၏ နန်းရင်းဝန်)

သူသည် နိုင်ငံရေး၊ အုပ်ချုပ်ရေးတို့ကိုသာမက၊ ပညာရေးအတွက်ကိုပါ တက္ကသိုလ်ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် လိုလားချက်ဆန္ဒများအား စာတမ်းရေးသားတင်ပြနိုင်ကြောင်း တောင်းဆိုလိုက်သည်။

ထိုအခါ ထိုကဲ့သို့အခွင့်အရေးမျိုးကိုချောင်းနေသော မြန်မာစာပါမောက္ခ ဦးဖေမောင်တင်သည် အလွတ်မပေး တမ်း အသုံးချလိုက်လေသည်။

ဦးဖေမောင်တင်က ရန်ကုန်တက္ကသိုလ်မှ ပါဠိနှင့်မြန်မာစာပါမောက္ခတစ်ဦးအနေဖြင့်

– ယခု မြန်မာပြည်ရှိ ရန်ကုန်တက္ကသိုလ်ပညာရေးသည် ကျောင်းသူ၊ကျောင်းသားများအဖို့ တက္ကသိုလ်သို့ ဝင်ရောက်နိုင်ရန် စာမေးပွဲအောင်စာရင်းကို (က)တန်း၊ (ခ)တန်း ခွဲခြားသတ်မှတ်ထားကြောင်း၊

– (က) တန်းမှ အောင်သူများသည် တက္ကသိုလ်ပညာရေးအဆင့်မီသဖြင့် ရန်ကုန်တက္ကသိုလ်သို့ ဝင်ရောက်နိုင်ခွင့်ရှိ၍၊

– (ခ) တန်းမှ အောင်သူများမှာမူ အဆင့်မမီည့်နေသောကြောင့် တက္ကသိုလ်သို့ ဝင်ရောက်နိုင်ခွင့်မရှိကြောင်း

– ထိုကဲ့သို့ (က)တန်းမှ အဆင့်မီစွာအောင်မြင်သဖြင့် ရန်ကုန်တက္ကသိုလ်သို့ ဝင်ရောက်နိုင်သူများကို ကြည့်လိုက်သောအခါ အင်္ဂလိပ်ကပြားများကိုသာ တွေ့ရကြောင်း၊

– ဤကဲ့သို့ တွေ့ရသည်မှာ မြန်မာပြည်ပညာရေး၌ ဘာသာရပ်အားလုံးကို အင်္ဂလိပ်ဘာသာရပ်ဖြင့်သာ သင်ကြားဖြေဆိုစေ၍ ဖြစ်ကြောင်း၊

– ထိုအခါ ပင်ကို အင်္ဂလိပ်စကားပြောကာ ဘာသာစုံကို အင်္ဂလိပ်ဘာသာနှင့်သင်ကြားပေးသော အင်္ဂလိပ်ကျောင်းများ၌ သင်ကြားခွင့်၊ ဖြေဆိုခွင့်ရနေသော အင်္ဂလိပ်ကပြားအများစုတို့သာ (က)တန်းမှ အောင်ကြပြီးနောက် စာသင်သား စကောလားရှစ်ဆုများကိုလည်း သူတို့ချည်းရကာ တက္ကသိုလ်သို့ ဝင်နိုင်ကြကြောင်း၊

– မြန်မာတိုင်းရင်းသား အများစုမှာမူ အမျိုးသားကျောင်းများ၌ မြန်မာဘာသာဖြင့်သာ သင်ယူကြပြီးနောက်၊ စာမေးပွဲကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုကြရသောကြောင့် (ခ)တန်းမှ အဆင့်နိမ့်စွာ အောင်စာရင်းထွက်ကာ တက္ကသိုလ်သို့ ဝင်နိုင်ခွင့်မရှိတော့ကြောင်း၊

– မြန်မာတိုင်းရင်းသားများထဲမှဆိုလျှင် ရှိနိုးဦးတင်ပြုကာ အင်္ဂလိပ်ကျောင်းများ၌ နေခွင့်ရခဲ့သူအချို့သာ အရေအတွက် အလွန်နည်းပါးစွာ တက္ကသိုလ်သို့ဝင်ရောက်နိုင်သည်ကို တွေ့ရကြောင်း၊

– မြန်မာပြည်၌ ရန်ကုန်တက္ကသိုလ်ကြီးကို မြန်မာတိုင်းရင်းသားများအတွက် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်ဟု ဆိုသော်လည်း ယခုတက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ခွင့် ရှိကြသောသူများမှာ မြန်မာတိုင်းရင်းသားများမဟုတ်ဘဲ အင်္ဂလိပ်ကပြားများနှင့် ကုလားလူမျိုးများသာ ဖြစ်နေကြကြောင်း၊

– မြန်မာတိုင်းရင်းသားများမှာမူ ''ပေးကားပေး၏ မရ၊ ကျွေးကားကျွေး၏ မဝ''ဆိုသော စကားကဲ့သို့ သူတို့အတွက် ဖွင့်လှစ်ပေးထားသည်ဆိုသော တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ယူခွင့် မရှိဘဲ ''မြင်ရုံသာမြင်ရ၊ မကြင်ရမောင့်ကိုယ်'' ဖြစ်ကာ အခွင့်အရေးများ လွန်စွာနစ်နာဆုံးရှုံးနေကြရကြောင်း၊

– မြန်မာပြည်၌ မြန်မာတိုင်းရင်းသားများအတွက် ဖွင့်လှစ်ပေးထားသော ရန်ကုန်တက္ကသိုလ်ကြီးတွင် မြန်မာစာကို တစ်လုံးမျှမတတ်သူများအဖို့ ဘီ–အေ၊ အမ်–အေများ အောင်မြင်သွားနိုင်ကြပြီးနောက်၊ မြန်မာတိုင်းရင်းသားများအဖို့ အင်္ဂလိပ်စာမတော်၍ တက္ကသိုလ်သို့ပင် ဝင်နိုင်ခွင့်မရှိခြင်းမှာ တရားမျှတမှု မရှိကြောင်း၊ သဘာဝလည်းမကျကြောင်း၊

– အင်္ဂလန်ပြည်၌ အင်္ဂလိပ်လူမျိုးများအတွက် ဖွင့်လှစ်ထားသော အောက်စဖို့ဒ်တက္ကသိုလ်ကြီး၌ကား အခြားဘာသာရပ်တွေကို မိုးပျံနေအောင် တတ်ကျွမ်းနေသူဖြစ်ပါစေ၊ အင်္ဂလိပ်စာမတတ်ပါက အနားသို့ ပင်သီခွင့်မရှိကြောင်း၊

– ယခု မြန်မာပြည်မှ ရန်ကုန်တက္ကသိုလ်သည် အင်္ဂလိပ်ကပြားနှင့်ကုလားလူမျိုးများအတွက် တည်ထောင် ဖွင့်လှစ်ပေးထားခြင်း မဟုတ်ကြောင်း၊

– ထို့ကြောင့် မြန်မာတိုင်းရင်းသားများအဖို့ အခွင့်အရေးများ ဆက်လက်၍ မဆုံးရှုံးမနစ်နာဘဲ တက္ကသိုလ်ပညာများကို လွတ်လွတ်လပ်လပ် သင်ယူနိုင်ကြစေရန် ကျောင်းများ၌ဘာသာရပ်များကို မြန်မာလို သင်ကြားပြီးနောက် စာမေးပွဲကို မြန်မာလိုသာ ဖြေဆိုခွင့်ပြုသင့်ကြောင်း၊

– ထိုကဲ့သို့ ပြုပြင်ပြောင်းလဲပေးရေးသည် ယခုလောလောဆယ်အတွက် အခက်အခဲ ရှိကောင်းရှိမည် ဖြစ်သော်လည်း မြန်မာပြည်၌ မြန်မာတိုင်းရင်းသားများအတွက် ဖွင့်လှစ်တည်ထောင်ထားသော ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသို့ မြန်မာတိုင်းရင်းသားများအဖို့ အမှန်တကယ် တက်ရောက်၍ ပညာရည်နို့ သောက်စို့နိုင်ကြစေရန်အတွက် နောင်ရေးကိုမျှော်တွေးပြီး ယခုကတည်းက စတင်ဆင်ခြင်စဉ်းစားကြစေ လိုကြောင်း။

စသည်ဖြင့် သူ့ရင်ထဲမှ လိုလားချက်ဆန္ဒနှင့် မကျေနပ်ချက်များကို စာမျက်နှာတစ်ဆယ့်သုံးမျက်နှာအထိရှိသော လက်ရေးစာတမ်းတစ်ခုရေး၍ ဆိုင်းမွန်းကော်မရှင်အဖွဲ့ခွဲသို့ ပို့ပေးလိုက်လေသည်။

ဦးဖေမောင်တင်ကဲ့သို့ အခြားဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခများကလည်း သူတို့လိုလားချက်များကို ကော်မရှင်သို့ ရေးပို့ကြသည်ဆိုသည်။

သို့ရာတွင် ကော်မရှင်က ဦးဖေမောင်တင်တစ်ယောက်တည်းကိုသာ ထူးထူးခြားခြား ဖိတ်ခေါ်ဆွေးနွေးလေသည်။

ထိုအခါ ဦးဖေမောင်တင်က ဆိုင်းမွန်းကော်မရှင်ကိုသွားတွေ့၍ သူရေးသားတင်ပြထားသော စာတမ်းအပေါ်မူတည်ကာ သူ့မြန်မာစာပေအတွက် လိုလားချက်များနှင့် မကျေနပ်ချက်များကို အကျယ်တဝင့် တင်ပြဆွေးနွေးလိုက်လေသည်။

သူ၏ ဆွေးနွေးတင်ပြ၊ တောင်းဆိုချက်များနှင့်ပတ်သက်၍ ဆိုင်းမွန်းကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်တစ်ဦးဖြစ်သော အိန္ဒိယ အမျိုးသမီးကြီးတစ်ဦးက ဦးဖေမောင်တင်ကို ချီးမွမ်းလိုက်လေသည်။

''ဦးဖေမောင်တင်အနေနဲ့ ကိုယ့်ဗမာစာပေတိုးတက်ကြီးပွားအောင် ကြိုးစားကြဆောင်တာတွေ၊ ရှေ့ရေးအတွက်မျှော်တွေးပြီး ပြင်ဆင်ထားတာတွေဟာ သိပ်ကောင်းတာပဲ၊ ရှင့်ဗမာစာပေအပေါ်မှာ တကယ့်ကိုစေတနာထားတဲ့ရှင့်ကို ကျွန်မတို့ ချီးကျူးပါတယ်ရှင်၊ ဒါပေမဲ့''

ဦးဖေမောင်တင်ကို ချီးမွမ်းစကားဆိုလိုက်သော အိန္ဒိယအမျိုးသမီးကြီးက သူ့ချီးမွမ်းစကား၌ ''ဒါပေမဲ့'' ကလေးတစ်လုံးကို နောက်ဆက်တွဲကလေး ထည့်သုံးလိုက်သည်။

ပြီးမှ အမျိုးသမီးကြီးက ဆက်ပြောလေသည်။

''အဲဒီလို ရှင်က ရှင့်ဗမာစာပေ ကြီးပွားရေးအတွက် အဘက်ဘက်ကလုပ်တာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ရှင်တို့မြန်မာပြည်မှာ တခြားတိုင်းရင်းသားတွေလည်း ရှိသေးတယ်မဟုတ်လား၊ အဲဒီလိုရှိကြတဲ့အထဲမှာ ကရင်လူမျိုးက အများစုဆိုတော့ ကရင်အမျိုးသားတွေအတွက် ဘယ့်နှယ်လုပ်ပါ့မလဲရှင့်၊ ပြောပါဦး''

''ဩော်...ဟုတ်ကဲ့ခင်ဗျာ၊ ဒီမေးခွန်းအတွက် ကျွန်တော်အဖြေပေးရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်က ကရင်ဘာသာစာပေပါမောက္ခမဟုတ်ဘဲ မြန်မာစာပေပါမောက္ခတစ်ယောက်သာ ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့အနေနဲ့ ပထမသိထားစေချင်ပါတယ်''

ရွှေရေးစကားတတ်လုပ်ကာ သူ၏တောင်းဆိုတင်ပြချက်များကို ထောက်ကွက်ပြုလာခဲ့သူ အမျိုးသမီးကြီးအား ဦးဖေမောင်တင်က ဖြေကြားလိုက်သည်။

ထို့နောက် သူက ဆက်ပြောလိုက်လေသည်။

''နောက် ဒုတိယအချက်အနေနဲ့ သိထားစေချင်တာကတော့ ခင်ဗျားတို့အင်္ဂလိပ်စာပါမောက္ခတစ်ယောက်ဟာ သူ့အင်္ဂလိပ်စာပေကြီးပွားဖို့ ကမ္ဘာမှာပျံ့နှံ့အောင် ကြိုးစားကြဆောင်ဖို့တာဝန် သူ့မှာရှိတယ် မဟုတ်ပါလား''

ဦးဖေမောင်တင်ပြောသည်ကို အိန္ဒိယအမျိုးသမီးကြီးက ငြိမ်၍နားထောင်နေသည်။

''အဲ ခင်ဗျားတို့အနေနဲ့ တတိယအချက်အဖြစ် သိထားစေချင်တာကတော့ ကျွန်တော်ဟာ မြန်မာစာပေပါမောက္ခတစ်ယောက်အဖြစ်အနေနဲ့ မြန်မာစာပေကြီးပွားတိုးတက်ရေးကို ကြိုးစားကြဆောင် လုပ်ကိုင်ပါ့မယ်ဆိုတဲ့ ဝန်ခံချက်နဲ့ အစိုးရဆီက လခယူထားနေသူ တစ်ယောက်ပါ၊ ဒါကြောင့် ကျွန်တော့် မြန်မာစာပေကြီးပွားရေးဟာသာ ကျွန်တော့်တာဝန်၊ ကျွန်တော့် မြန်မာစာပေ ကြီးပွားရေးအတွက်ကိုသာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကျွန်တော်ကြိုးစားရမှာ ဖြစ်ပါတယ် ခင်ဗျာ''

ဦးဖေမောင်တင်၏ မှန်ကန်သော အဖြေစကားများက ထောက်ကွက်ပြုသူ အမျိုးသမီးကြီးသာမက ကော်မရှင်မှ ကျန်အဖွဲ့သားအားလုံးကိုပါ နှုတ်ပိတ် တိတ်ဆိတ်သွားလိုက်စေလေသည်။

ဦးဖေမောင်တင်၏ အကွက်ဝင်စွာတင်ပြခဲ့သော စာတမ်းနှင့်မျက်နှာစုံညီရှေ့၌ အချက်ကျကျဖြေကြားချက်

စကားများကို ဆိုင်းမွန်းအဖွဲ့ခွဲအနေဖြင့် ဘယ်ကဲ့သို့ လက်ခံစဉ်းစားကြမည် မသိနိုင်သေးသော်လည်း ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့(စ်)၏ မျက်နှာကြီးပုပ်သိုးကာစိတ်ဆိုးမှုကိုမူ ပါမောက္ခဖေမောင်တင်လောလောဆယ် ခံယူလိုက်ရလေသည်။

ထိုကဲ့သို့ သူ့အထက်မှ ကျောင်းအုပ်ကြီးစလော့(စ်)၏မကျေမနပ်၊ ငြိုငြင်မှုအငြိုးထားမှုကို သူ့စေတနာ၊ သူ့အသိစိတ်ဓာတ်ဖြင့် သူ့မြန်မာစာပေကြီးပွားရေးအတွက် လက်မနေးတမ်း လုမ်း၍ တာဝန်ကျေပွန်ခွင့်ရလိုက်သောပါမောက္ခဦးဖေမောင်တင်က အပြုံးမပျက် ကြည်ဖြူစွာ ခံယူလိုက်လေသည်။

ထို့နောက် ၁၉၂၉ ခု၊ ဧပြီလ ၂၄ ရက်နေ့၌ သူ့ချစ်ဇနီးဒေါ်ကြည်ကြည်က ပါမောက္ခ ဦးဖေမောင်တင်အတွက်သားဦးရတနာ ရင်နှစ်သည်းချာကလေးကို မွေးဖွားပေးလိုက်လေသည်။

''ဟန်ကျတယ်ကွယ် မွေးနေ့အထိမ်းအမှတ်လုပ်ချင်ရင် အဖေနဲ့သားနဲ့ တစ်ရက်တည်းလုပ်နိုင်တာပေါ့''

သူ့အတွက် သားဦးရတနာကလေးကို ရယူချော့မြှူနိုင်သောနေ့ရက်သည်ကား ပါမောက္ခကြီးဦးဖေမောင်တင်၏ အသက် ၄၁ နှစ်ပြည့်သော မွေးနေ့ပင်ဖြစ်လေသည်။

သူသည် သူ့ဘဝမှာအတွယ်အတာ ချစ်စရာတစ်မျိုးတိုးလာခဲ့သော သားဦးကလေးအတွက် အရူးအမူးပျော်မြူးမိလေသည်။

ဦးဖေမောင်တင်အဖို့ ထိုကဲ့သို့အသစ်သော မွေးဖွားတိုးပွားခြင်းအတွက် ဝမ်းသာပီတိဖြစ်မိခဲ့ရသလောက်မကြာမီသောကာလ၌ကား သူမျှော်လင့်မထားသော ဝမ်းနည်းကြေကွဲမှုကြီးများက သူ့ကို အကြီးအကျယ်ထိခိုက်စေလိုက်လေသည်။

ထိုကဲ့သို့ သူ့ရင်ကို ထိခိုက်စေသော အကြောင်းများကား သူ့အဖို့အစားထိုး၍မရနိုင်သော မိဘနှစ်ပါးကိုဦးဖေမောင်တင်ခမျာ ဆင့်ကဲဆင့်ကဲဆုံးရှုံးလိုက်ရခြင်း ဖြစ်သည်။

အသက်အရွယ် ကြီးလာခဲ့ကြပြီဖြစ်သော ဦးဖေမောင်တင်၏ မိဘနှစ်ပါးသည် ကျန်းမာရေး အခြေအနေများအားနည်းချွတ်ယွင်းလာကြသည်။

ဦးဖေမောင်တင်တို့၏ အဖေဖြစ်သူ ဦးဖေသည် သက်တမ်းစေ့သောအခါ အစိုးရအလုပ်မှ အငြိမ်းစားယူလိုက်သည်။

သူသည် အလုပ်မှ အငြိမ်းစား ယူလိုက်သော်လည်း အိမ်၌ငြိမ်းအေးသက်သာစွာ မနေချေ။ တစ်နေ့တစ်နေ့အနီးပတ်ဝန်းကျင်ရှိ တောရွာကလေးများသို့လှည့်လည်၍ ခရစ်ယာန်တရားဒေသနာများ ဟောပြောပို့ချခြင်း၊နာမကျန်းသူများကို ဆေးဝါးကုသပေးခြင်း၊ ဆင်းရဲနွမ်းပါးသူများအား ကူညီစေခြင်း ပေးကမ်းလှူဒါန်းခြင်းအလုပ်များဖြင့် မအားနိုင်အောင် သွားလာလှုပ်ရှားနေခဲ့လေသည်။

''ဟေ့ မောင်တင်၊ မင်း ဒီအင်္ကျီနဲ့ပုဆိုးဟာ မင်းအတွက်ဟောင်းနေပါပြီကွာ၊ တောက ဆင်းရဲသားတွေအတွက်ဖေဖေယူလိုက်တော့မယ်''

ဦးဖေမောင်တင်တို့ ညီအစ်ကိုမောင်နှမများသည် သူတို့အဝတ်အထည်များကို ဘယ်အခါမျှ ဟောင်းနွမ်းသည်အထိ မဝတ်မဆင်ကြရချေ။

သူတို့ဖေဖေက အမြဲတမ်း စုသိမ်း၍ ယူသွားလေ့ရှိသည်။

''မင်းတို့က လခတွေ အများကြီးနဲ့ အသစ်အဆန်းတွေကို ဘယ်အချိန်မဆို ဝယ်ဝတ်နိုင်ကြတယ်၊ တောကဆင်းရဲသားတွေခမျာမှာက အင်္ကျီကလေးတစ်ထည် ဝယ်ဝတ်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ စီးပွားရေးက ကျပ်တည်းတော့ထမင်းကလေး နပ်မှန်စားနိုင်အောင်တောင် အတော်ကြိုးစားရုန်းကန်နေကြရတာကွယ့်''

ဦးဖေက မြို့ပေါ်မှ ပညာတတ်များနှင့် လခစားများ၏အခြေအနေနှင့် ကျေးလက်တောရွာများမှ တောင်သူလယ်သမားဆင်းရဲသားများ၏ အခြေအနေ ကွာခြားနေကြပုံကို သူ့သားသမီးများနားလည်စေရန် အကျိုးအကြောင်းရှင်းလင်းပြောပြတတ်လေသည်။

''သူတို့ခမျာများမှာ နွားနဲ့ဖက်ရုန်းပြီး ဆန်ကြမ်းနဲ့ငါးပိဆားဖျော်ကို အနိုင်နိုင်စားနေကြရတဲ့ကြားထဲကပဲလူခွန်တို့ လယ်ခွန်တို့ကို မပေးမနေရပေးဆပ်နေကြရရှာတယ်''

ဦးဖေသည် တစ်နေ့တစ်နေ့ သူ့သာသနာပြုလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများဖြင့် ပျော်ရွှင်ငြိမ်းချမ်းနေလေသည်။

ထိုကဲ့သို့ ဦးဖေတစ်ယောက် သူ့လုပ်ငန်းများနှင့်ပတ်သက်၍ လွတ်လပ်စွာ သွားလာဆောင်ရွက်နိုင်ရန်

ဇနီးဖြစ်သူဒေါ်မြိုင်က ကြည်ဖြူကျေနပ်စွာ မညည်းမညူ ပါရမီဖြည့်စွမ်းပေးနေလေသည်။

ထိုကဲ့သို့ ဦးဖေပျော်ရွှင်ငြိမ်းချမ်းစွာရှိနေသကဲ့သို့ ပါရမီဖြည့်ဖက်ဒေါ်မြိုင်သည်လည်း အထူးပင် ချမ်းမြေ့ကြည်လင်လျက် ရှိလေသည်။

ထိုကဲ့သို့ အဘိုးကြီးနှင့် အဘွားကြီးတို့နှစ်ယောက် စိတ်တူ၊ ကိုယ်တူ၊ ကြည်ဖြူကျေနပ်စွာ သွားလာလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စိတ်နှလုံးမွေ့လျော်ပျော်ရွှင်နေကြသည်ကိုကြည့်၍ ဦးဖေမောင်တင်တို့ သားသမီးများမှာလည်း ဝမ်းသာကျေနပ်နေကြရလေသည်။

ထို့နောက် လွန်ခဲ့သောနှစ်နှစ်လောက်ခန့်မှစ၍ ဦးဖေနှင့်ဒေါ်မြိုင်တို့သည် ကျန်းမာရေးမကောင်းဖြစ်လာခဲ့ကြသည်။

နောက်ဆုံး၌ အဘိုးကြီး အဘွားကြီးနှစ်ယောက်စလုံး အိပ်ရာထဲ၌ဘုံးဘုံးလဲကြလေတော့သည်။

ဦးဖေသည် အိပ်ရာထဲ ဘုံးဘုံးလဲတော့မှသာ၊ တောရွာများသို့ လှည့်လည်ခြင်းအမှုကို ရပ်နားလိုက်သည်။

ဦးဖေ၏ရောဂါမှာ အသည်းတွင် အနာပေါက်ခြင်း ဝေဒနာဟုသိရသည်။

ဒေါ်မြိုင်ကမူ လူကြီးရောဂါဖြင့် လမ်းမလျှောက်နိုင် ဖြစ်သွားခဲ့သည်။

သူတို့မိဘနှစ်ပါးစလုံး သက်သာကျန်းမာစေရန် ဦးဖေမောင်တင်တို့ သားသမီးများက ကြိုးစားကုသပြုစုပေးကြလေသည်။

သို့ရာတွင် ဦးဖေ၏ အခြေအနေက တစ်နေ့တခြား ပို၍ဆိုးလာခဲ့သည်။

တစ်ခါတစ်ခါ၌ ဦးဖေမှာ ဝေဒနာ ဖိစီးနှိပ်စက်မှုကို ဆိုးဆိုးဝါးဝါး ခံစားရရှာလေသည်။

သူ့ကို ဖိစီးနှိပ်စက်သော ဝေဒနာဆိုးကို ဦးဖေက မညည်းမညူခံယူလေသည်။

''ဟော့ မောင်တင်၊ သခင်ခရစ်တော်ဟာ လက်ဝါးကားတိုင်မှာတောင်တက်ပြီး လူသားတွေအတွက် ဝေဒနာကိုခံယူသွားတယ် မဟုတ်လားကွယ့်၊ ဒီတော့ ငါ့အဖို့ခံနေရတဲ့ဝေဒနာက သခင်ခရစ်တော်ခံခဲ့ရသလောက် မဆိုးပါဘူးကွ၊ ငါခံနိုင်ပါတယ်၊ ငါခံစားနေရတာဟာ ဘာမှမဟုတ်လောက်ပါဘူးကွာ''

ဦးဖေမောင်တင် ရောက်သွားတိုင်း သူ့ဖေဖေ လူမမာ ဦးဖေက ဝေဒနာကို အပြင်းအထန်ခံစားနေရင်းမှ သူ့ခံယူချက်အား ဝံ့ဝံ့စားစား ပြောပြတတ်လေသည်။

ဦးဖေမောင်တင်၏ လက်ထပ်ပွဲသို့ပင် သူ့မိဘနှစ်ပါးမှာ တက်ရောက်ချီးမြှင့်ခြင်း မပြုနိုင်ခဲ့ကြရှာချေ။

ယခု သူ့အတွက်သားဦးကလေးရ၍ ပျော်တပြုံးပြုံးမော်မဆုံးရှိချိန်တွင် သူ့ဘဝမှာစံပြအဖြစ် အစဉ်ချစ်မြတ်နိုးရိုးကျိုးလာခဲ့ရသော ဖခင်ကြီးကို ဦးဖေမောင်တင် စွန့်လွှတ်ဆုံးရှုံးလိုက်ရလေသည်။

ဦးဖေမောင်တင်တို့ သားသမီးတစ်စုသည် ဖခင်ကြီးအတွက် ပူဆွေးသောကဖြင့် ဝမ်းနည်းတသဖြစ်နေကြသော်လည်း လူမမာမိခင်ကြီးမသိစေရန် တိုးတိုးတိတ်တိတ် ကြိတ်၍ခံစားနေကြရလေသည်။

ဖခင်ကြီး၏ အသုဘကိုလည်း မိခင်ကြီးမကြားမသိစေရန် အထူးသတိထား၍ သိုသိပ်ငြိမ်သက်စွာ စီစဉ်ဆောင်ရွက်လိုက်ကြရလေသည်။

သူတို့အနေဖြင့် ဘယ်ကဲ့သို့ပင် ကြိုးစားသိုသိပ်ကြသော်လည်း ဖခင်ကြီးနှင့်အသည်းချင်းယှက်ကာ လက်တွဲပေါင်းဖက်လာခဲ့သော မိခင်ကြီးကို ကြာရှည်ဖုံးကွယ်ထားနိုင်စွမ်း မရှိကြချေ။

သူတို့ဖခင်ကြီး ကွယ်လွန်ပြီးနောက် သုံးရက်မြောက်နေ့တွင် မိခင်ကြီးဒေါ်မြိုင်က မေးလေတော့သည်။

''ဟဲ့ နင်တို့အဖေ အသံမကြားပါလား၊ ဘာဖြစ်သလဲ ငါ့ကိုပြောကြစမ်း''

သားသမီးများက လှည့်ပတ်ပြောသော်လည်း သူ့စိတ်၌ အလိုလို သိနေပုံရှိသော မိခင်ကြီးဒေါ်မြိုင်က မယုံကြည်ချေ။

''ဟဲ့ မောင်သင်၊ ငါ့ကို မှန်မှန်ပြောစမ်း နင့်အဖေ ဘာဖြစ်သလဲဟင်''

မိခင်ကြီးဒေါ်မြိုင်သည် အခြားသားသမီးများကို မေး၍မရသောအခါ ယခုထက်တိုင် လူပျိုကြီးလုပ်ကာ မိဘများနှင့် မခွဲမခွာ နေထိုင်သူ၊ သားကြီးမောင်သင်အား မရမကမေးလေတော့သည်။

နောက်ဆုံး၌ ဘယ်လိုမျှ ဖုံးကွယ်ထား၍မရဘဲ ဖခင်ကြီး၏အဖြစ်မှန်ကို မိခင်ကြီးအား ပြောကြားလိုက်ရလေတော့သည်။

ထိုအခါ ဦးဖေမောင်တင်တို့၏ မိခင်ကြီးဒေါ်မြိုင်သည် သူတို့ဖခင်ကြီးဦးဖေ မရှိတော့သည့်နောက်၌ သူလည်း လောကကြီးကို အပြီးအပိုင် စွန့်ခွာလိုက်ပါသွားရန် ဆုံးဖြတ်လိုက်ဟန်တူသည်။

ဦးဖေကွယ်လွန်ပြီးနောက် ခုနစ်ရက်မြောက်ရက်လည်ဘုရားရှိခိုးတရားနာအပြီး၌ ဦးဖေမောင်တင်တို့၏ မိခင်ကြီးဒေါ်မြိုင်သည်လည်း ငြိမ်းချမ်းစွာ ကွယ်လွန်သွားလေသည်။

ဦးဖေမောင်တင်တို့ သားသမီးများမှာ မိဘနှစ်ပါးကို ထူးခြားစွာ ဆုံးရှုံးလိုက်ရသဖြင့် ယူကျုံးမရ၊ ဝမ်းနည်း ကြေကွဲရသည်နှင့်အမျှ သူတို့မိဘနှစ်ပါး၏ တစ်ဦးပေါ်တစ်ဦးထားရှိခဲ့သော သံယောဇဉ်၊ မေတ္တာစာတ်များကြီးမား လွန်းမှုအား စံတင်ပြ၍ ဩချခံစားလိုက်ကြရလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်တို့၏ မိဘနှစ်ပါးအဖို့ ခြောက်ရက်မျှခြား၍ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ ကြပြီးနောက် တစ်လလောက်အရှိ၌ ကျန်ခဲ့သူ သားသမီးများထံသို့ ဖိတ်စာတစ်စောင် ရောက်လာသည်။

ဖိတ်စာသည် သူတို့ ''နေဒင်းကော့တိတ်(ချ်)''ခြံ အနောက်ဘက်ရှိ တောင်သူကုန်း ကရင်အမျိုးသားရွာကလေးမှ ဖိတ်ကြားလိုက်ခြင်း ဖြစ်သည်။

ထိုရွာကလေးတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကလေးတစ်ကျောင်း ရှိသည်။

ထိုဘုရားရှိခိုးကျောင်းကလေး ပေါ်ပေါက်တည်ဆောက်ရေး၌ ဦးဖေ၏ ငွေအား လူအား တရားဓမ္မအားများ ပါဝင်ခဲ့လေသည်။

ယခု ထိုဘုရားရှိခိုးကျောင်းကလေးကို ဓာတ်မီးကြိုးသွယ်ပြီးသွားသဖြင့် အထူး ဘုရားရှိခိုးစည်းဝေး ပြုလုပ်မည်ဖြစ်၍ ဦးဖေနှင့်ဒေါ်မြိုင်တို့၏ သားသမီးများကို မပျက်မကွက်တက်ရောက်ရန် အထူးဖိတ်ကြားလိုက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်တို့ မောင်နှမအားလုံးလည်း ထိုဘုရားရှိခိုး အထူးစည်းဝေးသို့ သွားဖြစ်အောင် သွားလိုက်ကြသည်။

''ကျွန်တော်တို့အားလုံးကို ဦးဖေက ထာဝရအသက်ရနိုင်ရေးအတွက် သခင်ခရစ်တော်ရဲ့ ထာဝရအလင်းကို ညွှန်ပြပြီး သက်သေခံသွားခဲ့သူ ဖြစ်ပါတယ်၊ ဒါကြောင့် အခု ကျွန်တော်တို့ ဘုရားရှိခိုးကျောင်းကလေးကို အမှောင်ခွင်းပြီး အလင်းပေးမယ့် ဓာတ်မီးကြိုးသွယ်တာမှာ ဦးဖေကို ကျေးဇူးတင်ခြင်း၊ ဂုဏ်ပြုခြင်း၊ အထူးသတိရ ခြင်း အထိမ်းအမှတ်အနေနဲ့ အထူးစည်းဝေးပွဲပြုလုပ်ပြီး ဦးဖေ–ဒေါ်မြိုင်တို့ရဲ့သားသမီးများကို အထူးဖိတ်ကြားရခြင်း ဖြစ်ပါတယ်''

ထိုရွာကလေးမှ ခရစ်ယာန်အသင်းတော်၏သင်းအုပ်ဆရာက ဦးဖေ၏ ဘာသာရေးယုံကြည်ချက် သာသနာရေးလုပ်ဆောင်ချက် ဂုဏ်ပုဒ်များကိုဆွေးမြည့်စွာ ဖော်ထုတ်ပြောကြားလေသည်။

ထို့နောက် ယခုပြုလုပ်သော ဘုရားရှိခိုး အထူးအစည်းအဝေးအကြောင်းကို တင်ပြနိဂုံးချုပ်ကာ ဦးဖေ၏ သားသမီးတစ်ယောက်က မီးခလုတ်ကိုနှိပ်၍ လျှပ်စစ်မီးဖွင့်ပေးရန် ဖိတ်ခေါ်လိုက်လေသည်။

သည်အတွက် ဦးဖေမောင်တင်က ဘုရားရှိခိုးကျောင်းကလေးမှ လျှပ်စစ်ပင်မမီးခလုတ်ကို သွားဖွင့်ပေး လိုက်သည်။

ထိုအခါ ဘုရားရှိခိုးကျောင်းကလေးသည် လျှပ်စစ်ဓာတ်မီးရောင်များဖြင့် လင်းထိန်သွားလေသည်။

ဦးဖေမောင်တင်သည် လျှပ်စစ်ဓာတ်မီးရောင်ဖြင့် လင်းထိန်ငြိမ်းချမ်းစွာရှိနေသော ဘုရားရှိခိုးကျောင်းကလေးကို ဆွေးမြည့်ကြေကွဲစွာငေးကြည့်ရင်း သူ့ဖခင်ဦးဖေက လောကလူသားများအတွက် သူယုံကြည်ရာ ဘာသာရေး သာသနာရေးဘက်မှ အလင်းဆောင်နိုင်ခဲ့သည့်နည်းတူ သူသည်လည်း သူ့တိုင်းပြည်နှင့် သူ့လူမျိုးများအတွက် သူအစွမ်းထက်သော စာပေပညာဖြင့် အလင်းဆောင်၍ ထာဝစဉ် ဝင်းပြောင်နိုင်အောင် ဆတိုးထမ်းပိုးကြိုးပမ်း အားထုတ်သွားမည်ဟု အဓိဋ္ဌာန်ပြုလိုက်မိလေသည်။

ထို့နောက် ထိုနှစ်ထဲ၌ လွန်ခဲ့သောနှစ်အတွင်းက ဦးဖေမောင်တင် မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆို ရေးသားခဲ့သော **''အနုမြူ''** အမည်နှင့် ကျမ်းတစ်ကျမ်း၊ စာအုပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။

အဆိုပါ ''အနုမြူ''ကျမ်းသည် ပါမောက္ခအင်ဒရာဒေ၏ ''သည်အတမ်း''ကို ဦးဖေမောင်တင်က မြန်မာ ဘာသာသို့ ပြန်ဆိုရေးသားလိုက်ခြင်း ဖြစ်သည်။

ထိုမြန်မာဘာသာပြန်ကျမ်းကို ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ မြန်မာပြည်ပညာပြန့်ပွားရေး

အသင်းမှ ဖြန့်ချိရောင်းချသည်။

တန်ဖိုးမှာ တစ်အုပ်လျှင် ၈–ပဲ ဖြစ်သည်။

ဦးဖေမောင်တင်၏ "အနုမြူ"ကျမ်းသည် အနောက်နိုင်ငံများ၌ ခေတ်စားနေသော သိပ္ပံဆိုင်ရာစာပေများနှင့် ပတ်သက်၍ မြန်မာဘာသာသို့ မြန်မာဝေါဟာရအသုံးအနှုန်း အသီအကုံးများဖြင့် ပထမဦးဆုံး ပြန်ဆိုရေးသားလိုက်ခြင်း ဖြစ်လေသည်။

မြန်မာပြည် ပညာပြန့်ပွားရေး အသင်းသားတစ်စုသည် တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ စုဝေး၍ ဦးဖေမောင်တင်၏ "အနုမြူ"ကျမ်းကို ဖတ်ရှုကြသည်။

ထို့နောက် သူတို့သည် ဦးဖေမောင်တင် မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုရေးသားထားသော သိပ္ပံဝေါဟာရ အသုံးအနှုန်းများကို ဝေဖန်ဆွေးနွေးခြင်းပြုကြလေသည်။

ထို့အပြင် ဘာသာပြန် စာသင်ဝိုင်းကလေးတစ်ခုကိုလည်း ဖွဲ့စည်းတည်ထောင်လိုက်သည်။

ဦးဖေမောင်တင်ကို အမှူးပြု၍ ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

ထိုအဖွဲ့အစည်းကလေးက မြန်မာဘာသာသို့ မည်ကဲ့သို့ ပြန်ဆိုရမည်ဆိုသော အခက်အခဲပြဿနာများကို ဖြေရှင်းပေး၍ မြန်မာအသုံးအနှုန်းဝေါဟာရများကို ကြိုးစားရှာဖွေတီထွင်ဖော်ထုတ်ပေးရန် ဖြစ်လေသည်။

"အနုမြူ"ကျမ်းနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဦးဖေမောင်တင်၏ "အနုမြူဒီပဏီ"* ကျမ်းတစ်စောင် စာအုပ်အဖြစ် ဆက်လက်ထွက်ပေါ်လာခဲ့ပြန်သည်။

"အနုမြူဒီပဏီ"ကို ဦးဖေမောင်တင်က ဆာဝီလီယံဘရက်၏ "ကွန်စန်းနင်းသည်နေချားအော့(ဖ်)သင်း(စ်)" ပထမအခန်းအား မှီငြမ်းပြန်ဆိုရေးသားထားခြင်း ဖြစ်သည်။

"အနုမြူဒီပဏီ" ကျမ်းကိုလည်း မြန်မာပြည်ပညာပြန့်ပွားရေးအသင်းတိုက်မှပင် ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ဖြန့်ချိရောင်းချလိုက်လေသည်။

ထို "အနုမြူဒီပဏီ"ကျမ်းကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ဦးဘအိုနှင့်ဦးဘိုးရီ ညီအစ်ကိုနှစ်ယောက်က ငွေကျပ်ငါးရာ လှူဒါန်းခဲ့သည်။

စာအုပ်၏တန်ဖိုးမှာ ၄–ပဲ မျှသာ ဖြစ်သည်။

ထိုကဲ့သို့ ဦးဖေမောင်တင်၏ ဦးဆောင်လမ်းခင်းပေးမှုတွင် မောင်ဘသောင်းကလည်း "ဆရာဝန်ပါဘဲ" ဆိုသော စာတစ်အုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားလိုက်လေသည်။

မောင်ဘသောင်း၏ "ဆရာဝန်ပါဘဲ"စာအုပ်မှာ ပြင်သစ်စာရေးဆရာကြီး မိုးလဲ၏ "လီမယ်ဒီစင်မော်ဂရဲလွီ"*ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခြင်း ဖြစ်လေသည်။

အဆိုပါ "ဆရာဝန်ပါဘဲ"စာအုပ်ကို မြန်မာဘာသာသို့ပြန်ဆိုသူ မောင်ဘသောင်းသည်ကား ကမ္ဘာလုံး စာစောင်မှ ပျိုးထောင်ပေးလိုက်ခြင်းဖြင့် ယခုကဲ့သို့ အောင်မြင်တောက်ပြောင်လာခဲ့သူတစ်ဦး ဖြစ်လေသည်။

ကမ္ဘာ့စာပေများကို မြန်မာ့စာပေနှင့်ဖလှယ်၍ မြန်မာစာဖတ်သူများနှင့် ထိတွေ့ပေးလိုသော ဦးဖေမောင်တင်က မစ္စတာဖာနီဗယ်လ်ကြီးနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ကမ္ဘာလုံးစာစောင်၌ ဘာသာပြန်အခန်းကဏ္ဍတစ်ခုကို တိုးချဲ့လိုက်စေသည်။

ထို ဘာသာပြန်ကဏ္ဍကို စာပေဝါသနာရှင်များ ပိုမိုစိတ်ဝင်စားစေရန် ပြိုင်ပွဲကလေးအသွင်လည်း ဖန်တီး ထားသည်။

ထိုအခန်းတွင် အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထုတို၊ ပုံပြင်၊ ဆောင်းပါးနှင့်ကဗျာကလေးများကို လစဉ်ဖော်ပြပေးသည်။

ထိုကဲ့သို့ ဖော်ပြပေးသည်ကို စိတ်ပါဝင်စားသော စာဖတ်သူတိုင်းအဖို့ မြန်မာဘာသာသို့ ပြန်ဆိုရေးသား၍ စာစောင်ထဲမှ ကူပွန်ဖြတ်ပိုင်းကလေးနှင့်အတူ စာစောင်သို့ပေးပို့နိုင်ကြသည်။

ထိုအခါ စာစောင်မှ ထိုဘာသာပြန်အခန်းအတွက် တာဝန်ရှိသူများက သူ့အမျိုးအစားအလိုက် အကောင်းဆုံး မြန်မာဘာသာပြန်တစ်ပုဒ်စီကို ရွေးချယ်ထုတ်နုတ်၍ စာစောင်၌ဖော်ပြပေးလေသည်။

---

* "The Atom" By Professor Andrade
* from the first chapter of "Concerning The Nature of Things" by Sir Willian Bragg
* "Le Medecin Malgre Lui" of Moliere

ထိုကဲ့သို့ စာစောင်၌ဖော်ပြခံရသော ဘာသာပြန်ဆိုသူများကို သူ့အမျိုးအစားအလိုက် ဆုငွေများချီးမြှင့်သည်။ ဆုငွေများမှာ ဘာသာရပ်အလိုက် ငါးကျပ်နှင့် ကျပ်တစ်ဆယ်စီ ဖြစ်လေသည်။

စာပေဝါသနာရှင်များထံမှ မြန်မာဘာသာသို့ပြန်ဆိုပေးပို့သောစာမူများကို ဦးဖေမောင်တင်က ကြီးမှူးကြီးကြပ်ပေးရသည်။

ထိုအခါ စာပေဝါသနာရှင်များသည် အဆိုပါဘာသာပြန်ခန်းကို အတော်ကလေး စိတ်ဝင်စားကြကြောင်း အားရစရာ တွေ့ရလေသည်။

ထိုကဲ့သို့သော စာပေဝါသနာရှင်များထံမှ မောင်သန့်[၁] (ပန်းတနော်)နှင့် မောင်ဘသောင်း[၂] ဆိုသူ နှစ်ဦး၏ မြန်မာဘာသာသို့ ပြန်ဆိုရေးသားချက်များသည် ထူးထူးခြားခြား ကောင်းမွန်လှသည်။

သည်အတွက် မြန်မာဘာသာပြန်ဆုကို သူတို့နှစ်ဦးက အများဆုံး ဆွတ်ခူးရရှိနေကြသည်။

သူတို့နှစ်ဦး၏ မြန်မာပြန်ဆိုမှု အရေးအသားများကို ပါမောက္ခကြီးဦးဖေမောင်တင် သဘောတွေ့၍ နှစ်သက်မိလေသည်။

သူတို့နှစ်ဦးကို ကမ္ဘာလုံးစာစောင်၌ အယ်ဒီတာများအဖြစ်ခန့်ထားလိုက်ရပါက တော်လေစွဟု ပင်ကိုရှိပြီးသားအရည်အသွေးကလေးများကို ပိုမိုတောက်ပြောင် အောင်မြင်လာစေရန် ဦးဖေမောင်တင်က မြေတောင်မြှောက်၍ အရောင်တင်ပေးလိုသည်။

ထိုကြောင့် ဦးဖေမောင်တင်က သူတို့နှစ်ဦးနှင့်ပတ်သက်၍ စုံစမ်းလေ့လာကြည့်လိုက်သည်။

ထိုအခါ မောင်သန့် (ပန်းတနော်)သည် ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်း၌ အထက်တန်းပြဆရာလုပ်နေကြောင်း သိရသည်။

ထိုကြောင့် ဦးဖေမောင်တင်က မောင်ဘသောင်းကိုသာခေါ်ယူ၍ လစဉ်ထုတ် ကမ္ဘာလုံးစာစောင်၌ အယ်ဒီတာအဖြစ် အလုပ်ခန့်ပေးလိုက်လေသည်။

မောင်ဘသောင်းသည် စာစောင်၏တာဝန်များကိုထမ်းဆောင်ရင်းမှ ယခု ''ဆရာဝန်ပါဘဲ''စာအုပ်ကို မြန်မာသို့ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်လေသည်။

ယခုကဲ့သို့ ဦးဖေမောင်တင်က ''အနုမြူ''ကျမ်းကို မြန်မာဘာသာသို့ ဦးဆောင်ပြန်ဆို ရေးသားခဲ့ခြင်းဖြင့် အခြားသူများကိုလည်း အားကျစေကာ ပြန်ဆိုရေးသားစေခဲ့ခြင်းမှာ

''မင်းတို့ဗမာစာပေဆိုတာက မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့တွေလောက်သာ ရေးဖွဲ့လို့ကောင်းတာပါ၊ အခုခေတ်စားနေတဲ့ ကမ္ဘာမှာထင်ရှားထွန်းကားနေတဲ့ သိပ္ပံအကြောင်းအရာတွေကိုကျတော့ မင်းတို့ဗမာစာနဲ့ရေးလို့ ဖွဲ့လို့မရဘူး မဟုတ်လား''

ဟု သူ့မြန်မာစာပေအပေါ် အထင်အမြင်သေးစွာ မှတ်ချက်အချခံခဲ့ရသည်များကို လက်တွေ့ထိုးနက်တိုက်လှန်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

ထိုကဲ့သို့ သူ့မြန်မာစာပေအပေါ်၌ မှတ်ချက်အချခံခဲ့ရမှုနှင့်ပတ်သက်၍ မကျေမနပ်သော ဦးဖေမောင်တင်က မစ္စတာဖာနီဗယ်လ်ကြီးကို ပြောပြလိုက်မိသည်။

ထိုအခါ သူ့ကို မစ္စတာဖာနီဗယ်လ်ကြီးက ပြန်ပြောခဲ့လေသည်။

''မင်းကွာ ပြောနေမယ့်အစား မင်းတို့ဗမာစာဟာ သူတို့ပြောသလို ဟုတ်တယ်မဟုတ်ဘူးဆိုတာ သိပ္ပံစာအုပ်တစ်အုပ်လောက်ကို ဗမာလိုပြန်ရေးပြလိုက်ပါလားကွ''

မစ္စတာ ဖာနီဗယ်လ်ကြီး၏မြှောက်ပေးမှုတွင် ဦးဖေမောင်တင်လည်း သတိရသွားကာ ''အနုမြူ''ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်လေသည်။

''အနုမြူ''ကျမ်းကို ဦးဖေမောင်တင်က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ထိုအခါ သိပ္ပံဝေါဟာရနှင့်ပတ်သက်သော အင်္ဂလိပ်စာလုံး အသုံးအနှုန်းအချို့သည် မြန်မာဘာသာတွင်မရှိဖြစ်နေသည်။

---

၁။ ၁၉၇၄-ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့၌ ကွယ်လွန်ခဲ့သူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း

၂။ သခင်ဘသောင်းအဖြစ် ယခုတိုင် သက်ရှိထင်ရှားရှိသည်။

ဤတွင် ဦးဖေမောင်တင်က ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်သို့ပြန်ဆိုခဲ့စဉ်က အင်္ဂလိပ်ဘာသာ၌ မရှိသေးသော အဘိဓမ္မာတရားနှင့်သက်ဆိုင်ရာ စကားလုံး အသုံးအနှုန်းများကို ရှာကြံတီထွင်၍ ပြန်ဆိုရေးသား နိုင်သကဲ့သို့ ယခုမြန်မာစာပေ၌ မရှိသေးသော အင်္ဂလိပ်ဘာသာသိပ္ပံဝေါဟာရ စကားလုံးများကိုလည်း ရှာကြံ တီထွင်ကာ ပြန်ဆိုရေးသားနိုင်ခဲ့လေသည်။

မြန်မာစာပေသည် နက်နဲခက်ခဲသော နာမ်တရားများကိုပင် နိုင်နင်းကျွမ်းကျင်စွာ ရေးသားအောင်မြင်နေသေးရာ ရုပ်တရားနှင့်သာဆိုင်သော သိပ္ပံဝေါဟာရအသုံးအနှုန်းများကို မနိုင်မနင်းဖြစ်စရာ အကြောင်းမရှိဟု ဦးဖေမောင်တင် ခံယူထားသည်။

သူက သူ့ခံယူချက်ကို "အနုမြူ"ကျမ်းအား နိုင်နင်းကျွမ်းကျင်စွာ မြန်မာဘာသာသို့ ပြန်ဆိုခြင်းဖြင့် လက်တွေ့ပြလိုက်လေသည်။

သူသည် "အနုမြူ"ကျမ်းကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုပြီးနောက် "အနုမြူဒီပဏီ"ကျမ်းကို ဆက်လက်ရေးသားလိုက်ပြန်သည်။

"အနုမြူဒီပဏီ"ကိုမူ ဦးဖေမောင်တင်က တိုက်ရိုက်ပြန်ဆိုခြင်းမဟုတ်ဘဲ စာအုပ်နိဒါန်း၌ "ဓမ္မတာ တရားသဘောအကြောင်း"ဟု အဓိပ္ပာယ်ဖွင့်လျက် သင့်လျော်သလို ပြုပြင်မွမ်းမံ ရေးသားလိုက်ခြင်း ဖြစ်လေသည်။

ဦးဖေမောင်တင်သည် သူ့"အနုမြူဒီပဏီ"ကို ဓာတ်ပုံနှင့်ဘလောက်ပုံတချို့ဖော်ပြကာ အင်္ဂလိပ်စကား တစ်လုံးကိုမျှ အင်္ဂလိပ်အက္ခရာနှင့်မဖော်ပြဘဲ မြန်မာစာလုံးများဖြင့်သာ အစအဆုံး တီထွင်သုံးနှုန်း၍ ရေးချခဲ့ လေသည်။

စာအုပ်ဆုံးသွားတော့မှ နောက်ဘက်၌ အဘိဓာန်ထုတ်၍ ထိုစာအုပ်၌ သူအသုံးပြုတီထွင်ခဲ့သော အင်္ဂလိပ် စာလုံးဝေါဟာရများကို

– အဆုံးစွန်သုညအမှတ်– Absolute Zero of Temperature ရေခဲပျော်သည့်အမှတ်အောက်။ ပြဒါးတိုင်အမှတ်အားဖြင့် ၂၇၃ မှတ်နိမ့်ကျသော အပူအအေးချိန်အမှတ်။

– အနုမြူ– Atom အသေးငယ်ဆုံးသော ဓာတ်စင်၏အပိုင်းကလေး။ အနုမြူတို့သည် အချင်းချင်း ပေါင်းစပ်နိုင်ကြ၏။ အက္ခရာများကို အနည်းနည်းအဖုံဖုံ စီစဉ်ခြင်းအားဖြင့် စကားလုံးများရသကဲ့သို့ အနုမြူများလည်း မြူများဖြစ်အောင်၊ အနည်းနည်းအဖုံဖုံ ပေါင်းစပ်ကြ၏။ (စာမျက်နှာ ၁–၂)။ နိဒါန်းမှာလည်းကြည့်ပါ။

– ဆားပွင့်– Crystal အလွန်သေးငယ်သော ရုပ်အပိုင်းအစ။ ၎င်းမှာ သေချာစွာပိုင်းခြားအပ်သော အတွင်းသွင်ပြင်ရှိ၍ ညီညာသော မျက်နှာပြင်များလည်းရှိ၏။

– ဓာတ်–ဓာတ်စင်–ဓာတ်နှော– ဓာတ်ဟူသော စကားသည် အဓိပ္ပာယ်ကျယ်၏။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော ဓာတ်လေးပါးတို့အပြင်၊ ဓာတ်ပုံ၊ ဓာတ်ရထား အစရှိသဖြင့် ယခုအသုံးပြုလျက်ရှိကြ၏။ အအေးဓာတ်၊ အပူဓာတ်ဟူ၍ သုံးစွဲကြသေး၏။ ဓာတ်လေးပါးတို့ကို အင်္ဂလိပ်ဘာသာအားဖြင့် Element ဟုခေါ်၏။ ခွဲစိတ်ဝေဖန်၍ မရသောအရာသည် Element မည်၏။ ပေါင်းစပ်ထားသောအရာသည် Compound မည်၏။ အချို့ပညာရှိများလည်း ၎င်းစကား ၂ ခုတို့ကို သုဒ္ဓကဓာတ်၊ မိဿကဓာတ်ဟူ၍ အနက်ပေးခဲ့ကြလေပြီ။ သုဒ္ဓကဓာတ်၊ မိဿကဓာတ်ဟူသော စကားတို့အစား၊ ဓာတ်စင် (Element)၊ ဓာတ်နှော (Compound) ဟုဆို လျှင်သာ၍နားလည်မည်ဖြစ်သတည်း။

– ဓာတ်ဖို–ဓာတ်မ– Positive and Negative Charge of Electricity လျှပ်စစ်ဓာတ်၏ အဖိုအမ ဟုခေါ်သော ဆန့်ကျင်ဘက် သတ္တိများ ဖြစ်၏။

– ဓာတုဗေဒ– Chemistry ဓာတ်စင်အမျိုးမျိုးတို့ ပေါင်းစပ်ခြင်းနှင့်၊ အမှုအရာကို ဖော်ပြသောပညာ။ ဓာတ်စင်တို့ကို ခွဲခြမ်းဝေဖန်ပြသောပညာ။

– ပရမာဏု– Electron လျှပ်စစ်ဓာတ်မ၏ အနုမြူ။ ဂြိုဟ်နက္ခတ်တို့သည် နေကို ဝန်းရံကြသကဲ့သို့၊ ပရမာဏုတို့သည် အနုမြူ၏အဆန်ကို ဝန်းရံကြ၏။ အနုမြူသည် အသေးငယ်ဆုံးသောအရာဟု ထင်မှတ်ခဲ့ကြရာ ၎င်းအောက်ပင် သေးငယ်သောပရမာဏုမည်သောအရာကို ယခုတွေ့ကြရ၏။

– မြူ– Molecule ဓမ္မတာတွင် လွတ်လပ်စွာ နေနိုင်သော ဓာတ်စင်၊ ဓာတ်နှောတို့၏ အသေးငယ်ဆုံးသော အစိတ်အပိုင်း။ အနုမြူများ အနည်းနည်းအဖုံဖုံပေါင်းစပ်ကြလျှင် မြူဖြစ်၏။ ပမာဆိုသော် ဟိုက်ဒရိုဂျင်အနုမြူ ၂

ခုနှင့် အောက်စီဂျင်အနုမြူတစ်ခုပေါင်းစပ်လျှင် ရေ၏မြူတစ်ခုရ၏။ နိဒါန်းမှာလည်း ကြည့်ပါ။

– မြူမှုန်– Corpuscle ရုပ်၏ သေးငယ်သော အစအန။

– ရုပ်– Matter တောတောင် ရေမြေလေမီး အစရှိသော အသက်ဝိညာဉ်မဟုတ်သော အရာဝတ္ထု။ နာမရူပဟူသော ပါဠိစကားတွင် ရူပသည် မြန်မာစကားဖြင့် ရုပ်မည်၏။

– ရူပသဘာဝ– Physics ရုပ်ဟူသော သက်မဲ့အရာဝတ္ထုတို့၏သဘောကို ဖော်ပြသောပညာ။

– လောကဓာတ်ပညာ– Natural Science လောကဓာတုဟူသော စကြဝဠာလောကကြီးတွင်ရှိသော အထည်ဒြပ်အရာဝတ္ထုတို့၏ သဘောအမူအရာ၊ အခြေအနေ၊ သတ္တိ အစရှိသည်ကို ဖော်ပြသောပညာ။ ရူပသဘာဝပညာနှင့် များစွာမခြားနားလှ။ အဓိပ္ပာယ်ကျယ်ရုံမျှသာ ဖြစ်၏။

– ဝိဇ္ဇာ– Science မူလ အဓိပ္ပာယ်မှာ သိခြင်းဖြစ်၏။ သိခြင်းအနက်ပါသော မြန်မာပါဠိစကားတို့တွင် ဝိဇ္ဇာဟူသောစကားသည် အသင့်လျော်ဆုံးသော စကားဖြစ်၏။ ဆေးအတတ်ကို ဝိဇ္ဇာနှင့်သဒ္ဒါဓာတ်ချင်းတူသော ဝိဇ္ဇာဟူသောစကားဖြင့် ခေါ်ဆို၏။ ဝိဇ္ဇာဟူသောစကားသည်လည်း ယခု သိုးဆောင်းလူမျိုးတို့ လိုက်စားကြသော လောကီပညာရပ်များနှင့် အလားတူသောအနက်၌ ပါဠိတော်များ၌လည်း လာ၏။

စသည်ဖြင့် ဦးဖေမောင်တင်က ဖတ်သူများ ရှင်းလင်းနားလည်စေရန် ဖော်ပြပေးလေသည်။

ထိုကျမ်းများနှင့် မရှေးမနှောင်းမှာပင် ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန်၊ ဝိသုဒ္ဓိမဂ်သမာဓိပိုင်း "သည်ပတ်သ်အော့ပြူရတီ"အတွဲ ၂ ကိုလည်း၊ လန်ဒန်ပါဠိအသင်းကြီးမှ ပုံနှိပ်ဖြန့်ချိလိုက်လေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်သည် သူ့အဓိဋ္ဌာန်အတိုင်း သူ့မြန်မာစာပေအတွက် အဘက်ဘက်မှလှည့်၍ မနားမနေ ကြိုးစားအားထုတ်လာခဲ့သည်တွင် ယခုအချိန်သူ့မြန်မာစာပေသည် ရန်ကုန်တက္ကသိုလ်ကြီး၌ အခြေတကျ နိုင်ခံ့စပြုနေပြီ ဖြစ်သည်။

တစ်နေ့၌ ဦးဖေမောင်တင်၏ ရုံးခန်းထဲသို့ မြန်မာစာပြဆရာကြီးနှစ်ဦးဖြစ်သော ဆရာပွားနှင့် ဆရာလင်းတို့ ဝင်လာကြသည်။

ဆရာကြီးနှစ်ဦး၏ မျက်နှာများသည် တစ်စုံတစ်ခုအတွက် အထူးနှစ်သက်ကျေနပ်လာခဲ့ကြပုံဖြင့် ပြုံးရွှင်ကြည်လင်နေလေသည်။

ဆရာကြီးနှစ်ဦး၏ ထူးထူးခြားခြားရှိလာကြပုံကို အကဲခတ်ကြည့်ရှုရင်း ဦးဖေမောင်တင်က မေးလိုက်သည်။

"ဆရာကြီးတို့တစ်တွေ ဘာအကြောင်းများ ဝမ်းသာစရာတွေ့လာကြလို့ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြတာပါလိမ့် ခင်ဗျာ"

ဦးဖေမောင်တင်၏အမေးကို ဆရာကြီးနှစ်ဦးက အဖြေပေးလေသည်။

"ကျွန်တော်တို့ မြန်မာစာပေရဲ့ အခြေအနေ၊ တိုးတက်ကြီးပွားလာခဲ့ပုံကို နှစ်ယောက်သား စကားစပ်ပြောရင်း ဝမ်းသာကျေနပ်လွန်းလို့ ပြုံးလာမိကြတာဗျ။ ဆရာကြီး ဘိလပ်မှာရှိနေတုန်းအချိန်ကများဆိုရင် ကျွန်တော်တို့ကို မြန်မာစာဆရာဆိုပြီး ကပြားတွေက လူတောင် မထင်ကြဘူး။ ပခုံးချင်းတိုက်သွားကြတာ။ အခု ဆရာကြီး ပြန်ရောက်လို့ မြန်မာစာကိုတစ်ရှိန်ထိုးမြှင့်တင်ပေးလိုက်တော့မှ ကပြားတွေက ကျွန်တော်တို့ကို နည်းနည်းရှိသေရမှန်းသိပြီး ကုလားကလေးတွေကလဲ ကျွန်တော်တို့ဆီလာလာပြီး ဆလံပေးလိုက်ကြတာ မပြောပါနဲ့တော့။ ဒီအတွက် တွေးမိတိုင်း စကားစပ်မိတိုင်း ကျွန်တော်တို့မှာ တပြုံးပြုံးနဲ့ဝမ်းသာကျေနပ်လို့ မဆုံးအောင် ဖြစ်ကြရတာပါပဲ ခင်ဗျာ"

ဆရာကြီးနှစ်ဦးတို့ ပြောကြသည်မှာ အမှန်ပင်ဖြစ်လေသည်။

ယခု ၁၉၂၉–၁၉၃၀ ပြည့်၊ စာသင်နှစ်၌ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာခဲ့ကြသော ကျောင်းသားအတော်များများသည် မြန်မာစာဘာသာတွဲကို ရယူသင်ကြားရန် တောင်းဆိုလာခဲ့ကြသည်။

သို့ရာတွင် သူ့မြန်မာစာ အဆင့်အတန်းကို တစ်ဆင့်ပြီးနောက်တစ်ဆင့် မြှင့်တင်ပေးနေသော ပါမောက္ခ ဦးဖေမောင်တင်က တောင်းဆိုလာသမျှ ကျောင်းသားတိုင်းအား ယူခွင့်မပေးချေ။

သူက အထက်တန်းကို မြန်မာစာဘာသာ၌ ထူးထူးခြားခြား အောင်မြင်လာခဲ့သော ကျောင်းသူ၊ ကျောင်းသားများသည်သာ တက္ကသိုလ်၌ မြန်မာစာဘာသာတွဲကို ယူခွင့်ပြုမည်ဟု သတ်မှတ်ချက်ထုတ်ထားသည်။

ဦးဖေမောင်တင်၏ဆန္ဒမှာ ကျောင်းသူ၊ ကျောင်းသားများကို မြန်မာစာ၌အောင်မှတ်ရရုံမျှ သင်ယူဖြေကြားကြမည်ကို မလိုလားချေ။

သူ့မြန်မာစာဘာသာရပ်ကို ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကြိုးကြိုးစားစား အလေးအနက်ထား၍ သင်ကြားတတ်မြောက်အောင်မြင်စေလိုသည်။

ယခု တက္ကသိုလ်သို့ရောက်လာခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားအများစုမှာ မြန်မာစာကို အမှတ်ငါးဆယ် ကျော်ရကာ အောင်မြင်လာခဲ့သူ နည်းပါးလှလေသည်။

ဦးဖေမောင်တင်က ထိုကဲ့သို့ အမှတ်ငါးဆယ်ကျော်ရလာခဲ့သူများကိုသာ တက္ကသိုလ်၌ မြန်မာဘာသာတွဲကို ယူခွင့်ပြုလေသည်။

ထိုအခါ ကျောင်းသားတချို့က သူတို့အဖို့ အမှတ်ငါးဆယ်မပြည့်သော်လည်း တက္ကသိုလ်၌ မြန်မာစာဘာသာ တွဲကို ယူလိုကြကြောင်း တောင်းဆိုလာကြသည်။

သို့ရာတွင် ဦးဖေမောင်တင်က သူတို့တောင်းဆိုကြသည်ကို မကြားသလိုနေလိုက်သည်။

ဤတွင် ကျောင်းသားများလူစု၍ ပါမောက္ခဦးဖေမောင်တင်ထံသို့ မရဲတရဲဝင်တွေ့၍ တောင်းဆိုကြသည်။

သူတို့၏ တောင်းဆိုချက်ကို ဦးဖေမောင်တင်က လက်မခံ၊ ငြင်းဆန်လွှတ်လိုက်သည်။ ငြင်းဆန်လွှတ်ရုံမျှမက၊ တော်ရုံတန်ရုံဆိုလျှင် စိတ်ပျက်လက်လျှော့သွားစေရန် ကြိမ်းပင်ကြိမ်းလိုက်သေးသည်။

သို့သော်လည်း မြန်မာဘာသာတွဲကို တန်းတန်းစွဲယူလိုကြဟန်ရှိသော ကျောင်းသားများကား စိတ်ပျက် လက်လျှော့သွားခြင်း မရှိကြချေ။

ပါမောက္ခဆရာကြီးထံ ထပ်မံ၍ လာတွေ့ဝံ့ကြပုံ မရှိတော့သော ကျောင်းသားများသည် သူတို့လိုအင်ဆန္ဒ ပြည့်ဝကြစေရန်အတွက် တစ်နည်းတစ်လမ်း ကြိုးစားအားထုတ်လိုက်ကြ ပြန်သည်။

ကျောင်းသားများက

– သူတို့သည် အထက်တန်းကျောင်း၌ မြန်မာစာကို အထူးစိတ်ပါဝင်စားစွာ သင်ယူလာခဲ့ကြသူများ ဖြစ်ကြောင်း။

– ထိုကြောင့် သူတို့သည် အစမ်းစာမေးပွဲများနှင့် အတန်းတင်စာမေးပွဲများ၌ မြန်မာဘာသာရပ်တွင် အောင်မှတ်များ အထူးကောင်းခဲ့ကြကြောင်း။

– ယခု ကျောင်းထွက်လက်မှတ်ရ၊ နောက်ဆုံးအထက်တန်း စာမေးပွဲကျမှသာ သူတို့အဖို့အားနည်းသော အခြားဘာသာရပ်များကို အားစိုက်လိုက်ရသဖြင့် မြန်မာစာအောင်မှတ် နည်းသွားခဲ့ကြရခြင်းဖြစ်ကြောင်း။

– ယခု သူတို့တင်ပြချက်များနှင့်ပတ်သက်၍ အထက်တန်းကျောင်းများမှ မြန်မာစာပြဆရာတို့၏ ထောက်ခံ ချက်ကို အလိုရှိပါလျှင်လည်း ထောက်ခံစာများ တောင်းဆိုတင်ပြပေးမည် ဖြစ်ကြောင်း။

စသည်ဖြင့် လျှောက်လွှာရေးကာ အောက်မှလက်မှတ်များထိုးလျက် ပါမောက္ခဦးဖေမောင်တင်ထံ အရဲစွန့်၍ တင်ပို့ကြပြန်သည်။

သူတို့သည် ရှေ့ဆုံးမှ မောင်အောင်သန်း* ဆိုသော ကျောင်းသားကို ခေါင်းဆောင်တင်၍ ကျန်လူများက နောက်မှ ခပ်ကြောက်ကြောက်နှင့်စုပြုံလိုက်ကာ သူတို့လက်မှတ်ထိုးထားသော လျှောက်လွှာစာရွက်အား ပါမောက္ခ ရှေ့မှောက်သို့ အရောက်လာပို့သွားခဲ့ကြခြင်း ဖြစ်သည်။

သူတို့လျှောက်လွှာကို ဦးဖေမောင်တင်က ဣန္ဒြေကြီးနှင့် လက်ခံထားလိုက်သည်။

ဦးဖေမောင်တင်သည် ကျောင်းသားတို့၏ မလျှော့သောဇွဲကို သဘောကျသွားမိသည်။

သို့ရာတွင် သူတို့၏ လျှောက်လွှာကို အရေးမယူသေးဘဲထားလိုက်သည်။

ထိုအခါ ကျောင်းသားများသည် မဝံ့မရဲနှင့်ပင် ပါမောက္ခထံမှသတင်းကို လာရောက်နားစွင့်ကြသည်။

ပါမောက္ခ ဦးဖေမောင်တင်က မလှုပ်သောအခါ သူတို့ခမျာဘာမျှမတတ်နိုင်ရှာဘဲ ငြိမ်ကုပ်၍ပြန်သွားကြလေသည်။

သူတို့သည် နောက်ထပ်၍သာ ပါမောက္ခထံ မလာဝံ့ကြတော့သော်လည်း သူတို့၏တောင်းဆိုချက်ကို ရနိုးနိုး နှင့် မျှော်ကိုးစောင့်စားနေကြကြောင်း ဦးဖေမောင်တင် သိရလေသည်။

ရန်ကုန်မြို့ အထက်တန်းကျောင်းများမှ အောင်မြင်လာခဲ့ကြသော ကျောင်းသားအချို့ဆိုပါက လိုရမည်ရအဖြစ် သူတို့မြန်မာစာဆရာဟောင်းများထံမှ ထောက်ခံစာများကိုပင် အပြေးတောင်းထားကြသည်ဟု ကြားရလေသည်။

* ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို။

ထိုအခါ သူ့တပည့်များ၏အခြေအနေကို ဦးဖေမောင်တင် ကျေနပ်နှစ်သက်သွားလေသည်။

သူ့တပည့်ကျောင်းသားများသည် မြန်မာစာပေဘာသာတွဲကို သာမန်ကာလျှံကာမျှမဟုတ်ဘဲ အမှန်တကယ် လိုလားသင်ယူလိုကြ၍သာ ထိုမျှဖွဲ့နပဲနှင့် ကြိုးစားအားခဲနေကြခြင်းဖြစ်ကြောင်းကို ဦးဖေမောင်တင် စိတ်ချယုံကြည် မိလေတော့သည်။

ထို့ကြောင့် နောက်ဆုံး၌ ဦးဖေမောင်တင်က ဖွဲ့ခတ်၍လျှောက်ထားခဲ့ကြသော အဆိုပါ ကျောင်းသားတစ်စုကို တက္ကသိုလ်၌ မြန်မာစာဘာသာတွဲကိုယူခွင့်ပြုရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် ထိုနှစ် ဖွန်လ တတိယအပတ်ထဲ၌ ဦးဖေမောင်တင်က ဖွဲ့ကောင်းသော ကျောင်းသားတစ်စုအတွက်...

- အောက်ဖော်ပြပါ ကျောင်းသားများအား မြန်မာစာကို ယူခွင့်ပြုလိုက်သည်။

ဟု အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပေးလိုက်လေသည်။

ထိုကဲ့သို့ သူ့မြန်မာစာပေပင်ကလေးမှ အောင်မြင်စွာ သီးပွင့်ကာ မျိုးပွားလာမှုကြောင့် နောက်လူများက သူ့မြန်မာစာပေကို တန်ဖိုးထားတတ်လာပြီဖြစ်ကြောင်းတွေ့ရှိရသော ဦးဖေမောင်တင်သည် အပင်ပန်းခံခဲ့ရသမျှ အမောပြေကာ ဝမ်းသာကျေနပ်မိလေတော့သည်။

ဦးဖေမောင်တင်သည် သူ့မြန်မာစာပေနှင့်ပတ်သက်၍ စာအုပ်များ ရေးသားခြင်း၊ သင်ကြားပို့ချခြင်း၊ စီစဉ်တိုးချဲ့ခြင်းများသာမကဘဲ ရန်ကုန်တက္ကသိုလ်ကြီးရှိ သူ့မြန်မာစာဌာန၌ စာပေဟောပြောပွဲများ၊ စကားရည် လုပွဲများ၊ စာပေပြိုင်ပွဲများကို ပြုလုပ်ကျင်းပစေခြင်းဖြင့် လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ ရှိစေလေသည်။

သူ့တက္ကသိုလ်ကျောင်းနှင့် သူ့မြန်မာစာဌာနကို သူ့မြန်မာစာပေနှင့်ပတ်သက်၍ အစဉ်လှုပ်ရှားတက်ကြွစေသော ဦးဖေမောင်တင်က နယ်များမှ ဖိတ်ကြားလာခဲ့လျှင်လည်း မငြင်းတမ်းလက်ခံကာ ဟောပြောပို့ချပေးလေသည်။

ယခု ၁၉၂၉ ခု ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေ ၅ နာရီခွဲတွင် ဦးဖေမောင်တင်သည် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ဖိတ်ကြားချက်အရ တောင်ငူမြို့သို့သွား၍ ဂျူဘလီ ပိဋကတ်တိုက်၌ မြန်မာစာပေနှင့် ပတ်သက်ကာ ဟောပြောပို့ချပေးလိုက်ရလေသည်။

ဦးဖေမောင်တင်၏ ဟောပြောပို့ချချက်များကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေနေသော ၁၉၃၀ ပြည့် ဖေဖော်ဝါရီလထုတ်၊ ''သည်ဝါးလ်အော့(ဗ်)ဘွတ်(က်)(စ်)''နှင့် ယခင်ကမ္ဘာလုံးအမည်ကို ဇန်နဝါရီလကမှ အမည်သစ်ပြောင်းလဲလိုက်သော ''ဂန္ထလောက''စာစောင်က အင်္ဂလိပ်၊မြန်မာ နှစ်ဘာသာစလုံးဖြင့် ပြန်လည်၍ ရေးသားဖော်ပြပေးကြလေသည်။

ဂန္ထလောကစာစောင်၌ မြန်မာဘာသာဖြင့် ပြန်လည်ရေးသား၍ ဖော်ပြပေးသော ဦးဖေမောင်တင်၏ ဟောပြောပို့ချချက် အကျဉ်းချုပ်မှာ–

## မြန်မာစာပေကို အားပေးရန်<br>(ဦးဖေမောင်တင်၏ ဟောပြောချက်)

တောင်ငူမြို့၊ ဂျူဘလီ ပိဋကတ်တိုက်၌ ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့၊ ညနေ ၅ နာရီခွဲအချိန်တွင် ရန်ကုန်ယူနီဗာစီတီ ကျောင်းတော်ကြီးမှ စေလွှတ်ကြွရောက်၍ ပရိဖက်ဆာ ဆရာကြီး ဦးဖေမောင်တင်က မြန်မာစာပေ၏ အတ္တုပ္ပတ္တိအကြောင်းများကိုဟောပြောရာ ၎င်းပိဋကတ်တိုက်အသင်းသားများအပြင် ဘုန်းတော်ကြီး များ၊ ရှေ့နေရှေ့ရပ်များ၊ အစိုးရအရာရှိများ၊ ကျောင်းဆရာများ၊ နိုင်ငံခြားသားများစသော ယောက်ျား မိန်းမ ၃၀၀ ကျော်ခန့် ကြွရောက် ကြားနာကြလေသည်။ ထိုအစည်းအဝေးတွင် အထက်တန်းရှေ့နေကြီး ဦးဘိုးဆောင်က နာယကအဖြစ်ဖြင့် ဆောင်ရွက်လေသည်။

ဦးဖေမောင်တင်က အလွန်မှတ်သားလိုက်နာဖွယ်ကောင်းသော ဗဟုသုတတိုးတက်ဖွယ်ရာတို့ကို အကျယ်တဝင့် ရှင်းလင်းစွာ ထုတ်ဖော်ဟောပြောသဖြင့် ပရိသတ်အားလုံးလိုပင် သဘောကျနှစ်ခြိုက်ကျေးဇူးတင်စွာ ဩဘာပေး ကြလေသည်။

ဟောပြောချက်အချုပ်မှာ

မည်သည့်အကြောင်းအရာ အတ္တုပ္ပတ္တိကိုမဆို၊ ရှေးဟောင်းမူလအဖြစ်အပျက်၊ အခြေအနေကစ၍ သိရှိအောင် အားထုတ်သင့်ကြောင်း။



MKS PUBLISHING

– မြန်မာလူမျိုးတို့၏ ယခုရရှိထားသော အကြီးကျယ်အမွန်မြတ်ဆုံးသော အမွေအနှစ်မှာ (မြန်မာအက္ခရာစာပေ အရေးအသားများ) ပင်ဖြစ်ကြောင်း။

– ထိုစာပေများကို ထောက်ချင့်၍ ရှေးကာလက ယဉ်ကျေး၊ ခမ်းနား၊ ကြီးကျယ်ခဲ့ကြပုံစသော မိမိတို့လူမျိုး၏အခြေအနေကို သိရှိကြရသဖြင့် စာပေမတိမ်မြုပ်စေရန်နှင့် တိုးပွားများပြားလာရန်မှာ အလွန်အရေးတကြီးလိုအပ်သော အချက်ဖြစ်ကြောင်း။

– မြန်မာအက္ခရာစာပေများမှာ များမကြာမီကသာ စတင်ပေါ်ပေါက်လာသည်ဆိုသည်မှာ မဟုတ်မမှန်ကြောင်း။

– ပုဂံပြည် ကောင်းစားစဉ်အခါ၌ပင် မြန်မာစကား ဝေါဟာရ အသုံးအနှုန်းသည် အလွန်ကြွယ်ဝ၍ပြောပြသည့်အနက် အဓိပ္ပာယ်တို့ကို အနည်းနည်းအဖုံဖုံ ဖော်ပြနိုင်လေသည်။

– မြန်မာစကား၏ မူလအစသည် ပါဠိ၊ သက္ကတ၊ မွန်နှင့် ယခုပပျောက်လျက်ရှိသော ပျူစကားတို့နှင့် ရောယှက်လျက်ရှိကြောင်း။

၎င်းဘာသာစကားတို့၏ အတ္ထုပ္ပတ္တိများကို အမြွက်မျှဖော်ပြပြီးလျှင် ၎င်းတို့သည် မြန်မာစကားအား မည်သို့အထောက်အပံ့ပြုခဲ့ကြောင်းကိုလည်း ဖော်ပြရန်၊ ပုဂံကျောက်စာများနှင့် အခြားစာပေဟောင်းများကိုလည်း အနက်အဓိပ္ပာယ်နှင့်တကွ ဦးဖေမောင်တင်က ဖတ်ပြလေသည်။ ၎င်းအချက်များကို ထောက်သဖြင့် မြန်မာစကား၊ ဝေါဟာရနှင့် အသုံးအနှုန်းတို့သည် မည်ရွေ့မည်မျှ တိုးတက်ကြီးပွားလာကြောင်း ထင်ရှားလေသည်။

၎င်းပြင်လည်း ဦးဖေမောင်တင်က မြန်မာစာပေ အခြေအနေများ တိုးပွားစေရန်အတွက် ရန်ကုန်ယူနီဗာစီတီကအားပေးပုံကိုဖော်ပြသည့်ပြင် မြန်မာလူမျိုးများ အရှည်သဖြင့် နောင်အခါ၌ မတိမ်ကော မပပျောက်စေရန်မှာ

– မြန်မာစာပေ၊ များပြားပြန့်ပွားတည်ရှိစေရန်အချက်သည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်၍ မြန်မာစာပေကို အသုံးများပြား ပြန့်ပွားတွင်ကျယ်လာအောင် ဆောင်ရွက်ရန်မှာ မြန်မာလူမျိုးတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း။

– မြန်မာလူမျိုးတိုင်းသည် နောင်ကျိုးအတွက် မိမိတို့ တတ်သိသော ပညာရပ်အမျိုးမျိုးတို့ကို မြန်မာအက္ခရာစာပေများဖြင့် နည်းများမဆို၊ တတ်နိုင်သရွေ့ စီကုံးရေးသား ထားသင့်ကြောင်း။

– မည်သည့်လူမျိုးမဆို၊ ၎င်းတို့၏ အက္ခရာစာပေများ၊ ပြန့်ပွားများပြား အသုံးဝင်လေလေ၊ ထိုလူမျိုးတို့ကြီးပွားတွင်ကျယ်လေလေဖြစ်ကြောင်း။

– အင်္ဂလိပ်၊ ဂရိတ်စသော လူမျိုးများလည်း ထိုကြောင့်သာလျှင် ကမ္ဘာပေါ်တွင် အရေးတကြီး တွင်ကျယ်နိုင်ကြပေကြောင်း၊

– မြန်မာလူမျိုးတိုင်းသည် မြန်မာအက္ခရာစာပေကျမ်းဂန် တိုးပွားများပြားလာရန်နှင့် အသုံးအစွဲ များပြားပြန့်ပွားလာရန် ဂရုပြုသင့်ကြောင်း၊

စသည်တို့နှင့် အခြားမှတ်သားဖွယ်ရာတို့ကို အကျယ်တဝင့် ဟောပြောသည့်ပြင် စာပေဖတ်ရှုရန်၊ ဝါသနာတိုးတက်ရန် အကြောင်းများကိုလည်း နှိုးဆော်ဟောပြောလေသည်။

၎င်းနောက် ကြားနာသူပရိသတ်ထဲမှ အချို့ပုဂ္ဂိုလ်တို့က မြန်မာစာပေ ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ မေးမြန်းချက် များစွာတို့ကိုလည်း ဦးဖေမောင်တင်က ကျေနပ်အောင် လုံလောက်စွာ ဖြေရှင်းဖော်ပြပြီးလျှင် နာယကနိဂုံးစကား ပြောကြား၏။

ထိုနောက် ဂျူဘလီ ပိဋကတ်အသင်းသားတစ်ဦးဖြစ်သူ အမြတ်တော်ကြေးဝန်ထောက် ဦးအောင်ဘက ၎င်းတို့ အသင်းသားများကိုယ်စားအဖြစ်ဖြင့် တောင်ငူမြို့သူမြို့သားတို့နှင့် မြန်မာစာပေ၊ မြန်မာလူမျိုးအားလုံးတို့ အကျိုးငှာ ကြွရောက်ဟောပြောသူ ဦးဖေမောင်တင်နှင့်ချယ်ယာမင်အား ကျေးဇူးတင်ကြောင်း အကျယ်တဝင့် ဖော်ပြပြောကြားပြီးလျှင် ၈ နာရီခန့်အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

# ၃၃

# ကျောသားရင်သား
# မခွဲခြားသောသူ့စိတ်ထား

ထိုနှစ်သည် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး၏ ၁၉၃၀-၁၉၃၁ ခု၊ စာသင်နှစ်ဖြစ်လေသည်။

စာသင်တန်းများကို စတင်ဖွင့်လှစ်လိုက်သည်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ကြီးသည် ကျောင်းသူ၊ ကျောင်းသားများဖြင့် ပြန်လည်စည်ကားလာခဲ့သည်။

အထက်တန်းအောင်ခဲ့ပြီးနောက် ရောက်လာကြသော မောင်မယ်သစ်လွင်များသည် တပြုံးပြုံးကျေနပ်မဆုံး ရှိနေကြသကဲ့သို့ ရန်ကုန်တက္ကသိုလ်၌ဝါရကာ စာမေးပွဲစနစ်ဖြင့် တစ်ထစ်ပြီး နောက်တစ်ထစ် မြင့်တက်အောင်မြင်လာခဲ့ကြသူများ၊ ကျောင်းသူကျောင်းသားဟောင်းများကလည်း ရှေ့ရေးအတွက်မျှော်မှန်းချက်အတွေးများကို တစ်လှေကြီးပိုက်ထွေးရင်း မော့မော့ကြွားကြွား ရှိနေကြလေသည်။

မြန်မာစာပါမောက္ခ ဦးဖေမောင်တင်သည် မြန်မာစာပေသင်ကြားပို့ချပေးရန် မြန်မာစာဂုဏ်ထူးဒုတိယနှစ် အတန်းထဲသို့ ဝင်သွားလိုက်သည်။

သူသည် စာပေများမပို့ချမီ အတန်းသားများ၏အမည်စာရင်းကို ပထမခေါ်ယူစစ်ဆေးလိုက်သည်။

ထိုအခါ လွန်ခဲ့သောနှစ်က ပထမနှစ်မြန်မာစာဂုဏ်ထူးတန်းကို အောင်မြင်၍ အတန်းတက်လာကြသူ တပည့်ကျောင်းသားများထဲမှ တစ်ယောက်ပျောက်နေကြောင်း ဦးဖေမောင်တင် သတိပြုလိုက်မိသည်။

ထိုကြောင့် ဦးဖေမောင်တင်က အတန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

နာမည်စာရင်း၌ ပျောက်နေသောကျောင်းသားသည် အတန်းထဲ၌လည်း မရှိချေ။

သူ့အဖို့ လွန်ခဲ့သောနှစ်ကတည်းက မျက်မှန်းတန်းနေခဲ့သော အခြားကျောင်းသားများ အစုံအလင်ရှိနေကြသဖြင့် ထူးထူးခြားခြား ပျောက်နေသူ ထိုတပည့်ကျောင်းသားက ဦးဖေမောင်တင်၏စိတ်တွင် ပို၍ထင်ရှားသတိထားလိုက်မိစေသည်။

ထိုကြောင့် ဦးဖေမောင်တင်က အတန်းထဲမှ သူ့တပည့်ကျောင်းသားတစ်ယောက်ကို လှမ်းမေးလိုက်သည်။

''ဟေ့ တိုးအောင်[၁]၊ မောင်ဝန်[၂]တစ်ယောက် ဘယ်များပျောက်နေသလဲ''

မောင်တိုးအောင် အမည်ရှိ ကျောင်းသားသည် ယခုအတန်းထဲ၌ပျောက်နေသော မောင်ဝန်နှင့်တတွဲတွဲရှိခဲ့သူ ဖြစ်သည်။

ယခု ဦးဖေမောင်တင်က မေးလိုက်သောအခါ မောင်တိုးအောင်သည် ရုတ်တရက် အဖြေရခက်သွားဟန်ရှိသည်။

နောက်မှ သူကထိုင်ရာမှထ၍ ခပ်တိုးတိုးပြန်ဖြေလေသည်။

''ကိုဝန် သူ့အိမ်မှာပဲရှိနေပါတယ် ဆရာကြီး''

''ဟေ သူစာမေးပွဲအောင်ရဲ့သားနဲ့ ဘာဖြစ်လို့ အခုထိ အိမ်မှာရှိနေရတာလဲကွ''

မောင်တိုးအောင်၏ အဖြေကို ဦးဖေမောင်တင် အံ့ဩသွားသည်။

မောင်ဝန်သည် လွန်ခဲ့သောနှစ်က မြန်မာစာဘာသာတွဲကို မရမနေတောင်းဆိုခဲ့ကြသူ ဖွဲမောင်မောင် ကျောင်းသားတစ်သိုက်ထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။

သူသည် မြန်မာဘာသာတွဲကိုဖွဲ့ခတ်၍တောင်းဆိုခဲ့သလို မြန်မာစာပေကို အထူးစိတ်ဝင်စားသူ ကြိုးစားသူ တပည့်တစ်ဦး ဖြစ်သည်။

မြန်မာစာ၌ တော်သူလည်း ဖြစ်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က မောင်ဝန်နှင့်ပတ်သက်၍ မောင်တိုးအောင်၏အဖြေကို ဘဝင်မကျနိုင်ဘဲ ဆက်၍မေးလိုက်သည်။

''ကျောင်းဖွင့်လို့ တခြားလူတွေကျောင်းတက်နေချိန်မှာ မောင်ဝန်ကကျောင်းမတက်ဘဲ သူ့အိမ်မှာ ဘာလုပ်နေတာတဲ့တုံး တိုးအောင်ရဲ့ ဟေ''

''ကိုဝန်က သူကျောင်းကိုပြန်မလာတော့ဘူးလို့ ပြောပါတယ် ဆရာကြီး''

ဦးဖေမောင်တင်၏ အမေးကို မောင်တိုးအောင်က မျက်နှာသိပ်မကောင်းလှဘဲ အဖြေပေးလိုက်လေသည်။

မောင်တိုးအောင်၏ အဖြေစကားက ဦးဖေမောင်တင်၏ စိတ်ကိုပို၍ ထူးခြားအံ့အားသင့် သွားစေလိုက်ပြန်သည်။

ရန်ကုန်တက္ကသိုလ်ကြီးသို့ ရောက်လာခဲ့ပြီးနောက် သူအလိုရှိသော မြန်မာစာဘာသာတွဲကို ဖွဲ့ခတ်တောင်းယူ၍ စာကြိုးစားသော စာတော်သော မောင်ဝန်သည် အကြောင်းတစ်စုံတစ်ရာမရှိဘဲနှင့်တော့ ယခုကဲ့သို့ သူ့ဘဝတက်လမ်းအဖြစ် လက်လှမ်းကြိုဆိုထားခဲ့သော တက္ကသိုလ်နန်းကို စွန့်ခွာပြေးလိမ့်မည်ဟု ဦးဖေမောင်တင် မထင်ချေ။

ဦးဖေမောင်တင်သည် မောင်တိုးအောင်ကို ဆက်လက်မေးမြန်းခြင်းမပြုတော့ပဲ စာပေများကိုသာ သင်ကြားပို့ချပေးလိုက်လေသည်။

ထို့နောက် အတန်းချိန်ကုန်သွားတော့မှ ဦးဖေမောင်တင်ကသူ့ရုံးခန်းတွင်းသို့ မောင်တိုးအောင်ကိုတစ်ယောက်တည်းခေါ်ယူ၍ သူ၌ဘဝင်မကျနိုင်ဖြစ်သွားစေသော မောင်ဝန်အကြောင်းကို စုံစမ်းမေးမြန်းလိုက်လေသည်။

သည်အခါ မောင်တိုးအောင်ကလည်း သူ့သူငယ်ချင်းမောင်ဝန်၏အကြောင်းကို သူသိသမျှမခြွင်းမချန် ဖွင့်ဟပြောပြလေသည်။

''ကိုဝန်ဟာ ဟံသာဝတီခရိုင် ကွမ်းခြံကုန်းက လယ်ပိုင်ရှင်မိဘရဲ့သားတစ်ယောက်ပါ ဆရာကြီး၊ အဲဒါ အခုလယ်သမားတွေ စပါးဈေးကျပြီး စီးပွားပျက်ကပ်ဆိုက်ကြတာမှာ ကိုဝန်လဲ ကျောင်းဆက်မတက်နိုင်တဲ့ အခြေအနေမျိုး ဖြစ်သွားရတာပါပဲ ခင်ဗျာ''

မောင်ဝန်နှင့်ပတ်သက်၍ မောင်တိုးအောင်ပြောပြချက်များသည် သံသယမရှိမှန်ကန်နိုင်ကြောင်းကို ဦးဖေမောင်တင် လက်ခံလိုက်သည်။

ကမ္ဘာ့စီးပွားပျက်ကပ်ကြီးသည် မြန်မာပြည်သို့ကူးစက်လာခဲ့သည်တွင် အများစုဖြစ်သော တောင်သူလယ်သမားတို့အဖို့ အလူးအလိမ့် အခံကြရဆုံး ဖြစ်လေသည်။

စပါးဈေးက ကျ၊ ငွေတိုးက တက်၊ ချစ်တီးက လယ်တွေယာတွေသိမ်း၊ အစိုးရက လယ်ခွန်၊ မြေခွန်နှင့် လူခွန်တွေဖိကောက်နှင့် တောင်သူလယ်သမားများခမျာ အသက်ရှူပေါက်ပိတ်လောက်အောင် ဒုက္ခပင်လယ်

၁။ စာရေးဆရာ ကုသ (အငြိမ်းစား၊ မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီး)

၂။ ကဗျာနှင့် စာရေးဆရာကြီး မင်းသုဝဏ် (အငြိမ်းစား၊ တက္ကသိုလ်များ ဘာသာပြန်ဌာနမှူး)

ဝေနေကြတော့သည်။

ဈေးတာရေးကိုဟာစ်ကြွေးကာ အမျိုးမျိုးကြိုးစား ဈေးတာနေကြသည့်ကြားကပင် လူများမှာ တစ်နေ့တခြား ကြွေးတင်ကျွန်ဖြစ်ကာ စီးပွားရေးကပ်ကြားမှာ နစ်မွန်းသည်ထက် နစ်မွန်းနေကြလေသည်။

ထို့ကြောင့် ယခုလယ်ပိုင်ရှင်မိသားစုထဲမှတစ်ဦးဖြစ်သော မောင်ဝန်ခမျာ ပညာရေးအခြေခံနှင့် အရည်အချင်း တို့ရှိပါလျက် သူ့အတွက် တိုးတက်ကြီးပွားလမ်းသည်လည်းပွင့်နေပါလျက် စီးပွားရေးကပ်ပျက်ထိုးနက်ချက်အရ ပညာဆက်လက်သင်ကြားရေးကို ရပ်တန့်ပစ်လိုက်ရရှာသည်။

နောင်တစ်နေ့တွင် သူ့မြန်မာပြည်မြန်မာလူမျိုးနှင့် မြန်မာစာပေအတွက် ကျောက်ကောင်းတစ်စေ့ သား ကောင်းတစ်ယောက်အဖြစ် အားထားစရာ ထွန်းတောက်ပြောင်မြောက်လာမည့် တပည့်တစ်ဦးအဖို့ စီးပွားရေးနွံ အောက်မှာ နစ်မြုပ်ပျောက်ကွယ်သွားမှာကို ဦးဖေမောင်တင် လက်မခံနိုင်၊ လက်ပိုက်၍ကြည့်မနေလို၊ နှမြောလှ တော့သည်။

သည်အတွက် ဦးဖေမောင်တင်က မောင်တိုးအောင်ကို ပြောလိုက်သည်။

''ကဲ ဟော့ တိုးအောင် မင်းသူငယ်ချင်းမောင်ဝန်ဆီကို ချက်ချင်းစာရေးလိုက်၊ ဒီစာရရင် အမြန်ဆုံးငါ့ဆီကို လာတွေ့လို့၊ သူကျောင်းဆက်တက်နိုင်အောင် ငါစီစဉ်ပေးမယ်လို့ ကြားလား''

''ဟုတ်ကဲ့ ဆရာကြီး''

မောင်တိုးအောင်သည် အံ့ဩဝမ်းသာဖြင့် ဦးဖေမောင်တင်၏ ရုံးခန်းထဲမှ ခပ်သုတ်သုတ်ထွက်ခွာသွားလေသည်။

ထို့နောက် မကြာမီသောရက်အတွင်းမှာပင် ဦးဖေမောင်တင်ထံသို့ သူ့တပည့်မောင်ဝန် ရောက်လာခဲ့သည်။

ထိုအခါ ဦးဖေမောင်တင်လည်း ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း သူ့တပည့်မောင်ဝန်အား ပညာဆက်လက် သင်ကြားနိုင်ရန် ဆောင်ရွက်ဖန်တီးပေးလိုက်လေသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းကြီးတွင် စီးပွားရေးအခြေအနေကျပ်တည်းမှုကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲတွေ့နေသော ကျောင်းသူ၊ ကျောင်းသားများအတွက် အကူအညီအထောက်အပံ့ပေးရန် ရန်ပုံငွေ တစ်ခုရှိသည်။

ထိုရန်ပုံငွေထဲမှ လစဉ်ထောက်ပံ့ကြေးထုတ်ယူနိုင်အောင် ဦးဖေမောင်တင်ကိုယ်တိုင် ထောက်ခံစီမံ ပေးလိုက်ခြင်းဖြင့် ပညာရေးလမ်းခုလတ်မှာ ပြတ်ကျန်လုဆဲဆဲဖြစ်သောမောင်ဝန်သည် တက္ကသိုလ်ပညာရေး လမ်းမကြီးပေါ်သို့ ပြန်လည်လျှောက်လှမ်းနိုင်ခွင့် ရသွားလေတော့သည်။

ဦးဖေမောင်တင်၏ စေတနာဆန္ဒမှာ အရည်အချင်းရှိသူမှန်သမျှကို သူတတ်စွမ်းသမျှ ဖေးမကူညီ၍ အရောင် တင်ကာ ပြောင်လက်တောက်ပလာအောင် သွေးပေးလိုခြင်းဖြစ်သည်။

ထို့ကြောင့် သူသည်လူတွေအပေါ်၌ အရေအတွက်ထက် အရည်အချင်းကိုကြည့်၍ သူ့နေရာနှင့်သူ အံဝင်ခွင်ကျအောင် အသုံးချကာ အခွင့်အရေး ပေးလေ့ရှိသည်။

မောင်ဘသောင်းသည် ဆယ်တန်းမအောင်ချေ။ သို့ရာတွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာစလုံးကို ဘာသာပြန်ဆိုမှု အတတ်ပညာအရာ၌မူ ဘီ-အေ၊ အမ်-အေ အောင်ထားသူ အချို့ထက်ပင် မောင်ဘသောင်းက ပို၍ တော်လေသည်။

ဤတွင် ဦးဖေမောင်တင်က မောင်ဘသောင်းအတွက်နေရာမှန်ဖြစ်သော ဘာသာပြန်အယ်ဒီတာနေရာကို ခေါ်ပေးလိုက်သည်။

ထိုအခါ လူမှန်နေရာမှန်ဖြစ်သွားသော မောင်ဘသောင်းသည် ဘာသာပြန်ထူးချွန်မှုအတွက် ဝေလမင်းသားဆု* ကိုပင် ဆွတ်ခူးရရှိလိုက်လေသည်။

ထိုကဲ့သို့ အရည်အချင်းရှိသောမောင်ဘသောင်းကို ဦးဖေမောင်တင်က သူ့ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဘာသာပြန်ဆရာအဖြစ် တာဝန်ပေးခန့်အပ်လိုက်ခြင်းဖြင့် အဆင့်တိုး၍ ချီးမြှင့်လိုက်ပြန်လေသည်။

ဆရာမောင်ဘသောင်းက မြန်မာစာဘာသာတွဲယူသော ဥပစာတန်းကျောင်းသူကျောင်းသားများကို တစ်ပတ်

---

* Outline of General History by Renouf ကို ''ကမ္ဘာ့ရာဇဝင်ချုပ်''ဟု မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ခြင်းအတွက် (၁၉၂၉-၃၀) ပြည့်နှစ်၌ အင်္ဂလန်ပြည် အိမ်ရှေ့စံ ဝေလမင်းသားဆု ကျပ်ငွေ ၁၀၀၀ ရခဲ့သည်။

လျှင်တစ်ကြိမ်ကျ ဘာသာပြန်ဆိုနည်းအား သင်ကြားပို့ချပေးရလေသည်။

ဘာသာပြန်ဆရာ မောင်ဘသောင်း၏ သင်ကြားပို့ချပေးမှုကို ကျောင်းသားများက စိတ်ပါဝင်စားကြသည်၊ ကြိုးစားသင်ယူကြသည်။

သည်အတွက် ဦးဖေမောင်တင် ဝမ်းသာကျေနပ်မိလေသည်။

သူ့အနေဖြင့် အရေအတွက်ထက် အရည်အချင်းကိုကြည့်ကာ မောင်ဘသောင်းကို ဘာသာပြန်အဖြစ် ခေါ်ယူခန့်ထားနိုင်ရန် တက္ကသိုလ်အာဏာပိုင်များထံ အတိုက်အခံ အရေးဆိုခဲ့ရကျိုးနပ်သွားပြီ ဖြစ်လေသည်။

ဦးဖေမောင်တင်သည် သူ့မြန်မာပြည်မြန်မာလူမျိုးနှင့် မြန်မာစာပေအတွက် သူအစွမ်းထက်သော သူ့ပိုင်နက် အတွင်း၌ အကွက်အခင်းပေါ်လာတိုင်း မလွတ်တမ်း နင်းယူလိုက်လေသည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ရှိ မြန်မာစာဌာနသည် တစ်နှစ်ထက်တစ်နှစ် ထူးခြားပြောင်းလဲမှုများဖြင့် တိုးတက်အောင်မြင်လျက်ရှိလေသည်။

ထို့အတူ တက္ကသိုလ်ပရဝဏ်အပြင်ဘက်မှ နိုင်ငံရေးနယ်ပယ်သည်လည်း နိုင်ငံရေး၊ လူမှုရေးလှုပ်ရှားမှုများဖြင့် အရှိန်တက်လျက်ရှိလေသည်။

၁၉၃၀ ပြည့်နှစ်သည် မြန်မာပြည်သူပြည်သားများ၏ နိုင်ငံရေး ဒီရေအရှိန်တက်လာခဲ့ရာမှ အပြင်းအထန် စတင်၍ ပေါက်ကွဲအုံကြွသောနှစ်ဟု ဆိုရမည်ထင်သည်။

တိုင်းသူပြည်သားများမှာလည်း ဒုက္ခသုက္ခအရောက်ဆုံးနှစ်ဖြစ်သည်။

လူတွေအဖို့စီးပွားကျပ်၍ ငတ်ပြတ်မွဲတေဆင်းရဲကြရသည့်အထဲ၌ လူစီးမီးရထားမှောက်ခြင်း၊ လေပြင်းမုန်တိုင်း ကျခြင်း၊ ငလျင်ကြီးများ အကြိမ်ကြိမ်လှုပ်ခြင်း၊ သင်္ဘောကြီးကုန်တင်ကုန်ချတွင်အချင်းများရာမှ ကုလား-ဗမာ ရိုက်ပွဲကြီးဖြစ်ခြင်း၊ သူပုန်ထမှုကြီးဖြစ်ခြင်း စသဖြင့်ဆက်တိုက်ဖြစ်ပျက်နှိပ်စက်ခြင်းများကို ထိတွေ့ခံယူလိုက်ကြရ လေသည်။

ပဲခူးငလျင်ကြီးမှ လူအသေအပျောက်နှင့် အပျက်အစီးစာရင်းမှာ မကြုံစဖူး အထူးပင် ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ကုလား-ဗမာရိုက်ပွဲကြီးကလည်း လူတွေကို ရုတ်ရုတ်သဲသဲ လန့်ဖျပ်ချောက်ချားသွားစေသည်။

အားလုံးထဲမှ အရှိန်အဟုန်အပြင်းဆုံးနှင့် အင်္ဂလိပ်အစိုးရကိုထိုးနှက်၍ ဒုက္ခအပေးနိုင်ဆုံးကား ဂဠုန်သူပုန် ထမှုကြီး ဖြစ်လေသည်။

စီးပွားရေးကပ်၏ ဝါးမျိုခံရမှုတွင် တောင်သူလယ်သမားများခမျာ ကြွေးတင်ကျွန်ဖြစ်ရုံမျှမကဘဲ နောက်ဆုံး၌ ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်ဘဝဖြင့် အငတ်ဘေးကြီးကို ရင်ဆိုင်ခံယူလိုက်ကြရလေသည်။

ထိုကဲ့သို့ အငတ်ပြဿနာကို ရင်ဆိုင်ခံယူနေကြရသော တောင်သူလယ်သမားများအပေါ်မှာပင် အင်္ဂလိပ်အစိုးရက သဿမေဓ လူခွန်တော်ကို မထောက်မညှာ ကောက်ခံလိုက်လေသည်။

အစိုးရက တောင်သူလယ်သမားများအပေါ်ကောက်ခံသော သဿမေဓ လူခွန်တော်မှာ မဆောင်မနေရ တစ်အိမ်ထောင် ၅ ကျပ် ဖြစ်သည်။

ထိုအခါ ထမင်းကိုမျှ အနိုင်နိုင်စားနေရသော တောင်သူလယ်သမားအများစုခမျာ လူခွန်တော် ၅ ကျပ်ပေး ဆောင်နိုင်ရေးမှာ စိတ်မအေးနိုင်စရာ မဟာအခက်အခဲကြီး ဖြစ်လေသည်။

အစိုးရကမူ တောင်သူလယ်သမားများ၏ အခက်အခဲ အကျပ်အတည်းကို ဘာတစ်ချက်မျှ ထည့်သွင်းစဉ်းစား ပုံမရှိချေ။

သူတို့ ကြပ်မတ်တောင်းခံသော လူခွန်တော်ကို မရမနေ ပေးဆောင်စေသည်။

အကယ်၍မပေးဆောင်ပါက မပေးမဆောင်နိုင်သော တောင်သူလယ်သမားများကို အစိုးရကတန်ခိုးအာဏာသုံး၍ အနိုင်အထက်ပြုကာ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခြင်း ပြုလေသည်။

သည်အခါ ပေးစရာလည်းငွေမရှိ၊ ပြေးစရာလည်းမြေမရှိဖြင့် ဗလာနတ္ထိဘဝမှာ ခါးစည်း၍ ကုန်းရုန်းခံနေရသော တောင်သူလယ်သမားများသည် နောက်ဆုံး၌ ဘယ်လိုမျှငုံ့ခံမနေနိုင်လောက်အောင် ပေါက်ကွဲအုံကြွသွားကြလေသည်။

ဖိနှိပ်လွန်းလျှင် တွန်းကန်ပေါက်ကွဲတတ်သည့် သဘောအတိုင်း နွားရာဝဲစွဲ၊ လဲရာသူခိုးထောင်း၍ ရေနစ်သူ ဝါးကူအထိုးခံနေရသော တောင်သူလယ်သမားများသည် ဓားလွတ်ကိုယ်စီဆွဲကာ အင်္ဂလိပ်အစိုးရနှင့် လက်ပါးစေ

အရာရှိဆိုးများအား တော်လှန်သတ်ဖြတ်တိုက်ခိုက်ခြင်းဖြင့် သူတို့ရင်ဆိုင်နေရသော ဝေါ်ပြတ်ဆင်းရဲခြင်းဒုက္ခနှင့် နှိပ်စက်ညှဉ်းပန်းခံရခြင်းဘေးရန်တို့မှ ထွက်ပေါက်ကို ရှာယူလိုက်ကြလေသည်။

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှအစပြု၍ ဆရာစံခေါင်းဆောင်၍ ထကြွတော်လှန်လိုက်သော တောင်သူလယ်သမားများ၏ ဂဠုန်သူပုန်အရေးသည် အရှိန်ပြင်းပြင်းဖြင့် ၁၉၃၁ ခုနှစ်ထဲသို့ပင် ချင်းနင်းကူးဝင်လာခဲ့လေသည်။

ထိုကဲ့သို့ အရှိန်ပြင်းလှသော ဂဠုန်သူပုန်အရေးအခင်းသည် အာဏာတန်ခိုးပြင်းလှသော အင်္ဂလိပ်အစိုးရမင်းများကိုပင် မနိုင်မနင်းဖြစ်စေသည်။

တောင်သူလယ်သမားများ၏ ဂဠုန်သူပုန်သည် ဦးဖေမောင်တင်၏ဇနီး ဒေါ်ကြည်ကြည်တို့ ဒေသဖြစ်သော သာယာဝတီသုံးဆယ်နယ်မှ စတင်ထကြွတော်လှန်ခဲ့ကြခြင်း ဖြစ်သည်။

ထိုနောက် သာယာဝတီနယ်မှနေ၍ သရက်၊ ပြည်၊ အင်းစိန်နှင့် ဖျာပုံခရိုင်များသို့အထိ ကူးစက်ပြန့်ပွားသွားလေသည်။

သည်အတွက် အင်္ဂလိပ်အစိုးရသည် ကျန်သောမြို့နယ်နှင့်ခရိုင်များသို့ တိုးချဲ့ပြန့်ပွားမသွားစေရန်အတွက် သူပုန်အနှံ့အသက်မှုန်သမျှ ရက်ရက်စက်စက် ဖိနှိပ်ဦးချိုးလျက်ရှိလေသည်။

ထိုကဲ့သို့ တောင်သူလယ်သမားများက သူတို့ဘဝအဖေတ်ပြဿနာကို ဓားလွတ်ကိုင်စွဲ၍ သူပုန်အဖြစ်ခံယူကာ တိုက်ပွဲဆင်နွှဲကြစဉ် နိုင်ငံရေးသမားများကလည်း သူတို့နိုင်ငံရေးနယ်ပယ်၌ တပွက်ပွက်တပူပူ တဆူဆူရှိနေကြလေသည်။

သူတို့သည် သူတစ်သင်းကိုယ်တစ်ဖွဲ့ဖြင့် အချင်းချင်း ငြင်းလိုက်ခုံလိုက်ကတစ်မျိုး။

ရာထူးနှင့် အာဏာရရေးအတွက် တစ်ဦးကိုတစ်ဦး ကလော်လိုက်၊ ဆော်လိုက်၊ ခြေပုန်းခုတ်လိုက်က တစ်ဖုံ။

အိန္ဒိယပြည်မှ မြန်မာပြည်ကိုခွဲထွက်ရေး၊ ဆက်လက်တွဲနေရေးဖြစ်သော တွဲရေးခွဲရေးပြဿနာကလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆုံးဖြတ်မရဘဲ ကျွက်စီကျွက်စီနှင့်သာအဖြေမထွက် ဖြစ်နေကြသည်။

ထိုကဲ့သို့သော သူပုန်ထမှု၊ တော်လှန်မှုနှင့် နိုင်ငံရေးဆူညံလှုပ်ရှားမှုများက အကျိုးတစ်ခုကိုအစပျိုးဖြစ်ထွန်းစေလိုက်သည်။

ထိုအကျိုးတစ်ခုကား ရန်ကုန်တက္ကသိုလ်ကျောင်းသားများကြားသို့ နိုင်ငံရေးလှုပ်ရှားမှုကလေးများ နိုးကြားလှုပ်ရှားလာစေခြင်း ဖြစ်လေသည်။

တစ်ချိန်လုံး စာပေပညာများကိုသာ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် သင်ယူမှတ်သားနေခဲ့ကြသော တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် နိုင်ငံရေးလှုပ်ရှားမှုများကို စိတ်ပါဝင်စားလာကြသည်။

ထိုလှုပ်ရှားမှုကို ထူးထူးခြားခြား ဦးဆောင်သူတစ်ဦးကား ဘာသာပြန်ဆရာမောင်ဘသောင်း ဖြစ်သည်။

ဆရာမောင်ဘသောင်းက

ဗမာပြည်သည် – တို့ပြည်။
ဗမာစာသည် – တို့စာ။
ဗမာစကားသည် – တို့စကား။

---

မှတ်ချက်။

၁။ ၁၈-၃-၃၀ နေ့၌၊ နတ္တလင်းနှင့် ဇီးကုန်းကြား ကုန်တင်ရထားတစ်စင်း မှောက်သည်။
၂။ ၂၄-၁၀-၃၀ နေ့၌၊ အမှတ် ၄ မန္တလေးအစုန် လူစီးရထားတစ်စင်း မှောက်သည်။
၃။ ၅-၅-၃၀ ပဲခူး လျှော်ကြီး။
၄။ ၁၇-၇-၃၀ သာယာဝတီ ဒိစကြိတ် လျော်။
၅။ ၃-၁၂-၃၀ ဖြူး လျှော်။
၆။ ၁၆-၄-၃၀ မန္တလေး လေပြင်း။
၇။ ၁၀-၁၁-၃၀ ကျောက်ဖြူ လေမုန်တိုင်း။
၈။ ၂၆-၅-၃၀ သဘော်ကြီး ကုန်တင်ကုန်ချနှင့်ပတ်သက်၍ ကုလား ဗမာ ရိုက်ပွဲကြီး။
၉။ ၂၂-၁၂-၃၀ ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား (ဂဠုန်) သူပုန်။

တို့ပြည်ကို – ချစ်ပါ။
တို့စာကို – ချီးမြှင့်ပါ။
တို့စကားကို – လေးစားပါ။
သခင်မျိုးဟေ့ – တို့ဗမာ။

ဟူသော ဆောင်ပုဒ်များကိုကြွေးကြော်ကာ သူ့ကိုယ်သူသခင်ဘွဲ့ကို ခံယူလိုက်လေသည်။

ထိုအခါ သူသည် ဆရာမောင်ဘသောင်းအစား သခင်ဘသောင်းဖြစ်သွားလေသည်။

သခင်ဘသောင်းနှင့် မရှေးမနှောင်းမှာပင် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သော မောင်ဗစိန်ကလည်း သူ့ကိုယ်သူ သခင်ဗစိန်ဘွဲ့ကို ခံယူလိုက်ပြန်သည်။

သည်အတွက် တက္ကသိုလ်အာဏာပိုင်များ အလန့်တကြားဖြစ်သွားကြပုံရှိသည်။ သူတို့သည် သခင်ဘသောင်း၏ ဆက်လက်လှုပ်ရှားမှုများကို စောင့်ကြည့်နေကြဟန်တူသည်။

ထိုနေ့က သခင်ဘသောင်းသည် စာသင်ခန်းထဲ၌ကျောင်းသားများကို ဘာသာပြန်ဆိုနည်းများ သင်ကြား လေ့ကျင့်ပေးနေသည်။ ထိုအခိုက် တက္ကသိုလ်အာဏာပိုင်များ၏အမိန့်ဖြင့် ကျောင်းသားများထံမှ လေ့ကျင့်ခန်း စာအုပ်များကို သိမ်းယူသွားလေသည်။

အမိန့်ဖြင့်သိမ်းယူလာခဲ့သော သခင်ဘသောင်း၏ ဘာသာပြန်နည်း သင်ကြားလေ့ကျင့်ပေးနေသော ကျောင်းသားများ၏စာအုပ်များကို ကြည့်ရှုစစ်ဆေးလိုက်သောအခါ၌ကား ရှုရှားပြည်တော်လှန်ရေးအကြောင်းများ ကို တွေ့ကြရလေသည်။

သည်အချက်ကိုအပြစ်ရှာလျက် ကျောင်းသားများကိုတော်လှန်ပုန်ကန်ချင်အောင် လှုံ့ဆော်ပေးနေသည်ဟု စွပ်စွဲကာ တက္ကသိုလ်အာဏာပိုင်များက သခင်ဘသောင်းအား ဘာသာပြန်ဆရာအလုပ်မှ ရပ်စဲလိုက်လေသည်။

ကျောင်းသားသခင်ဗစိန်ကိုလည်း ရန်ကုန်တက္ကသိုလ်မှ ယုဒသန်ကောလိပ်သို့ ရွှေ့ပြောင်းစေခြင်းဖြင့် အာဏာပိုင်များက နယ်နှင်ဒဏ်ပေးလိုက်လေသည်။

သခင်ဘသောင်းနှင့် သခင်ဗစိန်တို့အတွက် ပါမောက္ခဦးဖေမောင်တင် စိတ်မကောင်းဖြစ်မိသည်။

သူ့စာပေပညာနယ်မှလွန်မြောက်ကာ နိုင်ငံရေးလှုပ်ရှားမှုနှင့်ပတ်သက်နေသော သခင်ဘသောင်းနှင့် သခင်ဗစိန်တို့နှစ်ယောက်အတွက် ကယ်တင်ပေးနိုင်စွမ်းအာဏာမပိုင်ရှာသော ဦးဖေမောင်တင်ခမျာ ဘယ်သို့မှ မတတ်သာဘဲ လက်ပိုက်ကြည့်နေရလိုက်ရသည်။

သို့ရာတွင် ဦးဖေမောင်တင်က သခင်ဘသောင်းနှင့်သခင်ဗစိန်တို့နှစ်ယောက်၏ ပြုမူလှုပ်ရှားချက်သတ္တိ အတွက်မူ သူ့ရင်ထဲမှနှစ်သက်ကျေနပ်မိလေသည်။

ရှေးယခင်ကနှင့် မတူတော့အောင် နိုင်ငံရေး၊ အမျိုးသားရေးများ နိုးနိုးကြားကြား လှုပ်လှုပ်ရှားရှားဖြစ်လာသော ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း၌ ရှေ့မှအစပျိုးနှိုးဆော်ပေးမည့် ခေါင်းဆောင်များလိုနေသည် မဟုတ်ပါလား။

ယခု သခင်ဘသောင်းနှင့် သခင်ဗစိန်တို့က သီးခြားဝေးကွာနေခဲ့သော အပြင်ဘက်ရှိနိုင်ငံရေး၊ အမျိုးသား ရေးလှုပ်ရှားမှုများကို တက္ကသိုလ်ပညာရေး တောစခန်းအတွင်းသို့ စွန့်စားဆွဲသွင်းကာ လမ်းခင်းပေးလိုက်ကြခြင်းပင် ဖြစ်လေသည်။

ရှေ့မှ လမ်းခင်းပေးသူက ခင်းပေးသွားသောအခါ နောက်မှကျန်လူများလျှောက်နင်းလိုက်ဖို့ဆိုသည်မှာ သိပ်မခဲယဉ်းတော့ချေ။ လွယ်ကူသွားပြီဖြစ်သည်။

ထိုကဲ့သို့ ရှေ့မှ လမ်းခင်းသွားသူများကို သက်ဆိုင်ရာ အာဏာပိုင်များက ဖျောက်ဖျက်ဖယ်ရှင်းပစ်ရန် ကြိုးစားခြင်းကပင်လျှင် နောက်လူများကို ပိုမိုစိတ်ပါဝင်စားစေကြမည်ဖြစ်လေသည်။

အာဏာပိုင်များ၏ ဟန့်တားဖယ်ရှားချက်တွင် ရှေ့မှလမ်းခင်းဆော်ဩသူများက လန့်ဖျပ်ရပ်တန့်သွားကြ လိမ့်မည် မထင်ချေ။

သူတို့သည် ပိုမို၍ပင်တက်ကြွလှုပ်ရှား ကြိုးစားအားထုတ်လာကြလိမ့်မည်ဟုသာ မျှော်လင့်မိသည်။

ဦးဖေမောင်တင် မျှော်လင့်မိသည့်အတိုင်းပင် ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဆရာအဖြစ်မှ အလုပ်ရပ်စဲ ခြင်းခံရသော သခင်ဘသောင်းသည် သူ့တပည့်တက္ကသိုလ်ကျောင်းသားအချို့ကို သူ့အိမ်သို့တိတ်တဆိတ်ခေါ်ယူပြီး နောက်...

ကမ္ဘာမကြေ…ဗမာတွေ…ဒါတို့ပြေ…ဒါတို့မြေ…ဒါ ငါတို့ပြေ… ဒို့ဗမာ…ဒို့ဗမာပြေကို… တိုင်းရင်းသား အကုန်အစင်၊ ဒို့ပြေလို့မှတ်ထင်…ဒို့ဝတ္တရားပင်…ဒို့ဗမာသခင်…

ဆိုသော အမျိုးသားရေး သီချင်းတစ်ပုဒ်ကို အဆိုသင်ကြားလေ့ကျင့်ပေးနေကြောင်း ကြားသိရလေသည်။

ထို့နောက် သခင်ဘသောင်းက သူကဲ့သို့ သခင်ဘွဲ့ခံယူသူများအတွက် အသင်းအဖွဲ့တစ်ခုကို ''တို့ဗမာ အစည်းအရုံး''ဟု တည်ထောင်လိုက်ကြောင်းနှင့် သူ့တပည့်ကျောင်းသားများကို အဆိုလေ့ကျင့်သင်ကြားပေးနေသော သီချင်းမှာလည်း ''တို့ဗမာသီချင်း''ဖြစ်ကြောင်း ဦးဖေမောင်တင် ကြားသိလိုက်ရပြန်လေသည်။

မုန်ညင်းစေ့သည် အဘယ်မျှပင်သေးငယ်သော်လည်း စိုက်ပျိုးသူက ရေခံမြေခံကို ရွေးချယ်တတ်၍ ဖွံ့နှင့်အား ခံပျိုးထောင်ပေးလိုက်၍ အညှောက်ပေါက်ကာ အမြစ်စွဲသွားသောအခါ အညွန့်အတက် ခက်လက်ဝေဖြာ ရှင်သန် ကြီးထွားလျက် မျိုးပွားလာမည်ဖြစ်သည်။

ယခု သခင်ဘသောင်းနှင့် သခင်ဗစိန်တို့နှစ်ယောက်သည် တက္ကသိုလ်နယ်မြေမှ အညှောင့်အတက် ဆက်လက်ဝေဖြာကာ ကြီးထွားမျိုးပွားလာစေမည့် တို့ဗမာသခင် မုန်ညင်းမျိုးစေ့ကလေးနှစ်ပင် ဖြစ်လေသည်။

မုန်ညင်းစေ့ကဲ့သို့ အရွယ်ပမာဏသေးသော်လည်း အမြစ်စွဲကာအပင်ပေါက်ပြီဆိုပါက ကြီးထွားမျိုးပွားလွယ်သော မြန်မာ အမျိုးသားရေးမျိုးစေ့များ မပြန့်ပွားစေရန် မျက်နှာဖြူအာဏာပိုင်များကလည်း သူတို့အာဏာရှိသမျှ အစွမ်း ကုန်ကြိုးစားမျိုးဖြုတ်မည်သာ ဖြစ်လေသည်။

ထို့ကြောင့် တက္ကသိုလ်အာဏာပိုင်များက တက္ကသိုလ်နယ်မြေအတွင်း၌ သူတို့အတွက် ဆူးငြောင့်ရန်စွယ် အန္တရာယ်ဖြစ်လာစေမည့် တို့ဗမာသခင်မျိုးစေ့ကို အမြစ်မတွယ်မီ အလန့်တကြား ဖယ်ရှားပစ်လိုက်ခြင်းဖြစ်လေ သည်။

သည်အတွက် တက္ကသိုလ်ကျောင်းသားများက အထက်အာဏာပိုင်များကို မကျေမနပ်ဖြစ်ကာ သပိတ်မှောက် ကြရန် လှုပ်လှုပ်ရွရွဖြစ်လာကြောင်း သတင်းထွက်လာသည်။

သို့ရာတွင် လူမညီ၍လား၊ ရှေ့မှဦးဆောင်မည့်သူမပေါ်၍လားမသိ၊ သတင်းထွက်လာခဲ့သော ကျောင်းသားတို့ သပိတ်သည် အကောင်အထည်ဖြစ်ပေါ်မလာဘဲ ပျောက်ပျက်ငြိမ်သက်သွားလေသည်။

ရန်ကုန်တက္ကသိုလ်ကြီးတွင် နိုင်ငံရေးလှုပ်ရှားမှုဘက်မှ တိုးတက်လာသကဲ့သို့ အားကစားဘက်မှလည်း အောင်မြင်ကျော်ကြားစပြုလာခဲ့လေသည်။

မြို့ထဲကောလိပ်မှ ယခုလက်ရှိ အင်းလျားကန်ဘေးက တက္ကသိုလ်ကျောင်းသစ်ကြီးသို့ သင်တန်းနှင့် အဆောင်များအားလုံး ပြောင်းရွှေ့လာခဲ့ပြီဖြစ်သော ကျောင်းသားများအတွက် ကိုယ်လက်လှုပ်ရှားအားကစားရန် လှေအသင်း၊ ဘောလုံးအသင်း စသည်များကို ဖွင့်လှစ်တည်ထောင်ပေးထားသည်။

တက္ကသိုလ်လှေအသင်းထက် ဘောလုံးအသင်းက ပို၍တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား ဆူဆူညံညံ ရှိလေသည်။

အဆောင်ဘောလုံးအသင်းချင်း ယှဉ်ပြိုင်ကစားကြရာ၌ မကြာခဏ တစ်ဖက်နှင့်တစ်ဖက် အချင်းများတတ် ရန်ဖြစ်တတ်ကြရာ အဆောင်မှူးများဖြစ်ကြသော ပါမောက္ခဦးဖေမောင်တင်နှင့် ဆရာဦးဖိုးခြူးတို့မှာ ဘောလုံးကွင်း ထဲသို့ အပြေးဆင်း၍ ထိန်းသိမ်းဖြေရှင်းပေးခဲ့ကြရလေသည်။

ထိုကဲ့သို့ အချင်းချင်း ကြိုးစားလေ့ကျင့်လာခဲ့သော တက္ကသိုလ်ဘောလုံးအသင်းသည် ၁၉၃၂ ခုနှစ်၌ကား ဘီ-အေ-အေ*ဘောလုံးကွင်းတွင် ပုလိပ်အသင်းနှင့်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရာ ဗိုလ်စွဲကာ ချန်ပီယံဆုဖလားကြီး အားပိုက်၍ ပြန်လာနိုင်လေသည်။

ထိုနှစ်မှစ၍ တက္ကသိုလ်ဘောလုံးအသင်းသည် မြန်မာပြည်တစ်လွှားမှာ ကျော်ကြားထင်ရှားသွားခြင်းဖြင့် တက္ကသိုလ်ကျောင်းကြီးနှင့်တကွ ကျောင်းသူကျောင်းသားများအတွက် စာပေပညာရေး၌သာမက အားကစားဘက် ကပါ ဂုဏ်တက်ဝင့်ကြွားနိုင်စေသည်။

ထိုကဲ့သို့ တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် သူတို့အားသန်ရာ အားသန်ရာဖြင့် နိုင်ငံရေးလှုပ်ရှား မှု ခြေကုပ်ယူနိုင်သော တက္ကသိုလ်သမဂ္ဂအမှုဆောင် ရွေးချယ်တင်မြှောက်ရေးအတွက် မဲဆွယ်သူများက ဆွယ်၊

---

* ယခု အောင်ဆန်း အားကစားကွင်း

တရားဟောသူများက ဟော။

ဘာသာရေးနှင့်ပတ်သက်၍ တက္ကသိုလ်ဓမ္မာရုံဆောက်လုပ်ရန် အလှူရန်ပုံငွေအတွက် ပဒေသာကပွဲ ခြိမ့်ခြိမ့်သဲ နွဲသူများကနွဲ။

စာပေပညာရေးအပိုင်းမှ စာပေဟောပြောပွဲ၊ စကားရည်လုပွဲများ ကျင်းပသူများကကျင်းပ။

အားကစားသမားများကလည်း သုံးနှစ်ဆက်၍ဗိုလ်စွဲနိုင်ခြင်းဖြင့် ချန်ပီယံဆုဖလားကြီးကို အပိုင်သိမ်းယူကာ အောင်ပွဲခံနိုင်ရေးအတွက် အုပ်စုဖွဲ့လျက် တက်တက်ကြွကြွ မနားမနေ အားထုတ်လေ့ကျင့်နေသူများက လေ့ကျင့်နေကြသကဲ့သို့။

ပါမောက္ခ ဦးဖေမောင်တင်တစ်ယောက်မှာလည်း ခါတိုင်းထက်ပို၍ အလုပ်များကာ မအားနိုင်မနားနိုင် ဖြစ်နေလေသည်။

သူသည် မအားနိုင်မနားနိုင်သည့်ကြားထဲမှပင် သူ့မြန်မာစာပေ တိုးတက်ကြီးပွားရေးနှင့် ပတ်သက်လာလျှင် အပြေးအလွှား ဟောပြောပို့ချလိုက်ပေသေးသည်။

ဝိုင်-အမ်-ဘီ-အေ အသင်းကြီး၏ ဖိတ်ကြားချက်အရ ဦးဖေမောင်တင်သည် ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အသင်းတိုက်အပြည့်လာရောက်နားထောင်သော ပရိသတ်များကို ''မြန်မာစာ၏ နောင်ခေတ် အခြေအနေ''ဟူသောခေါင်းစဉ်ဖြင့် မြန်မာစာပေအကြောင်း ဟောပြောပို့ချလိုက်လေသည်။

''မြန်မာစာပေရဲ့ အခုအခြေအနေဟာ ဟိုအစပထမ အချိန်တုန်းကနဲ့စာလိုက်ရင် ဝမ်းသာစရာကောင်းပါတယ်၊ ဒါပေမယ့် ဒီလောက်ကလေးနဲ့ ကျေနပ်ရောင့်ရဲမနေသင့်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခုတစ်ကမ္ဘာလုံးမှာ ခေတ်စားနေတဲ့ သိပ္ပံပညာဘာသာရပ်တွေကို မြန်မာစာပေနဲ့သင်ကြားပေးခွင့် မရနိုင်သေးသမျှ ကျေနပ်တင်းတိမ်နေလို့ မဖြစ်နိုင်ပါဘူး''

ဦးဖေမောင်တင်က ရန်ကုန်တက္ကသိုလ်ကြီးတွင် သင်ကြားပြသပေးနေသော ဘာသာရပ် ၂၁ ဘာသာတို့၌ မြန်မာဘာသာနှင့် သင်ကြားပြသခွင့်ရှိသည်မှာ မြန်မာစာတစ်ဘာသာတည်းရှိ၍ ကျန်ဘာသာရပ်အားလုံးတို့ကို အင်္ဂလိပ်ဘာသာနှင့် သင်ကြားပေးနေရကြောင်း။

ထိုအခါ မြန်မာစာကိုတစ်နာရီမျှသာသင်ယူနိုင်၍ အင်္ဂလိပ်ဘာသာကိုမူ နာရီ ၂၀ အထိ သင်ယူနေကြရကြောင်း။

ထိုကဲ့သို့ ဘာသာရပ်သင်ကြားမှု အလွန့်အလွန် အချိုးမညီမမျှ ဖြစ်နေသည်ကို မိမိတို့ မြန်မာများအနေဖြင့် ကျေနပ်တင်းတိမ်မနေသင့်ကြောင်း။

ယခုကဲ့သို့ အင်္ဂလိပ်စာနှင့်မြန်မာဘာသာကို တွဲဖက်၍ သင်ကြားနေကြရသည်မှာ မြင်းနှစ်ကောင်စီး၍ လေ့နှစ်စင်းလှော်နေရသည်နှင့် အလွန်တူကြောင်း။

အင်္ဂလိပ်စာပေသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက စတင်ပေါ်ပေါက်ခဲ့၍ မြန်မာစာပေကမူ လွန်ခဲ့သောနှစ်ပေါင်းရှစ်ရာလောက်ကမှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သောကြောင့် ကိုက်တစ်ထောင်ပြေးပွဲတွင် အင်္ဂလိပ်များကို ကိုက်နှစ်ရာအသာပေးထားရသည်နှင့်တူကြောင်း။

''အင်္ဂလိပ်တွေက ကုလားလူမျိုးတွေရေးတဲ့ အင်္ဂလိပ်စာကို ဘာဘူအင်္ဂလိပ်စာတဲ့ခင်ဗျ၊ တရုတ်ရေးတဲ့ အင်္ဂလိပ်စာဆိုတော့ ပစ်ဂျင်း[၁]အင်္ဂလိပ်စာရယ်လို့ ပြက်ရယ်ပြုကြတယ်ဗျ၊ အဲဒါ ကျွန်တော်တို့ဗမာတွေရေးတဲ့ အင်္ဂလိပ်စာကိုဆိုရင်တော့ ကျွန်တော့်အထင်အင်္ဂလိပ်တွေက ဂျူနီအင်္ဂလိပ်စာလို့များ ထူးထူးခြားခြားပြက်ရယ် ပြုကြလေမလားပဲခင်ဗျ။

''အဲဒီတော့ ကျွန်တော်ကတော့စကတည်းက တစ်ဖက်ကို အကျောပေးထားရပြီး ရှုံးမယ်မှန်းသိတဲ့ပြေးပွဲကိုလဲ မပြိုင်စေချင်ဘူး၊ မပြိုင်ကြပါနဲ့လို့လဲ တောင်းပန်ချင်ပါတယ်'' ပြီးတော့ ခြေထောက်ထော့ကျိုးထော့ကျိုးဖြစ်နေတဲ့ မြန်မာမြင်းကိုဆေးကုပြီးတစ်ကောင်တည်းကိုပဲ စီးစေချင်ပါတယ်။ ကြိုးစားပြီး ဆေးသာကုလိုက်မယ်ဆိုရင် ခြေထောက်ထော့ကျိုးနေတာပျောက်သွားပြီး ကျွန်တော်တို့ရဲ့မြန်မာမြင်းဟာ အလွန်ကောင်းလာမှာ မလွဲပါဘူး''

ထိုနောက် ဦးဖေမောင်တင်က...

''အခု ကျွန်တော်တို့မြန်မာစာပေထက် ရှေ့ကကိုက် ၂၀၀ လောက်ကျောနေတဲ့ အင်္ဂလိပ်စာပေ ဖြစ်ပေါ်လာခဲ့ပုံအကြောင်းကို အကျဉ်းချုပ်ပြီး နည်းနည်းပြောပြချင်ပါတယ်''

---

၁။ Pigeon

ဟု ဆက်၍ပြောလိုက်သည်။

''ဟို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက အာရိယံ[၁]လို့ခေါ်တဲ့ နယ်ချဲ့သမားလူမျိုးတစ်စု ရှိခဲ့ဖူးပါတယ်။ အဲဒီအထဲက တချို့က အိန္ဒိယပြည်ဘက်ကိုသွားနယ်ချဲ့ပြီး တချို့က ပါးရှားပြည်ဘက်ကို နယ်ချဲ့ခဲ့ကြတယ်လို့ သိရပါတယ်။ ဘယ်လိုလုပ်ပြီး သိနိုင်သလဲဆိုတော့ အိန္ဒိယပြည်မှာထွန်းကားတဲ့ သသ်ကရိုက်ဘာသာနဲ့ ပါးရှားပြည်သုံးဘာသာတို့ကိုနှိုင်းယှဉ်ပြီး သုတေသနပြုကြည့်တဲ့အခါ တူညီမှုရှိတာကိုတွေ့ရလို့ အမျိုးချင်းတူတယ်ဆိုတဲ့ ထင်ရှားတဲ့ အထောက်အထားအရ ဖြစ်ပါတယ်။

''အဲဒီလို အိန္ဒိယနဲ့ပါးရှားပြည်ဘက်ကို နယ်ချဲ့ခဲ့ကြသလို ကျန်တဲ့အာရိယံတချို့ကလဲ ဥရောပတိုက်ဘက်ကို ဝင်ရောက်နယ်ချဲ့ခဲ့ကြပြန်တယ်။ ဒီတော့ ဥရောပတိုက်ဘက်မှာ ဂရိ[၂]၊ ကယ်လ်တစ်[၃]၊ တူတောနစ်[၄]၊ စလယ်ဗိုနစ်[၅]၊ လက်တင်[၆]အစရှိတဲ့ ဘာသာစကားအသီးသီးတို့ ပေါ်ပေါက်လာခဲ့ကြပါတယ်။

''အဲဒီလိုပေါ်ပေါက်လာခဲ့တဲ့ စကားခုနစ်မျိုးမှာ အင်္ဂလိပ်ဘာသာစကားဆိုတာ မပါသေးဘူး။

''အဲဒီလိုရှိခဲ့ရာက နောက်တော့တူတောနစ်ကနေပြီး ဟိုင်းဂျာမန်[၇]၊ လိုးဂျာမန်[၈]နဲ့ စကင်ဒီနေးဗီးယန်း[၉] ရယ်လို့ ဘာသာစကားသုံးမျိုး ထပ်ကွဲလာခဲ့ပြန်တယ်၊ ဟိုင်းဂျာမန်ဆိုတာက ဂျာမနီပြည်ကုန်းမြင့်ဒေသပိုင်းမှာ နေထိုင်ကြသူတွေပြောတဲ့စကား။ လိုးဂျာမန်ဆိုတာက ကုန်းနိမ့်အရပ်သုံးစကား။ စကင်ဒီနေးဗီးယန်းဆိုတာကတော့ နော်ဝေးနဲ့ ဆွီဒင်ပြည်က သုံးနှုန်းပြောဆိုတဲ့စကားတွေပဲ။

''အဲဒီလို သုံးမျိုးသုံးစားထဲကမှ တစ်ခါဂျာမနီပြည် ကုန်းနိမ့်ပိုင်းအသုံးအနှုန်းထဲကနေပြီး အိန်ဂျယ်[၁၀]နဲ့ ဆက်ဆွန်[၁၁]ဆိုတဲ့ ဘာသာစကားတွေက ပါလာကြပြန်ရော။

''နောက်တော့ အဲဒီအိန်ဂျယ်နဲ့ ဆက်ဆွန်လူမျိုးစုနှစ်စုက ဟိုမှာမပျော်ပိုက်ကြတဲ့အတွက် ဘော်လ်တစ်[၁၂] ပင်လယ်ကိုဖြတ်ကျော်ပြီး အခုရှိနေတဲ့ အင်္ဂလန်ကျွန်းကလေးမှာ အခြေလာစိုက်ကြတယ်။

''ဒါကြောင့် ရှေးဟောင်းအင်္ဂလိပ်စာပေတွေကို အင်ဂလိုဆက်ဆွန်[၁၃]လို့ ခေါ်ကြတာပါပဲ။ ဒါပေမဲ့ လူမျိုးရဲ့ နာမည်ကိုတော့ သူတို့က ဆက်ဆွန်ကိုဖြုတ်ပြီးအိန်ဂျယ်လို့ပဲ သတ်မှတ်ခေါ်ဆိုကြတယ်၊ နောက်တော့ ကာလ ရွေ့လျောပြီး အိန်ဂျယ်ကျွန်း အိန်ဂျယ်တိုင်းပြည်ကနေ အင်္ဂလန်[၁၄] ပြည်လို့ ဖြစ်လာခဲ့တာပါ။

''ဒီတော့ အင်္ဂလိပ်ဘာသာစကားဟာ ဂျာမန်အနိမ့်ပိုင်းသုံးဘာသာစကားက ဆင်းသက်လာခဲ့တယ်ဆိုတာ ထင်ရှားနေတယ်။

''အိန္ဒိယပြည်က သသ်ကရိုက် ဘာသာစကားနဲ့ ပါးရှားပြည်ကဘာသာစကားတို့ဟာ အာရိယံစကားပင်မကြီးရဲ့ တစ်စိတ်တစ်ဒေသဖြစ်သလို အီတလီ၊ ပြင်သစ်နဲ့ စပိန်လူမျိုးတို့ရဲ့ ဘာသာစကားအသီးသီးဟာလည်း လက်တင် စကားက ဖြာထွက်ဆင်းသက်လာခဲ့ကြတာပါပဲ။ ဒါကြောင့် အာရိယံဘာသာစကားက အဘိုးကြီး၊ အဘွားကြီးနဲ့ တူပြီး စောစောက တင်ပြခဲ့တဲ့ ဘာသာရပ် ၇ ရပ်ကတော့ အဘိုးကြီးနဲ့ အဘွားကြီးတို့က ပေါက်ဖွားဆင်းသက်လာခဲ့တဲ့ သားသမီးမျိုးဆက်တွေနဲ့ တူနေပါတယ်။

''အဲဒီလို အထောက်အထား အချက်အလက်တွေအရ အင်္ဂလိပ်တွေက သူတို့ဟာအာရိယံက ဆင်းသက်ခဲ့ပြီး ဗမာတွေဟာတော့ တရုတ်လူမျိုးတွေနဲ့အုပ်စုတူ မောင်ဂိုလီးယန်း[၁၅] လူမျိုးတွေက ဆင်းသက်လာခဲ့တယ်လို့ ဆိုပါတယ်။ တကယ်လည်း ဗမာနဲ့တရုတ်ဟာ မျက်နှာပေါက်တို့ ကိုယ်ဟန်ကိုယ်ပေါက်တို့တူကြသလို အင်္ဂလိပ်နဲ့ကုလား လူမျိုးတို့ဆိုလဲ အင်္ဂလိပ်နဲ့ ဥရောပတိုက်ကလူတွေက ဆီးနှင်းခဲအောင် အေးတဲ့အရပ်ဒေသမှာနေလို့ အသားဖြူပြီး ကုလားတွေက ပူအိုက်တဲ့ရာသီဥတုရှိတဲ့ အရပ်ဒေသမှာနေထိုင်ရလို့ အသားမည်းတာကလွဲရင် ပုံပန်းသွင်ပြင်ချင်း အင်မတန်ဆင်ကြတာကို တွေ့နိုင်ပါတယ်။

''အဲဒီမှာ ဘာကိုပြောချင်သလဲဆိုရင် အာရိယံတွေက အကြောင်းအရာတစ်ခုခုကိုပြောချင်ရင် စကားလုံး နည်းနည်းနဲ့အနက်ကို ကျယ်ကျယ်ဝန်းဝန်း ပြောလေ့ရှိကြတယ်။ ပုံစံပြရမယ်ဆိုရင်။

---

၁။ Aryan
၂။ Greek
၃။ Celtic
၄။ Tutonic
၅။ Slavonic
၆။ Latin
၇။ High German
၈။ Low German
၉။ Scandinavian
၁၀။ Angle
၁၁။ Saxon
၁၂။ Baltic
၁၃။ Anglo-Saxon
၁၄။ England
၁၅။ Mongolian

"Incomprehensability ဆိုတဲ့ စကားလုံးဟာ သိရန်ခက်ခဲသော အခြေအနေလို့ အဓိပ္ပာယ်ရတယ်။ အဲဒီစကားကို In-Com-Pre-Hens- Ability လို့ ပုဒ်ခွဲနိုင်ပါတယ်။

"In ဆိုတာ ပါဠိ(န) မြန်မာ(မ) ရယ်လို့ အနက်ရပါတယ်။ Com ဆိုတာက ပါဠိ(သံ) မြန်မာ (ကောင်းစွာ) လို့အနက်ရပါတယ်။ Pre ကတော့ ရှေ့ဆက်စကား ဖြစ်ပါတယ်။ နောက် Ability ဆိုတာက မြန်မာစကား (ခြင်း) နဲ့အနက်တူပါတယ်။ နောက်ဆုံးကျန်တဲ့ စကားလုံး Hens က ဓာတုဖြစ်ပြီး ဖမ်းဆီးခြင်းအနက်ရပါတယ်။

''ပါဠိစကားမှာလဲ...သံဗုဒ္ဓဆိုတာမှာ...သံ+ဗုဒ္ဓဖြစ်သလို...ဗုဓ်ဟာ...ဓာတုဖြစ်ပါတယ်။

''အဲဒီတော့ အင်္ဂလိပ်စာနဲ့ ပါဠိစာပေတို့ဟာ စကားလုံးကိုတွဲစပ်ပြီးသုံးတယ်ဆိုတာ သိသာလှပါတယ်။

''ဒါပေမဲ့ မြန်မာစကားကတော့ သူတို့လိုတွဲစပ်သုံးလို့ မရပါဘူး။ မိုနိုစိုင်းလာဘစ်*လို့ခေါ်တဲ့ ဝဏ္ဏတစ်လုံးတည်း ချင်းကောက် အနက်နဲ့သာ သုံးကြပါတယ်။

''ပုံစံပြရမယ်ဆိုရင်...ခွေး...ကြောင်...ဆိတ်...စသဖြင့် ဖြစ်ပါတယ်။

''မြန်မာလိုပဲ တရုတ်စာကလဲ လုံးကောက်အနက်ကိုပဲ သုံးကြပါတယ်။

''ဒါကိုကြည့်ပြီး အင်္ဂလိပ်တွေက သူတို့အင်္ဂလိပ်စာပေတွေဟာ လုံးကောက်အနက်သုံးတဲ့ တရုတ်စာပေ၊ မြန်မာစာပေတို့ထက် ပိုပြီးနက်နဲတယ်လို့ ဆိုကြတယ်။

''ဒီအဆိုဟာ မမှန်ပါဘူး။ ဘာကြောင့်လဲဆိုရင် တရုတ်စာပေပေါ်ပေါက်ခဲ့တာဟာ နှစ်ပေါင်းကြာညောင်းခဲ့ပါပြီ။ အဲဒီ တရုတ်စာပေဟာ ရှေးဟောင်းကျလွန်းတဲ့အပြင် နက်နဲခက်ခဲတဲ့ အကြောင်းအရာတွေကို သိသာထင်ရှားအောင် ရေးသားဖော်ပြထားနိုင်တယ်ဆိုတာကို အနောက်နိုင်ငံသားတွေကိုယ်တိုင်ကပဲ ဝန်ခံထားခဲ့ကြလို့ ဖြစ်ပါတယ်။

''အဲဒီတော့ တရုတ်စာပေလိုပဲ လုံးကောက်နဲ့အနက်ဖော်ရေးတဲ့ ကျွန်တော်တို့မြန်မာစာပေဟာလည်း ဘာဖြစ်လို့ လေးနက်တဲ့ စာပေမဖြစ်နိုင်၊ မရေးနိုင်ရမှာလဲ။

''တစ်ခါ မြန်မာစာပေဘက်ကို ပြန်ကြည့်လိုက်မယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်ရှစ်ရာလောက်က ပေါ်ပေါက်ခဲ့ပြီး ရိုးရိုးပြောဆိုနေကြတဲ့ မြန်မာစကားတွေထဲမှာ အလွန်တရာမှနက်နဲတဲ့ မွန်မြတ်တဲ့ ဗုဒ္ဓဘာသာ သဘောတရားများ သက်ဝင်လာခဲ့တာကို တွေ့နိုင်ပါတယ်။

''ပုဂံခေတ်...ကျန်စစ်သားမင်းလက်ထက်တုန်းက မြစေတီကျောက်စာကို ပျူ...ပါဠိ... မွန်...မြန်မာ... ရယ်လို့ လေးမျိုးလေးဘာသာနဲ့ ရေးထိုးခဲ့တာမှာ ဟိုခေတ်ဟိုအခါတုန်းက အဲဒီဘာသာကြီးလေးမျိုးဟာ တစ်ဦးနဲ့တစ်ဦး အနိုင်လုနေကြတယ်ဆိုတာ ထင်ရှားပါတယ်။ ဘာနဲ့တူသလဲဆိုရင် အခုခေတ်ဖိတ်စာတွေမှာ အင်္ဂလိပ်စာနဲ့ မြန်မာစာ နှစ်ဘာသာစလုံးရေးတာကိုကြည့်ရင် နှစ်ဘာသာစလုံး ခေတ်စားတွင်ကျယ်နေတယ်ဆိုတာကို သိသာစေသလိုပါပဲ။

''ဒါပေမဲ့ ဟိုခေတ်ဟိုအခါတုန်းက မြန်မာစာပေဟာ ကျန်တဲ့ဘာသာကြီးသုံးခုအောက်မှာ ညှံ့နေခဲ့တာပါ။ စဉ်းစားကြည့်မယ်ဆိုရင် မွန်စာကတောင် မြန်မာစာထက်သာခဲ့တယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ယိုးဒယားမှာရှိတဲ့ မွန်ကျောက်စာတွေဟာ မြစေတီကျောက်စာထက် နှစ်ပေါင်း ၄၅၀ လောက် စောနေတာကို သိရပါတယ်။

''ဒါပေမဲ့ အခုခေတ်မှာတော့ မွန်စာဟာ ကွယ်ပျောက်လုမတတ် မှေးမှိန်သွားခဲ့ပါပြီ။ ပျူစာကတော့ ကျန်စစ်မင်းလက်ထက်အထိ ထင်ရှားခဲ့သေးပေမယ့် အခုအချိန်မှာ လုံးဝကွယ်ပျောက်သွားခဲ့ပြီ ဖြစ်ပါတယ်။ ပါဠိဘာသာကတော့ ကျန်နေပါသေးတယ်၊ အားလုံးထဲမှာ ဟိုတုန်းကအောက်ဆုံးမှာ ညှံ့နေခဲ့ရတဲ့ မြန်မာစာပေဟာတော့ အခုအခါမှာ တိမ်ငုပ်ဖို့ဝေးလို့ ပိုပြီးတောင် တိုးတက်ကြီးပွားလာခဲ့ပါသေးတယ်။ အဲဒီလိုဖြစ်လာရအောင် ပါဠိကျမ်းစာတွေကို ဘုန်းတော်ကြီးများက နိသျှပြန်ပေးကြတဲ့အတွက် ကျေးဇူးအထူးတင်စရာကောင်းပါတယ်။

''အဲဒီလို အတူတကွပေါ်ထွန်းခဲ့တဲ့ လေးဘာသာထဲက မြန်မာဘာသာနဲ့ ပါဠိဘာသာနှစ်ဘာသာ အခုခေတ်အထိ တည်ရှိပြီး ဆက်လက်ထွန်းကားနေတဲ့အကြောင်းကို စဉ်းစားကြည့်ကြပါစို့။

''ရှေးတုန်းက မြန်မာစာပေကို ပါဠိနဲ့ယှဉ်ကြည့်ရင် ပါဠိထက် အများကြီးညံ့နေခဲ့တဲ့ အခြေအနေမျိုးမှာ ရှိခဲ့ပေမယ့် နောက်ပိုင်းမှာမြန်မာစာပေဟာ ပျူနဲ့မွန်ဘာသာနှစ်ရပ်ကို လွှမ်းမိုးကျော်လွှားနိုင်ခဲ့တဲ့အထိ တိုးတက်လာခဲ့ပြီး အခုလို အောင်မြင်တောက်ပြောင်နေတဲ့ အခြေအနေကျကာမှ ပြန်ပြီးမြုပ်ကွယ် ပပျောက်သွားရမယ်ဆိုရင် ဘယ်မှာ သင့်တော်ပါ့မလဲ ခင်ဗျာ။

''ပုဂံခေတ်တုန်းက ပါဠိလွှမ်းမိုးအနိုင်ယူထားလို့ ကျွန်တော်တို့မြန်မာစာပေ တိမ်မြုပ်သွားခဲ့ရတယ်ဆိုရင်

* Monosyllabic

ကျွန်တော်တို့အဖို့ ခံသာပါသေးတယ်။

''အခုတော့ မြန်မာစာပေဟာ ပါဠိစာပေရဲ့လွှမ်းမိုးမှုအောက်မှာ တိမ်မြုပ်ပျောက်ကွယ်မသွားတဲ့အပြင် ခက်ခဲနက်နဲတဲ့ ပါဠိစာပေကိုတောင် မြန်မာစာပေကယူပြီး မြန်မာစာပေလုပ်ပစ်လိုက်နိုင်သေးတယ် မဟုတ်လား။

''တကယ်တော့ မြန်မာစာပေက ပျူစာပေ၊ မွန်စာပေနဲ့ပါဠိစာပေတို့ကို ဝါးမျိုပစ်နိုင်ခဲ့တာပါ။ ဥပမာ... စိတ်...မေတ္တာ...ဥတု...လောဘ...စတဲ့ ပါဠိစကားလုံးတွေကို မြန်မာစကားလုံးအဖြစ် သုံးစွဲနေကြပုံကို ထောက်ကြည့်ရင် ပါဠိစာပေကို မြန်မာစာပေက ဘယ်လိုဝါးမျိုပစ်တယ်ဆိုတာကို သိနိုင်ကြပါတယ်။

''အခုခေတ် ဘုန်းကြီးရဟန်းများ တရားဟောကြတဲ့အခါ ပါဠိဘာသာကို မြန်မာစကားနဲ့ အမွှန်းတင်ပြီး ဟောပြောပို့ချကြတာဟာ အင်မတန်ကောင်းပြီး အင်မတန်ကျေးဇူးတင်စရာ ရှိပါတယ်။''

''ပါဠိစာ ပါဠိစကားတို့ဟာ သသ်ကရိုက်နဲ့အတူ ပင်မဘာသာကြီးတစ်ခုက ဆင်းသက်လာခဲ့တာဆိုတော့ အာရိယံဘာသာမှာ အပါအဝင်ဖြစ်ပါတယ်။ ဒီတော့ အဲဒီလို အာရိယံဘာသာမှာ အပါအဝင်ဘာသာတစ်ရပ်ဖြစ်တဲ့ ပါဠိကိုတောင် မြန်မာစာလုပ်ပစ်နိုင်သေးရင် အင်္ဂလိပ်စာကို ဘာဖြစ်လို့ မြန်မာစာ မလုပ်နိုင်ရမှာလဲ။

''အင်္ဂလိပ်စာပေဟာလဲ အာရိယံဘာသာဝင် စကားတစ်ရပ်ဖြစ်တာမို့ တကယ်သာ မြန်မာစာပေလုပ်ပစ်ချင်ရင် လုပ်ပစ်နိုင်တယ်ဆိုတာ ယုံမှားစရာမရှိပါဘူး။ အခက်အခဲမရှိဘဲ လွယ်လွယ်ကလေးနဲ့တောင် လုပ်လို့ရနိုင်ပါသေးတယ်။

''ဘာကြောင့် အခုလိုပြောနိုင်သလဲဆိုရင် ပါဠိဘာသာနဲ့ရေးထားတဲ့ အင်မတန်မှ ခက်ခဲနက်နဲတဲ့ စိတ်ဓာတ်၊ နာမ်တရားနဲ့သာဆိုင်တဲ့အကြောင်းအရာတွေကိုတောင် မြန်မာစာပေအဖြစ်နဲ့ ကောင်းမွန်ရှင်းလင်းအောင် ရေးပြတတ်သေးတာကိုထောက်ရင် ရုပ်တရားနဲ့သာဆိုင်တဲ့ အင်္ဂလိပ်ဘာသာသိပ္ပံပညာရပ်တွေကို ဘာဖြစ်လို့ မရေးနိုင်ကြရမှာလဲ။ ဘာဖြစ်လို့ မပြောနိုင်စွမ်းရမှာလဲ။ နာမ်တရားကိုနိုင်ရင် ရုပ်တရားကိုလဲနိုင်ရမှာ ပိုသေချာတယ်။ နာမ်တရားထင် ရုပ်တရားကပိုလို့တောင် လွယ်ကူသေးတာမို့ ရေးနိုင်စွမ်းပြောနိုင်စွမ်းရှိကြမှာပါ။

''အဲဒီလို ရေးနိုင်စွမ်းပြောနိုင်စွမ်းရှိရက်သားနဲ့ သိပ္ပံကျမ်းတွေကို မြန်မာစာနဲ့မရေးနိုင် မထုတ်နိုင်ကြရင် ဘယ်သူမပြုမိမိမှုဆိုတဲ့စကားအတိုင်း မြန်မာစာပေရဲ့အပြစ်မဟုတ်ပါဘူး ကျွန်တော်တို့တစ်တွေ အပျင်းထူလို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

''ကျွန်တော်တို့ဟာ အဘိဓမ္မာတရား အခက်အခဲတွေကိုတောင် မြန်မာစာနဲ့ရေးနိုင်ခဲ့ကြရဲ့သားနဲ့ ရုပ်တရားနဲ့ သာဆိုင်တဲ့ လောကီသိပ္ပံဘာသာရပ်တွေကို ဘာဖြစ်လို့မရေးနိုင်ရှိရမလဲဆိုတာကို ကြွရောက်လာကြတဲ့ စာပေပညာရှင်များ စဉ်းစားကြည့်ကြစေချင်ပါတယ်။

''ကျွန်တော်က ကျွန်တော့်မိတ်ဆွေတွေကို သူတို့သားသမီးတွေ မြန်မာစာပေကို အလေးပေးဂရုစိုက်စေဖို့ အမြဲတမ်း တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေတွေက မြန်မာစာကိုဘေးဖယ်ပြီး သူတို့သားသမီးတွေကို အင်္ဂလိပ်စာသာ ထူးထူးခြားခြား သင်ကြားပေးကြတာကို တွေ့ရပါတယ်။

''ဒါဟာ သူတို့အဖို့ အင်မတန်မှားပါတယ်။''

''အင်္ဂလန်ပြည်မှာ အင်္ဂလိပ်လူမျိုးတွေဟာလဲ ဘာသာခြားဖြစ်တဲ့ ဂျာမန်စာနဲ့ပြင်သစ်စာပေတွေကို သင်ယူကြတာ မှန်ပါတယ်။ အဲဒီလို သင်ကြားကြတာဟာ သူတို့အင်္ဂလိပ်စာပေတွေကို ပစ်ပယ်ဖို့မဟုတ်ပါဘူး။ သူတို့ရည်ရွယ်ချက်က နိုင်ငံခြားစာပေကျမ်းဂန်တွေထဲက ကောင်းနိုးရာရာ အဆီအနှစ်တွေကိုထုတ်နုတ်ပြီး သူတို့ အင်္ဂလိပ်စာအဖြစ် ကူးပြောင်းယူကြဖို့ပဲ ဖြစ်ပါတယ်။

''ကျွန်တော်တို့ မြန်မာတွေအနေနဲ့လဲ အင်္ဂလိပ်စာပေများကို လိုက်စားကြပါ၊ ဖတ်ကြပါ၊ လေ့လာကြပါ။ ပြီးတော့ အဲဒီလို လေ့လာလိုက်စားဖတ်ရှုထားခဲ့ကြတဲ့ အင်္ဂလိပ်စာပေတွေထဲက အဆီအနှစ်တွေကို ညှစ်ထုတ်ပြီး မြန်မာစာပေကို မပစ်ပယ်ဘဲ မြန်မာစာပေဖြစ်လာအောင် ပြန်လုပ်သင့်ကြပါတယ်။

''ကျွန်တော်တို့ မြန်မာတွေထဲမှာ မြန်မာစာပေကြီးပွားရေးကို နှစ်နှစ်ကာကာ လိုလားတောင့်တကြတဲ့ ပုဂ္ဂိုလ်တွေရှိကြပါတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေကို မြန်မာစာပေကြီးပွားရေးအတွက် ဝိုင်းဝန်းကူညီကြပါလို့ တိုက်တွန်းချင်ပါတယ်။

''အနုမြူဆိုတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော်မြန်မာဘာသာပြန်ထားပါတယ်။ ဒါပေမဲ့ ဖတ်သူအင်မတန်နည်းနေပါတယ်။ အခုလိုပြောတာ စာအုပ်ရောင်းရအောင် ကြော်ငြာတာ မဟုတ်ပါဘူး။ စာအုပ်တစ်အုပ်ထွက်ပေါ်လာတဲ့အခါဝိုင်းဖတ်ပြီး ဒီစာအုပ်အပေါ်မှာဉာဏ်ကွန့်ပြီး ကောင်းသထက်ကောင်းအောင် တခြားစာအုပ်

တွေကိုလဲ ဘာသာပြန်ဆိုရေးသားကြစေချင်တာပါ။

''ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးအတွင်းက လူငယ်လူရွယ်တွေက စစ်ထဲဝင်ပြီးစစ်ပွဲကိုလိုက်သွားကြတော့ ကျန်ခဲ့တဲ့ လူကြီး၊ ကလေးနဲ့အမျိုးသမီးတွေပါအားလုံးဟာ သူတို့တတ်စွမ်းနိုင်တဲ့ဘက်က ဝိုင်းဝန်းပြီး အကျိုးချုပ်တဲ့လူကချုပ်၊ ယမ်းတောင့်လုပ်တဲ့လူကလုပ်နဲ့ အကူအညီပေးခဲ့ကြတယ်။

အဲဒီလိုပဲ ကျွန်တော်တို့ရဲ့ မြန်မာစာပေကြီးပွားနိုင်ရေးအတွက်ကိုလဲ မြန်မာလူမျိုးအားလုံးက တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ အထူးလိုအပ်နေပါတယ်။

''အင်္ဂလန်နိုင်ငံမှာဆိုရင် မော်တော်ကားမောင်းသမားတွေတောင် စာဖတ်ကြပါတယ်။ ဒီတော့ သူတို့အဖို့ ကမ္ဘာလောကကြီးရဲ့ နေ့စဉ်အဖြစ်အပျက်တွေကို သိနိုင်၊ နားလည်နိုင်တယ်ပေါ့''

ဦးဖေမောင်တင်သည် တစ်ယောက်တည်း မနားတမ်းတောက်လျှောက်ပြောလာခဲ့သော သူ့မြန်မာစာပေအတွက် ဟောပြောပို့ချချက်ကို ရင်ဖွင့်သွန်ချလိုက်ပြီးနောက် သူဖြစ်စေလိုသော ဆန္ဒစကားလုံးများဖြင့် နိဂုံးအဆုံးသတ်လိုက်တော့သည်။

''ကျွန်တော်တို့ မြန်မာလူမျိုးတွေအဖို့လဲ မြို့ပေါ်ကလူတွေသာမကဘဲ၊ တောလက်ကျေးရွာကလူတွေပါ စာဖတ်ချင်တဲ့စိတ်၊ စာသင်ချင်တဲ့စိတ်၊ စာပေကိုလေးစားချင်တဲ့စိတ်တွေ မွေးမြူလာကြရအောင် အထူးကြိုးစား အားထုတ်သင့်ကြပါတယ်။

''ဒီလိုမဟုတ်ဘဲ ကိုယ့်မြန်မာစာကိုပစ်ပယ်ပြီး အင်္ဂလိပ်စာကိုသာ အရေးထားသင်ကြားနေကြမယ်ဆိုရင်တော့ အမေကျော်ပြီး ဒွေးတော်လွမ်းဆိုသလို ဖြစ်နေကြပါလိမ့်မယ်။

''ဒါကြောင့် ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ ကိုယ့်အမေအရင်းဖြစ်တဲ့ မြန်မာစာပေကိုသာ ပိုမိုချစ်ခင် လေးစားဂရုပြုပြီး မြန်မာစာပေတိုးတက်ကြီးပွားရေးကို ညီညာဖျဖျဝိုင်းဝန်းကြဆောင်ကြိုးစားကြပါလို့ တိုက်တွန်း နှိုးဆော်ရင်း မြန်မာစာ၏ နောင်ခေတ်အခြေအနေ အကြောင်းကို ဒီမှာပဲနိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါတော့တယ် ခင်ဗျား''

သူ့မြန်မာစာပေအတွက် အမြဲတမ်း တက်တက်ကြွကြွ ဆောင်ရွက်အကွက်ဖြည့်ပေးနေသော ဦးဖေမောင်တင် သည် နိုင်ငံရေးနှင့်ပတ်သက်၍လည်း၊ ဘောင်သတ်ထားသည့် သူ့တက္ကသိုလ်လောကထဲမှနေ၍ သူတတ်စွမ်းသမျှ ကြိုးစားလှုပ်ရှားလျက်ရှိလေသည်။

သို့ရာတွင် သူကဘောင်မကျော်အောင်သတိထား၍ လှုပ်ရှားအားပေးနေခဲ့သောကြောင့် သူနှင့်တိုက်ရိုက် ပတ်သက်ဆက်သွယ်သူများမှလွဲ၍ ဦးဖေမောင်တင်၏ အမျိုးသားရေးနှင့်နိုင်ငံရေး ကြိုးပမ်းစွမ်းဆောင်ချက်များ ကို သိနိုင်ကြမည်မဟုတ်ချေ။

ယခုအချိန်တွင် ဆရာစံဂျူနီသူပုန်အရေးမှာ အေးငြိမ်းသွားပြီဖြစ်သည်။

သူတို့ဖမ်းမိသွားသော ဂျူနီသူပုန်ဆရာစံကို အင်္ဂလိပ်အစိုးရက အထူးခုံရုံးတင်၍စစ်ဆေးကာ သေဒဏ် ချလိုက်သည်။

ထို့နောက် ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆရာစံအား သာယာဝတီထောင်၌ ကြိုးစင်တင်၍ အဆုံးစီရင်လိုက်ခြင်းဖြင့် လယ်သမားဂျူနီသူပုန်အရေးကို နှိမ်နင်းချေဖျက်လိုက်နိုင်ခဲ့လေသည်။

သူပုန်အရေး အေးသွားခဲ့သော်လည်း မြန်မာပြည်နိုင်ငံရေးအရှိန် တိုးတက်မြင့်မားလာမှုနှင့် တပူပူတဆူဆူ လှုပ်ရှားအသံမြည်လာခဲ့ကြသော နိုင်ငံရေးအသင်းအဖွဲ့များကိုမူ အင်္ဂလိပ်အစိုးရမှာ ငြိမ်သက်အေးချမ်းသွားအောင် ဖိနှိပ်ဆောင်ရွက်နိုင်စွမ်း မရှိချေ။

ဝန်ကြီးရာထူးရရေး၊ ခွဲရေးတွဲရေး၊ လန်ဒန်၌ကျင်းပသော မျက်နှာစုံညီစည်းဝေးသို့ လိုက်ပါတက်ရောက်နိုင်ရေး စသည်ဖြင့် သူတလူငါတမင်း၊ အချင်းချင်းအပြိုင်နင်းနေကြသော နိုင်ငံရေးအသင်းအဖွဲ့ပေါင်းစုံတွင် ''တို့ဗမာ အစည်းအရုံးအသင်း''ကြီးက ထူးထူးခြားခြား ထင်ထင်ရှားရှား ရှိလေသည်။

ရန်ကုန်တက္ကသိုလ်မှ ဘာသာပြန်ဆရာသခင်ဘသောင်း စတင်တည်ထောင်လိုက်သော သခင်ပါတီတို့ဗမာ အစည်းအရုံးကြီးသည် ယခုအချိန်၌ အဖွဲ့ဝင်အင်အားများ ပြန့်ပွားတောင့်တင်းစွာဖြင့် အောင်မြင်ခံ့ညားစွာ ရပ်တည် နေနိုင်ပြီ ဖြစ်သည်။

သခင်ဘသောင်းနှင့်တကွ သူ့အပေါင်းအသင်းရောင်းရင်း သခင်တချို့သည် နိုင်ငံရေးလှုပ်ရှားမှုကြောင့်

ဖမ်းဆီးထောင်ချခြင်းခံကြရလေသည်။

ထို့ကြောင့်

''သခင်ပေါက်စ ထောင်ခြောက်လ''

ဟူသောစကားသည် ပြည်သူပြည်သားတို့ ပါးစပ်ဖျား၌ ရေပန်းစားနေခဲ့လေသည်။

တို့ဗမာအစည်းအရုံးဝင်သခင်များကို တိုင်းပြည်အလုံးကလည်း အားပေးထောက်ခံသမှုပြုကြလေသည်။

ယခုဆိုလျှင် တက္ကသိုလ်ကျောင်းသားများနှင့် ဘိလပ်ပြန်နိုင်ငံရေးသမားအချို့သာမက မောင်မှိုင်းအမည်ခံ အမျိုးသားခေါင်းဆောင်ကြီးနှင့် နာမည်ကျော်စာရေးဆရာကြီးဆရာလွန်းပင်လျှင် သခင်ကိုယ်တော်မှိုင်း ဖြစ်နေလေပြီ။

တို့ဗမာအစည်းအရုံးသည် သခင်အဖွဲ့အင်အားသာကောင်းသော်လည်း ရန်ပုံငွေအနေနှင့်ကား နွမ်းပါးအားနည်းလွန်းလှသည်။

ထို့ကြောင့် သူဌေးသူကြွယ်နှင့် ရာထူးဂုဏ်ထည်သူများက သခင်ဆိုလျှင် ထောင်ဝင်စာလိုက်တွေ့ရမည့်အပြင် ထမင်းပင်နပ်မမှန်သော လူမွဲလူဆင်းရဲများအဖြစ် အရေးမထား၊ အပေါင်းအသင်း မလုပ်ကြပေ။

ရန်ကုန်တက္ကသိုလ်ကျောင်းကြီးမှ မြန်မာစာပါမောက္ခကြီး ဦးဖေမောင်တင်ကမူ အထက်က သူဌေးသူကြွယ် ရာထူးဂုဏ်ထည်သူများနှင့် မတူချေ။

သူသည် အခြေအနေအရ တို့ဗမာအစည်းအရုံးနှင့် အဆက်အသွယ်မလုပ်သော်လည်း အင်္ဂလိပ်လက်အောက်ခံ ကျွန်ဘဝသို့ရောက်ရှိနေကြသော မြန်မာပြည်သူပြည်သားများကို သခင်စိတ်မွေးစေရန် တို့ဗမာသခင်စိတ်ဓာတ် သွင်းနေသော သခင်ပါတီဝင်များကို တိတ်တိတ်ကြိတ်၍ သဘောကျနေလေသည်။

ထိုသခင်မျိုးစေ့ကလေးသည် သူကြိုးစားပျိုးထောင်လာခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းကြီး၏ သူ့မြန်မာစာဥယျာဉ်နယ်မြေမှ သန္ဓေတည်ပြန့်ပွားကြီးထွားသွားခဲ့ခြင်းအတွက်လည်း ဦးဖေမောင်တင်က ကြည်နူးကျေနပ်မဆုံး ရှိမိလေသည်။

ထိုနေ့က ဦးဖေမောင်တင် ကျောင်းမှပြန်လာပြီးနောက် အနားမယူနိုင်သေးဘဲ သူ့အလုပ်စားပွဲမှာဆက်ထိုင်၍ တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

ထိုစဉ်၌ ဦးဖေမောင်တင်ထံသို့ သူ့ညီဝမ်းကွဲတော်သူတစ်ဦး ရောက်လာသည်။

သူ့ညီဝမ်းကွဲက ဦးဖေမောင်တင်အတွက် စာတစ်စောင်ကိုယူလာပေးခြင်း ဖြစ်သည်။

သို့ရာတွင် သူ့နာမည်လိပ်စာတပ်ထားသော ဦးဖေမောင်တင်၏ စာအိတ်မှာပွင့်နေသည်။ တစ်စုံတစ်ယောက်က ဖွင့်ဖတ်ထားဟန်တူသည်။

ထို့ကြောင့် ဦးဖေမောင်တင်က သူ့ညီဝမ်းကွဲကို လှမ်းမေးလိုက်သည်။

''ဟေ့ ငါ့စာအိတ်က ပွင့်နေပါလားကွ''

''ဟုတ်တယ် အစ်ကိုလေး၊ ကျွန်တော် ဖွင့်ဖတ်ထားတာပါ''

''ငါ့စာကို မင်းက ဘာဖြစ်လို့ ဖွင့်ဖတ်ရတာလဲကွ၊ ဟေ''

ဦးဖေမောင်တင်က သူ့ညီဝမ်းကွဲကို မကျေမနပ် ပြန်မေးလိုက်သည်။

သူ့စိတ်ထဲမှာလည်း သူ့ညီဝမ်းကွဲ၏အပြုအမူကို ရုတ်တရက်နားမလည်ဖြစ်သွားသည်။

ငယ်ကြောက်ဖြစ်သော သူ့ညီဝမ်းကွဲက ဦးဖေမောင်တင်ကို ခပ်ရွံ့ရွံ့ဟန်ဖြင့် ပြန်မေးလေသည်။

''အစ်ကိုလေးကကော ဘယ့်နှယ်လုပ်တာလဲဗျာ''

''ဘာ ဘယ့်နှယ်လုပ်တာလဲကွ''

''အစ်ကိုလေးစာကို ဖတ်ကြည့်လိုက်ပါဦး''

ဦးဖေမောင်တင်၏ ခပ်ထန်ထန်အမေးကို သူ့ညီဝမ်းကွဲက အေးအေးဆေးဆေး ပြန်ပြောလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်လည်း ဖွင့်ပြီးသားစာအိတ်ထဲမှ သူ့အတွက်စာကို ဆွဲထုတ်၍ ဖြန့်ကြည့်လိုက်ရလေသည်။

**ဆရာကြီးခင်ဗျား**

ကျွန်တော် အခြေအနေအရ နယ်သို့ရောက်နေပါသဖြင့်၊ ကျွန်တော့်အတွက် ဆရာကြီးလစဉ်ထောက်ပံ့ပေးနေသော ငွေ ၁၀-ကို ယခု ကျွန်တော်လာမယူနိုင်သောကြောင့် နယ်လိပ်စာအတိုင်း စာတိုက်မှကျေးဇူးပြု၍ ပို့ပေးပါရန် ရိုသေစွာပန်ကြားအပ်ပါသည် ခင်ဗျား။

**လေးစားစွာဖြင့်**

**သခင်လေးမောင်။**

စာသည် သခင်လေးမောင်ထံမှ ဖြစ်သည်။

သခင်လေးမောင်သည်ကား သခင်ဘွဲ့ခံယူသွားကြသော တက္ကသိုလ်ကျောင်းသားများထဲမှ ဦးဖေမောင်တင်၏ တပည့်ဟောင်းတစ်ဦး ဖြစ်လေသည်။

သူကိုယ်တိုင် သခင်ဘွဲ့ကိုခံယူနိုင်ခွင့်မရှိသော ဦးဖေမောင်တင်က သခင်ပါတီနှင့်သခင်များအတွက် သူတတ်စွမ်းသည့်ဘက်မှ အားပေးထောက်ခံလျက်ရှိလေသည်။

ယခုအချိန်တွင် အိမ်ထောင်ရှင်ဖြစ်ရုံမက တတိယအကြိမ်၌ အမြွှာပူးသားတစ်ယောက်၊ သမီးတစ်ယောက်ကို ထပ်မံမွေးဖွားလိုက်ခြင်းဖြင့် သားသမီးလေးယောက်ဖြစ်သွားသော ဦးဖေမောင်တင်အတွက် မိသားစုတာဝန်မှာ မသေးလှချေ။

လူပျိုကြီးတစ်ယောက်တည်းတုန်းက အိမ်စရိတ်၊ အိမ့်တာဝန်ကင်းခဲ့သလောက် ယခုအသုံးအဖြုန်းကြီးသော ဇနီးနှင့်သားသမီးများအတွက် လစဉ်ကုန်ကျပေးချေရသော ငွေကြေးများမှာ ကြီးမားလှတော့သည်။

သူတို့အိမ်ထောင်အတွက် ထမင်းချက်၊ စားပွဲထိုး၊ ကလေးထိန်းနာနီ၊ အဝတ်လျှော်၊ အဖော်အလှာ်၊ မော်တော်ကားမောင်းသမား စသူများအတွက် လစဉ်လတိုင်းကျွေးရပေးရသော ငွေကြေးများမှာလည်း မနည်းလှချေ။

ထိုကဲ့သို့ အဘက်ဘက်မှပေးမလောက်အောင် ငွေကုန်ကြေးကျများရသည့်ကြားထဲ၌ သူ့ဇနီးချောဒေါ်ကြည်ကြည်သုံးစွဲဝယ်ခြမ်းထားသော စာရင်းရှင်းတမ်း ငွေတောင်းလွှာများကလည်း ရိုးကုမ္ပဏီ အစရှိသော ကုန်တိုက်ကြီးများဆီမှ ဦးဖေမောင်တင်ထံသို့ လစဉ်နှစ်ရာသုံးရာလောက်က မှန်မှန်ရောက်လာခဲ့ကြလေသည်။

ထိုအခါ ထောင်ကျော်ရသော ပါမောက္ခကြီးဦးဖေမောင်တင်၏လခမှာ ဟိုစဉ်ကလို စုဆောင်းနိုင်ရန် ပိုလျှံခြင်း မရှိတော့ချေ။

သည်အတွက် ဦးဖေမောင်တင်က ယောက္ခမများကို တိုင်ကြားအကူအညီတောင်းခဲ့သည်။

ထိုအခါ ယောက္ခမများက

''တို့သမီးဟာ ဟိုတုန်းက ဒီလိုမဟုတ်ပါဘူး၊ ဗိုင်းကောင်းကျောက်ဖိကလေးပါ၊ အခု မင်းနဲ့လက်ထပ်ပြီးမှ မင်းအလိုလိုက်အရေးပေးလွန်းလို့ အခုလိုဖြစ်သွားတာ မင်းပဲပြန်ပြီးဆုံးမပြုပြင်ယူပေါ့''

ဟု ဦးဖေမောင်တင်ကို ပြန်ပြောကြသည်။

ပါမောက္ခကြီး ဦးဖေမောင်တင်သည် တပည့်ကျောင်းသား ထောင်ပေါင်းများစွာကိုသာ သွန်သင်ဆုံးမပဲ့ပြင်ညွှန်ကြားနိုင်စွမ်းခဲ့သော်လည်း လူကြီးမိဘများ လက်ထပ်ပေးစားထားသော ဇနီးမယားကိုမူ ဘယ်သို့ဆုံးမပြုပြင်ရမှန်း မသိချေ။

အမှန်က သူ့အခွင့်အရေးနှင့်သူ လွတ်လပ်ပျော်ရွှင်နေသောတစ်ဖက်သားကို ဦးဖေမောင်တင်က မဟန့်တားမချုပ်ချယ်လိုခြင်း ဖြစ်သည်။

သူ့အဖို့ အပေးအယူ ညီမျှအေးချမ်းသော မိဘမှမွေးဖွား၍ အိမ်တွင်းရေးပြဿနာများ ကင်းရှင်းသော မိသားစုတွင် ကြီးပြင်းလာခဲ့သော ဦးဖေမောင်တင်က သူ့ကျမှ လင်နှင့်မယား၊ သားသမီးနှင့်မိဘတို့ တဆူဆူတပူပူဖြစ်လာမှာကို မလိုလားချေ။

ထို့အပြင် စာပေမြင့်မှ လူမျိုးမြင့်မည်ဆိုသောအချက်ကိုလက်ခံထားကာ နိုင်ငံနှင့်လူမျိုးအတွက် စာပေနှင့်ပညာရေးတာဝန်များအား ကွက်လပ်မကျန်အောင် ရှက်ဆောင်ဖြည့်စွမ်းနိုင်ရန် အချိန်ပြည့်စဉ်းစားတွေးခေါ်ပြင်ဆင်လုပ်ကိုင်နေရသော ဦးဖေမောင်တင်က အိမ်မှုကိစ္စများကို ဦးစားမပေးဘဲထားလိုက်သည်။

အိမ်မှုကိစ္စများကြောင့် ဦးဖေမောင်တင်က သူဦးစားပေးဆောင်ရွက်နေသော စာပေတာဝန်နှင့် ပညာရေး

ဝတ္ထုရာများကို လုံးဝအနှောင့်အယှက် မခံချေ။

ထို့ကြောင့် သူသည် နားမပူ၊ စိတ်မရှုပ်စေရန် အိမ်စရိတ်အတွက် လိုသမျှတောင်းလာသမျှငွေကြေးကို ထောင်ကျော်လခထဲမှ မညည်းမညူ ထုတ်ပေးလိုက်လေ့ရှိသည်။

ထိုအခါ ဦးဖေမောင်တင်မှာ လူပျို့ဘဝတုန်းကလို လက်ထဲ၌ ငွေမပေါ်လှချေ။

သူ့အဖို့ ခြိုးခြံချွံခြံအနေအထားကြားကပင် ဦးဖေမောင်တင်က နိုင်ငံနှင့်လူမျိုးအတွက် အရေးအကြောင်း ပေါ်ပေါက်လာတိုင်း သူတတ်နိုင်သောအပိုင်းမှ တတ်အားသမျှ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလိုက်လေသည်။

သို့ရာတွင် လက်တစ်ဖက်ကလှူဒါန်းသည်ကို ကျန်တစ်ဖက်မှမသိစေရဆိုသည့်အတိုင်း ဦးဖေမောင်တင်က သူ၏ပေးကမ်းလှူဒါန်းမှုများကို သူ့အိမ်သူဇနီးကိုမျှ မသိစေရပေ။

ယခု တို့ဗမာအစည်းအရုံးကြီး ထင်ထင်ရှားရှား ရပ်တည်လာပြီးနောက်၊ တို့ဗမာသတင်းစဉ် ထုတ်ဝေရေး အတွက် ငွေကြေးအလှူခံကြသည့်တွင် ဦးဖေမောင်တင်က ငွေကျပ်သုံးရာကို ပါဝင်လှူဒါန်းလိုက်သည်။

ထို့အပြင် သူက သခင်ဘွဲ့ခံယူပြီးနောက် တက္ကသိုလ်ကျောင်းမှထွက်သွားကြသော တပည့်ဟောင်း သခင်များ ကိုလည်းတတ်အားသမျှ လစဉ်ထောက်ပံ့ကူညီနေလေသည်။

ထိုတပည့်များထဲမှ နယ်သို့ရောက်သွားသော သခင်လေးမောင်က သူ့အတွက်လစဉ်ထောက်ပံ့ကြေးငွေကျပ် တစ်ဆယ်ကို သူ့ထံသို့စာတိုက်မှပို့ပေးပါရန် စာရေးတောင်းခံလိုက်ခြင်းဖြစ်လေသည်။

သခင်လေးမောင်၏ စာကိုဖတ်ပြီးသွားသော ဦးဖေမောင်တင်က သူ့ညီဝမ်းကွဲအား ခပ်တည်တည်လှမ်းပြော လိုက်သည်။

''ဟ ဒီစာက ငါ့တပည့်ဟောင်း တစ်ယောက်ဖြစ်တဲ့ လေးမောင်က ရေးလိုက်တာပဲ ဘာဖြစ်လို့လဲ၊ ငါ့အဖို့ ငါလက်လှမ်းမီသလောက် လူတွေကိုငါတတ်အားသလောက် အမြဲတမ်းပေးကမ်းကူညီနေတဲ့ဟာများ မင်းက အဆန်းလုပ်ပြီး ဘယ့်နှယ်–ဘယ့်ညာ ဘာလာမေးနေရတာလဲကွ၊ ဟေ''

''ဒါပေမဲ့ အခုအစ်ကိုလေးထောက်ပံ့ကူညီနေတာက အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ တို့ဗမာသခင် တစ်ယောက် ဖြစ်နေပါတယ်''

သူ့ညီဝမ်းကွဲက ခပ်ရွံ့ရွံ့နှင့်ပင် ဦးဖေမောင်တင်ကို ရှင်းလင်းပြောပြလေသည်။

''အစိုးရက အစ်ကိုလေးကို သိပ်စိတ်မချလို့ အစ်ကိုလေး ဘာလုပ်တယ်ဘယ်သူတွေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာကို စုံစမ်းဖို့အတွက် ကျွန်တော့်ကိုတာဝန်ပေးစောင့်ကြည့်ခိုင်းထားတယ်၊ ဒါကြောင့် ကျွန်တော် အစ်ကိုလေးစာတွေကို အမြဲတမ်းဖောက်ဖတ်ရပြီး အခုဒီစာကိုတွေ့လို့ သခင်တွေနဲ့ထပ်ပြီး အဆက်အသွယ်မလုပ်ဖို့ အစိုးရမသိအောင် အစ်ကိုလေးကို ကြိုကြိုတင်တင် တိုးတိုးတိတ်တိတ် လာသတိပေးတာပါ''

''ဩော် ဒီလိုလား''

စုံထောက်ဌာနတွင်လုပ်သော သူ့ညီဝမ်းကွဲကို ဦးဖေမောင်တင်က နားလည်ခွင့်လွှတ်လိုက်လေသည်။

သူသည် ရုတ်တရက်သဘောကျသွားကာ ရယ်မောပြောဆိုလိုက်လေသည်။

''အင်း အင်း ဟန်ကျသကွယ်၊ အစ်ကိုအပေါ်စုံထောက်ဖို့ ညီကို တာဝန်ပေးတယ်လို့ အင်္ဂလိပ်အစိုးရဉာဏ် သွားပုံတော့ ချီးကျူးသကွယ်၊ ဟား ဟား ဟား''

ဦးဖေမောင်တင်က သဘောကျ၍ ရယ်မောလိုက်သော်လည်း သူ့အပေါ်၌ ယခုကဲ့သို့ မယုံသင်္ကာစိတ်ထားဖြင့် စုံစမ်းထောက်လှမ်းခံရခြင်းအတွက်မူ အတော်ကလေး မကျေမနပ်ခံပြင်းမိလေသည်။

သို့ရာတွင် မကြာမီမှာပင် သူ့အပေါ်၌ယခုမှသာမဟုတ်ဘဲ ဘိလပ်မှပြန်ရောက်လာခဲ့သောသူ့ကို အစောပိုင်း ကတည်းက မျက်နှာဖြူတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်တကွ လုပ်ဖော်ကိုင်ဖက် မျက်နှာဖြူဆရာများနှင့်အတူ မျက်နှာဖြူပုလိပ်မင်းကြီးတို့က တစ်ချိန်လုံး စုံစမ်းထောက်လှမ်းနေခဲ့ကြောင်းကို ဦးဖေမောင်တင် သိလိုက်ရလေသည်။

တစ်နေ့ စကားစပ်မိသည့်တွင် ဦးဖေမောင်တင်က သူ့အပေါ်၌သူ့ညီဝမ်းကွဲကို စုံထောက်ခိုင်းပုံအကြောင်းအား မစ္စတာဖာနီဗယ်လ်ကြီးနှင့် ပြောလိုက်မိသည်။

ထိုအခါ မစ္စတာဖာနီဗယ်လ်ကြီးက ပြန်ပြောလေသည်။

''မင်းက အခုကိစ္စကိုပဲ သိတာကိုးကွ၊ မင်းဘိလပ်က ပြန်ရောက်လာစတုန်းက မင်းနောက်ကို စုံထောက် တကောက်ကောက် လိုက်နေခဲ့တာကိုတော့ မင်းမသိခဲ့ဘူး မဟုတ်လား၊ ဟင်''

''ဟောဗျာ''

''မဟောဗျာနဲ့၊ ဘိလပ်ကနေပြီး ကာလတန်က ဝီအာစလိပင်းအိုဗာသည်ဖျူယူးချားမင်နစ်စတာအော့ဗ်ဘားမား*လို့ မြန်မာပြည်ကိုသတင်းပို့လိုက်တော့ ဒီကပုလိပ်မင်းကြီးက လန့်ဖျပ်ပြီး မင်းနဲ့ထိတွေ့ဆက်သွယ်နေကြတဲ့ ကျောင်းအုပ်နဲ့ဆရာတွေကိုတာဝန်ပေးပြီး စောင့်ကြည့်စုံထောက်ခိုင်းတော့တာပေါ့''

''ဒါနဲ့များ ခင်ဗျားက ကျုပ်ကို အခုမှပြောရသလားဗျ''

''ခုမှပြောဆို ငါကလဲဟိုတစ်လောကမှ ပုလိပ်မင်းကြီးနဲ့ စကားလက်ဆုံကျရင်း သူကပြောပြလို့သိခဲ့ရတာကိုးကွ''

''ဟုတ်လား ဒါပေမဲ့ မျက်နှာဖြူကျောင်းအုပ်ကြီးနဲ့ မျက်နှာဖြူကျောင်းဆရာတွေအနေနဲ့ ကျောင်းတက်ချိန်ကလွဲပြီး ကျုပ်နောက်ကိုတကောက်ကောက် လိုက်စုံထောက်နေမိကြမယ် မထင်ပါဘူးဗျာ''

''ဒီဘက်မှာကျွမ်းကျင်လို့ ပုလိပ်မင်းကြီးတောင် ဖြစ်နေတာပဲကွာ၊ ဟိုလူတွေမလိုက်နိုင်တော့ မင်းနောက်က တကောက်ကောက်လိုက်နိုင်မယ့် လူကိုလဲ တာဝန်ခွဲပေးပြီး စုံထောက်ခိုင်းတာပေါ့ကွ တင်ရ''

''အင်း ဆိုပါဦး ဘယ်သူများပါလိမ့်၊ ပုလိပ်မင်းကြီးကိုယ်တိုင်လားဗျ ဟုတ်လား''

''သူကိုယ်တိုင်တော့ ဘယ်ဟုတ်မလဲကွာ၊ ကာလတန်ကသတင်းပို့လိုက်တော့ ဘုရင်ခံကသူ့ကိုဆင့်ခေါ်ပြီး တာဝန်ပေးသလို ပုလိပ်မင်းကြီးကလဲ တစ်ဆင့်ပြန်ပြီးတာဝန်ပေး စုံစမ်းခိုင်းတာပေါ့ကွ''

မစ္စတာဖာနီဗယ်လ်က ပုလိပ်မင်းကြီးအကြောင်းပြောရင်းမှ ဦးဖေမောင်တင်ကို ဖြတ်မေးလိုက်သည်။

''မင်းဟာ ပါမောက္ခကြီးမဟုတ်လား၊ မော်တော်ကားလဲရှိတယ်၊ ဒီတော့ မင်းအနေနဲ့ ဘယ်သွားသွား ဘယ်လာလာ၊ ခြေကျင်လျှောက်မလား လန်ချားစီးမလား ကဲ ပြောစမ်း''

''မော်တော်ကားနဲ့ သွားမှာပေါ့ဗျ''

ဦးဖေမောင်တင်က အဖြေပေးလိုက်သည်။

ဦးဖေမောင်တင်၏အဖြေကို မစ္စတာဖာနီဗယ်လ်ကြီးက သဘောကျသွားသည်။

''အေးပေါ့၊ မော်တော်ကားနဲ့သာသွားမှာပေါ့၊ အဲဒီတော့ မင်းအမြဲတမ်းစီးတဲ့ မော်တော်ကားဒရိုင်ဘာကို ပုလိပ်မင်းကြီးက တစ်လငွေ ၂၅ ကျပ်ပေးထားတယ်ဆိုရင်ပဲ တစ်နေ့တစ်နေ့ မင်းဘယ်သွားတယ်၊ ဘယ်သူနဲ့ တွေ့တယ်ဆိုတဲ့သတင်းတွေဟာ ပုလိပ်မင်းကြီးဆီ မှန်မှန်ရောက်နေခဲ့တော့တာပေါ့ကွ''

''ဒီလိုလား ဟား ဟား၊ ခင်ဗျားတို့အင်္ဂလိပ်တွေဟာ တယ်ရှုပ်တာပဲဗျာ၊ ဒုက္ခပါပဲ၊ ကျုပ်ဘယ်အမျိုးသမီး အိမ်သွားတယ် ဘယ်အမျိုးသမီးကို ဘိုင်စကုပ်လိုက်ပြတယ်ဆိုတဲ့သတင်းတွေတော့ ပုလိပ်မင်းကြီးဆီ အကုန်ရောက်ကုန်ပါပြီဗျာ၊ ဟား ဟား''

ထို့နောက် မကြာမီသောရက်အတွင်း၌ ညေ့ခံပွဲတစ်ခုတွင် ဦးဖေမောင်တင်နှင့် မျက်နှာဖြူပုလိပ်မင်းကြီးတို့ မျက်နှာချင်းသွားဆုံကြသည်။

သူတို့နှစ်ယောက်သည် စကားလက်ဆုံကျကာ ရယ်မောနေရာမှ ပုလိပ်မင်းကြီးက ဦးဖေမောင်တင်ကို ရွှတ်နောက်ဟန်ဖြင့် ဦးဖေမောင်တင်လူပျိုဘဝတုန်းက အဖြစ်အပျက်တစ်ခုကို ရုတ်တရက် ကောက်မေးလိုက်သည်။

''ဘယ့်နှယ်လဲ ပါမောက္ခကြီးရယ်၊ ဟိုတုန်းက ခင်ဗျားအိမ်သွားလည်တဲ့ နောက်ပြီးရုပ်ရှင်လဲခေါ်ပြတဲ့ အမျိုးသမီးကလေးတွေ အခုဘယ်ရောက်ကုန်ကြပြီလဲဗျ''

''မပြောတတ်ဘူး ခင်ဗျ''

ဦးဖေမောင်တင်ကလည်းရယ်မော၍ ပြန်ပြောလိုက်သည်။

''အဲဒါ ကျွန်တော်ကပုလိပ်မင်းကြီးရဲ့ မော်တော်ကားဒရိုင်ဘာကို တစ်လငွေ ၂၅ ကျပ်မှန်မှန်ပေးပြီး စုံစမ်းထောက်လှမ်းခိုင်းရကောင်းမလားလို့ စဉ်းစားနေတာဗျ ဟား ဟား''

ဦးဖေမောင်တင်သည် တစ်ချိန်က သူ့မော်တော်ကားမောင်းသမားမှတစ်ဆင့် အစုံအထောက်ခံခဲ့ရသကဲ့သို့ ယခုလည်း ညီဝမ်းကွဲမှတစ်ဆင့် သူ့အပေါ်စုံထောက်ခိုင်းထားကြောင်းအား သိရှိလိုက်ရပြန်လေတော့သည်။

သို့ရာတွင် သူ့ညီဝမ်းကွဲကမူ သူ့သတင်းကိုစုံထောက်ပြီး အထက်သို့မပို့ဘဲ ဦးဖေမောင်တင် ဆင်ခြင်နိုင်စေရန်

---

* We Are Sleeping Over The Future Ministers of Burma

သတိလာပေးလေသည်။

''အဲဒါ နောက်ကိုသခင်တွေနဲ့ အတိအလင်း မဆက်သွယ်ပါနဲ့ အစ်ကိုလေးရယ်၊ ကျွန်တော် သတိပေးတာကို အစ်ကိုလေးကလက်မခံဘဲဆက်ပြီး သခင်တွေကို အားပေးထောက်ပံ့နေမယ်ဆိုရင် တာဝန်ယူထောက်လှမ်းနေရတဲ့ ကျွန်တော့်အဖို့ အလုပ်မှာ ထိခိုက်လာလိမ့်မယ် ခင်ဗျ''

ညီဝမ်းကွဲကသူ့အလုပ်တာဝန်၌ ထိခိုက်လာမည်ဖြစ်ကြောင်းတင်ပြကာ အစိုးရနှင့်ဆန့်ကျင်နေသော သခင်များနှင့် အတိအလင်း အဆက်အသွယ်မပြုလုပ်ရန် ဦးဖေမောင်တင်အား တောင်းပန်ဟန့်တားလေသည်။

ထိုအခါ သူ့ဘောင်သူ့စည်းနှင့် သူ့ဘက်ကိုယ့်တက် အခြေအနေအရပ်ရပ်တို့ကို နားလည်သောဦးဖေမောင်တင်က သူ့ညီဝမ်းကွဲ၏တောင်းဆိုချက်ကို လွယ်လွယ်ကူကူပင် လက်ခံလိုက်လေသည်။

''အေးကွာ ကောင်းပြီ၊ ငါစာတိုက်ကနေ ငွေပို့မပေးပါဘူး၊ ငါ့ကြောင့် မင်းကိုမထိခိုက်စေရပါဘူး၊ စိတ်ချသာနေ''

ဦးဖေမောင်တင်က သူ့ညီဝမ်းကွဲစိတ်အေးစေရန်လည်း နှစ်သိမ့်ပေးလိုက်လေသည်။

ဦးဖေမောင်တင်သည် သူ့ညီဝမ်းကွဲကိုပေးလိုက်သည့် ကတိအတိုင်း၊ သခင်လေးမောင်အတွက် ထောက်ပံ့ငွေကို စာတိုက်မှပို့မပေးချေ။

နောက်ပိုင်း၌လည်း သူ၏လှုပ်ရှားမှုနှင့်ပတ်သက်၍ တခြားသူတစ်ဦးတစ်ယောက်အား မထိခိုက်စေသည့်နည်းတူ၊ သူ့အလုပ်ခွင်မှ ဘောင်မကျော်စေရန်လည်း ဦးဖေမောင်တင်က သတိနှင့် ဆင်ခြင်ဆောင်ရွက်လိုက်လေသည်။

ထို့နောက် ဦးဖေမောင်တင်က စာပေတစ်ခေတ်မှာ ဆန်းသစ်မှုတစ်ခုကို တီထွင်ဖော်ထုတ်လိုက်လေသည်။

သူသည် စာပေတစ်ခေတ်ကို ဆန်းသစ်စေလိုသော စေတနာဆန္ဒဖြင့် ''ခေတ်စမ်းပုံပြင်များ'' အတွဲ ၁ နှင့် ''ခေတ်စမ်းကဗျာများ'' အတွဲ ၁ တို့ကို စမ်းသပ်ထုတ်ဝေလိုက်သည်။

မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းမှ တစ်အုပ်တန်ဖိုး ၈-ပဲ ဖြင့် ထုတ်ဝေဖြန့်ချိသော အဆိုပါ ''ခေတ်စမ်းပုံပြင်များ''နှင့် ''ခေတ်စမ်းကဗျာများ'' စာအုပ်တို့တွင် ဦးဖေမောင်တင်က ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပေနယ်မှ သူ့တပည့်ရင်းများကို စုစည်းပွဲထုတ်ပေးလိုက်လေသည်။

သူတို့ကား...

၁။ မောင်ဇေယျ

၂။ မောင်သိန်းဟန်

၃။ မောင်ညွှန့်

၄။ မောင်ဝန်

၅။ မောင်တိုးအောင်

၆။ မခင်စောမူ

၇။ မောင်ဘသောင်း*

၈။ စောမောင်မောင်

တို့ ဖြစ်ကြလေသည်။

ဂန္ထလောကမဂ္ဂဇင်းနှင့် တက္ကသိုလ်မဂ္ဂဇင်းများ၌ ထိုတပည့် ၈ ဦးတို့ ပါဝင်ရေးသားခဲ့သော ကဗျာများကို စုစည်း၍ ''ခေတ်စမ်းကဗျာများ''ဟု ဦးဖေမောင်တင်က စင်တင်ပေးလိုက်လေသည်။

ထိုကဲ့သို့ သူ့တပည့်များကို ခေတ်စမ်းစင်မြင့်သို့ ဦးဖေမောင်တင်ပို့ပေးခြင်း၏ ရည်ရွယ်ချက်မှာ၊ ရှေးဟောင်းအရေးအသား အဖွဲ့အနွဲ့တင်စားချက်တို့မှ ခေတ်အခါနှင့်အညီဆန်းသစ်သော အတွေးအခေါ် အရေးအသားများဆီသို့ တီထွင်လျှောက်လှမ်းစေရန် အစပျိုးလမ်းခင်းပေးလိုက်ခြင်း ဖြစ်လေသည်။

အခေါင်အဖျား၊ အကြီးအမားကြီးတွေကို စိတ်ကူးထွေပြားရမည့်အစား သူတို့ပတ်ဝန်းကျင်မှ သူတို့နှင့်အမြဲတမ်း ထိတွေ့ပတ်သက်နေရသော လက်ရှိအကြောင်းအရာ အသေးအမွှားကလေးများအား တင်စားရေးဖွဲ့ထားသော သူ့တပည့်များ၏ ကဗျာများနှင့်ပတ်သက်၍ ဦးဖေမောင်တင်က...

---

မှတ်ချက်။ * သခင်ဘသောင်း မဟုတ်ပါ။ မောင်သုတ အမည်ခံ ဗိုလ်မှူးဘသောင်း

– မြင့်မိုရ်တောင်ကြီးမရှိလျှင် စကြဝဠာကြီးပြည့်စုံနိုင်မည်မဟုတ်သကဲ့သို့ မြေဇာမြက်မရှိလျှင်လည်း စကြဝဠာကြီး ပြည့်စုံနိုင်မည်မဟုတ်။

ဟု နိဒါန်း၌ ရေးသားတင်စားပြလိုက်သည်။

ထို့အပြင် သူက

– ကဗျာမည်သည်လည်း လူတို့၏စိတ်ကို ပျော်ရွှင်စေရုံ၊ ယဉ်ကျေးစေရုံသာ စွမ်းဆောင်နိုင်သည်မဟုတ်၊ ခေတ်၏အကြောင်းကိုလည်း ရာဇဝင်ကဲ့သို့ဖော်ပြရန် စွမ်းဆောင်နိုင်၏။ ရှင်မဟာသီလဝံသ အစရှိသော ခေတ်ပြိုင်ကဝိကြီးများဖွဲ့ဆိုခဲ့သည့် ပျို့ကဗျာများကို လေ့လာသောအခါ၊ အင်းဝကောင်းစားသောခေတ်၌ တိုင်းပြည်နိုင်ငံ၏အခြေအနေ၊ ရှင်လူတို့၏အတွေ့ပွတ္တိ စသောအကြောင်းအရာများကိုသိရသကဲ့သို့ ဤခေတ် စမ်းကဗျာများ၌လည်း မျက်မှောက်ခေတ်၏ အခြေအနေတို့သည် ရေးသူတို့၏စိတ်ဓာတ်တွင် မည်သို့ ထင်ပေါ်ကြသည်ကို သိရှိရ၏။

ဟု ဆက်လက်ရေးသားတင်ပြကာ နောက်ဆုံးအနေနှင့်ကား...

– ဤစာအုပ်တွင် ပါဝင်ရေးသားကြသော တပည့်လူငယ်တို့သည် ပညာရှာဆဲမျှသာ ဖြစ်ရကား၊ မြေစမ်း၌ ခရမ်းပျိုးနေရသည်ဖြစ်သောကြောင့် မပြေပြစ်၊ မကျစ်လျစ်၊ မသိပ်သည်း၊ မပြည့်စုံသောအဖွဲ့မျိုးကို ဖွဲ့မိပါမူ အပြစ်လွှတ်ရန်သာ ဖြစ်တော့သည်။ ကဗျာမည်သည် နှေချင်းညချင်းကြီးပြင်းနိုင်သော အရာမဟုတ်၊ ဤခေတ်စမ်းကဗျာများကိုအခြေပြု၍ နောင်လာနောင်သား ကဗျာဖွဲ့ဆိုကြသောသူတို့သည် တိုးတက်ကြံ စည်ဖွဲ့ဆိုကြပါမူ တစ်ခေတ်ထက်တစ်ခေတ် ကောင်းမွန်ပြည့်စုံသွားရန်အကြောင်း ရှိပါကြောင်း။

ဖေမောင်တင်

ဟု နိဂုံးချုပ်ထားလိုက်လေသည်။

ထို့အပြင် ဦးဖေမောင်တင်သည် ရန်ကုန်တက္ကသိုလ်ကြီးကို တိုင်းသူပြည်သားလူအများသိရှိကာ စိတ်ဝင်စား လာစေရန် တက္ကသိုလ်အကြောင်း ဆောင်းပါးတစ်စောင်ကို အချိန်ယူရေးလိုက်သည်။

ပြီးလျှင် သူက မြန်မာ့အလင်းသတင်းစာသို့ ပို့လိုက်သည်။

သူပို့လိုက်သော ဆောင်းပါးကို မြန်မာ့အလင်းသတင်းစာက ၁၉၃၂ ခု၊ ဧပြီလ၊ နှစ်သစ်မင်္ဂလာအထူးထုတ်တွင် စာမျက်နှာ ၄၇ မှ ၅၂ အထိ နေရာပေး၍ အပြည့်အစုံ ဖော်ပြပေးလိုက်လေသည်။

## တက္ကသိုလ်ကျောင်းကြီးအတွေ့ပွတ္တိ

ရေးသားသူ

တိုင်းရင်းဘာသာပါမောက္ခဦးဖေမောင်တင်

### (၁) တက္ကသိုလ်စတည်ပုံ

မြန်မာပြည်၌ ရန်ကုန်မြို့တက္ကသိုလ်တည်ဆောက်ရန်အကြောင်းကို ၁၈၉၂ ခုနှစ်ကပင် စတင်စဉ်းစား ကြလေသည်။ ကလကတ္တားတက္ကသိုလ် လက်အောက်မှလွတ်မြောက်၍ မြန်မာပြည်၌ သီးခြားတက္ကသိုလ်သစ် တည်ဆောက်ရန် မြန်မာလူကြီးလူကောင်းများ၊ ယခုတိမ်ကောသွားသော ပညာရေးအဖွဲ့ (Syndicate) နှင့် သတင်းစာဆရာကြီးများက ဝန်းဝိုင်းကာလိုလားနှစ်သက်ကြပါသည်ဟု ညီညာဖျဖျထောက်ခံကြလေသည်။ ၁၉၁၀ ပြည့်နှစ်တွင် မြန်မာပြည်တွင် သီးခြားတက္ကသိုလ်တည်ဆောက်မည်ဟု အိန္ဒိယအစိုးရကမှတ်တမ်းတင် လိုက်လေ သည်။ ၁၉၁၃ ခုနှစ်ကျရောက်သောအခါ ရန်ကုန်မြို့၌တက္ကသိုလ်တည်ဆောက်ရန်နှင့်ပတ်သက်၍ ဥပဒေကြမ်းများကို လည်း မြန်မာပြည်အစိုးရက အိန္ဒိယအစိုးရထံသို့ ၁၉၁၃ ခုနှစ်နှင့် ၁၉၁၆ ခုနှစ်တွင် တင်ပို့လေသည်။ သို့သော် ထိုအခိုက်တွင် ကမ္ဘာစစ်ကြီးတည်းဟူသော ကြီးကျယ်ဆိုးကြီးစီးနင်းနေသဖြင့် ထိုအကြံအစည်ကို ခွေတ္တရွှေ့ဆိုင်းထားရန် အိန္ဒိယအစိုးရက လိုလားလေသည်။ သို့သော်လည်း ထိုအခါတွင် မြန်မာပြည်ဘုရင်ခံ ဆာဟာကွတ်ဘတ္တလာသည် တိုင်းသူပြည်သားတို့အလိုနှင့်လျော်စွာ တက္ကသိုလ်ကို အလျင်အမြန်တည်ထောင်ရန် ဆုံးဖြတ်ချက်ချသည့်အတိုင်း ထိုဘုရင်ခံ လက်ထက်တွင်ပင် တက္ကသိုလ်အုပ်ချုပ်ရေးဥပဒေကြမ်းများကိုလည်း ရေးသားရလေသည်။ ထို့နောက် ဆာရယ်ဂျီနယ်ကရက်ဒေါ့ ဘုရင်ခံဖြစ်သောအခါ ရှေးယခင်ဘုရင်ခံ၏ ကြံစည်ရိုးရင်းခဲ့သည့်ကိစ္စကိုပင် ပြီးမြောက်



MKS PUBLISHING

ရန် အားထုတ်ဆောင်ရွက်လေသည်။ သို့ဖြစ်၍ ၁၉၁၈ ခုနှစ်တွင် ဆာမတ်ဟန့်တားကို ပညာဝန်မင်းကြီးခန့်ထား၍ ထိုကြံစည်ရင်းကိစ္စကိုပြီးမြောက်အောင် ဆောင်ရွက်ရန် တာဝန်ယူစေလေသည်။ သီးခြားအမှုဆောင်အဖွဲ့က ထိုအမှုကိုဆောင်ရွက်ရ၍ ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် မြန်မာပြည်ဥပဒေအဖွဲ့က ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အတည်ပြုလိုက်လေသည်။

ဤကဲ့သို့ တည်ဆောက်ပြီးမြောက်သော ရန်ကုန်တက္ကသိုလ်မှာ ရှေးဦးပထမတွင်တက္ကသိုလ်ကျောင်းတိုက်နှင့် ယုဒသန်ကျောင်းတိုက်များသာ ပါဝင်ကြလေသည်။ ရန်ကုန်တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ ကျောင်းတွင်း၌သာ အတူတကွ နေထိုင်စားသောက်ကာ သင်ယူမှတ်သားရန်ဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင်ဖွင့်လှစ်သော မန္တလေး ဥပစာကျောင်းတိုက်မှာမူကား၊ မန္တလေးအဝေးရပ်မှာရှိသည်ဖြစ်သောကြောင့် ၎င်းအက်ဥပဒေနှင့် လုံးလုံးလျော်လှသည် ဟူ၍ကား မဆိုသာချေ။

ဤသို့ဖြစ်ရသည့်အကြောင်းကား မန္တလေးဥပစာကျောင်းတိုက်ဖွင့်သောအခါ အစစကိစ္စလုပ်ငန်းများကို ရန်ကုန်တက္ကသိုလ်က လုံးဝဥဿုံ စီမံခွင့်မရသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင်လည်း ၎င်းကျောင်းတိုက်က တက္ကသိုလ်၏ စည်းကမ်းဥပဒေများကို လိုက်နာပါမည်ဟု တာဝန်ခံသောကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်က မိမိလက်အောက်ခံအဖြစ်နှင့် သဘောတူလိုက်လေသည်။

ရန်ကုန်တက္ကသိုလ်၏ မှတ်သားရန်ကောင်းသောအချက်များကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကျောင်းတိုက်များ၌ရှိကြသော ဆရာတို့သည် တက္ကသိုလ်၏စီမံအုပ်ချုပ်ခြင်းကို နာခံရလေသည်။ ဤကဲ့သို့အုပ်ချုပ်မှု၌ တက္ကသိုလ်နှင့်တက္ကသိုလ်အဖွဲ့ဝင်ကျောင်းတိုက်များတို့သည် အစဉ်သဖြင့် ဆက်ဆံလျက်ရှိကြသည်။ တက္ကသိုလ်အဖွဲ့ဝင်ကျောင်းတိုက်တိုင်းက ကိုယ်စားလှယ်ကြီးများသည် တက္ကသိုလ်အမှုဆောင်များ၌ လုံလောက်စွာ ပါဝင်လျက်ရှိလေသည်။

၂။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့များ။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ကား လူကြီးမင်း ၇၀ ပါဝင်သော အဖွဲ့ချုပ်ဖြစ်လေသည်။ ထိုအဖွဲ့ချုပ်ကိုကူညီရန်မှာ လူကြီးမင်း ၁၀ ယောက်ပါဝင်သော အမှုဆောင်အဖွဲ့ဖြစ်လေသည်။ တက္ကသိုလ်ပညာနှင့်ဆိုင်သော ပါမောက္ခအဖွဲ့နှင့် အဖွဲ့ချုပ်ကြီးက ဆရာများ၏လခများ၊ တက္ကသိုလ်နှင့် တက္ကသိုလ်ကျောင်းတိုက်တွင် ကုန်ကျသည့်စရိတ်များကို စီမံခန့်ခွဲလေသည်။ ပါမောက္ခအဖွဲ့တွင် ဒုတိယအဓိပတိ၊ ပညာမင်းကြီး၊ အဖွဲ့ဝင်ကျောင်းတိုက်များ၏ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခဆရာကြီးများ၊ အဖွဲ့ချုပ်ကြီးမှလူကြီးသုံးယောက်နှင့် အဖွဲ့ဝင်ကျောင်းတိုက်များမှ ဆရာ ၁၀ ယောက်အထိ ပါဝင်နိုင်လေသည်။ ပါမောက္ခအဖွဲ့၏ လုပ်ရေးဆောင်တာကိုကူညီရန် ပင်တိုင်အဖွဲ့တစ်ခု ရှိလေသည်။ အဖွဲ့ဝင်ကျောင်းတိုက်များကိုကား မိမိတို့အုပ်ချုပ်ရေးအဖွဲ့များက အုပ်ချုပ်ကြလေသည်။ ကျောင်းအုပ်ကြီးများမှာလည်း ကျောင်းတိုက်များအုပ်ချုပ်ရေး၌ကူညီရန် တိုင်ပင်ခံ ဆရာအဖွဲ့များလည်း ရှိသေးသည်။

၃။ ကျောင်းသားများ တက္ကသိုလ်သို့ဝင်ရန် စည်းကမ်းနည်းလမ်းများ။

အောက်ပါ ကန့်သတ်ချက်အတိုင်း ၁၀ တန်းကို ဖြစ်စေ၊ ၁၀ တန်းနှင့် အလားတူစာမေးပွဲကိုဖြစ်စေ၊ လုံလောက်စွာ တတ်မြောက်အောင်မြင်သူ ကျောင်းသားတို့ကိုသာ တက္ကသိုလ်သို့ ဝင်ရောက်ခွင့်ပြုသည်။

(၁) အင်္ဂလိပ်ဘာသာ။

(၂) မြန်မာဘာသာ (သို့) ပင်တိုင်အဖွဲ့က ခွင့်ပြုသော ဘာသာတစ်ရပ်ရပ်။

(၃) မူလ သင်္ချာပညာ။

(၄) ပါမောက္ခအဖွဲ့က အတည်ပြုသော အောက်ပါပညာရပ်များအနက် ကြိုက်နှစ်သက်ရာ ပညာရပ်နှစ်ခု။

(က) အင်္ဂလိပ်–မြန်မာနှစ်ဘာသာသင် အထက်တန်းကျောင်း စာမေးပွဲ၌ (အပိုအင်္ဂလိပ်ဘာသာ) (ဘာသာလက်ပေါင်းတစ်ခုခု) (ပထဝီဝင်) (ရာဇဝင်) (သင်္ချာပညာ) (ရူပဗေဒ) (ဓာတုဗေဒ)။

(ခ) အင်္ဂလိပ်အထက်တန်းစာမေးပွဲ (အပိုအင်္ဂလိပ်ဘာသာ) (အပိုသင်္ချာပညာ) (ရာဇဝင်) (ပထဝီဝင်) (သိပ္ပံ)နှင့် ဒုတိယဘာသာ၊ ယမန်နှစ်ကစ၍ (အထွေထွေသိပ္ပံ) ဖြစ်စေ၊ (ရုက္ခဗေဒ)နှင့် (တိရစ္ဆာနဗေဒ) များသည် တက္ကသိုလ်ဝင်ရန် ပညာရပ်များ၌ ပါဝင်လေသည်။

၄။ ဘွဲ့များ၊ အောင်လက်မှတ်များနှင့် ဘွဲ့တံဆိပ်အောင်လက်မှတ်များ။

အောက်ပါဘွဲ့နှင့် တံဆိပ်လက်မှတ်များကိုရနိုင်ဖို့ရန်အတွက် တက္ကသိုလ်တွင် သင်ကြားပြသလျက်ရှိသည်။

(၁) ဝိဇ္ဇာဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး၊ မဟာဝိဇ္ဇာဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး။

(၂) သိပ္ပံဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး၊ မဟာသိပ္ပံဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး။

(၃) ကမ္ဘတ္တဗေဒနှင့်ဆိုင်သော သိပ္ပံဘွဲ့။

(၄) သစ်တောနှင့်ဆိုင်သော သိပ္ပံဘွဲ့။

(၅) ဥပဒေဘွဲ့။

(၆) ဆေးဘွဲ့။

(၇) သစ်တောပညာတံဆိပ်လက်မှတ်။

(၈) ကမ္ဘတ္တဗေဒတံဆိပ်လက်မှတ်။

(၉) ဆရာဖြစ်တံဆိပ်လက်မှတ်။

(၁၀) ဆေးဆရာပညာတံဆိပ်လက်မှတ်။

၅။ အဖွဲ့ဝင်ကျောင်းတိုက်များ၌ သင်ကြားသော ပညာရပ်များ။

(က) တက္ကသိုလ်ကျောင်းတိုက် ဥပစာတန်း၌ သင်ကြားသော ပညာရပ်များကား အောက်ပါအတိုင်း ဖြစ်သည်။

(၁) အင်္ဂလိပ်ဘာသာ၊ (၂) အပိုအင်္ဂလိပ်ဘာသာ၊ (၃) ရိုးရိုးမြန်မာဘာသာ၊ (၄) ပါဠိ၊ (၅) သင်္ချာပညာ (၆) ရာဇဝင်ပညာ၊ (၇) ဓာတုဗေဒ၊ (၈) ရူပဗေဒ၊ (၉) သတ္တဗေဒ၊ (၁၀) စီးပွားရေးပညာ၊ (၁၁) ပထဝီဝင်၊ (၁၂) ဘူမိဗေဒ၊ (၁၃) တန်းပြည့် မြန်မာဘာသာ။

အင်္ဂလိပ်နှင့် ရိုးရိုးမြန်မာဘာသာ သို့မဟုတ် အပိုအင်္ဂလိပ်ဘာသာရပ်များကို လူတိုင်းသင်ကြရသည်။ ထို့ပြင်လည်း အထက်တွင်ဖော်ပြထားသော ဘာသာရပ်များမှကြိုက်ရာ ဘာသာ ၃ ခုကို သင်ကြားကြရသည်။

ဆေးပညာဘွဲ့အတွက် သင်ကြားကြသော ကျောင်းသားများသည် သတ္တဗေဒ၊ ရူပဗေဒနှင့် ဓာတုဗေဒတို့ကို တွဲ၍ သင်ကြားရသည်။

သစ်တောဆိုင်ရာပညာဖြစ်စေ၊ ကမ္ဘတ္တဗေဒ ပညာရပ်များကိုဖြစ်စေ၊ သင်ကြားရသော ကျောင်းသားများသည် သင်္ချာပညာ၊ ရူပဗေဒ၊ ဓာတုဗေဒတည်းဟူသော ပညာရပ်သုံးခုကို တွဲဖက်ကာ သင်ယူကြရသည်။

ဝိဇ္ဇာဘွဲ့ရိုးရိုးအတွက် သင်လိုသူကျောင်းသားများမှာ အောက်စာရင်းပါဘာသာများမှ ကြိုက်ရာဘာသာသုံးခုကို သင်ကြားရသည်။

(၁) အင်္ဂလိပ်ဘာသာ။ (၂) ယခုခေတ်ရာဇဝင်။ (၃) သင်္ချာပညာ။ (၄) ပါဠိ။ (၅) စီးပွားရေးပညာ။ (၆) အရှေ့တိုင်းနိုင်ငံရာဇဝင်။ (၇) အိန္ဒိယရာဇဝင်။ (၈) မြန်မာစာပေ။ (၉) တိုင်းရေးပြည်ရေးပညာ။

သိပ္ပံဘွဲ့ရိုးရိုးအတွက်သင်လိုသူ ကျောင်းသားများကား အောက်ပါဘာသာရပ်များမှ ကြိုက်ရာသုံးဘာသာကို သင်ကြားကြရမည်။ တစ်စုတစ်စုမှလည်း ဘာသာတစ်ခုထက်ပို၍ ရွေးချယ်ခွင့်မပြုချေ။

(က) ဓာတုဗေဒ။

(ခ) ရူပဗေဒ။

(ဂ) ရိုးရိုးသင်္ချာ။ တိရစ္ဆာနဗေဒ။

(ဃ) အထူးသင်္ချာ။ ရုက္ခဗေဒ။ ဘူမိဗေဒ။

ငင်းအပြင် အင်္ဂလိပ်စာစီစာကုံးကိုလည်း ကျောင်းသားတိုင်း သင်ယူလေ့ကျင့်ရသည်။

ဝိဇ္ဇာဂုဏ်ထူးအတွက် သင်ကြားလိုသူ ကျောင်းသားတို့မှာ (၁) အင်္ဂလိပ်စာပေ။ (၂) သင်္ချာပညာ။ (၃) ပါဠိ။ (၄) ရာဇဝင်။ (၅) သဘာဝတ္တပညာ။ (၆) စီးပွားရေးပညာ။ (၇) မြန်မာစာပေ အသီးသီးတို့တွင် ကြိုက်ရာတစ်ခုခုကို သင်ယူနိုင်သည်။ ပထမနှစ်၌ ဂုဏ်ထူးတန်းကျောင်းသားများသည် ဝိဇ္ဇာဂုဏ်ထူးကိုရရန် ဥပစာအတန်းကို


MKS PUBLISHING

အောင်မြင်ပြီး နောက် ၃ နှစ်အကုန်တွင်သော်လည်းကောင်း ၄ နှစ်အကုန်တွင်သော်လည်းကောင်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။

သိပ္ပံဂုဏ်ထူးအတွက်ကိုလည်း ဝိဇ္ဇာဂုဏ်ထူးကဲ့သို့ပင် ၃ နှစ် သော်လည်းကောင်း၊ ၄ နှစ် သော်လည်းကောင်း သင်ယူရသည်။ အောက်ပါစာရင်းတွင်ပါရှိသော ဘာသာရပ်တစ်ခုခုကို ဂုဏ်ထူးရဖို့ရန်အတွက် သင်ယူနိုင်လေသည်။

(၁) သင်္ချာပညာ။ (၂) ရူပဗေဒ။ (၃) ဓာတုဗေဒ။ (၄) တိရစ္ဆာနဗေဒ။ (၅) ရုက္ခဗေဒ။

ဝိဇ္ဇာဂုဏ်ထူးကိုဖြစ်စေ၊ သိပ္ပံဂုဏ်ထူးကိုဖြစ်စေ၊ တစ်ကြိမ်ထက် ပိုမို၍မဝင်ရချေ။ ဥပဒေဘွဲ့အတွက် သင်ကြားလိုသူ ကျောင်းသားများမှာ ဝိဇ္ဇာသို့မဟုတ်သိပ္ပံဘွဲ့ကိုရပြီးသူများ ဖြစ်ရမည်။ ဥပဒေတန်းကို အချိန်တစ်ဝက်သာ တက်ကာသင်ယူလျှင် ၃ နှစ်ကြာမှ အပြီးသို့ရောက်သည်။ အချိန်စေ့အောင် သင်ယူလျှင် ၂ နှစ်ကြာမှ အပြီးအဆုံးသို့ ရောက်သည်။

သစ်တောဆိုင်ရာ သိပ္ပံဘွဲ့အတွက်ကား ကျောင်းသားများမှာ ဥပစာတန်းအောင်မြင်ပြီးနောက် ၃ နှစ် ဆက်လက် သင်ကြားမှသာ ဘွဲ့ရလေသည်။

ကမ္မဗေဒဆိုင်ရာသိပ္ပံဘွဲ့အတွက် ဝင်ရောက်သင်ကြားလိုသူ ကျောင်းသားများမှာ ဥပစာ စာမေးပွဲတွင် ဓာတုဗေဒ၊ ရူပဗေဒပညာရပ်များကို အောင်မြင်ပြီးသူများ ဖြစ်ရမည်။

## (ခ) ယုဒသန်ကျောင်း

ယုဒသန်ကျောင်းတိုက်၌လည်း တက္ကသိုလ်ကျောင်းတိုက်မှာကဲ့သို့ပင် ဘာသာရပ်များကို ပြဋ္ဌာန်းထားလျက်ရှိသည်။ ဝိဇ္ဇာဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး၊ သိပ္ပံဘွဲ့ရိုးရိုးနှင့် ဂုဏ်ထူး၊ မဟာဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရိုးရိုးများကို ရရှိဖို့ရန်အတွက် သင်ကြားပေးလျက်ရှိ၏။ မှတ်ရန်အချက်မှာ ဥပစာတန်းအတွက် တက္ကသိုလ်ကျောင်းတိုက်၌ သင်ကြားသော ပထဝီဝင်နှင့် ဘူမိဗေဒအစား ယုဒသန်ကျောင်းတိုက်တွင် တက္ကဗေဒကို သင်ကြားနိုင်သည်။ ဝိဇ္ဇာတန်းအတွက်လည်း ယုဒသန်ကျောင်းတိုက်၌ သဘာဝတ္တပညာကို သင်ကြားနိုင်သည်။

## (ဂ) မန္တလေးဥပစာကျောင်းတိုက်

(၁) အင်္ဂလိပ်ဘာသာ၊ (၂) မြန်မာဘာသာရိုးရိုး၊ (၃) ပါဠိ၊ (၄) သင်္ချာ၊ (၅) တက္ကဗေဒ၊ (၆) ရာဇဝင်၊ (၇) ရူပဗေဒ၊ (၈) ဓာတုဗေဒများ ဖြစ်သည်။

အင်္ဂလိပ်နှင့် မြန်မာဘာသာရိုးရိုးကို လူတိုင်းသင်ကြားရသည့်အပြင် အထက်စာရင်းပါ ကြိုက်ရာဘာသာသုံးခုကို ရွေးချယ်သင်ယူနိုင်သည်။

အများဆိုင်ရာ ပိဋကတ်တိုက်တစ်ခုနှင့် သိပ္ပံပညာရပ်များဆိုင်ရာ သီးခြားပိဋကတ်တိုက်များလည်း ရှိသည်။

၎င်းကျောင်းကို ၁၉၂၇ ခုနှစ်တွင် တက္ကသိုလ်ကျောင်းပါဝင်သည့် ဆေးဌာနအဖြစ် တည်ထောင်ခဲ့လေရာ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အဖွဲ့ဝင် ကျောင်းတိုက်တစ်ခု ဖြစ်လေသည်။ ၎င်းကျောင်းတိုက်မှာ မင်းကြီးလမ်းနှင့် လမ်းမတော်ထောင့်တွင် ခမ်းနားစွာ ဆောက်လုပ်ထားလေသည်။ ဆေးပညာဘွဲ့ကိုရရန် အောက်ပါ ပညာရပ်များကို အောင်မြင်ရမည်။

(၁) ရူပဗေဒ၊ ဓာတုဗေဒနှင့် သတ္တဗေဒတို့ကို နှစ်နှစ်တိုင်တိုင် ဥပစာသိပ္ပံအတန်း၌ သင်ကြားရခြင်း။

(၂) ဆေးရုံနှင့်စပ်ဆိုင်သော ပညာကိုမသိမီ၊ အင်္ဂါအစိတ်အပိုင်းနှင့်စပ်ဆိုင်သော ဓာတုဗေဒ၊ ဇီဝိတသဘာဝပညာ၊ ကာယသမ္ဘာရပညာတည်းဟူသော သိပ္ပံပညာများကို နှစ်နှစ်သင်ကြားရခြင်း။

(၃) ဆေးရုံနှင့်စပ်ဆိုင်သော ပညာရပ်ကို အောက်ပါအတိုင်း ၃ နှစ် သင်ကြားရခြင်း။

(က) ပထမနှစ်တွင် ဆေးပညာအကြောင်းအရာ၊ ပရိဗ္ဗောအတတ်၊ အထွေထွေ ရောဂဗေဒ။

(ခ) ဒုတိယနှစ်တွင် အထွေထွေနှင့် အထူး သီးခြားထားသည့် ရောဂဗေဒဆေးဆိုင်ရာ တရားဥပဒေ၊ လူအများ ကျန်းမာရေးအကြောင်းအရာတို့ကို သင်ကြားရခြင်း။

(ဂ) ဒုတိယနှစ်နှင့်တတိယနှစ်တွင် ဆေးပညာ၊ သတ္တကမ္မဆေးပညာ၊ ဝမ်းဆွဲအတတ်များကိုသင်ကြားရ၏။

(၁) (၂)နှင့် (က) (ခ) (ဂ)တို့တွင် ဖော်ပြထားသော ပညာရပ်အသီးသီးတို့ကို သင်ကြားပြီးမြောက်တိုင်း တစ်ကြိမ်စီ စာမေးပွဲကိုဝင်ရောက်ဖြေဆိုနိုင်သည်။

ဥပစာသိပ္ပံအတန်းများကို အောင်မြင်သူကျောင်းသားများသာလျှင် ဆေးကျောင်းတိုက်သို့ ဝင်ရောက်နိုင်ခွင့်ရှိသည်။ ကျောင်းအိပ် ကျောင်းစားအဖြစ်ဖြင့်သော်လည်းကောင်း၊ အိမ်ပြန်အိမ်စားအဖြစ်ဖြင့်သော်လည်းကောင်း သင်ယူနိုင်သည်။ ကျောင်းအိပ်ကျောင်းစားဖြစ်မူ၊ ယုဒသန်ကျောင်းတိုက်ရှိကျောင်းဆောင်တွင်ဖြစ်စေ၊ တက္ကသိုလ်ကျောင်းတိုက်ရှိ ကျောင်းဆောင်များ၌ဖြစ်စေ နေထိုင်နိုင်သည်။ ဆေးကျောင်းသူများကား တက္ကသိုလ်ကျောင်းတွင်းရှိ မိန်းမကလေးကျောင်းဆောင်တွင် နေနိုင်သည်။

ဆေးကျောင်းတိုက်သည် အစစအရာရာ၌ ခေတ်မီသော သင်ကြားရေးကိရိယာတို့ဖြင့်ပြည့်စုံလျက် ရန်ကုန်ဆေးရုံကြီးနှင့် အခြားဆေးရုံများကလည်း ဆေးကျောင်းသားများအတွက် အခွင့်အရေးပေးလေသည်။ ဆေးပညာနှင့်ပတ်သက်၍ တိုင်ပင်နှီးနှောနိုင်ရန် ဆေးပညာသင်တစ်ခုလည်း ရှိသည်ဖြစ်ရာ၊ သင်ကြားဆဲကျောင်းသားများနှင့် ဘွဲ့ရပြီးသူတို့ ဆွေးနွေးနိုင်ခွင့်ကို ဖြစ်စေတော့သည်။

၁၉၃၂ ခုနှစ်အတွက် ဆေးပညာသင်ကြားသော ကျောင်းသားများ၏စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

| လူမျိုး | ယောကျ်ား | မိန်းမ | အပေါင်း |
|---|---|---|---|
| မြန်မာ | ၁၁ | ၂ | ၁၃ |
| အိန္ဒိယ | ၃၇ | ၁ | ၃၈ |
| အင်္ဂလိပ်ကပြား | ၄ | ၁၀ | ၁၄ |
| တရုတ် | ၇ | ၀ | ၇ |
| အသီးသီးပေါင်း | ၅၉ | ၁၃ | ၇၂ |
| | | | အပေါင်းကြီး |

## (ဃ) ဆရာဖြစ်သင် ကျောင်းတိုက်

ဤဆရာဖြစ်သင်ကျောင်းတိုက်တွင် ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များမှ ဝိဇ္ဇာဘွဲ့ရကျောင်းသားများနှင့် အထက်တန်းစာမေးပွဲ အောင်မြင်ပြီး၍ တက္ကသိုလ်သို့ဝင်ခွင့်ရသော သူတို့ကို လက်ခံသည်။ သင်ကြားရန် ပညာရပ်များမှာ ၂ နှစ်ကြာရှည်၍ ဝိဇ္ဇာဘွဲ့ခံမဟုတ်သော ကျောင်းသားတို့မှာ တက္ကသိုလ်နည်းခံဆရာဖြစ်လက်မှတ်စာမေးပွဲကို ဝင်ရ၍ ဝိဇ္ဇာဘွဲ့ခံကျောင်းသားတို့မှာ ပညာဝိဇ္ဇာစာမေးပွဲကို ဝင်ကြရမည်။

ဤကျောင်းတိုက်တွင် သင်ကြားပြသလျက်ရှိသော ဆရာများ၏နေအိမ်များအပြင် ကျောင်းအဆောက်အအုံများ ၇ ဆောင်ရှိ၏။ အတန်းများကို ပြည်လမ်းနှင့်မျက်နှာချင်းဆိုင်တိုက်မကြီး၌ သင်ကြားပြသလျက်ရှိ၏။ ၎င်းတိုက်မကြီးမြောက်ဘက်နှင့် တောင်ဘက်အစွန်းမှ အရှေ့စူးစူးသို့ချိုးလျက်ရှိသော အဆောက်အအုံများမှာ ပထမတန်းမှ ဒသမတန်းအထိ သင်ကြားပြသသော အထက်တန်းကျောင်းကြီး ၂ ကျောင်း ဖြစ်သည်။ မြောက်ဘက်ရှိကျောင်းမှာ ယောကျ်ားကလေးကျောင်းဖြစ်၍ တောင်ဘက်ရှိကျောင်းမှာ မိန်းကလေးကျောင်းဖြစ်သည်။ ယောကျ်ားကလေးကျောင်းမြောက်ဘက်မှာ ၎င်းတို့အိပ်စားနေထိုင်ရန် ကျောင်းဆောင်များ အသီးသီးရှိသည်။ ကျောင်းတိုက်၏အရှေ့ဘက်စူးစူး၌ ဆရာဖြစ်သင်မိန်းကလေးများ နေထိုင်ရန်ဖြစ်သော ကျောင်းဆောင်ရှိ၍ ၎င်း၏အရှေ့မြောက်တွင် ဆရာဖြစ်သင် ယောကျ်ားများနေထိုင်ရန် ကျောင်းဆောင်တည်ရှိသည်။

၁၉၃၂ ခုနှစ်၊ မေလတွင် ၎င်းကျောင်း ၂ ကျောင်း၌ ဆယ်တန်းမှတစ်ပါး သူငယ်တန်း မှ ၉ တန်းအထိ လက်ခံပါလိမ့်မည်။ ဆယ်တန်းမှာမူ ၁၉၃၃ ခုနှစ်တွင် ဖွင့်မည်ဖြစ်သောကြောင့် ၁၉၃၂ ခုနှစ်၊ မေလ၌ ကျောင်းဝင်သော ကျောင်းသား၊ ကျောင်းသမီးတို့သည် ကျောင်းများမှာပင်လျှင် အထက်တန်းပညာများကို အပြီးအဆုံးသို့တိုင်ရောက်အောင် သင်ကြားနိုင်မည်။ သူငယ်တန်းအားလုံးတို့ကို အင်္ဂလန်ပြည်ရှိ (မွန်တက်ဆိုရီ) ခေါ် ဆရာမလက်အောက်၌ အထူးသင်ကြားနည်းခံတတ်မြောက်သူ ဆရာမတစ်ဦးက သင်ကြားပြသပါလိမ့်မည်။

ကျောင်းများရှိ ဘာသာအရပ်ရပ် သင်ကြားရေးများကို ကျောင်းဆရာကြီးများတို့က မိမိတို့ဆိုင်ရာ ဘာသာအသီးသီးတို့ကို ကြီးကြပ်ကြည့်ရှု၍ သင်ကြားပြသလျက်ရှိသည်။ ပညာအရည်အချင်းနှင့် ပြည့်စုံသောသူများကိုသာလျှင်

ရွေးချယ်၍ အတန်းဆရာအဖြစ်ဖြင့် ခန့်ထားပါသည်။ ကျောင်းအုပ်ကြီးနှင့် ဆရာများတို့သည်လည်း ကျောင်းများ၌ ဝင်ရောက် ပြသလျက်ရှိသည်။

အင်းစိန်နှင့် ရန်ကုန်မြို့ရှိနေအိမ်များမှ ကျောင်းတက်သောတပည့်များကို အခမဲ့ခေါ်ပို့နိုင်ရန် ကျောင်းအုပ်ချုပ်သော လူကြီးမင်းအဖွဲ့က စီမံနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

မြန်မာပြည်တစ်ဝန်းလုံးမှ ကျောင်းသားတို့ကို၊ ကျောင်းအိပ်ကျောင်းစားအဖြစ်ဖြင့် လက်ခံ၏။ ၎င်းတို့ ပညာသင်ကြားရေး ကျန်းမာရေး၊ ပျော်ရွှင်ရေးနှင့် အကျင့်အမူများကို အထူးဂရုပြု၍ စောင့်ရှောက်မည့်ပြင်၊ သူငယ်တန်းအရွယ်ကလေးများကိုပင် ကျောင်းအိပ် ကျောင်းစားအဖြစ်ဖြင့် လက်ခံလိမ့်မည်။

၁၉၃၂ ခု၊ မေလ ကျောင်းဖွင့်လျှင် ဝင်လိုသော ကျောင်းသားများကို ကျောင်းအုပ်ကြီးက ယခု စာရင်းလက်ခံလျက်ရှိသည်။ ကျောင်းများကို ၁၉၃၂ ခု၊ မေလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

## ၆။ တက္ကသိုလ်၌ ပညာသင်ကြားခြင်း၏ အကျိုးကျေးဇူးများ

အထက်ပြပြီးသော ပညာရပ်များကို သင်ကြားတတ်မြောက်ကြသည့်အပြင် တက္ကသိုလ်ကျောင်း၌ နေရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါအံ့။

အခြားတက္ကသိုလ်များနှင့် နှိုင်းစာပါလျှင် ရန်ကုန်တက္ကသိုလ်၌နေခြင်းသည် အကုန်အကျနည်းပေ၏။ ကိုယ်ကာယကျန်းမာရေးနှင့် သင့်လျော်တော်တည့်သောဌာနလည်း ဖြစ်၏။ ကျယ်ပြန့်သန့်ရှင်းသော ကွင်းပြင်ကြီးများရှိရာ၊ ကိုယ်ကာယကျန်းမာသန်စွမ်းမှုအတွက် ပြေးလွှားကစားနိုင်၏။ ၎င်းပြင် အခြားလှုပ်ရှားကစားမှု အမျိုးမျိုးနှင့်ဆိုင်သော ကိရိယာစုံလင်စွာရှိသည့် ကစားရုံကြီးလည်းရှိ၏။ အကယ်၍ ကျောင်းသားများ နာမကျန်းရှိပါက လွယ်လင့်တကူ ကုသရန်အတွက် ကျောင်းတွင်ဆေးရုံတည်ဆောက်ထား၏။ အလွန့်အလွန် အရေးကြီးသော ရောဂါဖြစ်ပါမူ ၎င်းကျောင်းဆေးရုံမှ တစ်ဖန် ရန်ကုန်ဆေးရုံကြီးသို့ပို့၍ ကောင်းမွန်စွာ ကြည့်ရှုကုသ၏။ နေ့တိုင်းပင် ကျောင်းသားများသည် တက္ကသိုလ်ဆေးရုံတွင် မိမိတို့ကိုယ်ကာယကျန်းမာရေးနှင့်ပတ်သက်၍ နီးနှောတိုင်ပင် မေးမြန်းနိုင်၏။ ကျောင်းသားများမှာ တစ်ကျောင်းတည်းနေ တစ်ရေတည်းသောက်ဖြစ်ကြခြင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသော မိတ်ဆွေသင်္ဂဟဖြစ်ကြ၏။ အထူးသဖြင့် ညီညွတ်ကာ သမစိတ္တရှိကြရန်အတွက် ကျောင်းသားများတွင် သမဂ္ဂအစရှိသော အသင်းအပင်းများကိုတည်ထောင်ကာ ထားကြသည်။

ပညာသင်ကြားရေးဘက်က ကြည့်ရှုပါမူ ရန်ကုန်တက္ကသိုလ်ကျောင်းသည် အကောင်းဆုံးသော ပညာသင်ကြားရေးနည်းစနစ်ကို လိုက်နာရွက်ဆောင်လျက်ရှိသည်။ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ရုံနှင့်အအောင် ပေးခြင်းသည်ကောင်းသည်ဟု ဆိုရငြားသော်လည်း စင်စစ်အားဖြင့် ညံ့ဖျင်းသောနည်းစနစ်ပင် ဖြစ်ပေသေး၏။ သို့ဖြစ်၍ ကျောင်းသားတို့၏ အကျင့်စာရိတ္တတော်တည့်မှန်ကန်လေအောင် ကိုယ်ထူးကိုယ်ချွန်သည့်သဘောမျိုးကို အစဉ်နလုံးပိုက်လေအောင် ပင်ကိုဉာဏ်ကို မပျင်းမရိအထက်မြက်ဆုံးအနေမျိုးဖြင့် အသုံးချတတ်လေအောင် မိဘသည် သားသမီးများကို စောင့်ရှောက်ထိန်းသိမ်းဘိသကဲ့သို့ နည်းပြဆရာများလည်း ကိုယ်ပူးလက်ကြပ် ပြသ ညွှန်သင်လျက်ရှိ၏။

### ၇။ တက္ကသိုလ်ပိုင်နက်နှင့် အဆောက်အအုံ

အဖွဲ့ဝင် ကျောင်းတိုက်များ၌ ကျောင်းသားကျောင်းသူများ လုံလောက်စွာ ရှိကြသည်။ ကျောင်းဆောင်တိုင်း၌ ကျောင်းဆောင်မှူးတစ်ယောက်ရှိရာ ကျောင်းတွင်အမှုထမ်းရင့်သော ဆရာကြီးတစ်ဦးကိုသာ ခန့်ထားသည်။ ၎င်းပုဂ္ဂိုလ်ကို ကူညီရန်အတွက် ကျောင်းဆောင်တိုင်း၌ ဒုတိယအဆောင်မှူးတစ်ယောက်နှင့် နည်းပြဆရာများကိုလည်း ထားလေသည်။ ကျောင်းဆောင်များနှင့်သက်ဆိုင်သော ဥပဒေစည်းကမ်းများကို ဆိုင်ရာကျောင်းအုပ်ကြီးထံတွင် ရရှိနိုင်သည်။

တက္ကသိုလ်ပိုင်နက်သည် ဧကပေါင်း ၄၀၀ ကျယ်ဝန်း၍ တောင်ဘက်တွင် အစိုးရအရာရှိကြီးများ နေထိုင်ရာဖြစ်သော (Windermere) ဥယျာဉ်ခြံမြေ၊ အနောက်ဘက်တွင်ပြည်လမ်း၊ မြောက်ဘက်တွင် အင်းလျားကန်၊ အရှေ့ဘက်တွင် ရွှေညောင်ပင်လမ်းအသီးသီးတို့ဖြင့် နယ်နိမိတ်သတ်မှတ်လျက်ရှိသည်။ ဤပိုင်နက်မြေကွက်မှာ ကျယ်ပြန့်မြင့်ဖြူးလျက် စိုစိုပြည်ပြည်နှင့် သာယာလှသောကြောင့် ဤနေရာမျိုးကို ရန်ကုန်မြို့ပတ်ဝန်းကျင်တွင်

ရရှိဖို့ရန် လွယ်ကူလှသည် မဟုတ်ချေ။

တက္ကသိုလ်ပိုင်နက်အတွင်းတွင် တည်ဆောက်ပြီးသော အဆောက်အအုံများမှာ ခမ်းနားကြီးကျယ်သော တက္ကသိုလ်ကျောင်းတိုက် စာသင်ကျောင်းကြီးများ၊ ယုဒသန်ကျောင်းတိုက် စာသင်ကျောင်းကြီးများ၊ ကျောင်းသားများနေထိုင်သော ကျောင်းဆောင်များ၊ ကျောင်းသူများ နေထိုင်သောကျောင်းဆောင်များ၊ B.O.C. က လှူဒါန်းသည့် ကမ္ဘတ္တဗေဒဆိုင်ရာ စာသင်ကျောင်းကြီး၊ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီး၊ ပိဋကတ်အဆောက်အအုံ၊ သမဂ္ဂတိုက်အဆောက်အအုံ၊ ကစားရုံအဆောက်အအုံ၊ ဆရာဖြစ်သင်ကျောင်းတိုက်နှင့် ကျောင်းဆောင်အဆောက်အအုံတို့ ဖြစ်ကြသည်။

ဘွဲ့နှင်းသဘင်အဆောက်အအုံအတွင်း၌ တစ်နှစ်တစ်ကြိမ် ဘွဲ့တံဆိပ်များကိုပေး၍ စာမေးပွဲများကိုလည်း ဤနေရာ၌ပင် ကျင်းပပြုလုပ်သည်။

တက္ကသိုလ် ကျောင်းတိုက်တွင်းရှိ ကျောင်းဆောင်များ၌ ကျောင်းသားပေါင်း ၁၀၀၀ ကျောင်းသူပေါင်း ၁၀၀ ခန့်မျှလောက် နေထိုင်နိုင်သည်။ ယုဒသန်ကျောင်းတိုက်ရှိ ကျောင်းဆောင်များ၌မူကား ကျောင်းသား ၂၅၀၊ ကျောင်းသူ ၁၀၀ ခန့် နေနိုင်ကြသည်။

တက္ကသိုလ်ပိုင်နက်အတွင်းသုံးရန်ရေကို အဆောက်အအုံတိုင်းက အသုံးပြုနိုင်ရန် ပြွန်အမြောက်အမြားဖြင့် သွယ်တန်းပေးဝေလျက် ရှိသည်။ အညစ်အကြေးအတွက် သုတ်သင်ရန်ပြွန်များကိုလည်း ခေတ်မီသောနည်းသစ်များကိုယူ၍ သွယ်တန်းဆောက်လုပ်ပြီးဖြစ်ရာ လူ ၆၀၀၀ တို့၏ အညစ်အကြေးကို သုတ်သင်ရှင်းလင်းနိုင်သောအား ရှိလေသည်။ ၎င်းပြင် တက္ကသိုလ်ပိုင်နက်တွင် အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်မီးများ၊ လေယပ်များကို သီးခြားထားလေသည်။

## ၈။ တက္ကသိုလ်ကျောင်းသားများ၏ သမဂ္ဂအသင်းနှင့် ကျန်းမာရေးအတွက် ကစားခုန်စားခြင်းတို့အကြောင်း

ကိုယ်ကာယ ကျန်းမာသန်စွမ်းမှုနှင့် ကျောင်းသားတစ်ဦးနှင့်တစ်ဦး မိတ်ဆွေသဟာယဖြစ်ကြဖို့အတွက် အခွင့်အရေးတို့နှင့်လည်း တက္ကသိုလ်တွင် ပြည့်နှက်လျက်ရှိသည်။

(၁) ကျောင်းသားများ၏ သမဂ္ဂအသင်းအတွက် ဦးညို၏ စေတနာသဒ္ဒါတရားကြောင့် အဆောက်အအုံကြီးတစ်ခု သီးသန့်တည်ရှိသည်ဖြစ်ရာ ၎င်းတွင် စကားအချေအတင်ပြောရန် အခန်းကျယ်ကြီး၊ စာဖတ်ခန်းများ၊ စားပွဲရုံ၊ စည်းဝေးသောအခန်းများ၊ ကစားခန်းများနှင့် ရေချိုးခန်းများတို့ပါကြ၏။

(၂) ချန်ချောခိုင်၏ သဒ္ဒါဟုန်အားဖြင့် ဆောက်လုပ်ထားသော တက္ကသိုလ်ကစားရုံမှာ ကစားအမျိုးမျိုးအတွက် ကိရိယာများပြည့်စုံစွာ ရှိသည့်အပြင်၊ မိုးတွင်း၌ ၎င်းရုံကြီးအတွင်း၌ပင် အစည်းအဝေးများကို ပြုလုပ်ကျင်းပနိုင်သည်။ ကပွဲကျင်းပရန်အတွက် ဓာတ်ခုံနှစ်ခုလည်းရှိလေသည်။ ဆောင်းဥတုတွင် အပြင်ဘက်ရှိ ဓာတ်ခုံကို အသုံးပြုကာ ပရိသတ်တို့မှာ မြက်ခင်းပေါ်မှနေ၍ ရှုစားနိုင်သည်။ မိုးတွင်း၌မူကား ရုံတွင်းရှိဓာတ်ခုံကို အသုံးပြုနိုင်လေသည်။

(၃) တက္ကသိုလ်ကျောင်းသားများ စစ်အတတ်သင်ကြားရေးအတွက် စစ်ရေးပြဆရာများလည်း ရှိကြ၏။ ၎င်းတို့အတွက် နေရာထိုင်ခင်း အဆောက်အအုံများကိုလည်း ဆောက်လုပ်ပေးပြီး ဖြစ်၏။ စစ်ရေးများကိုလည်း ရံဖန်ရံခါ ကစားကွင်းပြင်အနီးရှိ စစ်တလင်းတွင်သင်ကြားပြသလျက်ရှိသည်။

(၄) လှေအသင်းလည်းရှိရာ ခေတ်မီသော လှေအမျိုးမျိုးနှင့် လှော်နည်းအမျိုးမျိုးတို့ကို သင်ကြားပြသလျက် ရှိသည်။

(၅) ယောက်ျားများအတွက် ရေကူးသင်းနှင့် မိန်းကလေးများအတွက် ရေကူးသင်းများကိုလည်း တက္ကသိုလ်တွင်ရှိသည်။

(၆) ဘောလုံးကစားရန်အတွက် မြေကွက် ၁၁ ကွက် ပါရှိသည်ဖြစ်ရာ၊ ၎င်းမြေကွက်ပေါ်တွင် (ဟော်ကီ) ကိုဖြစ်စေ၊ (ခရစ်ကက်)ကိုဖြစ်စေ အချိန်ကာလ အားလျော်စွာ ကစားနိုင်သည်။ ကစားပွဲ ကျင်းပပြုလုပ်ရန် မြေလွတ်လည်း ရှိ၏။ တင်းနစ် (Tennis) ရိုက်ကစားဖို့အတွက် တစ်ပြိုင်နက် ပွဲ ၃၀ ကစားနိုင်ရန် စီမံဖန်တီးထားလေသည်။ ၎င်းပြင် အခြားအနောက်နိုင်ငံကစားမျိုးဖြစ်သော (Squash) (Basket ball) (Batminton) အစရှိသည်များလည်း ရှိကြ၏။

(၇) ကျောင်းဆရာများနှင့် ကျောင်းစာရေးစာချီများမှစ၍ အစေခံများအတွက် နေရာထိုင်ခင်း အဆောက်အအုံများကို တက္ကသိုလ်ပိုင်နက်အတွင်းမှာပင် ဆောက်လုပ်ထားလေသည်။

**(၈) ပိဋကတ်တိုက်များ**

ယခု ကွယ်လွန်သွားသူ ရာဇာရက်ဒီးယားက လှူဒါန်းခဲ့သော တက္ကသိုလ်ပိဋကတ်တိုက်ကြီးသည် တည်ဆောက်၍ အပြီးသို့တိုင်ရောက်ခဲ့ပေပြီ။ ၎င်းတိုက်ကြီးတွင် ယခုအခါ စာအုပ်ပေါင်း ၈၀၀၀ ခန့်မျှ ကျောင်းသားများနှင့် ဆရာများဖတ်ရှုရန်အတွက် သိုမှီးထားသည်။ တက္ကသိုလ်ကျောင်းတိုက်တွင်ရှိသော ပိဋကတ်တိုက်တွင်လည်း စာအုပ်ပေါင်း ၄၀,၀၀၀ ခန့်မျှ ရှိလေသည်။ ယုဒသန်ကျောင်းနှင့် ဥပစာကျောင်းတိုက်ရှိ စာကြည့်တိုက်တွင်လည်း စာအုပ်ပေါင်းမြောက်မြားစွာ ရှိလေသည်။ သို့ရာတွင် တက္ကသိုလ်ကျောင်းတိုက်မှာလောက် များပြားသည် မဟုတ်ချေ။

**(၉) ဓာတ်စမ်းရုံ**

ပထဝီဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ကမ္ဗဒ္ဓဗေဒ၊ ဘူမိဗေဒ၊ ကာယသမ္ဘာရပညာ၊ ဇီဝိကသဘာဝပညာ အစရှိသည်တို့နှင့်ဆိုင်သော ပညာရပ်များကို လက်တွေ့သင်ကြားနိုင်ရန် ခေတ်အတိုင်းဆန်းသစ်သော တန်ဆာများဖြင့် ပြည့်နှက်လျက်ရှိသော ဓာတ်စမ်းရုံကြီးတစ်ခုကိုလည်း ဖန်တီးထားလေသည်။

**(၁၀) တက္ကသိုလ် ပါမောက္ခများ**

တက္ကသိုလ်ကျောင်းတိုက်တွင် ဘာသာရပ်အသီးသီး ရှိသည်ဖြစ်ရာ၊ ပါမောက္ခအသီးသီးက ကြီးမှူးအုပ်ချုပ်လျက်ရှိသည်။

အင်္ဂလိပ်ဘာသာ၊ မြန်မာတိုင်းရင်းဘာသာ၊

မြန်မာနှင့်ပါဠိ။

ရာဇဝင်၊ စီးပွားရေးပညာ၊ သဘာဝတ္တပညာ၊ သင်္ချာပညာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒနှင့် ပထဝီဝင်၊ ဆေးပညာ၊ သတ္တကမ္မဆေးပညာ၊ ရောဂဗေဒ၊ ကာယသမ္ဘာရပညာ၊ ဇီဝိကသဘာဝပညာ၊ ဝမ်းဆွဲအတတ်နှင့် မီးယပ်ပညာ၊ ရုံးမှုဆိုင်ရာဆေးပညာ၊ ရတ္တကမ္မဗေဒ၊ သစ်တောပညာ၊ ဥပဒေပညာများ ဖြစ်ကြသည်။ ဤပညာရပ်များ အသီးသီးအတွက် ပါမောက္ခဆရာကြီးတစ်ဦးစီရှိရာ၊ တိုင်းရင်းပညာကို အုပ်ချုပ်သော ပါမောက္ခဆရာကြီးတစ်ဦးသာလျှင် မြန်မာလူမျိုး ဖြစ်သည်။

အထက်ပါဘာသာရပ်များတွင် တိုင်းရင်းမြန်မာဘာသာသည် အလွန်အရေးကြီးသည်ဟု ထင်မြင်သဘောရရှိသည်ဖြစ်သောကြောင့် မြန်မာစာပေ၏ အခြေအနေနှင့်ပတ်သက်၍ အနည်းငယ်ရေးသားရန်သင့်လျော်၏။ ၁၉၃၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဖွင့်စအခါတွင် ဥပစာတန်း၌အများအားဖြင့် မြန်မာတို့အတွက်သင်ကြားရန် မြန်မာစာစီစကုံးရိုးရိုးနှင့် ဝိဇ္ဇာတန်းရိုးရိုးအတွက် မြန်မာစာပေကို ကျောင်းသားများသင်ယူရန် ပြဋ္ဌာန်းထားလေသည်။ စင်စစ်အားဖြင့် မြန်မာစာကို တိုးတက်စေဖို့နှင့် တတ်မြောက်စေဖို့မှာ ဤမျှနှင့်မလုံလောက်ကြောင်းကို ထင်မြင်သည်ဖြစ်၍ ၎င်းဘာသာဆိုင်ရာ တက္ကသိုလ်ဆရာများ၏ လုံ့လပယောဂကြောင့် ယခုဥပစာတန်းတွင် မြန်မာလူမျိုးများသာမဟုတ်၊ လူမျိုးခြားများပင်လျှင် မိမိတို့နှင့်သင့်လျော်သော မြန်မာစာကို သင်ကြားကြရပေပြီ။ ၁၀ တန်းတွင် မြန်မာစာ အလျှင်းမသင်ခဲ့ရသူ လူမျိုးကွဲများကို က–ကြီး၊ ခ–ခွေးမှပင်စ၍ သင်ပေးသည့်အပြင်၊ ဥပစာတန်းသား မြန်မာများအတွက် မြန်မာစာကြီးပေကြီးတို့ကို ဘာသာတစ်ရပ်အဖြစ်ဖြင့် သင်ပေးလျက်ရှိလေသည်။ ထို့ပြင် ဝိဇ္ဇာရိုးရိုးတွင် ခက်ခဲသောမြန်မာစာပေတို့ကို သီးခြားတစ်ဘာသာအဖြစ်ဖြင့် သင်ကြားလျက်ရှိသည်။ ဤမျှသာမကသေး မြန်မာစာကို ထူးထူးချွန်ချွန်လိုက်စားဝါသနာပါ၍ စာပေကြီးပွားဖို့ရန် ရည်သန်သူ ကျောင်းသူကျောင်းသားများအတွက် ဝိဇ္ဇာဂုဏ်ထူးတန်းကိုလည်း ဖွင့်လှစ်ထားလေသည်။ မြန်မာဘာသာဖြင့် ဝိဇ္ဇာဂုဏ်ထူးတန်းကို ၁၉၂၇ ခုနှစ်ကစ၍ အောင်မြင်သူရှိလေသည်။ ၎င်းပြင် မြန်မာစာပေကျမ်းဂန်ဖြင့် မဟာဝိဇ္ဇာဂုဏ်ထူးကို ၁၉၃၀ ပြည့်နှစ်တွင် ရှေးဦးပထမအောင်မြင်သူများ ရှိကြသည်။ ဤအချက်များကို ထောက်ထားသောအားဖြင့် မြန်မာစာကို အထက်ဆုံး အတန်းအဆင့် ဂုဏ်ထူးကိုယူ၍ အောင်မြင်သင့်ကြောင်း သိသာနိုင်၏။

ထို့ပြင် ရှေးဟောင်း မြန်မာကျောက်စာများကို ငွေကုန်ကြေးကျခံ၍ကူးယူပြီးသော် သေချာစွာဖတ်ရှုမှတ်သားရန်အတွက် သုတေသနဆိုင်ရာ ဆရာနှစ်ယောက်ကိုလည်း ခန့်ထားသည်။ အစိုးရပိုင်ပုရပိုက် အမြောက်အမြားကိုလည်း စာရင်းအင်းပြုလုပ်ရန် စာရေးတစ်ယောက်ကို အခကြေးငွေပေး၍ ရွက်ဆောင်ခဲ့လေသည်။

မြန်မာသုတေသနအသင်းက အစပြုသော မြန်မာအဘိဓာန်လုပ်ငန်းအတွက် ၎င်းအသင်းတွင်ငွေကြေးမလုံလောက်သောကြောင့် တက္ကသိုလ်သို့ လွှဲအပ်လိုက်လေသည်။ ၎င်းပြင် တက္ကသိုလ်ကပင် မြန်မာ့သုတေသနက ထုတ်ဝေသော ကျမ်း ၃ စောင်အတွက်ကိုလည်း ငွေကြေးအကုန်အကျခံလေသည်။ ပုဂံကျောက်စာညွန့်ပေါင်းကိုလည်း တက္ကသိုလ်ပိုင်ငွေဖြင့် ပုံနှိပ်ထုတ်ဝေလေသည်။ မူလ ထိုကျောက်စာများကို ပုံရိုက်၍ ထုတ်ဝေရန်ငွေ ၁၀,၀၀၀ ကန့်သတ်ထားလေသည်။ ၎င်းစာအုပ်ကို ယခုအခါ (OXFORD) မြို့၌ စီစဉ်ဆဲရှိသည်။ ဓမ္မဝိလာသ ဓမ္မသတ်ကိုလည်း ပုံနှိပ်ရန်စီစဉ်ဆဲရှိသည်။ သို့ဖြစ်၍ ဤလုပ်ငန်းသည် မြန်မာစာပေပညာ တိုးပွားရေးကိစ္စနှင့် သက်ဆိုင်ပေ၏။ ၎င်းတို့မှာ တိုင်းရင်းသားဘာသာကို ကြီးမှူးအုပ်ချုပ်သင်ကြားသော ပါမောက္ခ၏လုပ်ငန်းတို့သာ ဖြစ်တော့သတည်း။

## ဝေလမင်းသားဆု အကြောင်း

မြန်မာစာပေတိုးပွားမှုကို ပြုပြင်ဖန်တီးပေးသော ဆုတစ်ခုရှိပေသေးသည်။ ၎င်းဆုကား ဝေလမင်းသားဆုပင်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် အိမ်ရှေ့ဥပရာဇာ ဝေလမင်းသားသည် ရန်ကုန်တက္ကသိုလ်သို့ လာရောက်လည်ပတ်ခဲ့သည်ကို သတိရမှတ်မိစေခြင်းငှာ ဤ ''ဆု''ကို စီစဉ်ခြင်းဖြစ်လေသည်။ မည်သူမဆိုမိမိပင်ကို ထိုးထွင်းဉာဏ်ဖြင့် မြန်မာစကားပြေဖြင့်ဖြစ်စေ၊ လင်္ကာကဗျာဖြင့်ဖြစ်စေ၊ လေးနက်စွာ စီရင်ရေးသားသော ကျမ်းတစ်စောင်တစ်ဖွဲ့အတွက်သော်လည်းကောင်း၊ အခြားဘာသာမှ မြန်မာဘာသာဖြင့် တိုက်ရိုက်ဖြစ်စေ ဆီလျော်စွာသွယ်ဝိုက်၍ဖြစ်စေ၊ ပြန်ဆိုရေးသားသော ကျမ်းတစ်စောင်တစ်ဖွဲ့အတွက်သော်လည်းကောင်း၊ ၎င်းဝေလမင်းသားဆုကို ရရှိနိုင်လေသည်။ ဆုတော်ငွေ ၁၀၀၀ ဖြစ်၍ ရရှိသူပုဂ္ဂိုလ်ပေါင်း ၅ ဦးမျှ ရှိခဲ့ပေပြီ။ ဤကား မြန်မာစာပေကြီးပွားရေးအကြောင်း တစ်ရပ်ပင် ဖြစ်တော့သည်။

ထို့နောက် ၁၉၃၄ ခုနှစ်၊ ဧပြီလထဲ၌ ပါမောက္ခ ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် ထွက်ပေါ်လာသည်။

စာအုပ်အမည်ကို ''ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိစာတမ်း''ဟု ပေးထားသည်။

စာအုပ်ကို ရေးသားသူမှာ လယ်တီကဝိ ဆရာဦးလှတင်ဟု သိရသည်။

စာအုပ်မျက်နှာစာတွင်...

ထိုထိုဂျာနယ် မဂ္ဂဇင်း သတင်းစာတို့၌ တွေ့မြင်မှတ်သားထားသမျှနှင့် တစ်ဆင့်စကား ကြားသိဖူးသမျှတို့ကို စုပေါင်းစီစဉ်ရေးသားအပ်သော ရန်ကုန်မြို့တက္ကသိုလ်ကျောင်းတော် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိစာတမ်း။

ပထမတွဲ

ရေးသားစီရင်သူ လယ်တီကဝိ (ဆရာဦးလှတင်)

ရန်ကုန်မြို့

ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်

၁၂၉၆ ခု။

အသိုး ၈ ပဲ

ဟု ရေးသားဖော်ပြထားသည်။

စာအုပ်တွင် ရေးသားဖော်ပြထားသည့်အတိုင်းပင် ဖြစ်သည်။ ယခုစာအုပ်ထွက်လာတော့မှသာ သူ့အကြောင်း သူ့အတ္ထုပ္ပတ္တိကို ရေးသားကြောင်းအား ဦးဖေမောင်တင် တွေ့သိဖတ်မိလေတော့သည်။


MKS PUBLISHING

စာအုပ်အတွင်းစာမျက်နှာ၌ ဦးဖေမောင်တင်၏ ဓာတ်ပုံကို မျက်နှာပြည့်ဖော်ပြထားသည်။ အခန်းပေါင်း ၂၉ ခန်း ခွဲခြားရေးသားထားလေသည်။

လယ်တီကဝိ ဆရာဦးလှတင်က ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိကို အဘယ်ကြောင့် ရေးသားစီရင်ရခြင်း အကြောင်းအား နိဒါန်း၌ ရေးသားဖော်ပြထားလေသည်။

## နိဒါန်း

ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများကို ရေးသားစီရင်ရခြင်း၏အကြောင်း။

က။ ။ ''ပုဂ္ဂလဝိသေသောဇာနိတဗ္ဗော''ဟု သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ ညွှန်ပြအပ်သော စကားတော်အရ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်လွန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်ချွန်ကြီးများကို သိသင့်သိထိုက်၊ မှတ်သင့် မှတ်ထိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံတော် ငါးဆယ့်ရစ် ဒိစကြိတ်အတွင်း မှီတင်းနေထိုင်ကြကုန်သော တစ်ဆယ့်လေးသန်းခန့် အရေအတွက်ရှိသော မြန်မာလူမျိုးတို့၏ ''ဇာတိမဟတ္တ'' ''ကုလမဟတ္တ'' ဂုဏ်ကျက်သရေမင်္ဂလာအပေါင်းကို ဆောင်ရွက်ပေးသော အာဇာနည်ပုဂ္ဂိုလ်ထူးကြီး၏ ''ဝိဇာယန''မင်္ဂလာ ဖွားမြင်သည့်မှစ၍ယခုနေ့အထိ ပြုလုပ်ဆောင်ရွက်ခဲ့ပေသော အရပ်ရပ်အကြောင်းအရာကြီးတို့ကို မိမိဉာဏ်မီသလောက် သိသလောက် ရေးသားစီရင်မည်ဖြစ်ပါကြောင်း။

ခ။ ။ ထိုသို့ ရေးသားရာ၌ ရှေးရှေးသော ဆရာကြီး သမားကြီးတို့၏ အတ္ထုပ္ပတ္တိ အကြောင်းအရာတို့ကို ရေးသားစီရင်သောနည်းအတိုင်း သာသနာဝင်၊ မဟာဝင်၊ ရာဇဝင်၊ ကျောက်စာမော်ကွန်း၊ ပျို့ကဗျာလင်္ကာ၊ မှတ်စာမှတ်တမ်း၊ ပေါရာဏကထာ စသည်များနှင့် ညှိနှိုင်း၍ သေချာစွာ ရေးသားမည်ဖြစ်ပါကြောင်း။

ဂ။ ။ ''ပဟောန္တေနပန ဓမ္မကထိကေန ပဥ္စနိကာယေနဝဂ်သတ္တုသာသနံ စတုရာသီတိ ဓမ္မက္ခန္ဓသဟာသာနိသြဂါဟေတွာ၊ ဗုဒ္ဓါဒီနံဝဏ္ဏဏာပကာသေတဗ္ဗော၊ ဗုဒ္ဓါဒီနံဂုဏံပကာသေန္တော အတိတ္တေပဟန္တော ဓမ္မကတိကောတိန သက္ကာဝတ္တ''။ ဟူသော သီလက္ခန် ဖြဟ္မဇာလသုတ် အဋ္ဌကထာ စကားတော်နှင့်အညီ ပုဂ္ဂလဝိသိဋ္ဌ၊ ပဏ္ဍိတ်ထွန်းတောက် အာဇာနေယျမြောက်သော ပုဂ္ဂိုလ်ထူးကြီး၏ ဂုဏ်ကျေးဇူးတို့ကို ဉာဏ်စွမ်းရှိသမျှ ချီးကျူးသော်လည်း အရာမဟုတ်သည်၌ ဂရုတစိုက် ချီးကျူးပြုလုပ်ဘိသည်တကားဟု ဆိုခြင်းငှာ မထိုက်ချေသည်ဖြစ်ပါကြောင်း။

ဃ။ ။ အာဇာနည်ပုဂ္ဂိုလ်ထူးကြီးဆိုသည်မှာ ကမ္ဘာ့တန်ဆာ နက္ခတ်တာရာ၊ ကြယ်များစွာဖြင့် ဝန်းရံအပ်သော သောတာယာဉ်နန်း လပြည့်ဝန်းကြီးကဲ့သို့ ပညာရှင်နှိုက်သောက်စို့ကြရန် အရပ်ရပ်အမြို့မြို့တို့မှ လာရောက်မှီခိုကြသော တပည့်အပေါင်းတို့ဖြင့် သိုက်မြိုက်တင့်တယ်စွာ ခြံရံအပ်သော ရန်ကုန်မြို့တက္ကသိုလ်သိပ္ပံကျောင်းတော်ကြီး၊ အမ်–အေ၊ ဘီ–လစ်၊ အိုင်–အီး–အက်စ် အရှေ့ဘက်တိုင်း ပဋိညာဉ်ခံ ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်၏ အကြောင်းအရာများ ဖြစ်ပါကြောင်း။

င။ ။ ပါမောက္ခဆရာကြီးသည် မြန်မာလူမျိုး မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်သည် အားလျော်စွာ မြန်မာဘာသာ၊ မြန်မာစာပေကျမ်းဂန်တို့ကို မည်ကဲ့သို့သော အခြေအနေ၊ အတန်းအဆင့်သို့ ဆိုက်ရောက်အောင် အားထုတ်ကြိုးစားခဲ့ရပုံများနှင့် ကျွန်ုပ်တို့ တိုင်းရင်းသားစာပေကျမ်းဂန်တို့ကို တိုင်းတစ်ပါးသားတို့၏ အထင်သေး၊ အမြင်သေး၊ မထေလေးစား ပြုလုပ်ပြောဆိုခြင်းတည်းဟူသော ဆူးငြောင့်ခလုတ်၊ အဖုအထစ်၊ ဘေးကြီးတို့မှ ကျေလည်ချောမောစွာရှိအောင် ''ဝီရိယဓူဝ'' ဝရဇိန်လက်နက်၊ မိုယ်းကြိုးစက်ကဲ့သို့ ထက်မြက်သော ''ပညာဓုဝ'' ဉာဏ်ပညာလက်နက်တို့ဖြင့် ဖြိုဖျက်တွန်းလှန်၊ ကျွမ်းသန္တာလန်အောင် ချေမှုန်းတိုက်ခိုက်ရပုံတို့ကိုလည်း ဤအတ္ထုပ္ပတ္တိကို ဖတ်ရှုမိပါလျှင် ထင်ရှားစွာသိမည်ဖြစ်ပါကြောင်း။

စ။ ။ လောကီစီးပွားရှာဖွေရေး၌ဖြစ်စေ၊ လောကုတ္တရာ ကြီးမားမြင့်မြတ်ရေး၌ဖြစ်စေ သေးသိမ်မှေးမှိန်ညံ့ဖျင်းသော သဒ္ဓါ–ပညာ–ဝီရိယ–ဆန္ဒတို့ဖြင့် ရွက်ဆောင်ပြုလုပ်အားထုတ်နေပါလျှင် အရာရာမှာအောက်ကျနောက်ကျဖြစ်၍ လူတန်းမစေ့၊ လူရာမဝင်၊ လူ့တစ်ပိုင်းကြောင်၊ လူ့တစ်ခြမ်းပဲ့၊ လူဗလချာ၊ လူနုပ်၊ လူစုတ်၊ လူရုပ်မပေါ်၊ လူစော်မနံ၊ လူပေ–လူညစ်–လူဖြစ်ကျိုးမနပ်ကြရတော့ဘဲ ယီးတီးယားတားနှင့် တစ်ဘဝပြီးဆုံးသွားကြရလိမ့်မည်ဖြစ်ပါကြောင်း။

ဆ။ ။ ဤသို့သော အကျိုးအပြစ်ကြီးတို့ကို မျှော်မြင်မိပါသဖြင့် ထက်သန်ကြီးထွား ခိုင်မာမြင့်မြတ်လှစွာသော သဒ္ဓါ–ပညာ–ဝီရိယ–ဆန္ဒတို့ဖြင့် သက်စွန့်ကြိုးပမ်း၊ အရိုးကြေကြေ၊ အရေခြောက်ခြောက် အားထုတ်ပြုလုပ် ရွက်ဆောင်လာခဲ့ပါသော ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိအကြောင်းအရာကြီးတို့ကို ကောင်းစွာ ရေးသားစီရင်ရသည်ဖြစ်ပါကြောင်း။

ဇ။ ။ ဤအတ္ထုပ္ပတ္တိအကြောင်းအရာတို့ကို တွေ့မြင်ဖတ်ရှုကြရသော မိတ်ဆွေအပေါင်းတို့သည် မိမိတို့ စိတ်သန္တာန်၌ကိန်းဝပ်၍နေသော သဒ္ဓါ–ပညာ–ဝီရိယ–ဆန္ဒတို့သည် ထက်သန်သည်ထက် ထက်သန် ကြီးထွားသည်ထက်ကြီးထွား၊ ခိုင်မာသည်ထက် ခိုင်မာ၊ မြင့်မြတ်ကြသည်ထက် မြင့်မြတ်ကြကုန်၍ ကမ္ဘာတစ်ခွင်တွင် အစဉ်သဖြင့် မော်ကွန်းထိုးလောက်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်လွန်၊ ပုဂ္ဂိုလ်ချွန်ဖြစ်နိုင်ကြ ပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

နိုင်ငံခြား ဗုဒ္ဓဘာသာ အသင်းကြီး
ဒုတိယနာယက၊ နယ်လှည့်ဓမ္မကထိက
လယ်တီဝဏ္ဏိတ (ဆရာဦးလှတင်)
ရန်ကုန်မြို့

ဦးဖေမောင်တင်နှင့် လူချင်းမသိမကျွမ်း မမြင်မတန်းဖူးပါဘဲလျက် ဆရာဦးလှတင်သည် ဦးဖေမောင်တင်၏ မျိုးရိုးစဉ်ဆက်မှစ၍ ဉာဏ်ပညာထူးချွန်ခဲ့ပုံနှင့် နောက်ဆုံးဘီလပ်မှ ဘီ–လစ်ဘွဲ့ရကာ၊ ရန်ကုန်တက္ကသိုလ်၌ မြန်မာစာ ပါမောက္ခအဖြစ် အမှုထမ်းရင်း မြန်မာစာပေအတွက် လုပ်ဆောင်ချက်များ၊ ရေးသားချက် ကျမ်းစာရင်း များကို ခုနှစ်သက္ကရာဇ်နှင့်တကွ အတော်ကလေး တိကျပြည့်စုံအောင် ရှာဖွေစုဆောင်း၍ ကြိုးစားရေးသားထားကြောင်း တွေ့ရှိ ရလေသည်။

ထို့အပြင် အတ္ထုပ္ပတ္တိရေးဆရာ ဦးလှတင်သည် ကျမ်းစာရင်းများ၏ နောက်ဘက်မှဆက်လက်၍ ခရစ်ယာန် ဘာသာဝင် ဦးဖေမောင်တင်က နိုင်ငံခြားသားတို့အား ဗုဒ္ဓဘာသာတရားများဟောကြားပုံ ကောက်နုတ်ချက်တချို့ နှင့်အတူ၊ မင်္ဂလာရတုပိုဒ်စုံ ၃–ပိုဒ်ဖြင့် သူ့စာအုပ် ပထမတွဲကို နိဂုံးချုပ် အဆုံးသတ်ထားလေသည်။

ဆရာဦးလှတင်၏ ကောက်နုတ်တင်ပြချက်များကား ပါမောက္ခဆရာကြီးသည် ဘာသာအယူအဆနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားတို့အား ဟောပြောခဲ့သော အရပ်ရပ်တရားတို့မှ လိုရင်းကို ကောက်နုတ်၍ပြဆိုခြင်း။

သီလေ ပတိဋ္ဌာယနရော သပ္ပညော၊

စိတ္တံ ပညဉ္စ ဘာဝယံ၊

အာတာပီ နိပကော ဘိက္ခု၊

သောဣမံ ဝိဇဋယေ ဇဋံ။

ဤသံယုတ် ပါဠိတော်ကြီးသည် နတ်သားတစ်ယောက်၏ မရှင်းမလင်းသော အရှုပ်တရားကြီးအတွက် ရှင်တော်ဘုရား ရှင်းလင်းစွာ ဟောကြားတော်မူအပ်သော ပါဠိတော်ကြီး ဖြစ်ပါသည်။ ထိုပါဠိတော်ကြီးကို အရင်းမူတည်၍ အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်သည် သီလနိဒ္ဒေသ၊ သမာဓိနိဒ္ဒေသ၊ ပညာဘူမိနိဒ္ဒေသဟု ဆိုအပ်သော၊ အခန်းကြီး ၃ ခန်းတို့ဖြင့် တန်ဆာဆင်အပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးကို ရေးသား စီရင် ဖွင့်ပြတော်မူလေသည်။ ဤအဋ္ဌကထာကျမ်းကြီး၌ ဖွင့်ပြအပ်သောစကားတို့သည် ဗုဒ္ဓသာသနာတော်၌ လွန်စွာ အရေးကြီးသော ကျင့်စဉ်ကျင့်လမ်း အဆင့်အတန်း အားလျော်စွာ မြိန်ရှက်ဖွယ်ရာကောင်းသော ဓမ္မရသ တို့ပေတည်း။

သီလနယ်၊ သမာဓိနယ်၊ ပညာနယ်ရှိသမျှ သိမ်းကျုံး၍ ယောဂီပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် စေနိုင်ရကား၊ ဗုဒ္ဓသာသနာတော်၌ နေလအသွင် ထင်ရှားကျော်စောသော ကျမ်းကြီးတစ်ကျမ်း ဖြစ်လေသည်။ ဗုဒ္ဓသာသနာတော်သည် အဓိသီလသာသနာ၊ အဓိစိတ္တသာသနာ၊ အဓိပညာသာသနာ ဟူ၍ သာသနာသည် ၃ မျိုးရှိ၏။ ၎င်း ၃ မျိုးကို အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူ၍လည်း ခေါ်ပြန်သေး သည်။ ဗုဒ္ဓသာသနာတော် ၃ မျိုး၏ အရေးအရာ အခွင့်ကြီးတို့ကား ကိလေသာကို ပယ်သတ်မှုပေတည်း။ ကိလေသာဆိုသည်ကား၊ အပူအလောင် အညစ်အညူး နှိပ်စက်မှုဓာတ်တွေတည်း။


MKS PUBLISHING

ထိုစာတ်တွေသည်...
၁။ အနုသယဓာတ်
၂။ ပရိယုဋ္ဌာနဓာတ်
၃။ ဝိတိက္ကမဓာတ်
ဟူ၍ ၃ မျိုး ၃ ပါး ရှိလေသည်။

ထိုတွင် လောဘ၊ ဒေါသ၊ မောဟစသော တစ်ထောင့်ငါးရာ ကိလေသာတို့သည် ဖြစ်ခွင့်ဆိုက်သောအခါ ဖြစ်နိုင်ဖို့ရာစိတ်အစဉ်၌ ငုပ်ကိန်းစွဲကပ်ပြီးလျှင် အပြီးပါရှိ၍နေသော ကိလေသာမျိုးကလေးတွေသည် အနုသယဓာတ်မည်၏။ ထိုအနုသယဓာတ်ကို အဘိဓမ္မာတရား အဝါးမဝကြသော ပုဂ္ဂိုလ်တို့ရှိမှန်းကိုမျှ မသိနိုင်၊ မမြင်နိုင်ကြကုန်။ ကိလေသာတို့ဖြစ်ဖို့ အာရုံနှင့်ဆိုက်တိုက် ကြုံကြိုက်သောအခါ၊ ထိုအနုသယဓာတ်တွေ ထကြွသောင်းကျန်း၍ လွင်ဘက်လွင်ပြင်က မသိနိုင်သော်လည်း အဇ္ဈတ္တကိုယ်တွင်း၌ လောဘစသည်ဖြင့် တရားကိုယ် ကောက်ပြလောက်သော တစ်ထောင့်ငါးရာ ကိလေသာတွေသည် ပရိယုဋ္ဌာနဓာတ်မည်၏။ ထိုပရိယုဋ္ဌာနဓာတ်ကို မိမိကား သိနိုင်မြင်နိုင်၏။ အခြားသူတို့ မမြင်နိုင်ကြ။

ကိုယ်တွင်းအဇ္ဈတ္တကို ဖွင့်ဖောက်၍ ကာယကံ၊ ဝစီကံတို့ကို လွန်ကျူးကျော်နင်းလောက်အောင် သန်စွမ်းအားရှိသော ကိလေသာသည် ဝိတိက္ကမဓာတ်မည်၏။ ထိုဝိတိက္ကမဓာတ်ကို မိမိလည်း သိနိုင်၏။ အခြားသူတို့ကလည်း သိနိုင်ကြကုန်၏။

အနုသယဓာတ်သည် စိတ်အစဉ်မှာစွဲကပ်၍နေသော အကိန်းဓာတ်၊ အဝပ်ဓာတ်၊ အကပ်ဓာတ်၊ အငုပ်ဓာတ်၊ အပုန်းဓာတ်၊ အလျှိုဓာတ်မျိုးပေတည်း။

(အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယ်)

ပရိယုဋ္ဌာနဓာတ်သည် အထဓာတ်၊ အရွဓာတ်၊ အကြွဓာတ်၊ အပွဓာတ်မျိုးပေတည်း။

(ဆူပွက်ပွ-ရွ၊ ဖြစ်ပေါ်က၊ ထကြွပရိယုဋ္ဌာန)

ဝိတိက္ကမဓာတ်သည် အပွင့်ဓာတ်၊ အဖွင့်ဓာတ်၊ အပေါ်ဓာတ်၊ အလွန်ဓာတ်၊ အကျူးဓာတ်မျိုးပေတည်း။

(ကြမ်းတမ်းရုန့်ရင်း၊ လွန်ရဲတင်း၊ ကျော်နင်းဝိတိက္ကမ)

ထို ၃ မျိုးသော ဓာတ်ကြီးတို့သည် ရန်သူကြီးအစစ် ဘေးဘယကြီးအစစ်တို့ပေတည်း။ အပူအလောင်ကြီးအစစ်တို့ပေတည်း။ ဤဓာတ်ကြီး ၃ ပါး၊ မသေမငြိမ်းသမျှ ကာလပတ်လုံး အပါယ်ဘေးဒုက္ခ၊ သံသရာဘေးဒုက္ခမှ လွတ်ရိုးထုံးစံ ဥပဒေမရှိ။ သို့ဖြစ်ဘိ၍ အပါယ်စသော သံသရာဒုက္ခမှ ထွက်မြောက်လိုသောပုဂ္ဂိုလ်တို့သည် ရန်သူအပူအလောင်ဓာတ်ကြီး ၃ ပါးကို၊ သေငြိမ်းအောင် ဖျက်ဆီးပစ်ခွင်းရာ၏။ ပစ်ခွင်းရန်လက်နက်ကြီးတို့သည်ကား၊ သီလ၊ သမာဓိ၊ ပညာတို့ပေတည်း။

ဤအရာဝယ် သီလဟူသည်ကား၊ ကာယကံ၊ ဝစီကံတို့ကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းမှုပေတည်း။ သမာဓိဟူသည်ကား၊ လောကီဈာန်သမာဓိပေတည်း။ ပညာဟူသည်ကား၊ ဝိပဿနာပညာနှင့်တကွမဂ်ပညာပေတည်း။

ဤလက်နက်ကြီး ၃ ပါးတို့တွင် သီလဟူသောလက်နက်သည် ဝိတိက္ကမရန်သူ အပူအလောင်ဘေးတွေကိုသာ ငြိမ်းအေးစေနိုင်လေသည်။ ပရိယုဋ္ဌာနသို့ မထိခိုက်နိုင်။ အနုသယဆိုဖွယ်မရှိ။ သာ၍ဝေးတော့သည်။ သမာဓိလက်နက်သည် ဝိတိက္ကမနှင့်တကွ ပရိယုဋ္ဌာန ရန်သူတွေကို ငြိမ်းအေးစေနိုင်၏။ အနုသယကို မထိခိုက်နိုင်သေး။ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ ပညာလက်နက်သည်သာ အနုသယရန်သူ အပူအလောင်တွေကို တစ်ခါတည်း ငြိမ်းအေးစေနိုင်လေသည်။ ထိုကြောင့် အပါယ်ဒုက္ခအောက်သံသရာကြီးကို ငြိမ်းအေးစေလိုသော ပုဂ္ဂိုလ်မှန်သမျှတို့သည်၊ သီလသာသနာ၊ သီလသိက္ခာ၊ သီလလက်နက်ဖြင့် ကာယကံ၊ ဝစီကံတို့ကို ပိတ်ဆို့ပြီးလျှင် သမာဓိသာသနာ၊ သမာဓိသိက္ခာ၊ သမာဓိလက်နက်ဖြင့် ပရိယုဋ္ဌာန အဇ္ဈတ္တ အကြွဓာတ်၊ အရွဓာတ်၊ အထဓာတ်တွေကို ငြိမ်ဝပ်ပိပြားအောင် အတင်းနှိမ်နင်း၍ ပညာသာသနာ၊ ပညာသိက္ခာ၊ ပညာလက်နက်ဖြင့် အနုသယမူလအမြစ်အရင်းဓာတ်တို့ကို တစ်ခါတည်း လက်စသတ်အမြစ်ပါနုတ် အငုတ်ပါမကျန်ရအောင် တူးဖြိုပစ်ခွင်းဖျက်ဆီးရာ၏။ ၎င်းဓာတ်တို့ကို ဖျက်ဆီးပစ်ခွင်းရန်ကား၊ အနိစ္စာနုပဿဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်၊

ပညာတည်းဟူသော လက္ခဏာရေး ၃ ပါးကို စွဲစွဲမြဲမြဲ ဆင်ခြင်ကြည့်ရှု လုပ်ကိုင်မှု နှလုံးသွင်းမှုပေတည်း။ ထိုတွင် တိုင်းတစ်ပါးသား ဘာသာခြားတို့နှင့် အထူးသက်ဆိုင်သော မြင်နိုင်ခဲ သိနိုင်ခဲသော အတ္တနှင့် အနတ္တ စစ်တမ်းစစ်ချက်ကြီးကို ဤနေရာ၌ ထုတ်ဖော်၍ပြဆိုပါမည်။

အတ္တ သည် ဇီဝအတ္တ–ပရမအတ္တဟူ၍ ၂ မျိုးရှိလေသည်။ ထိုတွင် ဝိသေသိကဒဿန ဉာယဒဿနကျမ်းဆရာတို့က သာမိက္ကဿရ၊ သရီရ၊ ဣန္ဒြိယ စသည်တို့ကို အစိုးရသူခန္ဓာအိမ်အရှင်၊ မိမံသာကျမ်းဆရာတို့က၊ ကာရက–ကတ္တာ...မြင်ခြင်း၊ ကြားခြင်း စသောကိစ္စကို ပြီးစီးစေတတ်သူကတ္တား။ (ပဲခွပ်ပဆိန် စသည်တို့ဖြင့် ဖြတ်ခြင်း၊ ခွဲခြင်း စသော ကြိယာကို ပုဂ္ဂိုလ်ကတ္တားက ပြီးစေသကဲ့သို့၊ စက္ခု–သောတစသော ကရိဏ်းတို့ဖြင့် မြင်ခြင်းကြားခြင်းစသော ကြိယာကို အတ္တကတ္တားက ပြီးစေသည်ဟူလို။) မိမံသာ သင်္ချာကျမ်းဆရာတို့က၊ ဝေဒက–ဘောတ္တာ၊ သုခဒုက္ခကို ခံစားတတ်သူ။ ကျမ်းဆရာအားလုံးတို့က နိဝါသီ၊ ခန္ဓာအိမ်ပျက်စီးသော်လည်း၊ မပျက်စီးဘဲ အမြဲတည်နေသူ။ သယံဝသီ၊ သရီရာဣန္ဒြိယ စသည်တို့ကို မိမိအလိုသို့ လိုက်စေ၍ မိမိကမူ တစ်စုံတစ်ခု၏ အလိုသို့မလိုက်သူ၊ အဓိဋ္ဌာယိက–အဓိဋ္ဌာတာ၊ ခန္ဓာအိမ်အကြီးအကဲ စီမံခန့်ခွဲတတ်သူဟု ထင်မှတ်ပြောဆိုအပ်သောအရာသည် ဇီဝအတ္တမည်၏။ ထိုကို သက္ကတဘာသာ–ဟိန္ဒီဘာသာအားဖြင့် အာတမာ။ ပါဠိဘာသာအားဖြင့် အတ္တာ။ အာရဗီ ဘာသာအားဖြင့် ရှင်ဟ၊ အင်္ဂလိပ်ဘာသာအားဖြင့် ဆိုလ်။ မြန်မာဘာသာအားဖြင့် ဝိညာဏ်ကောင်ဟူ၍လည်းကောင်း၊ လိပ်ပြာဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

ထိုအတ္တသည် ပရမာဏုမြူအတိုင်းအရှည်ရှိ၏။ နှလုံးအိမ်၌တည်၏ဟု အချို့ကျမ်းဆရာတို့က ဆိုကြ၏။ သာသနာတော်ကျမ်းတို့၌ နိဂဏ္ဌ–နာဋပုတ္တဟု ထင်ရှားရှိသော ဇိန(ဂျိန်း) ကျမ်းဆရာတို့ကမူ၊ အတ္တသည် ခန္ဓာအိမ်ပမာဏ ရှိ၏။ ခန္ဓာအိမ်ငယ်လျှင်၊ အတ္တငယ် ၏။ ခန္ဓာအိမ်ကြီးလျှင် အတ္တကြီး၏ဟု ဆိုကြကုန်၏။ အတ္တသည်အခဏ္ဍ၊ ဗြဟ္မတ္တ၊ မပျက်စီးသော ဗြဟ္မာ၏ အစိတ်အပိုင်းဖြစ်သောကြောင့်လည်းကောင်း။ သသေအတ္တာ ထိုအတ္တသည်မဟာ၊ ကြီးမား၏။ အဓော၊ အမြဲတည်၏။ ပရမ မဟာပွရိမာဏာ၊ အလွန်ကြီးသော မန္ဒိုင်းယှဉ်မပိုင်းခြားအပ်သော ပမာဏရှိ၏။ အဟံအတ္တာ၊ ငါဟူသောအတ္တသည်၊ သဗ္ဗဘူတာသယဋ္ဌိတော၊ အလုံးစုံသော သတ္တဝါဟူသောနေရာ၌ တည်နေ၏။ (သရီရ၊ ဣန္ဒြိယ စသည်တို့နှင့် တကွဖြစ်သော အတ္တသည် ဇီဝအတ္တ၊ ၎င်းတို့မှကင်းသောအတ္တသည် ပရမအတ္တ "ဗြဟ္မတ္တ" ဤမျှလောက်သော ကွဲပြားကြသည်ဟူလို) ယင်း အတ္တဒိဋ္ဌိမှ သဿတဒိဋ္ဌိ–ဥစ္ဆေဒဒိဋ္ဌိ ၂ မျိုးကွဲပြား၏။ ယင်း ၂ ပါးတွင် သဿတဒိဋ္ဌိ မှ ၅၅ ငါးဆယ့်ငါးပါး။ ဥစ္ဆေဒဒိဋ္ဌိမှ ၇ ခုနစ်ပါးပြားပြန်၏။ ဒိဋ္ဌိမျိုး ၆၂ မျိုးဖြစ်သည်။ ယင်း ၆၂ ပါးသော ဒိဋ္ဌိအယူကို ပေါက်ဖွားစေတတ်သော အရင်းမူလ အတ္တဒိဋ္ဌိကိုပင် အတ္တဓာဒပါဒန် ခေါ်သည်။ ဗုဒ္ဓသာသနာမှ ပြင်ဘက်အပ၌ အတ္တအယူအစွဲအလမ်းကို မကျော်လွှန်နိုင်ကြကုန်။

"တေ အတ္တာဒါနံမုဋ္ဌိဘု နသက္ကောန္တိ" ပ္ပဏာအဋ္ဌကထာ။ တေ၊ ထိုသာသနာတော်မှအပ ပြင်ဘက်သားတို့သည်။ အတ္တာဒါနံ၊ အတ္တအယူအစွဲအလမ်းကို။ မုဋ္ဌိတုံ၊ စွန့်လွှတ်ခြင်းငှာ၊ နသက္ကောန္တိ၊ မစွမ်းနိုင်ကြကုန်။ ဤဆိုအပ်ခဲ့ပြီးသည်ကား။ သက္ကာယမှ အလွတ်အတ္တတည်း။ ရှင်တော်မြတ်ဘုရားသည် အနာဝရဏ သဗ္ဗညုတဉာဏ်တော်ဖြင့် အဏုမြူမျှမကျန်ရအောင် လူ့လောက၊ နတ်လောက၊ ဗြဟ္မာ့လောက၊ လောက အလုံးကို သိမ်းရုံးကြိတ်ချေနှောက်မွှေကုန်စင် ခန္ဓာ–အာယတန–ဓာတ် စသည်နည်းအမျိုးမျိုးတို့ဖြင့် ဝေဖန်ခြားနား၍၊ အကောင်အတ္တ မရှိကြောင်းကို ပြတော်မူရာ၊ အချို့က ငါမရှိ၊ အကောင်မရှိ၊ အတ္တမရှိလျှင် အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ အတ္တဆိုသည်ကား ရုပ်ပါပဲ။ အချို့က ရုပ်သည်အတ္တမဟုတ်။ ဝေဒနာ စသည်သာ အတ္တ။ စက္ခုစသည်သာ အတ္တ။ ဤသို့ စသည်အတ္တ အစွဲအလမ်းတွေဖြစ်ပြန်ကုန်၏။ ဤသည်ကား သက္ကာယအတ္တတည်း။

(သက္ကာယမှ အလွတ်အတ္တ၊ သက္ကာယအတ္တဟူ၍အတ္တ ၂ မျိုး) ယင်းအတ္တ ၂ မျိုးသည်၊ လူ့လောက၊ နတ်လောက၊ ဗြဟ္မာ့လောကကြီးတို့၌ လုံးလုံးမရှိ။ ပရမတ္ထတရားတွေသာ ရှိသည်။ ယင်းပရမတ္ထတရားတွေသည် အတ္တမဟုတ်။ အနတ္တတွေဟုပြတော်မူလို၍၊ ကုသလာဓမ္မာ–အကုသလာဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူသည်။ အချုပ်မှာ သူ့အကြောင်းအားလျော်စွာ သူ့သဘာဝအလျောက် သူဖြစ်သလိုဖြစ်၍နေကြသော တရားတွေသာရှိသည်။ အတ္တာ၊ အတ္တသည်။ န၊ မရှိ။ အနတ္တာ၊ အတ္တမရှိ။ ဝါ၊ အတ္တရှိသည် မဟုတ်။

ဓမ္မတွေကို အတ္တဟု အထင်အစွဲ ရှိကြပြန်သောကြောင့်။ အတ္တာ၊ အတ္တသည်။ န၊ မဟုတ်။ အနတ္တာ၊ ဓမ္မတို့သည် အတ္တမဟုတ် ဆိုလိုသည်။

''သုညောလောကော''။ သုတ္တနိပါတ်ပါဠိတော်။ လောကော၊ လောကကြီးသည်။ သုညော၊ နိစ္စ-သုခ-သုဘဖြစ်သော အတ္တမှ၊ ဆိတ်၏။ ကင်း၏ (ဝါ)လုံးလုံးမရှိ။

''သဗ္ဗေဓမ္မာအနတ္တာ''။ ဓမ္မပါဠိတော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ လောကီလောကုတ် ပရမတ်ပညတ်တရားတို့သည် အနတ္တာ၊ အတ္တမရှိ။ ဝါ၊ အတ္တမဟုတ်ကုန်။

''အနတ္တာတိ အတ္တနာဗ်ဝေန ပုဂ္ဂလေနရဟိတော၊ ကေဝဓမ္မေဝိပုဂ္ဂလော နတ္ထိတိအတ္တော''။ အဘိဓမ္မာအဋ္ဌကထာ။ အနတ္တာတိ၊ အနတ္တာဆိုသည်မှာ၊ အနတ္တနာ၊ အတ္တမှ၊ ဗ်ဝေန၊ ဗီဝမှ၊ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်မှ၊ ရဟိတော၊ လုံးလုံးကင်း၏။ ဝါ၊ လုံးလုံးမရှိ။ ကေဝဓမ္မေဝိ၊ ရုပ်ဝေဒနာ စသော၊ စကျွဲသောတစသော၊ တစ်ခုသောတရား၌လည်း။ ပုဂ္ဂလော၊ အတ္တခေါ်သော ပုဂ္ဂလသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသည်ကား။ အတ္တော၊ အနတ္တ၏ အနက်တည်း။ ဤအဘိဓမ္မာ အဋ္ဌကထာအလို၊ အနတ္တာသည်၊ လောကကြီးသည် အတ္တမှလုံးလုံးကင်း၏။ ဆိတ်၏၊ အတ္တလုံးလုံးမရှိ။ တစ်ခုသောတရား၌သော်လည်း အတ္တမရှိ။ ဆိုအပ်ခဲ့ပြီးသည်ကား။ အဘိညေယျအားဖြင့် သာမညသိမ်းကျုံး၍ ပြအပ်သော အဓိပ္ပာယ်လည်း ဖြစ်သည်။

ပရိညေယျအားဖြင့် ပြသော်ကား။ ''သဗ္ဗေသခါရာ အနိစ္စာ။ သဗ္ဗေသခါရာ ဒုက္ခာ။ သဗ္ဗေသခါရာ အနတ္တာ'' ဆိုလိုရင်း အဓိပ္ပာယ်မှာ အတ္တလည်းမရှိ။ အတ္တမဟုတ်သော် ဘာတွေလဲဟုမေး။ ဓမ္မတွေ ရုပ်နာမ်တွေ ခန္ဓာတွေ အာယတနတွေ ဓာတ်တွေ။ ယင်း ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တွေသည် အနိစ္စ ဒုက္ခတွေဖြစ်၍ နိစ္စ-သုခ ဟူသော ယူစရာရစရာ အနှစ်အသားမရှိ အသာရကတ္တာကြောင့်လည်းကောင်း၊ ထင်မှားစွဲလမ်းကြသော အတ္တ-လုံးလုံး မရှိ ဆိတ်ကင်းသော သုညအတ္တာကြောင့်လည်းကောင်း။ ပိုင်နိုင်အစိုးရသူ အရှင်မရှိ အသာမိကတ္တာကြောင့်လည်းကောင်း၊ အလိုသို့ လိုက်စေတတ်သော အကောင်အတ္တ- ပုဂ္ဂလမဟုတ်။ သူတို့ဘာဝတတ်တိုင်း ဖြစ်ချင်သလိုဖြစ်၊ ပျက်ချင်သလိုပျက်နေကြသော အဝသဝတ္တာနတ္တာကြောင့်လည်းကောင်း အနတ္တာတွေ ဆိုလိုသည်။ ဤသည်ကား ပရိညေယျအားဖြင့် အကျဉ်းချုပ်သဘောကို ပြဆိုချက်ဖြစ်သည်။ ဤအတ္တနှင့် အနတ္တစစ်တမ်း စစ်ချက်ကြီးသည် ဗုဒ္ဓသာသနာတော်၌ အနုသယဓာတ်ကို ဖြိုဖျက်ရန် လွန်စွာ အရေးကြီးသော ပညာလက်နက်ကြီး ဖြစ်လေသည်။ အတ္တအယူမှကင်းစင်၍ ဖြူစင်ကောင်းမြတ်သော အနတ္တ- သမ္မာဒိဋ္ဌိအယူကို ချောမောစွာ ဆိုက်ရောက်နိုင်ကြရန်၊ ဥရောပ၊ အင်္ဂလန်၊ လန်ဒန်မြို့တော်၌ နေစဉ် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီခေါ် အဘိဓမ္မာအဋ္ဌကထာကြီးများကို အင်္ဂလိပ်ဘာသာ ပြန်ဆို ရေးသားခဲ့သော ပါမောက္ခဆရာကြီး ဦးဖေမောင်တင်သည် အထက်က ရေးသားဖော်ပြခဲ့သော အတ္တအယူဝါဒ- ရှင်းလင်းချက်ကြီးများကို အင်္ဂလိပ်ဘာသာပြန်ဆိုပြောကြားမှု လုပ်ငန်းကြီး၌ ဘာသာတစ်ပါးတို့ သိနားလည်အောင် အထူးကျွမ်းကျင်သော ပညာသတင်းတို့ဖြင့် တသင်းသင်း တပျံ့ပျံ့ ဂုဏ်ရနံ့လှိုင်ကြောင်း အနောက်နိုင်ငံသားတို့ ကောင်းကောင်းကြီး သိကြပေပြီ။

ဤသည်ကား ပါမောက္ခဆရာကြီးသည် ဘာသာအယူဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားတို့အား ဟော ပြောခဲ့သော အရပ်ရပ်တရားတို့မှ လိုရင်းကို ကောက်နုတ်၍ပြဆိုချက်ပေတည်း။

ဆရာဦးလှတင်သည်၊ ဦးဖေမောင်တင် နိုင်ငံခြား၌ ဟောပြောခဲ့သော တရားများကို အတ္တုပ္ပတ္တိဒုတိယတွဲ၌ ဆက်လက်ဖော်ပြမည်ဖြစ်ကြောင်း သတင်းကောင်းပါးပြီးနောက်၊ မင်္ဂလာရတုပိုဒ်စုံ ၃ ပိုဒ်ကိုလည်း ဆက်လက် ရေးသားဖော်ပြထားလေသည်။

## နိဒုံး မင်္ဂလာ ရတုပိုဒ်စုံ ၃ ပိုဒ်

က။ ။ တက္ကသိုလ်မည်။ တင့်မောစည်သား၊ မြန်ပြည်တံခွန်၊ နိုင်းတုလွန်လျက်၊ ကျော်ဝုန်ခြိမ့်ညံ၊ တိုင်းလုံး လျှံသည်၊ သိပ္ပံဘွဲ့ချီး၊ ထိုကျောင်းကြီးတွင်၊ ဦးစီးနာယက၊ ပါမောက္ခ ဟု၊ ဌာနဝိသေ၊ တင့်ထူးပေသည့်၊ ဦးဖေမောင်တင်၊ ပညာရှင်ကား၊ ရှေးတွင်ဆည်းပူး၊ ကုသိုလ်ထူးကြောင့်၊ ညွှန်ဖူးပမာ၊ ဤလူ့ရွာဝယ်၊ နွယ်လာမျိုးမြတ်၊ ဖြစ်ခဲ့လတ်၍၊ မဟတ်ဝိသိဋ္ဌ၊ အတိဟိတ်ဖြင့်၊ ပဏ္ဍိတ်အကျော်၊ တစ်မဟော်ဟု၊

ခေတ်ပေါ်မြောက်မြင့်၊ ဘဝင်လွှင့်မျှ၊ ထူးတင့်ဂုဏ်ဝါ၊ ဖြာကြီးဖြာလျက်၊ ပညာရှိမူ၊ ငါတည်းဟူ၍၊ ပြိုင်သူဖတ်လွှင့်၊ အောင်လံဖွင့်လျက်၊ ခပင့်များမြောင်၊ မြန်တိုင်းဘောင်တွင်၊ ဉာဏ်ရောင်လ–နေ၊ ထိန်ထွန်းဝေသည်။ သပြေညာခွင့် အလင်းတည်း။

ခ။ ။ ချက်ဗဟိုတည်။ မြန်တိုင်းပြည်တွင်၊ ဂုဏ်ရည်မမှိန်၊ စန်းပွိုန်းဆို၊ ထွန်းထိန်တောက်ပ၊ ပါမောက္ခဟု၊ မူလခေါ်မို၊ မာဂဓီနှင့်၊ ထိုပြိုတဖန်၊ အတန်တန်လျှင်၊ ဘာသန္တရ၊ နည်းနယ၌၊ ဆေကကောဝိ၊ လိမ္မာဘိ၍၊ ပဏ္ဍိကဝိန်၊ သုခမိန်ဟု၊ အိန္ဒိယမကျန်၊ အင်္ဂလန်နှင့်၊ ဂျာပန်ဂျာမဏီ၊ အီတလီမည်၊ အပြည်ပြည်တွင်၊ ထုံကြည်ပျံ့မွှေး၊ ရန်ပြေးခဲ့၊ ခုရှေးနောင်ရှိ၊ တေကာလိတွင်၊ တူဘိအသွင်၊ ကျော်စောထင်သည်၊ ဉာဏ်ရှင်ထွတ်မှူး၊ ပုဂ္ဂိုလ်ထူးကား၊ ကျော်ကြူးတစ်ယောက်၊ တံခွန်ဆောက်လျက်၊ ပေါ်ပေါက်ဖို့ပင်၊ ခက်အံ့ထင်ခဲ့၊ သို့စင်တမျှ၊ ဂုဏ်ရှိလှ၍၊ ဝိသေသမည်၊ အာဇာနည်ဟု၊ ဆိုမြည်နှုတ်ချွေ၊ သမုတ်လေသည်။ ကဝေပါရင့် သနင်းတည်း။

ဂ။ ။ စက်နဂိုရ်ရည်။ အမြဲလည်သား၊ ရွှင်ကြည်ပြကတေ့၊ ကျင့်ဓလေ့လျှင်၊ သိမ်မွေ့ပျော့ပြောင်း၊ သူတော်ကောင်းဟု၊ အပေါင်းခေါ်ဆို၊ ထိုပုဂ္ဂိုလ်၏၊ ပင်ကိုယ်မူလ၊ ဘွားသည့်မှလျှင်၊ စ၍ခုထိ၊ ထုပ္ပတ္တိကို၊ ဖြန့်ချိတည်ထွင်၊ ရေးစီရင်ခဲ့၊ များဖြင်သောင်းသောင်း၊ မိတ်အပေါင်းလည်း၊ စိတ်ကောင်းသိုမှိုး၊ ဘတ်ရှုပြီးလျှင်၊ အံ့ချီးမနိုင်၊ ပီတိလှိုင်၍၊ ကြီးခိုင်ဓာတ်ခံ၊ မြင့်ရာကြံလျက်၊ တက်လှုံ့ဂုဏ်နေ၊ ထွန်းလင်းစေဟု၊ ရည်ချွေမနေ၊ အာရုံစော၏၊ ပြန့်ပြောသဒ္ဒါ၊ စေတနာနှင့်၊ ဤစာဂန္ထ၊ ပေါ်လာရအောင်၊ လှုံ့လစွဲပြု၊ ဤကောင်းမှုကြောင့်၊ ကြီးထုဉာဏ်ဓာတ်၊ ရင့်သန်လတ်၍၊ ဇာတ်ပညဝါ၊ ဂုဏ်ထူးသာလျက်၊ အာဇာနေယျ၊ ပဏ္ဍိတလျှင်၊ ပုဂ္ဂလဝိသေ၊ ဖြစ်လိုပေသည်။ သရေဖြာတင့် မယွင်းတည်း။

| အဦး | | | | | | အချုပ် |
|---|---|---|---|---|---|---|
| က ။ | ။ | တက္ကသိုလ်မည် | ။ | ။ | | သပြေညာခွင့် အလင်းတည်း။ |
| ခ ။ | ။ | ချက်ဗဟိုတည် | ။ | ။ | | ကဝေပါရင့် သနင်းတည်း။ |
| ဂ ။ | ။ | စက်နဂိုရ်ရည် | ။ | ။ | | သရေဖြာတင့် မယွင်းတည်း။ |

ဤအတ္ထုပ္ပတ္တိစာတမ်း ပထမတွဲကို ရေးသားရာ၌ အကြံဉာဏ်ပေး၊ အထောက်အပံ့ အကူအညီပြုသော ပုဂ္ဂိုလ်မှာ ရန်ကုန်မြို့ ဆာဘိုးသာ၏ နော်မံကျောင်းကြီးဆရာတော် ဦးရေဝတဖြစ်၍ ၎င်းပုဂ္ဂိုလ်အား များစွာ ကျေးဇူးတင်ပါကြောင်း။

ဆရာဦးလှတင်သည် သူ့အတ္ထုပ္ပတ္တိစာတမ်းကြီးကို မင်္ဂလာရတုပိုဒ်စုံနှင့် နိဂုံးချုပ်လိုက်ပြီးနောက်၊ အနီ အတ္ထုပ္ပတ္တိကြီးကို စုဆောင်းရေးသားရာ၌ အကြံပေးကူညီသူ ပုဂ္ဂိုလ်အား ကျေးဇူးတင်ရှိကြောင်းကိုလည်း ဖော်ပြ မှတ်တမ်းတင်ထားလေသည်။

သူ့အကြောင်းကို ချီးမြှောက်ရေးဖွဲ့ထားသော အတ္ထုပ္ပတ္တိစာအုပ်ကလေး ထွက်လာခဲ့ပြီးနောက်၊ သုံးလလောက် အကြာ၌ကား သူ့အပေါ်သို့ အပြစ်ထောက်ပြသော စာတစ်ပုဒ်ကို ဦးဖေမောင်တင် တွေ့မြင်ဖတ်ရှုလိုက်ရပြန် လေသည်။

ဦးဖေမောင်တင်၏အပြစ်ကို ထောက်ပြသူကား၊ အကျော်အမော် မဟော်တစ်ဦးဖြစ်သော မစ္စတာမောင်မှိုင်း အမည်ခံ ဆရာလွန်းဖြစ်လေသည်။

၁၉၃၃ ခု၊ အောက်တိုဘာလမှ အစပြု၍ တိုးတက်ရေးအမည်ဖြင့် မြန်မာစာပေမဂ္ဂဇင်းတစ်စောင် တိုးပွား ထွက်ပေါ်လာခဲ့သည်။ တိုးတက်ရေးမဂ္ဂဇင်း အယ်ဒီတာမှာ ဦးစိန်ဆိုသူ ဖြစ်သည်။

တိုးတက်ရေးမဂ္ဂဇင်းထဲ၌ မစ္စတာမောင်မှိုင်းအမည်ခံ ဆရာလွန်းက ''ရာဇဝင်နီတိ''ဟု အခန်းတစ်ခန်းဖွင့်ကာ ရေးသားနေလေသည်။

ထို့နောက် ၁၉၃၄ ခုနှစ်၊ ဩဂုတ်လထုတ်၊ အမှတ် ၁၁ တိုးတက်ရေးမဂ္ဂဇင်း ရာဇဝင်နီတိခန်း၌ မစ္စတာ မောင်မှိုင်းက သူ့တပည့်မများ ဖြစ်ကြသော ကေသာဝတီ၊ ဗေဒါရီတို့ ယောဂီတစ်သိုက်နှင့် စကားဆွေးနွေးရာ၌

ဆရာပွားတည်းဖြတ်၍၊ ဦးဖေမောင်တင်က အယ်ဒီတာချုပ်အဖြစ် စီမံညွှန်ကြား၍ မြန်မာနိုင်ငံသုတေသနအသင်းမှ အသစ်တစ်ဖန် ရိုက်နှိပ်ထုတ်ဝေခဲ့သော ဦးကုလားရာဇဝင်တော်သစ်ကြီး ပထမတွဲအထဲမှ ''ပန်တူ''ဟူသော အရေးအသားသည် မှားယွင်းနေကြောင်း ဖော်ပြလိုက်လေသည်။

မဟာရာဇဝင်တော်ကြီး ပထမတွဲ၊ စာမျက်နှာ (၁၉၄–၁၉၅)တို့မှ ''ဦးတည်ဘွား ဆရာရသေ့နှင့် အနော်ရထာမင်းစော စကားပြောဆိုပုံအကြောင်း''၌...

– အနော်ရထာမင်းစောလည်း ငါသို့သောမင်း လာရောက်သည်ကို ဦးတည်ဘွားသည် မဖူးမမြင် မထွက်မနပ်နေသည်၊ နေရာသည်လောဟူ၍ ရွှေဖျင်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် ညဉ့်အခါ ဦးတည်ဘွားနန်းသို့ဝင်၍ ရေစက်နှင့်အိပ်သည်ကို ရေကိုကုန်အောင်ပန်တူ ၂ ဖြင့် စုပ်ပြီးသော် ဦးတည်ဘွားကိုယ်ကို ထုံးဖြင့်သုံးတန့်သားချေ၊ ငါသို့သော မင်း လာရောက်တော်မူသည်ကို မဖူးမမြင်မထွက်မနပ်နေသည်၊ နေရာသလော၊ ယင်းသို့နေလျှင် ဤထုံးသားရာကို ဖြတ်ပိုင်း၍ပစ်မည်ဟု နံရံတွင်စာရေးထားခဲ့မှာတော်မူ၏။

ထိုစာပိုဒ်ထဲမှ ''ပန်တူ''ဆိုသော စကားလုံးကို အောက်ခြေပြမှတ်ချက်၌ ''ရေစုပ်သော ကရိယာဟူလို''ဟု အဓိပ္ပာယ်ဖွင့် ဖော်ပြပေးထားလေသည်။

မစ္စတာမောင်မှိုင်းက ပါမောက္ခဖေမောင်တင်နှင့် ကျူတာဆရာပွားတို့ အဓိပ္ပာယ်ဖွင့်ပြထားသောအချက်မှာ မှားယွင်းကြောင်း၊ တကယ့်အဓိပ္ပာယ်အမှန်သည် ''ဂါထာမန္တရား'' သာဖြစ်ကြောင်း ရေးသားဖော်ပြထားလေသည်။

တိုးတက်ရေးမဂ္ဂဇင်းထဲမှ ထိုအကြောင်းကို ဖတ်ရှုကြပြီးနောက်၊ အသိမိတ်ဆွေများနှင့် တပည့်ကျောင်းသူကျောင်းသားများက ဦးဖေမောင်တင်ကို လာပြောကြလေသည်။

သူတို့ကို ဦးဖေမောင်တင်က ပြန်ပြောလိုက်လေသည်။

''ဒါကတော့ ဆရာလွန်းကလည်း သူ့အမြင် သူ့အတွေး သူ့လေ့လာချက် သုတေသနပြုချက်အရ သူလက်ခံတာကို ရေးပြတာပဲ၊ ရေးပြခွင့်ရှိတော့ ရေးပါစေပေါ့၊ ကျုပ်တို့ကလည်း ကျုပ်တို့ သုတေသနပြုချက်အရ ကျုပ်တို့လက်ခံထားတဲ့အချက်ကို ရေးပြထားခဲ့တာပဲ မဟုတ်လား''

မစ္စတာမောင်မှိုင်း၏ ရေးသားချက်အတွက် ဦးဖေမောင်တင်အဖို့တွင် ဘယ်သို့မျှ ထူးခြားခံစားမှု မဖြစ်မိသော်လည်း သူ့တပည့်တချို့မှာမူ မကျေမနပ်ဆူပွက်ဆူပွက်ဖြစ်သွားကြလေသည်။

သူတို့က မစ္စတာမောင်မှိုင်း၏ ရေးသားချက်ကို ပြန်လှန်ချေပမည်ဟု ဆိုလာကြသည်။

သူတို့ကို ဦးဖေမောင်တင်က ဟန့်တားပိတ်ပင်၍ နှစ်သိမ့်လိုက်ရလေသည်။

''အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်မနေရအောင် ပြန်ပြီးရေးမနေကြပါနဲ့၊ မချေပကြပါနဲ့၊ အခုအချိန်ဟာ ကိုယ့်အချင်းချင်း အငြင်းပွားနေဖို့ အပြစ်ရှာနေကြဖို့မဟုတ်ဘူး၊ ကိုယ့်ဗမာစာပေတိုးတက်မြင့်မားလာဖို့အတွက်သာ ကြိုးစားရှာဖွေကြဖို့၊ သုတေသနပြုပြီး ဖော်ထုတ်ပေးဖို့၊ စာပေပြန့်ပွားစေဖို့ကိုသာ ဝိုင်းဝန်းအားထုတ်ကြရမယ်ကွယ့်''

ဦးဖေမောင်တင်က သူ့ခံယူချက်အတိုင်း ထုတ်နုတ်ပြောဆိုလိုက်ပြီးနောက် စိတ်နှလုံးသက်သက်သာသာဖြင့် သူ့တွင် တန်းစီနေသော သူ့အလုပ်တာဝန်များကိုသာ ဆက်လက်ဆောင်ရွက်နေလိုက်လေသည်။

ထို့နောက် စက်တင်ဘာလ တိုးတက်ရေးမဂ္ဂဇင်းထွက်လာသောအခါ၌ကား၊ ဦးဖေမောင်တင်၏တပည့်ကျော် တက္ကသိုလ်မြကေတုအမည်ခံ မောင်ချမ်းမြ၏

''မစ္စတာမောင်မှိုင်းသို့ ''ပန်တူ''အကြောင်း ဖြေရှင်းချေပချက်''

ဟူသော ခေါင်းစဉ်ဖြင့် ဘယ်အချိန်က ပို့ခဲ့မှန်းမသိသော ချေပရေးသားချက်တစ်ခုပါလာလေသည်။

တိုးတက်ရေးမဂ္ဂဇင်း အယ်ဒီတာဦးစိန်သည် မြကေတု၏ချေပချက်ကို ထည့်ပေးရုံမကပဲ မြကေတုအား ဓာတ်ပုံနှင့်တကွ သူ့ဘဝအတ္ထုပ္ပတ္တိအကျဉ်းကိုပင် သီးခြားဖော်ပြလိုက်သေးသည်။

ထို့အပြင် အယ်ဒီတာဦးစိန်က ကလောင်စွမ်းထက်ထက်ဖြင့်...

– ဗေဒါ၊ ခေမာတို့အပြင် အရီးစိမ်း အရီးပိန်းတို့ကို အားကိုးတစ်ခုပြုပြီးလျှင် တက္ကသိုလ်တွင် မိုလ်လုချင်သော (ဝါ)ချောင်တိုင်း ချောင်တိုင်းက ''မောင်မှိုင်း– မောင်မှိုင်း ဟ''ဟု အသိအမှတ်ပြုခြင်းကို ခံရသော (ဝါ) (ယခုခေတ်) မြန်မာတစ်တွေတွင် ဆရာစလေဟု သမုတ်ခြင်းကိုခံရသော မစ္စတာမောင်မှိုင်းသည် စာထုပ်

ပေထုပ်တည်းဟူသော လက်နက်တို့ကို ကိုင်စွဲ၍ တက္ကသိုလ်ကျောင်းတိုက်သို့ ချင်းနင်းဝင်ရောက် တိုက်ခိုက်ရာ မည်သူ့ကိုမျှ အသိမပေးဘဲ တစ်ဦးတည်းထွက်ပေါ်၍ မစ္စတာမောင်မှိုင်းကို ဒေါင်စိုင်းအောင် တွန်းလှန်ဖြိုဖျက်လိုက်သော ''မြကေတု''ပုံဖြစ်လေသည်။ (၎င်း ချေပချက်ကို ဤမဂ္ဂဇင်းစာမျက်နှာ နံပါတ် ၈၅ တွင် ကြည့်ပါ) (အယ်ဒီတာ)

ဟု ဘေးတီးသံဖြင့် မှတ်ချက်ကိုပင် ထုတ်နုတ်ပေးလိုက်သေးသည်။

သူ့ ''ပန်တူ'' ပြဿနာနှင့်ပတ်သက်၍ ယခုကဲ့သို့ ပြန်လှန်ချေပရေးသားလိုမှုကို အားမပေးခဲ့သော ဦးဖေမောင်တင်က မဂ္ဂဇင်းရောင်းကောင်းရေးအတွက် အကွက်ဆိုက်အောင် မြကေတုနှင့် မစ္စတာမောင်မှိုင်းတို့ နှစ်ယောက်ကို ဘေးတီးပေးလိုက်သော အယ်ဒီတာဦးစိန်၏ မှတ်ချက်အသုံးအနှုန်းစကားလုံးများကို မကြိုက်မနှစ်သက်ချေ။

ထို့ကြောင့် ဦးဖေမောင်တင်က ယခု မြကေတု၏ ချေပချက်နှင့်အတူ မစ္စတာမောင်မှိုင်းကလည်း ဆက်လက်ရေးသားကန့်ကွက်ဦးမည့်စာများကို လုံးဝ မဖတ်ရှုရန် ဆုံးဖြတ်ထားလိုက်လေသည်။

ဦးဖေမောင်တင်က မဂ္ဂဇင်းကို မဖတ်တော့သော်လည်း မြကေတုနှင့် မစ္စတာမောင်မှိုင်းတို့ အပြန်အလှန်ရေးသားတိုက်ခိုက်နေကြသည့်အကြောင်းအချက်များကိုမူ တစ်ဆင့်စကားဖြင့် ကြားနေရလေသည်။

''မစ္စတာမောင်မှိုင်းကြီးက သူ့ကို စီးချင်းထွက်တိုက်တဲ့ မြကေတုကိုတော့ တော်ရုံသဘောထားပြီး မြကေတုရဲ့ ဆရာနှစ်ပါးကိုသာ အဓိကဖိရေးနေတယ်ဆိုပါကလား''

ဦးဖေမောင်တင်က ပိတ်ဆို့မထားသာသဖြင့် နားမှကြားနေရသော်လည်း သည်အရေးကိစ္စနှင့်ပတ်သက်၍ကား တစ်ခွန်းတစ်ပါဒမျှ မှတ်ချက်မပေး၊ ဝေဖန်ဆွေးနွေးချက်မပြုဘဲ၊ နှုတ်ပိတ်ရေငုံနေလိုက်သည်။

သည်အတွက် မျှော်လင့်ချက်ထားနေကြသူ အတော်များများက ဦးဖေမောင်တင်ကို အံ့သြထူးဆန်းခြင်းဖြစ်မိကြလေသည်။

တချို့ကမူ မတုန်မလှုပ်ရှိနေသော ဦးဖေမောင်တင်ကို အားမလိုအားမရဖြစ်နေကြသည်။

တချို့ကတော့လည်း ဦးဖေမောင်တင်အပေါ် သို့လော သို့လော တွေးတောနေကြလေသည်။

အဆိုပါ ''ပန်တူ''ပြဿနာအတွက် လောလောလတ်လတ် အကျိုးအမြတ် ထွက်သွားချက်ကား တိုးတက်ရေးမဂ္ဂဇင်း လက်ကျန်မရှိအောင် အရောင်းရသွက်သွားခြင်းပင်ဖြစ်သည်။

သို့ရာတွင် နောက်ပိုင်း၌ တစ်ဦးအပေါ်တစ်ဦး ခပ်ကြမ်းကြမ်းရမ်းရမ်း သိကုံး သုံးနှုန်းလာသောအခါ၌ကား သူပင်အစပျိုး၍ ခြေထိုးပေးခဲ့သော အယ်ဒီတာက ခေါင်းရှောင်ကာ

– မစ္စတာမောင်မှိုင်းနှင့် မြကေတုတို့အချင်းများ၍ ငြင်းပွားရာ၌ တစ်ဖက်ကလည်း နိုင်ငံကျော် စာရေးဆရာကြီးဖြစ်ခြင်း၊ တစ်ဖက်ကလည်း မြန်မာပြည်တစ်ပြည်လုံး ထိပ်သီးတက္ကသိုလ်ကျောင်းတော်ကြီးမှ ကျောင်းတော်သားဖြစ်သည့်ပြင် မြန်မာစာဂုဏ်ထူးဆွတ်ခူးမည့်သူတစ်ဦးဖြစ်သဖြင့် ၎င်းတို့စွပ်စွဲချေပ ကလောင်စွမ်းပြချက်များကို တိုင်းပြည်က မူရင်းအတိုင်း သိလိုလှသဖြင့် ကျွန်ုပ်တို့သည် ပြင်ဆင်ခြင်း၊ ထုတ်နုတ်ခြင်း၊ ဖြည့်သွင်းခြင်း၊ ရေလာမြောင်းပေးမှတ်ချက်ရေးခြင်းတို့ကို အလျဉ်းမပြုမူ၍ နဂိုရင်း မူလအတိုင်း ထည့်သွင်းဖော်ပြပါသည်။

– ထို့ကြောင့် တစ်ဖက်မှတစ်ဖက်သို့ လွှန်ကျူးခြင်း၊ အာဘော်အာရင်း နှခြင်း၊ ကြမ်းခြင်းတို့ကို ယခုလကအစပြု၍ ထိုကိစ္စဆုံးသည့်တိုင်အောင် ကျွန်ုပ်တို့တာဝန်မခံပါ။ မူအတိုင်းလာသည်တို့ကိုသာ ထည့်သွင်းပေးမည်ဖြစ်ပါ၍ တာဝန်အသီးသီးတို့မှ ရေးသားသူပုဂ္ဂိုလ်တို့၏ တာဝန်မျှသာဖြစ်လေသည်။

စသည်ဖြင့် ရေးသားဖော်ပြ၍ ကိုယ်လွတ်ရုန်းထွက်သွားကြောင်း သိရလေသည်။

ထိုကဲ့သို့သော ပြဿနာမျိုးသည် မီးခိုးမဆုံး၊ မိုးမဆုံး ဖြစ်တတ်လေ့ရှိကြသည့်အတိုင်း မစ္စတာမောင်မှိုင်းဘက်မှ ထောက်ခံသူ၊ မြကေတုဘက်မှ ထောက်ခံသူတို့ကလည်း ဝင်ရောက်ရေးသားလာခဲ့ကြရာ အခြေအနေမှာ ပို၍ ကျယ်ပြန့်လာလေသည်။

နောက်ဆုံး၌ တိုးတက်ရေး မဂ္ဂဇင်း၌သာမကပဲ သူရိယသတင်းစာ၊ မြန်မာ့တာရာသတင်းစာ၊ တိုင်းချစ်မြန်မာသတင်းစာ၊ ဗန္ဓုလဂျာနယ် စသည်တို့၌ပါ ရေးသားထောက်ခံကြ၊ ကန့်ကွက်ချေပကြနှင့် လှုပ်လှုပ်ရှားရှားရှိနေကြလေသည်။

သို့သော်လည်း ဦးဖေမောင်တင်ကမူ သူ့ခံယူချက်အတိုင်း တုတ်တုတ်မျှမလှုပ်ဘဲ သူ့အလုပ်တာဝန်များကိုသာ မနားတမ်းလုပ်ကိုင်ဆောင်ရွက်နေလိုက်လေသည်။

ဦးဖေမောင်တင်က သူပြုစုဖူးသော စာပေမှန်သမျှ၊ သန့်စင်သော စေတနာနှင့် ဖြောင့်မှန်သော သစ္စာတရားကို အမြဲတမ်းလက်ကိုင်ထားခဲ့သည်ဖြစ်သောကြောင့် သူ့အပေါ် ဘယ်ကဲ့သို့ပင် ထိပါးပုတ်ခတ်လာကြသော်လည်း မလှုပ်မရှား ကြံ့ကြံ့ခံနိုင်စွမ်းရှိလေသည်။

ဦးဖေမောင်တင်သည် သူပြုစုသမျှ စာပေကျမ်းဂန်တိုင်းကို ဘက်မလိုက်သော အတွေးအခေါ်၊ အမြော်အမြင်ခံယူချက်များဖြင့် အကောင်းဆုံးအမှန်ဆုံးဖြစ်စေရန် အမြဲတမ်း ဝါယမစိုက်ထုတ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

ဤသည်မှာ သူ၏ကြိုးပမ်းချက်၊ အားထုတ်ချက်များဖြစ်သည်။

သို့ရာတွင် သူ၏ကြိုးပမ်းချက် အားထုတ်ချက်အရ အကောင်အထည်အဖြစ် ထွက်ပေါ်လာချက်များသည် မမှန်မကန်လွဲမှားနေသည်ဟု ထင်မြင်ပါက ထင်မြင်သူအနေဖြင့် ယခုထက် ပိုကောင်းအောင် ပိုမှန်အောင် ကြိုးပမ်းအားထုတ်၍ အကောင်အထည်ဖော်နိုင်လေသည်။

ဤသည်မှာ မည်သူမဆို လုပ်ဆောင်လို၍ လုပ်ကိုင်နိုင်စွမ်းရှိပါက လွတ်လွတ်လပ်လပ်ပြုလုပ်နိုင်သော ပြုလုပ်အပ်သောအချက်ဖြစ်သည်။

ထိုကဲ့သို့ ပြုလုပ်ရာ၌ တစ်ဦးထက်တစ်ဦးက ပိုကောင်းအောင် ပိုမှန်အောင် ပို၍နိုင်မာမြင့်မားလာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ဘယ်အကြောင်းကိစ္စ၌မဆို၊ ကောင်းသည်ထက်ကောင်း၊ မှန်သည်ထက်မှန်အောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရာတွင် မိမိရှေ့မှ ကြိုးစားစွမ်းဆောင်၍ အကောင်အထည်ဖော်သွားသူများကို မပုတ်ခတ်သင့်၊ အပြစ်မတင်ထိုက်ဟု ထင်သည်။

ရှေ့မှလူများသည် သူတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးကုတ်အားထုတ်၍ တာဝန်ကျေကာ ဝတ္တရားဖြည့်သွားကြသူများဖြစ်သည်။

နောက်လူများသည် ရှေ့မှကြိုးစား၍ တာဝန်ကျေသွားခဲ့သူများကို ထိပါးပုတ်ခတ်ကာ အပြစ်ရှာကာ အပြန်အလှန် ငြင်းခုံချေပခြင်းများဖြင့် အချိန်ကုန်လူပန်းဖြစ်စေမည့်အစား၊ ရှေ့ကထက် ပို၍ ပို၍ကောင်းအောင်၊ ပို၍ ပို၍ မှန်ကန်အောင်၊ ပို၍ ပို၍ တာဝန်ကျေစွာ ကြိုးစားအကောင်အထည်ဖော်ဆောင်နိုင်ကြရမည်သာဖြစ်သည်။

သည်ကဲ့သို့ခံယူထားသော ဦးဖေမောင်တင်က သူ့ရှေ့မှ တာဝန်ကျေသွားကြသော သူများ၏ ကြိုးစားထားချက်များသည် အားနည်းလွဲမှားနေသည်ဟုထင်လျှင် အပြစ်တင်ပုတ်ခတ်ခြင်းဖြင့် အချိန်ဖြုန်းမနေတတ်ချေ။

ဦးဖေမောင်တင်က သူ့အပိုင်း၊ သူ့ရှုထောင့်မှ သူအစွမ်းရှိသမျှ ထပ်မံကြိုးစား၍ စုဆောင်းရှာဖွေကာ သုတေသနပြုလိုက်သည်။

ထို့နောက် ရှေ့ကထက် အားကောင်းခိုင်မာ၍ ပိုမိုမှန်ကန်ကောင်းမွန်သည်ဟုထင်သော သူရှာဖွေတွေ့ရှိထားရာ အချက်အလက်များကို ထပ်ဆင့်ကာ အကောင်အထည်ဖော်ပေးလိုက်ခြင်းဖြင့် အများအတွက် အသုံးချ အကျိုးပြုလိုက်လေသည်။

သူ့ကြိုးစားအားထုတ်ချက်ထက် ပိုမိုကောင်းမွန်မှန်ကန်ခိုင်မာသော အချက်အလက်များကို ရှာဖွေဖော်ထုတ်နိုင်သူများ ထပ်မံပေါ်ပေါက်လာပါကလည်း ဦးဖေမောင်တင်က ဝမ်းသာလိုလားစွာ လက်ကမ်းကြိုဆိုမိလေသည်။

အကယ်၍ သူ၏ ကြိုးစားစွမ်းဆောင်ထားချက်များကို အကြောင်းတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ တစ်သင်းတစ်ဖွဲ့ကဖြစ်စေ၊ ကဲ့ရဲ့သင့်ဂြိုလ်အပြစ်ဆိုလာခဲ့လျှင်လည်း ဦးဖေမောင်တင်က အကျယ်အကျယ် မငြိမ်းဖွယ်သော အပြန်အလှန်ချေပကန့်ကွက်ခြင်းများဖြင့် တန်ဖိုးရှိစွာ အသုံးချရမည့်အချိန်များကို ဖြုန်းတီးမပစ်တတ်ချေ။

သူ့အပေါ် ဘယ်သူက ဘယ်သို့ အပြစ်ဆိုဆို ဦးဖေမောင်တင်က အချိန်ကုန်ခံ၍ နားထောင်မနေဘဲ သူ ဆက်လက်ကြိုးပမ်းထမ်းဆောင်ရဦးမည့် တာဝန်ဝတ္တရားများကိုသာ ကြိုးစားကျေပွန်လိုက်လေသည်။

ယခု 'ပန်တူ'ကိစ္စ၌ မစ္စတာမောင်မှိုင်းအမည်ခံ စာပေပညာရှိ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဆရာလွန်းသည် တစ်ချိန်က ဟာဗီရာဇဝင် စာမူကြီးနှင့် ပတ်သက်၍ သူ့ဆောင်ရွက်ချက်ကိုသာ သိထားမည်ဆိုပါက ဦးကုလား မဟာရာဇဝင်တော်ကြီးအပေါ်၌ သူထားရှိသော စာပေသစ္စာနှင့် စေတနာခံယူချက်များကို ယခုထက် နားလည်လက်ခံ

နိုင်လိမ့်မည်ဟု ဦးဖေမောင်တင် ယုံကြည်မိလေသည်။

ထို့ကြောင့် ထိပ်တိုက်ရင်ဆိုင်နေရသော တပည့်မြကေတုကို ကျော်၍ ဆရာဖြစ်သော သူနှင့်ဆရာပွားတို့ နှစ်ယောက်ကိုသာ ကလောင်ချက်ဆော်နေသော ဆရာလွန်းအား ဦးဖေမောင်တင် ဘယ်ကဲ့သို့မျှ သဘောမထား ချေ။

ရှေးလူတို့ အယူသီးစွာ လက်ခံယုံကြည်ထားသော ကမ္ဘာမြေကြီးကို နေနှင့် အခြားဂြိုဟ်များက လှည့် ပတ်နေသည်ဆိုခြင်းမှာမဟုတ်၊ နေဝန်းကြီးကိုသာ ကမ္ဘာလုံးကြီးနှင့် အခြားဂြိုဟ်များက လှည့်နေခြင်းဖြစ်ကြောင်း ဖော်ထုတ်တင်ပြခဲ့သော ပိုလန်ပြည်သား ခရစ်ယာန်ဘုန်းတော်ကြီးနှင့် နက္ခတ္တဗေဒပညာရှင်ကြီး နစ်ကိုလေးယပ် ကော့ပါးနီကပ်* ဆိုလျှင် သူ၏ သုတေသနပြုကာ ရှာဖွေတွေ့ရှိချက်အတွက် အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည် အထိ၊ အဟောင်းအဆွေး အတွေးအခေါ်တို့မှ ပြောင်းလဲတိုးတက်ခြင်းမရှိကြသေးသူများ၏ ပိုင်းဝန်းကန့်ကွက် တိုက်ခိုက်ခြင်းကို ခံယူခဲ့ရသေးသည် မဟုတ်ပါလား။

ယခု ''ပန်တူ''နှင့် ပတ်သက်၍ ဆရာလွန်းသည်လည်း စာပေတာဝန်ကို သူ့ခံယူချက် ယုံကြည်ချက်အတိုင်း တွေးခေါ်မြော်ထောက်၍ ကောင်းသည်ထက်ကောင်း၊ မှန်သည်ထက်မှန်အောင် လေ့လာဖော်ထုတ်ခြင်းသာဖြစ် ကြောင်း ဦးဖေမောင်တင်က သဘောပေါက်မိလေသည်။

ယခု ''ပန်တူ''ပြဿနာ၌ မစ္စတာမောင်မှိုင်း (ဝ်) ဆရာလွန်းသည် သူ့ကလောင်စွမ်းထက်ထက်ဖြင့် ဦးဖေ မောင်တင်အပေါ် ဆော်နှက်ခဲ့သည်မှာ မှန်သည်။

သို့သော်လည်း ထိုကဲ့သို့ကလောင်ချက်ပြင်းပြင်းဖြင့် ဆော်နှက်ခဲ့ခြင်းသည် သူ့အပေါ်၌ ပုဂ္ဂလိက တိုက်ခိုက် လိုခြင်း မဟုတ်ကြောင်းကို အစကတည်းက ဦးဖေမောင်တင် နားလည်ထားခဲ့သည်။

သူ့အနေဖြင့် စာပေတာဝန်ကို ကျေပွန်စွာ လေ့လာရှာဖွေ၍ မှန်သည်ထက်မှန်၊ ကောင်းသည်ထက်ကောင်း အောင် ကြိုးစားအားထုတ်သလို၊ ဆရာလွန်းသည်လည်း စာပေနှင့်ပတ်သက်၍ သူ့ခံယူချက်၊ ယုံကြည်ချက် အတိုင်း တွေးခေါ်မြော်ထောက်ကာ သူ့ရှုထောင့်မှသူ စာပေတာဝန်ကို အပြည့်အဝကျေပွန်လိုက်ခြင်းသာဖြစ် ကြောင်း၊ ဦးဖေမောင်တင် ကောင်းစွာနားလည်လိုက်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က ''ပန်တူ''ပြဿနာကို ဖတ်ရှုဝေဖန်ခြင်းမပြုသော်လည်း မြန်မာစာပေ ကောင်း ကျိုးနှင့် တိုးတက်စေရန် ရည်သန်သော ဆရာလွန်း၏ စေတနာကလောင်ချက်များကို စိတ်မကွက်တမ်း ကြိုဆို လိုက်လေသည်။

ဤကဲ့သို့ ''ပန်တူ''ပြဿနာနှင့် ပတ်သက်၍ လှုပ်လှုပ်ရှားရှားရှိနေစဉ်မှာပင် ၁၉၃၄ ခု၊ အောက်တိုဘာလ ထုတ် ကြီးပွားရေးမဂ္ဂဇင်း၌ ဦးဖေမောင်တင် အတ္ထုပ္ပတ္တိစာတမ်းစာအုပ်ကို ဝေဖန်ချက်ပါလာခဲ့လေသည်။

## ဝေဖန်ချက်တွင်

– မည်သည့်ယဉ်ကျေးသော လူမျိုးမဆို၊ မိမိတို့တိုင်းပြည် ကြီးပွားရေးသော်လည်းကောင်း၊ စာပေပရိယတ္တိ တိုးတက်ရေးနှင့် အမျိုး၏ ဂုဏ်မြင့်ရေးအတွက်တို့၌ စိတ်ရောကိုယ်ပါ ကြိုးစားဆောင်ရွက်ကြကုန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား အရိုအသေပြုကာ၊ အားပေးချီးမြှောက်ကြစမြဲဖြစ်ပေသတည်း။

ဟု အစချီကာ ယခုကဲ့သို့ ထူးခြားထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ ဆက်လက်ရေးသား ထွက်ပေါ်လာရန် ဖိတ်ခေါ်အားပေးထောက်ခံလိုက်လေသည်။

– မြန်မာများအနေဖြင့် ယခုကဲ့သို့ ရှာဖွေရေးသားမှုမရှိ၊ အမှတ်အသားအဖြစ် ကြေးရုပ်အစရှိသော ပြုလုပ် မှုများလည်းမရှိခဲ့ရာ၊ မြန်မာမင်းအဆက်ဆက်က ပေါ်ထွက်ခဲ့သော စာဆိုပညာရှိများနှင့် စစ်သေနာပတိ များခမျာ အထောက်အထားမရှိ၊ ကမ္ဘာက ဘာမျှမသိ။

ပထမကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၏ သချိုင်းဆိုလျှင် နံ့ချာလှကြောင်း၊ ယခုမျိုးချစ်များက ပြုပြင်ထိန်းသိမ်းကြမည်ဆို၍ သာဓုခေါ်ကြောင်း။

---

* Nicolaus Copernicus

စစ်ဘုရင်သေနာပတိ မဟာဗန္ဓုလဆိုပါက ဆေးလိပ်ခုံနှင့် ပင်မင်းဆိုင်လောက်သော မှေးမှိန်သေးသိမ်စွာ အမှတ်အသားထား၍ အသုံးပြုနေကြကြောင်း။

ယခု ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိကဲ့သို့ ဆရာလွန်း၊ ဆရာလင်း၊ ဆရာပွား၊ လယ်တီဦးမောင်ကြီး၊ ပုဂံဝန်ထောက်ဦးတင်၊ ပညာရှိ ဦးသန့်စင် အစရှိသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုလည်း ရေးသား ထုတ်ဝေသင့်ကြောင်း။

စသည်ဖြင့် ကိုးကားစုံလင်စွာ ဝေဖန်ရေးသားထားသည်ကို ဦးဖေမောင်တင် ဖတ်လိုက်ရလေသည်။

ဦးဖေမောင်တင်သည် ချီးပင့်မြှောက်စားခံရသောအခါ ထူးထူးခြားခြား ဝမ်းမြောက်ဝမ်းသာမရှိသကဲ့သို့ ကဲ့ရဲ့ရှုတ်ချခံရသောအခါ၌လည်း ထူးထူးကဲကဲ ဝမ်းနည်းထိခိုက်ခြင်းမဖြစ်မိဘဲ သူရပ်တည်ရာမှ သူ့စေတနာနှင့် ဆန္ဒများကို တာဝန်ကျေပွန်အောင် ဆက်လက်ဆောင်ရွက်လုပ်ကိုင်နေလိုက်လေသည်။

ထိုအချိန်တွင် ပွဲတိုင်းကျော်သော တက္ကသိုလ်ဘောလုံးအသင်းသည် ၁၉၃၂-၁၉၃၃-၁၉၃၄ များတွင် ဆက်တိုက်အနိုင်ရခြင်းဖြင့် ချန်ပီယံဖလားဆုကြီးကို အပိုင်သိမ်းလိုက်လေသည်။

ထို့အပြင် တိုင်းသူပြည်သားအများစု၏ မေတ္တာထားမှုကို ခံယူရရှိထားသော တက္ကသိုလ်ဘောလုံးအသင်းသည် ဝါတာလော့ဒိုင်းဆုကြီးကိုလည်း ၁၉၃၃-၁၉၃၄ ခုနှစ်များအတွက် နှစ်နှစ်ဆက်တိုက်နိုင်ကာ ရရှိလိုက်ပြန်သေးသည်။

သည်အတွက် တက္ကသိုလ်နှင့်ပတ်သက်သူတိုင်းသည် ထူးချွန်အောင်မြင်လှသော တက္ကသိုလ်ဘောလုံးအသင်းအတွက် ဝမ်းသာကျေနပ်မဆုံး၊ ဂုဏ်ယူကြည်နူးမဆုံးအောင် တပြုံးပြုံးရှိနေမိကြလေသည်။

တိုင်းပြည်တစ်ဝန်းမှာ ဖြန်းဖြန်းကွဲမျှ အောင်ပန်းဆွတ်လှမ်းဆင်မြန်းလာခဲ့သော တက္ကသိုလ်ဘောလုံးအသင်းအတွက် အမိတက္ကသိုလ်ကြီးက ခြိမ့်ခြိမ့်သဲသဲ ဂုဏ်ပြုပွဲကြီး ကျင်းပပေးလိုက်လေသည်။

တက္ကသိုလ်ဝင်းအတွင်းရှိ ဘောလုံးကွင်းနှင့် မြေကွက်လပ်ရှိသမျှ၌ အငြိမ့်ဇာတ်ပွဲများသွင်းကာ ခင်းကျင်းပေးသော ဂုဏ်ပြုပွဲကြီး၌ တက္ကသိုလ်ကျောင်းသားများသည် မကြုံဖူးအောင် ပျော်ရွှင်မြူးထူးကြလေသည်။

ကျောင်းသားများနှင့်အတူ ဦးဖေမောင်တင်တို့ ဆရာများမှာလည်း ပျော်ရွှင်ကြည်နူးမိကြသည်ပင်။

အစပထမ အလေ့အကျင့် ခြေစမ်းပွဲအဖြစ် အဆောင်ချင်းချိန်းကန်ခဲ့ကြစဉ်တုန်းက တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားကာ စကားများကြ၊ ရန်ဖြစ်ကြသဖြင့် အဆောင်မှူးများဖြစ်ကြသော ဦးဖေမောင်တင်နှင့် ဆရာဦးဖိုးခြူး တို့မှာ ဘောလုံးကွင်းထဲသို့ အပြေးဆင်း၍ ဖျန်ဖြေပေးခဲ့ကြရလေသည်။

ယခုမူ ပေါင်းစည်းညီညွတ်သော အင်အားနှင့် ဖွဲ့လုံ့လစွမ်းရည်တို့ဖြင့် ပွဲတိုင်းကျော်သော တက္ကသိုလ် ဘောလုံးအသင်းသည် အမိတက္ကသိုလ်ကြီး၏ ဂုဏ်ရောင်ကို မော်ကွန်းတွင်ရစ်အောင် ထွန်းပြောင်စေလိုက်ပြီ ဖြစ်လေသည်။

ထိုကဲ့သို့ တက္ကသိုလ်ဘောလုံးသမားများအတွက် သောင်းသောင်းညံအောင် အောင်ပွဲခံပြီးသွားသော ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည် ပွဲပြီး မီးမသေဘဲ နိုင်ငံရေးကျောင်းသားများ၏ တက္ကသိုလ်သမဂ္ဂအမှုဆောင် ရွေးကောက်ပွဲအတွက် ဆက်လက်၍ လှုပ်လှုပ်ရှားရှားရှိနေလေသည်။

ထို့နောက် ၁၉၃၅-၁၉၃၆ ခုနှစ်အတွက် ကျောင်းသားကြီး မောင်နု[၁] နှင့် ကျောင်းသားကလေး မောင်အောင်ဆန်း[၂] တို့နှစ်ယောက်ကို အသင်းဥက္ကဋ္ဌနှင့် အသင်းအတွင်းရေးမှူးများအဖြစ် ရွေးကောက်တင်မြှောက်လိုက်ခြင်းဖြင့် ကျောင်းသားတို့အားထားစရာ တက္ကသိုလ်သမဂ္ဂအသင်း အမှုဆောင်များ အသစ်ပြောင်းလဲသွားကြောင်း ဦးဖေမောင်တင် ကြားသိလိုက်ရလေသည်။

ပြီးလျှင်မူ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည် အားကစားနှင့် နိုင်ငံရေးလှုပ်ရှားမှုများ တိုးပွားအားများလာခဲ့သည်မှလွဲ၍ စာပေပညာသင်ကြားပို့ချရေးများတွင် ယခင်အတိုင်းပင် ပုံစံမပျက် ဆက်လက်ရပ်တည်လျက်ရှိလေသည်။

သည်လိုနှင့်ပင် ၁၉၃၅ ခုနှစ်သည် ကုန်ဆုံးလွန်မြောက်သွားလေသည်။

ထိုကဲ့သို့ ကုန်ဆုံးလွန်မြောက်ခဲ့သော အချိန်ကာလများအတွင်း၌ ဦးဖေမောင်တင်သည် အလုပ်ဝတ္တရားနှင့် လူမှုရေးကိစ္စများဖြင့် မအားနိုင်သည့်ကြားမှပင် မြန်မာစာပေတာဝန်များကို ကြိုးစားကျေပွန်အောင် ဆောင်ရွက် ရေးသားနိုင်ခဲ့ပေသေးသည်။

မြန်မာနိုင်ငံသုတေသနဂျာနယ်တွင်

၁၉၃၀–ပြည့်နှစ်၌

၁။ အရှင်ဝေါတမဗုဒ္ဓ။ အင်္ဂလိပ်ဘာသာဖြင့်ရေးစာအုပ် (ဝေဖန်စာ)
၂။ ပုဂံကျောက်စာများ၌ တွေ့ရသော စကားဟောင်းများ။
၃။ အသံထွက်မြန်မာဖတ်စာ
၄။ မြန်မာအသံများကို စီစဉ်ပုံ

၁၉၃၁–ခုနှစ်

၁။ မြန်မာအသံများ၏ အက္ခရာများ

၁၉၃၂–ခုနှစ်

၁။ ရန်ကုန်မြို့ တိရစ္ဆာန်ဉယျာဉ်ရှိ တိရစ္ဆာန်များကို မြန်မာအမည်ပေးခြင်း
၂။ နိုင်ငံခြားအမည်နာမ စကားများကို မြန်မာအက္ခရာဖြင့် ရေးခြင်း
၃။ ပုဂံသက္ကရာဇ်

၁၉၃၃–ခုနှစ်

၁။ ထားဝယ်စကား
၂။ ရန်ကုန်မြို့ တိရစ္ဆာန်ဉယျာဉ်ရှိ တိရစ္ဆာန်များကို မြန်မာအမည်ပေးခြင်း။ (ဒုတိယနှိပ်ခြင်း)

၁၉၃၄–ခုနှစ်

၁။ ရွှေတိဂုံစေတီတော်။
၂။ တိဂုမ္ဘသမိုင်း။ (ဓမ္မစေတီမင်းကြီးရေး)

မြန်မာနိုင်ငံသုတေသနအသင်းအတွက် (တည်း)

၁၉၃၀–ပြည့်နှစ်

၁။ မုံရွေးဆရာတော် မဟာသီလဝံသပျို့။
၂။ ကျပင်းတရားစာ ၁ နှင့် ၂။

၁၉၃၁–ခုနှစ်

၁။ ဦးကုလား မဟာရာဇဝင်တော်ကြီး ၂။

၁၉၃၂–ခုနှစ်

၁။ ကျည်းကန်ရှင်ကြီး မေတ္တာစာ
၂။ မုံရွေးဆရာတော် မင်္ဂလသုတ်ပျို့

---

၁။ ဖဆပလဝန်ကြီးချုပ်ဟောင်း ဦးနု
၂။ မြန်မာပြည်၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

၃။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ် (မန်လည်)

၁၉၃၃-ခုနှစ်

၁။ အရှင်ဥက္ကံ့ သမာလာ မေတ္တာစာ
၂။ ရာဇောဝါဒကျမ်း ၁။
၃။ ရွှေတောင်နန္ဒသူ မွေ့နွန်းရကန်
၄။ ဒုတိယနဝဒေး တရုတ်သံရောက်မော်ကွန်း
၅။ ရာမရကန် (ဦးတိုး)
၆။ ဒုတိယနဝဒေး ရဲတင်းမော်ကွန်း
၇။ ရတနာ့ကြေးမုံ။
၈။ ဒုတိယနဝဒေး အာသံနိုင် မော်ကွန်း
၉။ မဟာပညာကျော်လျှောက်ထုံး

မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းအတွက် (အုပ်ချုပ်တည်းဖြတ်)

၁၉၃၀-ပြည့်နှစ်

၁။ ပလုပ်တုပ်တုပ်ဝတ္ထု

၁၉၃၁-ခုနှစ်

၁။ သိပ္ပံပညာ

၁၉၃၃-ခုနှစ်

၁။ ခေတ်စမ်းပုံပြင်များ ၁

၁၉၃၄-ခုနှစ်

၁။ ပဒေသာသီချင်းများ
၂။ ခေတ်စမ်းကဗျာများ
၃။ မြို့ဂျမြို့တော်ဝတ္ထု (မြို့ပြပုံပြင်များ)
၄။ မဟာဆန်ချင်သူပြဇာတ်

ကိုယ်တိုင်ပြုစုရေးသားသောကျမ်းများ။

၁၉၃၀-ပြည့်နှစ်

၁။ အခြေပြုပါဠိသဒ္ဒါ၊ မြန်မာအက္ခရာနှင့်

၁၉၃၁-ခုနှစ်

၁။ ပါဠိဘတ်စာ (မြန်မာအက္ခရာနှင့် မှတ်ချက်များပါသည်)

၁၉၇၂-ခုနှစ်

၁။ ပုဂံကျောက်စာညွှန့်ပေါင်း ၂။
၂။ ဝိသုဒ္ဓိမဂ်၊ အင်္ဂလိပ်အနက်၊ တတိယတွဲ
၃။ စတုတ္ထတန်း မြန်မာဖတ်စာ
၄။ မြန်မာကြည့်စာ တတိယတွဲ

၁၉၇၃-ခုနှစ်

၁။ မြန်မာတိုင်းရင်း ကျောက်စာများ (နဂိုပုံအတိုင်း။ အောက်စဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်)။

# ၃၄

# ပါမောက္ခမှ ကျောင်းအုပ်ကြီး သု့ဘဝ

ရန်ကုန်တက္ကသိုလ်နယ်မြေအတွက် ၁၉၃၆–ခု၊ နှစ်သစ်ဦးကို တက္ကသိုလ်သမဂ္ဂအသင်း ဦးဆောင်သော တက္ကသိုလ်ကျောင်းသားများက မြူးမြူးကြွားကြွား လှုပ်လှုပ်ရှားရှားကလေး ကြိုဆိုလိုက်လေသည်။

တက္ကသိုလ်နယ်မြေသည် လွန်ခဲ့သောနှစ်ဟောင်း မကုန်မီကတည်းက လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာခဲ့သည်။

ယခု နှစ်ကူးလာသောအခါ တိုးတက်လှုပ်ရှားသော တက္ကသိုလ်ကျောင်းသားများသည် နှစ်သစ်နှင့်အတူ အားသစ်အင်သစ်များ ပိုပြည့်လာကြဟန်ရှိသည်။

သူတို့ကို ကြည့်ရသည်မှာ ထထကြွကြွရှိလှသည်။

သူတို့အထဲမှ သူနှင့်ရင်းနှီးသော တပည့်အချို့ကို ဦးဖေမောင်တင်က ပြောခဲ့ဖူးလေသည်။

''ဟေ့...ဘယ်လိုတုံးကွယ့် တပည့်တို့ရဲ့၊ ဗိုလ်ကို နောက်တစ်ခေါက် ဆရာထပ်သွားပေးရဦးမှာလား... ဟုတ်လား''

ဦးဖေမောင်တင် အမှန်တကယ်ပြောလိုသော စကားများမှာကား

''ကဲ ဟေ့ ဆရာဗိုလ်ကို တစ်ခေါက်ထပ်သွားလိုက်ဦးမယ်။ တပည့်တို့ ဆူရုံပူရုံလုပ်မနေကြနဲ့ကွယ့်၊ ပထမတစ်ခါ ဆရာဗိုလ်သွားနေတဲ့ ၁၉၂၀ ပြည့်နှစ်တုန်းကလို သပိတ်လုံးကြီး ပစ်မှောက်လိုက်ကြပါဦးလား''

ဟူ၍ ဖြစ်လေသည်။

ဦးဖေမောင်တင်၏ ဆိုလိုချက်ကို နားလည်သော သူ့တပည့်များက အားတက်သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ထိုကဲ့သို့သော ပြောဆိုချက်နှင့်ပတ်သက်၍ ကျောင်းသားများအနေဖြင့် ၁၉၂၀ ပြည့်နှစ်တုန်းက ထုံးကို နှလုံးမူကာ သပိတ်မှောက်ဖြစ် မဖြစ် မခန့်မှန်းနိုင်သေးသော်လည်း ဦးဖေမောင်တင်အတွက်ကား နိုင်ငံခြားသို့ သွားရေးမှာ အလားအလာရှိပြီးသားဖြစ်သည်။

သူ့အဖို့ ဘယ်အချိန်ကာလ၌ သွားနိုင်မည်ကို မသတ်မှတ်ရသေးသော်လည်း ဦးဖေမောင်တင်သည် အရှေ့တိုင်းစာပေပညာများကို ဟောပြောပို့ချပေးရန် ပြင်သစ်ပြည် ပါရီတက္ကသိုလ်၏ ဖိတ်ကြားချက်ကိုလက်ခံထားခဲ့ပြီးဖြစ်သည်။

ထို့အပြင် တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့စ်ကလည်း ဦးဖေမောင်တင်ကို ဂျပန်ပြည်သို့ တွန်းပို့ရန် ကြိုးစားနေပြန်သည်။

လွန်ခဲ့သောနှစ်၏ တစ်နေ့၌ဖြစ်သည်။ ဦးဖေမောင်တင်သည် သူလုံးဝမျှော်လင့်မထားသော မေးခွန်းတစ်ခုကို မစ္စတာစလော့စ်ထံမှ ကြားလိုက်ရလေသည်။

''မင်း ဂျပန်ပြည်ကို မသွားချင်ဘူးလား ဟင်''

''ဘာအတွက် သွားရမှာလဲဗျ''

ဦးဖေမောင်တင်၏ တန်ပြန်မေးခွန်းကို မစ္စတာစလော့စ်က အနည်းငယ်အချိန်ယူပြီးမှ စဉ်းစဉ်းစားစားဟန်ဖြင့် ခပ်ဖြည်းဖြည်းအဖြေပေးလေသည်။

''ဘာအတွက်လဲဆိုတော့ မင်းတို့ ဗမာစာပေဟာ မင်းတို့ဗမာလူမျိုးတွေနဲ့ မြန်မာပြည်အတွက် အင်မတန်အရေးကြီးတယ်။ ဗမာလူမျိုးနဲ့ မြန်မာပြည်အတွက် ဗမာစာပေတိုးတက်ကြီးပွားခမ်းနားခံ့ညားအောင် လုပ်ပေးရမယ်လို့ မင်းပဲ အမြဲပြောတယ်မဟုတ်လား''

''ဟုတ်တယ်လေ''

''အဲဒီ မင်းပြောပြောနေတဲ့ မင်းတို့ ဗမာစာပေတိုးတက်ကြီးပွားခမ်းနားလာဖို့အတွက် စီစဉ်လုပ်ကိုင်ဖို့ဆိုတာ တခြားတိုင်းပြည်က တခြားလူမျိုးတွေအနေနဲ့ သူတို့စာပေတွေကို ဘယ်လိုတိုးတက်ကြီးပွားအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတယ်၊ ဆက်လက်ပြီး ကြိုးစားလုပ်ဆောင်နေကြတယ်ဆိုတာကို မင်းအနေနဲ့ ကိုယ်တိုင်သွားပြီး လေ့လာနည်းယူမယ်ဆိုရင် မကောင်းဘူးလား''

''သိပ်ကို ကောင်းတာပေါ့ဗျာ''

မစ္စတာစလော့စ်၏ အသားလို့၍ အရိုးတောင်းသော စေတနာကို ကောင်းစွာနားလည်လိုက်သော ဦးဖေမောင်တင်က အားပါးတရထောက်ခံလိုက်သည်။

''အခု ကျုပ်လေ့လာမိသလောက်ဆိုရင် အရှေ့ဖျားအာရှတိုက်မှာ ဂျပန်ပြည်ဟာ သိပ်ကို တိုးတက်အောင်မြင်နေတာတွေ့ရတယ်၊ ဂျပန်အစိုးရဟာ အနောက်နိုင်ငံတွေကို ပညာတော်သင်တွေလွှတ်ပြီး အနောက်နိုင်ငံတွေဆီက စာပေနဲ့ သိပ္ပံဘာသာရပ်တွေအားလုံးကို သူတို့ဂျပန်ဘာသာနဲ့ အကုန်ဘာသာပြန်ရေးနိုင်ကြတယ်၊ သင်ကြားပြသနိုင်ကြတယ်''

မစ္စတာစလော့စ်က ရှည်ရှည်ဝေးဝေးပင် ရှင်းလင်းပြောပြလေသည်။

ပြီးမှ သူက အကဲခတ်သော မျက်လုံးအစုံဖြင့် ဦးဖေမောင်တင်ကို ကြည့်၍မေးလိုက်လေသည်။

''အဲဒီတော့ မင်းလဲ မင်းတို့ဗမာစာပေအတွက် ပိုပြီးကောင်းအောင် ကြိုးစားချင်တယ်ဆိုတာ ဂျပန်ပြည်မှာ တစ်နှစ် နှစ်နှစ်လောက်သွားပြီး လေ့လာနည်းယူလိုက်ရင် မကောင်းဘူးလား''

''အို သိပ်ကောင်းတာပေါ့ဗျာ''

''သိပ်ကောင်းဆိုရင် မင်းသွားမလား''

''သွားခွင့်ပြုရင် သွားမှာပေါ့''

''ကောင်းပြီ မင်းသွားခွင့်ရအောင် ကျုပ်ဆောင်ရွက်ပေးမယ်''

''ကျေးဇူးပါပဲဗျာ''

သူ့မြန်မာပြည်၊ မြန်မာလူမျိုးနှင့် မြန်မာစာပေအပေါ်၌ သဖန်းသီး စေတနာတွေထားလာခဲ့သော မစ္စတာစလော့စ်ကို ဦးဖေမောင်တင်က အနူးအညွတ်ကျေးဇူးတင်စကားဆိုလိုက်လေသည်။

မစ္စတာစလော့စ်ကလည်း သူ၏ လိမ္မာစွာ အကွက်ဆင်မှုကို လွယ်ကူစွာ လက်ခံလိုက်သော ဦးဖေမောင်တင်၏အပေါ် အတော်ကြီး ကျေနပ်သွားကြောင်း တွေ့ရှိရလေသည်။

အမှန်တကယ်၌ မစ္စတာစလော့စ်သည် မြန်မာပြည်၊ မြန်မာလူမျိုး၊ မြန်မာစာပေနှင့်အတူ ဦးဖေမောင်တင်တို့အပေါ်၌ အနည်းငယ်မျှ စေတနာထားသူမဟုတ်ပေ။

သူသည် စေတနာမထားသည့်အပြင် သူ့အာဏာပြင်းသော သူ့ပိုင်နက်တက္ကသိုလ်နယ်မြေအတွင်း၌ မြန်မာလူမျိုးနှင့် မြန်မာစာပေတို့ နေရာမရ၊ ခေါင်းထောင်၍ မထနိုင်အောင် အစွမ်းရှိသမျှ ဖိနှိပ်ချုပ်ချယ်ခြင်းများကို ကြိုးစားဆောင်ရွက်နေသူလည်း ဖြစ်လေသည်။

သူသည် မကြာမီကပင် မြန်မာကျောင်းသားနှစ်ယောက်ကို တက္ကသိုလ်မှ ထုတ်ပစ်လိုက်သည်။

ထိုကျောင်းသားနှစ်ယောက်တို့မှာ မောင်စိုးမြင့်နှင့် မောင်အောင်မြင့်ဆိုသူတို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်ကို ကျောင်းအုပ်ကြီး မစ္စတာစလော့စ်က ကျောင်းမှထုတ်ပစ်လောက်သော ပြစ်ချက်များကား တစ်ယောက်က မျက်နှာဖြူအဆောင်မှူးနှင့် စကားများခြင်းကြောင့်ဟုသိရ၍ ကျန်တစ်ယောက်ကမူ စာသင်ခန်းထဲ၌ မျက်နှာဖြူဆရာက အမှတ်စဉ်ခေါ်၍ လူစစ်သည်ကို

''ပရဲဇင်း ဆား...ရှိပါတယ်ခင်ဗျား''

ဟု ပြန်မဖြေမိဘဲ...

''ပရဲဇင်း...ရှိပါတယ်''

ဟုသာ ပြန်ဖြေခဲ့၍ဟု ဆိုလေသည်။

ထိုကဲ့သို့ ဘာမျှမဟုတ်သော ပြစ်ချက်ကလေးများကို ပုံကြီးချဲ့၍ အဆိုပါကျောင်းသားနှစ်ယောက်ကို ကျောင်းထုတ်ပစ်ခြင်းနှင့် ပတ်သက်ကာ ကျန်သောကျောင်းသားများနှင့်အတူ မြန်မာဆရာများကပါ ကျောင်းအုပ်ကြီးအပေါ်၌ မကျေမနပ်ဖြစ်မိကြလေသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် သူတို့၏ မကျေနပ်မှုများကို အရှိန်ပိုတက်လာသော ဆူပူလှုပ်ရှားမှုများဖြင့် ပြသကြလေသည်။

သူတို့သည် ၁၉၃၅ ခုနှစ်၊ အမျိုးသားအောင်ပွဲနေ့ကို အပြင်ဘက်မှ နိုင်ငံရေးအဖွဲ့အစည်းများနှင့် သွားရောက်ပူးပေါင်းကျင်းပလိုက်ခြင်းဖြင့် ထိုနေ့ကို ကျောင်းတစ်ရက်ပင် ပိတ်ပေးစေခဲ့လေသည်။

သမဂ္ဂအသင်း၏ လှုံ့ဆော်စည်းရုံးမှုတွင် အဆိုပါအမျိုးသားအောင်ပွဲနေ့ လှည့်လည်ချီတက်ပွဲသို့ ကျောင်းသူကလေးများအချို့ပင် ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရှိရလေသည်။

အမျိုးသားအောင်ပွဲနေ့ ဟောပြောပွဲကိုလည်း ကျောင်းသားများသည် လက်ခုပ်သြဘာသံ တဖြောင်းဖြောင်းဖြင့် သမဂ္ဂအသင်းတိုက်၌ သောင်းသောင်းဖြဖြ ကျင်းပခဲ့ကြလေသည်။

ထိုကဲ့သို့ သမဂ္ဂအသင်း၏ ဦးဆောင်လှုံ့ဆော်မှုဖြင့် ကျောင်းသားများ ထထကြွကြွလှုပ်လှုပ်ရှားရှားရှိလေ၊ ကျောင်းအုပ်ကြီးနှင့် သူ့ဘက်တော်သား မျက်နှာဖြူအာဏာပိုင်များက ကျောင်းသားများအပေါ်၌ ကြားမရ၊ ကြည့်မဖြစ်အောင် နားကလောလေ၊ မျက်စိစပါးမွေးစူးလေဖြစ်နေခဲ့ကြလေသည်။

ထိုအခိုက်မှာပင် ၁၉၃၅ ခုနှစ်အတွက် သမဂ္ဂအသင်း၏ နောက်ဆုံးအစည်းအဝေး၌ အသင်းဥက္ကဋ္ဌ ကျောင်းသားကြီးမောင်နုက တက္ကသိုလ်ကျောင်းအုပ်ကြီး၏ ဖိနှိပ်ချုပ်ချယ်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်တိုက်ခိုက်လိုက်လေသည်။

''အဲဒီလို ဗမာလူမျိုး အဖူးအညွန့်ကလေးတွေကို နှိမ်နေကြတာဟာ ဗမာလူမျိုးတစ်မျိုးလုံးကို စော်ကားနေတာပဲ၊ ဒီလို စော်ကားနေတာကို ခင်ဗျားတို့ ခံနေကြမလား''

စသည်ဖြင့်လည်း မောင်နုက သွေးထိုးလှုံ့ဆော်ပေးခဲ့လေသည်။

ထိုကဲ့သို့သော မောင်နု၏ ဟောပြောချက်အတွက် ကျောင်းအုပ်ကြီး မစ္စတာစလော့စ်တစ်ယောက် ရှူးရှူးရှားရှား ဒေါသပွားသွားကြောင်းကို ဦးဖေမောင်တင်တို့ ကြားသိလိုက်ကြရလေသည်။

ဤတွင် တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းသားတို့၏ အခြေအနေသည် ရင်ကြားစေ့၍ မရနိုင်အောင် ကြာလေဆိုးလေသာဖြစ်လာခဲ့လေသည်။

ဤကဲ့သို့ တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းသားတို့ တဖောင်းစေးနှင့် မျက်ချေးပမာ ဖြစ်ပျက်နေချက်ကို အစိုးရအုပ်ချုပ်ရေးပိုင်းမှလည်း ကောင်းစွာသိရှိကြလေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာတိုင်းရင်းသားကျောင်းသားတို့၏ မီးခဲစိတ်ဓာတ်များကိုလည်း နားလည်ထားကြသည်။

တက္ကသိုလ်ကျောင်းသား မီးခဲမီးစများကို ကျောင်းအုပ်ကြီး မစ္စတာစလော့စ်က မီးမွှေးလျက်ရှိလေသည်။

ထိုကဲ့သို့ တစ်ဖက်မှ မီးမွှေးနေသူနှင့် တစ်ဖက်မှ တရဲရဲအရှိန်ယူနေသော မီးခဲနှင့်မီးစတို့ မကြာခဏ ထိတွေ့တိုက်ခိုက်ဖန်များလျှင် တက္ကသိုလ်နယ်မြေ၌ မီးထတောက်တော့မည်ဖြစ်ကြောင်းကို ဦးဖေမောင်တင်တို့အနေဖြင့် သိကြသလို၊ အင်္ဂလိပ်အစိုးရပိုင်းမှလည်း ကောင်းကောင်းကြီး ပို၍သိမည်သာဖြစ်သည်။

ထိုအခါ လိမ္မာပါးနပ်သော အင်္ဂလိပ်အစိုးရသည် တရဲရဲဖြစ်လာသော ကျောင်းသားမီးခဲများကို ချိုးဖျက်ရန် နည်းလမ်းရှာရလေတော့သည်။

၁၉၃၀ ပြည့်နှစ်တုန်းက သူတို့၏ ဖိနှိပ်အုပ်ချုပ်မှုကို မြန်မာတိုင်းရင်းသားပြည်သူများက တန်ပြန်အာခံပုန်ကန်ကြတော့မည့်အရေးအား ကြိုတင်တွေးထားနိုင်ခဲ့သော အင်္ဂလိပ်အစိုးရသည် မြန်မာလူမျိုးထဲမှ ဆာဂျေအေမောင်ကြီးကို ခေတ္တဘုရင်ခံရာထူးပေးလိုက်ခြင်းဖြင့် ကြိုးစားချွေးသိပ်ခဲ့သည်မဟုတ်ပါလား။

ယခုလည်း အင်္ဂလိပ်အစိုးရသည် တရဲရဲအရှိန်ယူကာ ဟုန်းခနဲထတောက်တော့မည့် တက္ကသိုလ်ကျောင်းသားမီးခဲများကို ဆာဂျေအေမောင်ကြီးဖြင့် အစားထိုးချွေးသိပ်ခဲ့သည့်နည်းမျိုးကို ဆက်လက်အသုံးပြုရန် စိမ်ကြံးပမ်းနေကြလေသည်။

ထိုကဲ့သို့ တက္ကသိုလ်ကျောင်းသား မီးခဲများနှင့် ဘယ်လိုမျှ ဆက်လက်တွဲထား၍ မဖြစ်တော့သော မျက်နှာဖြူကျောင်းအုပ်ကြီး မစ္စတာစလော့စ်၏နေရာကို မြန်မာလူမျိုးထဲမှ အစားထိုးကာ လဲလှယ်ပေးနိုင်စရာကား မြန်မာစာပါမောက္ခဦးဖေမောင်တင်တစ်ယောက်သာရှိလေသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရအနေဖြင့် မဟန်တော့သော တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့စ်ကို ချက်ချင်းဖြုတ်၍ ဦးဖေမောင်တင်အား အစားထိုးနိုင်ခွင့်အာဏာမရှိချေ။

သူ့ဥပဒေနှင့် သူ့စည်းကမ်းအရ သတ်မှတ်ထားသော အချိန်ကာလရောက်အောင် စောင့်ဆိုင်းထားရှိရဦးမည်ဖြစ်သည်။

၁၉၃၆ ခုနှစ် မတ်လတွင်မှ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ကျောင်းအုပ်ကြီးအသစ်တစ်ဦးကို ရွေးချယ်ခန့်အပ်ရပေလိမ့်မည်။

သည်အချက်ကို ကျောင်းအုပ်ကြီး မစ္စတာစလော့စ်က ကောင်းကောင်းသိထားသည်။

ထို့အတူ ပါမောက္ခဦးဖေမောင်တင်ကလည်း သိလေသည်။

ထိုကဲ့သို့ သူ့အကြောင်း သူသိကာ အခြေအနေအရပ်ရပ်ကို နားလည်ထားသော မစ္စတာစလော့စ်သည် ရတက်မအေးနိုင်အောင် ဖြစ်ပျက်ခံစားနေရဟန်တူသည်။

သူသည် သူ့အဖို့ အာဏာတန်ခိုးထွားလှသော တက္ကသိုလ်ကျောင်းအုပ်ကြီးဘဝကို မတတ်သာ၍ စွန့်လွှတ်လိုက်ရသည့်တိုင် သူ့နေရာသို့ ဆက်ခံသူသည် မြန်မာအမျိုးသားထဲမှ လုံးဝမဖြစ်စေလိုချေ။

သူ့စိတ်စေတနာမှာ သူတို့မျက်နှာဖြူ ဗိလပ်သားထဲမှ ထိုက်ထိုက်တန်တန်တစ်ယောက်ကိုသာ အရိုက်အရာခံစေလိုလေသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရအနေဖြင့် တက္ကသိုလ်ကျောင်းသားမီးခဲများကို အကြိုက်ပေး ချွေးသိပ်စရာအဖြစ် မြန်မာလူမျိုးထဲမှ ပါမောက္ခ ဦးဖေမောင်တင်အပြင် တခြား ဘယ်သူ့ကိုမျှမမြင်ကြောင်း မစ္စတာစလော့စ် ကောင်းကောင်းကြီးသိလေသည်။

နာမည်ကျော်ကြား လူသိများ၍ အဘက်ဘက်မှ ထူးချွန်ထက်မြက်သော ပါမောက္ခဦးဖေမောင်တင်တစ်ယောက် ရှိနေသမျှကာလပတ်လုံး အင်္ဂလိပ်အစိုးရသည် သူတို့မျက်နှာဖြူများနှင့်အတူ မြန်မာလူမျိုးထဲမှလည်း ဘယ်သူ့ကိုမျှ ထည့်သွင်းစဉ်းစားကြလိမ့်မည်မဟုတ်ချေ။

တက္ကသိုလ်ကျောင်းအုပ်အသစ်ရာထူးအတွက် ပါမောက္ခဦးဖေမောင်တင်က အခြားသောသူများအားလုံးအပေါ်မှာ ကျော်လွှမ်းနေပြီဖြစ်သောကြောင့်တည်း။

အကယ်၍ ဦးဖေမောင်တင်မရှိမှသာ တက္ကသိုလ်ကျောင်းအုပ်ကြီးအသစ်တစ်ဦး အစားထိုးဖို့လူကို တခြားတစ်ဦးတစ်ယောက်အား အစိုးရက စဉ်းစားပေးလိမ့်မည်။

ဉာဏ်များသော မစ္စတာစလော့သည် သည်အကွက်ကို တွက်ချက်စဉ်းစားမိမည်မှာ သေချာလေသည်။

ထိုကြောင့် သူသည် ကြံဖန်အကွက်ဆင်၍ ဦးဖေမောင်တင်ကို မြန်မာပြည်၌ မရှိစေရန် ဂျပန်ပြည်သို့ သွားရေးအတွက် တိုက်တွန်းနှိုးဆော်ခဲ့ခြင်းပင်ဖြစ်လေသည်။

ထိုကဲ့သို့ မစ္စတာစလော့စ်၏ အကြံအဖန်ဉာဏ်ဆင်မှုကို ပါမောက္ခဦးဖေမောင်တင်က မသိမဟုတ်။ နောကျေအောင် သိလေသည်။

ဦးဖေမောင်တင်က သိလျက်သားနှင့်ပင် မစ္စတာစလော့စ်၏ အကွက်ဆင်ကာ ဂျပန်ပြည်သို့ တွန်းလွှတ်မှုကို

ဝမ်းသာအားရလက်ခံခဲ့ခြင်းဖြစ်သည်။

အကြောင်းမှာ ပါမောက္ခ ဦးဖေမောင်တင်က မစ္စတာစလော့စ်၏ အရိုက်အရာကိုခံကာ တက္ကသိုလ်ကျောင်းအုပ်ကြီး မလုပ်လိုသောကြောင့်ဖြစ်လေသည်။

စာပေမှာ မွေ့လျော်၍ စာပေနှင့်ပတ်သက်ကာ ရှာဖွေလေ့လာကြံဆတွေးခေါ်ဖော်ထုတ်ရွက်ဆောင်နေရလျှင် သူ့ဘဝသူ ပျော်ရွှင်ကျေနပ်နေသော ပါမောက္ခဦးဖေမောင်တင်က အာဏာပါဝါရှင် တက္ကသိုလ်ကျောင်းအုပ်ကြီး ရာထူးအဆင့်ကို လုံးဝ မမက်မောချေ။

သူ့ဆန္ဒ အစစ်အမှန်မှာ လွတ်လွတ်လပ်လပ်ရှိလှသော ပါမောက္ခဘဝ၌သာ သူဝါသနာပါသော စေတနာထားသော စာပေပညာရေးရာလုပ်ငန်းများကို လွတ်လွတ်လပ်လပ်ဆောင်ရွက်လုပ်ကိုင်လိုလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က မစ္စတာစလော့စ်၏ အသားလိုက်၍ အရိုးတောင်းသော ဂျပန်ပြည်သို့သွားရေးအကြံပေးတိုက်တွန်းချက်စေတနာကို ဝမ်းသာအားရ လက်ခံလိုက်မိသည်။

မစ္စတာစလော့စ်ဘက်က အကွက်ဆင်သည်မှာမှန်သော်လည်း ဂျပန်ပြည်သို့သွား၍ လေ့လာနိုင်မည်ဆိုပါက သူ့ဆက်လက်ဆောင်ရွက်စရာတွေရှိသေးသော မြန်မာစာပေရေးရာလုပ်ငန်းဆောင်တာများအတွက် အမြတ်ထွက်နိုင်ကြောင်းကို ဦးဖေမောင်တင် ကောင်းကောင်းတွက်လိုက်မိလေသည်။

သည်အတွက် အကွက်ဆင်သူ တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့စ်နှင့် အကွက်ဝင်သူ ပါမောက္ခ ဦးဖေမောင်တင်တို့နှစ်ယောက်သည် ဂျပန်ပြည်သို့သွားရေးကိစ္စ အပေးအယူတည့်ကာ ပြေလည်သွားခဲ့ကြလေသည်။

ထို့နောက် မစ္စတာစလော့စ်က ဦးဖေမောင်တင်ကို ဂျပန်ပြည်သို့ လွှတ်ရေးကိစ္စအား အချိန်မဆွဲဘဲ ချက်ချင်းပင် စတင်ဆောင်ရွက်လိုက်လေသည်။

သူ့အတွက် အကြိုက်တွေ့သွားသော ဦးဖေမောင်တင်ကလည်း ဂျပန်ပြည်၌ ခေတ္တရောက်နေသော အစ်ကိုကြီးဖြစ်သူ ဦးသင်ထံသို့ သူမကြာမီရောက်လာမည်ဖြစ်ကြောင်း စာရေးအကြောင်းကြားထားလိုက်သည်။

ပြီးလျှင် ဦးဖေမောင်တင်က သက်ဆိုင်ရာမှ ခွင့်ပြုလျှင်ပြုချင်း ဂျပန်ပြည်သို့ အမြန်ဆုံးသွားနိုင်ရန် ကြိုတင်ပြင်ဆင်ထားလိုက်လေသည်။

တစ်ဖက်မှ မစ္စတာစလော့စ်ကလည်း ဦးဖေမောင်တင်ကို ဂျပန်ပြည်သို့ အမြန်ဆုံးသွားနိုင်စေရန် လှုပ်လှုပ်ရှားရှားကြိုးစားပေးလေသည်။

သို့ရာတွင် ဘာကြောင့်မသိ။ ၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလထဲသို့သာ ထက်ဝက်ကျော်လာခဲ့သည်။ ဦးဖေမောင်တင်အတွက် ဂျပန်ပြည်သို့ သွားခွင့်ကား ကျမလာခဲ့သေးချေ။

"နှစ်ဆန်းပြီးရင်တော့ သွားရမှာပါ"

မစ္စတာစလော့စ်က အာမခံချက်လာပေးသည်။

သည်အတွက် အဆင်သင့်ပြင်ထားသော ဦးဖေမောင်တင်က ယိုကိုဟားမားဘဏ်တိုက်သို့သွား၍ မြန်မာငွေ ကျပ်တစ်ထောင်ကို ဂျပန်ယမ်းငွေများဖြင့် လဲလှယ်ထားလိုက်သည်။

ဂျပန်ပြည်မှ သူ့အစ်ကိုကြီးဦးသင်ဆီကလည်း ဦးဖေမောင်တင်ထံသို့ စာပြန်လာခဲ့သည်။

သူ့စာထဲ၌ ဦးသင်က ဂျပန်ပြည်မှ သူစောင့်နေကြောင်း၊ ဘယ်တော့လောက် အရောက်လာမည်နည်း။ ဦးဖေမောင်တင်လာမည်ဆို၍ ဂျပန်လူမျိုးများက ဝမ်းသာနေကြကြောင်း စသည်ဖြင့် မေးမြန်းရေးပြထားလေသည်။

ထို့နောက် ၁၉၃၅ ခုနှစ်မှ ယခု ၁၉၃၆ ခုနှစ်သို့ ကူးလာခဲ့လေသည်။

တက္ကသိုလ်ကျောင်းသားများသည် တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား ဆူဆူညံညံပြုရင်းပင် နီးလာသော စာမေးပွဲကြီးအတွက် ပြင်ဆင်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ဘယ်သူ့လက်ချက်မှန်းမသိသော "ကျောင်းသားတချို့သည် အဆင့်အတန်းမမီအောင် ညံ့ဖျင်းနေကြသောကြောင့် စာမေးပွဲကို ဝင်ခွင့်ပြုလိမ့်မည်မဟုတ်"

ဟူသော သတင်းတစ်ခုက ပြန့်ထွက်၍ စာမေးပွဲအတွက် ပြင်ဆင်နေကြသော ကျောင်းသားများကို ခြောက်လှန့်လိုက်လေသည်။

တိုက်ဆိုင်မှုပင်လား မပြောတတ်ချေ။ ရန်ကုန်တက္ကသိုလ်၌ ထိုသတင်းပြန့်ထွက်လာခိုက်မှာပင် မန္တလေး

ကောလိပ်မှ ကျောင်းသာအချို့ကို အဆင့်အတန်းမမီ၍ စာမေးပွဲဝင်ခွင့်မပြုကြောင်း အမိန့်တစ်ခုထွက်လာခဲ့သည်။

ထိုအမိန့်ကို မန္တလေးကောလိပ်ကျောင်းသားများက ဆူပွက်ကန့်ကွက်လိုက်ကြသည်။

မန္တလေးကောလိပ်ကျောင်းသားများ၏ ဆူပူကန့်ကွက်မှုကို ရန်ကုန်တက္ကသိုလ်မှ ညီရင်းနောင်တော် ကျောင်းသားများကလည်း ဝိုင်းကူအားဖြည့်ကာ ဆူဆူပူပူလှုပ်လှုပ်ရှားရှားပြုပေးလိုက်ကြပြန်သည်။

ထိုအချိန်မှာပင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအသင်း ဥက္ကဋ္ဌမောင်နု ကျောင်းအထုတ်ခံရလေသည်။

မောင်နုကို ကျောင်းထုတ်ရခြင်းပြစ်ချက်သည်ကား လွန်ခဲ့သောနှစ် အသင်း၏ နောက်ဆုံးအစည်းအဝေး၌ ကျောင်းအုပ်ကြီးကို ပုတ်ခတ်ဟောပြောခဲ့ခြင်းအတွက်ဟု သိကြရလေသည်။

ထို့နောက် ''အိုးဝေမဂ္ဂဇင်း'' ထွက်လာသည်။ အိုးဝေမဂ္ဂဇင်းသည် တက္ကသိုလ်ကျောင်းသားများသမဂ္ဂအသင်းမဂ္ဂဇင်းကို အမည်ပြောင်းလဲထားခြင်းဖြစ်သည်။

၁၉၃၅–၃၆ ခုနှစ်အတွက် သမဂ္ဂအသင်း၏ အတွင်းရေးမှူးနှင့် မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာဖြစ်လာသော ကျောင်းသား မောင်အောင်ဆန်း[၁]က ဒေါင်းသည် မြန်မာလူမျိုးများအတွက် ကျက်သရေဆောင်အောင်နိမိတ် အောင်အတိတ်အဖြစ် လက်ခံထားသောကြောင့် ဒေါင်းတွန်သံ ''အိုးဝေ'' သည် မြန်မာတစ်မျိုးသားလုံး၏ တွန်ကျူးကြွေးကြော်သံဖြစ်စေရမည်ဟု ကော်မတီသို့ တင်ပြဆွေးနွေးကာ သတ်မှတ်ပြောင်းလဲလိုက်ကြောင်း ကြားသိရလေသည်။

အဆိုပါ ''အိုးဝေ'' မဂ္ဂဇင်း၏ အယ်ဒီတာထံပေးစာအခန်း၌ ''အေဟဲလ်ဟောင်းအက်လာဂျ်''[၂] ဆိုသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ပါလာသည်။

ဆောင်းပါးခေါင်းစဉ်၏ အဓိပ္ပာယ်မှာ ''လွတ်နေသော ငရဲခွေးကြီး'' ဖြစ်ကာ တက္ကသိုလ်အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတစ်ဦး၏ အပြုအမူနှင့် စပ်လျဉ်း၍ ဆောင်းပါးရေးသူက သူထင်မြင်ယူဆသမျှ ပြင်းပြင်းထန်ထန်ဝေဖန် စွပ်စွဲစောင်းမြောင်းရေးသားထားလေသည်။

ထိုအခါ မစ္စတာစလော့စ်ခမျာ သူနှင့် ပုလဲနံပသင့်သော သူ့လက်အောက်မှ အရာရှိကြီးအတွက် ယမ်းပုံမီးကျဒေါသထကာ၊ မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာမောင်အောင်ဆန်းကိုခေါ်၍ ဆောင်းပါးရှင်မည်သူဖြစ်ကြောင်း စစ်ဆေးမေးမြန်းလေသည်။

သို့ရာတွင် မောင်အောင်ဆန်းက အဖြေမပေးနိုင်ကြောင်း ငြင်းဆန်ဘူးခံ၍ ပြန်ခဲ့သည်ဟုဆိုသည်။

အမှန်၌ ဆောင်းပါးရှင်မည်သူဖြစ်ကြောင်းကို တာဝန်ခံအယ်ဒီတာအနေနှင့် ထုတ်ပြောစရာပင်မလိုချေ။ တစ်ကျောင်းလုံးလောက်နီးနီးက သိထားကြပြီးသားဖြစ်သည်။

မစ္စတာစလော့စ်ကိုယ်တိုင်လည်း ကောင်းကောင်းသိသည်ပင်။

သို့ရာတွင် မစ္စတာစလော့စ်က သူသိရှိထားချက်ကို ပိုမိုပိုင်နိုင်ခိုင်လုံထိမိစေရန်အတွက် မဂ္ဂဇင်းတာဝန်ခံထံမှ အတည်ပြုထောက်ခံချက်ကို ကြိုးစားနှိုက်ယူလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း မစ္စတာစလော့စ်ခမျာ တွက်ကိန်းမကိုက်ဖြစ်သွားရရှာလေသည်။

ဤတွင် မစ္စတာစလော့စ်သည် ကြွက်မနိုင်ကျီမီးနှင့်ရှို့သောထုံးကို နလုံးမူလျက် သူ့အာဏာပိုင်ရာမှကိုင်၍ မောင်အောင်ဆန်းကိုလည်း ကျောင်းမှထုတ်ပစ်လိမ့်ဦးမည်ဟု ရုတ်ခြည်းသတင်းဖြစ်သွားလေသည်။

ထိုသတင်းဖြစ်နေစဉ် ကျောင်းအထုတ်ခံခဲ့ရသော မောင်နုက ကျောင်းအုပ်ကြီး မစ္စတာစလော့စ်ထံ စာတစ်စောင်ကိုရေးကာ သူ ရယူပြီးသား ဘီ–အေဘွဲ့ကို ပြန်အပ်လိုက်လေသည်။

မောင်နုသည် ဘီ–အေ အောင်ပြီးနောက် သူ့အရပ်ပြန်၍ အထက်တန်းပြကျောင်းဆရာလုပ်နေခဲ့သည်။

ထို့နောက် ကျောင်းဆရာအလုပ်မှထွက်ကာ ရန်ကုန်တက္ကသိုလ်သို့ တစ်ကျော့ပြန်လာ၍ ဥပဒေဘွဲ့အတွက် ဆက်တက်နေခြင်းဖြစ်လေသည်။

ထိုကဲ့သို့ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းသားများဖြစ်ကြသော မောင်နုနှင့် မောင်အောင်ဆန်း

---

၁။ မြန်မာပြည်၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း။

၂။ A Hell Hound At Large

မှတ်ချက်။ ။ ဆောင်းပါးရှင်သည် စာရေးဆရာညိုမြဟု သိရသည်။

တို့၏ ထူးခြားသောသတင်းအခြေအနေများကို သတင်းစာများက အသားပေးကာ လှုံ့ဆော်ရေးသားပြကြလေသည်။

ထိုအခါ အရှိန်တရဲရဲတက်နေသော ကျောင်းသားမီးခဲများသည် အကြောင်းအချက်နှင့် ဂယက်ပေါင်းစုံ၏ လောင်စာထည့်၍ ပိုင်းဝန်းလေပင့်မှုတွင် ဟုန်းခနဲတောက်လောင်လိုက်လေတော့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းကြီး၌ စာမေးပွဲများ စစ်ဆေးကျင်းပရန် ရက်ပိုင်းအလို၊ ၁၉၃၆-ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သမဂ္ဂအသင်း၏ ဦးဆောင်မှုအောက်၌ ကျောင်းသားများက သပိတ်မှောက်လိုက်ကြလေသည်။

ယခုတစ်ခေါက်၊ ဒုတိယအကြိမ်မြောက် မှောက်လိုက်သော တက္ကသိုလ်သပိတ်တွင် ကျောင်းသူအချို့ပင်လျှင် ပါဝင်လှုပ်ရှားသည်ကို တွေ့ကြရလေသည်။

တက္ကသိုလ်သပိတ်ကို အပြင်ဘက်မှ မျိုးချစ်ပုဂ္ဂိုလ်များနှင့် အမျိုးသားသတင်းစာများက အားပေးထောက်ခံကြလေသည်။

ကာတွန်းဆရာရွှေတလေးကဆိုလျှင် သတင်းစာတစ်စောင်၏ ကာတွန်း၌

မာစတာဆလော့တဲ့ဆရာ

အာဏာပါဝါပြခဲ့တာ

သပိတ်ကို ညီညီညာညာ

မှောက်လိုက်ကြစို့ ဒီတစ်ခါ။

ဟု ရေးသားဖော်ပြပေးလိုက်လေသည်။

၁၉၂၀ ပြည့်နှစ်တုန်းက သူ့ဇိလပ်ရောက်နေ၍ မတွေ့မကြုံလိုက်ရသော ပါမောက္ခ ဦးဖေမောင်တင်သည် တာဝန်နှင့်ဝတ္တရားအရ စာမေးပွဲစစ်ဆေးရန် ပြင်ဆင်နေရသော်လည်း သူ့ရင်ထဲမှမူ ယခုသပိတ်မှောက်ကျောင်းသားများကိုကြည့်ကာ သဘောကျနေမိလေသည်။

သည်အတွက် သပိတ်နှင့်ပတ်သက်၍ ဦးဖေမောင်တင်က ရင်းနှီးခင်မင်သူအချို့ကို ရယ်မောပြောဆိုလိုက်မိလေသည်။

"ကျောင်းသားတွေခမျာ အခြေအနေအရ ကျုပ်ကျပန်ပြည့်သွားပြီးချိန်ရောက်အောင် မစောင့်နိုင်ကြတော့ဘူး ထင်ပါတယ်ဗျာ ဟား-ဟား"

ထို့နောက် သပိတ်တွင် မပါဝင်သော ကျောင်းသူ-ကျောင်းသားများအတွက် တက္ကသိုလ်စာမေးပွဲများကို သတ်မှတ်ခဲ့သည့်အတိုင်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ ကျင်းပပေးလိုက်လေသည်။

သို့ရာတွင် ရွှေတိဂုံဘုရား၌ စခန်းဖွင့်ထားသော သပိတ်သမားကျောင်းသူကျောင်းသားများက လာရောက်သပိတ်တားကြသဖြင့် တက္ကသိုလ်စာမေးပွဲများ ပျက်ပြားသွားရလေသည်။

၁။ ယူနီဗာစီတီ အက်ဥပဒေကိုပြင်ရန်၊

၂။ အလွတ်ကျောင်းသားများကို စာမေးပွဲဝင်ခွင့်ပြုရန်၊

၃။ ကျောင်းလခများလျှော့ရန်၊

၄။ ကျောင်းသားများသမဂ္ဂအသင်းကို အသိအမှတ်ပြုရန်၊

၅။ ဆရာကြီးများတွင် ကျောင်းထုတ်နိုင်သောအာဏာကို ပေးမထားရန်၊

၆။ မန္တလေးကောလိပ်ကို မဖျက်ရန်၊

၇။ အထုတ်ခံထားရသော ကျောင်းသားများကို ကျောင်း၌ပြန်၍ လက်ခံရန်၊

၈။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားကိုယ်စားလှယ်များကိုလည်းထည့်သွင်းရန်၊

၉။ သပိတ်မှောက်ကျောင်းသူ-ကျောင်းသားများ ဖြေဆိုရမည့် တက္ကသိုလ်နှင့် ကောလိပ်စာမေးပွဲများကို ရက်ရွှေ့ပေးရန်၊

အစရှိသော အချက် ၉ ချက်ကို သပိတ်မှောက်ကောင်စီက တက္ကသိုလ်အာဏာပိုင်အဖွဲ့ထံသို့ စာပို့တောင်းဆိုလိုက်ကြလေသည်။

ရန်ကုန်တက္ကသိုလ်သပိတ်သည် မန္တလေးကောလိပ်သို့ ကူးစက်သွားသည်။

နောက်ဆုံး၌ ရန်ကုန်အထက်တန်းကျောင်းများနှင့် နယ်ရှိအထက်တန်းကျောင်းများသို့အထိ ဆင်းသက်ကူးစက်ကာ မြန်မာပြည်အနှံ့ကျောင်းသားများ သပိတ်မှောက်လိုက်ကြလေတော့သည်။

ထိုကဲ့သို့ ဆူဆူပူပူ ရုတ်ရုတ်ရက်ရက် အချိန်ကြီးကျကာမှ ဦးဖေမောင်တင် စောင့်မျှော်နေခဲ့သော ဂျပန်ပြည်သို့ သွားခွင့်အမိန့်က ကျလာလေသည်။

ဤတွင် တစ်ချိန်လုံး ပြင်ဆင်၍ စောင့်ဆိုင်းနေခဲ့သော ဦးဖေမောင်တင်သည် ဂျပန်ပြည်သို့ အမြန်ဆုံးထွက်ခွာနိုင်ရန်အတွက် သင်္ဘောပတ်အမီလက်မှတ်များကို အပြေးအလွှား သွားဝယ်လိုက်သည်။

သင်္ဘောသည် မတ်လဒုတိယအပတ်တွင်ထွက်မည်ဖြစ်ရာ၊ မတ်လနောက်ဆုံးပတ်၌ တက္ကသိုလ်ကျောင်းအုပ်ကြီးအသစ်တစ်ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်သော တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးကို ဦးဖေမောင်တင် ရှောင်လွှဲသွားနိုင်မည်ဖြစ်လေသည်။

သူ့အတွက် ဂျပန်ပြည်သို့သွားရန် အားလုံးအသင့်ပြင်ဆင်ပြီးသွားသော ဦးဖေမောင်တင်သည် အထူးပင် ဝမ်းသာကျေနပ်နေမိလေသည်။

ဟိုယခင် အင်္ဂလန်သို့ သွားခဲ့စဉ်က တစ်ကိုယ်တည်းဖြစ်ခဲ့သော ဦးဖေမောင်တင်အဖို့ ယခုဂျပန်ပြည်သို့ကား မိသားစုများနှင့် ပျော်ပျော်ပါးပါးသွားရမည်ဖြစ်ရာ သူ့အတွက် တစ်မျိုးပင်ကြည်နူးနှစ်သိမ့်စရာကောင်းနေသေးတော့သည်။

နောက်တစ်ရက်ဆိုပါက ဦးဖေမောင်တင်တို့မိသားစု စီးနင်းလိုက်ပါသွားရမည့် ပင်လယ်ကူးသင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်းမှ ခွာတော့မည်ဖြစ်သည်။

သင်္ဘောကြီးဖြင့် လိုက်ပါကြမည့် မြန်မာပြည်မှခရီးသည်များ၏ နာမည်စာရင်းများကို ယနေ့ထုတ်သတင်းစာထဲ၌ သင်္ဘောကုမ္ပဏီက ထည့်သွင်းကြေညာလိုက်လေသည်။

ထိုနေ့ညှ၌ ပါမောက္ခဦးဖေမောင်တင်ထံသို့ ပညာရေးဝန်ကြီး ဒေါက်တာဘမောင်က တယ်လီဖုန်းဆက်၍ စကားပြောလေသည်။

''ကိုတင် ဂျပန်ပြည်သွားဖို့ အစီအစဉ်ကို ဖျက်ပစ်လိုက်ပါ၊ မသွားပါနဲ့တော့''

ပညာရေးဝန်ကြီးက ဦးဖေမောင်တင်ကို ဂျပန်ပြည်သို့မသွားရန် ကန့်ကွက်တားဆီးလိုက်ခြင်းပင်ဖြစ်သည်။

သည်အတွက် ဦးဖေမောင်တင် စိတ်ပျက်မိလေသည်။

သို့သော်လည်း သူ ဘာမျှမတတ်နိုင်ချေ။

ပါမောက္ခဦးဖေမောင်တင်အဖို့ ပညာရေးဝန်ကြီး၏စကားကို နားထောင်လက်ခံလိုက်ရုံသာရှိလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင် ဂျပန်ပြည်သို့ သွားရေးခရီးစဉ် ပျက်သွားခိုက် အင်္ဂလန်သို့ ခွင့်နှင့်ပြန်နေသော ရွှေယောက်ဖ မစ္စတာလုစ်က မြန်မာပြည်သို့ ရုတ်တရက်ပြန်ရောက်လာခဲ့သည်။

''ဟော့ တင်၊ မင်း ဘာဖြစ်လို့ ဂျပန်ပြည်ကို မသွားဖြစ်တော့တာလဲကွ ဟင်''

''ခင်ဗျားကော ခွင့်မစေ့သေးဘဲနဲ့ ဘာအတွက် ရေကြီးသုတ်ပျာပြန်ရောက်လာခဲ့တာလဲ ဗျ၊ ပြောစမ်းပါဦး''

ဦးဖေမောင်တင်က သူ ဂျပန်ပြည်သို့ မသွားဖြစ်သည့်အကြောင်းကို ရှင်းပြ၍ မစ္စတာ လုစ်ကလည်း သူမြန်မာပြည်သို့ ဘယ်အတွက်ပြန်လာခဲ့ရကြောင်း ပြောပြလေသည်။

''ငါ့ကို စလော့စ်က အမြန်ဆုံးပြန်ခဲ့ပါလို့ သံကြိုးရိုက်ခေါ်လို့ကွ တင်ရ''

''ဘာအတွက် ခေါ်တာတဲ့လဲဗျ''

''အဲဒါတော့ သူနဲ့တွေ့မှ သိရမှာပဲကွ''

နောက်တစ်ရက်မှာပင် မစ္စတာလုစ်ကို မစ္စတာစလော့စ် သံကြိုးရိုက်ခေါ်ခဲ့ခြင်းအကြောင်းရင်းအား ဦးဖေမောင်တင် သိရလေသည်။

''စလော့စ်ကကွာ၊ ငါ့ကို တက္ကသိုလ်ကျောင်းအုပ်ကြီးနေရာမှာ သူ့အစားထားခဲ့ချင်လို့ စည်းဝေးအမီပြန်ခေါ်တာတဲ့''

''ဩော်...ဒီလိုလား''

''ဒါပေမဲ့ ငါက စိတ်မဝင်စားပါဘူးကွာ၊ ငါက စာပေတွေကို မွှေနှောက်ရှာဖွေလေ့လာစုဆောင်း သုတေ

သနပ်ပြုပြီး ငါဝါသနာပါတဲ့ ရာဇဝင်တွေရေးနေရတာကို ပျော်တာကွ၊ ခေါင်းရှုပ်ရပြီး တာဝန်ကြီးတဲ့ ကျောင်းအုပ်အလုပ်ကို မလုပ်ချင်ပါဘူး''

ဦးဖေမောင်တင်နှင့် မစွတာလုစ်တို့နှစ်ယောက်မှာ စိတ်ဓာတ်ချင်းတူ၍ သဘောထားချင်း တိုက်ဆိုင်နေကြလေသည်။

ထိုကဲ့သို့ မစွတာလုစ်က စိတ်မဝင်စားသော်လည်း ဖိတ်ချင်းဖိတ် သူတို့မျက်နှာဖြူများ အိတ်ထဲသို့သာ ဖိတ်ရမည်ဟု သဲသဲမဲမဲကြိတ်ကြံထားဟန်တူသော မစွတာစလော့စ်က အစည်းအဝေး၌ မစွတာလုစ်ကို တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် တင်မြှောက်ရန် အဆိုပြုလေသည်။

ထိုအခါ တစ်ဖက်မှတင်ထားသော ဦးဖေမောင်တင်နှင့် မစွတာလုစ်တို့ သမီးယောက်ဖနှစ်ယောက်မှာ စင်ပြိုင်ဖြစ်ရလေတော့သည်။

ဤတွင် ရွေးချယ်ရေးအဖွဲ့ဝင်များက မဲစနစ်ဖြင့် အဆုံးအဖြတ်ပြုကြရလေသည်။

ထို့နောက် မဲခွဲလိုက်သောအခါ အဖွဲ့ဝင်အများစု၏ ထောက်ခံချက်ဖြင့် ပါမောက္ခဦးဖေမောင်တင်သည် မြန်မာလူမျိုးထဲမှ ပထမဦးဆုံးသော တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် တင်မြှောက်တာဝန်ပေးခြင်းကို ခံယူလိုက်ရလေသည်။

အာဏာတန်ခိုးထွား၍ ရာထူးဂုဏ်ရှိန်မြင့်မားသော တက္ကသိုလ်ကျောင်းအုပ်ကြီးဘဝကို ရရှိခြင်းအတွက် အခြားသူတစ်ဦးအဖို့ ထခုန်မိလောက်အောင် ဝမ်းသာကောင်း ဝမ်းသာလိမ့်မည်ဖြစ်သော်လည်း ဦးဖေမောင်တင်ကား ထူး၍ဝမ်းမသာချေ။

တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်လာရခြင်းအတွက် သူ့စိတ်မှာ အမှန်တကယ် ဝမ်းမသာကြောင်းကို ထုတ်ပြောပါက ကြားရသူအပေါင်း ယုံကောင်းမှယုံကြမည်ဖြစ်သည်။

ထို့ကြောင့် ဦးဖေမောင်တင်က မည်သူ့ကိုမျှတော့ ထုတ်မပြောချေ။

သို့ရာတွင် သူ့ရင်ထဲ၌ကား အမှန်တကယ်ပင် ဝမ်းမသာနိုင်ဘဲ ဝန်လေးပင်ပန်းခြင်းကိုသာ ခံစားလိုက်ရလေသည်။

သူ့ခေါင်းပေါ်သို့ ပိလာကြမည့် ကြီးမားလှသော တာဝန်အထွေထွေ၊ ဝတ္တရားအပြားပြားတို့အပြင် သူ့ထက်သာ မနာလိုတတ်ကြသော လူ့ညဉ်လူ့သဘာဝအတိုင်း၊ အပြိုင်အဆိုင်များ၏ မလိုမုန်းထားခြင်းများကို ခံယူရင်ဆိုင်ရဦးမည့်အရေးအား တွေးကာ၊ ဦးဖေမောင်တင်ခမျာ စိတ်နှလုံးကျဉ်းကျပ်ဝန်လေးခြင်းပင် ဖြစ်သွားမိရှာသေးသည်။

သို့သော်လည်း မတတ်နိုင်ချေ။

ပါမောက္ခ ဦးဖေမောင်တင်အဖို့ထိုက်ထိုက်တန်တန်အဖြစ် မြန်မာပြည်နှင့် မြန်မာလူမျိုးတို့ကိုယ်စား ထူးထူးခြားခြား ပေးအပ်လာသော တက္ကသိုလ်ကျောင်းအုပ်ကြီးတာဝန်အား ကျေပွန်နိုင်နင်းအောင် ကြိုးစားထမ်းဆောင်ရတော့မည်သာဖြစ်လေသည်။

ဦးဖေမောင်တင်ကို တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ရွေးကောက်တင်မြှောက်လိုက်ပြီဖြစ်သော်လည်း တက္ကသိုလ်ကျောင်းအုပ်ကြီးရာထူးနှင့် တာဝန်ဝတ္တရားများကို လာမည့် ဇွန်လ ကျောင်းများ ပြန်ဖွင့်ချိန်ကျမှသာ ပခုံးပြောင်းယူ၍ တရားဝင်ထမ်းဆောင်ရမည်ဖြစ်လေသည်။

သူ့အဖို့ တက္ကသိုလ်ကျောင်းအုပ်ကြီးဆိုသော အချုပ်အနှောင်ဘောင်အတွင်းသို့ မဝင်ရောက်ရသေးမီ ကျန်ရှိနေသေးသော အချိန်ပိုင်းကလေးများကို ဦးဖေမောင်တင်က လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားလိုက်ချင်လေသည်။

ဦးဖေမောင်တင်အတွက် အခိုက်သင့်ပင်ဖြစ်သည်။ အချိုရှာသကာတွေ့ဆိုသကဲ့သို့ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးသာရင်က ခရီးသွားရန် အဖော်လာညှိလေသည်။

''ကျွန်တော်တို့မိသားစု မော်လမြိုင်ဘက် တောင်စွန်းအနားက အရက်သမတောင်ကို အပျော်ခရီးသွားကြမလို့ ဆရာကြီးတို့မိသားစုကော လိုက်ခဲ့ကြပါလားဗျ''

ဦးသာရင်အဖို့ နှစ်ခါထပ်၍ မဖိတ်မခေါ်ရမီမှာပင် ဦးဖေမောင်တင်က သဘောတူလက်ခံလိုက်မိသည်။

ထို့နောက် ဦးဖေမောင်တင်က သူတို့မိသားစုအတွက် မီးရထားလက်မှတ်များကို ဦးသာရင်တို့ မိသားစုများ

နှင့်အတူရော၍ တတိယတန်းတွဲမှ ဝယ်ယူလိုက်လေသည်။

''ဟာဗျာ ဆရာကြီးတို့အဖို့ ကျွန်တော်တို့ ဆင်းရဲသားတွေသာစီးတဲ့ တတိယတွဲက လိုက်စီးလို့ မကောင်းဘူး ထင်တယ်''

ဦးသာရင်က အားနာစွာ ဆိုလေသည်။

''ဦးသာရင်ကလဲဗျာ ဆင်းရဲတာ ချမ်းသာတာတွေ ပြောမနေပါနဲ့၊ ကျွန်တော့်သဘောတော့ ငွေကြေးသုံးစွဲတာမှာ တစ်ကျပ်နဲ့ အဆင်ပြေနိုင်တဲ့အရေးကိစ္စကို ချမ်းသာလို့ဆိုပြီး တစ်ဆယ်ကုန်အောင် အပိုမသုံးချင်ဘူး။ အရေးကြီးတာက ကိုယ်ပေးရတဲ့ ငွေကြေးအဖိုးအခနဲ့ ကိုယ်ပြန်ရတဲ့အခြေအနေ အကြောင်းအရာဟာ ပြေလည်ညီမျှဖို့ပဲ''

ဦးသာရင်ကို ဦးဖေမောင်တင်က ပြန်ပြောလိုက်သည်။

''အခု ကျွန်တော်တို့ မီးရထားကို တတိယတွဲက စီးသွားလို့ သက်သက်သာသာ ချောင်ချောင်ချိချိနဲ့ ကိုယ်လိုရာခရီးကို ရောက်နိုင်နေမှတော့ ရာထူးဂုဏ်ရှိန်အတွက် ဟိတ်ဟန်ထုတ်ပြီး ပထမတန်း ဒုတိယတန်းတွဲတွေကို ငွေနှစ်ဆ၊ သုံးဆအပိုအကုန်ခံပြီး သွားမစီးတော့ဘူးဗျာ၊ ဒါဟာ ချွေတာရေးပဲ''

ငွေကြေးနှင့်ပတ်သက်လာလျှင် ငယ်စဉ်ကလေးဘဝကတည်းက ကျင့်သုံးလာခဲ့သော သူ့ခံယူချက်အတိုင်း ဆက်လက်ကျင့်သုံးနေသူ ဦးဖေမောင်တင်က ဦးသာရင်ကိုပင် ချွေတာစုဆောင်းရေးတရားဟောလိုက်သေးသည်။ သို့ရာတွင် သူခရီးမထွက်မီ လာရောက်အလှူခံသွားသော ရဲသတင်းစာထုတ်ဝေရေးအတွက်ကိုမူ ဦးဖေမောင်တင်က ရက်ရက်ရောရော ငွေတစ်ရာပေးလှူခဲ့လေသည်။

မစ္စတာစလော့စ်က ဦးဖေမောင်တင်ကို စည်းဝေးခေါ်သေးသည်။

သို့သော်လည်း ဦးဖေမောင်တင်က စည်းဝေးမတက်ဘဲ ဂျပန်သို့ မသွားဖြစ်ရခြင်းကို အငြိုးနှင့်အတိုးချကာ မိသားစုအပျော်ခရီး ထွက်လိုက်ကြသည်။

လူပေါင်း နှစ်ဆယ့်ငါးယောက်ရှိသော ဦးဖေမောင်တင်တို့အဖွဲ့သည် ကျိုက်ထိုဘူတာအလွန် မရမ်းကုန်း ဘူတာကလေးတွင် ဆင်းကြရသည်။

မရမ်းကုန်းဘူတာကမှ အရက်သမတောင်သို့ နွားလှည်းများဖြင့် ခရီးဆက်ကြရပြန်သည်။

အရက်သမတောင်သည် မရမ်းကုန်းဘူတာနှင့် တောင်စွန်းဘူတာတို့ကြား၌ တည်ရှိလေသည်။

အရက်သမတောင်ကို မသိသူများက အရက်သောက်သူ အမျိုးသမီးအရက်သမားတစ်ဦးကို အစွဲပြု၍ မှည့်ခေါ်ထားလေသလားဟု ထင်မှတ်မှားတတ်သည်ဟု ဆိုသည်။

အဓိပ္ပာယ်အမှန်မှာ ရက်ကန်းရက်သူ အမျိုးသမီးကိုသာ အစွဲပြု၍ အရက်သည်မတောင်ဟု တွင်ခဲ့ခြင်းဖြစ်ကြောင်း။

မသိသူများအဖို့ အဓိပ္ပာယ်လွဲမှားတတ်သောကြောင့် ဝေဘူလတောင်ဟုလည်း ခေါ်ဝေါ်စေခဲ့ကြောင်း။

သို့ရာတွင် အရက်သမတောင်ဟူ၍သာ အများကသိမှတ်ခေါ်တွင်နေကြောင်း စသည်များကို မိတ်ဆွေကြီး ဦးသာရင်က ဦးဖေမောင်တင်အား မှတ်သားစရာအဖြစ် ပြောကြားသွားလေသည်။

အရက်သမတောင်သည် ကေလာသတောင်နှင့် ကပ်နေလေသည်။

အရက်သမတောင်၏အမြင့်မှာ ရွှေတိဂုံကုန်းတော် နှစ်ပြန်လောက်ရှိသည်ဟု ဦးဖေမောင်တင် ထင်မိသည်။

အသက်ကြီးပြီဖြစ်သော ဦးဖေမောင်တင်၏ ယောက္ခမအဘွားကြီးကိုဆိုလျှင် အထမ်းဖြင့်တင်ပေးရလေသည်။

ဦးဖေမောင်တင်တို့ ကျန်လူများကမူ တောင်ပေါ်သို့ ပျော်ပျော်ပါးပါး လျှောက်တက်လိုက်ကြလေသည်။

ဦးဖေမောင်တင်သည် ခရီးမထွက်မီ လွန်ခဲ့သောတစ်ပတ်ခန့်က စိတ်ပန်းလူပန်းဖြစ်ကာ မအီမသာခံစားနေခဲ့သည်။

တစ်ခါ အစားများအအိပ်ပျက်မှုများကြောင့် သွေးဝမ်းပြန်သွားကာ အားအင်ကုန်ခန်း နွမ်းနယ်ခြင်းလည်း ဖြစ်နေခဲ့သည်။

ထို့ကြောင့် အရက်သမတောင်ကို လျှောက်တက်လိုက်သောအခါ ဦးဖေမောင်တင်ခမျာ အတော်ကလေး မောဟိုက်သွားလေသည်။


MKS PUBLISHING

သို့ရာတွင် တောင်ထိပ်သို့ ရောက်သွားသောအခါ၌ကား ဦးဖေမောင်တင် အမောပြေရလေသည်။

တောင်မြင့်ကြီးကျောခိုင်းထားရာ ပင်လယ်ပြင်ကြီးဆီမှ ပင့်တိုက်နေသော လေအေးအေးများက တောင်ထိပ်ပေါ်သို့ အမောတကောတက်လာကြသော ဦးဖေမောင်တို့အားလုံးကို အပြေးဆီးကြိုထွေးပိုက်ကာ အမောဖြေပေးလိုက်လေသည်။

ဦးဖေမောင်တို့မိသားစုသည် မိတ်ဆွေဦးသာရင်တို့ မိသားစုနှင့်အတူ သူတို့ ဆောက်လုပ်ထားသောဇရပ်၌ တည်းခိုနားနေလိုက်ကြသည်။

အရက်သမတောင်ပေါ်၌ တစ်ပတ်ခန့်နေမိလျှင်ပင် ဦးဖေမောင်တင်ထံမှ မအီမသာ နွမ်းနယ်ပန်းလျနေခဲ့မှုများသည် ထူးထူးခြားခြား ပျောက်ကင်းသွားလေသည်။

အေးမြဆိတ်ငြိမ်သော တောင်ရိပ်မှာ ချွေးသိပ်နားခိုရင်း၊ သန့်ရှင်းသော ပင်လယ်လေကိုရှူကာ လတ်ဆတ်ရွှန်းစိုသော အသီးအနှံများကို ပေါပေါများများစားသောက်လိုက်ရသော ဦးဖေမောင်တင်အဖို့ ရန်ကုန်တုန်းက ပင်ပန်းနွမ်းနယ်လာခဲ့သမျှ ကျန်းမာရွှင်လန်းသွားလေတော့သည်။

ဦးဖေမောင်တင်သည် သူ့အပေါ်တွင် ထာဝစဉ်ဝိုင်းနေသော အလုပ်ကိစ္စများနှင့် ခေါင်းကိုက်စရာ အရေးအခင်းမှန်သမျှအားလုံးကို ရန်ကုန်တွင်ထားရစ်ခဲ့ကာ အရက်သမတောင်ပေါ်၌ စိတ်ကောလူပါ အကောင်းဆုံးအပန်းဖြေလျက် အရနိုင်ဆုံး အနားယူလိုက်လေသည်။

သူသည် တောင်ပေါ်တွင် အနားယူနေရင်းမှ သူငယ်ကျင့်ဝါသနာကလေးကို ယခုတိုင် မစွန့်နိုင်သေးပဲ တောင်ခြေတစ်ပိုက်၌ ပတ်ဝန်းကျင်လေ့လာရေးကို ပြုလိုက်မိလေသည်။

အရက်သမတောင်ခြေ၌ အရက်သမရွာကလေးတည်ရှိလေသည်။ ထိုရွာ၏အမည်ကို အစွဲပြု၍ အရက်သမတောင်ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရလေသည်။

ဦးဖေမောင်တင်သည် တောင်အောက်သို့ လမ်းလျှောက်ရင်း အဆိုပါအရက်သမရွာကလေးသို့ ရောက်သွားတတ်လေ့ရှိသည်။

မကြာပါချေ။ တောင်ခြေမှ အရက်သမရွာသူကြီးနှင့် ဦးဖေမောင်တင် သိကျွမ်းခင်မင်သွားလေသည်။

ထို့နောက် ဦးဖေမောင်တင်ရောက်သွားတိုင်း အရက်သမရွာသူကြီးက သူ့ခြံထွက် ထန်းရည်ချိုဖြင့် ဆီးကြိုဧည့်ဝတ်ပြုလေတော့သည်။

အရက်သမ မွန်ရွာကလေးတွင် နေထိုင်ကြသော ရွာသူရွာသားအားလုံးသည် မွန်လူမျိုးများချည်း ဖြစ်ကြသည်။

အရက်သမရွာအနီး၌ မွန်ဘုရင်များ ဘုန်းတန်ခိုးကြီးမားစဉ်က နန်းစိုက်ခဲ့သော သုဓမ္မဝတီမြို့ရိုးနှင့် ကျုံးအပိုင်းအစများကို ဦးဖေမောင်တင် တွေ့ရှိရလေသည်။

အရက်သမရွာတွင် မြသိန်းတန်အမည်ဖြင့် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ကြသည်။

မြသိန်းတန်ဘုရားကို ရှစ်မြှောင့်အောက်ခံပြု၍ တည်ထားကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ရှေးယခင်က ကျိုက်တလင်ဘုရားဟုတွင်ခဲ့ကြောင်း သိရသည်။ မွန်ဘာသာစကား ကျိုက်သည် ဘုရား၊ တလင်သည် အမြှောင့်ဟု အဓိပ္ပာယ်ရသည်။ အမြှောင့်ရှစ်မြှောင့် အောက်ခံ၍တည်ထားသောဘုရားဟူ၍ ဖြစ်လေသည်။

တစ်နေ့တွင် အရက်သမရွာသူကြီးသည် ဦးဖေမောင်တင်ကို မြသိန်းတန်ဘုရားနှင့်ပတ်သက်၍ ပြောပြရာမှ ကျောက်စာတိုင်ကြီးတစ်တိုင်အကြောင်း ရောက်သွားလေသည်။

''ဟိုတုန်းက အဲဒီမြသိန်းတန်ဘုရားဝင်းထဲမှာ ကျောက်စာတိုင်ကြီးတစ်တိုင်ရှိခဲ့ဖူးတယ်တဲ့ခင်ဗျ''

ကျောက်စာတိုင်ကြီးဆို၍ ဦးဖေမောင်တင် စိတ်ဝင်စားသွားသည်။

''ဒါပေမဲ့ ကျွန်တော်တို့ မွေးစအချိန်လောက်ဆိုတော့ နှစ်ပေါင်းငါးဆယ်နီးပါးရှိပြီပေါ့၊ အင်္ဂလိပ်အာဏာပိုင်တွေက အဲဒီကျောက်စာတိုင်ကြီးကို လာပြီး တူးယူကြသတဲ့ဗျာ''

''ဟုတ်လား''

''ဟုတ်တယ်ခင်ဗျ၊ ဒီတော့ ရွာသူကြီးနဲ့ ရွာသားတွေက မတူးဖို့ မနုတ်ဖို့ ဝိုင်းတောင်းပန်ကြတာကို အင်္ဂလိပ်အာဏာပိုင်တွေက လက်မခံဘဲ ဖွတ်အတင်းကြိုးနဲ့ဆွဲပြီး သင်္ဘောနဲ့တင်ယူသွားကြလို့ တစ်ရွာလုံး

ငိုယိုကျန်ခဲ့ကြရသတဲ့''

ရွာသူကြီးပြောပြသော အဆိုပါ ကျောက်စာတိုင်ကြီးနှင့်ပတ်သက်၍ စိတ်ဝင်စားသွားသော ဦးဖေမောင်တင်က ဆက်လက်လေ့လာစူးစမ်းကြည့်လိုက်မိသည်။

ထိုအခါ အဆိုပါကျောက်စာတိုင်ကြီးသည်ကား တခြားမဟုတ်။ ဖဲယားမြူဇီယံပြတိုက်ထဲမှ ကျန်စစ်သားမင်းကြီးရေးထိုးခဲ့သော ကျောက်စာတိုင်ကြီးပင်ဖြစ်နေကြောင်း ဦးဖေမောင်တင် ဆက်စပ်သိရှိလိုက်ရလေသည်။

ယခု ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဘဝ၌ အရက်သမတောင်ပေါ်သို့ အပန်းဖြေရောက်လာခဲ့သောအခါကျမှ ဦးဖေမောင်တင်သည် သူငယ်စဉ်က တစ်ချိန်လုံး လေ့လာစူးစမ်းခဲ့ပြီးနောက် ဗိလပ်ကပြန်ရောက်တော့မှ ဖတ်တတ်ကာ နားလည်သဘောပေါက်ခဲ့ရသော အဆိုပါကျောက်စာတိုင်ကြီးသည် ဘယ်နည်းဘယ်ပုံဖြင့် ရန်ကုန်မြို့ရှိ ဖဲယားမြူဇီယံပြတိုက်သို့ ရောက်နေခဲ့ခြင်းဖြစ်ကြောင်း ဇာစ်မြစ်စုံအား ကြုံကြိုက်သိရှိခွင့်ရလိုက်လေသည်။

သည်တစ်ချက်နှင့်ပင် သူ့အဖို့ အရက်သမတောင်သို့ အပန်းဖြေလိုက်လာရကျိုးနပ်သည်ဟု ဦးဖေမောင်တင်က သဘောပိုက်နှစ်ခြိုက်မိလေသည်။

ထို့နောက် ဦးဖေမောင်တင်သည် အရက်သမတောင်ပေါ်၌ ရက်ပေါင်းလေးဆယ်မျှ နေထိုင်နားခိုပြီးနောက် ရန်ကုန်သို့ ပြန်လာခဲ့သည်။

ဦးဖေမောင်တင်တို့ အရက်သမတောင်မှ မပြန်မီ ရက်ပိုင်းကလေးဖြစ်သော ၁၉၃၆ ခု၊ မေလ ၁၀ ရက်နေ့၌ ရန်ကုန်တက္ကသိုလ်သပိတ်ကြီးလှန်လိုက်ပြီဖြစ်ကြောင်း သတင်းကို ကြားသိလိုက်ကြရလေသည်။

သူ့အဖို့ အပန်းပြေကာ အားသစ်အင်သစ်များဖြင့် ကျန်းမာလန်းဆန်းစွာ ပြန်ရောက်လာသော ဦးဖေမောင်တင်ကို တစ်ချိန်လုံးဟန်ပြင်စောင့်ဆိုင်းနေသော အလုပ်တာဝန်များက ရန်ကုန်မှ အသင့်ဆီးကြိုလိုက်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ပခုံးပြောင်းတာဝန်ယူလိုက်ရသော ဦးဖေမောင်တင်သည် ပထမကျောင်းအုပ်ဟောင်းက မဖြေရှင်းခဲ့သော ပြဿနာအရပ်ရပ်တွင် အသစ်ထပ်မံပေါ်ပေါက်လာပြန်သော ပြဿနာအထွေထွေတို့ကို ဒိုင်ခံဖြေရှင်းပေးလိုက်ရလေသည်။

တက္ကသိုလ်ကျောင်းကြီး ပြန်ဖွင့်လိုက်ပြီးနောက် မကြာမီသောတစ်နေ့တွင် သူ့ရုံးခန်းထဲ၌ တစ်ယောက်တည်းအလုပ်များနေသော ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ ရုံးမင်းစေပြောတာက သတင်းလာပို့လေသည်။

''အဒေါ်ကြီးတစ်ယောက်က ဆရာကြီးကို တွေ့ခွင့်တောင်းနေပါတယ်''

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခွင့်ပြုလိုက်သောအခါ သူ့ရုံးခန်းထဲသို့ အမျိုးသမီးကြီးတစ်ဦး ဝင်လာသည်။

ဦးဖေမောင်တင်က အမျိုးသမီးကြီးကို ထိုင်စရာပေးပြီးနောက် သူ့ထံသို့ ရောက်လာခြင်းအကြောင်းရင်းကို မေးစမ်းလိုက်သည်။

ထိုအခါ နွမ်းနွမ်းပါးပါးနှင့် ရိုးသားပုံရှိသော အမျိုးသမီးကြီးက မဝံ့တဝံ့ အရဲစွန့်ရဟန်ဖြင့် ပြောလေသည်။

''ကျွန်မ ဆရာမကြီးဆီမှာ အသနားခံချင်လို့ပါရှင်''

အမျိုးသမီးကြီးခမျာ ကြိုးစားအားယူ၍ ဆက်ပြောရှာလေသည်။

''အခု ကျွန်မသားကလေးဟာ ငွေကြေးအခက်အခဲကြောင့် ကျောင်းအရောက်နောက်ကျသွားပါတယ်ရှင်၊ အဲဒီအတွက် နောက်ကျကြေးဒဏ်ငွေ ၁၀ ကျပ်ပေးဆောင်ရမယ်လို့ ပြောပါတယ်၊ ကျွန်မတို့မှာ ဒဏ်ငွေ ၁၀ ကျပ်ပေးဆောင်ဖို့ မတတ်နိုင်တာမို့ ဆရာကြီးဆီကို အရဲစွန့်လာပြီး အသနားခံတာပါရှင်''

ရန်ကုန်ကောလိပ်ကို စတင်တည်ထောင်ဖွင့်လှစ်ကတည်းက ကျောင်းသို့ အရောက်နောက်ကျသော ကျောင်းသားများကို နောက်ကျကြေးဒဏ်ငွေ ၁၀ ကျပ်ပေးဆောင်ရမည်ဟု သတ်မှတ်ဆောင်ရွက်လာခဲ့သည်။

ထိုသတ်မှတ်ချက်ဥပဒေသည် သပိတ်နှစ်ခုကိုကျော်လွှားကာ ယခုတိုင်တည်ရှိ ကျင့်သုံးနေဆဲဖြစ်လေသည်။

ဤတွင် နွမ်းပါးဟန်ရှိသော အမျိုးသမီးကြီးသည် သူ့သားကလေးကို ပညာတတ်စေချင်လွန်း၍သာ ကြိုးစားလာပို့သော်လည်း အကြောင်းမညီညွတ်သောကြောင့် နောက်ကျကြေးဒဏ်ငွေ ၁၀–ကျပ်ကိုမူ ပေးဆောင်ခြင်းငှာ မတတ်နိုင်ရှာချေ။

---

မှတ်ချက်။ ။ ယခု ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၌ ရှိသည်။

.သည်အတွက် အမျိုးသမီးကြီးမှာ မျက်နှာအောက်ချကာ လာ၍တောင်းပန် အသနားခံနေခြင်း ဖြစ်လေသည်။

သည်ပြဿနာမျိုးကို ကျောင်းအုပ်ကြီးဟောင်း မစ္စတာစလော့စ်အနေဖြင့် ဘယ်ကဲ့သို့ ဖြေရှင်းခဲ့ကြောင်းကိုကား ဦးဖေမောင်တင် သတိမထားမိချေ။

ယခု သူ့လက်ထက်တွင် ဦးဖေမောင်တင်က သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းပေးရချေတော့မည်။

တက္ကသိုလ်ကျောင်းသားတစ်ယောက်စီ၏ ကုန်ကျစရိတ်သည် ပထမနှစ်ကျောင်းသားပင်လျှင်

| | |
|---|---|
| ကျောင်းလခ | ... ၁၂ - ကျပ် |
| အဆောင်နေခ | ... ၂၅ - ကျပ် |
| အထွေထွေသုံးစရိတ် | ... ၂၀ - ကျပ် |
| စုစုပေါင်း | ... ၅၇ - ကျပ် |

ပျမ်းမျှခြင်း ငါးဆယ်ကျော်၍ ခြောက်ဆယ်နီးပါးရှိလေသည်။

ထိုကဲ့သို့ ငွေကျပ်ခြောက်ဆယ်နီးပါးသည် သူဌေး-သူကြွယ်နှင့် အရာရှိကြီးများအတွက် မထောင်းသာလှသော်လည်း လခနည်း၍ လက်လုပ်လက်စား နွမ်းပါးသူများအဖို့မူ ရောမကြိုးစားအားထုတ်ရခြင်းမျိုး ဖြစ်လေသည်။

အနီသို့သော မိဘများမှာ သားသမီးများ ပညာတတ်စေချင်လွန်း၍ သားသမီးများ၏နောင်ရေးကို မျှော်တွေးကာ စိတ်အေးစေချင်လွန်း၍သာ တက္ကသိုလ်သို့ ကြိုးစားပို့လွှတ်ကြခြင်းဖြစ်သည်။

သူတို့မိဘများမှာ တက္ကသိုလ်ရောက် သားသမီးများထံ ကျောင်းစရိတ်ခြောက်ဆယ်နီးပါးသော အသပြာငွေကို လစဉ်မှန်မှန်ပို့ပေးနိုင်ရန် ပင်ပန်းကြီးစွာ ကြိုးစားရုန်းကန်နေကြရရှာလေသည်။

သည်ကြားထဲကမှ အခက်အခဲပြဿနာတစ်စုံတစ်ရာကြောင့် ကျောင်းသို့အရောက်နောက်ကျရခြင်းအတွက် ဒဏ်ကြေးငွေ ၁၀-ကျပ်ကို ထပ်မံပေးဆောင်ကြရဦးမည်ဆိုပါက သားသမီးများ ပညာရစေချင်လွန်း၍သာ ရှာဖွေစုဆောင်းရောင်းချ၍ လာပို့ပေးကြသူ မိဘများအဖို့ တတ်နိုင်ကြတော့မည်မဟုတ်ချေ။

နွမ်းပါးသူများအဖို့ ငွေ ၁၀-ကျပ်ဆိုသည်မှာ နည်းနည်းနောနောမဟုတ်ချေ။ အနိမ့်စားအလုပ်သမား၏ တစ်လခမျှပင်ရှိသည်။ အချို့ဆိုပါက တစ်လလုံးလုံး ကုန်းရုန်းကြိုးစားလုပ်ကိုင်သည့်တိုင် ဝင်ငွေ ၁၀-ကျပ်ပြည့်အောင် ရနိုင်ကောင်းမှ ရနိုင်ကြသည်မဟုတ်ပါလား။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့ဘဝ သက်တမ်းတစ်လျှောက်လုံး၌ ပြည့်စုံကုံလုံခဲ့သော်လည်း မပြည့်မစုံ ချို့တဲ့ဆင်းရဲသူများ၏ အခြေအနေတို့ကို နားလည်ကူညီလာခဲ့သူဖြစ်လေသည်။

ထို့ကြောင့် ယခု သူ့ရှေ့မှောက်သို့ မျက်နှာအောက်ချ၍ ရောက်ရှိနေသော ကျောင်းသားတစ်ဦး၏ မိခင်အမျိုးသမီးကြီး၏ အကျပ်အတည်းအခက်အခဲကို ဦးဖေမောင်တင် သဘောပေါက်လေသည်။

ဦးဖေမောင်တင်သည် အမျိုးသမီးကြီးကို ကြင်နာစွာ ဆိုလိုက်လေသည်။

"ကဲ...ကဲ...ခင်ဗျားသားအတွက် ဒဏ်ကြေး ၁၀-ကျပ်ကို လျှော်ပစ်လိုက်မယ်၊ စိတ်အေးအေးထားပြီးသာ ပြန်သွားပေတော့"

အမျိုးသမီးကြီးသည် ဦးဖေမောင်တင်ကို တစ်ချက်မျှလှမ်းကြည့်ပြီးနောက် ရုံးခန်းထဲမှ ခပ်ရှိရှိ ထွက်ခွာသွားလေသည်။

သူ့ရင်ထဲမှ ဝမ်းသာလွန်း ကျေးဇူးတင်လွန်းသဖြင့် ဘာတစ်ခွန်းမျှ ဖွင့်ဆိုထုတ်ပြောနိုင်စွမ်းမရှိဘဲ နှုတ်ဆိတ်စွာ ထွက်ခွာသွားသော အမျိုးသမီးကြီးကို ဦးဖေမောင်တင်က ကောင်းစွာနားလည်လိုက်မိလေသည်။

ယခုကဲ့သို့ ကျောင်းအုပ်ကြီးအာဏာကို အကျိုးရှိစွာ အသုံးချလိုက်နိုင်သော ဦးဖေမောင်တင်သည် တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်ရခြင်းအတွက် နှစ်သက်ကြည်နူးမိလေသည်။

သူ့အနေဖြင့် ယခုကဲ့သို့ တက္ကသိုလ်ကျောင်းအုပ်ကြီးရာထူးကို ထူးထူးခြားခြားရရှိနိုင်ခြင်းသည် သူများလက်အောက်ခံဘဝ ရောက်နေရသော သူ့တိုင်းသူ့ပြည်နှင့် သူ့မြန်မာအမျိုးသားများအတွက် သခင်ပညာသင်ယူတတ်မြောက်နိုင်ရေးကို အာဏာတန်ခိုးသုံးကာ ဆထက်တိုး၍ အကျိုးပြုဖြည့်စွမ်းနိုင်ပြီမဟုတ်ပါလား။

ထို့အတူ တစ်ဖက်မှလည်း မြန်မာလူမျိုးများအနေဖြင့် သခင်ပညာသင်ယူတတ်မြောက်ရေးကို ဟန့်တားနှောင့်ယှက်လာကြဦးမည့် အဖျက်အဆီးအခက်အခဲဟူသမျှကို တက္ကသိုလ်ကျောင်းအုပ်ကြီး၏ အရှိန်အဝါ တန်ခိုးအာဏာများဖြင့် ဦးဖေမောင်တင်က အစွမ်းကုန်တိုက်ဖျက်ကာကွယ်ပေးနိုင်တော့မည်ဖြစ်လေသည်။

တစ်ရက်တွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ တိုင်စာတစ်စောင်ရောက်လာခဲ့သည်။

အဆောင်တွင်နေသော တက္ကသိုလ်ကျောင်းသားတစ်ဦးသည် အဆောင်စည်းကမ်းများကို ဖောက်ဖျက်ကာ အချိန်မှန်မှန်မပြန်ခြင်း၊ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း အစရှိသော ပြစ်ချက်များတင်ပြ၍ သက်ဆိုင်ရာအဆောင်မှူးက ကျောင်းအုပ်ကြီးထံသို့ သတင်းပို့ တိုင်ကြားလိုက်ခြင်းဖြစ်လေသည်။

သည်ကဲ့သို့သော အမှုကိစ္စများနှင့်ပတ်သက်၍ ဟိုယခင် မစ္စတာစလော့စ်လက်ထက်ကဆိုလျှင် အဆိုပါ ကျောင်းသားများကို ကျောင်းခနဲ ကျောင်းထုတ်ပစ်လိုက်ပြီဖြစ်လေသည်။

အကယ်၍ ကျောင်းထုတ်မပစ်လောက်ပါကလည်း မစ္စတာစလော့စ်က အဆိုပါကျောင်းသားများကို အနည်းဆုံးအဆောင်မှထွက်ခွင့် တစ်လပိတ်ကာ အပြစ်ပေးတတ်ခဲ့လေ့ရှိလေသည်။

ယခု သူ့လက်ထက်သို့ ရောက်သောအခါ၌ကား တက္ကသိုလ်ကျောင်းအုပ်အသစ် ဦးဖေမောင်တင်က ကျောင်းအုပ်အဟောင်း မစ္စတာစလော့စ်နှင့် ပြောင်းပြန်ဆန့်ကျင်ကာ ပြုမူကျင့်သုံးလိုက်လေသည်။

ကျောင်းအုပ်ကြီးဦးဖေမောင်တင်က သူ့ထံသို့ သတင်းပို့တိုင်ကြားခံရသော ကျောင်းသားကို သူ့ရုံးခန်း၌ ခေါ်တွေ့သည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က လမ်းလွဲလိုက်ကာ မိုက်မှားစည်းပျက်နေသော ကျောင်းသားကို မိဘတို့က သားသမီးများအပေါ်၌ ထားရှိသော အတုမဲ့မေတ္တာ၊ ကြီးမားလှသော စေတနာဖြင့် သားသမီးများက မိဘများအပေါ်သို့ တုံ့ပြန်ထားရှိရမည့် ကျေးဇူးတရားနှင့် ကျေပွန်ရမည့် တာဝန်ဝတ္တရားများအား နားလည်သဘောပေါက်လာအောင် နှစ်ယောက်ချင်း အေးအေးဆေးဆေးအချိန်ပေး၍ နားချဆုံးမလိုက်လေသည်။

ထိုအခါ အဆိုပါကျောင်းသားသည် သူ့ကို ကျောင်းထုတ်ပစ်မှာလားဟု တွေးကြောက်လာခဲ့ခြင်းအတွက် စိတ်သက်သာသွားသည်။

ထို့နောက် ဟိုယခင်က ကြားဖူးတွေ့ဖူးခဲ့သော အထက်နှင့်အောက်၊ သခင်နှင့်ကျွန်သဘောက်တို့ မတူမတန် ဆက်ဆံပုံမျိုးမဟုတ်ဘဲ မိဘက သားသမီးကို မေတ္တာထား၍ ဆုံးမပဲ့ပြင်ပေးနေသကဲ့သို့ ကျိုးကြောင်းပြကာ ဖျောင်းဖျပြောဆိုနေသော မြန်မာအမျိုးသား ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ပြုမူကျင့်သုံးမှုကို အဆိုပါ ကျောင်းသားခမျာ ထူးဆန်းအံ့ဩသွားပုံရသည်။

"မင်းတို့ ကျောင်းသားလူငယ်တွေအဖို့ ပညာရပြီးသွားတဲ့အခါ ကိုယ့်မိဘကို ကျေးဇူးဆပ်တဲ့အပြင် ကိုယ့်တိုင်းပြည်နိုင်ငံနဲ့ ကိုယ့်လူမျိုးတိုးတက်ကြီးပွားရေးအတွက်လည်း တစ်ဖက်တစ်လမ်းက တာဝန်ကျေသင့်ကြသေးတယ်ကွယ့်၊ နောင်လာနောက်သားတွေအတွက် မင်းတို့က နမူနာကောင်း၊ အကျင့်ကောင်းတွေ ပြသွားဖို့ အတုယူစရာ ခြေရာလက်ရာအမှတ်အသားကောင်းတွေ ချန်ထားရစ်ခဲ့ဖို့လည်းလိုတယ် တပည့်ရယ့်၊ ဒီတော့ ဖျက်အစဉ် ပြင်ခဏဆိုတဲ့ စကားအတိုင်း ပြင်လိုက်ရင် ခဏပါကွယ် လိမ္မာစမ်းပါ၊ နောက်တစ်နေ့မှာ မျိုးကောင်းမျိုးသန့် ပွင့်ဖို့ သီးဖို့ မျိုးပွားအဖိုးထားနိုင်ဖို့အတွက် အခုတည်းက တပည့်ဟာ မျိုးကောင်းတစ်ပင်ဖြစ်ရအောင် ကြိုးစားစိုက်ပျိုးလိုက်စမ်းပါ၊ ကျောက်ကောင်းတစ်စေ့ဖြစ်ရအောင်လည်း အားစိုက်သွေးလိုက်စမ်းပါ၊ အချိန်တွေအများကြီး ကျန်ပါသေးတယ် ဟုတ်လား"

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ စေတနာလွှမ်းသော သတိပေးဆုံးမစကားများက လမ်းမှားနေသော ကျောင်းသားအား အမြင်မှန်ကာ နောင်တမျက်ရည်များကိုပင် ယိုစီးစေလေသည်။

နောက်ဆုံး၌ အဆိုပါကျောင်းသားသည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကြည်ညိုရိုကျိုးစွာဖြင့် ရှိခိုးကန်တော့ကာ ဝန်ခံသွားလေသည်။

"ကျွန်တော် ဆက်ပြီး မမိုက်တော့ပါဘူး ဆရာကြီး၊ အခုကစပြီး လိမ္မာပါတော့မယ် ခင်ဗျာ"

ထိုကဲ့သို့ ပြောင်းလဲလိမ္မာသွားကြသော ကျောင်းသားဆိုးကလေးအချို့ကိုကြည့်၍လည်း ဦးဖေမောင်တင်သည် သူ့အဖို့ တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်ရခြင်းအတွက် တစ်သက်သက်ကျေနပ်နှစ်သိမ့်ရပြန်လေတော့သည်။

ဦးဖေမောင်တင်က သူ့ခံယူချက်နှင့်သူ ကျေနပ်မိသလောက် သူ့အပေါ်၌ မျက်နှာဖြူ ပါမောက္ခ အဆောင်မှူးများကမူ မကျေမနပ်ဖြစ်နေကြလေသည်။ သူတို့တိုင်ကြားစာပို့လိုက်သော ကျောင်းသားများကို ဦးဖေမောင်တင်က အပြစ်မပေး ဒဏ်မခတ်ဘဲ မေတ္တာဖြင့်သာ ဆုံးမပဲ့ပြင်ပေးလိုက်ခြင်းများအတွက်

''ဗမာကျောင်းအုပ်ကြီးက တို့ကိုနှိမ်တယ်''

ဟု မျက်နှာဖြူအဆောင်မှူးများက ခံပြင်း အတင်းစကား ဆိုကြသည်။ သူတို့ကို...

''ရာဇဝတ်မှုကျူးလွန်ထားတဲ့ တရားခံတွေကိုတောင် ပုလိပ်များက ဖမ်းပြီး ရုံးတင်တရားစွဲတိုင်း တရားသူကြီးက အပြစ်ပေးတာမဟုတ်ဘူး။ စစ်ဆေးမေးမြန်းပြီး အပြစ်ပေးသင့်သူကိုမှ အပြစ်ပေးတာ၊ အဲဒီလိုပဲ ငါဟာလည်း ကျောင်းအုပ်ကြီးအနေနဲ့ မင်းတို့တိုင်စာပို့တဲ့ ကျောင်းသားတိုင်းကို အပြစ်ပေးသင့်မှပေးမယ်၊ မပေးသင့်ရင် မပေးဘူးပေါ့''ဟု ဦးဖေမောင်တင်က ပြန်လည်ချေပပြောဆိုလိုက်လေသည်။

ဦးဖေမောင်တင်သည် ကျောင်းအုပ်ကြီးအဖြစ်နှင့် တက္ကသိုလ်ကျောင်းကြီးတစ်ကျောင်းလုံး၏ တာဝန်နှင့် ဝတ္တရားများကို မအားနိုင်အောင် စီမံခန့်ခွဲနေရသည့်ကြားမှပင် သူ့မြန်မာစာပေနှင့်ပတ်သက်သော ရေးသား ဟောပြောပို့ချခြင်းအမှုများကိုလည်း မလစ်ဟင်းစေရအောင် ကြိုးစားဆောင်ရွက်လျက်ရှိလေသည်။

သူသည် တစ်ချိန်လုံးရှာဖွေတေးမှတ်ထားသော မှတ်စုမှတ်တမ်းများကို စုစည်းစီစဉ်၍ ''မြန်မာစာပေသမိုင်း'' အမည်ဖြင့် မြန်မာစာပေဆိုင်ရာစာအုပ်ကို အမြန်ဆုံးပြီးစီးထုတ်ဝေနိုင်ရန် အချိန်လုကာ ကြိုးကုတ်ရေးသားလိုက်လေသည်။

မြန်မာစာပေသမိုင်းကို ရေးသားထုတ်ဝေရန် ဦးဖေမောင်တင် စိတ်ကူးပြင်ဆင်လာခဲ့သည်မှာ ရှေးမဆွကတည်းကပင်ဖြစ်သည်။

သို့ရာတွင် သူလိုသမျှ အချက်အလက်များ မပြည့်စုံသေးသည်ကတစ်ကြောင်း၊ တခြားအရေးတကြီးကိစ္စရပ်များကို ဦးစားပေးရေးသားဆောင်ရွက်ခဲ့ရသည်ကတစ်ကြောင်းတို့ကြောင့် ဦးဖေမောင်တင်သည် သူ့ ''မြန်မာစာပေသမိုင်း''ကို မှတ်စုမှတ်ရာများအဖြစ်နှင့်သာ ခေါက်သိမ်းထားခဲ့ရလေသည်။

ယခုလည်း သူ့မှာ အားချိန်ရ၍ကားမဟုတ်။ သူ့မြန်မာစာပေကွက်လပ်မှာ ဖြည့်စွက်ရန် အရေးတကြီးလိုအပ်လာပြီဖြစ်သောကြောင့် စုဆောင်းခေါက်သိမ်းလာခဲ့သော မှတ်စုမှတ်တမ်းများကို စုပေါင်းစီစဉ်၍ အမြန်ဆုံးပြီးစီးရန် ကြိုးစားရေးသားလိုက်ရခြင်းဖြစ်သည်။

သူ့မြန်မာစာပေသမိုင်းကို ဦးဖေမောင်တင်အား လောဆော်ရေးသားရန် ဖန်တီးစေခိုင်းလိုက်သူကား ပညာမင်းကြီး ကင်းဘဲဖြစ်လေသည်။

မကြာမီကထွက်လာခဲ့သော ကင်းဘဲအစီရင်ခံစာတွင် မြန်မာပြည်၌ မြန်မာစာရာဇဝင်၊ မြန်မာစာအကြောင်းစာအုပ်များမရှိသေးသဖြင့် မြန်မာစာရာဇဝင်စာအုပ်ရှိသင့်ကြောင်းဖြင့် တင်ပြပါရှိလာခဲ့သည်။

ထိုကဲ့သို့ ကင်းဘဲအစီရင်ခံစာက သူ့မြန်မာစာပေသမိုင်းအတွက် အချိန်မပေးနိုင်သေးသော ဦးဖေမောင်တင်ကို တပ်လှန့်ပေးလိုက်လေသည်။

ဦးဖေမောင်တင်သည် သူ့မြန်မာစာပေသမိုင်းကြီးကို တက်သုတ်ရိုက်၍ ကြိုးစားရေးသားနေရသည့်ကြားမှ မြန်မာစာပေနှင့်ပတ်သက်သော ဟောပြောပွဲကို တက္ကသိုလ်မြန်မာစာအသင်း၌ ဟောပြောပို့ချပေးလိုက်သေးသည်။

ဦးဖေမောင်တင်၏ ဟောပြောပို့ချချက်ကို ၁၉၃၇– ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ထုတ် သူရိယသတင်းစာက အကျယ်တဝင့်ရေးသားဖော်ပြပေးလေသည်။

**ဦးဖေမောင်တင်နှင့် (ဋ္ဌး) အကြောင်း**

– ရှင်သီလဝံသ၊ တောင်ဖီလာ စသော ရှေးပညာရှိ သုခမိန်များ၏ စာများနှင့်နှိုင်းယှဉ်ပြောဟောခြင်း။

– ဦးဖေမောင်တင်က ''ဋ္ဌး'' အသင်းတစ်ခု တည်ထောင်ရန်တိုက်တွန်းခြင်း။

– လွန်ခဲ့သော ကြာသပတေးနေ့ ည ၇–နာရီခွဲ အချိန်တွင် ရန်ကုန်ယူနီဗာစီတီတက္ကသိုလ်ကျောင်းတိုက်၊ မြန်မာစာအသင်းကြီး၏ ဖိတ်ကြားချက်အရ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အစည်းအဝေးခန်းမကြီးတွင် ''ဋ္ဌး'' ဟူသော စကားရပ်အကြောင်းကို ဟောပြောရာ၊ မြန်မာစာပေလိုက်စားသည့် တက္ကသိုလ်ကျောင်းနှင့် ယုဒသန်ကျောင်းများမှ ကျောင်းသူကျောင်းသားများ၊ မြန်မာစာပေရပ်များဆိုင်ရာ

ကထိကဆရာများ၊ မြန်မာစာပေ၏ အနှစ်သာရကို စုဆောင်းရှာဖွေ၍ မြန်မာစာ၏ ဇစ်မြစ်ကို အပတ်တကုတ် ကြိုးစားရှာဖွေ၍နေကြသော အငြိမ်းစားပညာဝန်ထောက် ဦးဖိုးစိန်၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ယုဒသန်ကျောင်းတိုက် ဦးထွန်းဖေ စသောပုဂ္ဂိုလ်ကြီးများလည်း ကြွရောက်ကြသည်။

– မြန်မာပညာရှိဆရာကြီးများက နာယကအဖြစ် ဆောင်ရွက်ကြောင်း။

## ဦးဖေမောင်တင်၏ဟောပြောချက်

– ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ''၎င်း''ဟူသော စကားကြောင်းနှင့် စပ်လျဉ်း၍ မပြောမီ နိဒါန်းသဘော၊ ပဏာမသဘောဖြင့် မြန်မာစာပေ၏ အကြောင်းအရင်းခံသဘောကို အနည်းငယ်ပြောပြကြောင်း။

– ဦးဖေမောင်တင်က ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတို့တွင် မှီတင်းနေထိုင်ကြသော လူမျိုးအသီးသီးတို့တွင် အသီးသီးဘာသာစကားရပ်များရှိကြကြောင်း၊ တိရစ္ဆာန်များ၌ပင်လျှင် ၎င်းတို့စကားဟူ၍ ရှိကြကြောင်း။ မြန်မာပြည်နယ်စပ်တွင် နေထိုင်ကြသော 'ဝ'လူမျိုး၊ ပလောင်လူမျိုးဟူ၍ လူမျိုးစုများရှိကြရာ ၎င်းတို့တွင် ''စကား'' သာရှိပြီး စာပေဟူ၍ ၎င်းတို့၌ မရှိသဖြင့် မြန်မာတို့က စာပေရှိသည့်အတွက် နေရာတကာတိုင်းတွင် ၎င်းတို့ထက် အဆင့်အတန်းမြင့်နေကြောင်း၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးခြင်း အဆင့်အတန်းကို သိလိုပါက ထိုလူမျိုး၏ စာပေကို အကဲဖြတ်၍ ကြည့်ခြင်းဖြင့် သိသာထင်ရှားနိုင်ပေကြောင်း။

### ပုဂံခေတ်မြန်မာစာပေ

– မြန်မာစာပေ လူသိရှင်ကြားထွန်းကား၍ လာသည်မှာ ပုဂံခေတ်ကပင်ဖြစ်ရာ အကြမ်းအားဖြင့်ဆိုလျှင် နှစ်ပေါင်း ၈၀၀ လောက်ရှိပြီဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာစာတွင်လည်း အဓိကအားဖြင့် အရင်းခံ နှစ်မျိုးရှိရာ ကဗျာလင်္ကာနှင့် စကားပြေဟူ၍ ဝေါဟာရအားဖြင့် နှစ်မျိုးနှစ်စားရှိသည့်အနက် အများအားဖြင့် ကျောင်းသားများ၊ မြန်မာစာဂုဏ်ထူးယူသူ ကျောင်းသားများစိတ်တွင် ကဗျာကိုသာ အရေးထားပြီးလျှင် ကဗျာလင်္ကာသာလျှင် ခက်ခဲသည်ဟု  ယူဆ၍ စကားပြေကို လွယ်ကူလှသည်ဟု အောက်မေ့ယူဆကြရာ အမှန်အားဖြင့် စကားပြေမှာ ထင်သလောက်မလွယ်ကူလှကြောင်း။

### မြန်မာစာပေတန်ခိုးငယ်သွားပုံ

– လွန်ခဲ့သည့်အနှစ် ၂၀ ခန့်က အားလုံးကျောင်းသားများ သိရှိကြပြီးဖြစ်သည့်အတိုင်း မြန်မာစာပေမှာ တန်ခိုးငယ်ပြီးလျှင် လူတောမဝင်သလောက် အခြေအနေသို့ ဆိုက်ရောက်သွားကြောင်း။ ၎င်းနောက် အဆင့်အတန်းအောက်ကျနောက်ကျဖြစ်ပြီးလျှင် မှေးမှိန်သွားကြောင်း၊ အစိုးရတို့ကလည်း မြန်မာစာကို အထူးပင်နှိမ့်ချသည့်အလျောက် မြန်မာစာပေမှာ (သူ့အိမ်ထက် သမက်သဖွယ် တန်ခိုးငယ်) ဆိုသလို တန်ခိုးငယ်၍ နေရာမှ တက္ကသိုလ်ကျောင်းများမှ အခွင့်အရေးရှိသမျှ တောင်းဆိုဆူပူခြင်း၊ အမျိုးသားကျောင်းများ မွေးဖွားပေါ်ပေါက်၍လာခြင်းတို့ကြောင့် မြန်မာစာမှာ တက်သစ်စနေဝန်း၊ ထွန်းသစ်စနေသူရိန်ကဲ့သို့ ရေမြင့်ကကြာမြင့်ဆိုသကဲ့သို့ ယခုအခြေအနေသို့ ဆိုက်ရောက်လာရကြောင်း။

### ကဗျာလင်္ကာနှင့်စကားပြေ

– ကဗျာလင်္ကာနှင့် စကားပြေအကြောင်းကို ဆက်လက်၍ ပြောရမည်ဆိုလျှင် ကဗျာလင်္ကာ စသည်တို့မှာ အဆောက်အအုံတစ်ခု၏ ပြာသာဒ်၊ စုလစ်မွန်ချွန်၊ တုရင်မှန်ကင်းတို့နှင့်ပမာ အလားတူရာ စကားပြေမှာ ထိုအဆောက်အအုံကို တည်ဆောက်သည့် မြေနေရာနှင့်တူကြောင်း၊ အဆောက်အအုံမှာ မည်မျှကောင်းစေကာမူ သဲ၊ ရွှံ့နွံ စသော နေရာပေါ်တွင် တည်ဆောက်က မြဲမြံခိုင်ခံ့မည်မဟုတ်ဘဲ ကျောက်အစရှိသည့် အခြေခိုင်သော နေရာများတွင် ဆောက်မှသာ ခိုင်ခံ့တည်တံ့နိုင်သကဲ့သို့ ကဗျာလင်္ကာမှာလည်း စကားပြေပေါ်တွင် မှီငြမ်းပြု၍ တည်ဆောက်မှသာလျှင် မြဲမြံခိုင်ခံ့ဖွယ်ရှိကြောင်း။

## ကမ္ဘာနှင့်နှိုင်းယှဉ်ပြခြင်း

– ကဗျာလင်္ကာနှင့် စကားပြေတို့မည်သည်က သာလွန်အရေးကြီးပုံကို ဥရောပတိုက်၏ ရှေးကစာပေ အခြေအနေကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားနိုင်ပေကြောင်း (Middle Age) ခေါ် အလယ်အလတ်ဟု ခေါ်ဆိုအပ်သော ၁၅ ရာပြည့်နှစ်လောက်ကလည်း ဥရောပတိုက်တွင် (Greek) ခေါ်မဘာသာနှင့် (Latin) လက်တင်ဘာသာရပ်များမှာ လွန်စွာတန်ခိုးကြီးမားကြောင်း၊ မည်သည့်တိုင်းပြည်သို့သွားစေကာမူ ထိုဘာ သာရပ်များကို မတတ်က လူတောမဝင်ကြောင်း၊ ၎င်းတို့ပင်လျှင် အများသုံးသည့် ဝေါဟာရစကားရပ်များ ဖြစ်၍ ကမ္ဘာကို လွှမ်းမိုးနေပေတော့ကြောင်း။

ထို့နောက် လောကဓာတ်ဘာသာရပ်များ ပေါ်ပေါက်လာရာ ထိုကဗျာလင်္ကာနှင့်တူသော ခေါ်မလက်တင် တို့မှာ နေရာတကာတိုင်းတွင် အသုံးမဝင်သည်၏အဖြစ်ကို သိရှိသည့်အလျောက် ၎င်းတို့ကို အနည်းငယ် မျှလောက်သာ သုံးစွဲ၍ တိုင်းရင်းဘာသာစကားပြေတို့ကိုသာ သုံးစွဲကြသည်ကို တွေ့ရှိကြောင်း။

ထို့အတွက် မြန်မာစာပေတွင်လည်း စကားပြေမှာ လွန်စွာအသုံးဝင်သည်ဟု သဘောပိုက်သင့်ကြောင်း။ ယခုအခါတွင်လည်း အင်္ဂလိပ်စာမှာ စကားပြေဖြင့်သာ သုံးစွဲသည့်အတွက် ကမ္ဘာသုံးစကားကြီးဖြစ်နေ ကြောင်း။

## 'ငင်း'ကိုအရမ်းသုံး၍နေပုံ

''၎င်း''အကြောင်းကို ပြောရမည်ဆိုလျှင် ယခုအခါတွင် ၎င်းဆိုသောစကားကို အရမ်းကာရောသုံးစွဲ၍ နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့နောက် ''၎င်း'' ဟူသောစကားကို မြန်မာပြည်ရှိ သတင်းစာနှစ်စောင် တွင် အကန့်အသတ်မရှိ သုံးစွဲနေကြပုံတို့ကို အကျယ်တဝင့် တစ်ခုပြီးတစ်ခုဖတ်၍ ''၎င်း'' ဟူသော စကား မှာ အဓိပ္ပာယ်မပေါ်လွင်ဘဲ ထပ်တလဲလဲရေလဲနှင့် သုံးပုံတို့ကို ဖတ်ပြရာ ကျောင်းသားများမှာ တဝါးဝါးနှင့် ရယ်မောနေရပေကြောင်း။

ထိုမျှမကသေး၊ ခေတ်စမ်းသမားကြီး (သိပ္ပံမောင်ဝ) အမည်ခံ ဦးစိန်တင် အိုင်–စီ–အက်စ်၏ (တက္ကသိုလ် ပိဋကတ်တိုက်)အကြောင်းရေးသားရာတွင် ''၎င်း'' ဟူသော စကားများသုံးစွဲပုံ။ သူရိယသတင်းစာသို့ ဦးတင့်ဆွေ ဘီ–အေ၊ ဘီ–အယ်လ်က ဒိန်းမတ်ပြည်မှနေ၍ သမဝါယမအကြောင်းနှင့် စပ်လျဉ်း၍ ရေးသား ပေးပို့သော ဆောင်းပါးတွင် ''၎င်း'' ဟူသော စကားကို မုံးပေါလအောသုံးစွဲပုံတို့ကိုလည်း ဖတ်ပြသေး ကြောင်း။

ဦးဖေမောင်တင်က ရှေးခေတ်အခါသမယက ယခုကဲ့သို့ ''၎င်း'' ဟူသောစကားအစား မည်ကဲ့သို့ သုံးစွဲပုံနှင့် ရှင်သီလဝံသ၊ တောင်ဖီလာဆရာတော် အစရှိသော ရှေးပညာရှိ သုခမိန်တို့ ရေးသားသော စာသားများကို ဖတ်ပြရာ ရှေးခေတ်မြန်မာစာပေများတွင် ''၎င်း'' ဟူသောစကားကို အသုံးနည်းသည့်အကြောင်း။ ''၎င်း'' စကားရပ်အစား (ယင်း) (ထို) (အကြင်) စသော စကားများသာ သုံးစွဲကြကြောင်းကို နှိုင်းယှဉ်ပြကြောင်း။

## 'ငင်း'အသင်းဖွဲ့သင့်ကြောင်း

ဦးဖေမောင်တင်က ဆက်လက်ပြောဆိုရာတွင် မိမိသဘောအရ ''၎င်း''ဆိုသော စကားမှာ နာမည်ကိုကပင် ခေါ်၍မကောင်းကြောင်း၊ ထို့အတွက် ''၎င်း''ဟူသော စကားကို မည်သို့မည်ပုံ ပြင်ဆင်သင့်ကြောင်းနှင့် တက္ကသိုလ်ကျောင်းတိုက် မြန်မာစာပေလိုက်စားသူတို့က အချင်းချင်းညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရန်အတွက် ''၎င်း'' အသင်းတစ်ခုကို ဖွဲ့စည်းသင့်ကြောင်းနှင့် မှတ်သားဖွယ်ရာများကို အကျယ်တဝင့်ရှင်းလင်းပြောပြ ကြောင်း။

ဦးဖေမောင်တင်ပြောဟောပြီးနောက် ပညာဝန် ဦးဖိုးကျား၊ ဆရာလင်း၊ ဦးဘိုးစိန်နှင့် ယုဒသန်ကျောင်းတိုက်မှ ဆရာဦးစံထားတို့က ''၎င်း'' နှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များကို အသီးသီးအချိန်အနည်းငယ်ခန့်စီ ပြောပြကြသေးကြောင်း။

သူ၏ ''၎င်း'' အကြောင်း ဟောပြောချက်ကို တိုင်းသူပြည်သားလူအများ ကြားသိဖတ်ရှုနိုင်စေရန် တစ်ဆင့်

ရေးသားတင်ပြပေးသော သူရိယသတင်းစာ အယ်ဒီတာက ''ၒင်း'' စာလုံးအား လှိုင်လှိုင်ကြီးသုံးထားကြောင်းကို ဦးဖေမောင်တင် သတိပြုတွေ့ရှိလိုက်လေသည်။

ထိုနောက် ၁၉၃၇ ခု၊ ဇူလိုင်လ ၁၇ ရက်နေ့ထုတ် သူရိယနေ့စဉ်သတင်းစာ၌ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်နှင့်ပတ်သက်သော သတင်းတစ်ခု ဖော်ပြပါရှိလာခဲ့ပြန်သည်။

ထိုသတင်းကား...

ကျောင်းအုပ်ကြီး
ဦးဖေမောင်တင်
အမြဲတမ်းဖြစ်သွားပြီ

သူကြီး ဂေဇက်အယ်ဒီတာထံမှ-

ရန်ကုန်မြို့ ယူနီဗာစီတီ သိပ္ပံကျောင်းတောင်ကြီး ချန်ဆလာဖြစ်တော်မူသော ဘုရင်ခံမင်းကြီးက ဦးဖေမောင်တင် အမ်-အေ၊ ဘီ-လစ်၊ အိုင်-အီး-အက်စ်အား ၁၉၃၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ အစပြု၍ ရန်ကုန်မြို့ ယူနီဗာစီတီ သိပ္ပံကျောင်းအုပ်ကြီးအဖြစ် အမြဲတမ်းခန့်အပ်တော်မူပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများထဲမှ ထူးထူးခြားခြား တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် အမြဲတမ်းခန့်အပ်ခြင်းခံရသော ဦးဖေမောင်တင်အတွက် ရန်ကုန်တက္ကသိုလ်ကျောင်းအသင်းအဖွဲ့ပေါင်းစုံနှင့် အဆောင်များက ဂုဏ်ပြုပွဲကြီးတစ်ခု ပြုလုပ်ပေးလေသည်။

ဦးဖေမောင်တင်အတွက် ဂုဏ်ပြုပွဲကြီးကို ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးထဲ၌ ခြိမ့်ခြိမ့်သဲသဲကျင်းပပြုလုပ်လိုက်ကြလေသည်။

ဂုဏ်ပြုပွဲ၌ လက်ဖက်ရည်နှင့် မုန့်များ ကျွေးမွေးညှခံပြီးနောက် ပဒေသာကပွဲများဖြင့်လည်း ဖျော်ဖြေဖျော်ရွှင်စေလေသည်။

ဂုဏ်ပြုပဒေသာကပွဲ၌ အဆောင်တိုင်းက အကတစ်မျိုးစီဖြင့် ပါဝင်ဆင်နွှဲဖျော်ဖြေကြလေသည်။

- အင်းလျားဆောင်က ဂျာအေးယိမ်း။
- ပုဂံဆောင်က နှစ်ပါးသွားအက။
- ပြည်ကျောင်းဆောင်က ဥတည်ဖွားဟာသ။
- သထုံဆောင်က ကျောက်စာလာသမိုင်းစဉ်။
- ပဲခူးဆောင်က မုန့်လုံးပြဇာတ်။

စသည်ဖြင့် တင်ဆက်ကပြကြရာ၌ ပဲခူးဆောင်မှ မုန့်လုံးပြဇာတ်မှာ လူတိုင်းအကြိုက်တွေ့ကာ နာမည်ကြီးသွားလေသည်။

နောက်ပိုင်း၌ ပဒေသာကပွဲများ ကျင်းပစရာရှိလာတိုင်း ပဲခူးဆောင်မှ မုန့်လုံးပြဇာတ်ကို ပွဲတောင်းကြသောကြောင့် အမြဲတမ်းပါဝင်အသုံးတော်ခံနေရလေတော့သည်။

သူ့အတွက် ဂုဏ်ပြုပွဲကို ခံယူပြီးနောက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပါဠိတက္ကသိုလ်ဖွင့်လှစ်ထားရှိရေးအတွက် ဩဂုတ်လထဲ၌ ပထမပြန်စုံစမ်းရေးအဖွဲ့၏ ခေါ်ယူဆွေးနွေးမှုကို လက်ခံအဖြေပေးလိုက်ရပြန်သေးသည်။

ရန်ကုန်မြို့ အစိုးရ ဟိုက်စကူးကျောင်းဟောင်းရှိ ပညာဝန် ဦးစံရွှေရုံးခန်း၌ ရွှေဂူဆရာတော်အမှူးရှိသော ဆရာတော်များနှင့်အတူ ဦးသိမ်းမောင်၊ ဦးဘစိန်၊ ဦးကျော်ရန် အစရှိသော ပုဂ္ဂိုလ်ကြီးများ၏ ဆွေးနွေးမေးမြန်းချက်များကို ဦးဖေမောင်တင်က အကြံပေးဆွေးနွေးဖြေကြားခဲ့လေသည်။

အစည်းအဝေးစလျှင် ဦးသိမ်းမောင်ကစတင်၍ ဦးဖေမောင်တင်ကို ဆွေးနွေးမေးမြန်းလိုက်လေသည်။

| | | |
|---|---|---|
| မေး | ။ | ပထမပြန်ထဲမှာ ဦးဖေမောင်တင် ပါဝင်လာခဲ့တာ ဘယ်နှနှစ်လောက်ရှိပြီလဲ။ |
| ဦးဖေမောင်တင်ဖြေ | ။ | ၁၀ နှစ်လောက်ရှိပြီထင်တယ်။ |
| မေး | ။ | ပထမပြန်ထဲမှာ ပါဠိပါမောက္ခအဖြစ်နဲ့ ပါဝင်တာလား၊ ဦးဖေမောင်တင်အဖြစ်နဲ့ ပါခဲ့တာလား။ |

ဖြေ ။ မင်းကြီးက ပါဝင်ပါဆိုလို့ စာရင်းဝင်အဖြစ် ပါလိုက်ရတယ်၊ ဘယ်လိုအဖြစ်နဲ့ ပါဝင်ခဲ့တယ်ဆိုတာ ကောင်းကောင်းမမှတ်မိဘူး၊ မင်းကြီးကိုမေးကြည့်မှ သိမှာပဲ။

မေး ။ စတယ်ကြူ ကော်မတီမဟုတ်ရင် နိုင်မြဲမယ့်အဖွဲ့မဟုတ်ရင်၊ ဒီအဖွဲ့ဟာ မနိုင်မြဲဘူးပေါ့။

ဖြေ ။ အခုလို အက်ဥပဒေနဲ့ လုပ်လိုက်မယ်ဆိုရင်တော့ နိုင်မြဲစရာရှိပါတယ်။ အရင်တုန်းကတော့ ပညာမင်းကြီးကသုံးရင် ပြီးတာကိုး။

မေး ။ ဒါဖြင့်ရင် အက်ဥပဒေနဲ့လုပ်ရင် ကောင်းမယ့်သဘောပေါ့"

ဖြေ ။ ဟုတ်ပါတယ်။

မေး ။ ပါဠိတက္ကသိုလ်အဖွဲ့နဲ့ ပါဠိပထမပြန်အဖွဲ့လို့ အများကဆုံးဖြတ်ကြတာမှာ ဦးဖေမောင်တင်ကကော ဘယ်လိုသဘောရသလဲ။

ဖြေ ။ ကျွန်တော့်သဘောပြောရရင်တော့ အခုလက်ရှိ ကော်မတီဟာ သေးငယ်သေးနုပ်နေပါတယ်၊ ဒီကော်မတီကတစ်ဆင့်တက်သွားရင် ကျွန်တော့်အဖို့ ပိုပြီးဝမ်းသာရပါမယ်။ ကျွန်တော်က အမြဲတမ်းတိုးတက်တာကို လိုလားနေသူပါ။

မေး ။ ပါဠိတက္ကသိုလ်ဖြစ်မြောက်ရေးအကြံပေးချက်အရ စာသင်တိုက်တွေ စုပေါင်းဖွဲ့စည်းဖို့ဆိုတဲ့ သူတို့လိုလားချက်ဟာကော ဖြစ်နိုင်ပါ့မလား၊ ဘယ်လိုသဘောရသလဲ။

ဖြေ ။ ပါဠိတက္ကသိုလ်လုပ်ရင် ဖြစ်နိုင်စရာရှိပါတယ်၊ အခု ဒီပါဠိပထမပြန်ကော်မတီကို ချီးမြှင့်တဲ့သဘောနဲ့ ပါဠိတက္ကသိုလ်ကော်မတီလို့ ပြောင်းခေါ်လိုက်ရုံပေါ့၊ ကျောင်းတိုက်ပေါင်း ၄-၅ ကျောင်းကိုစုပေါင်းပြီး တက္ကသိုလ်လုပ်လိုက်နိုင်တာပဲ။ တက္ကသိုလ်အတွက် အခုကော်မတီဟာလည်း ဆက်ပြီးရှိနေသင့်သေးတယ်။

မေး ။ ပါဠိတက္ကသိုလ် ရှိထိုက်တယ်ဆိုရင် ပထမကြီးအောင်ပြီးသူတွေဟာ ပါဠိတက္ကသိုလ်ကို ဆက်တက်နိုင်တယ်လို့ ပြောချင်တာလား။

ဖြေ ။ ဟုတ်ပါတယ်။

မေး ။ ပါဠိတက္ကသိုလ်မှာ ပထမကြီးအောင်ပြီးသူတွေကို လက်ခံမယ်ဆိုရင် စာသင်သားများများစားစားရှိပါ့မလား၊ မရှိရင် ဘယ်လိုလုပ်မလဲ။

ဖြေ ။ စာသင်သားအတွက်ကတော့ ရှေ့နှစ်က ပထမအောင်ပြီးသားတွေ ရှိနေပါတယ်။ အစမှာစာသင်သားနည်းတာပဲ ကောင်းပါတယ်။ မြန်းခနဲတစ်ထောင်နှစ်ထောင်ရှိဖို့ မလိုပါဘူး။

မေး ။ ပါဠိတက္ကသိုလ်ကို ဘယ်မြို့မှာ ထားသင့်သလဲ။

ဖြေ ။ ကျွန်တော် သိသလောက် မန္တလေးဟာ အကောင်းဆုံးပဲ။

မေး ။ ပါဠိတက္ကသိုလ်ဖွင့်ဖို့ သဘောတူပြီးရင် စာချပုဂ္ဂိုလ်ကျတော့ ဘယ်လိုရွေးမလဲ။

ဖြေ ။ ဒါကတော့ ပညာရှိတွေကို စုံစမ်းပြီး ဝိနည်းကျွမ်းကျင်ရင် ဝိနည်းပါမောက္ခ၊ အဘိဓမ္မာကျွမ်းကျင်ရင် အဘိဓမ္မာ ပါမောက္ခအဖြစ် ရွေးကြတာပေါ့။ ပညာရှိဆိုတာမျိုးက ဖုံးထားလို့ မရပါဘူး။ သူ့အလိုလိုပေါ်လာစမြဲပါ။

မေး ။ အဲသလို ပေါ်လာတဲ့ ပညာရှိတွေကို ထောက်ပံ့ဖို့လိုသလား။

ဖြေ ။ အင်မတန်ထောက်ပံ့သင့်ပါတယ်။ အခုလက်ရှိထောက်ပံ့နေတာဟာ နည်းလွန်းနေပါသေးတယ်။

မေး ။ ကျောင်းမှာ စာသင်နေတဲ့ စာသင်သားပုဂ္ဂိုလ်အတွက်ကော ဘယ်လိုသဘောရသလဲ။

ဖြေ ။ သူတို့အတွက်လည်း ထောက်ပံ့ဖို့ အစိုးရဆီမှာ တောင်းတာ အကောင်းဆုံးပါပဲ၊ အစိုးရက ပေး မပေးတော့ မပြောတတ်ဘူး၊ တောင်းတာတော့ မလွန်ပါ။

မေး ။ ။ ပါဠိတက္ကသိုလ်အတွက် အများကအကြံပေးကြတာကတော့ အဌကထာ ၃- ကျမ်းကို

အကြံပေးတယ်။ ဒီအထဲမှာ ပဋ္ဌာန်းပါထည့်ပြီး အကြံပေးကြတာကိုကော ဘယ်လို သဘောရပါသလဲ။

ဖြေ ။ ဒီအမေးကိုဖြေဖို့က စောနေပါသေးတယ်၊ ပါဠိတက္ကသိုလ်ကလည်း မဖြစ်သေးတော့ အဖြေပေးလည်း အကျိုးမထူးပါဘူး။ နောက်မှ ကော်မတီခန့်ပြီး ဆွေးနွေးဆုံးဖြတ်ကြတာပေါ့။

မေး ။ စကြာသီဟတန်းမှာ စာချတန်းထားသလို ပါဠိတက္ကသိုလ်မှာလည်းထားဖို့ ကြံ့ကြံ့သလား။

ဖြေ ။ ဒီထက်တိုးထားရင်လည်း ကောင်းတာပဲ၊ ပထမကြီးတန်းဟာ ၁၀ တန်းနဲ့ညီမျှတော့ အကျော်အောင်ထားသူဟာတောင် မလုံလောက်သေးဘူး၊ သင်ဖို့ အများကြီးလိုသေးတယ်ထင်တယ်၊ တခြားနိုင်ငံတွေကပါ အရေးယူလောက်အောင် ပါဠိကောလိပ်ကတော့ ရှိကိုရှိသင့်ရှိထိုက်ပါတယ်။

မေး ။ အခုလက်ရှိ ကော်မတီအပေါ်မှာ ဩဝါဒနာယကအဖွဲ့ ရှိထိုက် မရှိထိုက်ကော။

ဖြေ ။ ဒါတော့မသိဘူး။

မေး ။ ဒါက ဒီလိုပါ။ အခုဟာက ပညာမင်းကြီးကသာ ခန့်ထားတဲ့ ကော်မတီဖြစ်နေလို့ပါ။ တချို့ကရဟန်းကော်မတီပါ ပါဝင်ဖို့နဲ့ တချို့ကလည်းအခုလက်ရှိ ကော်မတီအပေါ်မှာ နာယက ဆရာတော်ထားဖို့ သင့်၊ မသင့် မေးတာပါ။

ဖြေ ။ ဒီကိစ္စမှာ မဲနဲ့ဆရာတော်များကို ခန့်ထားသင့်တယ်လို့ထင်ပါတယ်၊ ပါဠိတက္ကသိုလ် ဖြစ်မြောက်တဲ့အခါကျတော့လည်း ပါမောက္ခတွေဟာ ဆရာတော်တွေဖြစ်ကြမှာမို့ ဘုန်းတော်ကြီးတွေကိုသာ လွှဲထားဖို့သင့်ပါတယ်၊ အခုကော်မတီအနေနဲ့ကတော့ အောက်တန်းဖြစ်နေလို့ လူနဲ့ပဲသင့်တော်ပါတယ်။

မေး ။ အကယ်၍များ တက္ကသိုလ်ဖွဲ့ဖို့ ကြန့်ကြာနေခဲ့ရင် အခု ကော်မတီကို ဘယ်လိုသဘောရသလဲ။

ဖြေ ။ ဒီအမေးကဆက်နေပါတယ်၊ ကော်မတီဝင်တွေထဲမှာ ပုစ္ဆာထုတ်ပြီး စာစစ်ရသူတွေလည်း ပါနေပါတယ်။

မေး ။ ကော်မတီထဲပါတဲ့ ပုဂ္ဂိုလ်တွေဟာ မေးခွန်းထုတ်စစ်ဆေးပြီး အမှတ်ပေးတဲ့အထဲ မပါရင် ပိုကောင်းမယ်လို့ အများကပြောနေကြတယ်။

ဖြေ ။ ဒီလိုလဲဘယ်ဖြစ်မလဲ၊ ဥပမာ ပညာရှိလို့ ကော်မတီထဲပါနေတဲ့ ပုဂ္ဂိုလ်အတွက် နစ်နာသွားမှာပေါ့။

မေး ။ ကော်မတီထဲမှာ အမေးပုစ္ဆာ ထုတ်သူတွေ မပါရင်ကော ဘယ်လိုသဘောရသလဲ"

ဖြေ ။ အမှတ်ပေးပုစ္ဆာ ထုတ်တာနဲ့ပတ်သက်လို့ အပြစ်တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင် တိုင်ကြားဖို့ အဖွဲ့တစ်ဖွဲ့ထားသင့်တယ်လို့ ထင်ပါတယ်။

မေး ။ ပဋ္ဌမပြန်စာမေးပွဲ ၂၉ ဌာနရှိသော အဲဒီဌာနအသီးသီးက ပညာတတ်တွေဟာ ကော်မတီဖြစ်ထိုက်သလား၊ မဖြစ်ထိုက်ဘူးလား။

ဖြေ ။ ဒါကတော့ နောင်ပြုလုပ်သွားဖို့ပါပဲ။ ဖြစ်နိုင်ပါတယ်။

မေး ။ ပဋ္ဌမပြန်ထဲမှာ စကြာသီဟ စေတီယင်္ဂဏ အသင်းတွေက ပုဂ္ဂိုလ်တွေပါသင့်ပါသလား မပါသင့်ဘူးလား။

ဖြေ ။ ပါနိုင်ရင်ကောင်းပါတယ်၊ ပါသင့်ပါတယ်။ သူတို့ပါလို့ ကန့်ကွက်စရာ မရှိပါဘူး။

မေး ။ အခုလက်ရှိကော်မတီမှာ အဖွဲ့ဝင် ၁၅ ဦးသာရှိတဲ့အတွက် ပိုထားရင်ကော ဘယ်လို သဘောရသလဲ။

ဖြေ ။ ဒါကတော့ မြို့ရွာအလိုက် တိုးကိုတိုးပေးစရာပဲပေါ့။ ကျွန်တော့်သဘောအရဆိုရင် နောက်ထပ် ၁၀ ဦးလောက် ပိုတိုးစေချင်တယ်။

မေး ။ စာမေးပွဲဆွမ်းကျွေးဒါယကာများအနေနဲ့လည်း ဒီစာပြန်ပွဲကို အားပေးကြတဲ့အတွက် သူတို့ကော ကော်မတီထဲမှာပါဖို့ သင့်သလား။

ဖြေ ။ ပါသင့်ပါတယ်။

မေး ။ ကော်မတီဥက္ကဋ္ဌကို တချို့က ပညာမင်းကြီးသာ ဖြစ်ထိုက်တယ်၊ တချို့က ပညာရေးဝန်ကြီးသာ ရွေးသင့်တယ်လို့ ပြောနေကြတာနဲ့ ပတ်သက်လို့ကော ဘယ်လိုသဘောရသလဲ။

ဖြေ ။ အဲဒီအတွက်က ပညာရေးဝန်ကြီးကတော့ အမှုဆောင်အဖြစ် ပါကို ပါရလိမ့်မယ်။ ဥက္ကဋ္ဌကတော့ ဘယ်သူလုပ်လုပ်ပေါ့။

မေး ။ မြန်မာနိုင်ငံမှာ အဘိဓမ္မာကိုပဲ အလွန်အကျူး ဝီရိယစိုက်ကြပြီး သုတ္တန်ကို အသင်နည်းတဲ့အတွက် တချို့သီဟိုဠ်မှာသွားသင်ကြတာနဲ့ ပတ်သက်လို့ကော ဘယ်လိုသဘောရသလဲ။

ဖြေ ။ ဒီကိစ္စနဲ့ပတ်သက်လို့တော့ ဆရာတော်များ ရှေ့မှောက်မှာ အပြောရခက်ပါတယ်။

ဆရာတော်များ ။ စိတ်ကြိုက်လိုရာပြောပါ။

အပြောရခက်သွားသော ဦးဖေမောင်တင်ကို ဆရာတော်များက စိတ်တိုင်းကျ လွတ်လပ်စွာပြောဆိုရန် ခွင့်ပြုလိုက်ကြသည်။

ထိုအခါ ဦးဖေမောင်တင်လည်း သူ့ထင်မြင်ယူဆချက်ကို မထောင့်မကွယ် တင်ပြလိုက်လေသည်။

ဖြေ ။ သုတ္တန်ကို အတတ်နည်းတော့ စာစီစာကုံးမှာ အများကြီးလိုတယ်လို့ ထင်ပါတယ်၊ ပါဠိလို စာစီစာကုံးကို အငယ်အလတ်မပြောနဲ့ အကြီးတွေတောင် တစ်ခါတလေ အမှားပါလာကြသေးတယ်။

မေး ။ အဘိဓမ္မာမှာ လေ့လာထားပြီးသူပဲဟာ စာစီစာကုံးကို အဘိဓမ္မာက မကယ်နိုင်ဘူးလား။ အတွင်းကို ဝင်မသွားပေဘူးလား။

ဖြေ ။ အဘိဓမ္မာမှာက စာစီစာကုံးထက် သဘောတရားကိုသာ အရေးထားသင်ကြားတော့ စာစီစာကုံးမှာ ဟာသွားတာပေါ့။

မေး ။ ဒီလိုဆိုရင် စာစီစာကုံး ပိုင်နိုင်ကျေပွန်အောင် ဘယ်လိုလုပ်ရပါ့မလဲ။

ဖြေ ။ အဲဒီအတွက် ဥပမာပြောရရင် ဇနကကျမ်းတစ်ကျမ်းတည်းသင်မယ်ဆိုရင် တချို့များ အလွတ်တောင်ရသူတွေ ရှိတယ်။ သုတ္တန်မှာက အနှံ့အပြား စာစီစာကုံးရတော့ အရေးကြီးတယ်၊ နှံ့နှံ့စပ်စပ်လေ့လာမှတ်သားရတယ်၊ ဒီတော့ သုတ္တန်ကျမ်းချည်း များများရဖို့လိုပါတယ်၊ နောက်ကို ဒီလို စာစီစာကုံးချည်း များများလုပ်ပေးရင် သတင်းစာတွေထဲမှာ ရေးကြတဲ့အတိုင်း ပါဠိစကားပြောအသင်းတွေ ကြီးပွားလာကြမှာပဲ။ ဒီတော့ သုတ္တန်ကျမ်းလည်းပြဋ္ဌာန်း၊ စာစီစာကုံးလည်း ပြဋ္ဌာန်းဖို့ပေါ့။

မေး ။ သုတ္တန်ကျမ်းထဲက ကျမ်းတစ်ကျမ်းကို သတ်မှတ်ထားပေးပြီး မေးတော့ စာစီစာကုံးဆိုပြီး မေးဖို့ပဲ မဟုတ်လား။

ဖြေ ။ ဟုတ်ပါတယ်၊ ဒါပေမယ့် သုတ္တန်ကျမ်းထဲက မဇ္ဈိမနိကာယ်ကတော့ အလုမ်းဝေးသေးတယ်၊ ဇာတ်အဋ္ဌကထာကို အငယ်တန်း။ ဒီဃနိကာယ်ကို အလတ်တန်းနဲ့ အကြီးတန်းကျတော့ သူနဲ့ သင့်တော်သလို ကြည့်လုပ်သွားတာပေါ့။

မေး ။ အခုအတန်းနဲ့ဆိုရင် အလတ်တန်းနဲ့ အကြီးတန်းဟာ အလှမ်းကွာနေတယ်လို့ ဆိုကြတယ်။

ဖြေ ။ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အခုလိုကွာခြားတာဟာ အကျော်အတွက် ကွာခြားခြင်းသာ ဖြစ်ပါတယ်။

မေး ။ မာတိကာနှင့် ဓာတုကထာ ပေါင်းမေးလိုတယ်ဆိုတာကော။

ဖြေ ။ ဒီလိုပေါင်းသာမေးရင် ကြိုးစားအားထုတ်ထားသူမှာ တစ်ဝက်လျော့သွားပြီမို့ ပေါင်းဆို့ မထိုက်ဘူးလို့ ထင်တယ်။

ရွှေဂူဆရာတော်

မေး ။ အတန်းတိုင်း ကျမ်းပြောင်းမေးရင်ကော။

ဖြေ ။ ကျမ်းပြောင်းမေးဖို့မသင့်ပါ။ သဒ္ဒါမတတ်ရင် စာမတတ်တာနဲ့ အတူတူပဲ၊ အဆုံးပြောရမယ်ဆိုရင် သဒ္ဒါကျမ်းဆိုတာ ဥပဒေကျမ်းပဲဖြစ်တဲ့အတွက် ပြောင်းလဲပေးဖို့ဆိုတာ မသင့်ပါဘူး။

ဦးဘစိန် မေး ။ ဆရာကြီးကျောင်းက ဘီ–အေ ပါဠိနဲ့ အောင်သူဟာ ဒီက ပဌမကြီးထက်သာတယ်လို့ ဆိုနိုင်ပါသလား။

ဖြေ ။ ဒါက တခြားစီပဲ၊ သူ့နေရာနဲ့သူပဲ၊ ပဌမကြီးထက်သာတယ်လို့ မဆိုနိုင်ပါဘူး။

မေး ။ ပညာမင်းကြီးက အကြံတစ်ခုပေးဖူးတယ်၊ ဘုန်းကြီးတွေအတွက် ပဌမကျော်ဘွဲ့တွေအပြင် အဂ္ဂမဟာပဏ္ဍိတကလွဲလို့ တခြားဘာဘွဲ့မှ ပေးစရာမရှိဖြစ်နေတယ်တဲ့၊ အဲဒါဘယ်လိုသဘောရပါသလဲ။

ဖြေ ။ ဒီထက် ၂–ဘွဲ့၊ ၃ ဘွဲ့ တိုးချဲ့ပေးရင် သာလွန်ကောင်းပါသေးတယ်။

ဦးကျော်ရန် မေး ။ စာပြန်ပွဲလုပ်ပြီး အမှတ်ပေးစာအုပ်များ ပို့တဲ့အခါ ခွဲခြားပို့သလား။

ဖြေ ။ အကြီးအတွက်ကိုသာ အရင်ပို့ပါတယ်၊ ဒီလိုပို့ရတာလည်း အကျော်ကို ခွဲခြားရွေးပို့လိုလို့ အရင်ပို့ရတာပဲ။

ဦးသိမ်းမောင် မေး ။ အငယ်နဲ့ အလတ်ကိုတော့ ဘာဖြစ်လို့ သုံးလနောက်ချန်ပို့ရတာလဲ။

ဖြေ ။ ဒါကတော့ အငယ်နဲ့အလတ်က လူဦးရေပိုများတယ်၊ အဲဒါကို နောက်မကျအောင် အတူတူပို့ပေးရင် ရုံးမှာ တစ်ပုံကြီးဖြစ်နေမှာစိုးလို့ပဲ။

မေး ။ စာပြန်ပွဲအဖြေစာအုပ်တွေ ဈေးဆိုင်တွေမှာ ရောက်နေတတ်ကြတာကို ဘယ်လိုသဘောရသလဲ။

ဖြေ ။ ဒါတော့ ရောက်ဖို့မသင့်ဘူးပေါ့။

မေး ။ ပဌမပြန်နဲ့ ပတ်သက်လို့ မေးစရာတော့ ကုန်သလောက်ရှိပါပြီ၊ ဘီ–အေ ဂုဏ်ထူးမှာ သသက်ရိုက်ဟာ ဘယ်အထိ အကျိုးရောက်ပါသလဲ။

ဖြေ ။ "ဘီ–အေ ဂုဏ်ထူးမှာ အနည်းဆုံး ၇ နှစ်ရှိတော့ သသက်ရိုက်ကို ပထမနှစ်၊ ဒုတိယနှစ်မှာတော့ ပြာကရိုက် ပါဠိသင်ရတယ်၊ ပြာကရိုက်သဘောက... (ပမ) ပါဠိလို (ရက္ခ) သသက်ရိုက်လို (ရက္ခ)ဖြစ်လာလို့ နောက်ဆုံး ဟိန္ဒူဘက် ကူးရောက်လာပါတယ်။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ကျောင်းကိစ္စ၊ ကျောင်းတာဝန်များသာမက စာပေပညာရေးရာများနှင့် ပတ်သက်၍ တာဝန်ပေးလာသမျှ အကူအညီတောင်းလာသမျှများကိုလည်း မငြင်းဆန်တမ်းဆက်လက်ဆောင်ရွက်ပေးနေရလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်အနေဖြင့် သူကျွမ်းကျင်ရာ စာပေနယ်နှင့် ပညာရေးလောက၌ အရေးပါအရာရောက်ကာ ထိပ်တန်းမှအောင်မြင်မှု ပန်းတိုင်ကို လှမ်းကိုင်ဖမ်းဆုပ်ထားလိုက်နိုင်ချိန်ကျကာမှ ၁၉၂၀ ပြည့်ဝန်းကျင်က အင်္ဂလန်ပြည်အောက်စဖို့ဒ်တက္ကသိုလ်၌ သူတို့မြန်မာကျောင်းသားတစ်စုတို့ ထောက်ခံတောင်းဆိုခဲ့ကြဖူးသော မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ရေးအား၊ အင်္ဂလိပ်အစိုးရက လိုက်လျောခွင့်ပြုလိုက်လေသည်။

အင်္ဂလိပ်အစိုးရသည် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ အိန္ဒိယပြည်မှ မြန်မာနိုင်ငံအား ခွဲထုတ်ကာ ၉၁ ဌာနအုပ်ချုပ်ရေးအသစ်ကိုပေးလေသည်။

၉၁ ဌာနအုပ်ချုပ်ရေး၌ မြန်မာအမျိုးသားထဲမှ ပထမဦးဆုံးအဖြစ် နန်းရင်းဝန်ရာထူးကို ဒေါက်တာဘမော်ခန့်အပ်ခံရလေသည်။


MKS PUBLISHING

မြန်မာပြည်ကို အုပ်ချုပ်ရေးအသစ်ပေးသည်ဆိုသော်လည်း အင်္ဂလိပ်အစိုးရကမူ ချုပ်ကိုင်မြဲချုပ်ကိုင်ထားဆဲဖြစ်သည်။

ထိုကဲ့သို့ နာမည်အခေါ်အဝေါ်အနေနှင့် ပြောင်းလဲခဲ့သော်လည်း အင်္ဂလိပ်လက်အောက်၌ ဆက်လက်ရှိနေရသေးသော မြန်မာပြည်အနေဖြင့် ရှေးယခင်ကထက် ဘာမျှအကျိုးမထူး မခြားမနားသာရှိနေလေသည်။

မြန်မာပြည်သူပြည်သားများမှာ နိုင်ငံခြားသား မျက်နှာဖြူ၊ တရုတ်ကုလားများ၏ စီးပွားရေးနင်းပြား၌သာ ရှိနေကြသေးသည်။

သို့ရာတွင် နိုင်ငံရေးလှုပ်ရှားမှုများ အနေဖြင့်မူ တိုးတက်လာခဲ့လေသည်။

၉၁ဌာနအုပ်ချုပ်ရေး*အား ကန့်ကွက်သံ၊ ညွန့်ပေါင်းအစိုးရအားတိုက်ခိုက်သံ၊ တို့ ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသံနှင့် နိုင်ငံရေးအသင်းအဖွဲ့တို့ အချင်းချင်းကလော်ကြ၊ ဆော်ကြ၊ အပုပ်ချသံများက သောသောညံနေကြသည်။

အင်္ဂလိပ်အစိုးရက ပျားရည်နှင့်ဝမ်းချသော၊ တစ်မျိုးအားဖြင့် လူမွေးသော ရာထူးကြီးများအတွက် မြန်မာနိုင်ငံရေး သမားကြီးများခမျာ အလုအယက် တက်လိုက်ဆင်းလိုက်ဖြစ်နေကြပုံများမှာလည်း နိုင်ငံရေးအဖွဲ့အစည်းများထဲ၌ ပွက်ပွက်ရိုက်နေကြလေသည်။

ထိုကဲ့သို့ နိုင်ငံရေး၊ အမျိုးသားရေး၊ ရာထူးရရေးများ လှုပ်ရှားအားကောင်းနေကြစဉ်၊ မူဆလင်ဘာသာဝင် မော်လဝီရွှေဖီဆိုသူက ဘာသာရေးစာအုပ်တစ်အုပ်ကို ရေးထုတ်လိုက်လေသည်။

မော်လဝီရွှေဖီ၏စာအုပ်က မူဆလင်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်တို့ကို စိတ်ဝမ်းကွဲပြားစေအောင် ဖန်တီးလှုံ့ဆော်လိုက်လေသည်။

ဤတွင် မော်လဝီရွှေဖီ၏ အဆိုပါစာအုပ်နှင့်ပတ်သက်၍ ၁၉၃၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့၌ ကုလားဗမာရိုက်ပွဲဖြစ်လေသည်။

ထိုနေ့က ကုလားဗမာရိုက်ပွဲကို ပုလိပ်အဖွဲ့က နံပါတ်တုတ်များနှင့် ရိုက်၍ လူစုခွဲလိုက်ရလေသည်။

သည်ကိစ္စသည် ထိုမျှနှင့်ပြီးမသွားပဲ အမိုက်ကစ ပြာသာဒ်မီးလောင်ကာ ကုလားဗမာ အဓိကရုဏ်းကြီး ပေါ်ပေါက်လာလေသည်။

ကုလားဗမာ အဓိကရုဏ်းကြီးသည် မြန်မာပြည်အနှံ့သို့ ကူးစက်ပြန့်ပွားသွားလေသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် သမဂ္ဂအသင်းတိုက်၌ စုရုံးကာ အဓိကရုဏ်း၌ ပါဝင်ဆင်နွှဲရန် ကြိုးစားကြသေးသည်။ ပညာရေးဝန်ကြီး ဒေါက်တာဘမော်က အချိန်မီ ဟန့်တားသိမ်းသွင်းနိုင်၍တော်တော့သည်။ သို့မဟုတ်ပါက အင်္ဂလိပ်အစိုးရ၏ နိုင်ငံရေးလှည့်ကွက်လမ်းပြောင်းချက်တွင် တက္ကသိုလ်ကျောင်းသားများ တရားခံဖြစ်သွားနိုင်လေသည်။

အဓိကရုဏ်းနှင့်ပတ်သက်၍ တစ်ပြည်လုံးရှိစာသင်ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကိုလည်း ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခေတ္တပိတ်ပေးလိုက်လေသည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ကျောင်းအတန်း စာသင်ခန်းများကိုသာ ကျောင်းသားများအတွက် ပိတ်ပေးထားသော်လည်း သူ့အနေနှင့်ကား အားရသည်မရှိချေ။

သူသည် ကျောင်းအုပ်ကြီးရုံးခန်းသို့ နေ့စဉ်မှန်မှန်သွားကာ ကျောင်းသူ ကျောင်းသားများအရေး၊ စာပေပညာသင်ကြားပေးရေး၊ ကျောင်းနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများအရေး၊ ပါမောက္ခများမှစ၍ မင်းစေနှင့် ကျောင်းစောင့်ဒရဝမ်များအထိ ကျောင်းအမှုထမ်းများအရေး စသည်များအတွက် စည်းဝေးခေါ်ခြင်း၊ ဆွေးနွေးခြင်း၊

---

* ၉၁–ဌာနအုပ်ချုပ်ရေးသည် မြန်မာနိုင်ငံ အုပ်ချုပ်ရေးတွင် မြန်မာများအနေဖြင့် ဌာန ၉၁ ဌာနကို အုပ်ချုပ်စီမံခွင့်ရသော ပါလီမန်အုပ်ချုပ်ရေးဖြစ်သည်။

ပါလီမန်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော် ၂–ရပ်ရှိသည်။

အောက်လွှတ်တော်အတွက် အမတ် ၁၃၂ ဦးကို မြန်မာနိုင်ငံမှ ရွေးကောက်တင်မြှောက်နိုင်ခွင့်ရှိသည်။

အထက်လွှတ်တော်တွင် အမတ် ၃၆ ဦးရှိသည့်အနက် အမတ် ၁၈ ဦးကို အောက်လွှတ်တော်မှ ရွေးခန့်၍ ကျန်သော ၁၈ ဦးကို ဗြိတိသျှအစိုးရကရွေးခန့်သည်။

အောက်နှင့်အထက်လွှတ်တော် ၂–ရပ်အတွက် ဝန်ကြီး ၁၀ ဦးပါဝင်သော ကက်ဘိနက် (CABINET) အစိုးရအဖွဲ့ ရှိလေသည်။

တာဝန်ပေးညွှန်ကြားခြင်း အစရှိသောအမှုများကို မနားရအောင်စဉ်းစားဆောင်ရွက်နေရလေသည်။

သည်ကြားထဲမှ လူမှုရေးကိစ္စများအတွက်ကလည်း ရှောင်မရဘဲ သူ့မှာ အပြေးအလွှား တာဝန်ကျေပေးလိုက်ရသေးသည်။

မကြာမီအတွင်းကပင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ဒီးဒုတ်ဦးဘချိုနှင့် ဗန္ဓုလဂျာနယ်တို့ အသရေဖျက်မှုနှင့် ပတ်သက်၍ ရုံးတော်မှဆင့်ခေါ်ချက်အရ ရုံးတက်ကာ အစစ်ခံခဲ့ရလေသေးသည်။

ဗန္ဓုလဂျာနယ်က ဒီးဒုတ်ဦးဘချိုကို တရုတ်အမျိုးသားတစ်ထောင်က လူတစ်ဦး ငွေ ၁၀ဝ–ကျပ်စီစု၍ ငွေတစ်သိန်းပေးမည်ဖြစ်ကြောင်း။

ထိုငွေတစ်သိန်းနှင့် ဒီးဒုတ်ဦးဘချိုက နေ့စဉ် သတင်းစာတစ်စောင်ကို ထုတ်ဝေ၍ ဂျပန်ကုန်ပစ္စည်းများအား သပိတ်မှောက်ရေးကို ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း။

အဆိုပါငွေတစ်သိန်းအပြင် ဒီးဒုတ်ဦးဘချိုအတွက် အရှုံးကာမိစေရန် ကျပ်ငွေ ၃–သောင်းကိုလည်း တရုတ်အမျိုးသားများက ထပ်မံထုတ်ပေးဦးမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြခဲ့လေသည်။

သည်အတွက် ဒီးဒုတ်ဦးဘချိုက မခံမရပ်နိုင်ဖြစ်ကာ ဗန္ဓုလဂျာနယ်ကို အသရေဖျက်မှုနှင့် တရားစွဲလေသည်။

ထို့နောက် ဒီးဒုတ်ဦးဘချိုက သူ့ဘက်မှတရားလိုပြသက်သေအဖြစ် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို စာရင်းပေးလေသည်။

သည်အတွက် ဦးဖေမောင်တင်မှာ မအားသည့်ကြားမှ အပြေးအလွှားသွားကာ ရုံးတော်မှာ သက်သေထွက်လိုက်ရလေသည်။

ထိုကဲ့သို့မနားရ မအားရသည့်ကြားထဲမှပင် ဦးဖေမောင်တင်အချိန်ယူ၍ ကြိုးစားအားထုတ်လာခဲ့သော ''မြန်မာစာပေသမိုင်း'' စာအုပ်ကြီးပြီးစီးသွားလေသည်။

''မြန်မာစာပေသမိုင်း'' စာအုပ်ကြီးကို ရန်ကုန်မြို့ မောင်ဂိုမာရီလမ်းနှင့် လွှတ်လမ်းထောင့်ရှိ ဗမ္မာ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်မှ ဖြန့်ချိရောင်းချလိုက်လေသည်။

ထို့နောက် ၁၉၃၈ ခုနှစ်၊ ဧက်တင်ဘာလ ၉ ရက်နေ့ထုတ် သူရိယသတင်းစာ၌...

ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်ကြီးကို အကျယ်တဝင့် ဝေဖန်ရေးသားဖော်ပြလိုက်လေသည်။

## မြန်မာစာပေသမိုင်း

ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ပြုစုသည်။ ရန်ကုန်မြို့၊ ဗမ္မာ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်သည်။ တစ်အုပ် ၂–ကျပ်။

ဤစာအုပ်မှာ သမိုင်းဟူသော စကားနှင့်တကွ တွဲစပ်မှည့်ခေါ်ထားသော အမည်ကို ကြည့်ခြင်းအားဖြင့် မြန်မာစာပေအကြောင်း၊ ရှေးဟောင်းအဖြစ်အပျက် အတန်းအစား၊ အရည်အချင်းအမျိုးမျိုးတို့ကို ရေးသားထား ကြောင်း သိရှိသင့်တော့သည်။

(၁) ပုဂံကျောက်စာခေတ်၊

(၂) ပင်းယ၊

(၃) အင်းဝ၊

(၄) တောင်ငူ၊

(၅) ညောင်ရမ်း၊

(၆) ကုန်းဘောင်၊

(၇) ကုန်းဘောင်ခေတ်–ဒုတိယ။

ဟူ၍ အသီးသီးသော ခေတ်အဆင့်တို့၌ စာဆိုတော်ရဟန်းပညာရှိ၊ လူပညာရှိတို့၏ အရေးအသား၊ အထားအသို၊ အပိုအလို၊ အတိမ်အနက် နှိုင်းယှဉ်ချက်နှင့်တကွ၊ အကျိုးအပြစ်တို့ကို ဝေဖန်ထားလေသည်။

ပုဂံကျောက်စာခေတ်တွင် အရေးအကြီးဆုံးသော မြစေတီကျောက်စာကို ဦးတည်ဝေဖန်ထား၏။ ကျောက်

စာနှင့်ပတ်သက်၍ အပြစ်ကင်းသော ထိုကျောက်စာဟောင်းကြီးကို မှတည်ခြင်းဖြင့်ပင် အတော်ပြည့်စုံသွားပြီဟု ဆိုနိုင်ပါသည်။ သို့သော် ပျူကျောက်စာများနှင့်ပတ်သက်၍ မြန်မာဘာသာအရင်းအမြစ်တို့ကို မလိုက်ခြင်းကြောင့် လစ်ဟင်းချက်တစ်ရပ်ဖြစ်သွားပေသည်။

ဒုင်းပြင် ပုဂံခေတ်ကို ပါဠိမိုးရွာသောခေတ်ကြီးဟု ကျွန်ုပ်တို့ ဆိုချင်သည်။ တစ်ဖန် ပါဠိသဒ္ဒါကြီး သဒ္ဒါငယ် အမျိုးမျိုးတည်းဟူသော ဗျာကရုဏ်းမိုးရွာသောခေတ်ကြီးဟု အထူးဆိုချင်ပြန်သည်။ ဗျာကရုဏ်းမိုးသီးမိုး ပေါက်တို့သည် အပြင်းအထန်ဆုံးကျရောက် ထွန်းကားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ပုဂံခေတ်ကို စေ့စုံစွာ ဝေဖန်လိုသူသည် ပါဠိဘာသာကို အထူးသဖြင့် ပါဠိဗျာကရုဏ်းများကိုလည်းကောင်း၊ ဒုတိယဖက်စပ်ရန် သက္ကနဘာသာကိုလည်းကောင်း၊ အဟုတ်အဟတ် တတ်မြောက်ကျွမ်းကျင်ရမည်ဖြစ်၏။ ထိုဘာသာတို့သည် မြန်မာဘာသာမဟုတ်ဆိုငြားအံ့၊ မှန်ပေ၏။ သို့သော် မြန်မာဘာသာ၏ (ကျောက်စာခေတ်၌ မြန်မာကျောက်စာတို့၏) အသက်သွေးခဲသည် ပထမ–ပါဠိ၊ ဒုတိယ–သက္ကနဟု ဆိုရမည့်အပြင် ထိုအခါ ပါဠိနှင့် သီဟိုဠ်ဘာသာများ လွှမ်းမိုးနေသည်ကို ထောက်ထားရာ၏။ ဤသို့ သက်ဝင်ဖော်ပြမှသာ ပုဂံကျောက်စာခေတ် စုံလင်မည်ဖြစ်သည်ကို ကြီးကျယ်လုံလောက်ခိုင်လုံသော ဆင်ခြေတို့ဖြင့် မည်သူမျှ ငြင်းဆိုနိုင်အံ့မထင်။ (ငှက်ပစ်တောင်–ဂေါစာဝရ–ရာဇဝင်–ဝတ္တက ကျောက်စာများ၊ စပ်ထိုးကျောက်စာများကိုပင် ရှုဦးတော့ထင်ရှားမည်)

ပင်းယခေတ်၌ပင် ပါဠိလွှမ်းမိုးနေသေးကြောင်း စတုရင်္ဂဗလအမတ်ကြီး စသည်တို့၏ အရေးအသားများက သက်သေအဖြစ်ပါဝင်နေကြောင်း။

ပင်းယခေတ်အထိ မြန်မာစာပေ ပင်လုံးကြီးသည် အင်းဝခေတ်၌ တစ်ပြိုင်နက် တစ်ဟုန်တည်း ပွင့်သီးဝေဆာလာရကား ထိုခေတ်တွင်ရှိ စာပေတို့ကို ဝေဖန်ချက်များ စာဆိုကြီးတို့၏ အရည်အချင်းပေါ်အောင် ထုတ်ဖော်ပိုင်းခြားချက်များသည် အတော်ပင် ပြည့်ဝစုံလင်သည်သာမက အတော်ပင်ထိမိပိုင်နိုင်ပါပေသည်။ သဘောမှန်ဆိုက်သည်ကသာများပေသည်။

အင်းဝခေတ်မတိုင်မီ စာပေအဖိုးတန်များစွာကို စစ်ဘေးဟုဆိုအပ်သော မင်းပြောင်းမင်းလွဲအရေးတို့ကြောင့် တိမ်မြုပ်ကုန်ခြင်းဖြစ်မည်ဟု စာပေပညာရှိများစွာတို့၏ အယူအဆသည် ကေန်မှန်ပေသည်။ ထိုစာအုပ်၌လည်း ထိုသဘောအတိုင်း မြော်မြင်ထားသည်ကို တွေ့ရ၏။ (စင်စစ်အားဖြင့် ခိုင်လုံသော ထောက်ထား မြော်မြင်ဖွယ်ရာတို့လည်း များစွာရှိပေ၏) သို့သော် အင်းဝခေတ်လောက်မထွန်းကားပေ။ မြန်မာ့စာပေခေတ်အားလုံးကို နှိုင်းယှဉ်သော် ရှေ့နောက်ခေတ်များတို့ထက် အင်းဝခေတ်သည် အထွန်းကားဆုံးဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့ယုံကြသည်။ ဝေါဟာရသာမဟုတ်၊ မည်သည့်အမှုကိစ္စမဆို မဆုတ်ယုတ်သော် ပြန့်ပွားလာတတ်သည်ကို သတိပြုမိလျှင် အင်းဝခေတ်နောက်ကို အင်းဝခေတ်ထက် စာပေထွန်းကားသောခေတ်ဟု လက်ညှိုးထိုးရန်မရှိပြီ။ ပမာအင်းဝခေတ်၌ မထွန်းကားသေးသော တေးထပ်၊ ဒွေးချိုး၊ ဘောလယ် စသည်တို့ အလွန်ထွန်းကားသော ကုန်းဘောင်ခေတ်ကို အင်းဝခေတ်ထက် သာလွန်သောခေတ်ဟုဆိုလျှင် မှားပေမည်။

ဘုံခဏ်း၊ ငရဲခဏ်းတို့ကို ရှင်အဂ္ဂသမာဓိ ရေးသားရာ၌ ဆန်းကြယ်သော ရည်ရွယ်ချက် အထူးများကို တွေးထင်ကောက်ယူဖော်ပြခြင်းကြောင့် စာပြုပုဂ္ဂိုလ်၏ တစ်ခေတ်လုံးကို ချုံ့ကြည့်နိုင်သော ဉာဏ်ကိုထောက်သော် အတော်ပိုင်နိုင်ပြည့်ဝပါပေသည်ဟု ချီးမွမ်းဖွယ်ပင်တည်း။

ဤအင်းဝခေတ်ကို ဖော်ပြရာတွင် ကျွန်ုပ်တို့နှင့် သဘောအယူအဆ အကောက်အငင် ကွဲလွဲသောအချက်များ၊ အရည်အချင်းကို ပိုင်းခြားဖော်ပြချက်များတွေ့ရ၏။ တစ်ခါတစ်ရံ ကွဲလွဲရုံမက ချော်စောင်းမှားယွင်းသော အချက်များကိုပင် တွေ့ရပေသည်။ ဓမ္မတာပင်တည်း။ ဥပမာ...ရှင်မဟာရဋ္ဌသာရနှင့် ရှင်သီလဝံသနှစ်ဦးတို့ကို နှိုင်းယှဉ်ပြရာတွင် (ဒုတိယမင်းခေါင်ကိုယ်တိုင်က ရှင်မဟာရဋ္ဌသာရထက်ကျော်လွန်၍ မြှောက်စားသည်ကိုထောက်လျှင် နေပြည်တော်ပြန် ရှင်မဟာရဋ္ဌသာရထက် ဉာဏ်ရည်သာလွန်သည်ဟု ဘုရင်မင်းမြတ် ယုံမှတ်တော်မူကြောင်း ထင်ရှား၏)ဟု ဆိုရာ၌ ဉာဏ်ရည်သာမသာသည် စင်စစ် ဤနေရာ၌ အကြောင်းရင်းမဟုတ်၊ ရှည်နေမည်စိုးခြင်းကြောင့် မဖော်ပြလိုသော အထောက်အထားများကို ဆင်ခြင်လျှင် ရှင်သီလဝံသထက် ရှင်ရဋ္ဌသာရက လောကဘက်၊ မင်းစိုးဘက်အလေးမူကြောင်း။ သို့သော် ဘုရင်၏အလိုသို့

ရှင်သီလဝံသလောက် မလိုက်ကြောင်း (ရွှေနန်းတည် မော်ကွန်းကိုရှု)၊ ရှင်သီလဝံသက ငြီးငြူ၍ ရတနာသုံးပါး ဆည်းကပ်မှုတို့၌ သာလွန်ကြောင်းတို့သည် အကြောင်းရင်းဖြစ်ကုန်၏။

အနန္တသူရိယအမတ်ကြီးအကြောင်း ရေးသားရာတွင် (မင်းပြစ် မင်းဒဏ် ရာဇသံကြောင့်) ဆိုမည့်အစား (ရာဇဒဏ်)သာ ဖြစ်ဖွယ်ရှိသည်။

နတ်ရှင်နောင်အခဏ်းတွင် (ရွှေစိတ်တော်ညွတ်နူး၍၊ အချစ်ပလူးချင်သည့်စိတ်များ) စသော အသုံးအနှုန်းတို့သည် ကျွန်ုပ်တို့သိနေသော ဦးဖေမောင်တင်ဆိုသော ပုဂ္ဂိုလ်ကြီးများက မသုံးသင့်၊ တည်တည်ခံ့ခံ့နှင့် အကြောင်းလည်းလျော်အောင် သုံးသင့်လေရာ ယခုကဲ့သို့ ကလက်သော အသုံးမျိုးကို လက်အောက်ငယ် ရွယ်သူကလေးများကသုံးလျှင် ကျွန်ုပ်တို့ အပြစ်မဆိုလိုပေ။

မှာတမ်းများအကြောင်း လိုပေသေးသည်။ တစ်လုံးတစ်ပါဒမျှ မပါသည်မှာ ဝမ်းနည်းဖွယ်ပင်တည်း။ မှာတမ်းကိုဆိုသဖြင့် မှာတမ်းတွင်လည်း ကျော်စောကုန်သော ဦးစံသူ၊ နောက်ဆုံးကုန်းဘောင်ခေတ်တွင် ပေါ်လာရသော ဦးဝဇီရ စသော ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကို လုံးလုံးမြုပ်ထားရာရောက်သဖြင့် နောက်တစ်ကြိမ်ပုံနှိပ်လျှင် ပါစေသင့်သည်ဟု ထင်မြင်မိပေသည်။

ဤသို့လျှင် စာဆိုအရာ၌ တစ်ခေါ်စလောက်၊ တတ်မြောက်နှံ့သိ၊ ကဝိစာဆိုတော်ကြီးတို့၏ အရည်အချင်းနှင့် စာပေတို့ကို အကျိုးအပြစ်ပြပြီး ဝေဖန်ဆုံးဖြတ်ခြင်းပြုထားသော ''မြန်မာစာပေသမိုင်း''ကို တစ်ဆင့်ဝေဖန်ရခြင်းသည် သာမန်နှင့် မနှံ့နိုင်၊ တခမ်းတနားဝေဖန်မှသာ ပြည့်စုံနိုင်မည်ဖြစ်ရကား၊ ဝေဖန်ရန်များစွာတို့ကို ချန်လှပ်ခဲ့ရပြီးနောက် ဤမျှနှင့်ဖြတ်၍ မြန်မာစာလိုက်စားသူတိုင်းအား အတန်ငယ် မှာထားပါရစေ။

ဝေဖန်ဆုံးဖြတ်ခြင်းသည် သာမန်ပုဂ္ဂိုလ်များနှင့် ထိုက်တန်သော အရာမဟုတ်။ စာပေပညာ၌ ထိပ်တန်းရောက်နေပြီးဟု ဆိုရလောက်သူ၏ နောက်ဆုံးရရှိသော အခွင့်အရေးများသာတည်း။ (သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ တ) တစ်နည်း ကျမ်းတတ်ထက်ကျမ်းစပ်။ ကျမ်းစပ်ထက် ကျမ်းဖြတ်ခက်သည်ဟူ၏။

စွမ်းထောင့်စွမ်းခဲဖြစ်သည့် အထက်တန်းမြန်မာစာပေတို့၏ အကျိုးအပြစ်တို့ကို မဝေဖန်ဘဲထားခဲ့သော် အားမပေးရာရောက်၏။ ကျမ်းကျင်သူနည်းပါးကြောင်း ယူဆလိုသူတို့ ယူဆနိုင်ခွင့်ရှိကုန်၏။ ထိုသို့ ဝေဖန်ရာ၌ မှန် မမှန်၊ သဘာဝကျ မကျ ဟူသည်တို့မှာ ဝေဖန်သူ၏ နှံ့ မနှံ့၊ တိမ် မတိမ် စသော အင်္ဂါတို့ဖြင့် ပိုင်းခြားအပ်သော ဉာဏ်သို့လည်း လိုက်၍ဖြစ်၏။ နောက်တစ်ဆင့် မှန်ကန်ပြည့်ဝသော ဉာဏ်ကြီးရှင် ဖြစ်စေကာ၊ ဆရာစွဲ၊ ငါစွဲ၊ စာစွဲ၊ ဂိုဏ်းစွဲတို့ကို စွန့်လွှတ်ဝေဖန်မှသာ အမှန်ဆုံးများဖြစ်နိုင်ကုန်၏။

ထို့ကြောင့် ဤစာမျိုးတွေ များများပေါ်မပေါ်ကို ကြည့်ခြင်းအားဖြင့် မြန်မာစာပေကြီးပွားသည်၊ မကြီးပွားသည်တို့ကိုလည်း ခန့်မှန်းနိုင်ပေရာ၊ ဦးဖေမောင်တင်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးက ရေးသားဝေဖန်လိုက်ခြင်းကြောင့် နောက်ကိုလည်း မြန်မာစာပေအတွက် မျှော်လင့်ချက်များစွာရှိကြောင်း ယုံကြည်ရန်ရှိပေသည်။

မြန်မာစာပေသမိုင်းအပြင် ဦးဖေမောင်တင် ဆက်လက်ပြုစုတည်းဖြတ်ခဲ့သော အခြားစာပေကျမ်းများမှာကား...

မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်

၁၉၃၆–ခုနှစ်

၁။ ရွှေတိဂုံစေတီတော်

၂။ တိဂုမ္ဘသမိုင်း (မွေစေတီမင်းကြီးရေး)

၃။ ပုဂံကျောက်စာပါ ဗုဒ္ဓဘာသာ

မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း

၁၉၃၆ ခုနှစ်

၁။ မဟာဆန်ချင်သူ ပြဇာတ် (တည်း)
၂။ ခေတ်စမ်းကဗျာများ (တည်း)
၃။ ပဒေသာသီချင်းများ (တည်း)

ကိုယ်တိုင်ရေးသားပြုစုသောကျမ်းများ

၁၉၃၇ ခုနှစ်

၁။ အထက်တန်းမြန်မာစကားပြေ ကောက်နုတ်ချက်များ (ပထမတွဲ)
၂။ မြန်မာစာပေသမိုင်း
တို့ဖြစ်လေသည်။

# ၃၅

# ၁၃၀၀–ပြည့်အရေးတော်ပုံ နှင့် သူ့အခန်း သူ့ကဏ္ဍ

၁၉၃၇–ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ပေါက်ခဲ့သော ရေနံချောင်းမြို့၊ ဘီ–အို–စီ အလုပ်သမားသပိတ်ကြီးက အရင်းခံကာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

ရေနံချောင်းမှ ဘီ–အို–စီ ရေနံအလုပ်သမားများ သပိတ်မှောက်ကြရခြင်းအကြောင်းရင်းသည်ကား ဘီ–အို–စီ ကုမ္ပဏီသည် တစ်နှစ်တစ်နှစ် ငွေပေါင်းသန်းနှင့်ချီ၍ မြတ်လေသည်။ ထိုကဲ့သို့ မြတ်စွန်းငွေများဖြင့် သူတို့မျက်နှာဖြူများသည်သာ အမျိုးမျိုးဖိမ်ယူကာ အကျိုးထူးများကို ခံစားနေကြသော်လည်း ရေနံထွက်အောင် အမှန်တကယ် လုပ်ဆောင်ပေးနေကြရသော မြန်မာအလုပ်သမားများမှာကား ဖွတ်သည်ထက်ညစ်လာသည်။ တစ်နေ့တခြား ပို၍ဆင်းရဲမွဲပြာလာကြသည်။

သည်အတွက် တိုးတက်လှုပ်ရှားသော အလုပ်သမားခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် အလုပ်သမားများက ခံစားခွင့်အကျိုးကျေးဇူးများတိုးတောင်းကြသည်။ ရသင့်ရထိုက်သော အခွင့်အရေးများကိုပေးရန် အရေးဆိုကြသည်။

သို့သော်လည်း ကုမ္ပဏီက ဘာတစ်ခုမျှ အလုပ်သမားများ၏ အခွင့်အရေးကိုမပေး။ ထည့်သွင်းစဉ်းစားခြင်းကိုမျှ ပြုကြဟန်မတူချေ။

သည်အတွက် ဘီ–အို–စီ ရေနံအလုပ်သမားများက တညီတညွတ်တည်း သပိတ်မှောက်လိုက်ကြလေသည်။

ညီညွတ်သော အလုပ်သမားများသပိတ်သည် ရေနံတွင်းများနှင့် ဓာတ်အားပေးစက်ရုံကြီးကိုပင် ရပ်တန့်သွားစေလေသည်။

ရေနံအလုပ်သမားများနှင့်အတူ ရုံးခန်းမှ စာရေးစာချီအမှုထမ်းများကလည်း အတူပူးပေါင်းကာ သပိတ်မှောက်လိုက်ကြပြန်သည်။

ထိုအခါ သူတို့အကျိုးကို ထိခိုက်သွားသော ကုမ္ပဏီက သပိတ်မှောက်သူများ၏နေရာ၌ လူစားထိုးခြင်းဖြင့် လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရန် ကြိုးစားအားထုတ်လိုက်ကြသည်။

ထိုကဲ့သို့သော ကုမ္ပဏီ၏ လူစားထိုးမှုအကြံအထမမြောက်စေရန် သပိတ်မှောက်အလုပ်သမားများက ရေနံမြေ၏ ကျဲကျဲတောက်နေသော နေပူအောက်၌ထိုင်ကာ သပိတ်တားကြလေသည်။

အစိုးရက ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ကာ သပိတ်တားသူများကို ဖယ်ရှားပစ်ရန်ကြိုးစားသည်။

သို့သော်လည်း ရေနံသပိတ်သမားများက မနာခံဘဲ အစိုးရအာဏာကို ဖီဆန်ကာ သပိတ်တားမြဲ ဆက်တားကြလေသည်။

ဖွဲ့ကောင်း၍ စိတ်ဓာတ်ပြင်းထန်သော ရေနံမြေသပိတ်သမားများကို ဦးစီးခေါင်းဆောင်ပြုနေသူများကား ရန်ကုန်တက္ကသိုလ်မှ စတင်သန္ဓေတည်ကာပေါက်ဖွားမျိုးပွားသွားခဲ့သော "တို့ဗမာအစည်းအရုံး"မှ သခင်လေးမောင် အစရှိသောသခင်များဖြစ်ကြလေသည်။

ရေနံမြေသပိတ်ကြီးသည် နှစ်တစ်ပတ်သာလည်လုနီးလာခဲ့သော်လည်း အခြေအနေကား ဘာတစ်ချက်မျှ ထူးခြားတိုးတက်လာခြင်း မရှိသေးချေ။

ရေနံမြေသပိတ်သမားများခမျာ အတိဒုက္ခအမျိုးမျိုးကိုသာ တိုး၍ခံစားနေကြရရှာသည်။

သပိတ်သမားများသည် သူတို့တောင်းဆိုချက်များ ဘာတစ်ခုမျှမရကြသည့်အပြင် ကုမ္ပဏီနှင့်ပင်းထားသော အစိုးရအာဏာပိုင်တို့က ပုဒ်ထီး ပုဒ်မထုတ်ကာ ချုပ်ချယ်ဖမ်းဆီးညှဥ်းပန်းနှိပ်စက်ခြင်းများကိုသာ လိုမ့်ခံနေကြရလေသည်။

ထို့ကြောင့် နောက်ဆုံး၌ ရေနံမြေသပိတ်သမားများသည်

- ရေနံမြေ အလုပ်သမားများတို့အပေါ်တွင် နှစ်ပေါင်းငါးဆယ်ခန့်က ကောက်ခံလာခဲ့သော အခွန်ငွေများကို ပြန်ပေးရန်။

- ရေနံမြေသပိတ်ကိစ္စကြီးကို အမြန်ဆုံးပြီးပြတ်အောင်စေ့စပ်ဆောင်ရွက်ပေးရန်။

ဟူသော အချက် ၂-ချက်ကို မြန်မာပြည်အစိုးရထံသို့ တင်သွင်းတောင်းဆိုရေးအတွက် ရေနံချောင်းမှ ရန်ကုန်မြို့သို့အရောက် ခြေလျင်ချီတက်လာရန် စည်းဝေးဆုံးဖြတ်လိုက်ကြသည်။

ထို့နောက် လက်ရွေးစင်လူပေါင်းတစ်ထောင်ကျော်ပါဝင်သော ရေနံမြေသပိတ်တပ်ကြီးသည် ၁၉၃၈-ခုနှစ်၊ နိုဝင်ဘာလ ၃၀-ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ နတ်တော်လဆန်း ၈-ရက်၊ ဗုဒ္ဓဟူးနေ့၌ ရေနံချောင်းမြို့မှ စတင်ချီတက်လာခဲ့ကြသည်။

ရေနံမြေသပိတ်တပ်ကြီးကဲ့သို့ ဝေါ၊ သနပ်ပင်၊ ဖြူး၊ သထုံ၊ သာယာဝတီမြို့နယ်ဒေသများမှ လူပေါင်းနှစ်သောင်းကျော်ပါဝင်သော တောင်သူလယ်သမားများကလည်း တောင်သူလယ်သမားတို့ အရေးတောင်းဆိုရန်နှင့် တောင်သူလယ်သမား ညီလာခံကြီးကျင်းပရန်အတွက် ရန်ကုန်မြို့သို့ ဒီဇင်ဘာလ ၁၉ ရက်နေ့အရောက် ချီတက်လာကြမည်ဖြစ်ကြောင်း သတင်းစာများက ရေးသားဖော်ပြခဲ့ကြလေသည်။

ထိုကဲ့သို့ ရေနံမြေသပိတ်တပ်ကြီးနှင့် တောင်သူလယ်သမားတပ်ကြီးတို့ ရန်ကုန်မြို့သို့ရောက်လာကြသောအခါ ရန်ကုန်မှ ကျောင်းသားများကလည်း အားပေးထောက်ခံခြင်းဖြင့် ကျောင်းသားအင်အားသုံးထောင်ထက်မနည်း မြို့ထဲ၌လှည့်လည်ဆန္ဒပြကြရန် တက္ကသိုလ်ကျောင်းသားများက ဦးဆောင်၍ ပြင်ဆင်လှုပ်ရှားနေကြောင်း သတင်းကလည်း ထွက်လာခဲ့သည်။

သူတို့သုံးဦးသုံးဖလှယ်က စုရုံးပေါင်းစည်းရန် ကြိုးစားအားထုတ်နေကြသကဲ့သို့၊ အစိုးရအာဏာပိုင်များဘက်ကလည်း အင်အားကောင်းလှသော ကျောင်းသားအလုပ်သမားနှင့် တောင်သူလယ်သမားများ မပေါင်းမစည်းမိစေရန် ကြောက်လန့်တကြား အပြေးအလွှားကြိုးစားစီစဥ်ဆောင်ရွက်လျက်ရှိကြလေသည်။

တစ်နေ့လျှင် ၁၅ မိုင်နှုန်းဖြင့် ချီတက်လာကြသော ရေနံမြေသပိတ်တပ်ကြီးမှ ခေါင်းဆောင်များကို သက်ဆိုင်ရာအာဏာပိုင်များက ဖမ်းဆီးလိုက်ကြသည်။

သည်အတွက် တစ်မိုလ်ကျ တစ်မိုလ်တက်ရန် မိုလ်စာရင်းခေါ်လိုက်သောအခါ တို့ဗမာအစည်းအရုံးဝင်သခင်များနှင့်အတူ တက္ကသိုလ်ကျောင်းသားများလည်း အမည်ပေးစာရင်းသွင်းလိုက်ကြလေသည်။

ထို့နောက် ဒီဇင်ဘာလ ၁၁ ရက် ညဦးပိုင်း၌ မကွေးမြို့တွင် တပ်ချနေသော ရေနံမြေ သပိတ်သမားများ၏ တရားပွဲ၌ ရေနံတပ်မိုလ်သခင်များနှင့်အတူ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် ကိုဗဆွေကို ပုလိပ်များက ဖမ်းဆီးသွားကြလေသည်။

ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်း၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်ကြသော ကိုဗဟိန်းနှင့် ကိုဗဆွေသည် ၁၉၃၆ ခုနှစ် သပိတ်အတွက် အမြတ်ထွက်ကျန်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများလည်းဖြစ်ကြလေသည်။

ကိုဗဟိန်းနှင့် ကိုဗဆွေသည် ကျောင်းသားသပိတ်ကိစ္စ ရှင်းလင်းရန်ဟု အကြောင်းပြကာ ရေနံချောင်းသို့ သွားခဲ့ရာမှ ယခုမကွေးရောက် ရေနံမြေသပိတ်တပ်၌ အဖမ်းခံလိုက်ကြရခြင်းဖြစ်လေသည်။

အစိုးရအာဏာပိုင်များက ကျောင်းသားခေါင်းဆောင်နှစ်ဦးအား ယခုကဲ့သို့ ဖမ်းဆီးဖိနှိပ်လိုက်ခြင်းသည် အရှိန်တရဲရဲတက်နေသော တက္ကသိုလ်ကျောင်းသား မီးခဲများကို လောင်စာထည့်ကာ လေပင့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

ထိုအခါ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွရှိနေခဲ့သော တက္ကသိုလ်နယ်မြေတစ်ခုလုံးသည် အုန်းအုန်း ကျွက်ကျွက် ပွက်ပွက်ညံညံဖြစ်သွားလေတော့သည်။

ထို့နောက် ဒီဇင်ဘာလ ၁၅ ရက်နေ့၌ တက္ကသိုလ်ကျောင်းသားများ ဦးဆောင်မှုဖြင့် ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသားသုံးထောင်ကျော်ခန့်သည် မြို့မကျောင်းတွင် စုရုံးပြီးနောက် မြို့တွင်းသို့ ချီတက်လှည့်လည်ကာ ပုဒ်မ ၁၄၄ ကို အာဏာဖီဆန်ပြလိုက်ကြလေသည်။

မြန်မာတစ်ပြည်လုံးရှိ စာသင်ကျောင်းများကလည်း သပိတ်မှောက်လိုက်ကြလေသည်။

မြန်မာတစ်ပြည်လုံး၏ ထိပ်သီး ရန်ကုန်တက္ကသိုလ်ကျောင်းတော်သားကြီးများသည်ကား အမြင့်မားဆုံးသော အရှိန်အဟုန်ဖြင့် အတက်ကြွဆုံးအလှုပ်ရှားဆုံးရှိနေကြလေသည်။

သူတို့သည် ဒီဇင်ဘာ ၁၅ ရက်နေ့က အောင်မြင်စွာ အင်အားပြကာ အာဏာဖီဆန်နိုင်ခဲ့မှုကို သူတို့ဌာနချုပ် သမဂ္ဂအသင်းတိုက်၌ အောင်ပွဲခံလိုက်ကြလေသည်။

သမဂ္ဂအသင်းတိုက်၌ အောင်ပွဲခံကြသော တက္ကသိုလ်ကျောင်းသားများ၏...

- ဖိနှိပ်ချုပ်ချယ်တဲ့ ပုဒ်ထီး ပုဒ်မ ပျက်ပြီ ပျက်ပြီ။
- အရေးတော်ပုံ အောင်ပြီ အောင်ပြီ။
- ဓနရှင် အစိုးရ ပျက်စီးပါစေ။
- သူပုန် သူပုန် ထ ထ။

ဟူသော ကြွေးကြော်သံများသည် တက္ကသိုလ်နယ်မြေတစ်ခုလုံးကို လွှမ်းမိုးပဲ့တင်ထပ်သွားစေလေသည်။

ထိုအောင်ပွဲခံ အစည်းအဝေး၌ သူတို့၏ တောင်းဆိုချက်ကို ဒေါက်တာဘမော် ညွန့်ပေါင်း အစိုးရက ဒီဇင်ဘာလ ၁၉ ရက်၊ ညနေ ၄ နာရီထိုး၍မှ လက်ခံလိုက်လျှောခြင်းမပြုပါက ၁၅ ရက်နေ့ကထက် ပြင်းထန်သော လှုပ်ရှားမှုကြီးကို ပြမည်ဟု ကျောင်းသားထုကိုယ်စား သမဂ္ဂအသင်းဒုတိယဥက္ကဋ္ဌ ကိုလှရွှေက ရာဇသံပေးခဲ့လေသည်။

သို့သော်လည်း ညွန့်ပေါင်းအစိုးရက ကျောင်းသားတို့၏ ရာဇသံကို အရေးထားကာ ပြန်ကြားဆွေးနွေးမှုများ မပြုခဲ့ချေ။

သည်အတွက် ဒီဇင်ဘာလ ၂၀ ရက်နေ့၌ တက္ကသိုလ်က ဦးစီးဦးဆောင်ပြုသော ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသားတစ်သောင်းခန့်သည် အတွင်းဝန်များရုံးကြီးသို့ ဝိုင်းဝန်းပိတ်ဆို့ဆန္ဒပြ၍ လိုလားချက်များ တောင်းဆိုကြရာမှ၊ ကျောင်းသားတို့ သွေးထွက်သံယိုဖြစ်ခဲ့ကြရလေသည်။

ယခု သုံးရက်အကြာ၌ ကျောင်းသားခေါင်းဆောင် အောင်ကျော်သည် အသက်ကိုပါပေးဆက်လိုက်ရပြန်ချေပြီ။

အုံကြွလှုပ်ရှားနေသော ကျောင်းသားထုကြီးသည် သူတို့၏ ရဲဘော်ရဲဘက်၊ ခေါင်းဆောင် ခေါင်းရွက်တစ်ဦးအတွက် နာကြည်းခံပြင်းချက်များဖြင့် ပိုမိုပေါက်ကွဲကာ သောင်းကျန်းရမ်းကားလိုက်ကြလေသည်။

ထိုကဲ့သို့ သောင်းကျန်းနေသော တက္ကသိုလ်ကျောင်းသားများအား ထိန်းသိမ်းချုပ်ကိုင်ပေးရန်၊ တက္ကသိုလ် ဒုတိယအဓိပတိ၊ မြူနီစီပယ်မင်းကြီးဦးဆက်က တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ တယ်လီဖုန်း လှမ်းဆက်သည်။

"ဆရာကြီး ကျောင်းသားတွေကို ကူထိန်းပေးဖို့အတွက် ပုလိပ်ခေါ်ရမလားခင်ဗျာ"

''ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကျောင်းသားတွေကို ကျုပ်နိုင်အောင် ထိန်းနိုင်ပါတယ်''

ဦးဆက်၏ ကမ်းလှမ်းချက်ကို ဦးဖေမောင်တင်က လက်မခံငြင်းဆန်ပစ်လိုက်လေသည်။

ထို့နောက် သူသည် ယနေ့ကျောင်းသားအောင်ကျော် ကွယ်လွန်ရသည်အထိ အခြေအနေများကြီးထွား ပြင်းထန်လာခဲ့ရခြင်း၏အကြောင်းရင်းခံများကို အဆင့်ဆင့်ပြန်ပြောင်းစဉ်းစားနေမိလေသည်။

အချိန်မှာကား အိမ်များပင် မီးထိန်ထိန်ထွန်းကုန်ကြလေပြီ။

ထိုအခိုက်တွင် ဦးဖေမောင်တင်၏အိမ် ဧည့်ခန်းထဲသို့ ဧည့်သည်တစ်ယောက် ဝင်ရောက်လာခဲ့သည်။

သူကား စစ်ကိုင်းကျောင်းဆောင် အဆောင်မှူး၊ မျက်နှာဖြူပါမောက္ခ မက်ဂစ်* ဖြစ်လေသည်။

ပါမောက္ခမက်ဂစ်၏လက်ထဲ၌ အုတ်ခဲထက်ပိုင်းကျိုးကြီးတစ်ခုပါလာသည်။

ပါမောက္ခမက်ဂစ်က သူ့လက်ထဲမှ အုတ်ခဲထက်ပိုင်းကျိုးကြီးကို ဦးဖေမောင်တင်အားပြ၍ ဒေါသသံဖြင့် ပြောလေသည်။

''ဒီမှာ ကြည့်စမ်းပါဦး၊ ခင်ဗျားဗမာကျောင်းသားတွေ လုပ်တာကောင်းသလား၊ ကျုပ်အိပ်ရာပေါ်ကို ပေါက်ချ ထားတာ၊ ကျုပ်ကထမင်းစားပြီး စာထိုင်ဖတ်နေလို့ပေါ့၊ မဟုတ်ရင် ခေါင်းကိုထိပြီး သေနိုင်တယ်မဟုတ်လား''

သူ့လက်ထဲမှ အုတ်ခဲကျိုးကြီးကို သက်သေပြကာ ပါမောက္ခမက်ဂစ်စွပ်စွဲလာချက်သည် မှန်ကန်နိုင်ကြောင်း ဦးဖေမောင်တင် လက်ခံသည်။

အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းကျောင်းဆောင်မှူးနှင့် သတ္တဗေဒပါမောက္ခ မက်ဂစ်သည် မြန်မာကျောင်း သားများအပေါ်၌ စေတနာမထားသူ၊ တောက်တောက်ခါးခါး ပြုမူဆက်ဆံသူအဖြစ် ကျောင်းသားများ၏ မျက်မုန်း ကျိုးမှုကို ခံယူနေရသူတစ်ဦးဖြစ်လေသည်။

ထို့ကြောင့် ယခုကဲ့သို့ အရေးတော်ပုံမျိုး ပေါ်ပေါက်လာသောအခါ မက်ဂစ်ကဲ့သို့ နာမည်ကျော်အမုန်း တော်ခံများကို သွေးဆူလှုပ်ရှားနေသော ကျောင်းသားများက အငြိုးနှင့် ရန်စပျိုးကြမည်မှာ သေချာလေသည်။

သည်အတွက်ပင် ပါမောက္ခမက်ဂစ်ကလည်း မခံမရပ်နိုင်ဖြစ်လာခဲ့ပုံရှိလေသည်။

''တကယ်လည်း ကျောင်းသားတွေက ကျုပ်ကို သေကြောင်းကြံစည်ကြတာပဲ၊ အဲဒါ ခင်ဗျား ဘယ်လို အရေးယူပေးမှာလဲ''

''ဟေ့ မက်ဂစ်ရဲ့၊ မြို့ထဲမှာ ကျောင်းသူကျောင်းသားတွေ သွေးထွက်သံယို အရိုက်အနှက်ခံခဲ့ရလို့ သေတဲ့ သူတောင် သေကုန်ကြပြီ၊ အဲဒီအတွက် ကျောင်းသားတွေ မကျေနပ်လို့ ဆူပူလှုပ်ရှားနေကြတာကို ငြိမ်အောင် အေးချမ်းအောင် လုပ်ပေးဖို့တော့ မကြိုးစားဘဲ အရေးထဲမှာ အရာပေါ်ပြီး မင်းကအတိုင်အတော ထူနေရသေး သလားကွ''

''အတိုင်အတော ထူရတာပေါ့၊ ခင်ဗျားကျောင်းသားတွေက မိုက်မိုက်ရိုင်းရိုင်း ဘာဖြစ်လို့ ကျုပ်ကို စော်ကားသလဲ၊ ကျုပ်လို အင်္ဂလိပ်တစ်ယောက်ကို ဗမာကျောင်းသားတွေက အခုလိုသေကြောင်းကြံစည်တာဟာ သေးတဲ့ကိစ္စလား၊ ကျုပ်မခံနိုင်ဘူး၊ ပုလိပ်သွားတိုင်မယ်''

သူက ရှူးရှူးရှားရှားဖြစ်လာခဲ့သလောက် သူ့ကို တည်တည်ငြိမ်ငြိမ်ပြန်ပြောသော ဦးဖေမောင်တင်ကို ပါမောက္ခမက်ဂစ်က ဒေါသဖြင့် ရန်တွေ့လိုက်သည်။

ထိုအခါ တစ်ချိန်လုံး ကျောင်းသားများ အရေးတွေးကာ၊ စိတ်မအေးနိုင်အောင်ရှိနေခဲ့သော တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပါမောက္ခမက်ဂစ်ကို ခပ်တင်းတင်းပြန်ပြောပစ်လိုက်လေသည်။

''ဟေ့ မက်ဂစ်၊ အခု မင်းနဲ့ ကျောင်းသားတွေဖြစ်တဲ့ကိစ္စဟာ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ဖြစ်တာကွ နားလည်လား၊ ဒီတက္ကသိုလ်ကျောင်းဝင်းကြီးတစ်ခုလုံးကို ဘယ်သူတာဝန်ယူပြီး အုပ်ထိန်းနေသလဲ၊ ပြောစမ်း''

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ တည်ကြည်သော မျက်နှာထား၊ တင်းမာပြတ်သားသော စကားများက ရှူးရှူးရှားရှား ဒေါသပွားနေသူ ပါမောက္ခမက်ဂစ်ကို အံ့အားသင့်သွားစေသည်။

''တက္ကသိုလ်ကျောင်းဝင်းကြီး တစ်ဝင်းလုံးကို ကျောင်းအုပ်ကြီးက အုပ်ထိန်းတာဝန်ယူနေရတယ် မဟုတ် လား၊ အေး...အဲဒီလို တာဝန်ယူနေရတဲ့ ကျောင်းအုပ်ကြီးဟာ ငါပဲကွ၊ မင်းသိတယ်မဟုတ်လား၊ သိရဲ့သားနဲ့

* F.J. Meggitt

ငါ့အမိန့်မရဘဲ ပုလိပ်ကို မင်းခေါ်ရဲခေါ်ကြည့်၊ မင်းက မင်းအိမ်ကို ခဲနဲ့ပေါက်တယ်ဆိုပြီး သွားတိုင်လို့ ပုလိပ်တွေ လိုက်လာပြီး ကျောင်းသားတွေနဲ့ တစ်ခုခုပြဿနာပေါ်လာခဲ့ရင် မင်းတာဝန်ပဲသတိထား၊ အင်္ဂလိပ်သော ဘာသော နားမလည်ဘူး၊ မင်းဟာအဆောင်မှူး၊ အဆောင်မှူးဟာ ကျောင်းအုပ်ဖြစ်တဲ့ ငါ့စကားကို နားထောင်ရမယ် ဒါပဲ''

သူတို့ကသာ မြန်မာများကို အထက်စီးမှသြဇာကြီးကာ အနိုင်ယူလာခဲ့သော အင်္ဂလိပ်လူမျိုး ပါမောက္ခ မက်ဂစ်ကို မြန်မာလူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အာဏာအပြည့်ဖြင့် ကြိမ်းမောင်း အမိန့်ပေးကာ ရာဇဝင်ကြွေးကို ကောင်းကောင်းပြန်ဆပ်ပစ်လိုက်လေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်က အာဏာအစွယ်ကို ထုတ်ပြလိုက်သောအခါကျမှ ပါမောက္ခမက်ဂစ်သည် တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သော အခြေအနေတို့ကို ရိပ်စားသွားမိပုံရှိသည်။

သူသည် ဦးဖေမောင်တင်ကို ဘာတစ်ခွန်းမျှ ပြန်လှန်ပြောဆိုခြင်းမပြုတော့ဘဲ သူ့အိမ်သို့ ခပ်ကုပ်ကုပ် ပြန်သွားလေသည်။

ဦးဖေမောင်တင်သည် မျက်နှာဖြူအဆောင်မှူး မက်ဂစ်နှင့်ပတ်သက်၍ မကြာမီသောရက်အတွင်းကလည်း ကျောင်းသားတစ်ဦးဘက်မှ မားမားမတ်မတ်ရပ်တည်ပေးခဲ့ရသေးသည်။

ရေနံမြေ သပိတ်တပ်ကြီးက မိုလ်စာရင်းခေါ်သည့်တွင် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော စစ်ကိုင်းဆောင်မှ လှမြတ်စိုးသည် မိုလ်စာရင်းသွင်းကာ ရေနံချောင်းသို့ လိုက်သွားလေသည်။

သည်အချက်ကို လက်မခံနိုင်သော အဆောင်မှူး ပါမောက္ခမက်ဂစ်က ကျောင်းသားလှမြတ်စိုးကို အရေးယူ အပြစ်ပေးရန် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ သတင်းပို့တောင်းဆိုလာခဲ့သည်။

ပါမောက္ခမက်ဂစ်ကို ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပြန်ပြောခဲ့လေသည်။

''အခုကိစ္စမှာ ကျောင်းသားတွေက ကျောင်းကိုဆူပူနှောင့်ယှက်နေကြတာမှမဟုတ်ဘဲ၊ အစိုးရကိုသာ မကျေနပ်လို့ ဆူနေကြတာ၊ တက္ကသိုလ်နဲ့ ကျောင်းသားတွေကြားမှာ ဘာပြဿနာမှမရှိလို့ ကျောင်းအနေနဲ့ ကျောင်းသားလှမြတ်စိုးကို အရေးမယူနိုင်ဘူး''

ကျောင်းသား လှမြတ်စိုးနှင့်ပတ်သက်၍ အရေးနိမ့်ခဲ့ဖူးသော အဆောင်မှူး ပါမောက္ခမက်ဂစ်သည် ယခု တစ်ခေါက်၌ ကျောင်းသားများကို အနိုင်ကိုင်လိုက်မည်ဟု သဘောပိုက်ကာ မောင်းတင်လျက်ရောက်လာခဲ့ဟန်တူသည်။

သို့သော်လည်း ဦးဖေမောင်တင်၏ သတ္တိရှိမှုနှင့် ပိုင်နိုင်ပြတ်သားမှုတို့က မောင်းတင်လာခဲ့သော မျက်နှာဖြူ ပါမောက္ခမက်ဂစ်ကို ခေါင်းငိုက်စိုက်ချကာ တပ်ခေါက်ပြန်သွားစေခဲ့လေသည်။

စစ်ကိုင်းအဆောင်မှူးပါမောက္ခမက်ဂစ် ပြန်သွားပြီးနောက် မကြာမီကလေးတွင် ဦးဖေမောင်တင်ထံသို့ ကျောင်းသားကလေးတစ်စု ရောက်လာကြသည်။

ကျောင်းသားကလေးတစ်စုသည် ကြောက်လန့်အားငယ်နေသော မျက်နှာများဖြင့် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို အားကိုးစွာပြောလိုက်ကြလေသည်။

''ကျွန်တော်တို့ ကြောက်လို့ပါ ဆရာကြီး''

''ဟေ ဘာကိုကြောက်တာလဲကွ''

ကျောင်းသားကလေးများ၏ အပြောကို ဦးဖေမောင်တင်က တအံ့တသြပြန်မေးလိုက်သည်။

ဦးဖေမောင်တင်၏အမေးကို ကျောင်းသားကလေးများက ခပ်ရှုံ့ရှုံ့အဖြေပေးကြလေသည်။

''ကျောင်းသားတွေ ဆူပူနေကြတာကိုပါ''

''နို့ မင်းတို့ကကော ကျောင်းသားတွေပဲ မဟုတ်လားကွယ့်၊ မင်းတို့ ကျောင်းသားအချင်းချင်းတွေပဲဟာ ဘာများကြောက်စရာရှိသလဲ၊ သူတို့ဆူပူနေကြတာ သူတို့ကို စစ်ပုလိပ်တွေက တုတ်နဲ့ရိုက်လို့ အောင်ကျော်သေသွားလို့ ဆူနေကြတာမဟုတ်လား၊ ကျောင်းသားအချင်းချင်းရန်ပြုဖို့မှ မဟုတ်ဘဲကွယ့်''

''ဒါပေမဲ့ ကျွန်တော်တို့က ရှမ်းကျောင်းသားကလေးတွေ ဖြစ်နေကြလို့ပါ''

''ဟ ရှမ်းဖြစ်ဖြစ်၊ ကချင်ဖြစ်ဖြစ် ကျောင်းသားဟာ ကျောင်းသားပဲပေါ့ကွ၊ ပြီးတော့ တို့ဗမာကျောင်းသားတွေကလည်း ဒါလောက်မရိုင်းကြပါဘူးကွာ၊ အဲ ဒါပေမဲ့ မင်းတို့က မင်းတို့ကိုယ်မင်းတို့ ရှမ်းတွေပါလို့ ကြေညာပြီး သီးခြားတော့ ခွဲထွက်မနေကြနဲ့ပေါ့၊ ကျောင်းသားဆိုတာ အားလုံးအတူတူပဲ၊ သူတို့နဲ့ ရောနှောသာနေ၊ သူတို့ဆူ

သလို လိုက်ဆူ၊ သူတို့ အော်သလိုလိုက်အော်၊ တော်ကြာ မင်းတို့လည်း သူတို့လိုပဲ စိတ်ပါတက်ကြွလာကြလိမ့်မယ်။ ကျောင်းသားဆိုတာ ဘယ်တော့မှ အချင်းချင်း မနိုင်စက်တတ်ကြပါဘူးကွ၊ ကဲ စိတ်ချပြီးသာ အဆောင်ကို ပြန်ကြ ဟုတ်လား''

ဦးဖေမောင်တင်က သူတို့သဘောပေါက်အောင် တရားဟော၍ အားပေးလိုက်သောအခါ ရှမ်းကျောင်းသား ကလေးများလည်း နားလည်လက်ခံကာ စိတ်အေးချမ်းသာပြန်သွားကြလေသည်။

တစ်ချိန်လုံးပြောရ ဟောရပြုနေခဲ့ရသော ဦးဖေမောင်တင်ခမျာ စိတ်မောလူမော ဖြစ်သွားလေသည်။

ညှော်ခန်းမှနာရီကြီးကို လှမ်းကြည့်လိုက်သောအခါ ည ၁၀ နာရီခွဲပြီဖြစ်ကြောင်း တွေ့ရသည်။

နတ်တော်လဆုတ် ၁၁ ရက်ဖြစ်သောကြောင့် အိမ် အပြင်ဘက် မီးရောင်မထိသောနေရာများသည် မှောင်နှင့်မည်းမည်း ရှိလေသည်။

ကျောင်းဝင်းအတွင်းမှ သောင်းကျန်းနေသော ကျောင်းသားများ၏ ဆူပူအော်ဟစ်သံများမှလွဲ၍ တက္ကသိုလ် ဝင်းကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။

သွေးဆူနေသော ကျောင်းသားများသည် ညွှန့်ပေါင်းအစိုးရနှင့် ဂေါ်ရာစစ်ပုလိပ်များကို အခဲမကျေနိုင်သမျှ ကျောင်း၌ပြန်၍မဲနေကြလေသည်။

သူတို့သည် ညွှန့်ပေါင်းအစိုးရအပေါ်သို့ ကျိန်ဆဲရင်း ကျောင်းဝင်းအတွင်းရှိ ဓာတ်မီးလုံးများနှင့် ပစ္စည်းများ ကို ပစ်ခွဲရိုက်ချိုးကြလေသည်။

တစ်လောကလုံးကို ညအမှောင်နှင့်အတူ ဆောင်းအအေးဓာတ်နှင့် ပိတ်သည်းသော နှင်းမှုန်များက လွှမ်းခြုံ ထားလေသည်။

ဦးဖေမောင်တင်သည် အအေးမိကာ အနည်းငယ်နေမကောင်းချင်ဖြစ်နေသည်။ သို့သော်လည်း သူသည် သူ့ကိုယ်ပေါ်သို့ ကုတ်အင်္ကျီအနွေးကို ထပ်ဝတ်လိုက်သည်။ လည်ပင်းတွင်လည်း မာဖလာအနွေးကို ဆွဲပတ်လိုက် ပြီးနောက် ဦးဖေမောင်တင်က သူကိုင်နေကျ တုတ်ကောက်နှင့် လက်နှိပ်ဓာတ်မီးကို ယူလိုက်သည်။

''ကဲ ဟေ့ ငါနဲ့လိုက်ခဲ့စမ်း''

ဦးဖေမောင်တင်သည် ခြံစောင့်ဒရဝမ်ကိုအဖော်ခေါ်ကာ သူ့အိမ်မှ ထွက်လာခဲ့သည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး၏ ကောင်းမွန်နိုင်ခံ့သော အိမ်ကြီးသည်* ကျောင်းသူများ၏ အင်းလျားဆောင် တစ်ဖက်တွင်ရှိသောကြောင့် ဦးဖေမောင်တင်သည် အင်းလျားဆောင် ဝင်းတံခါးကို ဖွင့်ခိုင်းပြီးနောက်၊ နောက် ဘက်အပေါက်မှ ကျောင်းပိုင်းထဲသို့ ဖြတ်ဝင်သွားလိုက်သည်။

နှင်းမှုန်များ လွှမ်းခြုံထားသော တက္ကသိုလ်ဝင်းကြီးအတွင်း၌ကား ညအမှောင်ထုကို ကြိုးစားထိုးဖောက် ပေးနေသော ဓာတ်မီးရောင်ကလေးများက ဟိုတစ်ကွက်၊ သည်တစ်ကွက် မှိန်လဲ့လဲ့လင်းအားဆောင်နေကြသည်။

အမှောင်ရိပ်ထိနေသော သစ်ပင်ကြီးများနှင့် ကျောင်းအဆောက်အအုံကြီးတချို့သည် ကျောင်းသားများ သွေးမြေကျရခြင်းနှင့် ကျောင်းသားခေါင်းဆောင် အောင်ကျော်အသက်ပေး စတေးသွားရခြင်းအတွက် ဝမ်းနည်း ကြေကွဲခြင်း အထိမ်းအမှတ်ပြုနေကြသကဲ့သို့ မလှုပ်မယှက်ရှိနေကြလေသည်။

သို့ရာတွင် ရင်မီးတောက်ကာ အုံကြွပေါက်ကွဲနေသော တက္ကသိုလ်ကျောင်းသားများသည်ကား ဆောက်တည် ရာမရနိုင်စွာဖြင့် ဟိုမှသည်သို့ ကူးလူးလှုပ်ရှားလျက်ရှိကြလေသည်။

ထိုကဲ့သို့ ဟစ်ကြွေးလှုပ်ရှားနေကြသော နှင်းမှုန်မှုန်ကြားမှ ကျောင်းသားများထံသို့ ဦးဖေမောင်တင်က လက်နှိပ်ဓာတ်မီးကလေးတလက်လက်ဖြင့် ဆက်လက်လျှောက်သွားလိုက်သည်။

သူတို့ထံသို့ လျှောက်လာခဲ့သော ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကျောင်းသားတစ်ယောက်က လှမ်းတွေ့လိုက်ဟန်တူသည်။

''ဟေ့ ဟေ့ ဟိုမှာ ဆရာကြီးဦးဖေမောင်တင် လာနေတယ်ဟေ့''

ကျောင်းသားတစ်ယောက်က သူ့အဖော်များကို လှမ်းအော်ပြောလိုက်သံကို ဦးဖေမောင်တင်ကြားလိုက်ရ သည်။

---

* ယခု ရတနာဆောင်တည်ရှိသည်။

ထို့နောက် ဦးဖေမောင်တင်လှမ်းမြင်နေရသော တတ်မီးရောင်မှိန်လဲ့လဲ့အောက်မှ ဒေါသအိုးကွဲကာ သဲသဲမဲမဲ ကြဲချင်တိုင်းကြဲနေကြသော ကျောင်းသားများသည် ရှဲခနဲဖြင့် မှောင်ရိပ်များအောက်သို့ ဝင်ရောက်ပျောက်ကွယ် သွားကြလေသည်။

ဦးဖေမောင်တင်လည်း ဟိုသည်ကြည့်ရှုအကဲခတ်ရင်း ဆက်လျှောက်သွားလိုက်သည်။

ကျောင်းသားများ ထိုမျှသောင်းကျန်းနေသော တက္ကသိုလ်ကျောင်းဝင်းကြီးအတွင်း၌ ကျောင်းသားများအား ထိန်းကျောင်းရန် တာဝန်ယူထားသည့် မျက်နှာဖြူအဆောင်မှူးများကိုကား အရိပ်အယောင်မျှ ဦးဖေမောင်တင် မတွေ့ချေ။

မျက်နှာဖြူအဆောင်မှူးများသည် အပြင်သို့ထွက်ဝံ့ရန်ဝေး၍ ခေါင်းကလေးမျှ ပြူရဲကြဟန်မရှိဘဲ သူတို့အိမ် တံခါးများကို အလုံပိတ်ကာ ငြိမ်ကုပ်နေကြလေသည်။

ဗဟိုထမင်းစားဆောင်ကြီးဆီမှ ကျောင်းသားတို့ပေါက်ကွဲနေသော ဖြုန်းဖြုန်းသံတညံညံများက ဦးဖေမောင် တင်ကို ဆီးကြိုလိုက်ကြလေသည်။

ယခု ဖြုန်းဖြုန်းသံညံနေသော ဗဟိုထမင်းစားဆောင်ကြီးတွင် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံကျောင်း ဆောင်မှ ကျောင်းသားငါးရာတို့သည် နေ့စဉ်စုဝေး၍ အေးဆေးငြိမ်းချမ်းစွာ ထမင်းစားသောက်ခဲ့ကြလေသည်။

အင်းဝဆောင်အရှေ့သို့ ဦးဖေမောင်တင်အရောက်၌ ကျောင်းသားတစ်ယောက်က မှောင်ရိပ်ထဲမှ ထွက်လာ ကာ နှုတ်ဆက်လိုက်လေသည်။

''ဆရာကြီး''

''အေး''

''ကျွန်တော် ဦးဖိုးစသားပါ''

''ဟုတ်ပြီ''

သူ့ကိုထွက်နှုတ်ဆက်သော ကျောင်းသားက ပြောပြလိုက်တော့မှ ထိုကျောင်းသားမည်သူမည်ဝါဖြစ်ကြောင်း ဦးဖေမောင်တင် သတိပြုလိုက်မိလေသည်။

ဦးဖိုးစသည် ရန်ကုန်အရေးပိုင်ဖြစ်သည်။ ဦးဖေမောင်တင်၏ မိတ်ဆွေတစ်ဦးလည်းဖြစ်သည်။

အဖေက အစိုးရအမှုထမ်း အရေးပိုင်၊ ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်နေသူ။ သားက အစိုးရအာဏာကို ဖီဆန်သောင်းကျန်းနေသောကျောင်းသား။

ဦးဖေမောင်တင်က စိတ်ထဲမှကြိတ်၍ သဘောကျသွားမိသည်။

ထို့နောက် ဦးဖေမောင်တင်က အရေးပိုင် ဦးဖိုးစ၏သား ဆူပူသောင်းကျန်းရေးကျောင်းသား မောင်သာဝင်း ကို ပြောလိုက်သည်။

''ကဲ ဟေ့ မောင်သာဝင်း၊ မင်းတို့ကျောင်းသားတွေနဲ့ ဆရာကြီး တွေ့ချင်တယ်ကွာ၊ ခေါ်လိုက်စမ်း''

''ဟုတ်ကဲ့ ဆရာကြီး''

မောင်သာဝင်းက တာဝန်ယူလိုက်သည်။ ထို့နောက် သူကကျောင်းသားများကို လိုက်စုပေးလေသည်။

''ဟေ့ ရဲဘော်တို့၊ ဆရာကြီး ဦးဖေမောင်တင်က ရဲဘော်တို့ကို တွေ့ချင်လို့တဲ့ဟေ့၊ ဗဟိုထမင်းစားဆောင် ထဲမှာ အားလုံးစုကြဟေ့ စုကြ''

တစ်ယောက်တစ်ဆင့် သတင်းပို့ခြင်းဖြင့် ဆူပူသောင်းကျန်းနေကြသော ကျောင်းသားများသည် ဗဟိုထမင်း စားဆောင်ကြီးထဲသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။

ဒီဇင်ဘာလ ဆောင်းညသည် ညဥ့်နက်လာသည်နှင့်အမျှ အအေးဒဏ်က ပိုမိုလွန်ကဲလာသည်။

သို့သော်လည်း သူတို့ရင်ထဲမှ ပြင်းပြသော ဝေဒနာခံစားချက်များဖြင့် သွေးဆူပူလောင်လျက်ရှိကြသော တက္ကသိုလ်ကျောင်းသားများမှာကား ချမ်းရအေးရမှန်းကိုမျှ သတိမရအားကြဘဲ၊ ချွေးသံရွှဲရွှဲ ဟောဟဲလိုက် နေကြလေသည်။

ကျောင်းသားများ စုံသလောက်ရှိသွားသောအခါ ဦးဖေမောင်တင်က စကားစပြောလိုက်သည်။

''ကဲ မင်းတို့ကို ဆရာကြီး စကားနည်းနည်းပြောမယ်၊ မင်းတို့အားလုံး ခေါင်းအေးအေးထားပြီး စဉ်းစဉ်းစား စား နားထောင်ကြကွယ့်ဟုတ်လား''

တစ်ချိန်လုံး ဆူပူသောင်းကျန်းနေခဲ့သော ကျောင်းသားများသည် အံ့သြစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

ထိုအခါ ကျောင်းသားများ အပြည့်ရှိနေသော ဗဟိုထမင်းစားခန်းမကြီးတစ်ခုလုံးသည် အေးစိမ့်နေသော ဆောင်းည၌ ပကတိငြိမ်းချမ်းလျက်ရှိလေသည်။

ထိုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းသားများကို ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က နားဝင်အောင် ဆက်ပြောလိုက်လေသည်။

''အခုလို ကျောင်းသားအောင်ကျော်လေး သေဆုံးသွားတဲ့အတွက် မင်းတို့လိုပဲ ဆရာကြီးလည်းဝမ်းနည်းတာပဲ၊ စိတ်ထိခိုက်ရတာပဲ၊ အစိုးရအပေါ်မှာ မကျေမနပ်ဖြစ်မိတာပဲ၊ ဒါပေမဲ့ ခက်တာကကွာ အခု မင်းတို့ဖြစ်ပျက်လာခဲ့ကြတာက ဆရာကြီးအာဏာပိုင်တဲ့ တို့တက္ကသိုလ်ကျောင်းဝင်းထဲမှာမဟုတ်ဘူးကွယ့်၊ မင်းတို့က နယ်ကျွံပြီး အစိုးရပိုင်နက်ဖြစ်တဲ့ အတွင်းဝန်ရုံးကြီးဆီမှာ သွားဖြစ်လာတော့၊ ဆရာကြီးအနေနဲ့ ဘယ်လိုမှ မတတ်သာတဲ့ အခြေအနေမျိုးမှာ ရောက်နေတာပေါ့''

ဆိတ်ငြိမ်နေသော ဗဟိုထမင်းစားဆောင်ကြီးတစ်ခုလုံးတွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ လှိုက်လှဲသော စကားသံများကသာ လွှမ်းမိုးထွက်ပေါ်လျက်ရှိလေသည်။

''ဒါပေမဲ့ တပည့်တို့အားလုံးအတွက် တတ်နိုင်တဲ့အပိုင်းကနေ အစွမ်းရှိသမျှ ဆောင်ရွက်ပေးဖို့ ဆရာကြီး ကြိုးစားခဲ့ပါတယ်။ ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ ကျောင်းသားခေါင်းဆောင်တွေ သိကြပါတယ်။ အခု ဒီမှာရှိတဲ့ကျောင်းသားတွေပါသိအောင် ဆရာကြီးထပ်ပြီးပြောပြမယ်''

ဦးဖေမောင်တင် ပြောပြမည့်အကြောင်းအား ကျောင်းသားများ စိတ်ဝင်စားသွားကြသည်။

''မင်းတို့တစ်တွေ မြို့ထဲမှာ ဝရုန်းသုန်းကားဖြစ်လာခဲ့ကြပြီး အောင်ကျော့်အခြေအနေကိုလည်းသိရလို့ ဂျဒ်ဆင်က ဒေါက်တာဂျူရှိန်နဲ့အတူ ကျောင်းသားခေါင်းဆောင်တွေကို ဆရာကြီးခေါ်တွေ့ပြီးပြောခဲ့ပါတယ်။

''အခု မင်းတို့ဖြစ်ခဲ့ရ ခံခဲ့ရတာတွေအတွက် မင်းတို့ရဲ့နစ်နာချက်၊ လိုလားချက်၊ ကန့်ကွက်ချက်၊ မကျေနပ်ချက်မှန်သမျှအားလုံးကို စာရွက်နဲ့ရေးချကြပါ၊ ရေးပြီးတဲ့အခါ ဒီကနေ့ နေ့လယ် ၂ နာရီနဲ့ ၃ နာရီအရောက် ဆရာကြီးရုံးခန်းကို လာပို့ပေးကြ၊ မင်းတို့ရဲ့ တောင်းဆိုချက်တွေအားလုံး ဘုရင်ခံလက်ထဲရောက်အောင် ဆရာကြီးကိုယ်တိုင် တာဝန်ယူပြီး သွားပို့ပေးမယ်လို့ မှာလိုက်တယ်။

''ဒီနေ့တစ်နေ့လုံး ရုံးခန်းထဲက ဆရာကြီးထိုင်စောင့်နေခဲ့တယ်၊ ဘုရင်ခံဆီ ချက်ချင်းသွားပို့ပေးဖို့လည်း ပြင်ထားတယ်၊ ဒါပေမဲ့ ညနေ ၄ နာရီသာထိုးရော ဘယ်သူမှ စာလာမပို့ကြဘူး''

ဦးဖေမောင်တင်သည် စကားများကို တောက်လျှောက်ကြီး ပြောလိုက်ရသောကြောင့် အနည်းငယ်မောသွားသလိုရှိသဖြင့် ခေတ္တရပ်နားလိုက်သည်။

သူ့အဖို့ တစ်နေ့လုံး စိတ်ပန်းလူပန်း ဖြစ်နေခဲ့ပြီးနောက် ကျောင်းသားတို့အရေးနှင့် ပတ်သက်၍ မင်းကြီးဦးဆက်၊ ပါမောက္ခမက်ဂစ်နှင့် ရှမ်းကျောင်းသားကလေးများကိုလည်း သူ့အပိုင်းနှင့်သူ ပြေလည်ပြီးပြတ်အောင် ဦးဖေမောင်တင်ပြောဆိုခဲ့ရသေးသည် မဟုတ်ပါလား။

ဦးဖေမောင်တင်က ခေတ္တနားပြီးနောက် ငြိမ်သက်တိတ်ဆိတ်နေဆဲ ကျောင်းသားများကို ဆက်ပြောလိုက်ပြန်လေသည်။

''အခု ဒီနေရာမှာ တပည့်တို့ကို ဆရာကြီးပြောချင်တာကတော့ တပည့်တို့တစ်တွေ ကျောင်းဝင်းထဲမှာ ဆူပူသောင်းကျန်းပြီး မီးလုံးတွေရိုက်ခွဲ၊ ပစ္စည်းတွေဖျက်ဆီးနေကြတာဟာ မကောင်းဘူး၊ မသင့်ဘူးဆိုတဲ့အချက်ပဲ။ ဒီအပြုအမူတွေဟာ တက္ကသိုလ်ကျောင်းသားတွေအနေနဲ့ မပြုထိုက်ကြဘူးကွယ့်၊ ဒီလိုပြုမူကြတာဟာ တပည့်တို့ရဲ့ တက္ကသိုလ်ကျောင်းသားဆိုတဲ့ဂုဏ်ကို ထိခိုက်စေတယ်။ တပည့်တို့ကို ဘာမှရန်မပြုနိုင်တဲ့ ဒီသက်မဲ့ပစ္စည်းတွေကို ချိုးဖဲ့ဖျက်ဆီးလို့ကော တပည့်တို့မှာ ဘာအကျိုးထူးလာမှာမို့လဲ''

''ပြီးတော့ ဒီပစ္စည်းတွေဟာ တပည့်တို့မျက်မုန်းကျိုးနေတဲ့ အစိုးရပိုင်ပစ္စည်းတွေလည်းမဟုတ်ဘူး၊ အားလုံးကျောင်းပိုင်ပစ္စည်းတွေချည်းပဲ၊ ကျောင်းကပိုင်တယ်ဆိုတော့ ကျောင်းသားဖြစ်တဲ့ တပည့်တို့အားလုံးနဲ့လည်း ဆိုင်တဲ့ ပစ္စည်းတွေပဲပေါ့ မဟုတ်ဖူးလားကွယ့် ဟင်''

''ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာကြီးပြောတာ မှန်ပါတယ်''

ငြိမ်သက်စွာ နားထောင်နေကြသော ကျောင်းသားထုအထဲမှ ကျောင်းသားတစ်ယောက်က ရုတ်တရက် ထပြောလိုက်လေသည်။

"အခု ဆရာကြီးလာပြောလို့ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သတိပြုမိပါပြီ။ ကျွန်တော်တို့ရဲ့အပြုအမူ လွန်ကျူးချက်အတွက် ဆရာကြီးကို တောင်းပန်ပါတယ်ခင်ဗျာ"

ထိုကျောင်းသား၏ အပြောကို ကျန်သော ကျောင်းသားများက သဘောတူညီထောက်ခံကြသည့်အလား ငြိမ်သက်မြဲ ငြိမ်သက်နေကြသည်။

ထို့နောက် ထပြောသောကျောင်းသားက မဆုံးသေးသော သူ့စကားကို ဆက်လိုက်ပြန်သည်။

"ဒါပေမဲ့ ကျွန်တော်တို့ဟာ ဆရာကြီးကို တော်လှန်ကြတာမဟုတ်ပါဘူး။ နယ်ချဲ့အင်္ဂလိပ်နဲ့ လက်ပါးစေ ညွှန့်ပေါင်းအစိုးရကိုသာ ကျွန်တော်တို့ ပုန်ကန်ဖီဆန်နေကြတာပါ။ ဒါပေမဲ့ ဆရာကြီးစကားကိုတော့ ကျွန်တော်တို့နားထောင်ပါ့မယ်"

"ကောင်းပြီ၊ နားထောင်မယ်ဆိုရင် မင်းတို့အားလုံး အိမ်မှာနေတဲ့လူ အိမ်ကိုပြန်ကြ၊ အဆောင်မှာနေတဲ့ လူတွေလည်း အဆောင်ကိုကောင်းကောင်းပြန်ကြကွယ်၊ ပြီးတော့ ငြိမ်ငြိမ်သက်သက် အိပ်ပြီးအနားယူလိုက်ကြ၊ ပြီးတော့ ရှေ့ကို ဘာဆက်လုပ်ကြမယ်ဆိုတာ ခေါင်းအေးအေးနဲ့စဉ်းစားကြ၊ အချင်းချင်းညှိနှိုင်းတိုင်ပင်ပြီး နည်းလမ်းရှာကြပေါ့၊ ဆရာကြီးတို့ အကူအညီပေးနိုင်တဲ့အပိုင်းဆိုရင်လည်း အချိန်မရွေးလာပြောကြကွယ့် ကြားလား။ ဆရာကြီးတို့ အတတ်နိုင်ဆုံး အကူအညီပေးမယ် ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဆရာကြီး"

ကျောင်းသားတစ်ယောက်တည်း မဟုတ်တော့ဘဲ ကျောင်းသားအတော်များများကပင် ဦးဖေမောင်တင်၏ အပြောကို သဘောတူလက်ခံကြောင်း တုံ့ပြန်အသံပြုလိုက်ကြလေသည်။

ပြီးလျှင် ကျောင်းသားများသည် အချင်းချင်းသတိပေးတိုက်တွန်းလိုက်ကြလေသည်။

"ကဲဟေ့ ရဲဘော်တို့၊ ကိုယ့်အိမ်ကိုယ့်အဆောင်ကို အားလုံးပြန်ကြစို့ဟေ့၊ ပြန်ကြစို့"

ထို့နောက် ကျောင်းသားတို့သည် လမ်းပျောက်ကာ ကစဉ့်ကလျားဖြစ်နေခဲ့ကြရာမှ သိုးထိန်းနှင့်ပြန်တွေ့ကာ သိုးထိန်း၏ညွှန်ကြားခေါ်ဆောင်ရာနောက်သို့ ငြိမ်သက်တိတ်ဆိတ်စွာ လိုက်သွားကြသော သိုးစုပမာ၊ ဗဟိုထမင်းစားဆောင်ကြီးထဲမှ အလျှိုအလျှိုထွက်ခွာသွားကြလေသည်။

နောက်ဆုံး၌ ဗဟိုထမင်းစားဆောင်ကြီးထဲတွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တစ်ယောက်တည်းသာ တိတ်ဆိတ်စွာကျန်ခဲ့လေတော့သည်။

စောစောတုန်းက ဝုန်းဒိုင်းကြဲနေခဲ့သလောက် ယခုတွင် ပြောင်းလဲကာ တိတ်ဆိတ်ငြိမ်သက်သွားသော တက္ကသိုလ်ဝင်းကြီးတစ်ခုလုံးသည် ဆောင်းလေအေး၏ ငွေ့ယမ်းတိုက်ခတ်မှုကြောင့် သစ်ရွက်များလှုပ်ရှားသံနှင့် ဆီးနှင်းပေါက်များ တဖြောက်ဖြောက်ကျရောက်သံကလေးများပင် ကြားလာနိုင်လေသည်။

သူ့နားထဲ၌ ကြားလာရသော သစ်ရွက်ကလေးများ ထိခတ်လှုပ်ရှားသံနှင့် ဆီးနှင်းပေါက်လေးများ တဖြောက်ဖြောက်ကျသံတို့က ယခုတိုင် အနားယူအိပ်စက်ခြင်း မပြုနိုင်သေးအောင် တစ်နေကုန် ပင်ပန်းနွမ်းနယ်နေခဲ့သော ဦးဖေမောင်တင်ကို ရုတ်တရက် အမောပြေသွားစေလေသည်။

သူ့ရင်မှာ အမောပြေရခြင်းနှင့်အတူ ဖော်မပြနိုင်သော ဝမ်းသာကြည်နူးမှုများကလည်း ခိုက်ခိုက်တုန်ချမ်းစေသော ဆောင်းအအေးဒဏ်ကိုပင် ရုတ်ခြည်းမေ့သွားအောင် ဦးဖေမောင်တင်၏ တစ်ကိုယ်လုံးအား ရှိန်းဖိန်း နွေးထွေးသွားစေလိုက်လေသည်။

အကာအကွယ် အစောင့်အရှောက်ကင်းမဲ့စွာ ရောက်ရှိသွားခဲ့သော ကျောင်းအုပ်ကြီးအဖို့ ဆူပူသောင်းကျန်းကာ ပြောင်းဆန်နေသော ကျောင်းသားတို့ပြုသမျှ နုရန်သာရှိလေသည်။

သို့သော်လည်း ယခုတွင်မူ သူ့ရင်ထဲမှ စစ်မှန်သော မေတ္တာနှင့် စေတနာကို လက်ကိုင်ပြု၍ ရောက်လာခဲ့သော ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကျောင်းသားများက ကြိုဆိုလက်ခံခဲ့ကြသည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ မေတ္တာနှင့် စေတနာက ဝံပုလွေများပမာ သောင်းကျန်းနေသော ကျောင်းသားများကို သိုးစုကလေးများအလား ပြောင်းလဲငြိမ်သက်သွားစေခဲ့လေသည်။

ထိုကဲ့သို့ ငြိမ်သက်ပြောင်းလဲသွားခဲ့ခြင်းသည် သူတို့အပေါ်၌ မေတ္တာစေတနာထားသော ကျောင်းအုပ်ကြီး

ဦးဖေမောင်တင်အပေါ်သို့ သူတို့ကလည်း အဘယ်မျှ ချစ်ကြောက်ရိုသေကြည်ညိုလေးမြတ်ကြောင်းကို ကျောင်းသားများက လက်တွေ့သက်သေပြသွားခဲ့ကြခြင်းပင်ဖြစ်လေသည်။

ကျောင်းသားတို့၏ တုံ့ပြန်ချက်ကို ထိတွေ့ခံယူလိုက်ရသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် မကြုံစဖူးထူးကဲသော ဝမ်းသာကြည်နူးမှုအား တသိမ့်သိမ့်ခံစားရင်း ဗဟိုထမင်းစားဆောင်ကြီးထဲမှ စိတ်လက်ပေါ့ပါးစွာ လှမ်းထွက်လာခဲ့လေတော့သည်။

ညတုန်းက အရေးအခင်းများကြောင့် သည်ကနေ့မနက် ခါတိုင်းထက် ဦးဖေမောင်တင် အိပ်ရာထနောက်ကျသွားသည်။

သူအိမ်ရှေ့သို့ ထွက်လာသောအခါ ဧည့်ခန်း၌ သတင်းစာထိုင်ဖတ်နေသော ဆရာလုစ်ကို တွေ့လိုက်ရသည်။

ဆရာလုစ်က သတင်းစာဖတ်နေရာမှ ဦးဖေမောင်တင်ကို လှမ်း၍နှုတ်ဆက်လိုက်သည်။ ပြီးမှ ဆက်ပြောလေသည်။

''ဟေ့ တင်ရေ၊ ငါတော့ ငါ့အင်္ဂလိပ်တွေအတွက် ရှက်လိုက်တာကွာ တကယ်ပဲ''

''ဘာတွေများ ရှက်နေရတာတုံးဗျ ခင်ဗျားကလဲ''

ဦးဖေမောင်တင်က ပြန်မေးရင်း ဆရာလုစ်အနီး၌ သွားထိုင်လိုက်သည်။

သူတို့အနီးသို့လာထိုင်သော ဦးဖေမောင်တင်ကို ဆရာလုစ်က သူ့လက်ထဲမှ သတင်းစာကြီးအား ထိုးပေးလိုက်လေသည်။

''ဟောဒီမှာ မင်းကို ချီးကျူးထားတဲ့သတင်း ဖတ်ကြည့်လိုက်ပါဦး''

သူ့လက်ထဲသို့ ဆရာလုစ်ထိုးပေးလာသော ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် ရန်ကုန်ဂေဇက်အင်္ဂလိပ်သတင်းစာကြီးကို ဦးဖေမောင်တင်က လှမ်းကိုင်လိုက်ရသည်။

ထို့နောက် ဆရာလုစ်ထောက်ပြသော သတင်းပိုဒ်ကိုလည်း ဖတ်ကြည့်လိုက်သောအခါ

''ဆူပူသောင်းကျန်းနေသော တက္ကသိုလ်ကျောင်းသားများကို တက္ကသိုလ်ကျောင်းအုပ်ကြီးက နိုင်နင်းစွာ ထိန်းသိမ်းလိုက်ခြင်း''

ဟူသော အဓိပ္ပာယ်ခေါင်းစဉ်ဖြင့် သူ့အပေါ် ချီးကျူးရေးသားထားချက်အား ဦးဖေမောင်တင် တွေ့ရှိလိုက်လေသည်။

''သတင်းစာကတောင် အခုလို ချီးကျူးရအောင် ဒါလောက် ဆူပူသောင်းကျန်းနေတဲ့ ကျောင်းသားတွေတစ်အုပ်ကြီးကို မင်းက တစ်ယောက်တည်းနဲ့ နိုင်အောင်သွားထိန်းပေးနေချိန်မှာ ပီးကော့တို့ မက်ဂစ်တို့ အရိပ်အယောင်တောင်မပြရဲဘဲ ပုန်းနေခဲ့ကြတာ၊ သူတို့အစား ငါရှက်လှတယ် တင်ရယ်၊ တကယ်ပဲကွယ်'

''ခင်ဗျားကသာရှက်နေ မက်ဂစ်က သတ္တိသာမရှိတယ်၊ ပုလိပ်အားကိုးနဲ့တော့ ကျောင်းသားတွေအပေါ် အာဏာတန်ခိုးပြချင်သေးလို့ ကျုပ်က ကြိမ်းလွှတ်လိုက်ရတယ်လေ''

သူ့မျက်နှာဖြူ အင်္ဂလိပ်ပါမောက္ခများအတွက် အရှက်ရစွာ ရေရွတ်ပြောဆိုနေသော ဆရာလုစ်ကို ဦးဖေမောင်တင်ကလည်း ပါမောက္ခမက်ဂစ်အကြောင်း ပြန်ပြောင်းပြောပြလိုက်လေသည်။

''တကယ်တော့ ခင်ဗျားတို့ အင်္ဂလိပ်အာဏာပိုင်တွေကလည်း ကျုပ်တို့တက္ကသိုလ်ကျောင်းသားကလေးတွေကိုပဲ မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေခဲ့ကြတာဗျ''

ဦးဖေမောင်တင်က စကားဆက်ကာ ဆရာလုစ်အား ပြောပြလိုက်ပြန်လေသည်။

ယခုကဲ့သို့ ကျောင်းသားများ အတွင်းဝန်ရုံးကြီးကို မပိုင်းမီ သုံးလေးရက်လောက်ကဖြစ်သည်။ ဦးဖေမောင်တင်ထံသို့ မျက်နှာဖြူပညာမင်းကြီးသည် မနက်စောစောစီးစီး ရောက်လာခဲ့သည်။

ပညာမင်းကြီးသည် ခရီးရောက်မဆိုက်ပင် သူလာရင်းကိစ္စကို ပြောခဲ့လေသည်။

''ဟေ့ ဖေမောင်တင်၊ ခုတလော မင်းတို့တက္ကသိုလ်ကျောင်းသားတွေ တယ်ပြီး လှုပ်လှုပ်ရှားရှား များလွန်းတယ်၊ အဲဒါ ကျောင်းသားခေါင်းဆောင်လေးငါးခြောက်ယောက်လောက်ကို ပုလိပ်နဲ့ အဖမ်းခိုင်းထားလိုက်ရင် သူတို့ငြိမ်သွားကြမလား မသိဘူး''

ပညာမင်းကြီး၏အပြောကို ဦးဖေမောင်တင်က ဘာတစ်ခွန်းမျှ တုံ့ပြန်လက်ခံခြင်းမပြုဘဲ နားထောင်ရုံသာ နားထောင်နေလိုက်သည်။

ထို့နောက် ပညာမင်းကြီးပြန်သွားလေသည်။ ဦးဖေမောင်တင်လည်း ရေချိုး ထမင်းစားပြီးနောက် ကျောင်းသို့ ထွက်လာခဲ့သည်။

ကျောင်းအုပ်ကြီးရုံးခန်းထဲမှ ငြိမ်သည်တစ်ယောက်က ဦးဖေမောင်တင်ကို စောင့်ကြိုနေလေသည်။

သူကား မျက်နှာဖြူရာဇဝတ်ဝန်ထောက် ဘမ်းဘဲလ်ဖြစ်လေသည်။

ရာဇဝတ်ဝန်ထောက် ဘမ်းဘဲလ်ကို တွေ့လိုက်ရလျှင် ပညာမင်းကြီးနှင့် သူတို့နှစ်ယောက် ချိတ်ဆက် လုပ်ထားနေပြီဖြစ်ကြောင်း ဦးဖေမောင်တင် ကောင်းစွာ ရိပ်မိလိုက်လေသည်။

''ဟလို ဂွတ်မောနင်း ကျောင်းအုပ်ကြီး''

''ဟလို ဂွတ်မောနင်း မစ္စတာဘမ်းဘဲလ်''

သူ့ကို ပြုံးချိုစွာ ဆီးကြိုနှုတ်ဆက်လိုက်သော မစ္စတာဘမ်းဘဲလ်ကို ဦးဖေမောင်တင်ကလည်း အပြုံးဖြင့် တုံ့ဆိုလိုက်သည်။

ပြီးမှ ဦးဖေမောင်တင်က ဘာမျှမသိလေဟန်ဖြင့် မစ္စတာဘမ်းဘဲလ်ကို မေးလိုက်လေသည်။

''ဘယ့်နှယ် စောစောစီးစီးပါလားဗျ''

''အင်း စောစောစီးစီးဆို ခင်ဗျားကို အကူအညီပေးချင်လို့ပါ''

ဦးဖေမောင်တင်၏အမေးကို ဘမ်းဘဲလ်က ချိုသာစွာ အဖြေပေးသည်။ ပြီးမှ သူက ဖြည်းဖြည်းအေးအေး လေသံဖြင့် ဆက်ပြောလေသည်။

''အခု ခင်ဗျားရဲ့ တက္ကသိုလ်ကျောင်းကြီးမှာ ကျောင်းသားတွေအတော်ကလေး လှုပ်လှုပ်ရှားရှားရှိနေ ကြတယ်ကြားလို့ ကျုပ်တို့ ဘယ်လိုများ အကူအညီပေးနိုင်မလဲလို့ လာသတင်းမေးတာပါ၊ အဲဒါ ကျုပ်တို့ ဘယ်လိုကူညီရမလဲသာပြောပါ''

''ဟုတ်လား၊ ခင်ဗျားရဲ့ ကူညီလိုတဲ့ စေတနာအတွက် ကျေးဇူးတင်ပါတယ်ဗျာ''

ကျောင်းသားခေါင်းဆောင်များကို စာရင်းကောက်ကာ ဖမ်းချုပ်ခေါ်ဆောင်သွားခြင်းဖြင့် အကူအညီပေးရန် ချိုသာစွာ တောင်းဆိုနေသော ရာဇဝတ်ဝန်ထောက် ဘမ်းဘဲလ်အား တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင် တင်ကလည်း ကျေးဇူးစကားများဖြင့် ညင်သာလိမ်မာစွာ တုံ့ပြန်ပြောကြားလိုက်လေသည်။

''ဒါပေမဲ့ ကျုပ်မှာ ဘာအကူအညီမှ မလိုသေးပါဘူးဗျာ၊ နောင်လိုတဲ့အခါကျတော့ ခင်ဗျားဆီက အကူ အညီကို ကျုပ်တောင်းယူပါ့မယ် စိတ်ချပါ ဟုတ်လား''

''ဒီလိုဆိုလဲ ကောင်းပါလေ့ဗျာ''

ရာဇဝတ်ဝန်ထောက် ဘမ်းဘဲလ်သည် မျက်နှာပေါ်၌ အပြုံးမပျက်သော်လည်း သူ့ရင်ထဲ၌ အဘယ်မျှ မကျေမနပ်ဖြစ်သွားကြောင်းကိုမူ သူ့မျက်လုံးများက ဖုံးကွယ်ထားနိုင်စွမ်းမရှိချေ။

သို့သော်လည်း ကျောင်းအုပ်ကြီး အာဏာပိုင်သော တက္ကသိုလ်ကျောင်းဝိုင်းကြီးအတွင်း၌ ကျောင်းအုပ်ကြီး ၏ ခွင့်ပြုချက်မရလျှင် တံမြက်လှည်းကုလား ဂျာဒူးဝါလားကိုပင် ဖမ်းချုပ်ခွင့်အာဏာမရှိသောကြောင့် မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်ကြီးခမျာ တပ်ခေါက်၍ ပြန်သွားရလေတော့သည်။

''အခု အောင်ကျော်ကလေးကိစ္စက မြို့ထဲမှာ သွားဖြစ်ကြလို့ပေါ့၊ ကျုပ်ကျောင်းဝင်းထဲမှာသာ ဖြစ်ခဲ့တာဆိုရင် ကျုပ်က ဘယ်နေလိမ့်မလဲ၊ ကျုပ်ကျောင်းသားတွေကို မြင်းနဲ့တိုက်ပြီး တုတ်နဲ့အသေရိုက်ခိုင်းတဲ့ ပုလိပ်မင်းကြီးကို ရုံးတင်တရားစွဲလိုက်မှာဗျ ဘာမှတ်လို့လဲ''

တစ်ချိန်က လက်ရှိဘုရင်ခံကို တရားစွဲရန်ကြိုးစည်စိတ်ကူးခဲ့ပြီးနောက်၊ ဘုရင်ခံဟောင်းကို သူတို့ရပ်ထံ၊ ဗိုလ်လပ်ရွှေမြို့တော်လန်ဒန်၌ စင်ပြိုင်အနိုင်လုလျက် ရုံးတက်တရားစွဲကာ အောင်ပွဲခံလာခဲ့သော ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က သူ့ကျောင်းသားကလေးများဘက်မှ မခံချိစွာ ရင်ဖွင့်ကြိမ်းဝါးလိုက်မိလေ သည်။

ထို့နောက် အရေးအကြောင်း ရှိလာသောအခါ ဘယ်နေရာမှအားမကိုးရသော မျက်နှာဖြူအဆောင်မှူး များကိုလည်း ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခေါ်၍ ကောင်းကောင်းကြိမ်းမောင်းဆူဆဲပစ်လိုက်လေသည်။

''မင်းတို့ဟာ အဆောင်မှူးတွေ မဟုတ်လား၊ အဆောင်မှူးဆိုတာ ကျောင်းသားတွေကို ထိန်းသိမ်းစောင့် ရှောက်ဖို့ ခန့်ထားတာကွ၊ ခုတော့ ကြည့်ပါဦး၊ ညတုန်းကကျောင်းသားတွေ ဒါလောက် ဆူပူသောင်းကျန်းနေခဲ့

တာကို မင်းတို့တစ်ယောက်မှ ထွက်ထိန်းဖော်မရဘဲ ပုန်းနေကြတာ ကောင်းသလား၊ ကျောင်းသားကိုမှ နိုင်အောင် မထိန်းနိုင်တဲ့ မင်းတို့ကို အဆောင်မှူးဆက်ခန့်ထားနေရင် ဘာလုပ်မှာလဲ ပြောကြစမ်း''

ကျောင်းအုပ်ကြီးက ဆူပူကြိမ်းမောင်းသမျှ သူတို့အပြစ်နှင့်သူတို့ ဖြစ်နေသော မျက်နှာဖြူအဆောင်မှူးများက ခေါင်းငုံ့ကာငြိမ်ခံနေကြသည်။

သို့သော်လည်း နောက်တစ်နေ့၌ မျက်နှာဖြူအဆောင်မှူးများက စုရုံး စည်းဝေးခေါ်လေသည်။

သူတို့စည်းဝေးသို့ ဖိတ်ကြားချက်အရ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်လည်း တက်ရောက်လိုက်သည်။

မျက်နှာဖြူ အဆောင်မှူးများက သူတို့စည်းဝေးခေါ်ရခြင်းအကြောင်းကို ကျောင်းအုပ်ကြီးဦးဖေမောင်တင်အား တင်ပြကြလေသည်။

''အခု ကျွန်တော်တို့စည်းဝေးခေါ်ရတဲ့ အကြောင်းကတော့ တခြားမဟုတ်ပါဘူး၊ အားလုံး သိကြမြင်ကြတဲ့အတိုင်း ဆူပူသောင်းကျန်းနေတဲ့ ကျောင်းသားတွေဟာ ပါမောက္ခမက်ဂစ်ကိုတောင် သေကြောင်းကြံစည်ခဲ့တော့ ကျွန်တော်တို့ဥရောပတိုက်သား အဆောင်မှူးတွေကိုလည်း သူတို့အနေနဲ့ အန္တရာယ်မပြုဘူးလို့ မပြောနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျောင်းအုပ်ကြီးကို အခြေအနေတင်ပြပြီး တောင်းပန်မေတ္တာရပ်ခံချင်လို့ပါပဲ''

ဟု နီဒါန်းပျိုးကာ မျက်နှာဖြူ အဆောင်မှူးများက သူတို့လိုလားချက်များကို ကျောင်းအုပ်ကြီးထံ တောင်းဆိုလိုက်ကြလေသည်။

''အဲဒီလိုဘယ်သူကမှ အာမခံချက်မပေးနိုင်တဲ့ ကျွန်တော်တို့ရဲ့ လုံခြုံရေးကို အကာအကွယ်ပေးဖို့အတွက် ပုလိပ်အကူအညီတောင်းပေးစေချင်ပါတယ်''

သူ့တက္ကသိုလ်ကျောင်းကြီး၏ ကိစ္စအဝဝတို့၌ ပုလိပ်နှင့်မပတ်သက်ရအောင် ကြိုးစားကွင်းရှောင်လာခဲ့သော ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို မျက်နှာဖြူ အဆောင်မှူးများက သူတို့လုံခြုံရေးကို အကြောင်းပြု၍ ပုလိပ်ထံမှ အကာအကွယ်ယူပေးရန် တောင်းဆိုလိုက်ကြလေသည်။

သူတို့တောင်းဆိုလျက်နှင့် ပုလိပ်ထံမှ အကာအကွယ်ယူမပေး၍ သူတို့တစ်စုံတစ်ခုဖြစ်လာခဲ့ပါက ကျောင်းအုပ်ကြီး၏တာဝန်ဟု မျက်နှာဖြူအဆောင်မှူးများက အကျပ်ကိုင်ပုံချလိုက်ကြခြင်းပင်ဖြစ်လေသည်။

မျက်နှာဖြူ အဆောင်မှူးများ၏ အကြောင်းပြချက်က ကောင်းနေသောကြောင့် သူတို့၏ တောင်းဆိုချက်ကို ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က စဉ်းစားရလေတော့သည်။

မျက်နှာဖြူအဆောင်မှူးများအနေဖြင့် လန့်မည်ဆိုလည်း လန့်စရာပင်ဖြစ်သည်။

သူတို့အားကိုးအားထားပြုနေရသောအစိုးရမှာ အရှုံးမီးဝိုင်းဖြစ်နေသည် မဟုတ်ပါလား။

အစိုးရအာဏာပိုင်များက အလုပ်သမားများကိုဖိလျှင် ကျောင်းသားက ထသည်။ ကျောင်းသားများကို နှိမ်သောအခါ တောင်သူလယ်သမားက ထောင်ကြွလာသည်။

တကယ်၌ အင်္ဂလိပ်အာဏာပိုင်များနှင့် ညွန့်ပေါင်းအစိုးရကို အလုပ်သမား ကျောင်းသားနှင့် တောင်သူလယ်သမားများသာမက၊ မြန်မာပြည်သူပြည်သားတစ်ရပ်လုံးကပါ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းပင် ဖြစ်လေသည်။

ရေနံချောင်းမြို့မှ တရွေ့ရွေ့ချီတက်လာခဲ့သော ရေနံမြေသပိတ်ခြေလျင်တပ်ကြီးသည်လည်း အချုပ်အချယ်၊ အဖိအနှိပ်များကြားမှပင် အားခဲရုန်းထွက်ကာ နောက်ဆုံး၌ ရန်ကုန်မြို့ကြီးသို့ ရောက်လာခဲ့ကြပေပြီ။

ထိုကဲ့သို့ အာဏာပိုင်စိုးသော အစိုးရကပင်လျှင် လက်ပိုက်ကြည့်နေရသည်အထိ တစ်တိုင်းတစ်ပြည်လုံး အုန်းအုန်းထအောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ကျောင်းသားတို့ ဝုံ့ဝုံ့စားစားလှုပ်ရှားထကြွနေချိန်မျိုး၌ သူတို့အကြောင်းနှင့်သူတို့ရှိခဲ့ကြသော မျက်နှာဖြူအဆောင်မှူးများ ကြောက်လန့်ကြသည်မှာမဆန်းချေ။

မျောက်ကိုမြင်လျှင် ခဲနှင့်ပစ်ချင်သလို သူတို့အပေါ်၌ မောက်မော်ချိုးနှိမ်ခဲ့သော မျက်နှာဖြူများကို ကျောင်းသားများက ကြိတ်မှိတ်ကာ တေးမှတ်ထားလာခဲ့ရသမျှ ယခုကဲ့သို့ အရေးတော်ပုံမျိုးပေါ်ခိုက်မှာ အတိုးချပေးဆပ်လိုနေကြသည် မဟုတ်ပါလား။

ထို့ကြောင့် မျက်နှာဖြူအဆောင်မှူးများအဖို့ သူတို့လုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှု တောင်းယူကြသည်မှာ အပြစ်မဆိုသာချေ။

နောက်ဆုံး၌ ဦးဖေမောင်တင်သည် သူ့ကျောင်းသားများအတွက် ပုလိပ်နှင့် မပတ်သက်ရအောင် ကြိုးစား

ကွင်းရှောင်နိုင်ခဲ့သော်လည်း ယခု မျက်နှာဖြူအဆောင်မှူးများအတွက်မူ တာဝန်ရှိသူကျောင်းအုပ်ကြီးအနေဖြင့် ပုလိပ်ကိုဆက်သွယ်၍ အကူအညီတောင်းပေးရန် စိစဉ်လိုက်ရလေတော့သည်။

''ကောင်းပြီလေ မင်းတို့ကြောက်လို့ ပုလိပ်ဆီက အကာအကွယ်ပေးမှုကို လိုချင်ကြတယ်ဆိုရင် အတွင်းဝန်ချုပ်ဆီကို ကျုပ်သွားပြီး ဆွေးနွေးကြည့်ပေးမယ်''

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် မျက်နှာဖြူအဆောင်မှူးများ၏ တောင်းဆိုချက်ကို လက်ခံပြီးနောက် ထိုနေ့ညနေ ၅ နာရီတွင် အတွင်းဝန်ချုပ်ထံသို့ အရောက်သွားလိုက်လေသည်။

''လာပါ ထိုင်ပါ''

ညနေခင်း လက်ဖက်ရည်သောက်နေသော မျက်နှာဖြူအတွင်းဝန်ချုပ်ကြီးက သူ့ထံသို့ရောက်လာသူ ဦးဖေမောင်တင်ကို ဖော်ရွေစွာကြိုဆိုလက်ခံလေသည်။

ပြီးမှ သူက ဦးဖေမောင်တင်၏ လာရင်းကိစ္စကို မေးလေသည်။

''ပြောပါ ကျုပ် ဘာများအကူအညီပေးနိုင်ပါသလဲ''

''ကျုပ်က ရန်ကုန်တက္ကသိုလ်က ကျောင်းအုပ်ဖေမောင်တင်ပါ''

ဦးဖေမောင်တင်က သူမည်သူမည်ဝါဖြစ်ကြောင်းကို ပထမပြောပြလိုက်သည်။

ပြီးမှ သူက သူလာရင်းကိစ္စကို အတွင်းဝန်ချုပ်ကြီးအား ပြောကြားတင်ပြလိုက်လေသည်။

''အတွင်းဝန်ချုပ်ကြီးဆီကို အခုလို ကျုပ်ရောက်လာရတဲ့ကိစ္စကတော့ ကျုပ်ရဲ့တက္ကသိုလ်ကျောင်းက ဥရောပတိုက်သား ပါမောက္ခတွေအတွက် အကူအညီတောင်းစရာရှိလို့ပါ ခင်ဗျာ''

''ဘယ်လိုအကူအညီပါလဲ''

''အခု တက္ကသိုလ်ကျောင်းကြီးမှာ ဖြစ်ပျက်နေတဲ့ အရေးအခင်းအကြောင်းတွေကိုတော့ အတွင်းဝန်ချုပ်ကြီးလည်း ကြားမှာပေါ့''

''ဟုတ်ကဲ့ ကြားပါတယ်''

''အဲဒီ အရေးအခင်းတွေနဲ့ပတ်သက်ပြီး ဥရောပတိုက်သား ပါမောက္ခတွေက စည်းဝေးခေါ်ကြပါတယ်။ အဲဒီစည်းဝေးမှာ သူတို့က သူတို့ရဲ့ လုံခြုံရေးအတွက် ပုလိပ်အကူအညီကို ရယူလိုတဲ့အကြောင်း အတွင်းဝန်ချုပ်ကြီးဆီမှာ တင်ပြပေးပါလို့ ပိုင်းဝန်းတောင်းဆိုကြလို့ အခု ကျုပ်လာပြောတာပါပဲဗျာ''

''ခင်ဗျားကကော ပုလိပ်အကူအညီကို ယူချင်လို့လား ကျောင်းအုပ်ကြီးရဲ့''

သူ့ကို အကဲစမ်းသံဖြင့် အတွင်းဝန်ချုပ်ကြီးက ပြန်မေးလိုက်သည်။

ထိုအခါ ဦးဖေမောင်တင်က သူ့ရင်ထဲမှ ခံယူထားချက်အား အမှန်အတိုင်းပြန်လည်ဖြေကြားလိုက်လေသည်။

''ကျုပ်ကလား ပုလိပ်ကိုခေါ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးဘူး။ ကျုပ်ကျောင်းသားတွေကို ကျုပ်နိုင်အောင်ထိန်းလာခဲ့တာပဲ။ အခုလည်း ဆက်ပြီးထိန်းထားနိုင်တာပဲ။ ဘယ့်နှယ်ဗျာ ကျောင်းအုပ်ကြီးလုပ်နေပြီး ကျောင်းသားတွေကို မထိန်းနိုင်လို့ ပုလိပ်လက်အပ်ရမယ်ဆိုရင် ကျောင်းအုပ်ဆိုတာ ဘာလုပ်တော့မှာလဲ၊ ကျုပ်အလုပ်က ထွက်လိုက်ရုံပဲရှိတာပေါ့ဗျ''

''မှန်တယ် မှန်တယ်၊ ခင်ဗျားရဲ့ ခံယူချက်ကို ကျုပ်လည်း လက်ခံတယ်''

ဦးဖေမောင်တင်၏အပြောကို အတွင်းဝန်ချုပ်ကြီးက ထောက်ခံလိုက်သည်။

ပြီးမှ အတွင်းဝန်ချုပ်ကြီးက ဦးဖေမောင်တင်ကို ဆက်လက်အားပေးလိုက်လေသည်။

''ကျောင်းအုပ်ကြီးက ပုလိပ်ကိုခေါ်ဖို့ မလိုဘူးထင်လို့ မခေါ်ချင်ရင် မခေါ်နဲ့ပေါ့။ ဟိုပါမောက္ခတွေ ဘာပြောပြော ပုလိပ်ခေါ်မပေးနဲ့၊ ထားသာထားလိုက် ဟုတ်ရဲ့လား''

''ဟာ ဒီလိုဆိုကျေးဇူးတင်ပါတယ်ဗျာ''

ဦးဖေမောင်တင်သည် သူ့ကို အားပေးထောက်ခံသော အတွင်းဝန်ချုပ်ကြီးအား ကျေးဇူးစကားဖြင့် နှုတ်ဆက်ခဲ့ပြီးနောက်ပြန်ခဲ့လေသည်။

ထို့နောက် ဦးဖေမောင်တင်က တက္ကသိုလ်မှ ဥရောပတိုက်သား ပါမောက္ခများကို အတွင်းဝန်ချုပ်ကြီး၏

သဘောထားနှင့် ပြောကြားချက်များအရ ပုလိပ်အကူအညီ ခေါ်မပေးနိုင်ကြောင်း အကြောင်းပြန်လိုက်သည်။

သည်အခါ မျက်နှာဖြူပါမောက္ခများက ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ အပေါ်သို့ အကြီးအကျယ် မကျေမနပ်ဖြစ်သွားခဲ့ကြပြန်လေတော့သည်။

''ကျုပ်တို့ တစ်စုံတစ်ခုဖြစ်ရင်တော့ ကျောင်းအုပ်ကြီးတာဝန်ပဲ''

ဟု မျက်နှာဖြူပါမောက္ခများက သူတို့အတွက် လုံခြုံမှုတာဝန်ကို ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အပေါ်သို့ အားလုံးပုံချထားလိုက်ကြလေသည်။

''ဟေ့ ဒီမှာ ကေ ၄၀၀ ကျယ်တဲ့ ငါ့ပိုင်နက် တက္ကသိုလ်ကျောင်းဝိုင်းထဲမှာ ငါ့ကျောင်းသားတွေနဲ့ပတ်သက်လို့ မင်းတို့ ဘာမှမဖြစ်စေရဘူးကွ၊ စိတ်ချသာနေကြ''

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က သူ့ကျောင်းသားများဘက်မှနေ၍ မျက်နှာဖြူပါမောက္ခများကို ရဲရဲတောက် အာမခံချက်ပေးလိုက်လေသည်။

ဦးဖေမောင်တင် အာမခံချက်ပေးထားသည့်အတိုင်းပင် တက္ကသိုလ်ကျောင်းသားများက အကြောက်လွန်နေကြသော မျက်နှာဖြူပါမောက္ခများကို အနှောင့်အယှက် ဘာတစ်ခုမျှ မပြုကြချေ။

တိုင်းပြည်နှင့်လူမျိုးတို့ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် အဓိကကျသောကဏ္ဍများမှ ထကြွလှုပ်ရှားကာ အဓိကကျသော အစိုးရကို တိုက်ခိုက်တော်လှန်၍ အင်အားပြနေကြရသော တက္ကသိုလ်ကျောင်းသားများသည် သာမည မျက်နှာဖြူပါမောက္ခကလေးတစ်စုအား ရန်ပြုနှောင့်ယှက်ရန်သတိမျှပင်ရကြပုံမရှိချေ။

မြန်မာတစ်နိုင်ငံလုံးသည် တပွက်ပွက်တဆူဆူဖြင့် ဘယ်နေရာတစ်ချက်မျှ အေးကွက်မမြင်အောင် မငြိမ်မသက်ဖြစ်နေလေတော့သည်။

သည်ကဲ့သို့ မငြိမ်မသက်မှုကို အကြောင်းပြု၍ ဥပဒေပြုလွှတ်တော်တွင် အတိုက်အခံပါတီမှ အမတ်ဂျွန်ဦးစောက တိုင်းပြည်ငြိမ်ဝပ်ပိပြားအောင် မအုပ်ချုပ်နိုင်သော ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းလိုက်သည်။

ထိုအယုံအကြည်မရှိအဆိုကို နောက်ဆုံးမဲခွဲ ဆုံးဖြတ်လိုက်သောအခါ ထောက်ခံမဲ ၇၀၊ ကန့်ကွက်မဲ ၃၇ မဲတို့ဖြင့် အဆိုဘက်မှ အနိုင်ရကာ၊ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရပြုတ်ကျသွားလေတော့သည်။

ညွန့်ပေါင်းနေရာတွင် ဦးပုအစိုးရ တက်လာခဲ့လေသည်။

ထိုကဲ့သို့ အစိုးရအသစ်ပြောင်းလိုက်သော်လည်း မြန်မာပြည်၏ ဆူပူကန့်ကွက်မှုများကား ငြိမ်သက်သွားခြင်း မရှိချေ။

အကွဲ၊ အပြဲ၊ အဆဲတို့ဖြင့် ပို၍ပင် ဆူဆူညံညံအသံတွေ မြည်လာလိုက်သေးသည်။

ထိုအချိန်တွင် မြန်မာအမျိုးသားကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကလည်း သူ့ပိုင်နက်တက္ကသိုလ်နန်းမှ တစ်စခန်းထကာ တစ်ချိန်လုံးမောက်မာမော်ကြွားလာခဲ့သော မျက်နှာဖြူပါမောက္ခအဆောင်မှူးများအပေါ် အစွမ်းပြ၍ ရာဇဝင်ကြွေးပေးဆပ်လိုက်လေသည်။

''မင်းတို့တစ်တွေ အဆောင်မှူးလုပ်နေပြီး ကျောင်းသားတွေကိုမှ နိုင်အောင် မထိန်းနိုင်ရင် ဘာလုပ်မှာလဲ၊ တာဝန်ဆက်ပေးလို့ အပိုပေါ့''

ဟုဆိုကာ မြန်မာအမျိုးသားကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မျက်နှာဖြူအဆောင်မှူးများကို တစ်ယောက်ပြီးတစ်ယောက် အဆောင်မှူးရာထူးမှ ထုတ်ပစ်လိုက်လေတော့သည်။

# ၃၆

# ရန်ကုန်တက္ကသိုလ် နှင့် ရဟန်းပျိုတစ်ပါး

ကျောင်းသားများ သပိတ်လှန်ပြီးနောက် သုံးလခန့်အကြာ၌ သက်ဆိုင်ရာစာမေးပွဲအသီးသီးကို ကျင်းပစစ်ဆေးပေးလိုက်လေသည်။

ထို့နောက် အောင်စာရင်းများ ထုတ်ပြန်ပေးလိုက်သည်။

ပြီးလျှင် ရန်ကုန်တက္ကသိုလ်မှစ၍ မြန်မာတစ်ပြည်လုံးရှိ ကျောင်းအသီးသီး ပုံမှန်ပြန်၍ ဖွင့်လှစ်သင်ကြားလိုက်ကြလေသည်။

''ဘုန်းကြီးတစ်ပါးက ဆရာကြီးကို တွေ့ခွင့်တောင်းနေပါတယ်ခင်ဗျား''

သူ့ရုံးခန်းထဲ၌ တစ်ယောက်တည်း ရေးချုတ်မှတ်သားကာ အလုပ်များနေသော ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ ပြာတာက သတင်းလာပို့သည်။

ဦးဖေမောင်တင်၏ ပေါ်များလှသော အသိအကျွမ်း မိတ်ဆွေများထဲ၌ ဘုန်းကြီးရဟန်းများလည်း ပါဝင်လေသည်။

သူတို့သည် တရားဆွေးနွေးလိုလျှင်ဖြစ်စေ၊ အလှူခံလိုလျှင်ဖြစ်စေ ဦးဖေမောင်တင်ထံသို့ ရံဖန်ရံခါ ရောက်လာတတ်လေ့ရှိသည်။

တချို့ဆိုပါက မသိမကျွမ်းသော်လည်း သတင်းကြားနှင့် ရောက်လာတတ်ပေသေးသည်။

ယခု သူ့ကို တွေ့ခွင့်တောင်းနေခြင်းကိုထောက်လျှင် သူနှင့်မသိမကျွမ်းသေးသော ဘုန်းကြီးရဟန်းတစ်ပါးသာဖြစ်ရမည်ဟု ဦးဖေမောင်တင် တွက်လိုက်သည်။

သူမသိကျွမ်းသေးသော ဘုန်းကြီးရဟန်းသည် တရားဆွေးနွေးချင်၍လား၊ အလှူခံချင်၍လားဟု စဉ်းစားရင်း ဦးဖေမောင်တင်က လက်ခံတွေ့ဆုံခွင့်ပေးလိုက်လေသည်။

''ဦးပဉ္ဇင်းဘွဲ့က သျှင်ကေလာသ* လို့ ခေါ်ပါတယ်''

ဦးပဉ္ဇင်း သျှင်ကေလာသက ထားဝယ်သံဝဲဝဲဖြင့် ပြောလိုက်လေသည်။

---

* ရန်ကုန်တက္ကသိုလ်မှ ဘီ–အေဘွဲ့၊ ကာလကတ္တားတက္ကသိုလ်မှ အမ်–အေဘွဲ့၊ ပြင်သစ်ပြည်၊ ပါရီမြို့ ဆော်ဗွန်းတက္ကသိုလ်မှ အမ်–အက်စ်–အေ အက်ဖ် (M.S.A.F)ဘွဲ့များ အသီးသီးရခဲ့ပြီးနောက် ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဟောင်း။

''ဆရာကြီးဆီမှာ ဦးပဉ္စင်း အကူအညီတစ်ခုတောင်းချင်လို့ အခုရောက်လာခဲ့တာပါ''

ဦးပဉ္စင်း သျှင်ကေလာသက သူသည် ရခိုင်ပြည် သံတွဲသား၊ မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာဒိုင်နှင့် ထားဝယ်သူဒေါ်မေခင်တို့၏ သားဖြစ်ကြောင်း။

သူ့ဖခင်ဆရာဒိုင်သည် ဂျွန်ဆရာစံနှင့် ရင်းနီးခင်မင်ကာ အကူအညီများပေးခဲ့မှုကြောင့် သာယာဝတီထောင်၌ တစ်နှစ်မျှအဖမ်းခံထားခဲ့ရကြောင်း။

ထို့နောက် သာယာဝတီမြို့မှ ဝတ်လုံတော်ရသခင်မြက မေတ္တာဖြင့် အခမဲ့ရှေ့နေလိုက်ပေးသောကြောင့် ဆရာဒိုင် ထောင်မှလွတ်လာခဲ့ကြောင်း။

ထိုအခါ ဆရာဒိုင်သည် မန္တလေးမြို့ ကယ်လီဟိုက်စကူးကျောင်း ကိုးတန်း၌ ပညာသင်ကြားနေသော သားဖြစ်သူကို ထားဝယ်သို့ခေါ်ယူ၍ သာသနာ့ဘောင်သို့ သားအဖနှစ်ဦး ပြိုင်တူဝင်ရောက်ခဲ့ကြကြောင်း။

ထို့နောက် မိခင်ဖြစ်သူ ဒေါ်မေခင်ကလည်း သီလရှင်ဝတ်ကာ သာသနာ့ဘောင်သို့ ကူးပြောင်းလိုက်ပြန်ကြောင်း။

ဖခင်ဖြစ်သူ ဆရာဒိုင်သည် ရဟန်းဝတ်၍ တစ်နှစ်မျှအကြာ၌ ဘဝနတ်ထံ ပျံလွန်သွားခဲ့ကြောင်း။

''နောက်တော့ ဦးပဉ္စင်းလည်း သီဟိုဠ်ကျွန်းမှာသွားပြီး တစ်ဝါဆိုရင်း ပညာဆက်သင်တယ်၊ ပြီးတော့ ကာလကတ္တား ယူနီဗာစီတီက ကျင်းပတဲ့ ၁၉၃၇ ခုနှစ် မက်ထရစ် ဆယ်တန်းစာမေးပွဲကို ဝင်ဖြေတာ လက်တား* ၄ ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်''

ရခိုင်နှင့် ထားဝယ်ကပြား ဦးပဉ္စင်း သျှင်ကေလာသ ပြောပြသမျှ ကျောင်းအုပ်ကြီးဦးဖေမောင်တင်က စိတ်ရှည်လက်ရှည် နားထောင်နေလိုက်သည်။

''ဦးပဉ္စင်း စာမေးပွဲအောင်ပြီး ကာလကတ္တား ယူနီဗာစီတီကို ဆက်တက်ဖို့ကျတော့ မြန်မာပြည်ကို အိန္ဒိယက ခွဲထွက်လိုက်တဲ့အတွက် မက်ထရစ်မှာတုန်းကလို မြန်မာစာကို ကိုယ်ပိုင်ဘာသာအဖြစ် ယူခွင့်မရှိတော့ဘဲ၊ ဘင်္ဂါလီ၊ ဟင်ဒီနဲ့ အူရဒူ ဘာသာတစ်ခုခုကိုယူမှ တက်ခွင့်ပြုမယ်ဆိုလို့ ဦးပဉ္စင်းမှာ အခက်တွေ့နေလို့ ဆရာကြီးဆီကို အားကိုးလာခဲ့တာပါပဲ''

နောက်ဆုံး၌ သျှင်ကေလာသ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံသို့ သူရောက်လာခဲ့ရခြင်း အကြောင်းရင်းကိစ္စကို ပြောလိုက်တော့သည်။

''အဲဒါ ဦးပဉ္စင်းအဖို့ အခြေခံရထားတဲ့ ပညာရေးကို ဆက်ပြီးသင်ကြားနိုင်ရအောင် ဆရာကြီးက ကျေးဇူးပြုပြီး နည်းလမ်းနဲ့ အကြံဉာဏ်များပေးပါလို့ အကူအညီတောင်းခံပါတယ်''

သူ့ထံမှ အကြံဉာဏ်နှင့် အကူအညီတောင်းခံလာသော သျှင်ကေလာသ၏ ပညာဆက်လက်သင်ယူနိုင်ရေး အကြောင်းကိစ္စကို ဦးဖေမောင်တင် စဉ်းစားရလေသည်။

မြန်မာပြည်တွင် ရန်ကုန်ကောလိပ်မှအစပြု၍ ရန်ကုန်ယူနီဗာစီတီနှင့် ယခု သူ့လက်ထက် ရန်ကုန်တက္ကသိုလ်ကြီးခေတ်အထိ ဘုန်းကြီးရဟန်းများအနေဖြင့် တစ်ပါးတလေမျှ လောကီခေတ်ပညာများ တက်ရောက်သင်ကြားခဲ့သည်ဟု ဦးဖေမောင်တင် မကြားမသိ မမြင်မိသေးချေ။

သို့သော်လည်း လွန်လေပြီးသော နှစ်ပေါင်းများစွာက စာပေပညာသင်ကြားရေးအကြောင်းကို ပြန်ပြောင်းစဉ်းစားကြည့်လိုက်မည်ဆိုပါက ဘုန်းကြီးကျောင်းများမှ အစပြုလာခဲ့ကြောင်း တွေ့ရှိရပေလိမ့်မည်။

ရှင်ဘုရင်သား မင်းညီမင်းသားများမှအစ သာမန်လူတန်းစားအလယ်နှင့် လက်လုပ်လက်စား ဆင်းရဲသားများအဆုံး အားလုံးသည် စာပေပညာတတ်မြောက်ရေးအတွက် ဘုန်းကြီးကျောင်းများကိုသာ အားကိုးအားထားပြုခဲ့ကြရလေသည်။

ယခု ကမ္ဘာကျော်နေသော အောက်စဖို့ဒ် တက္ကသိုလ်ကြီးပင်လျှင် ဘုန်းကြီးကျောင်းများ၌ အခြေတည် ခြေကုပ်ယူပြီး နောက်မှ ကြီးပွားအောင်မြင်လာခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

မြန်မာပြည်တွင်ကား ကျေးရွာအတော်များများသည် ရွာမှကလေးငယ်များ စာပေသင်ယူရေးအတွက် ယခုတိုင် ဘုန်းကြီးကျောင်းများကိုသာ အားထားနေကြရဆဲဖြစ်လေသည်။

---

* Letters = ဂုဏ်ထူး

ယခု ဘုန်းကြီးတစ်ပါးက သူ့ဉာဏ်ရည်ဉာဏ်သွေး အခွင့်အရေးအရ တက္ကသိုလ်ပညာများ ဆက်လက်သင်ယူရန် တောင်းဆိုလာခြင်းကို ဦးဖေမောင်တင်အနေဖြင့် ကန့်ကွက်စရာ ဘာမျှမရှိချေ။

လူဝတ်ကြောင်ဖြစ်စေ၊ ဘုန်းကြီးရဟန်းဖြစ်စေ စာပေပညာကို လိုက်စားရယူလိုသူမှန်သမျှ စာပေပညာရှင်တစ်ဦးဖြစ်သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အားပေးထောက်ခံ၍ အရောင်တင် မြေတောင်မြှောက်ပေးရန် အသင့်ဖြစ်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က သျှင်ကေလာသကို အားပေးဖြေကြားလိုက်ရလေသည်။

''ဦးပဥ္စင်းအနေနဲ့ ရန်ကုန်တက္ကသိုလ်မှာ ဆက်ပြီးတက်ချင်တယ်ဆိုရင် လျှောက်လွှာတင်လိုက်ပါ၊ ဖြစ်နိုင်အောင် ကြိုးစားပေးပါ့မယ်''

အမှန်က ကျောင်းအုပ်ကြီး သဘောတစ်ခုတည်းဖြင့် ဦးဖေမောင်တင်က သူ့ရန်ကုန်တက္ကသိုလ်ကြီး၌ သျှင်ကေလာသကို လက်ခံလိုက်ပါကလည်း ပြီးနိုင်လေသည်။

သို့ရာတွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တစ်မိန့် တစ်ခွဲဖြ၊ တစ်အာဏာ မသုံးလိုဘဲ တက္ကသိုလ်အုပ်ချုပ်ရေးတစ်ဖွဲ့လုံး၏ သဘောတူထောက်ခံမှုကို ရယူလိုလေသည်။

ထို့နောက် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးသို့ သျှင်ကေလာသ၏ လျှောက်လွှာတက်လာခဲ့သည်။

တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခများမှာ မျက်နှာဖြူနှင့် အိန္ဒိယပြည်သားနိုင်ငံခြားသားများသာ ဖြစ်ကြလေသည်။

''ကဲ ကျုပ်တို့ ယူနီဗာစီတီ သက်တမ်းတစ်လျှောက်လုံးမှာ လူဝတ်ကြောင်တွေချည်းသာ လက်ခံလာခဲ့တာ အခုတော့ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးက ထူးထူးခြားခြား ဦးဦးဖျားဖျား ကျောင်းဝင်ခွင့်တောင်းလာခဲ့တာကို အဖွဲ့ဝင်များအနေနဲ့ ဘယ်လိုသဘောရကြသလဲ ပြောကြပါ''

ဦးဖေမောင်တင်သည် သျှင်ကေလာသ၏ လျှောက်လွှာနှင့် ပတ်သက်၍ အဖွဲ့ကို တင်ပြရင်းမှ အောက်စဖို့ဒ်တက္ကသိုလ်၊ အက်ဇီတာကောလိပ်က ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်ကို ပြေးကာ အမှတ်ရလိုက်မိလေသည်။

ကျောင်းဖွင့်ချိန် ၁၀ ရက်ကြီးမျှ နောက်ကျ၍ ရောက်သွားခဲ့သော မြန်မာပြည်မှ ကျောင်းသားမောင်တင် ကျောင်းဝင်နိုင်ရေးအတွက် အက်ဇီတာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်လ်သည်လည်း ယခု ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကဲ့သို့ပင် ကူညီဆောင်ရွက်ပေးခဲ့သည်မဟုတ်ပါလား။

အောက်စဖို့ဒ်တက္ကသိုလ် အက်ဇီတာကောလိပ် ကျောင်းအုပ်ကြီးနှင့် ယခု ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့၏ တူညီသော စိတ်စေတနာနှင့် ပြုမူဆောင်ရွက်မှုတို့ တူညီပုံကို တွေးမိကာ ဦးဖေမောင်တင် ပြုံးလိုက်မိလေသည်။

နောက်ဆုံး၌ သျှင်ကေလာသ၏ ကျောင်းဝင်လိုကြောင်း လျှောက်လွှာနှင့်ပတ်သက်၍ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်များက သူတို့သဘောထားများကို ပြောကြားလိုက်ကြလေသည်။

''ကျွန်တော်တို့အနေနဲ့ ကန့်ကွက်စရာ ဘာမျှမရှိပါဘူး။ ကျောင်းအုပ်ကြီး သဘောပါ''

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် တက္ကသိုလ်အုပ်ချုပ်ရေး တစ်ဖွဲ့လုံး၏ သဘောတူ ထောက်ခံချက်ဖြင့် သျှင်ကေလာသအား ရန်ကုန်တက္ကသိုလ်သို့ ကျောင်းဝင်ခွင့်ပေးလိုက်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သျှင်ကေလာသကို ကျောင်းဝင်ခွင့် သာမက ကျောင်းလခအလွတ်နှင့် ကျောင်းစရိတ်တစ်လလျှင် ငွေကျပ်ငါးဆယ်ခန့် အထောက်အပံ့ရအောင် စီမံဖန်တီးပေးလိုက်ပေသေးသည်။

# ၃၇

# ရာဇဝင်ကြွေး သူပေးဆပ်သည်

ရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၃၉ ခုနှစ် နှောင်းပိုင်း၌ အတော်ကလေး အေးဆေးငြိမ်သက်သွားလေသည်။

၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခု နှစ်ဦးပိုင်းအထိ တရဲရဲထတောက်နေခဲ့သော ကျောင်းသားမီးခဲများသည် ယခု နောက်ပိုင်း၌ ငြိမ်ငြိမ်သက်သက်ဖြစ်သွားကြလေသည်။

သူတို့သည် မီးကုန်ယမ်းကုန် အစွမ်းကုန် တောက်လောင်ထကြွခဲ့ကြပြီးနောက် မီးစာကုန် ဆီခန်းသွား ကြသည့်အလား တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

ထိုကဲ့သို့ အခြေအနေပြောင်းလဲသွားခြင်းသည် ကျောင်းသားတို့ တောင်းဆိုချက်ကလေးများ အချို့အဝက် ရရှိသွားခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်သည်။

ရှေ့မှ ဦးဆောင်ဆူပူလှုပ်ရှားမှုပြုပေးတတ်သော ကျောင်းသားခေါင်းဆောင်အချို့ ကျောင်းမှ ထွက်သွားကြ သောကြောင့်လည်း ဖြစ်နိုင်သည်။

သူတို့သည် ကျောင်းမှ ထွက်သွားပြီးနောက် သခင်ခေါင်းဆောင်များအဖြစ် နိုင်ငံရေးအသင်းအပင်းများဖြင့် မြန်မာအရေးသာမက ကမ္ဘာ့အရေးအခင်းများတွင် စိတ်ပါဝင်စားကာ တက္ကသိုလ်ကျောင်းဆီသို့ လှည့်စောင်း မကြည့်အားသောကြောင့်လည်း ဖြစ်နိုင်သည်။

ကျောင်း၌ ကျန်ရှိသော ကျောင်းသားခေါင်းဆောင် အချို့ကလည်း သူတို့ဦးဆောင်လှုပ်ရှားခဲ့မှုများအတွက် သူတို့အပိုင်း သူတို့တာဝန်ကျေပြီဟု ယူဆတင်းတိမ်သွားကြ၍လားမသိ။ သူတို့သည် ဆုံးခန်းမတိုင်သေးသော သူတို့ပညာရေးကို အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် ဆက်လက်သင်ယူနေကြသောကြောင့်လည်း ဖြစ်နိုင် လေသည်။

ထိုကဲ့သို့ ဖြစ်နိုင်သော အကြောင်းကြောင်းတို့ကြောင့် ဦးစီးခေါင်းဆောင်များက လှုပ်ရှားမှုမရှိကြသောအခါ နောက်လိုက် ကျောင်းသူကျောင်းသားများလည်း အေးဆေးငြိမ်သက်စွာသာ ပညာကို သင်ယူနေကြလေတော့ သည်။

သည်အခါ အပြင်ဘက် နိုင်ငံရေးလောကတွင် ပူညံပူညံ ဆူသံတွေ လျှံနေသလောက် သူတို့ဆီမှာကား ထူးထူးခြားခြား ငြိမ်းချမ်းတိတ်ဆိတ်သွားခဲ့သော ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းမှ တက္ကသိုလ်ကျောင်းအုပ်ကြီးအပါအဝင် ပါမောက္ခ၊ ကထိကနှင့် ကျူတာဆရာများသည်လည်း တာဝန်ကိုယ်စီဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ကျောင်းသားများအား သင်ကြားပြသပေးလိုက်ကြလေသည်။

ထိုနေ့က သူ့ရုံးခန်းသို့ ရောက်လာခဲ့သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို လျှောက်လွှာကလေးတစ်စောင်က စောင့်ကြိုနေလေသည်။

ဦးဖေမောင်တင်က ဖတ်ကြည့်လိုက်သောအခါ လက်ဘွိုင်* ခေါ် ဓာတ်ခွဲခန်းအမှုထမ်း ဘသန်း၏ အလုပ်ထွက်လိုကြောင်း လျှောက်လွှာဖြစ်ကြောင်း တွေ့ရလေသည်။

ဘသန်း၏ လျှောက်လွှာကိုကြည့်၍ ဦးဖေမောင်တင်၏စိတ်မှာ ထူးဆန်းသွားလေသည်။

သူသည် ဘသန်း ဘယ်အတွက် အလုပ်မှထွက်လိုကြောင်းကို သိလိုမိလေသည်။

ဘသန်းတွင် အကြောင်းတစ်ခုရှိရမည်ဟု သူတွက်လိုက်သည်။

ဘသန်းသည် သူ့ကို ထမင်းကျွေးနေသော အလုပ်မှအကြောင်းမရှိဘဲ ထွက်ချင်မည်မဟုတ်ချေ။

ယခုအချိန်သည် တက္ကသိုလ်ကျောင်းမှ ဘီ–အေ ဘွဲ့ကြီးတွေပိုက်၍ ထွက်သွားခဲ့ကြသူများပင်လျှင် ထိုက်ထိုက်တန်တန် အလုပ်အကိုင်များ မရနိုင်၍ ငိုင်မှိုင်နေကြရသည် မဟုတ်ပါလား။

ကျောင်းစရိတ် ထောင်သောင်းချီ၍ ကုန်ကျခဲ့ကာ ဘီ–အေ ဘွဲ့ကြီးပိုက်ပြီးနောက် မျှော်လင့်ချက်ကြီးတစ်ခွဲသားကိုယ်စီဖြင့် ကျောင်းမှထွက်ခွာသွားခဲ့ကြသူများသည်ပင် တစ်လလျှင် ငွေလေးငါးခြောက်ဆယ်ဝင်နိုင်သော အလုပ်ကလေးမျိုးရအောင် အတော်ကြိုးစားရှာဖွေနေကြရချိန်လည်းဖြစ်သည်။

ဘသန်းကဲ့သို့ ဘာဘွဲ့မျှမရှိသော အညတရ လက်ဘွိုင်တစ်ယောက်ဖို့ကား လက်ရှိအလုပ်မှ ထွက်ပြီးနောက် တခြားအလုပ်တစ်ခုကို လွယ်လွယ်နှင့် ရှာတွေ့နိုင်မည်လော။

သူ့အဖို့ လွယ်လွယ်နှင့် အလုပ်ထပ်မရပါက ဘသန်းတို့ မိသားတစ်စုလုံးသည် စားဝတ်နေရေးအတွက် အခက်အခဲ တွေ့ရချေတော့မည်။

ယခု လက်ရှိအလုပ်သည် ဘသန်းအတွက် လခမှန်မှန်သာမကပဲ နေစရာအိမ်ကိုပါ ပေးထားလေသည်။

သူ့လက်အောက်မှ အမှုထမ်းတစ်ယောက်ကို သူ့သားသမီးပမာ သဘောထားကာ တွေးပူမိသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က လက်ဘွိုင်ဘသန်းအား အခေါ်ခိုင်းလိုက်တော့သည်။

ခဏအကြာ၌ လက်ဘွိုင်ဘသန်းသည် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ရှေ့မှောက်သို့ ခပ်ယို့ယို့ ရောက်လာလေသည်။

ဘသန်းကို ဦးဖေမောင်တင်က မေးလိုက်သည်။

''ကဲ ဟော့ ဘသန်း၊ မင်းဘာဖြစ်လို့ အလုပ်ထွက်ချင်တာလဲ ငါ့ကိုပြောစမ်း''

ဦးဖေမောင်တင်၏ အမေးကို ဘသန်းကမဖြေဘဲ ခေါင်းငုံ့၍ ငြိမ်နေသည်။

သည်အတွက် ဦးဖေမောင်တင်က ဘသန်းကိုဆက်၍ မေးလိုက်ပြန်သည်။

''မင်းအဖို့ အခုလက်ရှိအလုပ်ထက် ပိုကောင်းတဲ့အလုပ်မျိုးကို တခြားမှာ တွေ့ထားလို့လား ဟုတ်လား''

''မတွေ့ပါဘူး ဆရာကြီး''

သည်တစ်ခါ၌ ဘသန်းက ဦးဖေမောင်တင်၏အမေးကို အဖြေပြန်ပေးလေသည်။

''ဟ မတွေ့ဘဲနဲ့ဘာပြုလို့ အလုပ်ထွက်ချင်တာလဲကွ''

ဦးဖေမောင်တင်က ဘသန်းကိုနားမလည်စွာဖြင့် ဆက်မေးလိုက်ပြန်သည်။

''ပြောစမ်းပါဦး ဘသန်းရဲ့ မင်းအခု အလုပ်ကထွက်ပြီး ဘာလုပ်ကိုင်စားဖို့များ စိတ်ကူးထားလို့လဲကွ ဟေ''

ဘသန်းက ခေါင်းကြီး ငုံ့ထားလျက်က သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

ပြီးမှ သူက ခပ်ဆိုင်းဆိုင်း အဖြေပေးလေသည်။

''ဘာကို ဘယ်လို လုပ်ကိုင်စားရမယ်ဆိုတာကိုလည်း ကျွန်တော်စဉ်းစားနေတုန်းပါပဲ ဆရာကြီးရယ်''

---

* Lab-Boy


MKS PUBLISHING

ဘသန်း၏အသံသည် မရေရာသေးသော သူ့ဘဝရှေ့ရေးအတွက် စိတ်မအေးနိုင်သော အားငယ်မှုများ လွှမ်းနေကြောင်းကို ဦးဖေမောင်တင် ကောင်းကောင်းကြီး သတိပြုလိုက်မိလေသည်။

ထိုအခါ ဦးဖေမောင်တင် ချက်ချင်းသဘောပေါက်လိုက်လေတော့၏။

သူ့အဖို့ တခြားအလုပ်လည်းမမြင်၊ ဘာလုပ်ကိုင်စားသောက်ရမှန်းလည်း စဉ်းစားမရသေးသော ဘသန်းသည် အကြောင်းတစ်စုံတစ်ရာ ပြဿနာမရှိဘဲနှင့်ကား သူ့အတွက် စားဝတ်နေရေးပြေလည်အေးချမ်းနေသော လက်ရှိအလုပ်မှ ဘယ်နည်းနှင့်မျှ ထွက်ချင်လိမ့်မည်မဟုတ်ချေ။

ထိုကဲ့သို့ သူ့အလုပ်မှ ထွက်ချင်လောက်အောင် ထွက်ခွင့်ပြုရန်၊ လျှောက်လွှာတင်ခဲ့သည်အထိ ဘသန်းရင်ဆိုင် ခံစားနေရသော ပြဿနာတစ်စုံတစ်ရာကို ကျောင်းအုပ်ကြီးအနေဖြင့် သိသင့်သိထိုက်သည်ဟု ဦးဖေမောင်တင် ယူဆသည်။

မိဘများသည် သားသမီးတို့ရင်ဆိုင် ခံစားနေရသော ပြဿနာအခက်အခဲကို ဝင်ရောက်ဖြေရှင်းနိုင်သကဲ့သို့ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အနေဖြင့်လည်း သူ့သားသမီးများပမာရှိကြသော ဘသန်းတို့ အမှုထမ်းအရာထမ်းများ၏ အခက်အခဲပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ရမည်မဟုတ်ပါလား။

''ကဲ ဘသန်း၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ ဘာမှကြောက်လန့်မနေနဲ့''

ဦးဖေမောင်တင်က ဘသန်းကို ပထမ အားပေးလိုက်သည်။

ပြီးမှ ဆက်မေးလိုက်လေသည်။

''အခုလို အလုပ်အကိုင် ရှားပါးကျပ်တည်းနေချိန်မျိုးမှာ မင်းက တခြားမှာလည်း အလုပ်ဝင်စရာမမြင်ဘဲနဲ့ လက်ရှိအလုပ်က ထွက်ခွင့်တောင်းတာဟာ မင်းမှာ အကြောင်းတစ်ခုတော့ ရှိမှာပေါ့၊ ပြောစမ်း မင်းမှာ ဘာအကြောင်း ဘာအခက်အခဲတွေ့နေလို့လဲ၊ ငါတတ်နိုင်တာဆိုရင် အကူအညီပေးမယ်''

ဦးဖေမောင်တင်က ထိုမျှနှစ်သိမ့်အားပေးကာ အာမခံချက်များအပြည့်အဝပေးထားသည့်တိုင် ဘသန်းသည် ဖွင့်ပြောရမှာ ကြောက်နေသကဲ့သို့ ဘာမျှပြန်မဖြေသေးဘဲ သက်ပြင်းကိုသာ အခါခါရှိုက်နေသည်။

ထိုအခါ ဦးဖေမောင်တင်ကလည်း စိတ်ရှည်ရှည်ဖြင့် ငြိမ်၍ စောင့်နေလိုက်သည်။

ခဏအကြာမှ ဘသန်းသည် မရွံ့မရဲဟန်ဖြင့် ဦးဖေမောင်တင်ကို မော်ကြည့်လိုက်သည်။

ဦးဖေမောင်တင်ကို မော်ကြည့်သော ဘသန်း၏ မျက်လုံးများသည် တစ်စုံတစ်ခုကို ကြောက်ရွံ့စိုးရိမ်နေကြောင်း ဖော်ပြနေကြသည်။

သို့ရာတွင် ဦးဖေမောင်တင်၏ မျက်နှာကို မြင်သောအခါ ဘသန်း၏ မျက်လုံးများသည် အားထားယုံကြည်မှုသို့ ပြောင်းလဲသွားလေသည်။

''ကျွန်တော်အလုပ်ထွက်ဖို့ လျှောက်လွှာတင်ခဲ့ရတာဟာ''

ဘသန်းသည် သူ့စိတ်ကို ဆုံးဖြတ်လိုက်ဟန်ဖြင့် စတင်၍ ပြောလိုက်တော့သည်။

''ကျွန်တော် ဆရာပီးကော့* ကို ကြောက်လို့ပါဆရာကြီး''

''ဟေ ပီးကော့ကို ဘာအတွက် ကြောက်ရတာလဲ''

''ဆရာပီးကော့က ကျွန်တော့်ကို လက်သီးနဲ့ထိုးတာ၊ ကျွန်တော် သွားတစ်ချောင်းတောင် ကျိုးသွားခဲ့ပါတယ် ဆရာကြီး''

''ဘယ်တုန်းကလဲ''

''လွန်ခဲ့တဲ့ အပတ်ထဲတုန်းကပါ ဆရာကြီး၊ သူခိုင်းထားတာကို ကျွန်တော်မှားလုပ်မိလို့ပါ၊ ဒါကြောင့် သူရှိတဲ့နေရာမှာ ကျွန်တော်ဆက်ပြီး မလုပ်ရဲတော့လို့ အလုပ်ထွက်စာတင်လိုက်တာပါဆရာကြီး''

ဘသန်း သူ့အလုပ်မှ ထွက်စာတင်ခဲ့ခြင်း အကြောင်းရင်းကို ယခုမှ ဦးဖေမောင်တင်သိလေတော့သည်။

ဘသန်းကို လက်သီးနှင့်ထိုးခဲ့သော ပီးကော့သည် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ မျက်နှာဖြူဗိုလ်သား ပါမောက္ခတစ်ဦးဖြစ်သည်။

ပါမောက္ခပီးကော့သည် တပည့်ကျောင်းသားများကို စာအသင်အပြတော်သူတစ်ယောက်ဖြစ်လေသည်။

---

* D.H.Peacock

သို့ရာတွင် သူသည် အလွန်စိတ်တိုသူတစ်ယောက်ဖြစ်လေသည်။

သူသည် စိတ်တိုတိုဖြင့် ကျောင်းသူကျောင်းသားနှင့် သူ့လက်အောက်အမှုထမ်းများကို အမြဲတမ်း ဆူပူကြိမ်းမောင်းဆဲဆိုတတ်လေ့ရှိလေသည်။

ယခု သူသည် ဆူပူဆဲဆိုရုံမျှမကဘဲ လက်တွေ့ဓာတ်ခွဲခန်းအမှုထမ်းလက်ဘွိုင်ဘသန်းကို စိတ်တိုတိုနှင့် ထိုးကြိတ်ခဲ့ခြင်းပင်ဖြစ်ပေမည်။

ပါမောက္ခပီးကော့ သူ့စရိုက်နှင့်သူ စိတ်တိုတတ်ခြင်းကို ဦးဖေမောင်တင် ဘာမျှမပြောလိုချေ။

သို့ရာတွင် လက်အောက်ငယ်သားတစ်ယောက် သွေးထွက်သံယို သွားကျိုးလောက်အောင် အနိုင်အထက် ထိုးကြိတ်ရိုက်နှက်ခဲ့ခြင်းသည်ကား ပါမောက္ခပီးကော့ တရားလွန်လွန်းလှလေသည်။

သူ့လက်အောက်မှ ပါမောက္ခတစ်ယောက်က အလုပ်သမားတစ်ယောက်အပေါ် မတရား အနိုင်အထက် ပြုချက်နှင့် ပတ်သက်၍ကား တက္ကသိုလ်ကျောင်းအုပ်ကြီးက ဘာမျှမပြောဘဲ လက်ပိုက်ကြည့်မနေနိုင်ချေ။

သူသည် ကျောသားရင်သား မခွဲခြား၊ မျက်နှာကြီးငယ်မလိုက်တမ်း၊ မတရားခံရသူဘက်မှရပ်တည်ကာ မတရားပြုသူအား အရေးယူပေးရမည်ဖြစ်လေသည်။

ဘသန်း၏မျက်နှာသည် ပီးကော့၏ လက်သီးချက်ဖြင့် ဖူးရောင်ဆဲရှိနေသေးကြောင်းကို ဦးဖေမောင်တင် သတိထားလိုက်မိသည်။

ဘသန်း၌ အပြစ်ရှိလျှင် ဥပဒေစည်းမျဉ်းအတိုင်း အရေးယူအပြစ်ပေးရန်သာဖြစ်သည်။

ပါမောက္ခပီးကော့အနေဖြင့် သူ့သဘောအတိုင်း ဘသန်းကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ဆုံးမခြင်း ပြုခွင့်မရှိချေ။

ယခုမူ ဘသန်း၏အပြစ်ထက် ပါမောက္ခပီးကော့၏အပြစ်က ပိုမိုကြီးထွားသွားလေပြီ။

သည်အတွက် သက်ဆိုင်ရာ စည်းကမ်းဥပဒေအတိုင်း ပါမောက္ခပီးကော့ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အရေးယူရတော့မည်ဖြစ်လေသည်။

''ခက်ပါဘိတော့ ဘသန်းရာ၊ ပီးကော့က လက်သီးနဲ့ထိုးတာနဲ့ပဲ ကိုယ့်ကို ထမင်းကျွေးနေတဲ့အလုပ်က ထွက်ပစ်ချင်ရသလားကွ''

''ကျွန်တော် ထပ်ပြီး အထိုးခံရမှာ ကြောက်လို့ပါဆရာကြီး''

ဦးဖေမောင်တင်၏ အားပေးနှစ်သိမ့်ချက်ကို ဘသန်းက ကြောက်ရွံ့စိုးရိမ်သံဖြင့် မဝံ့မရဲ တုံ့ပြန်လိုက်လေသည်။

ဗမာအရာရှိ အတော်များများပင်လျှင် သူတို့အထက် မျက်နှာဖြူအရာရှိကြီးများကို ဆိုပါက တုန်အောင် ကြောက်နေရသေးချိန်မျိုး၌ ဘသန်းကဲ့သို့ ဓာတ်ခွဲခန်း အလုပ်သမားကလေးတစ်ယောက်က သူ့အထက် ပါမောက္ခဆရာကြီး ပီးကော့ကို ကြောက်လွန်း၍ ထွက်ပြေးလိုခြင်းမှာ အပြစ်မဆိုသာချေ။

သည်အတွက် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ဘသန်းကို ရဲဆေးတင်လျက် အာမခံချက်ပေးလိုက်လေသည်။

''စိတ်ချ၊ ပီးကော့ မင်းကို ထပ်ပြီး မထိုးမကြိတ်စေရဘူး၊ ရော့ မင်းအလုပ်ထွက်ခွင့်လျှောက်လွှာကို ပြန်ယူသွား''

ဦးဖေမောင်တင်က ဘသန်းကို သူ့လျှောက်လွှာပြန်ပေးလိုက်သည်။

ပြီးမှ ဦးဖေမောင်တင်က သူ့စားပွဲပေါ်မှ စာရွက်အလွတ်တစ်ရွက်ကို ကောက်ယူ၍ ဘသန်းထံ ကမ်းပေးလိုက်ပြန်သည်။

''ကဲ ရော့၊ ဟောဒီစာရွက်မှာ မင်းကို ပီးကော့ကထိုးလို့ သွားတစ်ချောင်းကျိုးတဲ့အကြောင်း တိုင်စာရေးလိုက်စမ်း''

ဦးဖေမောင်တင်၏ အားပေးမှုနှင့် လက်တွေ့ဆောင်ရွက်ပေးချက်အတွက် အားတက်သွားဟန်တူသော ဘသန်းလည်း ချက်ချင်းပင် တိုင်ကြားစာကောက်ရေးလိုက်လေသည်။

ထိုအချိန်မှာပင် ကျောင်းအုပ်ကြီးရုံးခန်းထဲသို့ ပါမောက္ခပီးကော့ရောက်လာခဲ့သည်။

သူသည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ရှေ့၌ တိုင်ကြားစာထိုင်ရေးနေသော ဘသန်းကို ဘာမပြော

ညာမပြောနှင့် ဆွဲထိုးရန် ပြုလိုက်လေသည်။

သို့ရာတွင် ဘသန်းက အရှောင်မြန်လိုက်၍ ပီးကော့၏ လက်သီးချက်မှ လွတ်သွားသည်။

ထိုအခါ ဒေါသပိုဖြစ်သွားပုံရှိသော ပါမောက္ခပီးကော့က နေရာမှ ထပြေးသော ဘသန်းကို လိုက်၍ ထိုးပြန်လေသည်။

သည်အတွက် သူ့စားပွဲ၌ ထိုင်နေရာမှ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပါမောက္ခပီးကော့ကို ဟန့်တားပြောဆိုလိုက်ရသည်။

''ဟေ့ ပီးကော့၊ မင်း ဒါဘာလုပ်တာလဲကွ''

ပါမောက္ခပီးကော့၏ ဒေါသသည် ဘသန်းထံမှ ဦးဖေမောင်တင်အပေါ်သို့ ပြောင်းလာခဲ့သည်။

ပါမောက္ခပီးကော့သည် မျက်နှာရဲရဲ ရှူးရှူးရှဲရှဲဖြင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ဆီသို့ လှည့်လာလိုက်သည်။

ပြီးလျှင် သူသည် တည်ငြိမ်စွာ ထိုင်နေသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ရှေ့ရှိ အလုပ်စားပွဲပေါ်သို့ ဖိနပ်စီးထားသော သူ့ခြေထောက်တစ်ဖက်ကို လှမ်းတင်လိုက်ပြီးနောက် ပီးကော့က ဒေါသတကြီး ရန်ထောင်လိုက်လေတော့သည်။

''ပြောစမ်းပါဦး၊ ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား ကျောင်းအုပ်ကြီးဆိုပြီး ဒီကိစ္စမှာ ဝင်စွက်တယ်ပေါ့ဟုတ်လား၊ ခင်ဗျားဟာ ကျောင်းအုပ်ကြီးပေမယ့် ပါမောက္ခဖြစ်တဲ့ ကျုပ်တပည့် ကျုပ်လက်အောက်က အလုပ်သမားကို ဆုံးမသင့်လို့ ဆုံးမတဲ့ကိစ္စမှာ ဘာမှဝင်စွက်စရာမရှိဘူး၊ ကြီးကြီးကျယ်ကျယ် မေးလားစမ်းလားဘာမှ လုပ်စရာမလိုဘူး၊ နားလည်လား''

ပါမောက္ခပီးကော့၏ ရိုင်းစိုင်းသော အပြုအမူနှင့် ပြောစကားများက ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ဒေါသများကို နှိုးဆွပေးလိုက်သည်။

သို့သော်လည်း လူလိမ္မာအမျက် အပြင်မထွက်စေနှင့်ဆိုသော ဆုံးမစကားအတိုင်း သူ့ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို ပညာသတိဖြင့် အစဉ်ချုန်းအုပ်ထားသော ဦးဖေမောင်တင်က သူ့ကိုစော်ကားမော်ကားပြုနေသော ပါမောက္ခပီးကော့အား တည်ငြိမ်ကျွန်ရွရွစွာ ပြန်လည်ပြောကြားလိုက်နိုင်လေသည်။

''ပီးကော့ မင်းတရားလွန်လွန်းနေပြီဆိုတာ သတိထားမိရဲ့လားဟင်၊ မင်းဟာ အမှားတစ်ခုကို ကျူးလွန်ခဲ့ပြီးတဲ့နောက် အမှားကို ပြန်ပြင်ဖို့ မဆင်ခြင်ဘဲ နောက်ထပ်အမှားကိုထပ်ပြီး ကျူးလွန်ဖို့သာ ကြိုးစားနေတယ်၊ ဒါ့အပြင် မင်းမှာ ရှိသေလေးစားမှုနဲ့ ယဉ်ကျေးသိမ်မွေ့မှုဆိုတာတွေလည်း ကင်းဝေးနေတယ်ဆိုတာကော မင်းသတိထားမိရဲ့လားဟင် ပြောစမ်း''

''အို ကျုပ်ဟာကျုပ် မှားမှားမှန်မှန် ခင်ဗျားအပူမဟုတ်ပါဘူး''

ပါမောက္ခပီးကော့သည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ သတိပေးချက်ကို ဆင်ခြင်ပြုပြင်ရန်ဝေး၍ ပို၍ပင် မောက်မောက်မာမာပြောဆိုလာခဲ့သေးသည်။

''ပြီးတော့ ခင်ဗျားလို ဗမာကျောင်းအုပ်ကြီးတစ်ယောက်ကို ကျုပ်လို ဗိလပ်သား မျက်နှာဖြူပါမောက္ခတစ်ယောက်က ဘာမှ ရှိသေလေးစားစရာနဲ့ ယဉ်ကျေးသိမ်မွေ့စရာလည်းမလိုပါဘူး''

''အေး ကောင်းပြီ ပီးကော့၊ မင်းက လူမိုက်ဆန်ဆန် ဘသန်းကို ထိုးကြိတ်ဆုံးမခဲ့သလိုတော့ မင်းကို ငါက မဆုံးမပါဘူး''

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပါမောက္ခပီးကော့ကို ကျွန်ရွရွပြန်ပြောလိုက်လေသည်။

''ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းလိုလူမိုက်မဆန်လို့ပဲကွ၊ အဲ ဒါပေမဲ့ ငါဟာ လူလိမ္မာပညာရှိပီပီတော့ မင်းလို မိုက်ရိုင်းရမ်းကားတဲ့ ဗိလပ်သားပါမောက္ခတစ်ယောက်ကို ထိုက်ထိုက်တန်တန်တော့ ဆုံးမပြုပြင်ပေးရဦးမှာပေါ့ကွာ ကြားလား''

အရှုံးပမာ သူတစ်ယောက်တည်း ရှူးရှူးရှားရှား ဒေါသဖြစ်နေရသော ပါမောက္ခပီးကော့သည် အချက်ကျကျ ကျွန်ရွရွပြောလိုက်သော ဦးဖေမောင်တင်၏ စကားလုံးများကို နှုတ်တုံ့မလှန်နိုင်တော့၍ ထင်သည်၊ ဘာမျှပြန်ပြောမနေတော့ဘဲ ခြေဆောင့်ကာ ကျောင်းအုပ်ကြီး ရုံးခန်းထဲမှ ထွက်ခွာသွားလေသည်။

သူ့ရုံးခန်းထဲ၌ ကျန်ခဲ့သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပါမောက္ခပီးကော့နှင့်

ပတ်သက်ဖြစ်ပျက်ခဲ့သမျှများကို ချက်ချင်းတိုင်ကြားစာကောက်ရေးလိုက်သည်။

ထို့နောက် သူတိုင်ကြားစာကို ဦးဖေမောင်တင်က တက္ကသိုလ်ကောင်စီ ဒုတိယအဓိပတိဖြစ်သော မြူနီစီပယ်မင်းကြီး ဦးဆက်မှတစ်ဆင့် ကောင်စီသို့ တင်ပို့လိုက်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး၏ တိုင်ကြားစာကို ဒုတိယအဓိပတိဦးဆက်က ထောက်ခံချက်ရေး၍ ကောင်စီသို့တစ်ဆင့်ပို့ပေးလေသည်။

တက္ကသိုလ်ကောင်စီ၏ အဓိပတိမှာ မြန်မာပြည်ဘုရင်ခံ ဆာအာချီဘောလ်ကော့ကရိန်း* ဖြစ်လေသည်။

ကောင်စီအဖွဲ့ဝင်များအနေဖြင့်မူ မြန်မာအမျိုးသားထဲမှ အမရပူရ ဦးဘသီး၊ ဦးဘဖေ၊ ဦးသိန်းမောင် အစရှိသူတို့ ပါဝင်ကြလေသည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ တိုင်ကြားစာကို တက္ကသိုလ်ကောင်စီက ဆောလျင်လေးနက်စွာ အရေးယူဆောင်ရွက်ပေးလေသည်။

ထို့နောက် တက္ကသိုလ်ကောင်စီ အဓိပတိဘုရင်ခံ ကော့ကရိန်းအမိန့်ဖြင့် ပါမောက္ခပီးကော့ အမှုကို တက္ကသိုလ်ကောင်စီက စီရင်ချက်ချမှတ်လိုက်လေသည်။

တက္ကသိုလ်ကောင်စီ၏ စီရင်ချက်ကား

**- မိမိအထက်က ကျောင်းအုပ်ကြီးအား ပမာမခန့်မရိုမသေ ရိုင်းပြစော်ကားစွာကျူးလွန်ခဲ့သော ပြစ်မှုအတွက်**

**ပါမောက္ခပီးကော့အား အလုပ်တာဝန်မှ ထုတ်ပယ်ပစ်ရန်သာရှိလေသည်၊**

**ထို့ကြောင့် ပါမောက္ခပီးကော့အား အလုပ်မှ ထုတ်ပစ်စေ၊**

ဟု ဘုရင်ခံဆာအာချီဘောလ်ကော့ကရိန်း၏ လက်မှတ်ဖြင့် မောက်မာရိုင်းစိုင်းသော ပါမောက္ခပီးကော့အား ရန်ကုန်တက္ကသိုလ်ပါမောက္ခအဖြစ်မှ ထုတ်ပစ်လိုက်လေတော့သည်။

ဓာတ်ခွဲခန်းအလုပ်သမားကလေး ဘသန်းကို ထိုးကြိတ်ခဲ့မှုမှ အစပြုကာ တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြဿနာဆက်ဖြစ်သော ပြစ်ချက်ဖြင့် နောက်ဆုံး၌ကောင်စီက အလုပ်မှ ထုတ်ပစ်ခံရသူ မျက်နှာဖြူပါမောက္ခပီးကော့အရေးသည် မျက်နှာဖြူအာဏာပိုင်များကြား၌ ဂယက်ထလှုပ်ရှားသွားလေသည်။

''လက်ဘွိုင်ကလေးတစ်ယောက်ကို ထိုးမိတာနဲ့ အခုလိုအလုပ်ကတောင် ထုတ်ပစ်တဲ့အထိ ပြင်းပြင်းထန်ထန် အရေးယူတာတော့ လွန်လွန်းတာပေါ့''

ဟု ဝေဖန်သူများကဝေဖန်ကြ၍

''မဟုတ်ဘူး၊ အခု ပီးကော့ကို အလုပ်ဖြုတ်ပစ်တာ ဘသန်းကို ထိုးလို့မဟုတ်ဘူး၊ ဘသန်းကို ထိုးမှုလောက်များတော့ ဘုရင်ခံက သူ့ခေါင်းထဲတောင် ထည့်စဉ်းစားမယ် မထင်ပါဘူး''

ဟု သူတို့အချင်းချင်းပြန်၍ ဖြေရှင်းသူများက ဖြေရှင်းပေးကြလေသည်။

''အခုဟာက သူ့အထက်က ကျောင်းအုပ်ကြီးကို မရိုမသေစော်ကားမော်ကားလုပ်တဲ့အတွက်သာ ရေတပ်မိုလ်ချုပ်ဟောင်း ဘုရင်ခံကော့ကရိန်းက ပီးကော့ကို အလုပ်က ထုတ်ပစ်လိုက်တာပါ၊ ဘုရင်ခံလက်မှတ်နဲ့ စီရင်ချက်အမိန့်စာမှာလည်း ဒီအတိုင်းရေးထားသားပဲ''

သူတို့ပြောသည်မှာ မှန်လေသည်။

ပါမောက္ခပီးကော့အလုပ်ပြုတ်ခြင်းမှာ ဓာတ်ခွဲခန်း အမှုထမ်းကလေးဘသန်းကြောင့် မဟုတ်ဘဲ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကလန်ကဆန်ပြုမှုကြောင့်သာဖြစ်လေသည်။

ဘုရင်ခံကော့ကရိန်းသည် မြန်မာအမျိုးသားကျောင်းအုပ်ကြီး ဦးဖေမောင်တင်အပေါ်၌ စေတနာထားကောင်းမှ ထားမည်ဖြစ်သော်လည်း သူတို့ချမှတ်ထားသော ဥပဒေစည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ကာ အထက်လူကြီးကို စော်ကားသည့်အချက်အား လက်သင့်မခံနိုင်ခြင်းဖြင့် သူတို့မျက်နှာဖြူချင်း ပီးကော့အပေါ်သို့ တိတိကျကျ ပြင်းပြင်းထန်ထန်အရေးယူပြလိုက်ခြင်းပင်ဖြစ်လေသည်။

ထိုကဲ့သို့ ဘုရင်ခံက မထောက်မညှာ အပြစ်ပေးလိုက်သော်လည်း ပညာရေးပိုင်းမှ မျက်နှာဖြူထိပ်သီးများ

---

* A.D.Cochrane



MKS PUBLISHING

ခမျာ သူတို့မျက်နှာဖြူချင်းဖြစ်သော မိတ်ဆွေကြီး ပါမောက္ခပီးကော့အတွက် လက်ပိုက်ကြည့်မနေနိုင်ကြချေ။

သူ့ဘဝမှာ နာမည်ပျက်အမည်းစက်ကြီးထင်ကာ အသက်တာတစ်လျှောက်လုံး အခွင့်အရေးများ ဆုံးရှုံးရတော့မည်ဖြစ်သော ပါမောက္ခပီးကော့အတွက် သူ့မျက်နှာဖြူအသိုင်းအဝိုင်းမှ မိတ်ဆွေများပျာယာခတ်မျှလှုပ်ရှားအလုပ်များသွားကြလေသည်။

မြန်မာအမျိုးသား ကျောင်းအုပ်ကြီးနှင့်ပတ်သက်၍ မျက်နှာဖြူပါမောက္ခပီးကော့ အလုပ်ပြုတ်ရခြင်းသည် သူတို့မျက်နှာဖြူအရာရှိများအတွက်လည်း သိက္ခာကျ၍ သွယ်ဝိုက်ထိခိုက်စေသည်မဟုတ်ပါလား။

သူတို့ မျက်နှာဖြူအသိုင်းအဝိုင်းပညာရေးပိုင်းမှ ထက်မြက်ပေါက်ရောက်ကြသော ပညာမင်းကြီး ဘော်လ်ဒွင်[၁] နှင့် တက္ကသိုလ်မော်ကွန်းထိန်းမှူး အေ-ကင်းဘဲလ်[၂] တို့ ဦးဆောင်၍ မျက်နှာဖြူထိပ်သီးအရာရှိကြီးတစ်စုသည် ပါမောက္ခပီးကော့အတွက် ဘုရင်ခံထံသို့ ကြိုးစားချဉ်းကပ်လိုက်ကြလေသည်။

သို့ရာတွင် ဘုရင်ခံက ထွက်ပြီးသားဆင်စွယ် ပြန်ဝင်သည်မရှိဆိုသောထုံးကို နှလုံးမူ၍ သူ့အမိန့်ကို ဆက်တည်စေလေသည်။

သူတို့သည် နည်းမျိုးစုံသုံးကာ ဆက်၍ ကြိုးစားကြည့်ကြပြန်သေးသည်။

သို့သော်လည်း ဘုရင်ခံကား မလှုပ်ချေ။

ထို့ကြောင့် နောက်ဆုံး၌ သူတို့သည် သူတို့မသုံးချင်သော နောက်ဆုံးတစ်နည်းကို မတတ်သာဘဲ အသုံးပြုရန် ဆုံးဖြတ်၍ ထပ်မံကြိုးစားလိုက်ကြရပြန်လေတော့သည်။

ထိုနောက်ဆုံးတစ်နည်းကား မျက်နှာဖြူ ပါမောက္ခပီးကော့က မြန်မာအမျိုးသားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို တောင်းပန်ဝန်ချရန်ဖြစ်လေသည်။

ထိုအခါ စကတည်းက လျှော့ပေါ့စဉ်းစား၍မရအောင် ပြစ်ချက်ကျူးလွန်မှုက ထင်ရှားမှန်ကန်လွန်းနေခဲ့သဖြင့်သာ မညှာမတာစီရင်ချက်ချထားခဲ့ရဟန်တူသော ဘုရင်ခံက သူတို့ မျက်နှာဖြူအရာရှိကြီးတစ်စု၏ ချဉ်းကပ်တောင်းဆိုလာပြန်သော နောက်ဆုံးကြိုးစားချက်ကိုကား လက်သင့်ခံလိုက်တော့သည်။

သည်အတွက် မောက်မာရိုင်းပျခဲ့သော မျက်နှာဖြူပါမောက္ခပီးကော့သည် သူ့တစ်သက် အမည်းစက် နာမည်ပျက်ကြီးကိုရွက်ကာ ဘဝမှာ အခွင့်အရေးများ မဆုံးရှုံးမနစ်နာစေရန် မာန်ကိုလျှော့၍ မြန်မာအမျိုးသားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံ ဝန်ချတောင်းပန်လိုက်ရလေတော့သည်။

ထိုအခါ ရန်သူကိုပင်လျှင် ဝန်ချတောင်းပန်လာပါက လက်ခံကျေအေးရမည်ဆိုသော စကားအတိုင်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကလည်း မလိမ္မာတစ်ခါမိုက်မှားခဲ့သူ ပါမောက္ခပီးကော့အပေါ်၌ ခွင့်လွှတ်ကျေအေးလိုက်လေတော့သည်။

သူ့ဘဝမှာ မှတ်မှတ်သားသား နောင်ကြဉ်သွားလောက်ပြီဖြစ်သော ပါမောက္ခပီးကော့အပေါ်၌ ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူလိုက်ခြင်းသည် ဦးဖေမောင်တင်အတွက် ပို၍မြတ်သည်မဟုတ်ပါလား။

ထိုကဲ့သို့ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခွင့်လွှတ်ကျေအေးလိုက်မှုကြောင့် ဘုရင်ခံကလည်း ပါမောက္ခပီးကော့အပေါ် ပြင်းပြင်းထန်ထန်ထုတ်ပြန်ထားခဲ့သော အမိန့်ကို သက်ညှာစွာဖြင့် ပြန်လည်ပြင်ဆင်ပေးလိုက်လေသည်။

တက္ကသိုလ်ကောင်စီ အဓိပတိ ဘုရင်ခံဆာအာချီဘော်လ်ကော့ကရိန်းက ပြန်လည်ပြင်ဆင်ပေးလိုက်သော အမိန့်စီရင်ချက်အသစ်ကား...

– ပါမောက္ခပီးကော့သည် ပျမ်းမျှခြင်းလစာဖြင့် အငြိမ်းစားယူပြီးနောက် မြန်မာပြည်မှ အမြန်ဆုံးထွက်ခွာသွားရမည် ဟူသတည်း။

သူတစ်ထူးကို ဆုံးမပဲ့ပြင်ပေးရာ၌ လူမိုက်ဆန်ဆန် ပြုမူခြင်းထက် ပညာရှိပီပီပညာပေးဆုံးမသွန်သင်ခြင်းက ပိုမိုထိရောက်၍ နောင်ကြဉ်စေကြောင်းကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မျက်နှာဖြူပါမောက္ခမာနခဲ ပီးကော့အား လက်တွေ့ပြသကာ သင်ခန်းစာပေးလိုက်နိုင်လေသည်။

---

၁။ A.C.J. Baldwin

၂။ A.Campbell

ထို့အပြင် သူတို့အင်္ဂလိပ်များလက်အောက်၌ ပြားပြားမှောက်လာခဲ့ရသော သူ့မြန်မာတစ်မျိုးသားလုံး အတွက်ကိုလည်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အင်္ဂလိပ်လူမျိုး ပါမောက္ခပီးကော့အား အလုပ်မှ ထွက်စေရုံမကပဲ မြန်မာပြည်ထဲမှပင် မောင်းထုတ်နှင်ပစ်လိုက်စေခြင်းဖြင့် ရာဇဝင်ကြွေးပေးဆပ်လိုက်နိုင်ပြီဖြစ် လေသည်။

# ၃၈

# ကြုံရဆုံရ သုံ့ဘဝ

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ ဂျာမနီပြည်မှ အာဏာရှင် ဟစ်တလာက ပိုလန်ပြည်ရှိ မြို့ ၇ မြို့ကို ဗုံးကြဲတိုက်ခိုက်လိုက်ကြောင်းသတင်းသည် မြန်မာပြည်သို့ ရုတ်ခြည်းရောက်လာခဲ့သည်။

ထို့ကဲ့သို့ ပိုလန်ပြည်သို့ ရန်စကျူးကျော်ခဲ့သော ဂျာမနီပြည်အား အင်္ဂလန်ပြည် နန်းရင်းဝန်ချုပ်ကြီး ချိန်ဘာလိန်[၁] က စက်တင်ဘာလ ၃၁ ရက်နေ့၌ အတိအလင်း စစ်ကြေညာလိုက်ကြောင်း သတင်းတစ်ရပ်ကလည်း ဆက်လက်ထွက်ပေါ်လာခဲ့ပြန်သည်။

အင်္ဂလန်ပြည် နန်းရင်းဝန်ချုပ် ချိန်ဘာလိန်ကိုထောက်ခံ၍ ပြင်သစ်ပြည်နန်းရင်းဝန်ကြီး ဒလားဒီးယား[၂] ကလည်း ဂျာမနီ၏ ကျူးကျော်စော်ကားချက်ကို သူတို့ပြင်သစ်ပြည်အနေဖြင့်လည်း လက်ပိုက်၍ ကြည့်မနေနိုင်ကြောင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ချေမှုန်းပစ်ရမည်ဖြစ်ကြောင်း မာမာတင်းတင်းထုတ်ဖော်ကြေညာခြင်း ပြုလိုက်ပြန်တော့သည်။

ဤကဲ့သို့ ဟစ်တလာ၏ ရန်စကျူးကျော်ချက်နှင့် ချိန်ဘာလိန်နှင့် ဒလားဒီးယားတို့၏ ကြေညာချက်များသည်ကား တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချားသွားအောင် ဆော်ဩလိုက်သော ကမ္ဘာ့စစ်ပွဲဖိတ်ခေါ်သံကြီးများပင်ဖြစ်ကြလေသည်။

ထိုအခါ မြန်မာပြည်သူပြည်သားများသည် ကမ္ဘာ့အရှေ့ခြမ်း အာရှတိုက်မှ ၁၉၃၇ ခုနှစ်ကတည်းက ထပ်မံဖြစ်ပွားနေခဲ့ပြန်သော အိမ်နီးချင်းနိုင်ငံ တရုတ်–ဂျပန်စစ်ပွဲထက် ကမ္ဘာ့အနောက်ခြမ်း ဥရောပတိုက်မှ အင်္ဂလိပ်–ဂျာမနီစစ်ပွဲကို ပို၍ သတိထားစိတ်ဝင်စားသွားမိကြလေသည်။

သူတို့အဖို့ စိတ်မဝင်စား၍ မဖြစ်အောင်လည်း အနောက်ဥရောပတိုက်မှ အင်္ဂလိပ်၊ ပြင်သစ်နှင့် ပိုလန်တို့ သုံးဦးက အချင်းချင်း မဟာမိတ်ပြုကာ ဂျာမနီနှင့် အီတလီတို့ကို တိုက်ခိုက်လိုက်သောစစ်ပွဲသည် အရှေ့အာရှတိုက်မှ တရုတ်–ဂျပန်စစ်ပွဲထက် အားကောင်း၍ အရှိန်ပိုပြင်းသည် မဟုတ်ပါလား။

---

၁။ Nerville Chamberlain

၂။ Daladier

ထို့အပြင် အနီဥရောပတိုက်မှ အရှိန်ပြင်းစွာအားပြိုင်လိုက်သော စစ်ပွဲကြီးသည် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနိုင်ငံအဖြစ်၌ရှိသော မြန်မာပြည်ကလေးသို့လည်း ဂယက်ရိုက်ကူးစက်လာနိုင်သေးသည် မဟုတ်ပါလား။

မြန်မာပြည်သူပြည်သား အများစုသည် သူတို့ထံကူးစက်လာမည့် စစ်မက်အရေးကို စိတ်မအေးစွာ တွေးမူ နေမိကြသော်လည်း မျိုးချစ်သခင်ခေါင်းဆောင်များအတွက်မူ အကွက်ဝင်သွားခဲ့လေသည်။

သူတို့သည်

''အင်္ဂလိပ်အခက် ဗမာ့အချက်''

ဟူသော ဆောင်ပုဒ်ကို ကြွေးကြော်လိုက်ကြသည်။

ပြီးလျှင် သူတို့သည် နိုင်ငံရေးအသင်းအပင်း ခေါင်းဆောင်ချင်း ပေါင်းစည်းစုရုံးကာ မြန်မာပြည်လွတ် လပ်ရေးအတွက် ''ဗမာ့ထွက်ရပ်ဂိုဏ်း''* တစ်ခုကို ဖွဲ့စည်းလိုက်ကြောင်း သတင်းအား ဦးဖေမောင်တင် ကြား လိုက်မိလေသည်။

အဆိုပါသတင်းကို အင်္ဂလိပ် အာဏာပိုင်များလည်း ကြားသိဟန်တူသည်။

''စစ်နိုင်ရေးအတွက် ကူညီကြပါ၊ စစ်ပြီးလျှင် လက်အောက်ခံနိုင်ငံများအရေးကို စဉ်းစားပါမည်''

ဆိုသောသူတို့၏ ကြေညာတောင်းဆိုချက်အား လက်မခံ၊ မကူညီသည့်အပြင် ဆန့်ကျင်တိုက်ခိုက်ကြသော မျိုးချစ်သခင်ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးနှိပ်ကွပ်ခြင်း၊ ရုံးတင်တရား စွဲကာ ထောင်ချခြင်းများ ပြုလုပ်လိုက်လေသည်။

အင်္ဂလိပ်အစိုးရက ထောင်ချပစ်သော နိုင်ငံရေးသခင်ခေါင်းဆောင်များနှင့်အတူ နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော်သည်လည်း ပါဝင်လေသည်။

သခင်အောင်ဆန်းမှာမူ အရှောင်အတိမ်း ကောင်းနေသောကြောင့် ဖမ်းဝရမ်းကိုသာထုတ်ထားနိုင်ကြောင်း ကြားသိကြရလေသည်။

ထိုကဲ့သို့ အပြင်ဘက်နိုင်ငံရေးလောက၌ အင်္ဂလိပ်အာဏာပိုင်များနှင့် မျိုးချစ်သခင်ခေါင်းဆောင်များ ခြေရှုပ် ကာ ပြဿနာများနေကြစဉ် အတော်အတန်ငြိမ်သက်သွားခဲ့သော တက္ကသိုလ်နယ်မြေကလည်း ရုတ်တရက် လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာခဲ့လေသည်။

ကျောင်းသားခေါင်းဆောင်များသည် ကျောင်းသားလွှတ်တော်ခေါ်ရေးအတွက် လှုပ်လှုပ်ရှားရှား အလုပ်များ နေကြလေသည်။

ကျောင်းသားခေါင်းဆောင်များ ယခုကဲ့သို့ ကျောင်းသားလွှတ်တော်ခေါ်ရခြင်းကား တစ်ပြည်လုံး ကျောင်း ပေါင်းစုံသပိတ်များ ပြန်လှန်ခဲ့ခြင်းကို ကျောင်းသားအချို့က လက်မခံဘဲ ခွဲထွက်ကာ သပိတ်ဆက်မှောက်နေကြ ဆဲရှိသောကြောင့် ဖြစ်လေသည်။

တစ်ချိန်လုံး လက်တွဲပေါင်းစည်းလာခဲ့သော ကျောင်းသားများသည် သပိတ်ပြန်လှန် လိုက်ချိန်ကျခါမှ စိတ်ဓာတ်ပြင်းထန်လွန်းသော ကျောင်းသားခေါင်းဆောင်အနည်းငယ်နှင့် နောက်လိုက်ကျောင်းသားအချို့တို့ ကြောင့် နှစ်ခြမ်းကွဲသံများ ထွက်လာခဲ့လေသည်။

ယခု ထိုကဲ့သို့ နှစ်ခြမ်းကွဲရန် အက်သံထွက်လာခြင်းသည် မြန်မာပြည်လွတ်လပ်ရေး အတွက် အဓိကကျသော အခန်းကဏ္ဍမှ စည်းလုံးကြီးမားလှသော ကျောင်းသားထု၏ အင်အားကို ထိပါးပျက်ပြားသွားစေနိုင်လေသည်။

သည်အရေးကို ဝင်ထိန်းပေးရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက ကျောင်းသား လွှတ်တော်ကို ခေါ်ယူလိုက်ခြင်းပင် ဖြစ်ဟန်တူလေသည်။

ကျောင်းသားများသည် မြို့ထဲ၌ ကျောင်းသားလွှတ်တော်ကို စီစီညံညံကျင်းပနေကြသကဲ့သို့ ရန်ကုန် တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်သမဂ္ဂအသင်းတိုက်ရှေ့၌ ကျောင်းသားအာဇာနည် ဗိုလ်အောင်ကျော်ကြေးရုပ် ဖွင့်ပွဲကို စည်စည်ကားကားကျင်းပနိုင်ရန်လည်း လှုပ်လှုပ်ရှားရှားကြိုးစားလုံးပန်းလျက်ရှိကြလေသည်။

ထိုကဲ့သို့ လှုပ်ရှားကြိုးပမ်းနေကြသော ကျောင်းသားအပေါင်းသည် စာမေးပွဲဆိုသည်ကို မေ့ထားကြပုံရှိလေ သည်။

---

* Freedom Bloc

မှတ်ချက် ။ ။ ၁၈၉၄-၉၅ ခုနှစ်များ၌ ဂျပန်နှင့် တရုတ်တို့ စစ်ဖြစ်ခဲ့ကြသေးသည်။

သူတို့မေ့ထားနိုင်အောင်လည်း ကျောင်းသားလောက၌ နိုင်ငံရေးလှုပ်ရှားပြောင်းလဲချက်များအပေါ် အကွက်မျှော်စောင့်စားကာ စာမေးပွဲများပင် ကျင်းပပေးနိုင်လိမ့်မည်မဟုတ်ဟူသော ကောလာဟလသတင်းတစ်ခုကပျံ့သင်းထွက်ပေါ်လျက်ရှိလေသည်။

ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည်ကား ဖြစ်ပျက်ပြောင်းလဲနေသောကမ္ဘာ့အရေးနှင့် မြန်မာ့အရေးတို့ကို မျှော်တွေးလေ့လာရင်းက သူ့တာဝန်မပျက် စာသင်ခြင်း၊ စာမေးပွဲများအတွက်ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိလေသည်။

ထို့အပြင် သူက သူ့မြန်မာစာပေဌာနကြီးအနေဖြင့် အစဉ်လှုပ်ရှားတက်ကြွစေရေးအတွက် တက္ကသိုလ်မြန်မာစာပေ အသင်းကြီးမှ ဟောပြောပွဲ၊ စာပေပြိုင်ပွဲများကိုလည်း ဝတ်မပျက်တမ်း ပြုလုပ်ပေးလေသည်။

သည်လိုနှင့် ၁၉၄၀ ပြည့်နှစ်သို့ ကူးသွားခဲ့သည်။

၁၉၄၀ ခုနှစ်အတွက် စာပေဆောင်းပါးပြိုင်ပွဲဆုရသူများကို ဖေဖော်ဝါရီ ၂ ရက်နေ့တွင် တက္ကသိုလ်မြန်မာစာပေဌာနက ကြီးမှူး၍ ဆုပေးပွဲကျင်းပလိုက်သည်။

ဆုပေးပွဲ၌ သဘာပတိ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မြန်မာစာပေတိုးတက်မှုအကြောင်းဟောပြောကာ ဆုများကို ချီးမြှင့်လိုက်လေသည်။

ထို့နောက် **ခရစ်ယာန်ဘာသာစာပေအသင်း**[၁] ကလည်း ဦးဖေမောင်တင်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်လာခဲ့ပြန်သည်။

သည်အခါ ဦးဖေမောင်တင်သည် ခရစ်ယာန်စာပေအသင်းမှ မြန်မာစာအုပ်များထွက်ပေါ်လာရေးနှင့် မြန်မာစာပေတိုးတက်မြင့်မားရေးအတွက် ဟောပြောဆွေးနွေးပွဲများကိုလည်း အချိန်ပေးနိုင်သမျှပေးကာ တာဝန်ယူဆောင်ရွက်လိုက်ရပြန်လေသည်။

''ကမ္ဘာ့စာပေကို ဗမာ့စာပေဖြစ်အောင် လုပ်ပေးနိုင်ဖို့ အရေးကြီးတယ်၊ အဲဒီလိုလုပ်ပေးတဲ့အခါ ရေးသားတဲ့ဗမာစာဟာ ပူးလ်ပစ်ဘားမီးစ်[၂] မဖြစ်အောင်တော့ အထူးသတိထားရှောင်ရှားကြရလိမ့်မယ်ဗျ''

အသင်းဥက္ကဋ္ဌ ဦးဖေမောင်တင်က အသင်းအတွင်းရေးမှူး ဒေါ်ကက်သရင်းခင်ခင်[၃]နှင့် အသင်းကိုစ္စများဆွေးနွေးတိုင်း မြန်မာစာပေနှင့်ပတ်သက်သော သူ့ခံယူချက်ကို ထုတ်ဖော်ပြောပြတတ်လေ့ရှိသည်။

အမေရိကန် ခရစ်ယာန်သာသနာပြုဆရာများ၏ အသုံးအနှုန်း မမှန်ကန်သော ဘာသာပြန် မြန်မာစာပေများကို ''မစ်ရှင်နရီဘားမီးစ်'' သာသနာပြုမြန်မာစာအသုံးအနှုန်းအရေးအသားမျိုးဟု သုတေသနအသင်းဂျာနယ်ထဲ၌ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးရေးကာ ဝေဖန်ခဲ့သော ဦးဖေမောင်တင်က ခရစ်ယာန် ဘုရားရှိခိုးကျောင်းများအတွင်း အမေရိကန်သာသနာပြုဆရာများ၏ အသုံးအနှုန်းအရေးအသားအငွေ့အသက်များလွှမ်းမိုးနေသော တရားဟောစင်မြင့်ပေါ်မှ ပို့ချချက် (မြန်မာစကား၊ မြန်မာစာများ) မျိုးကိုလည်း အလျဉ်းသင့်တိုင်းထည့်သွင်းဝေဖန်နေခြင်းဖြစ်သည်။

ခရစ်ယာန်စာပေအသင်းမှ မြန်မာစာအရေးအသားပီသသော မြန်မာဘာသာပြန်စာအုပ်များ ထွက်ပေါ်စေရန်လည်း ဦးဖေမောင်တင်က စိစစ်တည်းဖြတ်ပေးလေသည်။

ထို့ကြောင့် ခရစ်ယာန်စာပေအသင်းမှ မြန်မာဘာသာပြန်စာအုပ်ကောင်းကလေးများ တစ်အုပ်ပြီး နောက်တစ်အုပ် တန်းစီထွက်လာနိုင်ခဲ့လေသည်။

ထိုကဲ့သို့ သူ့မြန်မာစာပေအကျိုးကို အကွက်စေ့ ထောင့်စေ့အောင် သည်ပိုးရွက်ဆောင်ကာ သူ့စာပေလုပ်ငန်းများထဲ၌သာ နှစ်မြုပ်ပျော်မွေ့ခြင်းဖြင့် ငြိမ်သက်အေးချမ်းနေသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ဘဝတစ်သက်တာသည် မထင်မှတ် တက်လာခဲ့သော ပြဿနာတစ်ရပ်နှင့်ပတ်သက်၍ ရုတ်တရက်ဂယက်ထ လှုပ်ရှားသွားရလေသည်။

---

၁။ C.L.S. (Christian Literature Society)

၂။ Pulpit-Burmese

၃။ အငြိမ်းစား ကျောင်းအုပ်ဟောင်း (ယခင် St.Mary's Diocesan Girl's High School) ယခုပန်းဘဲတန်း အ-ထ-က ၁။ Y.W.C.A.အသင်း အကျိုးတော်ဆောင် အတွင်းရေးမှူး။ ကလောင်အမည် 'မယ်ခရွေး' ဖြစ်သည်။

ပုံစံပြုရမည်ဆိုလျှင်ကား ဂျာမနီဟစ်တလာက အလစ်ချောင်းကာ ပိုလန်ပြည်ကို ဖုံးကြဲတိုက်ခိုက်လိုက်သည့် အလားတူလေသည်။

အမှန်တကယ်လည်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ခမျာ အလစ်ချောင်းကာ တိုက်ခိုက်ခံလိုက်ရခြင်းပင်ဖြစ်လေသည်။

သူ့ဘဝမှာ ထိုကဲ့သို့ ကြုံဆုံဖြစ်ပေါ်လာရလိမ့်မည်ဟု လုံးဝမျှော်လင့်ထင်မှတ်ထားခဲ့ခြင်းမရှိသော ဦးဖေမောင်တင်က အစပထမ၌ အံ့အားသင့်သွားမိသည်။

ထို့နောက် သူ့ကို တိုက်ခိုက်လာသူများ၏ သဘောထားကို ရုတ်တရက် နားမလည်နိုင်အောင် ဦးဖေမောင်တင် ထူးဆန်းအံ့သြမိလေသည်။

သို့ရာတွင် သူ့စာပေပညာလုပ်ငန်း တာဝန်များမှလွဲ၍ တခြားဘာကိုမျှ သတိမထားမိအောင်ရှိနေခဲ့သော ဦးဖေမောင်တင်အဖို့ လူတို့သဘောကို စောကြောလေ့လာလိုက်မိသောအခါ၌ကား သူ့အဖြစ်သည် သိပ်ပြီး မဆန်းလှကြောင်း တွေ့ရှိလိုက်ရလေသည်။

''မင်းနဲ့ပတ်သက်ပြီး တိုင်စာတစ်စောင်ရောက်လာတယ်၊ အဲဒီတိုင်စာအတွက် မင်းအပေါ်မှာ စုံစမ်းရေးလုပ်ရလိမ့်မယ်''

တစ်ရက်တွင် ပညာမင်းကြီး ကင်းဘဲလ်က တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကိုခေါ်တွေ့၍ ပြောလေသည်။

''စုံစမ်းလို့အမှုမှန်ရင်တော့ မင်းကို အရေးယူရမှာပဲပေါ့''

''အရေးမကလို့ ဘာကြီးပဲယူယူ ကျုပ်မပူပါဘူး၊ ဒါပေမဲ့ ဘာအတွက် စုံစမ်းရေးလုပ်မယ်ဆိုတာတော့ ကျုပ်သိချင်တယ်''

သူ့တစ်သက်မှာ မဟုတ်မတရားအမှုမျိုး ဘာတစ်ခုမျှ မပြုခဲ့ဖူးသော ဦးဖေမောင်တင်က ကြောက်လန့်စိုးရိမ်ခြင်းကင်းကင်းဖြင့် ဖြစ်ပေါ်လာသော ပြဿနာကိုသာ သိလိုစွာပြန်မေးလိုက်သည်။

သူ့အမေးကို ပညာမင်းကြီးက အဖြေပေးလေသည်။

''ဘာအတွက်ရမလဲ။ မင်းရဲ့ မြန်မာစာပေသမိုင်းစာအုပ်ကြီးနဲ့ ပတ်သက်လို့ပေါ့''

''ကျုပ်ရဲ့ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်လို့ဟုတ်လား''

''ဟုတ်တယ်လေ''

ရုတ်တရက် နားမလည်ဖြစ်ကာ သေချာအောင် ထပ်မေးလိုက်သော ဦးဖေမောင်တင်ကို ပညာမင်းကြီး ကင်းဘဲလ်က အသေအချာအဖြေပြန်ပေးလိုက်သည်။

ပြီးမှ ပညာမင်းကြီးက ဆက်ပြောလေသည်။

''မင်းဟာ မြန်မာစာပေသမိုင်း စာအုပ်ကို မင်းကိုယ်တိုင်ရေးတာမဟုတ်ဘဲ၊ တပည့်တွေကို ရေးခိုင်းပြီး မင်းက အမြတ်ထုတ်၊ နာမည်ခံပြီး ရောင်းစားပါတယ်ဆိုတဲ့ တိုင်စာအရ၊ အခု မင်းအပေါ်မှာ စုံစမ်းရေးဖွဲ့ရမှာပဲ၊ ရှင်းပြီလား''

''သြ … ဒီလိုလား''

ဦးဖေမောင်တင်က ယခုမှ နားလည်သဘောပေါက်ကာ ရေရွတ်လိုက်မိလေသည်။

ပညာမင်းကြီး ကင်းဘဲလ်က ဦးဖေမောင်တင်ကိုကြည့်ကာ ပြုံးလိုက်လေသည်။

ပညာမင်းကြီး၏အပြုံးကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ကောင်းကောင်းနားလည်လိုက်လေသည်။

လွန်ခဲ့သောနှစ်ထဲ၌ မြန်မာလူမျိုးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တက်က မျက်နှာဖြူပါမောက္ခ ပီးကော့ကို ပညာစွမ်းပြနိုင်ခဲ့သည်မဟုတ်ပါလား။

ပီးကော့ကို ကယ်တင်ရေးအတွက် ဘုရင်ခံထံ ချဉ်းကပ်ကြသော မျက်နှာဖြူအုပ်စုထဲ၌ ယခုပညာမင်းကြီး ကင်းဘဲလ်သည်လည်း တက္ကသိုလ်မော်ကွန်းထိန်းတာဝန်ဖြင့် အားကြိုးမာန်တက်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

သူတို့အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့သော်လည်း ပီးကော့ခမျာ မြန်မာပြည်မှ ထွက်ခွာသွားရသောကြောင့်

အဆိုပါမျက်နှာဖြူအုပ်စုသည် မြန်မာလူမျိုးတက္ကသိုလ်ကျောင်းအုပ်ကြီးအပေါ် အတော်ပင်မကျေမနပ် စိတ်ခုခဲ့ကြလေသည်။

သည့်အတွက် မျက်နှာဖြူအုပ်စုက မြန်မာလူမျိုးတက္ကသိုလ်ကျောင်းအုပ်ကြီးအပေါ်၌ မျက်မုန်းကျိုးကာ အငြိုးနှင့် တေးထားနေခဲ့ကြမည်မှာ သေချာလေသည်။

ပညာမင်းကြီး ကင်းဘဲလ်သည် ဦးဖေမောင်တင်ကိုကြည့်ကာ ပြုံးရင်းမှ အောင်နိုင်သူ၏ အထက်စီးလေသံဖြင့်လည်း ပြောလိုက်ပြန်သေးသည်။

''အဲဒီလိုမင်းကို စွပ်စွဲပြီးတိုင်စာပို့တဲ့သူက သူ့ကိုမင်းက စာကလေးရေးပြီးခိုင်းထားတဲ့ မင်းလက်ရေးနဲ့ လက်မှတ်ကို ဓာတ်ပုံရိုက်မိတ္တူကူးပြီး သက်သေခံပူးတွဲတင်ပြထားသေးတယ်''

ပညာမင်းကြီးက သူ့မှာ အထောက်အထားအခိုင်အမာရှိနေကြောင်း ထုတ်ဖော်ပြောလိုက်ခြင်းလည်းဖြစ်လေသည်။

''ဟုတ်လား''

ပညာမင်းကြီး၏အပြောကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တုံ့ပြန်လိုက်သည်။

ထို့နောက် သူ့၌အပြစ်ကင်းသော ဦးဖေမောင်တင်က ပညာမင်းကြီးကို ရဲရဲတင်းတင်းကြည့်ကာ ပွင့်ပွင့်လင်းလင်းပြုံးပြလိုက်သည်။

ပြီးမှ သူက ခပ်အေးအေး ဆက်ပြောလိုက်လေသည်။

''မူရင်း လက်မှတ်ကိုတင်ပြရင် ကျုပ်ကလိုက်ပြီး ဖျောက်ဖျက်ပစ်လိုက်မှာစိုးလို့ထင်ပါရဲ့ဗျာ''

ဦးဖေမောင်တင်၏ အပြောကို ပညာမင်းကြီးက မပွင့်တပွင့်ပြုံး၍ ဝန်ခံလိုက်သည်။

ထိုကဲ့သို့ မပွင့်တပွင့်ပြုံး၍ ဝန်ခံလိုက်သော ပညာမင်းကြီး ကင်းဘဲလ်ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပွင့်လင်းရဲဝံ့စွာ စိန်ခေါ်လိုက်လေသည်။

''ကဲ... စုံစမ်းလိုက်စမ်းဗျာ၊ ခင်ဗျားတို့စုံစမ်းလို့ ကျုပ်မဟုတ်မတရားလုပ်တယ်ဆိုတာ သက်သေအခိုင်အလုံနဲ့ ထောက်ပြနိုင်ရင် ကျုပ်ကို ခင်ဗျားတို့ ကြိုက်သလို အရေးယူနိုင်တဲ့အပြင် ကျုပ်က ဇက်အဖြတ်ခံလိုက်ဦးမယ်... ဘယ့်နှယ်လဲ''

သူ့အပြောအတွက် ရုတ်တရက် အံ့ဩသွားပုံရှိသော ပညာမင်းကြီး ကင်းဘဲလ်ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခပ်တည်တည်ပြန်မေးလိုက်လေသည်။

''တကယ်လို့ ကျုပ်အပေါ်မှာ ဘာအပြစ်မှမရှိဘဲ မှားယွင်းစွပ်စွဲတာပါဆိုရင်ကော မှားယွင်းစုံစမ်းတဲ့အဖွဲ့က မှားယွင်းမှုအတွက် ဇက်ဖြတ်ခံဝံ့တဲ့သူ ရှိပါ့မလား''

''ဟာ...ဒီလိုပြောလို့တော့ ဘယ်ဖြစ်ပါ့မလဲ''

ဦးဖေမောင်တင်၏ စိန်ခေါ်ချက်အတွက် ရုတ်တရက် လန့်ဖျပ်သွားဟန်ရှိသော ပညာမင်းကြီး ကင်းဘဲလ်က ခပ်လောလော ပြန်ပြောလေသည်။

''တကယ်တော့ ကျုပ်တို့ကလည်း တိုင်စာအရ ဥပဒေစည်းကမ်းအတိုင်း စုံစမ်းရေးဖွဲ့ရတာမဟုတ်လား၊ မင်း ကို ကျုပ်တို့က အညိုးနဲ့ထားပြီး ဖန်တီးလုပ်ကြံလာကြတာမှ မဟုတ်ဘဲဟာ၊ အမှန်အတိုင်းသာဖြစ်လာရမှာပေါ့ မပူပါနဲ့''

''အိုး... ကျုပ်က မပူသေးဘူးဗျာ၊ ဟား ဟား''

ပညာမင်းကြီး ကင်းဘဲလ်၏ လေသံပြောင်းကာ လျှောချလာသောစကားများကို ဦးဖေမောင်တင်က သဘောကျစွာ ရယ်မောလိုက်မိသည်။

ထို့နောက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပညာမင်းကြီးကင်းဘဲလ်ကို နှုတ်ဆက်ကာ အေးအေးဆေးဆေးပင်ပြန်လာခဲ့လေသည်။

ဦးဖေမောင်တင်သည် ပညာမင်းကြီးကို ပြောခဲ့သည့်အတိုင်း သူ့မြန်မာစာပေသမိုင်း ပြဿနာနှင့်ပတ်သက်၍ အနည်းငယ်မျှ စိတ်မပူမိချေ။

သို့သော်လည်း စိတ်မကောင်းခြင်းအဖြစ်ကိုမူ ဦးဖေမောင်တင် ခံစားမိလေသည်။

ကိုယ့်ထက်သာ မနာလိုဆိုသော စကားကို ကြားရုံကြားဖူးခဲ့သူ ဦးဖေမောင်တင်သည် ယခုသူ့ဘဝမှာ လက်တွေ့သိရှိခံစားလိုက်ရလေတော့သည်။

ဦးဖေမောင်တင်သည် ပညာရေးရာနှင့်ပတ်သက်လျှင် သူက သူတစ်ပါးထက် ထူးချွန်သာလွန်ရအောင် ကြိုးစားအားထုတ်လေ့ရှိခဲ့သည်။

ထိုကဲ့သို့ ကြိုးစားအားထုတ်ခဲ့ရာ၌ ဦးဖေမောင်တင်က ပြိုင်ဘက်များကို တွန်းထိုးတိုက်ခိုက်မှုများ အလျှင်းမပြုခဲ့ချေ။

သူတစ်ပါးထိခိုက်နစ်နာစေသော အမှုမျိုးကိုပြုရန် ဦးဖေမောင်တင်က စိတ်ကူးထဲ၌ပင် သတိမရမိချေ။

ယခုကဲ့သို့ မြန်မာလူမျိုးများထဲမှ ဦးဦးဖျားဖျား ထူးထူးခြားခြားအဖြစ် အထွတ်အထိပ် တက္ကသိုလ်ကျောင်းအုပ်ကြီးနေရာကို ပိုင်ဆိုင်ဝင်ထိုင်နိုင်ခဲ့ခြင်း၌ပင် ဦးဖေမောင်တင်သည် ဘယ်သူ့အားမျှ တိုက်ခိုက်ချေဖျက်ကာ နင်းတက်လာခဲ့ခြင်းမဟုတ်။

တက္ကသိုလ်ကျောင်းအုပ်ကြီး နေရာအတွက် ထိုက်တန်သော အရည်အချင်းနှင့် အစွမ်းသတ္တိများအရသာ သူ့ကို ရွေးချယ်ပေးအပ်လာခဲ့ခြင်းဖြစ်ကြောင်းကို ဦးဖေမောင်တင် အသိ၊ တခြားသူများလည်း အသိဖြစ်သည်။

သည်အတွက်ပင် သူ့ထက်သာ မနာလိုဆိုသောစကားက ဦးဖေမောင်တင်ကို ပတ်သက်ထိတွေ့လာခဲ့ခြင်းဖြစ်လေသည်။

သူ့ကို ယခုတက္ကသိုလ်ကျောင်းအုပ်ကြီးနေရာတွင် မမြင်လိုသော မျက်နှာဖြူကျောင်းအုပ်ဟောင်း မစ္စတာစလော့စ်၏ တိုက်ခိုက်ဖယ်ရှားမှုကို ဦးဖေမောင်တင် ဖွေဆော်ဦး ထိတွေ့ခံယူခဲ့ရသည် မဟုတ်ပါလား။

မြန်မာလူမျိုးများကို ဖိနှိပ်ချိုးနှိမ်ဖို့သာ ကြိုးစားအားထုတ်နေသော လူမျိုးခြားမျက်နှာဖြူတစ်ယောက်က သူ့အပေါ် မနာလို မရှုစိမ့်နိုင်စွာ တိုက်ခိုက်ဖျက်ဆီးရန် ကြံစည်ပြုမူခဲ့ခြင်းသည် ဦးဖေမောင်တင်အတွက် မဆန်းချေ။

သို့ရာတွင် ယခုကဲ့သို့ ကိုယ့်လူမျိုးအချင်းချင်း ရက်ရက်စက်စက်ပြုမူလာခြင်းကိုမူ ဦးဖေမောင်တင် ဝမ်းနည်းမိလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင် ဝမ်းနည်းမိခြင်းမှာ ယခုသူ့အပေါ်၌ ရက်ရက်စက်စက် ကြံစည်ဖန်တီးလာခဲ့သူများအပေါ်သို့ သူ့အနေဖြင့် တစ်ခါမျှ မနာလိုမဖြစ်မိခဲ့ဖူးသလို သူ့အပေါ်၌လည်း မရှုစိမ့်ဖြစ်လိမ့်မည်ဟု လုံးဝသံသယမရှိ မဥပါဒ်မိခဲ့သောကြောင့် ဖြစ်လေသည်။

ယခုမူ သူလုံးဝသံသယမထား၊ မဥပါဒ်မိခဲ့သောသူများက ဦးဖေမောင်တင်ကို အကွက်ချောင်းကာ အလစ်မှာ တိုက်စစ်ဆင်လိုက်ကြလေပြီ။

တစ်ချိန်လုံး အကွက်ချောင်းနေခဲ့ဟန်တူသော သူတို့သည် ဦးဖေမောင်တင်၏ အောင်မြင်စွာ ထွက်ပေါ်သွားခဲ့သော 'မြန်မာစာပေသမိုင်း' စာအုပ်ကြီးနှင့် ပတ်သက်လာတော့မှ အချက်တွေ့သွားခဲ့ကြပုံရှိလေသည်။

ထိုကြောင့် သူတို့က 'မြန်မာစာပေသမိုင်း' ကို ချက်ပိုင်အောင်ကိုင်ကာ ဦးဖေမောင်တင်အား တစ်သက်နာလန်မထူနိုင်တော့မည့် စွပ်စွဲအရှက်ခွဲနည်းမျိုးဖြင့် တက္ကသိုလ်ကျောင်းအုပ်ကြီးကုလားထိုင်မှ တွန်းချပစ်ရန် ကြိုးစားအားထုတ်လိုက်ကြခြင်းပင်ဖြစ်လေသည်။

ဦးဖေမောင်တင်အပေါ်၌ အကွက်ချောင်းနေသော သူတို့အတွက် အချက်ပေါ်သွားစေနိုင်ခဲ့သော အကြောင်းရင်းသည်ကား အလုပ်တာဝန်များ ပတ်လည်ဝိုင်းကာ တန်းစီထားနေသလောက် လူတစ်ကိုယ်ဦးခေါင်းတစ်လုံးနှင့် လက်နှစ်ဖက်တည်းသာရှိသော ဦးဖေမောင်တင်သည် မြန်မာစာပေအတွက် ထွက်ပေါ်ရန် အရေးတကြီးလိုအပ်လာပြီဖြစ်သော သူ့မြန်မာစာပေသမိုင်းစာအုပ်ကြီးအတွက်

- ဘယ်စာအုပ်ထဲက ဘယ်အချက်ရှာပေးစမ်း
- ဘယ်ပေမူထဲက ဘယ်အပိုဒ်ကူးပေးစမ်း
- ဟောဒီ ကဗျာတွေထဲက မင်းစိတ်မှာ အကောင်းဆုံးထင်တာတွေ ရွေးထုတ်ပေးစမ်း...

စသည်ဖြင့် လက်လှမ်းမီသလို ပတ်သက်ရာပတ်သက်ကြောင်း အပေါင်းအသင်းတပည့်လက်သားများထံ အကူအညီတောင်းခံခဲ့ဖူးလေသည်။

ထိုကဲ့သို့ ဝိုင်းဝန်းကူညီရှာဖွေကူးရေး ရွေးချယ်ပေးပို့လာကြသည့်အထဲမှ ဦးဖေမောင်တင်က သူ့အကြိုက်ဆုံးများကို ထုတ်နုတ်ကာ သူ့မြန်မာစာပေသမိုင်းအတွက် ဖြည့်စွက်ရေးသားခဲ့လေသည်။


MKS PUBLISHING

သူ့မြန်မာစာပေသမိုင်းကြီးအတွက် အချက်အလက်များကို ဦးဖေမောင်တင်စုဆောင်းသိမ်းထားမိချိန်တွင် သူ့တပည့် မောင်ချမ်းမြ*က မဟာဝိဇ္ဇာတန်းအတွက် စာတမ်းရေးတင်ရန် ကြုံကြိုက်လာသည်။

ထိုအခါ ဦးဖေမောင်တင်က သူစုဆောင်းထားသော မှတ်ချက်မှတ်တမ်းများကို သူ့တပည့်အတွက် ရက်ရက်ရောရော ထုတ်ပေးခဲ့သည်။

''ရော့ဟေ့ ချမ်းမြ... မင်း သီးစစ်*ရေးဖို့အတွက် သုံးချင်ယူသုံးစမ်း၊ ငါ စာအုပ်ထုတ်ဖို့ စုထားတဲ့ မှတ်စုတွေပဲ''

ဦးဖေမောင်တင်ပေးသော မှတ်စုများကိုယူသုံးကာ မောင်ချမ်းမြက စာတမ်းရေးတင်ခဲ့လေသည်။

သည်အတွက် ဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း' ကြီးသည် အခြားသော ပတ်သက်ရာပတ်သက်ကြောင်း အပေါင်းအသင်း တပည့်လက်သားများထက် မောင်ချမ်းမြနှင့် ပို၍ထိတွေ့ကျွမ်းဝင်မှုရှိခဲ့လေသည်။

ဦးဖေမောင်တင်ကလည်း အခြားသူများထက် လက်လှမ်းမီ၍ အနေနီးသော မောင်ချမ်းမြကို ပို၍တာဝန်ပေးကာ ဝိုင်းကူရှာဖွေရေးမှတ်ခိုင်းခဲ့လေသည်။

ယခုဆိုပါက 'မြန်မာစာပေသမိုင်း' စာအုပ်ကြီး ထွက်ပြီးသွားခဲ့သည်ပင် သုံးနှစ်သုံးမိုးကျော်လေပြီ။

သည်အချိန်တွင်မှ ဦးဖေမောင်တင်အပေါ် အကွက်ချောင်းနေခဲ့သူ တစ်စုသည် အိပ်မက်ရကာ အချက်ပေါ်သွားခဲ့ကြဟန်တူသည်။

တစ်ဖက်သားအပေါ် အထင်တော်လွဲမှားကာ လက်စားချေ၍ အစွယ်ကိုဖြုတ်ယူလိုသော မိဖုရားနှင့် မင်းလိုလိုက် မင်းကြိုက်ဆောင်ခြင်းဖြင့် အခွင့်အရေးမျှော်တွေးသောမှုဆိုးတို့ ပေါင်းမိကြသကဲ့သို့

ဦးဖေမောင်တင်၏အပေါ်၌ အထင်မှားကာ အညိုးပွားခဲ့သူများနှင့် ဦးဖေမောင်တင်၏ ကျောင်းအုပ်ကြီးကုလားထိုင်ကို အပြိုင်ဝင်လုချင်သူတို့ အကြောင်းဆက် ပေါင်းဖက်မိကြသောအခါ၌ကား

မောင်...

**ဆရာ့ကို စာအုပ်ထဲက အချက်ကလေးတစ်ချက် ရှာကူးပေးစမ်းပါ။**

ဖေမောင်တင်

ဟု ဦးဖေမောင်တင် လက်မှတ်ထိုး၍ စေခိုင်းခဲ့ဖူးသော စာရွက်ကလေးကို ဓာတ်ပုံ ရိုက်သက်သေတင်လျက် ''မြန်မာစာပေသမိုင်း'' စာအုပ်ကြီးအား စွဲချက်တင်ကာ မျက်နှာဖြူပညာမင်းကြီးထံသို့ တိုင်စာပို့လိုက်ကြခြင်းဖြစ်လေသည်။

ထို့နောက် ပညာမင်းကြီးကင်းဘဲလ်က မောင်ချမ်းမြနှင့်တကွ မြန်မာစာပေသမိုင်းကြီးအတွက် တစ်ဖက်တစ်လက် ဝိုင်းဝန်းကူညီခဲ့ကြသူတစ်ယောက်စီကို ခေါ်တွေ့စစ်မေးကြောင်း ဦးဖေမောင်တင်ကြားသိရလေသည်။

ပညာမင်းကြီးထံ အစစ်ခံမည့်သူများကို ဦးဖေမောင်တင်အပေါ် စွပ်စွဲတိုက်ခိုက်လာသော အုပ်စုက ဘယ်သို့ဘယ်ပုံထွက်ဆိုပေးရန် စည်းရုံးသိမ်းသွင်းခဲ့ကြကြောင်း သတင်းစကားများကိုလည်း ဦးဖေမောင်တင်ကြားသိခဲ့ရသေးသည်။

သူ့ကိုယ်နှုတ်နှလုံးသုံးပါးစလုံးကို သမာသမတ်၌ အစဉ်ရပ်တည်နိုင်ခဲ့သော ဦးဖေမောင်တင်ကမူ ပင်လယ်ထဲမှ ကျောက်ဆောင်များသည် ဒီလှိုင်းများ ရိုက်ပုတ်တိုက်ခိုက်သော်လည်း မလှုပ်ရှားသကဲ့သို့ မတုန်မလှုပ်ရှိလေသည်။

လေပြင်းမုန်တိုင်း ထန်တုန်းထန်ခိုက်၌သာ ဒီလှိုင်းများက ကျောက်ဆောင်များအပေါ် ကျော်လွှမ်းနိုင်စွမ်းရှိကြသော်လည်း နေရောင်းလင်း၍ လေပြင်းငြိမ်ကာ မုန်တိုင်းစဲသော အခါတွင်ကား ကျောက်ဆောင်ကျောက်သားကြီးများသည် ရေလွှာကို အပေါ်မှစီးကာ တည်ငြိမ်ခံ့ညားစွာ ထင်ရှားနေကြမြဲမဟုတ်ပါလား။

ထို့ကြောင့် ဦးဖေမောင်တင်က သူ့မြန်မာစာပေသမိုင်း ပြဿနာအတွက် ရတက်ပွေတုန်လှုပ်ခြင်း အလျှင်းမရှိဘဲ သူ့အလုပ်ဝတ္တရားများတွင်သာ ပြန်လည်နှစ်မြုပ်နေလိုက်လေသည်။

---

* မန္တလေးတက္ကသိုလ်အငြိမ်းစား မြန်မာစာဌာနမှူး၊ ကလောင်အမည် မြကေတု။
* Thesis (မဟာဝိဇ္ဇာ–သိပ္ပံဘွဲ့များအတွက် ရေးတင်ရသော သုတေသနစာတမ်း)

ထိုကဲ့သို့ ဦးဖေမောင်တင်က မလှုပ်မရှား တည်ငြိမ်အေးချမ်းနေသလောက် တစ်ဖက်မှမူ အတော်ကြီး ကြိုးစားအားထုတ်နေကြပုံရှိလေသည်။

ပညာမင်းကြီး၏ စုံစမ်းစစ်ဆေးမှုတွင် ဦးဖေမောင်တင်အပေါ် စွဲချက်တင်နိုင်လောက်အောင် အထောက် အထားရခဲ့ဟန်မတူသော တစ်ဖက်အုပ်စုသည် တစ်မျိုးတစ်မည် တီထွင်ကြိုးစားလိုက်ကြပြန်သည်။

သတင်းစာများကပင် အရေးထား ရေးသားခြင်းမပြုသော သူတို့စွပ်စွဲမှုကို သူတို့သည် လွှတ်တော်ထဲသို့ အရောက်တွန်းပို့နိုင်စွမ်းကြလေသည်။

လွှတ်တော်တွင် အမတ်တစ်ယောက်က ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းပြဿနာကို ထည့်သွင်းဆွေး နွေးကြောင်း သတင်းပါလာခဲ့လေသည်။

ထို့နောက် လေပြင်းမုန်တိုင်းသည် အစွမ်းကုန် တိုက်ခတ်ပြီးစီးသောအခါ ပင်လယ်ပြင်သည် ငြိမ်သက် သွားသကဲ့သို့ မြန်မာစာပေသမိုင်းစာအုပ်နှင့်ပတ်သက်သော ပြဿနာစွပ်စွဲချက်သည်လည်း ဦးဖေမောင်တင် အနေဖြင့် ဘာတစ်ခုမျှ အားပြုတိုက်ဖျက်ဖြေရှင်းနေစရာမလိုဘဲ အလိုအလျောက် ပြီးပျောက်ပျက်ပြယ်သွား လေတော့သည်။

ထိုအခါ ဦးဖေမောင်တင်သည်လည်း လှိုင်းလေငြိမ်သွားသော ပင်လယ်ပြင်၌ မယိမ်းမယိုင် ကြံ့ခိုင်စွာ ရပ်တည်နိုင်သော ကျောက်သားကျောက်ဆောင်အလား သူ့ရှိရင်းစွဲ တက္ကသိုလ်ကျောင်းအုပ်ကြီးကုလားထိုင်တွင် မယိုင်မလဲ မြဲမြဲဆက်ထိုင်ကာ သူ့တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်နေလိုက်လေသည်။

ဆိုးဆိုးဝါးဝါးလှုပ်ရှားဖြစ်ပေါ်ခဲ့သော အရေးတော်ပုံကိစ္စများနှင့် အခြားသောပြဿနာအထွေထွေတို့ကြောင့် ဦးဖေမောင်တင်သည် ၁၉၃၈ ခု၊ ၁၉၃၉ ခုနှင့် ၁၉၄၀ ခုနှစ်များ၌ စာရေးချိန်သိပ်မရခဲ့ချေ။

အချိန်သိပ်မရသည့်ကြားမှပင် ဦးဖေမောင်တင်သည် ကြိုးစား၍ ရေးသားခြင်းကိုလည်းကောင်း၊ တည်းဖြတ် ခြင်းကိုလည်းကောင်း ပြုခဲ့သေးသောစာပေများကား...

၁။ မဲဇာတောင်ခြေရတုပိုဒ်စုံ (အင်္ဂလိပ်ဘာသာပြန်)

၂။ ပါဠိဖတ်စာ တတိယတွဲ

၃။ ဟန်လင်းမြို့သမိုင်းလင်္ကာ (စည်သူကျော်ထင်ရေး၊ ဒု-နိုပ်ခြင်း)

၄။ နတ်ရှင်နောင်ရတု (ဦးချမ်းမြ-မဟာဝိဇ္ဇာတည်း)

တို့နှင့် ခရစ်ယာန်စာပေအသင်းအတွက်...

၁။ မိန်းမကျော် ၇ ဦး

၂။ ဂျီဗလကြီး (Les Miserables By Victor Hugo)

၃။ ဓားပြဗိုလ်စိုးမင်း (Raj The Brigand Chief)

တို့ ဖြစ်ကြလေသည်။

# ၃၉

# ဒုတိယကမ္ဘာစစ်၊ ဂျပန်ခေတ်
နှင့်
# တက္ကသိုလ်ကျောင်းကြီး၏အဖြစ်

၁၉၄၁ ခု နှစ်ဆန်းလာခဲ့သည်နှင့် တစ်ပြိုင်တည်း အနောက်ဥရောပတိုက်ဆီမှ စစ်မီးသည် မြန်မာပြည်သို့ နီးစပ်အရှိန်ဟပ်လာခဲ့လေသည်။

သက်ဆိုင်ရာအာဏာပိုင်များက တိုင်းသူပြည်သားများကို ပုန်းခိုစရာမြေကျင်းများ အိမ်အနီးအပါး၌ တူးထားစေသည်။

လေကြောင်းရန် အချက်ပေးဥဩနှင့် အန္တရာယ်ကင်းဥဩသံတို့ကို လက်တွေ့အချက်ပေး၍လည်း အလေ့အကျင့်ပြုပေးလေသည်။

ထိုအခါ လူအများသည် ဗုံးခိုကျင်းတူးရ၊ လေကြောင်းရန် ဥဩသံနားထောင်ကာ အရှောင်အပုန်းပြုရနှင့် ကမ္ဘာစစ်မီးအတွက် ထိတ်လန့်နေမိကြလေသည်။

တစ်ဖန် သက်ဆိုင်ရာမှ ညဘက်အမှောင်ချနည်းကို ညွှန်ကြားစမ်းသပ်လိုက်ကြပြန်သောအခါ၌ကား ရန်ကုန်မြို့လူထုမှာ ပိုမိုချောက်ချားသွားကြရပြန်လေတော့သည်။

ရန်ကုန်မြို့အတွင်း၌ စမ်းသပ်ပြုလုပ်ပြီးနောက် အင်းစိန်၊ မင်္ဂလာဒုံ၊ သန်လျင်နှင့် ပဲခူးမြို့တို့တွင်မူ ၁၉၄၁ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ဧပြီလ ၁ ရက်နေ့အထိ စမ်းသပ်မှောင်ချခြင်းများ ပြုလုပ်ကြရလေသည်။

အမှန်က ထိုကဲ့သို့ စမ်းသပ်လေ့ကျင့်ပေးခြင်းမှာ အရေးကြုံ သက်လုံကောင်းစေရန် ကြိုတင်ပြင်ဆင်ခြင်းသာဖြစ်သော်လည်း စစ်မီး စစ်ဒဏ်ဆိုသည်ကို ဘာမှန်းမသိကြသေးသော မြန်မာပြည်သူပြည်သား အထူးသဖြင့် ရန်ကုန်မြို့ကြီးသူ မြို့ကြီးသားများ၏စိတ်၌ စစ်မက်ဘေးဆိုးအန္တရာယ်ကြီးသည် သူတို့ထံသို့ ယနေ့နက်ဖြန်ပင် ရောက်လာတော့မည့်အလား ထင်မှတ်ကြောက်လန့်နေမိကြလေသည်။

သည်အတွက် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ စိတ်ထဲတွင်ပင်လျှင် ပိတ်ထားသော သူ့တက္ကသိုလ်ကျောင်းကြီးကို ပြန်၍မှ ဖွင့်လှစ်နိုင်ပါဦးမည်လား... ဟု တွေးပူလိုက်လေသည်။

သို့သော်လည်း အချိန်တန်သောအခါ၌ကား ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့တက္ကသိုလ်ကျောင်းကြီးကို ၁၉၄၁–၁၉၄၂ ခုနှစ် စာသင်နှစ်အတွက် ပြန်လည်ဖွင့်လှစ်ပေးနိုင်လေသည်။

ထိုအခါ ကျောင်းသူကျောင်းသားဆရာများဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည် ယခင်အတိုင်း စည်စည်ကားကားပြန်ဖြစ်သွားလေသည်။

ထို့နောက် ပထမနှစ်ဝက်အတွက် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပြုနေကျအတိုင်း သီတင်းကျွတ်ကျောင်းတစ်လပိတ်ပေးလိုက်သည်။

ဒုတိယနှစ်ဝက် ကျောင်းပြန်ဖွင့်သောအခါ ဒီဇင်ဘာစာမေးပွဲအတွက် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်က ပါမောက္ခဆရာများနှင့် စည်းဝေးညှိနှိုင်းကာ ပြင်ဆင်ထားလိုက်သည်။

သို့သော်လည်း စာမေးပွဲများ မစစ်ရသေးမီ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့၌ အရှေ့အာရှတိုက်မှ တရုတ်နှင့်စစ်ဖြစ်ဆဲ ဂျပန်က အမေရိကန်နိုင်ငံပိုင် ပုလဲဆိပ်ကမ်းကို ရှောင်တခင်ဝင်တိုက်ကာ အနောက်ဘက်ဥရောပ စစ်မျက်နှာဆီသို့ ကျော်လွှားရန်စလိုက်လေသည်။

အမေရိကန် ပိုင်နက်ဖြစ်သော ပစိဖိတ်ဒေသမှ ဟာဝိုင်ယီကျွန်း၊ ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်ကို ဂျပန်က အာဏာရှင်ဟစ်တလာနည်းအတုယူကာ အလစ်ချောင်း၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဂျပန်စစ်လေယာဉ်ပျံ ၁၅၀ ၏ ဗုံးကြဲတိုက်ခိုက်ခြင်းကို အဒိုက်မိခံလိုက်ရသော ပုလဲဆိပ်ကမ်းမှ အမေရိကန်အခြေစိုက် ရေတပ်စခန်းကြီးသည် မရှုမလှသေကျေပျက်စီးဆုံးရှုံးသွားခဲ့ကြကြောင်း ကြားသိကြရလေသည်။

တစ်ချိန်လုံး ကြိတ်ကြံနေခဲ့ပုံရသော ဂျပန်သည် သူကလက်ဦးအောင်တိုက်ခိုက်ချေဖျက်ပြီးနောက်မှ အမေရိကန်နှင့် အင်္ဂလိပ်တို့ကို စစ်ကြေညာလိုက်လေသည်။

ထို့နောက် ဂျပန်သည် တစ်ဖက်မှ တရုတ်ပြည်ကြီးကို ထိုးဖောက်တိုက်ခိုက်သိမ်းယူရင်း တစ်ဖက်ကလည်း အမေရိကန်လက်အောက်ခံဖြစ်သော ဖိလစ်ပိုင်ပြည်မှ ကျွန်းစုအချို့ကို ဗုံးကြဲတိုက်ခိုက်လေသည်။

သည်အတွက် အင်္ဂလိပ်လက်အောက်ခံဖြစ်သော မြန်မာပြည်ကိုလည်း ဂျပန်လေယာဉ်များ ဘယ်နေ့ဘယ်ရက်၌ ဗုံးလာကြဲမည်နည်းဟု မြန်မာပြည်သူပြည်သားများ ထိတ်လန့်တကြားရှိနေကြလေတော့သည်။

သူတို့အဖို့ ထိတ်လန့်တကြားဖြစ်လောက်အောင်လည်း ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီးနောက် မြန်မာပြည်ဘုရင်ခံက ရန်စကျူးကျော်သောဂျပန်ကို စစ်ကြေညာလိုက်ပြီမဟုတ်ပါလား။

ထိုကဲ့သို့ စစ်ကြေညာခြင်းအတွက် ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကို ပိတ်လိုက်ရလေသည်။

သို့သော်လည်း မြန်မာပြည်၏ အခြေအနေမှာ ဘာမျှထူးခြားမလာဘဲ ယခင်အတိုင်းသာရှိနေလေသည်။

သူတို့အဖို့ မျှော်သော်လည်း စစ်ကြီးက ပေါ်မလာသောအခါ လူတွေ၏စိတ်မှာ အနည်းငယ်အေးသွားမိကြသည်။

ပထမကမ္ဘာစစ်ကြီးသည် ကမ္ဘာ့အနောက်ခြမ်း၊ ဥရောပတိုက်တစ်ဝန်းမှာသာ ပြီးစီးအဆုံးသတ်သွားခဲ့ရာ ကမ္ဘာ့အရှေ့ခြမ်းအာရှတိုက်မှ မြန်မာပြည်သူပြည်သားများအဖို့ စစ်မီးအန္တရာယ်ဆိုသည်အား သတင်းကြားနှင့်သာတရားနာခဲ့ကြရဖူးလေသည်။

သူတို့အဖို့ မျက်မြင်ကိုယ်တွေ့ မကြုံဖူးခဲ့သော်လည်း စစ်မီးအန္တရာယ်ဆိုသည်မှာ ကြောက်စရာကောင်းကြောင်းကိုမူ မြန်မာပြည်သူပြည်သားများ နားလည်သိရှိထားကြသည်။

ထို့ကြောင့် ကမ္ဘာစစ်မီးကြီး သူတို့ထံသို့ ယနေ့ မနက်ဖြန်လောက်ရောက်လာတော့မည့်အလား ထင်စားမိသောအခါ မြန်မာပြည်သူပြည်သားများ ကြောက်ဒူးတုန်သွားမိကြသည်။

သို့သော်လည်း စစ်မီးကြီးက သူတို့ထင်သလောက် မြန်မြန်ထက်ထက် ကူးစက်မလာသောအခါ မြန်မာပြည်သူပြည်သားများ၏စိတ်တွင် ယခုဒုတိယကမ္ဘာစစ်သည်လည်း ပထမကမ္ဘာစစ်တုန်းကကဲ့သို့ပင် အဆုံးသတ်ပြီးစီးသွားလိမ့်မည်ဟု အများစုက ထင်မြင်ထားလိုက်ကြလေသည်။

ထို့ကြောင့် သူတို့သည် မြန်မာပြည်အပြင်ဘက်မှ စစ်သတင်းများကိုသာ စိတ်ဝင်စားစွာ နားစွင့်ရင်း ယခင်အတိုင်း နေထိုင်သွားလာလျက်ရှိကြလေသည်။

ယနေ့သည်ကား ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်ဖြစ်သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တို့မိသားစုသည် ၂၄ ရက်အကြိုနှင့် ၂၅ ရက် ခရစ္စမတ်ပွဲတော်အတွက် လှုပ်လှုပ်ရှားရှား အလုပ်များနေကြလေသည်။

သူတို့မိသားစုထဲမှ လူကြီးမိဘများက အသိမိတ်ဆွေများကို ပွဲတော်အထိမ်းအမှတ်လက်ဆောင်များ

ပေးရေး၊ ညှော်ခံကျွေးမွေးရေးအတွက် မအားနိုင်အောင်ရှိနေကြသကဲ့သို့ သားသမီးကလေးများမှာလည်း သူတို့အတွက်ရလာမည့် ခရစ္စမတ်လက်ဆောင်ကလေးများမျှော်ရင်း ပျော်ရွှင်မြူးထူးနေကြလေသည်။

ထိုကဲ့သို့ ခရစ္စမတ်ပွဲတော်အတွက် ကြိုးဆိုလှုပ်ရှားအလုပ်များနေကြသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တို့ မိသားစုသည် လူသားများကို ခြောက်လှန့်နေသော ကမ္ဘာစစ်မီးကြီးအား မေ့ထားနေမိကြလေသည်။

သို့ရာတွင် သူတို့အဖို့ ကမ္ဘာစစ်ကြီးကို ကြာရှည်မေ့ထား၍ကားမရချေ။

နံနက် ၁၀ နာရီခန့်တွင် ဖြစ်သည်။

ကမ္ဘာမြေကြီးကိုပင် တုန်ဟည်းစေသော အသံကြီးတစ်သံသည် ကောင်းကင်ယံဆီမှ ရုတ်တရက်ထွက်ပေါ်လာခဲ့လေသည်။

''ဘာသံတွေပါလိမ့်''

ဦးဖေမောင်တို့မိသားစုသည် ခေါင်းထောင်ကာ နားစွင့်လိုက်မိကြသည်။

ထို့နောက် တစ်လောကလုံး ပဲ့တင်ထပ်အောင် အော်မြည်တုန်ဟည်းနေသော တဝီးဝီး တဒီးဒီးသံများ ပေါ်ထွက်လာရာ ကောင်းကင်ယံသို့ အပြောင်းအလွှားမျှော်ကြည့်လိုက်မိကြသည်။

''ဟာ...လေယာဉ်ပျံတွေဟေ့ ...အများကြီးပဲ''

''ဟုတ်ပါရဲ့...တစ်စင်း...နှစ်စင်း...သုံးစင်း။ ဟာ...ရေတွက်လို့တောင် မရပါလား''

''ဟော...ဘာလေးတွေလဲမသိဘူး။ လေယာဉ်ပျံပေါ်က ဖြူဖြူလေးတွေကျလာတယ်''

သူတို့သည် မမြင်စဖူး ထူးထူးခြားခြား အုပ်ချီပျံသန်းလာသော လေယာဉ်ပျံများကို ငေးမောကြည့်ရှုကာ တအံ့တသြပြောဆိုဝေဖန်လိုက်ကြလေသည်။

ထို့နောက် မကြာပါချေ။ လေယာဉ်ပျံပေါ်မှ ဖွေးဖွေးလက်လက်အရာဝတ္ထုကလေးများ မြေပြင်ပေါ်သို့ ကျရောက်ထိတွေ့လိုက်ချိန်လောက်တွင် အဝေးဆီမှ တဝုန်းဝုန်း တအုန်းအုန်း ပေါက်ကွဲသံများကို ဦးဖေမောင်တင်တို့ ကြားလိုက်ကြရလေသည်။

''ဟာ...ဗုံးတွေချတာပဲ၊ လေယာဉ်ပျံပေါ်က ဗုံးတွေချတာ။ မြေကျင်းထဲ ဆင်းကြ... ဆင်းကြ''

အဝေးဆီမှ ဗုံးပေါက်ကွဲသံများကို ကြားမိတော့မှ ဦးဖေမောင်တင်သည် အခြေအနေကို သတိရကာ သူ့မိသားစုအားခေါ်ကာ အသင့်တူးထားခဲ့သော မြေကျင်းထဲသို့ ဆင်ပုန်းလိုက်ကြရလေသည်။

ဦးဖေမောင်တင်တို့အဖို့ လန့်ဖျပ်ပုန်းခိုကြရသော်လည်း သူတို့နေထိုင်ရာ ဝန်းကျင်တစ်ဝိုက်၌ကား ဘာမျှမဖြစ်ဘဲ လေယာဉ်ပျံများ ပြန်သွားကြလေသည်။

သို့ရာတွင် မြို့ထဲဘက်၌မူ အသေအကြေအပျက်အစီးများသည် ကြောက်စရာကောင်းလှကြောင်း ကြားသိကြရလေသည်။

ဗုံးလာကြဲသွားခဲ့သော ဂျပန်လေယာဉ်ပျံများသည် အစင်းပေါင်း ၃၀ ခန့်ရှိသည်ဟု ဆိုသည်။

သူတို့သည် မိုလ်တထောင်ရပ်ကွက်၊ ကမ်းနားဘက်၊ ဖရေဇာလမ်းနှင့် ပန်းဆိုးတန်းဘက်များသို့ ဗုံးများ သွန်ချသွားခဲ့ကြသည်။

စစ်နှင့်ပတ်သက်၍ အတွေ့အကြုံမရှိသေးသဖြင့် ပုန်းရန်ခိုရန်သတိမရဘဲ အထူးအဆန်းအဖြစ် စုရုံးမော့ကြည့်နေကြသော လူစုစုများကို လေယာဉ်များက ဗုံးချရုံမက စက်သေနတ်များဖြင့်လည်း ပစ်ခတ်သွားကြသေးသည်ဆိုသည်။

သည်အတွက် ကမ္ဘာစစ်၏ ပွဲဆော်ဦး နှုတ်ဆက်ချက်တွင် မြေစာပင်ဖြစ်သော မြန်မာပြည်သူပြည်သားရန်ကုန်မြို့လူထုခမျာ အသက်ပေါင်းမြောက်မြားစွာ ပျက်စီးဆုံးရှုံးကြရလေသည်။

မြို့စောင့်စစ်သဘောနှင့် အမြောက်တပ်က အောက်မှအမြောက်ဖြင့် ပစ်ခတ်ပြီးနောက် အင်္ဂလိပ်တိုက်လေယာဉ်ပျံများက လိုက်၍တိုက်ခိုက်သောကြောင့် ဂျပန်လေယာဉ်ပျံ ၁၁ စင်း ပျက်ကျခဲ့သည်ဟုဆိုသည်။

ထို့နောက် အစိုးရက ဂျပန်ဗုံးဒဏ်ကြောင့် လူပေါင်းနှစ်ထောင်ခန့် သေဆုံး၍ နှစ်ထောင့်ငါးရာခန့် ဒဏ်ရာရသည်ဟု ထုတ်ပြန်ကြေညာလေသည်။

သို့ရာတွင် လူတွေက အစိုးရကြေညာချက်သည် လျှော့ထားခြင်းသာဖြစ်ကြောင်း၊ အမှန်တကယ်၌ ထိုမျှမက

အောင် လူ့အသက်ပေါင်းထောင်သောင်းချီ၍ သေကျေပျက်စီးကြလိမ့်မည်ဟု တွက်ချက်ထင်ကြေးပေးကြလေသည်။

ထိုကဲ့သို့ စစ်မီး၏ ကြောက်စရာအဖြစ်အပျက်ကို လက်တွေ့ခံစားရကာ သွေးလန့်ချောက်ချားကျန်ခဲ့ကြသော ရန်ကုန်မြို့လူထုကို ဂျပန်လေယာဉ်ပျံများသည် တစ်ရက်မျှခြားပြီးနောက် ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်ပွဲတော်နေ့ နံနက် ၁၀ နာရီခွဲခန့်၌ ဒုတိယအကြိမ် ဗုံးလာကြဲပြန်လေသည်။

ဒုတိယအကြိမ် ဗုံးထပ်မကြဲမီ ဒီဇင်ဘာလ ၂၄ ရက်နေ့ညသည်၌ ဂျပန်ပြည်ရောက် သခင်ထွန်းအုပ်က...

''မနက်ဖြန် ဒီဇင်ဘာလ ၂၅ ရက်နေ့နံနက်မှာ အင်္ဂလိပ်တွေ ဂျပန်ခြေထောက်အောက်ကို ရောက်ရမယ်''

ဟု ဂျပန်ရေဒီယိုမှ အသံလွှင့်ခဲ့သည်။

ယခုတစ်ခေါက်၌ ဂျပန်လေယာဉ်ပျံများက အလုံရပ်ကွက်သို့ မီးလောင်ဗုံးများ ကြဲချခြင်းဖြစ်သည်။

ထို့ကြောင့် အလုံရပ်ကွက် နေရာအတော်များများသည် မီးလောင်ပျက်စီးသွားလေသည်။

ထိုကဲ့သို့ စစ်မီးစစ်ဒဏ်ကို နှစ်ကြိမ်နှစ်ခါတိုင်တိုင် ထိတွေ့ခံစားလိုက်ရသော ရန်ကုန်မြို့လူထုကြီးသည် စစ်မီးစစ်ဒဏ်မှ ကင်းဝေးမည်ထင်ရသော တောနယ်ကျေးရွာများသို့ ဆိုင်ရာ ဆိုင်ရာ ပြေးသွားကြလေတော့သည်။

အစိုးရ အရာထမ်း အမှုထမ်းများအနေဖြင့်မူ အလုပ်တာဝန်ပိုင်းက ရှိနေသေးသောကြောင့် စစ်ဒဏ်ကို ကြောက်သော်လည်း ရန်ကုန်မှ မခွာနိုင်ဘဲရှိနေကြလေသည်။

သည်အတွက် အချို့သော အစိုးရအရာထမ်းအမှုထမ်းများက သူတို့အိမ်သူအိမ်သားများကို တောသို့ ခွဲပို့ထားကြလေသည်။

မိသားစု တစ်ပြုံတစ်မကြီးနှင့်စာလျှင် ယောက်ျားသားတစ်ဦးတစ်ယောက်တည်းအနေနှင့်က ဗုံးဘေး သေနတ်ဘေးတို့မှ ကြည့်ရှုရှောင်တိမ်းပြေးလွှားရေးတွင် လွယ်ကူလွတ်လပ်နိုင်သေးသည် မဟုတ်ပါလား။

မြန်မာပြည်သူပြည်သားများနှင့်အတူ စစ်ဘေးစစ်ဒဏ်ဆိုသည်ကို အတွေ့အကြုံမရှိခဲ့ကြသေးသော နိုင်ငံခြားသား ကုလားလူမျိုးများသည်လည်း သူတို့အိန္ဒိယပြည်သို့ ပြန်ပြေးကြလေတော့သည်။

ထိုကဲ့သို့ ပြန်ပြေးကြသော အိန္ဒိယပြည်သားကုလားများသည် ထောင်သောင်းမက များပြားလှန်းလှသောကြောင့် သူတို့အတွက် သယ်ယူပို့ဆောင်ပေးရန် သင်္ဘော၊ မီးရထားနှင့် မော်တော်ကားတို့မှာ မလောက်နိုင် မစွင်နိုင်အောင် ပြွတ်သိပ်တိုးကျပ်နေကြလေသည်။

သည်အခါ သူတို့ အသက်ဘေးအတွက် အကြောက်လွန်နေသော ကုလားလူမျိုးများသည် သင်္ဘောနှင့် မီးရထားများ အလှည့်ကျအောင် စောင့်မနေကြတော့ဘဲ စုဝေးကာ ခြေလျင်ခရီးဖြင့် ရန်ကုန်မှ ထွက်ခွာသွားကြလေသည်။

သူတို့သည် ရန်ကုန်မှပြည်သို့ မော်တော်ကားလမ်းအတိုင်း လျှောက်သွားကြပြီးနောက် ပြည်မှပန်းတောင်း၊ ပန်းတောင်းမှ တောင်ကုတ်တောင်ကြားလမ်းအတိုင်း ဆက်လျှောက်သွားကြမည်ဟု ဆိုလေသည်။

အနီကဲ့သို့ ကြောက်စရာကောင်းလှသော စစ်ဘေးစစ်ဒဏ်ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တို့ မိသားစုသည်လည်း ကြောက်ရွံ့ထိတ်လန့်မိကြသည်ပင်။

သို့ရာတွင် ဦးဖေမောင်တင်တို့နေထိုင်သော တက္ကသိုလ်နယ်မြေဝန်းကျင်၌မူ ယခုတိုင် ဘေးလွတ်လုံခြုံလျက်ရှိနေသေးသည်။

ထို့အပြင် တက္ကသိုလ်ကျောင်းကြီးကို သင်တန်းများပိတ်ထားသော်လည်း တက္ကသိုလ်ကျောင်းအုပ်ကြီးအနေဖြင့် ဦးဖေမောင်တင်မှာ ကျောင်းကြီးတစ်ကျောင်းလုံးနှင့် ပတ်သက်သော ကိစ္စအဝဝအတွက်တာဝန်များ ယူထားရဆဲဖြစ်လေသည်။

ထို့ကြောင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့မိသားစုများနှင့်အတူ တက္ကသိုလ်ဝင်းထဲ၌သာ ဆက်လက်နေထိုင်နေလိုက်ရလေသည်။

ထိုကဲ့သို့ တက္ကသိုလ်နယ်မြေတစ်ဝိုက်သည် ဘေးလွတ်လုံခြုံနေ၍ ထင်သည်။ မြို့ထဲမှ အစိုးရ၏ အဓိကရအတွင်းဝန်ရုံးကြီးကို ပြည်လမ်းရှိ ဆရာဖြစ်သင်ကောလိပ်ကျောင်းသို့ ပြောင်းရွှေ့လာလေသည်။

ထို့နောက်တွင်မူ ဂျပန်လေယာဉ်ပျံများက ရန်ကုန်မြို့ထဲသို့ ဗုံးကြဲချခြင်းမပြုတော့ဘဲ ရန်ကုန်မြို့အပြင်ဘက် မင်္ဂလာဒုံလေယာဉ်ကွင်းကိုသာဖိ၍ မပြတ်တမ်းဗုံးကြဲတိုက်ခိုက်လိုက်ကြလေသည်။

သည်အတွက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့အိမ်နှင့်ကပ်နေသော အင်းလျားကျောင်းဆောင်မှ ဆရာမများနှင့်အတူ ကျန်ရှိသေးသော ကျောင်းသူအချို့တို့ မကြောက်စေရန် ကူးသွား၍ သတင်းမေးအားပေးရလေသည်။

၁၉၄၂ ခု နှစ်သစ်ကို မြန်မာပြည်သူပြည်သားများသည် ဂျပန်လေယာဉ်ပျံမှကြဲချသော ဗုံးသံ၊ စက်သေနတ်သံတို့ဖြင့် ကြိုဆိုကူးပြောင်းလိုက်ကြရလေသည်။

ထိုကဲ့သို့သော စစ်ဘေးစစ်ဒဏ်၏ အမှတ်အသားဖြစ်သော ကြောက်စရာဗုံးသံ၊ သေနတ်သံ၊ အမြောက်သံများ လွှမ်းမိုးခြောက်လှန့်မှုတွင် မြို့တော်ရန်ကုန်၏ စည်ကားသာယာခြင်းမှန်သမျှသည် ပျောက်ပျက်ခြောက်သွေ့သွားလေသည်။

မြို့တွင် ကျန်ရှိသောလူများသည် တာဝန်ဝတ္တရားအရ သွားလာလှုပ်ရှားနေကြသော်လည်း ကျီးလန့်စာစားဖြစ်နေကြသည်။

သူတို့သည် လေယာဉ်ပျံသံကို နားတစွင့်စွင့်ဖြင့် ဘယ်အချိန်၌ ဗုံးလာကြဲမည်နည်းဟု ထိတ်လန့်ချောက်ချားနေမိကြလေသည်။

သည်ကဲ့သို့သော အခြေအနေထဲမှပင် လူအများအတွက်၊ နားမျက်စိပမာဖြစ်သော သတင်းစာများက နေ့စဉ်ကြိုးစားထုတ်ဝေပေးလေသည်။

နေ့စဉ်ထုတ်သတင်းစာများထဲမှ ဗမာ့သတင်းနှင့် ကမ္ဘာ့သတင်းများကို ဖတ်ကာ ပြည်သူလူထုခမျာစစ်ရေးစစ်ရာအခြေအနေများကို လေ့လာဝေဖန်သုံးသပ်နိုင်ခွင့်ရနေကြလေသည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ လွန်ခဲ့သော ၂၃ ရက်နေ့တုန်းက ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်ရန်လာကြသော ဂျပန်လေယာဉ်ပျံများကို မဟာမိတ်လေတပ်က ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခုခံခဲ့ခြင်းသတင်းအား ဖတ်ရှုကြရလေသည်။

မြန်မာပြည်သတင်းဖြန့်ချိရေးဝန်ထံမှ ထုတ်ပြန်ပေးခြင်းကို တစ်ဆင့်ပြန်လည်ဖော်ပြသော အဆိုပါစစ်သတင်း၌...

မနေ့က မဟာမိတ်လေတပ်များကသာ မနိမ်နင်းလိုက်လျှင် ရန်ကုန်မြို့ကြီးမှာ ဂျပန်တို့ အရမ်းမဲ့ဗုံးကြဲခြင်းကို ခံရကောင်း ခံရပေလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် မဟာမိတ်လေကြောင်း သူရဲတို့၏ စွမ်းအင်သတ္တိကြောင့် ရန်ကုန်မြို့ကြီးမှာ ဘေးမခရန်မသီဘဲ ရန်သူတို့ဘက်တွင်သာ အဆုံးအရှုံးအကြီးအကျယ်ခံသွားရသည်ကိုတွေ့လိုက်ရကြောင်းဟု အားရိုစဖွယ်ဖော်ပြထားလေသည်။

ထိုနေ့သတင်းစာမှာပင် မြန်မာပြည်နယ်စပ်များသို့ တရုတ်ပြည်မှ ချန်ကေရှိတ်တရုတ်စစ်တပ်များ နောက်ထပ်စစ်ကူရောက်လာကြောင်းသတင်း။

ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်းဆိုင်ရာ မဟာမိတ်တပ်များ၏ ဗိုလ်ချုပ်ကြီး ဂျင်နရယ်လ်ဝေ ဗယ်လ်သည် မြန်မာပြည်သို့ရောက်လာကာ မြန်မာပြည်စစ်ဗိုလ်ချုပ်နှင့်အတူ သံလွင်မြစ်စစ်မျက်နှာရှိ စစ်တပ်များကို လှည့်လည်ကြည့်ရှုကြောင်းသတင်း။

ဂျပန်ရန်သူများက သံလွင်မြစ်ကို ကျော်ဖြတ်လာရန် ကြိုးစားခြင်း စသောသတင်းများကိုလည်း ဖတ်ရှုကြရလေသည်။

ထို့နောက် ၁၉၄၂ ခု ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းစစ်သတင်း၌ အခြားစစ်သတင်းများနှင့်အတူ ''တို့ဗမာ အစည်းအရုံးအသင်းကြီး'' ကို မတရားသင်းအဖြစ် မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်*က ထုတ်ပြန်ကြေညာလိုက်ကြောင်း သတင်းပါလာခဲ့လေသည်။

မြန်မာပြည်ဘုရင်ခံက ထိုကဲ့သို့ ထုတ်ပြန်ကြေညာလိုက်ခြင်းမှာ ဒို့ဗမာအစည်းအရုံးဝင် သခင်အောင်ဆန်းခေါင်းဆောင်သော မြန်မာမျိုးချစ်လူငယ်သခင်ခေါင်းဆောင်များက ဂျပန်ရန်သူများနှင့် သွားရောက်ပူးပေါင်းကာ မဟာမိတ်များအား ပြန်လည်တိုက်ခိုက်လိုက်ကြသောကြောင့်ဖြစ်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော သခင်အောင်ဆန်းတစ်ယောက် အစိုးရစုံထောက်များ မျက်စိအောက်မှ မြေလျှိုးကာ ပျောက်ကွယ်သွား

* Sir Reginald Dorman Smith

ကြောင်း သတင်းအားကြားသိခဲ့လေသည်။

ယခုကျမှ သခင်အောင်ဆန်းတစ်ယောက် ဘယ်ပုံဘယ်နည်းမြေလျိုးကာ ဘယ်နေရာဘယ်ဒေသ၌ ဘယ်အတွက် ဘယ်သို့ ပျောက်နေခဲ့ခြင်းဖြစ်ကြောင်းကို ဦးဖေမောင်တင်သိခွင့်ရလေတော့သည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့နှစ်ယောက်သည် ၁၉၄၀ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့၌ ရုပ်ဖျက်ကာ ''ဟိုင်လီ'' အမည်ရှိ တရုတ်ပင်လယ်ကူးသင်္ဘောကြီးဖြင့် မြန်မာပြည်ထဲမှ ထွက်ခွာသွားခဲ့ကြသည်ဆိုသည်။

သခင်အောင်ဆန်းတို့ နှစ်ယောက်သည် တရုတ်ပြည် ''ကူလန်စူး'' ကျွန်းကလေးမှတစ်ဆင့် ဂျပန်များနှင့် အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ရောက်သွားခဲ့ကြသည်ဆိုသည်။

သခင်အောင်ဆန်းသည် အင်္ဂလိပ်လက်အောက်မှ မြန်မာပြည်လွတ်လပ်ရေးရယူရန် ဂျပန်ပြည်မှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ၁၉၄၁ ခုနှစ် ဇန်နဝါရီလထဲ၌ မြန်မာပြည်ထဲသို့ ရုပ်ဖျက်ကာ ပြန်ဝင်လာခဲ့သည်ဆိုသည်။

ထို့နောက် သခင်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်ဟောင်းများ ဖြစ်ကြသော တို့ဗမာအစည်းအရုံးဝင် လူငယ်သခင်ခေါင်းဆောင်အချို့ကို သူနှင့်တစ်ပါတည်းခေါ်ယူ၍ ဂျပန်ပြည်သို့ တိတ်တဆိတ် ထွက်သွားခဲ့ပြန်သည်ဆိုသည်။

ပြီးလျှင် သခင်အောင်ဆန်း စီစဉ်ညွှန်ကြားခဲ့သည့်အတိုင်း မြန်မာမျိုးချစ်လူငယ်များသည်* ဂျပန်ပြည်၌ စစ်ပညာသင်တန်းတက်ရန် မြန်မာပြည်ထဲမှ အသုတ်လိုက်ခိုးထွက်သွားခဲ့ကြသည်ဆိုလေသည်။

ယခုတွင် သခင်အောင်ဆန်းခေါင်းဆောင်သော မျိုးချစ်လူငယ်ခေါင်းဆောင်သုံးကျိပ်သည် ယိုးဒယားပြည်၌ လက်မောင်းသွေးဖောက်သောက်၍ သစ္စာဆိုကာ ''ဗမာ့လွတ်လပ်ရေးတပ်မတော်''** တစ်ခုကို ဖွဲ့ပြီးနောက် အင်္ဂလိပ်အစိုးရကို တိုက်ထုတ်ရန် မြန်မာပြည်သို့ စစ်ကြောင်းများ ချီလာနေကြပြီဖြစ်လေသည်။

ထိုကဲ့သို့ သခင်အောင်ဆန်းတို့၏ အကြံအစည်နှင့် လုပ်ရပ်တို့ကို အကောင်အထည်လိုက်မြင်တော့မှ ရိပ်မိသွားသော အင်္ဂလိပ်အစိုးရသည် ကြွက်မနိုင် ကျီးမီးရှို့ဆိုသလို သခင်ခေါင်းဆောင်များ မွေးထုတ်ရာဌာနချုပ် ''တို့ဗမာအစည်းအရုံး'' ကြီးကို မတရားအသင်းအဖြစ် ထုတ်ပြန်ကြေညာလိုက်တော့သည်။

အင်္ဂလိပ်အစိုးရအနေဖြင့် ထိုကဲ့သို့ ထုတ်ပြန်ကြေညာရအောင်လည်း ဂျပန်နှင့်ပူးပေါင်းကာ သူတို့ကို တိုက်ခိုက်ချေမှုန်းရန် စစ်ကြောင်းချီလာနေကြပြီဖြစ်သော မြန်မာမျိုးချစ်လူငယ်သုံးကျိပ်တွင် တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်ကချည်း ၂၄ ဦးမျှ ပါဝင်နေခဲ့သည် မဟုတ်ပါလား။

နောက်ဆုံး၌ စစ်ရေးအခြေအနေမလှတော့သော အင်္ဂလိပ်အစိုးရသည် အစိုးရအဖွဲ့ကို ရန်ကုန်မြို့မှ မေမြို့သို့ ပြောင်းရွှေ့မည်ဖြစ်၍ သက်ဆိုင်ရာ အစိုးရအမှုထမ်းများကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မတိုင်မီ အားလုံးအသင့်ပြင်ထားရမည်ဟု အမိန့်ထုတ်ပြန်လိုက်လေသည်။

သည်အခါကျမှ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့မိသားစုနှင့်အတူ မန္တလေးမြို့သို့ စစ်ပြေးခရီးထွက်ခဲ့လေတော့သည်။

သူတို့မိသားစုက မော်တော်ကားတစ်စီး၊ ဝန်စည်စလယ်များက မော်တော်ကားတစ်စီးဖြင့် ရန်ကုန်မှ ပြေးခဲ့ကြသော ဦးဖေမောင်တင်တို့သည် လမ်းတစ်လျှောက်လုံး၌ သူတို့ကဲ့သို့ စစ်ပြေးခရီးသည်များကို တသီတတန်းကြီး တွေ့ဆုံခဲ့ကြရလေသည်။

သူတို့အားလုံးသည် ဆင်းရဲပင်ပန်းမှုများကို လမ်းတစ်လျှောက်လုံး၌ ရင်ဆိုင်ခံစားလာခဲ့ကြရလေသည်။

သို့သော်လည်း သူတို့စစ်ပြေးခရီးသည်အားလုံးသည် ဗုံးဒဏ်သေနတ်ဒဏ်ကို မရှုမလှခံစားရမည်ထက် ယခုကဲ့သို့ အနေအထားဆင်းရဲပင်ပန်းခြင်းက တော်သေးသည်ဟု သဘောပိုက်ကာ လိုရာခရီးသို့ရောက်ရန်သာ ကြိုးစားအားစိုက်ခဲ့ကြရလေသည်။

ထို့ကြောင့် သူတို့သည် လေးရက်မြောက်သောနေ့၌ မန္တလေးမြို့သို့ ဆိုက်ရောက်ခဲ့လေတော့သည်။

ဦးဖေမောင်တင်တို့ မိသားစုသည် မန္တလေးမြို့မှ ၇ မိုင်ဝေးသော ကပိုင်ရွာကလေးသို့ ဆက်သွားလိုက်ကြသည်။

---

* ရဲဘော်သုံးကျိပ်

** B.I.A. (Burma Independence Army)

ကပိုင်ရွာကလေးသည် အေးအေးချမ်းချမ်းရှိလေသည်။ ထိုရွာ၌ မြို့မှပြေးလာကြသော အခြားစစ်ပြေးဒုက္ခသည် အစိုးရအမှုထမ်းအရာထမ်းအချို့လည်း ရှိကြလေသည်။

ဦးဖေမောင်တင်သည် သူ့မိသားစုကို ကပိုင်ရွာကလေး၌ နေရာချထားပေးခဲ့ပြီးနောက် သူက မန္တလေးမြို့ သို့တက်ကာ တက္ကသိုလ်ကျောင်းအုပ်ကြီးရုံးခန်းကို ဖွင့်လှစ်လိုက်ရလေသည်။

ဦးဖေမောင်တင်က ထိုကဲ့သို့ မြို့နေရာပြောင်း၍ ရုံးခန်းဖွင့်လှစ်ကြောင်းကို ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ကြော်ငြာထည့်လိုက်လေသည်။

**တက္ကသိုလ်ကျောင်းအုပ်ကြီးရုံး**

**ရန်ကုန်မြို့ယူနီဗာစီတီတက္ကသိုလ်ကျောင်း၊ ကျောင်းအုပ်ကြီးရုံးကို၊ မန္တလေးသို့ ခေတ္တရွှေ့ပြောင်းပြီးဖြစ်ရာ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ တက္ကသိုလ်နှင့်သက်ဆိုင်သောကိစ္စအဝဝတို့အတွက် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ကြစေလိုကြောင်း။**

**မန္တလေးမြို့**
**ယူနီဗာစီတီတက္ကသိုလ်**
**ကျောင်းအုပ်ကြီးသို့**

ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်အတူ သူ့ရုံးခန်းသည်သာ မန္တလေးသို့ ခပ်စောစောရွှေ့ပြောင်း လာခဲ့သော်လည်း မြန်မာပြည်အောက်လွှတ်တော်အစည်းအဝေးကို ရန်ကုန်မြို့၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းအား ၁၉၄၂ ခု ဖေဖော်ဝါရီလ ၁၉ ရက် ကြာသပတေးနေ့ထုတ် မြန်မာ့ အလင်းသတင်းစာ၌ ဦးဖေမောင်တင် ဖတ်လိုက်ရသည်။

သူ့ရုံးခန်းကို ပြောင်းရွှေ့ဖွင့်လှစ်ထားသော်လည်း စစ်မက်လွှမ်းနေသော ခေတ်ပျက်ကြီးထဲ၌ လုပ်ကိုင် ညွှန်ကြားစရာများ ဘာမျှမရှိသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် တစ်နေ့တစ်နေ့သတင်းစာ များထဲမှ မြန်မာ့စစ်နှင့် ကမ္ဘာ့စစ်အခြေအနေ သတင်းများကို ဖတ်ရှုလေ့လာခြင်းဖြင့်သာ အချိန်ကုန်နေရလေသည်။

သတင်းစာများထဲ၌ မဟာမိတ်အင်္ဂလိပ်စစ်တပ်များသည် အောင်မြင်စွာ ဆုတ်ခွာရင်း ဆုတ်ခွာရင်းမှပင် ၁၉၄၂ ခု မတ်လ ၁၂ ရက်နေ့၌ ရန်ကုန်မြို့ကို ဂျပန်ရန်သူများက သိမ်းမိသွားပြီဖြစ်ကြောင်း ဖော်ပြပါရှိလာခဲ့ လေသည်။

ထိုနေ့မှာပင် တရုတ်ပြည်မှ မာရှယ်ချန်ကေရှိတ်က သူ့တရုတ်စစ်တပ်များကို မြန်မာပြည်တွင်းမှ ဂျပန်များကို နိုင်အောင်မောင်းနှင်တိုက်ထုတ်ပြီးမှသာ တရုတ်ပြည်သို့ ပြန်လာကြရမည်ဟု ကြေးနန်းရိုက်အမိန့်ပေးကြောင်း နှင့်။

မေမြို့၌ မြန်မာပြည်ဘုရင်ခံဆာဒေါ်မန်စမစ်နှင့် မြန်မာပြည်အင်္ဂလိပ်စစ်တပ်များအတွက် အသစ်ရောက် လာခဲ့သော ဗိုလ်ချုပ်လက်ဖတင်နင်ဂျင်နရယ်လ်အိုဗ်(ချ်)အာရ်အယ်လ်အလက်ဇန္ဒားတို့ တွေ့ဆုံဆွေးနွေးကြ သော သတင်းကို ၁၉၄၂ ခု မတ်လ ၁၃ ရက် သောကြာနေ့ထုတ် မန္တလေးသူရိယသတင်းစာက ဓာတ်ပုံနှင့်တကွ ဖော်ပြထားလေသည်။

ရန်ကုန်ကို ဂျပန်များမသိမ်းမီ ဗြိတိသျှစစ်တပ်က မြေလှန်စနစ်ကျင့်သုံးကာ ရန်ကုန်ဆိပ်ကမ်းနှင့် သန်လျင် ဘက်ကမ်းမှ ဘီ-အို-စီ ရေနံလှောင်ကန်များကို မီးရှို့ဖျက်ဆီးထားခဲ့ကြောင်း သတင်းများကိုလည်း မန္တလေးမှ ဦးဖေမောင်တင်တို့ကြားသိကြရလေသည်။

ထို့နောက် ၁၉၄၂ ခု ဧပြီလ ၃ ရက်နေ့၌ မန္တလေးမြို့ကို ဂျပန်လေယာဉ်ပျံများက အကြီးအကျယ်ဗုံးကြဲ တိုက်ခိုက်လိုက်လေသည်။

ထိုကဲ့သို့သော ဂျပန်ဗုံးဒဏ်သည် မန္တလေးမြို့သူမြို့သားသုံးထောင်ခန့် သေကျေပျက်စီး၍ ထောင်ပေါင်း များစွာ ဒဏ်ရာအနာတရဖြစ်ခဲ့ကြရလေသည်။

မန္တလေးတစ်မြို့လုံးမှာလည်း ရစရာမရှိအောင် ပျက်စီးယိုယွင်းသွားခဲ့လေသည်။

ထိုကဲ့သို့ သူတို့၏ ဖျက်ဆီးတိုက်ခိုက်မှုကြောင့် ရစရာမရှိတော့အောင် ဖြစ်သွားခဲ့သော မန္တလေးမြို့ပျက်ကြီး ထဲသို့ ဂျပန်စစ်တပ်များသည် အောင်ပွဲရရာသံ တည်းတွတ်ကာ ၁၉၄၂ ခု မေလ ၁ ရက်နေ့၌ ဝင်ရောက်လာ

ခဲ့ကြလေသည်။

ထို့နောက် မန္တလေးမြို့ကို ဂျပန်များ သိမ်းပိုက်ပြီးနောက် ထွက်ပေါ်လာခဲ့သော ၁၉၄၂ ခု မေလ ၁၄ ရက် အင်္ဂါနေ့ထုတ် တိုင်းချစ်သတင်းစာ၌ မြန်မာပြည်၏ မီးရထားလမ်းဆုံး မြစ်ကြီးနားမြို့ကို မဟာမိတ်ဂျပန်တပ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်သားများက တိုက်ခိုက်သိမ်းယူလိုက်ပြီဖြစ်ကြောင်းသတင်းအား ဦးဖေမောင်တင် ဖတ်လိုက်ရလေသည်။

မြစ်ကြီးနားကို ဂျပန်များမသိမ်းမီ တစ်ရက်နှစ်ရက်ခန့်က မန္တလေးမြို့သို့ ဒေါက်တာဘမော်ရောက်လာခဲ့လေသည်။

ဒေါက်တာဘမော်ကို အင်္ဂလိပ်အစိုးရက ရန်ကုန်မှ မိုးကုတ်မြို့အကျဉ်းထောင်သို့ ရွှေ့ပြောင်းပို့ထားခဲ့သည်ဟု ဆိုသည်။

ယခုဒေါက်တာဘမော်လွတ်လာခဲ့ခြင်းမှာ အင်္ဂလိပ်အစိုးရ လွှတ်ပစ်ခဲ့ခြင်းမဟုတ်ဘဲ ဒေါက်တာဘမော်ကို လိုလားထောက်ခံကြသော မြန်မာမျိုးချစ်တစ်စုက လျှို့ဝှက်ကြံစည်ကာ မိုးကုတ်အကျဉ်းထောင်ထဲမှ တိတ်တဆိတ်ထုတ်ဆောင်ပေးခဲ့ကြခြင်းဖြစ်သည်ဟုဆိုလေသည်။

ထို့နောက်တွင် စစ်ဘေးစစ်ဒဏ်၏ နှိပ်စက်ချက်ဖြင့် ပျက်စီးခြင်းမလှ ပျက်စီးနေသော မန္တလေးမြို့ကို ပြန်လည်ပြုပြင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကော်မတီများဖွဲ့ကာ စတင်လှုပ်ရှားလုပ်ဆောင်လိုက်ကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ဌာနချုပ်မှ ကြေညာချက်များလည်း ထွက်လာခဲ့သည်။

ဘီ–အိုင်–အေ စစ်ရန်ပုံငွေအတွက် အလှူခံသည့်တွင် ဦးဖေမောင်တင်က ရှားရှားပါးပါးထဲမှပင် ရက်ရက်ရောရော စေတနာထားကာ ငွေကျပ် ၃၀၀ ပေးလှူလိုက်သည်။

၁၉၄၂ ခု မေလ ၁၈ ရက် တနင်္လာနေ့ထုတ် မန္တလေးတိုင်းချစ်သတင်းစာ၌

**ဘီ - အိုင် - အေ စစ်ရန်ပုံငွေ**

**ဗမာ့လွတ်လပ်ရေးတပ်အတွက် ရန်ပုံငွေများကောက်ခံရာ အောက်ပါပုဂ္ဂိုလ်များက ထည့်ဝင်ကြကြောင်း။**

**တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် ငွေ ၃၀၀ိ၊ ပညာဝန်ဟောင်းဦးစိန်ရွှက် ယခင်က ၁၅ိ၊ ယခု ၁၅ိ၊ ပေါင်း ၃၀ိ၊ ပင်စင်စား ဦးခ ၁၀ိ၊ သခင်သာဒင် ယခင် ၅ိ၊ ယခု ၅ိ၊ ပေါင်း ၁၀ိ၊ ဦးအာရုံ ၅ိ၊ ဝတ်လုံတော်ရ ဦးစံဝင်း ၁၀ိ၊ ဦးအလွင် ၁၀ိ၊ ဘစ်ဝဲသား ၁၀ိ၊ ဦးကျော်ဒင် ၃ ကျပ်၊**

စသည်ဖြင့် အလှူရှင်များစာရင်းကို ဖော်ပြထားလေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ကြီး၌လည်း ပြန်လည်ပြုပြင်ရေးများကို လှုပ်ရှားလုပ်ဆောင်နေကြပြီဖြစ်ကြောင်းအား မန္တလေးနေ့စဉ်ထုတ်သတင်းစာမှ ရေးသားဖော်ပြချက်များအရ ဦးဖေမောင်တင်တို့ စစ်ပြေးများ သိရှိနိုင်ကြလေသည်။

– ရန်ကုန်မြို့၌ ဆရာဝန်နှင့် သူနာပြုဆရာမများ အထူးလိုအပ်နေသောကြောင့် လူမျိုးမရွေး၊ ဘာသာမရွေး လျှောက်ထားနိုင်ကြောင်း။

– ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီးနှင့် စာတိုက်ခွဲများမကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် စာတိုက်ဘက်ဆိုင်ရာ အရာရှိများအား အလုပ်ဆင်းကြရန် ဂျပန်စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း။

– ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ဗဟိုစစ်ရုံးအတွင်းရေးမှူးကလည်း စကားပြောသံကြိုးဆက်သွယ်တတ်သော အင်ဂျင်နီယာများနှင့် မော်တော်စက်ပြင်ဆရာများကို အလိုရှိသည်ဟု ကြော်ငြာထားကြောင်း။

– ရန်ကုန်မြို့တွင် ဓာတ်မီးများကိုလည်း စတင်ပေးနေပြီဖြစ်ကြောင်း။

– ရန်ကုန်တွင် စားကုန်သောက်ကုန်များကို ဈေးကြီးမြင့်စွာ တင်၍ရောင်းချနေကြသောကြောင့် မရှိဆင်းရဲသားများအတွက် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း။

– ရန်ကုန်မြို့၌ ချက်ချင်းအမှုထမ်းနိုင်သော လူများသည် တိမ်းရှောင်နေသောမြို့နယ်ဒေသများမှ ရန်ကုန်မြို့

သို့ပြန်၍ဆင်းကြရန် ကောင်းပြီဖြစ်ကြောင်း။

– ဂျပန်စစ်ဘက်အုပ်ချုပ်ရေးဌာနကလည်း မိမိတို့အဖို့ပို၍ အသုံးဝင်မည့်သူများအား ရွေးချယ်ကာ ရန်ကုန်သို့ အမြန်ဆုံးရောက်နိုင်အောင် သီးခြားစီမံပေးနိုင်လျှင် ကောင်းမည်ထင်ကြောင်း။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ရန်ကုန်မြို့ကြီး၏ အခြေအနေကို သတင်းစာများထဲမှ အကဲခတ်လေ့လာရင်း သူ့အတွက် သက်ဆိုင်ရာမှ ဆင့်ခေါ်လာမည့် နေ့ရက်ကိုသာ စောင့်မျှော်နေလိုက်လေသည်။

ဦးဖေမောင်တင်အဖို့ သိပ်ကြာကြာ မစောင့်လိုက်ရချေ။

၁၉၄၂ ခု၊ ဇွန်လ ၄ ရက်၌ ဗမာပြည်ဗဟိုအုပ်ချုပ်ရေး ပြန်လည်ထူထောင်မှုကော်မတီကို ဦးဆောင်ဖွဲ့စည်းရန် ဂျပန်စစ်သေနာပတိကြီးလက်ဖတင်နင်ဂျနရယ်လ် အက်စ်အီးဒါးက တာဝန်လွှဲအပ်လိုက်သော တို့ဗမာဆင်းရဲသားခေါင်းဆောင်ကြီး ဒေါက်တာဘမော်၏

– အမြန်ဆုံးလာခဲ့ပါ...

ဟူသော ဆင့်ခေါ်ချက်အရ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တို့မိသားစုသည် မန္တလေးမှ ရန်ကုန် သို့ ပြန်ဆင်းခဲ့ကြရလေသည်။

ဦးဖေမောင်တင်တို့ မိသားစုသည် မန္တလေးသို့ စစ်ပြေးစဉ်က ကိုယ်ပိုင်မော်တော်ကားနှစ်စီးဖြင့် အခံ့သား ပြေးနိုင်ခဲ့ကြသော်လည်း ယခုရန်ကုန်သို့ ပြန်အဆင်း၌ကား ဂျပန်စစ်တပ်မှ အခမဲ့စီစဉ်ပေးချက်အရ အငှား မော်တော်ကားများကို စီးခဲ့ကြရလေသည်။

ဂျပန်များသည် မန္တလေးမြို့ကို သိမ်းပြီးနောက် မြို့လူထုထံမှ ကိုယ်ပိုင်မော်တော်ကားများကိုလည်း လိုက်လံ သိမ်းယူလိုက်လေသည်။

ဂျပန်များလိုက်သိမ်းသည့် အထဲသို့ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ကိုယ်ပိုင်မော်တော် ကားနှစ်စင်းသည် ပါသွားခဲ့လေသည်။

## (က)

ရန်ကုန်မြို့ကြီးသည် သုံးလကျော်မျှသော အချိန်ကလေးအတွင်း၌ အကြီးအကျယ်ပြောင်းလဲသွားခဲ့လေ သည်။

ယခုမှ အနည်းငယ်ပြန်လည် စည်ကားစပြုလာခဲ့ဟန်ရှိသော ရန်ကုန်မြို့၌ တရုတ်နှင့် ကုလားလူမျိုးများ အတော်နည်းပါးသွားလေသည်။

လွန်ခဲ့သော သုံးလေးငါးလကျော် အချိန်ပိုင်းတုန်းက ဥရောပတိုက်သားနှင့် အင်္ဂလိပ်မျက်နှာဖြူများသာ ကြီးစိုးနေခဲ့သော ရန်ကုန်မြို့၏ အဓိကနှင့် အချက်အချာနေရာများမှန်သမျှ ယခုတွင် အရှေ့အာရှတိုက်မှ အသားဝါ ဂျပန်လူမျိုးစစ်ဗိုလ်၊ စစ်သားများက လွှမ်းမိုးအုပ်စိုးနေကြလေသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေတစ်ခုလုံးကိုလည်း ဂျပန်များက စစ်ရုံးချုပ်အဖြစ် သိမ်းယူအသုံးပြုထားလေသည်။

သည်အတွက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တို့မိသားစုသည် ရန်ကုန်မြို့ထဲမှ ဖိုးစိန်လမ်းရှိ နာမည်ကျော်ဓာတ်မင်းသား ဂရိတ်ဦးဖိုးစိန်၏ ခြံချင်းကပ်အိမ်၌ နေထိုင်လိုက်ကြရလေသည်။

တစ်ချိန်က ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး မျက်နှာဖြူလူမျိုး မစ္စတာစလော့စ်၏ စေတနာမဟန်သော အကြံအဖန်ဖြင့် တက္ကသိုလ်ကျောင်းအုပ်လောင်း ဦးဖေမောင်တင်သည် ဂျပန်ပြည်သို့သွားကာ သူ့မြန်မာစာပေ အတွက်အမြတ်ထုတ်၊ နည်းနာယူရန် စိတ်ကူးကြိုးစားခဲ့ဖူးသည်။

ယခု ဦးဖေမောင်တင် တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်လာခဲ့ချိန်၌ကား ဂျပန်ပြည်မှ ဂျပန်စစ်တပ်များက မြန်မာပြည်သို့လာကာ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကို အပိုင်သိမ်းပြီးနောက် စစ်ဌာနချုပ်လုပ်၍ အမြတ် ထုတ်လိုက်ကြလေပြီ။

ထို့နောက် ဂျပန်အစိုးရက မြန်မာပြည်ကို သူတို့စစ်အုပ်ချုပ်ရေးမှ ဗမာ့ခေတ်သစ်အစိုးရအဖြစ် တည်ထောင်

လွှဲအပ်ပေးလေသည်။

ဗမာ့ခေတ်သစ်အစိုးရကို ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကြီးက ကြိုးကိုင်ရသည်။

ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌနေရာကို ဂျပန်များနှင့်အတူ မြန်မာအမျိုးသားများကပါ ဒေါက်တာဘမော်ကို သဘောတူတင်မြှောက်လိုက်ကြသည်။

ဒေါက်တာဘမော်ကို အဖွဲ့ကြီး၏ဥက္ကဋ္ဌတင်မြှောက်ရာတွင် နှစ်ခြမ်းကွဲနေခဲ့သော သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ ကြီးမှူးသော တို့ဗမာအစည်းအရုံးနှင့် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ကြီးမှူးသော တို့ဗမာအစည်းအရုံးတို့သည် ဒေါက်တာဘမော်ကြီးမှူးသော ဆင်းရဲသား ဝံသာနုအဖွဲ့ကြီး၌ ပူးပေါင်းဖွဲ့စည်းမိကြလေသည်။

သူတို့သည် အဖွဲ့သုံးဖွဲ့ပေါင်းကာ ''တစ်ဖွဲ့၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့်'' စနစ်တစ်ခုကို ပြုလုပ်ဖန်တီးလိုက်ကြသည်။

သည်အတွက် ဒေါက်တာဘမော်ကို မြန်မာပြည်၏ နန်းရင်းဝန်နှင့် ဝန်ကြီးချုပ်အပြင် တစ်ဖွဲ့၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့်စနစ်အရ အာဏာရှင်တစ်ဦးအဖြစ်နှင့်လည်း အားလုံးက လက်ခံတင်မြှောက်ထားလိုက်ကြလေသည်။

အာဏာရှင်စနစ်အရ တို့ဗမာသီချင်းမှ သံပြိုင်အပုဒ်ကို အမျိုးသားသီချင်းအဖြစ် သတ်မှတ်လိုက်လေသည်။

၁၉၄၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့၌ ဂျပန်စစ်ဘက်ဆိုင်ရာများက ဒေါက်တာဘမော်ကို နန်းရင်းဝန်နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်လွှဲအပ်ခဲ့သည့်နည်းတူ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ သစ်တောရေး၊ ကူးသန်းရေးနှင့် စက်မှုလက်မှု၊ အဆက်အသွယ်နှင့် ဆည်မြောင်း၊ ပညာရေးနှင့် ကျန်းမာရေး၊ တရားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အဆောက်အအုံဌာနဆိုင်ရာများအတွက်လည်း ဝန်ကြီးတစ်ဦးစီ အသီးသီးခန့်အပ်လိုက်လေသည်။

ထိုကဲ့သို့ တာဝန်ပေးအပ်ခံရသော ဝန်ကြီးဌာနဆိုင်ရာများ၏ လုပ်ရှားဆောင်ရွက်ချက်အရ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့ရန်ကုန်တက္ကသိုလ်ကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ရလေသည်။

သို့ရာတွင် ဦးဖေမောင်တင်သည် သူ့တက္ကသိုလ်ကျောင်းကြီးကို ယခင်တက္ကသိုလ်နယ်မြေ၌ရှိသော အဆောက်အအုံဟောင်းများ၌ကား ဖွင့်လှစ်မပေးနိုင်ချေ။

တက္ကသိုလ်နယ်မြေမှ အဆောက်အအုံများကို ကျောင်းပြန်ဖွင့်လှစ်ရန် မဆိုထားနှင့်၊ အနားသို့ပင် သီခွင့်မရအောင် စစ်ရုံးချုပ်ပြုလုပ်ထားခြင်းကြောင့် ဦးဖေမောင်တင်သည် ရန်ကုန်တက္ကသိုလ်ရုံးခန်းကို ဗျိုင်းရေအိုးစင်လမ်း၌ ဖွင့်လှစ်လိုက်ရသည်။

တက္ကသိုလ်စာသင်တန်းများကိုမူ ရန်ကုန်မြို့တွင်း ကော်မရှင်နာလမ်းရှိ ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်မှ စိန့်ဂျွန်းမိန်းကလေးကျောင်း* ၌ ဖွင့်လှစ်သင်ကြားပေးလိုက်ရလေသည်။

သက်ဆိုင်ရာဝန်ကြီးဌာနမှ အမိန့်ကျလာခဲ့သောအခါ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တက္ကသိုလ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းစာများ၌ ကြော်ငြာထည့်လိုက်သည်။

သတင်းစာများထဲမှ ကြော်ငြာကိုတွေ့သည်နှင့် တစ်ချက်တည်း၊ တက္ကသိုလ်သို့တက်ရောက်သင်ကြားလိုသော အသစ်အဟောင်း ကျောင်းသူကျောင်းသားများ အပြေးအလွှားရောက်လာခဲ့ကြလေသည်။

ထိုကဲ့သို့ ရောက်လာကြသော ကျောင်းသူကျောင်းသားများကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ကျောင်းသားရလျှင်ပြီးရောသဘောမျိုးဖြင့် ပြီးစလွယ်လက်မခံခဲ့ချေ။

တက္ကသိုလ်သို့ဝင်လိုသော ကျောင်းသူကျောင်းသားအသစ်သည် သက်ဆိုင်ရာကျောင်းအုပ်ကြီးထံမှ ဆယ်တန်းကို အမှန်တကယ်အောင်မြင်ခဲ့ကြောင်း ထောက်ခံချက်ယူလာပေးရသည်။

ထို့အတူ တက္ကသိုလ်ကျောင်းသူကျောင်းသားဟောင်းများသည်လည်း သူတို့သက်ဆိုင်ရာနည်းပြ ကထိကနှင့် ပါမောက္ခဆရာများထံမှ ထောက်ခံချက်များကို ယူလာပေးကြရလေသည်။

သူတို့ထံမှ ထောက်ခံချက်များသည် အစစ်အမှန်ဟုတ်၊ မဟုတ်၏ကို စစ်ဆေးကြည့်ရှုပြီးမှ ကျောင်းအုပ်

* St.John's Convent High School
(ယခု၊ လသာ အ-ထ-က၊ အမှတ်-၂)

ကြီး ဦးဖေမောင်တင်က ရောက်လာသောကျောင်းသူကျောင်းသားများကို တက္ကသိုလ်သင်တန်းများသို့ စာရင်းသွင်း ခွင့်ပြုခဲ့လေသည်။

ထို့နောက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ခေတ်ကာလအလျောက် ပြောင်းလာခဲ့သော ခေတ်သစ်တက္ကသိုလ်ကျောင်းကြီးကို ဆရာများပြည့်ပြည့်စုံစုံ ကျောင်းသူကျောင်းသားများ စည်းစည်ကားကားဖြင့် ဖွင့်လှစ်သင်ကြားပေးလိုက်နိုင်လေသည်။

ခေတ်သစ်တက္ကသိုလ်ကျောင်းကြီးသည် အင်္ဂလိပ်စာတစ်ဘာသာမှလွဲ၍ ကျန်ဘာသာရပ်များကို ယခင်မူ ဟောင်းအတိုင်း သင်ကြားပို့ချပေးလေသည်။

ယခုကဲ့သို့ ခေတ်သစ်တက္ကသိုလ်ကျောင်းကြီးကို ဖွင့်လှစ်ရာ၌ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ခမျာ မသက် သာလှချေ။

ဂျပန်စစ်တပ်၏ကောင်းမှုကြောင့် သူ့ကိုယ်ပိုင်မော်တော်ကားနစ်စီးစလုံး အနိစ္စသဘောကိစ္စချောသွားခဲ့သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် စက်ဘီးမဟောင်းတဟောင်းကလေး တချောက်ချက်ချက်ဖြင့် သူ့အိမ်ရှိရာ ဖိုးစိန်လမ်းမှ တာမွေဖျိုင်းရေအိုးစင်လမ်းရုံးခန်းသို့ သွားရသည်။

ဖျိုင်းရေအိုးစင်လမ်းရုံးခန်းမှ စာသင်တန်းများရှိသော ကော်မရှင်နာလမ်း စိန့်ဂျွန်း မိန်းကလေးအထက် တန်းကျောင်းသို့ စက်ဘီးကလေးနင်းကာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် နေ့စဉ်သွားရပြန်လေသည်။

ပထမ၌ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို သူ့ရုံးခန်းမှ မင်းစေကလေးက စက်ဘီးနင်းကာ အသွားအပြန်လိုက်ပို့ လာကြိုပေးခဲ့လေသည်။

တစ်နေ့ ဦးဖေမောင်တင်သည် မင်းစေကလေးနင်းပို့ပေးသော စက်ဘီးပေါ်၌ ထိုင်လိုက်သွားစဉ် မင်းစေ ကလေးသည် ဘယ်လိုက ဘာဖြစ်သွားသည်မသိ၊ အရှိန်နှင့်လိမ့်နေသော စက်ဘီးသည် ရုတ်တရက် ပစ်လဲ သွားသည်။

ထိုအခါ စက်ဘီးပေါ်မှ မင်းစေကလေးနှင့်အတူ တက္ကသိုလ်ကျောင်းအုပ်ကြီးဦးဖေမောင်တင်သည်လည်း ကျွမ်းပစ်ကျသွားလေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ခမျာ စက်ဘီးလဲခြင်းအတွက် နဖူးကွဲ ဒူးပြဲကာ အသားများ ပွန်းပဲ့သော ဒဏ်ရာများကို အတော်ကလေးဆေးထည့် ကုသလိုက်ရလေသည်။

နောက်ပိုင်း၌ ဦးဖေမောင်တင်က သူ့စက်ဘီး သူတစ်ယောက်တည်းနင်းကာ အိမ်မှရုံး၊ ရုံးမှကျောင်းသို့ ကူး သန်းလှည့်လည်သွားလာလိုက်လေတော့သည်။

ဦးဖေမောင်တင်သည် ပါမောက္ခဘဝ မော်တော်ကားမဝယ်နိုင်မီတုန်းက အကောင်းစား ထရိုင်မော်တော် ဆိုင်ကယ်ကို အကျစီးကာ ကျောင်းတက်ကျောင်းဆင်းပြုနိုင်ခဲ့သေးသည်။

ယခု ဂျပန်မာစတာများ ကူမလိုက်သော ဗမာ့ခေတ်သစ်အစိုးရလက်ထက်တက္ကသိုလ်ကျောင်းအုပ်ကြီး ဘဝ၌ကား ဦးဖေမောင်တင်ခမျာ သူ့အထက်တန်းကျောင်းသားဘဝတုန်းက စကြာမင်းဟု နာမည်တွင်ခဲ့သော ပညာမင်းကြီးရုံး ပြာတာဆိုင်ကယ် ပြွန်းကုလားစက်ဘီးလောက်မျှမကောင်းသော စက်ဘီးအဟောင်းကလေးကို တချောက်ချက်ချက်နင်း၍ ရုံးတက်ကျောင်းဆင်းပြုနေရလေတော့သည်။

ဦးဖေမောင်တင်သည် မမြဲသောလူ့ဘဝကြီး၏ ပြောင်းလဲဖြစ်ပျက်မှုကို တွေးကာ ပြုံးမိတတ်သော်လည်း ဝမ်းမနည်းချေ။

သူသည် ပင်ပန်းအားစိုက် သွားလာလှုပ်ရှားနေရသော်လည်း စိတ်ပျက်ညည်းညူခြင်းလည်း အလျှင်းမပြုမိချေ။

သူသည် အလုပ်အကိုင်မရှိဘဲ ငြိမ်းငြိမ်းထိုင်နေရခြင်းထက် သူ့စိတ်အားထက်သန်လှသော စာပေပညာရေး များအတွက် ပင်ပင်ပန်းပန်းသွားလာဆောင်ရွက်နေရသည်ကို ပျော်မွေ့နှစ်သက်နေမိလေသည်။

ယခုကဲ့သို့ ရှားပါးခက်ခဲသော စစ်မက်ကာလအတွင်း၌ပင် ပညာလိုလားစွာ စည်စည်ကားကား ကြိုးစားအား ထုတ်သင်ယူနေကြသော တပည့်ကျောင်းသားများကိုကြည့်ကာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် စက်ဘီးအဟောင်းကလေးကို ချွေးပြိုက်ပြိုက်ကျမျှနင်းနေရသော သူ့အဖြစ်ကို သတိမရအားအောင် အားရကျေနပ် နေမိလေသည်။

တစ်နေ့တွင် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ဖျိုင်းရေအိုးစင်လမ်း သူ့ရုံးခန်းမှ ကော်မ

ရှင်နာလမ်းစာသင်တန်းများဆီသို့ စက်ဘီးကလေးကို အားစိုက်နင်းသွားစဉ် သူ့ဘေးနားမှ မော်တော်ကားတစ်စီး ကျော်ဖြတ်သွားလေသည်။

သူ့စက်ဘီးသူ ဂရုစိုက်၍ နင်းသွားနေရသော ဦးဖေမောင်တင်က ဘယ်မော်တော်ကားကိုမျှ သတိထား မကြည့်အားချေ။

သူသည် တစ်ချိန်တုန်းက သူ့မော်တော်ဆိုင်ကယ်နှင့် ဘုရင်ခံ၏ မော်တော်ကားကို ဝင်တိုက်ခဲ့ဖူးသလို ယခု သူ့စက်ဘီး အစုတ်ကလေးနှင့် ဂျပန်စစ်ဗိုလ်စစ်သားများ၏ မော်တော်ကားများကို ဝင်မတိုက်မိအောင် သူ့လမ်းသူ ဂရုထားကြည့်သွားနေရသည်။

တဝီးဝီးမောင်းနေသော ဂျပန်စစ်မော်တော်ကားများနှင့် ဝင်တိုက်မိပါက စက်ဘီးအဟောင်းကလေးနှင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အဖို့ နဖူးကွဲဒူးပြဲရုံမကဘဲ အသက်ပါပွဲချင်းပြီး ပျောက်သွားနိုင်သည် မဟုတ်ပါလား။

ထို့အပြင် ဘယ်ပြန်ညာပြန်ပါးအရိုက် ကျွမ်းကျင်သော အသားဝါ ဂျပန်မာစတာတချို့ကို မျက်နှာမြှု ဘုရင်ခံတုန်းကကဲ့သို့ တရားစွဲဖို့ စိတ်ကူးမျိုးထည့်၍ မရနိုင်ကြောင်းကိုလည်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် ကောင်းကောင်းနားလည်ထားလေသည်။

သူ့ကိုဖြတ်ကျော်သွားသော မော်တော်ကားသည် ဦးဖေမောင်တင်ထံသို့ ရုတ်တရက် နောက်ပြန်ဆုတ်လာ ခဲ့သည်။

ထို့နောက် မော်တော်ကားပေါ်မှ တစ်စုံတစ်ယောက်က သူ့ကို လှမ်းမေးလိုက်လေသည်။

''ဆရာကြီး ကျောင်းသွားမလို့လား ဟုတ်လား''

သည်အတွက် ဦးဖေမောင်တင်က သူ့စက်ဘီးကို ဘရိတ်အုပ်၍ ခြေတစ်ဖက်မြေကြီးကို လှမ်းထောက်ကာ ရပ်ရင်း မော်တော်ကားပေါ်မှ နှုတ်ဆက်မေးမြန်းသူကို သတိထားကြည့်လိုက်ရသည်။

ထိုအခါ မော်တော်ကားပေါ်မှ သူ့ကိုလှမ်းမေးနေသူမှာ စစ်ဝတ်စုံတွင် ဗိုလ်မှူးကြီးရာထူးတံဆိပ်များ တပ်ဆင်ထားသော ဗိုလ်အောင်ဆန်းဖြစ်ကြောင်း ဦးဖေမောင်တင် တွေ့လိုက်ရလေသည်။

တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးမှ ယခုတိုင်းပြည်ခေါင်းဆောင်ဗိုလ်မှူးကြီးဖြစ်နေသော သူ့ တပည့် ကျောင်းသားဟောင်း ဗိုလ်အောင်ဆန်းကို လူချင်းအနေနှင့်ကား ဦးဖေမောင်တင် မဆုံမိသလောက် အဆက်ပြတ်နေခဲ့သည်။

သို့သော်လည်း မြန်မာပြည်နှင့် မြန်မာလူမျိုးတို့ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသော ရဲဘော်သုံးကျိပ်ခေါင်းဆောင်ဗိုလ်တေဇအမည်ခံ ဗိုလ်အောင်ဆန်း၏ ဆောင်ရွက်အောင်မြင်ချက်သတင်းများကိုမူ ဦးဖေမောင်တင် မပြတ်တမ်း ကြားသိဖတ်ရှုနေရလေသည်။

ထိုကဲ့သို့ အောင်မြင်ကျော်ကြားနေသော ဗိုလ်မှူးကြီးအောင်ဆန်းသည် မော်တော်ကားနှင့် ဖြတ်သွားစဉ် စက်ဘီးအဟောင်းကလေးကို တချောက်ချောက်နင်းကောင်းနေသော တစ်ချိန်တုန်းက သူ့ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်ကို တွေ့မြင်သွားပုံရှိသည်။

''ဆရာကြီး ကျောင်းသွားမလို့ မဟုတ်လား။ ကျွန်တော်တို့ ကားနဲ့ လိုက်ပို့ပေးပါ့မယ်''

သူ့ဘဝမှာ အောင်မြင်ကျော်ကြားသွားသော်လည်း ဟိတ်ဟန်များမရှိဘဲ သူ့ဆရာသမားကို မှတ်သားသတိရကာ စေတနာထားလာသော တပည့်ကျောင်းသားဟောင်း ဗိုလ်မှူးကြီးအောင်ဆန်း၏ စိတ်ဓာတ်ကို ဦးဖေမောင်တင်က ရင်ထဲမှ ချီးကျူးကြည်နူးလိုက်မိလေသည်။

ပြီးမှ ဦးဖေမောင်တင်က တပည့်ဟောင်း ဗိုလ်မှူးကြီးအောင်ဆန်းကို တုံ့ပြန်ပြောဆိုလိုက်လေသည်။

''ကျေးဇူးတင်ပါတယ်...ဒါပေမဲ့ နေပါစေ၊ ဆရာ့မှာ ခြေနင်းစက်ကြာဘီးနှစ်ဘီးပါတယ်လေ''

''ဆရာကြီးမှာ ဘီးပါပေမယ့် ကြုံကြိုက်တုန်း ကျွန်တော်တို့လိုက်ပို့ပေးပါရစေ၊ လာပါဆရာကြီး၊ ကားပေါ် တက်ပါ၊ ဟေ့ရဲဘော်၊ ဆရာကြီး စက်ဘီးကို ကားနောက်က ချိတ်တင်ခဲ့ကွာ''

ဦးဖေမောင်တင်က ငြင်းသော်လည်း သူ့ဆရာကြီး စက်ဘီးကလေးနင်းသွားနေရသည်ကို မကြည့်ရက် မမြင်ရက်သောကြောင့်လားမသိ။ ဗိုလ်မှူးကြီးအောင်ဆန်းသည် ဖွတ်အတင်းပင် မော်တော်ကားပေါ်တင်၍ ကျောင်း သို့အရောက်ပို့ပေးသွားခဲ့လေသည်။

ထိုကဲ့သို့ စက်ဘီးအဟောင်းကလေးတစ်စီးဖြင့် ကူးချည်သန်းချည်ပြုကာ ထူထောင်ဖွင့်လှစ်ထားသော ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ တက္ကသိုလ်စာသင်တန်းများဆီသို့ တစ်ရက်တွင် ဧည့်သည်တော်နှစ်ဦးတို့ ရုတ်တရက်ရောက်လာကြသည်။

ထိုဧည့်သည်နှစ်ဦးကား ပညာမင်းကြီးဦးချို့နှင့် တွဲဖက်ပညာရေးအထူးအရာရှိ ဂျပန်စစ်ဗိုလ်တစ်ဦးတို့ဖြစ်ကြလေသည်။

ဧည့်သည်များသည် စာသင်တန်းများကို ကြည့်ရှုလေ့လာပြီးနောက် ဂျပန်စစ်ဗိုလ်က တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကောက်၍ မေးခွန်းထုတ်လိုက်လေသည်။

''အခု ဒီတက္ကသိုလ်မှာ ဘာဖြစ်လို့ ဂျပန်စာကို မသင်သလဲ၊ ထည့်ပြီးသင်ပေးပါ''

ဂျပန်စစ်ဗိုလ်က သူတို့ဂျပန်စာကို ထည့်သင်ရမည်ဟုလည်း အမိန့်ပေးသလို ဆိုလိုက်သည်။

''တက္ကသိုလ်မှာ ဂျပန်စာသင်ပေးဖို့က ဗမာပြည်မှာ တက္ကသိုလ်အဆင့်ကို တက်သင်ပေးဖို့အတွက် အခြေခံဖြစ်တဲ့ အထက်တန်းဂျပန်စာကို တတ်သူတွေမရှိသေးလို့ ဂျပန်စာကို ထည့်သင်ပေးဖို့ မဖြစ်နိုင်သေးပါဘူး''

ဂျပန်စစ်ဗိုလ်၏ အမေးနှင့်အမိန့်ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အမှန်အတိုင်း အပြီးအပြတ် ပြန်ဖြေလိုက်သည်။

သူ့အဖြေကို ဂျပန်စစ်ဗိုလ်မကျေနပ်ဖြစ်သွားကြောင်း ဦးဖေမောင်တင် နားလည်လိုက်သည်။

သို့သော်လည်း သူ ဘာမျှမတတ်နိုင်ချေ။

ဂျပန်များ အကြိုက်လိုက်ကာ မျက်နှာလိုအားရလုပ်၍ သူ့တက္ကသိုလ်ကြီး၌ ကျောင်းအုပ်ကြီးဦးဖေမောင်တင်က ဂျပန်စာသင်ပုန်းကြီး–

''အ–အီး–အူး–အဲ–အော…''

အစရှိသော ဘူးသီးငါးပေါင်းကြော်များကို ထည့်သွင်းသင်ကြားနိုင်အောင် စီစဉ်ဖန်တီးပေးလိုလျှင် ဖြစ်လေသည်။

သို့ရာတွင် တက္ကသိုလ်ကျောင်းအုပ်ကြီး တာဝန်ကို ယူထားရသော ဦးဖေမောင်တင်က ဂျပန်များအကြိုက် လိုက်ရောမျက်နှာလုပ်ရေးအတွက် တက္ကသိုလ်ပညာသင်ကြားရေး သတ်မှတ်ချက်များကို ဖောက်ဖျက်ကာ၊ တက္ကသိုလ်အဆင့်မဟုတ်သော ဂျပန်စာသင်ပုန်းကြီးကို ထည့်သွင်းသင်ကြားရန် စီစဉ်ညွှန်ကြားခြင်းမပြုဘဲ ထားလိုက်လေသည်။

ထို့နောက် ၁၉၄၃ ခု၊ ဧပြီလ ၂၄ ရက်နေ့၌ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ အသက် ၅၅ နှစ်ပြည့်လေသည်။

အစိုးရ အမှုထမ်းအရာထမ်းတစ်ယောက်အဖို့ အသက် ၅၅ နှစ်ပြည့်ခြင်းသည် အလုပ်မှ အငြိမ်းစားယူရန် အချိန်သို့ ရောက်သွားရခြင်းဖြစ်လေသည်။

သို့ရာတွင် သက်ဆိုင်ရာအစိုးရက တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို အငြိမ်းစားမပေးဘဲ လက်ရှိတာဝန်အား ဆက်လက်ထမ်းဆောင်စေလေသည်။

ထိုအခါ ဦးဖေမောင်တင်ကလည်း မငြင်းဆန်ဘဲ တက္ကသိုလ်ကျောင်းအုပ်ကြီးတာဝန်များကို ဝမ်းသာအားရ ဆက်လက်ဆောင်ရွက်လိုက်လေသည်။

ထိုကဲ့သို့ သက်လွန်အမှုထမ်းတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့ဘဝ တစ်လျှောက်လုံး၌ အထက်မှ စုံစမ်းစစ်ဆေးမှုကို ဒုတိယအကြိမ် ရင်ဆိုင်ခံယူလိုက်ရပြန်လေသည်။

ဦးဖေမောင်တင်အပေါ် စုံစမ်းစစ်ဆေးရန် ယခုတစ်ခါ ဖြစ်ပေါ်လာခဲ့ရသည့်အကြောင်းရင်းကား

အင်္ဂလိပ်အစိုးရ မေမြို့သို့ ပြောင်းရွှေ့တော့မည်ဖြစ်၍ တက္ကသိုလ်ကျောင်းအုပ်ကြီးရုံးကိုလည်း မန္တလေးသို့ စစ်ပြေးပြောင်းရွှေ့ခဲ့စဉ်က ဦးဖေမောင်တင်၏လက်ထဲ၌ ကျောင်းပိုင်ငွေကျပ်နှစ်သောင်းတိတိပါရှိသွားသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီးထံ၌ ကျောင်းငွေကျပ်နှစ်သောင်းပါရှိသွားကြောင်း သိရှိထားသော ကျောင်းစာရေးတစ်ယောက်က စစ်အတွင်း စစ်ပြေးလစာအဖြစ် သူ့ကို ငွေကြိုထုတ်ပေးထားရန် ဦးဖေမောင်တင်အား တောင်းဆိုလာခဲ့သည်။

ထိုစာရေးကို

''ဟ ကျောင်းပိုင်ငွေကို ငါ့သဘောအတိုင်း ပေးလို့မဖြစ်ဘူးထင်တယ်။ အခုလိုစစ်အတွင်း အစိုးရအပြောင်းအလဲမှာ မင်းအဖို့ လခမရသလို၊ ငါလည်း လခ မထုတ်ရဘူးကွ''

ဟု ဦးဖေမောင်တင်က ရှင်းပြခဲ့သည်။

ထို့နောက် ဘီ–ဒီ–အေ ရန်ပုံငွေ အလှူလာခံစဉ်ကလည်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံ၌ ကျောင်းပိုင်ငွေများပါလာကြောင်း ကြားထား၍လားမသိချေ။

အလှူခံအဖွဲ့က

''ဆရာကြီးအနေနဲ့ တစ်ထောင်ထည့်ပါ''

ဟု တောင်းဆိုခဲ့သည်။

သို့ရာတွင် ကျောင်းပိုင်ငွေကို သူ့အနေဖြင့် သုံးစွဲလှူဒါန်းပေးကမ်းခွင့်မရှိဟု ခံယူစွဲမြဲထားသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က

''အခု စစ်အတွင်းမှာ ဆရာကြီးလည်း လခ မရဘူးကွယ့်၊ ပြီးတော့ ဆရာ့မှာ စုပြီးဆောင်းပြီးသားလည်း များများမရှိဘူးလေ၊ ဒီတော့ ဆရာကြီးမှာပါသမျှ လိုက်ရှာစုရင်တောင် ငွေတစ်ထောင်ပြည့်နိုင်လိမ့်မယ် မထင်ပါဘူး၊ ဒါပေမဲ့ မရှိရှိတဲ့အထဲကပဲ ဆရာကြီး စေတနာအပြည့်နဲ့ ငွေ ၃၀၀ လှူလိုက်ပါ့မယ်''

ဟု သူ့ကိုယ်ပိုင်ငွေထဲမှ ရက်ရက်ရောရော ပေးလှူခဲ့လေသည်။

အကယ်၍ သူ့စိတ်၌သာ မရိုးမသားထားခဲ့ပါက ကျောင်းပိုင်ငွေထုပ်ကြီးကို တပိုက်ပိုက် ဒုက္ခခံ၍ မပျောက်မပျက်အောင် သိမ်းဆည်းသယ်ပိုးနေမည့်အစား ထိုငွေထဲမှ သင့်သလိုအလှူငွေထည့်၍ တောင်းလာသော စာရေးကိုလည်း ကြည့်ရှုပေးလိုက်ပြီးနောက် စာရင်းလိမ်များဖြင့် ငွေကျပ်နှစ်သောင်းလုံးကို အပျောက်ရိုက်ကာ ဦးဖေမောင်တင် အပိုင်စီးနိုင်လေသည်။

သို့ရာတွင် သူတစ်ပါးအမြင်၌ လူနံ့လူ့အတစ်ယောက်အဖြစ် သတ်မှတ်ခံရကောင်း သတ်မှတ်ခံရမည်လားမပြောတတ်သော တက္ကသိုလ်ကျောင်းအုပ်ကြီးဦးဖေမောင်တင်ကမူ ကျောင်းပိုင်ငွေများကို တစ်ပြားမျှ မပျောက်မပျက်စေဘဲ တာဝန်ကြီးတစ်ခုအဖြစ် သိမ်းဆည်းထည့်သိုထားခဲ့လေသည်။

ထို့နောက် ရန်ကုန်သို့ ပြန်ရောက်လာခဲ့သော ဦးဖေမောင်တင်သည် သတင်းစာများထဲ၌ ပါလာသော အမိန့်ကြော်ငြာစာအရ ...

ဘဏ္ဍာရေးဌာန ကြေညာချက်

ယခင်အစိုးရလက်ထက်တွင် အစိုးရအရာရှိများလက်ထဲ၌ အမြဲလက်ရှိငွေအဖြစ်ဖြင့်သော်လည်းကောင်း၊ အခြားအသုံးများ အတွက် ထုတ်ယူထားရာတွင် မသုံးရသေးသော ငွေများလည်းကောင်းရှိလေသည်၊ ၎င်းငွေများသည် အစိုးရငွေများဖြစ်၍ ယခု ဗမာအစိုးရသာလျှင် ပိုင်ဆိုင်ရကား ထိုအရာရှိတို့မှာ ၎င်းငွေများကို ယခုအစိုးရလက်သို့ ပြန်သွင်းရန် တာဝန်ရှိသည်အားလျော်စွာ ဤကြော်ငြာသည့်နေ့မှတစ်လအတွင်း အတွင်းဝန်များရုံးဘဏ္ဍာရေးဌာနအတွင်းဝန်လက်သို့ အပ်နှံရမည်ဖြစ် ကြောင်း ဆင့်လိုက်သည်၊

သူတွင် တပိုက်ပိုက်နှင့် တာဝန်ကြီးနေခဲ့သော ငွေနှစ်သောင်းထုပ်ကြီးကို သက်ဆိုင်ရာသို့ အပြေးအလွှားသွားအပ်လိုက်လေတော့သည်။

ယခု အဆိုပါ ငွေကျပ်နှစ်သောင်းနှင့်ပတ်သက်၍ ဟိုစဉ်က တောင်းဆိုခဲ့ဖူးသော စာရေးက စိတ်ကူးရကာ တိုင်ကြားချက်အရ သက်ဆိုင်ရာမှ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အပေါ်သို့ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းဖြစ်လေသည်။

ထိုငွေပြဿနာ စုံစမ်းစစ်ဆေးမှုကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ရုံးတက်ဖြေရှင်းရမည်ဖြစ်သည်။

ဦးဖေမောင်တင်အတွက် သူ့မိတ်ကောင်းဆွေဟောင်းကြီး နာမည်ကျော်ရှေ့နေကြီး ဒေါက်တာဘဟန်က ကူညီဆောင်ရွက်ပေးလေသည်။

တရားရုံးကို သော့မတ်စ်ဒီလာရှူး အဆောက်အအုံ၌ ဖွင့်လှစ်ထားခဲ့သည်။

ထိုနေ့က တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် အမှုဆိုင်ရန်အတွက် မိတ်ဆွေရှေ့နေကြီး ဒေါက်တာဘဟန်နှင့်အတူ တရားရုံးသို့သွားလိုက်သည်။

ထို့နောက် တရားသူကြီးရောက်လာကာ အမှုကို စတင်စစ်ဆေးမည်အပြုတွင် အင်္ဂလိပ်လေယာဉ်ပျံများ ရုတ်တရက်ရောက်လာ၍ ဗုံးများကို ဝုန်းဒိုင်းညံအောင်ကြဲချလိုက်လေသည်။

ထိုအခါ ရုံးပေါ်မှလူများ ကြောက်လန့်တကြား ဆင်းပြေးကြလေတော့သည်။

ရုံးပေါ်၌ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်နှင့် သူ့ရှေ့နေကြီး ဒေါက်တာဘဟန်တို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြလေသည်။

ဦးဖေမောင်တင်နှင့် ဒေါက်တာဘဟန်တို့နှစ်ယောက်သည် ဘုရားသခင်က အလိုတော်ရှိ၍ သူတို့အပေါ် တည့်တည့်ကို ဗုံးကျပြီးနောက် သေကာမှ သေစေဟု ဘုရားတရားနှလုံးသွင်းလျက် ရုံးပေါ်က ဆင်းမပြေးဘဲ ဆက်ထိုင်နေလိုက်ကြသည်။

ထို့နောက် အင်္ဂလိပ်လေယာဉ်ပျံများသည် သူခိုးလက် သူဝှက်လုဆိုသကဲ့သို့ သူတို့ အင်္ဂလိပ်အစိုးရထံမှ ဂျပန်များလုယူစိုးမိုးနေသော ရန်ကုန်မြို့ကြီးကို သဲသဲမဲမဲ ထင်တိုင်းကြဲပြီးမှ ပြန်သွားကြလေသည်။

ရန်ကုန်မြို့ကြီးသည်ကား လူ့အသက်များ သေကျေပျက်စီးခြင်းအတွက် ထိခိုက်ဒိုင်းကျိုက်သံများ၊ အပြေးအလွှား ကယ်ဆယ်ရေးလှုပ်ရှားမှုအသံဗလံများ၊ အဆောက်အအုံအချို့ ပြိုကျပျက်စီးသံများ၊ ဂျပန်စစ်ကားသံများ၊ တစ်မြို့လုံးတုန်ဟည်းသွားအောင် သူ့အချိန်စေ့တိုင်း ထပေါက်သော တိုင်းဗုံးကွဲသံ အစရှိသည်များဖြင့် ပွမ်းညံ့ကျန်ခဲ့လေတော့သည်။

သူ့အိမ်ရှိသော ဖိုးစိန်လမ်းဘက်သို့မှ ဗုံးများချခဲ့သောကြောင့် ဘေးရန်လွတ်ကောင်း၏ဟု ဦးဖေမောင်တင် တွေးထင်ကာ လွတ်ပါစေဟုလည်း ဆုတောင်းလိုက်မိသည်။

သူ့အိမ်သားများအဖို့ ဘေးလွတ်သည့်တိုင် အိပ်ရာထဲ၌လဲကာ ဆရာဝန်၏ကုသမှုကို ခံယူနေရသော သူ့ဇနီးနှင့်အတူ သားသမီးကလေးများကြောက်လန့်တကြား ဟိုပြေးသည်လွှားဖြစ်နေကြမည့်အရေးကိုတွေးကာ ဦးဖေမောင်တင် စိတ်ပူသွားမိသည်။

သူ့အိမ်သုံ့အိမ်သားများအားရှိသွားအောင် ဦးဖေမောင်တင်၏ စိတ်ထဲတွင် အိမ်သို့ချက်ချင်း ပြန်ပြေးသွားလိုက်ချင်သည်။

သို့ရာတွင် ဆိုင်ရမည့်အမှုကိစ္စက စပင်မစရသေးသောကြောင့် ဦးဖေမောင်တင်သည် သူ့အိမ်သို့ပြန်ချင်စိတ်ကို မျိုသိပ်ကာ မိတ်ဆွေရှေ့နေကြီး ဒေါက်တာဘဟန်နှင့်အတူ ရုံးပါမှ ဆင်းပြေးသွားခဲ့ကြသော တရားသူကြီးအဖွဲ့ ပြန်တက်လာကြအောင် စောင့်နေလိုက်ရသည်။

၁၀ မိနစ်မှ နာရီဝက်အထိသာ အချိန်များ ကုန်လွန်သွားခဲ့သည်။

တရားသူကြီးနှင့်အဖွဲ့ကား ရုံးပေါ်သို့ ပြန်ရောက်မလာကြချေ။

"ကဲ ဘယ်လိုလဲရှေ့နေကြီးရေ ရုံးမင်းတွေလည်း အခုထိ ပြန်တက်မလာကြသေးပါလား ဗျ"

"အင်း ကြည့်ရတာတော့ ရုံးမင်းတို့ ဒီကနေ့ ရုံးအပြီးဆင်းသွားကြပြီနဲ့တူတယ်ဗျ။ တက္ကသိုလ်ကျောင်းအုပ်ကြီးရဲ့"

"ကိုင်း ဒီလိုဖြင့်လည်း ကျုပ်တို့ ဆက်စောင့်နေလို့ အပိုပေါ့"

"ဟုတ်တယ် ပြန်ကြစို့"

တစ်ရုံးလုံးတွင် သူတို့နှစ်ယောက်တည်းသာ တိတ်ခြောက်စွာရှိနေသော အမှုသည် တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်နှင့် ဗိလပ်ပြန်ရှေ့နေကြီး ဒေါက်တာဘဟန်တို့သည် ရုံးသို့ အချိန်မီရောက်ခဲ့ပါလျက် အမှုကို မဆိုင်ရဘဲ တရားရုံးမှ ပြန်ခဲ့ကြရလေတော့သည်။

သည်ငွေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနနှင့်အတူ တရားရုံးမှလည်း ဆက်လက်စုံစမ်းစစ်ဆေး ဆင့်ခေါ်ခြင်းများ မပြုတော့သဖြင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အတွက် အလုပ်ပိုအချိန်ဖြုန်းရခြင်း ကိစ္စရပ် ပြဿနာတစ်ခုမှ လွတ်ကင်းအေးချမ်းသွားလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်အတွက် ပြဿနာတစ်ရပ်မှ အေးချမ်းသွားခဲ့သော်လည်း ကမ္ဘာကြီးနှင့်အတူ ဗမာပြည်၏ အခြေအနေသည်ကား အရှိန်ပိုမြင့်လာသော စစ်မီးရောင်ဖြင့် ပို၍သာ ပူလောင်ဆူပွက်လာခဲ့လေသည်။

စစ်ရေးစစ်ရာအခြေအနေ အရပ်ရပ်တို့မှာလည်း သည်နေ့နှင့် မနက်ဖြန်မတူအောင် ပြောင်းလဲဖြစ်ပျက်နေကြလေသည်။

ကမ္ဘာ့အနောက်ခြမ်း ဥရောပတိုက်အဝန်း၌ တစ်ချိန်ကစစ်ရှုံးကာ ငြိမ်ကုပ်နေခဲ့ရသော ဂျာမနီပြည်သည် ယခုတွင် အာဏာရှင်ဟစ်တလာ၏ ဦးဆောင်မှုဖြင့် အခြားတိုင်းနိုင်ငံများအပေါ် ခေါင်းမော့ နယ်ချဲ့အနိုင်ယူလျက်ရှိလေသည်။

ယခုဆိုလျှင် ဂျာမနီဟစ်တလာသည် ပြင်သစ်ပြည်ကြီးကို အနိုင်တိုက်၍ အပိုင်သိမ်းကာ ကမ္ဘာ့နယ်ချဲ့မှုတွင် တစ်ဂဏန်းရှေ့တန်းမှနေခဲ့သော အင်္ဂလန်ကျွန်းကလေးကိုပင် ဆက်လက်သိမ်းပိုက်နိုင်ရေးအတွက် အကွက်ချောင်းလျက်ရှိလေသည်။

ဟစ်တလာအပိုင်သိမ်းထားနိုင်သော ပြင်သစ်ပြည်နှင့် အင်္ဂလန်ကျွန်းကလေးသည် ရေလက်ကြားကလေး တစ်ခုမျှသာ ခြားနားနေသည် မဟုတ်ပါလား။

အောင်ပွဲများ ဆက်တိုက်ရကာ သွေးဆူတက်ကြွနေသော နာဇီဂျာမနီတပ်များသည် ကမ္ဘာကြီးတစ်ခုလုံးကို သူတစ်ဦးတည်း စိုးမိုးချုပ်ကိုင်နိုင်ရမည်ဟု စွဲမှတ်သန္နိဋ္ဌာန်ချထားလေသလားမသိ။ အင်္ဂလန်ကျွန်းကလေးကို လှမ်းခုန်၍ သုတ်ယူရန် ပြင်ဆင်ကြိုးစားနေသကဲ့သို့ ရုရှားပြည်ကြီးဆီသို့လည်း အတောင်ဖြန့်ကာ အားစိုက်တိုက်ခိုက်နေလေသည်။

တစ်ချိန်လုံးအတွင်း ကြိတ်စုဆောင်းထားခဲ့သော အင်အားများကို တစ်ရှိန်ထိုးထုတ်သုံးကာ အောင်ပွဲများဆက်တိုက်ရနေသော ဂျာမနီလင်းယုန်ကြီးကို အင်္ဂလန်ကျွန်းကလေးခမျာ ဘုရားတ၍ တိုင်းပြည်လက်လွှတ် ပြင်သစ်မျိုးချစ်တပ်များနှင့် အမေရိကန်ပြည်၏ မဟာမိတ်ပြုပူးပေါင်းကူညီမှုများဖြင့် အကျောက်အကန်ခုခံကာကွယ်နေရင်းက အရှေ့အာရှမှ သူတို့စွန့်ပြေးခဲ့ရသော ဂျပန်လက်အောက်မှ မြန်မာပြည်ကိုလည်း အခဲမကြေတမ်း သဲသဲမဲမဲ လာ၍ ဗုံးကြဲတိုက်ခိုက်နေလေသည်။

ထိုကဲ့သို့ အင်္ဂလိပ်လေယာဉ်ပျံများ ဗုံးကြဲတိုက်ခိုက်နေသည့်ကြားထဲမှပင် ဦးဖေမောင်တင်က သူ့တက္ကသိုလ်ကျောင်းကြီးကို အရှိန်မပျက်ဆက်ဖွင့်ထားနိုင်သည်။

အချိန်တန်သောအခါ စာမေးပွဲများကိုလည်း ကောင်းမွန်စနစ်ကျစွာ စစ်ဆေးပေးနိုင်သည်။ အောင်ချက်များ ထုတ်ပေးနိုင်သည်။

ထို့နောက် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၌ ဂျပန်အစိုးရက မြန်မာပြည်ကို လွတ်လပ်ရေးပေးလေသည်။

ဂျပန်အစိုးရက ဒေါက်တာဘမော်ကို လွတ်လပ်သော မြန်မာပြည်ကြီးအတွက် အဓိပတိနှင့် ဝန်ကြီးချုပ် ခန့်လိုက်သည်။

ဗိုလ်မှူးကြီးဘဝမှ ဗိုလ်ချုပ်အဆင့်သို့ မြင့်တက်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကမူ စစ်ဝန်ကြီးဖြစ်လာခဲ့လေသည်။

သူ့အဖို့ စဉ်းစားတွေးခေါ်တတ်ချိန်မှ အစပြု၍ လွတ်လပ်သော တိုင်းပြည်နှင့် လွတ်လပ်သောလူမျိုးဖြစ်ချင်နေခဲ့သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပထမ၌ ဝမ်းသာအားရဖြစ်သွားမိသည်။

သူကိုယ်သူ လွတ်လပ်သော ဗမာလူမျိုးတစ်ယောက်အနေနှင့်လည်း ဂုဏ်ယူကျေနပ်သွားမိသည်။

သို့ရာတွင် မကြာမီသော အချိန်ပိုင်းအတွင်းမှာပင် ဦးဖေမောင်တင်ထံမှ ဝမ်းသာအားရမှုနှင့် ဂုဏ်ယူကျေနပ်မှုများ ပျောက်ပျက်သွားကြလေတော့သည်။

အကြောင်းမှာ ဂျပန်ကပေးသော လွတ်လပ်ရေးသည် မြန်မာပြည်နှင့် မြန်မာလူမျိုးများအတွက် နာမည်ခံလွတ်လပ်ရေးဖြစ်နေသောကြောင့်တည်း။

ယခု ဂျပန်ပေးသော လွတ်လပ်ရေးသည် အင်္ဂလိပ်အစိုးရက ပေးခဲ့သော ၉၁–ဌာန ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် သူမသာ ကိုယ်မသာဟု ဆိုရမလားမသိချေ။

ဗမာတွေကိုယ်ပိုင်အုပ်ချုပ်ရေးဟု ကြွေးကြော်ကာ အင်္ဂလိပ်အစိုးရက ကြိုးဆွဲချုပ်ကိုင်ထားခဲ့သည့်နည်းတူ ယခု မြန်မာပြည်လွတ်လပ်ရေးသည်လည်း ဂျပန်၏ ချုပ်ကိုင်မှုအောက်မှ မလွှပ်ဝံ့အောင် ဒူးတုပ်နေရသော လွတ်လပ်ရေးပင်ဖြစ်လေသည်။

ယခုလွတ်လပ်ရေးတွင် ဗမာလူမျိုး ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဘီ–အိုင်–အေ ဗမာ့လွတ်လပ်ရေး

တပ်မတော်မှ ဘီ–ဒီ–အေ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ''ဘီ-အင်န်-အေဗမာ့တပ်မတော်* ဟု အမည်ပြောင်းကာ ဗမာအမျိုးသားစစ်တပ်တစ်ခုကို ထားနိုင်ခွင့်ရသည်ကလွဲ၍ ၉၁–ဌာနအုပ်ချုပ်ရေးထက် အများကြီးအခြေအနေဆိုးကြောင်း ဦးဖေမောင်တင် ကြားသိတွေ့ရှိရလေသည်။

လွတ်လပ်ရေးရကာ အုပ်ချုပ်မင်းလုပ်နေသော မြန်မာအစိုးရသည် ဗမာအမျိုးသားများအပေါ်၌ ဂျပန်စစ်ပုလိပ်တပ် ကင်ပေတိုင်က ကြိုက်သလိုနှိပ်စက်သတ်ဖြတ်မှုများကို ဘယ်တစ်ချက်မျှ ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။

ထိုအခါ လွတ်လပ်သော မြန်မာတစ်မျိုးသားလုံးသည် ဂျပန်စစ်သားများ၏ မထင်လျှင် မထင်သလို ပါးရိုက်ခြင်းခံနေကြရသလို ဂျပန်ကင်ပေတိုင်၏လက်သည်းခွံခွာ၊ ရေနွေးပူလောင်း၊ နေပူလှန်းကာ ဘဲနက်နှင့်ထိုး၊ ဓားရှည်နှင့်ပိုင်း၍ စိတ်တိုင်းကျနှိပ်စက်သတ်ဖြတ်ခြင်းများကိုလည်း အစုလိုက်အပြုံလိုက်ခံနေကြရလေသည်။

ငရဲပုံးမထိ၊ ဂျပန်မသတ်၍ကျန်သော ပြည်သူလူထုမှာလည်း အနေအစားငတ်ပြတ်ဆင်းရဲလွန်းစွာဖြင့် မသေရုံရှိကြလေသည်။

ထို့ကြောင့် ဂျပန်ပေးသောလွတ်လပ်ရေးသည် မြန်မာပြည်သူပြည်သားများအဖို့ ဆင်းရဲငတ်ပြတ်ခြင်းနှင့် ဂျပန်စစ်ဖိနပ်အောက်၌ ညှဉ်းဆဲသတ်ဖြတ်ခံရခြင်းဟူသာ အဓိပ္ပာယ်ကောက်၍ ရလေတော့သည်။

ထိုကဲ့သို့ ပြည်သူလူထုခမျာ သနားစရာခံစားနေရချက်များအကြောင်းကို ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြသော မြန်မာပြည်လွတ်လပ်ရေးနှစ်ပတ်လည်ခြင်း အထိမ်းအမှတ်အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပြောစကားထဲမှ ဦးဖေမောင်တင် ကောက်နုတ်သတိထားလိုက်မိလေသည်။

"ကနေ့လွတ်လပ်ရေးရလို့ တစ်နှစ်ပြည့်တဲ့အထိမ်းအမှတ်ပွဲနေ့၊ ဒီပြည်သူ့အစည်းအဝေးကြီးမှာ ကျွန်တော်ဟာ အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့မဟုတ်ဘဲ ပြည်သူပြည်သားတစ်ဦးအဖြစ် အရေးကြီးတဲ့စကားတွေကို ပြည်သူ့အများရဲ့ အကျိုးကို မျှော်ကိုးပြီး ပြောပြလိုပါတယ်၊ ယခုမြန်မာပြည်လွတ်လပ်ရေးရတာ တစ်နှစ်စေ့လာပြီ၊ ဒီအတောအတွင်းမှာ ကျုပ်တို့ဘာတွေ့ကြရသလဲ၊ အမှန်ပြောရရင်တော့ ကျုပ်တို့တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးအရသာဆိုတာ မခံစားရသေးဘူး၊ ခံစားရတဲ့လူတွေဟာလည်း လူနည်းစုသာဖြစ်တယ်၊ အဲဒီလူနည်းစုတွေထဲမှာ ဘယ်သူတွေလဲ ဆိုလို့ရှိရင် ကျွန်တော်အပါအဝင် ကျုပ်တို့ အထက်က အရာရှိကြီးတွေ၊ ဒီလူတွေကို ကပ်မြှောင်ပြီးစားနေတဲ့လူတွေ၊ အမြတ်အစွန်းကြီးကြီးယူပြီး လူတွေရဲ့ဒုက္ခကိုရင်းနှီးပြီး စီးပွားရှာနေကြတဲ့ ခေတ်ပျက်သူဌေးတွေ၊ အဲဒါတွေလောက်ပဲ၊ အဲဒီတော့ တိုင်းသူပြည်သားတွေအဖို့မှာ လွတ်လပ်ရေးရပေမယ့် ဟာတာတာကြီးဖြစ်နေမှာပဲ၊ လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲလို့ တိုင်းသူပြည်သားတွေစိတ်ထဲမှာ မေးကြ မြန်းကြလိမ့်မယ်၊ အမှန်ကတော့ အခုလွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာပေါ်လွတ်လပ်ရေးပဲရှိသေးတယ်၊ လက်တွေ့သဘော အထည်နှင့်ကိုယ်နှင့် ခြပ်နှင့် အကောင်အထည်နှင့် မမြင်ရ၊ မတွေ့ရ၊ မခံစားရသေးဘူး၊ ကျုပ်တို့ ရှေ့ဆက်ပြီး စခန်းသွားနိုင်ဦးမှ လွတ်လပ်ရေး အကောင်အထည်ကို မြင်ရလိမ့်မယ်၊ အခု မမြင်ရသေးဘူး"

တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့တက္ကသိုလ်ကျောင်းသားဟောင်း လူငယ်မျိုးချစ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သတ္တိကို ချီးကျူးလိုက်မိလေသည်။

ထို့နောက် မကြာမီတစ်ရက်၌ ဗိုလ်ချုပ်အောင်ဆန်းတို့ ဇနီးမောင်နှံနှစ်ယောက်သည် ဦးဖေမောင်တင်ဇနီး ဒေါ်ကြည်ကြည်ထံသို့ လူမမာသတင်းမေးရောက်လာကြသည်။

သည်အခါကျမှ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဆရာတပည့်နှစ်ယောက်အဖို့ လူချင်း အေးအေးဆေးဆေးတွေ့ဆုံဖြစ်ကာ ဆွေးဆွေးနွေးနွေးစကားပြောဖြစ်ကြလေတော့သည်။

''အဆိုးထဲကအကောင်း။ အရှုံးထဲကအမြတ်ကို ထုတ်တွေးရမယ်ဆိုရင်တော့ ဂျပန်တွေ သတ်မှတ်ပေးချက် တစ်ခုကို ဆရာနှစ်သက်မိတာရှိတယ်''

''ဘာများလဲ ဆရာကြီးရဲ့''

''မြန်မာစာကို ရုံးသုံးလုပ်လိုက်တာလေ၊ ဒါဟာ မြန်မာစာတန်ဖိုးရှိလာခဲ့တာပဲ''

ဦးဖေမောင်တင်က သူ့မြန်မာစာပေပိုင်းအကြောင်းများကို ပြောလိုက်၍

* Burma National Army

''ကျွန်တော်တို့ မြန်မာပြည်သူပြည်သားတွေအားလုံး အဆင့်အတန်းမခြား၊ ဆင်းရဲချမ်းသာမရွေး လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်ဖို့က ကျွန်တော်တို့ သွေးနဲ့ချွေးနဲ့ရင်းပြီး ရှေ့ဆက်စခန်းသွားရဦးမယ် ခင်ဗျ''

ဟု ဗိုလ်ချုပ်အောင်ဆန်းကလည်း သူတို့ပိုင်းရေးပြည်ရာအကြောင်းများကို ပြောသွားခဲ့လေသည်။

ထို့နောက် ရောက်လာသော ၁၉၄၄ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၀၆ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့၌ စာရေးဆရာများနှင့် စာပေသုတေသီများ ဝိုင်းဝန်းစုပေါင်း၍ ပထမဦးဆုံးအကြိမ် စာဆိုတော်နေ့ကို စည်စည်ကားကား ကျင်းပလိုက်ကြလေသည်။

ယခုအချိန်သည်ကား သူတို့ကလက်ဦးအောင် ထိုးစစ်ဆင်ကာ အချိန်တိုတိုနှင့် အနိုင်တိုက်လာခဲ့သော နေမျိုးနွယ်နီပွန်ဂျပန်များ တဖြည်းဖြည်းအရေးနိမ့်ကာ ခံစစ်အနေအထားသို့ ပြောင်းလာခဲ့ချိန်ဖြစ်သည်။

နေမဝင်အနောက်နိုင်ငံများမှ မဟာမိတ်တပ်များ၏ တန်ပြန်ထိုးစစ်ကို ဂျပန်များ အလူးအလဲခံနေကြရလေသည်။

မဟာမိတ်များက မြို့တော်ရန်ကုန်ကို ဗဟိုပြုကာ အခဲမကြေနိုင်အောင် သဲသဲမဲမဲ ဗုံးလာကြဲနေကြလေသည်။

ထိုအခါ ကျွဲနှစ်ကောင်ခတ်သည့်ကြားမှ မြေစာပင်ပမာရှိကြသော ရန်ကုန်မြို့သူ မြို့သားများခမျာ နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ်ဖြင့် ကျီးလန့်စာစား ချောက်ချားနေကြရှာလေသည်။

သည်အရေးနှင့်ပတ်သက်၍ မြို့လူထုအာရုံပြောင်းကာ ထိတ်လန့်ချောက်ချားမှုများမှ သက်သာစေရန် မည်ကဲ့သို့ ပြုလုပ်ပေးလျှင် ကောင်းမည်နည်းဟု မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေး၌ ထည့်သွင်းဆွေးနွေးမိကြသည်။

ထိုအစည်းအဝေးတွင် မြန်မာလူမျိုးများအဖို့ ဇာတိသွေးဇာတိမာန်တက်ကြွစေရန် ပါတော်မူနေ့၊ အမျိုးသားအောင်ပွဲနေ့ စသည်ဖြင့် သတ်မှတ်ကျင်းပလှုပ်ရှားပေးသကဲ့သို့ စာပေနှင့်ပတ်သက်၍လည်း နေ့တစ်နေ့ကို သတ်မှတ်ကျင်းပပြုလုပ်ရန်သင့်ကြောင်း ထည့်သွင်းဆွေးနွေးကြသည်။

ထိုစာပေနှင့် ပတ်သက်သောနေ့ကို စာရေးဆရာအသင်းနှင့်အတူ အစိုးရပိုင်းကလည်း ပါဝင်ကူညီပူးပေါင်းကျင်းပပေးနိုင်မည်ဆိုပါက ပို၍ကောင်းမွန်အောင်မြင်နိုင်မည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးလိုက်ကြသည်။

ထို့နောက် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ ဆရာဇော်ဂျီ၊ စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးကောင်း၊ ဦးဟိန်တို့အဖွဲ့သည် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက် နေ့၌ ပညာရေးဝန်ကြီး ဦးလှမင်းနှင့် သွားတွေ့ဆွေးနွေးလိုက်ကြသည်။

သူတို့အဖွဲ့ ဆွေးနွေးပွဲသို့ မတက်ရောက်နိုင်သော သခင်ကိုယ်တော်မှိုင်းက စာကလေးတစ်စောင် ရေးပို့လိုက်သည်။

သခင်ကိုယ်တော်မှိုင်းက သူ့စာထဲ၌ စာပေအထိမ်းအမှတ်နေ့ကို စိုစွတ်သော မိုးလရာသီအစား ခြောက်သွေ့သာယာ၍ သွားရေးလာရေးလွယ်ကူစေသော အချိန်အခါရာသီမျိုး၌သာ ရွေးချယ်ကျင်းပရန် အကြံပေးထားလေသည်။

ဦးဖေမောင်တင်တို့အဖွဲ့၏ တောင်းဆိုချက်ကို အစိုးရက လက်တွဲကျင်းပပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးက လက်ခံသဘောတူလိုက်လေသည်။

ထိုအခါ သူတို့အဖွဲ့သည် စာပေနေ့ကိုရွေးချယ်သတ်မှတ်ရေးအတွက် စဉ်းစားဆွေးနွေးကြရပြန်သည်။

ဤတွင် ဂျာနယ်ကျော် ဦးချစ်မောင်က မြန်မာဘုရင်များ လက်ထက်က စာသဘင်ပွဲများကို နတ်တော်လတွင် ကျင်းပခဲ့ကြသကဲ့သို့ ယခုခေတ် စာပေအထိမ်းအမှတ်နေ့ကိုလည်း နတ်တော်လဆန်း ၁ ရက်နေ့ကို သတ်မှတ်ရွေးချယ်လျှင် သင့်မည်ဖြစ်ကြောင်း အကြံပေးအဆိုသွင်းလေသည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ အဆိုကို သံတော်ဆင့်သတင်းစာ အယ်ဒီတာချုပ် ဦးသိမ်းမောင်က ထောက်ခံသည်။

ထိုအဆိုနှင့် ထောက်ခံချက်ကို တစ်ဖွဲ့လုံးကလည်း သဘောတူလက်ခံကာ နတ်တော်လဆန်း ၁ ရက်ကို စာပေအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့ကြလေသည်။

ထိုကဲ့သို့ သတ်မှတ်လိုက်သော စာပေအထိမ်းအမှတ်နေ့အဖြစ် လာမည့်နတ်တော်လဆန်း ၁ ရက်တွင် စာဆိုတော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရေးအတွက် နာယကအဖွဲ့နှင့် အလုပ်အမှုဆောင် အဖွဲ့တို့ကို

ဖွဲ့စည်းခဲ့ကြသည်။

အဆိုပါစာဆိုတော်နေ့ အမှုဆောင်အဖွဲ့တွင် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ဥက္ကဋ္ဌ၊ ဂျာနယ်ကျော် ဦးချစ်မောင်ကို ဆော်ဩသူအဖြစ် တာဝန်ပေးအပ်ခဲ့ကြလေသည်။

ထိုနောက် ၁၃၀၆ နတ်တော်လဆန်း ၁ ရက်နေ့၌ ပထမဦးဆုံးစာဆိုတော်နေ့ကို ကျင်းပလိုက်ကြလေတော့သည်။

ထိုကဲ့သို့ ပထမဦးဆုံး ကျင်းပသော စာဆိုတော်နေ့အတွက် အစိုးရက ဂျပန်ငွေကျပ်တစ်သောင်းငါးထောင် ထုတ်ပေးခဲ့လေသည်။

စာဆိုတော်နေ့ဖြစ်မြောက်ရေးအဖွဲ့သည် ဗုံးဘေး၊ သေနတ်ဘေးတို့ဖြင့် စိတ်မအေးနိုင်အောင် တုန်လှုပ်ချောက်ချားနေကြသော ရန်ကုန်မြို့လူထု အာရုံပြောင်းလဲသွားစေရန် ဝိဇယကုမ္မာဇာတ်ကို ခင်းကျင်းကပြလိုက်စေသည်။

စာရေးဆရာသုခက ဝိဇယကုမ္မာမင်းသားအဖြစ် သရုပ်ဆောင်၍ အခြားစာရေးဆရာများလည်း သူ့အခန်းနှင့်သူ ပါဝင်ကပြကြသော ပထမစာဆိုတော်နေ့ ဝိဇယပြဇာတ်သည် ရည်ရွယ်ချက်နှင့်အတူ လုပ်ဆောင်ချက်များ အထူးအောင်မြင်လေသည်။

ရန်ကုန်မြို့လူထုသည် ဗုံးကြားသေနတ်ကြားမှပင် စာရေးဆရာများ၏ စာဆိုတော်နေ့ ဝိဇယပြဇာတ်ကို စိတ်ပါဝင်စားစွာ အားပေးကြည့်ရှုကြလေသည်။

မြို့လူထုသည် တင်ဆက်ကပြကြသော စာရေးဆရာအဖွဲ့၏ မြန်မာပြည်ကို ဖက်ဆစ်စနစ်ဖြင့် စိုးမိုးမင်းမူနေကြသော ဂျပန်များကို ပြည်သူများက တော်လှန်ရန် သွေးထိုးပေးမှုအား နားလည်နှစ်သက်သွားကြပုံရှိလေသည်။

စာဆိုတော်နေ့ပြီးဆုံးသောအခါ မြို့လူထု၏ တောင်းဆိုချက်အရ စာရေးဆရာများက ဝိဇယကုမ္မာပြဇာတ်ကို ရန်ပုံငွေအတွက် ဆက်လက်ကပြလိုက်ကြရပြန်လေသည်။

ထို့နောက် မဟာမိတ်လေယာဉ်ပျံများက မပြတ်လာ၍ကြဲချနေသော ဗုံးသံ တညံညံကြားမှပင် ဦးဖေမောင်တင်တို့သည် ၁၉၄၅ ခု နှစ်သစ်သို့ ကူးပြောင်းလာခဲ့ကြရပြန်လေသည်။

၁၉၄၅ ခု မတ်လဆန်းတွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က စာမေးပွဲများကျင်းပစစ်ဆေးကာ သူ့တက္ကသိုလ်ကျောင်းကြီးကို နွေလရက်ရှည်ပိတ်ပေးလိုက်လေတော့သည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တစ်ယောက် သူ့တက္ကသိုလ်ကျောင်းကြီးကို ပိတ်ပေးလိုက်ပြီးနောက် မကြာမီသောမတ်လ ၂၇ ရက်နေ့တွင်ကား ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုနောက်မှ ဗမာ့တပ်မတော်နှင့်အတူ မြန်မာပြည်သူပြည်သားအများစုက ဖက်ဆစ်ဂျပန်များကို လက်နက်စွဲကိုင်ကာ တော်လှန်တိုက်ခိုက်လိုက်ကြလေတော့သည်။

## ၄၀

# အလုပ်မှနား
# အငြိမ်းစား

မြန်မာပြည်ကို သုံးနှစ်သုံးမိုး ကြီးစိုးသွားခဲ့ကြသော ဖက်ဆစ်ဂျပန်များကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့တပ်မတော်နှင့်အတူ၊ ပြည်သူတို့ထံမှ တော်လှန်မှုအထောက်အကူကြောင့် အင်္ဂလိပ်မဟာမိတ်စစ်တပ်များသည် သူတို့အဖို့ ကမန်းကတန်းစွန့်ခွာပြေးခဲ့ရသော မြန်မာပြည်ကို အချိန်တိုတိုနှင့် ပြန်လည်၍ ထိုးဖောက်သိမ်းပိုက်လိုက်နိုင်ကြလေသည်။

၁၉၄၅ ခု၊ မေလ ၃ ရက်နေ့၌ မဟာမိတ်အင်္ဂလိပ်စစ်တပ်များသည် ရန်ကုန်ကို လုံး၀ သိမ်းပိုက်လိုက်နိုင်လေသည်။

ပြည်သူတွေအပေါ်၌ သုံးနှစ်သုံးမိုး စိုးမိုးနှိပ်စက်သွားသော ဖက်ဆစ်ဂျပန်များကို ရွံရှာမုန်းတီးနေကြသော ရန်ကုန်မြို့သူ မြို့သားများသည် ချီတက်ရောက်ရှိလာကြသော မဟာမိတ်စစ်တပ်များကို ၀မ်းသာအားရဆီးကြိုကြလေသည်။

ထို့နောက်တွင်ကား ရန်ကုန်မြို့ကြီးသည် မျက်လှည့်ပြလိုက်သလို၊ အသားဝါဂျပန်စစ်သားများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကာ သူတို့နေရာ၌ မျက်နှာဖြူမဟာမိတ် အင်္ဂလိပ်–အမေရိကန်စစ်သားများက ရောက်ရှိလာခဲ့ကြလေသည်။

မျက်နှာဖြူ မဟာမိတ်စစ်တပ်များတွင် ကုလား၊ ဂေါ်ရခါးနှင့် ကပ္ပလီစစ်သားများလည်း ပါလာခဲ့ကြလေသည်။

မဟာမိတ်စစ်တပ်များနှင့်အတူ ဂျပန်တစ်ခေတ်လုံး မမြင်ဖူးခဲ့သော သကြားလုံး၊ ချောကလက်နှင့် စည်သွတ်ဘူးအစားအစာများသည်လည်း ရန်ကုန်မြို့တွင် ပြန်လည်၍ပေါ်ပေါက်လာခဲ့လေသည်။

ထို့နောက် ၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့၌ ဂျပန်ပြည်မှ ဟီရိုရှီးမားမြို့နှင့် ဩဂုတ်လ ၉ ရက်နေ့၌ နာဂါဆာကီမြို့တို့ကို မဟာမိတ်တို့က အဏုမြူဗုံးများကြဲချလိုက်ခြင်းဖြင့် ဂျပန်စစ်ရှုံးကာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးလေတော့သည်။

ထိုအခါ စစ်တလင်းအဖြစ် အနင်းအချေခံခဲ့ရသော တိုင်းပြည်အသီးသီးနှင့်အတူ ဦးဖေမောင်တင်တို့ မြန်မာပြည်သည်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြုလုပ်လိုက်ကြလေသည်။

ထိုအခါ ပြာပုံအတိ ပြီးသွားခဲ့သော မြန်မာပြည်အတွင်းမှ စာသင်ကျောင်းများသည် ပြည်သူတို့စုပေါင်းမှု ငွေအားလုပ်အားစေတနာများဖြင့် ကံရာဇာယယ်ထိုးနလုံးမူကာ ဝါးကျောင်းတဲကျောင်းကလေးများအဖြစ် ပြန်လည်၍ ရပ်တည်ရုပ်လုံးပေါ်လာခဲ့ကြလေသည်။

ပြီးလျှင် ကျောင်းရာသီခါတော်မီ စာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလိုက်ကြလေတော့သည်။

ထိုစာသင်ကျောင်းများထဲ၌ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည်လည်း ပါဝင်လေသည်။

နယ်မြေကျယ်ဝန်းကာ ခိုင်ခံ့သော အဆောင်ဆောင်အခန်းခန်းများလည်း ပေါများသော ရန်ကုန်တက္ကသိုလ် ကျောင်းကြီးအနေနှင့်ကား အချို့အဝက်သာလျှင် ပျက်စီး၍ အချို့ပြာပုံဖြစ်ကာ အကောင်းပကတိကျန်ရှိသည် များလည်း ကျန်ရှိလေသည်။

ထိုအခါ တာဝန်ရှိသူများက ပျက်သည်ကိုပြင်ရင်း ပြာပုံနေရာများ၌ ယာယီတဲနန်းအဆောင်အခန်းကလေး များ ဆောက်လုပ်ဖန်တီးလိုက်ကြလေသည်။

စစ်မီးစစ်ဒဏ်ကြောင့် ပြာပုံအတိ ဖြစ်ခဲ့ရသည်များထဲ၌ ကောင်းမွန်ခံ့ညားလှသော တက္ကသိုလ်ကျောင်းအုပ် ကြီး၏ အိမ်ကြီးသည်လည်း ပါဝင်လေသည်။

အကယ်၍ တက္ကသိုလ်ကျောင်းအုပ်ကြီး၏အိမ်သည် ပြာပုံမဖြစ်ဘဲ အကောင်းပကတိကျန်ပါကလည်း ဦးဖေ မောင်တင်အနေနှင့် ထိုအိမ်ကြီးသို့ ပြန်နေခွင့်ကားမရှိတော့ချေ။

အဘယ်ကြောင့်မူ အသက် ၅၈ နှစ်ထဲသို့ ရောက်နေပြီဖြစ်သော ဦးဖေမောင်တင်ကို အင်္ဂလိပ်အစိုးက တက္ကသိုလ်ကျောင်းအုပ်ကြီးရာထူးမှ အနားပေးလိုက်သောကြောင့် ဖြစ်လေသည်။

အလုပ်လက်မဲ့ ဖြစ်သွားသော ဦးဖေမောင်တင်တို့ မိသားစုသည် အင်းစိန် 'နေဒင်း ကော့တိတ်ချ်'တွင် ပြန် နေလိုက်ကြရသည်။

မိဘအမွေဆိုင်ဖြစ်သော 'နေဒင်းကော့တိတ်ချ်'၌ ဦးဖေမောင်တင်က အမြဲအပိုင်နေရန်စိတ်မကူးချေ။

သူ့အတွက် စစ်ပြေးလစာနှင့် အငြိမ်းစားလစာများ ထုတ်ယူခွင့်ရသောအခါ၌ အင်းစိန်တစ်ဝိုက်မှာပင် သင့် တင့်သလို အိမ်နှင့် ခြံကလေးတစ်ခုကို ဝယ်နေမည်ဟု ဦးဖေမောင်တင် စိတ်ကူးထားလေသည်။

ထို့နောက် အစိုးရက သက်ဆိုင်ရာဌာနအသီးသီးသို့ စစ်ပြေးလစာများနှင့် ရာထူးအလိုက်လခများကို ထုတ် ပေးလိုက်လေသည်။

ထိုကဲ့သို့ လစာများ ထုတ်ပေးသူများထဲ၌ တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဦးဖေမောင်တင်တစ်ယောက် ကား မပါဝင်ခဲ့ချေ။

ထိုအခါ စစ်ဘေးစစ်ဒဏ်၏ နှိပ်စက်ချက်အရ ကိုယ်ပိုင်အိမ်မရှိ၊ မော်တော်ကားမရှိ၊ စုဆောင်းပြီး ငွေကြေး လည်းမရှိ၊ ယခုအလုပ်အကိုင်ပါမရှိတော့သော အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ခမျာ လစာ အတွက် အခက်အခဲတွေ့လေတော့သည်။

ဤတွင် ဦးဖေမောင်တင်သည် အေးမနေတော့ဘဲ ဘယ်အတွက် သူ့လစာနှောင့်နှေးကြန့်ကြာနေကြောင်း ကို သက်ဆိုင်ရာများသို့ စုံစမ်းမေးမြန်းလိုက်ရလေသည်။

သည်အခါကျမှ အကြောင်းရင်းကို ဦးဖေမောင်တင် သိရလေတော့သည်။

ဦးဖေမောင်တင်အတွက် အခက်တွေ့စေရန် သူ့အပေါ် အငြိုးနှင့် အတိုးချကာ ညှဉ်းထားခဲ့သူကား ဗိုလ်မှူး ကြီး ကင်းဘဲလ် ဖြစ်လေသည်။

မြန်မာပြည်သို့ ပြန်ရောက်လာခဲ့သော ဗြိတိသျှအုပ်ချုပ်ရေးပိုင်းမှ အရာရှိတချို့သည် ဂျပန်နှင့်ပူးပေါင်းကာ သူတို့ကို တိုင်းပြည်ထဲမှ မောင်းထုတ်ပစ်ခဲ့သော ဗမာလူမျိုးများအပေါ်၌ မကျေနိုင်မချမ်းနိုင်အောင် ဖြစ်နေကြ လေသည်။

ယခု သူတို့တန်ခိုးအာဏာများ ပြန်လည်စိုးမိုးနိုင်သောအခါ အဆိုပါ အင်္ဂလိပ်အရာရှိအချို့သည် မြန်မာများ အပေါ်၌ နိုင်ကွက်ရှာလျက် အမျိုးမျိုးဒုက္ခပေးကြလေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းကိုပင်လျှင် သစ္စာဖောက်ဥပဒေဖြင့် ကြိုးစင်တင်နိုင်ရန် ဗြိတိသျှအာဏာပိုင်တချို့က ကြိုးစားအားထုတ်ခဲ့သေးကြောင်း ဦးဖေမောင်တင် ကြားသိရလေသည်။

ယခု အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အပေါ်၌ ဗိုလ်မှူးကြီးကင်းဘဲလ်အဖို့ ညှဉ်းစရာ

အကွက်ပေါ်သွားစေခဲ့သော အကြောင်းရင်းသည်ကား လွန်ခဲ့သော ဂျပန်ခေတ်အတွင်းက ဖြစ်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ဂျပန်ခေတ် မြန်မာပြည်ပညာရေးနှင့်ပတ်သက်၍ အသံလွှင့်ပြောကြားခဲ့ရဖူးလေသည်။

အမှန်တကယ်၌ အစပထမအစီအစဉ်တွင် ပညာရေးဌာနမှ အရာရှိတစ်ဦးက အသံလွှင့်ပြောကြားရန်ဖြစ်သည်။

ထို့နောက် အသံလွှင့်ရန် နာရီပိုင်းအလိုတွင်မှ သက်ဆိုင်ရာ ဂျပန်အာဏာပိုင်များက ရုတ်တရက်အစီအစဉ်ပြောင်းကာ ပထမလူကိုဖယ်၍ ဦးဖေမောင်တင်အား အစားထိုးပြောကြားစေခဲ့လေသည်။

ထိုအခါ ဦးဖေမောင်တင်မှာ သူ့ကိုယ်ပိုင်ရေးသားပြင်ဆင်ချိန်မပေးနိုင်တော့ဘဲ ပထမလူရေးထားချက်အတိုင်း အသံလွှင့်ပြောကြားခဲ့ရလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင် အသံလွှင့်ပြောကြားရချက်များအထဲ၌ ဂျပန်အစိုးရကို အမွှန်းတင်ချီးမြှင့်ထားသလောက် မြန်မာပြည်မှ သေပြေးရှင်ပြေး ထွက်ပြေးသွားခဲ့ရသော ဗြိတိသျှအစိုးရကိုမူ ထိထိခိုက်ခိုက် ပုတ်ခတ်ထားလေသည်။

ထိုကဲ့သို့သော ဦးဖေမောင်တင်၏ အသံလွှင့်ချက်ကို အိန္ဒိယပြည်၌ရှိနေသော ဗြိတိသျှအစိုးရက ဖမ်းယူနားထောင်ခဲ့လေသည်။

ထို့နောက် ဗြိတိသျှအစိုးရမြန်မာပြည်သို့ ပြန်ရောက်လာသောအခါ ယခင်အရပ်သား ပညာမင်းကြီး ကင်းဘဲလ်မှ ယခုစစ်ဗိုလ်မှူးကြီးတစ်ဖြစ်လဲလာသော မိတ်ဆွေဟောင်းကြီး ကင်းဘဲလ်က ဦးဖေမောင်တင်အပေါ် အငြိုးနှင့်အတိုးချကာ မကျေပွဲ ညှဉ်းဆဲထားခြင်းဖြစ်လေသည်။

ထို့နောက်မှ ပြေလည်ကျေအေးကာ အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့အတွက် စစ်ပြေးလစာစုငွေနှင့် အငြိမ်းစားလစာတို့ကို ထုတ်ယူနိုင်ခွင့်ရလေတော့သည်။

ယခင် မျက်နှာဖြူ ပညာမင်းကြီးဟောင်း ယခုဗိုလ်မှူးကြီးကင်းဘဲလ်သည် မြန်မာလူမျိုး အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီးအပေါ်၌ ကြာရှည်ဆက်၍ ညှဉ်းမထားနိုင်တော့သလို ဗြိတိသျှအစိုးရသည်လည်း မြန်မာပြည်ကြီးကို ကြာရှည်ဆက်၍ စိုးမိုးအုပ်ချုပ်ထားရန်မလွယ်သော အခြေအနေမျိုးသို့ရောက်လာခဲ့လေသည်။

တကယ်၌ အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ယခင်ပုံစံအတိုင်း စိုးမိုးမင်းမူရန် အရောက်ပြန်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘုရင်ခံဆာဒေါ်မန်စမစ်ဦးဆောင်သော အင်္ဂလိပ်အစိုးရသည် ယခင်ပုံစံအတိုင်း မြန်မာပြည်အတွက် ရုပ်ပြအစိုးရကို ရွေးကောက်တင်မြှောက်ကာ သူတို့အဖို့ ဆက်လက်စိုးမိုးတန်ခိုးထွားနိုင် ချယ်လှယ်နိုင်ရေးအတွက် ကြိုးစားအားထုတ်ခဲ့ကြလေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖ-ဆ-ပ-လ* အဖွဲ့ကြီး၏ တော်လှန်တိုက်ဖျက်မှုများကြောင့် အင်္ဂလိပ်အစိုးရသည် မြန်မာပြည်အပေါ်တွင် ယခင်ပုံစံဟောင်းမျိုးဖြင့် ချုပ်ကိုင်ချယ်လှယ်နိုင်စွမ်း မရှိတော့ချေ။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးကို တိုက်ဖျက်ရုံမကဘဲ မြန်မာပြည်အတွက် လုံးဝလွတ်လပ်ရေးကို အရတောင်းဆိုနေကြလေသည်။

မြန်မာပြည်လုံးဝလွတ်လပ်ရေးအတွက် ဟောပြောပွဲ၊ လူထုဆန္ဒပြပွဲများမှာလည်း တစ်ပြည်လုံး လှုပ်လှုပ်ရှားရှားဖြင့် လွတ်လပ်ရေးသံတညံညံမြည်နေလေသည်။

ပုလိပ်သပိတ်၊ စာရေးသပိတ်၊ မီးရထားသပိတ်၊ စာတိုက်သပိတ် စသည်များကလည်း တစ်လုံးပြီးနောက် တစ်လုံးမှောက်လိုက်ကြလေသည်။

သည်အတွက် ဆာဒေါ်မန်စနစ်နေရာသို့ အစားဝင်လာခဲ့သော မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က

---

* ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့။
(The Anti Fascist People's Freedom League or A.F.P.F.L.)

မှတ်ချက်။ ဂျပန်တော်လှန်ရေးတုန်းက ဖွဲ့စည်းခဲ့သော ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ် (A.F.O) Anti Fascist Organisation ကို ပြောင်းလဲခေါ်ဆိုဖွဲ့စည်းခြင်း ဖြစ်သည်။

သူတို့တင်ထားခဲ့သော ရုပ်ပြအစိုးရကို ဖြုတ်ချပြီးနောက် ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံမှုရနေသော ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဖ-ဆ-ပ-လ အဖွဲ့ကို အစိုးရအာဏာထိုးအပ်လိုက်ရလေတော့သည်။

သည်အချိန်ထိ ဗြိတိသျှအစိုးရထံမှ မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဆိုသော အသံကို ဦးဖေမောင်တင်တို့ သတိမထား မကြားမိကြသေးချေ။

ထို့ကြောင့် ၁၉၄၆ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ဖ-ဆ-ပ-လ အစိုးရအဖွဲ့က ဗြိတိသျှအစိုးရသည် မြန်မာပြည်လွတ်လပ်ရေးရရေးအတွက် ထုတ်ဖော်ကြေညာခြင်းမပြုလျှင် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်မည်ဟု ရာဇသံပေးလိုက်လေသည်။

သည်အတွက် အကျပ်တွေ့သွားဟန်တူသော ဗြိတိသျှအစိုးရသည် မြန်မာပြည်ကို ဗြိတိသျှဓနသဟာယ အတွင်း၌ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ၊ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုပါမည်ဟု ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ပါလီမန် အောက်လွှတ်တော်အစည်းအဝေး၌ နန်းရင်းဝန်ချုပ်အက်တလီက ထုတ်ဖော် ကြေညာလိုက်ရလေသည်။

ထို့အပြင် ဗြိတိသျှအစိုးရက မြန်မာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းကို ဗိလပ် သို့ ဖိတ်ခေါ်လိုက်ကြောင်းလည်းကြားသိရလေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့သည် မြန်မာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့၌ အင်္ဂလန်သို့ ထွက်ခွာသွားခဲ့ကြသည်။

ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အင်္ဂလန်ပြည် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ ဝန်ကြီးချုပ်အိမ်၌ ဝန်ကြီးချုပ်အက်တလီနှင့် ဆွေးနွေးပွဲကျင်းပဖြစ်လေသည်။

ထို့နောက် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၇ ရက်၊ တနင်္လာနေ့တွင်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလန်ပြည် ဝန်ကြီးချုပ် အက်တလီတို့သည် မြန်မာပြည်လွတ်လပ်ရေးအတွက် ရှေ့ပြေးအကြိုဖြစ်သော ''အောင်ဆန်း-အက် တလီ''စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြလေတော့သည်။

သူ့အလုပ်မှ အငြိမ်းစားယူကာ သူ့မြန်မာပြည်ကြီး လွတ်လပ်ရေးသတင်းများကို နားတစွင့်စွင့်၊ မျှော်တလင့် လင့်ရှိနေမိသော တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဦးဖေမောင်တင်သည် သူမျှော်လင့်မထားသော ဂုဏ်ပြုမှု တစ်ခုကို ခံယူလိုက်ရလေသည်။

အငြိမ်းစားတက္ကသိုလ် ကျောင်းအုပ်ကြီးကို မှတ်မှတ်သားသားဂုဏ်ပြုမှုသည်ကား...

''မျက်နှာဖြူအင်္ဂလိပ်တွေ ဘုန်းတန်ခိုးကြီးစိုးနေလို့ ဗမာတွေမလှုပ်ဝံ့ဘဲ ဒူးတုပ်ငြိမ်ကုပ်နေကြရတဲ့အချိန်မှာ ဆရာကြီးဟာ ဘယ်သူ့ကိုမှ မကြောက်ဘဲ မြန်မာလူမျိုးနဲ့ မြန်မာစာပေ တိုးတက်ကြီးပွားခိုင်ခံ့ရေးအတွက် လျှမ်း လျှမ်းတောက် အားသွန်ကြိုးပမ်းခဲ့တာတွေရယ်၊ ရန်ကုန်တက္ကသိုလ်ကြီးတစ်ခုလုံးရဲ့ အကျိုးမှန်သမျှကိုလည်း သယ်ပိုးဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးတွေရယ်အပြင်၊ ဗမာလူမျိုးထဲက ပထမဦးဆုံးတက္ကသိုလ်ကျောင်းအုပ်ကြီး ဖြစ်ခွင့်ရခဲ့တာကို ရန်ကုန်တက္ကသိုလ်ကြီးက အမြဲတမ်းမှတ်တမ်းတင်ကျေးဇူးဆပ်ဂုဏ်ပြုတဲ့သဘောနဲ့ ဆရာကြီး ကို လစဉ် တစ်လ ၅၀၀ကျပ် ထောက်ပံ့ပါတယ်''

အခြားသူများအဖို့ အလုပ်မှ အငြိမ်းစားယူလိုက်ကြသောအခါ သူတို့ဝင်ငွေများသည် ပင်ရင်းလစာထက် အများကြီးလျော့ပါးအားနည်းသွားကြလေသည်။

အငြိမ်းစားတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အနေနှင့်ကား အစိုးရထံမှ အငြိမ်းစားလစာ ၇၀၀ ကျပ်နှင့် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ပြုထောက်ပံ့ငွေ လစဉ် ၅၀၀ ကျပ်တို့ဖြင့် ထောင်ကျော်ဝင်ငွေရကာ ဟန်ကျ နေလေတော့သည်။

ထိုကဲ့သို့သော အခြေအနေတို့က အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အား ကွယ်လွန်သူ သူ့ဖခင်ကြီး ပြောဆိုသတိပေးလေ့ရှိခဲ့သော...

''မနက်ဖြန်အတွက် တွေးပူမနေနဲ့၊ ဘုရားသခင်က စာငှက်လေးတစ်ကောင်ကိုတောင် အငတ်မထားဘူးလို့ ဆိုထားခဲ့တယ် မဟုတ်လား''

ဆိုသော စကားများကို သတိရစေလိုက်မိလေသည်။

# ၄၁

# သူ့ပြည် လွတ်လပ်ပြီ

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်မှအစပြု၍ မြန်မာပြည်ကြီးသည် အချုပ်အချာအာဏာပိုင် လွတ်လပ်ရေးကြီးကို အနှောင်အတည်းမရှိ ပိုင်ဆိုင်ရရှိလိုက်လေတော့သည်။

ထိုကဲ့သို့ မြန်မာပြည်ကြီး သူတစ်ပါးလက်အောက်ခံဘဝမှ လုံးဝလွတ်လပ်ရေးရသော နေ့ရက်အချိန် နာရီသည်ကား အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်တစ်ယောက် သူ့ဘဝတစ်လျှောက်လုံး တောင့်တစောင့်မျှော်နေခဲ့သော နေ့ရက်အချိန်နာရီများပင်ဖြစ်လေသည်။

သူတစ်ပါးလက်အောက် ကျွန်သဘောက်ဘဝ၌ မွေးဖွားလူဖြစ်လာခဲ့ရသော ဦးဖေမောင်တင်အဖို့ ယခု သူ့အသက် ၆၀ ပြည့်သောအချိန်အခါကျမှ အခြားပြည်သူများနှင့်အတူ လွတ်လပ်သောပြည်သားတစ်ယောက် ဖြစ်နိုင်ခွင့်ရလေတော့သည်။

သည်အတွက် ဦးဖေမောင်တင်သည် သူ့ရင်ထဲမှ ခံစားချက်ကို ဘယ်လိုဖော်ပြရမှန်းမသိစွမ်းအောင်ပင် ဝမ်းသာကြည်နူးမိလေသည်။

မြန်မာပြည်သူပြည်သားအားလုံးနှင့်အတူ လွတ်လပ်ရေးအရသာကို ထိတွေ့ခံစားလိုက်ရသော အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က သူ့ဘဝသည် နေပျော်သေပျော်ပြီဟုပင် ကျေနပ်အားရဖြစ်သွားမိလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်သည် လွတ်လပ်သော မြန်မာပြည်သား တစ်ယောက်ဖြစ်ခွင့်ရသဖြင့် သူ့ဘဝသူ အားရကျေနပ်မိသည်နှင့်အမျှ တစ်ဖက်ကမူ ဝမ်းနည်းကြေကွဲခြင်းဖြစ်ရလေသည်။

ယခုလက်ရှိ မြန်မာပြည်သူပြည်သားအားလုံးနှင့် နောင်လာနောက်သားများအတွက် လွတ်လပ်ရေးဆုလာဘ်ကြီးကို အသက်နှင့်လဲကာ အရယူပေးသွားခဲ့သော မျိုးချစ်ပြည်ချစ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကား လွတ်လပ်ရေး၏ အရသာဆိုသည်အား မြည်းစမ်းခြင်းမျှ ပြုမသွားခဲ့ကြရရှာချေ။

လွတ်လပ်ရေးရှေ့ပြေးဖြစ်သော 'အောင်ဆန်း–အက်တလီစာချုပ်'ကို ချုပ်ဆိုပြီးနောက် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ရောက်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်နယ်ပြည်မလူမျိုးစုများ

စည်းလုံးရေးအား အပြင်းအထန်လှုပ်ရှားစည်းရုံးလိုက်လေသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းတို့ အပြင်းအထန်လှုပ်ရှားစည်းရုံးကြရခြင်းမှာ တစ်နှစ်အတွင်း မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် သဘောတူလိုက်သော ဗြိတိသျှအစိုးရက ပြည်နယ်တောင်တန်းဒေသများအား မြန်မာ ပြည်မနှင့် ခွဲခြားဖယ်ထုတ်ကာ ဆက်လက်အုပ်ချုပ်ဆုပ်ကိုင်ထားရေးအတွက် ကြိုးပမ်းအားထုတ်နေကြသော ကြောင့်ဖြစ်လေသည်။

ထိုကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ပြည်နယ်တောင်တန်းဒေသများကို မြန်မာပြည်မကြီးနှင့် မခွဲမခြား တန်းတူထား၍ တစ်ချိန်တည်းလွတ်လပ်ရေးတောင်းဆိုကြရန် တောင်တန်းသားများထံ လှည့်လည်ဟောပြော စည်းရုံးလိုက်ရခြင်းဖြစ်လေသည်။

ထိုအခါ မြန်မာပြည်ကို လွတ်လပ်ရေးပေးလိုက်ခြင်းဖြင့် လုံးဝစွန့်လွှတ်လိုက်ရမည်ထက် ရနိုင်သမျှ ကုပ်ယူချုပ်ကိုင်ထားလိုသေးသော ဗြိတိသျှနယ်ချဲ့အစိုးရနှင့် တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးထက် မိမိ အာဏာရရေးကိုသာကြည့်သော ပြည်နယ်ပြည်မ နယ်ရှင်ပယ်ရှင်အချို့နှင့် နိုင်ငံရေးသမားအချို့တို့က ဗိုလ်ချုပ် အောင်ဆန်းတို့၏ စည်းရုံးလှုပ်ရှားမှုများကို အမျိုးမျိုးခြေထိုးနှောင့်ယှက်ကြကြောင်း ကြားသိကြရလေသည်။

သို့ရာတွင် သတင်းစာများထဲ၌မူ စည်းရုံးရေးသတင်းများနှင့်အတူ တောင်တန်းသားတို့ဝတ်စုံဖြင့် တောင်တန်း သား ညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးပြုံးရွှင်စွာ တွဲရိုက်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများကို အားရှိ စရာ ဦးဖေမောင်တင်တို့ တွေ့ကြရလေသည်။

ထိုနောက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်ဒူးဝါးများ၊ ပြည်နယ်လူထုကိုယ်စားလှယ် ၂၂ ဦးတို့သည် ပင်လုံစာချုပ် ကို စုပေါင်းချုပ်ဆို လက်မှတ်ရေးထိုးလိုက်ကြလေသည်။

**ပင်လုံစာချုပ်တွင် လက်မှတ်ထိုးခဲ့သော ကိုယ်စားလှယ်များ**

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | မြန်မာပြည်ခေါင်းဆောင် |
| ၂။ | စောခွန်ပန်းဆိုင် | တောင်ပိုင်စော်ဘွား |
| ၃။ | စောရွှေသိုက် | ညောင်ရွှေစော်ဘွား |
| ၄။ | စောဟုံဖ | မြောက်ပိုင်းသိန္နီစော်ဘွား |
| ၅။ | စောနန်း | လဲချားစော်ဘွား |
| ၆။ | စောထွန်းအေး | သာခမန်းစော်ဘွား |
| ၇။ | ခွန်ပန်း | လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ |
| ၈။ | ဦးတင်အေး | ၎င်း |
| ၉။ | ဦးကြာပု | ၎င်း |
| ၁၀။ | စောယစ်ဖ | ၎င်း |
| ၁၁။ | ဆမားဒူးဝါးဆင်ဝါးနောင် | ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား |
| ၁၂။ | ဇော်ရစ် | ၎င်း |
| ၁၃။ | ခွန်ထီး | လူထုကိုယ်စားလှယ်၊ ပင်လုံ |
| ၁၄။ | ဦးထွန်းမြင့် | လူထုကိုယ်စားလှယ်၊ မောက်မယ် |
| ၁၅။ | ခွန်စော | လူထုကိုယ်စားလှယ်၊ ပင်းတယ |
| ၁၆။ | ဦးဖြူ | စော်ဘွားကိုယ်စား၊ ကျိုင်းတုံ |
| ၁၇။ | ထန်ရဒေါင်း | ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား |
| ၁၈။ | ဒူးဝါးဇော်လွန်း | ကချင်ကိုယ်စားလှယ်၊ ဗန်းမော် |
| ၁၉။ | လဘန်ဂရောင် | ၎င်း |
| ၂၀။ | ဦးလှမောင် | ချင်းကိုယ်စားလှယ်၊ ဖလမ်း |

၂၁။ ဦးသောင်ဇာခုတ် ချင်းကိုယ်စားလှယ်၊ တီးတိန်

၂၂။ ဦးဝမ်းကိုဟော ချင်းကိုယ်စားလှယ်၊ ဟားခါး

ထိုကဲ့သို့အဖြေထွက်လာသော ပင်လုံစာချုပ်ကို ကြည့်ခြင်းဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရုပ်လုံးဖော်နိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လှုပ်ရှားစည်းရုံးမှုများ အောင်မြင်ကြောင်း ဦးဗေမောင်တင်တို့ ပြည်သူပြည်သားများ သိရှိနိုင်ကြလေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းတို့ အောင်မြင်စွာ လှုပ်ရှားနေကြသည်ကို မရှုစိမ့်နိုင်သူများနှင့် မင်းသားကြီးမလုပ်ရသောကြောင့် ပတ်မကြီး ထိုးဖောက်နေကြသူများထံမှ အတိုက်အခံ ပူညံသံများကမူ နိုင်ငံရေးလောက၌ လျှံထွက်နေလေသည်။

တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအတွက် နိုင်ငံရေးအသင်းအဖွဲ့အသီးသီးတို့၏ မဲဆွယ်သံ၊ ဟောပြောစည်းရုံးသံများကလည်း မဲဆန္ဒရှင်ပြည်သူတွေမှာ နားမဆံ့အောင်ကြားနေကြရလေသည်။

အားလုံးသော ဟောပြောချက်များထဲမှ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၏

''ဗမာတွေ လမ်းနှစ်ခွသို့ရောက်နေကြပြီ။ တစ်လမ်းမှာ ကျွန်သက်ရှည်မည့်လမ်းဖြစ်သည်။ တခြားတစ်လမ်းမှာ ကျွန်သက်တိုမည့်လမ်းဖြစ်သည်။ ဤလမ်းနှစ်လမ်းအနက် ဘယ်လမ်းကိုလိုက်ကြမည်လဲ''

ဟု အစချီ၍...

''ယခု ကျွန်တော့်ညွှန်ကြားချက်များအတိုင်း လူထုကြီးသည် ဖ-ဆ-ပ-လ ကို ရှေးအခါများကဲ့သို့ ဆက်လက်ထောက်ခံကြမည်ဆိုရင် လူထု၏ လွတ်လပ်ရေးသည် ဒီတစ်နှစ်အတွင်းရမည်မှာမလွဲချေ''

စသည်ဖြင့် အဆုံးသတ်ထားသော ထုတ်ပြန်ကြေညာချက်ကို ဦးဗေမောင်တင်တို့ ပြည်သူလူထုအများစုက ယုံကြည်ကိုးစားအားထားမိကြလေသည်။

ထို့နောက် ၁၉၄၇ ခု၊ ဧပြီလ ၉ ရက်နေ့၌ တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြုလုပ်လိုက်သောအခါ အတုံ့အပြန်ယုံကြည်အားထားခဲ့ကြသည့်အတိုင်း ဖ-ဆ-ပ-လ နိုင်ငံရေးအဖွဲ့က အစိုးရဖွဲ့နိုင်သွားလေသည်။

ပြီးလျှင် ဖ-ဆ-ပ-လ အစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းအာမခံချက်ပေးခဲ့သည့်အတိုင်း တစ်နှစ်အတွင်း၌ မြန်မာပြည်၏ လွတ်လပ်ရေးကို အရယူပေးနိုင်လေသည်။

သို့ရာတွင် မြန်မာပြည်လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ဝန်ထမ်းကာ ဖွဲ့မာန်သတ္တိတို့ဖြင့် ရှပ်ရှပ်ချွံချွံ ဦးဆောင်တိုက်ယူပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းမှာကား ၁၉၄၇-ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၅ မိနစ်အချိန်၌ လူသတ်သမားများ၏ ရက်ရက်စက်စက်လုပ်ကြံမှုဖြင့် တိုင်းပြည်အတွက် အသက်ကိုပါ စွန့်လွှတ်ပေးဆက်ခဲ့ရရှာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဖ-ဆ-ပ-လ အစိုးရအဖွဲ့ဝန်ကြီးများ* လည်း တစ်ချိန်တည်း လုပ်ကြံသတ်ဖြတ်ခြင်းခံကြရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရကြောင်းသတင်းသည် မြန်မာပြည်သူအပေါင်းအား မျက်ရည်ချောင်းစီးစေလေသည်။

ပြည်သူအပေါင်းအား တုန်လှုပ်ချောက်ချားခြင်း၊ ဝမ်းနည်းထိခိုက်ခြင်း၊ ယူကျုံးမရခြင်း၊ အားကိုးရာမဲ့ခြင်း

* ကျဆုံးသော အာဇာနည်ခေါင်းဆောင်ကြီးများ

၁။ ဗိုလ်ချုပ်အောင်ဆန်း

၂။ သခင်မြ (ဘဏ္ဍာရေးဝန်ကြီး)

၃။ မန်းဘခိုင် (အလုပ်သမားဝန်ကြီး)

၄။ ဒီးဒုတ်ဦးဘချို (သတင်းဖြန့်ချိရေးနှင့် ဝါဒဖြန့်ဖြူးရေးဌာနဝန်ကြီး)

၅။ မစ္စတာအဗ္ဗဒူရာဇာတ် (ပညာရေးဝန်ကြီး)

၆။ ဦးဘဝင်း (ကုန်သန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး)

၇။ မိုင်းပွန်စော်ဘွားကြီး (တောင်တန်းနယ်ဝန်ကြီး)

၈။ ဦးအုံးမောင် (အတွင်းဝန်)

၉။ မောင်ထွေး (သက်တော်စောင့်)

စသည်တို့ကိုလည်း ဖြစ်ပေါ်ခံစားလိုက်ကြစေလေသည်။

ထို့နောက် နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစောကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့အား လုပ်ကြံသတ်ဖြတ်မှုဖြင့် သက်ဆိုင်ရာမှ အရေးယူဖမ်းဆီးခဲ့လေသည်။

သူတို့အဖွဲ့ထဲမှ ဖော်ကောင်ဘညွန့်၏ ဖွင့်ဟဝန်ခံချက်ဖြင့် ဂဠုန်ဦးစော၏ ဗိုလ်ချုပ်အောင်ဆန်းတို့အပေါ် ရက်ရက်စက်စက် အကွက်စေ့စေ့ လုပ်ကြံသတ်ဖြတ်မှုကြီးသည် ဖုံးဖိကွယ်ဝှက်၍မရအောင် ဘူးလုံးပေါ်ခဲ့ရလေတော့သည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်အာဇာနည်ခေါင်းဆောင်ကြီးများက အသက်ကိုစတေး၍ အရယူပေးသွားခဲ့သော လွတ်လပ်ရေးကြီး၏အရသာကို ဦးဖေမောင်တင်တို့ မြန်မာပြည်သူပြည်သားများခမျာ အားပါးတရ ပြည့်ပြည့်ဝဝမျှ မခံစားလိုက်ကြရချေ။

လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ သူတစ်လူငါတစ်မင်း အချင်းချင်းထ၍ ပြည်တွင်းစစ်ကို လွတ်လွတ်လပ်လပ်ခင်းလိုက်ကြလေတော့သည်။

ထိုအခါ ကမ္ဘာစစ်၏ နိုပ်စက်ချက်ဒဏ်ရာများမှပင် ကောင်းကောင်းမကျက်တတ်သေးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ နိုင်ငံသားများခမျာ လွတ်လပ်သောပြည်တွင်းစစ်မီး၏ လောင်ကျွမ်းမှုကို မချိအောင်ခံယူလိုက်ကြရပြန်ပါလေတော့သည်။

၁၉၄၉ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ပထမအကြိမ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကားကျင်းပလိုက်ကြလေသည်။

ထိုကဲ့သို့ လွတ်လပ်ရေး နှစ်ပတ်လည်ပွဲတော်များ ကျင်းပပြီးနောက် မကြာမီသောရက်ပိုင်း၌ကား မြန်မာပြည်၏ ရောင်စုံသူပုန်များအတွက် အင်အားတစ်ရပ်တိုးကာ ကေ– အင်–ဒီ–အို ကရင်များက တစ်စခန်း ထလိုက်ကြပြန်လေတော့သည်။

ထိုအခါ နှစ်ဦးနှစ်ဖက်မှ အပြစ်မဲ့သော ပြည်သူပြည်သားများခမျာ သနားစရာကြားမှ ဓားစာခံဖြစ်ကြရရှာလေသည်။

အနိဒ္ဓကို ပြည်သူပြည်သားအများကြား၌ တစ်ဦးအပါအဝင်ဖြစ်သော ဦးဖေမောင်တင်တို့ မိသားစုသည်လည်း ထိတွေ့ခံယူလိုက်ကြရလေသည်။

ဦးဖေမောင်တင်သည် သူ့စစ်ပြေးလစာနှင့် စုဌေကလေးများကိုစုပေါင်း၍ အင်းစိန်၌ အိမ်ကလေးတစ်လုံးခြံကလေးတစ်ခြံတို့ကို ဝယ်ယူနေထိုင်ခဲ့လေသည်။

ယခု ကေ–အင်–ဒီ–အို သောင်းကျန်းသူတို့၏ နိုပ်စက်လာမှုတွင် မြန်မာလူမျိုး ဦးဖေမောင်တင်တို့မိသားစုသည် အိမ်နှင့်ခြံကိုစွန့်ကာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရလေသည်။

## ၄၂

# အငြိမ်းစားမှ ဂုဏ်ထူးဆောင်ပါမောက္ခ

အငြိမ်းစား တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ခန့်အပ်တာဝန်ပေးလာခဲ့သည်။

ထိုကဲ့သို့ သူ့ထံပေးအပ်လာသော ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ကို ဦးဖေမောင်တင်ကလည်း ကြည်ဖြူကျေနပ်စွာ ခံယူလိုက်လေသည်။

အမှန်က အသက်အရွယ်ပိုင်းခြားသတ်မှတ်ချက်အရကြောင့်သာ အလုပ်မှ အငြိမ်းစားယူခဲ့ရသော်လည်း အရွယ်တင်၍ကျန်းမာသော ဦးဖေမောင်တင်မှာ လုပ်နိုင်ကိုင်နိုင်၊ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ရှိနေဆဲဖြစ်သည်။

သူသည် အလုပ်တာဝန်နှင့် ရာထူးတို့မှသာ အငြိမ်းစားယူခဲ့သော်လည်း စာပေရေးရာ လုပ်ငန်းများနှင့်ပတ်သက်၍ကား ဦးဖေမောင်တင်က မနားတမ်း စဉ်းစားတွေးခေါ်ကာ မပြတ်တမ်းရေးသားပြုစုနေခဲ့လေသည်။

သူသည် ဆရာလုပ်နှင့်တွဲကာ သုတေသနလုပ်ငန်းများကိုလည်း လုပ်လေသည်။

ဦးဖေမောင်တင်သည် ပြည်တွင်းစစ်ခင်းမှုကြောင့် ပြေးလွှားရွှေ့ပြောင်း စိတ်လက်မကောင်းလှသည့်ကြားထဲမှပင် မြန်မာစာဝါကျဖွဲ့ထုံးကျမ်းတစ်ခုကို ရေးသားပြုစုခဲ့လေသည်။

ထို့ကြောင့် ၁၉၄၉ ခု၊ အောက်တိုဘာလ၌ ဦးဖေမောင်တင်၏ မြန်မာဝါကျဖွဲ့ထုံးကျမ်းသည် စာအုပ်အဖြစ် ရိုက်နှိပ်ထွက်ပေါ်လာနိုင်ခဲ့လေသည်။

ထို့နောက် တက္ကသိုလ်မှ ပါမောက္ခများစုပေါင်း၍ သုခမိန်အဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။

ဂုဏ်ထူးဆောင်ပါမောက္ခ ဦးဖေမောင်တင်ကို သုခမိန်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြလေသည်။

ဦးဖေမောင်တင်တို့ သုခမိန်အဖွဲ့သည် ရန်ကုန်မြို့ပြည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ၌ စနေနေ့တိုင်း သွားဆုံကြသည်။

ပြီးလျှင် သူတို့အဖွဲ့ဝင်များသည် မြန်မာဘာသာသို့ သိပ္ပံစကားလုံးများကို ပြန်ဆိုရေးသားသုံးနှုန်းနိုင်ရေးအတွက် ဝေါဟာရများကို ရှာဖွေစုဆောင်းခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း စသည်များအား စုပေါင်းဆောင်ရွက်လိုက်ကြလေသည်။

ထိုအခါကျမှ ဦးဖေမောင်တင်သည် တစ်ချိန်က သူ၏ ပြုမူကြိုးပမ်းခဲ့ချက်များသည် ယခုလက်ရှိ သုခမိန်အဖွဲ့အတွက် အဖိုးတန်စွာ အကျိုးသက်ရောက်နေကြောင်းကို တွေ့ရှိလိုက်ရလေသည်။

အကျိုးသက်ရောက်မှုကား အခြားမဟုတ်ချေ။

ဂျပန်ခေတ်က မြန်မာစာကို ရုံးသုံးပြုလုပ်ခဲ့သလို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကလည်း သူ့တက္ကသိုလ်သင်တန်းများမှ ဘာသာရပ်အားလုံးကို မြန်မာဘာသာဖြင့်သာ သင်ကြားကြရမည်ဟု အမိန့်ထုတ်ခဲ့လေသည်။

ထိုအခါ တက္ကသိုလ်မှ ဌာနဆိုင်ရာ ပါမောက္ခများသည် သူတို့ဘာသာရပ်သင်ရိုးညွှန်းတမ်းများအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားရိုက်နှိပ်ထုတ်ဝေလိုက်ကြရလေတော့သည်။

တက္ကသိုလ်ကျောင်းသတင်းကို ကြားသွားဟန်တူသော အဓိပတိ ဒေါက်တာဘမော်က စိတ်မချဖြစ်သွားလေသလားမသိချေ။ တက္ကသိုလ်ကျောင်းအုပ်ကြီးကို လှမ်းမေးလေသည်။

''ခင်ဗျားတို့ တက္ကသိုလ်မှာ ဗမာစာနဲ့ အားလုံးသင်ပေးနေတယ်ဆိုတဲ့ စာအုပ်တွေကျုပ်ကိုပြစမ်းပါဦးဗျ''

ဤတွင် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အဓိပတိကြီး ကြည့်လိုသည်ဆိုသော စာအုပ်များကို သူကိုယ်တိုင်ယူသွားပြလိုက်လေသည်။

''ဟောဒီမှာဗျား တက္ကသိုလ် ဘာသာရပ်အားလုံးကို ဌာနဆိုင်ရာပါမောက္ခတွေက ဗမာလိုဘာသာပြန်ထားတဲ့ စာအုပ်စာတမ်းတွေ ခင်ဗျ''

အဓိပတိကြီး ဒေါက်တာဘမော်က စာအုပ်စာတမ်းများကို စစ်ဆေးကြည့်ရှုပြီးနောက် မှတ်ချက်ချခဲ့လေသည်။

''အင်း၊ ကောင်းတယ် မဆိုးဘူး''

ထိုနောက် ဂျပန်ခေတ် သူ့တက္ကသိုလ်သင်တန်းများကို ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အဆိုပါဘာသာပြန်စာအုပ်စာတမ်းများဖြင့် အောင်မြင်စွာသင်ကြားလွှန်မြောက်လာခဲ့လေသည်။

ယခု သုခမိန်အဖွဲ့က ရှာဖွေစုဆောင်းရာ၌ အဆိုပါ မြန်မာဘာသာပြန် စာအုပ်စာတမ်းများအထဲမှ ဝေါဟာရများ အများအပြားရရှိကြလေသည်။

ယခု သုခမိန်အဖွဲ့ထဲ၌လည်း တစ်ဦးအပါအဝင်ဖြစ်၍ ဂျပန်ခေတ်တုန်းက သူ့ဘာသာရပ်အတွက် ''စိတ်ပညာ'' စာအုပ်ကို မြန်မာဘာသာပြန်ဆိုရေးသားရိုက်နှိပ်ထုတ်ဝေခဲ့သော စိတ္တဗေဒပါမောက္ခ ဒေါက်တာဦးလှဘူးက

''ဂျပန်ခေတ်တုန်းက တက္ကသိုလ်ဘာသာရပ်တွေအားလုံး ဗမာလိုသင်ပေးရမယ်လို့ အမိန့်ထုတ်ခဲ့တဲ့ ကျောင်းအုပ်ကြီးကို ကျွန်တော်ဖြင့် သိပ်ကျေးဇူးတင်မိတာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့တတ်ထားသိထားတဲ့ ဝိဇ္ဇာသိပ္ပံဘာသာရပ်တွေကို ဗမာစာလောက်သာ တတ်သူတွေအဖို့ ဖတ်နိုင်ဖို့ သိနားလည်ဖို့ ဗမာစာနဲ့ဘာသာပြန်ပြီး ဖြန့်ဝေပေးဖို့ကို လုံးဝသတိမရခဲ့ဘူး။ စိတ်ကူးလည်းမထည့်မိခဲ့ကြပါဘူး။ တကယ်လို့ ဂျပန်ခေတ်တုန်းက ကျောင်းအုပ်ကြီးကသာ အဲဒီအမိန့်ကို မထုတ်ခဲ့ဖူးဆိုရင် အခုကျွန်တော်တို့ သုခမိန်အဖွဲ့အတွက် အသုံးတည့်အကျိုးပြုနေတဲ့ ဒီဘာသာပြန်စာအုပ်စာတမ်းတွေဟာ လုံးဝပေါ်လာကြမှာမဟုတ်ဘူးလေ။ အခုတော့ ကျောင်းအုပ်ကြီးက အမိန့်ထုတ်ခဲ့လို့ ကျွန်တော်တို့တစ်တွေက ရေးဖြစ်ခဲ့တော့ အခုအကျိုးကျေးဇူးခံစားနေကြရတာပေါ့''ဟု ထုတ်ဖော်ဝန်ခံလေသည်။

ဦးဖေမောင်တင်တို့ သုခမိန်အဖွဲ့သည် ဝေါဟာရရှာဖွေခြင်းများကို အစပထမ၌ ပျင်းခြောက်ခြောက် ဖြစ်မိကြသေးသည်။

ထို့နောက် အရှိန်ရလာသောအခါ၌ကား အဖွဲ့ဝင်အားလုံးသည် တက်တက်ကြွကြွလှုပ်လှုပ်ရှားရှားဖြင့် ဝေါဟာရများ စုပေါင်းရှာဖွေညှိနှိုင်းဆွေးနွေးရန်ရောက်လာမည့် စနေနေ့ကိုသာ စိတ်စောစောင့်မျှော်နေမိကြလေတော့သည်။

ဂုဏ်ထူးဆောင် ပါမောက္ခဦးဖေမောင်တင်သည် တက္ကသိုလ်မှ ပေးအပ်လာသောတာဝန်များ၊ သုခမိန်အဖွဲ့လုပ်ငန်းအပြင် မြန်မာသဒ္ဒါကျမ်းများကိုလည်း တစ်ဖက်မှပြုစုရေးသားလိုက်လေသည်။

သဒ္ဒါတတ်မှ ဝါကျဖွဲ့တတ်မည်၊ စာပုဒ်ဖွဲ့တတ်မည်ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားများအဖို့

မြန်မာစာကို မှန်ကန်ကောင်းမွန်စွာ ဝါကျဆောက်တည်၍ ရေးဖွဲ့တတ်ကြစေလိုသော စေတနာဖြင့် ဦးဖေမောင်တင်က သဒ္ဒါကျမ်းများကို ကြိုးစားပြုစုလိုက်ခြင်းဖြစ်လေသည်။

သူသည် ပြုစုရေးသားပြီးသော သဒ္ဒါကျမ်းများကို တက္ကသိုလ်ဘာသာပြန်အသင်းသို့ ပို့ပေးရလေသည်။

တက္ကသိုလ်ဘာသာပြန်အသင်းဥက္ကဋ္ဌ ဒေါက်တာဘဟန်၊ ဌာနမှူးဦးဝန်နှင့် ပါမောက္ခဦးအေးမောင်၊ ပါမောက္ခ ဦးလှအောင်၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးမျိုးမင်းတို့ ပါဝင်သောအဖွဲ့က ဦးဖေမောင်တင်ပေးပို့သော သဒ္ဒါကျမ်းများကို ကျောင်းသုံးအဖြစ် ထုတ်ဝေသင့် မသင့် စိစစ်ကြရလေသည်။

ထို့နောက် စိစစ်ရေးအဖွဲ့က လက်ခံလိုက်သောကြောင့် ဦးဖေမောင်တင် ရေးသားပြုစုထားသော ဆရာကိုင် နှင့် ကျောင်းသူကျောင်းသားသုံး သဒ္ဒါကျမ်းများကို ၁၉၅၂ ခု၊ ၁၉၅၄ ခုနှင့် ၁၉၅၆ ခုနှစ်များ၌ စာပေဗိမာန်က မူပိုင်ဝယ်ယူကာ ရိုက်နှိပ်ထုတ်ဝေလိုက်လေသည်။

ထိုအချိန်တွင် တပ်မတော်၏ ကာကွယ်ထောက်ခံပေးမှုကြောင့် ရန်ကုန်အစိုးရဘဝ ရောင်စုံသောင်းကျန်းတို့ အန္တရာယ်စက်ကွင်းမှ လွတ်ကင်းလာခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက...

"ပြည်တော်သာရမည်"

ဟူသော ဆောင်ပုဒ်ကို ကြွေးကြော်ချီတက်ရင်း ပြည်သူပြည်သားများကိုလည်း

"လူတစ်ကိုယ် ကားတစ်စီး တိုက်တစ်လုံး လခ ၈၀၀ ရမည်"

ဟု အာမခံချက်များ ပေးနေလေသည်။

ဦးနုက ထိုကဲ့သို့ အာမခံချက် အပြည့်အဝပေးနေစဉ် တောဘက်နယ်ဘက်မှ လူများမှာကား ဖြူနီသောင်းကျန်းတို့၏ မင်းမူနှိပ်စက်ချက်ကြောင့် အိမ်ပစ် ယာပစ် တဲပစ် လှည်းပစ် မြို့များပေါ်သို့ တက်ပြေးလာနေကြလေသည်။

သူတို့သည် နိုင်ငံတော်ဝန်ကြီးချုပ်၏ အာမခံချက် တိုက်တစ်လုံး ကားတစ်စီး လခ ၈၀၀ တို့ကို မျှော်ကိုးမနေအားကြဘဲ လမ်းဘေးပလက်ဖောင်း၌ ကျူးကျော်တဲများကို ဆောက်လုပ်နေထိုင်လိုက်ကြသည်။

ပြီးလျှင် သူတို့သည် ထမင်းနပ်မှန်စားနိုင်ရေးအတွက် ကြုံရာကျပန်း အလုပ်များကို ကြိုးစားလုပ်ကိုင်ကြရလေသည်။

ထိုကဲ့သို့သော ကျူးကျော်ရပ်ကွက်များကြောင့် ရန်ကုန်မြို့ကြီး၌ ကျောက်ရောဂါ ဝမ်းရောဂါများ ထူပြောကာ အကြီးအကျယ် မီးလောင်မှုများလည်း ဖြစ်ပွားလာခဲ့လေသည်။

အချို့သူများကဲ့သို့ မြို့ပေါ်တက်မပြေးနိုင်ကြသော တောသူတောင်သားအများစုမှာကား ဖြူနီကြောင်ကျားမောင်သောင်းကျန်းတို့ နှိပ်စက်သမျှ ဇက်စင်း၍ ခံနေကြရရှာလေသည်။

ထို့အတူ ဝမ်းစာရေးကြောင့် တစ်မြို့တစ်ရွာမှ တစ်နယ်တစ်ဒေသဆီသို့ ကူးသန်းသွားလာရှာဖွေလုပ်ကိုင်စားသောက်နေကြရသော ပြည်သူလူထုမှာလည်း ရထားမိုင်းဗုံးထောင်ခြင်း၊ သင်္ဘောကို သေနတ်များဖြင့် ဆီးပစ်ခြင်းများကြောင့် အပြစ်မဲ့စွာ သေကျေပျက်စီးနေကြရပြန်လေသည်။

ဂုဏ်ထူးဆောင်ပါမောက္ခကြီး ဦးဖေမောင်တင်သည် နေ့စဉ်သတင်းစာထဲမှ စိတ်ဝမ်းမချမ်းမြေ့စရာ သတင်းများကို ဖတ်ရှုကြားသိနေရလေသည်။

လွတ်လပ်ရေးကို တောင့်တခဲ့သော ဦးဖေမောင်တင်သည် မြန်မာပြည်လွတ်လပ်ရေးရသောအခါ ဝမ်းသာကျေနပ်ခဲ့မိသလောက် မငြိမ်မသက် ဆူပူသောင်းကျန်းနေမှုများကို .တွေ့မြင်ကြားသိရသည်တွင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိလေသည်။

မြန်မာပြည်ကြီး လွတ်လပ်သောအခါ အဘက်ဘက်က အောက်ကျနောက်ကျနေခဲ့သမျှများကို ညီညွတ်စွာ လက်တွဲ၍ ပြန်လည်ထူထောင်ကြိုးပမ်းအားထုတ်ကြရမည့်အစား တစ်ချိန်က လက်တွဲကာ တိုက်ပွဲဝင်လာခဲ့ကြသူချင်း အပြင်းအထန် သူသေကိုယ်ပြုတ် တိုက်ထုတ်ထိုးခုတ်နေကြသည်မှာ ဝမ်းနည်းစရာကောင်းလှလေတော့သည်။

ဂုဏ်ထူးဆောင်ပါမောက္ခကြီး ဦးဖေမောင်တင်က ဘယ်သူ့ဘယ်သူကိုမျှ အပြစ်တင်ဝေဖန်ခြင်း မပြုလိုသော်လည်း အကျိုးရှိစွာ အသုံးချရမည့် အဖိုးတန်အချိန်နှင့် အသက်စည်းစိမ်တို့ကို အကျိုးမဲ့စွာ ဖြုန်းတီးဆုံးရှုံးပစ်နေကြရခြင်းအတွက်ကိုမူ ဝမ်းနည်းနမြောမိလေသည်။

သို့သော်လည်း တိုင်းပြည်အေးချမ်း ငြိမ်သက်သွားအောင်ကား သူဘာမျှမတတ်စွမ်းနိုင်ချေ။

ဦးဖေမောင်တင်သည် သူမတတ်စွမ်းသော ကိစ္စရပ်အတွက် ငေးမောမှိုင်တွေ၍ အချိန် ဖြုန်းမနေဘဲ သူ့တိုင်းပြည်နှင့် သူ့လူမျိုးအတွက် သူတတ်စွမ်းသော စာပေရေးရာလုပ်ငန်းများ၌သာ သူ့ကိုယ်သူ အသုံးချမြှုပ်နှံထားလိုက်လေတော့သည်။

# ၄၇

# အမေရိကန်ပြည်သို့ ခရီးတစ်ထောက်

၁၉၅၇ ခုနှစ်၏ နှစ်လယ်ပိုင်းလောက်တွင် ဦးဖေမောင်တင်ထံသို့ အမေရိကန်ခရစ်ယာန် သာသနာပြုဆရာ တစ်စုရောက်လာခဲ့ကြသည်။

သူတို့သည် ရောက်မဆိုက်မှာပင် ဦးဖေမောင်တင်ထံသို့ သူတို့ရောက်လာရခြင်း၏ အကြောင်းရင်းကို ပြောလိုက်ကြလေသည်။

''ကျေးဇူးပြုပြီး ကျွန်တော်တို့ အမေရိကန်သာသနာပြုတွေကို ဦးဖေမောင်တင်က ဗုဒ္ဓဘာသာတရားအကြောင်း သင်ကြားပို့ချပေးပါ''

အမေရိကန် ခရစ်ယာန်သာသနာပြုဆရာများထံမှ သူလုံးဝမျှော်လင့်မထားသော တောင်းဆိုချက်အတွက် ဦးဖေမောင်တင် အံ့ဩထူးဆန်းသွားသည်။ နားမလည်နိုင်အောင်လည်း ဖြစ်မိသည်။

သည်အတွက် သူတို့ကို ဦးဖေမောင်တင်က ပြန်မေးလိုက်သည်။

''နေပါဦးဗျ။ ခင်ဗျားတို့က ခရစ်ယာန်သာသနာပြုဆရာကြီးတွေပဲဟာ၊ ဘာအတွက် ဗုဒ္ဓဘာသာတရားကို သင်ချင်ကြရတာတုံး''

သူတို့ကို ထူးဆန်းနားမလည်ဖြစ်သွားသော ဦးဖေမောင်တင်ကို အမေရိကန်ခရစ်ယာန်သာသနာပြုဆရာ များက ရှင်းပြကြလေသည်။

''ကျွန်တော်တို့ ခရစ်ယာန်သာသနာပြု ဆရာတွေအနေနဲ့ ဗုဒ္ဓဘာသာတရားကို ဘာ့အတွက် သင်ချင်ကြ တာလဲဆိုတော့ အခု ဝန်ကြီးချုပ်ဦးနုက ဆဋ္ဌသင်္ဂါယနာ* တင်ပြီးတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ဆက်

---

* မှတ်ချက်။ ။ ဆဋ္ဌသင်္ဂါယနာတင်ရာ၌ အဆင့်ဆင့်ရှိသည်။ ထိုသို့ရှိရာတွင် • • •
၁၇-၅-၅၄ တွင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကို စတင်ကျင်းပသည်။
၂၁-၅-၅၄ တွင် ပါဠိတော် ပထမသန္နိပါတကို စတင်သည်။
၁၉-၅-၅၆ တွင် ပါဠိတော် ပဉ္စမသန္နိပါတ တင်ပြီး၏။
၂၆-၁၂-၅၆ တွင် အဋ္ဌကထာပါဠိတော် ပထမသန္နိပါတကို စတင်သည်။
၂-၃-၆၀ တွင် အဋ္ဌကထာပါဠိတော် စတုတ္ထသန္နိပါတ တင်ပြီး၏။
၅-၁၁-၆၀ တွင် ဋီကာ ပထမသန္နိပါတ စတင်သည်။
၁၆-၂-၆၂ တွင် ဋီကာ ဒုတိယသန္နိပါတ တင်ပြီး၏။

လုပ်ဦးမှာ မဟုတ်လား။ ဒီတော့ ကျွန်တော်တို့ ခရစ်ယာန်သာသနာပြုဆရာတွေအဖို့ ဗမာပြည်မှာ ဆက်ပြီး ခရစ်ယာန်သာသနာပြုဖို့ဟာ ဗုဒ္ဓဘာသာတရားအကြောင်း သိကျွမ်းထားဖို့လိုတယ်၊ ကြိုတင်လေ့လာနားလည်ထားသင့်တယ်လို့ ယူဆချက် ဆုံးဖြတ်ချက်အရ ဗုဒ္ဓဘာသာတရားအကြောင်း သိကျွမ်းနှံ့စပ်ထားတဲ့ ပါဠိပါမောက္ခဆရာကြီးဆီ အကူအညီလာတောင်းကြတာပါ''

''ကျုပ်က ပါဠိပါမောက္ခမို့ ဗုဒ္ဓဘာသာအကြောင်း သိတယ်ဆိုပေမယ့် မြန်မာပြည်မှာ ဗုဒ္ဓဘာသာကျမ်းကို ကျုပ်ထက်သိတဲ့တတ်တဲ့ နှံ့စပ်တဲ့ ကျမ်းတတ်ပုဂ္ဂိုလ်ကြီးတွေပြည့်လို့၊ အဲဒီပုဂ္ဂိုလ်ကြီးတွေဆီသွားသင်ကြပါလားဗျ။ ခင်ဗျားတို့အတွက် ပိုတောင်ကောင်းဦးမယ်''

''ပိုကောင်းချင်ကောင်းပေမယ့် ကျွန်တော်တို့က ဆရာကြီးဆီမှာပဲ သင်ယူချင်ကြပါတယ်''

''ခင်ဗျားတို့ဟာက ခက်တော့နေပါပြီ၊ ကျုပ်ဆီကမှ ဗုဒ္ဓဘာသာကို သင်ချင်ရအောင် ကျုပ်ဟာ ဗုဒ္ဓဘာသာမဟုတ်တဲ့ ခင်ဗျားတို့လိုပဲ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဆိုတာလည်း သတိရကြပါဦးဗျ''

''မှန်ပါတယ်ခင်ဗျာ၊ ဆရာကြီးဟာ ခရစ်ယာန်တစ်ယောက်ဆိုတာကို သတိရလို့ပဲ ဆရာကြီးကိုရွေးပြီး ကျွန်တော်တို့ ဆုံးဖြတ်ချဉ်းကပ်လာခဲ့ကြတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာတစ်ယောက်ဟာဆိုရင် သူယုံကြည်ကိုးကွယ်ထားတဲ့ ဗုဒ္ဓတရားကို သင်ကြားပေးတဲ့အခါ အနည်းနဲ့အများဆိုသလို အမွှမ်းတင်တာတို့၊ ပိုချဲ့တာတို့၊ ဘက်လိုက်တာတို့ ပါလာခဲ့မှာပဲ။ ဒါပေမဲ့ ဆရာကြီးလို လေ့လာမှတ်သားမှုအရ တတ်ကျွမ်းထားတဲ့ ခရစ်ယာန်တစ်ယောက်အနေနဲ့ကတော့ ဘက်လိုက်စရာ အမွှမ်းတင်စရာမရှိဘဲ အရှိကိုအရှိအတိုင်း၊ အသိကိုအသိအတိုင်း မပိုမလိုသင်ကြားပြသပေးလိမ့်မယ်ဆိုတာကို ယုံကြည်စိတ်ချထားကြလို့ပါပဲ ခင်ဗျား''

အကြောင်းပြချက် ကောင်းလှသော အမေရိကန် ခရစ်ယာန်သာသနာပြုဆရာများကို နောက်ဆုံး၌ ဦးဖေမောင်တင်သည် တတ်သည့်ပညာမနေသာဘဲ ဗုဒ္ဓဘာသာတရားအား သင်ကြားပို့ချပေးလိုက်ရလေတော့သည်။

ထိုကဲ့သို့ အမေရိကန် ခရစ်ယာန်သာသနာပြုဆရာများကို ဗုဒ္ဓဘာသာတရားသင်ကြားပြသပေးနေသော ဦးဖေမောင်တင်ထံသို့ မြန်မာခရစ်ယာန် ဓမ္မဆရာများက ရောက်လာခဲ့ကြပြန်သည်။

မြန်မာခရစ်ယာန် ဓမ္မဆရာများက သူတို့သည် မြန်မာလူမျိုးများအနေဖြင့် မြန်မာပြည်တွင် ခရစ်ယာန်သာသနာပြန့်ပွားခိုင်မြဲစေရေးအတွက် သာသနာပြုရာ၌ မြန်မာလူမျိုးအများစု ကိုးကွယ်သော ဗုဒ္ဓဘာသာတရားအကြောင်းကို တော်ရုံသင့်ရုံ သာမန်လျှံကာ သိထားခြင်းထက် ကျေကျေညက်ညက် နားလည်သိရှိထားကြဖို့လိုကြောင်း သဘောပေါက်လာကြသောကြောင့် သူတို့အားလည်း သင်ကြားပို့ချပေးပါရန် ဦးဖေမောင်တင်ထံ အပူကပ်တောင်းဆိုလိုက်ကြပြန်လေသည်။

ထိုအခါ ဦးဖေမောင်တင်သည် တစ်လတစ်ခါ အချိန်ပေးကာ မြန်မာခရစ်ယာန် ဓမ္မဆရာများကိုလည်း ဗုဒ္ဓဘာသာတရားအား သင်ကြားပို့ချပေးလိုက်ရပြန်လေသည်။

ထိုကဲ့သို့သော အကျိုးဆက်က ဦးဖေမောင်တင်ကို အမေရိကန်ပြည်သို့ပင် အရောက်ပို့ဆောင်ပေးလာခဲ့လေသည်။

ဗုဒ္ဓဘာသာတရားအကြောင်း အသင်အကြား အပို့အချကောင်းသော ဦးဖေမောင်တင်၏ သတင်းသည် အမေရိကန်သာသနာပြုဆရာများမှတစ်ဆင့် အမေရိကန်ပြည်ကြီးသို့ ပေါက်ရောက်ကျော်ကြားသွားခဲ့လေသည်။

သူ့သတင်းထင်ပေါ်၍ စင်တော်က ဦးဖေမောင်တင်ကို ကောက်လာခဲ့သူကား အမေရိကန်ပြည်မှ ဒေါက်တာ အာရ်-ပါးစ်ဘီးဗား* ဖြစ်လေသည်။

ဒေါက်တာ ဘီးဗားက သူတို့အမေရိကန်ပြည် ရှီကာဂိုတက္ကသိုလ်[၁]၊ ခရစ်ယာန်ဘာသာ ကျမ်းစာဌာန[၂] ၌ ဦးဖေမောင်တင်ကို ဗုဒ္ဓဘာသာတရားအား သင်ကြားပို့ချပေးရန် လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဖိတ်ခေါ်မှု၏ ရည်ရွယ်ချက်သည် ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များတို့ ဆက်ဆံရေးဆိုင်ရာ လေ့လာမှုကဏ္ဍတွင် သူ့ထံမှ ပညာဗဟုသုတများကို မှီငြမ်းအသုံးပြုလိုကြ၍ဖြစ်ကြောင်း ဦးဖေမောင်တင် သိရလေသည်။

---

* Dr. R. Pierce Beaver

၁။ Chicago University

၂။ Bible Department

အမေရိကန်ပြည်မှ ထိုကဲ့သို့ ဖိတ်ခေါ်ချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း ကြည်ဖြူခွင့်ပြုလိုက်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် ဇနီးနှင့်သမီးများကို ခေါ်ဆောင်ကာ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ မြန်မာပြည်မှ အမေရိကန်ပြည်သို့ ထွက်ခွာခဲ့လေသည်။

သူ့အသက် သုံးဆယ်ကျော်အရွယ်တုန်းက ဦးဖေမောင်တင်သည် သူ့ကိုယ်သူ ခရစ်ယာန်ဘာသာဝင် တစ်ယောက်ဆိုသည်ကို ထုတ်ဖော်ခြင်းမပြုဘဲ အင်္ဂလန်ပြည်သို့ ငုပ်ကောင်လုပ်၍သွားခဲ့လေသည်။

ဒေါက်တာကာပင်တာက ထုတ်မေးခဲ့သည်ကိုပင် ဦးဖေမောင်တင်က ဟုတ်မှန်ကြောင်း ဝန်မခံခဲ့ချေ။

ယခု နှစ်ပေါင်းလေးဆယ်နီးပါး ကွာခြားပြီးနောက် သူ့အသက်ခုနစ်ဆယ်အရွယ်၌ အမေရိကန်ပြည်ကြီးသို့ သွားခွင့်ကြုံလာပြန်သောအခါတွင်ကား လွတ်လပ်သော မြန်မာပြည်သားတစ်ယောက်အနေဖြင့် မျက်နှာအောက်ချစရာမလိုတော့သော အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ခေါင်းကိုမော့၊ ရင်ကိုကော့လျက် သူ့ကိုယ်သူ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ကြောင်း မောင်းတီးကြေညာရင်း ခပ်ကြော့ကြော့သွားလိုက်လေတော့သည်။

ထို့နောက် အမေရိကန်ပြည် ရှိကာဂိုမြို့သို့ရောက်သွားသော ဦးဖေမောင်တင်သို့ မိသားစုနေရေးထိုင်ရေးကို ရှိကာဂိုတက္ကသိုလ်သမ္မာကျမ်းစာဌာနမှ တာဝန်ရှိသူများက တာဝန်ယူ၍ စီစဉ်နေရာချထားပေးလေသည်။

ထို့အပြင် သင်တန်းပို့ချပေးသော ဦးဖေမောင်တင်အတွက် တစ်လလျှင် ဒေါ်လာငွေတစ်သောင်းကိုလည်း ထောက်ပံ့ချီးမြှင့်လေသည်။

''အရှေ့ဖျားဗမာပြည်က ဗမာလူမျိုး ခရစ်ယာန်ဘာသာဝင်ပါမောက္ခဆရာကြီးက အမေရိကန်ကိုလာပြီး ဗုဒ္ဓဘာသာတရားအကြောင်း ဟောပြောပို့ချသတဲ့''

ဟူသော သတင်းသည် ရှိကာဂိုတက္ကသိုလ်မှတစ်ဆင့် အမေရိကန်ပြည်ရှိ အခြားသောတက္ကသိုလ်များဆီသို့ ပျံ့နှံ့ကျော်ကြားသွားလေသည်။

ထိုအခါ အခြားသော တက္ကသိုလ်များကလည်း သူတို့ထံသို့လာ၍ ဟောပြောပို့ချပေးရန် ဦးဖေမောင်တင်ကို ပင့်ဖိတ်ကြလေတော့သည်။

ဦးဖေမောင်တင်ကလည်း မငြင်းတမ်းလိုက်၍ ဟောပြောပို့ချပေးလိုက်လေသည်။

ဦးဖေမောင်တင်က ငွေကြေးကို အဓိကမထားသော်လည်း ပင့်ဖိတ်သော တက္ကသိုလ်များက တစ်ခေါက်ပင့်လျှင် တစ်ခေါက်ဆိုသလောက် ဒေါ်လာငွေများကို ချီးမြှင့်ထောက်ပံ့ကြလေသည်။

အမေရိကန်လူမျိုးများအတွက် မြန်မာဗုဒ္ဓဘာသာနှင့် ပါဠိဘာသာကို ဦးဖေမောင်တင် အထူးပြု၍ ဟောပြောပို့ချပေးရလေသည်။

ဦးဖေမောင်တင်သည် ရှိကာဂိုတက္ကသိုလ်နှင့်အတူ ပင်စီလ်ဗေးနီးယား[၁]နယ် ဘတ်ကနဲလ်တက္ကသိုလ်[၂]တွင်လည်း အထူးဟောပြောချက်များကို ပို့ချပေးလိုက်လေသည်။

သူ့အနေဖြင့် ဗုဒ္ဓဘာသာတရားကို အဟောအပြောအပို့အချ အဘယ်မျှ ကောင်းသနည်းဆိုပါလျှင် သူ့တရားကိုနာပြီးသွားကြသော အမေရိကန်လူမျိုးအချို့က ဗုဒ္ဓဘာသာသို့ဝင်လိုကြောင်း ဦးဖေမောင်တင်ထံသို့လာ၍ အကူအညီတောင်းခဲ့ကြလေသည်။

သူသည် ဗုဒ္ဓဘာသာအကြောင်းကို ဟောနေသော်လည်း သူ့ခရစ်ယာန်ဘာသာကို မေ့မထားပစ်မထားချေ။

သူသည် တနင်္ဂနွေနေ့များ၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့သွား၍ ဝတ်ပြုကိုးကွယ်လေသည်။

ထို့နောက် ဦးဖေမောင်တင်က ကျမ်းတတ်ပမ္ဗဆရာ၊ ဘာသာရေးပါရဂူများနှင့် သမ္မာကျမ်းစာအကြောင်း ဆွေးနွေးနာယူခြင်း၊ အမေရိကန်ပြည်မှ ခရစ်ယာန်ဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုများကို လေ့လာခြင်း စသည်များအား စိတ်ပါဝင်စားစွာ ပြုလုပ်လိုက်လေသည်။

သူ၏လေ့လာချက်အရ အမေရိကန်လူမျိုးများသည် ဘာသာရေးကို မိရိုးဖလာကိုးကွယ်ကြသူများရှိသလို

---

၁။ Pennsylvania

၂။ Bucknell University

အလေးအနက်ထား၍ ကိုင်းကိုင်းရှိုင်းရှိုင်း ယုံကြည်ကိုးကွယ်ကြသူ အများအပြားကိုလည်း ဦးဖေမောင်တင် တွေ့ရှိရလေသည်။

ရှီကာဂိုရှိ ဦးဖေမောင်တင်တို့အိမ်သည် အမေရိကန်ပြည်သို့ရောက်နေသော ကျောင်းသူကျောင်းသားများအတွက် စားအိမ်သောက်အိမ်ဖြစ်သွားလေသည်။ အမေရိကန်ပြည်တွင် ဆံပင်တစ်ခါညှပ်လျှင် ၁၄ ဒေါ်လာမျှပေးရသည်။ ဈေးကြီးလွန်းသောကြောင့် ကျောင်းသားများက ဓာတ်အားသုံးစက်ကတ်ကြေးတစ်ချောင်းစုဝယ်လျက် တစ်ယောက်တစ်ပြန် ဆံပင်ညှပ်ကြသည်။ ထိုအခါ ဦးဖေမောင်တင်သည် ဆိုင်သို့မသွားတော့ဘဲ မကျွမ်းကျင်ကြသေးသော ကျောင်းသားများထံ၌ပင် စိတ်ရှည်ရှည်ထားကာ သူ့ဆံပင်ကို ညှပ်လိုက်လေသည်။

ထိုနောက် အမေရိကန်ပြည်၌ နှစ်တစ်ပတ်လည်သွားသော ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလထဲတွင် ဦးဖေမောင်တင်ထံသို့ စာတစ်စောင်ရောက်လာသည်။

ဦးဖေမောင်တင်ထံသို့ စာရေးပို့လိုက်သူကား မြန်မာပြည်မှ ဦးကျော်သန်း[၁] ဖြစ်သည်။

ဦးကျော်သန်းကား အရှေ့အာရှခရစ်ယာန်ကောင်စီအတွင်းရေးမှူးချုပ်[၂] ဖြစ်လေသည်။

ဦးကျော်သန်းက ၁၉၅၉ ခုနှစ်၊ မေလတွင် မလေးရှားပြည်၊ ကွာလာလမ်ပူမြို့၌ အရှေ့အာရှတိုက်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပမည့်အရှေ့အာရှ ခရစ်ယာန်ကောင်စီကွန်ဖရင့်စည်းဝေးကြီးသို့ ဦးဖေမောင်တင်အား တက်ရောက်ဟောပြောပါရန် ဖိတ်ကြားလိုက်ခြင်းဖြစ်လေသည်။

သို့ရာတွင် ဦးဖေမောင်တင်မှာ ၁၉၅၉ ခုနှစ်၊ ဇွန်လကုန်မှသာ နှစ်နှစ်ပြည့်ကာ သတ်မှတ်ချိန်စေ့မည်ဖြစ်ရာ ဦးကျော်သန်း ဖိတ်ခေါ်လိုက်သော မလေးရှားပြည်သို့ သွားနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ဦးဖေမောင်တင်က သူလာနိုင်မည်မဟုတ်ကြောင်းကို ဦးကျော်သန်းထံ စာရေးပြန်ကြားလိုက်သည်။

ထိုအခါ ဦးကျော်သန်းက ဦးဖေမောင်တင်ကို လူကိုယ်တိုင် မတက်ရောက်နိုင်ပါက စာတမ်းတစ်စောင်ရေးဖြစ်အောင်ရေးပေးပါဟု ထပ်မံတောင်းဆိုလာခဲ့ပြန်လေသည်။

ဦးဖေမောင်တင်သည် ကြားရက်အားချိန်များတွင် မြန်မာကျောင်းသားတချို့၏ ပို့ဆောင်ချက်ဖြင့် ရှီကာဂိုမြို့၌ ကျော်ကြားခမ်းနားသော ပလက်နက်တေးရီးယမ်း[၃]၊ နက်ချရယ်လ်ဟစ္စထရီမြူဇီယမ်[၄]၊ ဇူးအိုလော်ဂျီကယ်လ်ပတ်က်[၅] ပြတိုက်များသို့ လှည့်လည်လေ့လာလိုက်လေသည်။

ထိုနောက် ၁၉၅၈ ခု၊ နိုဝင်ဘာလ၌ ဦးဖေမောင်တင် ရုတ်တရက် နေမကောင်းဖြစ်လေသည်။

ဆရာဝန်က ဦးဖေမောင်တင်ကို စမ်းသပ်စစ်ဆေးပြီးနောက်

"ခင်ဗျားမှာ တခြားရောဂါမရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားသွေးကြောတွေက အမေရိကန်ပြည်က အအေးဒဏ်ကို ခံနိုင်အားမရှိဘူး"

ဟု ပြောသည်။

ဦးဖေမောင်တင်၏ အခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိသူ ရှီကာဂိုတက္ကသိုလ်ကျောင်းအုပ်ကြီးကိုလည်း ဆရာဝန်က သတင်းပို့ပေးလေသည်။

"ဦးဖေမောင်တင်ကို မြန်မာပြည်ပြန်လွှတ်မှဖြစ်လိမ့်မယ်၊ ဒီမှာဆက်နေရင်တော့ သူ့အတွက် ကျုပ်တာဝန်မယူနိုင်ဘူး"

ဆရာဝန်၏မှတ်ချက်အရ သတ်မှတ်ချိန်မပြည့်၊ နှစ်မစေ့သေးသော်လည်း ရှီကာဂို တက္ကသိုလ်ကျောင်းအုပ်ကြီးက ဦးဖေမောင်တင်ကို မြန်မာပြည်သို့ ပြန်ခွင့်ပြုလိုက်လေသည်။

သူတို့တက္ကသိုလ်သို့လာရောက် ဟောပြောပို့ချပေးသော ဦးဖေမောင်တင်ကို ရှီကာဂိုတက္ကသိုလ်က ဝီ–အိပ်ချ်–ဒီ ဒေါက်တာဘွဲ့ပေးအပ်လိုက်လေသည်။

---

၁။ ယခုအမေရိကန်ပြည် ကွန်နက်တီကတ်ပြည်နယ် နယူးဟေဗင်မြို့တွင် ရှိသည်။
၂။ General Secrctary of East Asia Christians Council
၃။ Planetarium
၄။ Natural History Museum
၅။ Zoological Park

ဦးဖေမောင်တင် နေထိုင်ကောင်းသွားသောအခါ သူတို့မိသားစုသည် နာမည်ကျော် လော့စ်အိန်ဂျလိစ်* မြို့သို့ သွားလည်လိုက်ကြသေးသည်။

ပြီးမှ အမေရိကန်ပြည်က ပြန်လာခဲ့ကြသော ဦးဖေမောင်တင်တို့မိသားစုသည် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၌ ရန်ကုန်သို့ရောက်ကြလေသည်။

"အင်း၊ သူများတိုင်းပြည်က ဘယ်လောက်ကောင်းတယ်ဆိုဆို ဘယ်လောက်ဖိမ်ရှိတယ်ပြောပြော ကိုယ့်တိုင်း ကိုယ့်ပြည်လောက် ပျော်စရာမကောင်းပါဘူး"

နွေးထွေးသောနေရောင်နှင့် စိမ်းလန်းသောသစ်ပင်များဖြင့် ဝေဆာနေသော သူ့မြန်မာပြည်သို့ ပြန်ရောက်လာသော ဦးဖေမောင်တင်သည် လူရောစိတ်ပါ သွက်လက်လန်းဆန်းသွားကာ ရင်ထဲမှ နှစ်ထောင်းအားရစွာ ရေရွတ်လိုက်မိသည်။

သူ့တိုင်းပြည်၊ သူ့နိုင်ငံနှင့်၊ သူ့မြန်မာလူမျိုးများထံ ပြန်ရောက်လာရသော အသက်ခုနစ်ဆယ်အရွယ် မြန်မာလူမျိုးအဘိုးကြီး ဒေါက်တာဖေမောင်တင်၏ စိတ်ထဲတွင် အမှန်တကယ်ပင် ပျော်ရွှင်ချမ်းမြေ့သွားလေသည်။

* Los Angeles

# ၄၄

# အာရှတစ်ခွင် ခရီးစဉ်

ရာသီဥတု နွေးထွေးကာ သူ့စိတ်မှာ လွတ်လပ်ပျော်ရွှင်သွားသောကြောင့်ထင်သည်။ မြန်မာပြည်သို့ ပြန်ရောက်လာသော ဦးဖေမောင်တင်သည် ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်ဝလန်းဆန်းနေလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင် မြန်မာပြည်သို့ ပြန်ရောက်လာပြီးနောက် ကျန်းမာရွှင်လန်းစွာရှိနေခြင်းအတွက် ဝမ်းသာအားရဖြစ်နေသူကား ဦးကျော်သန်းဖြစ်လေသည်။

သူသည် ဦးဖေမောင်တင်ထံ ပြေးလာကာ ပြောလေသည်။

"ကဲ ဆရာကြီးကို ကွာလာလမ်ပူ ကွန်ဖရင့်ကို တက်နိုင်ဖို့အတွက် ဘုရားသခင်က မြန်မာပြည်ပြန်ပို့လိုက်တာပဲ၊ မေလကျရင် လိုက်ဖြစ်အောင်လိုက်ပါ၊ ဟောပြောဖို့အတွက်လည်း ခကတည်းက ပြင်ဆင်ထားပါတော့ ဆရာကြီး"

အမှန်ကို ဝန်ခံရမည်ဆိုပါက အသက်ခုနစ်ဆယ့်တစ်နှစ်ပြည့်လုနီးပြီဖြစ်သော ဦးဖေမောင်တင်သည် ငယ်ရွယ်နုပျိုစဉ်တုန်းကကဲ့သို့ လှုပ်လှုပ်ရှားရှား ခရီးများ သိပ်မသွားလိုတော့ချေ။

ဖြစ်နိုင်လျှင် သူသည် သူ့တိုင်း သူ့ပြည် သူ့အိမ် သူ့ရာမှာ စာရေး၊ စာဖတ်၊ စာပေရေးရာ ဆွေးနွေးခြင်းများဖြင့်သာ အေးအေးဆေးဆေးနေလိုလေသည်။

သည်ကဲ့သို့သော သူ့သဘောကို ရိပ်မိသိရှိထားဟန်တူသော ညီမငယ်တီတီနှင့် လုစ်တို့မောင်နှံက မလေးရှားသို့သွားရန် တိုက်တွန်းအားပေးကြလေသည်။

"ကိုလေးက အသက် ၇၀ ကျော်တယ်ဆိုပေမယ့် အရွယ်က ၆၀ လောက်ထင်ရတာပါ၊ ပြီးတော့ ကျန်းမာရေးလည်း ကောင်းလို့ပဲဟာ။ ကျန်းမာသန်စွမ်းတုန်း သွားလိုက်ပါလား ကိုလေးရဲ့"

"ဟုတ်သားပဲတင်ရဲ့၊ မင်းအဖို့ အင်္ဂလန်ရော၊ အမေရိကန်ရော၊ ဥရောပတိုက်ရော အနောက်နိုင်ငံတွေကိုတော့ စုံအောင်နှံ့အောင် ရောက်ခဲ့ဖူးပေမယ့် အရှေ့အာရှတိုက်ဘက်ကိုတော့ မင်းဘယ်မှမရောက်ဖူးသေးဘူး မဟုတ်လား၊ အခုရောက်ဖို့ ကြုံကြိုက်တုန်း သွားလိုက်ပေါ့ကွ"

သူ့ကို ဖိတ်ခေါ်သူက ဖိတ်ခေါ်သလို၊ တွန်းပို့သူများကလည်း တွန်းပို့နေကြသောအခါ နောက်ဆုံး၌ ဦးဖေမောင်တင် စိတ်ပါလာကာ မလေးရှားသို့သွားရန် ဆုံးဖြတ်လက်ခံလိုက်လေတော့သည်။

သူ့မြန်မာပြည်၏ ရေမြေဒေသရာသီဥတု စသည်များနှင့် ကွာခြားကွဲပြားမှုမရှိလှသော မလေးရှားပြည် ကွာလာလမ်ပူမြို့သို့ မေလအတွင်း၌ ရောက်သွားသော ဦးဖေမောင်တင်အဖို့ နေထိုင်သွားလာစားသောက်ရေး တို့တွင် အခက်အခဲပြဿနာမရှိဘဲ အစစပြေလည်လေသည်။

ဦးဖေမောင်တင်သည် အရှေ့အာရှတိုက်တွင် ပထမဦးဆုံးအကြိမ် ကျင်းပသော ခရစ်ယာန်ကောင်စီကွန်ဖရင့် စည်းဝေးကြီး၌ မြန်မာပြည်မှ မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ဘာသာရေးဆိုင်ရာ ဟောပြောချက်များကို တက် ရောက်လာကြသော ကိုယ်စားလှယ်ပေါင်းစုံအား ဟောပြောပို့ချပေးလိုက်သည်။

ထို့နောက် ကိုယ်စားလှယ်ပေါင်းစုံ၏ မေးမြန်းသမျှ မေးခွန်းများကိုလည်း သူတို့ ကျေနပ်မှုရသည်အထိ ဦးဖေမောင်တင်က ပြေလည်ရှင်းလင်းအောင် ဖြေကြားပေးလိုက်လေသည်။

ပြီးလျှင် ဦးဖေမောင်တင်သည် ကျွန်းမာပျော်ရွှင်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းများဖြင့် မလေးရှားပြည် ကွာလာ လမ်ပူမြို့ အရှေ့အာရှခရစ်ယာန် ကွန်ဖရင့်စည်းဝေးကြီးမှ ပြန်ခဲ့လေတော့သည်။

ဦးဖေမောင်တင် မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် မကြာမီမှာပင် အိမ်နီးချင်း တရုတ်ပြည်ကြီးသို့ ခရီး ထွက်ရန်အကြောင်း ပေါ်လာခဲ့ပြန်သည်။

တစ်နေ့တွင် ယဉ်ကျေးမှုဌာနဝန်ကြီး ဦးချစ်သောင်းသည် ဦးဖေမောင်တင်ထံသို့ ရောက်လာသည်။

''ကျွန်တော်တို့ ယဉ်ကျေးမှုအဖွဲ့နဲ့အတူ ဆရာကြီးကို တရုတ်ပြည်လိုက်ခဲ့ဖို့ လာခေါ်တာပါ''

ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်မှ မဟာအောက်တိုဘာ တော် လှန်ရေးအခမ်းအနားသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဦးချစ်သောင်းခေါင်းဆောင်သော ယဉ်ကျေးမှုအဖွဲ့ကို စေလွှတ်သည်ဟု ဆိုသည်။

ဤတွင် အဖွဲ့ခေါင်းဆောင်ဝန်ကြီး ဦးချစ်သောင်းက သူတို့ယဉ်ကျေးမှုအဖွဲ့နှင့်အတူလိုက်ပါခဲ့ရန် ဦးဖေမောင် တင်အား လာ၍ခေါ်ခြင်းဖြစ်လေသည်။

''ကျွန်တော်တို့အဖွဲ့မှာ ဆရာကြီးလို ပညာရှိပုဂ္ဂိုလ်ကြီးမျိုး တစ်ဦးပါတော့ ကျွန်တော်တို့ ပိုအားရှိတာပေါ့''

သူ့ကို အားကိုးအားထားပြု၍ ခေါ်သူကခေါ်၍ အားပေးတိုက်တွန်းသူများကလည်း တိုက်တွန်းကြပြန်သော အခါ တရုတ်ပြည်သို့ ဦးဖေမောင်တင် လိုက်ဖြစ်သွားရပြန်လေသည်။

သူတို့တရုတ်ပြည်သွား ယဉ်ကျေးမှုအဖွဲ့တွင် ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးဝန် သီရိပျံချီဦးသာမြတ်လည်း ပါဝင်လေသည်။

မြန်မာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်မှာ ဝန်ကြီးဦးချစ်သောင်းဖြစ်သည်။

သို့ရာတွင် အဖွဲ့ထဲ၌ အသက်အကြီးဆုံးဖြစ်သော ဦးဖေမောင်တင်ကို ဦးချစ်သောင်းနှင့် ကျန်အဖွဲ့ဝင်အားလုံး က ရှေ့တန်းမှ ခေါင်းဆောင်တင်ထားကြလေသည်။

ထို့ကြောင့် နှစ်ပြည်ထောင် ယဉ်ကျေးမှုများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ နီးနှောဖလှယ်ခြင်း၊ လေ့လာခြင်း အစရှိသည်များ၌ ဦးဖေမောင်တင်က ရှေ့မှဦးဆောင်၍ ပြောဆိုမေးမြန်းခြင်းများ ပြုပေးလိုက်ရလေသည်။

ဝန်ကြီးဦးချစ်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို အိမ်ရှင်ဖြစ်သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်က ဝမ်းသာအယ်လဲကြိုဆိုကာ အရေးတယူညှေ့ဝတ်ပြုကြလေသည်။

ဦးဖေမောင်တင်အဖို့ ထူးဆန်းအံ့ဩစရာကောင်းသည်မှာ တရုတ်ပြည်မှ အအေးဒဏ်ကိုမှ သူကောင်းစွာ ခံနိုင်စွမ်းရှိလေသည်။

တရုတ်ပြည်မှ မြို့တော်ပီကင်းသည် ခမ်းနားကြီးကျယ်သော်လည်း သူ့မြန်မာပြည်၏ အရပ်ဒေသများနှင့် ဆင်လှသော ကူမင်းမြို့ကလေးကို ဦးဖေမောင်တင် ပို၍နှစ်သက်စွဲမက်မိလေသည်။

စာရေးဆရာကြီး ဂျူးလ်စ်ဗန်းက ''ရက်ပေါင်း ၈၀ ကမ္ဘာတစ်ပတ်''ဟု စာအုပ်တစ်အုပ်ရေးထုတ်ခဲ့သည်။

ယခု သူ့အဖို့၌မူ အသက် ၈၀ မပြည့်မီ ၇၁ နှစ်မှာပင် ကမ္ဘာကြီးကို အရှေ့အနောက် တောင်မြောက် တစ် လျှောက်လုံး ပတ်မိသလောက်ရှိနေပါပြီလားဟု သူ့ဘဝသူကျေနပ်စွာ ဦးဖေမောင်တင် စဉ်းစားကြည့်လိုက်မိလေ သည်။

# ၄၅

# သမိုင်း
# ကော်မရှင်ဥက္ကဋ္ဌ

အသက် ၇၂ နှစ်ပြည့်ရန် နှစ်လခန့်မျှလောက်သာလိုတော့သော ဦးဖေမောင်တင်ကို နိုင်ငံတော်အစိုးရက ၁၉၆၀ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌ သမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခန့်အပ်လိုက်လေသည်။

သမိုင်းကော်မရှင် ဥက္ကဋ္ဌဖြစ်သွားသော ဦးဖေမောင်တင်သည် တိုက်နှင့်ကားနှင့် ပြန်ဖြစ်သွားလေသည်။

သူ့အဖို့ ဌာနလက်ကိုင်နှင့် ပြန်ဖြစ်သွားသော ဦးဖေမောင်တင်သည် မော်တော်ကားကြီး အကျစီး၍ ရုံးဆင်း ရုံးတက်ပြုလိုက်ရလေသည်။

သူသည် မော်တော်ကားကြီး ပြန်စီးရသည်မှာ အဓိကမဟုတ်သော်လည်း စာပေလုပ်ငန်းများကို တာဝန် တစ်ရပ်အနေဖြင့် ပြန်လည်ထိတွေ့လုပ်ရှားခွင့်ရသောကြောင့် ဦးဖေမောင်တင် ပျော်ရွှင်မိလေသည်။

အလုပ်တာဝန်တစ်ခုအနေဖြင့် စာပေများနှင့် ပြန်လည်ထိတွေ့လိုက်ရသော ဦးဖေမောင်တင်သည် ဌာန ဆိုင်ရာ စာပေကျမ်းများကို တည်းဖြတ်ရင်း အချိန်ပိုရကာ တခြားစာပေများကိုလည်း ပို၍ရေးဖြစ်လေသည်။

ထိုအချိန်မှာ ဖ-ဆ-ပ-လ နှစ်ခြမ်းကွဲသွားခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရက ပြုလုပ် ပေးသော သန့်ရှင်းတည်မြဲ ရွေးကောက်ပွဲတွင် သန့်ရှင်းအဖွဲ့မဲနိုင်ကာ ဝန်ကြီးချုပ်ဦးနု ပြန်လည်၍ အာဏာရနေ လေသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တတိယမြောက်သမ္မတကြီးကား ကရင်အမျိုးသား မန်းဝင်းမောင် ဖြစ်လေသည်။

ဦးဖေမောင်တင်တို့ ပြည်သူလူထုများမှာ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးများက အသက်နှင့်လဲကာ ပြည်နယ်ပြည်မကို ပေါင်းစည်း၍ လွတ်လပ်ရေးအရ တိုက်ယူထားခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ဘယ်ပုံဘယ်နည်း ဘယ်အခြေဆိုက်ရဦးမည်နည်းဟု စိတ်မအေးစွာ စောင့်ကြည့်နေမိကြလေသည်။

ပြည်သူလူထုအဖို့ စိတ်ပူပန်ခြင်းဖြင့် စောင့်ကြည့်ရုံအပြင် တခြားဘာမျှမတတ်နိုင်ကြချေ။

ဦးဖေမောင်တင်ကမူ သူရှိသော တစ်ထောင့်တစ်နေရာကလေးမှ သူပိုင်ဆိုင်တတ်ကျွမ်းသော ကလောင်လက်နက်ကလေးဖြင့် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးသို့ရှေးရှုကာ ''ပြည်မမှ တောင်တန်းပေါ်သို့'' ဆောင်းပါးတစ်စောင်ကို သုတေသနဂျာနယ်သို့ ရေးပို့လိုက်လေသည်။

''ပြည်မမှ တောင်တန်းပေါ်သို့'' ဆောင်းပါးကို ဦးဖေမောင်တင်က မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၏ နာယကအဖြစ်နှင့် လွန်ခဲ့သောနှစ်က အသင်း၌ ဟောပြောသြဝါဒပေးချက်များကို အခြေခံ၍ ပြန်လည်ရေးသားတင်ပြလိုက်ခြင်းဖြစ်လေသည်။

ဦးဖေမောင်တင်က မြန်မာစာပေကို တောင်တန်းဒေသများသို့ ပို့ဆောင်ဖြန့်ဝေရေးကို အခြေခံထား၍ တိုင်းရင်းသားညီညွတ်ရေးအား လှုံ့ဆော်စည်းရုံးရေးသားလိုက်ခြင်းဖြစ်လေသည်။

ထို့နောက် ပြည်နယ်ပြည်မခွဲရေးတွဲရေး အရှိန်ပိုပြင်းလာခဲ့သော မြန်မာပြည်ထောင်စုကြီးသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူလိုက်လေတော့သည်။

မနိုင်မနင်းဖြစ်နေသော သန့်ရှင်း ဖ-ဆ-ပ-လ ဦးနုအစိုးရထံမှ မြို့ကွဲယိုင်လဲလုတဲ့ရှိသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အာဏာကို ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သော တော်လှန်ရေးတပ်မတော်က ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ လွှဲပြောင်းသိမ်းယူလိုက်လေသည်။

နိုင်ငံရေးကစားချက်၊ နိုင်ငံရေးလှည့်ကွက်နှင့်တစ်ပါတီ၊ တစ်သင်းတစ်ဖွဲ့ကောင်းစားရေး၊ အာဏာရရေးတို့ဖြင့်သာ သံသရာလည်နေခဲ့သော နိုင်ငံရေးလှုပ်ရှားမှု၊ နိုင်ငံရေးအကွဲအပြဲတို့ကို စိတ်ပျက်ငြီးငွေ့နေခဲ့ကြသော ပြည်သူလူထုအပေါင်းက ငြိမ်းချမ်းစွာအာဏာသိမ်းလိုက်သော တော်လှန်ရေးအစိုးရကို နှစ်ထောင်းအားရ သောင်းသောင်းဖြဖြကြိုဆိုထောက်ခံလိုက်ကြလေသည်။

ထို့နောက် ၁၉၆၂ ခု၊ ဧပြီလ ၄ ရက်နေ့၌ သူ့အသက် ၇၆ နှစ်ပြည့်ရန် ရက်ပိုင်းမျှသာလိုတော့သော ဦးဖေမောင်တင်သည် မန္တလေးမြို့သို့ ခရီးထွက်ခဲ့လေသည်။

မန္တလေးသို့ ဦးဖေမောင်တင် ခရီးထွက်လာခဲ့ရခြင်းမှာ သူ၏ ဂုဏ်ထူးဆောင်ပါမောက္ခနှင့် သမိုင်းကော်မရှင်ဥက္ကဋ္ဌတာဝန်များအရ၊ မန္တလေးကျောက်စာဌာနလုပ်ငန်းများကိုကြည့်ရှုရန်၊ အင်းဝသို့သွားရောက်ကြည့်ရှုရန်နှင့် သမိုင်းကော်မရှင်လုပ်ငန်းများနှင့်ပတ်သက်၍ ရွှေပြည်ဦးဘတင်နှင့် ဆွေးနွေးရန်ကိစ္စရပ်များအတွက်ဖြစ်လေသည်။

ဦးဖေမောင်တင်နှင့်အတူ ဦးဝန်လည်းမန္တလေးသို့ လိုက်ပါလာခဲ့သည်။

မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ ဌာနမှူးဖြစ်နေသော သူ့တပည့်ကြီး ပါမောက္ခဦးချမ်းမြက ဦးဖေမောင်တင်တို့ကို မန္တလေးမှ ဆီးကြိုလေသည်။

ထိုနေ့တွင်ပင် ပါမောက္ခဦးချမ်းမြက ထွန်းလှဟိုတယ်၌ ညစာကျွေးသဖြင့် ဦးဖေမောင်တင်နှင့် ဦးဝန်တို့သွားစားလိုက်ကြသည်။

ထမင်းစားပွဲသို့ စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် လူထုဦးလှလည်း တက်ရောက်လာကြသည်။

သမိုင်းကော်မရှင်ဥက္ကဋ္ဌ ဦးဖေမောင်တင်သည် ဦးချမ်းမြ တည်ခင်းဧည့်ခံသော ညစာစားပွဲ၌ နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် စာအကြောင်း ပေအကြောင်း အတော်ကလေးဆွေးနွေးပြောဆိုဖြစ်လိုက်လေသည်။

ထို့နောက် သူ့ဆရာကြီးရောက်တုန်းကြုံခိုက် ဦးဖေမောင်တင်ထံ ဦးချမ်းမြက တောင်းခံလိုက်လေသည်။

''ဆရာကြီးရောက်လာလို့ ကြုံကြိုက်တုန်း ကျွန်တော့်မြန်မာစာဌာနမှာ ကျွန်တော်သင်ပြပေးထားတဲ့ ဝိဇ္ဇာဂုဏ်ထူးတန်းနဲ့ မဟာဝိဇ္ဇာဖြေနိုင်ခွင့် အရည်အချင်းမီမမီ စစ်ဗေးတဲ့စာမေးပွဲမှာ နှုတ်မေးခွန်းကို ကျေးဇူးပြုပြီး ဆရာကြီးကူပြီးစစ်ဆေးမေးစမ်းပါလား ခင်ဗျာ''

သူ့တပည့်ကြီး ပါမောက္ခဦးချမ်းမြ၏ အကူအညီတောင်းလာမှုကို ဦးဖေမောင်တင်က လိုက်လျောဝမ်းသာအကူအညီပေးလိုက်လေသည်။

ဧပြီလ ၇ ရက်နေ့၌ လူထုဦးလှနှင့် ဒေါ်အမာတို့က သူတို့အိမ်၌ ထမင်းဖိတ်ကျွေးပြန်သဖြင့် ဦးဖေမောင်တင်တို့သွားစားကြရသေးသည်။

''ဆရာကြီးဟာ ၁၉၃၆-၁၉၃၇ တုန်းကနဲ့ အခု ဘာမှမခြားဘူး။ ဆံပင်နည်းနည်း ပိုဖြူလာတာတစ်ခုပဲ''

ဟု လူချင်းမတွေ့ဖြစ်သည်မှာ အတော်ကြာပြီဖြစ်သော ဒေါ်အမာက ဦးဖေမောင်တင်ကို ဆီးကြိုပြောဆိုလိုက်သည်။

ဒေါ်အမာသည် ဦးဖေမောင်တင်၏ တပည့်ဟောင်း သပိတ်မှောက်ကောလိပ်ကျောင်းသူတစ်ဦး ဖြစ်ခဲ့လေသည်။

သူ့ကို ခါးမကိုင်း၊ ကိုယ်မညွတ်ဘဲ တောင့်တောင့်မာမာရှိကာ အရွယ်တင်သည်ဟု မှတ်ချက်ချနေသော ဒေါ်အမာကို…

''ဆရာ အခုလိုကျန်းမာပြီး အရွယ်တင်တာဟာ ကျန်းမာရေးဂရုစိုက်လို့ ဖြစ်ပါလိမ့်မယ်၊ ဆရာက အရက်မသောက် ဆေးလိပ်မသောက်တဲ့အပြင် နေ့စဉ်အစားအသောက်ကိုလည်း ဂရုစိုက်တယ်၊ နေ့ဘက်မှာ သင့်သလောက်စားပြီး ညဘက်ဆိုရင် စွပ်ပြုတ်လောက်ပဲသောက်တာများတယ်၊ အလုပ်ကို အချိန်နဲ့လုပ်ပြီး အစားမှန် အအိပ်မှန်လို့ပဲ ဖြစ်လိမ့်မယ်ကွယ်၊ အဲဒါ မင်းတို့လည်း ဆရာ့လိုပဲ အရွယ်တင်ချင်ရင် ဆရာ့နည်းကိုယူကြ''

ဟု ဦးဖေမောင်တင်က ဩဝါဒနည်းနာပေးခဲ့လေသည်။

နောက်တစ်ရက်၌ ဦးဝန်၊ ဦးချမ်းမြတို့နှင့်အတူ ဦးဖေမောင်တင်သည် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့သွား၍ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို ဖူးတွေ့လိုက်ကြသည်။

''ဆရာကြီးကို အခုလို လူကိုယ်တိုင်မတွေ့ရသေးခင် အစောကြီးတည်းက ကျုပ်ကသိနေခဲ့တာ၊ ဘယ်လိုသိထားသလဲဆိုတော့''

သူတို့သည် လာရင်းကိစ္စအကြောင်းများကို လျှောက်တင်ဆွေးနွေးပြီးကြသောအခါ သာသနာပိုင်ဆရာတော်ကြီးက ဦးဖေမောင်တင်ကို ပြောလေသည်။

ထို့နောက် သာသနာပိုင်ဆရာတော်ကြီးက ဆက်၍ ရှင်းပြလိုက်လေသည်။

''ကျုပ် ပထမကြီးစာမေးပွဲဖြေတုန်းကပေါ့။ စာမေးပွဲမေးခွန်းထဲမှာ ပုစ္ဆာတစ်ခုဟာ ဝိသုဒ္ဓိမဂ်ထဲက ထုတ်မေးထားတာဟာ ဟိုတုန်းက ဖြေခဲ့ဖူးတဲ့ မေးခွန်းတွေနဲ့ တခြားစီပဲ။ အတော်ခက်ခဲနက်နဲတယ်။ ဒါပေမဲ့ ကျုပ်ကတော့ ကြိုးစားဖြေလိုက်တာ ရပါတယ်။ ဖြေလို့ရပေမယ့် စိတ်ထဲမှာတော့ ပုစ္ဆာထုတ်တဲ့ပုဂ္ဂိုလ်ဘယ်သူလဲဆိုတာ သိချင်နေတယ်။ ဒီပုစ္ဆာမျိုး ထုတ်နိုင်တဲ့သူဟာ ပညာဉာဏ်အတော်ကြီးမြင့်ထက်မြက်သူတစ်ယောက်ဖြစ်ရမယ်လို့လည်း တွက်လိုက်တယ်။ ဒါနဲ့ စာမေးပွဲဖြေပြီးတော့ စုံစမ်းကြည့်တဲ့အခါ ရန်ကုန်ကောလိပ်က ပါဠိ ပါမောက္ခဖေမောင်တင်ဆိုတဲ့ ဆရာကြီးဖြစ်ကြောင်း သိခဲ့ရတော့တာပဲ။ ဒါကြောင့် ကျုပ်က ဆရာကြီးကို အဲဒီအချိန်တည်းက သိနေခဲ့တာပါ''

ထို့နောက် ဆောင်ရွက်စရာကိစ္စတာဝန်များ ပြုလုပ်ပြီးစီးသောအခါ ဦးဖေမောင်တင်လည်း ဦးဝန်နှင့်အတူပင် ရန်ကုန်သို့ ပြန်ခဲ့လေသည်။

ရန်ကုန်သို့ ပြန်ရောက်လာခဲ့သော ဦးဖေမောင်တင်သည် သူ့သမိုင်းကော်မရှင်တာဝန်များနှင့်အတူ သူ့စိတ်စေတနာအရ သီးသန့်စာပေများကို မနားတမ်းရေးသားပြုစုရင်း သူ့ကိုလာ၍ ပင့်ဖိတ်သမျှသော စာပေဆိုင်ရာ ဟောပြောပွဲများသို့လည်း မငြင်းတမ်းလိုက်လံဟောပြောပို့ချပေးလိုက်လေသည်။

မြန်မာနိုင်ငံတော် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့က တစ်လတစ်ကြိမ်ပြုလုပ်သော အစည်းအဝေးကိုလည်း ဦးဖေမောင်တင် မှန်မှန်သွားတက်ပေးရသည်။ ထိုအစည်းအဝေးကို ဦးဖေမောင်တင်တို့ တစ်ဝင်းတည်းမှ အင်္ဂလိကန်ခရစ်ယာန်ကျမ်းစာကျောင်း၌ လစဉ်တတိယပတ်၏ စနေနေ့တိုင်းကျင်းပပြုလုပ်လေသည်။ စည်းဝေးပြုလုပ်ဆွေးနွေးကြခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာတိုင်းရင်းသားများဖြစ်ကြသော ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များတို့ အချင်းချင်းပေါင်းသင်းဆက်ဆံရေးများ ပြေလည်ကြစေရန်ဖြစ်လေသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ကျမ်းတတ်ပုဂ္ဂိုလ်များသည် စည်းဝေးနေ့၌ တွေ့ဆုံ၍ တစ်ဘာသာနှင့်တစ်ဘာသာ တူညီချက်နှင့်မတူညီချက်များကို တင်ပြညှိနှိုင်းကြသည်။ အပြေအလည်ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲတွင် ဦးဖေမောင်တင်နှင့် ဒေါက်တာလှဘူးတို့က သဘာပတိများအဖြစ် တာဝန်ယူ၍ ဆောင်ရွက်ကြီးကြပ်ပေးကြရလေသည်။

ထိုအခါ ဦးဖေမောင်တင်အဖို့ အချို့သော လုပ်ကိုင်စရာ၊ သွားလာစရာမရှိသော အသက် ၇၀ ကျော် အဘိုးကြီးများကဲ့သို့ ပျင်းရိငြီးငွေ့ခြင်းကင်းကာ သူ့ဘဝသူ လှုပ်ရှားပျော်မွေ့နေလေသည်။

သို့သော်လည်း လူ့ဘဝဆိုသည်မှာ မတည်မြဲသည့်အတိုင်း ၁၉၆၃–ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့၌ ကား အသက် ၇၆ နှစ် ပြည့်ကာ ၇၇ နှစ်ထဲသို့ ရောက်လာခဲ့ပြီဖြစ်သော ဦးဖေမောင်တင်ကို သက်ဆိုင်ရာက သမိုင်းကော်မရှင်ဥက္ကဋ္ဌရာထူးမှ အငြိမ်းစားအနားပေးလိုက်ပြန်လေတော့သည်။

ထိုအခါ ဦးဖေမောင်တင်မှာ ရာထူးနှင့်အတူ နေစရာအိမ်နှင့် စီးစရာမော်တော်ကားတို့သည်လည်း မရှိဖြစ်သွား ရပြန်လေသည်။

ထိုမှုမကသေးပဲ ပြောင်းလဲသတ်မှတ်လာခဲ့သော ဥပဒေစည်းမျဉ်းများအရ တက္ကသိုလ်မှ လစဉ်ထောက်ပံ့ နေသော တစ်လ ၅၀၀ ကိုလည်း ဦးဖေမောင်တင်လက်လွှတ်လိုက်ရသည့်အပြင် အငြိမ်းစားပင်စင်လခကို လည်း တစ်လ ၆၀၀ အထိသို့ လျှော့ချခံလိုက်ရလေသည်။

သို့သော်လည်း ဦးဖေမောင်တင်က သူ့စားဝတ်နေရေးအတွက် စိုးစိမ့်မှုမပူမိချေ။

''စာငှက်ကလေးတစ်ကောင်မျှကိုပင် အငတ်မထား''ဆိုသော ကတိစကားကို ဦးဖေမောင်တင် ယုံကြည် လက်ခံထားလေသည်။

သူယုံကြည်လက်ခံထားခဲ့သည့်အတိုင်းပင် ရာထူးနှင့်အတူ နေစရာအိမ်ပါမရှိ ဖြစ်သွားသော ဦးဖေမောင်တင် အတွက် လူတိုင်းမရနိုင်သောနေရာကောင်း၊ ရပ်ကွက်ကောင်း၌ အိမ်တစ်လုံးကို လွယ်လင့်တကူရရှိလာခဲ့လေ သည်။

ရန်ကုန်မြို့ အင်းလျားလမ်း၌ရှိသော သန့်ရှင်းသော လက်ဝါးကားတိုင်* အင်္ဂလိကန် ခရစ်ယာန်အသင်း တော်က သူတို့သာသနာကျောင်းဝင်းအတွင်းမှ သာသနာပိုင်အိမ်တစ်လုံးကို အသင်းဝင်ဖြစ်သော ဦးဖေမောင်တင် တို့ မိသားစုအတွက်ပေးလေသည်။

ဦးဖေမောင်တင်တို့ မိသားစုနေထိုင်ရမည်ဖြစ်သော ယခုအင်းလျားလမ်း၊ အမှတ် (၁၀၄-ဘီ) တစ်ထပ်တိုက် ကလေးသည် ညီမဖြစ်သူ ဒေါ်တီတီလုစ်အိမ်နှင့် မိဘမဲ့ကျောင်း၏ မျက်စောင်းထိုးကလေးတွင်ရှိလေသည်။

ဦးဖေမောင်တင်အဖို့ သူချစ်သော ညီမငယ်၊ ချစ်သော သူငယ်ချင်းယောက်ဖတို့နှင့် အနီးကပ်နေနိုင်ခွင့်ရ ခြင်းသည် ဝမ်းသာချမ်းမြေ့စရာကောင်းလှလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် သူတို့မိသားစုအတွက် အနေတော်ပင်ဖြစ်သော အဆိုပါအိမ်ကလေးသို့ အမြန်ဆုံး ရွှေ့ပြောင်းနေထိုင်လိုက်လေတော့သည်။

အခြားသူများအဖို့ ငွေထုပ်ကြီးပိုက်ကာ လိုက်ရှာလျှင်တောင် လွယ်လွယ်နှင့် ရနိုင်လိမ့်မည်မထင်သော ရန်ကုန်မြို့၏နေရာကောင်း၊ ရပ်ကွက်ကောင်း၌ သူ့အတွက် အိမ်တစ်လုံးအသင့်ကူညီပေးခဲ့သော အင်္ဂလိကန် ခရစ်ယာန်အသင်းတော်ကို ဦးဖေမောင်တင်ကလည်း တုံ့ပြန်၍ တစ်လငွေ ၇၀ ကျပ် သတ်မှတ်ပေးလှူလိုက်လေ သည်။

သူ့အဖို့ ဝါသနာနှင့်စေတနာအရ စာပေများရေးသားပြုစုဟောပြောပို့ချခြင်းများမှလွဲ၍ တာဝန်ဝတ္တရား များအနေနှင့်ကား လုံးဝကင်းသွားပြီဖြစ်သော ဦးဖေမောင်တင်က သူသမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် လေးနှစ်ကျော် ငါးနှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့စဉ် သမိုင်းကော်မရှင်အတွက် တည်းဖြတ်ပေးခဲ့သော...

၁။ သမိုင်းတံခွန် အတွဲ ၁၊ အပိုင်း ၁-၂
၂။ သမိုင်းတံခွန် အတွဲ ၂
၃။ လောကထိပ်ပန်
၄။ စလင်းမင်း မောင်ပေါင်းချောင်ချောင်း
၅။ မဟာစည်သူ ဘင်္ဂလားသွား စာတန်းမှတ်တမ်း
၆။ နှစ် ၁၀၀-ပြက္ခဒိန်
၇။ မင်စာစု သုတေသနခရီးများ

စာပေကျမ်း ၇-ကျမ်းတို့အပြင် ၁၉၄၁ ခုနှစ်နှင့် မြန်မာပြည်လွတ်လပ်ရေးခေတ်ပြီးမှစ၍ ရနိုင်သမျှ ကြိုးစားပြုစုရေးသားတည်းဖြတ်ခဲ့သော စာပေကျမ်းများနှင့် စာတမ်းဆောင်းပါးများကို ပြန်ပြောင်းစုစည်းစစ်ဆေး ကြည့်ရှုလိုက်သောအခါ...

* Holy Cross College And Church

ရေးသားတည်းဖြတ်ခဲ့သောကျမ်းများ

၁၉၄၁-ခုနှစ်

၁။ ဂျုရတ်နှင့် မားဂရက်ဝတ္ထု(တည်း)
၂။ ရွှေစည်းခုံမွန်ကျောက်စာ (တည်း)

၁၉၄၈-ခုနှစ်

၁။ မြန်မာစာပေသမိုင်း (ဒုတိယအကြိမ်ထပ်နှိပ်)

၁၉၅၁-ခုနှစ်

၁။ မြန်မာ့ဝိကျဖွဲ့ထုံးကျမ်း
၂။ အခြေပြုပါဠိသဒ္ဒါ

၁၉၅၂-ခုနှစ်

၁။ မြန်မာကြည့်စာ (ပထမတွဲ)
၂။ မြန်မာသဒ္ဒါ
၃။ မာတောဝါဒ ဆုံးမစာ

၁၉၅၄-ခုနှစ်

၁။ မြန်မာသဒ္ဒါ (ဒုတိယအကြိမ်ထပ်နှိပ်)

၁၉၅၅-ခုနှစ်

၁။ ကျောင်းသုံးမြန်မာသဒ္ဒါ
၂။ မြစေတီမွန်ကျောက်စာ (တည်း)
၃။ မြန်မာတိုင်းရင်းကျောက်စာများ (တည်း)
၄။ ရာဇဝင်ကျော် (တည်း)

၁၉၅၆-ခုနှစ်

၁။ နတ်သျှင်နောင်ဆိုရတု
၂။ တန်းမြင့် မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း
၃။ မြန်မာသဒ္ဒါ (တတိယအကြိမ်ထပ်နှိပ်)
၄။ တရုတ်သံရောက်မော်ကွန်း(တည်း)

၁၉၅၇-ခုနှစ်

၁။ ကျန်စစ်သားမင်းတရားကြီး၏နန်းတော်မွန်ကျောက်စာ (ပြန်ဆိုတည်းဖြတ်)
၂။ နန်းတော်မွန်ကျောက်စာ (ပြန်ဆိုတည်းဖြတ်)

၁၉၅၈-ခုနှစ်

၁။ ဘာသာလောကကျမ်း

၁၉၆၀-ခုနှစ်

၁။ ဇမ္ဗူဒီပဥဆောင်းကျမ်း (အမေရိကန်ပြည်မှ ဒေါက်တာဖေမောင်တင်အဖြစ် ပြန်ရောက်လာပြီးနောက်၊

ဒေါက်တာ ဖာနီဗယ်လ်နှင့် တွဲဖက်တည်းဖြတ်သည်)
၂။ ဦးကုလား၏ မဟာရာဇဝင်ကြီး (ပ-ဒု-တ-သုံးတွဲ)

**၁၉၆၁-ခုနှစ်**

၁။ အလယ်တန်းမြန်မာသဒ္ဒါ

**သုတေသနအသင်းဂျာနယ်တွင်**

**၁၉၅၆-ခုနှစ်**

၁။ ဇမ္ဗူဒီပဥဆောင်းကျမ်း (ဆောင်းပါး)

**၁၉၆၁-ခုနှစ်**

၁။ မြန်မာစာ တိုးတက်ပေဦးမည် (ဆောင်းပါး)
၂။ ပြည်မမှ တောင်တန်းပေါ်သို့ (ဆောင်းပါး)

**၁၉၆၃-ခုနှစ်**

၁။ ယိုးဒယားမှရရှိသော ယဉ်ကျေးမှုများ (ဆောင်းပါး)
၂။ မြန်မာကျမ်းများ ဖော်ထုတ်ပုံနှိပ်ခြင်း (ဆောင်းပါး)
၃။ ကျန်စစ်သား၏နန်းတော် (ဆောင်းပါး)

**၁၉၆၄-ခုနှစ်**

၁။ မြစေတီကျောက်စာ (ဆောင်းပါး)
၂။ ဘာသာစကားယဉ်ကျေးမှု (ဆောင်းပါး၊ ဖေဖော်ဝါရီလ၊ ငွေတာရီမဂ္ဂဇင်း)

**မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီ ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့၏ ဆွေးနွေးပွဲမှတ်တမ်း**

**၁၉၆၂-ခုနှစ်ထုတ်**

"ကောင်းကင်ကသွေးစက်" စာအုပ်တွင်...
၁။ ယဇ်ပူဇော်ခြင်း (ဆောင်းပါး)
၂။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တူညီချက်များ (စာအုပ်) အစရှိသည်တို့ကို တွေ့ရှိရလေသည်။

# ၄၆

# အသက်(၈၀)ပြည့် သူ့မွေးနေ့

ယခု ၁၉၆၈–ခုနှစ်တွင် ရောက်လာမည့် ဧပြီလ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့နှင့် မြန်မာသက္ကရာဇ် ၁၃၃၀–ပြည့်၊ ကဆုန်လပြည့်၊ စနေနေ့များ၌ သူ့အသက် ၈၀ ပြည့်တော့မှာပါလားဟု အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး အငြိမ်းစား သမိုင်းကော်မရှင်ဥက္ကဋ္ဌနှင့် ဂုဏ်ထူးဆောင်ပါမောက္ခကြီးဒေါက်တာဖေမောင်တင် သတိထားလိုက်မိလေသည်။

ထိုသို့ သတိထားလိုက်မိလျှင် သူက သူ့အတွက် ရာစုတစ်ခေတ်ပြည့်ရန် အနှစ် ၂၀ မျှသာ လိုတော့သော သူ့သက်တမ်း ခရီးလမ်းကြောင်းတစ်လျှောက်ကို ဦးဖေမောင်တင်ပြန်ပြောင်းငဲ့စောင်း၍ ကြည့်လိုက်မိသည်။

ထိုအခါ သူလျှောက်လှမ်းဖြတ်သန်းလာခဲ့ရသော နှစ်ပေါင်း ၈၀ ဆိုသော ခရီးကြီးသည် မနည်းလှပါကလားဟု ဦးဖေမောင်တင်စဉ်းစားလိုက်မိလေသည်။

နှစ်ပေါင်း ၈၀ ဆိုသည်မှာ လုပ်ကိုင်စရာမရှိ၊ စိတ်ဝင်စားစရာလည်း ဘာမျှမရှိဘဲ အချိန်များကုန်လွန်အောင် ထိုင်စောင့်နေရမည်သာဆိုပါက အင်မတင်ငြီးငွေ့ပျင်းရိစရာကောင်းလိမ့်မည်ဟု ဦးဖေမောင်တင် တွေးထင်ကြည့်မိသည်။

သူ့အဖို့မူ နှစ် ၈၀ ဆိုသည်မှာ ခဏကလေးများ ကုန်လွန်သွားသလားဟု ထင်ရအောင် ရေးဖတ်ဟောပြော ဆွေးနွေးတွေးခေါ်လုပ်ကိုင်ရင်းဖြင့် တစ်နှစ်ပြီး နောက်တစ်နှစ်တို့သည် လှစ်ခနဲ လှစ်ခနဲ ကုန်လွန်သွားခဲ့လေသည်။

ထို့နောက် အလုပ်မှ အငြိမ်းစားယူလိုက်ရကာ ရာထူးလက်မဲ့ဖြစ်သွားခဲ့သောအခါတွင်လည်း ဦးဖေမောင်တင်သည် အစိုးရကပေးအပ်သော တာဝန်မှကင်းသွားခြင်း၊ ဝင်ငွေလျော့သွားခြင်းမှလွဲ၍ စာပေပညာနှင့် ပတ်သက်သော အရေး၊ အဖတ်၊ အတွေး၊ ဆွေးနွေး၊ ဟောပြောပို့ချခြင်းကိစ္စများကား နည်းပါးသွားသည်ဟူ၍မရှိပေ။

ထိုအခါ သူ့အတွက် ပျင်းရိငြီးငွေ့ဖို့ဆိုသည်ကို သတိမရအားအောင် ဦးဖေမောင်တင်မှာ သူဝါသနာပါသော၊ စိတ်ဝင်စားသော စာပေပညာရေးအကြောင်း ဆွေးနွေးတွေးခေါ်ခြင်း၊ ဟောပြောပို့ချခြင်း၊ ရေးဖတ်မှတ်ခြင်းများဖြင့် ပျော်မွေ့နေမိလေသည်။

ထိုကဲ့သို့ ပျင်းရိငြီးငွေ့ခြင်းမရှိခဲ့သော သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်အပိုင်းကဏ္ဍသည် သူ့စိတ်မှာ အပျော်ဆုံး၊ အရွှင်ဆုံး၊ အကျေနပ်ဆုံး၊ အနှစ်သိမ့်ဆုံးဖြစ်သနည်းဟု

တစ်စုံတစ်ဦးက အမေးရှိလာခဲ့မည်ဆိုပါလျှင် အသက် ၈၀ ပြည့်တော့မည့် အဘိုးကြီး ဦးဖေမောင်တင်က…

သူဗိလပ်မှ ပြန်လာခဲ့ပြီးနောက် မြန်မာစာပါမောက္ခအဖြစ်နှင့် တိမ်မြုပ်မတတ် မျက်နှာငယ်နေခဲ့သော မြန်မာစာပေကို၊ ရန်ကုန်တက္ကသိုလ်ကြီးမှာ ထင်ရှားရပ်တည်နိုင်အောင် အချိန်ပြည့်ကြိုးပမ်းအားထုတ်နိုင်ခဲ့သော ၁၉၂၄-ခုနှစ်က ၁၉၃၆-ခုနှစ်အထိသော ၁၂ နှစ်အချိန်ကာလသည် သူ့ဘဝမှာ အပျော်ရွှင်ဆုံး၊ အတက်ကြွဆုံး၊ အကျေနပ်ဆုံးဖြစ်သည်။

ဟု အဖြေပေးလိုက်မည်သာ ဖြစ်လေသည်။

အဆိုပါ ၁၂ နှစ်ကာလ အပိုင်းကဏ္ဍအကြောင်းကို ဦးဖေမောင်တင်သည် ၁၉၆၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ကလောင်အသင်းက ပင့်ဖိတ်သော ဟောပြောပွဲ၌ ထုတ်ဖော်ဝန်ခံခဲ့ဖူးလေသည်။

ထိုဟောပြောချက်အစုံအလင်ကို ၁၉၆၅ ခုနှစ်၌ တက္ကသိုလ်ဌာနအသီးသီးမှ ပါမောက္ခနှင့် သုတေသီပညာရှင်စာရေးဆရာများ၏ ရေးသားချက်များကို စုပေါင်းထုတ်ဝေသော "စိန်ပန်းမြိုင် စာတမ်းနှင့် စစ်တမ်း"စာအုပ်တွင် ရိုက်နှိပ်ဖော်ပြထားလေသည်။

အဆိုပါ ၁၂ နှစ်ကာလအပိုင်းအခြားသည် သူ့ဘဝမှာ အပျော်ဆုံးဖြစ်ခဲ့ရသည့်နည်းတူ ယခုအသက် ၈၀ အရွယ်အဘိုးကြီးဖြစ်နေချိန်တွင် သူတွယ်တာခဲ့သော တက္ကသိုလ်ကြီးကို အနီးမှကပ်၍ နေ့စဉ်မျှော်ကြည့်ရင်း သူခုတ်ထွင်ရှင်းလင်းကာ စိုက်ပျိုးထားခဲ့သော "မြန်မာစာပေပင်"ကြီးသည် အမြစ်နိုင်နိုင်အသီးအပွင့်လှိုင်လှိုင်ဖြင့် မျိုးပွားနေမှုအား နောင်လာနောက်သားများ အားပါးတရစားသုံးပန်ဆင်နေကြသည်ကို ကြည့်မြင်ကာလည်း ဦးဖေမောင်တင်၏ရင်မှာ တစိမ့်စိမ့်နှစ်သိမ့်ကျေနပ်နေမိသည်ပင်ဖြစ်သည်။

လူတစ်ယောက်အဖို့ သူအားစိုက်ဆောင်ရွက်ပြုစုပျိုးထောင်လာခဲ့မှု အစုစုတို့ အောင်မြင်ကြီးပွားနေကြသည်ကို တစိမ့်စိမ့်ကြည့်မြင်ထိတွေ့ကာ ကြည်နူးနှစ်သိမ့်နိုင်သော အခွင့်အရေးမျိုးကား ရဘိခဲသကဲ့သို့၊ ခံစားနိုင်စွမ်း အရသာမျိုးသည်လည်း ရှာမှရှားအောင် ထူးခြားလွန်းလှသည်မဟုတ်ပါလား။

ဦးဖေမောင်တင်တို့ နယ်ချဲ့စဉ် အင်္ဂလိပ်တို့လက်အောက်ခံဘဝ၌ ရန်ကုန်တက္ကသိုလ်အပြင် မန္တလေးကောလိပ်ကလေးတစ်ခုတည်းဖြင့်သာ အားယူခဲ့ရသော စာပေပညာရေးလောက အခြေအနေသည် ယခုသူ့အသက် ၈၀ အရွယ် ဆံဖြူသွားကျိုး အဘိုးကြီးဖြစ်ချိန်၌ကား…

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ချီတက်နေသော လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တက္ကသိုလ်ကျောင်းပေါင်း ၁၃ ကျောင်းနှင့် ကောလိပ်ကျောင်းပေါင်း ၇ ကျောင်းတို့ ပွားများတိုးတက်နေကြလေပြီ။

အချိန်နာရီနှင့် ခေတ်ကာလများသည် နောက်သို့ ပြန်ဆုတ်ရိုးထုံးစံမျိုးမရှိချေ။

---

တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများစာရင်း

| | | | |
|---|---|---|---|
| ၁။ | ရန်ကုန် ဝ-သ တက္ကသိုလ် | ၁။ | ပုသိမ်ကောလိပ် |
| ၂။ | ရန်ကုန် စက်မှုတက္ကသိုလ် | ၂။ | မော်လမြိုင်ကောလိပ် |
| ၃။ | မန္တလေး စိုက်ပျိုးရေးတက္ကသိုလ် | ၃။ | မကွေးကောလိပ် |
| ၄။ | ရန်ကုန် စီးပွားရေးတက္ကသိုလ် | ၄။ | တောင်ကြီးကောလိပ် |
| ၅။ | ရန်ကုန် ပညာရေးတက္ကသိုလ် | ၅။ | မြစ်ကြီးနားကောလိပ် |
| ၆။ | ရန်ကုန် တိရစ္ဆာန်ကုဆေးတက္ကသိုလ် | ၆။ | ရန်ကုန်လုပ်သားများကောလိပ် |
| ၇။ | ရန်ကုန် ဆေးတက္ကသိုလ် ၁ | ၇။ | ရန်ကုန် သွားကောလိပ် |
| ၈။ | မင်္ဂလာဒုံ ဆေးတက္ကသိုလ် ၂ | | |
| ၉။ | မန္တလေး ဆေးတက္ကသိုလ် | | |
| ၁၀။ | မန္တလေး ဝ-သ တက္ကသိုလ် | | |
| ၁၁။ | ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | | |
| ၁၂။ | မေမြို့စစ်တက္ကသိုလ် | | |
| ၁၃။ | မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ် | | |

မှတ်ချက် ။ ။ ယခု သွားကောလိပ်သည် တက္ကသိုလ်ဖြစ်သွားသောကြောင့်၊ တက္ကသိုလ်ကျောင်းပေါင်း ၁၄ ကျောင်းဖြစ်သွားသည်။ စစ်တွေတွင် ကောလိပ်တစ်ကျောင်း တိုးလာသော်လည်း ကောလိပ်ကျောင်းမှာမူ ၇ ကျောင်းပင်ဖြစ်သည်။



MKS PUBLISHING

တစ်နေရာတည်းတွင် တည်ငြိမ်ရပ်တန့်၍လည်းမနေချေ။

စကြဝဠာနှင့်အမျှ ရှေ့သို့သာ တိုးတက်ရွေ့လျားလျက်ရှိလေသည်။

ထိုကဲ့သို့ တိုးတက်ရွေ့လျားနေသော အချိန်နာရီနှင့် ခေတ်ကာလကို လူသားများက အမီလိုက်ကာ မိမိတိုင်းပြည်နှင့် မိမိလူမျိုး တိုးတက်ကြီးပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြရပေလိမ့်မည်။

ရှေ့လူများက ခုတ်ထွင်ရှင်းလင်းကာ လမ်းခင်းပေးသွားချက်ကို၊ နောက်လူများက အပြစ်ရှာကာ ဝေဖန်ခြင်းဖြင့် အချိန်ဖြုန်းနေမည့်အစား

အားနည်းချက်ကို အားသစ်ဖြည့်လျက် ချွတ်ယွင်းအံချော်ချက်များရှိလျှင်လည်း ပြုပြင်ပြောင်းလဲကာ

ပိုကောင်းအောင်သာ ဆထက်တိုး၍ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်လေသည်။

ဦးဖေမောင်တင်၏ခံယူချက်ကား

ရှေ့မှ လူများထက် နောက်တက်လာသူများက ပိုသာအောင် ပိုကြိုးစားရမည်။

တပည့်သည် ဆရာထက် ပိုတော်ရမည်။

သို့မှသာ အရာရာ၌ တိုးတက်ကြီးပွားနိုင်မည်။ နောက်မဆုတ်တမ်း ရှေ့သို့သာ အစဉ်ရွေ့လျားနေသော ခေတ်ကာလကိုလည်း လူသားများက အမီလိုက်နိုင်ကြမည်ဖြစ်သည်။

အဟောင်း အဟောင်းတို့သည် ပျက်ပြုန်း၍ အဟောင်း၌ အခြေခံသော အသစ်အသစ်တို့သည် အဟောင်းတို့နေရာသို့ အစားဝင်လာကြရမည်မဟုတ်ပါလား။

အကယ်၍ နောက်လူများက ရှေ့လူများထက်ပို၍ မကြိုးစားနိုင်ပါလျှင် တပည့်ကလည်း ဆရာထက်ပို၍ မတော်လျှင် သက်ဆိုင်ရာတိုင်းပြည်နှင့် လူမျိုးအတွက် အရာရာအဘက်ဘက်တို့၌ တိုးတက်ကြီးပွားမှုများ မရှိနိုင်သည်သာမက နောက်သို့ပြန်ဆုတ်နစ်မြုပ်သွားဖို့သာ ရှိလေသည်။

ဦးဖေမောင်တင်သည် သူ့ခံယူချက်နှင့် ယုံကြည်ချက်အတိုင်း သူ့အပိုင်း သူ့ကဏ္ဍမှ သူ့ရှေ့ကလူများထက် သူက လက်ကုန်အစွမ်းကုန် ပိုကြိုးစားခဲ့သည်။

သူကြိုးစားခဲ့သည့်အတိုင်း အဘက်ဘက်၌ ဦးဖေမောင်တင် ပိုတော်ခဲ့လေသည်။

သူ့အပိုင်း သူ့ကဏ္ဍတိုင်း၌ သူ၏တိုးတက်ကြီးပွားအောင်မြင်ချက်များက သူ၏ ပို၍ကြိုးစားမှု၊ ပို၍တော်မှုများကို ငြင်းကွယ်ထိမ်ဝှက်ထား၍ မရအောင်သက်သေခံနေကြလေသည်။

ထိုကဲ့သို့ သူ့အပိုင်းမှ သူ့တာဝန်ကို ကျေပွန်နိုင်ခဲ့သော ဦးဖေမောင်တင်သည် သူ့တာဝန်ပြီးပြီဟု သဘောမထားချေ။

ရှေ့မှလူများ၏ နေရာကို သူတို့က တစ်ခေတ်အဖြစ် အစားဝင်၍ ကြိုးပမ်းအားထုတ်ခဲ့သည့်နည်းတူ သူတို့နေရာ၌လည်း နောင်းလူများက အစားဝင်၍ တီထွင်ကြိုးပမ်းအားထုတ်လုပ်ကိုင်ချင်အောင်၊ ဆောင်ရွက်ချင်အောင် ဦးဖေမောင်တင်က လက်တွဲကြိုဆိုခဲ့ လှုံ့ဆော်ဖိတ်ခေါ်ခဲ့လေသည်။

သူ့တစ်သက်တွင် ဦးဖေမောင်တင်သည် စာပေ လူမျိုးနှင့် တိုင်းပြည်အကျိုးသည်ပိုးဆောင်ရွက်ရာ၌ သူ့နေရာကို ဝင်လုမှာစိုး၍သော်လည်းကောင်း၊ သူ့ထက်တော်သွားမှာ၊ ကျော်သွားမှာ၊ အောင်မြင်ကြီးပွားသွားမှာ မနာလို၍သော်လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချောက်တွန်းချိုးနှိမ်ဖယ်ရှားခြင်းများမပြုခဲ့ဖူးချေ။

ထိုကဲ့သို့ပြုမူရန် သူ့တွင် စိတ်ကူးမျှမရှိ၊ သတိပင်မရမိခဲ့ချေ။

သူ့ဘက်က သူ့အစွမ်းရှိသမျှ ကြိုးစားအားထုတ်သကဲ့သို့ တစ်ဖက်မှ တစ်ဖက်သူက အစွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သည်များကို ဦးဖေမောင်တင်က ဝမ်းသာအားရ အားပေးထောက်ခံခြင်းပင်ပြုလိုက်သေးသည်။

တစ်ဖက်သူ၏ အရောင်အသွေး ပိုမိုတောက်ပြောင်စေရန် တတ်စွမ်းသမျှ ကူညီဖေးမခြင်းကိုလည်း ပြုလိုက်သေးသည်။

သည်ကဲ့သို့သော သူ့သဘော၊ သူ့စေတနာ၊ သူ့လုပ်ဆောင်ချက်၊ သူ့ကြိုးပမ်းချက်နှင့် သူ့အောင်မြင်ချက်များကို သူက ထုတ်ဖော်ကြေညာတတ်ခြင်းမရှိ၍ တစ်ပါးသူများအနေဖြင့် သိနိုင်ကောင်းမှ သိနိုင်ကြမည်ဖြစ်သော်လည်း သူ့စိတ် သူ့အကြောင်းကို သူကောင်းကောင်းသိထားသော ဦးဖေမောင်တင်ကား ဝမ်းသာပီတိချမ်းသာခြင်း အပြည့်ရှိနေမိတော့၏။

ထို့ကြောင့် သူလျှောက်လှမ်းဖြတ်သန်းခဲ့ရသော နှစ်ပေါင်း ၈၀ ခရီးလမ်းကြောင်းကြီးကို ပြန်ပြောင်းငဲ့စောင်း

ကာ စစ်တမ်းထုတ်ကြည့်မိသောအခါ၊ အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် သူ့ဘဝသူ ကျေနပ်စရာအတိနှင့်သာ ပြည့်နေကြောင်း တွေ့ရှိလိုက်လေသည်။

ထိုကဲ့သို့သော ဦးဖေမောင်တင်သည် သူ့တပည့်သားမြေးတို့ ဖိတ်ကြားချက်အရ မြန်မာသက္ကရာဇ် ၁၃၃၀ ပြည့်၊ ကဆုန်လပြည့်၊ စနေနေ့ (၁၉၆၈ ခု၊ မေလ ၁၁ ရက်) ၌ သူ့အသက် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲ ကျင်းပရာ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံသို့ သူ့အိမ်ကလေးမှ လမ်းလျှောက်သွားလိုက်လေသည်။

ဦးဖေမောင်တင်အတွက် အသက် ၈၀ ပြည့်မွေးနေ့ ကန်တော့ပွဲကို မြန်မာနိုင်ငံသုတေသနအသင်းက ကြီးမှူးကျင်းပပေးခြင်းဖြစ်လေသည်။

မြန်မာနိုင်ငံသုတေသနအသင်းက...

ဆရာကြီးသည် သက်ကြီးဝါကြီးလည်း ဖြစ်သည်။ မြန်မာနိုင်ငံသုတေသနအသင်းအကျိုးကို နှစ်ပေါင်းများစွာ ထမ်းဆောင်လာခဲ့သူလည်းဖြစ်သည်။ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုထွန်းကားရေးကိုလည်း အစွမ်းထက်ထက် ဆောင်ရွက်လာခဲ့သူဖြစ်ခြင်းကြောင့် ဆရာကြီး၏ အသက် ၈၀ ပြည့်မှာ မြန်မာနိုင်ငံသုတေသနအသင်းက မွေးနေ့ပွဲအထိမ်းအမှတ်ကျင်းပကာ ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း။

ဦးဖေမောင်တင်အား ရှင်းပြလေသည်။

ထို့နောက် အသင်းက ၃၀၀ တန်ပစ္စည်းလက်ဆောင်ပေး၍ မွေးနေ့ပွဲသို့ တက်ရောက်လာကြသော တပည့်တပန်းအပေါင်းက ဦးဖေမောင်တင်ကို ရှိခိုးကန်တော့ကြလေသည်။

ဆံပင်ဖြူသူဖြူ၍ သွားကျိုးသူကျိုးကြပြီဖြစ်သော သူ့တပည့်တပန်းများ၏ ရှိခိုးကန်တော့ခြင်းကို ခံယူလိုက်ရသော ဦးဖေမောင်တင်သည် လွန်ခဲ့သော ၁၉၆၅ ခုနှစ်၊ စာဆိုတော်နေ့၌ နာမည်ကျော်စာရေးဆရာကြီး ရွှေဥဒေါင်းက ထူးထူးခြားခြား ပြုမူသွားချက်တစ်ခုအား သွားကာအမှတ်ရလိုက်မိလေသည်။

"ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဘာသာပြန်ခဲ့တဲ့အတွက် ဆရာကြီးကို ကန်တော့ပါတယ်"

ဟုပြောကာ ဦးဖေမောင်တင်ကို စာရေးဆရာကြီး ရွှေဥဒေါင်းက လက်အုပ်ချီ၍ ကန်တော့ခဲ့လေသည်။

စာရေးဆရာကြီး ရွှေဥဒေါင်း၏ ရှိခိုးကန်တော့ခြင်းအမှုသည် ဦးဖေမောင်တင် ရှစ်တန်းကျောင်းသားကလေးဘဝတုန်းက မျက်နှာဖြူပညာအုပ် မစ္စတာကော့(ဟ်စ်)ကို ရှိခိုးကိစ္စနှင့်ပတ်သက်၍...

"ကျွန်တော်တို့ဗမာလူမျိုးတွေမှာ ကိုယ့်ထက်အသက်အရွယ် တစ်ဗီဇနာပဲ ကြီးသူဖြစ်ပါစေ...ရိုသေမှုနဲ့ ဦးနှိမ်ချပြီး ရှိခိုးကော်ရော် ပူဇော်ကန်တော့ရိုးထုံးစံမျိုးရှိပေမယ့်... ဘယ်သူကမှတော့... သူ့ကိုရှိခိုးရမယ်...ရှိခိုးစမ်းလို့ အမိန့်နဲ့ စေခိုင်းရိုးထုံးစံမရှိပါဘူး... ဒါပေမဲ့ ရှိခိုးထိုက် ပူဇော်ကန်တော့ထိုက်သူကို ဆိုရင်တော့ ခိုင်းစရာမလိုဘဲ အမိန့်ပေးစရာမလိုဘဲ အလိုလို ရိုကျိုးရှိခိုးကန်တော့ကြပါတယ်"

ဟု သူချေပပြောဆိုခဲ့ဖူးသော စကားစုကလေးကို ပြန်လည်သတိရစေခဲ့လေသည်။

ထို့နောက် သူတို့ကို အမိန့်မပေး မစေခိုင်းသော်လည်း သူတို့အဖို့ ရှိခိုးထိုက်၊ ပူဇော်ထိုက်သည်ဟူသော ခံယူချက်အရ၊ ရိုကျိုးစွာ လက်အုပ်မိုး၍ ရှိခိုးကန်တော့ကြသော မြန်မာနိုင်ငံသုတေသနအသင်းဝင်များနှင့်တကွ မွေးနေ့ပွဲအထိမ်းအမှတ်သို့ တက်ရောက်လာကြသော တပည့်တပန်းအပေါင်းထဲမှ ပုဂ္ဂိုလ် ၅ ဦးတို့က သူတို့ဆရာကြီး ဦးဖေမောင်တင်၏ ဂုဏ်ပုဒ်ကျေးဇူးများကို ဖော်ထုတ်ပြောကြားပေးပါဟု အသင်းတွဲဖက်အတွင်းရေးမှူး ဦးတင့်လွင်က ပန်ကြားလိုက်သည်။

ထိုအခါ အငြိမ်းစားယဉ်ကျေးမှုဝန်ကြီးမှုမာန် ညွှန်ကြားရေးဝန် ဦးသာမြတ်၊ တက္ကသိုလ်ဘာသာပြန်ဌာန စာတည်းမှူး ဦးဝန် (မင်းသုဝဏ်)၊ လူထုဒေါ်အမာ၊ သမိုင်းကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းဟန် (ဇော်ဂျီ)နှင့် အသင်းအတွင်းရေးမှူး ပါမောက္ခဒေါက်တာမောင်ရှိန်တို့က အသီးသီးထ၍ သူတို့ဆရာကြီး ဦးဖေမောင်တင်၏ ဂုဏ်ကျေးဇူးများကို သူတို့ထိတွေ့သိရှိသမျှ ထုတ်ဖော်ပြောကြားလိုက်ကြလေသည်။

သူ့တပည့်ကြီးများ ပြောပြီးသွားကြသောအခါ ဦးဖေမောင်တင်က ကျေးဇူးစကားနှင့် ဆုံးမဩဝါဒများကို ပြန်လည်ပြောကြားလိုက်ရလေသည်။

"လောကမှာ မာန်မာနထောင်လွှားတက်ကြွတယ်ဆိုတာ မကောင်းပါဘူး။ နှိမ့်ချပြီး နေထိုင်တာသာ ကောင်းပါတယ်။ ကမ္ဘာပေါ်မှာရှိကြတဲ့ လူမျိုးတကာထဲမှာ မိမိကိုယ်စိတ်နှစ်ပါးကို နှိမ့်ချမာန်လျှော့ပြီး တစ်ဖက်သားကို ရှိခိုးကန်တော့တတ်တဲ့ အလေ့အကျင့်ဟာ ဗမာလူမျိုးတစ်မျိုးတည်းမှာသာရှိတယ်။ ဒါဟာ အင်မတန်ကောင်းမြတ်တဲ့ ဗမာ့ယဉ်

ကျေးမှုထုံးစံတစ်ခုပဲ၊ အဲဒီလိုကောင်းမြတ်တဲ့ ဗမာ့ယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်း အခုလို ဆရာ့ကိုကန်တော့ကြတဲ့အတွက် ဝမ်းသာပါတယ်၊ ကျေးဇူးတင်ပါတယ်""

ဦးဖေမောင်တင်က ကျေးဇူးစကားပြောကြားပြီးနောက် သူ့အတွက် မွေးနေ့အထိမ်းအမှတ်ပွဲ ကျင်းပပေးသော မြန်မာနိုင်ငံသုတေသနအသင်းကိုလည်း ဆက်လက်မှာကြားလိုက်လေသည်။

''အခု ဆရာ့မွေးနေ့ကို ကျင်းပပေးတဲ့ မြန်မာနိုင်ငံသုတေသနအသင်းကိုလည်း မှာလိုက်ချင်ပါသေးတယ်။ အသင်းအနေနဲ့ တခြားပညာရပ်များ ကြီးပွားတိုးတက်ရေးကိုလည်းဆောင်ရွက်ပါ၊ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုကြီးပွားတိုးတက်ရေးကိုလည်း ပိုပြီးဆောင်ရွက်ပါ။ မြန်မာ့ယဉ်ကျေးမှုကို အထောက်အကူပြုမယ့် မြန်မာစာအုပ်ကောင်းများကိုလည်း များများစားစား တည်းဖြတ်ပြီး များများစားစားထုတ်ဝေပါလို့ တိုက်တွန်းချင်ပါတယ်''

ဦးဖေမောင်တင်၏ မွေးနေ့ပွဲကို တက်ရောက်လာကြသူများကို မြန်မာနိုင်ငံ သုတေသနအသင်းက လက်ဖက်ရည်နှင့်မုန့်များဖြင့် ညှော်ခံလေသည်။

တက္ကသိုလ်ဓမ္မာရုံမှ ပြီးပြတ်သွားသောအခါ ဦးဖေမောင်တင်သည် သူ့တပည့်ရင်း ဦးဝန်၏အိမ်သို့ လိုက်သွားရပြန်လေသည်။

ဦးဝန်၏အိမ်၌ ဦးဖေမောင်တင်အား တပည့်များက ပန်းချီစံတိုး ရေးဆွဲထားသော ဆီဆေးပန်းချီ သူ့ပုံတူကားချပ်ကြီးကို ပေးအပ်ကာ သီးသန့်ကန်တော့ကြပြန်လေသည်။

ထို့နောက် ညနေပိုင်း၌ ဦးဖေမောင်တင်အိမ်သို့ ဦးသိန်းဖေမြင့် ရောက်လာသည်။

ဦးသိန်းဖေမြင့်က မနက်ပိုင်း ကန်တော့ပွဲအခမ်းအနားသို့ မရောက်ဖြစ်နိုင်ခဲ့၍ ယခုညနေမှ အိမ်သို့လာ၍ ထန်းသားတုတ်ကောက်တစ်ချောင်းဖြင့် ဦးဖေမောင်တင်ကို သီးသန့်ကန်တော့ခြင်းဖြစ်သည်။

''ဆရာဟာ တောင်ဝှေးမလိုသေးပါဘူး။ ကျွန်တော့်တုတ်ကို တောင်ဝှေးအဖြစ်နဲ့မဟုတ်ဘဲ လမ်းလျှောက်တုတ်အဖြစ်လက်ခံပါ''

ဟု ပြော၍ ပေးသော လက်ဆောင်တုတ်ကောက်ကို ဦးဖေမောင်တင်ကလည်း ဝမ်းသာအားရလက်ခံလိုက်လေသည်။

''အတော်ပဲဟေ့...ဆရာကလည်း လမ်းမှန်မှန်လျှောက်တော့ မင်းပေးတဲ့လက်ဆောင်က ဟန်ကျသကွယ်''

ထို့နောက် နှစ်ယောက်သားရောက်တတ်ရာပြောကြရင်းမှ စာပေအကြောင်းရောက်သွားသည့်တွင် ဦးဖေမောင်တင်က သတိရကာ ဦးသိန်းဖေမြင့်ကို မေးလိုက်မိသည်။

''နေစမ်းပါဦး မောင်သိန်းဖေရေ၊ ဆရာက မျက်စိသိပ်မကောင်းတော့ စာများများ မဖတ်နိုင်တော့ဘူး။ ခုတလော မင်းရေးတဲ့စာတွေမဖတ်မိဘူး။ တလောက ဆရာ မန္တလေးရောက်သွားတော့ တချို့က ပြောကြတယ်၊ မောင်သိန်းဖေဟာ ခေတ်စမ်းကို တိုက်ခိုက်နေတယ်တဲ့၊ ခေတ်စမ်းစာပေထဲမှာ မင်းလည်းပါတာပဲ၊ ဘယ်လိုဖြစ်သလဲ ပြောစမ်းပါဦး''

''ခေတ်စမ်းစာပေကို တိုက်ခိုက်နေတယ်လို့ ပြောသူကတော့ ပြောမှာပဲ၊ ကျွန်တော့် သဘောထားကတော့ ဒီလိုပါဆရာ၊ ခေတ်စမ်းစာပေဟာ အနုပညာသည် အနုပညာအတွက်ဆိုတဲ့ ဝါဒအယူအမြင်နဲ့ရေးတဲ့စာတွေဖြစ်ပါတယ်၊ ပြည်သူ့ဘက်က ရပ်ရမယ်ဆိုတဲ့အသိနဲ့ ပြဋ္ဌာန်းချက်နဲ့ ရေးတဲ့စာတွေမဟုတ်ဘူး၊ ပြည်သူ့စာပေတို့ ဆိုရှယ်လစ်သရုပ်မှန်စာပေတို့ဆိုတာတွေနဲ့ များစွာကွာလှမ်းဝေးပါတယ်၊ ဒါကြောင့် ခေတ်စမ်းစာပေကို ရှေ့တန်းတင်ပြီး ကိုးကွယ်ဆည်းကပ်မှုမျိုး မပြုအပ်ဘူးလို့ ကျွန်တော်ရေးပါတယ်ဆရာ''

ဟု ဦးသိန်းဖေမြင့်က သူ့ခံယူချက်နှင့်ပတ်သက်၍ သူရေးသားခဲ့ချက်ကို အပြေအလည်ရှင်းပြလေသည်။

ထို့နောက် သွားစရာကိစ္စတစ်ခုရှိသေးသော ဦးသိန်းဖေမြင့်လည်း ခဏမျှ ဆက်လက်ဆွေးနွေးပြောဆိုပြီးနောက် ဦးဖေမောင်တင်ထံမှ ပြန်သွားလေသည်။

''အခုလို တွေ့ရတာ ဝမ်းသာသကွယ်၊ နောက်လည်း ကြုံတဲ့အခါဝင်လာပါ၊ စကားပြောရတာပေါ့''

ဟု ဦးဖေမောင်တင်က နောက်လည်း သူ့ထံဝင်လာရန် ဦးသိန်းဖေမြင့်ကို ဖိတ်ခေါ်လိုက်လေသည်။

ထို့နောက် ၁၉၆၈ ခု၊ မေလ ၁၃ ရက်နေ့ထုတ် သူ့ဗိုလ်တထောင်သတင်းစာ ပွင့်ပွင့်လင်းလင်းပြောပါရစေ အခန်း၌ ဦးသိန်းဖေမြင့်က ''ဆရာကြီးဦးဖေမောင်တင်ကို ကန်တော့ခြင်း'' ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်

စောင်ရေးကြောင်း ဦးဖေမောင်တင် ကြားလိုက်လေသည်။

သူ့ဆောင်းပါးထဲ၌ ဦးသိန်းဖေမြင့်က ဦးဖေမောင်တင်၏ အသက် ၈၀ ပြည့်ခြင်းကို အကြောင်းခံ၍ သူက ထန်းသားတုတ်ဖြင့် ကန်တော့ခဲ့ကြောင်း၊ သူသည် မြန်မာစာဂုဏ်ထူးမယူခဲ့သောကြောင့် ဦးဖေမောင်တင်၏ တပည့်ရင်းတစ်ယောက်ဟု မဆိုနိုင်ကြောင်း၊ ခေတ်စမ်းစာပေနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြောင်း စသည်တို့ အား ပြန်လည်ရေးပြရင်း၊ တစ်ချိန်က ဦးဖေမောင်တင်နှင့်ပတ်သက်၍...

– ဦးဖေမောင်တင်အကြောင်း ရေးတဲ့အခါမှာလည်း ကျွန်တော်ဟာ မြန်မာသမိုင်းဖြစ်စဉ်နှင့်ဟပ်ပြီး သမိုင်းဖြစ်စဉ်ကြားမှ ဦးဖေမောင်တင်တည်းဟူသော ပုဂ္ဂိုလ်ကို တင်ထားပြီးရေးပါတယ်။ ဂျီ–စီ–ဘီ–အေ၊ ဝံသာနု လှုပ်ရှားမှုများ၊ ၁၉၂၀ ပြည့်နှစ် ကျောင်းသားများသပိတ်၊ အမျိုးသားကောလိပ်၊ မြန်မာစာနှင့် မြန်မာသမိုင်းပါမောက္ခ၊ ဆရာလွန်းစတဲ့ဖြစ်ရပ်များ၊ ပုဂ္ဂိုလ်များကြောင့် မြန်မာစာပေရှေ့တန်းရောက်လာ တယ်။ တက္ကသိုလ်ပြင်ပမှ တက္ကသိုလ်အာဏာပိုင်များကို ဆန့်ကျင်ပြီး တက္ကသိုလ်ပညာရေးမှာ မြန်မာစာ နေရာရရေး လှုပ်ရှားမှုဖြစ်ပွားလာတယ်။ တက္ကသိုလ်တွင်း၊ တက္ကသိုလ်အာဏာပိုင်များကြားမှာ ဂယက် ရိုက်လာပါတယ်။ မြန်မာစာနေရာရရေးလှုပ်ရှားမှုကို လွှတ်ထားလို့မဖြစ်၊ လိုအပ်သော ဘောင်စည်းများ ကြား ဆွဲယူသိမ်းသွင်းမှုဖြစ်မယ်လို့ အင်္ဂလိပ်အာဏာပိုင်တို့ နားလည်သဘောပေါက်လာကြတယ်။ ဒီအခြေ အနေများကြားမှာ တက္ကသိုလ်အာဏာပိုင်အသိုင်းအဝိုင်းထဲရောက်နေတဲ့ ဦးဖေမောင်တင်တို့က မြန်မာစာ နေရာရရေး ကြိုးစားကြရတယ်။ ဒီအဖြစ်သနစ်ကို ဖော်ပြတဲ့နေရာမှာ ဦးဖေမောင်တင်တို့က အင်္ဂလိပ် အာဏာပိုင်များကို ဆန့်ကျင်ပြီး (ဝါ) နေရှင်နယ်ကောလိပ်နှင့် ဆရာလွန်းတို့လို နယ်ချဲ့ဆန့်ကျင်ရေးလုပ် ပြီး မြန်မာစာနေရာရရေးအတွက် ''တိုက်ပွဲဝင်နေရသည်''လို့ မရေးသင့်ကြောင်း ကျွန်တော်ဝေဖန်ခဲ့ပါ တယ်''

ဟု မြန်မာစာနေရာရရေးအတွက် ဦးဖေမောင်တင်သည် ဆရာလွန်းကဲ့သို့ စွမ်းစွမ်းတမံဖြင့် အင်္ဂလိပ်နယ်ချဲ့ အာဏာပိုင်များကို ဆန့်ကျင်တိုက်ခိုက်လာခဲ့ခြင်းမရှိကြောင်း၊ နှိုင်းယှဉ်ထောက်ပြဝေဖန်ခဲ့မှုကို ယခုပြန်လည်ထည့် သွင်းဖော်ပြကာ ရှင်းလင်းထားကြောင်း သိရလေသည်။

ဦးသိန်းဖေမြင့်အနေဖြင့် သူ့အမြင် သူ့ရှုထောင့်မှ သူ့ခံယူချက်အတိုင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ခြင်းပြုခဲ့ သည်ကိုလည်း ဦးဖေမောင်တင်ဘာမျှမပြောလိုချေ။

ဆရာလွန်းက သူ့နည်းသူ့ဟန်ဖြင့် တိုက်ပွဲဝင်ခဲ့သလို၊ သူ့အနေနှင့်လည်း သူ့မြန်မာစာပေအတွက် ဘယ် နည်းဘယ်ပုံ တိုက်ခိုက်လာခဲ့ရကြောင်းကို သူ့ကိုယ်သူ ဦးဖေမောင်တင် အသိဆုံးဖြစ်လေသည်။

သူ၏ ကြိုးပမ်းဆောင်ရွက်ချက်၊ အောင်မြင်ချက်များကို ဦးဖေမောင်တင်က မောင်းတီး၍ မကြေညာခဲ့ သော်လည်း ဖုံးကွယ်မရသောအကျိုးတရားများက မှတ်မှတ်သားသား ထင်ထင်ရှားရှား သက်သေထားပြနေကြ သည် မဟုတ်ပါလား။

အမှန်၌ သူ့အပိုင်း သူ့ကဏ္ဍမှ သူ့အစွမ်းရှိသမျှ ဦးဖေမောင်တင် ကြိုးပမ်းထမ်းဆောင်ခဲ့ခြင်းများသည် သူတစ်ပါး ချီးမွမ်းမြှောက်စားမှုကို ခံယူလို၍မဟုတ်။ သူ့စေတနာ သူ့ဝါသနာနှင့် သူ့ခံယူချက်ဆန္ဒအရ အစွမ်းကုန် ကြိုးစားခဲ့ခြင်းသာဖြစ်သည်။

သူ့စေတနာ မှန်ပါလျက်နှင့် ပြစ်တင်ဝေဖန်သမှု ပြုလာခဲ့ကြလျှင်လည်း ဦးဖေမောင်တင်က ဥပေက္ခာတရား လက်ကိုင်ထားကာ သူ့စိတ်ကို သက်သက်သာသာပင် ထားလိုက်လေသည်။

– လက်ခုပ်သံမြည်လာဖို့ဆိုသည်မှာ လက်ဝါးနှစ်ဖက်ကို ချက်ညီညီ တီးတတ်ရမည်။

– လူ့လက်ချောင်းများသည် လက်မတစ်ခုတည်းကောင်းနေ၍ အလုပ်မဖြစ်၊ လက်ညှိုးတစ်ချောင်းတည်း ထူးချွန်နေရုံနှင့်လည်း ဘာကိုမျှ ဆုပ်ကိုင်ထား၍ မြဲနိုင်မည်မဟုတ်။

– လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတို့ ငါးချောင်းစလုံး အားသန်ကောင်းမွန် မှသာ အရာရာပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့်နည်းတူ...

– ဖိနှိပ်ချုပ်ချယ်သူများကို ဆန့်ကျင်သော တော်လှန်ရေးတိုက်ပွဲများတွင်လည်း မြေအောက်မှ တိုက်နေ သည်ကို မြေပေါ်မှတိုက်ပေးတတ်၊ တိုက်ပေးနိုင်စွမ်းရှိဖို့ အလွန်အရေးကြီးလေသည်။

– မြေအောက်မှ အသက်စွန့်တိုက်နေသော်လည်း မြေပေါ်မှ သတ္တိရှိရှိ၊ တာဝန်သိသိနှင့် တိုက်ပေးဝံ့သူ

မရှိက တော်လှန်ရေးတစ်ခု အောင်မြင်နိုင်ရေးသည် အဝေးသို့သာရှိနေပေလိမ့်မည်။

– တော်လှန်ရေးအောင်မြင်မှုအတွက် မြေအောက်မှ ထိုးစစ်ဆင်နိုင်ရန်၊ မြေပေါ်မှ စိမ့်ဖန်တီးအကွက်ဆင်ပေးနိုင်စွမ်းရှိတတ်ဖို့ကလည်း အရေးကြီးလှသည်။

– မြေအောက်မှ ဆင်းရဲပင်ပန်းစွာ တိုက်ပွဲဆင်ရသကဲ့သို့ မြေပေါ်က အကွက်ဆင်၍ တိုက်ပွဲဝင်ရသူများမှာလည်း မလွယ်ကူ မသက်သာလှချေ။

– သူတို့အခြေအနေသည် မြေပေါ်တွင် ရန်သူနှင့် ဘေးချင်းတိုက်၊ မျက်နှာချင်းဆိုင်ကာ မျက်ခြည်မပြတ်၊ အလစ်မပေး၊ ခြေလှမ်းမမှားရအောင် အစဉ်သတိအနေအထားဖြင့် မလွတ်မလပ်ကျဉ်းကျပ်လွန်းလှတော့သည်။

– ထိုကဲ့သို့ အကျဉ်းအကျပ်ထဲမှပင် မြေပေါ်မှ တော်လှန်ရေးသမားများသည် ပညာသားပါပါဖြင့် တော်လှန်ရေးအောင်မြင်အောင် တိုက်ကြရသည်။

ထို့အတူ သူ့မြန်မာစာပေနေရာရရေးအတွက် သူသည်လည်း မြေပေါ်က တော်လှန်ရေးသမားနေရာမှနေ၍ အစွမ်းကုန်ကြိုးစားတာဝန်ကျေခဲ့ကြောင်းကို ကြည့်တတ်သောသူတိုင်း မြင်ပါလိမ့်မည်ဟု ဦးဖေမောင်တင်က သဘောထားလိုက်လေသည်။

ထို့နောက် ၁၉၆၈ ခု၊ ဖွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင်လည်း စာရေးဆရာ မင်းယုဝေက ဦးဖေမောင်တင် မွေးနေ့ကန်တော့ပွဲအကြောင်း ဆောင်းပါးတစ်စောင်ရေးထားသည် ဆိုသည်။

မင်းယုဝေကမူ မွေးနေ့ကန်တော့ပွဲ အခမ်းအနားအကြောင်းနှင့် သူ့ဘဝ၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်း အကျဉ်းချုံး၍ ရေးထားကြောင်း ဦးဖေမောင်တင် ကြားသိရလေသည်။

# ၄၇

# တက္ကသိုလ်ရွှေရတုပွဲ သူဆင်နွဲ

နှစ် ၅၀ ပြည့်ရွှေရတုပွဲကို ဆင်နွှဲကျင်းပနေသော ရန်ကုန်တက္ကသိုလ်နယ်မြေတစ်ခုလုံးသည် အုန်းအုန်းကျွက်ကျွက် ပွက်ပွက်ညံနေလေသည်။

စာသင်တန်းများကို ခေတ္တပိတ်ပေးထားသော ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ် ၁ နယ်မြေတို့တွင် ရောင်စုံမီးသီးများက ထိန်ထိန်ညီးနေကြလေသည်။

ရန်ကုန်တက္ကသိုလ်ကို စာဖွဲ့လိုက သူမပါလျှင် ပြီးပြည့်စုံခြင်းမရှိသော အဓိပတိလမ်းမကြီး၏ ဝဲယာတစ်လျှောက်တွင်လည်း ဓာတ်စင်များ၊ ဈေးဆိုင်ခန်းများ တန်းစီနေကြလေသည်။

ကျောင်းသူ ကျောင်းသားနှင့် ဆရာ၊ ဆရာမများ အားလုံးလိုလိုမှာလည်း ဓာတ်စင်ပေါ်တက်သူတက်၍ ဆိုင်ခန်းများ၌ တာဝန်ယူသူများက ယူကြကာ တရုန်းရုန်းတပြုံးပြုံးရှိနေကြလေသည်။

ထိုကဲ့သို့ အမိတက္ကသိုလ်ကြီး၏ နှစ် (၅၀)ပြည့်မွေးနေ့ပွဲကို သား၊ သမီး မြေးမြစ်များက အဆိုအတီး၊ အကအလှတို့ဖြင့် ဖျော်ဖြေကာ အကျွေးအမွေး၊ အရောင်းအချတို့ဖြင့်လည်း ညှော်ဝတ်ပြုကျင်းပပေးရာသို့ တက္ကသိုလ်အပြင်ဘက်မှ ပြည်သူအများကပါလာရောက်အားပေးလိုက်ကြသောအခါ ကြိုတောင့်ကြိုခဲ ရွှေရတုပွဲသည် ကြက်ပျံမကျ စည်ကားလွန်းလှလေတော့သည်။

ရွှေပွဲလာပရိသတ်ထု၏ များပြားစည်ကားမှုသည် ဒီဇင်ဘာဆန်းစ၏ ဆောင်းအအေးဒဏ်ကိုပင် လူငွေ့ဖြင့် နွေးစေ၍ ဆောင်း၏အဆင်တန်ဆာနှင်းမှုန်ကမ္ဗလာကိုလည်း ကွဲလွင့်ပျက်ပြယ်လိုက်စေလေသည်။

တက္ကသိုလ်နယ်မြေထဲ၌ တစ်နေ့လုံး တစ်ညလုံး ဖုံးလွှမ်းလိုင်ဝေနေသော အဆိုအတီး၊ ဂီတသံများနှင့် အုန်းအုန်းကျွက်ကျွက်ရယ်မောပြောဆိုသံများသည် အနီးအနားပတ်ဝန်းကျင်တစ်ဝိုက်သို့ပင် ကျော်လွှားပျံ့လွင့်သွားလေသည်။

ထိုကဲ့သို့ သူ့သားသမီးမြေးမြစ်များက သူ့အသက် ၅၀ ပြည့်ရွှေရတုမင်္ဂလာပွဲကို ထူးထူးခြားခြား အားခဲဆင်နွှဲကျင်းပပေးလိုက်သောအခါ၊ အမိတက္ကသိုလ်ကြီးသည် သူ၏ သက်တမ်းတစ်လျှောက်၌ မလွှဲမရှောင်သာဘဲ ဝမ်းနည်းပက်လက် ဖြစ်ပျက်ခံစားခဲ့ရချက်များကိုပင် ရုတ်တရက်မေ့ပျောက်သွားလေဟန်တူလေသည်။

သူ့အတွက် မောရပန်းရမှန်းမသိအောင် ပြေးလွှားလှုပ်ရှားဆောင်ရွက်နေကြသော သားမြေးများကို နှစ်သိမ့်ကျေနပ်စွာ ပြုံးကြည့်နေပုံရှိသော အမိတက္ကသိုလ်ကြီးသည် အပြင်အဆင်များဖြင့် ခံ့ခံ့ညားညား လှလှပပရှိနေလေသည်။

အနှီသို့သော အမိတက္ကသိုလ်ကြီးက သူ့ကို ယခုလို ခံ့ခံ့ညားညား တည်တံ့စွာ ရပ်တည်နိုင်အောင် စောင်မကြည့်ရှုပြုပြင်ထိန်းသိမ်းလာခဲ့ကြသော အဘိုးအဘွားဆရာကြီး ဆရာမကြီးများအား သူ့အသက် ၅၀ ပြည့်ရွှေရတုမင်္ဂလာပွဲ၌ အခမ်းအနားဖြင့် ပူဇော်ကန်တော့ကာ ကျေးဇူးဆပ်လိုက်လေသည်။

၁၉၇၀ ပြည့်၊ ဒီဇင်ဘာလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၌ တက္ကသိုလ်မှ အသက် ၆၀ အောက် ဆရာ– ဆရာမများက အသက် ၆၀ အထက် တက္ကသိုလ် ဆရာဟောင်း ဆရာမဟောင်းကြီးများအတွက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် တက္ကသိုလ်ရွှေရတု ဆရာပူဇော်ကန်တော့ပွဲတစ်ခုကို ပြုလုပ်ကျင်းပလိုက်လေသည်။

ထို ဆရာကန်တော့ပွဲသို့ သူ့အသက် ၈၂ နှစ်နှင့် ၈ လ စွန်းနေပြီဖြစ်သော ဦးဖေမောင်တင်လည်း တက်ရောက်လိုက်လေသည်။

အကန်တော့ခံသော ဆရာကြီး၊ ဆရာမကြီးများအားလုံးအထဲ၌ ဦးဖေမောင်တင်က အသက်အကြီးဆုံးဖြစ်လေသည်။

ယခု ဒီဇင်ဘာလ၌ တက္ကသိုလ်နှစ် ၅၀ ပြည့် ရွှေရတုပွဲတွင် ပါဝင်ဆင်နွှဲလိုက်ရသကဲ့သို့ နှစ်အစ မတ်လတုန်းကလည်း နှစ် ၆၀ ပြည့်အထိမ်းအမှတ်ပွဲတစ်ခုကို ဦးဖေမောင်တင် တက်ရောက်ခဲ့ရသေးသည်။

ထိုပွဲကား ၁၉၁၀ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံသုတေသနအသင်း အနှစ် ၆၀ ပြည့် အခမ်းအနားပင်ဖြစ်လေသည်။

ထိုမြန်မာနိုင်ငံ သုတေသနအသင်း အနှစ် ၆၀ ပြည့်ပွဲကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပခဲ့ကြလေသည်။

မြန်မာနိုင်ငံ သုတေသနအသင်း နှစ် ၆၀ ပြည့်ပွဲတုန်းကမူ သူ့ထက် အသက်ပိုကြီးသော မိတ်ဆွေကြီး မစ္စတာ ဖာနီဗယ်လ်သည်လည်း ဦးဖေမောင်တင်၏အနီး၌ ရှိနေခဲ့သေးသည်။

ထိုနှစ် ၆၀ ပြည့်အခမ်းအနား ထမင်းစားပွဲတွင် သူနှင့် ဒုတိယအကြိမ် လူချင်းဆုံတွေ့သွားခဲ့သော မလေးလုံက ၁၉၇၀ ခု၊ မေလ ၁၅ ရက်ထုတ်၊ အမှတ် ၂၈– ရှုဒေါင့် ဂျာနယ်ထဲ၌

"ဘဘ သက်ရှည် ရာကျော်စေ"

ဆိုသော ခေါင်းစဉ်ဖြင့် သူ့အသက် ၈၂ နှစ်ပြည့် မွေးနေ့အတွက် ရည်စူးလျက် ဆောင်းပါးတစ်စောင် ရေးထားခဲ့လေသည်။

မလေးလုံသည် သူ့ဆောင်းပါးအဆုံးသတ်၌ သူ့ရှုထောင့် သူ့အမြင်ကလေးဖြင့် ဦးဖေမောင်တင်ကို သုံးသပ်ပြထားလေသည်။

"ဘဘသည် သူ ကမကထ ပြုလုပ်တည်ထောင်ခဲ့သော အသင်း၏ နှစ် ၆၀ သို့ တက်ရောက်စားသောက်သူများကို ပီတိဖုံးသောအပြုံးဖြင့် လှည့်လည်ကြည့်ရှုနေသည်။ ဘဘ၏အပြုံးတွင် မကြာမီ၌ရောက်လာတော့မည့် ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ် ၅၀ ပြည့် ရွှေရတုသဘင်ကြီးအတွက်ပါ ကြိုပြီးကြည်နူးနေသယောင်ပင်။ ဘဘအဖို့ သူပြုစုပျိုးထောင်လာခဲ့ချက်များသည် အကောင်အထည်ပေါ်လာသည်သာမက နှစ်ပေါင်းငါးဆယ်ခြောက်ဆယ်တိုင် တည်တံ့ခိုင်မြဲကာ တိုးတက်ကြီးပွားနေသည်ကို တွေ့မြင်ကြည်နူးဂုဏ်ယူနိုင်သည်မှာ လူ့ဘဝ၏ ရတောင့်ရခဲသော ဆုလာဘ်အခွင့်အရေးကြီးတစ်ခုပင်ဖြစ်လေသည်"

"ဘဘသည် လူ့ဘဝ၏ ရတောင့်ရခဲသော ဆုလာဘ်အခွင့်အရေးကြီးကို ထူးမြတ်စွာ ရရှိခံစားရင်း ယခုအသက် ၈၂ နှစ်ပြည့်လေပြီ"

"ထိုသို့ ဘဘ၏ ၈၂ နှစ်ပြည့် မွေးနေ့အတွက် သတိရဂုဏ်ပြုခြင်းဖြင့် ဤစာပိုဒ်ကလေးကို ရေးသား၍ ဘဘတစ်ယောက် ဆက်လက်အသက်ရာကျော်ရှည်ပြီးနောက် တက္ကသိုလ်၏ စိန်ရတုသဘင်သို့ပါ တက်ရောက်နိုင်ပါစေဟု လှိုက်လှဲလေးမြတ်စွာဖြင့် ဆန္ဒပြု ဆုတောင်းလိုက်ပါသည်"

မလေးလုံ ဆန္ဒပြုလိုက်သည့်အတိုင်း သူ့အသက်ရာကျော် ရှည်မည် မရှည်မည်ကိုမူ မပြောနိုင်သော်လည်း မလေးလုံ အမည်သညာမှတ်လိုက်သော "ဘဘသက်ရှည်" အမည်သည်ကား သူနှင့် အံကိုက်လိုက်ဖက်နေ

ကြောင်း ဦးဖေမောင်တင် တွေ့ရှိရလေသည်။

ယခု တက္ကသိုလ် နှစ် ၅၀ ပြည့် အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားၓ် တစ်ချိန်က တက္ကသိုလ်အကျိုး၊ မြန်မာစာပေအကျိုးတို့ကို သူနှင့်အတူ လက်တွဲသည်ပိုးရွက်ဆောင်လာခဲ့ကြသော လုပ်ဖော်ကိုင်ဖက် ဆရာကြီးများသည် မကျန်တော့သလောက်ရှိကာ အားလုံးထဲၓ် သူက ၈၀ ကျော် အသက်အကြီးဆုံးဖြစ်နေခြင်းတို့က သူသည် အမှန်တကယ်ပင် ဖိုးသက်ပြင်း ''ဘသက်ရှည်''ဖြစ်နေကြောင်း ဦးဖေမောင်တင် ကောင်းစွာ ခံယူလိုက်မိလေသည်။

ကန်တော့ပွဲအခမ်းအနားၓ် ယခုလက်ရှိတက္ကသိုလ် ဆရာ ဆရာမများက ဦးဖေမောင်တင်တို့ လက်ဟောင်းတက္ကသိုလ်ဆရာ ဆရာမကြီးများတို့၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်ချီးကျူးကြ၍ ကျေးဇူးတရားများကို သက်သေထားပြကြလေသည်။

ဘသက်ရှည် ဦးဖေမောင်တင်၏အကြောင်းကိုမူ ဆရာဦးထွန်းမြင့်က အတော်ပင်စုံစုံလင်လင် တင်ပြဖော်ထုတ်နိုင်လေသည်။

ထို့နောက် အကန်တော့ခံသော ဆရာ ဆရာမကြီးများ အားလုံး၏ကိုယ်စား အသက်အကြီးဆုံး ဘသက်ရှည် ဦးဖေမောင်တင်က သက်ကြီးဝါကြီးများကို ရိုသေသမှုဖြင့် ဂါရဝပြုကြသော ဆရာ ဆရာမများအား ဩဝါဒစကား ပြန်ကြားပြောဆိုလိုက်ရလေသည်။

''ယခုလို တက္ကသိုလ်ရွှေရတုမှာ အသက် ၆၀ အောက် ဆရာ ဆရာမများက ၆၀ ကျော် ဆရာ ဆရာမကြီးတို့ကို ကန်တော့ကြတာဟာ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ အမှုတစ်ခုဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုကန်တော့ကြသလဲလို့ စဉ်းစားကြည့်တဲ့အခါ ကျေးဇူးတင်တဲ့အတွက်ကြောင့်လို့ သိရပါတယ်။ 'အာစရိယဂုဏော အနန္တော' ဆရာ့ကျေးဇူးအဆုံးမရှိလို့ ဆိုထားတဲ့စကားကို ထောက်ရှုပြီးသိနိုင်ပါတယ်။

''ထိုနည်းအတိုင်းပဲ ကျေးဇူးသိတဲ့ သားသမီးတို့ကလည်း မိဘတို့ကိုကန်တော့ကြပါတယ်။ အဲဒီလိုမှန်မြတ်တဲ့ ထုံးစံဓလေ့အကြောင်းကို ပုဂံခေတ်မြစေတီကျောက်စာမှာ ပထမဦးဆုံး အထင်အရှားတွေ့ရပါတယ်။ သည့်ထက်စောတဲ့ ကျောက်စာမှာ မြန်မာအရေးအသားကို အနည်းအပါးတွေ့ရပေမယ့် မြန်မာစာပေဟာ မြစေတီကျောက်စာကသာ အစပြုခဲ့တာဖြစ်ပါတယ်။

''သည်အချက်ကိုထောက်ရှုပြီး မြန်မာစာပေဟာ ကျေးဇူးတရားနဲ့ အစပြုလာခဲ့တာလို့ ဆိုနိုင်ပါတယ်။ ဘယ်လိုကြောင့်လဲဆိုရင် မြစေတီကျောက်စာထိုးခဲ့တဲ့ ရာဇကုမာရ်မင်းသားဟာ သူ့ခမည်းတော် ကျန်စစ်သားမင်းကြီး သေလုဆဲဆဲသားဖြစ်နေချိန်မှာ သူ့အဖို့ သူ့ခမည်းတော်ထံက သူခံစားခဲ့ရတဲ့ ကျေးဇူးတရားတွေကို အောက်မေ့သတိရလာလို့ ရွှေဘုရားဆင်းတု တစ်ဆူလုပ်ပြီး ဤရွှေဘုရားကား ခမည်းတော်အဖို့ပြု၏...လို့ဆိုပြီး ပူဇော်ကန်တော့ခဲ့ပါတယ်။

''အဲသည်လိုကန်တော့တာမှာ ခမည်းတော်အဖို့ဆိုတဲ့ စကားကို ထောက်ချင့်ကြည့်မယ်ဆိုရင် အခုလို ပူဇော်ကန်တော့မှုကြောင့် သားတော်ရတဲ့ ကုသိုလ်အပေါင်းကို ခမည်းတော်အားပေးပါ၏...လို့ ဆိုလိုတာကို သိရပါတယ်။ သည်ကုသိုလ်အပေါင်းဟာ ဘုရားဆင်းတုတော်ကို အာရုံပြုပြီး ဘဝကူးရတော့မယ့် ခမည်းတော်အတွက် ဘယ်လောက်အကျိုးရှိမယ်ဆိုတာကို ဗုဒ္ဓဝါဒီတိုင်းသိနိုင်ကြပါတယ်။

''ဒါ့အပြင် စဉ်းစားစရာတစ်ခုရှိပါသေးတယ်။ ဘာလဲဆိုတော့ သားတော်က ရွှေဆင်းတုနဲ့ကန်တော့တဲ့အခါ ခမည်းတော်ရဲ့စိတ်မှာ သြော်...ငါကား ထီးနန်းကို သားတော်အားမပေး။ မြေးတော်အလောင်းစည်သူအားသာ ပေးခဲ့၏။ သားတော်သည် ငါ့အားစိတ်မခု။ ရွှေဆင်းတုဖြင့်ပင် ငါ့အား ပူဇော်ကန်တော့သေး၏လို့ သားတော်ကို ကျေးဇူးတင်ပြီး သူခံစားနေရတဲ့ဝေဒနာကို မေ့သွားပြီး စိတ်နှလုံးနှစ်ခြိုက်ဝမ်းမြောက်ခြင်းနဲ့ သာစုခေါ်မှာဖြစ်ပါတယ်။ ကျေးဇူးတရားဟာ ဘယ်လောက်အကျိုးပေးတယ်ဆိုတာ မြစေတီကျောက်စာက ပြပါတယ်။

''နောက် ပုဂံခေတ်နောက်ပိုင်းမှာလည်း ရာဇသင်္ကြန်အမတ်ကြီးဟာ ဘုရင်မင်းကို မချေမင်ဆိုမိတဲ့အတွက် ရာထူးကနုတ်ပြီး ဒလမြို့ကို အပို့ခံခဲ့ရတယ်။ ရာဇသင်္ကြန်ဟာ ဒလမြို့ကိုအသွား လမ်းခရီးမှာ လေပြင်းကျလို့ သစ်ပင်ကြီးတွေ ကျိုးပဲ့ကျန်ကြတာကို တွေ့ရတယ်။ ဒါပေမယ့် ပန်းပျားပင်ကလေးတွေကတော့ မကျိုးမပဲ့နဲ့ လေပြင်းမှာ ယိမ်းနွဲ့လှုပ်ရှားလို့သာ နေကြတယ်။ ဒါတွေကိုကြည့်ပြီး သြော်...ငါသည် ဘုရင်မင်း၏အမှုထမ်းရာတွင် ပန်းပျားပင်ခန့်မျှ မလိမ္မာချေ။ သစ်ပင်ကြီးကဲ့သို့ကျင့်၍ ဤသို့ဖြစ်ချေသည်လို့ ရာဇသင်္ကြန် အမတ်ကြီးမှာ နောင်တရရှာတယ်။ အဲဒီလို ရာဇသင်္ကြန်ရဲ့နောင်တတရားကို ဘုရင်မင်းကြားသိတဲ့အခါ အမျက်တော်ပြေပြီး

မြို့တော်ကိုပြန်ခေါ်ပြီး အမတ်ကြီးရာထူးကို ပြန်ခန့်ခဲ့ပါတယ်။

''ဆိုလိုချင်တာက သူ့ကျေးဇူးကို သိရမယ်ဆိုတဲ့အချက်ပဲ။

''လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ အတွင်းမှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပြောင်းလဲမှုအမျိုးမျိုးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

''အားလုံးထဲက အဓိကပြောင်းလဲချက်ကတော့ ရန်ကုန်ယူနီဗာစီတီဆိုတဲ့ နာမည်ရင်းကို ရန်ကုန်တက္ကသိုလ် လို့ ပြောင်းလဲခဲ့တဲ့အချက်ဖြစ်ပါတယ်။

''ဟိုတုန်းက ရန်ကုန်ယူနီဗာစီတီမှာ အင်္ဂလိပ်ဘာသာနဲ့ သင်ကြားခဲ့တဲ့ ပညာရပ်အမျိုးမျိုးကို အခုရန်ကုန် တက္ကသိုလ်မှာ မြန်မာဘာသာနဲ့ သင်ကြာပေးနိုင်ဖို့အတွက် တက္ကသိုလ်ပညာသင်ကြားရေးကို မြန်မာမှုပြုလုပ်ဖို့ အတွက် နာမည်ကစပြီးခဲ့တာပါပဲ။ ယူနီဗာစီတီကို တည်ထောင်ချိန်တုန်းက မြန်မာစာပေသင်ကြားပေးမှုဆိုတာ မရှိခဲ့သေးပါဘူး။ ဒါပေမဲ့ တက္ကသိုလ်ကြီးဖြစ်လာချိန်မှာတော့ မြန်မာစာပေကို စိတ်တိုင်းကျသင်ကြားပေးနိုင်လာပါ တယ်။ အခုဆိုရင် မြန်မာဘာသာဟာ သင်ကြားမှုရဲ့ အဓိကဘာသာဖြစ်လာပြီဖြစ်ပါတယ်။ ကျေးဇူးတရားနဲ့စခဲ့တဲ့ မြန်မာစာပေဟာ အမြဲတမ်း တိုးတက်နေရမယ်ဖြစ်ပါတယ်။

''အဲဒီလို မြန်မာစာပေ အမြဲတမ်း တိုးတက်နေဖို့က သိပ္ပံပညာရပ်အသီးသီးအတွက် မြန်မာဘာသာနဲ့ ပြုစုထားတဲ့ စာအုပ်စာတမ်း အမြောက်အမြားရှိဖို့ လိုအပ်ပါတယ်။ အဲဒီလိုရှိဖို့အတွက် အင်္ဂလိပ်စာအုပ်များကိုချည်း တိုက်ရိုက်ဘာသာပြန်ဆိုရုံနဲ့ မလုံလောက်သေးပါ။ တက္ကသိုလ်ပညာရှင်များအနေနဲ့ မိမိတို့ရဲ့ ပဋိသန္ဓေဉာဏ်ကို အသုံးပြုပြီး အင်္ဂလိပ်ပညာရှင်များ မလုပ်ရသေးတဲ့ သုတေသနလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သင့်ကြပါ တယ်။ ကြိုးစားဆောင်ရွက်ကြပါလို့လည်း ရွှေရတုပွဲမှာ တွေ့ဆုံကြုံကြိုက်တုန်း အကြံပေးနှိုးဆော်ခဲ့ပါတယ်။

''အခုလို ဆရာတို့ကို ကန်တော့ကြတဲ့ ဆရာ/ဆရာမတွေအားလုံး ဒီသာပါမောက္ခ ဆရာ/ဆရာမကြီးများ ဖြစ်ကြပါစေ''

တက္ကသိုလ် ရွှေရတုပွဲတွင် ဦးဖေမောင်တင်အမှာပြုသော ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးများ အဆက် ဆက်တို့၏ ပုံတူပန်းချီကားကြီးများကို စက်မှုတက္ကသိုလ်မှ ပန်းချီဆရာနန်းဝေက ရေးဆွဲဂုဏ်ပြုထားလေသည်။

# ၄၈

# သူ့ဘဝ၏ အတ္ထုပ္ပတ္တိ

သူ့ဘဝ၏ ခရီးရှည်ကြီးကို မငြီးမငွေ့ လျှောက်လှမ်းလာခဲ့သော ဦးဖေမောင်တင်သည် ယခုဗိုလ်ချုပ်ကြီး နေဝင်း၏ တော်လှန်ရေးအစိုးရ ၁၀ နှစ်ခရီးကိုပင် ဆက်လက်ကျော်လွှားလွန်မြောက်လာခဲ့ပြန်ချေပြီ။

ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် အသုံးလုံးလှုပ်ရှားမှု မြန်မာစာအဘိဓာန် ပြုစုရေး စသည်တို့အတွက် တစ်ပြည်လုံးစုရုံးလှုပ်ရှားမှုအသီးသီး အောင်မြင်ပြီးမြောက်သွားကြသည်ကိုလည်း ဦးဖေမောင်တင် တွေ့မြင်ကြားသိလိုက်လေသည်။

ထိုကဲ့သို့သော ထူးထူးခြားခြား လှုပ်ရှားချက်များဖြင့် မြန်မာပြည်ကြီးသည် ၁၉၇၃ ခုနှစ်သို့ ကူးပြောင်းလာ ခဲ့လေသည်။

ထိုနှစ်၏ နွေဦးတွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်နယ်မြေတစ်ကြောမှ ကံ့ကော်ပင်တောသည် ထူးထူးခြား ခြားဖူးပွင့်ဝေစည်လွန်းကြလေသည်။

သင်းပျံ့မွှေးကြိုင်လှသော ကံ့ကော်ပန်းရနံ့များသည် တက္ကသိုလ်နယ်မြေဒွိသာမက အနီးပတ်ဝန်းကျင် တစ်ဝိုက်သို့ပါ လှိုင်ကြွယ်ဖြန့်ကြက်ထားလေသည်။

ပင်လုံးညွတ် ဖွေးဖွေးလှုပ်မျှ ဖူးပွင့်နေကြသော ကံ့ကော်ပင်များအောက်သို့ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် မှန်မှန်လမ်းလျှောက်ရင်း ရောက်သွားတတ်သော အသက် ၈၅ နှစ်အရွယ် အဘိုးကြီး ဘသက်ရှည် ဦးဖေမောင်တင် ကို သင်းပျံ့ထုံအေးသော ပန်းရနံ့ကလေးများက ဆီးကြိုကာ အမောဖြေပေးကြလေသည်။

ထိုအချိန်မှာပင် ဦးဖေမောင်တင်ထံသို့ မလေးလုံ ရောက်လာခဲ့လေသည်။

သူ့ထံသို့ မလေးလုံရောက်လာခဲ့ခြင်းသည်ကား သူ့ကို သူ့အတ္ထုပ္ပတ္တိဖြစ်သော...

''ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်''

အမည်ရှိ လက်ရေးစာမူကြီးကို ဖတ်ပြရန်ဖြစ်လေသည်။

မလေးလုံသည် ဦးဖေမောင်တင်ကို တွေ့လျှင်တွေ့ချင်း သူ့အတ္ထုပ္ပတ္တိကိုရေးလိုကြောင်း ခွင့်တောင်းခဲ့သည်။

မလေးလုံခွင့်တောင်းသလို၊ သူ့တပည့် ကျောင်းသူဟောင်း လူထုဒေါ်အမာကလည်း ရေးလိုကြောင်း ဦးဖေ မောင်တင်ကိုပြောဆိုခွင့်တောင်းဖူးခဲ့လေသည်။

ဒေါ်အမာနှင့် မလေးလုံတို့နှစ်ယောက်က ယခုမှခွင့်တောင်းနေကြသည်။ ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိကို ရေးသူများက အတော်ကလေးရေးသားထားဖူးခဲ့ကြလေပြီ။

သူတို့သည် အင်္ဂလိပ်ဘာသာ*၊ မြန်မာဘာသာများဖြင့်လည်းကောင်း၊ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများတွင် လည်းကောင်း၊ သီးသန့်စာအုပ်အဖြစ်လည်းကောင်း၊ သူတို့အမြင်၊ သူတို့ရှုထောင့်အသီးသီးမှ ရေးသားတင်ပြထား ခဲ့ကြလေသည်။

သူ့အသက် ၈၀ ပြည့်သော ၁၉၆၈ ခုနှစ်လယ်လောက်တုန်းကလည်း တက္ကသိုလ်အသိုင်းအဝိုင်းမှတပည့် များက သူတို့ပြုစုလိုကြောင်း တောင်းဆိုကြသောကြောင့် သူ့ဘဝအကြောင်းများကို ဦးဖေမောင်တင် ရက်ချိန်း ပေး၍ ပြောပြခဲ့ရသေးသည်။

တက္ကသိုလ် ရွှေရတု မကျင်းပမီမှာလည်း သူတို့အသံသွင်းယူခဲ့ကြသေးသည်။ သူတို့ရေးဖြစ်သည်၊ မရေး ဖြစ်သည်ကိုတော့ ဦးဖေမောင်တင် မကြားမသိသေးချေ။

ယခု မလေးလုံကမူ မွေးဖွားချိန်မှစ၍ ဦးဖေမောင်တင်၏ ဘဝတစ်လျှောက်လုံးကို ဖတ်ရှုသူများ စိတ်ဝင်စား အောင် ဆွဲဆောင်ရေးဖွဲ့ပြလိုသည်ဟု ဆိုလေသည်။

ထို့နောက် မလေးလုံသည် ၁၉၇၀ ပြည့်၊ ဖွန်လ ၁၅ ရက်နေ့၌ ဦးဖေမောင်တင်၏ အိမ်သို့ရောက်လာကာ သူ၏ ပြောပြချက်များအား စတင်အသံသွင်းယူခဲ့လေသည်။

တစ်သက်လုံး ဒေါင်ဒေါင်မြည်အောင် ကျန်းမာရေးအထူးကောင်းလာခဲ့သော ဦးဖေမောင်တင်သည် လွန်ခဲ့ သော ၁၉၅၉ ခုနှစ်ထဲတုန်းကမူ သုံးကြိမ်သုံးခေါက်မျှ ဆေးရုံပေါ်သို့ရောက်ခဲ့ရလေသည်။

သူဆေးရုံပေါ်သို့ သုံးခေါက်ရောက်ခဲ့ရခြင်းမှာ ယခုခေတ်စားနေသော သွေးတိုး၊ ဆီးချို၊ နှလုံးအသည်း၊ ကျောက်ကပ်၊ အစာအိမ်ကင်ဆာ စသည်တို့နှင့်ပတ်သက်သော ရောဂါဆန်းများကြောင့်ကားမဟုတ်ပေ။

အဆိုပါ ရောဂါဆန်းများ ကင်းရှင်းသော ဦးဖေမောင်တင်သည် ရုတ်တရက် သူ့ဘယ်ဘက်ပါးတစ်ခြမ်းက နာကျင်ကိုက်ခဲလာလေသည်။

အစပထမ၌ သူ့ပါးတစ်ခြမ်း နာကျင်ကိုက်ခဲခြင်းသည် အာဂန္တုနာ၊ ခဏမျှနှင့် သက်သာပျောက်ကင်းသွား လိမ့်မည်ဟု ဦးဖေမောင်တင် ထင်လိုက်မိသည်။

သို့ရာတွင် သူ့ဝေဒနာသည် သက်သာခြင်းမရှိဘဲ ဦးဖေမောင်တင်ကို တိုး၍ ဒုက္ခပေးကာ နှိပ်စက်လာခဲ့လေ သည်။

နောက်ဆုံး၌ သူ့အဖို့ မခံမရပ်နိုင်အောင် ဖြစ်လာခဲ့သော ဦးဖေမောင်တင်သည် တစ်နှစ်တည်း၌ ဆေးရုံပေါ်သို့ သုံးခေါက်တိတိ တက်ရောက်ကုသလိုက်ရလေတော့သည်။

အစ်မဒေါ်မိုး၏သား သူ့တူဖြစ်သော ဗမာ့ရေတပ်မတော်မှ ဗိုလ်မှူးကြီးအောင်ကြီးနှင့်ဇနီး ဗိုလ်မှူးမိမိခင်တို့ စီစဉ်တင်ဆောင်ပေးချက်အရ၊ မင်္ဂလာဒုံစစ်ဆေးရုံသို့ ဦးဖေမောင်တင် တက်ရောက်ကုသခွင့်ရခဲ့လေသည်။

ဆေးရုံမှ ကုသမှုပါရဂူဆရာဝန်ကြီးများ၏ စစ်ဆေးစမ်းသပ်ချက်အရ သူ့ဝေဒနာမှာ အာရုံကြောနှင့် ပတ်သက်ကြောင်း ဦးဖေမောင်တင် သိရလေသည်။

ထို့နောက် ဆေးစွမ်းဆေးကောင်းများ၊ ကုသပြုစုပေးကြသော ဆရာဝန်ဆရာမများ၏ စေတနာနှင့် ကျွမ်း ကျင်မှု၊ သူ့မိသားစု၊ သူ့ဆွေမျိုးသားချင်း၊ သူ့မိတ်ဆွေအပေါင်းအသင်းများ၊ သူ့တပည့်သားမြေးတို့ ဝိုင်းဝန်း ပို့သကြသော မေတ္တာနှင့် ဘုရားတန်ခိုးတော်ကြောင့် ဦးဖေမောင်တင်သည် ခံစားခဲ့ရသော ရောဂါဝေဒနာမှ ပျောက်ကင်းချမ်းသာခဲ့ရလေသည်။

ထိုကဲ့သို့ သူ့အတွက် ဆုတောင်းမေတ္တာပို့သကြသူများအထဲ၌ သူက အလေးအနက်မထားခဲ့သော နှစ် ပေါင်း ၅၀ ကျော်လောက်တုန်းက မိတ်ဟောင်းဆွေဟောင်းတစ်ဦးထံမှ နိုင်နိုင်မြဲမြဲခင်မင်မှုမေတ္တာတစ်ခုကို လည်း ဦးဖေမောင်တင်က ထူးထူးခြားခြား ခံယူရရှိလိုက်လေသည်။

သူကား ဦးဖေမောင်တင် အင်္ဂလန်ပြည်အောက်စဖို့ဒ် ယူနီဗာစီတီကြီး၌ တစ်ကျော့ပြန် တက္ကသိုလ်ကျောင်း သားကြီးအဖြစ်ဖြင့် ပြင်သစ်ပြည်ပါရီမြို့တွင် ဆုံတွေ့ကျွမ်းဝင်ခဲ့သော နော်ဝေပြည်သူကလေး ဖရော့ကင်ဟော

---

* Burmese Profiles III : U Pe Maung Tin, "The Commentator (June 1953) P - 68 - 11

ဒ့ါဂျ်ဘော်သင် ဖြစ်လေသည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်လောက်တုန်းက ခရီးသွားဟန်လွှဲ တွေ့ဆုံ ကြုံကွဲခဲ့ရသော နော်ဝေပြည်သူကလေး ဟေဒ့ါဂျ်ကို ယခုအသက် ၈၀ အဘိုးကြီး ဦးဖေမောင်တင်သည် လုံးဝ သတိမရအားအောင် မေ့ထားခဲ့လေသည်။

နော်ဝေသူကလေး ဟေဒ့ါဂျ်ကလည်း သူ့ကို သတိရလိမ့်မည်ဟု ဦးဖေမောင်တင် မထင်မတွေးချေ။

သို့ရာတွင် သူ့အထင်အတွေးများ မှားကြောင်းကို ဦးဖေမောင်တင် လက်တွေ့သိလိုက်ရလေသည်။

တစ်နေ့တွင် ဦးဖေမောင်တင်ထံသို့ ညှော်သည်တစ်ယောက် ရောက်လာခဲ့သည်။

သူကား ရန်ကုန်မြို့ ဗေဒ မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ဦးသုတ* ဖြစ်လေသည်။

''ဆရာကြီးကို သတင်းတစ်ခု လာပေးတာပါ''

ဦးသုတက မာကြောင်းချာကြောင်း လောကဝတ်စကားများဆိုပြီးနောက် ဦးဖေမောင်တင်ကို ပြောလေသည်။

''ကျွန်တော် မကြာခင်ကပဲ အမေရိကားက ပြန်ရောက်ပါတယ်။ အမေရိကားမှာတုန်းက ဆရာကြီးရဲ့ မိတ်ဆွေတစ်ဦးနဲ့တွေ့ခဲ့လို့ သူက လူကြုံစကားပါးလိုက်တာနဲ့ ဆရာကြီးကိုလာပြောတာပါ''

''ဘယ်သူများပါလိမ့် ပြောပါဦး''

''မစ္စစ်ဂျေ-ဘဂျပ်နက်စ်[၁] ပါဆရာကြီး''

''အင်း ဒီနာမည်မျိုး ကျုပ်အသိမိတ်ဆွေတွေထဲမှာရှိတယ်လို့ သတိမထားမိခဲ့ပါလားဗျ''

''လော့အိန်ဂျလိစ်[၂] မှာ ကျွန်တော်သင်တန်းသွားတက်ခဲ့တဲ့ ကာလီဖိုးနီးယားယူနီတစီတီ[၃] ဗေဒဌာန ပါမောက္ခ ဂျေ-ဘဂျပ်နက်စ်ရဲ့ ဇနီးပါဆရာကြီး''

သူ့နားမှာ မကြားဖူးအောင် စိမ်းနေသောအမည်ဆန်းပိုင်ရှင်အား သူ့မိတ်ဆွေအပေါင်းအသင်းများအထဲ၌ စဉ်းစားရှာဖွေကြည့်နေမိသော ဦးဖေမောင်တင်ကို ဦးသုတက ရှင်းလင်းပြောပြလိုက်လေသည်။

''သူ့မေးဒင်းနိမ်း[၄] ကတော့ မစ္စဟေဒ့ါဂျ်ဘော်သင်လို့ ပြောပါတယ်''

''ဩ သူလား''

ဦးဖေမောင်တင်သည် တစ်ချိန်လုံးမေ့၍သာ မေ့ထားခဲ့သော်လည်း နော်ဝေသူကလေး၏ အပျိုဘဝ နာမည်ကို ကြားလိုက်သောအခါ၌ကား ချက်ချင်းမှတ်မိသတိရသွားလေသည်။

ထိုကဲ့သို့ နော်ဝေသူကလေးကို မှတ်မိသတိရလိုက်သော ဦးဖေမောင်တင်သည် သူ့ရင်မှာ အံ့ဩဝမ်းသာ ခြင်းဖြင့် ကြည်နူးချမ်းမြေ့မှုတစ်ခုကို ထူးထူးခြားခြားခံစားလိုက်မိလေသည်။

''တစ်နေ့ အဲဒီပရော်ဖက်ဆာကြီးရဲ့ဇနီး အဘွားကြီးနဲ့ ကျွန်တော်စကားလက်ဆုံကျမိတာမှာ အဘွားကြီးက ကျွန်တော့်ကို မင်းက မြန်မာပြည်ကလာတဲ့ ဗမာကျောင်းသားဆိုတော့ မင်းတို့ မြန်မာပြည်မှာ ဗမာလူမျိုး ဖေမောင် တင်ဆိုတာကို မသိဘူးလားလို့ မေးပါတယ်။ ကျွန်တော်က သိပါတယ်၊ ကျွန်တော်တို့ မြန်မာပြည်မှာ အင်မတန် ကျော်ကြား လူသိများတဲ့ စာပေပညာရှင် ပါမောက္ခကြီးပဲလို့ ပြန်ပြောလိုက်ပါတယ်။

''ဒီတော့ အဘွားကြီးက ဝမ်းသာအားရနဲ့ ဟုတ်လား၊ အခုဆရာကြီး မြန်မာပြည်မှာရှိသလား၊ နေကောင်း ရဲ့လား၊ သူငယ်ငယ်တုန်းက ပြင်သစ်ပြည်သွားလည်ရင်း ဆရာကြီးနဲ့ မိတ်ဆွေဖြစ်ခင်မင်ခဲ့တာတဲ့။ ကျွန်တော် မြန်မာပြည်ရောက်ရင် သူက ဆရာကြီးကို အစဉ်သတိရပြီး နှုတ်ဆက်လိုက်ကြောင်းပြောပါတဲ့။ ပြီးတော့ သူတို့ အခုနေတဲ့ ကာလီဖိုးနီးယားပြည်နယ်က စန်တာမိုနီကာ* မြို့က အိမ်လိပ်စာလည်း ဆရာကြီးအတွက်ပေးလိုက်ပါ သေးတယ်''

ယခု ဗေဒပညာရှင် ပါမောက္ခကြီး၏ ချစ်ဇနီးဖြစ်နေသော အနီနော်ဝေပြည်သူ ဟေဒ့ါဂျ် အလျင်

---

* ယခု မန္တလေး (၁၉၈၃ ခုနှစ် အနုပညာဆိုင်ရာ စာပဒေသာ စာပေဆုရသည်)

၁။ Mrs.J.Bjerknes

၂။ Los Angeles

၃။ University of California

၄။ Maiden Name

* SANTAMONICA

သူတွေ့ဆုံရင်းနှီးခဲ့ဖူးသော အမျိုးသမီးကလေး အသီးသီးတို့နှင့်ပတ်သက်၍ ထိထိခိုက်ခိုက်ခံစားဖူးခဲ့သော ဦးဖေမောင်တင်က အနောက်တိုင်းသူကလေးများသည် ခင်လွယ်၊ မေ့လွယ်သည်၊ အပြောင်းအလဲမြန်ဆန်သည်၊ စိတ်ဆတ်သည်၊ အကဲဆတ်သည်ဟု အားလုံးကို သိမ်းကျုံးသတ်မှတ်ထားခဲ့လေသည်။

ထို့ကြောင့် သူသည် နိုင်ငံခြားသူကလေးများထဲမှ သူ့ဘဝမှာ နောက်ဆုံးတွေ့ဆုံခဲ့ရသော နော်ဝေသူ ဟေဒါ့ဂျ်ကလေးကို ဦးဖေမောင်တင် အလေးအနက်မထားဘဲ စိမ်းစိမ်းကားကားမေ့ထားခဲ့လေသည်။

သူသည် ဟေဒါ့ဂျ်ကလေးက နော်ဝေပြည်မှနေ၍ သတိတရစာတစ်တန် ပေတစ်တန်ရေးသား ဆက်သွယ်လာခဲ့သည်ကိုပင် လူမှုယဉ်ကျေးမှုအရ တုံ့ပြန်ဖြေကြားခြင်း အလျှင်းမပြုဘဲ မြန်မာပြည်သို့ ပြန်ခဲ့လေသည်။

ထိုကဲ့သို့ သူက စိမ်းကားရိုင်းပျခဲ့သော်လည်း ရိုးသားအေးဆေး၍ သဘောကောင်းသော နော်ဝေသူ ဟေဒါ့ဂျ်ကလေးသည် ယခုနှစ်ပေါင်း ၅၀ ကျော်၍ ပါမောက္ခကတော်ကြီးဖြစ်လာသည့်တိုင် ဦးဖေမောင်တင် အပေါ်၌ အခင်အမင်မပျက် သတိတရ သတင်းမေးကာ ဆက်သွယ်လာရှာသေးသည်။

ယခု အမေရိကန်ပြည်၌ အကျော်အမော် ပါမောက္ခကတော်ကြီးဖြစ်နေသော မစ္စစ်ဟေဒါ့ဂျ်ဘော်သင်ဂျေ-ဘဂျုပ်ကနက်စ်၏ ရိုးသားတည်ကြည်သော စိတ်ဓာတ်နှင့် နိုင်မာစွဲမြဲသော ခင်မင်မှု အတိုင်းအတာများက ယခုအသက် ၈၀ ကျော် အဘိုးကြီး ဦးဖေမောင်တင်ထံမှ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်တုန်းက အစွဲအလမ်းတစ်ခုကို ချေဖျက်ဖယ်ရှားပေးလိုက်လေသည်။

ဦးဖေမောင်တင်သည် ဝမ်းနည်းဝမ်းသာ နောင်တရစွာဖြင့် သူ့အပေါ်၌ နှစ်ပေါင်း ၅၀ ကျော်ကြာအောင် တင်ရှိနေခဲ့သော အပြစ်ကြေးများကို အပြေပေးဆပ်ရေးအတွက် မိတ်ဆွေဟောင်းနော်ဝေသူ ပါမောက္ခကတော်ကြီး ထံသို့ ချက်ချင်းစာရေး ဆက်သွယ်လိုက်လေတော့သည်။

ထိုအခါ ပါမောက္ခကတော်ကြီးထံမှလည်း ချက်ချင်းစာပြန်လာလေသည်။

'ခင်မင်တဲ့မိတ်ဆွေချင်း အခုလောက်နှစ်ပေါင်းကြာအောင် ကွဲကွာသွားခဲ့ကြပြီးမှ အခုလို ပြန်လည်ဆက်သွယ်နိုင်ခွင့်ရတာဟာ ဘုရားကျေးဇူးတော်ပါပဲ၊ ရှင် အမေရိကားလာတုန်းက ကျွန်မတို့ မသိလိုက်တာတော့ ဝမ်းနည်းစရာပါပဲ၊ မဟုတ်ရင် ကျွန်မတို့နှစ်ယောက်အဖို့ အခုလို စာချင်းသာမဟုတ်ဘဲ လူချင်းပါ ပြန်တွေ့နိုင်ကြမှာနော်၊ အဲဒီလိုသာဆိုရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ၊ ငယ်ငယ်တုန်းက ကွဲသွားခဲ့ကြပြီး အခု အဘိုးကြီး အဘွားကြီးတွေဘဝမှာ ပြန်တွေ့ကြတဲ့အခါ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မိကြမှာပဲထင်တယ်။ ပြီးတော့ ရှင်တို့ကို ကျွန်မယောကျ်ားနဲ့ မိတ်ဆက်ပေးပြီး ကျွန်မတို့ကိုလည်း ရှင့်ဇနီးနဲ့ မိတ်ဆက်ပေးနိုင်တာပေါ့၊ နောက်တော့ ရှေးဖြစ်နောက်ဟောင်းနဲ့ ကွဲကွာနေခဲ့တဲ့ ကြားကာလ အကြောင်းတွေကို စုစုပြီး မဆုံးတမ်းပြောနေမိကြလိမ့်မယ်ထင်တယ်'

နော်ဝေသူ ပါမောက္ခကတော်ကြီး၏ စာများသည် နုပျိုငယ်ရွယ်စဉ်ကအတိုင်း ရိုးသားပွင့်လင်းဆဲပင် ရှိလေသည်။

သည်အချက်သည် သူ့အသက်ရှည်ရခြင်းအတွက် ကျေနပ်နှစ်သက်စရာအချက်များတွင် တစ်ကွက်အဖြစ် ပါဝင်သွားရလေသည်။

၁၉၆၄ ခုနှစ်၊ နောက်ပိုင်းလောက်မှစ၍ ဦးဖေမောင်တင်သည် စာအုပ်စာတမ်းများရေးသားတည်းဖြတ်သည့် အမှုတို့ကို မပြုဖြစ်သလောက်ရှိလေသည်။

ထို့ကြောင့် ယခုနောက်ပိုင်း၌ သူ့စာအုပ်အသစ်များ ထွက်မလာနိုင်ခဲ့ချေ။ ထုတ်ဝေပြီးသားအဟောင်းများကို ထပ်မံရိုက်နှိပ်လို၍ ခွင့်လာတောင်းသူများရှိလျှင်မူ ဦးဖေမောင်တင်က ခွင့်ပြုလိုက်လေသည်။

သူ၏ ရိုက်နှိပ်ထုတ်ဝေပြီးသား မဟုတ်သောစာအုပ်များအဖြစ်နှင့်မူ ၁၉၆၉ ခုနှစ်ထဲတုန်းက နှစ်အုပ်မျှ ထွက်ခဲ့သည်။

ထိုနှစ်အုပ်ကား ''မြန်မာသဒ္ဒဗေဒဖတ်စာ''နှင့် ''ဦးဖေမောင်တင်၏ မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသနစာတမ်းများ''တို့ ဖြစ်လေသည်။

''မြန်မာသဒ္ဒဗေဒဖတ်စာ''မှာ ဦးဖေမောင်တင် လန်ဒန်တွင်ရှိစဉ်က မစ္စစ်အမ်းစထရောင်းနှင့် တွဲဖက်ပြုစုရေးသားခဲ့သော ''အေဘားမီးစ်ဖိုနက်တစ်ရီးဒါး''ကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာရွှေသွင်က မြန်မာဘာသာသို့ ပြန်ဆိုရေးသား၍ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီက စာစဉ် ၄၅ အဖြစ်

ရိုက်နှိပ်၍ ထိုနှစ် ဖေဖော်ဝါရီလထဲ၌ ဖြန့်ချိခဲ့သည်။

ဦးဖေမောင်တင်၏ "မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသနစာတမ်းများ"ကား မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်များတွင် ဦးဖေမောင်တင် ပြုစုရေးသားထားသော အင်္ဂလိပ်ဆောင်းပါးတို့ရှည်များကို စုပေါင်း မြန်မာပြန်ဆိုကာ ထိုနှစ်နိုဝင်ဘာလထဲ၌ စိန်ပန်းမြိုင်စာပေတိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်လေသည်။

ထို့နောက် ၁၉၇၁ ခုထဲ၌လည်း တစ်ချိန်က သူနှင့်ပတ်သက်၍ ထိထိခိုက်ခိုက် ပြဿနာတက်ခဲ့ရသော ဦးဖေမောင်တင်၏ နာမည်ကြီး "မြန်မာစာပေသမိုင်း"စာအုပ် တတိယအကြိမ် ထပ်ထွက်ခဲ့ပြန်သည်။

ထိုကဲ့သို့ သူ့စာအုပ်အဟောင်းများသာ ပြတ်တောင်းပြတ်တောင်း ပြန်လည်ထွက်ပေါ်လာတတ်ကာ စာပေ ကျမ်း အသစ်အဆန်းများကို ဦးဖေမောင်တင် ဆက်လက်ပြုစုရေးသားတည်းဖြတ်ခြင်းမပြုဖြစ်တော့သည်မှာ သူ့ အသက်အရွယ်ကြီးရင့်ခြင်း၊ သူ့ကျန်းမာရေးယိုင်နဲ့ခြင်းများအပြင် အစဉ်အားစိုက်အသုံးပြုလာခဲ့သော သူ့မျက်လုံး များ အားနည်းလွန်းသွားခြင်းအချက်တစ်ချက်လည်း ပါဝင်ခဲ့လေသည်။

ယခုဆိုလျှင် သူ့မျက်လုံးတစ်ဖက်သည် အတွင်းတိမ်ဖိတ်ဖုံးကာ လုံးလုံးမမြင်နိုင်တော့ချေ။

သည်အတွက် သူ့မှာ အခြေအနေသိပ်မဆိုးသေးသော ကျန်မျက်လုံးတစ်လုံးတည်းဖြင့် မျက်မှန်အားကိုးကာ အသုံးချနေရလေသည်။

သည်ကဲ့သို့သော အခြေအနေမျိုးထဲမှာပင် သူ့စာအုပ်စာတမ်းများ၌သော်လည်းကောင်း၊ အခြားသော စာအုပ် စာတမ်းနှင့် အထူးထုတ်အထိမ်းအမှတ်ထုတ်စာစောင်များအတွက်သော်လည်းကောင်း၊ လာရောက်တောင်းဆိုကြ သောအခါများတွင် ဦးဖေမောင်တင်က အတိုအထွာ မှာတမ်း၊ ဆောင်းပါး စသည်များ ကြိုးစားရေးသားပေး လိုက်လေသည်။

၁၉၇၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီး၌ သခင်ကိုယ်တော်မှိုင်း၏ ၉၅ နှစ်မြောက်မွေးနေ့ပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

သခင်ကိုယ်တော်မှိုင်းသည် လွန်ခဲ့သော ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ကြာသပတေးနေ့တွင် အသက်အရွယ် ၈၉ နှစ်ထဲအရောက်၌ ကွယ်လွန်ခဲ့လေသည်။

ကွယ်လွန်သူ သခင်ကိုယ်တော်မှိုင်း၏ အသက်တစ်ရာပြည့်သောနှစ်၌ ရာပြည့်သဘင်ပွဲ ဆင်နွှဲနိုင်ရန်အတွက် သူ့တပည့်တပန်းသခင်များက ရာပြည့်ကော်မတီဖွဲ့ကာ ပြင်ဆင်မှုများ ပြုလုပ်စီစဉ်ကြကြောင်း ဦးဖေမောင်တင် ကြားသိလိုက်သည်။

ထို့နောက် ရာပြည့်ပွဲအကြိုအဖြစ် ရာပြည့်ကော်မတီက သခင်ကိုယ်တော်မှိုင်း၏ ၉၅ နှစ်မြောက်မွေးနေ့ကို အဦးအစ ကျင်းပပြုလုပ်လိုက်လေသည်။

အဆိုပါမွေးနေ့ပွဲသို့ တက်ရောက်ရန် ဦးဖေမောင်တင်ကိုလည်း ပင့်ဖိတ်ခဲ့ကြလေသည်။

သို့ရာတွင် ဆေးရုံကို သုံးခါပြန်တက်ထားခဲ့ရသော ဦးဖေမောင်တင်ခမျာ စိတ်ဆန္ဒရှိသော်လည်း မွေးနေ့ပွဲသို့ တက်ရောက်နိုင်စွမ်းမရှိရှာချေ။

ဤတွင် ဦးဖေမောင်တင်လည်း...

"ကျွန်တော်သည်အသက် ၈၃ နှစ်နီးပါးအရွယ်ရောဂါဖိစီးနေသည့်အတွက် ဤပွဲကိုကိုယ်တိုင်မတက်ရောက်နိုင် သော်လည်း စိတ်အားထက်သန်စွာ ရှီးကျူးလိုသဖြင့် ဤအမှာစာကလေးကို ပေးပို့လိုက်ရပါသည်။

"ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ဤနှစ်ပေါင်းတစ်ရာကျော်အတွင်း မြန်မာလူမျိုးများအနက် အထူးရှီး ကျူးအပ်သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း လူသိရှင်ကြားဖြစ်ပါသည်။

"ဘယ်လိုဖြစ်သလဲဆိုရလျှင် ဆရာကြီးသည် မြန်မာပြည်ကောင်းကျိုးကို သန်လျက်အားဖြင့် မဟုတ်ဘဲ ကလောင်အားဖြင့် အမှုထမ်းခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း သူရေးခဲ့သော နိုင်ငံရေးဆိုင်ရာ ဒွေးချိုးလေးချိုး ဘွဲ့ကဗျာ စသည်တို့က သက်သေခံလျက်ရှိပါသည်။ ကျွန်ဘဝတွင် ကိုယ်စိတ်နှစ်ဖြာဆင်းရဲဒုက္ခရောက်ကြရသော မြန်မာလူမျိုးတို့၏ စိတ်ဓာတ်ကို တက်ကြွလာအောင် ဆောင်ရွက်နိုင်သောသတ္တိလည်းရှိပါသည်။

"ဤကဲ့သို့ကဗျာစာပေတို့ဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်ရာ၌ မိမိ၏ဟာသဉာဏ်အသုံးပြုပုံ၊ ရာဇဝင်ပုံပြင်များ ကိုးကားလျက် တည်တည်ကြည်ကြည် ဆုံးမစရာရှိလျှင်ဆုံးမ၍ အပြစ်ရှာစရာရှိကလည်း ထိထိရောက်ရောက် ဆုံးမ တတ်သော သတ္တိရှိပါသည်။

"တိုင်းပြည်ပတ်ဝန်းကျင် ခေတ်ဖြစ်ပျက်မှုများတွင် ကဲ့ရဲ့သရော်စရာတွေ့လျှင်လည်း မညှာမတာ ပြောင်လှောင်တတ်သော အရည်အချင်းလည်းရှိပါသည်၊

"ဤအချက်များထက်ပို၍ အပြစ်တင်စရာများ တွေ့လျှင်လည်း စာရှုသူများ မခံမရပ်နိုင်သည့် နင့်သီးသော စကားလုံးများသုံး၍ ဆုံးမတတ်ပါသည်၊

"ရှေးဟောင်းပေစာတို့တွင် အမွန်မြတ်ဖြစ်၍ လူအများမသိကြသေးသော ချေင်းဟောင်းအမျိုးမျိုးတို့ကို ဖော်ထုတ်ရေးသားရုံတွင်မက ရာဇဝင်သမိုင်းဆိုင်ရာစာပေများကိုလည်း အပတ်တကုတ် သုတေသနပြုလုပ်လျက် သမိုင်းရာဇဝင်ဆိုင်ရာ သင်ခန်းစာများကိုလည်း ရေးသားခဲ့ပါသည်၊

"ထိုမှတစ်ပါး မိမိပင်ကိုဉာဏ်အသုံးပြု၍ ခေတ်၏ဖြစ်ရပ်များကို ကြေးမုံသဖွယ်ဖော်ပြနိုင်စွမ်းရှိပါသည်၊

"ဆရာကြီးအား အထူးကျေးဇူးတင်စရာ၊ ချီးကျူးစရာ၊ ဂုဏ်ယူစရာများအနက် တစ်ခုဖော်ပြရမည်ဆိုလျှင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကျောင်းသားကြီးများ သပိတ်မှောက်ကြရာမှ ပေါ်ပေါက်လာသော အမျိုးသားကောလိပ်တွင် ဆရာကြီးသည် မြန်မာစာပေနှင့် ရာဇဝင်သမိုင်းပါမောက္ခအနေနှင့် ဆင်းရဲပင်ပန်းစွာ နောင်လာနောက်သားများ အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်သည်၊

"နောက်တစ်ချက် ဖော်ပြလိုပါသေးသည်၊ ယင်းအချက်မှာ ဆရာကြီးသည် ဗြိတိသျှနယ်ချဲ့သမား အစိုးရ လက်အောက်ရာထူးဟူ၍ ကြီးငယ်မဟူ လက်မခံခဲ့ဘဲ အမျိုးသားဘက်မှနေ၍ သတင်းစာလောက၊ စာပေရေးသားထုတ်ဝေမှု လောကတို့တွင် မိမိကြိုက်ရာ စိတ်ရှိသည့်အတိုင်း လွတ်လပ်စွာ အမျိုးသားများကောင်းကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်၊

"မြန်မာတစ်မျိုးသားလုံးကျွန်ဘဝမှလွတ်မြောက်ရန် တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ပညာကိုသာအားပေးနေသော ကိုလိုနီပညာရေးစနစ်ဖျက်၍ မြန်မာလူမျိုးတို့ ကောင်းရာကောင်းကျိုးဖြစ်သော မြန်မာဘာသာ၊ မြန်မာစာပေနှင့်ဆိုင်ရာ ပညာရပ်များကို တည်ထောင်ရန်အတွက် ခေါင်းဆောင်ကြီးအဖြစ် ဆောင်ရွက်သော ပုဂ္ဂိုလ်ကြီးမှာ သခင်ကိုယ်တော်မှိုင်းပင်ဖြစ်ပါသည်၊"

ဟု သူ့ကိုယ်စား ချီးကျူးစာသဝဏ်လွှာကလေးကို မျက်လုံးတစ်ဖက်၊ မျက်မှန်တစ်လက်အားကိုးဖြင့် ကြိုးစားရေးသားပေးပို့ခဲ့လေသည်။

ထိုကဲ့သို့ သူ့မျက်စိအားနည်းချက် အခက်အခဲကြောင့် ဦးဖေမောင်တင်သည် ပြန်လည်၍ ကျန်းမာလာခဲ့သော်လည်း စာပေများကိုကား ဟုတ်ဟုတ်ငြားငြား ရေးသားပြုစုနိုင်ခြင်းမရှိသေးချေ။

ထို့အတူ နေ့စဉ်သတင်းစာမှလွဲ၍ အခြားစာပေကျမ်းဂန်များကိုလည်း ထိထိရောက်ရောက် မဖတ်ဖြစ်ချေ။

ထိုအခါ သူ့ဘဝမှာ အသက် ၈၀ ကျော်လာကာမှ ပျင်းရိငြီးငွေ့ခြင်းဆိုသည်ကို ဦးဖေမောင်တင် စတင်ထိတွေ့မိလေတော့သည်။

လူတစ်ယောက်အဖို့ လုပ်စရာကိုင်စရာ ရေးစရာ ဖတ်စရာများ မည်မည်ရရ ဘာမျှမရှိဘဲ ယောင်ချာချာဖြစ်ရခြင်းဘဝအခြေအနေကိုလည်း ယခုမှ ဦးဖေမောင်တင် နားလည်သဘောပေါက်လာမိလေသည်။

သူသည် တစ်နေ့တစ်နေ့ မနက် ညနေ မှန်မှန်လမ်းလျှောက်ပြီးနောက် ကလေးတစ်ယောက်ပမာ စားလိုက်အိပ်လိုက်ဖြင့်သာ အချိန်များကို ကုန်လွန်ကျော်လွှားနေရလေသည်။

သူ့ထံသို့ တပည့်တပန်းနှင့် အသိမိတ်ဆွေများ ရောက်လာသောအခါများ၌ကား ဦးဖေမောင်တင် အပျင်းပြေရလေသည်။

သူသည် စာအကြောင်း ပေအကြောင်းများကို ပြောဆိုဆွေးနွေးနေရသောအခါတွင်ကား အချိန်များ ဘယ်သို့ကုန်သွားမှန်းကိုပင် သတိမထားလိုက်မိချေ။

ထို့အတူ အင်္ဂလန်မှ ညီမငယ်တီတီတို့ဖနီးမောင်နှံနှင့် အမေရိကန်မှ နော်ဝေသူ ပါမောက္ခကတော်ကြီးကဲ့သို့သော မိတ်ဟောင်း ဆွေဟောင်းများဆီမှ မာကြောင်းချာကြောင်း သတင်းကောင်းပါးစာများ ရောက်လာသောအခါများ၌လည်း တစ်ယောက်တည်း ပျင်းနေသော ဦးဖေမောင်တင် ပျော်သွားတတ်ရလေသည်။

တစ်ခါတစ်ခါတော့လည်း ဦးဖေမောင်တင်က သူ့ညီမငယ်တီတီကို လွမ်းမိလေသည်။

သူ့ညီမငယ် တီတီတို့ဖနီးမောင်နှံနှစ်ယောက် မြန်မာပြည်က မထွက်ခွာမီတစ်ရက် မနက်အစောကြီး၌ ဦးဖေမောင်တင်ထံသို့ သူငယ်ချင်းယောက်ဖ ဆရာလုစ် ရောက်လာခဲ့သည်။

''ဟေ့ တင်၊ ငါ မင်းကို တစ်ခုပြောစရာ ရှိတယ်ကွာ''

''ပြောစမ်း ဘာများလဲ''

သူ့ကို စကားပြောရန် ထူးထူးခြားခြား ပလ္လင်ခံ နိဒါန်းပျိုးနေသော ဆရာလှစ်ကို ဦးဖေမောင်တင်က ပြန်မေးလိုက်သည်။

ထိုအခါ ဆရာလှစ်က ပြောလေသည်။

''မင်းသိတဲ့အတိုင်းပဲကွာ၊ ငါက မြန်မာပြည်မှာပဲ သေတဲ့အထိနေမယ်လို့ ဆုံးဖြတ်ထားခဲ့တာမဟုတ်လား။ အဲဒီတော့ တခြားဘာမှပြင်ဆင်လုပ်ကိုင်မထားဘူး။ ဒါပေမဲ့ အခြေအနေက မြန်မာပြည်ကခွာသွားရမယ်ဆိုတော့ ဟိုကျရင် နေရေးစားရေး ဘယ်လိုနေမယ်ဆိုတာ မသိဘူး''

''ဒါတော့ ခင်ဗျားလို ပညာရှင်တစ်ယောက်အဖို့ ပူစရာသိပ်ရှိမယ် မထင်ပါဘူး''

''အေးပါ ငါ့အတွက်ကို မပူပါဘူး။ ငါ့အနေက ဘာမဆို ရင်ဆိုင်လက်ခံနိုင်စွမ်းရှိပါတယ်''

ဦးဖေမောင်တင်၏ အားပေးချက်ကို ဆရာလှစ်က တုံ့ပြန်လိုက်သည်။

ပြီးမှ သူက ဆက်ပြောလေသည်။

''ဒါပေမဲ့ မင်းညီမတီတီ ဒုက္ခရောက်မှာစိုးလို့ပါ၊ အဲဒါကြောင့် မင်းညီမကို မင်းခေါ်ထားလိုက်ပါလားဟင်''

ဦးဖေမောင်တင်က သူ့ညီမနှင့် ယောက်ဖတို့အရေးကို ငြိမ်တွေးနေလိုက်သည်။

သူ့ဖခင်ကိုယ်စား၊ သူကိုယ်တိုင် သူငယ်ချင်းလှစ်နှင့် လက်ထပ်ပေးခဲ့သော ညီမငယ်တီတီကို ဖြစ်နိုင်ပါက ဦးဖေမောင်တင် မခွဲလိုချေ။

ညီအစ်ကို မောင်နှမအားလုံးထဲတွင် သူတို့နှစ်ယောက်က မခွဲတမ်းတတွဲတွဲဖြင့် အနီးကပ်ဆုံးအရင်းနှီးဆုံး ဖြစ်ကာ အချက်အပြုတ်ကောင်း၊ အပြုစုကောင်း ညီမငယ်တီတီကို ဖြစ်နိုင်လျှင် ယခုအတိုင်း သူ့အနီးအနား၌သာ ဦးဖေမောင်တင် ထားလိုသည်။

သူတို့အဖို့ အသက်အရွယ်များကလည်း ကြီးလှကြပြီ မဟုတ်ပါလား။

ပြီးလျှင် ယခုအချိန်တွင် တီတီအပြင်၊ ညီမအငယ်ဆုံး မညှိယဉ်ပါနှင့်မှ ဦးဖေမောင်တင်တို့မှာ မောင်နှမ သုံးယောက်သာ ကျန်ရှိကြလေတော့သည်။

ဦးဖေမောင်တင်၏ စိတ်တွင် သူတို့မောင်နှမသုံးယောက်သားအဖို့ သေခါမှခွဲခွာကြတော့မည်ဟု တွက်ထားခဲ့လေသည်။

ယခုမူ ဦးဖေမောင်တင်အဖို့ ညီမငယ်နှင့် ရှင်ကွဲကွဲရန် အကြောင်းက ဖန်လာခဲ့သည်။

သည်အတွက် ဦးဖေမောင်တင် စိတ်မကောင်းဖြစ်မိလေသည်။

သို့ရာတွင် ယခုယောက်ဖဖြစ်သူ ဆရာလှစ်က ဦးဖေမောင်တင်ကို သူ့ညီမတီတီအား မခွဲမခွာခေါ်ထားပါရန် ပြောဆိုတောင်းပန်ခြင်းပြုလာလေသည်။

ဦးဖေမောင်တင်အတွက် ဝမ်းသာစရာပင်ဖြစ်သည်။

သို့ပေသည့် ဦးဖေမောင်တင်က တစ်ကိုယ်ကောင်းစိတ်မွေးကာ ဝမ်းမသာနိုင်မိချေ။

သူသည် ငြိမ်တွေးနေရာမှ ဆရာလှစ်ကို ပြန်မေးလိုက်သည်။

''တီတီကကော ဘာပြောသလဲ''

''တီတီကတော့ လိုက်မယ်တဲ့၊ ဒါပေမယ့် မင်းကသာ ချော့ခေါ်ထားရင် သူနေခဲ့ကောင်းနေခဲ့လိမ့်မယ်ထင်တယ် တင်''

''ဟုတ်တယ်၊ ကျုပ် ချော့ခေါ်ထားရင် ရကောင်းရမှာပဲ''

လှစ်အပြောကို သူ့အပေါ်၌ ညီမငယ်၏ ချစ်ခင်တွယ်တာမှုအား နားလည်ခံယူထားရသော ဦးဖေမောင်တင်က ထောက်ခံလိုက်သည်။

တကယ်လည်း သူချော့၍ ခေါ်ထားလျှင် ညီမငယ်တီတီသည် မြန်မာပြည်နေခဲ့ဖို့များလိမ့်မည်ဟု ဦးဖေမောင်တင် ထင်လေသည်။

သူသည် ထင်ပင်ထင်ငြား၊ သူ့အနေဖြင့် ညီမငယ်တီတီအား ဆိုင်ရုံဆိုင်၍ မပိုင်တော့ကြောင်းကိုကား

ဦးဖေမောင်တင် မမေ့ချေ။

ထို့ကြောင့် သူ့ရင်မှဝေဒနာကို ခံစားရင်း ယောက်ဖဖြစ်သော ဆရာလုစ်အား အပြတ်ပြောကြားလိုက်လေသည်။

''ခေါ်ထားလို့ရပေမယ့် တီတီကို ကျုပ် ချော့မခေါ်ထားချင်ဘူး။ ခင်ဗျားတို့ဟာ အေးအတူ ပူအမျှ နူနူဝဲဝဲ ကျိုးကျိုးကန်းကန်း လက်တွဲမဖြုတ်တမ်း ပေါင်းသင်းသွားပါ့မယ်လို့ ဘုရားသခင်နာမတော်ကို သက်သေထားသစ္စာပြုပြီး လက်ထပ်ထားကြတာမဟုတ်လား၊ ဒီတော့ ခင်ဗျားဒုက္ခရောက်တော့လည်း ခံနိုင်ရည်ရှိရမှာပေါ့၊ သူ့မှာခံနိုင်ရည်ရှိလို့လည်း ခင်ဗျားနဲ့အတူလိုက်ဖို့ ဆုံးဖြတ်တာဖြစ်မှာပါ၊ ဒီတော့ သူ့ကိုထားခဲ့ဖို့ ခင်ဗျားစိတ်မကူးနဲ့၊ အတူသာခေါ်သွားပေတော့''

ဦးဖေမောင်တင်၏အပြောကို ဆရာလုစ်သည် စောဒကမတက်ဘဲ သူ့အိမ်သို့ ပြန်သွားခဲ့လေသည်။

ထို့နောက် အင်္ဂလန်သို့ တီတီတို့မောင်နှံနှစ်ယောက် ထွက်ခွာသွားကြပြီးနောက် မကြာခင်မှာပင် ဆရာလုစ်ထံမှ ရေးလိုက်သောစာကို ဦးဖေမောင်တင်ရလေသည်။

တင်ရေ…

ဘုရားသခင်ကျေးဇူးပဲပေါ့၊ တို့နှစ်ယောက် ဘာမှအခက်အခဲမတွေ့ရတဲ့အပြင် အခုငါ့အဒေါ်ကြီးတစ်ယောက်က ငါ့အတွက် အမွေအတော်များများ ချန်ထားပေးခဲ့လို့ စားဝတ်နေရေးအတွက် ဘာတစ်ခုမှ မပူရအောင် တို့နှစ်ယောက်စလုံး သိပ်ကို ပြေလည်သွားပြီကွ။

တော်ကြာ တီတီအတွက် မင်းစိတ်ပူနေမှာစိုးလို့ စာအမြန်ရေးပို့လိုက်တာ။

ဦးဖေမောင်တင်အဖို့ သူချစ်သော ညီမငယ်တီတီကို၊ သူသည် တစ်သက်ပြန်လည်ဆုံတွေ့နိုင်ရန် လုံးဝမမျှော်လင့်နိုင်တော့၍ တွေးလိုက်တိုင်း ဝမ်းနည်းမိသော်လည်း သူတစ်ပါးတိုင်းနိုင်ငံ၌ အခက်အခဲမရှိ ပြေလည်စွာနေထိုင်စားသောက်နိုင်ကြောင်း ကြားသိရသောကြောင့်ကား သူ့စိတ်မှာ သက်သာရလေသည်။

ထိုကဲ့သို့ သူ့ဘဝမှာ အသက်အရွယ်ကြီးကာ အိုမင်းမစွမ်းဖြစ်လာချိန်တွင် ဝမ်းနည်းအားငယ်စရာ ပျင်းရိငြီးငွေ့ဖွယ်ရာများကို ရင်ဆိုင်လိုက်ရသော ဦးဖေမောင်တင်ထံသို့ မလေးလုံက ရောက်လာခဲ့လေသည်။

ထို့နောက် သူပြောပြသော သူ့ဘဝတစ်သက်တာ တစ်လျှောက်လုံးမှ အဖြစ်အပျက်အကြောင်းအချက်များကို မလေးလုံက အသံသွင်းကြိုးခွေတွင် ဆွဲသွင်းဖမ်းယူလိုက်လေသည်။

ဦးဖေမောင်တင်က သူမွေးဖွားချိန်မှစ၍ နောက်ဆုံးတက္ကသိုလ်ရွှေရတုပွဲသို့အထိ ပြောပြလိုက်လေသည်။

သူ့ထံသို့ မလေးလုံ အသံလာသွင်းခြင်းသည် ပျင်းရိငြီးငွေ့စပြုလာသော ဦးဖေမောင်တင်၏ စိတ်နှလုံးကို အပြောင်းအလဲဖြစ်သွားလိုက်စေလေသည်။

သူငယ်စဉ်ကလေးဘဝ အကြောင်းကလေးများကို ပြန်ပြောင်း၍ တွေးရ၊ ပြောပြရသည်မှာ ဦးဖေမောင်တင်အတွက် ပျော်စရာကောင်းလှလေသည်။

သူ့စိတ်ထဲတွင် ထိုငယ်စဉ်အချိန်များသို့ ပြန်ရောက်သွားရသည့်အလား ခံစားကြည်နူးမိလေသည်။

ဟိုစဉ်က အားမာန်အပြည့်ဖြင့် တက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်အောင်မြင်ခဲ့ချက်များအား ပြောပြသောအခါ၌လည်း ယခုပင်ဖြစ်ပျက်ရသည့်အလား ထင်မှတ်မှားလောက်အောင် ဦးဖေမောင်တင်၏ ရင်မှာ ပြန်လည်ထင်ဟပ်ခံစားလာစေလေသည်။

ထိုအခါ သူ့အသက် နှစ်ပေါင်း ၈၀ ကျော်ခဲ့သော အချိန်ကာလအပိုင်းအခြားအတွင်း၌ မြန်မာစာပေနှင့်ပတ်သက်၍ သူ့အခန်း၊ သူ့ကဏ္ဍအလိုက် သူ့စွမ်းအားရှိသမျှ တိုက်ခိုက်ကာ မှတ်တိုင်သစ်များ စိုက်ထားနိုင်ခဲ့သောအကြောင်းအချက်များသည် မနေ့တစ်နေ့ကဖြစ်ပျက်ခဲ့သည့်ပမာ ဦးဖေမောင်တင်၏စိတ်တွင် အစီအရီထင်မြင်လာမိစေလေသည်။

သူသည် တစ်ကြိမ်ပြောပြပြီးနောက် ဆက်လက်အသံသွင်းရဦးမည့်အကြိမ်များအတွက် ပြောပြရန်အချက်အလက်များကို ကြိုတွေးနေရသည်မှာလည်း ဦးဖေမောင်တင်အတွက် စိတ်အလုပ်တစ်ခုရနေလေတော့သည်။

ထိုအခါ သူ့အတွက် ပျင်းရိငြီးငွေ့စရာအချိန်နာရီများသည် ဦးဖေမောင်တင်ထံမှ ထွက်ပြေးသွားကြရလေသည်။

ဦးဖေမောင်တင်သည် မလေးလုံ၏ အသံသွင်းယူမှုကို နားနားနေနေရက်ခြားကာ ပြောပြလာခဲ့ရာမှ ၁၉၇၀


MKS PUBLISHING

ပြည့်၊ အောက်တိုဘာလ ၈ ရက်၊ ၁၀ ကြိမ်မြောက်၌ အဆုံးသတ်နိုင်ခဲ့လေသည်။

"ဘာဘာတော့ ဖျင်းကျန်ခဲ့တော့မှာပဲ"

သူသည် ရယ်မောရှ်ပြောလိုက်သော်လည်း ရှေ့ဆက်ရမည့် ရက်လနှစ်များတွင် အလုပ်မရှိ ဖျင်းရိငြီးငွေ့နေရမည့်အရေးကို သူတွေးကာ အမှန်တကယ်ပင် စိုးရိမ်မိလေသည်။

သူ့မျက်စိသာကောင်းလျှင်မူ ဦးဖေမောင်တင်က ဘာကိုမျှ ကြောက်ရွံ့စိုးရိမ်လိမ့်မည်မဟုတ်ချေ။

သူသည် အသက် ၈၀ ကျော်ကာ ဆံပင်များအားလုံး ဖြူဖွေးနေပြီဖြစ်သော်လည်း သူ့ဦးနှောက်၊ သူ့အသိဉာဏ်များကား အထူးပင်အားကောင်းဆဲရှိလေသည်။

ထို့အတူ လူသားတစ်ယောက်၏ အသက်တည်ရာ ဗဟိုအချက်အချာဖြစ်သော သူ့အသည်း၊ သူ့နှလုံးသွေးအားတို့သည်လည်း ချွတ်ယွင်းမှုမရှိ ပကတိကျန်းမာကောင်းမွန်စွာရှိကြလေသည်။

ထို့ကြောင့် သူသည် အဘိုးကြီးသာ အိုသော်လည်း ခါးမကုန်းသေး၊ လက်ခြေများလည်း မတုန်မချည့်သေးချေ။

သည်အတွက် မျက်စိသာကောင်းလျှင် ဦးဖေမောင်တင်၌ ဖတ်စရာ၊ ရေးစရာ၊ ပညာပေးဝေဖြန့်စရာများသည် အစုလိုက် အပုံလိုက်ရှိနေကြလေသည်။

သို့ရာတွင် လူသားတစ်ယောက်အဖို့ စိတ်ဆန္ဒစေစားသမျှ ပြီးမြောက်အောင်မြင်အောင် လှုပ်ရှားဆောင်ရွက်ရေးတို့တွင် ဗဟိုချက်မဌာနဖြစ်သော သူ့မျက်စိအခက်အခဲက ဦးဖေမောင်တင်ကို ဘာမျှမလုပ်နိုင်အောင် အနှောင့်အယှက်ပေးနေလေသည်။

ထိုအခါ ဦးဖေမောင်တင်မှာ ဘာမျှမတတ်နိုင်ဘဲ ဘုရားသခင်၏အလိုတော်အတိုင်းသာဟု သဘောပိုက်ကာ သူ့အသိ၊ သူ့ပညာတို့ကို လာရောက်တောင်းခံသမျှ သူ့နှုတ်ထွက်စကားများဖြင့်သာ ဖြန့်ဝေအမွေပေးနေရလေတော့သည်။

ထို့နောက် ပြင်သစ်ပြည်မှ ပြန်လာပြီးနောက် သူနှင့်အတူနေသော သူ့သမီးအငယ်ဆုံး တင်တင်မြိုင်က အိမ်၌ တယ်လီဖုန်းတစ်လုံး တပ်ဆင်လိုက်သည်။ ထိုအခါ ဦးဖေမောင်တင်အတွက် ထွက်ပေါက်ရသွားလေသည်။

ယခုတွင် သူသည် သူ့ထံလာ၍ စကားပြောမည့် ဧည့်သည်ကိုသာ စောင့်မျှော်နေစရာမလိုတော့ဘဲ၊ သူ့စိတ်ထဲမှာ စကားပြောချင်သောအခါများ၌ဖြစ်စေ၊ သူ့အသိမိတ်ဆွေနှင့် သူ့တပည့်တပန်းများကို ဆက်သွယ်ရန် အကြောင်းကိစ္စပေါ်လာသောအခါများ၌ဖြစ်စေ၊ ဦးဖေမောင်တင်သည် တယ်လီဖုန်းနံပါတ်ကလေးကို ကောက်လှည့်ကာ လှမ်းခေါ်လိုက်ရုံရှိလေသည်။

သူ့ထံသို့ ခဏခဏရောက်လာရန် မလွယ်ကူသော မလေးလုံအနေဖြင့်လည်း ဦးဖေမောင်ကင်ကို ထပ်မံမေးစမ်းလိုသောအချက်အလက်များ ပေါ်လာသောအခါ အချိန်မရွေး တယ်လီဖုန်းဆက်မေးနိုင်လေတော့သည်။

ထို့နောက် ဦးဖေမောင်တင်သည် ဖိတ်ကြားခေါ်ဆောင်ချက်အရ မလေးလုံ၏အိမ်သို့ပင် တစ်ခေါက်ရောက်သွားခဲ့သေးသည်။

ထို့အပြင် မလေးလုံအား အစီအစဉ်ခိုင်းကာ ဦးဖေမောင်တင်က သူ့ဇာတိချက်မြှုပ် အင်းစိန်ပေါက်တောအရပ်နှင့်အတူ နောက်ပိုင်း၌ သူနေထိုင်ကြီးပြင်းခဲ့သော "နေဒင်းကော့တိတ်ချ်"ခြံကြီးသို့ ပို့ဆောင်ပြသခဲ့လေသေးသည်။

ယခုတွင် မလေးလုံက သူအကြမ်းရေးပြီးသွားသော "ဖေမောင်တင် သို့မဟုတ် ဘာသက်ရှည်" အတ္ထုပ္ပတ္တိလက်ရေးမူကို ကာယကံရှင်ဦးဖေမောင်ထံသို့လာ၍ ဖတ်ပြလိုက်လေသည်။

ထိုအခါ သူ့ဘဝကို အစမှပြန်ပြောင်းပြောပြစဉ်က သူ့စိတ်မှာ ပျော်ရွှင်ကြည်နူးခဲ့ရသော ဦးဖေမောင်တင်သည် ယခု ထိုအကြောင်းများကိုပင် ပြန်လည်နားထောင်ရပြန်သောအခါ၌လည်း သူ့အတွက် တစ်မျိုးနှစ်သက်ကျေနပ်စရာကောင်းနေလေသည်။

သူပြောပြစဉ်တုန်းက အကြောင်းအရာနှင့် အချက်အလက်များကိုသာ အဓိကထားပြောခဲ့သောကြောင့် ဇာတ်ကြောင်းသည် အစီအစဉ်မကျလှချေ။

ထိုကဲ့သို့ သူပြောချင်သမျှ သူပြောတတ်သလို ကောက်ပြောခဲ့သော အကြောင်းအချက်များကို ယခု မလေးလုံက အစီအစဉ်ချကာ ဇာတ်အိမ်ဖွဲ့၍ တင်ပြလိုက်သောအခါ၌ကား ဆွဲဆောင်မှုအပြည့်ပါသော ဝတ္ထုတစ်ပုဒ်

ပမာ ဦးဖေမောင်တင်အဖို့ နားထောင်ကောင်းလှလေသည်။

သူက သဒ္ဒါမှန်ရန်နှင့် စာမထောင့်ရန် သတိထားဖို့ သတိပေးမိသည်ကလွဲ၍ မလေးလုံ၏ ရေးဟန်အသုံးအနှုန်းနှင့် တင်ပြချက်များကိုကား ပြင်ဆင်ဖြည့်စွက်ကန့်ကွက်ခြင်းများ ဘာတစ်ခုမျှ ဦးဖေမောင်တင်မပြုချေ။

သို့ရာတွင် မလေးလုံ၏ စိတ်ကူးအတွေးကလေးများဖြင့် ဖြည့်စွက်ထားသော အချက်အလက်တစ်ခုတလေကိုမူ ဦးဖေမောင်တင်က...

''ဘဘတို့ ဟိုက်စကူး ကျောင်းသားခေတ်တုန်းက ကြံရည်ညှစ်ပြီး ရောင်းတာမျိုးမရှိသေးဘူး။ ရှာလပတ်ရည်တောင် ပေါ်စပဲရှိဦးမယ်ထင်တယ်''

ဟု ပို၍ မှန်ကန်တိကျစေရန် ပြုပြင်ပေးလိုက်လေသည်။

''ကြာတာကြာပါစေ၊ ကိုယ်ရေးတဲ့ စာကောင်းဖို့ အဆင့်အတန်းရှိဖို့သာအရေးကြီးတာ၊ ကောင်းအောင်အဆင့်အတန်းရှိအောင်သာ ကြိုးစားရေး။ အခုလည်း မလေးလုံကြိုးစားရေးထားတာကို ဘဘသိတယ်၊ အမှန်အတိုင်းပြောရမယ်ဆိုရင် မလေးလုံ အခုလောက်ကြိုးစားရေးလိမ့်မယ်လို့ ဘဘ မထင်ခဲ့မိဘူး''

သူ့အတ္ထုပ္ပတ္တိကို နှစ်ချီကာရေးနေမိသော မလေးလုံက သူ့ကိုယ်သူအားမရဖြစ်နေသည်။

သည်အတွက် မလေးလုံ၏ ကျန်းမာရေးအခြေအနေကို နားလည်ထားသော ဦးဖေမောင်တင်က အားပေးနှစ်သိမ့်လိုက်လေသည်။

''မလေးလုံကို ပြောပြထားတဲ့အထဲမှာ တခြား ဘယ်သူမှ မသိသေးတဲ့ ဘဘအကြောင်းတွေ အတော်ပါတယ်၊ စာအုပ်ထွက်တဲ့အခါ ဝယ်ဖတ်ကြမှာပါ''

၁၉၇၁ ခုနှစ်တွင် ဦးဖေမောင်တင်၏ ဝိသုဒ္ဓိမဂ္ဂအင်္ဂလိပ်ဘာသာပြန်သုံးတွဲကို ပေါင်းချုပ်၍ ဒုတိယအကြိမ်ထွက်လာခဲ့သည်။

မလေးရှားပြည် ပီနန်မြို့မှ မလေးရှားလူမျိုး မစ္စတာယက်ပ်အိန်းဂ်ဟိုး* ဆိုသူ သူဌေးတစ်ဦး၏ လှူဒါန်းငွေဖြင့် လန်ဒန်ပါဠိအသင်း ကြီးက ထပ်မံထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်လေသည်။

ပါဠိအသင်းကြီးက အဆိုပါ သုံးတွဲပေါင်းချုပ် ဘာသာပြန်ဝိသုဒ္ဓိမဂ္ဂစာအုပ်ကြီးနှစ်အုပ်ကို ဦးဖေမောင်တင်ထံ ပို့ပေးလိုက်လေသည်။

ထိုနှစ်အုပ်ထဲမှ ဦးဖေမောင်တင်က တစ်အုပ်ကို အမှတ်တရလက်မှတ်ထိုးကာ မလေးလုံအား လက်ဆောင်ပေးလိုက်လေသည်။

---

* Reprinted in Gratitude By Mr. Yap Eng Hoe, Pennang, Malaysia

# ၄၉

# သူ့ယုံကြည်မှု နှင့် ဘာသာရေးကိုးကွယ်မှု

သည်ကနေ့ကား ၁၉၇၃ ခု၊ မတ်လ ၁၆ ရက်၊ သောကြာနေ့ဖြစ်သည်။

မလေးလုံသည် ထုံးစံအတိုင်း မနက် ၈ နာရီ မထိုးမီမှာပင် ဦးဖေမောင်တင်ထံသို့ ရောက်လာခဲ့ပြန်သည်။

မလေးလုံက သူ့စာမူကြမ်းကြီးကို နေ့တိုင်းရက်ဆက်လာ၍ဖတ်ပြလိုသည်။

သို့ရာတွင် ဦးဖေမောင်တင် တစ်နေကုန်ထိုင်၍ နားထောင်နေရလျှင် အညောင်းမိပင်ပန်းမှာကို မလေးလုံက စိုးရိမ်သည်။

ထို့အတူ ကျန်းမာရေးအားနည်းသော မလေးလုံ ပင်ပန်းညောင်းညာမှာကိုလည်း ဦးဖေမောင်တင် စိတ်ပူမိသည်။

သူကထိုင်၍ နားထောင်ရုံဖြစ်သော်လည်း အားစိုက်ကာ အသံထုတ်ဖတ်ပြရသော မလေးလုံအဖို့ နေ့စဉ်ရက်ဆက်ဆိုပါက သက်သာလှမည်မဟုတ်ချေ။

ထို့အပြင် သူ့မှာ တခြားအလုပ်တစ်ခုက ရှိနေပြန်သည်။

၁၉၇၁ ခု၊ ဒီဇင်ဘာလထဲ၌ လန်ဒန်ပါဠိအသင်းကြီးမှ ညွှန်ကြားကာ အသင်းကြီး၏ မြန်မာပြည်အတွက် တရားဝင်ကိုယ်စားလှယ် ဦးဖေမောင်တင်ထံသို့ ရောက်လာခဲ့ကြသည်။

သူတို့ကားအသင်း၏ ဂုဏ်ထူးဆောင်အတွင်းရေးမှူး မစ္စတာအာရ်-အီး အစ်ဂလဲဒင်[၁] ဇနီးမောင်နှံနှင့် အသင်း၏ဘဏ္ဍာထိန်း မစ္စတာအက်စ်-အက်စ် ဒေးဗစ်ဆန်[၂] တို့ဖြစ်ကြလေသည်။

မစ္စတာအစ်ဂလဲဒင်၏ဇနီး မစ္စစ်အစ်ဂလဲဒင်သည် အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်လေသည်။

သူတို့ကို ဦးဖေမောင်တင်၏ တပည့်ဟောင်း အငြိမ်းစား မြန်မာနိုင်ငံသမဝါယမမင်းကြီးနှင့် အငြိမ်းစားကုလသမဂ္ဂ သမဝါယမအကြံပေးပါရဂူ ဦးညီညီ[၃]နှင့် သူ့ဇနီးဒေါ်သာဝင်းတို့က လိုက်ပို့ပေးကြလေသည်။

---

၁။ Mr & Mrs. R.E.Iggleden

၂။ Mr.SS. Davidson:

၃။ ဦးဖေမောင်တင်၏နေရာကိုဆက်ခံသော လန်ဒန်ပါဠိအသင်း၏ မြန်မာပြည်မှ တရားဝင်ကိုယ်စားလှယ်

အဆိုပါ ပါဠိအသင်းမှ ဂုဏ်ထူးဆောင်အတွင်းရေးမှူးနှင့် အဖွဲ့တို့ မြန်မာပြည်သို့ ရောက်လာခဲ့ကြခြင်းမှာ ၁၉၈၁ ခုနှစ်၌ ပါဠိအသင်းကြီး၏ ရာပြည့်သဘင်ဆင်ယင်ကျင်းပရေးအတွက် မြန်မာပြည်မှ တရားဝင်ကိုယ်စားလှယ် ဦးဖေမောင်တင်နှင့် ဆွေးနွေးပြင်ဆင်ရန် ဖြစ်လေသည်။

အသင်း၏ ဂုဏ်ထူးဆောင်အတွင်းရေးမှူးနှင့်အဖွဲ့က သူတို့ပါဠိအသင်းကြီးအတွက် ဘာသာမပြန်ရသေးသော ပါဠိကျမ်းဂန်များကို မြန်မာပြည်မှအမီပြန်ဆိုရေးသားပေးပို့ရန် တောင်းဆိုကြလေသည်။

ဦးဖေမောင်တင်ကိုလည်း ကျန်းမာရေးအခြေအနေကောင်းပါက ရာပြည့်ပွဲအမီ ပါဠိကျမ်းတစ်စောင်ကို ဘာသာပြန်ဆိုပေးပါဟု မေတ္တာရပ်ခံကြလေသည်။

ဦးဖေမောင်တင်ကလည်း ဗုဒ္ဓဝင်အဋ္ဌကထာကို ဘာသာပြန်ဆိုပေးရန် တာဝန်ယူလိုက်သည်။

ရာပြည့်ပွဲသည် ၁၀ နှစ်ကြီးမျှ လိုသေးသောကြောင့် သူ့မျက်စိကို ခွဲစိတ်ကုသနိုင်၍ ကောင်းသွားမည်ဆိုပါက သူ့အနေဖြင့် ဗုဒ္ဓဝင်အဋ္ဌကထာကို ရာပြည့်ပွဲအမီ ဘာသာပြန်ဆိုပြီးစီးနိုင်လိမ့်မည်ဟု ဦးဖေမောင်တင် ထင်လေသည်။

ထို့နောက် လန်ဒန်ပါဠိအသင်းကြီးမှ အတွင်းရေးမှူးနှင့်အဖွဲ့သည် သူတို့အသင်းကြီး၏ ရာပြည့်သဘင်အတွက် မြန်မာပြည်မှ ကြိုတင်ပြင်ဆင်နိုင်ရန် ဖွဲ့စည်းလိုက်သော ''ပါဠိ အဋ္ဌကထာဘာသာပြန် စီမံကိန်းအဖွဲ့'' ကြီးနှင့် လေးလကြာမျှ ဆွေးနွေးညှိနှိုင်းပြီးနောက် ပြန်သွားကြလေသည်။

ဦးဖေမောင်တင်သည် သူ့မျက်စိအခြေအနေအရ သူတာဝန်ယူထားလိုက်သော ဗုဒ္ဓဝင်အဋ္ဌကထာဘာသာပြန်ဆိုရေးကို တော်တော်နှင့် အစမပြုဖြစ်နိုင်သေးအောင်ရှိနေလေသည်။

သူသည် အခြေအနေအရ လုပ်ငန်းကို မစနိုင်၊ မစဖြစ်သေးသော်လည်း သူ့စိတ်ဆန္ဒတွင်ကား ဗုဒ္ဓဝင်အဋ္ဌကထာကိုသာမက ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓဘာသာ သာသနာ့အဖွဲ့ချုပ်ကြီးမှ ပြုစုရိုက်နှိပ်ထားသော တိပိဋကတ်ပါဠိမြန်မာအဘိဓာန်အတွဲများကိုလည်း ဦးဖေမောင်တင်က ဘာသာပြန်ပြုစုချင်နေလေသည်။

''ဆရာကြီး အဲဒီပါဠိအဘိဓာန်ကြီးကို ဘာသာပြန်ဖြစ်ရင် စာမူခတော်တော်ရမယ်၊ ပြီးတော့ ဗုဒ္ဓဘာသာ သာသနာ့အဖွဲ့ချုပ်ကြီးက ကမ္ဘာကိုဖြန့်တဲ့အခါ တိုင်းပြည်အတွက်လည်း နိုင်ငံခြားငွေကောင်းကောင်းရလာနိုင်မယ်''

ဦးဖေမောင်တင်ကို အငြိမ်းစားသမဝါယမမင်းကြီး ဦးညီညီက ပြောခဲ့ဖူးလေသည်။

ထိုအခါ ဦးဖေမောင်တင်က

''ငါ့အတွက်ကတော့ ငွေရတာ မရတာ အရေးမဟုတ်ပါဘူး၊ ငါဝါသနာပါတဲ့ ပါဠိစာပေတွေကို ပြုစုဖြန့်ဝေနေရရင် ကျေနပ်ပျော်မွေ့နေတာပါ''

ဟု ပြန်ပြောခဲ့လေသည်။

သည်အချက်ကို ဦးဖေမောင်တင်အမှန်အတိုင်း ပြောခဲ့ခြင်းဖြစ်သည်။

ငွေကို သူအဓိကမထားကြောင်းအား ငွေမရဘဲ လန်ဒန်ပါဠိအသင်းကြီးအတွက် ပါဠိကျမ်းများဘာသာပြန်ဆိုပြုစုပေးခဲ့ခြင်းများက ဦးဖေမောင်တင်အတွက် သက်သေခံနေကြလေသည်။

သူသည် ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးအတွက် ယိုးဒယားဘုရင်က ပေါင်ငွေတစ်ထောင်ဆုချခဲ့သည်ကိုပင် လက်ခံယူငင်ခြင်းမပြုဘဲ ပါဠိအသင်းကြီးလက်သို့ ပြန်လှူပစ်ခဲ့သေးသည် မဟုတ်ပါလား။

ထိုကဲ့သို့ တစ်ချိန်က သူထားခဲ့သော စေတနာက သူ့ကို ယခုပြန်လည်၍ အကျိုးပြုလာလေသည်။ ယခုကဲ့သို့ အိုမင်းမစွမ်း နာမကျန်းလည်းဖြစ်နေချိန်တွင် သူ့ပင်စင်လခကလေးဖြင့် နွမ်းနွမ်းပါးပါးဖြစ်နေသော သူ့ဘဝအခြေအနေကို တွေ့မြင်သွားခဲ့သော အတွင်းရေးမှူး၏ ပြန်လည်တင်ပြစီစဉ်ပေးချက်အရ ထင်သည်။ လန်ဒန်ပါဠိအသင်းကြီးက သူတို့အသင်းအတွက် အများကြီးအကျိုးပြုခဲ့သူဦးဖေမောင်တင်အတွက် ရာသက်ပန်စီမံချက်ဖြင့် တစ်နှစ်လျှင် ပေါင်ငွေတစ်ရာပို့ပေးလာခဲ့လေသည်။

ထို့နောက် မကြာမီတွင် ဦးဖေမောင်တင်အတွက် ဗုဒ္ဓဝင်အဋ္ဌကထာဘာသာပြန်ဆိုရေး အစီအစဉ်ပြောင်းလဲသွားခဲ့လေသည်။

ဗုဒ္ဓဝင်အဋ္ဌကထာကို လန်ဒန်ပါဠိအသင်းကြီး၏ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမစ္စ်အိုင်-ဘီ-ဟွန်းနား[၁]က ဘာသာ

၁။ Dr. Miss I.B.Horner

ပြန်ဆိုရေးသားရန် ရည်ရွယ်ထားကြောင်း ဦးဖေမောင်တင် ကြားသိလာခဲ့ရသည်။

သည်အတွက် ဦးဖေမောင်တင်က အသင်းဥက္ကဋ္ဌကြီး ဒေါက်တာဟွန်းနားကို ဦးစားပေးကာ အစီအစဉ် ပြောင်းလိုက်ခြင်းဖြစ်လေသည်။

သူက သူ့မျက်စိအခြေအနေအရ ဗုဒ္ဓဝင်အဋ္ဌကထာထက်တိုသော အခြားပါဠိကျမ်းတစ်စောင်စောင်ကို ပြန်ဆိုရေးသားရန် ဆုံးဖြတ်လိုက်တော့သည်။

သို့ရာတွင် အဘယ်ကျမ်းအား ပြန်ဆိုရေးသားရမည်ကိုမူ သူ မရွေးချယ်ရသေးချေ။

ဦးဖေမောင်တင်သည် ရာပြည့်ပွဲအပြင် အခြားကိစ္စတစ်ခုအတွက်လည်း ပါဠိကျမ်းဆိုင်ရာ စာတမ်းတစ်စောင် ပြုစုရေးသားရန် တာဝန်ယူထားလိုက်သေးသည်။

လန်ဒန်ပါဠိအသင်းဥက္ကဋ္ဌကြီး ဒေါက်တာဟွန်းနားအတွက် အသင်း၌ လုပ်သက်နှစ် ၅၀ ပြည့်အထိမ်းအမှတ် ဂုဏ်ပြုစာအုပ်တစ်အုပ်ကို ဟော်လန်ပြည် ဖက်စ်ရှရစ်ပပ်ဘလီကေးရှင်း၊မှ ထုတ်ဝေဖြန့်ချိရန် အစီအစဉ်တစ်ခုရှိလေသည်။

ထိုဂုဏ်ပြုစာအုပ်အတွက် အသင်းဝင်များက ပါဠိကျမ်းဆိုင်ရာစာတမ်းဆောင်းပါးများ စုပေါင်းရေးသား ပေးပို့ရန်ဖြစ်လေသည်။

ထိုစဉ် ဦးဖေမောင်တင်ထံမှ အတော်ကြာကြာ ပျောက်ကင်းသွားခဲ့သော သူ့ပါးတစ်ခြမ်း နာကျင်ကိုက်ခဲခြင်း ဝေဒနာက ရုတ်တရက်ပြန်၍ ပေါ်လာခဲ့သည်။

သို့ရာတွင် ဆိုးဆိုးဝါးဝါး မခံမရပ်နိုင်လောက်အောင်ကား မဟုတ်ချေ။ သည်တစ်ခါ၌ အနည်းအပါး နာကျင်ကိုက်ခဲလိုက်၊ ဆရာဝန်ပြ၍ ကုသလိုက်သောအခါ ပျောက်သွားလိုက်နှင့် ငုပ်ချည်ပေါ်ချည်ပြုနေလေသည်။

ဝေဒနာပေါ်လာသောအခါများ၌ သူ့ပါးတစ်ဖက်သည် အပ်ကလေးနှင့်ဆွခံနေရသလို အနေရခက် အခံရခက် လှလေသည်။

ထိုအချိန်မှာပင် ရန်ကုန်ဆေးရုံကြီး၌ အပ်စိုက်ကုသနည်း အဆန်းတစ်ခုပေါ်ပေါက်လာခဲ့သည်။

ထိုအခါ အင်္ဂလိပ်ဆေးဝါးဆရာများအပြင် ဗမာ့ဆေးနည်းကိုလည်း အားထားကာ သိမ်ဖြူဆရာတော်ထံ သို့ပင်ရောက်ခဲ့သေးသော ဦးဖေမောင်တင်က ယခုနောက်ဆုံးပေါ် အပ်စိုက်ကုသနည်းကို စမ်းသပ်ခံယူလိုက်ပြန် လေတော့သည်။

ဆေးရုံကြီးသို့ အပ်စိုက်ရန်သွားတိုင်း ဦးဖေမောင်တင်ကို ဦးသာဝင်းက မော်တော်ကားနှင့်အသွားအပြန် ပို့ပေးလေသည်။

အစောပိုင်း အချိန်များတုန်းက ဦးဖေမောင်တင်အဖို့ အရေးအကြောင်းပေါ်လာ၍ အပြင်သို့သွားရလာရ သောအခါ သူ့တပည့်ရင်းများဖြစ်ကြသော ဦးဝန်၊ ဦးတိုးအောင်တို့က သူတို့မော်တော်ကားဖြင့် လိုက်လံပို့ဆောင် ပေးကြသည်။

ယခုတွင် လန်ဒန်ပါဠိအသင်းကြီးမှ ဂုဏ်ထူးဆောင်အတွင်းရေးမှူး မစ္စတာအစ်ဂလဲဒင်တို့နှင့် ပတ်သက်ကာ ပိုမိုရင်းနှီးကျွမ်းဝင်သွားခဲ့သော ဦးသာဝင်းက ဒိုင်ခံတာဝန်ယူ၍ ပို့ဆောင်ပေးနေလေသည်။

ဦးဖေမောင်တင်သည် သွားကောလိပ်၌ သူ့အံပုံကိုပင် အသစ်လဲထည့်လိုက်သေးသည်။

သူသည် အသက် ၃၀ ကျော်အရွယ်၊ ဗိလပ်မှာရှိစဉ်ကတည်းက ရေစီးကမ်းပြိုဖြစ်ချင်သောကြောင့် ရှိသမျှ သွားများကို အကုန်နုတ်၍ အံပုံအတုတပ်ထားခဲ့ရလေသည်။

''သွားတွေမရှိတော့ သွားနာရကိုက်ရတဲ့ဒုက္ခက ကင်းတာပေါ့''

သူ၌ ပင်ကိုသွားများမရှိတော့ခြင်းအတွက် အကောင်းဘက်က လှည့်တွေးကာ သူ့စိတ်ကိုချမ်းသာအောင် ထားလိုက်သည်။

ယခု သူ့အသက် ၈၅ နှစ်တွင် နောက်ဆုံးပုံစံ သွားဖြူဖြူဖွေးဖွေး ညီညီကလေးများကို ဦးဖေမောင်တင် ပိုင်ဆိုင်အသုံးချနိုင်ရပြန်လေပြီ။

ထို့နောက် ဦးသာဝင်းနှင့် နှစ်ယောက်သား ရန်ကုန်ဆေးရုံကြီးသို့ ရောက်သွားသော ဦးဖေမောင်တင်သည် ဆေးရုံကြီးအပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် တက်လိုက်ရပြန်လေသည်။

ဦးဖေမောင်တင်တို့ တက်လိုသောအထပ်သို့ ဓာတ်လှေကားမောင်းသမားက သတ်မှတ်ချက်ခလုတ်ကလေးကိုနှိပ်၍ ပို့ပေးလေ့ရှိလေသည်။

သူ့ကိစ္စပြီး၍ ပြန်ဆင်းလာသောအခါ၌လည်း ဓာတ်လှေကားမောင်းသမားက အောက်ဘက်သို့ ပြန်ဆင်းစေသော ခလုတ်ကလေးကိုနှိပ်ကာ ပြန်ချပေးလေသည်။

ထိုကဲ့သို့ ဓာတ်လှေကားမှ အတက်အဆင်းပြုပေးနိုင်စွမ်းသော ခလုတ်ကလေးများကို ကြည့်၍ ဦးဖေမောင်တင်၏စိတ်တွင် အတွေးကလေးတစ်ခုဝင်မိလေသည်။

သူ့အတွေးကို ဦးဖေမောင်တင်က ဦးသာဝင်းအား ပြောကြားလိုက်လေသည်။

''ကျုပ်ဆေးရုံကြီးကိုသွားတိုင်း အပေါ်ထပ်ကို ဓာတ်လှေကားနဲ့တက်တဲ့အခါ ဓာတ်လှေကားမောင်းသမားက အပေါ်ဆုံးထပ်ကို ရောက်မယ့်ခလုတ်ကလေးကို နှိပ်ပြီးပို့ပေးတယ်။ အပေါ်ထပ်ခလုတ်ကို နှိပ်လိုက်ပြီးရင် အလယ်ထပ်ကိုသွားလို့မရဘူး။ အလယ်ခလုတ်ကို နှိပ်လိုက်ပြီးရင်လည်း အပေါ်ကိုတက်လို့ မရတော့ဘူး။ ခလုတ်နှိပ်လိုက်တဲ့အတိုင်းသာ ရောက်သွားကြတယ် မဟုတ်လားဗျ''

''ဟုတ်ပါတယ် ဆရာကြီး''

''အဲဒီလို ဓာတ်လှေကားကြီး အပေါ်တက်လိုက် အလယ်ဝင်လိုက် အောက်ထပ်ဆင်းလိုက်နဲ့ တစ်ချိန်လုံး သံသရာလည်နေတာကိုကြည့်ရင်း ကျုပ်စိတ်ထဲမှာ ဘာသွားတွေးမိသလဲဆိုတော့''

ဦးဖေမောင်တင်က ဆက်ပြောလိုက်သည်။

''သံသရာလည်နေတဲ့ ၃၁ ဘုံအကြောင်းကို တွေးမိပြီး ဓာတ်လှေကားကြီးကို ၃၁ ဘုံ သံသရာလောကကြီးနဲ့ နှိုင်းယှဉ်တင်စားလိုက်မိတယ်''

''ဟုတ်ကဲ့ ဆရာကြီး''

''အဲဒီလို နှိုင်းယှဉ်တင်စားလိုက်ရင်းက ကျုပ်စိတ်ကူးတစ်ခုရလာတယ်။ ဘာလဲဆိုတော့ ဒေါက်တာဟွန်းနားအတွက် နှစ် ၅၀ ပြည့်အထိမ်းအမှတ်ထုတ်မယ့်စာအုပ်မှာ ကျုပ်က ၃၁ ဘုံ သံသရာအကြောင်းကို **စင်းမီလီအော့ဖ်သည်စကိုင်းစကရိပ်ပါး*** လို့ ဘာသာပြန်ပြီး ရေးပို့လိုက်မယ်လို့''

''သိပ်ကောင်းပါတယ် ဆရာကြီး''

''သိပ်ကောင်းပေမယ့် ကျုပ်မျက်စိက သိပ်မကောင်းသေးတာ ခက်တယ်ဗျ''

သူ့စိတ်ကူးကို ထောက်ခံလိုက်သော ဦးသာဝင်းကို ဦးဖေမောင်တင်က ပြန်ပြောလိုက်သည်။

''ဒါပေမယ့် ကျုပ်က ပါးစပ်နဲ့ပြောတာကို တစ်ယောက်က လိုက်ကူးရေးပေးနိုင်ရင်တော့ အဆင်ပြေမှာပဲ ထင်တယ်''

''ဒီအတွက်ဆိုရင်တော့ မပူနဲ့ဆရာကြီး။ ဆရာကြီးပြောတာကို ကျွန်တော်လိုက်ရေးပေးပါ့မယ်''

ဦးသာဝင်းက သူရေးပေးမည်ဟု တာဝန်ယူလေသည်။

သည်အချက်ကို ဦးဖေမောင်တင်ကလည်း သဘောတူ လက်ခံလိုက်ကာ လုပ်ငန်းစဖြစ်ခဲ့ကြလေသည်။

သူ့အဖို့ အတော်ကြာကြာအဆက်ပြတ်နေခဲ့သော စာပေနှင့် ပြန်လည်ထိတွေ့မွေ့ပျော်ခွင့်ရလိုက်သော ဦးဖေမောင်တင်သည် အရှိန်ရကာ ဦးသာဝင်း၏ တောင်းဆိုချက်အရ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ပါဠိကျမ်းနှစ်ကျမ်းကိုပါ ဆက်လက်ပြန်ဆိုလိုက်လေသည်။

ဦးသာဝင်းက သက်သက်သာသာ သီးသီးသန့်သန့်ရှိသော သူ့အိမ်သို့ ဦးဖေမောင်တင်ကို လာခေါ်သွားလေသည်။

သူ့အိမ်သို့ရောက်သောအခါ ဦးသာဝင်းက ဦးဖေမောင်တင်ကို စားကောင်းသောက်ဖွယ်များဖြင့် ပထမပြုစုသည်။

ပြီးမှ နှစ်ယောက်သား စာကြည့်ခန်းသို့ဝင်ကာ လုပ်ငန်းစကြလေတော့သည်။

ဦးဖေမောင်တင်က ပါဠိမှမြန်မာဘာသာသို့ ပထမပြန်ဆိုသည်။ ပြီးမှ မြန်မာဘာသာကို အင်္ဂလိပ်ဘာသာသို့ ဆက်လက်ပြန်ဆိုလိုက်လေသည်။

---

* Simile of The Sky Scraper

ဦးဖေမောင်တင်ပါးစပ်က ပြောပြသမျှ ဦးသာဝင်းက လက်ရေးဖြင့် လိုက်ကူးသည်။

ထို့နောက် ဦးဖေမောင်တင်ကို ဦးသာဝင်းကပြန်၍ ဖတ်ပြလေသည်။

ဦးဖေမောင်တင် စိတ်တိုင်းကျ ပြင်ဆင်ဖြည့်စွက်ကာ ကျေနပ်သွားတော့မှသာ ဦးသာဝင်းက လက်ရေးမူကို လက်နှိပ်စက်ရိုက်လိုက်လေတော့သည်။

ယခုအချိန်တွင် ဒေါက်တာဟွန်းနားဂုဏ်ပြုနှစ် ၅၀ အတွက် ၃၁ ဘုံ သံသရာဘာသာပြန်ဆောင်းပါးမှာ လုံးဝပြီးစီးသွားလေပြီ။

ထိုဆောင်းပါးကို လက်နှိပ်စက်ရိုက်ပြီးနောက် လန်ဒန်ပါဠိအသင်းကြီးသို့ ပို့ပေးလိုက်ရန် ဦးသာဝင်းအား ဦးဖေမောင်တင်တာဝန်ပေးထားလိုက်သည်။

ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ကျမ်းနှစ်ဆူမှာမူ မပြီးတတ်သေးသောကြောင့် ဦးသာဝင်းအိမ်သို့သွားကာ ဦးဖေမောင်တင် ဆက်လက်ပြန်ဆိုနေရဆဲဖြစ်လေသည်။

ထိုကျမ်းများကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန် ဦးဖေမောင်တင်က သူ့တပည့်တစ်ဦးဖြစ်ခဲ့သော ပန်းချီဆရာဦးဘကြည်ထံသို့ သူကိုယ်တိုင်သွားတွေ့ကာ ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာတရားဦးဟောကြားနေပုံ မျက်နှာဖုံးပန်းချီကို ရေးဆွဲခိုင်းထားလေသည်။

သူ့အဖို့ သူတစ်ပါးလက်အငှားဖြင့် ပါဠိကျမ်းအင်္ဂလိပ်ဘာသာပြန်လုပ်ငန်းကို ပြန်လည်အစပြုလိုက်နိုင်သော ဦးဖေမောင်တင်၏စိတ်မှာ တက်တက်ကြွကြွရှိလွန်းလှလေတော့သည်။

နေ့ဘက်၌ ဦးသာဝင်းကူးရေးရန် ရွတ်ပြခဲ့သောဘာသာပြန်ချက်များကို ဦးဖေမောင်တင်သည် တစ်ညအိပ်ပျော်နေစဉ်က ယောင်ခဲ့မိသောကြောင့် ဦးသာဝင်းအား ရယ်မောပြောပြလိုက်ရသေးသည်။

သည်ကဲ့သို့ လူရောစိတ်ပါ လှုပ်လှုပ်ရှားရှား အလုပ်များနေစဉ် တစ်ချက်တစ်ချက်သူ့ပါးတစ်ဖက်က ဦးဖေမောင်တင်ကို အနှောင့်အယှက်ပြုလာတတ်လေသည်။

ထိုအခါ ဦးဖေမောင်တင်မှာ ဦးသာဝင်းကိုခေါ်၍ ဆေးရုံကြီးသို့ ပြေးရပြန်လေသည်။

သူ့ဘာသာပြန်ချက်များ ပြီးစီးလုနီးပြီဖြစ်သောကြောင့် ဦးဖေမောင်တင် ဝမ်းသာအားတက်နေမိလေသည်။

ယခုအခါ မလေးလုံလာ၍ဖတ်ပြသော အတ္ထုပ္ပတ္တိစာမူကြမ်းကြီးကလည်း ဦးဖေမောင်တင်အတွက် ကျေနပ်နှစ်သက်စရာတစ်ကွက် ဖြစ်ရပြန်လေသည်။

သည်အတွက် ဦးဖေမောင်တင်သည် ဦးသာဝင်းနှင့် မလေးလုံကို တစ်လှည့်စီအချိန်ပေးကာ သွား၍ပြောခြင်း၊ ခေါ်၍နားထောင်ခြင်းအမှုတို့ကို ရက်ခြားပြုလုပ်လိုက်လေသည်။

ထိုနေ့က ဦးဖေမောင်တင်သည် လွန်ခဲ့သောနေ့က အနည်းငယ် မအီမသာဖြစ်ခဲ့မှုကြောင့် ဝမ်းနုတ်ဆေးစားထားသည်။

ထို့ကြောင့် မလေးလုံရောက်လာသောအခါ ဦးဖေမောင်တင် အိပ်ရာထဲမှာပင်ရှိသေးသည်။

နေ့ဦးကာလဖြစ်သော်လည်း ဆောင်းရိပ်မစင်ချင်သေး၍ ထင်သည်။ မနက်ခပ်စောစောပိုင်းအချိန်ကလေးသည် အနည်းငယ်အေးစက်စက်ရှိလေသည်။

ထို့ကြောင့် ဝမ်းနုတ်ဆေးစားထားသော သူ့ကိုနွေးနွေးထွေးထွေးရှိရန် မလေးလုံက ခုတင်ဘေးမှထိုင်ကာ ဖတ်ပြခဲ့လေသည်။

နေအတော်မြင့်ကာ အအေးဓာတ်စင်သွားတော့မှ နှစ်ယောက်သား အိမ်ရှေ့ခန်းသို့ထွက်ကာ ဆက်ဖတ်၍ ဆက်နားထောင်လိုက်ပြန်သည်။

နှစ်ယောက်သား ဖတ်ရင်းနားထောင်ရင်းမှပင် ဦးဖေမောင်တင်သည် မလေးလုံနှင့်ဟိုအကြောင်း သည်ကိစ္စများသို့ ကြားဖောက်ပြောဆိုဆွေးနွေးဖြစ်တတ်လေသည်။

အလေးအနက်ကျမ်းကြီးကျမ်းခိုင် စာပေပညာအကြောင်းချည်း အမြဲတမ်းတွေးခေါ်ဆွေးနွေးနေခဲ့ရာမှ သည်ကဲ့သို့ ပေါ့ပေါ့ပါးပါး ရောက်တတ်ရာရာအကြောင်းအရာကလေးများကို ပြောဆိုရယ်မောရသောအခါ သူ့စိတ်မှာ လွတ်လွတ်လပ်လပ် သက်သက်သာသာရှိသည်ဟု ဦးဖေမောင်တင်ထင်မိသည်။

အမေးအစမ်းထူသော မလေးလုံကို သူကစိတ်ရှည်ရှည်ဖြင့် ဖြေကြားလိုက်လေ့ရှိသည်။

သို့ရာတွင် တစ်ခါတစ်ခါ၌ မလေးလုံ ကောက်ကာငင်ကာ မေးတတ်သော မေးခွန်းကလေးတချို့တလေကမူ ဘသက်ရှည် သူ့ကို ရုတ်တရက် ချက်ချင်းအဖြေမပေးတတ်အောင် အခက်တွေ့သွားစေတတ်ခဲ့လေသည်။

''ဘဘ အရက်သောက်တတ်သလား''

''ဘဘ မိဘတွေက ဗမာဆန်ခဲ့ပြီး ဘဘကိုယ်တိုင်ကလည်း ဗမာစာပေမြင့်မားကြီးပွားရအောင် အမျိုးမျိုး ကြိုးစားခဲ့၊ အင်္ဂလိပ်စကားလုံးအသုံးအနှုန်းတွေကို ဗမာစကား အသုံးအနှုန်းတွေဖြစ်လာရအောင် စွမ်းဆောင် တီထွင်ခဲ့တယ်၊ အဲဒါနဲ့ ဘာဖြစ်လို့ ဘဘတို့ကျတော့ သားသမီးတွေကို ဖေဖေ မေမေလို့ အခေါ်မခိုင်းဘဲ၊ ဒက်ဒီ မာမီလို့ ခေါ်စေတာပါလဲ''

ထိုကဲ့သို့ ပေါက်ပေါက်ရှာရှာ မေးတတ်ခဲ့သော မလေးလုံသည် ယနေ့တွင်လည်း ဦးဖေမောင်တင်ကို မေးခွန်းကလေးများ မေးသွားခဲ့ပြန်သည်။

''ဘဘကို တချို့ကပြောနေကြပါတယ်။ ဘဘဟာ ခရစ်ယာန်ဆိုတာ မိရိုးဖလာခရစ်ယာန်ဘာသာဝင်ပါတဲ့''

ထို့နောက် မလေးလုံက သည်ကနေ့အတွက် သူ့စာမူကြမ်းကြီးဖတ်ပြခြင်းအမှုကို တစ်ခန်းဖြတ်ရပ်နားကာ ဦးဖေမောင်တင်ထံမှ ပြန်သွားခဲ့လေသည်။

သို့ရာတွင် မလေးလုံ ထုတ်ခဲ့သော မေးခွန်းကလေးကမူ နောက်တစ်ရက် ၁၉၇၃ ခု၊ မတ်လ ၁၀ ရက်၊ စနေနေ့ကူးလာသည်အထိ ဦးဖေမောင်တင်ထံ၌ ကျန်ရစ်ခဲ့ကြလေသည်။

ဦးဖေမောင်တင် အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက သူ့မိဘများ ကွယ်လွန်သွားခဲ့ကြသည့်နောက်ပိုင်း၌ ဘာသာရေးကိုးကွယ်မှုနှင့်ပတ်သက်၍ ပေါ့လျော့ခဲ့မိလေသည်။

ထိုကဲ့သို့ ပေါ့လျော့ခဲ့ရာ၌ သူသည် သူတွေ့မြင်ခံစားခဲ့ရသော သူ့မျိုးရိုးစဉ်ဆက်၏ အစွန်းရောက်လွန်းသော ဘာသာရေးကိုးကွယ်ခြင်းအမှုကို မပြုလိုခြင်းနှင့် မြန်မာစာပေကြီးပွားရေးကို အားသွန်လုံးပန်းနေခဲ့သောကြောင့် ဖြစ်လေသည်။

သို့ရာတွင် သူ့ဇနီးဒေါ်ကြည်ကြည်သည် အသုံးအဖြုန်းကြီး၍ အပျော်အပါးအဝတ်အစား ဝါသနာရှိသော်လည်းဘာသာရေးကို ကိုးကွယ်မှု၌ ပေါ့လျော့ခြင်းမရှိချေ။ သူသည် တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ မှန်မှန်သွား၍ တရားနာကာ ဝတ်ပြုကိုးကွယ်လေသည်။

ဒေါ်ကြည်ကြည်သည် သူဘုရားရှိခိုးကျောင်းသို့သွားတိုင်း ခင်ပွန်းဖြစ်သူ ဦးဖေမောင်တင်နှင့်အတူ သားသမီးများကိုလည်း အပါခေါ်ဆောင်သွားလေ့ရှိလေသည်။ ထို့ကြောင့် ဦးဖေမောင်တင်နှင့် သားသမီးများသည် တခြားရက်များ၌ ဘယ်သို့ရှိရှိ၊ ဘယ်လိုနေနေ၊ တနင်္ဂနွေနေ့များတွင်ကား မပျက်မကွက် ဘုရားဝတ်ပြုဖြစ်ကြရလေသည်။

ဦးဖေမောင်တင်သည် ပေါ့လျော့မှုရှိသည်မှာမှန်သော်လည်း သမ္မာကျမ်းစာကိုကား အမြဲတမ်းဖတ်ရှုကာ အစဉ်ဆင်ခြင်စဉ်းစားလေ့ရှိလေသည်။

သို့ရာတွင် သူ့အိမ်၌ သူကျမ်းစာမှန်မှန်ဖတ်ကာ ဘုရားရှိခိုးကျောင်းမှန်မှန်သွားသည်ကို မသိမမြင်ကြသော အပြင်လူများက သူ၏ဘာသာရေးကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ဝိဝါဒကွဲပြား အငြင်းပွားနေကြကြောင်းအား ဦးဖေမောင်တင် ကြားသိရလေသည်။

သူက ကြားသိသော်လည်း သူခံယူထားချက်အတိုင်း ဘယ်သူ့ကိုမျှ ဖြေရှင်းချက်မပေးဘဲ အေးအေးသက်သာ ပင်နေခဲ့လေသည်။ ဘယ်သူတွေဘာပြောပြော၊ ဘာထင်ထင်၊ သူ့ကိုယ်သူ အသိဆုံးဖြစ်သည်ဟု ဦးဖေမောင်တင် သဘောပေါက်ထားလိုက်သည်။

ထို့နောက် သူ့အသက် ၈၀ ပြည့် မွေးနေ့ပွဲကျင်းပပေးရန်အတွက် အင်္ဂလိပ်ရက်နှင့်မြန်မာရက်၊ ဘယ်ရက်ကို နှစ်သက်ကြောင်းလာမေးကြသောအခါ ဦးဖေမောင်တင်က မြန်မာပီပီ မြန်မာရက်ကို ရွေးပေးခဲ့လေသည်။

ပထမ သူ့ကို လာပြောစဉ်က တက္ကသိုလ်စာကြည့်တိုက်၌ ကျင်းပမည်ဟု သိထားခဲ့သည်။ သို့ရာတွင် နောက်တစ်နေ့ ကဆုန်လပြည့်တော့မည့် အဖိတ်နေ့ညတွင်မှ သူ့မွေးနေ့ပွဲကို တက္ကသိုလ်စာကြည့်တိုက်အစား တက္ကသိုလ်ဓမ္မာရုံ၌ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ဦးဖေမောင်တင် သိလိုက်ရလေသည်။ သည်အတွက် သူ့စိတ်မှာ တစ်မျိုးဖြစ်သွားမိလေသည်။

ထို့နောက် သူစဉ်းစားကြည့်လိုက်မိသည်။

– မနက်ဖြန်သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်နေ့ထူးအခါထူးကြီးဖြစ်လေသည်။

– ဓမ္မာရုံဆိုသည်မှာလည်း ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓတရားဒေသနာများကြားနာနိုင်သော တရားသီလဆောက်တည်နိုင်သော နေရာဌာနတစ်ခုဖြစ်လေသည်။

ထိုကဲ့သို့သော နေ့ရက်တွင် ထိုကဲ့သို့သောနေရာဌာန၌ သူ့မွေးနေ့ပွဲကျင်းပမှုကို ခံယူရမည့် ဦးဖေမောင်တင်သည် သူ့ကိုယ်သူ ပထမဆုံးဝေဖန်ဆန်းစစ်ကြည့်လိုက်မိလေသည်။

– ငါဟာ ဘာလဲ၊ ခရစ်တော်ကို အမှန်တကယ် ယုံကြည်လက်ခံထားတဲ့ ခရစ်ယာန်စစ်စစ်တစ်ယောက်လား။

– ဒါမှမဟုတ် မိရိုးဖလာအရ ခရစ်ယာန်နာမည် ခံထားနေသူလား။

ထိုညက သူ့ကိုယ်သူ မေးခွန်းထုတ်ကာ ဝေဖန်သုံးသပ်နေမိသော ဦးဖေမောင်တင်သည် အိပ်၍ မပျော်နိုင်အောင်ရှိခဲ့လေသည်။ နောက်ဆုံးအတော်ကြီးညဉ့်နက်တော့မှ သူ့အတွက်အဖြေက ထွက်လာခဲ့သည်။ သည်အခါကျမှ မနက်ဖြန်အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လျက်၊ ဦးဖေမောင်တင် အိပ်ပျော်သွားခဲ့လေတော့သည်။

နောက်တစ်နေ့ မနက်အစောကြီး ၆ နာရီလောက်တွင် ဦးဖေမောင်တင်သည် သူ့အိမ်ကလေးမှ ထွက်လာခဲ့သည်။ ပြီးလျှင် သူသည် သူ့အိမ်နှင့်တစ်ဝင်းတည်း၌ရှိသော ဘုရားရှိခိုးကျောင်းသို့ သွားလိုက်သည်။

''ဟဲလို ဂွတ် မောနင်း ဆရာကြီး''

နံနက်အရုဏ်တက် ဘုရားဝတ်ပြုပြီးစ ဘုန်းတော်ကြီး ဦးထွန်းစိန်က ဦးဖေမောင်တင်ကို ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

ဘုန်းတော်ကြီး ဦးထွန်းစိန်သည် မြန်မာဘာသာနှင့် တရားဒေသနာများ ဟောကြားပို့ချရန်အချက်အလက်များကို ဥပုသ်ရက်မတိုင်မီကတည်းက စာရွက်တွင် ရေးမှတ်ပြင်ဆင်ထားလေ့ရှိသည်။ သူသည် သူရေးထားသောမြန်မာစာများမှန်မမှန်ကို ဦးဖေမောင်တင်ထံ တင်ပြညှိနှိုင်းခြင်းလည်း ပြုတတ်လေ့ရှိသည်။

မကြာမီရောက်လာတော့မည့် အီစတာဆန်ဒေး[၁] သခင်ခရစ်တော် ရှင်ပြန်ထမြောက်တော်မူရာဥပုသ်နေ့အတွက် ပြင်ဆင်ထားသော တရားဟောချက်တွင် ဘုန်းတော်ကြီးက လက်တင်ဘာသာစကားနှစ်လုံးခန့် ထည့်သုံးထားခြင်းကို ဦးဖေမောင်တင်က–

''လက်တင်သုံးမယ့်အစား ပါဠိကိုသုံးတာ ပိုကောင်းပါတယ်''

ဟု ပြောဆိုပြင်ဆင်ပေးလိုက်သေးသည်။

ဘုန်းတော်ကြီးဦးထွန်းစိန်ကို ဦးဖေမောင်တင်က မေးလိုက်သည်။

''ဒီနေ့ ကော်မြူးနီးယန်း[၂]ရှိသလား''

''မရှိဘူးဆရာကြီး မနက်ဖြန် တနင်္ဂနွေနေ့မှာရှိမယ်''

ဘုန်းတော်ကြီးထံမှ အဖြေရလျှင် ဦးဖေမောင်တင်လည်း သူ့အိမ်သို့ လှည့်ပြန်ခဲ့လေသည်။ သူ့အိမ်ပြန်ရောက်သောအခါ ဦးဖေမောင်တင်ခဏမျှထိုင်၍ စဉ်းစားလိုက်သည်။

ထို့နောက် သူသည် စိတ်ကူးပေါက်ကာ ဘုန်းတော်ကြီးထံသို့ ထသွားလိုက်ပြန်သည်။

ဘုန်းတော်ကြီးထံသို့ ဦးဖေမောင်တင် နောက်တစ်ခေါက်ထပ်ရောက်သွားခဲ့ချိန်သည် မနက် ၇ နာရီပင် မထိုးသေးချေ။

သူတစ်ခေါက် ထပ်ရောက်လာခဲ့ခြင်းအတွက် အနည်းငယ် ထူးဆန်းအံ့သြသွားပုံရသော ဘုန်းတော်ကြီး ဦးထွန်းစိန်ကို ဦးဖေမောင်တင်က အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေသည်။

''ဘုန်းကြီးကို ကျွဲတစ်ခုတောင်းပန်ချင်လို့ပါ''

---

၁။ Easter Sunday

၂။ Communion (လူသားများအပြစ်ကို သူ့အသွေးနှင့် ဆေးကြောပေးသွားခဲ့သော သခင်ခရစ်တော် အသေခံတော်မူခြင်းကို သတိရအောက်မေ့စေသော ပွဲတော် အထူးဥပုသ်နေ့)

"ဘာများပါလိမ့် ပြောပါဦး"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီနေ့ဟာ ကျုပ်အသက် ၈၀ ပြည့်တဲ့မွေးနေ့ပါပဲ"

"ဟုတ်လား"

သူ့မွေးနေ့အတွက် ဆုတောင်းမေတ္တာပို့ရင်း လက်ဆွဲနှုတ်ဆက်လိုက်သော ဘုန်းတော်ကြီးကို ဦးဖေမောင်တင်က ဆက်ပြောလိုက်သည်။

"အဲဒီကျုပ်မွေးနေ့အတွက် ကျုပ်တပည့်တွေက တက္ကသိုလ်ဓမ္မာရုံမှာ ဒီမနက်ကန်တော့ပွဲကျင်းပကြမှာမို့ ဓမ္မာရုံကို ကျုပ်သွားရမယ်။ အဲဒီလို မသွားခင်မှာ ကျုပ်ဟာ ခရစ်တော်ကို ယုံကြည်လက်ခံထားတဲ့ ခရစ်ယာန်တစ်ယောက်ဖြစ်တာမို့ ဘုရားရှိခိုးကျောင်းထဲမှာ ဘုန်းကြီးက ကျုပ်မွေးနေ့အတွက် ပထမဆုတောင်းကောင်းချီးပေးလိုက်စေချင်ပါတယ်"

ဦးဖေမောင်တင်၏ တောင်းပန်ချက်ကို ဘုန်းတော်ကြီးက ဝမ်းသာအားရ လက်ခံလိုက်လျှာလေသည်။

ထို့နောက် အင်္ဂလိကန် ခရစ်ယာန်ဘာသာဝင်တို့ ထုံးစံဓလေ့အတိုင်း ဘုန်းတော်ကြီးက သူ့ရှေ့၌ဒူးထောက်ထားသော ဦးဖေမောင်တင်အပေါ်သို့ လက်တင်ကာ ဘုရားသခင်ထံမှ ဆုကျေးဇူးကောင်းချီးမင်္ဂလာများကို တောင်းခံပေးလိုက်လေသည်။

ဘုန်းတော်ကြီးထံမှတစ်ဆင့် ဘုရားသခင်ထံက ဆုကောင်းချီးတောင်းခံပြီးနောက် သူ့အိမ်သို့ပြန်လာခဲ့သော ဦးဖေမောင်တင်၏စိတ်မှာ ထူးထူးခြားခြား ပေါ့ပါးကြည်လင်လျက်ရှိလေသည်။

နှစ်ပေါင်းအတော်ကြာအောင် သူ့ကိုယ်သူ ဘာသာကိုးကွယ် သက်ဝင်ယုံကြည်မှုနှင့်ပတ်သက်၍ မေ့မေ့လျော့လျော့ ခပ်ပေါ့ပေါ့နေခဲ့သော ဦးဖေမောင်တင်သည် ယခု သူ့အသက် ၈၀ ပြည့်သောနေ့ သည်ရက်တွင်ကား အလေးအနက်သဘောထားကာ ကွဲကွဲပြားပြား ခြားခြားနားနား သိမှတ်ခံယူလိုက်ပြီဖြစ်လေသည်။

ထို့နောက် ဦးဖေမောင်တင်သည် စိတ်သန့်သန့် ရန့်ကင်းကင်းဖြင့် သူ့အသက် ၈၀ ပြည့် ကန်တော့ပွဲကျင်းပသော တက္ကသိုလ်ဓမ္မာရုံသို့ သွားနိုင်ခဲ့လေသည်။

နောက်တစ်ရက် တနင်္ဂနွေနေ့၌ ဦးဖေမောင်တင်သည် သူ့အဘွားကြီး ဒေါ်ကြည်ကြည်နှင့်အတူ ဘုရားရှိခိုးကျောင်းသို့သွားကာ ပွဲတော်ယူလိုက်သည်။

ဘုန်းတော်ကြီးသည် တရားဒေသနာများ ဟောကြားပြီးနောက် လွန်ခဲ့သောနေ့က သူ့ထံသို့ ဦးဖေမောင်တင်ရောက်လာခဲ့ပုံအကြောင်းစုံကို ပရိသတ်အားပြောပြလေသည်။

ပြီးမှ ဘုန်းတော်ကြီးက ဆက်ပြောလေသည်။

"အခု ဒီအသင်းတော်မှာ အသက်အရွယ်အကြီးဆုံးဖြစ်တဲ့ ဆရာကြီးဦးဖေမောင်တင်ဟာဆိုရင် မြန်မာပြည်မှာသာမကဘူး၊ ကမ္ဘာကပါသိနေတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတစ်ယောက်ပါ။ ဒီလိုပုဂ္ဂိုလ်ကြီးမျိုးအတွက် အသင်းတော်က အမြဲတမ်းဂုဏ်ယူရပါတယ်။ ဆရာကြီးဟာဆိုရင် ကျုပ်တို့လို ဘုန်းကြီးလုပ်ပြီး တရားဟောနေစရာမလိုဘဲ တုတ်ကောက်တစ်ချောင်းနဲ့ ဆရာကြီးလမ်းလျှောက်နေတာကို လှမ်းမြင်ရုံနဲ့ လူတွေက ဦးဖေမောင်တင်ကို သိကြသလို၊ ဦးဖေမောင်တင်ဟာ ခရစ်ယာန်တစ်ယောက်ဆိုတာကိုလည်း သိကြတာမို့ ဆရာကြီးဟာ ခရစ်တော်ရဲ့နာမတော်ကို အချိန်ပြည့် ဂုဏ်ပြုထင်ရှားပြနေပါတယ်"

ဘုန်းတော်ကြီးက သူ့အကြောင်းများကို ဂုဏ်ပြုချီးကျူးနေစဉ် ဦးဖေမောင်တင်သည် မနက်စောစောအိပ်ရာမှထကာ သူဖတ်ခဲ့သော ဓမ္မသစ်ကျမ်း ရှင်လုကာခရစ်ဝင်အခန်းကြီး ၂၂၊ အခန်းငယ် ၃၁-၃၂ တို့မှ...

"တစ်ဖန် သခင်ဘုရားက ရှိမုန်ရှိမုန် ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့ စာတန်သည် သင်တို့ကို ချမည့်အကြောင်း အခွင့်တောင်းသည်ဖြစ်၍ သင်၏ ယုံကြည်သောစိတ် မပျက်စေခြင်းငှာ ငါသည် သင့်အဖို့ ဆုတောင်းလေပြီ"*

ဆိုသော ရွှေကျမ်းချက် အပိုဒ်ကလေးများကို ပြေး၍ အမှတ်ရနေမိလေသည်။

ထို့နောက် သူသည် သူ့ကို စာတန်မာရ်နတ်က ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့ ချပစ်ရန် နှစ်ပေါင်း ၈၀

* St. Luke 33: 31-32
And The Lord Said, Simon, Simon, Behold, Satan Hath Desired To Have You. That He May Sift You As Wheat: But, I Have Prayed For Thee, That Thy Faith Fail Not.

လုံးလုံး ကြိုးစားအားထုတ်နေခဲ့ခြင်းအကြောင်းကိုလည်း ယခု သတိပြုတွေးကြည့်လိုက်မိလေသည်။

သို့ရာတွင် သခင်ခရစ်တော်က

''သင်၏ ယုံကြည်ခြင်းစိတ် မပျက်စေခြင်းငှာ ငါသည် သင့်အဖို့ ဆုတောင်းလေပြီ''

ဟု ကတိထားခဲ့သည့်အတိုင်း

သခင်ခရစ်တော်၏ ဆုတောင်းပေးမှုကို တစ်ဖက်မှ ခံယူနေရသော ဦးဖေမောင်တင်သည် စာတန်မာရ်နတ်၏ ဆန်ခါပေါက်များကြား၌ လိမ့်လဲကျသွားလုဆဲ ရှိနေခဲ့ရာမှ ယခု သူ့အသက် ၈၀ ပြည့်သောနေ့တွင်ကား စာတန်မာရ်နတ်၏ ဆန်ခါတွင်းမှ ကယ်တင်အောင်မြင်ခြင်းကို ရလိုက်လေတော့သည်။

ထိုကဲ့သို့ သူ့ဝိညာဉ်ကယ်တင်ခြင်းကို ခံရပြီဖြစ်ကြောင်း သတိပြုလိုက်မိသော ဦးဖေမောင်တင်သည် သူ့ရင်ထဲ၌ မကြုံဖူးသေးသော သက်သာငြိမ်းချမ်းမှုမျိုးကို ထူးထူးခြားခြား ခံစားထိတွေ့လိုက်ရလေသည်။

ထိုကဲ့သို့သော သူ့ဘဝ၏ ထူးထူးခြားခြား ခံစားတွေ့ထိချက်များကို ဦးဖေမောင်တင်က သူ့အတ္ထုပ္ပတ္တိတွင် ဖြည့်စွက်ဖော်ပြနိုင်ရန် မလေးလုံကို ပြောပြမည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူက မလေးလုံကို တစ်ခုတော့ ပြောပြလိုက်မိသည်။

''ဘဘရဲ့ ယုံကြည်ခြင်း လျော့ရဲပေါ့ဆမှုအတွက် ဘုရားသခင်က ကြိမ်လုံးနဲ့ရိုက်သလားမသိဘူး၊ ဒေါက်တာကာပင်တာက ဘဘကို ခရစ်ယာန်လားလို့ မေးတုန်းက မဟုတ်ဘူးလို့ ဖြေခဲ့တာလည်းပါမယ်ထင်တယ်၊ ဘဘသွားတွေအကုန်လုံး နုတ်ပစ်ရပြီး အသက်ကလေးယယ် ၃၀ ကျော်မှာတည်းက အံပုံအတုတပ်ထားခဲ့ရတယ်''

ဦးဖေမောင်တင်က စကားအဖြစ်သာ ပြောလိုက်မိသော်လည်း သူ့ကို သူ့ပြစ်ချက်များအတွက် ဘုရားသခင်က ကြိမ်လုံးနှင့်ရိုက်ခြင်းမဟုတ်ကြောင်း သူယုံကြည်လေသည်။

လူသားအပေါင်း၏ အပြစ်ကြွေးများကို အသွေးအသက်နှင့်လဲကာ ပေးဆပ်ကယ်တင်ခဲ့သော သားတော်သခင်၊ ခရစ်တော်အရှင်သည် မည်သူ့အားမျှ အပြစ်ထားသော ရိုက်နှက်ဆုံးမခြင်းများ လုံးဝပြုလိမ့်မည်မဟုတ်ချေ။ ခရစ်တော်ဘုရားက လူသားများအပေါ်၌ အတုမရှိသော သနားခြင်းမေတ္တာများကိုသာ အစဉ်ထားရှိနေမည်ဖြစ်လေသည်။

ထို့ကြောင့် ဦးဖေမောင်တင်က သူ့ဘဝမှာ ရင်ဆိုင်ခံစားနေခဲ့ရသော ဆင်းရဲဒုက္ခအပေါင်းတို့သည်လည်းကောင်း၊ ဆက်လက်ခံစားနေရဆဲ ဒုက္ခဆင်းရဲခြင်းတို့သည်လည်းကောင်း အားလုံးတို့သည် ရှေးအထုံအဆက်ပြုခဲ့ချက်များကြောင့်ဖြစ်သည်ဟု မယုံကြည်သကဲ့သို့ ဘုရားသခင်ထံမှ ဒဏ်ခတ်ခံရခြင်းဟုလည်း လုံးဝမထင်ချေ။

သူ့ဘဝခရီးတစ်လျှောက်လုံးတွင်ဖြစ်စေ၊ သူ့အိမ်ထောင်မိသားစုနှင့်ပတ်သက်၍ဖြစ်စေ၊ သူထိတွေ့ခံစားခဲ့ရခံစားရဆဲ၊ ဆက်လက်၍လည်း ခံစားကောင်းခံစားရဦးမည့် ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်နစ်နာစေမှု၊ ကွဲရဲ့ရှုတ်ချခံရမှုစသည်များပါဝင်သော ဆင်းရဲဒုက္ခအပေါင်းသည် စာတန်မာရ်နတ်၏ ဂျုံဆန်ကို ဆန်ခါနှင့်ချသလို သူ့ကိုလည်း ဆန်ခါဖြင့်ချကာ စုံစမ်းနှောင့်ယှက်ခြင်းသာ ဖြစ်သည်ဟု ဦးဖေမောင်တင်ခံယူထားလိုက်လေသည်။

သူ့အဖို့ ဆင်းရဲနွမ်းပါးသည်ဆိုသော်လည်း လုံလုံခြုံခြုံနေနိုင်သော အိမ်ကလေးတစ်လုံးကို အသင့်ရထားနိုင်သည်။ နေ့စဉ်စားသောက်နိုင်ရေးအတွက် ပင်စင်လစာငွေ ၆၀၀ ကို လစဉ်မှန်မှန်ရနေသည်။

သူ့ကျန်းမာရေးချို့တဲ့လာသည်ဆိုသော်လည်း သူသည် အသက် ၈၀ ကျော် ၉၀ သို့ မျှော်နေရသည့်တိုင် လူတွဲစရာမလိုဘဲ ထူထူထောင်ထောင်မတ်မတ်ရပ်ရပ်သွားနိုင်လာနိုင်ဖြစ်လေသည်။ သူနှင့်အတူ သူ့အဘွားကြီးသည်လည်း ကျန်းမာအသက်ရှည်လျက်ရှိလေသည်။

ထို့အပြင် သူ့သားသမီးငါးယောက်စလုံးမှာလည်း အသက်ရှင်ရပ်တည်လျက်ရှိကြသည်။ သူ့သားအကြီးဖေအောင်တင်နှင့် သားအငယ်ဖေဖံတင်တို့နှစ်ယောက်သည် သူတို့အလုပ်အကိုင် သူတို့အိမ်ထောင်နှင့် ခွဲနေကြသော်လည်း မေမေတင်၊ ကြည်ကြည်တင်နှင့် တင်တင်မြိုင်တို့ သမီးသုံးယောက်ကား သူတို့အဘိုးကြီး အဘွားကြီးများနှင့်ပင် အတူနေကြသည်။

ယခုဆိုလျှင် သူ့သမီးအငယ်ဆုံး တင်တင်မြိုင်ပင်လျှင် အိမ်ထောင်ကျကာ သူတို့အိမ်ကလေးတွင် သားမက်နှင့် မြေးပေါက်စကလေးတစ်ဦးပင် စာရင်းတိုးလာခဲ့ချေပြီ။

ဘုရားသခင်သည် သူတို့အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်ကို သားသမီးများထံမှီခိုမစေသည့်အပြင်

သူတို့ကပင် သားသမီးများကို ပြန်လည်ကြည့်ရှုတာဝန်ယူနိုင်သော အခြေအနေမျိုးပင် ပေးထားလေသေးသည်။

ဘုရားသခင်က သူ့အနီးတွင် ဆက်ထားပေးသော သူ့ဇနီးအဘွားကြီးသည် အခြေအနေအရ ကောင်းစား စဉ်ကလောက် မဟုတ်တော့သော်လည်း အသုံးအစွဲကားကြီးဆဲပင်ရှိသေးသည်။

သို့ရာတွင် သူ့အဘွားကြီးသုံးစွဲနိုင်အောင် သူ့ထံမှတောင်းတိုင်းပေးနိုင်အောင်လည်း ဦးဖေမောင်တင်၏ ဘဏ်စာရင်းတွင် ငွေကြေးကလေးများ အသင့်အတင့်ရှိဆဲဖြစ်သည်။

သူ့အဘွားကြီးသည် အသုံးအစွဲကြီးဆဲဖြစ်သော်လည်း သူ့အဘိုးကြီးဦးဖေမောင်တင် နေ့စဉ်စားသောက်ရေး အတွက်ကိုမူ ကြိုးစားစီစဉ်ကျွေးမွေးလေသည်။

သည်အတွက် ဘယ်သို့ပင်ဖြစ်စေ သူ့အတွက် ထမင်းဟင်းကလေးချက်ကျွေးနိုင်အောင် သူ့အဘွားကြီး ကိုလည်း ကျန်းမာခြင်း၊ အသက်ရှည်ခြင်း ခွင့်ပြုထားသော ဘုရားသခင်ကို ဦးဖေမောင်တင် ကျေးဇူးတင်မိလေ သည်။

''ဘဘ စုဆောင်းထားသမျှ ကြီးကြီးနဲ့ လက်ထပ်လိုက်တာ အားလုံးပြောင်ရော၊ ဒါပေမယ့် အခုအချိန်မှာ ကြီးကြီးရှိလို့၊ ကြီးကြီးက ချက်ကျွေးလို့ ဘဘထမင်းစားနေရတာ သိလား''

ဦးဖေမောင်တင်က မလေးလုံကို ပြောပြနေရင်းမှ သူ့အဘွားကြီးအတွက် ကျေးဇူးတင်စရာအကွက်ကလေး ကို ရှာဖွေ၍လည်း ရယ်ရယ်မောမောထည့်ပြောလိုက်လေသည်။

သူက သူ့အတွက် စိတ်မကောင်းစရာ ဟိုအကြောင်းသည်အကြောင်းများကို သူ့ခေါင်းထဲ၌ ဘာတစ်ခုမျှ မထားချေ။

မိသားစုအများတွင် ဖြစ်ပျက်တတ်သော အိမ်တွင်းရေးပြဿနာများ ပူပူညံညံအသံများ၊ သူ့မိသားစုထံမှ ထွက်ပေါ်လာခဲ့သောအခါများ၌ ဦးဖေမောင်တင်က ပူညံပူညံအသံများကို မကြားနိုင်သောနေရာသို့ တုတ် ကောက်ဆွဲကာ လမ်းလျှောက်ထွက်သွားလိုက်လေတော့သည်။

ထိုကဲ့သို့ သူ့စိတ်ကိုသက်သာအောင်ထားတတ်၊ နေတတ်သော ဦးဖေမောင်တင်သည် သမ္မာကျမ်းစာကို ဖတ်မှတ်ဆင်ခြင်အောက်မေ့ခြင်းဖြင့် ရင်နှလုံးငြိမ်းချမ်းသာယာမှုကို ခံစားရရှိလေတော့သည်။

ထိုအခါ ဦးဖေမောင်တင်သည် သူ့အဖို့ ယခုကဲ့သို့ သက်ကြီးရွယ်အိုအဖြစ် ၈၅ နှစ်ရှိနေချိန်တွင် အချို့သော သက်ကြီးရွယ်အိုကဲ့သို့ စည်းစိမ်ချမ်းသာ၊ သားသမီးအရှိန်အဝါတို့ဖြင့် ဖိမ်ခံ၍မနေနိုင်သော်လည်း သူ့ဘဝသူ ကျေနပ်နေမိလေသည်။

သူ့တွင် စည်းစိမ်ချမ်းသာမရှိသောကြောင့် အပူအပင်သောက ကင်းရသည်။

သူ့မှာ ရာထူးဂုဏ်ရှိန်မရှိသောကြောင့် မင်းပြစ်မင်းဒဏ်နှင့် ဂုဏ်တုဂုဏ်ပြိုင် အပြိုင်ခံရခြင်းမှ လွတ်ကင်း ရသည်။

သူ့မှာ စာပေပညာမှလွဲ၍ အခြားစွန့်ကြဲပေးကမ်းစရာ ငွေကြေးဥစ္စာများမရှိသောကြောင့် စိတ်ရင်းစေတနာ မပါဘဲ အပေါ်ယံဟန်သဘောဖြင့် ဆက်သွယ်ချဉ်းကပ်လိုသူတို့မှ ကင်းရှင်းရလေသည်။

ထို့ကြောင့် ဦးဖေမောင်တင်သည် လောဘ၊ ဒေါသ၊ မောဟများကင်းသော ရောင့်ရဲတင်းတိမ်သော စိတ်ဓာတ်ဖြင့် ဘုရားကျေးဇူးကြောင့် အသင်းတော်မှပေးသော အိမ်ကလေးတွင် အဆောင်အယောင်ကင်းစွာ နေထိုင်၍ အစိုးရက ထောက်ပံ့သော ပင်စင်လစာ တစ်လ ၆၀၀ ကို လောက်အောင် မျှတအောင် စားသောက်ကာ တက္ကသိုလ်နယ်မြေတစ်ကြောရှိ ကံ့ကော်တန်း၊ ခရေတန်းတို့၌ မှန်မှန်လမ်းလျှောက်နေနိုင်သော သူ့ဘဝကို ပျော် မွေ့နေမိလေသည်။

သူသည် မလေးလုံ၏မေးခွန်းနှင့်ပတ်သက်၍ သူ့ဘာသာရေးယုံကြည်မှုခံယူချက်အကြောင်းကို ပြန်ပြောင်း အတွေးကျယ်ကာ ညနေစောင်းလမ်းလျှောက်နေရာမှ မမှောင်မီ သူ့အိမ်သို့ပြန်လှည့်ခဲ့လေသည်။

သူ့အိမ်သို့ ဦးဖေမောင်တင် ပြန်ရောက်သွားသောအခါ သူ့အဘွားကြီးက သူ့ကို ညစာကျွေးရန် ပြင်လိုက် လေသည်။ ဦးဖေမောင်တင်သည် ထမင်းစားပွဲသို့ မထိုင်သေးဘဲ အခန်းထောင့်၌ရှိသော တယ်လီဖုန်းဆီသို့သွား ကာ နံပါတ်ကိုလှည့်ခေါ်လိုက်သည်။

တစ်ဖက်မှ ထူးသံကြားလျှင် ဦးဖေမောင်တင်က လှမ်းမေးလိုက်သည်။

''မလေးလုံလား''

"ဘဘ စကားပြောနေတယ်"

"လာမယ့် တနင်္လာနေ့မှာ ဘဘဆီကို မလေးလုံလာမယ် မဟုတ်လား"

"မလေးလုံလာမယ်ဆိုရင် ဘဘစောင့်နေမယ်၊ ဦးသာဝင်းကို နောက်တစ်ရက်မှ ချိန်းလိုက်မယ်"

"အဲဒီနေ့ မလေးလုံလာတော့ ဘဘမှာထပ်ပြီး ပြောစရာတွေရှိနေတယ်၊ ပြီးတော့ ယုံကြည်ခြင်းနဲ့ဆိုင်တဲ့ ကျမ်းချက်တစ်ချက်ကိုလည်း ဒီမနက် ကျမ်းစာဖတ်ရင်း ဘဘမှတ်ထားတယ်၊ အဲဒီနေ့ကျ မလေးလုံကိုပြမယ် ဟုတ်လား"

ဦးဖေမောင်တင်သည် တယ်လီဖုန်းခွက်ကိုချထားခဲ့ပြီးနောက် ထမင်းစားပွဲသို့ သွားထိုင်လိုက်လေသည်။

# ၅၀

# ဘသက်ရှည်ဘ၀ နိဂုံးကမ္ပတ် အဆုံးသတ်

သည်ကနေ့ ၁၉၇၃-ခု၊ မတ်လ-၁၈ ရက် တနင်္ဂနွေနေ့။

ဦးဖေမောင်တင်သည် သူ့အဘွားကြီး ဒေါ်ကြည်ကြည်နှင့်အတူ ဘုရားရှိခိုးကျောင်းသို့ သွားကာ တရားနာပြီးနောက် ဘုရားဝတ်ပြုဆုတောင်းလိုက်သည်။

ထို့နောက် အဘိုးကြီး အဘွားကြီး နှစ်ယောက်သား စကားတပြောပြောဖြင့် သူတို့အိမ်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ အိမ်သို့ ပြန်ရောက်ပြီးနောက် ခဏအကြာတွင် ဦးဖေမောင်တင်ထံသို့ ဧည့်သည်ရောက်လာသည်။

ထိုဧည့်သည်ကား သည်ကနေ့ သူချိန်းဆိုထားခဲ့သော ပညာရေးသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဦးဖြစ်လေသည်။ ဦးသန်းဦးသည် လွန်ခဲ့သော ၁၁ ရက် တနင်္ဂနွေနေ့ကလည်း ဦးဖေမောင်တင်ထံသို့ ရောက်ခဲ့သေးသည်။ ထိုနေ့က ဦးသန်းဦးနှင့်အတူ ဦးဝန်နှင့်ပျဉ်းမနားမောင်နီသင်းတို့လည်း ပါလာခဲ့ကြသည်။

''ကျွန်တော်က ပြည်မြို့ဇာတိပါဆရာကြီး၊ အဲဒါ အသုံးလုံးကိစ္စနဲ့ ကျွန်တော်ပြည်ကိုရောက်သွားခဲ့တုန်းက ပြည်မြို့ရွှေဘုန်းပွင့်စာကြည့်တိုက်နဲ့ ပြတိုက်ကော်မတီကအပြန်မှာ တာဝန်တစ်ခုပေးလိုက်ပါတယ်''

ဦးသန်းဦးက သူတို့ရောက်လာခဲ့ရခြင်း၏ အကြောင်းရင်းကိစ္စကို ပြောပြခဲ့လေသည်။

''ဘယ်လိုတာဝန်လဲဆိုတော့ သူတို့ရွှေဘုန်းပွင့်စာကြည့်တိုက်နဲ့ ပြတိုက်မှာ နောင်လာနောက်သားတွေ ကြည့်ရှုလေ့လာနိုင်အောင် ပြထားဖို့အတွက် ဆရာကြီးဆီက ဆရာကြီး လက်ရေးစာတစ်စောင်နဲ့ ဆရာကြီးလက်မှတ်ကို ကျွန်တော်ကရအောင် ကြိုးစားပြီး သူတို့ဆီပြန်ပို့ပေးရပါ့မယ်''

''ဘာအကြောင်း ရေးပေးရမှာလဲကွယ့်''

ဦးဖေမောင်တင်က ရေးပေးရန်အကြောင်းအရာကို စဉ်းစားရင်း တောင်းဆိုလာသူတို့ ဆန္ဒကိုလည်း ပြန်မေးလိုက်သည်။

''မင်းတို့က ဘာကိုအထူးတလည်ရေးပေးစေချင်တာလဲ ပြောပါဦး''

''ဘာရယ်လို့ အထူးအထွေ ရွေးချယ်ထားတာမရှိပါဘူး၊ ဆရာကြီးစိတ်ကြိုက်ရေးချင်တာသာ ရေးပေးပါ

ခင်ဗျား''

''ကဲ…မောင်ဝန်ကတော့ အကြံပေးစမ်းပါဦး။ ဘာအကြောင်းရေးပေးရရင် ကောင်းမလဲလို့…''

''ဘာအကြောင်းဖြစ်ဖြစ် ဆရာကောင်းမယ်ထင်တာသာ ရေးပေးလိုက်ပါ''

အားလုံးက သူ့ဆန္ဒအတိုင်း သူ့အကြိုက်သာရေးပေးလိုက်ရန် ပြောကြသောအခါ အချိန်ယူစဉ်းစားရန် ဦးဖေမောင်တင်က ရက်ချိန်းပေးလိုက်လေသည်။

''ကောင်းပြီ၊ ဒါဖြင့်လဲ ရှေ့လာမယ့်တနင်္ဂနွေ ၁၈ ရက်တော့ လာယူပေါ့''

သည်ကနေ့ ရက်ချိန်းပေးထားခဲ့သည်ကို မမေ့သော ဦးဖေမောင်တင်က မနက်စောစောထ၍ ကျမ်းစာဖတ် ဆုတောင်းပြီးနောက် အကောင်းဆုံးဟု သူစဉ်းစားဆုံးဖြတ်ထားသော စာတစ်စောင်ကို ထိုင်ရေးခဲ့လေသည်။

သူ့လက်ရေးကိုသူ ပြန်မြင်နိုင်ရန်အတွက် ဦးဖေမောင်တင်က မျဉ်းကြောင်းမရှိသော စာရွက်ပေါ်၌ လက်ရေးကြီးကြီးဖြင့် ရေးချခဲ့လေသည်။

**ပုဂံရာဇဝင်အကြောင်း ပြောလျှင် တုတ်ထမ်းပြီးပြောရသည်ဟု ဆိုကြ၏။ အငြင်းအခုံဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် ရိုက်ကြပုတ်ကြတတ်သည်ဆိုလိုသည်။**

**ပုဂံမြို့ထက် နှစ်ပေါင်းများစွာစောသော သရေခေတ္တရာ ရာဇဝင်အကြောင်းပြောလျှင် ဘာထမ်းပြီး ပြောကြမည်နည်း။ တုတ်မထမ်းပါနှင့်၊ တူးရွင်းထမ်းကြပါဟု ပြောချင်ပါသည်။ ရာဇဝင်သမိုင်းဆိုင်ရာ ရှေးဟောင်းပစ္စည်းများကို တူးဖော်ကြပါဟု ပြောလိုပါသည်ခင်ဗျား။**

ဦးဖေမောင်တင်

၁၈-၃-၇၃

ယခု ဦးသန်းဦးက အနီစာနှင့်လက်မှတ်ကို လာယူခြင်းဖြစ်လေသည်။

ဦးဖေမောင်တင်သည် သူအသင့်ရေးထားသော စာရွက်ကိုယူကာ ဦးသန်းဦးသို့ ပေးလိုက်လေသည်။

''ဟောဒီမှာ…မင်းရောက်လာရင် အသင့်ပေးနိုင်အောင် ဒီမနက်စောစော ထရေးထားတာ''

x x x

သည်ကနေ့ ၁၉၇၃-ခု၊ မတ်လ ၁၉ ရက် တနင်္လာနေ့။

ညတုန်းက ဦးဖေမောင်တင်၏ ပါးကျင်သောရောဂါပြန်ထလာလေသည်။

မနေ့တုန်းက မိုးဖွဲဖွဲရွာခဲ့သည်။ မိုးဖွဲဖွဲမှာပင် ဦးဖေမောင်တင် လမ်းလျှောက်ထွက်ခဲ့သည်။

နွေလတွင် မသည်းသောမိုးဖွဲမိုးမှုန်ကလေးကို ဦးဖေမောင်တင်အမှုမထားခဲ့မိ။ သူ့အတွက် မိုးဖွဲဖွဲက မအေးသည့်အပြင် အိုက်စပ်ပူလောင်ကာ ချွေးများပင်ခပ်ရွှဲရွှဲထွက်ခဲ့သေးသည်။

ထိုမိုးဖွဲကို ဦးဖေမောင်တင်က အမှုမထားခဲ့ပေမယ့် သူ့တွင်အခံရှိသောရောဂါက ထကြွကာ အကြောင်းပြလိုက်လေသည်။ သူ့အဖို့ မခံမရပ်နိုင်လွန်းအောင် မဟုတ်သော်လည်း တစ်ညလုံးပါးတစ်ခြမ်း တစစ်စစ်ကိုက်ခဲနာကျင်မှုက ဦးဖေမောင်တင်အတွက် အိပ်မရအောင် ဖန်တီးနှောင့်ယှက်နေခဲ့လေသည်။

သည်မနက် ၇ နာရီလောက်၌ သူ့အဘွားကြီးအိပ်ရာမှ ထလာသောအခါ ဦးဖေမောင်တင်က အိပ်ရာထဲမှ လှမ်းပြောစေခိုင်းလိုက်လေသည်။

''ဟေ့ မလေးလုံ သူ့အိမ်ကမထွက်ခင်အမီ တယ်လီဖုန်းလှမ်းဆက်လိုက်စမ်း။ ဒီနေ့ ငါနည်းနည်းနေမကောင်းလို့ မလာနဲ့ဦးလို့''

သူ့အဘွားကြီးက ဦးဖေမောင်တင်ခိုင်းသည့်အတိုင်း လုပ်ဆောင်ပေးလေသည်။

မလေးလုံ သူ့အိမ်ကမထွက်မီ လှမ်းပြောလိုက်နိုင်၍ ဦးဖေမောင်တင် စိတ်သက်သာသွားသည်။ မဟုတ်လျှင် မလေးလုံက ကြိုးစားလာခဲ့ရပြီးနောက် သူက နေမကောင်း၍ နားမထောင်နိုင်က ပင်ပန်းရုံသက်သက်ဖြစ်ချေမည်။ ထို့နောက် ဦးဖေမောင်တင်က သူ့အဘွားကြီးကို ဆက်၍ပြောဆိုစေခိုင်းလိုက်ပြန်သည်။

''ဦးသာဝင်းဆီကို ဆက်လိုက်ဦးကွာ၊ ပြီးတော့ပြော၊ ငါပါးကျင်လို့ ဆေးရုံကြီးကို ကားနဲ့ပို့ပေးပါဦးလို့''

သူ့အဘွားကြီးက ဦးသာဝင်းထံ တယ်လီဖုန်းလှမ်းဆက်လိုက်သည်။ ထို့နောက် ဦးသာဝင်းထံမှ ပြောစကား

များကို ဦးဖေမောင်တင်သို့ တစ်ဆင့်ပြန်ပြောပြလေသည်။

''ဦးသာဝင်းကပြောတယ်၊ ဆရာကြီးက ဒီနေ့မလာခဲ့နဲ့လို့ ပြောထားလို့ သူ့ကားဒရိုင်ဘာကို အနားပေး လိုက်တယ်တဲ့၊ အဲဒါဆရာကြီးကို အိမ်က မောင်သက်နိုင်မော်တော်ကားကြုံနဲ့ ဆေးရုံကြီးကို လိုက်ခဲ့ဖို့ပြောပါတဲ့၊ ဦးသာဝင်းက သူ့ဘတ်ကားစီးသွားပြီး ဆေးရုံကြီးက စောင့်နေပါ့မယ်တဲ့''

''ဒါဖြင့်လဲရှိပါစေလို့ ပြောလိုက်ကွာ''

ဦးဖေမောင်တင်က ဦးသာဝင်းကို ပြန်အပြောခိုင်းလိုက်ပြီးနောက်၊ သူ့တပည့်ကြီး ဦးတိုးအောင်ဆီသို့ တယ်လီဖုန်းအဆက်ခိုင်းလိုက်ပြန်သည်။

ထိုအခါ ဦးတိုးအောင်ထံမှလည်း

''သူ့ခြေထောက်နာနေလို့ ကားမမောင်းနိုင်ဘူးတဲ့''

''အေး...အေး...ဒီလိုဆိုလဲနေပါစေတော့''

ဦးဖေမောင်တင်က သူ့အတွက်နှင့် သူတစ်ပါးကို အလုပ်ပိုမပေးလိုတော့သဖြင့် ဘယ်သူ့အားမျှ အပူထပ် မကပ်တော့ဘဲ သူ့အိမ်တွင်ရှိသော လိမ်းဆေးသောက်ဆေးများဖြင့်သာ တစ်နေ့လုံး အိပ်ရာထဲမှာနေလိုက်လေ သည်။ သည်အခါ သူ့ပါးတစ်ခြမ်းသည်လည်း အနည်းငယ်ခံသာသွားသကဲ့သို့ ရှိလေသည်။

x x x

သည်ကနေ့ ၁၉၇၃ ခု မတ်လ ၂၀ ရက် အင်္ဂါနေ့တွင်တော့ ဦးသာဝင်း မော်တော်ကားနှင့် လာခေါ်သောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ ဦးဖေမောင်တင်သွားဖြစ်လေသည်။

ဆေးရုံကြီးရှိ အပ်စိုက်ကုသသောဌာနသို့ ရောက်သောအခါ သူ့ရှေ့မှ အခြားလူနာများ ကုသမှုခံယူနေကြ သောကြောင့် ဦးဖေမောင်တင်သည် အခန်းအပြင်မှထိုင်၍ သူ့အလှည့်ရောက်အောင် စောင့်နေလိုက်ရသည်။

ထိုကဲ့သို့ ထိုင်စောင့်နေသော ဦးဖေမောင်တင်သည် သူ့အိမ်မှ ကော်ဖီတစ်ခွက်သာ သောက်ခဲ့သဖြင့် ဝမ်းထဲ၌အစာမရှိဘဲ လေပင့်၍လားမသိ၊ တစ်ချက်တစ်ချက် ချောင်းဆိုးလာမိသည်။ ထို့အပြင် သူ့ရင်ထဲမှာလည်း မအီမသာဖြစ်လာသည်ဟု ဦးဖေမောင်တင်ထင်မိသည်။

သို့သော်လည်း သူက ဦးသာဝင်းကိုထုတ်မပြောဘဲ သူ့ကုသမှုအလှည့်ရောက်အောင်သာ စိတ်ရှည်ရှည်ဖြင့် ဆက်စောင့်နေလိုက်သည်။

သူသည် ထိုင်စောင့်ရင်းမှ အပြီးသတ်အချောသတ် ပြန်လည်တည်းဖြတ်နေသော သူ့အင်္ဂလိပ်ဘာသာပြန် စာအုပ်များနှင့်ပတ်သက်၍ ဦးဖေမောင်တင်က စိတ်ထဲမှ စဉ်းစားနေလိုက်သည်။

ဦးဖေမောင်တင်သည် ပထမတွင် သူ့ဘာသာပြန်စာမူများကို ဗုဒ္ဓသာသနာ့ပုံနှိပ်တိုက်သို့ပို့၍ စာအုပ် ထုတ်ဝေစေမည်ဟု စိတ်ကူးခဲ့သည်။ သည်အတွက် ဦးဖေမောင်တင်က သူ့တပည့်တစ်ဦးဖြစ်သူ ဗုဒ္ဓသာသနာ့ ကောင်စီအတွင်းရေးမှူး ဦးလှမောင်ဆီသို့ပင် ဦးသာဝင်းကိုလွှတ်၍ ဆွေးနွေးခိုင်းခဲ့သေးသည်။

ဦးလှမောင်က ဦးဖေမောင်တင် ဘာသာပြန်ဆိုပြီးသောအခါ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေပေးမည်ဖြစ် ကြောင်း ဦးသာဝင်းမှတစ်ဆင့် ပြန်ကြားပြောဆိုလိုက်လေသည်။

သို့ရာတွင် ယခုနောက်ပိုင်း၌ သူ့စိတ်ပြောင်းသွားကာ ဦးသာဝင်းအားသာ တာဝန်ပေးရိုက်နှိပ်စေရန် ဦးဖေမောင်တင်က ကိုယ်တိုင်စီစဉ်ပေးနေခြင်းဖြစ်လေသည်။

''ဦးသာဝင်း အချိန်ရတဲ့အခါ စန္ဒာပုံနှိပ်တိုက်ဆိုတာကို သွားစုံစမ်းကြည့်စမ်းဗျာ၊ အဲဒီမှာ အော့ဖ်စက်နဲ့ မျက်နှာဖုံးတွေ ဘာတွေရိုက်တာ အတော်ကောင်းတယ်ကြားတယ်''

ဟုလည်း စုံစမ်းခိုင်းထားခဲ့သေးသည်။

သူသည် စဉ်းစားရင်းမှ သူအပ်ထားသော မျက်နှာဖုံးပန်းချီကိုသတိရကာ ဦးသာဝင်းကို လှည့်မေးလိုက်သည်။

''ဒါနဲ့ ဘကြည်ဆီက ပန်းချီ မပြီးသေးဘူးတဲ့လား ဦးသာဝင်းရဲ့''

''အကြမ်းတော့ ပုံလောင်းထားပြီးလို့ ပြောပါတယ်ဆရာကြီး''

ထို့နောက် အတော်ကြာကြာ ထိုင်စောင့်နေခဲ့ရပြီးမှ သူ့အလှည့်သို့ ရောက်သော ဦးဖေမောင်တင်လည်း အပ်စိုက်ကုသမှုကို ခံယူလိုက်ရလေတော့၏။

ဦးဖေမောင်တင်ကုသမှု ခံယူပြီးသွားသောအခါ ဦးသာဝင်းက ယခင်ရက်များအတိုင်း သူ့အိမ်သို့ ဆက်ခေါ်သွားလေသည်။ သူ့အိမ်သို့ ရောက်သောအခါ ပြုနေကျအတိုင်း ဦးသာဝင်းက စားကောင်းသောက်ဖွယ်များဖြင့် ဦးဖေမောင်တင်ကို နံနက်စာကျွေးလေသည်။

အချိန်မှာ အတော်ကလေးပင် နေမြင့်နေလေပြီ။ သူ့အဖို့ ခါတိုင်းထမင်းစားချိန်ကိုပင် လွန်လာခဲ့သည်။ သည်အတွက် အချိန်လွန်ကာ လေခံသွား၍လားမသိ၊ ဦးဖေမောင်တင်သည် ထမင်းမဆာဘဲ ရင်ပြည့်နေသလိုရှိသည်။

သို့ရာတွင် ဦးဖေမောင်တင်က ဝမ်းထဲ၌ အစာမရှိလျှင် အနေရပိုဆိုးလာမည်စိုးသောကြောင့် ဝင်သလောက်ကြိုးစား စားလိုက်ရသည်။

''ဆရာကြီး ထမင်းစားနည်းလှချည့်လား''

''တော်ပြီဗျာ ကျုပ် သိပ်မဆာဘူး''

သူသည် ဆေးရုံကြီးမှာကတည်းက ချောင်းအနည်းငယ်ဆိုးနေခဲ့သည်။ ယခု ထမင်းစားပြီးသောအခါ ချောင်းပိုဆိုးလာသည်။

''ဆရာကြီး ချောင်းဆိုးနေပါလား''

ဦးသာဝင်းသည် ဦးဖေမောင်တင်အား ချောင်းဆိုးသက်သာစေရန် လျက်ဆားကျွေး၍ ဆေးတိုက် စသည်ဖြင့်ပြုစုပေးလေသည်။

သို့ရာတွင် ဦးဖေမောင်တင်၏ ချောင်းဆိုးကား သက်သာမသွားချေ။ သူသည် ချောင်းဆိုးရလွန်းသဖြင့် မောဟိုက်ကာ ချွေးပြိုက်ပြိုက်ကျလာလေသည်။

ဦးသာဝင်းတို့ ဇနီးမောင်နှံက ဦးဖေမောင်တင်အား ဝိုင်းဝန်းပြုစုပေးကြလေသည်။ သူသည်အတော်ကြာကြာ ချောင်းဆိုးပြီးနောက် လည်ချောင်းထဲက ချွဲများထွက်သွားတော့မှ သက်သာသွားလေသည်။ ဦးသာဝင်းတို့မောင်နှံက ဦးဖေမောင်တင်၏ ကိုယ်မှချွေးများကို သုတ်သင်ပေးကြလေသည်။

''ဆရာကြီး အမောပြေသွားအောင် ခဏလှဲနေလိုက်ပါလား''

ဦးသာဝင်းတို့ တောင်းပန်ချက်အရ ဦးဖေမောင်တင်လည်း ခဏမျှလှဲ၍ မှိန်းနေလိုက်ရသည်။

ဦးသာဝင်းက အနှိပ်တတ်သော အဒေါ်ကြီးတစ်ယောက်ကိုခေါ်လာကာ ဦးဖေမောင်တင်ကို အမောသက်သာ၍ အညောင်းပြေစေရန် အသာအယာနှိပ်နယ်ပေးစေလေသည်။

ထိုအခါ ဦးဖေမောင်တင် မှေးခနဲတစ်ချက်အိပ်ပျော်သွားမိသည်။

သို့ရာတွင် ခဏနှင့်ပင် သူပြန်နိုးလာသည်။

''ကဲ ဒီနေ့တော့ အလုပ်မလုပ်ဘဲ ကျုပ်ကို အိမ်ပြန်ပို့ဗျာ''

ဦးဖေမောင်တင်၏ ဆန္ဒအတိုင်း ဦးသာဝင်းလည်း ချက်ချင်းပင် အိမ်သို့လိုက်ပို့ပေးလေသည်။ သူတို့နှင့်အတူ ဦးသာဝင်းက နှိပ်တတ်သော အဒေါ်ကြီးကိုလည်း ခေါ်လာခဲ့သည်။ သူ့အိမ်သို့ ပြန်ရောက်လာသောဦးဖေမောင်တင်သည် တဟွတ်ဟွတ်ချောင်းဆိုးပြန်လေတော့သည်။

ဦးဖေမောင်တင်သည် ခါတိုင်းနှင့်မတူအောင် သူ့ရင်ထဲ၌ ယခုအတော်ကြီးခံစား၊ နေမကောင်းဖြစ်မိလေသည်။ သူသည် ချောင်းဆိုးရလွန်း၍လားမသိ။ ရင်ထဲမှ ကျပ်ကာမောလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးထွက်လိုက် ခြောက်သွားလိုက်ဖြင့် ပူလိုက်ချမ်းလိုက်ဖြစ်နေသည်။

ဦးသာဝင်းသည် တစ်ခေါက်ပြန်သွားပြီးနောက် ညဘက်၌ ဦးဖေမောင်တင်ထံသို့ ရောက်လာခဲ့ပြန်သည်။ ဦးသာဝင်းသည် အတော်ညဉ့်နက်မှ ပြန်သွားလေသည်။

ထို့နောက် သူ့အိမ်သူအိမ်သားများလည်း အိပ်ရာဝင်သွားကြလေသည်။

ဦးဖေမောင်တင်မှာကား အိပ်၍ မပျော်နိုင်ဖြစ်နေမိသည်။ သူသည် အိပ်ရာထဲတွင်လှဲနေရင်း ညအမှောင်မှာ မျက်စိကြောင်နေလေသည်။ သူသည် တစ်ချက်တစ်ချက် ချောင်းထဆိုးတတ်သည်။ ထို့နောက် သူ့ရင်မှာမော၍ကျပ်လာသည်။ ထိုကဲ့သို့ မော၍ ကျပ်၍ထင်သည်။ သူ့အဖို့ အသက်ရှူ၍လည်း မကောင်းလှချေ။

ယခု ညဘက်၌ ချွေးမထွက်တော့သော သူ့ကိုယ်ခန္ဓာကြီးသည် မီးနှင့်ကင်ထားသလို တရှိန်ရှိန်ပူနေလေသည်။ ထို့အပြင် သူ့ခေါင်းထဲမှလည်း ထိုးထိုးကိုက်လာပြန်သည်။ သူ့ကို ဆရာဝန်တစ်ယောက်ယောက် လာကြည့်ကာ ကုသပေးနိုင်လျှင်ကောင်းမည်ဟု ဦးဖေမောင်တင် တောင့်တလိုက်မိသည်။ သို့သော်လည်း ယခုကဲ့သို့ အချိန်မတော် ညကြီးသန်းခေါင်၌ ဆရာဝန်သွားခေါ်ဖို့ဆိုသည်မှာ မလွယ်ကူကြောင်း သူနားလည်သည်။

သူ့အိမ်သူအိမ်သားများကို နှိုးပြီးနောက် ဆရာဝန်ထံ တယ်လီဖုန်းဆက်ကာ ထပ်ဆင့်၍ ဒုက္ခလျှောက်ပေးရမှာကိုလည်း ဦးဖေမောင်တင် မလိုလားချေ။

ထိုအခါ သူဘာမျှမတတ်နိုင်ဘဲ ဝေဒနာကိုခံစားရင်း စိတ်တွင်းမှ ဘုရင်းသခင်ထံ ဆုတောင်းကာ မိုးလင်းလာမည့်အချိန်ကိုသာ အားတင်းစောင့်စားနေလိုက်ရတော့သည်။

x x x

သည်ကနေ့ ၁၉၇၃ ခု၊ မတ်လ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင်မူ ဦးဖေမောင်တင်ထံသို့ ဦးဝန်ရောက်လာသည်။

လွန်ခဲ့သော ညနေပိုင်းမှစ၍ သည်နေ့တစ်နေ့လုံး ဘာအစာမျှ မဝင်ဘဲ ဝေဒနာဖိစီးခံနေရသော ဦးဖေမောင်တင်ကို တက္ကသိုလ်ဆေးရုံအုပ်ဆရာဝန်ကြီးကလည်း လာကြည့်ပေးသည်။

ဆရာဝန်ကြီးက စမ်းသပ်စစ်ဆေးပြီးနောက် ဦးဖေမောင်တင်ကို ဆေးရုံသို့ပို့ရန် အကြံပေးတိုက်တွန်းလေသည်။ ပထမ၌ ဦးဖေမောင်တင်က ဆေးရုံသို့ မသွားလိုချေ။

ထို့နောက်မှ သူ့အိမ်မှာ ထိထိရောက်ရောက် ကိုယ်ဖိရင်ဖိ ပြုစုကြည့်ရှုပေးနိုင်မည့်သူမရှိဘဲ ဝေဒနာကို ခံစားနေရမည့်အစား လူနာများအား ပြုစုကုသမှု၌ တတ်ကျွမ်းနားလည်သော ဆရာဝန် ဆရာမများနှင့် ဆေးဝါးများလည်းရနိုင်သော ဆေးရုံသို့သွားနေခြင်းက သူ့အတွက် ပိုမိုကောင်းမွန်နိုင်ကြောင်း ဦးဖေမောင်တင် သတိရသဘောပေါက်မိလေလည်း။

ထို့ကြောင့် သူက ဆရာဝန်၏ အကြံပေးတိုက်တွန်းချက်ကို လက်ခံကာ ဆေးရုံတက်ရန် သဘောတူလိုက်သည်။ ထို့ကြောင့် ထိုနေ့ ညနေ ၆ နာရီကျော်ကျော်ခန့်တွင် ဆေးရုံကြီး အဆောင်နံပါတ် ၂၀၊ (အခန်းနံပါတ် ၉) သို့ တက်ရောက်လိုက်ရလေတော့သည်။

သူသည် သူ့ကိုယ်ခန္ဓာကို ဆေးရုံပေါ်မှ ဆရာဝန်နှင့် ဆရာမများဆီသို့ မပို့မအပ်မီ ဘုန်းတော်ကြီး ဦးထွန်းစိန်ကိုပင့်ကာ ဘုရားသခင်ထံသို့ ပထမအပ်နှံခဲ့လေသည်။

ဦးဖေမောင်တင်ကို ဆေးရုံပို့ပြီးနောက် ပြန်သွားခဲ့သော ဦးသာဝင်းသည် ခဏအကြာတွင် ရောက်လာခဲ့ပြန်သည်။

ဦးသာဝင်းကို လှမ်းမြင်လျှင် သူစာအုပ်မျက်နှာဖုံးကို သတိရသွားသော ဦးဖေမောင်တင်က ဆီးမေးလိုက်သည်။

''ဘယ့်နယ်လဲ ပန်းချီကား ရလာပြီလားဗျ''

ဦးဖေမောင်တင်သည် သူ့ရင်ထဲမှ ခပ်ကျယ်ကျယ် ခပ်မောမောဖြစ်နေပေမယ့် လူကမူ ထုထုထောင်ထောင် စကားတွေပြောနေနိုင်လေသည်။

''ဆရာကြီး ဘယ်လိုနေလဲလို့ ဝင်ကြည့်ပြီးရင် ကျွန်တော် အခုပဲသွားယူခဲ့ပါ့မယ်''

ဦးဖေမောင်တင်၏အမေးကို ပြန်ဖြေခဲ့ပြီးနောက် ဦးသာဝင်းပြန်ထွက်သွားလေသည်။

ထိုနောက် မကြာမီမှာပင် ဦသာဝင်းပြန်ရောက်လာသည်။ သူ့လက်ထဲ၌ ပန်းချီကားချပ်ကလေးပါလာခဲ့သည်။

''ဆရာကြီး ကြည့်ချင်တယ်ဆိုလို့ ဦးဘကြည်က ပေးလိုက်ပါတယ်''

ဦးသာဝင်းကပြောရင်း ကမ်းပေးသော ပန်းချီကားချပ်ကလေးကို ခုတင်ပေါ်၌ နောက်ကျောမှ ကျောမှီဒေါက်ကိုခံကာ ခပ်မှီမှီလှဲအိပ်နေရာမှ ဦးဖေမောင်တင်က လှမ်းယူကြည့်လိုက်သည်။

သူပြောပြ စေခိုင်းထားသည့်အတိုင်း၊ သူအကြိုက်အနေအထားပုံစံတို့ကို ဦးဘကြည်က ဆွဲပေးထား၍ ဦးဖေမောင်တင် ကျေနပ်သွားလေသည်။

သူ့ဘာသာပြန်စာမူမှာ ပြီးသလောက်ရှိနေရာ၊ မျက်နှာဖုံး ပန်းချီပါပြီးစီးသောအခါ ဘလောက်လုပ်ရိုက်နှိပ်ကာ စာအုပ်ဖြစ်လာရန်သာရှိတော့သည်။

ယခု ဘာသာပြန်စာမူသည် သူ့အတွက် နောက်ဆုံး စာပေအကျိုးပြုဝန်ထမ်းခြင်းဖြစ်ကောင်းဖြစ်နိုင်သောကြောင့် စာအုပ်ဖြစ်လာနိုင်ရန် စာမူနှင့်အတူ မျက်နှာဖုံးပါ အသင့်ရှိကြောင်း တွေ့သိလိုက်ရသောအခါ ဦးဖေမောင်တင် စိတ်ချလက်ချဖြစ်သွားသည်။

ထို့နောက် ဦးသာဝင်း ပြန်သွားသည်။

ဦးဖေမောင်တင်အနားတွင် သူ့သားအကြီး ဖေအောင်တင်နှင့် သမီးအငယ်ဆုံး တင်တင်မြိုင်၊ သမက် မောင်သက်နိုင်တို့ ကျန်ရှိကြသည်။ သူတို့သည် ပါးစပ်မှ ထုတ်မပြောသော်လည်း သူ့အတွက် စိုးရိမ်ပူပန်နေကြကြောင်းကို ဦးဖေမောင်တင် သိလေသည်။ သူတို့ စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်လောက်အောင် သူ့ရောဂါအခြေအနေက ထူးခြားပြောင်းလဲလာခဲ့ကြောင်းကို သူ့ကိုယ်သူ ဦးဖေမောင်တင် သိလိုက်လေသည်။

သူ့ပါးတစ်ခြမ်း နာကျင်ကိုက်ခဲခြင်း ဝေဒနာကိုသာ ဂရုထား၍ မဲကုနေခဲ့သော ဦးဖေမောင်တင်၏ အသွေးအသားခန္ဓာထဲသို့ တခြားဝေဒနာတစ်ခုက အလစ်ဝင်တိုက်လေသည်။ ထိုဝေဒနာကား အထူးသဖြင့် ဦးဖေမောင်တင်တို့ကဲ့သို့ သက်ကြီးရွယ်အိုများအတွက် အလွန်ကြောက်ရွံ့စိုးရိမ်စရာကောင်းသော အဆုတ်အအေးမိခြင်းဖြစ်သည်။ သူ့ကို သူ့ဝေဒနာအကြောင်း ဘယ်သူကမျှ မပြောကြပေမယ့် ဆရာဝန်များပြောစကားများထဲမှ နားပါးသော ဦးဖေမောင်တင်က ကြားသိလိုက်လေသည်။

လူတစ်ယောက်အဖို့ တစ်ဖက်သို့ချည်း အားစိုက်လွန်းပါက တစ်ဖက်မှ အားနည်းပျော့ညံ့သွားတတ်ကြောင်းကို ယခုဆေးရုံကြီးပေါ်သို့ ရောက်လာခဲ့စေခြင်းက ဦးဖေမောင်တင်အား သတိတရားရလိုက်စေလေသည်။

သူ့ပါးတစ်ခြမ်း နာကျင်ကိုက်ခဲစေသော အာရုံကြောအားနည်းပျက်စီးခြင်းရောဂါဝေဒနာက ဦးဖေမောင်တင်၏ ကိုယ်တစ်ခြမ်း၊ ကိုယ်တစ်ပိုင်းအား လေဖြတ်ကောင်းဖြတ်သွားစေနိုင်သည်။

ယခု သူ့ကို ပူးဝင်လာသော အဆုတ်အအေးမိခြင်း ရောဂါဝေဒနာသည်ကား လူတစ်ကိုယ်လုံး ပျက်ပြုန်းအောင် အသက်ကိုပါ ဆုံးရှုံးစေနိုင်ကြောင်း ဦးဖေမောင်တင် ကောင်းကောင်းသိလိုက်လေသည်။

ယခုလက်ရှိ သူခံစားလိုက်ရသော အခြေအနေက သူ့အသက် ၈၅ နှစ်၏ ဘဝခရီးတစ်လျှောက်လုံးတွင် တစ်ဖက်သို့ အားစိုက်လွန်းမိခဲ့သဖြင့် တစ်ဖက်မှအားနည်းပျော့ညံ့ခဲ့ရသော အချက်အလက်များကို ဦးဖေမောင်တင်အား ခပ်ရေးရေးပြန်တွေးလိုက်မိစေလေသည်။

သူ့အဖို့ ပညာရှိ သတိဖြစ်ခဲ ဟုပင် ဆိုရမလားမသိချေ။ သို့ရာတွင် ထိုအရေးအခင်းများသည် ကုန်လွန်ခဲ့ပြီဖြစ်သည်။ သူ့အဖို့ ပြန်လည်ပြုပြင်နိုင်စွမ်း၊ ပြုပြင်နိုင်ခွင့်မရှိတော့သော ထိုအမှုကိစ္စများသည် အချိန်လွန်အချိန်နှောင်းကာ ကျန်ရစ်ခဲ့ကြလေပြီ။

ယခုလည်း တစ်ဖက်ကိုမဲကာ အားစိုက်နေခဲ့မိသဖြင့် တစ်ဖက်မှ သူ့အားတက်ရောက်ထိုးဖောက်လာသော ဝေဒနာကို ခုခံတွန်းလှန်နိုင်ရေးတွင်ကော အချိန်မီနိုင်ပါဦးမည်လောဟု ဦးဖေမောင်တင် တွေးတောလိုက်မိလေသည်။

သူ့လက်တွင် အပ်စိုက်၍ ဂလူးကိုစ်သွင်းထားရခြင်းနှင့် အသက်ရှူကောင်းစေရန် သူ့နှာခေါင်းတွင် သွင်းထားရသော အောက်စီဂျင်တတ်အားပိုက်တို့က ဦးဖေမောင်တင်ကို သူ့အခြေအနေအား နားလည်လိုက်စေလေသည်။

သူသည် ဂလူးကိုစ်သွင်းကာ အောက်စီဂျင်ပိုက်တပ်ထားနေလျက်က အသက်ရှူခက်နေသေးသည်။

အအေးမိထားသော သူ့အဆုတ်များသည် အဘယ်မျှ ရောင်ရမ်းပိတ်ဆို့နေကြပြီမသိ။ သူ့ရင်မှာ အသက်ရှူ၍ မရနိုင်အောင် ဆို့ကျပ်လို့က်မောနေလေသည်။ တစ်ချက်တစ်ချက် ချောင်းကလည်းဆိုးလိုက်သေးသည်။ အပူကလည်း တက်လေသည်။ ညဉ့်နက်လာသည်နှင့်အမျှ သူ့ရင်ထဲမှ ဝေဒနာခံစားနေရချက်များက ပိုမိုပြင်းပြလာခဲ့သည်။

သူ ၁၉၆၆ ခုနှစ်တွင် စစ်ဆေးရုံသို့ တက်ရောက်ခဲ့စဉ် သူ့ထံလာရောက်သတင်းမေးသော တပည့်တပန်းတချို့က

"အဘိုးကြီးက သေမှာ သိပ်ကြောက်တာ"

ဟု အချင်းချင်းပြောဆိုဝေဖန်ချက်ကလေးအား ဦးဖေမောင်တင် ကြားသိခဲ့ရလေသည်။

သေရမှာကို သက်ရှိသတ္တဝါတိုင်းပင် ကြောက်ကြလိမ့်မည်ဟု ဦးဖေမောင်တင် ထင်မိသည်။

သေခြင်းတရားနှင့်ပတ်သက်၍…

- Men came into the world without their consent.

- And had to leave the world against their will.

ဆိုသော အင်္ဂလိပ်ဘာသာ စကားအသုံးကလေးတစ်ခုပင် ရှိလေသည်။

အဓိပ္ပာယ်ကား…

– လူများသည် သူတို့သဘောတူညီမှုများ မပါဘဲနှင့် လူ့လောကထဲသို့ရောက်လာခဲ့ကြရသည်။

– ပြီးနောက် လူများသည် သူတို့အလိုကို ဆန့်ကျင်ကာ လူ့လောကကြီးထဲက ထွက်ခွာသွားကြရပြန်လေသည်။

သူ့သဘောတူညီမှုမပါဘဲနှင့် လူ့လောကထဲသို့ ရောက်လာခဲ့ရသော ဦးဖေမောင်တင်သည် သေရမှာကို ကြောက်ခြင်းထက် မသေလိုသေးခြင်းသာဖြစ်လေသည်။

မိမိသေလွန်ပြီးနောက် ဘယ်နေရာ ဘယ်အရပ်သို့ ရောက်မည်ဆိုသည်ကို မျှော်မှန်းလမ်းသိထားသူအဖို့ သေခြင်းတရားအား မကြောက်ချေ။ ထို့ကြောင့် ဦးဖေမောင်တင်သည်လည်း သေရမှာကိုမကြောက်ပါ။

သို့ရာတွင် မသေရသေးဘဲ အသက်ရှင်၍ နေနိုင်ဦးမည်ဆိုလျှင်မူ သူဆက်နေချင်သေးသည်။

သူ့အဖို့ အသက်ဆက်ရှင်နေနိုင်သမျှ သူတတ်စွမ်းသော စာပေပညာဖြင့် နောင်လာနောက်သား လူမျိုးဆက်များ အကျိုးကို ဆက်လက်သည်ပိုးနိုင်မည်မဟုတ်ပါလား။

သို့ပေမယ့် ယခုအခြေအနေသည် သူ့အဖို့ သူတစ်သက်လုံး လုပ်ရှားထမ်းဆောင်လာခဲ့သော ထမ်းဆောင်ဆဲဖြစ်သော စာပေတာဝန်များမှ ဘုရားသခင်က ရာသက်ပန်အနားပေးရန် ပြင်ဆင်လေပြီလားဟု ဦးဖေမောင်တင် ဆင်ခြင်လိုက်မိလေသည်။

ထိုအခါ ဦးဖေမောင်တင်သည် နှုတ်တုံ့မလှန်ဆင်ခြေမကန်ဘဲ ဘုရားသခင်၏ အလိုတော်ကို ဝန်ခံနိုင်ရန် ကြိုးစားပြင်ဆင်ထားလိုက်ရတော့သည်။

သန်းခေါင်ကျော်လာသောအခါ သူ့ရင်ထဲ၌ ပို၍ တင်းကျပ်လိုက်မောလာသည်ဟု ဦးဖေမောင်တင် ထင်လေသည်။ သူသည် ကြိုးစားအိပ်ကြည့်သည်။ မျက်စိကိုလည်း မှိတ်ထားသည်။ သို့သော်လည်း အိပ်၍ကားမပျော်ချေ။ သူရောက်နေသော ဆေးရုံကြီးတစ်ရုံလုံးသည် အထူးပင် တိတ်ဆိတ်ငြိမ်သက်နေသည်ဟု ဦးဖေမောင်တင် ထင်လေသည်။

သူသည် မျက်စိမှိတ်ကာ မှိန်းနေခဲ့ရာမှ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

ထိုအခါ အခန်းအလယ်၌ဖွင့်ထားသော ဓာတ်မီးသီးအရောင်တွင် သူ့ကိုလာကြည့်သော သူနာပြုဆရာမကလေးနှင့် သူ့သားကြီးဖေအောင်တင်၊ သူ့သမီးငယ်တင်တင်မြိုင်၊ သူ့သားမက်မောင်သက်နိုင်တို့ကို ဦးဖေမောင်တင် ဝိုးဝိုးဝါးဝါးတွေ့ရလေသည်။

"ဒယ်ဒီ အခု ခဏခံရတာပါ၊ တော်ကြာ သက်သာသွားပါလိမ့်မယ်"

ဝေဒနာခံစားနေရသော သူ့ကို သူ့သားကြီးဖေအောင်တင်က အားပေးနှစ်သိမ့်လေသည်။ သူ့ကို အားပေးနှစ်သိမ့်သော သူ့သားကြီးကို ဦးဖေမောင်တင်က ဘာမျှပြန်မပြောလိုက်ချေ။

သူသည် အောက်စီဂျင်ပိုက်လုံးကလေးမှတစ်ဆင့် အသက်ကိုရှိုက်ရှူရင်း မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။ သူပြန်မှိတ်ထားသော မျက်လုံးထဲ၌ သူ့ဖခင်ဦးဖေကို ဦးဖေမောင်တင် သွားမြင်လေသည်။ ဦးဖေမောင်တင်သည် ဝေဒနာကို အပြင်းခံစားနေရသော သူ့အဖေ၏ ရုပ်သွင်ကိုသာမက စကားသံများကိုပါ ကြားလာမိလေသည်။

"ဟေ့ မောင်တင်၊ ငါတို့ ဝေဒနာခံရတယ်ဆိုတာ ဘာဟုတ်သေးလို့လဲကွ၊ ငါတို့အတွက် သခင်ခရစ်တော် လက်ဝါးကားတိုင်မှာ သံနဲ့ အရိုက်ခံခဲ့ရတဲ့ ဝေဒနာကို စဉ်းစားကြည့်လိုက်စမ်း"

ဦးဖေမောင်တင်က သူ့အဖေ၏စကားကို နားထောင်ကာ လက်ဝါးကားတိုင်ပေါ်၌ ပင်ပန်းစွာခံစားခဲ့ရသော သခင်ခရစ်တော်၏ ဝေဒနာကို စဉ်းစားကြည့်လိုက်သည်။

ထိုအခါ သူ ယခုခံစားနေရသော ဝေဒနာသည် သခင်ခရစ်တော်ခံစားခဲ့ရသော ချွေးတစ်ပေါက်စာလောက်

မှုမရှိသေးကြောင်းကို ဦးဖေမောင်တင် သဘောပေါက်ခံယူလိုက်မိတော့သည်။

ဦးဖေမောင်တင်သည် ရင်ထဲမှ ဝေဒနာကို ခံစားနေရသော်လည်း သူ့ကိုယ်ခန္ဓာသည် လူးပုံပြောင်းဆန်၍ မနေချေ။

ထို့အတူ သူ့စိတ်နှလုံးသည်လည်း ရပ်တည်ရာမရ လှုပ်ရှားချောက်ချားခြင်းမှ ကင်းနေသည်။

ယခု သခင်ခရစ်တော်၏ ဝေဒနာနှင့် သူ့ဝေဒနာကို နှိုင်းစာကြည့်ကာ သဘောပေါက်သောအခါ၌ကား ဦးဖေမောင်တင်၏ ကိုယ်စိတ်နှစ်ပါးသည် ပို၍ပင် တည်ငြိမ်သွားမိလေသည်။

သူသည် ရုတ်တရက် အိပ်ချင်စိတ်ဖြစ်လာသည်။ သူအိပ်ပျော်သွားလျှင် ယခု ခံစားနေရသော ဝေဒနာရောဂါတို့ ကင်းဝေးသော ချမ်းသာဘုံသို့ ရောက်သွားနိုင်လိမ့်မည်ဟု သူ့စိတ်တွင် ယုံကြည်လိုက်မိသည်။

ထိုအခိုက် နာရီသံချောင်း ခေါက်သံသုံးချက်ကို ဦးဖေမောင်တင် ခပ်သဲ့သဲ့ကြားလိုက်မိသည်။

၁၉၇၃ ခု၊ မတ်လ ၂၂ ရက်၊ ကြာသပတေးနေ့သို့ ကူးလာခဲ့ပြီဖြစ်သော နံနက်အရုဏ်တက် ၃ နာရီထိုးခြင်းဖြစ်ရမည်ဟု ဦးဖေမောင်တင်တွက်လိုက်သည်။

မကြာမီ မိုးလင်းတော့မည်ဖြစ်သည်။

သူ့စိတ်ထဲတွင်မူ ယခုပင် မိုးလင်းသွားသလို ခံစားလိုက်မိသည်။

သူ့မျက်လုံးများသည် ဖွင့်မရတော့အောင် လေးကျသွားသည်။

သူ့အသက်ရှူခြင်းသည်လည်း ပြင်းရာမှ မှုဉ်းသွားလေသည်။

ထို့နောက် ဦးဖေမောင်တင်သည် သူ့ခံစားနေရသော ဝေဒနာအပေါင်းမှ ချုပ်ငြိမ်းချမ်းသာသွားလေတော့သည်။

# ၅၁

# ပေမောင်တင်နာမည် ကမ္ဘာတည်

၁၉၇၃ ခု၊ မတ်လ ၂၃ ရက်နေ့ထုတ် အင်္ဂလိပ်မြန်မာသတင်းစာအသီးသီးတွင် မြန်မာလူမျိုးထဲမှ ပထမဦးဆုံး ပါမောက္ခ၊ ပထမဦးဆုံး တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် အသက် ၈၅ နှစ်၏ ကွယ်လွန်ကြောင်း သတင်းကို သူ့ဓာတ်ပုံများနှင့်တကွ ရေးသားဖော်ပြလိုက်ကြလေသည်။

နှစ်ရက်မျှ အပြင်းဖျားပြီးနောက် ထိုမျှ မြန်မြန်ဆန်ဆန်ကွယ်လွန်သွားခဲ့သော ဦးဖေမောင်တင်၏သတင်းသည် သူ့တပည့်တပန်းနှင့် အသိမိတ်ဆွေများကို အံ့အားသင့်သွားလိုက်စေလေသည်။

ထို့နောက် ၁၉၇၃ ခု၊ မတ်လ ၂၄ ရက်၊ စနေနေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဦးသန်းဦးက ''ဆရာကြီး ဦးဖေမောင်တင်၏ နောက်ဆုံးအမှာစာ'' ဟူသော ခေါင်းစဉ်ဖြင့် ရွှေဘုန်းပွင့်စာကြည့်တိုက်အတွက် ဦးဖေမောင်တင်ထံသို့ သူတို့ရောက်ခဲ့ တွေ့ခဲ့ စကားပြောခဲ့ကြသည့်အကြောင်းများကို ပြန်ပြောင်းတင်ပြထားလေသည်။

ထိုနေ့ မတ်လ ၂၄ ရက် စနေနေ့တွင် ကွယ်လွန်သူ အငြိမ်းစားတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ရုပ်အလောင်းကို ရန်ကုန်ဆေးရုံကြီးရင်ခွဲရုံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၌ရှိသော ဟိုးလီထရစ်နီတီကက်သီးဒရယ်လ်*ဘုရားရှိခိုးကျောင်းသို့ ရွှေ့ပြောင်းယူလိုက်ကြသည်။

ထို့နောက် ထိုနေ့ နေ့လယ် ၁၂ နာရီတွင် ကွယ်လွန်သူ ဦးဖေမောင်တင်အတွက် အင်္ဂလီကန် ခရစ်ယာန်ဘာသာ ဓလေ့ထုံးစံအရ ဘုရားရှိခိုးကျောင်းထဲ၌ ဘုရားဝတ်ပြု၍ ဆုတောင်းမေတ္တာပို့ကာ ဈာပနအခမ်းအနားကို ကျင်းပလိုက်ကြသည်။

ဦးဖေမောင်တင်၏ ဈာပနအခမ်းအနား၌ သူ့တပည့်ရင်း ဦးဝန်နှင့် ခရစ်ယာန်စာပေအသင်းတွင် ဦးဖေမောင်တင်နှင့် လက်တွဲတာဝန်ယူထမ်းဆောင်ခဲ့သူ စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးကျောင်းအုပ်ဟောင်းဆရာမကြီး ဒေါ်ခင်ခင် (မယ်ခရွေး) တို့က စာတမ်းများ ဖတ်၍ ကွယ်လွန်သူ ဦးဖေမောင်တင်အား ချီးကျူးဂုဏ်ပြုကန်တော့လိုက်ကြလေသည်။ သူတို့၏ ဂုဏ်ပြုကန်တော့ခြင်း စာတမ်းများကား...

---

* Holy Trinity Cathedral

# ဦးဖေမောင်တင်အားကန်တော့ခြင်း

ယခု ကွယ်လွန်အနိစ္စရောက်သွားသော ပါမောက္ခ ဒေါက်တာဦးဖေမောင်တင်သည် ကျွန်တော်တို့၏ ဆရာကြီးဖြစ်ပါသည်။ ကျွန်တော်တို့၏ ဆရာကြီးဆိုသဖြင့် ကျွန်တော်နှင့်ကျွန်တော့်အပေါင်းအသင်း ကျောင်းနေဖက်တစ်စု၏ ဆရာကြီးမျှသာဖြစ်သည်ဟု မဆိုလိုပါ။ ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၁၂ ခု ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်း၌ ပါဠိပါမောက္ခဖြစ်သည်မှအစပြု၍ ဆရာကြီးပို့ချသင်ကြားသည်ကို ခံယူခဲ့သော အဆက်ဆက်သော တပည့်ယောက်ျား တပည့်မိန်းမအပေါင်းတို့၏ အနန္တ ကျေးဇူးရှင်ဆရာကြီးဖြစ်သည်ဟု ကျွန်တော်ဆိုလိုပါသည်။ အမှန်အားဖြင့်ကား ဆရာကြီးသည် ဤမျှသော တပည့်တို့၏ ဆရာမျှသာ မဟုတ်သေးပါ။ ကျွန်တော်တို့ မြန်မာစကားတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟုရှိပါသည်။ ဤစကားတို့ကို အပြန်အားဖြင့်ကြည့်မည်ဆိုပါလျှင် သင်တပည့်၊ မြင်တပည့်၊ ကြားတပည့်ဟူ၍ သုံးမျိုးရှိပါမည်။ အထက်က ကျွန်တော်ဆိုခဲ့သော တပည့်ယောက်ျား တပည့်မိန်းမတို့သည်ကား ဆရာကြီး၏ ခြေရင်းတွင် ဝပ်စင်းခယ၍ ပညာရင်နို့ကို သောက်စို့ကြသော သင်တပည့်တို့ဖြစ်ကြပါသည်။ ဤသင်တပည့်တို့အပြင် ဆရာကြီးရေးသားပြုစုခဲ့သော စာတမ်းစာစောင် ကျမ်းကြီး ကျမ်းငယ်တို့ကိုဖတ်ရှု၍ ပညာရင်နို့သောက်စို့ကြသောသူအပေါင်းကား မြင်တပည့်တို့ဖြစ်ကြပါသည်။ တစ်ဖန်တုံလည်း ဆရာကြီးဟောပြောဆွေးနွေးသည်ကို ကြားနာကြ၍ ပညာရင်နို့သောက်စို့ကြသောသူ အပေါင်းကား ကြားတပည့်တို့ဖြစ်ကြပါသည်။ အကယ်စင်စစ်မှာကား ဆရာကြီး၏ ပညာကို တစ်စွန်းတစ်စ တစ်နည်းနည်းဖြင့်ရယူ အကျိုးကျေးဇူးခံစားရသူအပေါင်းသည် ဆရာကြီး၏တပည့်များပင် ဖြစ်ကြသည်ဟုဆိုချင်ပါသည်။

ဤ ရပ်ဝေးနေ၊ ရပ်နီးနေ၊ လူမျိုးတူ၊ လူမျိုးမတူ၊ စကားတူ၊ စကားမတူ၊ ဘာသာတူ၊ ဘာသာမတူ၊ အမျိုးမျိုးအဖုံဖုံသော တပည့်အပေါင်းတို့၏ ဆရာကြီးဖြစ်သည်ကို ကျွန်တော်တို့၏ ဆရာကြီးဟူ၍ ကျယ်ပြန့်သော အနက်ဖြင့် ခေါ်ဆိုလိုက်ခြင်းဖြစ်ပါသည်။

အင္ဂလိသိက ခြေရင်းနေ တပည့်ရင်းများဖြစ်ကြသော ကျွန်တော်တို့သည် ဆရာကြီးကို မျက်မှောက်တွင်လည်းကောင်း၊ နောက်ကွယ်တွင်လည်းကောင်းချစ်ကြပါသည်။ ကြောက်ကြပါသည်။ ရိုသေကြပါသည်။ ဘာကြောင့်ချစ်ကြသလဲဆိုလျှင် ဆရာကြီးသည် တပည့်များကို ကြည့်ရှုစောင့်ရှောက်ရာတွင် မျက်နှာကြီးငယ်မရွေး ထိုက်တန်သလို အကြောင်းအားလျော်စွာ ပြုမူတတ်သောကြောင့်ဖြစ်ပါသည်။ တစ်ဖန် ဘာကြောင့် ကြောက်ကြပါသလဲဆိုလျှင် ဆရာကြီးသည် စကားများများပြောလေ့မရှိ။ သူ့အလုပ်နှင့်သူ တွေးကြံလုပ်ကိုင်နေ၍ သင်ကြားပို့ချညွှန်ကြားတတ်သောကြောင့် ပြောဆိုစရာရှိမှ ဣန္ဒြေကြီးကြီး စကားနည်းနည်းနှင့် သင်ကြားပို့ချညွှန်ကြားတတ်သောကြောင့် တပည့်များအနေနှင့် ဆရာကြီးကို ကြောက်ကြပါသည်။ နိုပ်စက်ကလူပြုတတ်သောကြောင့် ကြောက်ခြင်းမျိုးမဟုတ်ပါ။ တစ်ဖန်ဘာကြောင့် ရိုသေကြပါသလဲဆိုလျှင် ဆရာကြီး၏ သီလရှိခြင်း၊ သမာဓိခိုင်မြဲခြင်း၊ ပညာကျယ်ပြန့်နက်နဲခြင်းတို့ကြောင့် ကျွန်တော်တို့သည်ဆရာကြီးကို သူတော်ကောင်း သူတော်မြတ်တစ်ဦးအနေဖြင့် ရိုသေလေးစားခြင်းဖြစ်ပါသည်။

ဆရာကြီးသည် နှစ်ပေါင်း ရှစ်ဆယ်ကျော်အတွင်း တိုင်းပြည်အကျိုး လူမျိုးအကျိုးကို အနိစ္စရောက်ခါနီးအချိန်တိုင်အောင် လိုလားတောင့်တ ပြုစုဆောင်ရွက်ခဲ့ပါသည်။ အနိစ္စမရောက်ခင် ဆယ်ရက်ခန့်အခါက တိတိကျကျ ပြောရပါလျှင် မတ်လ ၁၁ ရက်၊ တနင်္ဂနွေနေ့က ကျွန်တော်ဆရာကြီးထံ ရောက်ပါသည်။ ပြည်မြို့ရွှေဘုန်းပွင့် စာကြည့်တိုက်လူကြီးများက သူတို့စာကြည့်တိုက်တွင် ဆရာကြီး၏ လက်ရေးနှင့် လက်မှတ်တို့ကို အမှတ်တရ တင်ပြထားလိုသဖြင့် ဆရာကြီးထံမှ တောင်းပေးပါဟု ပြောသောကြောင့် ကျွန်တော် ဆရာကြီးထံ သွားရောက်ခြင်းဖြစ်ပါသည်။ ထိုအခါက ဆရာကြီးသည် စာအကြောင်း ပေအကြောင်း မြန်မာ့ယဉ်ကျေးမှုအကြောင်းတို့ကို အကြာကြီးပင် အားရပါးရပြောပါသည်။ ပုဂံယဉ်ကျေးမှုကို မြေအောက်မြေပေါ် တူးဖော်တင်ပြနေသည့်နည်းတူ သရေခေတ္တရာယဉ်ကျေးမှု ပျူတို့၏ယဉ်ကျေးမှုကိုလည်း မြေအောက်မြေပေါ် တူးဖော်တင်ပြဖို့ ကောင်းနေပြီဖြစ်ကြောင်းကို ပြောဟောကာ နောက်တနင်္ဂနွေနေ့တွင် သူ့ထံမှ စာနှင့်လက်မှတ်ကို လာယူရန်မှာကြားလိုက်ပါသည်။ မတ်လ ၁၈ ရက်၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ဆရာကြီးထံသွားကြပါသည်။ ဆရာကြီးအသင့်ရေးထားပြီးဖြစ်သော စာနှင့် လက်မှတ်ကိုရကြပါသည်။ ဆရာကြီးဘာရေးပေးလိုက်ပါသလဲ။ သရေခေတ္တရာယဉ်ကျေးမှုအကြောင်းကို

 MKS PUBLISHING

ရေးပေးလိုက်သည်ဟု သိရပါသည်။ မတ်လ ၂၂ ရက်နေ့တွင် ဆရာကြီးကွယ်လွန်ပါသည်။ ထို့ကြောင့် မတ်လ ၁၈ ရက်နေ့တွင် ဆရာကြီးပေးခဲ့သောစာသည် နောက်ဆုံးစာပင်ဖြစ်ရာပါသည်။

ဆရာကြီး၏သီလ၊ သမာဓိ၊ ပညာကို ကြည်ညိုလေးစားအရေးထားကြသော ဗုဒ္ဓဘာသာဝင်သူတော်စင် ယောဂီပုဂ္ဂိုလ်တို့သည် ဆရာကြီးကို မကြာခဏဖိတ်ခေါ်၍ တရားဓမ္မ ဆွေးနွေးလေ့ရှိကြပါသည်။ ယခုအနိစ္စ ရောက်ခါနီး အချိန်တိုင်အောင်လည်း ယောဂီအချို့နှင့် သံယုတ်ပါဠိတော်ကြီးကို ဆွေးနွေးဆဲဖြစ်သည်ဟု သိရပါသည်။

ဤတွင် ဆရာကြီးသည် တစ်သက်ပတ်လုံး လေးလေးစားစား မြတ်မြတ်နိုးနိုး လေ့လာကာ နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် တွေးတော၍ ပြန်ဆိုရေးသားဟောပြောခဲ့သော ပိဋကတ်တော်ကျမ်းဂန်များမှ ကျမ်းကြီး တစ်ကျမ်းအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။

ဆရာကြီးသည် ၁၉၂၂ ခုနှစ် (အသက် ၃၄ နှစ်)အရွယ်တွင် အင်္ဂလန်ပြည်၊ အောက်စဖို့ဒ်တက္ကသိုလ် အက်ဇီတာကောလိပ်၌ ပညာဆက်လက်သင်ယူလျက်ရှိပါသည်။ ထိုအချိန်တွင် ဆရာကြီးသည် ဝိသုဒ္ဓိမဂ္ဂ ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးဆုံးသဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်ပါသည်။

ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးသည် ပိဋကတ်သုံးပုံ၏ အဆီအနှစ်ဖြစ်သဖြင့် အလွန်သိမ်မွေ့ နက်နဲခက်ခဲသော ကျမ်းကြီးဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံများတွင် မြန်မာနိုင်ငံသည်သာလျှင် ဤကျမ်းကြီးကို ပေါက်ပေါက် ရောက်ရောက် သင်ကြားပို့ချနိုင်စွမ်းရှိသည်ဟု ပညာရှိများ မိန့်ဆိုသည်ကို ကြားဖူးရပါသည်။ ဤသို့သော ကျမ်းကြီးကို အင်္ဂလန်ပြည်၊ လန်ဒန်မြို့၊ ပါဠိတော်အသင်းက ဘာသာပြန်ဆိုထုတ်ဝေရန် တစ်ဆယ့်သုံးနှစ် ပတ်လုံးအားထုတ်ကြိုးပမ်းပါသည်။ အနာဂါရိကဓမ္မပါလ သီဟိုဠ်သားပုဂ္ဂိုလ်ကြီးက ငွေကျပ် ၁၀၀၀ ပူဇော်၍ ဘာသာပြန်နိုင်စွမ်းရှိသူကို ရှာဖွေရန် တာဝန်ပေးအပ်သဖြင့် ပါဠိတော်အသင်းက မစ္စက်ရစ္စဒေးဗစ် (မြန်မာ အခေါ် လန်ဒန်ဒေဝီ)က ငွေထုပ်ပိုက်ကာ အာရှ၊ ဥရောပ၊ အမေရိက၊ ဩစတြေးလျတိုက်ကြီးများတွင် ရှာဖွေပါသည်။

ကျွန်တော်တို့ ပိဋကတ်တော်သမိုင်းတွင် မင်္ဂလာတရားတော်ကို ဗဟု၊ များစွာကုန်သော။ ဒေဝါ၊ နတ်တို့ သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာန၊ နိဗ္ဗာန်ချမ်းသာကို။ အကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တ ယုံ၊ ကြံကြကုန်၏။ စိန္တယန္တပိ၊ ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကုန် ဆိုသကဲ့သို့ပင် ဝိသုဒ္ဓိ မဂ္ဂကျမ်းကြီးကို ဘာသာပြန်နိုင်စွမ်းရှိသည့် ပညာရှိပုဂ္ဂိုလ်ကို ရှာဖွေရာ တစ်ဆယ့်သုံးနှစ်ကြာခဲ့ပါသည်။ ထိုအခါကျမှ မြန်မာနိုင်ငံမှ ဦးဖေမောင်တင်ကို တွေ့ရှိ၍ တာဝန်ပေးအပ်မေတ္တာရပ်ခံကြသဖြင့် အင်္ဂလိပ် ဘာသာသို့ပြန်ဆိုရာ ၁၉၂၂ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နိဒါန်းရေးသော ဝိသုဒ္ဓိမဂ္ဂအင်္ဂလိပ်ဘာသာပြန် ကျမ်းကြီးသည် အရှေ့လောကတတ်မှ နေမင်းကြီးထွက်ပေါ်လာသကဲ့သို့ ထွက်ပေါ်လာပါသည်။ ဤကျမ်း သည် အင်္ဂလိပ်ဘာသာဖြင့်လည်း ပထမအကြိမ်၊ ဥရောပဘာသာဖြင့်လည်း ပထမအကြိမ်ပေါ်ပေါက် လာသော ဝိသုဒ္ဓိမဂ်ကျမ်းဖြစ်သဖြင့် လန်ဒန်ဒေဝီသည် အလွန်နှစ်ထောင်းအားရဖြစ်ကာ၊ ဘာသာပြန်သူ ဦးဖေမောင်တင်အကြောင်းကို နိဂုံးစာတွင် များစွာချီးကျူးရေးသားဂုဏ်ပြုခဲ့သည်ကို တွေ့ရပါသည်။ ဤ ပင်ပန်းဖွယ်ဖြစ်သော မကြာခဏ စိတ်အားလျော့ဖွယ်ဖြစ်သော ခဲယဉ်းကုတ်ကော်သော လုပ်ငန်းကြီးကို လက်ရှိစာဖတ်ပရိသတ်နှင့် လာလတ္တံ့သော စာဖတ်ပရိသတ်တို့၏ အကျိုးငှာ မဆုတ်မနစ်သော လုံ့လ ဉဿာဟဖြင့် မရမနေ အပြီးအဆုံးတိုင်အောင် ဘာသာပြန်ဆိုပေးသော ဦးဖေမောင်တင်၏ ကျေးဇူးကို အထူးအောက်မေ့ကြောင်း လန်ဒန်ဒေဝီက စိတ်အားထက်သန်စွာ မိန့်ဆိုပါသည်။ ယခုအခါ ဤဗုဒ္ဓဘာသာ ကျမ်းကြီးကို ကမ္ဘာသို့တင်ပြနိုင်ပြီဖြစ်၍ အထူးအားရ နှစ်သက်ဖွယ်ရှိကြောင်း မိန့်ဆိုပါသည်။ မိမိ၏စကား မဟုတ်သော ပါဠိဘာသာမှ မိမိ၏စကားမဟုတ်သော အင်္ဂလိပ်ဘာသာသို့ ခက်ခဲနက်နဲသောကျမ်းကြီးကို ချောချောမောမော အောင်အောင်မြင်မြင် ပြန်ဆိုနိုင်သည်မှာ အံ့ဖွယ်ကြီးတစ်ပါး ဖြစ်ပေသည်ဟု မိန့်ဆို ပါသည်။ လန်ဒန်ဒေဝီသည် နှစ်ထောင်းအားရဝမ်းသာလှသည်ဖြစ်၍ "So the man Pe Maung Tin became also of the worthy ones" ဟူ၍ပင် ကြွေးကြော်လိုက်ပါသည်။ ဤသို့သော မိန့်ဆိုချက်ကို အချို့သော ပုဂ္ဂိုလ်များက အတိဝုတ္တဒေါသများ သင့်လေမည်လားဟု အလက်ာသံသယဖြစ်ကောင်းဖြစ်မိလိမ့်မည်။

သို့ဆိုလျှင် အလင်္ကာဆရာက အတိဝုတ္တာဒေါသသင့်သည်မဟုတ်။ အတိသယဝုတ္တိ အလင်္ကာမြောက်ခြင်း ဖြစ်သည်ဟု ဖြေဆိုလိမ့်မည်ထင်ပါသည်။ ဤဝိသုဒ္ဓိမဂ် အင်္ဂလိပ် ဘာသာပြန်ကျမ်းကြီးသည် ပထမပုံနှိပ်ပြီးနောက် ၄၉ နှစ်ကြာသော ၁၉၇၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ပီနန်မြို့၊ တရုတ်အမျိုးသား မစ္စတာယပ်အင်ဟိုး၏ ဓမ္မဒါနအဖြစ် ဒုတိယအကြိမ် ထွက်ပေါ်လာပါသည်။ ဤကဲ့သို့ အမျိုး၊ ဘာသာ၊ သာသနာ မရွေး၊ လောကကို ကျေးဇူးပြုမည်ဆိုလျှင် ဆောင်ရွက်မည်ဟူသော အဓိဋ္ဌာန်ဖြင့် လောကအကျိုး သယ်ပိုး ဆောင်ရွက်သွားသော ကျွန်တော်တို့၏ ဆရာကြီးဦးဖေမောင်တင်ကို ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါကြောင်း။

(မောင်ဝန်)

# ဆရာကြီး ဦးဖေမောင်တင် အား ဂုဏ်ပြုခြင်း

ဓမ္မရာဇဝင် တတိယစောင်/ ဘုရင်မင်း ဖြ ၁၁ မှ ၁၄။

''ရှောလမုန်မင်းသို့ ထာဝရဘုရား၏ ဗျာဒိတ်တော်ရောက်လာသည်ကား၊ ယခုတည်နေသော ဗိမာန်တော်ကိုထောက်၍ သင်သည် ငါ့ထုံးအဖွဲ့အတိုင်း ကျင့်ကြံခြင်း၊ ဆုံးဖြတ်ချက်အတိုင်းလိုက်နာခြင်း၊ မိန့်မှာချက်ဟူသမျှတိုင်း စောင့်ရှောက်ကျင့်ကြံခြင်းများကိုပြုလျှင် ငါလည်း သင့်အဘဒါဝိတ်အားပေးခဲ့သော ဗျာဒိတ်တော်ကို အတည်ပြုလျက် ဣသရေလလူမျိုးတော်ကို မစွန့်ဘဲ ထိုအမျိုးသားတို့ဘောင်တွင် စံနေမည်ဟူ၍တည်း။ ရှောလမုန်မင်းသည် ဗိမာန်တော်ကို တည်ဆောက်ပြီးစီးလေပြီ''

ဆရာကြီး ဦးဖေမောင်တင်ကို ဂုဏ်ပြုနောက်ဆုံး သကြိုဟ်ခြင်းဝတ်ပြုကြစဉ်တွင် ဤကဲ့သို့ ဂါရဝစကားများပြောကြားခွင့်ပေးသောကြောင့် ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ချီးကျူးပါတယ်၊ ဤကဲ့သို့ ခွင့်ပေးသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်ကြီး ဦးဂျွန်အောင်လှ၊ သန့်ရှင်းသောကသီဒြယ်ကျောင်းတော် သင်းအုပ်ဆရာ ဘုန်းတော်ကြီး ကင်နင်မက့်သယူး၊ သကြိုဟ်ခြင်း၊ ဝတ်ပြုမှုကို ဦးစီးခေါင်းဆောင်သော သန့်ရှင်းသော ကားတိုင်အသင်းတော် သင်းအုပ်ဘုန်းတော်ကြီး ဦးထွန်းစိန်တို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောအပ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှ လူငယ်များကို ပညာရင်နို့ချိုကို ကောင်းစွာသောက်စို့နိုင်ဖို့ တက္ကသိုလ်ကြီးကို တည်ဆောက်ခဲ့တဲ့ ဗိသုကာကြီးတစ်ဦးဖြစ်သည့် ဆရာကြီး ဦးဖေမောင်တင်၏ ဂုဏ်ပုဒ်တွေကို ထုတ်ဖော်ပြီး ချီးကျူးရလျှင် စာအစောင်စောင် ပေအဆူဆူ ပြုစုသည့်တိုင် ကုန်ခန်းနိုင်ဖွယ်မရှိပါဘူး။ ဆရာကြီး၏ အသက် ၈၀ နှစ်မြောက်မွေးနေ့ထုတ် စာအုပ်စာတမ်းတွေမှာ ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ ဖတ်ရှုကြရပါတယ်။ ဆရာကြီးဟာ စင်စစ်မှာတော့ တစ်ခေတ်တစ်ခါမှာ တစ်ဦးတစ်ယောက်သာ ပေါ်ပေါက်လာတဲ့ ပညာရေးအာဇာနည်သားကောင်းရတနာကြီးဖြစ်ပါတယ်။ တက္ကသိုလ်နယ်မြေတစ်လျှောက် လျှောက်ကြည့်လိုက်ရင် ဆရာကြီးရဲ့ လက်ရာတွေ၊ ဆရာကြီးရဲ့ စေတနာ၊ မေတ္တာ၊ အာသီသ၊ ဖွဲ့ လုံ့လတွေရဲ့ မဟာရလဒ်တွေကို အစင်းသား၊ အထင်းသား မြင်နိုင်ကြပါတယ်။ တက္ကသိုလ်ပညာရင်နို့ချိုကို သောက်သုံးပြီး ယခု လူလားမြောက်ကာ အသီးသီး၊ အသက အသက နိုင်ငံ၏ဝန်ကို အဘက်ဘက်မှနေပြီး ထူးချွန်

ပြောင်မြောက်စွာ ထမ်းဆောင်သယ်ပိုးသွားသူများ၊ သယ်ပိုးဆဲပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးပိုင်း၊ ပညာရေးပိုင်း၊ နိုင်ငံရေး၊ လူမှုရေး၊ တပ်မတော် ဆေးပညာ စသည်မှာ မြောက်မြားစွာရှိကြပါသည်။ လူမျိုးနဲ့ချီပြီးပြောရရင်လည်း တိုင်းရင်းသားတွေရော၊ တိုင်းတစ်ပါးသားတွေပါ အသိပညာရှင်အဖြစ်၊ အတတ်ပညာရှင်အဖြစ် မွေးထုတ်ပေးခဲ့သော ဆရာကြီးဖြစ်ပါတယ်။ ဆရာကြီးရဲ့ တပည့်သားမြေးများဟာ မြန်မာနိုင်ငံမှာရော၊ နိုင်ငံခြားများ၌ပါ ကမ္ဘာအရပ်ရပ်သို့ အနှံ့အပြား ရောက်နေကြပြီး ကမ္ဘာ့သူ ကမ္ဘာ့သားများအကျိုးကို ဆောင်ရွက်နေကြပါတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရော၊ အပြင်မှာရော၊ တက္ကသိုလ်ပညာရေးနှင့်ဆိုင်ရာ၊ စာပေနှင့်ဆိုင်ရာ ဆရာကြီးဦးမစီးခဲ့တဲ့၊ မပါဝင်ခဲ့တဲ့ အသင်းအပင်း အဖွဲ့အစည်းဟူ၍ မရှိသလောက်ပါပဲ။ အဲဒီတော့ ဆရာကြီး၏ ပညာအရည်အချင်းနှင့်တကွ လုပ်ငန်းကိုင်ငန်းများဟာ အလွန်ပုံ့ပုံ့နှံ့နှံ့ရှိခဲ့ပါတယ်။ ကမ္ဘာပေါ်မှာလည်း အတော်ပဲ ကျော်ကြားပါတယ်။ ဒါပေမဲ့ ဆရာကြီးရဲ့အကြောင်း သိကောင်းစရာကလေးတွေထဲမှာ ဆရာကြီးဟာ ခရစ်ယာန်ဘာသာ သာသနာကို ဘယ်လိုကြည်ညိုလေးစားတယ်၊ ပြုစုမျိုးထောင်ခဲ့တယ်၊ ဖြန့်ဖြူးခဲ့တယ်၊ ခရစ်တော်၌ သစ္စာရှိသောတပည့်တော်တစ်ဦးဖြစ်ခဲ့တယ်ဆိုတဲ့ မြင်ကွင်းဆိုမလား၊ ရှုထောင့်ခေါ်မလား၊ အဲဒီအစိတ်အပိုင်းကိုတော့ ဆရာကြီးအား ဂါရဝပြုကြတဲ့ နောက်ဆုံးအချိန်မှာ အချို့ဆီလျော်ရာကို ကောက်နုတ်ဖော်ပြခြင်းအားဖြင့် ဆရာကြီးအား ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ကန်တော့လိုပါတယ်။

ဆရာကြီးရဲ့ မိဘဆွေမျိုးရင်းချာတွေကို ဆန်းစစ်ကြည့်ရင် အားလုံးဖခင်မိခင်မှစပြီး အားလုံးလိုပဲ အင်္ဂလိကန်ခရစ်ယာန်များ မဟုတ်ကြပါဘူး။ ဦးထွန်းညိမ်းအဘိဓာန်ရယ်လို့ ခုခေတ်မှာ ထင်ရှားကျော်ကြားနေတဲ့ အဘိဓာန်စာအုပ်ကြီးကို ပြုစုခဲ့သူ စာတော်ပြန်ဝန်ထောက်ကြီး ဦးထွန်းညိမ်း (စိန့်ဂျွန်းကောလိပ်ဟု အမည်ကျော်ကြားပြီး နောင်းအခါ စိန့်ဂျွန်းဒိုင်အိုစီဇင် ယောကျာ်းကလေး) အထက်တန်းကျောင်းအုပ်ကြီးဖြစ်ခဲ့တဲ့ ဦးမောင်စံ စသည်တို့ဟာ ဆရာကြီးရဲ့ အရင်းအချာဆွေမျိုးတွေပါပဲ။ သူတို့အားလုံးဟာ ခရစ်ယာန် ခေါင်းဆောင်ကြီးတွေဖြစ်ကြသော်လည်း အင်္ဂလိကန်ခရစ်ယာန်များတော့ မဟုတ်ကြပါဘူး။ တစ်နေ့တော့ သန့်ရှင်းသောကားတိုင် ကျမ်းစာကျောင်း ကျောင်းအုပ်ကြီး ကင်နင်ဦးစံဟူးနေအိမ်မှာ ကျွန်မနဲ့တွေ့လို့ ဆရာကြီးဟာ ဘာစိတ်ကူးပေါက်မိသလဲမသိဘူး၊ သူဘယ်လို အင်္ဂလိကန်ခရစ်ယာန်ဖြစ်လာကြောင်း ရင်းနှီးစွာအမိန့်ရှိဖူးပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက တက္ကသိုလ်မှ ပရိုဖက်ဆာများ သန့်ရှင်းသောကားတိုင်တော် ဘုရားရှိခိုးကျောင်းကို တက်တတ်ပါတယ်။ အထူးသဖြင့် ဝတ်ပြုလာရောက်ကြတဲ့အထဲမှာ တက္ကသိုလ်မှပရိုဖက်ဆာပီးကော့၊ ပရိုဖက်ဆာလုစ်၊ မြန်မာနိုင်ငံအစိုးရ အုပ်ချုပ်ရေးပိုင်းကမစ္စတာဖာနီဗလ် စသည့်အတတ်ပညာရှင်တို့ ပါဝင်ကြပါတယ်။ သန့်ရှင်းသော ကားတိုင်ကျမ်းစာကျောင်းမှာလည်း ဆရာကြီးအက်ပဲတန် (Appleton) နှင့်အတူ ဆရာကြီးဆလေတာ (Slator) ဆိုတာ ရှိပါတယ်။ သူက အော့စ်ဖော့ဒွန် (Oxford Don) လို့ သိရပါတယ်။ ဒါနဲ့ ဆရာကြီး အက်ပဲတန် (Appleton) ကလည်း အခွင့်သာတုန်း (Teaching Sermons) ဆိုတဲ့ အင်္ဂလိကန်သွန်သင်ချက်များပါတဲ့ တရားဓမ္မများကိုသာ ဟောကြားပါသတဲ့။ ဆရာကြီးဦးဖေမောင်တင်ကလည်း ညီမဒေါ်တီတီ၏ခင်ပွန်း ပရိုဖက်ဆာလုစ်နှင့် ခင်မင်ရင်းနှီးတာနဲ့ အဲဒီအစုနှင့် ဘုရားကျောင်းသွားတတ်ပါတယ်။ ဆရာကြီးအက်ပဲတန်၏ တရားဟောပြောချက်များကလည်း စဉ်းစားစရာ၊ တွေးတောစရာ၊ တွေးဆစရာမို့ ဆရာကြီးဦးဖေမောင်တင်လည်း အတော်ပဲ အကြိတ်အနယ်တွေးဆဆင်ခြင်ပြီး အဆုံးကျတော့ လက်တင်မင်္ဂလာ (Confirmation) တောင်းခံပါတော့တယ်တဲ့။ အဲဒါနဲ့ သာသနာပိုင်ဆရာတော်ကြီး လက်တင်ပေးခြင်းဖြင့် အင်္ဂလိကန်ခရစ်ယာန်တစ်ဦးဖြစ်လာပါသတဲ့။ ဆရာကြီးဟာ တော်တည့်မှန်ကန်တာဆိုရင် သတ္တိဗျတ္တိရှိရှိဖြင့် လက်ခံတတ်ကြောင်း လက်တွေ့သာဓကပြလိုက်ခြင်းဖြစ်ပါတယ်လို့ ယူဆကြပါတယ်။

တစ်ခါတော့လည်း ဆရာကြီးဟာ သာယာဝတီမြို့က ခရစ်ယာန်ဘုရားရှိခိုးကျောင်းငယ်ကို စစ်ကြီးပြီးတော့ ဖျက်ပြီး ရန်ကုန်သယ်ယူလာတယ်ကြားလို့ အကျိုးအကြောင်းလာမေးပါတယ်။ ကျွန်မလည်း ဆရာကြီးဘာလို့များ ဒီဘုရားကျောင်းငယ်ကလေးဖျက်တာကို စိတ်ပါဝင်စားပါသလဲလို့ စဉ်းစားနေမိပါတယ်။ မမေးရဲလို့ ဆရာကြီးကို မမေးပါဘူး။ ကျွန်မ ဘာစဉ်းစားနေလဲဆိုတာကို ဆရာကြီးရိပ်မိပါတယ်။ ကျွန်တော်ဒီဘုရားရှိ ခိုးကျောင်းကလေးကို နမြောနေတာ အခြားအကြောင်းမဟုတ်ပါဘူး။ မကြည်ကြည်နဲ့ ကျွန်တော်

အဲဒီဘုရားရှိခိုးကျောင်းကလေးမှာ လက်ထပ်ခဲ့လို့ပါလို့ ရိုးရိုးစင်းစင်းပဲပြောပြပါတယ်။ ကျွန်မကလည်း အဲဒီဘုရားရှိခိုးကျောင်းကလေးဖျက်ခဲ့ပြီး အခြားလိုနေတဲ့ တစ်နေရာမှာ ဘုရားရှိခိုးကျောင်းတစ်ဆောင်ဖြစ်အောင် အဲဒီက ပစ္စည်းပစ္စယတွေသုံးပြီး ပြန်ဆောက်ကြောင်း ပြောပြတဲ့အခါ ဆရာကြီးက သိပ်ဝမ်းသာသွားတယ်။ အဟောင်းအဟောင်းတို့သည် ပျက်သုဉ်း၍ အသစ်သစ်တို့သည် ၎င်းတို့နေရာကို ယူရမည်ဟူသော ဥပဒေသကို ဆရာကြီး တစ်မုဟုတ်ချင်းပင် ပြောကြားပါတယ်။ ဒါတင်မျှ မကသေးဘဲ အသစ်သည် အဟောင်း၌ မြစ်ဖျားခံကြောင်းနဲ့တကွ နိယာမတရား၏ အစအဆုံးသည် အစိန္တေယျ၊ အပ္ပမေယျတည်းဟူသော ထာဝရဘုရားရှင်အုတ်မြစ်တည်ကြောင်းတွေကို ကျွန်မအား သာဓကများမြောင်စွာနှင့် ပြောပြနေပါသေးတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဆရာကြီးဟာ စစ်ကိုရှောင်ဖို့ ရန်ကုန်မြို့မှ ထွက်ခွာသွားပါတယ်။ ဒါပေမဲ့ ကြာကြာရှောင်နေလို့ မရရှာပါဘူး။ တက္ကသိုလ်ကျောင်းကြီးပြန်ဖွင့်ဖို့ ဆရာကြီးကို အပူတပြင်းရှာဖွေပြီး မရမက ပင့်ဖိတ်ကြပါတယ်။ ဆရာကြီးမှာလည်း မနေသာတော့ ရန်ကုန်မြေကို ပြန်နင်းရရှာပါတယ်။ အဲဒီအခါတုန်းက ဗုံးတွေစက်သေနတ်တွေအကြား ခရစ်ယာန်များကိုစုစည်းပြီး အမှုတော်ဆောင်နေကြတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးသုံးပါးဟာ တော်တော်ကျော်ကြားပါတယ်။ တစ်ပါးကတော့ မန္တလေး မေမြို့တစ်ဝိုက် စစ်အတွင်းအမှုတော်ဆောင်ခဲ့တဲ့ ယခုအခါ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏ သာသနာပိုင်ချုပ်ဖြစ်လာမယ့် ဦးအောင်လှ၊ နောက်တစ်ဦးက သန်လျင်၊ သုံးခွ၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ရန်ကုန်အရှေ့ပိုင်းမှာ အမှုတော်ဆောင်နေတဲ့ ဘုန်းတော်ကြီး ဦးထွန်းစိန်နဲ့ အင်းစိန်ကြို့ကုန်း၊ ကမာရွတ်၊ ရန်ကုန်အနောက်ပိုင်းမှာ အမှုဆောင်နေတဲ့ ယခုအငြိမ်းစားယူသွားတဲ့ ဘုန်းတော်ကြီးဦးဘထက်တို့ဖြစ်ကြပါတယ်။ အဲဒီစစ်အတွင်းက ဘုန်းတော်ကြီးဦးဘထက်တို့ဟာ ဘယ်လောက်ခရီးဝေးဝေး၊ ကုန်းကြောင်းတစ်လှည့် ခြေလျင်တစ်မျိုးနှင့် တပည့်တော်များရှိရာကို မညည်းမညူသွားရောက်ပြီး ဆုတောင်းပေးခြင်း၊ ပွဲတော်မင်္ဂလာပေးခြင်းများ၊ ဗတ္တိဇံမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ သင်္ဂြိုဟ်ခြင်းဝတ်များ ပြုလုပ်ဆောင်ကြဉ်းပေးပါတယ်။ အဲဒီအချိန်အကြောင်းကို ပြန်ပြောင်းပြောပြသော တပည့်တော်မတစ်ဦးက ဆရာကြီးဦးဖေမောင်တင်တို့ နေထိုင်ရာဒေသကို အဝေးကြီးလမ်းလျှောက်ပြီး ဘုန်းတော်ကြီး ဦးဘထက်က ခေါ်ဆောင်သွားပြီး ဘုရားဝတ်ပြုကြရပါသတဲ့။ ဆရာကြီးဟာ ဘာသာသာသနာကို အချိန်အခါမရွေး နေရာဒေသမရွေး၊ လေးစားပြီး အရေးထားခဲ့တယ်ဆိုတာ သေချာစွာပြသခဲ့ပါတယ်။

ဆရာကြီးဦးဘထက်က ပထမအကြိမ်ဆရာကြီးဆီရောက်တော့မှ မှတ်ဆိတ်တွေနဲ့ ဇော်ဂျီယောင်ယောင်၊ ရသေ့ယောင်ယောင် ဖြစ်နေတော့ ဆရာကြီးက သူ့ကို မယုံသင်္ကာဖြစ်နေသတဲ့။ ခရစ်ယာန်ဘုန်းတော်ကြီး စစ်မှန်ကြောင်း တစ်ခါတည်း တစ်ထိုင်တည်း စစ်မေးပါတော့သတဲ့။ သခင်ဘုရားကိုယ်တော်တိုင်သင်ပေးတဲ့ ပဌနာကြီးရသလားလို့ မေးသတဲ့။ ဆရာကြီး ဦးဘထက်က ဆိုပြရသတဲ့။ နောက်တော့ ခရစ်ယာန်ယုံကြည်ချက်လို့လည်း ခေါ်တယ်၊ တမန်တော်များ ယုံကြည်ချက်လို့လည်းခေါ်တယ်။ အဲဒါကို ဆိုနိုင်းပြန်ရောတဲ့။ ဦးဘထက်ခမျာ ဆိုရပြန်သတဲ့။ အဲဒီလိုဆိုတတ်ကြောင်းပြမှ ဆရာကြီးက သူ့ဆီမှာ ဘုရားရှိခိုးဖို့ လက်ခံသတဲ့။ ဆရာကြီးဟာ စင်စစ်တော့ Practising Christian ဆိုတာ ထင်ရှားပါတယ်။ ယခုလည်း ဆေးရုံမတက်မီ သင်းအုပ်ဆရာဘုန်းတော်ကြီးဦးထွန်းစိန်ထံမှ The Last Rites ဆိုတဲ့ နောက်ဆုံးပြုရသော မေ့မင်္ဂလာ စိတ္တရမင်တတစ်ပါးကိုလည်း အသင်းတော်ထုံးစံအရခံယူပြီးမှ ဆေးရုံကိုလာခြင်းဖြစ်ပါတယ်။

တစ်ခါမှတ်မိပါသေးတယ်။ စစ်ကြီးပြီးတဲ့အခါ အင်္ဂလိကန်ခရစ်ယာန်တို့ တည်ဆောက်ထားတဲ့ ဒိုင်အိုစီဇင်မိန်းကလေးကျောင်း အဆောက်အအုံကို နိုင်ငံအစိုးရက အပြီးအပိုင်ဝယ်ယူဖို့ စကားကမ်းလှမ်းပါတယ်။ အဲဒီအချိန်က အင်္ဂလီကန်ခရစ်ယာန်ဂိုဏ်းဂေါပကအဖွဲ့မှာ ပါဝင်တဲ့ပုဂ္ဂိုလ်တွေ ခပ်များများဟာ နိုင်ငံခြားသားအမည်တွေနဲ့ ပုဂ္ဂိုလ်တွေဖြစ်နေပါတယ်။ အဲဒီတော့ ညကြီးမင်းကြီး ဆယ်နာရီလောက်မှာ ကျွန်မရှိရာ စိန်မေရီ ဒိုင်အိုစီဇင်မိန်းကလေးကျောင်း၊ ယခုတော့ အ-ထ-က ၁ ပန်းဘဲတန်းပေါ့လေ။ သာသနာပိုင်ကြီးရဲ့ ကိုယ်စားလှယ်ဆရာကြီး (Tidey) ပေါက်လာပါတယ်။ ကျွန်မက တံခါးဖွင့်ပေးရင်း အံ့အားသင့်နေသောဆရာကြီး (Tidey) ကလည်း ပွင့်ပွင့်ပဲ ''ကျွန်ုပ်ကို ဆရာကြီး ဦးဖေမောင်တင်က ဆရာမဆီလွှတ်လိုက်တယ်''လို့ ပြောပါတယ်။ ဘာအကြောင်းများပါလိမ့်လို့ ခပ်ကြောက်ကြောက်နဲ့မေးတော့၊ ဆရာကြီး (Tidey) က ''ဒီညပဲ ကျွန်မကို ဂေါပကအဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်ရမယ်လို့ ဆရာကြီး ဦးဖေမောင်တင်

က အကြံပေးလို့ သဘောတူပါသလား''လို့ လာမေးပါသတဲ့။ ဒီလိုပဲ ဆရာကြီးဟာ အညာတရတွေကို ဖော်ထုတ်ပြီး အရည်အသွေးပြောင်အောင် ကျောက်သွေးပေးသလို သွေးပေးတာ ဒုနဲ့ဒေးပဲ။ ကျွန်မတို့လို လမ်းပေါ်ကလူတွေ အညာတရတွေ သူတို့ရဲ့ဘဝကို မြှင့်တင်ပေးခဲ့ရကြတာ ဆရာကြီးရဲ့ ကျေးဇူးတွေ ဆပ်လို့ မကုန်ပါဘူး။ ဒီအကြောင်းတွေ ၂၃ ရက်နေ့က အင်္ဂလိပ်သတင်းစာ (The Working People's Daily) မှာလည်း စေ့စေ့စုံစုံပါပြီးပါပြီ။

ဆရာကြီးဟာ အင်္ဂလိကန် ခရစ်ယာန်တစ်ဦးဖြစ်သော်လည်း အီကျူပင်နီဇင်ဆိုတဲ့ ခရစ်ယာန်သင်းတော်များ ပြန်လည်စည်းလုံးရေးကို ရှေးရှုတဲ့ပုဂ္ဂိုလ်ကြီးပါပဲ။ စစ်မဖြစ်မီကတည်းက ခရစ်ယာန်ဂိုဏ်းဂဏအားလုံးနဲ့ သက်ဆိုင်တဲ့ ခရစ်ယာန်စာပေအသင်းကြီးကို ဦးစီးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တော့ စစ်ပြီးတာနဲ့တစ်ပြိုင်နက် တစ်ချက်တည်း ခရစ်ယာန်စာပေအသင်းကို ပြန်ပြီးအသက်သွင်းကာ လှုပ်ရှားမှုအပြည့်အဝရှိအောင် ကြိုးဆောင်ခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းတော်ကြီးကို တစ်ဖက်ကပြန်ပြီး စည်းရုံးချိန်မှာ ဆရာကြီးဟာ ခရစ်ယာန် စာပေအသင်းကို ကိုယ်တိုင်ဥက္ကဋ္ဌပြုပြီး စုစည်းမြေတောင်မြှောက်ပေးခဲ့ပါတယ်။ ဆရာကြီးဟာ အသက် အရွယ်ကြီးရင့်သည့်တိုင်အောင် ခရစ်ယာန်စာပေကို အရေးတယူအတိုင်ပင်ခံအဖြစ်ဖြင့် အကျိုးအများကြီး ပြုခဲ့သည့်အနက် ဆရာကြီး၏ လက်သုံးစကားနှစ်ခွန်းဟာ ကျွန်မတို့ တိုင်းရင်းခရစ်ယာန်များကို အစဉ် သတိပေးနေပါတယ်။ ဘာလဲဆိုတော့ ပထမက (Missionery Burmese) နိုင်ငံခြားသာသနာပြုများ၏ မြန်မာဝေါဟာရကိုပြင်ပါတဲ့၊ ဒုတိယကတော့ (Pulpit Burmese) တရားဟော ပလ္လင်က သင်းအုပ်ဆရာတွေ၊ တရားဟောဆရာတွေ တရားဟောချက်မှာသုံးသော မြန်မာဝေါဟာရတွေကိုလည်း ပြင်ပါတဲ့။ ဆရာကြီးဆိုလိုတာက မြန်မာစကားကို မြန်မာအချင်းချင်း နားလည်နိုင်အောင် မြန်မာခရစ်ယာန်ရော ခရစ်ယာန် မဟုတ်သူ တိုင်းရင်းသားများလည်း နားလည်နိုင်အောင်ပြောပါ၊ ရေးသားပါလို့ ဆိုလိုတာပါပဲ။

ဆရာကြီးဟာ ခရစ်ယာန်မည်ကာမျှမဟုတ်ကြောင်းကို ဖော်ပြပါရစေရင်။ ခရစ်ယာန်ဂိုဏ်းဂဏအချင်းချင်းကို စာပေဖြင့် ဆရာကြီးက ပေါင်းကူးဖန်တီးပေးခဲ့သလို ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့ကိုလည်း ဆရာကြီးဦးစီးခဲ့ပါတယ်။ ဆရာကြီးဟာ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်ကျောင်းသား ဖြစ်စဉ်ကပင်လျှင် ပါဠိအသင်းကြီးက ပန်ကြားလို့ အဋ္ဌသာလိနီကျမ်းနှင့် ဝိသုဒ္ဓိမဂ္ဂကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးထားခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီးဟာ ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာဝင်တို့ တစ်ဦးကိုတစ်ဦး သိရှိနားလည်စေရန်၊ ခင်မင်ရင်းနှီးမှုရစေရန် ရည်သန်သော ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့ကို ဦးစီးခေါင်းဆောင်ပေးသည်မှာ အထူးလျော်ကန်သင့်မြတ်ကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်တို့၏မျက်စိကို အများကြီးဖွင့်ပေးခဲ့ကြောင်း ကျေးဇူးတင်စွာ ဖော်ပြအပ်ပါတယ်။

ဆရာကြီးရဲ့ ပညာအရည်အချင်း လုပ်ငန်းကိုင်ငန်းအကြောင်းဟာ ကမ္ဘာအရပ်ရပ်ကို ကျော်ကြားနေတာမို့ ဆရာကြီးကို အမေရိကန်နိုင်ငံ ရှီကာဂိုမြို့ ခရစ်ယာန်ဓမ္မပညာတက္ကသိုလ်က ပါမောက္ခဖလှယ်ရာမှာ ကြွရောက်ပါမည့်အကြောင်း ပင့်ဖိတ်ခြင်းခံရပါတယ်။ ဆရာကြီးကလည်း အနားယူနေတဲ့ အချိန်အတောအတွင်း သွားနိုင်လာနိုင်သေးတဲ့အရွယ်မို့ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံကာ သွားရောက်ပြီး ပညာများ ပို့ချပေးပါတယ်။ ကူညီပေးခဲ့သေးပါတယ်။ ဇနီးဒေါ်ကြည်ကြည်နှင့် မိသားစုတို့လည်း လိုက်ပါသွားကြပါတယ်။ ရှီကာဂိုမြို့ရောက်လာသမျှ မြန်မာတပည့်များကိုလည်း ပညာရေးနှင့်စပ်ပြီး ညွှန်ကြားစရာ ညွှန်ကြားကာ ကူညီလိုက်ပြီး၊ လိုနေသူကို လိုနေရာမှာ လိုတဲ့အရာဖြည့်စွမ်းပေးပြီး နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းဖြင့် ကောင်းစွာလက်ခံပြုစုပေးလိုက်တာကိုလည်း သတိရပါသေးတယ်။

ဆရာကြီးဟာ အသက်အရွယ်ကြီးလာ၍ အလုပ်မှအနားယူတဲ့အခါ သန့်ရှင်းသောကားတိုင်တော် ဘုရားရှိခိုးကျောင်းဝင်းတွင် လာရောက်နေထိုင်ပါတယ်။ သန့်ရှင်းသော ကားတိုင်အသင်းတော်ရော၊ ကျမ်းစာကျောင်းပါ အတော် အကျိုးကျေးဇူးပွားများပါတယ်။ သင်းအုပ်ဘုန်းတော်ကြီးနှင့်တကွ တပည့်တော်တို့ပါ ဆရာကြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ လာရောက်ခြင်း၊ ပွဲတော်မင်္ဂလာခံယူခြင်း၊ တပည့်တော်များအိမ်တွေမှာ ဆုတောင်းစည်းဝေး၊ ကျေးဇူးတော်ချီးမွမ်းစည်းဝေးတွေကို ရံဖန်ဆရာကြီးနှင့် ဆရာကတော်၊ တက်ရောက်ကြတဲ့အခါ ဒီနမူနာကို အထူးပဲ တန်ဖိုးထားကြပါတယ်။ သန့်ရှင်းသော ကားတိုင် ကျမ်းစာကျောင်းသားများကိုလည်း ဆရာကြီးရဲ့ ကျန်းမာရေးပြည့်စုံစဉ်က ဗုဒ္ဓဘာသာသင်ခန်းစာများ အချိန်မှန်ပို့ချသင်ကြားပေးခြင်းကို အထူးကျေးဇူးဥပကာရတင်ရှိကြပါတယ်။ သမ္မာကျမ်းစာတော် ဓမ္မဟောင်းကျမ်း၊


MKS PUBLISHING

ဓမ္မရာဇဝင်တတိယစောင် သို့မဟုတ် ၁-ဘုရင်မင်း။ အခန်းကြီး ၆၊ ငယ် ၁၁ မှ ၁၄ မှာ ပါသည့်အတိုင်း ရှောလမုန်မင်း သို့မဟုတ် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို အတည်ပြုလျက် ဣသရေလလူမျိုးတော်ကို မစွန့်ဘဲ၊ ထိုအမျိုးသားတို့ တောင်တွင်စံနေမည်။ ရှောလမုန်မင်းသည် ဗိမာန်တော်ကို တည်ဆောက်၍ ပြီးစီးလေပြီ။ အလွန်တရာပညာရှိလှသော ရှောလမုန်မင်းကြီးကဲ့သို့ ဆရာကြီးသည် ပညာလောကကို ကျွန်မတို့နိုင်ငံ၌ တည်ဆောက်ပေးခဲ့ရာ ဆရာကြီး၏ လုပ်ငန်းကား ယခု ဆုံးခန်းတိုင်ပါပြီ။ နိုင်ငံ၏ဝန်၊ လူမျိုး၏ဝန်၊ သာသနာဘာသာ၏ဝန်ကို တင်းပြည့်ကျပ်ပြည့် ထမ်းသွားသော အာဇာနည်ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဆရာကြီးကို အထူးကြည်ညိုလေးစားကြသော ညီအစ်ကိုမောင်နှမတို့။ ဤကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်ကို ကျွန်မတို့ခေတ်တွင် ပေါ်ထွန်းစေတော်မူသော ထာဝရဘုရားသခင်ကို ကျေးဇူးအထူးတင်ကြပါစို့။ ဆရာကြီး၏ ဝိညာဉ်သည်လည်း ထာဝရအလင်းရောင်ခြည်ပက်ဖျန်းခြင်းခံရပါစေသော။ ကျန်ရှိသော မိသားစု ဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်း ငြိမ်သက်ခြင်းဆု ကျေးဇူးသွန်းလောင်းတော်မူပါစေသော။ အာမင်။

ဒေါ်ခင်ခင် (ပြည်)

x x x

ဘုရားရှိခိုးကျောင်းမှ ဈာပနအခမ်းအနား ပြီးစီးသောအခါ သူ့မိသားစုများနှင့်အတူ ပရိသတ်အပေါင်းက ကွယ်လွန်သူ ဦးဖေမောင်တင်၏ ကြွင်းကျန်သော ရုပ်အလောင်းကို ကန်တိုမင်ခရစ်ယာန်သင်္ချိုင်းသို့ လိုက်လံပို့ဆောင်ကာ ဂူသွင်းသင်္ဂြိုဟ်လိုက်ကြလေသည်။

ဦးဖေမောင်တင်၏ ရုပ်ဥက္ကာဏ်ကား လူ့လောကကြီးထဲမှ ပျောက်ကွယ်သွားချေပြီ။

သို့ရာတွင် မြန်မာပြည် မြန်မာလူမျိုးတို့အတွက် သူကျွမ်းကျင်ရာ စာပေပညာကဏ္ဍမှ သူ့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ သွန်ချအကျိုးပြုကာ တာဝန်ကျေသွားခဲ့သော မြန်မာ့သားကောင်းသားထူးတစ်ဦးဖြစ်သော ''ဦးဖေမောင်တင်''ဆိုသော နာမည်တစ်လုံးသည်ကား ကမ္ဘာတည်သရွေ့ မြန်မာ့ဂုဏ်ရောင်ကို ထွန်းပြောင်တည်ရှိနေမည်သာဖြစ်လေသတည်း။

မလေးသုံ

၉-၁၂-၇၅

# ဖေမောင်တင်(သို့မဟုတ်)ဘာသက်ရှည်
နှင့်
# ကြွန်မ

ကြွန်မသည် ဦးဖေမောင်တင်ဆိုသော နာမည်ကို ကျောင်းနေစ ပထမတန်း၊ ဒုတိယတန်းများသို့အရောက်၌ "ဦးဖေမောင်တင် မြန်မာဖတ်စာ"များနှင့် တွေ့ထိပတ်သက်ကာ အဦးအစ သတိထားမိ သိရှိခဲ့သည်ဟု ဆိုရပါမည်။

နောက်ပိုင်း၌လည်း အတန်းအလိုက် ဦးဖေမောင်တင်၏ ဖတ်စာအုပ်ကလေးများနှင့် ကြွန်မထိတွေ့လာခဲ့ရပါသေးသည်။

သို့ရာတွင် သူ့စာအုပ်ကလေးများနှင့် အဆက်ပြတ်သွားသောအခါ၌ကား ဦးဖေမောင်တင်သည်လည်း ကြွန်မ အသိစိတ်မှ မေ့ပျောက်ခဲ့ရပါတော့သည်။

မြန်မာပြည်ရှိ စာသင်သားများအတွက် မြန်မာစာအုပ်များရေးထုတ်ခဲ့သော ဦးဖေမောင်တင်အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် လူ့လောကကြီးတွင် အသက်ထင်ရှားရှိလေသလား၊ မရှိတော့ဘူးလားဆိုသည်ကိုပင် ကြွန်မ မသိ။ စိတ်လည်းမဝင်စားခဲ့ချေ။

အသက် ၁၃ နှစ်အရွယ်လောက်မှစ၍ ကျန်းမာရေးအတွက် နှစ်ချီလျက် တိုက်ပွဲဝင်စစ်ခင်းကာ အသက်လုနေရသော ကြွန်မသည် ဦးဖေမောင်တင်ကိုသာမက၊ တခြားဘာကိုမျှစိတ်မဝင်စားနိုင်၊ စိတ်မဝင်စားအောင် အပြင်လောကကြီးတစ်ခုလုံးနှင့်ပင် အဆက်ပြတ်ခဲ့ရလေသည်။

ထို့နောက် ကျန်းမာရေးတိုက်ပွဲတွင် ကြွန်မဘက်မှ အပြတ်အသတ်လုံးဝ အနိုင်မရခဲ့သော်လည်း ဆေးအစွမ်း၊ မိသားစု၏ပြုစုအား၊ ဘုရားတန်ခိုးတော်တို့ကြောင့် လက်မြှောက်အရှုံးပေးရတော့မည့် အခြေအနေမျိုးကမှ လွန်မြောက်ခဲ့ရပါသည်။

သို့ရာတွင် ကြွန်မအဖို့ စာသင်ကျောင်းကိုကား အပြီးအပိုင်ကျောခိုင်းလိုက်ရပါတော့သည်။

သို့ပေမယ့် ကြွန်မသည် ဘဝကိုစိတ်ပျက်ညည်းညူခြင်းပြုမနေဘဲ၊ ကြွန်မအတွက် သီးသန့်ကမ္ဘာကလေးကို ဖန်တီးတည်ဆောက်ကာ ကလောင်တစ်ချောင်းအားကိုးဖြင့် စာပေနယ်ထဲသို့ တိုးဝင်ပျော်မွေ့နေလိုက်ပါသည်။

ထိုအချိန်လောက်တွင်မှ ကျောင်းစာများနှင့်အတူ၊ ကြွန်မအသိစိတ်မှ မေ့ပျောက်အဆက်ပြတ်သွားခဲ့သော ဦးဖေမောင်တင်၏ သတင်းတစ်ခုကို အဦးဆုံးပြန်လည်ထိတွေ့ကြားသိလိုက်ရလေသည်။

"ဦးဖေမောင်တင်ဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်တဲ့"

ဦးဖေမောင်တင်ကို ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဟု ကြားသိလိုက်ရခြင်းသည် ကျောင်းသုံးစာအုပ်များ ရေးသားသူ ဦးဖေမောင်တင်အနေထက်၊ ကြွန်မစိတ်အသိကို အနည်းငယ်ထူးခြား သတိထားလိုက်မိစေခဲ့လေသည်။

ထို့ထက်ပို၍ကား ဦးဖေမောင်တင်ကို ကြွန်မ မသိ။ စိတ်ဝင်စားရကောင်းမှန်းလည်း ကြွန်မ မသိသေးချေ။

သို့ရာတွင် နောက်နှစ်ပါင်း ၁၀ နှစ်ခန့်ကြာလာခဲ့သော အချိန်တွင်ကား ကြွန်မစိတ်မှာ ထူးထူးခြားခြား မှတ်မှတ်သားသားမရှိခဲ့သော ဦးဖေမောင်တင်ကို ကြွန်မ စိတ်မဝင်စားဘဲမနေနိုင်အောင် ထင်ထင်ရှားရှား တွေ့သိလိုက်ရပါတော့သည်။

ကြွန်မကို ဦးဖေမောင်တင်နှင့် တွေ့ပေးခဲ့သူကား စာရေးဆရာမင်းယုဝေဖြစ်လေသည်။ တွေ့ဆုံပေးခဲ့သော နေရာဌာနကား ၁၉၆၈ ခုနှစ်၊ ဖွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖြစ်လေသည်။

ဆရာမင်းယုဝေက ဦးဖေမောင်တင်၏ အသက် ၈၀ ပြည့်ကန်တော့ပွဲအခမ်းအနားအကြောင်းကို ဆောင်းပါး ရေးထားလေသည်။ ထိုအသက် ၈၀ ပြည့်မွေးနေ့က ရိုက်ကူးထားသော ဦးဖေမောင်တင်၏ဓာတ်ပုံကိုလည်း ဆောင်းပါးနှင့်ပူးတွဲဖော်ပြထားလေသည်။

ကျွန်မသည် ဆရာမင်းယုဝေ၏ ဆောင်းပါးကို ဖတ်ပြီးနောက် ဆောင်းပါးထဲမှ ဦးဖေမောင်တင်၏ မာန်မာန ကင်းသော ကြည်လင်အေးချမ်းသော မျက်နှာသွင်ပြင်ကိုကြည့်ကာ အနီ အသက် ၈၀ ကျော် အဘိုးကြီး ဦးဖေ မောင်တင်နှင့်ပတ်သက်သောအကြောင်းများအား ယခုအကျဉ်းချုံးထားချက် ဆောင်းပါးထက်ပို၍ စုံစုံစေ့စေ့ သိရှိလို သောဆန္ဒတစ်ခုဖြစ်ပေါ်မိလေသည်။

ထိုကဲ့သို့ ဆန္ဒဖြစ်ပေါ်မိအောင်၊ ကျွန်မစိတ်ကို ထူးထူးခြားခြားဝင်စားဆွဲဆောင်ထားသော အကြောင်း အချက်များကား ခရစ်ယာန်ဘာသာဝင်ဖြစ်သော ဦးဖေမောင်တင်၏ အဘိုးတော်သူသည် မြန်မာဘုရင်များ၏ လက်ထက်က ဆိုပါလျှင် ဘုရင်မင်းမြတ်များကပင် အလေးအမြတ်ကိုးကွယ်ကြရသော ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အခေါင် တောင်ခွင်သာသနာတော်ပိုင် ဆရာတော်ကြီးဖြစ်သည်ဆိုခြင်းနှင့် ခရစ်ယာန်ဖြစ်သော ဦးဖေ မောင်တင်က အင်္ဂလိပ်စာကို တစ်ဖက်ကမ်းခတ်တတ်ကျွမ်းသော ဗုဒ္ဓဘာသာဝင်များပင် မပြုစွမ်းနိုင်သော ဗုဒ္ဓဘာ သာ၏ အသီအနှစ်တရားစစ်ဖြစ်သော ဝိသုဒ္ဓိမဂ္ဂပါဠိကျမ်းကြီးကို နိုင်နင်းအောင်မြင်စွာ အင်္ဂလိပ်ဘာသာသို့ပြန်ဆို ခဲ့ခြင်းအချက်များပင် ဖြစ်လေသည်။

ထိုကဲ့သို့ ထူးခြားဆန်းပြားသော ဦးဖေမောင်တင်ကို စိတ်ဝင်စားသွားမိသော ကျွန်မသည် ကျွန်မတစ်ခါမျှ စိတ်ကူးထဲပင် မထည့်မိခဲ့သော အလုပ်တစ်ခုကို ပြုလုပ်ရန် တစ်မုဟုတ်ချင်း ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ကျွန်မ၏ ဆုံးဖြတ်ချက်ကား ထူးခြားသော အဘိုးကြီး ဦးဖေမောင်တင်၏ ဘဝဇာတ်လမ်းကို မှတ်တမ်းပြုကာ စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် အတ္ထုပ္ပတ္တိတစ်အုပ်ရေးထုတ်ရန်ဖြစ်လေသည်။

သို့ရာတွင် ကျွန်မက ရှေးအဆက်ဆက်က အတ္ထုပ္ပတ္တိရေးရိုးရေးစဉ်ပုံစံမျိုးဖြင့်ကားမရေးလိုချေ။

ကျွန်မက ဆရာဦးတင်ဌေ (ရှမ်းပြည်၊ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှူး) ပို့ပေး ချက်အရ မကြာမီက ဖတ်ထားသော ကမ္ဘာကျော်ပန်းပုပညာရှင်ကြီး မိုင်ခယ်လ်အိန်ဂျလို၏ အတ္ထုပ္ပတ္တိကို ကမ္ဘာ ကျော်စာရေးဆရာကြီး အာဗင်စတုန်းက "သည် အဂွနီ အင်န်သည် အက်စ္စတဲစီ" (The Agony And The Ecstasy By Irving Stone) ဟု ဝတ္ထုပုံသဏ္ဌာန်ဖြင့် တင်ပြရေးဖွဲ့ထားသကဲ့သို့ ကျွန်မကလည်း စိတ်ဝင်စားစရာ ထူးခြားချက်များဖြင့် အခြေခံထားသော ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိကို ဝတ္ထုပုံသဏ္ဌာန်မျိုးဖြင့်သာ ရေးလိုလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်အပေါ်၌ ဖြစ်ပေါ်မိသော ကြည်ညိုလေးစားစိတ်ဖြင့် သူ့အတ္ထုပ္ပတ္တိကို ဘယ် ပုံသဏ္ဌာန်ပုံစံမျိုးနှင့် ရေးမည်အထိ တစ်ယောက်တည်း စိတ်ကူးဆုံးဖြတ်လိုက်သော ကျွန်မသည် ဦးဖေမောင်တင်၏ အကြောင်းများကိုကား ဆရာမင်းယုဝေ၏ ဆောင်းပါးထဲမှ အကြောင်းအချက် အကျဉ်းကလေးများကလွဲ၍ ဘာ တစ်ခုမျှပိုမသိချေ။

ဓာတ်ပုံထက်ပိုကာ အပြင်ဘက်မှ ဦးဖေမောင်တင်ကိုလည်း ကျွန်မ လုံးဝမမြင်ဖူးသေးချေ။ ဦးဖေမောင်တင် ကို ဘယ်မှာရှာ၍ ဘယ်သို့ဆက်သွယ်ရမှန်းလည်းမသိချေ။

သို့ရာတွင် ကျွန်မက စိတ်မပျက်။ ဆုံးဖြတ်ထားချက်ကိုလည်း လက်လျှော့ပစ်ရန် စိတ်မကူး။ ကျွန်မက ကျွန်မ စိတ်ဖွဲ့သတ္တိနှင့် ဉာဏ်ကလေးအတိုင်း။ လုပ်ချင်သောအလုပ်တစ်ခုကို တစ်နည်းနည်းဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖြစ်အောင်ပြုလုပ်နိုင်ရမည်ဟု စွဲမြဲယုံကြည်ထားလိုက်သည်။

ကျွန်မ စွဲမြဲယုံကြည်ထားခဲ့သည့်အတိုင်းပင် မကြာမီ၌ ဖြစ်လာခဲ့လေသည်။

ကျွန်မတို့ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဖွဲ့စည်းထားသော မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်းက အလုံရပ် အင်္ဂလီ ကန် သာသနာကျောင်းဝင်းအတွင်း၌ ကျင်းပပြုလုပ်မည့်စာပေသင်တန်းသို့တင်းပတ်သို့ တက်ရောက်ရန် ကျွန်မထံ ဖိတ်စာပို့လာခဲ့ပါသည်။

ထိုသင်တန်းသို့ ဦးဖေမောင်တင် လာရောက် ဟောပြောပို့ချမည်ဖြစ်ကြောင်းလည်း သိခဲ့ရပါသည်။

ထိုအခါ ကျွန်မအဖို့ မရှာတတ်၊ မဆက်သွယ်တတ်ရှိခဲ့သော ဦးဖေမောင်တင်ကို တွေ့ဆုံနိုင်မည့်အခွင့်အရေး အတွက် သင်တန်းသို့အရောက်သွားရန် ကျွန်မဆုံးဖြတ်လိုက်ပါသည်။

သို့ရာတွင် သင်တန်းစချိန်၌ ကျွန်မအနည်းငယ်နေမကောင်းဖြစ်သွားသည်။ အနည်းငယ်နေမကောင်းသည်က ကျွန်မအဖို့ အကြောင်းမဟုတ်။ မေမေတို့ကို အသိမပေးဘဲ ဆေးသောက်သွားလျှင်ဖြစ်နိုင်သည်။

ကျွန်မအတွက် အခက်တွေ့ရသည်က ကိုကိုလေး မအားမလပ်၍ လိုက်ပို့လိုက်ကြိုမပြုနိုင်ခြင်းဖြစ်လေသည်။

သို့ပေမယ့် လွယ်လွယ်နှင့် လက်မလျှော့တတ်သော ကျွန်မက အသင်းအတွင်းရေးမှူး ဦးဖေသွင် (အငြိမ်းစား ဗိုလ်မှူး (ရေ) သံလျင်ဖေသွင်)ထံသို့ တယ်လီဖုန်းဆက်ကာ ကျွန်မ၏ အခက်အခဲကို ပြောပြလိုက်သည်။

ဦးဖေသွင်က ချက်ချင်းပင်မော်တော်ကားစီစဉ်၍ အခေါ်လွှတ်လိုက်လေသည်။

ကျွန်မလည်း ဆေးသောက်ကာ ညီမငယ်ကို အဖော်ခေါ်၍ ကျွန်မတွေ့ချင်နေသော ဦးဖေမောင်တင်ကို သွားတွေ့နိုင်ခဲ့ပါတော့သည်။

ကျွန်မကို တွေ့သောအခါ ဦးဖေမောင်တင်ကလည်း အံ့သြဝမ်းသာဖြင့် သူ့အိမ်သို့လာရန် ဖိတ်ခေါ်ခဲ့ပါသည်။

''အိမ်ကိုလာခဲ့ဦး၊ ဒီလိုပဲ ဆရာမတွေ ကျောင်းသူကလေးတွေလာကြတယ်၊ ဒါပေမဲ့ စာရေးဆရာမကလေး တွေထဲကတော့ လာတယ်လို့ တစ်ခါမှ သတိမထားမိသေးဘူးကွယ့်''

ထိုနေ့က ဦးဖေမောင်တင်သည် ''ကျွန်တော်များ''ဆိုသော မြန်မာစကားအသုံးများနေမှုများအကြောင်းကို သူ့အတွက် အထူးစီစဉ်ပေးထားသော စင်မြင့်ပေါ်မှ ကုလားထိုင်တွင် တည်တည်ငြိမ်ငြိမ်ထိုင်၍ ပရိသတ်တဝါးဝါး သဘောကျအောင် ဟောပြောခဲ့လေသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့် လည်ပင်းရှိုင်ရှိုင်၊ ခါးစန့်စန့်နှင့် ဦးဖေမောင်တင်သည် အသက် ၈၀ ကျော်ဟု မထင်ရဘဲ ဓာတ်ပုံထဲမှာထက် ဥပဓိရုပ်ပိုကောင်းနေကြောင်း တွေ့ရပါသည်။

၁၉၆၈ ခုနှစ်၌ လူချင်းဆုံတွေ့ခဲ့သော ဦးဖေမောင်တင်ထံသို့ ၁၉၇၀ ပြည့်နှစ်ဦးလောက်တွင်မှ ကျွန်မရောက် သွားဖြစ်ပါတော့သည်။

''ဟ ကြာလှပါပကော၊ ဒီကြားထဲ ကျုပ်သေသွားခဲ့ရင် ဘယ့်နှယ်လုပ်ပါ့မလဲ''

၁၉၆၉ ခုနှစ်ထဲတုန်းက ဦးဖေမောင်တင်သည် ဆေးရုံသို့ သုံးခါပြန်တက်ခဲ့ရလေသည်။ ထိုသတင်းကို ကြားသော ကျွန်မမှာ ဦးဖေမောင်တင် ကျန်းမာလာစေရန် ဆုတောင်းမေတ္တာပို့ခဲ့ရသည်မှာ အမောပင်။ ယခုမူ ဦးဖေမောင်တင်သည် ပကတိကျန်းမာရွှင်လန်းလျက်ရှိနေလေသည်။

ကျွန်မအဖို့ အိမ်အပြင်ဘက်သို့ ထွက်နိုင်ရေး၊ သွားလာနိုင်ရေးသည် ကျွန်မ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ခြင်း၊ အချိန်နာရီနှင့် ရာသီဥတုသင့်တင့်ခြင်း၊ ကျွန်မနှင့် အဖော်လိုက်မည့် ညီမငယ်များအားလပ်ခြင်း နှင့် ကျွန်မကို မော်တော်ကားမောင်းပို့ပေးမည့် ကိုကိုလေးက အချိန်ပေးနိုင်ခြင်း စသော အချက်များအားလုံး ညီညွတ်အဆင်ပြေမှုများအပေါ်၌ တည်နေကြောင်းကို မသိသော ဦးဖေမောင်တင်က သူ့ထံရောက်လာဖို့အရေး နှောင့်နှေးလှချည့်ဟု ရယ်မောဆီးပြောလိုက်လေသည်။

ယခုရောက်လာနိုင်ခြင်းပင်လျှင် ကိုကိုလေးကို မစောင့်နေတော့သော ကျွန်မနှင့်ညီမငယ်ကို အငြိမ်းစားတိုင်း မင်းကြီး ဦးဇော်ဆိုင်းက လိုက်ပို့ပေးခဲ့ခြင်းဖြစ်လေသည်။

ကျွန်မက ပြောလိုက်ပါသည်။

''ဘဘက တက္ကသိုလ်ရွှေရတုကို တက်ရဦးမယ့်ဟာ မသေနိုင်သေးပါဘူး''

''ဟုတ်တယ် ဟုတ်တယ်၊ တက္ကသိုလ်ရွှေရတုသဘင်ကိုတက်ပါလို့ ကျုပ်ကို သူတို့က ကြိုဖိတ်ထားကြတယ်၊ အဲဒီအချိန်အထိ ကျုပ်အသက်ရှည်လိမ့်ဦးမယ်လို့ သူတို့ဗေဒင်တွက်ပြီး ဖိတ်သလားတော့ မသိဘူး''

ထို့နောက် ကျွန်မလာရင်းကိစ္စကို ပြောဆိုခွင့်တောင်းလိုက်ပါတော့သည်။

''ရေးချင် ရေးပေါ့''

ဦးဖေမောင်တင်က လွယ်ကူစွာပင် ခွင့်ပြုလိုက်၍ ကျွန်မဝမ်းသာသွားမိသည်။

''အမာ(လူထု)ကတောင် ရေးချင်တယ်လို့ ပြောသေးတယ်၊ ဒါပေမဲ့ မရေးပါနဲ့ကွာ၊ ရှုပ်ပါတယ်လို့ ပြော လိုက်တယ်''

''ကျွန်မကိုတော့ ရေးချင်ရေးဆိုရင် ကျွန်မက တစ်ဆင့်စကားနဲ့မဟုတ်ဘဲ ဘဘရဲ့ ဘဝဇာတ်ကြောင်းကို ဘဘပြောပြတာ နားထောင်ပြီးမှ ရေးချင်ပါတယ်''

''ပြောဆိုလည်း ပြောပြရမှာပေါ့''

ဦးဖေမောင်တင်သည် ကျွန်မ၏ အဘိုးအရွယ်၊ အဘအရွယ်ဖြစ်သောကြောင့် ကျွန်မက ဘဘဟုပင် သုံးနှုန်း ခေါ်ဝေါ်လိုက်ပါသည်။

ဘဘထံမှ ခွင့်ပြုချက်ရယူပြီးသည့် နောက်ပိုင်း၌လည်း ကျွန်မသည် ထုံးစံအတိုင်း ဘဘဆီသို့ တော်တော် နှင့် မရောက်ဖြစ်နိုင်ပြန်ချေ။

နောက်ဆုံး ကိုကိုလေးအချိန်ပေးနိုင်သော ၁၉၇၀ ခု၊ ဖွန်လ ၁၅ ရက်နေ့တွင်မှ ညီမငယ်နှင့်အတူ ကျွန်မတို့ မောင်နှမတစ်စု ဘဘထံသွား၍ အသံသွင်းဖြစ်ခဲ့လေတော့သည်။

ဘဘအဖို့ သက်သက်သာသာ အိပ်ရာထဲမှ လှဲအိပ်ရင်း ပြောနိုင်ရန် အသံသွင်းခွက်ကို ကိုကိုလေးက ပြုလုပ်စီစဉ်ပေးပါသည်။

သို့ရာတွင် ပြောရင်း အရှိန်ရလာသော ဘဘသည် လှဲအိပ်ရင်းပြောရသည်ကို အားမရဖြစ်သွားဟန်ဖြင့် ထထိုင်ကာ လက်ဟန်ခြေဟန်များဖြင့် အားရပါးရ ပြောတတ်လေသည်။

ဘဘမောမည်စိုးသောကြောင့် နား၍ပြောရန် ကျွန်မတို့က မကြာခဏ သတိပေးကြရပါသည်။

ဘဘအတွက် မပင်ပန်းစေရန်နှင့် ကျွန်မအတွက်လည်း အပြင်သို့ တစ်ခါထွက်ရေးတွင် အချက်များအားလုံး ညီညွတ်အောင် ညှိနေရသေးသော အကြောင်းများကြောင့် ကျွန်မတို့သည် တစ်ကြိမ်နှင့်တစ်ကြိမ် ရက်အတော် ခြားပြီးမှသာ ဘဘထံ ထပ်ရောက်ဖြစ်နိုင်ကြလေသည်။

''မလေးလုံတို့ အသံလာသွင်းတာ ဘဘအဖို့ မပျင်းရအောင် အလုပ်ရနေတယ်၊ ဘဘအကြောင်းတွေ ပြောပြ ရမလဲလို့ ခေါင်းထဲမှာ စဉ်းစားနေရတယ်''

ဘဘ၏ဘဝသည် ဘဘပြောပြတော့မှ ပို၍ စိတ်ဝင်စားစရာကောင်းနေလေသည်။

သူ့အကြောင်းတွေ ပြန်ပြောင်းပြောပြနေသော ဘဘကို ကြည့်ရသည်မှာလည်း ရယ်ရယ်မောမောဖြင့် ပျော် ရွှင်နေပုံရှိလေသည်။

အသံသွင်းမှု နောက်ဆုံးအခေါက် ၁၀ ကြိမ်မြောက် ရောက်သွားခဲ့သော ကျွန်မတို့ကို...

''မလေးလုံက လာလာအသံသွင်းလို့ ဘဘက ပြောပြောပြရတာ ပျော်စရာတောင်ကောင်းနေတာ၊ အခု အဆုံးသတ်တော့မယ်ဆိုတော့ ဝမ်းနည်းစရာတောင်ကောင်းနေပြီ''

ဟု ဘဘက ပြောပါသည်။

၁၀ ကြိမ်မျှ အသံသွင်းဖြစ်ခြင်းတွင် အချိန် ၅ လမျှ ကြာရှိခဲ့လေသည်။

ထိုကဲ့သို့ ၅ လမျှသောအချိန်ကာလသည် ဘဘနှင့်ကျွန်မတို့ကို ၅ နှစ်မကသော ခင်မင်ရင်းနှီးမှုမျိုးသို့ တိုးပွားတွယ်တာစေခဲ့ကြလေသည်။

ဘဘ၏မွေးဖွားချိန်မှစ၍ မိဘမျိုးရိုး၊ ဆွေစဉ်မျိုးဆက်နှင့်တကွ သူဖြတ်သန်းလျှောက်လှမ်းလာခဲ့သော ဘဝ လမ်းခရီးတစ်လျှောက်လုံးမှ အကျိုးအကြောင်း အဆိုးအကောင်းတို့ကိုပါ စုံစုံလင်လင် ကြားသိလိုက်ရသော ကျွန်မ သည် ဘဘကို လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကြီးကတည်းက သိကျွမ်းရင်းနှီးခင်မင်လာခဲ့ရသည့်အလား စိတ်မှာထင်မိစေပါသည်။

ထိုအခါ ကျွန်မစိတ်မှာ အခြားသော ဘဘ၏တပည့်တပန်းများကဲ့သို့ ဘဘကို ကြောက်ရွံ့ရိုကျိုးနေရမည့် ပါမောက္ခဆရာကြီးအဖြစ် မမြင်မသိ သဘောမထားမိတော့ဘဲ ချစ်ခင်ရင်းနှီးသောအဘိုးနှင့်မြေးပမာ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံလိုက်လေသည်။

ဘဘကလည်း ကျွန်မအပေါ်၌ ထိုသဘောထားမျိုးရှိခဲ့ကြောင်း သူ့ပြောဆိုဆက်ဆံမှုများအရ ကျွန်မသိနိုင် ခဲ့ပါသည်။

''မလေးလုံက ဘဘကိုဆက်သွယ်တာ နောက်ကျတာကိုး၊ စောစောသာ ဆက်သွယ်ဖြစ်ခဲ့မယ်ဆိုရင် ဘဘ တို့အမေရိကန်သွားတုန်းက မလေးလုံကိုသမီးအဖြစ်မွေးစားပြီး ခေါ်သွားနိုင်တာပေါ့''

''အင်္ဂလိပ်ခေတ် ဗမာစာအုပ်ကောင်းတွေ ရှားတုန်းအချိန်ကဆို မလေးလုံ ဆုရတဲ့ ''ပွင့်''လို စာအုပ်မျိုးကို ဘဘက တစ်ခါတည်း ကျောင်းသုံးလုပ်ပေးလိုက်နိုင်တာပေါ့''

''ဘဘ အခု အသက် ၈၀ ကျော်လာပြီးတဲ့အထိ အားလုံးက ဘဘကို ဆရာကြီးနဲ့ အန်ကယ်လို့ပဲ ခေါ်ခဲ့

ကြတယ်၊ ဘဘကလည်း ကိုယ့်ကိုယ်ကိုယ် ဆရာကြီးလို့ အပြောများတယ်၊ ဒါကို သမီးတွေကတောင် ဒယ်ဒီကလည်း ဆရာကြီး ဆရာကြီးနဲ့ပြောတာ နားထောင်လို့ မကောင်းဘူး၊ အန်ကယ်လို့ ထည့်ပြောပါ ဝိုင်းပြောကြတယ်၊ အခု မလေးလုံတစ်ယောက်ပဲ ထူးထူးခြားခြားနဲ့ ဘဘလို့ခေါ်တယ်။ အဲဒီလို ဘဘလို့ခေါ်တာကို ကြီးကြီးတို့ကပါ သဘောကျနေကြသဗျ''

''ဒါပေမဲ့ တစ်ချက်တစ်ချက် မလေးလုံက မေးတတ်တဲ့ မေးခွန်းကလေးတွေက အဖြေရခက်တတ်လို့ မလေးလုံ မေးခွန်းထုတ်မှာကို ဘဘတော့လန့်နေတယ်''

''မလေးလုံလည်း မလေးလုံ ကိုကိုလေးလို ရှေ့နေလုပ်ရင်ကောင်းမယ်၊ ခရော့စ်ကွက်ရှင်စ်တွေ ထုတ်တတ်လွန်းလို့''

''ဟော ကြည့် ကြည့်၊ ကြီးကြီးက သူ့အကြောင်းတွေ မလေးလုံကို ထည့်ပြောမှာစိုးလို့ အနားလာကပ်ပြီး နားထောင်နေတယ်တွေ့လား''

စသည်ဖြင့် ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ပြောနေတတ်သော ဘဘကို ဣန္ဒြေကြီးတစ်ခွဲသားနှင့် ကြောက်စရာပါမောက္ခကြီးအဖြစ် ကျွန်မတို့ ဘယ်လိုမှမမြင်နိုင်ကြချေ။

ဘဘနှင့် ကျွန်မတို့သည် ကွဲကွာနေသော ဆွေမျိုးမြေးအဘိုးတစ်စု ပြန်ဆုံကြရိုက် ဆွေစဉ်မျိုးဆက် ရှေးဖြစ်နောက်ဟောင်းများကို ပျော်ရွှင်စွာ ရယ်မောပြောဆိုနေကြသည့်နှယ်သာရှိလေသည်။

''ဘဘတော့ ဖျင်းကျန်ခဲ့တော့မှာပဲ''

ဘဘသည် သူ့အတွက် စကားပြောဖော်ရနေသော မြေးတစ်စုကို တော်တော်နှင့်ပြန်မတွေ့နိုင်အောင် ခွဲခွာလိုက်ရတော့မည့်ပုံစံဖြင့် ပြောခဲ့ပါသေးသည်။

အသံသွင်းစဉ် တစ်ချိန်လုံး ဘဘ အဘယ်မျှ ပျော်ရွှင်ခြင်းဖြစ်နေခဲ့သည်ကို ကျွန်မပြောပြမထားဘဲနှင့် ကျွန်မမွေးနေ့၌ ဘဘပေးပို့လိုက်သော...

Here's Wishing That
THE HAPPINESS
You Bring To
EVERY ONE
Will Be With You This Birthday
And On Many More To
Come:

From,

**Ba Ba.**

ဟူသည့် မွေးနေ့ကတ်မှ စာသားကလေးများက သက်သေပြနေကြလေသည်။

အသံသွင်းပြီးနောက်၊ သူ့ထံသို့ တော်တော်နှင့်မရောက်ဖြစ်ပြန်သော ကျွန်မထံသို့ ဘဘက သူ့လက်ရေးဖြင့် စာတိုက်မှ စာ ၂ စောင် ရေးပို့ခဲ့ပါသေးသည်။ စာတစ်စောင်မှာ ဘဘတို့အဘိုး ဦးသာဒွန်းအောင်တို့မိသားစု အကြောင်း ထပ်မံတွေ့ရှိချက်များကို ရေးပို့ခြင်းဖြစ်၍ ကျန်တစ်စောင်ကမူ တက္ကသိုလ်ရွှေရတုဆရာကန်တော့ပွဲ၌ ဘဘပြောဆိုသြဝါဒပေးခဲ့သော စကားများအား မေ့မသွားမီ ရေးပို့ပေးလိုက်ခြင်းဖြစ်လေသည်။

ဘဘက ကျွန်မ သူ့ထံမလာတော့၍ ဖျင်းကျန်တော့မည်ပြောသည်။

ကျွန်မမှာမူ ဘဘထံမသွားရတော့သော်လည်း ပျင်းချိန်မရှိအောင် အလုပ်များနေခဲ့ရလေသည်။

ကျွန်မသည် အသံသွင်းကြိုးခွေကို အထပ်ထပ်အပြန်ပြန်ဖွင့်ကာ စကားအလျဉ်းသင့်သလို ဘဘပြောထားချက်များကို ရှေ့နောက်မှန်အောင် စီရစဉ်ရသည်။ နောက်အကြမ်းကို ပထမရေးချသည်။ ပြီးလျှင် ဘဘနှင့် ခေတ်ပြိုင်အကြောင်းအရာများကို စာအုပ်များရှာဖတ်ရသည်။

ထိုအခါ လက်လှမ်းမီရာ အသိမိတ်ဆွေများနှင့်အတူ အမျိုးသား၊ စာပေဗိမာန်နှင့် တက္ကသိုလ်စာကြည့်တိုက်မှူးများ အလုပ်ပိုရှုပ်ခဲ့ကြရလေသည်။ စာကြည့်တိုက်အပြင်သို့ ထုတ်ခွင့်မရှိသော ရှားပါးစာအုပ်စာတမ်းများကိုမူ တက္ကသိုလ်စာကြည့်တိုက်သို့ ကျွန်မကိုယ်တိုင်သွားဖတ်၊ ကူးမှတ်လာခဲ့ရသည်။

အတ္ထုပ္ပတ္တိစာအုပ်ကို ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရေးသားရာတွင် တကယ်လက်တွေ့ရေးဖြစ်သောအခါကျမှ ကြိုက်သလို ဖန်တီးယူနိုင်သော ဝတ္ထုအမျိုးမျိုးထက် အများကြီးခက်ခဲပင်ပန်းကြောင်းကို ကျွန်မသိရပါတော့သည်။ အတ္ထုပ္ပတ္တိသည် သမိုင်းကြောင်းကို အထောက်အကူပြုသော စာပေမျိုးဖြစ်သောကြောင့် တိကျမှန်ကန်ရန် အထူးလိုအပ်သည်မဟုတ်ပါလား။

ထို့ကြောင့် ကျွန်မသည် ပင်ကိုက စာရေးနှေးရသည့်အထဲ၌ ရေးချမည့်စာတစ်ကြောင်းအတွက် ပိုင်၍စိတ်ချနိုင်ရန် အထောက်အထားများကို စာအုပ်များတွင် မွှေနှောက်ရှာဖွေနေရခြင်းအတွက် အချိန်တွေ ပိုကြာသွားခဲ့ရပြန်လေသည်။ ထိုကဲ့သို့ စိတ်ပန်းလူပန်းကာ နေမကောင်းဖြစ်ပြန်သောအခါ ကျွန်မ စာရေးအားမှာပို၍ လျော့ကျသွားခဲ့ပြန်လေသည်။

ဟိုမှသည်မှ ကြိုတင်ဝေဖန်သံများကလည်း ကျွန်မကို ခြောက်လှန့်တတ်ကြသေးသည်။ သို့သော်လည်း ကျွန်မစိတ်စေတနာကို ကျွန်မအသိဆုံးဖြစ်သောကြောင့် ကြောက်လန့်စိုးရိမ်ခြင်းကား ထူးထူးခြားခြားမဖြစ်မိခဲ့ပါ။

ထို့နောက် မေမေက တစ်နှစ်လုံးလုံး ကျန်းမာရေးမကောင်းသောကြောင့် ပြုစုပေးနေရခြင်း။ ကျွန်မကိုယ်တိုင်က မကြာခဏနေမကောင်းခြင်း။ အခြားသော စေတနာ့ဝန်ထမ်း စာပေတာဝန်များ။ ထုတ်ဝေသူများကို ပေးထားခဲ့သော ကတိကြွေးများအတွက် စာမူများ ကြားဖောက်ရေးကာ ပေးဆပ်နေရခြင်း။

စသော အကြောင်းအမျိုးမျိုးတို့ကြောင့် ဘဘ၏အတ္ထုပ္ပတ္တိကြီးကို ၁၉၇၂ ခုနှစ်ကုန်တော့မှပင် ကျွန်မအကြမ်းရေးပြီးတော့သည်။

သူ့အတ္ထုပ္ပတ္တိကြီးကို ရေးနေသော သုံးနှစ်လုံးလုံးအတွင်း ကျွန်မသည် ဘဘထံသို့ ခစ္စမတ်အချိန်နှင့် မွေးနေ့ရက်များတွင်သာ ရောက်အောင်ကြိုးစားသွားနိုင်ခဲ့ပါသည်။

ထို့နောက် ကျွန်မသည် ၁၉၇၃ ခု၊ မတ်လဆန်း၌ ဘဘထံသွား၍ ကျွန်မရေးသားသောစာမူအကြမ်းကို ဖတ်ပြလိုက်ပါတော့သည်။

''မလေးလုံတင်ပြပုံနဲ့ သုံးထားတဲ့ စကားလုံးတွေက တယ်ပြောင်မြောက်ပါလား၊ နားထောင်လို့ တယ်ကောင်းတာပဲ၊ ဘဘက မလေးလုံ ခုလောက်ကြိုးစားရေးလိမ့်မယ်လို့ မထင်ဘူး၊ ဒါပေမဲ့ အချောပြန်ရေးတဲ့အခါ စာမထောင့်အောင်တော့ သတိထားပြုပြင်သွားပေါ့''

ပထမဦးဆုံးနေ့ဖတ်ပြလိုက်သော ကျွန်မကို ဘဘက အားရပါးရ ချီးမွမ်းလိုက်ပါသည်။ ဘဘက ကျွန်မစိတ်ချမ်းသာစေရန်၊ အားရှိစေရန်၊ နည်းနည်းကို များများပိုပြောလိုက်ခြင်းဖြစ်ကောင်းဖြစ်နိုင်လေသည်။

သို့ရာတွင် ဘဘထံမှအားရပါးရ ပြောလိုက်သောအသံနှင့် ကျေနပ်နှစ်သက်ဟန်တို့က ကြိုးစားအားထုတ်ထားခဲ့ရသော ကျွန်မကို အမောပြေသွားစေခဲ့ပါသည်။ အတ္ထုပ္ပတ္တိရှင်ဘဘက ကျေနပ်လက်ခံလိုက်သောအခါ တခြားဘယ်သူတွေက ဘယ်သို့ဝေဖန်ကြစေ၊ ကျွန်မ မပူတော့ချေ။

ဝန်ထောက်ကြီး၏သမီးများ အိမ်လာလည်၍ သူတို့ညီအစ်ကိုနှစ်ယောက် လက်ဖက်ရည်ဖျော်တိုက်ခန်းကို ကျွန်မဖတ်ပြပြန်သောအခါ ဘဘသည် သဘောကျလွန်းသောကြောင့် ဟက်ဟက်ပက်ပက် ရယ်မောခဲ့လေသည်။

''ကြာချင်ကြာပါစေ၊ ကောင်းအောင် အဆင့်အတန်းရှိအောင်သာရေး''ဟု ဘဘက အားပေး၍

''ဘဘသေမှ စာအုပ်ထွက်ရင်ပိုကောင်းမယ်၊ ဒါမှ မွေးတဲ့အချိန်ကစပြီး သေတော့ဆုံးရော''ဟုလည်း ရယ်မောကာ ပြောပါသေးသည်။

သည်တုန်းက

''ဟင် ဘဘကလဲမလုပ်ပါနဲ့၊ ဘဘသေတဲ့အကြောင်းကို ကျွန်မ မရေးချင်ပါဘူး၊ ဘဘအသက်ရှင်တုန်းမှာပဲ စာအုပ်ကို ထွက်စေချင်ပါတယ်၊ ဘဘ မသေနိုင်သေးပါဘူး''

ဟု ဘဘကို ကျွန်မ ပြန်ပြောခဲ့မိပါသည်။

သို့ရာတွင် ဘဘသည် သူ့အတ္ထုပ္ပတ္တိကြီးကို ဆုံးအောင်နားထောင်မသွားနိုင်ရှာဘဲ၊ ကျွန်မမှာလည်း မရေးချင်သောအပိုင်းကို ဆက်ရေးရန် အကြောင်းက ဖန်လာခဲ့ပါသည်။ ၁၉ ရက်၊ ကျွန်မအိမ်က မထွက်မီ မနက်စောစော ၇ နာရီခန့်တွင် ဘဘဇနီး ကြီးကြီးထံမှ

''ဘဘ နည်းနည်းနေမကောင်းလို့ ဒီနေ့မလာပါနဲ့တဲ့၊ နောက် ဘဘနေကောင်းတာနဲ့ မလေးလုံကို ဖုန်းဆက်လိုက်မယ်''ဟု တယ်လီဖုန်းလာပါသည်။ ကျွန်မက တစ်ရက်နှစ်ရက်ကြာလျှင် ဘဘနေကောင်းသွားလိမ့်မည်ဟု

ထင်ကာ တယ်လီဖုန်းဆက်လာမည့်အချိန်ကိုသာ စောင့်နေလိုက်ပါသည်။ တယ်လီဖုန်းသံကြောင့် ဘဘ အနှောင့်အယှက်ဖြစ်မည်စိုး၍ ကျွန်မကမူ လှမ်းမမေးတော့ပါ။

ထို့နောက် ၂၁ ရက်နေ့ညဦးတွင် ကျွန်မထံ တယ်လီဖုန်းလာပါသည်။

ဘဘထံမှကား မဟုတ်ပါ။ ရန်ကုန် ၀/သတ္တကသိုလ်အင်္ဂလိပ်စာဌာနမှ ဆရာဦးကျော်ဝင်း (ယခုမြစ်ကြီးနားကောလိပ်)ဖြစ်နေပါသည်။

''ဆရာကြီးကို စောစောလေးကပဲ ဆေးရုံကြီးတင်လိုက်ရတယ်''

ဆရာဦးကျော်ဝင်း၏ သတင်းပေးချက်ကြောင့် ကျွန်မစိတ်ပူကာ ဘဘအိမ်သို့ တယ်လီဖုန်းလှမ်းဆက်လိုက်ပါသည်။

''ဟုတ်တယ် မလေးလုံ၊ မသက်သာလို့ ဆေးရုံကိုပို့လိုက်ရတယ်၊ ဘဘအတွက် ဆုတောင်းပေးပါနော်''

ကြီးကြီးကပြောပါသည်။ မှည့်နေပြီဖြစ်သော ဘဘအတွက် ကျွန်မစိတ်မှာ အထူးစိုးရိမ်သွားမိသည်။ သည် ၃ ရက်အတွင်း ဘဘထံ တယ်လီဖုန်းဆက်ကာ သတင်းမမေးမိခဲ့ခြင်းအတွက်လည်း ကျွန်မ နောင်တရလေသည်။ ထိုညက ကျွန်မ အိပ်မရတော့ပါ။ ဘဘအခြေအနေကို သိချင်နေမိသည်။ ဆေးရုံကြီးလှမ်းဆက်မေးရကောင်းမလားဟု စဉ်းစားသည်။ မနက်ဖြန် ဘဘကို သွားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်ညလုံး ဘဘကို သတိရကာ ကျွန်မ ဆုတောင်းပေးနေမိသည်။

နောက်တစ်နေ့မနက် ၄ နာရီလောက်ကတည်းက ကျွန်မစိတ်ထဲတွင် ဘဘထံမှ သတင်းဆိုးရောက်လာလေမည်လားဟု စိုးကြောက်နေမိသည်။

ဘဘ သက်သာပါစေ၊ နေကောင်းပါစေဟူသော အထပ်ထပ်ဆုတောင်းပေးနေမိသည်။

မနက် ၆ နာရီလောက်တွင် ထမြည်လိုက်သော တယ်လီဖုန်းခေါင်းလောင်းသံက ကျွန်မကို လန့်ဖျပ်သွားစေပါသည်။ ကျွန်မ တယ်လီဖုန်းကို ကောက်ကိုင်နားထောင်လိုက်သောအခါ၌ကား

''မလေးလုံ ဘဘတော့ ဆုံးပြီ''

တစ်ဖက်မှ ကြီးကြီးက ကျွန်မကြားရမှာ ကြောက်နေသော ဘဘ၏သတင်းကို ပြောလိုက်ပါတော့သည်။

ကျွန်မ ရင်ထဲမှ အားတင်းမျှော်လင့်ထားချက်များသည် ဘဘတစ်ခုမျှမကျန်အောင်ပျက်စီးသွားပါတော့သည်။

ကျွန်မ ချစ်ခင်လေးစားသော ဘဘအတွက် ကျွန်မရင်မှာ ပြင်းစွာထိခိုက်ရှိုက်မောခဲ့ရပါတော့သည်။

ဘဘကား သူ့ဆန္ဒပြည့်ဝသွားလေပြီ။

ကျွန်မကား ကျွန်မဆန္ဒကို ဆန့်ကျင်၍ ဘဘ၏ဘဝနိဂုံး အဆုံးသတ်ကို ဆက်လက်ရေးသားလိုက်ရပါလေသည်။

သူ့ဘဝတစ်လျှောက်လုံးမှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သော်လည်း ဟိတ်ကြီးဟန်ကြီးမရှိဘဲ နှိမ့်ချရောင့်ရဲသော စိတ်ဓာတ်ဖြင့် ရိုးရိုးအေးအေးသာ နေထိုင်သွားခဲ့သော ဘဘ၏အတ္ထုပ္ပတ္တိကို ဘဘနှင့်လိုက်ဖက်အောင် စဉ်းစား၍ ဟိတ်ဟန်မပါသော ဤခေါင်းစဉ်–

''ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်''ကို ကျွန်မ ရွေးချယ်ခဲ့ပါသည်။

ယခု ''ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်'' အတ္ထုပ္ပတ္တိကြီးကို စာပေစိတ်ဓာတ်စေတနာသန့်သန့်ဖြင့် အကောင်းဆုံးနှင့် အပြည့်စုံဆုံးဖြစ်စေရန် ကျွန်မကြိုးစားအားထုတ်ထားခဲ့ပါသည်။

ကျွန်မ၏ ကြိုးစားအားထုတ်မှု ဖြစ်သော ဤ ''ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်'' သည် စာရှုသူများစိတ်ကို နှစ်သက်ကျေနပ်စေအောင် တင်ပြစွမ်းဆောင်နိုင်သည်ဆိုပါက ကျွန်မသည် စာပေတာဝန်တစ်ရပ်ကို တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသမျှ ကြိုးပမ်းထမ်းဆောင်လိုက်နိုင်ပြီဟု နှစ်သိမ့်ရပါမည်။

အကယ်၍ စာရှုသူများအမြင်တွင် ကျွန်မ၏ ''ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်'' အတ္ထုပ္ပတ္တိကြီးသည် စံချိန်မမီ၊ မပြည့်စုံသေးဟု ထင်မြင်ယူဆကြပါမူ အတ္ထုပ္ပတ္တိရှင်၏ လုံးဝတာဝန်မရှိဘဲ၊ ရေးသားတင်ပြသူ ကျွန်မ၏ စုဆောင်းမှု၊ ရှာဖွေမှုများ အားနည်းညံ့ဖျင်း၍သာဖြစ်ကြောင်း ကြိုတင်ဝန်ခံတောင်းပန်လိုက်ပါသည်။

*စာပေသစ္စာဖြင့်*

**မလေးလုံ**

၁၁–၁၂–၇၅

# အားလုံးကို
# ကျေးဇူးတင်ပါသည်

ယခု ကျွန်မ၏ “ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်” စာမူကြီးကို ဖတ်ရှုအတည်ပြုကာ အမှာစာရေးပေးသော ဆရာဦးသိန်းဟန် (ဇော်ဂျီ)နှင့် ဆရာဦးဝန် (မင်းသုဝဏ်)တို့ ဆရာကြီးနှစ်ဦးအား အမှူးထား၍… အနီအတွယ်ပွတ္တိကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် တစ်ဖက် တစ်လက် တစ်ကွက်စီမှ ဝိုင်းဝန်းကူညီ ဖြည့်စွမ်းခဲ့ကြသော…

ဦးသော်ကောင်း (ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး)

ဦးတင်ငွေ၊ ရှမ်းပြည် (ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှူး)

ဒဂုန်ဦးထွန်းမြင့် (ကွယ်လွန်)

ဦးမျိုးသန့် (မောင်ဆုရှင်၊ စာပေဗိမာန်)

ဦးသန်းထွဋ် (တိုက်စိုး၊ ယဉ်ကျေးမှု ဗိမာန်ညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း (တက္ကသိုလ်မြစိမ်း)

ဦးတင်အုန်း (စာရေးဆရာ မောင်ဖိုးထူးနှင့်အဖွဲ့)

ဦးဘုန်းကြည် (ပေါင်းတည်ဘုန်းကြည်)

ဆရာမကြီး ဒေါ်ခင်ခင် (ပြည်၊ မယ်ခွေး)

ဦးကိုကိုကြီး (အငြိမ်းစား အလုပ်သမားအရာရှိ)

ဗိုလ်မှူးချုပ် စောဖြူ (လေ)

ဦးလှမောင် (ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန)

ပန်းတနော် ဦးခန့်

ဦးငွေ (ပြည်ထဲရေးဝန်ကြီးဟောင်း)

ဦးထွန်းမြတ် (စစ်ကိုင်းရွာသစ်ကြီး၊ တိုင်းရင်းသားလူမျိုးစု ဖွံ့ဖြိုးရေးသိပ္ပံကျောင်းအုပ်ဟောင်း) နှင့် ဇနီး ဒေါ်အေးမြင့်

ဦးသိန်းဖေမြင့်
ဦးညီညီ (အငြိမ်းစား သမဝါယမ မင်းကြီး)
ဦးဇော်ဆိုင်း (အငြိမ်းစားတိုင်းမင်းကြီး)
ဦးမြင့်လှ (အင်းစိန်၊ ခရစ်ယာန်ကျမ်းစာသင်ကျောင်း၊ သင်းအုပ်ဆရာ)
ဦးကျော်အောင် (ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)
ဦးဝင်းမောင် (နှစ်ခြင်းခရစ်ယာန်သာသနာဌာနချုပ်)
ဦးအောင်ကျော်မြင့် (ပြီတိသျှသံရုံး)
ဦးဖေအောင်တင် (စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း)
ဦးကျော်မြင့်လွင် (ကာယဗလဦးရှိန်အတ္ထုပ္ပတ္တိ)
ဦးကျော်လွင် (နှစ်ဖက်လှ)
ဦးကြည်မင်း (ယခင်နိုင်ငံခြားဘာသာသင်သိပ္ပံ၊ ပြင်သစ်ဘာသာဌာန)
ဦးဝင်းကြည် (ယခင် ရန်ကုန်တက္ကသိုလ်များ ဗဟိုရိက္ခာဌာန)
ဒေါ်သဇင် (ကမ္ဘောဇ စောကလျာ)
ဦးဝင်းမောင် (မင်းယုဝေ)
ဦးသာဝင်း
ဦးစိုးမြင့် (မော်ကျွန်းစိုးမြင့်၊ အယ်ဒီတာ လမ်းစဉ်သတင်း)
ဦးမောင်ကို (မှတ်တမ်း-ပါတီဌာနချုပ်)
ဦးထွန်းမော် (သဃ်န်းကျွန်းဘဏ်)
ဦးကိုကိုကြီး (သစ္စာစာပေ၊ သဇင်ပုံနှိပ်တိုက်)
ချိုမြင့်အောင် (လူငယ်စာရေးဆရာ)တို့အပြင် ကျွန်မ၏ မိသားစုများဖြစ်ကြသော...
မေမေ ဒေါ်စောတင်
ကိုကိုလေး ဦးစန်းမောင် (တရားရုံးချုပ်ရှေ့နေ)
ညီမငယ်များဖြစ်ကြသော မတင်တင်ဆွေ၊ မတင်တင်နုနှင့် မကြေးမုံတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မလေးလုံ
၁၁-၁၂-၇၅

# ■ စာကိုး ကျမ်းကိုး စာရင်း ■

■ ၁။ သမ္မာကျမ်း
■ ၂။ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့်စာစောင်
■ ၃။ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်
■ ၄။ ဦးကျော် မဟာဝိဇ္ဇာ-ဥပဒေဝိဇ္ဇာ၏ မြန်မာနိုင်ငံ အမျိုးသား ပညာရေးသမိုင်း
■ ၅။ ဦးသိန်းဖေမြင့်၏...
သပိတ်မှောက်ကျောင်းသား
အရှေ့ကနေဝန်းထွက်သည့်ပမာ (ပထမ-ဒုတိယတွဲ)
■ ၆။ လူထုဦးလှ၏...
သတင်းစာများ ပြောပြတဲ့ စစ်တွင်းဗမာပြည် (ပထမတွဲ)
ကျွန်တော် မြူရိုကရက်
သောင်းပြောင်းထွေလာ ရေးချင်ရာရာ.
■ ၇။ လူထုဒေါ်အမာ၏...
ရွှေရိုး ဘကလေး (ပထမ-ဒုတိယတွဲ)
■ ၈။ အောင်သန်း၏ အောင်ဆန်း
■ ၉။ အောင်သန်း (မန္တလေး) မြန်မာပြန် ကပ္ပိတန်ပ္ပိုက်၏...
စစ်တကောင်းမှသည် ရန္တပိုသို့
■ ၁၀။ မင်းယုဝေ၏ ပထမမြန်မာများ
■ ၁၁။ ဦးဖေမောင်တင်၏ မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသနစာတမ်းများ (စိန်ပန်းမြိုင် စာပေတိုက်)
■ ၁၂။ စိန်ပန်းမြိုင် စာရေးဆရာများ၏ စိန်ပန်းမြိုင်စာတန်းနှင့် စစ်တန်း
■ ၁၃။ ၁၉၁၀-၁၉၇၀ မြန်မာနိုင်ငံ သုတေသနအသင်း အနှစ် ၆၀ ပြည့် အထိမ်းအမှတ်

- ၁၄။ သခင်ကိုယ်တော်မှိုင်း ရာပြည့်အကြိုစာစောင်
- ၁၅။ ဒဂုန်တာရာ၏ ဒဂုန်တာရာ
- ၁၆။ မဟာဆွေ၏ မဟာဆွေ
- ၁၇။ ကြီးပွားရေးမဂ္ဂဇင်း (၁၉၃၄ ခု၊ အောက်တိုဘာလ)
- ၁၈။ သူရိယမဂ္ဂဇင်း (၁၉၃၃ ခု၊ အောက်တိုဘာလ)
- ၁၉။ သူရိယသတင်းစာများ...
  (၂၂-၈-၃၄၊ ၁၈-၁-၃၇၊ ၂-၈-၃၇၊ ၁၇-၇-၃၇၊ ၂၈-၆-၃၈၊ ၁-၉-၃၈၊ ၂၇-၉-၃၈၊ ၂၅-၆-၄၀)
- ၂၀။ လယ်တီပဏ္ဍိတ၏ "ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိစာတမ်း"
- ၂၁။ မြဝတီမဂ္ဂဇင်း
- ၂၂။ မောင်ဇနိယ၏ မြန်မာ့ရိုးရာ သုတပဒေသာ
- ၂၃။ တိုးတက်ရေးမဂ္ဂဇင်း (၁၉၃၄-၃၅-၃၆)
- ၂၄။ Burma Baptist Chronicle Book I by Maung Shwe Wa
  Book II Edited by Genevieve Sowards and Erville Sowards
- ၂၅။ Hand Book To The University of Oxford
- ၂၆။ Samuel Johnson And His Times (M.J.C. Hodgart London : B.T. Batsford Ltd.)
- ၂၇။ Sweet & Maxell's Guide to The Legal Profession
- ၂၈။ Oxford - Volume XXV - Number 3. December, 1973.
- ၂၉။ History of Services. Volume I-Part I-II
- ၃၀။ Journal of The Burma Research Society

| | | | |
|---|---|---|---|
| - Vol.I | Part I | June | 1911 |
| - Vol.III | Part I | | 1913 |
| - Vol.XIV | Part I | | 1924 |
| - Vol.XXXIX | Part II | Dec: | 1956 |

- ၃၁။ The World of Books

| | | | |
|---|---|---|---|
| - Vol. V | No.2 | March | 1927 |
| - Vol. V | No. 5 | June | 1927 |
| - Vol. VIII | No.44 | Sept: | 1928 |
| - Vol. VIII | No. 47 | Dec | 1928 |

- ၃၂။ History of Burma by G.E. Harvey.

နစ်ဆယ်ရာစု မြန်မာပညာရှင်များ၏ ဖခင်၊

ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌသာလိနီ ပါဠိအဋ္ဌကထာ နှစ်ကျမ်းကို

အင်္ဂလိပ်ဘာသာပြန်ခဲ့သူ၊

ရန်ကုန်တက္ကသိုလ်ကောလိပ်ပါဠိပါမောက္ခ၊

မြန်မာဘာသာစကားနှင့် စာပေပညာရှင်၊

တက္ကသိုလ်ကောလိပ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် (၁၈၈၈–၁၉၇၃)၏

ဘဝနှင့် ဆောင်ရွက်ချက်များကို အသေးစိပ်ရသမြောက်

ရေးဖွဲ့ထားသည့် ဝတ္ထုပုံပြင်ဟန် အတ္ထုပ္ပတ္တိ။

အထူးသဖြင့် ကိုလိုနီခေတ်တွင် နိမ့်ကျနေသည့် မြန်မာစာပေကို

ရန်ကုန်တက္ကသိုလ်၌ ပညာရပ်ဌာနတစ်ခု ပေါ်ထွန်းလာအောင်

ဦးဆောင်ခဲ့သည့် ပညာရှင်တစ်ဦး၏ ဂုဏ်ယူလေးစား

အားကျဖွယ် အတ္ထုပ္ပတ္တိ။

"ဖေမောင်တင် သို့မဟုတ် ဘာသက်ရှည်"ကိုဖတ်ပြီး ဆရာကြီးဦးဖေမောင်တင်ကို
သမိုင်းအမြင်မှန်မှန်နှင့် လေ့လာခွင့် မြင်ခွင့် သိခွင့် ကြည်ညိုခွင့် ကျေးဇူးတင်ခွင့် ရလိုက်ပါသည်။
ထို့ကြောင့် ... မလေးလုံအားချီးကျူးစကား၊ ကျေးဇူးတင် စကား ပြောကြားခွင့်ပြုကြစေလိုပါကြောင်း"ဟု
ဦးသိန်းဖေမြင့်က ရှုမဝ၊ ၂၉/၃၄၈ (မေ ၁၉၇၆) တွင် မှတ်တမ်းတင်ခဲ့ပါသည်။

ISBN 978-99971-0-099-3
9789997100993

**Myanmar Knowledge Society Publication**

Room A3, 3rd Floor, Thayaphe Condo
Corner of Merchant Road and Seikan Thar Street,
Kyauktada Township, Yangon, Myanmar.
Tel: + 01 387819, Mobile: + 09 730 669 18
email: info.mksociety@gmail.com

www.facebook.com/NyisayEbookCreator